

ပုံနှိပ်ခြင်း

ပထမအကြိမ်။ ။၁၉၇၇ ခု၊ နိုဝင်ဘာလ အုပ်ရေ ၂၀၁၀

ဘလောက်

ဘသစ်နှင့် သားများ

မျက်နှာဖုံးနှင့် အတွင်းပုံများ

ပန်းချီ စံတိုး

အဖုံးရိုက်

ချင်းတွင်းပုံနှိပ်တိုက်

ဦးချစ်အောင် [၀၂၀၇–မြို] လုပ်အားပုံနှိပ်တိုက်၊အမှတ် ၅၊ လမ်း ၁၀၀ ကန်တော်ကလေး၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ ဒေါ်တင်တင် [၀၁၈၀၈–မြို] နဝရတ်စာပေ၊ ၄၀၁၊ ရသာတန်း၊ ၈၂– လမ်း၊ အမှတ်–၄ နယ်မြေ မန္တလေးမြို့က ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၉၈၈၃) အထုတ်ဝေသည်။

၁၀၅၉၈ ၁၉၄၂.၃၅
၁၀ ဘ

နှလုံးလှ တာသာရေး အစီအစဉ်

မဟာဟုဒ္ဓဝင်သစ်

ဦးပြင့်ဆွေ မဟာပိဋ္ဌာ (လန်ဒန်)



နှလုံးလှစာပေဖြန့်ချိရေး၊ စာတိုက်သေတ္တာအမှတ် ၈၇၊
အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး စာတိုက်
ရန်ကုန်မြို့။ ဖုန်း ၁၂၉၇၁။

မာတိကာ

ဦးရေ	အကြောင် အရာ	စာမျက်နှာ
	အပိုင်း [၁]	
	ရှေးဘုရားရှင် ၂၄ ဆူထံ၌ ဗျာဒိတ်ရခြင်း	
၁။	ဒီပင်္ကရာ ဘုရားထံ၌ ဗျာဒိတ်ရခြင်း	၂၁
၂။	ကောဏ္ဍညဘုရားထံ၌ ဗျာဒိတ်ရခြင်း	၂၈
၃။	မင်္ဂလဘုရားထံ၌ ဗျာဒိတ်ရခြင်း	၂၄
၄။	သုမနဘုရာ ထံ၌ ဗျာဒိတ်ရခြင်း	၂၄
၅။	ရေဝထဘုရားထံ၌ ဗျာဒိတ်ရခြင်း	၂၅
၆။	သောဘိတဘုရားထံ၌ ဗျာဒိတ်ရခြင်း	၂၆
၇။	အနောမဒဿီဘုရားထံ၌ ဗျာဒိတ်ရခြင်း	၂၇
၈။	ပဒုမဘုရားထံ၌ ဗျာဒိတ်ရခြင်း	၂၇
၉။	နာရဒဘုရားထံ၌ ဗျာဒိတ်ရခြင်း	၂၈
၁၀။	ပဒုမုတ္တရဘုရားထံ၌ ဗျာဒိတ်ရခြင်း	၂၉
၁၁။	သုမေဓဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၀
၁၂။	သုဇာတဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၁
၁၃။	ပိယဒဿီဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၂
၁၄။	အတ္ထဒဿီဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၂
၁၅။	ဓမ္မဒဿီဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၃
၁၆။	သိဒ္ဓတ္ထဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၄
၁၇။	တိဿဘုရာ ထံ၌ ဗျာဒိတ်ရခြင်း	၃၅
၁၈။	ဖုဿဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၆

ဦးစီရင်	အခြင်းအရာ	စာမျက်နှာ
၁၉။	ဝိပဿီဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၆
၂၀။	သိခီဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၇
၂၁။	ဝေဿဘူဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၈
၂၂။	ကကုသန္ဓဘုရားထံ၌ ဗျာဒိတ်ရခြင်း	၃၉
၂၃။	ကောဏာဂမနဘုရားထံ၌ ဗျာဒိတ်ရခြင်း	၄၂
၂၄။	ကဿပဘုရားထံ၌ ဗျာဒိတ်ရခြင်း	၄၀

ဘဒ္ဒိုင်း [၂]

ဂေါတမဘုရားရှင်အကြောင်း

၂၅။	အလောင်းတော် သေတကေတုနတ်သား	၄၃
၂၆။	အလောင်းတော်၏ ကြည့်ခြင်းကြီး ငါးပါး	၄၄
၂၇။	အလောင်းတော်နတ်သား သန္ဓေဝင်ခြင်း	၄၆
၂၈။	အလောင်းတော် ဖွားမြင်ခြင်း	၄၇
၂၉။	အလောင်းတော်နှင့် ကာဠဒေဝိလရသေ့	၄၉
၃၀။	အလောင်းတော်၏ လက္ခဏာကို ဖတ်ကြံခြင်း	၆၁
၃၁။	မဟာပုရိသလက္ခဏာတော်ကြီး ၃၂ ပါး	၆၂
၃၂။	လက္ခဏာတော်ငယ် ရှစ်ဆယ်	၆၄
၃၃။	တရုံရှစ်ကွက် စက်လက္ခဏာ	၆၇
၃၄။	အလောင်းတော်၏ သူငယ်ဘဝ	၆၈
၃၅။	အလောင်းတော်အတွက် သတို့သမီး ဆက်ခိုင်းခြင်း	၇၀
၃၆။	အလောင်းတော် လေးအတတ် အမျိုးမျိုးပြခြင်း	၇၁
၃၇။	ယသော်ဓရာနှင့် ၁၃ နှစ် ထီးနန်းစံခြင်း	၇၄
၃၈။	အလောင်းတော် နိမိတ်ကြီးလေးပါးကို မြင်ခြင်း	၇၄
၃၉။	ကိသာဂေါတမီမင်းသမီး၏ ဥဒါန်း	၇၆
၄၀။	အလောင်းတော် ကာမဂုဏ် ငြီးငွေ့ခြင်း	၇၇

သန္ဓေတည်သည်မှ ဓမ္မစကြာဟောသည်အထိ

၄၁။	အလောင်းတော် သေတကေတုနတ်သား	၄၃
၄၂။	အလောင်းတော်၏ ကြည့်ခြင်းကြီး ငါးပါး	၄၄
၄၃။	အလောင်းတော်နတ်သား သန္ဓေဝင်ခြင်း	၄၆
၄၄။	အလောင်းတော် ဖွားမြင်ခြင်း	၄၇
၄၅။	အလောင်းတော်နှင့် ကာဠဒေဝိလရသေ့	၄၉
၄၆။	အလောင်းတော်၏ လက္ခဏာကို ဖတ်ကြံခြင်း	၆၁
၄၇။	မဟာပုရိသလက္ခဏာတော်ကြီး ၃၂ ပါး	၆၂
၄၈။	လက္ခဏာတော်ငယ် ရှစ်ဆယ်	၆၄
၄၉။	တရုံရှစ်ကွက် စက်လက္ခဏာ	၆၇
၅၀။	အလောင်းတော်၏ သူငယ်ဘဝ	၆၈
၅၁။	အလောင်းတော်အတွက် သတို့သမီး ဆက်ခိုင်းခြင်း	၇၀
၅၂။	အလောင်းတော် လေးအတတ် အမျိုးမျိုးပြခြင်း	၇၁
၅၃။	ယသော်ဓရာနှင့် ၁၃ နှစ် ထီးနန်းစံခြင်း	၇၄
၅၄။	အလောင်းတော် နိမိတ်ကြီးလေးပါးကို မြင်ခြင်း	၇၄
၅၅။	ကိသာဂေါတမီမင်းသမီး၏ ဥဒါန်း	၇၆
၅၆။	အလောင်းတော် ကာမဂုဏ် ငြီးငွေ့ခြင်း	၇၇

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၁။	အသက် ၂၉ နှစ်တွင် အလောင်းတော် တောထွက်ခြင်း	၇၈
၄၂။	အလောင်းတော် ရဟန်းပြုခြင်း	၈၀
၄၃။	ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနှင့် တွေ့ခြင်း	၈၁
၄၄။	ရသေ့နှစ်ဦးထံ၌ အလောင်းတော် နည်းခံခြင်း	၈၂
၄၅။	အလောင်းတော် ဒုက္ကရစရိယာ ၆ နှစ် ကျင့်ခြင်း	၈၃
၄၆။	အလောင်းတော် မဇ္ဈိမ ပဋိပဒါ ကျင့်ခြင်း	၈၆
၄၇။	အိပ်မက်ကြီးငါးပါး မြင်မက်ခြင်း	၈၇
၄၈။	သုဇာတာ ဃနာနို့ထွမ်း ကပ်လှူခြင်း	၈၈
၄၉။	နေရဉ္ဇရာ ရွှေခွက်မျှောခြင်း	၉၀
၅၀။	မာရ်နတ်သားကိုအောင်တော်မူခြင်း	၉၁
၅၁။	ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း	၉၃
၅၂။	ဘုရားဖြစ်တော်မူ၍ ဥဒါန်းကျူးရင့်ခြင်း	၉၈
၅၃။	သတ္တဌာန၌ ၇–ရက်စီ စံတော်မူခြင်း	၉၉
၅၄။	မာရ်နတ်သမီးသုံးဦးတို့ ဖြားယောင်းလာခြင်း	၁၀၁
၅၅။	တဒုဿနှင့် ဘလ္လိက သရဏဂုံနှစ်ပါးတည်ခြင်း	၁၀၃
၅၆။	တရားဟောရန် သဟမ္ပတိ ဗြဟ္မာကြီး တောင်းပန်ခြင်း	၁၀၅
၅၇။	သတ္တလောကကြီးကို ကြည့်ရှုသုံးသပ်ခြင်း	၁၀၇
၅၈။	ရှေးဦးစွာ ချတ်ရမည့်သူကို ကြည့်ခြင်း	၁၀၉
၅၉။	ဥပက တက္ကတွန်းနှင့် တွေ့ခြင်း	၁၁၁

အပိုင်း [၃]

ဘုရားရှင်၏ အနှစ် ၂၄-ခရီး

၆၀။	ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရားဦးဟောခြင်း	၁၁၅
၆၁။	ဓမ္မစကြာတရားတော်၏ အနှစ်သာရအချုပ်	၁၁၉
၆၂။	သာတာဂိရိနှင့် ဟေမဝတနတ်နှစ်ဦး	၁၂၁
၆၃။	ပဉ္စဝဂ္ဂီတို့အား အနတ္တလက္ခဏာသုတ်ဟောခြင်း	၁၂၄
၆၄။	မောနေယျအကျင့်ကို ဟောကြားခြင်း	၁၂၆
၆၅။	ယသ သူဌေးသား ရဟန်းပြုခြင်း	၁၂၈
၆၆။	ယသ၏ မိတ်ဆွေ ၅၄ ဦး ရဟန်းပြုခြင်း	၁၃၀
၆၇။	ရဟန္တာ ၆၀ တို့အား သာသနာပြု စေလွှတ်ခြင်း	၁၂၁

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၆၈။	ဘဒ္ဒဝဂ္ဂီညီနောင်ဆုံးဆယ်ဘို့ ရဟန်းပြုခြင်း	၁၂၂
၆၉။	ရသေ့တထောင်ကိုချတ်ရန် တံခိုးများစွာပြခြင်း	၁၂၄
၇၀။	ရသေ့တထောင် ရန္တာပြစ်၍ ရဟန်းပြုကြခြင်း	၁၂၆
၇၁။	ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း	၁၃၁
၇၂။	ဗိမ္ဗိသာရမင်းကြီး ဝေဂျုဝန်ကျောင်း လှူခြင်း	၁၃၃
၇၃။	အဂ္ဂသာဝကလောင်းနှစ်ဦးနှင့် သိဉ္ဇည်းဆရာကြီး	၁၃၄
၇၄။	အဂ္ဂသာဝကလောင်းနှစ်ဦးနှင့် ရှင်အဿဇိ	၁၃၆
၇၅။	အဂ္ဂသာဝကနှစ်ပါး သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်	၁၃၉
၇၆။	သိဉ္ဇည်းဆရာကြီး မိုက်မဲပုံကို လျှောက်ခြင်း	၁၄၂
၇၇။	အရှင်မဟာကဿပအလောင်း ရဟန်းပြုခြင်း	၁၄၃
၇၈။	ဗုဒ္ဓကို လူမျိုးဆက်ဖြုတ်သူဟု စွပ်စွဲခြင်း	၁၄၆
၇၉။	သုဒ္ဓေါဒနမင်းကြီးက သားဘုရားထံ အပင့်လွှတ်ခြင်း	၁၄၈
၈၀။	ဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း	၁၅၀
၈၁။	ဆွေမျိုးတို့အား တံခိုးပြ၍ ဆုံးမတော်မူခြင်း	၁၅၁
၈၂။	ဗုဒ္ဓဝင်နှင့် ဝေဿန္တရာဇာတ်တော်တို့ကို ဟောတော်မူခြင်း	၁၅၅
၈၃။	သုဒ္ဓေါဒနမင်းကြီး သကဒါဂါမ်တည်ခြင်း	၁၅၆
၈၄။	ဘုရားရှင်အား ယသော်ဓရာ ဝိုကြွေးကန်တော့ခြင်း	၁၅၈
၈၅။	ညီတော်မင်းနန်အား ရဟန်းပြုစေခြင်း	၁၆၀
၈၆။	သားတော်ရာဟုလာအား ရှင်ပြုပေးခြင်း	၁၆၁
၈၇။	ဘခင် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်ဖြစ်ခြင်း	၁၆၃
၈၈။	သာကီဝင်မင်းသားများ ရဟန်းပြုကြခြင်း	၁၆၄
၈၉။	ဘုရားရှင် ဝါဆိုစဉ်ကို အကျဉ်းပြခြင်း	၁၆၇
၉၀။	ရာဇဂြိုဟ်ပြည်၌ ဒုတိယ၊ တတိယ၊ စတုတ္ထဝါကပ်ခြင်း အနာထပိဏ်သူဌေး ဘုရားရှင်ကို ဖူးမြင်ခြင်း	၁၆၉
၉၁။	အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းကြီး ဆောက်ခြင်း	၁၇၂
၉၂။	အရှင်အနုရုဒ္ဓါမထေရ်အကြောင်း	၁၇၃
၉၃။	အရှင်ပိဏ္ဍောလမထေရ်အကြောင်း	၁၇၇
၉၄။	အရှင်မဟာကစ္စည်းမထေရ်အကြောင်း	၁၈၈
၆၅။	အရှင်သောဏမထေရ်အကြောင်း	၁၈၁
၉၆။	ဘုရားရှင် ဇေတဝန် ကျောင်းတိုက်ကို လက်ခံရန် သာဝတ္ထိပြည်သို့ ကြွတော်မူခြင်း	၁၈၃
၉၇။	နန္ဒထေရ်ကို နတ်သမီးနှင့် မျှား၍ ချတ်ခြင်း	၁၈၆
၉၈။	အဂ္ဂိဒတ္တစသော ရသေ့တသောင်းကို ချတ်ခြင်း	၁၈၈
၉၉။	မေဏ္ဍကသူဌေးကြီး (ဝိသာခါ၏အဘိုး) အကြောင်း	၁၉၁

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၀၀။	ကသာဝလီယ သူဆင်းရဲ သူငွေးကြီးဖြစ်ခြင်း	၁၉၃
၁၀၁။	ပုဏ္ဏသူဆင်းရဲ သူငွေးကြီးဖြစ်ခြင်း	၁၉၆
၁၀၂။	ဘုရားရှင် ဝေသာလီပြည်သို့ကြွတော်မူခြင်း	၁၉၈
၁၀၃။	ဘုရားရှင်၏ ရှေးဟောင်း ကောင်းမှုကံ	၂၁၁
၁၀၄။	လှည့်စား၍ ဆွမ်းလူသော သိကြားမင်း	၂၁၂
၁၀၅။	အရှင်သာရိပုတ္တရာ၏ ဦးရီး ပုဏ္ဏား	၂၁၄
၁၀၆။	သဒ္ဓါတရားလွန်လဲသော သုမန ပန်းသည်	၂၁၅
၁၀၇။	ဇမ္ဗုက တက္ကဘွန်းကို ချတ်တော်မူခြင်း	၂၁၇
၁၀၈။	ဆဲရေးတတ်သော ဘာရဒ္ဒါဇပုဏ္ဏား	၂၂၀
၁၀၉။	ဂျွမ်းသမား ဥဂ္ဂသေန ရဟန္တာဖြစ်ခြင်း	၂၂၂
၁၁၀။	နှစ်ပြည်ထောင်စစ်ခင်း၍ ဘုရားရှင်ငြိမ်းစေခြင်း	၂၂၄
၁၁၁။	နှစ်ပြည်ထောင်မှ မင်းသားငါးရာ ရဟန်းပြုစေခြင်း	၂၂၆
၁၁၂။	မဟာသမယသုတ်ကို ဟောတော်မူခြင်း	၂၂၇
၁၁၃။	(ဝေသာလီပြည် မဟာဝုန်တော၌ ပဉ္စမ ဝါကပ်ခြင်း)	
	သုဒ္ဓါဒနမင်းကြီး ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံခြင်း	၂၂၉
၁၁၄။	မိထွေးတော်ဂေါတမီ ရဟန်းပြုခွင့်ရခြင်း	၂၃၁
၁၁၅။	သစ္စကပရိဗိုင်ကို ဆုံးမတော်မူခြင်း	၂၃၄
၁၁၆။	(ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ကြွမြန်းခြင်း)	
	ခေမာမိဖုရား ရဟန္တာဖြစ်ခြင်း	၂၄၀
၁၁၇။	ဘဒ္ဒကာပိလာနိသူငွေးမ ရဟန္တာဖြစ်ခြင်း	၂၄၃
၁၁၈။	ဓမ္မဒိန္နာသူငွေးမ ရဟန္တာဖြစ်ခြင်း	၂၄၄
၁၁၉။	ဇနပဒကလျာနိ (ရူပနန္ဒာ) ထေရီမအကြောင်း	၂၄၆
၁၂၀။	ဘဒ္ဒကစ္စာနာ (ယသော်ခရာ) ထေရီမ	
၁၂၁။	(ဘုရားရှင် မကုလတောင်၌ ဆဋ္ဌ ဝါဆိုခြင်း)	၂၉၄
	ဘုရာ ၏ သမားတော်ကြီး ဇီဝက	၂၅၁
၁၂၂။	မဟာပန်နှင့် စူဠပန် ညီနောင်နှစ်ပါး	၂၅၅
၁၂၃။	အရှင်ဥပသေန မထေရ်အကြောင်း	၂၅၈
၁၂၄။	စန္ဒကူး သပိတ်နှင့် တိတ္တိဆရာကြီး ၆ ဦး	၂၆၀
၁၂၅။	စန္ဒကူး သပိတ်ကို အရှင်ပိဏ္ဍောလ ဈာန်ပျံ၍ယူခြင်း	၂၆၄
၁၂၆။	ဘုရားရှင် တံခိုးပြမည့်အကြောင်း မိန့်ကြားခြင်း	၂၆၆
၁၂၇။	တံခိုးပြရန် ဘုရားရှင် သာဝတ္ထိပြည်သို့ကြွခြင်း	၂၈၆
၁၂၈။	မိဂါရသူငွေးနှင့် ဝိသာခါတို့အကြောင်း	၂၆၆
၁၂၉။	ဥပ္ပလဝဏ်ထေရီမအကြောင်း	၂၇၃
၁၃၀။	တခိုးဖြင့် သရက်ပင်ကြီး နေ့ခြင်းပေါက် ပွင့်သီးခြင်း	၂၇၅

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၃၁။	တိတ္ထိဆရာကြီးတို့ ထွက်ပြေး ပျက်စီးကြခြင်း	၂၇၇
၁၃၂။	ဘုရားရှင် ရေမီးအစုံ တံခိုးပြာဋိဟာကိုပြခြင်း	၂၇၈
၁၃၃။	ဘုရားရှင် တာဝတိံသာနတ်ပြည်သို့ကြွခြင်း	၂၈၁
၁၃၄။	အက်ုရနှင့် ဣန္ဒကနတ်သား နှစ်ဦး၏ ရှေးကံအထူး	၂၈၃
၁၃၅။	တာဝတိံသာ၌ သတ္တမ ဝါကပ်၍ အဘိဓမ္မာတရား ဟောခြင်း	၂၈၅
၁၃၆။	ပရိသတ်များ သက်ဿနဂိုရ်ပြည်သို့ ရှေ့ပြောင်းခြင်း	၂၈၇
၁၃၇။	ဘုရားရှင် တာဝတိံသာမှ သက်ဿနဂိုရ်သို့ ဆင်းသက်ခြင်း	၂၈၈
၁၃၈။	(ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွတော်မူခြင်း)	
	ဘုရားရှင်အား စိဉ္စမာဏဖြင့် စွပ်စွဲခြင်း	၂၉၁
၁၃၉။	ဘုရားရှင်င်အား သုန္ဒရိပရိဗိုဇ်မဖြင့် စွပ်စွဲပြန်ခြင်း	၂၉၅
၁၄၀။	(သုသုမာရဂိရိမြို့၌ ဘုရားရှင် အဌမ ဝါကပ်ခြင်း	
	နကုလပိတာ နကုလမာတာ လင်မယားအကြောင်း	၂၉၈
၁၄၁။	ဗောမိမင်းသား ကလေး မရခြင်း၏ ရှေးကံ	၂၉၉
၁၄၂။	(ဘုရားရှင် သာဝတ္ထိပြည်သို့ ပြန်ကြွခြင်း)	
	ပဉ္စဂ္ဂဒါယကာ ပုဏ္ဏားအကြောင်း	၃၀၁
၁၄၃။	ကောသမ္မီသူဌေကြီး သုံးဦး ဘုရားရှင်ထံ လာကြခြင်း	၃၀၃
၁၄၄။	မာဂဏ္ဍိပုဏ္ဏား လင်မယား ရဟန်းပြုကြခြင်း	၃၀၅
၁၄၅။	(သောသမ္မီပြည်၌ ဘုရားရှင် နဝမ ဝါကပ်ခြင်း)	
	ဘူဌေးကြီး သုံးဦးအသီးသီးက ကျောင်းတိုက်လှူခြင်း	၃၀၈
၁၄၆။	သာမာဝတီစသော မိဖုရားငါးရာ သောတာပန်ဖြစ်ခြင်း	၃၀၉
၁၄၇။	မာဂဏ္ဍိ မိဖုရားက ဘုရားရှင်အား ရန်ငြိုးဖြင့် ပြုမူခြင်း	၃၁၁
၁၄၈။	မာဂဏ္ဍိက သာမာဝတီတို့ကို မီးရှို့သတ်စေခြင်း	၃၁၅
၁၄၉။	သံဃာ အဓိကရန်းကြီး ဖြစ်ပွားခြင်း	၃၁၆
၁၅၁။	ဘုရားရှင် ကောသမ္မီပြည်မှ ထွက်သွားတော်မူခြင်း	၃၁၉
၁၅၁။	(ပါလိလေယျကပလလဲတော၌ ဒသမ ဝါကပ်ခြင်း)	
	ဘုရားရှင်အား ပလလဲဆင်မင်း လုပ်ကျွေးခြင်း	၃၂၁
၁၅၂။	ကောသမ္မီရဟန်းများ ဆွမ်းမရ၍ ဝန်ချကြခြင်း	၃၂၃
၁၅၃။	ရှင်အာနန္ဒာ ဘုရားရှင်ကို သွားပင့်ခြင်း	၃၂၄
၁၅၄။	ကောသမ္မီရဟန်းများ ဘုရားရှင်ကို လာကန်တော့ခြင်း	၃၂၇
၁၅၅။	(ဒက္ခိဏာဂီရိ နဋ္ဌရှာ၌ ဧကာဒသမ ဝါကပ်ခြင်း)	
	ကသိဘာရဒွါဇပုဏ္ဏားကြီး ရဟန်းပြုခြင်း	၃၂၈
၁၅၆။	(ဝေရဉ္ဇာပြည်၌ ဒွါဒသမ ဝါကပ်ခြင်း)	
	တဝါတွင်းလုံး ဘုရားရှင် ဆွမ်းဒုက္ခ ခံရခြင်း	၃၃၁
၁၅၇။	သာသနာရှည်ကြောင်း သိက္ခာပုဒ် ပညတ်ရန် လျှောက်ထားခြင်း	၃၃၄

ဦးစဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂၀။	ဝေဇန္တာပုဏ္ဏားက ဘုရားရှင်ဆီသို့ အလှူကြီးပေးခြင်း	၃၃၇
၁၂၉။	(ဝေဇန္တာပြည်မှ ဗာရာဏသီပြည်သို့ကြွခြင်း)	
	ကျောင်းဒကာ နန္ဒိယဉာဉသကာ	၃၃၉
၁၃၀။	(ဗာရာဏသီပြည်မှ ဝေသာလီပြည်သို့ကြွခြင်း)	
	သုဒိန္နသူဌေးသား ရဟန်းပြုခြင်း	၃၄၀
၁၃၁။	(ဝေသာလီပြည်မှ သာဝတ္ထိပြည်သို့ ကြွခြင်း	
	ရှင်ရာဟုလာအား ဘုရားရှင် တရားမျှားစွာ ဟောခြင်း	၃၄၂
၁၃၂။	အရှင်သံဝလိမဏ္ဍိကအကြောင်း	၃၄၅
၁၃၃။	(စာလိယတောင်၌ တရားသဘ ဝါကပ်ခြင်း)	
	ဘုရားမှင်၏ စကားကိုနားမဆောင်သော အရှင်မေဃိယ	၃၄၈
၁၃၄။	(သာဝတ္ထိပြည်၌ ဇုန္ဒိသဘ ဝါကပ်ခြင်း)	
	ရှင်ရာဟုလာ ရဟန်းပြုပြီး ရဟန္တာဖြစ်ခြင်း	၃၅၁
၁၃၅။	ရှားတောနေ ရှင်ဧရဝတသာမဏေက	၃၅၃
၁၃၆။	ရှင်ရာဟုလာကို မာရ်နတ်ခြိမ်းခြောက်လာခြင်း	၃၅၆
၁၃၇။	သူဝိဇသာ၊ခရုသာမ ဘိုလူး နှစ်ဦးကို ချစ်ခြင်း	၃၅၈
၁၃၈။	မဟာကပ္ပိနမင်းနှင့် အမတ်တဆောင် ရဟန်းပြုကြခြင်း	၃၆၀
၁၃၉။	(ကပိလဝတ်ပြည်၌ ပန္နရသ ဝါကပ်ခြင်း)	
	မဟာနာမမင်းကြီးအား ဘုရားရှင်ဘရားဟောခြင်း	၃၆၄
၁၄၀။	ကိုယ်းထ၊ါစဲ့သာ ဆရာဟိန်မင်းသမီ	၃၆၅
၁၄၁။	ဒေဝဒတ်၏ ဘခင် သုပ္ပဗုဒ္ဓမင်း မြေမျိုခံရခြင်း	၃၆၇
၁၄၂။	(ဘုရား ရှင်သာဝတ္ထိပြည်သို့ ကြွခြင်း)	
	သိကြားမင်းက ပြဿနာ လေးပါး မေးလျောက်ခြင်း	၃၆၉
၁၄၃။	အာဠဝိမင်းနှင့် အာဠဝကဘိလူး	၃၇၀
၁၄၄။	အာဠဝက ဘိလူးကို ဘုရားရှင်ဆုံးမခြင်း	၃၇၂
၁၄၅။	ဟတ္ထာဠဝကမင်းသားအကြောင်း	၃၇၈
၁၄၆။	(အာဠဝိပြည်၌ ဃောဠသမ ဝါကပ်သိတင်းသုံးခြင်း)	
	မရဏာနုဿတိ ကမ္မဋ္ဌာန်း ပေးကြားခြင်း	၃၈၁
၁၄၇။	(ဆုင်ကြိုဟ်ပြည် သင်္ဂါရဝသမ ဝါကပ်ဆိုခြင်း)	
	ဥတ္တရာ(နန္ဒမာတာ) အမျိုးသမီး	၃၈၂
၁၄၈။	သီရိမာ ပြည်္ဒိကန်ဆာမအကြောင်း	၃၈၆
၁၄၉။	(ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွခြင်း	
	အာဠဝိပြည်မှ ဆင်းရဲသားတဦးကို သွေးချမ်းခြင်း	၃၈၈
၁၅၀။	(စာလိယတောင်၌ ၁၈-၁၃-မြောက်၊ နှစ် ဝါကပ်ဆိုခြင်း	
	အာဠဝိပြည်မှ ရက္ကန်းသည်သမီးငယ်ကို သွေးချမ်းခြင်း	၃၉၀

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၈၁။	(ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း) ကုက္ကူဋမ်တွမုဆိုးမိသားစုကို ချေချတ်ခြင်း	၃၉၃
၁၈၂။	(ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွခြင်း) သနားစဘွယ်ဖြစ်သော အာနန္ဒသူဌေးကြီး	၃၉၅
၁၈၃။	အဂုံလိမာလလူဆိုးကြီးကိုချတ်ခြင်း	၃၉၆
၁၈၄။	ဘုရားရှင်ကို ကြည်ညိုလွန်းသော အရှင်ဝက္ကလိ	၄၀၃
၁၈၅။	(ရာဇဂြိုဟ်ပြည်၌ ဝိသတိမ နှစ်ဆယ်မြောက် ဝါကပ်ခြင်း) အရှင်အာနန္ဒာအား ဥပဌာက ရာထူးခန့်အပ်ခြင်း	၄၀၀
၁၈၆။	သူငယ်တဦးနှင့် ဗုဒ္ဓါနုဿတိကမ္မဌာန်း	၄၅၈
၁၈၇။	စုန္ဒဝက်သတ်သမား၏ ကံသူးအကျိုး	၄၁၀
၁၈၈။	ဝက်နှင့်ဗြဟ္မာတလှည့်တခါ	၄၁၁
၁၈၉။	သိကြားမင်းနှင့် သုပ္ပဗုဒ္ဓလူနု	၄၁၂

အပိုင်း [၄]

သာဝတ္ထိပြည် ၂၁မှ ၄၄ဝါအထိ

၁၉၀။	ကောသလမင်းကြီး၏ အသဒိသဒါန	၄၁၇
၁၉၁။	ပုဗ္ဗာရုံကျောင်းကြီး၏ကို ဝိသာခါ ဆောက်လှူခြင်း	၄၂၀
၁၉၂။	ဘုရားရှင်နှင့် ဆွေမျိုးတော်လိုသော ကောသလမင်းကြီး	၄၂၄
၁၉၃။	စူဠသုဘဒ္ဒါပင့်၍ ဘုရားရှင် ဥဂ္ဂမြို့သို့ကြွခြင်း	၄၂၈
၁၉၄။	ပဋစာရီ ထေရီမအကြောင်း	၄၃၁
၁၉၅။	ကိသာဂေါတမီ ထေရီမအကြောင်း	၄၃၄
၁၉၆။	ဘုရားရှင်ကို မကောင်းကြံသည့် ဂရဟဒိန္ဒသူကြွယ်	၄၃၆
၁၉၇။	စိတ္တသူကြွယ်ဘုရားရှင်ထံ လာရောက်ဖူးမြော်ခြင်း	၄၄၀
၁၆၈။	နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းချေချတ်ခြင်း	၄၄၄
၁၉၉။	ဗကဗြဟ္မာကြီးကို ချေချတ်ဆုံးမခြင်း	၄၄၇
၂၀၀။	တံခိုးချင်းပြိုင်သည့် စန္ဒာဘပုဏ္ဏားကိုချတ်ခြင်း	၄၅၁
၂၀၁။	အရိုးခေါက်ဗေဒင်ဆရာကြီး ဝက်မသကိုချတ်ခြင်း	၄၅၃
၂၀၂။	တက္ကသိုလ်ပြည်ပုက္ကုသာတိမင်းနှင့် ဗိမ္ဗိသာရမင်း	၄၅၅
၂၀၃။	ပုက္ကုသာတိမင်းကြီး အနာဂါမ်ဖြစ်ခြင်း	၄၅၈
၂၀၄။	ဗာဟိယ ဒါရုစီရိယကို ချတ်တော်မူခြင်း	၄၆၁
၂၀၅။	ဘခင်ပုဏ္ဏားကြီးနှင့် မဌကုဏ္ဍလီနတ်သား	၄၆၅
၂၀၆။	အမျိုးသမီးနှင့် ကာဠီဘီလူးမ နှစ်ဦး၏ ရန်ညှိုး	၄၆၈

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၆၉။	(ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွတော်မူခြင်း) အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံဝင်ခြင်း	၆၄၀
၂၇၀။	(ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း) အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် စံဝင်ခြင်း	
၂၇၁။	ဘုရားရှင် ဝေသာလီပြည်သို့ ကြွတော်မူခြင်း	၆၀၇
၂၇၂။	ဘုရားရှင် အာယုသခါရ လွှတ်တော်မူခြင်း	၆၀၉
၂၇၃။	ဘုရားရှင် အာနန္ဒာမထေရ်အား အပြင်တင်တော်မူခြင်း	၆၁၁
၂၇၄။	သာသနာရှည်ကြောင်း တရားများကို ဟောတော်မူခြင်း	၆၁၃
၂၇၅။	ဘောဂမြို့၌ မဟာပဒေသလေးပါးကို ဟောတော်မူခြင်း	၆၁၅
၂၇၆။	ပါဝါပြည်၌ စုန္ဒ၏သား ပြွမ်းဆွမ်းကို ဘုဉ်းပေးခြင်း	၆၁၆
၂၇၇။	အရှင်အာနန္ဒာအား သောက်ရေကို ခပ်ခိုင်းတော်မူခြင်း	၆၁၇
၂၇၈။	ဘုရားရှင်၏ သမာဓိစွမ်းအားကို ဟောပြတော်မူခြင်း	၆၁၈
၂၇၉။	အစဆုံးနှင့် နောက်ဆုံးလှူသောဆွမ်း အကျိုးတူပုံကို ဟောကြားခြင်း	၆၂၈
၂၈၀။	ဘုရားရှင် ပရိနိဗ္ဗာန် စံခါနီး နတ်တို့ ငိုကြွေးကြခြင်း	၆၂၂
၂၈၁။	သံဝေဂရစေမည့် ဌာနလေးပါးကို ဟောကြားခြင်း	၆၂၅
၂၈၂။	စေတီထိုက်သော ပုဂ္ဂိုလ်လေးဦးကို ဟောကြားခြင်း	၆၂၆
၂၈၃။	အရှင်အာနန္ဒာအား နှစ်သိမ့်ချီးကျူးစကား ဟောကြားခြင်း	၆၂၇
၂၈၄။	မဟာသုဒဿနသုတ်ကို ဟောကြားခြင်း	၆၂၈
၂၈၆။	နောက်ဆုံးရဟန်းဖြစ်သော သုဘဒ္ဒပရိပိုင်	၆၃၀
၂၈၆။	ဘုရားရှင်၏ နောက်ဆုံး ဩဝါဒ စကားတော်	၆၃၃
၂၈၇။	ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း	၆၃၅
၂၈၈။	ဘုရား ရှင်၏ ရုပ်ကလာပ်တော်ကို ၇–ရက်တိုင် ပူဇော်ကြခြင်း	၆၃၇
၂၈၉။	အရှင်မဟာကဿပ ကုသိနွာရုံပြည့်သို့ ကြွလာခြင်း	၆၃၉
၂၉၀။	ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ခြင်း	၆၄၁
၂၉၁။	ဘုရားရှင်၏ ဓာတ်တော်များကို ၇–ရက်တိုင် ပူဇော်ကြခြင်း	၆၄၂
၂၉၂။	ပရိနိဗ္ဗာန်စံကြောင်းကြား၍ အဇာတသတ် မေ့မြောသွားခြင်း	၆၄၄
၂၉၃။	၇–ပြည်ထောင်မင်းတို့ ဓာတ်တော်များကို လာတောင်းကြခြင်း	၆၄၅
၂၉၄။	ဓာတ်တော်များကို ဒေါနပုဏ္ဏားကြီး ခွဲဝေပေးခြင်း	၆၄၇
၂၉၅။	သာသနာအတွက် ရဟန်းတော်များ စည်းဝေးကျခြင်း	၆၄၉
၂၉၆။	ဇေတဝန်ကျောင်းတော်၌ အရှင်အာနန္ဒာ ပူဆွေးနေခြင်း	၆၅၁
၂၉၇။	သံဂါယနာတင်ပွဲအတွက် အဇာသတတ်မင်းကူညီစောင်မခြင်း	၆၅၃
၂၉၈။	အရှင်အာနန္ဒာ ထူးခြားစွာ ရဟန္တာဖြစ်ခြင်း	၆၅၄
၂၉၉။	ပထမအကြိမ် သံဂါယနာတင်တော်မူခြင်း	၆၅၅
၃၀၀။	ဓာတ်တော်ဌာပနာတိုက်ကြီးတည်ဆောက်ခြင်း	၆၅၇



နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒ္ဓဿ။

ဗုဒ္ဓ-ဟူသည်

"ဗုဒ္ဓ" (ဘုရား) ဟူသော စကားသည် ဘုရားတဆူ၏ ကိုယ်ပိုင်အမည် မဟုတ်ပေ။ သဗ္ဗညုတညာဏ်တော်ကို ရရှိပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူ ကုန်သော ဘုရားရှင်အားလုံးအား (သစ္စာလေးပါးကို သိမြင်သောပုဂ္ဂိုလ် မြတ်အနေဖြင့်) ပေးထားသော သာမညဝေါဟာရ ဖြစ်ပေသည်။ "ဝံသ" ဟူသော ဝေါဟာရသည် အနွယ်စဉ်ဆက်ဟု အဓိပ္ပာယ်ရှိပေသည်။ ယင်း "ဝံသ"ဟူသော ပါဠိပါဠိပုဒ်ကို "ဝင်"ဟု မြန်မာမှုပြုထားသည်။ သို့ဖြစ်၍ "ဗုဒ္ဓဝံသ=ဗုဒ္ဓဝင်"ဟူသည် ရှေးရှေး အတိတ်မှစ၍ ပွင့်တော်မူခဲ့ကြသော ဘုရားရှင်များအကြောင်းကို အစဉ်အတိုင်းဖြင့် ပြခြင်းဖြစ်ပေသည်။

"ဗုဒ္ဓ"သည် နှစ်မျိုးနှစ်စား ရှိ၏။

၁။ **ပစ္စေကဗုဒ္ဓ**=ပစ္စေကဗုဒ္ဓါ။ သာသနာပကာလ၌ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိမြင်သော်လည်း သတ္တဝါတို့အား နိဗ္ဗာန်ရောက်အောင် တရားဟောကြားခြင်း မပြုသော ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။ ယင်းပစ္စေက ဗုဒ္ဓါကို ဘုရားငယ်ဟူ၍လည်း မြန်မာတို့ ခေါ်စမှတ် ပြုကြသည်။ ပစ္စေက ဗုဒ္ဓါဘုရားသည် ပါရမီတော်များကို နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းတိုင် ဖြည့် ကျင့်ခဲ့ရပေသည်။

၂။ **သဗ္ဗညုတဗုဒ္ဓ**=သဗ္ဗညု ဘုရားရှင်သည် သစ္စာလေးပါး စသည့် တရားအားလုံးကို ကိုယ်တော်တိုင် သိမြင်တော်မူသည့်အပြင်သတ္တဝါတို့အား လည်း နိဗ္ဗာန်ရောက်အောင် တရားဟောကြားတော်မူသည့် အမြတ်ဆုံး

ပုဂ္ဂိုလ်ဖြစ်ပေသည်။ ယင်းသဗ္ဗညုဘုရားရှင်တို့ကား အနည်းဆုံး လေးသခြေ့ နှင့် ကမ္ဘာတသိန်း (ပညာဓိက ဘုရားရှင်တို့အဘို့)၊ အလယ်အလတ်အားဖြင့်— ရှစ်သခြေ့နှင့် ကမ္ဘာတသိန်း (သဒ္ဓါဓိက ဘုရားရှင်တို့အဘို့)၊ အလွန်ဆုံးအား ဖြင့်တဆယ် ခြောက်သခြေ့နှင့် ကမ္ဘာတသိန်း(ဝီရိယာဓိက ဘုရား ရှင်တို့အဘို့) တိုင်တိုင်ပါရမီတော်များကို ဖြည့်ကျင့်ကြရပေသည်။

ကျွန်ုပ်တို့၏ "ဂေါတမ" ဘုရားရှင် အပါအဝင် ပွင့်တော်မူခဲ့ကြသော ဘုရားရှင်တို့ကား "ဂဂံဝါဠ သဲစုမက" မရေတွက်နိုင်အောင် များလှဘိ၏ဟု အဆိုရှိပေသည်။ သို့ရာတွင် မှတ်တမ်းအရမူ ရှေးကျသည့် ကျမ်းများ တွင် "ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ" ဟူ၍ ဘုရားခုနစ်ဆူတို့ အကြောင်းကိုသာ ဖော်ပြပါရှိလေသည်။

ဗုဒ္ဓဝံသစသော နောက်နောက်ကျမ်းများ၌မူကား ဂေါတမဘုရားရှင်နှင့် တကွ ရှေးရှေးဘုရားရှင် ၂၄ ဆူတို့အကြောင်းကိုပါ ထည့်သွင်းဖော်ပြထား လေသည်။ တနည်းအားဖြင့် ဖော်ပြပါ ဘုရားရှင် ခုနစ်ဆူတို့၏ ပထမဆုံး ဘုရားဖြစ်သော ဝိပဿီဘုရား မတိုင်မီ ပွင့်ခဲ့ကြသည့် ဘုရားရှင် ၁၈-ဆူတို့မှာ "ဒီပင်္ကရ၊ ကောဏ္ဍည၊ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ၊အနောမဒဿီ၊ ပဒုမ၊ နာရဒ၊ ပဒုမုတ္တရ၊ သုမေဓ၊ သုဇာတ၊ ဝိပဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ၊ ပုဿ" ဘုရားရှင်တို့ဖြစ်ကြပေသည်။

ဂေါတမဘုရားအလောင်းသည် ယင်းဘုရား ၂၄ ဆူတို့နှင့် တွေ့ကြုံခဲ့ ကြောင်း၊ ယင်းဘုရားရှင်တို့ထံမှ ဘုရားဖြစ်ရန် ဗျာဒိတ်ကိုခံယူရရှိခဲ့ကြောင်း လည်း ဖော်ပြထားပေသည်။ တဖန်လည်း ဒီပင်္ကရဘုရားရှင် မတိုင်မီက ပွင့်တော်မူခဲ့ကြသော "တဏှင်္ကရ၊ မေဓင်္ကရ၊ သရဏင်္ကရ" ဟူ၍ ဘုရားသုံးဆူ အကြောင်းကို ထပ်မံဖော်ပြထားလေသဖြင့်စုစုပေါင်းဘုရားရှင်အရေအတွက် မှာ ဂေါတမဗုဒ္ဓ အပါအဝင် ၂၇ဆူ (နှစ်ကျိပ်ရှစ်ဆူ) ဖြစ်လာလေသည်။

ဤဖော်ပြပါအချက်တို့ကား ထေရဝါဒကိုဏ်းသုံး ကျမ်းဂန်များ၏ အလို ဖြစ်ပေသည်။ မဟာယာနကိုဏ်းသုံး ကျမ်းများ၌မူ ဘုရားရှင်တို့၏ အရေ အတွက်မှာ ထိုထက်ပင် များပြားသေး၏။ "လလိတဝိတ္ထာရ" ကျမ်း၌ဖော်ပြ ထားသည့် ဘုရားရှင်ပေါင်းမှာ တရာပင် ကျော်လေသည်။

စက္ကဝတ္တိနာဒသုတ်၌ ဂေါတမဘုရားရှင်နောက်ပွင့်မည့် "မေတ္တေ၊ ဘုရားရှင့် အကြောင်းကို ဖော်ပြပါရှိလေသည်။ အနာဂတဝံသ (အား တဝင်) ကျမ်း၌လည်း ယင်း မေတ္တေယျ ဘုရားရှင့်အကြောင်း အသေ ဖော်ပြထားပေသည်။ ယင်းကျမ်း၏ အချို့မူကွဲများ၌မူ ဂေါတမဘုရ

နောက်ပဉ္စမမည့်ဘုရားရှင် ၁၀ ဆူတို့ အကြောင်းကို ထပ်လောင်း ဖော်ပြထား ပေသည်။

ယင်း ဘုရားရှင် ၁၀ ဆူတို့ကား "မေတ္တေယျ၊ ဥတ္တရ၊ ထုမ၊ ပသေနဒိ ကောသလ၊ အဘိဘူ၊ ဒီဃသောဏီ၊ သက်စ္စ၊ သုဘ၊ တောဒေယျ၊ နာဠဂိရိ ပလုလေယျ" တို့ဖြစ်ပေသည်။

မဟာပဓ နသုတ်၌ ဘုရားရှင် ခုနှစ်ဆူ အသီးသီး၏ အကြောင်းကို "ပဌဝီ ရာ ကမ္ဘာ၊ အမျိုးဇာတ်၊ အမျိုးအနွယ်၊ ပဌဝီရာခေတ်၏ သက်တမ်း၊ ပဌဝီရာ ဗောဓိပင်၊ အဂ္ဂသာဝက နှစ်ပါး၏ အမည်၊ တပည့်ရဟန္တာတို့၏ အရေ အတွက်၊ ဘုရားရှင်အား လုပ်ကျွေးသည့် ရဟန်းအမည်၊ အမိအမည်၊ အဘ အမည်၊ ဖွားမြင်ရာဒေသ အမည်"ဟူ၍ ခေါင်းစဉ် ၁၁ ခုဖြင့် ဖော်ပြ ထားပေသည်။

ယင်းသုတ်၏ အဖွင့်အဋ္ဌကထာ၌မူ "အလောင်းတော်၏ သားအမည်၊ မယားအမည်၊ တောထွက်ရာတွင် စီးသည့်ယာဉ်၊ ဂန္ဓကုဋိတိုက်တည်ရာ ကျောင်းတိုက်၊ ကျောင်းတိုက်အတွက် ကုန်ကျငွေ၊ ကျောင်းတိုက်တည်ရာ၊ ကျောင်းတိုက်ဒါယကာ"တို့အကြောင်းများကိုပါ ဖြည့်စွက်ဖော်ပြထားပေ သည်။ ဂေါတမ ဘုရားနှင့် ပတ်သက်၍လည်း-

အလောင်းတော်သည် ဝါဆိုလပြည့်နေ့တွင်"ပဋိသန္ဓေနေကြောင်း၊တော ထွက်ကြောင်း"တို့ကိုဂုဏ်း၊ဓမ္မစကြာ ဟောကြားကြောင်း၊ယမိုက်ပြာဋိဟာ ကြောင်း ကဆုန်လပြည့် နေ့တွင် "အလောင်းတော် ဖွားမြင်ကြောင်း ဘုရားအဖြစ်သို့ ရောက်ကြောင်း၊ ပရိနိဗ္ဗာန်စံကြောင်း" တို့ကိုဂုဏ်း၊ တပို့တွဲ လပြည့်နေ့တွင် "ပထမဆုံး ရဟန္တာများ အစည်းအဝေးဖြစ်ကြောင်း၊ အာ ယုသင်္ခါရလွှတ်ကြောင်း"တို့ကိုဂုဏ်း၊ သီတင်းကျွတ် လပြည့်နေ့တွင် "တာ ဝတိံသာ နတ်ပြည်မှ သင်္ကဿနိုရ်ပြည် တံခါးဝ၌ သက်ဆင်းကြောင်း" ကိုဂုဏ်း ဖော်ပြထားလေသည်။

ဗုဒ္ဓဝံသ ကျမ်းတွင် ဘုရားရှင် အသီးသီးတို့အကြောင်း ခေါင်းစဉ် ၂၂ ခုဖြင့် ဖော်ပြထားလေရာ အထက်ဖော်ပြပါတို့အပြင် "ဓမ္မစကြာ တရား တော်အကြောင်း၊ တရားပွဲ အသီးသီး၌ ကျုတ်သွားကြသူတို့ အရေအတွက်၊ အဂ္ဂသာဝကရဟန်းမ နှစ်ဦး၏ အမည်၊ ဘုရားရှင် ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော် အကျယ်အဝန်း၊ အရပ်တော်အမြင့်၊ ရှေးဘုရားရှင် အသီး သီး လက်ထက်၌ ဂေါတမဘုရား အလောင်း ဖြစ်သော ဘဝအမည်၊ အလောင်းတော်အား ပေးသည့် ဗျာဒိတ်စကားတော်၊ အလောင်းတော်၏

ပါရမီဖြည့်ကျင့်ခြင်း၊ဘုရားရှင် အသီးသီး၏ပရိနိဗ္ဗာန်စံဝင်ခြင်း" အကြောင်းများကိုပါ ထည့်သွင်း ပေါ်ပြထားလေသည်။

ဗုဒ္ဓဝံသ အဋ္ဌကထာ၌လည်း ရှေးဘုရားရှင်တို့ အသီးသီး အကြောင်းပေါ်ပြထုတ်၍ "အလောင်းတော်၏ လူ့စည်းစိမ် ခံစားသည့်နှစ်ပေါင်း၊ စိုးစံနေထိုင်သည့် စံနန်းတော်များ၊ အခြွေအရံ မောင်းမ အရေအတွက်၊ မိဘုရားကြီး၏အမည်၊ သားတော်၏ အမည်၊ တောထွက်ရာတွင် စီးသည့် ယာဉ် အမျိုးအစား၊ တောထွက်ခြင်း၊ ဒုက္ကရစရိယာကျင့်ခြင်း၊ သာသနဒါယကာများ၊ ကျောင်းတော်အမည်" အကြောင်းတို့ကိုလည်း ဆက်လက် ပေါ်ပြထားပေသည်။

ဘုရားရှင်တို့သည် ရှစ်ဌာနတွင် တဆူနှင့်တဆူ မတူကြောင်းလည်း ပေါ်ပြထားသည်။ ယင်းမတူသောအရာ=ဝေမတ္တာ ရှစ်ပါးတို့မှာ "ဘုရားပွင့်ရာ ဒေတ်၏ လူ့သက်တမ်း၊ အရပ်တော်၏ အမြင့်၊ ဖြစ်ရာအမျိုးအနွယ်၊ ဒုက္ကရစရိယာ ကျင့်ရာကာလ၊ ရောင်ခြည်တော် အကျယ်အဝန်း၊ တောထွက်ရာတွင် စီးသော ယာဉ်အမျိုးအစား၊ ဘုရားဖြစ်ရာ ဗောဓိပင်၊ ဗောဓိပင်ရင်းရှိ ပလ္လင်တော် အကျယ်အဝန်း" တို့ ဖြစ်ပေသည်။

ထို့ပြင် ဘုရားရှင် အာဒေါသုံးတို့ မစွန့်မလွှတ် တူညီသော အရပ်ဌာန (ဒေဝဓိတဌာန)တို့မှာ လေးမျိုး ရှိပေသည်။ ယင်းတို့မှာ "ဗောဓိပင်ရင်းရှိ ပလ္လင်တော်နေရာ၊ ဓမ္မစကြာဟောရာ မိဂဒါဝုန်တော၊ နတ်ပြည်မှ သက်ဆင်းသောအခါ သင်္ကန်းဂိုရ်ပြည်ရှိ ဘုရားရှင် ဦးစွာ ခြေချသော နေရာ၊ ဇောဝန် ကျောင်းတော်အတွင်းရှိ ဘုရားရှင် သီတင်းသုံးရာ ဂန္ဓကုဋီတိုက် နေရာ" တို့ ဖြစ်ပေသည်။

ဘုရားရှင် တဆူနှင့်တဆူ ပွင့်သည့် ကြားကာလမှာ တမ္ဘာပေါင်းများစွာပင် ရှည်လျားပေသည်။ ရံဖန်ရံခါ ကမ္ဘာအသင်္ချေအတွင်း ဘုရားတဆူမျှပင် ပွင့်သည် မရှိခဲ့ပေ။ စကြဝဠာ အကျယ်အဝန်း အနေဖြင့်လည်း ဇာတိခေတ်ပါဝင်သော စကြဝဠာတိုက်တသောင်းအတွင်းရှိ ဤစကြဝဠာ၌ဘုရား တဆူသာ ပွင့်နိုင်ပေသည်။ ရှေးရှေး ဘုရားရှင်၏ သာသနာလုံးဝ မကွယ်ပျောက်သေးမီကာလတွင် နောက် ဘုရားရှင် ပွင့်ရှိး မရှိပေ။

ကပ်ကမ္ဘာတခု၌ ဘုရားရှင်တို့ ပွင့်ပေါ်ထုတ်ရာ ရံခါတဆူ၊ ရံခါနှစ်ဆူ၊ ရံခါသုံးဆူ၊ ရံခါလေးဆူ၊ ရံခါငါးဆူ အများဆုံး ပွင့်ပေါ်လေသည်။

ဘုရားတဆူပွင့်သည့်ကမ္ဘာကို 'သာရကပ္ပ'ဟုရင်း၊
နှစ်ဆူပွင့်သည့်ကမ္ဘာကို 'မဏ္ဍကပ္ပ'ဟုရင်း၊
သုံးဆူပွင့်သည့် ကမ္ဘာကို 'ဝရကပ္ပ'ဟုရင်း၊
လေးဆူပွင့်သည့်ကမ္ဘာကို 'သာရမဏ္ဍကပ္ပ'ဟုရင်း၊
ငါးဆူပွင့်သည့်ကမ္ဘာကို 'ဘဒ္ဒကပ္ပ'ဟုရင်း ခေါ်ဆိုလေသည်။

ဘုရားရှင်ပွင့်ရာ သက်တမ်းကာလ အနေဖြင့်လည်း အို-နာ-သေ ခြင်းတရားများ မမြင်နိုင်သည့် အသက်တသိန်းတမ်းထက် ပိုရှည်သော (ရှည်လွန်းသော) သက်တမ်း ကာလ၌ရင်း၊ လူတို့ ကိလေသာ ထူပြောသည့် သက်တမ်းတရာအောက်တိုသော (တိုလွန်းသော) သက်တမ်းကာလ၌ရင်း ဘုရားရှင်တို့ ပွင့်ရိုးမရှိကုန်။ သတ္တဝါတို့ သစ္စာလေးပါးကို နားလည်နိုင်သော အသက်တသိန်းတမ်းနှင့် အသက်တရာတမ်းအတွင်းမှာသာ ဘုရားရှင်တို့ ပွင့်ကုန်၏။

အလောင်းတော်သည် ဘုရားဖြစ်မည့် ဘဝ၌ မွေးဖွားသည့် ခဏ၌ပင် မြေပေါ်၌ မြဲမြံစွာရပ်၍ မြောက်အရပ်သို့ ခုနစ်လှမ်းသွားကာ-

"အဂ္ဂေါဟ မသို့ လောကဿ၊
ဇေဋ္ဌောဟ မသို့ လောကဿ၊
သေဋ္ဌောဟ မသို့ လောကဿ၊
အယ မန္တိမဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"

ဟူ၍ လောက၌ အကြီးမြတ်ဆုံးဖြစ်ကြောင်း၊ ဘဝသံသရာ၌ နောက်ဆုံး ဘဝဖြစ်ကြောင်း ရဲတင်းစွာ ကြုံးဝါးရွတ်ဆိုလေ့ရှိသည်။

အလောင်းတော်တိုင်းမှာ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀ တို့နှင့် ပြည့်စုံရကား ယင်းတို့ကို ကြည့်ရှု၍ "လူ့ဘဝ၌ နေခဲ့သော် စကြဝတေးမင်း၊ တောထွက်သော် သုံးလူ့ထွဋ္ဌထား သဗ္ဗညု မြတ်စွာဘုရား ဖြစ်မည့်"အကြောင်း လက္ခဏာဖတ် ပုဏ္ဏားပညာရှင်တို့ ဟောဆိုကြလေသည်။ အလောင်းတော်၏ ခြေဖဝါး နှစ်ဖက်၌လည်း ၁၀၈ ကွက် စက်လက္ခဏာတို့ အပြည့်အစုံ ပါရှိလေသည်။

ဘုရားရှင်၏ကိုယ်တော်မှာ "ညို၊ ရွှေ၊ နီ၊ ဖြူ၊ မောင်း၊ ပြိုးပြိုးပြက်" ရောင်ခြည် ၆ သွယ်တို့ဖြင့် လွန်စွာ တင့်တယ်လှပေသည်။ ဘုရားရှင်သည် အလိုရှိသော် ကိုယ်တော်၏ ရောင်ခြည်တော်ကို စကြဝဋာအနန္တအထိပြန့်နှံ့သွားစေတော်မူနိုင်ပေသည်။ ဘုရားရှင်၏ အသံတော်မှာလည်း "သန့်ရှင်း+သိသာ+သာယာ+နာပျော်ဘွယ်+ တခဲနက်+လုံခြုံ လေးနက်+ပဲ့တင်ထပ်+မပြန့်မကွဲ" ဟူ၍ ဗြဟ္မာမင်း၏ အသံကဲ့သို့ အံ့ဘွယ်ရှစ်ပါးနှင့် ပြည့်စုံလေ

သည်။ ထို့ပြင်လည်း ဘုထူးရှင်သည် အားတော် ၁၀ ပါး၊ ဝိဇ္ဇာ ၃ ပါး၊ ဝိဇ္ဇာ ၈ ပါး၊ စရဏတထူး ၁၅ ပါး၊ အသာဓာရဏ ဂုဏ်တော် ၆ ပါး၊ ဂုဏ်တော် ၉ ပါး၊ ဘုန်းတော် ၆ ပါး၊ အစိန္တေယျ အံ့ဘွယ် ၈၈ ပါးတို့နှင့် ပြည့်စုံသည့် အမြတ်ဆုံး ဟူ၌လ်ထူး ဖြစ်လေသည်။

ဘုထူးရှင်သည် နေ့စဉ်နေ့တိုင်းကိစ္စ ၎ါးပါးကို အမြဲ ဆောင်ရွက်တော်မူသည်။

(၁) နံနက်ပိုင်း၌ ဆွမ်းခံကြွခြင်း၊ အလှူရှင်တို့အား အ့ဓါအား လျော်စွာ အနုံမောဒနာ တထူးဟောခြင်း စသော ကိစ္စ၊

(၂) နေ့လယ်ညနေအခါ၌ လာထောက် ဆည်းကပ်ကြသည့် ဒါယကာ ဒါယိကာမတို့အား အခါအား လျော်စွာ တထူးဟောကြားခြင်း ကိစ္စ၊

(၃) ည၌ဦးယံ၌ ရဟန်း ပရိသတ်တို့အား တ့ထူးဟောခြင်း၊ကမ္မဋ္ဌာန်း ပေးခြင်း စသော ကိစ္စ၊

(၄) သန်ကောင်ယံ၌ စကြဝဠာတိုက်တသောင်းမှ စုဝေးထောက်လာကြသည့် နတ်၊ ဗြဟ္မာတို့၏ အမေးပုစ္ဆာပြဿနာများကို ဖြေဆိုခြင်း၊ တထူးဟောခြင်း စသော ကိစ္စ၊

(၅) မိုးသောက်ယံ၏ သုံးစုံတစုံတွင် ပထမအစု၌ စကြံကြွခြင်း၊ဒုတိယအစု၌ လျောင်းစက်ခြင်း၊ တတိယအစု၌ မဟာကရုဏာနှင့် ယှဉ်သော စတုတ္ထစျာန်သမာပတ်ကို ဝင်စား၍ ထိုသမာပတ်မှ ထပြီးသော် အရုဏ်တက်ခါနီး၌ "ယနေ့ အဘယ် သတ္တဝါကို ကယ်ချတ်ရဲအံ့နည်း" ဟု ဗုဒ္ဓစက္ခုဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်ဖြင့် လောက ၃ ပါးကို ကြည့်ရှုတော်မူခြင်းကိစ္စ။

ဘုထူးရှင်သည် လာထောက် ဆည်းကပ် မေးလျှောက်ကြသော လူ၊နတ်၊ ဗြဟ္မာတို့အား မေးလိုထူမေးလော့ဟု ဘုထူးရှင်တို့၏ဖိတ်ခေါ်ခြင်း(သဗ္ဗညုတ ပဝါရဏာ)ဖြင့် ဖိတ်ခေါ်လေ့ရှိပြီး မေးလျှောက်သမျှသော ပြဿနာတို့ကို ချက်ခြင်း ဖြေရှင်း ဟောကြားလေသည်။ 'ဗုဒ္ဓ' (သိမြင်သူ)သည် တထူးအားလုံးကို သိမြင်သော အတုလပုဂ္ဂိုလ်ဖြစ်၏။ ယင်းသို့ သိသည်ဆိုထူတွင် လိုအပ်လာလျှင် ဘယ်အထူ ဘယ်တထူးမဆို တခဏချင်းဖြင့် ဆင်ခြင်သိမြင်နိုင်သည်ဟု ဆိုလိုသည်။

ဘုရားရှင်သည် သတ္တဝါတို့ကို နည်း ၃ နည်းဖြင့် ကယ်ချတ်လေသည်။

(၁) ဣဒ္ဓိပါဋိဟာရိယ=တန်ခိုးပြာဋိဟာ[၎] တရားဟော ကယ်ချတ်ခြင်း။

(၂) အာဒေသနာပါဋိဟာရိယ=သတ္တဝါတို့၏ အတွင်းစိတ် သဘောကို ဆင်ခြင် ကြည့်ရှု၍ တရားဟော ကယ်ချတ်ခြင်း။

(၃) အနုသာသနီပါဋိဟာရိယ=သတ္တဝါတို့၏ စရိုက် အားလျော်စွာ ဆုံးမ ဩဝါဒပေး၍ ကယ်ချတ်ခြင်း။

ဘုရားရှင်သည် တတိယနည်းကို အများဆုံး အသုံးပြုခဲ့လေသည်။

ဘုရားရှင်သည် မိုးတွင်း= ဝါတွင်း ၃ လ အတွင်းမှာ တနေရာရာ၌ ၃ လ တိုင်တိုင် သီတင်းသုံး နေထိုင်၍ ဝါကျွတ်၍ ဝါပ ကာလများတွင် တနေရာမှ တနေရာသို့ ခရီးလှည့်လည်ကြွချီကာ လူတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး ဟောကြားလေသည်။

ယင်း ဒေသစာရီကြွချီခြင်းမှာ တုရိတနှင့် အတုရိတဟူ၍ ၂ မျိုးရှိလေသည်။ (၁) တုရိတ လျင်စွာကြွခြင်း။ လျင်စွာ ကျွတ်တမ်း ဝင်မည့် ပုဂ္ဂိုလ်ထံသို့ လျင်စွာ ခရီးဝေးကြွ၍ တရားဟောကယ်ချတ်ခြင်း (၂)အတုရိတ=နှေးနှေးကြွခြင်း။ နှေးနှေးကြွရာတွင် တနှစ်နှင့်တနှစ် မတူဘဲ ခရီးအဝန်းအားဖြင့် ၃ မျိုးရှိပေသည်။ ရံခါ ၉ လတိုင် ယူဇနာ ကိုး ရာ ခရီးသို့ကြွ၏။ ယင်းကို 'မဟာမဏ္ဍလ'ဟုခေါ်၏။ ရံခါ ၈ လတိုင် ယူဇနာ ကိုးရာခရီးသို့ကြွ၏။ ယင်းကို 'မဇ္ဈိမ မဏ္ဍလ'ဟုခေါ်၏။ ရံခါ တလမှ ၄ လ အထိ ယူဇနာ ခြောက်ရာခရီးသို့ကြွ၏။ ယင်းကို 'အန္တောမဏ္ဍလ'ဟု ခေါ်၏။

ဘုရားရှင်သည် ကျွတ်တမ်းဝင်မည့် တရားအားထုတ်နေသော ရဟန်းများထံသို့ ချက်ခြင်း ကိုယ်တော်တိုင်ကြွ၍လည်း တရားဟောကြားသည်။ ကိုယ်တော်တိုင်မကြွဘဲ ဂန္ဓကုဋိတိုက်ထဲ၌ နေလျက်ပင် ကျွတ်မည့်ရဟန်းထံသို့ ရောင်ခြည်တော်ကိုလွှတ်ကာ ထိုရဟန်းရှေ့မျက်မှောက်၌ ကိုယ်တော်တိုင် နေဘိသကဲ့သို့ထင်စေ၍လည်း တရားဟောကြားလေသည်။

ဘုရားရှင်တိုင်းမှာ အာယုကပ် (မျက်မှောက်လူ့သက်တမ်း) ပတ်လုံးနေနိုင်သည့် တန်ခိုးရှိပေသည်။ သို့ရာတွင် ဘုရားရှင်တို့သည် လူ့သက်တမ်း အတိုင်းအပြည့် နေလေ့မရှိကြ။ သက်တမ်း၏ ၅ ပုံ တပုံလျော့ကာနေလေ့ရှိကုန်၏။ သို့ရာတွင် ဘုရားရှင်တိုင်းသည် မိမိ၏သာသနာကို ခိုင်မြဲစွာတည် ဆောက်ပြီးသည့်အထိ ပရိနိဗ္ဗာန်မစံဘဲနေကြကုန်၏။ ပရိနိဗ္ဗာန်စံဝင်ကြသည့်

အခါ များသောအားဖြင့် သက်တော်ရှည်ဘုရားရှင်တို့၏ခေတ်းတော်များမှာ အစိတ်စိတ်မကဲ့ဘဲ အစိုင်အခဲတစုတည်းအဖြစ် တည်ကုန်၏။

သက်တော်တို ဘုရားရှင်တို့၏ခေတ်တော်များကား မုန်ညင်းစေ့ခန့်အထိ အစိတ်စိတ်ကဲ့ကာ ကြွင်းကျန်ကုန်၏။ (အဓိဋ္ဌာန်သည့် အတိုင်း ဖြစ်၏။) ဘုရားရှင်တို့ပရိနိဗ္ဗာန်စံပြီးသည့်နောက်တွင် ဟောကြားခဲ့သော တရားတော်တို့လည်း တဖြည်းဖြည်း ကွယ်ပျောက်သွားလေကုန်၏။ ရှေးဦးစွာ အဘိဓမ္မာပိဋကကွယ်ပျောက်၍ နောက် သုတ္တပိဋကက၊ နောက်ဆုံး ဝိနယပိဋက ကွယ်ပျောက်လေ၏။ ထိုအခါ သာသနာတော် လုံးဝ ကွယ်ပျောက် လေပြီ ဟု ဆိုရလေသည်။

ဗုဒ္ဓဝင်ဆိုင်ရာကျမ်းပျား

အထက် ပေါ်ပြပါ အတိုင်း ကျွန်ုပ်တို့၏ ဂေါတမဘုရားရှင် အပါအဝင် ရှေးဘုရားရှင်အဆူဆူတို့၏ အကြောင်းများကို ပေါ်ပြရာတွင် ဗုဒ္ဓဝံသကျမ်း (အဋ္ဌကထာနှင့်တကွ)၊ အနာဂတဝံသကျမ်းတို့သည် အဓိကကျမ်းများဖြစ်သည်။ ၎င်းပြင် ဂေါတမဘုရားရှင် နောက်ဆုံးနှစ် အဖြစ်အပျက် များ ကို ပေါ်ပြရာတွင် "မဟာပရိနိဗ္ဗာနသုတ်" သည် အဓိကအခန်းမှ ပါဝင်လေသည်။

ဗုဒ္ဓဝံသကျမ်းတွင် ရှေးဘုရားရှင် ၂၄ ဆူ တို့၏အကြောင်းအရာများနှင့် တကွ ဂေါတမဗုဒ္ဓအကြောင်းမှာ အလောင်းတော်နတ်သားသန္ဓေယူသည်မှ ကပိလဝတ်ပြည်သို့ကြွ၍ ယမိုက်ပြာဋိဟာပြစဉ် ဗုဒ္ဓဝင်ကျမ်းကိုဟောကြားကြောင်း ပါဝင်လေသည်။ အနာဂတဝံသကျမ်းတွင် နောင်ပွင့်မည့်ဘုရားရှင်အကြောင်းပါဝင်ပြီး 'မဟာပရိနိဗ္ဗာနသုတ်'တွင် ဂေါတမဗုဒ္ဓ၏ နောက်ဆုံးနှစ်အဖြစ်အပျက်များသာ ပါဝင်လေသည်။

သို့ဖြစ်၍ ဂေါတမဗုဒ္ဓအကြောင်းရေးသားရာတွင် ပေါ်ပြပါ ဗုဒ္ဓဝံသကျမ်းနှင့် မဟာပရိနိဗ္ဗာနသုတ်တို့ဖြင့် မလုံလောက်ပေ။ ဘုရားဖြစ်ပြီး နှစ်နှစ်သုံးနှစ်ခန့် အဖြစ်အပျက်များနှင့် နောက်ဆုံးနှစ်အဖြစ်အပျက်များသာပါဝင်သဖြင့် ဂေါတမဗုဒ္ဓ၏ ၄၅ နှစ်မှ သုံး-လေးနှစ်မြောက်မှ ၄၄ နှစ်မြောက်အထိ နှစ်ပေါင်းများစွာ၌ အလွန်အရေးပါသည့် အဖြစ်အပျက်များ "ဟာ" နေပေသည်။ သို့ဖြစ်၍ ဂေါတမဗုဒ္ဓ၏အကြောင်း ရေးသားရာတွင် အခြား ပါဠိစာပေလာကျမ်းများစွာကိုမှီးပြီးရေးမှ ပြည့်စုံနိုင်ပေမည်။

မြန်မာပြည်ပါဠိစာပေတွင် ဗုဒ္ဓဝင်အခြောင်းရေးသားသည့် ဂန္ထဝင်မြောက်ကျမ်းများမှာ ၆ ကျမ်းခန့်မျှရှိပေသည်။ ယင်းကျမ်းများကိုလေ့လာကြည့်သောအခါ (က) ရှေးဘုရားရှင် ၂၄ ဆူအကြောင်းနှင့် ဂဂါတမဗုဒ္ဓအကြောင်း အနည်းငယ်သာပါဝင်သည့် ကျမ်းတို့မှာ ၃ ကျမ်းရှိပြီး (ခ) ဂဂါတမဗုဒ္ဓအကြောင်း "ဟာ" နေသည့်နှစ်များ၌ အဖြစ်အပျက်များကို ပိုမိုပြည့်စုံစွာရေးသည့် ကျမ်းများမှာ ၃ ကျမ်းရှိပေသည်။ အောက်တွင် (က) အုပ်စု၀င် ၃ ကျမ်းနှင့် (ခ) အုပ်စု၀င် ၃ ကျမ်းတို့အကြောင်းကို အကျဉ်းမျှဖော်ပြပေးပါ့မည်။

(က) အုပ်စု၀င် ၃-ကျမ်းအကြောင်း

၁။ ဇမ္ဗူ။ မိတ်ဆွဲဗုဒ္ဓဝင်။ ။ဇမ္ဗူ။ ပိတ်ဆွေ တိုက်ထုတ် ပထမ ငါးခုန်ဆရာတော်ရေးသားသော "မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး" တွင် ဗုဒ္ဓ၀ံသပါဠိတော်လာ ပါဠိဂါထာများကိုရင်း၊ ပါဠိနိဿကိုရင်း၊ ကြိုးကြားကြိုးကြားတွင် မြန်မာစကားပြေကိုရင်း ဖော်ပြပါရှိလေသည်။ ယင်းဗုဒ္ဓဝင်ကျမ်းမှာ အတွဲ ၃ တွဲပါရှိပြီး စာမျက်နှာပေါင်းမှာ ၇၇၃ ပါ၀င်ပေသည်။

ပထမတွဲတွင် ၂၅၈ မျက်နှာပါ၀င်၏။ ကျမ်းဦးနိဒါန်းမှာ စာမျက်နှာ ၁-မှ၇၊ ဘုရားဖြစ်သည်မှသည် ကပိလ၀တ်ပြည်သို့ကြွရန်ပင့်သည့်အထိစာမျက်နှာ ၉-မှ ၄၄။ ကာဠုဒဲယိမထေရ်၏ ပင့်လျှောက်ချက် ၆၄ ဂါထာ ပါဠိအနက် စာမျက်နှာ ၄၅ မှ ၆၈။ ကပိလ၀တ်ပြည်သို့ကြွသည်မှ ဗုဒ္ဓ၀င် ဟောရန်လျှောက်ထားချက် စာမျက်နှာ ၆၉ မှ ၉၉။ သုမေဓာရှင်ရသေ့နှင့် ဒီပင်္ကရာဘုရားရှင်မှ တတိယမြောက် မင်္ဂလာဘုရားရှင်အကြောင်းအထိ စာမျက်နှာ ၁၀၀ မှ ၂၅၈။

ဒုတိယတွဲတွင် ၂၅၈ မျက်နှာပါ၀င်၏။ စတုတ္ထမြောက် သုမနာဘုရားမှ ၂၄ ဆူမြောက် ကဿပဘုရားအထိ စာမျက်နှာ ၁ မှ ၂၁၉၊ နမက္ကာရ ခေါ်ဘုရားရှိခိုးဂါထာပါဠိအနက် စကားပြေ စာမျက်နှာ ၂၂၁မှ ၂၃၁။ ဂေါတမဗုဒ္ဓအခြောင်း သေတကေတုနတ်သားဘ၀မှ သုဒ္ဓေါဒနမင်း၏ လယ်ထွန်မင်္ဂလာအထိ စာမျက်နှာ ၂၃၃ မှ ၂၅၈။

တတိယတွဲတွင် ၂၅၇ မျက်နှာပါ၀င်၏။ သိဒ္ဓတ္ထမင်းသား လေးတင်ခန်းမှ ကပိလ၀တ်ပြည်သို့ ဂေါတမဘုရားကြွသည့်အထိ စာမျက်နှာ ၁ မှ

၅၇။ မေတ္တေယျဘုရားအကြောင်း စာမျက်နှာ ၅၇ မှ ၆၄။ ဝေမတ္တ ဂ-ပါးအကြောင်း စာမျက်နှာ ၆၄ မှ ၇၂။ ပလ္လက်ဝေမတ္တ ဝိနိစ္ဆယ၊ စာမျက်နှာ ၇၂ မှ ၉၇။ အဝိဇဟိတဌာနလေးပါး၊ မေ္ဓတာဘုံးဆယ်၊ အနန္တရုယိကတရား ၄ ပါး စာမျက်နှာ ၉၈ မှ ၁၁၅။ ဓာတုဘာဇနိယ ကထာပါဠိအနက်နှင့် မှတ်စု စာမျက်နှာ ၁၁၆ မှ ၁၄၆။ နိဂုံး စာမျက်နှာ ၁၄၇ မှ ၁၅၅။ စာပိုအဝနဖြင့် အနာဂတဝံသကျမ်းလာ ၁၄၁ ဂါထာ ပါဠိအနက် စာမျက်နှာ ၁၅၇ မှ ၂၅၇။ ဤကျမ်း၌ ဂေါတမ ဗုဒ္ဓ အကြောင်း စာမျက်နှာ ၁၄၉ သာ ပါရှိလေသည်။

၂။ သုဓမ္မဝတီဗုဒ္ဓဝင်။ ။သုဓမ္မဝတီတိုက်မှ ဆဋ္ဌမ အကြိမ်ရိုက် မဟာဗုဒ္ဓဝင်ဝတ္ထုမှာ စာမျက်နှာပေါင်း ၅၁၂ ပါရှိ၏။ ယင်း ဗုဒ္ဓဝင် ကျမ်းမှာ ဗုဒ္ဓဝင်အပြင် မဇ္ဈိမဒေသရှိ ဗုဒ္ဓဘာသာဆိုင်ရာ အဓိကရနေရာ ပေါင်း ၅၀ ကို ဓာတ်ပုံ ၅၀ နှင့်တကွ ဖော်ပြထားပေသည်။

(၁) ဗုဒ္ဓဝင်အပိုင်းတွင် ပုံတော် ၅၀ တို့ဖြင့် စာမျက်နှာပေါင်း ၄၅၈ ပါဝင်ပေသည်။ နိဒါန်း စာမျက်နှာ ၁ မှ ၄။ ကာဋ္ဌုဒါယီမထေရ် ပင့်လျှောက်၍ ဘုရားရှင် ကပိလဝတ်ပြည်ကြွပြီး ဆွေတော် မျိုးတော်တို့အား တန်ခိုးပြာဋိဟာပြဝဉ် ဗုဒ္ဓဝင်ဟောကြားပုံ၊ ဗုဒ္ဓဝင်ဖြစ်လာပုံအချီး စာမျက်နှာ ၅ မှ ၁၄။ ရှေးဘုရားရှင် ၂၄ ဆူတို့၏ ဗုဒ္ဓဝင် စာမျက်နှာ ၁၅ ၁၇၆။ ဂေါတမဗုဒ္ဓအကြောင်းနှင့်ပတ်သက်၍ အလောင်းတော်နတ်သား ဘဝမှ ကပိလဝတ်ပြည်သို့ကြွခန်း စာမျက်နှာ ၁၇၇ မှ ၃၈၈။ နန္ဒမင်း သား၊ သားတော် ရာဟုလာအကြောင်းနှင့်တကွ သုဒ္ဓေါနမင်းကြီး အနာဂါမ်တည်သွားပုံ စာမျက်နှာ ၃၈၉ မှ ၄၀၁။ ဘုရားရှင်အာယုသင်္ခါရ လွှတ်တော်မူသည်မှ ပရိနိဗ္ဗာန်စံအပြီး ဓာတ်တော် ဝေခန်းအထိ စာမျက်နှာ ၄၀၂ ၄၅၈။ (၂) မဇ္ဈိမဒေသရှိ ဗုဒ္ဓဘာသာဆိုင်ရာနေရာ ၅၀ ကို ဓာတ်ပုံများနှင့်တကွ မှတ်တမ်း စာမျက်နှာ ၅၀၉ မှ ၅၁၂။ ဤကျမ်း၌ ဂေါတမဗုဒ္ဓအကြောင်း(စာမျက်နှာ ၁၇၇မှ ၄၅၈ အထိ) စာမျက်နှာ ပေါင်း ၂၈၂ ပါဝင်လေသည်။

၃။ မာလာလင်္ကာရဝတ္ထုတော်ကြီး။ ။ရန်ကုန် ဟံသာဝတီ ပုံနှိပ်တိုက်မှ တတိယအကြိမ်ရိုက် ဒုတိယ မဲထီး ဆရာတော်ကြီး (သက္ကရာဇ် ၁၁၀၉-၁၁၉၆)သက္ကရာဇ် ၁၁၆၀ ပြည့်တွင် ရေးသားပြီးစီးသော 'မာလာလင်္ကာရဝတ္ထုတော်ကြီး' ကျမ်းမှာ အပိုင်း ၅ ပိုင်း ခွဲထား၍ စာသား ၃၆၈ မျက်နှာ ပါသည်။

ဤ ကျမ်းပါ ဟံသာဝတီတိုက်၏ နိဒါန်းတွင် "ဗုဒ္ဓ၏အကြောင်းအရာကို ပြသော ရှေးဟောင်း ကျမ်းများမှာ မူလဗုဒ္ဓဝင်ကျမ်း၊ တထာဂတဥဒါန ဒီပနီကျမ်း၊ မာလာလင်္ကာရကျမ်းဟု ကျမ်းကြီး ၃ ကျမ်းရှိခဲ့ရာ မူလဗုဒ္ဓဝင် ကျမ်းမှာ အကျဉ်း ကျဉ်းတို့အဘို့ ဖြစ်၍ တထာဂတဥဒါနဒီပနီ ကျမ်းမှာ အကျယ်အလိုရှိသူတို့အဘို့ ဖြစ်ပြီး မာလာလင်္ကာရကျမ်းမှာ မကျဉ်းမကျယ် အလိုရှိသူတို့အဘို့ ဖြစ်သည်။ တနည်းဆိုသော် ဇိနတ္ထပကာသနီ ကျမ်းမှာ တထာဂတဥဒါန ဒီပနီကျမ်းကို အကျဉ်းချုံးထားသော ကျမ်း ဖြစ်သည်။ ဤ မာလာလင်္ကာရကျမ်းမှာ တထာဂတဥဒါနဒီပနီ၌ မပါမရှိ ကြွင်းကျန် သည့် အရာများကို ဖြည့်စွက်ပြဆိုထားသည့် အစုံအလင် ဗုဒ္ဓဝင် ကျမ်းမြတ် တဆူ ဖြစ်ပေသည်" ဟူ၍ ဖော်ပြထားလေသည်။

ဤကျမ်းပါ အပိုင်း ၅ ပိုင်း တို့တွင်-

(၁) ပထမပိုင်း၌ အလောင်းတော်နတ်သား ဘဝမှစ၍ ဘုရားအဖြစ်သို့ ရောက်သည့်အထိ စာမျက်နှာ ၃ မှ ၅၉။

(၂) ဒုတိယပိုင်း၌ ဘုရားဖြစ်စ အဘိဓမ္မာ ၇ ကျမ်းကို ဘုရားရှင် ဆင်ခြင်သုံးသပ်သည်မှ စ၍ ဥရုဝေလကဿပ စသော ရသေ့တဝေထောင်ကို ချုတ်သည့်အထိ စာမျက်နှာ ၆၁ မှ ၁၀၉။

(၃) တတိယပိုင်း၌ ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ပထမဆုံးအကြိမ် ကြွ သည်မှစ၍ တာဝတိံသာမှ သင်္ကဿနဂိုရ် ပြည်သို့ ဆင်းသက်သည့်အထိ စာမျက်နှာ ၁၁၁ မှ ၁၉၆။

(၄) စတုတ္ထပိုင်း၌ ဂေါတမဗုဒ္ဓ၏ နှစ်ပေါင်း ၄၀ မျှ အကြောင်းကို ကျော်သွားပြီး ၄၅ ဝါမြောက် ပရိနိဗ္ဗာန် စံခါနီးနှစ် အပရိဟာနိယ တရားများကို ဟောသည်မှ စ၍ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံပြည်သို့ ကြွစဉ် ကကုဓ မြစ်နား၌ ပက္ကုသမည်သော မလ္လမင်းအား တရားဟောသည့်အထိ စာမျက်နှာ ၁၉၇ မှ ၂၆၂။

(၅) ပဉ္စမပိုင်း၌ ယင်း ကကုဓမြစ်၌ စုန္ဒလှူသည့် ဆွမ်းအကြောင်း ဟောသည်မှစ၍ ဘုရားရှင်၏ဓာတ်တော် ဌာပနာတိုက်ကြီးကို အဇာတသတ် မင်းဆောက်ခြင်း၊ ယင်း ဓာတ်တော်များကို အသောကမင်းကြီး ထုတ်ယူ ဖြန့်ဝေခြင်းတို့အထိ စာမျက်နှာ ၂၆၃ မှ ၃၃၃။ ထိုနောက် နိဂုံး ၄ ဂါထာပါဌ်အနက် စာမျက်နှာ ၃၃၃ မှ ၃၃၅။ ထို့အပြင် နောက်ဆက် တွဲ၌ ပါရမီ ၁၀ ပါး၊ အပြား ၃၀ မှစ၍ ဗုဒ္ဓဝင်ဆိုင်ရာ မှတ်ဘွယ်များ။ စာမျက်နှာ ၃၃၇ မှ ၃၆၈။

(ခ) အုပ်စုဝင် ကျမ်း ၃ ကျမ်း အကြောင်း

၄။ တထာဂတဥဒါန ဒီပနီ။ ။ဒီဝဲယင်းမြို့၊ သီရိသဒ္ဓမ္မာ လင်္ကာရ ထေရ် ရေးသားသော "မူလဗုဒ္ဓဝင်" ဟု ဆိုအပ်သည့် တထာဂတဥဒါန ဒီပနီကျမ်းမှာ ၁၉၅၈ ခု ဟံသာဝတီပုံနှိပ်တိုက် မူအရ အတွဲ ၅ တွဲ ရှိပေသည်။

နိဒါန်းအရ သက္ကရာဇ် ၁၁၃၄ ခုနှစ်တွင် ဤကျမ်းကို ရေးသားသဖြင့် နောက်ပေါ် ဗုဒ္ဓဝင်ကျမ်းတို့၏ မှီရာ မူလကျမ်းကြီး ဖြစ်သည်ဟု ဆိုသည်။ အတွဲအသီးသီး၌ ပါဝင်သည့် အကြောင်းအရာတို့မှာ-

(၁) ပထမတွဲတွင် စာမျက်နှာ ၂၉၃ ပါဝင်၏။ အသင်္ခေယျအမျိုးမျိုးအကြောင်း စာမျက်နှာ ၂ မှ ၇။ သုမေဓာရသေ့ အကြောင်းနှင့် တကွ ရွှေဘုရားရှင် ၂၄ ဆူတို့အကြောင်း အကျဉ်းစာမျက်နှာ ဂ မှ ၆၈။ ကမ္ဘာဦး အသက်အသင်္ခေတမ်း၌ ပေါ်ထွန်းသော မဟာသမ္မတမင်းမှစ၍ ကပိလဝတ်ပြည်ရှင် သုဒ္ဓဓနမင်းကြီးအထိ မင်းဆက်များအကြောင်း စာမျက်နှာ ၆၉ မှ ၁၁၂။ အလောင်းတော်နတ်သား၊ သနွေယူသည်မှစ၍ ဘုရားအဖြစ်သို့ ရောက်သည့်အထိ စာမျက်နှာ ၁၁၃ မှ ၂၅၆။ နောက် အထွေထွေမှတ်စု စာမျက်နှာ ၂၅၆ မှ ၂၉၇။

(၂) ဒုတိယတွဲတွင် စာမျက်နှာ ၂၈၄ ပါဝင်၏။ ဂုဏ်တော် ၉ ပါး အဖွင့်၊ ငရဲနတ်ဗြဟ္မာပြည်များအကြောင်း၊ ကျွန်းကြီး ၄ ကျွန်းအကြောင်း၊ မြင့်မိုရ်တောင် နေ လ နက္ခတ်၊ ထာသီများ အကြောင်း စာမျက်နှာ ၁ မှ ၁၂၄။ ဘုရားဖြစ်ပြီး သတ္တဌာနစံသည်မှစ၍ ထာဇင်္ဂိုဟ်ပြည်၌ ၃ နှစ်တိုင် နေတော်မူကာ ဥဂ္ဂသေန ဂျမ်းသမားကို ချတ်သည့်အထိ စာမျက်နှာ ၁၂၄ မှ ၂၈၄။

(၃) တတိယတွဲတွင် စာမျက်နှာ ၂၈၀ ပါဝင်၏။ ကောလိယနှင့် ကပိလဝတ်ပြည်သူတို့ စစ်ခင်းကြသည့် ၅ ဝါမြောက်မှစ၍ ဝါတော် ၂၀၊ ၂၁ ၌ ကောသလမင်းကြီး၏ အသဒိသဒါန၊ ဗကဗြဟ္မာအား ချွတ်ခြင်း၊ စူဠသုဘဒ္ဒါနှင့် ဥဂ္ဂသူဌေးတို့အကြောင်းအထိ ဝါစဉ်အတိုင်း ဖော်ပြထားခြင်း စာမျက်နှာ ၁ မှ ၂၈၀။ ယင်း ဝါစဉ်အတိုင်း ဖော်ပြချက်တို့မှာ ပြည့်စုံ၍ အတော်တိကျ မှန်ကန်ဘွယ် ရှိပေသည်။

(၄) စတုတ္ထတဲ့တွင် စာမျက်နှာ ၂၉၆ ပါဝင်၏။ ဤအတွဲ၌ ၂၁ ဝါမှစ၍ ၄၅ ဝါအထိ လယ်လုပ်သမား ဝဠုသပုဏ္ဏားအား ကယ်ချတ်ခြင်းမှ ပရိနိဗ္ဗာန်စံခါနီး မဟာသုဒဿနသုတ္တန်ကို ဟောသည့်အထိပါဝင်၏။ ပစ္ဆိမပေါဓိအတွင်း ဖြစ်ပျက်သည့် အကြောင်းအထုမှာ ၁၅ ခု ခန့်သာ ပါဝင်၍ ၄၅ ဝါမြောက် အဖြစ်အပျက်မှာ မဟာပရိနိဗ္ဗာနသုတ်လာ အတိုင်း အသေးစိတ် ရေးထားသည်။

(၅) ပဉ္စမတဲ့တွင် စာမျက်နှာ ၂၇၇ ပါဝင်၏။ မလ္လမင်းတို့ လာဖူးကြခြင်း၊ သုဘဒ္ဒပရိဗိုဇ်ကို ကယ်ချတ်ခြင်းမှ စ၍ ပထမသင်္ဂါယနာတင်ခြင်းအထိ စာမျက်နှာ ၁ မှ ၉၅။ အဇာတသတ်မင်း သင်္ကာရုဇ် ဖြိုသည်မှစ၍ တတိယသင်္ဂါယနာတင်အပြီး ၉ တိုင်း ၉ ဌာနသို့ သာသနာပြုစေလွှတ်ခြင်းအထိ စာမျက်နှာ ၉၅ မှ ၁၇၂။ သီဟိုဠ်ရာဇဝင်၊ သီဟိုဠ်သာသနာဝင်နှင့်တကွ စတုတ္ထသင်္ဂါယနာတင်ခြင်း၊ ပေထက်အက္ခရာတင်ခြင်း၊ ပိဋကတ်တော်ကို သီဟိုဠ်ဘာသာဖြင့် ပြန်ဆိုခြင်း စာမျက်နှာ ၁၇၃ မှ ၂၅၂။ ထိုနောက် သထုံသို့ ပိဋကတ်တော် ရောက်လာပုံမှစ၍ ဤကျမ်းပြု ခေတ်အထိ မြန်မာနိုင်ငံသာသနာဝင် စာမျက်နှာ ၂၅၃ မှ ၂၇၃။ နောက်ဆုံးနိဂုံး ၇ ဂါထာပါဠိအနက် စာမျက်နှာ ၂၇၄ မှ ၂၇၆။

၅။ ဇိနတ္ထပကာသနီ။ ။အရှင် မုနိန္ဒာဘိဝံသ ခေါ် "ကျီးသဲလေးထပ်ဆရာတော်" (သင်္ကာရုဇ် ၁၁၇၉-၁၂၅၆) ရေးသားသည့် ဤ 'ဇိနတ္ထပကာသနီကျမ်း'မှာ ခေတ်အဆက်ဆက်မှ စ၍ အသုံးအများဆုံး အကျော်ကြားဆုံး ကျမ်းကြီးဖြစ်၏။ မန္တလေးမြို့ ပိဋကတ်တော်ပြန်ပွားရေးမှ နဝမအကြိမ် ပုံနှိပ်မူအရ စာမျက်နှာ ဂ၂၄ ပါဝင်၏။

ဤကျမ်း၌ အပိုင်း ၁၀ ပိုင်း ပါဝင်၏။

(၁) ပထမပိုင်းတွင် အလောင်းတော် သုမေဓာ ဗျာဒိတ် ရခြင်း၊ အလောင်းတော်နတ်သား ဘဝမှစ၍ ဘုရားဖြစ်ခြင်း၊ ဓမ္မစကြာတရားဟောခြင်းနှင့် မောနေယျအကျင့်ကို ဟောခြင်းအထိ စာမျက်နှာ ၁ မှ ၉၀။ နိဂုံး ၃ ဂါထာပါဠိအနက် စာမျက်နှာ ၉၀ မှ ၉၁။

(၂) ဒုတိယပိုင်းတွင် ယသသူဋ္ဌေးသား ရဟန်းပြုခြင်းမှ ရာဟုလာရှင်ပြုခြင်းအထိ ဝါဆိုစဉ် စာရင်းနှင့်တကွ စာမျက်နှာ ၉၃ မှ ၁၇၀။

(၃) တတိယပိုင်းတွင် သာကီဝင်မင်းသား ၆ ဦး ရဟန်းပြုခြင်း၊ အရှင်မဟာကဿပ၊ အရှင်ရဋ္ဌပါလတို့ ရဟန်းပြုခြင်းနှင့် တကွ ယင်းတို့၏ ရှေးအတိတ်ဘဝကြောင်းများ စာမျက်နှာ ၁၇၁ မှ ၂၅၄။

(၄) စတုတ္ထပိုင်းတွင် ထူးခြားသော မထေရ်အချို့နှင့် ဇောတိက စသော သူ့ရှေးကြိုးတို့၏ ရှေးအတိတ် ဘဝ ကြောင်းများ စာမျက်နှာ ၂၁၁ မှ ၃၄၃။

(၅) ပဉ္စမပိုင်းတွင် မိထွေးတော် ဂေါတမီနှင့် သာကီဝင်မင်းသမီးတို့ ရဟန်းပြုခြင်းမှ စ၍ ယသောဓရ ရဟန်းပြုခြင်းအထိ၊ ယင်းတို့၏ ရှေး အတိတ်ဘဝကြောင်းများ စာမျက်နှာ ၃၄၅ မှ ၄၁၅။

(၆) ဆဋ္ဌမပိုင်းတွင် အရှင်ပိလ္လောလ တန်ခိုးပြခြင်းမှ စ၍ ဂ ဝါ မြောက် ဗောဓိမင်းသား အကြောင်း၊ အရှင်မောဂ္ဂလ္လာန် နှင့် မာရ်နတ် အကြောင်းအထိ စာမျက်နှာ ၄၁၆ မှ ၄၈၆။

(၇) သတ္တမပိုင်းတွင် ယောသက သူ့ရှေး၏ အတိတ် ပစ္စုပ္ပန် ဘဝ အကြောင်းမှစ၍ အဂ်ုလိမာလကိုဆုံးမခြင်းအထိ စာမျက်နှာ ၄၈၇မှ၅၆၉။

(၈) အဋ္ဌမပိုင်းတွင် အာဠာဝက ဘီလူးကို ချုတ်ခြင်းမှစ၍ ဝေဿာ လီပြည် ပျက်စီးခြင်းအထိ စာမျက်နှာ ၅၇၁ မှ ၆၆၂။

(၉) နဝမပိုင်းတွင် ဘုရားရှင် ဝေဠုဝန်ဂ္ဂါဒ္ဒိ ၄၅ ဝါမြောက် ဝါကပ် ခြင်းမှ စ၍ ပရိနိဗ္ဗာန်စံအပြီး ဓာတ်တော်ခွဲဝေခြင်း အထိ စာမျက်နှာ ၆၆၃ မှ ၇၄၂။

(၁၀) ဒသမပိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယသင်္ဂါယနာတင်ပွဲများ အကြောင်း စာမျက်နှာ ၇၄၃ မှ ၈၂၂။ နောက်ဆုံးနိဂုံး ၂ ဂါထာ ပါဠိအနက် စာမျက်နှာ ၈၂၃ နှင့် ၈၂၄။

ဤ ဇိနတ္ထပကာသနီ ကျမ်းတွင် မာတိကာစဉ် အရ အကြောင်းအရာ ပေါင်း ၉၇ ခုပါဝင်ပြီး ပုဂ္ဂိုလ် ၂၆ ဦးတို့၏ ပစ္စုပ္ပန်ဘဝအကြောင်းသာ မက အတိတ်ဘဝအကြောင်းများကိုပါ အကျယ်တဝင့် ဖော်ပြထားသည်ကို တွေ့ရပေသည်။

၆။ ဦးဝိစိတ္တ၏ မဟာဗုဒ္ဓဝင် ကျမ်းကြီး။ ။မျက်မှောက် ခေတ်တွင် အထူးပင် ကျော်ကြားလှပေသော မန္တလေးမြို့အနောက် မင်းကွန်း ဓမ္မနာဒ တိုက်၊ နိုင်ငံကျော်ဓမ္မကထိက(ပထမ)တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်

တော်ရ 'အရှင် ဝိစိတ္တာသာဂရဘုံဝံသ ဆရာတော်' ရေးသား၍ ဗုဒ္ဓသာသနာအဖွဲ့မှ ပုံနှိပ်သော မဟာဗုဒ္ဓဝံဝင်ကျမ်းကြီးမှာ အကြီးကျယ်ဆုံး၊ အပြည့်စုံဆုံး၊ မှတ်သားဘွယ်ရာ မြောက်မြားဥာဏ်တို့ဖြင့် အခမ်းနားဆုံး၊ ယခုခေတ်တွင် အသုံးအများဆုံး ကျမ်းကြီးတဆူ ဖြစ်ပေသည်။

ဤကျမ်းကြီးတွင် အတွဲ ၆ တွဲ၊ အုပ်ရေ ၈ အုပ်ပါဝင်၏။ ပထမတွဲနှင့် နောက်ဆုံး ဆဋ္ဌမ တွဲများကို ပထမပိုင်းနှင့် ဒုတိယပိုင်း ဟူ၍ ၂ ပိုင်း (၂ အုပ်စီ) ခွဲထားပေသည်။ ယင်း ၈ အုပ်တွင် မာတိကာနှင့် အကျဉ်းချုပ်လိုမပါ။ စာသားသက်သက် စာမျက်နှာပေါင်း ၅၀၆၀ ပါဝင်ပေသည်။

(၁) ပထမအုပ်-ပထမတွဲ၊ပထမပိုင်းတွင် စာမျက်နှာ ၅၂၈ ပါဝင်၏။ အလောင်းတော် သုမေဓာအကြောင်း စာမျက်နှာ ၁ မှ ၁၀၂။ ပါရမီတော်များအကြောင်းနှင့် အနုဒ်ပနိမှတ်စု စာမျက်နှာ က မှ ကျ အထိ စာမျက်နှာပေါ်ပဲး ၄၂၆။

(၂) ဒုတိယအုပ်=ပထမတွဲ၊ ဒုတိယပိုင်းတွင် စာမျက်နှာ ၄၉၄ ပါဝင်သည်။ ရှေး ဘုရားရှင် ၂၄ ဆူတို့ အကြောင်းနှင့် ယင်း ဘုရားရှင်တို့ လက်ထက်၌ ဂေါတမဗုဒ္ဓ ဘုရားအလောင်းတော်၏ ဘဝများအကြောင်း ပါဝင်သည်။

(၃) တတိယအုပ်=ဒုတိယတွဲတွင် စာမျက်နှာ ၆၉၆ ပါဝင်သည်. စာမျက်နှာ ၁ မှ ၆၁၉ အထိ အလောင်းတော် သေတကေတု နတ်သားအကြောင်းမှ စ၍ ရေးသားသည်။

(၄) စတုတ္ထအုပ် = တတိယတွဲတွင် စာမျက်နှာ ၇၆၆ ပါဝင်သည်။

(၅) ပဉ္စမအုပ် = စတုတ္ထတွဲတွင်၊စာမျက်နှာ ၇၁၁. ပါဝင်သည်။

(၆) ဆဋ္ဌမအုပ်- ပဉ္စမတွဲတွင် စာမျက်နှာ ၇၉၃ ပါဝင်သည်။

တဘိယအုပ်=ဒုတိယတွဲမှစ၍ ဆဋ္ဌမအုပ် ပဉ္စမတွဲ၏ စာမျက်နှာ ၅၅၂. အထိ ဂေါတမဗုဒ္ဓအကြောင်းကို ဝါစဉ်အလိုက် စာအုပ် ၄ အုပ်ဖြင့် စာမျက်နှာပေါင်း ၂၆၅၀ ခန့်အထိ ဇာတ်တော်များ၊ သုဘွာန်တရားတော်များ၊ မှတ်စုများနှင့်တကွ ကြီးကျယ်ခမ်းနားစွာ ရေးသားထားပေသည်။ ဆဋ္ဌမအုပ်= ပဉ္စမတွဲတွင် စာမျက်နှာ ၅၅၃. မှ ၇၉၃ အဆုံးအထိ ဓမ္မရတနာအကြောင်းကို မှတ်သားဘွယ်အဖြစ် ထည့်သွင်း ရေး သား ထား ပြန်သည်။

(၇) သတ္တမအုပ်=ဆင္ဌမတွဲ၊ ဒုတိယပိုင်းတွင် စာမျက်နှာ ၆၅၁ ပါဝင်သည်။ ဂေါတမဗုဒ္ဓ၏ မဟာသာဝကမထေရ်ကြီးများအကြောင်းကိုအကျယ်တဝင့်ရေးသားထားသည်။

(၈) အင္ဌမအုပ်=ဆင္ဌမတွဲ၊ ဒုတိယပိုင်းတွင် စာမျက်နှာ ၄၂၁ ပါဝင်သည်။ ထင်ရှားသော ထေရ်မများနှင့် ဥပါသကာ၊ ဥပါသိကာမတို့အကြောင်းကို ပြည့်စုံစွာ ရေးသားထားပေသည်။

"ခေတ်ပို မဟာဗုဒ္ဓဝင်"

အထက်၌ ဖော်ပြခဲ့သော ဗုဒ္ဓဝင်ကျမ်း ၆ ကျမ်းတို့အနက် 'ဇမ္ဗူမိတ်ဆွေ ဗုဒ္ဓဝင်၊ သုဓမ္မဝတီဗုဒ္ဓဝင်ကျမ်း'တို့မှာ ဗုဒ္ဓဝံသကျမ်းရင်းအတိုင်း ရှေးဘုရား ၂၄ ဆူတို့အကြောင်းသာများနေပြီး ဂေါတမဗုဒ္ဓအကြောင်းမှာ မဖြစ်စလောက် အနည်းငယ်သာ ပါရှိပေသည်။ မာလာလင်္ကာရကျမ်း၌လည်း ဂေါတမဗုဒ္ဓအကြောင်းမှာ အထက်ပါ ၂ ကျမ်းထက် အနည်းငယ်သာ ပိုပြီး ၄၊၅-ဝါအတွင်း အဖြစ်အပျက်များလောက်သာ ပါရှိပေသည်။

ကျန် ၃ ကျမ်းတို့သာ ဂေါတပဗုဒ္ဓအကြောင်းကို များများစားစား ရေးသားကြပေသည်။

၃။ ဇိနတ္ထပကာသနီကျမ်းမှာ ရှေးဘုရားရှင် ၂၄ ဆူတို့အကြောင်း မပါဘဲ၊ ဂေါတမဗုဒ္ဓအကြောင်းကိုသာစုံလင်စွာ ဦးတည်ရေးထားပေသည်။ ထင်ရှားသည့် ထေရ်-ထေရီတို့ အကြောင်း၊ သူဌေးတို့ အကြောင်းများ အကျယ်တဝင့် ထည့်သွင်းရေးထားသည်။

၂။ တထာဂတ ဥဒါနဒီပနီ ကျမ်း၌ကား ရှေးဘုရား ၂၄ ဆူတို့အကြောင်း အနည်းငယ်ရေးပြီး ဂေါတမဗုဒ္ဓအကြောင်းကို ဝါစဉ်အလိုက် အတော်ပြည့်စုံစွာ ရေးသားထားသည့်အပြင် ဗုဒ္ဓဝင်နှင့်မပတ်သက်သော အကြောင်းအရာများ၊ ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် သီဟိုဠ်နှင့် မြန်မာနိုင်ငံတို့၏ သာသနာဝင်အကြောင်းများကိုပါ ထည့်သွင်း ရေးသားထားပေသည်။ သို့ဖြစ်၍ ဇိနတ္ထပကာသနီနှင့် တထာဂတဥဒါနဒီပနီကျမ်းတို့မှာ ဂေါတမဗုဒ္ဓအကြောင်းကိုရေးရာတွင် စုံနိုင်သင့်သလောက် မစုံနိုင်တော့ချေ။

၃။ ဆရာတော် . ဦးဝိစိတ္တ၏ မဟာဗုဒ္ဓဝင် ကျမ်းကြီး၌ကား အခြားဗုဒ္ဓဝင် ၅ ကျမ်းလုံးပါ ဗုဒ္ဓဝင်ဆိုင်ရာအကြောင်းအရာ အားလုံးပါသည် သာမက လိုနေသေးသော အကြောင်းအရာများ၊ ဇာတ်တော်များ၊ တရားတော်များကိုပါ ကြိုးကျယ်ခမ်းနားစွာ ထည့်သွင်းရေးသားထားပေသည်။ သို့ဖြစ်၍ ဤကျမ်းကြီးမှာ အုပ်ပေါင်း ဂ အုပ်၊ စာမျက်နှာပေါင်း ၎ါး ထောင်ကျော် ပါဝင်နေပေသည်။

ကျွန်ုပ်သည် (၁) ဂေါတမဗုဒ္ဓပါရမီဖြည့်ခဲ့ပုံကိုဖော်ပြသော "ဇာတ်တော်ဂါးရာဂါးဆယ်ကျမ်း"။ (၂) ဂေါတမဗုဒ္ဓ ဟောကြား ခဲ့သော အရေးပါသည့်တရားတော်များအကြောင်းကို ဖော်ပြသော "ဓမ္မပဒကျမ်း" တို့ကို ရေးသားပြီးသောအခါ ဂေါတမဗုဒ္ဓအကြောင်းကို ရေးသားလိုသောသဒ္ဓါဆန္ဒပြင်းပြခဲ့သဖြင့် အဆိုပါ ဗုဒ္ဓဝင်ကျမ်းများကို လေ့လာဖတ်ရှုခဲ့ပါသည်။

ဖတ်ရှုပြီးသောအခါ ဂေါတမဗုဒ္ဓအကြောင်းထဲတွင် အခြားအရေးမပါသည့် အကြောင်းအရာတို့ဖြင့် ရောထွေးယှက်တင်မဖြစ်စေဘဲ အထူးမလိုအပ်သောနေရာများ၌ အကျယ်အကျယ်ချဲ့မနေဘဲ၊ ပါဠိပါဠိသား တွေဖြင့် တန်ဆာဆင်မနေဘဲ ဂေါတမဗုဒ္ဓ၏ဘဝတလျှောက် နှစ်စဉ် ဝါစဉ်ဖြစ်ပျက်သည့် အကြောင်းအရာတို့ကို ရုပ်ရှင်ကြည့်ရဘိအလား စိတ်ထဲ၌ အစဉ်အတိုင်း ထင်မြင်မှတ်မိနေအောင် အကွက်စေ့စေ့၊ မကျဉ်းမကျယ် တအုပ်တည်းဖြင့်အပြီးရေးသားသည့် ဂေါတမဗုဒ္ဓဝင်ကျမ်းတစောင် လိုအပ်နေပြီဟူ၍ ထင်မြင်ယူဆလာပါသည်။

ယင်းသို့ ဂေါတမဗုဒ္ဓအကြောင်းရေးသားလိုသည့် သဒ္ဓါဆန္ဒပြင်းပြခဲ့မှုကြောင့် ဤကျမ်းကို အပ်တ်တကုတ် ကြိုးစားအားထုတ်၍ ရေးသား ခြင်းဖြစ်ပါသည်။

ဤကျမ်းကိုရေးသားရာတွင် ဖော်ပြပါကျမ်း ၆ ကျမ်းအပြင် ရီးစ်ဒေးဗစ်၊ မလလာဆေကေရ စသည့် အနောက်တိုင်းပညာရှင်တို့ရေးသားသော ဗုဒ္ဓဝင်ဆိုင်ရာကျမ်းများကိုပါ စာမျက်နှာပေါင်းတသောင်းနီးပါးမျှ ဖတ်ရှုလေ့လာခဲ့ရပါသည်။

ယင်းသို့သောကျမ်းတို့၏ရေးသားချက်များကို နှိုင်းယှဉ်ညှိနှိုင်းပြီး အတိအကျအမှန်ကန်ဆုံးဖြစ်အောင် ဂရုတစိုက်ရေးသားပါသည်။ အပိုင်း ၅ ပိုင်း

ခေါင်းစဉ် ၃၀၀ တို့ပြင့်ခဲ့ခြား၍ ကျွန်ုပ်ရေးသားသော ဤ "ခေတ်မီ မဟာဗုဒ္ဓဝင်" ကျမ်းသည် ရှေးဘုရားရှင် ၂၄ ဆူအကြောင်း အကျဉ်းချုပ် နှင့်တကွ ဂေါတမဗုဒ္ဓအကြောင်းအပြည့်အစုံကို အချိန်တိုတိုဖြင့် လွယ်ကူစွာ လေ့လာမှတ်သားလိုသော ပါဠိမကျွမ်းကျင်သည့်ပုဂ္ဂိုလ်များအတွက် အထူး သင့်လျော်ကျေးဇူးများမည့် ကျမ်းစာတအုပ်ဖြစ်ကြောင်း စာဖတ်သူတို့မှတ် ယူကြပေမည်ဟု အထူးပုံကြည်အပ်ပါသည်။

ပြင်ဆွဲ
မဟာဝိဇ္ဇာ(လန်ဒန်)
၁၄-၁၁-၇၆

အပိုင်း (၁)

ရှေးဘုရား ၂၄ ဆူ ထံ၌ ဗျာဒိတ်ရခြင်း





၁။ ဒီပင်္ကရာဘုရားထဲ၌ ဗျာဒိတ်ခြင်း

"အရဝတီ"ပြည်၌ "သုမေဓ" မည်သော ပုဏ္ဏားသူဌေးတဦး ရှိ၏။ သူသည် ဗေဒင်သုံးပုံ, လောကာယတကျမ်း, မဟာပုရိသလက္ခဏာကျမ်းတို့၌ ကျမ်းကျင်၏။ သူဌည် မိဘတို့ကွယ်လွန်သော် အိုမ်၌ပင် ကောင်းမှုများ ပြုလျက် နေ၏။

တနေ့သ၌ သူသည် ပြာသာဒ်ပေါ်တွင် တဦးတည်းနေစဉ် လောက၏ သခ်ါရသဘောတို့ကို ဆင်ခြင်မိ၍ ဘေးဒုက္ခ ငြိမ်းရာ နိဗ္ဗာန်ကို ရှာဖွေလို သဖြင့် မိမိ၏ ဥစ္စာပစ္စည်းအားလုံးကို စွန့်ကြဲပေးကမ်းပြီး ဟိမဝန္တာတောသို့ သွား၍ ရသေ့ပြုကာ သစ်ရွက်မိုးကျောင်း၌ နေလေ၏။ သူသည် တရားအား ထုတ်သဖြင့် ခုနစ်ရက်အတွင်း သမာပတ် ရှစ်ပါးနှင့်တကွ အဘိညာဉ် ငါးပါးတို့ကို ရပြီး စျာန်ချမ်းသာဖြင့်သာ အချိန်ကို ကုန်လွန်စေ၏။

ထိုအခါ (တုသိတာနတ်ပြည်မှ စုတေပြီး) "ရမ္မဝတီ" ပြည့်ရှင် "ဝါသုဒေဝမင်း" နှင့် "သုမေဓာ" မိဖုရားကြီးတို့၏ သားတော် 'ဒီပင်္ကရ' သတို့သားသည် အနှစ်တသောင်းတိုင် ထီးနန်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါး ရရှိသောအခါ နိမိတ်ကြီး လေးပါးကို မြင်၍ တောထွက် ရဟန်းပြုလေ၏။

ဒုက္ကရစရိယာကို ဆယ်လကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်လေ၏။ ဒီပင်္ကရာဘုရားရှင်သည် ဓမ္မစကြာဟောပြီး၍ အသိန်းမကသော ရဟန်းများ ခြံရံလျက် "ရမ္မဝတီ"ပြည် ကြွလာ၍ "သုဒဿန"ကျောင်း၌ သီတင်းသုံးတော်မူ၏။ ပြည်သူအပေါင်းသည် ဘုရားရှင်နှင့်တကွ သံဃာအပေါင်းအား ဆွမ်းလုပ်ကျွေးရန် မဏ္ဍပ်ကြီး ဆောက်၍ လမ်းများကို ပြုပြင်နေကြ၏။

ထိုအခါ သုမေဓာ ရှင်ရသေ့သည် မိမိ တောကျောင်းမှ ပျံတက်၍ ကောင်းကင်ခရီးဖြင့် ရမ္မဝတီမြို့ပေါ်အတိုင်း ကြွသွားသော် ထို လမ်းပြင်နေသူတို့ကို မြင်လေ၏။ သူသည် ကောင်းကင်မှဆင်း၍ လူတို့ကို မေးပြီး

အကြောင်းစုံကို ကြားရလျှင် ထိုလူတို့ ထံမှ နေရာတခုကို သုတ်သင်ခွင့် တောင်းခံလေ၏။ လူတို့က "ဤ သုမေဓာရသေ့ကား တန်ခိုးကြီး၏" ဟု ချီးဆူရေမျှားသော အရပ်ကို ပေးကြ၏။ ရသေ့သည် ကာယကံ့ကုသိုလ်ကို ပြုလိုသဖြင့် တန်ခိုးကို မသုံးဘဲ မြေတို့ကို ကိုယ်ဘိုင်တူးသယ်ယူပြီ. ဖို့၏။

လမ်းဖို့၍ မပြီ.မီဟင် ဒီပင်္ကရာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးရန် ရဟန်းအပေါင်း ခြံရံလျက် ကြွတော်မူလာ၏။ သုမေဓာသည် ဘုရားရှင်၏ အတု မရှိသော အသရေတော်ကို ဖူးမြင်ရလျှင် "ယခုနေ့ ငါသည် ဘုရားရှင်အား အသက်ကို စွန့်သင့်၏" ဟု ကြံပြီး ဆံကျစ်တို့ကိုဖြေ၍ညွှန်ပေါ်တွင် ဘုရားရှင် နင်းကြွရန် တံတားပြုလျက် လျောင်းစက်ကာ နေ၏။

ထိုသို့နေစဉ်ပင် "ငါသည် ဤ ဘုရားရှင်ထံ၌ ရဟန်းပြုလျှင် သာမန် သာဝက အသွင်ဖြင့် နိဗ္ဗာန်ရောက်ရု၏။ သို့သော် သတ္တဝါအပေါင်းကို ကယ်တင်ပြီး နိဗ္ဗာန်ကူးနိုင်ရန် ဘုရားအဖြစ်ကို ယူလျှင် ကောင်းလေစွ" ဟုဘုရားအဖြစ်ကို ဆုတောင်းလေ၏။

ဒီပင်္ကရာ ဘုရားရှင်သည် ကြွလာ၍ သုမေဓာ၏ဦးခေါင်းရင်း၌ ရပ်တော် မူလျက် "ဤရသေ့ကား ဘုရားဆုပန်လျက် ညွှန်ပျော်း၍ လျောင်းစက် ၏။ သူ၏ဆုတောင်း ပြည့်စုံအံ့လော" ဟု အနာဂတ်သဘောက်ဖြင့် ဆင်ခြင် သော် "ဤကမ္ဘာမှ နောက် လေးသခြေ့နှင့် ကမ္ဘာ တသိန်းထက်၌ ဂေါတမမည်သော ဘုရားဖြစ်လတံ့" ဟု သိမြင်တော်မူ၍-

"ရဟန်းတို့၊ ဤရသေ့သည် ဘုရားဆုကိုတောင်းလျက် ညွှန်ပျော်း၌ လျောင်းစက်နေ၏။ ဤရသေ့သည် ဤကမ္ဘာမှ နောက် လေးသခြေ့နှင့် ကမ္ဘာတသိန်းထက်၌ ဂေါတမ အမည်ဖြင့် ဘုရားရှင် ဖြစ်လတံ့" ဟူ၍ နိယတဗျာဒိတ် ပေးတော်မူလေ၏။

ထိုနောက် ဘုရားရှင်သည် သုမေဓာကို ချီးမွမ်းတော်မူ၍ ပန်းရှစ်ဆုပ် ဖြင့် ပူဇော်လျက် လက်ျာရစ်ပြုကာ ဖဲကြွတော်မူ၏။ နောက်ပါ ရဟန္တာရှင် မြတ်ဘို့လည်း ဘုရားလောင်းကို ပန်းနံ့သာတို့ဖြင့် ပူဇော်လျက် လက်ျာရစ် လှည့်ကာဖဲကြွကြလေ၏။နတ်နှင့်တကွသော လူအပေါင်းတို့လည်း ရှင်ရသေ့ အား ရိုခိုးပူဇော်၍ ဖဲသွားကြလေ၏။

ထိုအခါ သုမေဓာ ရှင်ရသေ့သည် ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားရလျှင် အလွန် ဝမ်းသာစွာဖြင့် ပန်းမွှေ့ထုပေါ်၌ တင်ပလ္လင်ခွေထိုင် လျက် ဘုရားဖြစ်ရန် ကျင့်ရမည့် ပါရမီ ဆယ်ပါး၊ ဥပပါရမီ ဆယ်ပါး၊ ပရမတ္ထပါရမီဆယ်ပါးဟူသော သုံးဆယ်သော ပါရမီတို့ကို ဆင်ခြင်သော်

ကမ္ဘာမြေကြီးသည် ကောင်းချီးပေးသည့် အနေဖြင့် ပြင်းစွာ တုန်လှုပ်လေ၏။ ထိုနောက် နေထုမှထ၍ ကောင်းကင်ဖြင့် ရသေ့အဓေါင်းတို့ နေရာ ဟိမဝန္တာသို့ကြွ၍ ပါရမီတို့ကို ဖြည့်ကျင့်၍ တရားအားထုတ်ကာ နေတော်မူလေ၏။

ဒီပင်္ကရာဘုရားရှင်ကား အရပ်တော် အတောင် ရှစ်ဆယ်ရှိ၏။ ရဟန္တာပေါင်း ရှစ်သောင်းလေးထောင် အရံရှိ၏။ သင်္ကော် တသိန်းပြည့်သော အံခါ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

၂။ ကောဏ္ဍညဘုရားထံ၌ ဗျာဒိတ်ရခြင်း

ဒီပင်္ကရ ဘုရားရှင်နောက် ကမ္ဘာတသောင်း၌ ကာလကြာလေသော် ကမ္ဘာတခု၌ 'ကောဏ္ဍည' ဟုည်သော ဘုရားရှင် ပွင့်တော်မူ၏။ ကောဏ္ဍည ဘုရားလောင်းသည် ၁၆ သောင်းနှင့် ကမ္ဘာတသိန်းတိုင် ပါရမီကို ဖြည့်ဆည်းခဲ့၏။ တုသိတာ နတ်ပြည်မှ စုတေပြီး "ရမ္မဝတီ"ပြည် "သုနန္ဒာ"မည်သော မင်းကြီး၏ "သုဇာတာ"မိဖုရားကြီးဝမ်း၌ သန္ဓေတည်လေ၏။ ဖွားမြင်သော် ကောဏ္ဍညဟု အမည်မှည့်၏။ အနှစ်တသောင်းပတ်လုံး လူဘောင်၌ နေပြီး သားတော်တပါး ရရှိသောအခါ နိမိတ်ကြီး လေးပါးကိုမြင်၍ တောထွက် ရဟန်းပြုလေ၏။ ဆယ်လတိုင် ဒုက္ကရစရိယာကို ကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ကောဏ္ဍည ဘုရားရှင်သည် ဓမ္မစကြာတရားဟောပြီး၍ ရဟန်းများစွာ ခြံရုံလျက် ဒေသစာရီ ကြွချီရာ 'စန္ဒဝတီ'ပြည်သို့ ရောက်တော်မူ၏။

ထိုအခါ ဂေါတမ ဘုရားအလောင်းသည် ထိုပြည်၌ 'ဝိဇိတာဝီ' မည်သော စကြာမင်းကြီးဖြစ်၏။ ဝိဇိတာဝီ စကြာမင်းသည် ဘုရားရှင်ကို ရှိခိုးဦးကြိုပြု၍ (ပထဝီမ) ဝါတွင်း သုံးလပတ်လုံး သီတင်း သုံးတော်မူစေပြီး အသဒိသဒါန အလှူကြီးကို ပေးလေ၏။

ဘုရားရှင်က "သင်မင်းကြီးသည် နောင်အခါတွင် ဂေါတမမည်သော ဘုရားရှင် ဖြစ်ပေလတံ့"ဟု ဗျာဒိတ် ပေးတော်မူသော် အလောင်းတော် စကြာမင်းကြီးသည် ရဟန်းပြု၍ ပိဋကတ် သုံးပုံကို သင်ယူ တတ်မြောက်ပြီး သမာပတ်ရှစ်ပါး၊ အဘိညာဉ် ငါးပါးတို့ကို ရလေ၏။

ကောဏ္ဍည ဘုရားရှင်သည် အရပ်တော် ၂၄ အောင် အမြင့်ရှိပြီး သက်တော် တသိန်းပြည့်သော် ပရိနိဗ္ဗာန် စံဝင်တော်မူလေ၏။

၃။ မင်္ဂလဘုရားထံ၌ ဗျာဒိတ်ရခြင်း

ကောဏ္ဍည ဘုရားရှင်နောက် ကမ္ဘာတသခြေ်ကာလ လွန်သောအခါ ကမ္ဘာ-တခု၌ "မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ" ဟူ၍ ဘုရားရှင် လေးဆူ ပွင့်တော်မူကုန်၏။ မင်္ဂလဘုရားအလောင်းတော်သည် ၁၆ သခြေ်နှင့် ကမ္ဘာ တသိန်းပါရမီ ဖြည့်ခဲ့ပြီး တုသိတာနတ်ပြည်မှစုတေ၍ 'ဥတ္တရ'မြို့၌ 'ဥတ္တရ' မည်သောမင်းကြီး၏ 'ဥတ္တရာဒေဝီ' မိဖုရားဝမ်း၌ ပဋိသန္ဓေနေ၏။ ဖွားသော် 'မင်္ဂလ'ဟု အမည်မှည့်၏။ နှစ်ပေါင်းကိုးထောင်တိုင် မင်းစည်းစိမ်ကို ခံစား ပြီး၍ သားတော်တဦး ရရှိသောအခါ နိမိတ်ကြီးလေးပါးကိုမြင်၍ တော ထွက် ရဟန်းပြုတော်မူ၏။ ရှစ်လတိုင် ဒုက္ကရစရိယာ ကျင့်ပြီး၍ဘုရားအဖြစ် သို့ ရောက်တော်မူ၏။

မင်္ဂလဘုရားရှင် လက်ထက်တွင် ဂေါတမဘုရားအလောင်းသည် 'သုရုစိ' ရွာ၌ 'သုရုစိ' မည်သော ပုဏ္ဏားဖြစ်၏။ ဗေဒင်သုံးပုံ၊ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာ ကျမ်းတို့ကို တတ်ကျွမ်း၏။ သုရုစိသည် မင်္ဂလဘုရား ရှင်နှင့်တကွသောအသိန်းမကသော ရဟန်းအပေါင်းကို ပင့်ဖိတ်ပြီး ခုနစ်ရက် တိုင် ဃနာနို့ဆွမ်းဖြင့် လုပ်ကျွေးလေ၏။ ခုနစ်ရက်မြောက်၌ ဘုရားရှင်က "သင်ပုဏ္ဏားသည် နောင် နှစ်သခြေ်နှင့် ကမ္ဘာတသိန်းထက်၌ ဂေါတမ မည်သော ဘုရားရှင် ဖြစ်လတံ့" ဟုဗျာဒိတ်စကား ကြားတော်မူ၏။ သုရုစိ သည် အလွန် နှစ်သက်သဖြင့် ဘုရားရှင်ထံ ရဟန်းပြုသော် အဘိညာဉ် သမာ ပတ်တို့ကို ရရှိလေ၏။

မင်္ဂလဘုရားရှင်ကား အရပ်တော်အတောင်ရှစ်ဆယ်အမြင့်ရှိ၍သက်တော် အနှစ်ကိုးသောင်း ရှည်လေ၏။ ဘုရားရှင်၏ကိုယ်တော်ရောင်သည် အတောင် ရှစ်ဆယ်ဝန်းကျင်၌ နေ့ရောညပါ အလွန်လျှင် ထွန်းလင်းတောက်ပတော်မူ လေ၏။

၄။ သုမနဘုရားထံ၌ ဗျာဒိတ်ရခြင်း

မင်္ဂလဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက်လူ့သက်တမ်း ကိုးသောင်းမှ တဖြည်း ဖြည်း ဆယ်နှစ်တမ်းအထိ သက်တမ်းဆုတ်ယုတ်သွားပြီး တဖန် တဖြည်း ဖြည်း သက်တမ်း တိုးတက်လာသော် အသခြေ်အထိရောက်၏။ ထိုအသခြေ်

တမ်းမှတဖန်တဖြည်းဖြည်း ဆုတ်၍ သက်တမ်းကိုးသောင်းရောက်လျှင်'သုမန' ဘုရားအလောင်းသည် တုသိသာနတ်ပြည်မှ စုံးတ၍ 'မေဒလ'မြို့ 'သုဒတ္တ' မင်းကြီး၏ 'သိရိမာ' မိဖုရားကြီ ဝမ်းဦ့ပဋိသန္ဓေယူလေ၏။ ဖွားမြင်သော် သုမန မည်၏။ အနှစ် ကိုးထောင်တိုင် မင်းစည်းစိမ်ကိုခံစား၍ သားတော် တပါး ရရှိသောအခါ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက် ရဟန်းပြုလေ၏။ ဆယ်လတိုင် ဒုက္ကရစရိယာ ကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမ ဘုရားအလောင်းသည် 'အတုလ'မည်သော နဂါးမင်း ဖြစ်၏။ နဂါးမင်းသည် 'လောကဦ့ ဘုရားပွင့်ပြီ'ဟုကြားလျှင် ဆွမ်းမျိုးများ ခြံရုံကာ ဘုရားရှင်ထံသွား၍ ရဟန်းအဝတ်နှင့်တကွ အလှူကြီးကို ပေးလေ၏။

ဘုရားရှင်က "လင်နဂါးမင်းသည် နောင်အခါ နှစ်သခြံနှင့် ကမ္ဘာတသိန်းထက်ဦ့ ဘုရားဖြစ်လတံ့"ဟု ဗျာဒိတ်စကားကြားတော်မူ၏။

သုမန ဘုရားရှင်သည် အရပ်တော် အတောင်ကိုးဆယ်မြင့်၍ သက်တော် ကိုးသောင်းပြည့်သောအခါ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

၅။ ရေဝတဘုရားထံဦ့ ဗျာဒိတ်ရခြင်း

သုမနဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်သာဝ်ဘမ်းကိုးသောင်းမှ တဖြည်းဖြည်း ဆယ်နှစ်တမ်းအထိဆုတ်ယုတ်သွားပြီးတဖန်တဖြည်းဖြည်းသက်တမ်းတိုးတက် လာရာ အသခြံ့အထိ ရောက်လေ၏။ ယင်းမှတဖြည်းဖြည်းဆုတ်၍ အနှစ် ခြောက်သောင်းတမ်းရောက်သော် 'ရေဝတ'မည်သော ဘုရားရှင်ပွင့်တော် မူလေ၏။ ရေဝတဘုရားအလောင်းသည် တုသိတာ နတ်ပြည်မှ စုတေပြီး 'သုဓညဝတီ'မြို့၌ 'သဗ္ဗသိဒ္ဓိဝိပုလ' မည်သော မင်းကြီး၏ ဝိပုလာမည်သော မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် ရေဝတမည်၏။အနှစ် ခြောက်ထောင်တိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါးရရှိသော အခါ နိမိတ်ကြီး လေးပါးကိုမြင်၍ တောထွက် ရဟန်းပြုလေ၏။ ခုနစ်လ တိုင် ဒုက္ကရစရိယာကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမ ဘုရားအလောင်းသည်'ရမ္မဝတီ'မြို့၌ 'အတီဒေဝ' မည် သော ပုဏ္ဏားဖြစ်၍ ပုဏ္ဏားတို့အတတ်၌ တဖက်ကမ်းခတ် တတ်မြောက်

လေ၏။ သူသည် ရေဝတ ဘုရားရှင်ကို ဖူးမျှော်၍ အဘိုးတထောင်ထိုက်သော ကိုယ်ဝတ်သင်္ကန်းကို ဘုရားရှင်အား လှူဒါန်းလေ၏။ ထို အခါ ဘုရားရှင်က "သင်ပုဏ္ဏား သည် ဤကမ္ဘာမှ နောက် နှစ်သောင်းတိုင် ကမ္ဘာတသိန်းထက်၌ ဂေါတမမည်သော ဘုရားဖြစ်လတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

ရေဝတ ဘုရားရှင်သည် အဂျပ်တော်အတောင် ဂဝ မြင့်၍ ကိုယ်တော်၏ ဆောင်ခြည်တော်သည် ထက်ဝန်းကျင် တယူဇနာအထိ ပျံ့နှံ့လေ၏။ ဘုရား ရှင်သည် သက်တော်ခြောက်သောင်း ပြည့်သောအခါ ပရိနိဗ္ဗာန် စံတော်မူလေ၏။

၆။ သောဘိတဘုရားထံ၌ ဗျာဒိတ်ရခြင်း

ရေဝတဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် လူ့သက်တမ်းဆယ်နှစ်အထိဆုတ်ပြီး တဖန် အသင်္ချေအထိတိုးတက်သွားပြီးနောက် တဖန်သက်တမ်း ကိုးသောင်း အထိ ဆုတ်ယုတ်လေ၏။ ထိုအခါ သောဘိတ ဘုရားအလောင်းသည် လေး သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီများကို ဖြည့်ကျင့်ပြီးစီး၍ တုသိတာနတ် ပြည်မှ စုတေကာ "သုဝပ္ပ"မြို့၌ 'သုဝပ္ပ"မင်း၏ "သုဝပ္ပာ"မည်သောမိဖုရား ကြွေးဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် 'သောဘိတ'မည်၏။ အနှစ် ကိုးထောင်(တသောင်း)တိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါး ရရှိသောအခါ နိမိတ်ကြီးလေးပါးကို မြင်သဖြင့် တောထွက်ရဟန်းပြုလေ၏။ ဥနှစ်လတိုင်ဒုက္ကရစရိယာကို ကျင့်ပြီးနောက် ဘုရားအဖြစ်သို့ရောက်တော်မူ၏။

ထိုအခါ ဂေါတမ ဘုရားအလောင်းသည် "ဇမ္ဗုဝတီ"မြို့၌ "သုဇာတ" မည်သော ပုဏ္ဏားဖြစ်လေ၏။ သုဇာတသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ဘုရားအမှူးရှိသော သံဃာအပေါင်းအား ဝါတွင်းသုံးလပတ်လုံး အလှူကြီးကို ပေးလေ၏။ ထိုအခါ ဘုရားရှင်က "သင်ပုဏ္ဏားသည် နောင် သောအခါ ဂေါတမ မည်သော ဘုရားဖြစ်ပေလတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

သောဘိတဘုရားရှင်သည် အရပ်တော် ၅၀ တောင် အမြင့်ရှိ၍ သက် တော်ကိုးသောင်းပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူလေ၏။

၇။ အနောမဒဿီဘုရားထံ၌ ဗျာဒိတ်ရခြင်း

သောဘိတဘုရားရှင်နောက် ကမ္ဘာတသောင်းခန့်တိုင် ဘုရားတဆူမျှ မပွင့်ချေ။ သုည်ကမ္ဘာများ သာဖြစ်၏။ထိုကမ္ဘာတသောင်းလွန်သော် တစုသောကပ်ကမ္ဘာ၌ "အနောမဒဿီ၊ပဒုမ၊ နာရဒ" မည်သော ဘုရားရှင်သုံးဆူတို့ပွင့်လေကုန်၏။ ရှေးဦးစွာသော အနောမဒဿီ ဘုရားအလောင်းတော်သည် ဒဖသောင်းခန့်နှင့် ကမ္ဘာတသိန်းတိုင် ပါရမီတို့ကို ဖြည့်ကျင့်ပြီး၍ တုသိတာနတ်ပြည်၌စုတေကာ 'စန္ဒဝတီ' မင်းနေပြည်၌ 'ယသဝါ'မည်သော မင်းကြီး၏ 'ယသောဓရာ' မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော်အနောမဒဿီမည်၏။ အနှစ်တသောင်းတိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါးရရှိသော အခါ နိမိတ်ကြီးလေးပါးကို မြင်သဖြင့် တောထွက်ရဟန်းပြုလေ၏။ဆယ်လတိုင် ဒုက္ကရစရိယာကို ကျင့်ပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် အလွန်တန်ခိုးကြီးသော 'ဘီလူးစစ်သူကြီး' ဖြစ်၍ အသိန်းမကသော ဘီလူးတို့ကို အစိုးရလေ၏။ သူသည် လောက၌ ဘုရားပွင့်တော်မူကြောင်း ကြားသိလျှင် နေဝန်း, လဝန်းနှင့်တူသော မဏ္ဍပ်ကြီးကို ဖန်ဆင်း၍ ထိုမဏ္ဍပ်ကြီး၌ ဘုရားအမှူးရှိသောသံဃာအပေါင်းအား ခုနစ်ရက်တိုင် အလှူကြီးကို ပေးလေ၏။

ဆွမ်းအနုမောဒနာပြုသော် ဘုရားရှင်က "သင်ဘီလူးမင်းသည် နောင်အခါ တသောင်းခန့် ကမ္ဘာတသိန်းထက်၌ ဂေါတမ,မည်သော ဘုရားဖြစ်ပေလထံ"ဟု ဗျာဒိတ် စကားကြားတော်မူလေ၏။ ထိုဗျာဒိတ်စကားကိုကြားရသော် ဘီလူးစစ်သူကြီးသည် နှစ်သက်ဂုဏ်လန်းလျက် ပါရမီတော်တို့ကိုဖြည့်ကျင့်ရန် စွဲမြဲစွာ အဓိဋ္ဌာန်ပြုလေ၏။

အနောမဒဿီ ဘုရားရှင်မှာ အတောင်ခြောက်ဆယ်ထက် ဝန်းကျင်ပျံနှံ့သော ရောင်ခြည်တော်ရှိ၍ သက်တော်တသိန်းပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူလေ၏။

၈။ ပဒုမဘုရားထံ၌ ဗျာဒိတ်ရခြင်း

အနောမဒဿီဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်လူ့သက်တမ်းအနှစ်တသိန်းမှတဖြည်းဖြည်း ဆယ်နှစ်သက်တမ်းအထိ ဆုတ်ယုတ်သွားပြီး တဖန် သက်တမ်းတိုးတက်၍ အသင်္ချေအထိ ရောက်လေ၏။ ထိုမှတဖန် သက်တမ်းဆုတ်ယုတ်

၍ အနှစ်တသိန်းတမ်းရောက်သော် ပဒုမဘုရားရှင် ပွင့်တော်မူ၏။ ပဒုမဘုရား အလောင်းသည် ပါရမီတို့ကို ဖြည့်ကျင့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'စမ္မက'မြို့၌ 'အသမ' မင်းကြီး၏ 'အသမာ' မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေလေ၏။ ဖွားမြင်သော် ကြာပဒုမ္မာမိုးကြီးရွာသဖြင့် 'ပဒုမ'ဟု အမည်မှည့် ၏။ အနှစ်တသောင်းတိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါးရရှိ သောအခါ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်ရဟန်းပြုလေ၏။ ရှစ်လ တိုင် ဒုက္ကရစရိယာကိုကျင့်ပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် တောအုပ်ကြီးတခု၌ 'ခြသေ့် မင်း' ဖြစ်လေ၏။ ပဒုမ ဘုရားရှင်သည် ထိုတောအုပ်ကြီး၌ ဝါကပ်၍ ခုနစ်ရက်တိုင် နိရောဓသမာပတ် ဝင်စားနေတော်မူ၏။

ထိုအခါခြသေ့်မင်းသည် နိရောဓသမာပတ် ဝင်စားနေသော ဘုရားရှင် ကိုမြင်လျှင် စိတ်ကြည်လင်နှစ်သက်ကြည်ညိုရကား ဘုရားရှင်ကို လက်ျာရစ် လှည့်၍ သုံးကြိမ်ဟောက်ပြီးဘုရားရှင်အနီးမှာပင် ခုနစ်ရက်တိုင်အစာမစားဘဲ အသက်စွန့်ကာ ဆည်းကပ်တည်နေ၏။ ဘုရားရှင်သည် ခုနစ်ရက်မြောက်၌ နိရောဓသမာပတ်မှ ထ၍ ထိုခြသေ့်မင်းကို မြင်တော်မူလျှင် "ဤခြသေ့်မင်း ကို ကြည့်ရှုရန် ရဟန်းများ ရောက်လာကြစေသတည်း" ဟု ကြံဆင်တော်မူ လေ၏။

ရဟန်းများ ရောက်လာကြသော် ဘုရားရှင်က "ဤခြသေ့် မင်းသည် နောင်အခါတွင် ဂေါတမ, မည်သောဘုရားဖြစ်ပေလတံ့" ဟုဗျာဒိတ်စကား ကြားတော်မူလေ၏။ ထိုအခါ ခြသေ့်မင်းသည် အထူးစိတ်ကြည်လင် ဝမ်း သာလျက် ပါရမီတော်တို့ကို ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်လေ၏။

ပဒုမဘုရားရှင်သည် အရပ်တော် ၅၈-တောင်မြင့်၍ သက်တော်တသိန်း ပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူလေ၏။

၉။ နာရဒဘုရားထံ၌ ဗျာဒိတ်ရခြင်း

ပဒုမဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက် သက်တမ်းတသိန်းမှ တဖြည်းဖြည်း ဆယ်နှစ်တမ်းအထိ ဆုတ်ယုတ်ပြီး တဖန်သက်တမ်းတိုးပွား၍ အသခ်ျေအထိ ရောက်လေ၏။ယင်းမှတဖန်တဖြည်းဖြည်းဆုတ်ယုတ်၍ အနှစ်ကိုးသောင်းတမ်း ရောက်သော် နာရဒဘုရား ပွင့်တော်မူလေ၏။ နာရဒ ဘုရားအလောင်းသည် လေးသခ်ျေနှင့် ကမ္ဘာတသိန်း ပါရမီတို့ကို ဖြည့်ပြီး၍ တုသိတာနတ်ပြည်မှ

စုတေကာ 'ဓညဝတီ'ပြည်၌ 'သုဒေဝ' မင်း၏ 'အဓနာဟ'မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေလေ၏။ ဖွားမြင်သော်နာရဒ မည်၏။ အနှစ်ကိုးထောင်တိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါး ရရှိသောအခါ နိမိတ်ကြီးလေးပါးကို မြင်ရ၍ တောထွက်ရဟန်းပြုလေ၏။ ခုနစ်ရက်တိုင် ဒုက္ကရစရိယာကျင့်ပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ထိုအခါ ဂေါတမ ဘုရားအလောင်းသည် ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌ အဘိညာဉ် သမာပတ်တို့ကို ရရှိကာနေလျက် ရှိလေ၏။ နာရဒဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ဘုရားလောင်းရသေ့၏ သစ်မ်းကျောင်းသို့ ချီးမြှောက်ရန် ကြွတော်မူလေ၏။

ရသေ့သည် ဘုရားရှင်ကိုမြင်လျှင် ဝမ်းသာစွာဖြင့် ကျောင်းသစ်မ်းကို ဖန်ဆင်း၍ တည်လုံး ဘုရားရှင်၏ ကျောင်းတော်ကိုလျှောက်၍ ဘုရားရှင်၏ တရားတော်ကို နာယူလေ၏။ မိုးလင်းသော် မြောက်ကျန်းသို့သွား၍ ဆွမ်းကို ဆောင်ခဲ့ပြီး ဘုရားရှင်နှင့်တကွ သံဃာအပေါင်းအား အလှူကြီးကိုပေးလေ၏။ ဤသို့ ခုနစ်ရက်တိုင်ပေးလှူလေ၏။

ခုနစ်ရက်မြောက်၌ ဘုရားရှင်သည် တရားဟောတော်မူ၍ "သင်ရသေ့သည် နောင်အခါတွင် ဂေါတမ မည်သော ဘုရားရှင်ဖြစ်ပေလတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

နာရဒ ဘုရားရှင်ကား အရပ်တော်အားတောင်ရှစ်ဆယ်မြင့်၍ ကိုယ်တော်၏ ရောင်ခြည်တော်မှာ တယူဇနာထက်ဝန်းကျင်တွင် ပျံ့နှံ့လေ၏။ သက်တော်ကိုးသောင်း ပြည့်သောအခါ ပရိနိဗ္ဗာန် စံတော်မူလေ၏။

၁၀။ ပဒုမုတ္တရဘုရားထံ၌ ဗျာဒိတ်ရခြင်း

နာရဒဘုရားရှင် ပွင့်သည့်ကမ္ဘာ ပျက်သုဉ်း ပြီးနောက် တသင်္ချေသောကပ်ကမ္ဘာပတ်လုံးလောက၌ ဘုရားတဆူမျှ မပွင့်၍ သုညကမ္ဘာဖြစ်၏။ ထိုကမ္ဘာတသင်္ချေနောက် ဤ(မျက်မှောက်)ကမ္ဘာမှ ရှေးကမ္ဘာ တသိန်းထက်၌ ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူလေ၏။ ပဒုမုတ္တရဘုရားအလောင်းသည် ပါရမီမျိုးကို ဖြည့်ကျင့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'ဟံသဝတီ'ပြည်၌ 'အာနန္ဒ' မင်းကြီး၏ 'သုဇာတာ' မည်သော မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားသောအခါ၌ ပဒုမာကြာမိုးကြီးရွာသဖြင့် 'ပဒုမုတ္တရ' ဟု အမည်မှည့်လေ၏။ အနှစ်တသောင်းတိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သား

တော်တပါး ရရှိသောအခါ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်ရဟန်းပြုလေ၏။ ခုနစ်ရက်တိုင် ဒုက္ကရစရိယာကို ကျင့်ပြီးသော် ဘုရားအဖြစ်သို့ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် ကုဋေမက များသော ဥစ္စာရှိသည့် 'ဇဋိလ' မည်သော သူဌေးကြီး ဖြစ်လေ၏။ ဇဋိလသူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာအပေါင်းအား သက်နှံးများနှင့်တက္ခ အလှူကြီးကို ပေးလှူလေ၏။ ဘုရားရှင်သည် ဆွမ်းအနုမောဒနာပြုသောအခါ "သင်သူဌေးကြီးသည် နောင်သောအခါ ကမ္ဘာတသိန်းထက်၌ ဂေါတမဘုရားရှင် ဖြစ်ပေလတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။ ထိုအခါ ဇဋိလသည် ပါရမီတော်တို့ကို ဖြည့်ကျင့်ရန် မြဲမြံစွာ အဓိဋ္ဌာန်ပြုရလေသည်။

ပဒုမုတ္တရဘုရားရှင်မှာ အရပ်တော် ၅၈ တောင် မြင့်၍ ကိုယ်တော်၏ ဆောင်ခြည်တော်သည် ၁၂ ယူဇနာတိုင် ပျံ့နှံ့လေ၏။ ဂေါတမဘုရားရှင်၏ တေဒဂ်ရ-သာဝကမထေရ် အများဆုံးသည် ဤဘုရားရှင်ထံ၌ ဆုပန်ခဲ့ကြလေ၏။

ပဒုမုတ္တရဘုရားရှင်သည် သက်တော် တသိန်းပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူလေ၏။

၁၃။ သုမေဓဘုရားထံ၌ ဗျာဒိတ်ရခြင်း

ပဒုမုတ္တရဘုရားပွင့်သည့် ကမ္ဘာပျက်သုဉ်းပြီးနောက် ကမ္ဘာခုနစ်သောင်းပတ်လုံး ဘုရားရှင်တဆူမျှ မပွင့်ခဲ့ပေ။ ဤ(မျက်မှောက်)ကမ္ဘာမှ ရှေးကမ္ဘာသုံးသောင်းတို့အထက် ကပ်တခု(မဏ္ဍကမ္ဘာ)၌ 'သုမေဓ၊ သုဇာတ' ဟူ၍ ဘုရားရှင်နှစ်ဆုတို့ ပွင့်လေကုန်၏။ သုမေဓဘုရားအလောင်းသည် ပါရမီများကို ဖြည့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'သုဒဿန'မြို့၌ 'သုဒတ္တ' မင်းကြီး၏ 'သုဒတ္တာ' မည်သော မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် 'သုမေဓ'မည်၏။ သုမေမသည် အနှစ်ကိုးထောင်တိုင် မင်းစည်းစိမ်ကိုခံစားပြီး၍ သားတော်တပါး ရရှိသောအခါ နိမိတ်ကြီးလေးပါးကို မြင်၍ တောထွက် ရဟန်းပြုလေ၏။ ၁၅ ရက် (သီဟိုဠ်မူ-ရှစ်လ)တိုင် ဒုက္ကရစရိယာကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် 'ဥတ္တရ'မည်သော လုလင်ဖြစ်၍ ကုဋေရှစ်ဆယ်သော ဥစ္စာတို့ကို စွန့်လွှတ်ပြီး ဘုရားအမှူးရှိသော ရဟန်း

အပေါင်းအား အလှူကြီးကို ပေးလေ၏။ သူသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရသောကြောင့် ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။ ဘုရားရှင်သည် ဆွမ်းအနုမောဒနာပြုပြီးသော် သူ့အား "သင်သည် နောင်သောအံခါ ဂေါတမ မည်သော ဘုရားရှင် ဖြစ်ပေလတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

သုမေဓဘုရားရှင်သည် အရပ်တော် ဂဂ တောင် အမြင့်ရှိ၍ သက်တော်ကိုးသောင်းပြည့်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

၁၂။ သုဇာတဘုရားထံ၌ ဗျာဒိတ်ရခြင်း

သုမေဓ ဘုရားရှင် ပရိနိဗ္ဗာန် စံတော် မူပြီးနောက် ထို မဏ္ဍကမ္ဘာ၌ပင် သတ္တဝါတို့အသက်သည်တဖြည်းဖြည်းဆုတ်ယုတ်၍ ဆယ်နှစ်တမ်းအထိရောက်ပြီး တဖန် သက်တမ်း တိုးတက်လာရာ အသင်္ချေအထိရောက်လေ၏။ ထိုမှ တဖန် သက်တမ်း ဆုတ်ယုတ်၍ အနှစ်ကိုးသောင်းကာလသို့ ရောက်သောအခါ သုဇာတဘုရားအလောင်းသည် ပါရမီမျှားကို ဖြည့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'သုမင်္ဂလ'ပြည်၌ 'ဥဂ္ဂတ'မင်းကြီး၏ 'ပဘာဝတီ' မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေလေ၏။ ဖွားမြင်သော် သုဇာတ မည်၏။ သုဇာတသည် အနှစ်ကိုးထောင်တိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါး ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်ရဟန်းပြုလေ၏။ ကိုးလပတ်လုံး ဒုက္ကရစရိယာ ကျင့်ပြီးသော် ဘုရား အဖြစ်သို့ ရောက်တော်မူ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် 'စကြာမင်း'မင်းဖြစ်၍ "လောကဌ် ဘုရားပွင့်တော်မူပြီ" ဟု ကြားလျှင် ဘုရားရှင်နှင့် တကွသော ရဟန်းအပေါင်းအား ရတနာခုနစ်ပါးနှင့်တကွ ကျွန်းကြီးလေးကျွန်း၌ ဖြစ်သော မင်းစည်းစိမ်ကို လှူတော်မူ၍ ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။

ဇမ္ဗူဒီပ်ကျွန်းနေ လူအားလုံးတို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား အမြဲမပြတ် အလှူကြီးကို ပေးလှူကြလေ၏။ ဘုရားရှင်သည် စကြာမင်းဖြစ်သော ရဟန်းအား "သင်သည် နောင်သောအခါ ဂေါတမဘုရား ဖြစ်ပေလတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

သုဇာတဘုရားရှင်ကား အရပ်တော် အတောင် ၅၀ မြင့်၍ သက်တော်ကိုးသောင်းပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူလေ၏။

၁၃။ ပိယဒဿီဘုရားထံ၌ ဗျာဒိတ်ရခြင်း

သုဇာတဘုရားရှင်သည်ဤ(မျက်မှောက်)ဘဒ္ဒကမ္ဘာမှစ၍ရေသော် ရှေးကမ္ဘာ တထောင့်ရှစ်ရာမြောက်သော ကမ္ဘာထက်၌ "ပိယဒဿီ၊အတ္ထဒဿီ၊ဓမ္မဒဿီ" ဟူ၍ ဘုရားရှင်သုံးဆူတို့ ပွင့်လေကုန်၏။ ပိယဒဿီဘုရားအလောင်းသည် ပါရမီတို့ကိုဖြည့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'သုဓည'မြို့၌'သုဒတ္တ' မင်းကြီး၏ 'ဝန္ဒာဒေဝီ'မိဖုရားဝမ်း၌ပဋိသန္ဓေနေလေ၏။ ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါးကိုမြင်၍ ဘောထွက်ရဟန်းပြုလေ၏။ ခြောက်လတိုင်ဒုက္ကရ စရိယာကို ကျင့်ပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂေ တမဘုရားအလောင်းသည် 'ကဿပ' မည်သော ပုဏ္ဏား လုလင်ဖြစ်၍ ဗေဒင်သုံးပုံတို့ကို တဘက်ကမ်းခတ် တတ်မြောက်၏။ သူသည် ဘုရားရှင်၏ တရားတော်ကို နာရလျှင် ကုဋေများစွာသော ဥစ္စာတို့ကို စွန့် လှူ၍ သံဃာ့ကျောင်းတိုက်ကြီးကို ပြုလုပ် လှူဒါန်းလေ၏။ ထိုအခါ ကဿပလုလင်အား ဘုရားရှင်က "သင်သည် ဤကမ္ဘာမှ ကမ္ဘာပေါင်း တထောင့်ရှစ်ဆုလွန်သော် ဂေါတပ မည်သော ဘုရားဖြစ်ပေလတံ့" ဟူ၍ ဗျာဒိတ်စကား ကြားတော်မူလေ၏။

ထိုဗျာဒိတ်စကားကို ကြားရလျှင် ကဿပလုလင်သည် ရှင်လန်း ဝမ်း မြောက်လျက် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရန်မြဲမြံစွာ ဆောက်တည်လေ၏။

ပိယဒဿီဘုရားရှင်သည် သက်တော် ကိုးသောင်း ပြည့်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

၁၄။ အတ္ထဒဿီဘုရားထံ၌ ဗျာဒိတ်ရခြင်း

ပိယဒဿီဘုရားရှင်သည် ပရိနိဗ္ဗာန်စံပြီးနောက်လူ့သက်တမ်း ဆယ်နှစ်အထိ ဆုတ်ယုတ်ပြီး တဖန် တိုးပွားလာသော် လူတို့သည် အသက်အသန်းတိုင် နေကြရ၏။ ထိုမှတဖန် အသက်တမ်း ဆုတ်ယုတ်၍ အနှစ်တသိန်းတမ်းအထိ ရောက်လာပြန်၏။ ထိုအခါ အတ္ထဒဿီဘုရားအလောင်းသည် ပါရမီတို့ကို ဖြည့်ကျင့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'သောဘဏ'ပြည်တွင်'သာဂရ' မင်းကြီး၏ 'သုဒဿနာ' မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင် သော် အတ္ထဒဿီမည်၏။ အနှစ်တသောင်းတိုင် ပင်းစည်းစိမ်ကို ခံစားပြီ

၍ သားတော်တပါး ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါးကို မြင်၍ တောထွက်ရဟန်းပြုလေ၏။ ရှစ်လတိုင် ဒုက္ကရစရိယာကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်ဘော်မူလေ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် 'သုသီမ' မည်သော မဟာသာလပုဏ္ဏား(သူဌေးကြီး)ဖြစ်၍ ဥစ္စာအားလုံးကို သူဆင်းရဲတို့အား စွန့်ကြဲလှူဒါန်းပြီး ဟိမဝန္တာတွင် ရသေ့ပြုကာ နေလေ၏။ သူသည် အဘိညာဉ် သမာပတ်တို့ကိုရသဖြင့် တန်ခိုးကြီးသည်ဖြစ်၍ လူအပေါင်းအား ကုသိုလ်တရားကို ဟောပြလေ၏။

သူသည် "လောကဌ် ဘုရားပွင့်တော်မူပြီ"ဟု ကြားလျှင် သွား၍ ဘုရားရှင်၏ တရားတော်ကို နာကြားလေ၏။ နောက် သူသည် နတ်ပြည်သို့သွား၍ နတ်ဌဖြစ်သော ပန်းတို့ကို ယူဆောင်ပြီး ပန်းမိုးကိုရွာစေလျက် ထက်ဝန်းကျင်မှ မလွှတ်ပြုကာ ပန်းထီးဖြင့် ဘုရားရှင်အား ပူဇော်လေ၏။

ထိုအခါ ဘုရားရှင်က သူ့အား "သင်သည် နောင်သောအခါဌ(ဤကမ္ဘာမှ နောက် ၁၈၀၀ မြောက်သော ကမ္ဘာဌ ဂေါတမဘုရား ဖြစ်လတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။ ရသေ့သည် ထိုဗျာဒိတ်စကားကို ကြားရလျှင် ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်လေ၏။

အတ္ထဒဿီဘုရားရှင် သက်တော် တသိန်းပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူလေ၏။

၁၅။ ဓမ္မဒဿီ ဘုရားထံဌ ဗျာဒိတ်ရခြင်း

အတ္ထဒဿီဘုရား ပရိနိဗ္ဗာန်စံပြီးနောက် လူ့သက်တမ်း ဆယ်နှစ်အထိ ဆုတ်ယုတ်ပြီး တဖန် ဆက်လက်တိုးပွား၍ အသင်္ချေအထိ ရောက်လေ၏။ ထိုမှ တဖန် သက်တမ်းဆုတ်ယုတ်၍ အနှစ် တသိန်းတမ်းသို့ ရောက်လေ၏။ ထိုအခါ ဓမ္မဒဿီဘုရားလောင်းသည် ပါရမီတို့ကို ဖြည့်ကျင့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'သုနန္ဒာ'မြို့ဌ 'သရဏ'မင်းကြီး၏ 'သုနန္ဒာဒေဝီ'မိဖုရားကြီး၏ ဝမ်းဌ ပဋိသန္ဓေ နေလေ၏။ ဖွားမြင်သော် ဓမ္မဒဿီမည်လေ၏။ အနှစ်ရှစ်ထောင်တိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါး ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါးကို မြင်၍ တောထွက်ရဟန်းပြုလေ၏။ ခုနစ်ရက်တိုင် ဒုက္ကရစရိယာကို ကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂဂါတမ ဘုရားအလောင်းသည် 'သိကြားမင်း'မင်း ဖြစ်၍ နတ်အပေါင်း ခြံရုံလျက် သွား၍ ဘုရားရှင်အား နတ်၌ပြစ်ဒဏသာ ပန်းနံ့သာစသည်တို့ဖြင့် ကြီးကျယ်စွာ ပူဇော်လေ၏။

ထိုအခါ ဘုရားရှင်က သူ့အား "သင်သည် နောင်အခါ ဤကမ္ဘာမှ ၁၀၀၀-မြောက်သော ကမ္ဘာထက်၌ ဂဂါတမဘုရား ဖြစ်ပေလတံ့"ဟု ဗျာဒိဟ်စကား ကြားတော်မူလေ၏။ သိကြားမင်းသည် ထိုဗျာဒိတ်စကားကို ကြားရလျှင် ပါရမီတော်တို့ကို ဖြည့်ကျင့်ရန် ပြုမြဲစွာ အဓိဋ္ဌာန် ပြုလေ၏။

ဓမ္မဒဿီ ဘုရားရှင်သည် အရပ်တော် အတောင်ရှစ်ဆယ်မြင့်၍ သက်တော် တသိန်းပြည့်သောအခါ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

၁၆။ သိဒ္ဓတ္ထဘုရားထံ၌ ဗျာဒိတ်ရခြင်း

ဓမ္မဒဿီဘုရား ပွင့်သော ကပ်ကမ္ဘာ ကုန်ဆုံးပြီးနောက် ကဲမ္ဘာပေါင်း တထောင့်ခုနစ်ထပ်တို့မှာ ဘုရားတဆူမျှ မပွင့်လေကုန်။ ထိုကမ္ဘာများ ကုန်ဆုံးပြီး၍ ဤ(မျက်မှောက်)ဘဒ္ဒကမ္ဘာမှ ဂရှး ၉၄-ကမ္ဘာထက်၌ တခုသော ကပ်ဝယ် 'သိဒ္ဓတ္ထ'မည်သော ဘုရားပွင့်တော်မူလေ၏။ သိဒ္ဓတ္ထ ဘုရား အလောင်းသည် ပါရမီတို့ကို ဖြည့်ကျင့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'ဥဒေန'မင်းကြီး၏ 'သုဖဿာ'မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေ နေလေ၏။ ဖွားမြင်သော် သိဒ္ဓတ္ထမည်၏။ အနှစ်တသောင်းတိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါး ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါးကို မြင်၍ တောထွက် ရဟန်းပြုလေ၏။ ဆယ်လတိုင် ဒုက္ကရစရိယာကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုဘုရားအလောင်းသည် 'သုရဿန'မြို့၌ 'မင်္ဂလ'မည်သော ပုဏ္ဏားဖြစ်၍ ကုဋေ့မကသော ဥစ္စာတို့ကို သူဆင်းရဲတို့အား စွန့်ကြဲလှူဒါန်းပြီး ဘောထွက် ရသေ့ပြု၍ ဈာန်အဘိညာဉ်တို့ကို ရရှိလျက် နေထိုင်လေ၏။

နောက် သူသည် "လောက၌ ဘုရား ဟင့်တော်မူပြီ"ဟု ကြားလျှင် ဘုရားရှင်ထံလာ၍ တရားတော်ကို ကြားနာရပြီးသော် တန်ခိုးဖြင့် ဇမ္ဗူသပြေသီးတို့ကို ဆောင်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ပေးလှူလေ၏။ ဘုရားရှင်သည် ဇမ္ဗူသပြေသီးကို ဘုဉ်းပေးပြီးသော် "သင်သည် ဤကမ္ဘာမှ နောက် ၉၄-ကမ္ဘာထက်၌ ဂဂါတမဘုရား ဖြစ်ပေလတံ့"ဟု ဗျာဒိတ်စကား

ကြားတော်မူလေ၏။ ရသေ့သည် ထိုဗျာဒိတ်စကားကို ကြားရလျှင် ဝမ်းသာရွှင်လန်းလျက် ပါရမီတို့ကို ဖြည့်ကျင့်ရန် မြဲမြံစွာ အဓိဋ္ဌာန် ပြုလေ၏။

သိဒ္ဓတ္ထဘုရားရှင်သည် အရပ်တော် အတောင် ၆၀-မြင့်၍ သက်တော် တသိန်း ပြည့်သောအခါ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

၁၇။ တိဿဘုရား ထံ၌ ဗျာဒိတ်ရခြင်း

သိဒ္ဓတ္ထဘုရားရှင် ပင့်သည့် ကမ္ဘာနောက် တကမ္ဘာသည် ဘုရားမပွင့်ဘဲ သုညကမ္ဘာဖြစ်၏။ ဤ ဘဒ္ဒကမ္ဘာမှ ရှေး ၉၂ ကမ္ဘာထက်၌ "တိဿ"နှင့် "ဖုဿ" မည်သော ဘုရားနှစ်ဆူတို့ ပင့်တော်မူလေကုန်၏။ တိဿဘုရား အလောင်းသည် ပါရမီတို့ကို ဖြည့်ကျင့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'ဇေးမက' မြို့တော်၌ 'ဇနသန္ဓ' မင်းကြီး၏ 'ပဒုမာဒေဝီ' မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် တိဿမည်၏။ အနှစ် ခုနစ်ထောင်တိုင် မင်းစည်းစိမ်ကို ခံစားပြီ၍ သားတော်တပါး ဖွားမြင်သောအခါ နိမိတ်ကြီး လေးပါးကို မြင်၍ တောထွက်ရဟန်းပြုလေ၏။ ရှစ်လတိုင် ဒုက္ကရစရိယာကို ကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဘုရားအလောင်းသည် 'ယသဝတီ' မြို့၌ 'သုဇာတ' မည်သော မင်းဖြစ်၍ ဓမ္မသံဃဂရုပြီး တောထွက်ရသေ့ပြုကာ နေလေ၏။ နောက်သူသည် "လောက၌ ဘုရားပွင့်တော်မူပြီ"ဟု ကြားလျှင် နတ်ပြည်သို့သွား၍ နတ်ပန်းမျိုးကို ယူဆောင်ပြီး ကောင်းကင်မှနေ၍ ဘုရားရှင်အား ပူဇော်လေ၏။

ထိုအခါ ဘုရားရှင်က သူ့အား "သင်သည် ဤကမ္ဘာမှနောက် ၉၂ ကမ္ဘာထက်၌ ဂေါတမ မည်သော ဘုရားဖြစ်ပေလတံ့"ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။ ရသေ့သည် ထို ဗျာဒိတ် စကားကို ကြားရလျှင် ဝမ်းသာ ရွှင်လန်းလျက် ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်ရန် မြဲမြံစွာ အဓိဋ္ဌာန် ပြုလေ၏။

တိဿ ဘုရားရှင်သည် အရပ်တော် အတောင် ၆၀ မြင့်၍ သက်တော် တသိန်းပြည့်သောအခါ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

၁၈။ ဖုဿဘုရား ထံ၌ ဗျာဒိတ်ရခြင်း

တိဿ ဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက် လူ့သက်တမ်း တဖြည်းဖြည်း ဆယ်နှစ်အထိ ယုတ်၍ တဖန် သက်တမ်းတိုးလာရာ အသခ်ျေအထိ ရောက်လေ၏။ ထိုမှတဖန် သက်တမ်းဆုတ်ယုတ်၍ အနှစ်ကိုးသောင်းတမ်း ရောက်သော် ဖုဿဘုရား ပွင့်တော်မူလေ၏။ ဖုဿဘုရား အလောင်းသည် ပါရမီများကို ဖြည့်ကျင့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'ကာသိက' ပြည် 'ဇယသေန' မင်းကြီး၏ 'သိရိမာ' မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် ဖုဿ မည်၏။ အနှစ် ခြောက်ထောင်တိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သား.တော်တပါး ဖွားမြင်သောအခါ နိမိတ်လေးပါးကို မြင်၍ တောထွက် ရဟန်းပြုလေ၏။ ခြောက်လတိုင် ဒုက္ကရစရိယာကို ကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမဘုရား အလောင်းသည် 'အရိန္ဒမ' မြို့၌ 'ဝိဇိတာဝီ' မည်သော မင်းဖြစ်လေ၏။ သူသည် ဖုဿဘုရား၏ တရားတော်ကို နာရလျှင် ပြည်စည်းစိမ်ကို စွန့်၍ ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။

သူသည် ပိဋကတ်သုံးပုံကိုဆောင်၍ လူအပေါင်းအား တရားဟောလျက် ပါရမီတို့ကို ဖြည့်ကျင့်လေ၏။ ထိုအခါ ဘုရားရှင်က သူ့အား "ဤဝိဇိတာဝီ မထေရ်သည် ကမ္ဘာမှ နောက် ၉၂ ကမ္ဘာထက်၌ ဂေါတမဘုရား ဖြစ်ပေလတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

ဖုဿဘုရားရှင်သည် အရပ်တော် ၅၈ တောင် မြင့်၍ သက်တော် ကိုးသောင်း ပြည့်သောအခါ ပရိနိဗ္ဗာန် စံတော်မူလေ၏။

၁၉ ဝိပဿီဘုရားထံ၌ ဗျာဒိတ်ရခြင်း

ဖုဿဘုရားရှင် နောက် ကပ်တကပ်လွန်သော် ဤ ဘဒ္ဒကမ္ဘာမှ ရှေး ၉၁ ကမ္ဘာထက်၌ ဝိပဿီဘုရား ပွင့်တော်မူ၏။ ဝိပဿီ ဘုရားအလောင်းသည် ပါရမီတို့ကို ဖြည့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'ဗန္ဓုမတီ' ပြည်၌ 'ဗန္ဓုမ' မင်းကြီး၏ 'ဗန္ဓုမတီ' မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် ဝိပဿီ မည်၏။ အနှစ်ရှစ်ထောင်တိုင် မင်းစည်းစိမ်ကို စံပြီး၍ သားတော်တပါး ဖွားမြင်သောအခါ နိမိတ်ကြီး လေးပါးကို မြင်၍ တော

ထွက် ရဟန်းပြုလေ၏။ ရှစ်လတိုင် ဒုက္ကရစရိယာကို ကျင့်ပြီးသော် ဘုရား အဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် 'အာဠာရ' နဂါးမင်း ဖြစ်၏။ သူသည် ရတနာ ခုနစ်ပါးဖြင့် ပြီးသော လဝန်းသဏ္ဌာန် မဏ္ဍပ်ကြီးကို ဖန်ဆင်း၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား နေစေလျက် ခုနစ်ရက် ပဲ့ုး အလှူကြီးကို ပေးလေ၏။ ဘုရားရှင်အား အလွန် တောက်ပသော ရတနာအင်းပျဉ်ကို လှူလေ၏။ အင်းပျဉ်အလှူကို အနုမောဒနာပြုသောအခါ ဘုရားရှင်က "သင် နဂါးမင်းသည် ဤကမ္ဘာမှနောက် ၉၁ ကမ္ဘာထက်၌ ဂေါတမဘုရား ဖြစ်ပေလတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

ဝိပဿီဘုရား၏ အရပ်တော်ကား ရှစ်ဆယ်မြင့်၍ သက်တော်ရှစ်သောင်း ပြည့်သောအခါ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

၂၄။ သိခီဘုရား ထံ၌ ဗျာဒိတ်ရခြင်း

ဝိပဿီဘုရား ပွင့်သော ကပ် ကွယ်ပျောက် ပျက်သုဉ်း ပြီးနောက် ၅၉ ကမ္ဘာတို့ပတ်လုံး ဘုရားတဆူမျှ မပွင့်လေကုန်။ ဤ ဘဒ္ဒကမ္ဘာမှ ရှေး ၃၁ ကမ္ဘာထက်၌ "သိခီ" နှင့် "ဝေဿဘူ" ဟူ၍ ဘုရား နှစ်ဆူတို့ ပွင့်လေကုန်၏။ သိခီ ဘုရားအလောင်းသည် ပါရမီတို့ကို ဖြည့်ပြီး၍ တုသိတာ နတ်ပြည်မှ စုတေကာ 'အရုဏဝတီ' မြို့၌ 'အရုဏဝန္တ' မင်းကြီး၏ 'ပဘာဝတီ' မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် သိခီမည်၏။ အနှစ် ခုနစ်ထောင်တိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါး ဖွားမြင်သောအခါ နိမိတ်ကြီး လေးပါးကို မြင်၍ တောထွက်ရဟန်းပြုလေ၏။ ရှစ်လတိုင် ဒုက္ကရစရိယာကို ကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမ ဘုရားအလောင်းသည် 'ပရိဘုတ္တ' မြို့၌ 'အရိန္ဒမ' မင်းကြီးဖြစ်၏။ သူသည် မိမိမြို့သို့ ကြွလာသော သိခီဘုရားရှင်နှင့် ရဟန်းအပေါင်းအား ခရီးဦးကြိုပြု၍ ဆွမ်းပင့်ဘိုတ်ပြီး ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူလေ၏။ ရဟန်းအပေါင်းအား သင်္ကန်းလျာအဝတ်များကို ပေးလှူ၍ ဘုရားရှင်အား မင်္ဂလာ ဆင်နှင့်တကွ ထိုဆင်ပမာဏရှိသော လှူဘွယ် ပစ္စည်းများကို လှူဒါန်းလေ၏။

ထိုအခါ ဘုရားရှင်က သူ့အား "သင်မင်းကြီးသည် ဤကမ္ဘာမှနောက် ၃၁ ကမ္ဘာထက်၌ ဘုရားဖြစ်ပေလတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

သီခီဘုရားရှင်သည် အရပ်တော်အတောင် ၆၀ မြင့်၍ သက်တော် ခုနစ်သောင်းပြည့်သောအခါ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

၂၁။ ဝေဿဘူဘုရား ထံ၌ ဗျာဒိတ်ရခြင်း

သီခီဘုရား ပရိနိဗ္ဗာန် စံပြီးနောက် လူတို့၏ အသက် ခုနစ်သောင်း တမ်းမှ တဖြည်းဖြည်း ဆယ်နှစ်တမ်းအထိ ဆုတ်ယုတ်၍ တဖန်အသက်တိုးပွားလေရာ အသင်္ချေတမ်းအထိ ရောက်လေ၏။ ထိုမှတဖန် သက်တမ်းဆုတ်ယုတ်၍ အနှစ်ခြောက်သောင်းတမ်းတို့ ရောက်လေသော် ဝေဿဘူဘုရား ပွင့်တော်မူ၏။ ဝေဿဘူဘုရားအလောင်းသည် ပါရမီတို့ကိုဖြည့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'အနောမ' မည်သော မြို့၌ 'သုပ္ပတိတ' မင်းကြီး၏ 'ယသဝတီ' မိဖုရားဝမ်း၌ ဖဋိသန္ဓေနေလေ၏။ ပွားမြင့်သော် ဝေဿဘူမည်၏။ အနှစ်ခြောက်ထောင်တိုင် မင်းစည်းစိမ်ကို ခံစားပြီး၍ သားတော်တပါး ပွားမြင့်သောအခါ နိမိတ်ကြီး လေးပါးကို မြင်၍ တောထွက် ရဟန်းပြုလေ၏။ ခြောက်လတိုင် ဒုက္ကရစရိယာကို ကျင့်ပြီးသော် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် 'သရဘဝတီ'မြို့၌ 'သုဒဿန' မင်းကြီးဖြစ်လေ၏။ သူသည် မိမိမြို့သို့ကြွလာသော ဝေဿဘူဘုရားရှင်နှင့် ရဟန်းအပေါင်းအား အလှူကြီးကိုပေးလေ၏။ သူသည် ဘုရားရှင်အတွက် ဂန္ဓကုဋီတိုက်ကိုဆောက်ပြီး အရံကျောင်းပေါင်းတထောင်ကိုလည်းဆောက်၍ လှူလေ၏။ နောက် စည်းစိမ်အားလုံးကို သာသနာတော်၌စွန့်ကြဲ၍ ဘုရားရှင်ထံ၌ရဟန်းပြုလေ၏။ သူသည် ဓုတင် ၁၃ ပါးအကျင့်တို့ကို အမြဲကျင့်၍ ပါရမီတို့ကိုဖြည့်လေ၏။ ထိုအခါ ဘုရားရှင်က "သင် ရဟန်းသည် နောင်အခါ ဤကမ္ဘာမှ နောက် ၃၁ ကမ္ဘာထက်၌ ဂေါတမဘုရား ဖြစ်ပေလတံ့"ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

ဝေဿဘူ ဘုရားရှင်သည် အရပ်တော် အတောင် ၆၀ အမြင့်ရှိ၍ သက်တော် ခြောက်သောင်းပြည့်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

၂၂။ ကကုသန္ဓဘုရားထံ၌ ဗျာဒိတ်ရခြင်း

ဝေဿဘူ ဘုရားပွင့်သည့်ကပ် ကုန်ဆုံးပြီးနောက် ၂၉ ကမ္ဘာတို့၌ ဘုရားတဆူမျှမပွင့်လေကုန်။ ကျွ(မျက်မှောက်)ဘဒ္ဒကမ္ဘာ၌ကား "ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ" ဟူ၍ ဘုရားငါးဆူပွင့်ကြကုန်၏။ (အရိမေတ္တေယျဘုရားကား ဂေါတမဘုရား နောက်တွင် ပွင့်တော်မူလတံ့)။ ရှေးဦးစွာသော ကကုသန်ဘုရားအလောင်းသည် ပါရမီတို့ကို ဖြည့်ပြီး၍ တုသိတာနတ်ပြည်မှ စုတေကာ 'ခေမင်္ကရ' မြို့၌ 'ခေမင်္ကရ' မင်းအား ဆုံးမတော်သော 'အဂ္ဂိဒတ္တ' အမည်ရှိ ပုရောဟိတ်ပုဏ္ဏားဇ၏ ဝိသာခါအမည်ရှိ ပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် ကကုသန္ဓ(ကကုသန်)မည်၏။ အနှစ်လေးထောင်တိုင် ပြာသာဒ်သုံးဆောင်တို့၌ လူ့စည်းစိမ်ကိုခံစားပြီး၍ သားတော်တပါးဖွားမြင်သောအခါ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်ရဟန်းပြုလေ၏။ ရှစ်လတိုင် ဒုက္ကရစရိယာကိုကျင့်ပြီးသော် ဘုရားအဖြစ်သို့ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် 'ခေမ' မည်သော မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာအပေါင်းအား သပိတ်-သင်္ကန်းစသော လှူဘွယ်တို့ကို ပေးလှူလေ၏။ သူသည် ဘုရားရှင်၏တရားကိုနာရလျှင် ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။ ထိုအခါ ဘုရားရှင်က "သင် ရဟန်းသည် နောင်အခါ ဤကမ္ဘာ၌ပင် ဘုရားဖြစ်လတံ့" ဟု ဗျာဒိတ်စကား ကြားတော်မူလေ၏။

ကကုသန်ဘုရားသည် အရပ်တော် အတောင် ၄၀ မြင့်၍ သက်တော်ကိုးသောင်းပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူလေ၏။

၂၃။ ကောဏာဂမနဘုရားထံ၌ ဗျာဒိတ်ရခြင်း

ကကုသန်ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် လူ့သက်တမ်း ဆယ်နှစ်အထိ ဆုတ်ယုတ်သွားပြီး တဖန် သက်တမ်းတိုးပွား၍ အသင်္ချေအထိ ရောက်၏။ ထိုမှတဖန်ဆုတ်ယုတ်ပြန်၍ အနှစ်သုံးသောင်းတမ်းရောက်သောအခါ ကောဏာဂုံ(ကောဏာဂမန) ဘုရားပွင့်တော်မူလေ၏။ ကောဏာဂုံ ဘုရားအလောင်းသည် ပါရမီမျှားကိုဖြည့်ပြီ၍ တုသိတာနတ်ပြည်မှ စုတေကာ 'သောဘဝတီ' မြို့၌ 'ယညဒတ်' မည်သောပုဏ္ဏား၏ 'ဥတ္တရာ' မည်သောပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် ကောဏာဂမနမည်၏။ အနှစ်

သုံးထောင်တိုင် လူ့စည်းစိမ်ကိုခံစားပြီး၍ သားတော်တပါးဖွားမြင်သော အခါ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်ရဟန်းပြုလေ၏။ ခြောက်လ တိုင် ဒုက္ကရစရိယာကိုကျင့်ပြီးသော် ဘုရားအဖြစ်သို့ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် 'မိထိလာ' ပြည်၌ 'ပဒုမ' မည် သောမင်းဖြစ်၍ ထိုမြို့သို့ ကြွရောက်လာသော ကောဏာဂုံဘုရားနှင့်တကွ ရဟန်းအပေါင်းအား ဒေါင်းဦးကိုပြုပြီး ဝါတွင်း သုံးလပတ်လုံး ဆွမ်းဖြင့်လုပ် ကျွေးကာ သင်္ကန်း စသည့် ရဟန်းပရိက္ခရာများကို လှူဒါန်းလေ၏။ ဘုန်း ရှင်က " သင် မင်းကြီးသည် ဤဘဒ္ဒကမ္ပာ၌ပင် ဂေါတမဘုရား ဖြစ်ပေ လတံ့"ဟု ဗျာဒိတ်စကားကြားတော်မူလေ၏။ မင်းကြီးသည် ထိုဗျာဒိတ် စကားကိုကြားရလျှင် ပြည်စည်းစိမ်ကိုစွန့်၍ ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။

ကောဏာဂုံဘုရားသည် အရပ်ဒေတာ် အတောင် ၃၀ မြင့်၍ သက်တော် သုံးသောင်းပြည့်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

၂၄။ ကဿပဘုရားထံ၌ ဗျာဒိတ်ရခြင်း

ကောဏာဂုံဘုရား ပရိနိဗ္ဗာန်စံပြီးနောက် လူတို့သက်တမ်း တဖြည်းဖြည်း ဆယ်နှစ်တမ်း အထိဆုတ်ယုတ်သွားပြီး တဖန် သက်တမ်းတိုးပွား၍ အသင်္ချ အထိရောက်၏။ ထိုမှတဖန် သက်တမ်းဆုတ်ယုတ်၍ အနှစ်နှစ်သောင်းတမ်း ဆောက်သော် ကဿပဘုရားပွင့်တော်မူလေ၏။ ကဿပဘုရားအလောင်းသည် ပါရမီများကိုဖြည့်ပြီး၍ တုသိတာနတ်ပြည်မှစုတေကာ 'ဗာရာဏသီ' ပြည် တွင် 'ဗြဟ္မဒတ္တ' ပည်သော ပုဏ္ဏား၏ 'ဓနဝတီ' မည်သော ပုဏ္ဏားမယ်၌ ပဋိသန္ဓေနေလေ၏။ ဖွားမြင်သော် ကဿပမည်၏။ အနှစ် နှစ်ထောင်တိုင် လူ့စည်းစိမ်ကိုခံစားပြီး၍ သားတော်တပါးဖွားမြင်သောအခါ နိမိတ်ကြီး လေးပါးကိုမြင်၍ တောထွက်ရဟန်းပြုလေ၏။ ခုနှစ်ရက်တိုင် ဒုက္ကရစရိယာ ကိုကျင့်ပြီးသော် ဘုရားအဖြစ်သို့ရောက်တော်မူလေ၏။

ထိုအခါ ဂေါတမဘုရားအလောင်းသည် 'ဇောတိပါလ' မည်သော ပုဏ္ဏားလုလင်ဖြစ်ပြီး ဘုရားရှင်ထံသွား၍တရားနာရလျှင် ရဟန်းပြုသွားလေ၏။ သူသည် ပိဋကတ်သုံးပုံကို သင်ယူတတ်မြောက်၏။ ဘုရားရှင်က သူ့ အား "သင် ရဟန်းသည် နောင်တွင် ဂေါတမဘုရားဖြစ်ပေလတံ့" ဟု ဗျာဒိတ်စကားကြားတော်မူလေ၏။

ကဿပဘုရားသည် အရပ်တော် အတောင် ၂၀ မြင့်၍ သက်တော်နှစ်" သောင်းပြည့်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

အခန်း (၂)

ဂေါတမဘုရားရှင် အကြောင်း
သန္ဓေတည်သည်မှ ဓမ္မစကြာဟောသည့်အထိ



၂၅။ အလောင်းတော် သေတကေတု နှတ်သား

ဂေါတမဘုရား အလောင်းသည် ဒီပင်္ကရ အစရှိသော ၂၄ ဆူသော ဘုရားရှင်တို့ထံ၌ ဘုရားဆုပန်၍ နိယတဗျာဒိတ်ကိုရခဲ့လျက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး "ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ" ဟူသော ဆယ်ပါးသော် ပါရမီတော်တို့ကို ဖြည့်ကျင့်လာခဲ့ရာ ဤ ဘဒ္ဒကမ္ဘာ၌ပင် ဘုရားမဖြစ်မီ တတိယ ဘဝ ဖြစ်သော ဝေဿန္တရာမင်းကြီး (၉၁-၅၄၇) အဖြစ်မှ စုတေ၍ တုသိတာ နတ်ပြည်၌ သာမန်အားဖြင့် 'သန္တုသိတ'၊ ဝိသေသအားဖြင့် 'သေတကေတု' အမည်ရှိသော နှတ်သား ဖြစ်လေ၏။

အလောင်းတော်သည် တုသိတာနတ်ပြည်၌ လူတို့နှစ်အရေအတွက်အဆ ဖြင့်နှစ်ပေါင်း ၅၇၆ သန်းတိုင် နတ်စည်းစိမ်ကို ခံစားရလေ၏။ ထိုစဉ်တွင် 'ဗုဒ္ဓကောလာဟလ' ခေါ်သော "ဘုရားပွင့်ခြင်း၌ အုတ်အုတ်ကျက်ကျက် သတင်း" သည် ထင်ရှားဖြစ်ပေါ်လာလေ၏။

ဘုရားပွင့်လတံ့သော အခါဝယ် ဘုရားမပွင့်မီ အနှစ်တထောင်ကပင် လောကကို စောင့်သော နတ်တို့သည် "အချင်းတို့၊ ဤနှစ်မှနောက် အနှစ် တထောင် လွန်သောအခါ ဘုရားရှင်သည် လောက၌ ပွင့်တော်မူလတံ့" ဟူ၍ ကြွေးကြော် လှည့်လည်ကြလေကုန်၏။

ဤ ဗုဒ္ဓကောလာဟလ အသံကို ကြားကြသောအခါ တသောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ်ဗြဟ္မာတို့သည် စုဝေးကြပြီး နတ်သက်

ကုန်ခါနီး ဖြစ်နေပြီဖြစ်သော ဂေါတမဘုရား အလောင်းတော် 'သေတကေတု'နတ်သားထံသို့ ဆည်းကပ်ကုန်လျက် "လူ့ပြည်သို့ သက်ဆင်း၍ လူ့အဖြစ်ကို ယူတော်မူရန်" တောင်းပန် ကြလေ၏။ အလောင်းတော်သည် ထို နတ်ဗြဟ္မာတို့အား ရုတ်တရက် ဝန်မခံသေးဘဲ ဓမ္မတာအတိုင်း "ဘုရား ဖြစ်ထု အခါနိကာလ, ကျွန်း, အရပ်ဒေသ, အမျိုးအနွယ်နှင့် မိခင်၏အသက် အပိုင်းအခြား"-(ကာလ, ဒီပ, ဒေသ, ကုလ, ဇနေတ္တိအာယုပရိစ္ဆေဒ) ဟူသော ကြည့်ခြင်းငါးပါးတို့ကို ကြည့်တော်မူလေ၏။

[ဗုဒ္ဓကောလာဟလ အပြင် ကပ္ပကာလာဟလ နှင့် စက္ကဝတ္တိဂေါလာဟလဟူ၍ ကောလာဟလနှစ်မျိုး ရှိသေး၏။

(၁) ကပ္ပကောလာဟလ - "ကမ္ဘာပျက်မည့် ကောလာဟလ" ဟူသည်ကား ကမ္ဘာမပျက်မီ အနှစ်တသိန်းကပင် လောကဗျူဟာမည်သော ကာမာဝစရ နတ်တို့သည် ဆံပင်ဖား လျား ဖရိုဖရဲကြဲ၍ ငိုယိုလျက် အဝတ်နီများကိုဝတ်ပြီး လူတို့သွားလာရာ လမ်းများသို့ သွားလာလှည့်ပတ်လျက် "အချင်းတို့၊ ဤနှစ်မှနောက် အနှစ်တသိန်း လွန်သော် ကမ္ဘာကြီး ပျက်လတံ့။ ဤ ကမ္ဘာမြေကြီး တခုလုံး မီးလောင် ပျက်စီ လတံ့။ ဗြဟ္မာ့ပြည် တိုင်အောင် လောကသည် ပျက်စီးလတံ့။ ဗြဟ္မာ ဝံဟာရတရား လေးပါးတို့ကို ပွားများကြလော့။ မိဘတို့ကို လုပ်ကျွေးကြလော့။ ကြီးသူတို့ကို ရိုသေကြလော့" ဟု ကြွေးကြော်၍ အုတ်အုတ်ကျက်ကျက် ဖြစ်ကြလေ၏။

(၂) စက္ကဝတ္တိကောလာဟလ - "စကြဝတေးမင်း ဖြစ်မည့် ကောလာဟလ" ဟူသည်ကား စကြဝတေးမင်း မပေါ်မီ အနှစ်တထောင်ကပင် နတ်တို့သည် "အချင်းတို့၊ ဤနှစ်မှနောက် အနှစ်တရာ လွန်သောအခါ စကြဝတေးမင်း ဖြစ်လတံ့" ဟူ၍ ကြွေးကြော်လှည့်လည်ကြကုန်၏။]

၂၆။ အလောင်းတော်၏ ကြည့်ခြင်းကြီး ငါးပါး

အလောင်းတော် နတ်သားသည် ဤသို့ ကြည့်ခြင်းကြီး ငါးပါးကို ကြည့်တော်မူလေ၏။

(၁) ဘုရားဖြစ်ရာကာလ။ ။ "လူတို့၏ အသက် အသခ်ျေ တမ်းမှ ဆယ်နှစ်တမ်း အတွင်းဝယ် တသိန်းတမ်းနှင့် တရာတမ်း အကြားတွင်သာ

နေသည်မှ ဆယ်လနှင့် ခုနစ်ရက်သာ အသက်ရှည်ရ၏။ ယခု သုဒ္ဓေါဓနမင်းကြီး၏ မဟာမာယာ မိဖုရားကြီးသည် ထိုဂုဏ်နှင့် ပြည်စုံ၍ ငါ့ မယ်တော်ဖြစ်လတံ့"ဟု မြင်လေ၏။ မယ်တော်၏အသက်ကို ကြည့်သော် 'ဤ ဝါဆို လပြည့်နေ့ သန္ဓေနေသည်မှ ဆယ်လနှင့် ခုနစ်ရက်သာ အသက်ရှည်လထံ့" ဟု မြင်တော်မူ၏။

ဤသို့ ကြည့်ခြင်းကြီး ငါးပါးကို ကြည့်၍ အချက်ငါးချက်ပြည့်စုံပြီကို သိမြင်ပြီးမှသာ အလောင်းတော်နတ်သားက ထိုတောင်းပန်ကြသော နတ်ဗြဟ္မာအပေါင်းအား 'ကောင်းပြီ'ဟု ဝန်ခံလေ၏။

[ကျွန်ုပ်တို့ ဘုရားသည် လူ့သက်တမ်းမတိုင်မီ ဘုရားဖြစ်နိုင်ရန် ပါရမီ မပြည့်စုံသေး၍သာ တရာတမ်း၌ ပွင့်ရပေသည်။]

၂၇။ အလောင်းတော် နတ်သား သန္ဓေယူခြင်း

အလောင်းတော် 'သေတကေတု' နတ်သားသည် ယင်းသို့ ဝန်ခံပြီးသော် နတ်အပေါင်းခြုံရံလျက် 'နန္ဒဝန်'နတ်ဥယျာဉ်သို့ဝင်၍ စုတေပြီး မဇ္ဈိမဒေသ, သက္ကတိုင်း,ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီး၏ (သက်တော် ၅၅ နှစ်ရှိသော) တောင်ညာစံဒေဝီ 'သိရီမဟာမာယာ' မိဖုရားကြီး ဝမ်း၌ မဟာသက္ကရာဇ် ၆၇ ခု ဝါဆိုလပြည့်နေ့ ဥတ္တရာသနင်္ဂကွတ်နှင့် လမင်း(စန်း)တို့ ယှဉ်သော သန်ကောင်ယံ အချိန်တွင် သန္ဓေယူတော်မူလေ၏။ သန္ဓေယူသည့် ခဏ၌ပင် တသောင်းသော လောကဓာတ်သည် ကောင်းချီးပေးသည့်အနေဖြင့် သိမ့်သိမ့်တုန်၍ နေလေ၏။

"တသောင်းသော စကြဝဋ္ဌာတိုက်၌ အလင်းရောင်ကြီး ပျံ့နှံ့ခြင်း၊ မျက်စိကန်းသူတို့ အမြင်ရကြခြင်း၊ နားပင်းသူတို့ နားအကြားကို ရကြခြင်း၊ အ-ကြသူတို့ စကားပြောနိုင်ကြခြင်း၊ နှောင်ဖွဲ့ခံရသူတို့ လွှတ်မြောက်ကြခြင်း၊ ငရဲဘုံအားလုံး၌ ငရဲမီးငြိမ်းခြင်း၊ ပြိတ္တာတို့ ဆာလောင်မွတ်သိပ်ခြင်းမှ ကင်းကြခြင်း၊ ရောဂါသည်တို့ ရောဂါပျောက်ကြခြင်း၊ တုရိယာမျိုးစုံတို့ အလိုလို မြည်ခြင်း၊ လူတို့၏ ရွှေငွေတန်ဆာများ အလိုလိုမြည်ခြင်း၊ စီးဆင်းနေသည့်ရေအယဉ် ရပ်တန့်သွားခြင်း၊ ပန်းနံ့သာမိုးရွာသွန်းခြင်း၊ ကုန်းပန်းရေပန်းတို့ တပြိုင်နက် ပွင့်ကြခြင်း"....စသည် ၃၂ ပါးသော ပုဗ္ဗနိမိတ်ကြီးတို့ ထင်ကုန်၏။

ဘုရားရှင်တို့ ပွင့်ကြမြဲ ဖြင်၏။ အသက်အသချေ်မှ တသိန်းအထက် အသက်ရှည်လွန်းသော ကာလသည် ဘုရားဖြစ်ရာ ကာလ မဟုတ်။ ထိုကာလတွင် သတ္တဝါတို့အား ဇာတိ, ဇရာ, ဗျာဓိ, မရဏတရားတို့ ဉာဏ်၌ မထင်ကုန်။ ထို့ကြောင့် နိဗ္ဗာန်ရောက်ကြောင်း ဗုဒ္ဓ ဟောကြားမည့် လက္ခဏာယာဉ်သုံးပါးကို နားလည်ခြင်းငှာ မစွမ်းနိုင်ပေ။ သစ္စာလေးပါးကို ထိုးထွင်းသိရန် မစွမ်းနိုင်ပေ။ သက်တမ်း အနှစ်တရာအောက် သက်တမ်း တိုလွန်းသော ကာလလည်း ဘုရားပွင့်ရာ ကာလမဟုတ်။ ထိုကာလတွင် သတ္တဝါတို့သည် လောဘ, ဒေါသ, မောဟ စသည် ကိလေသာတို့ ထူပြောများပြားကုန်၏။ ထို့ကြောင့် ဗုဒ္ဓ၏အဆုံးအမ တရားဒေသနာကို ကျင့်ကြံအားထုတ်ရန်မစွမ်းနိုင်ကုန်။ ယခု လူတို့၏ အသက်တရာ ရှည်သောအခါဖြစ်၍ ဘုရားဖြစ်ခြင်းငှာ သင့်၏'' ဟူ၍ မြင်တော်မူ၏။

(၂) ဘုရားဖြစ်ရာ ကျွန်း။ ။''ကျွန်းကြီး လေးကျွန်းအနက် တောင်ကျွန်းခေါ်သော ဇမ္ဗူဒီပ(သပြေကျွန်း)၌သာလျှင် ဘုရားရှင်တို့ ဖြစ်ကြမြဲတည်း'' ဟု မြင်တော်မူ၏။

(၃) ဘုရားဖြစ်ရာ ဒေသ။ ။''ယူဇနာ တသောင်း အကျယ်အဝန်းရှိသော ဇမ္ဗူဒီပ်ကျွန်းတွင်လည်း တောင်မြောက်အလျားအားဖြင့် ယူဇနာသုံးရာ၊ အရှေ့အနောက် အနံအားဖြင့် ယူဇနာ ၂၅၀၊ အဝန်းယူဇနာကိုးရာရှိသော၊ 'အရှေ့သို့ လားသော် ဂဇင်္ဂလနိဂုံးရွာ, အရှေ့တောင်သို့ လားသော် သလ္လဝတီမြစ်, တောင်သို့ လားသော် သေတကဏ္ဏိ နိဂုံးရွာ, အနောက်သို့ လားသော် ထူနမည်သော နိဂုံးရွာ, မြောက်သို့ လားသော် ဥသိရဒ္ဓဇတောင်' ဟူ၍ နိမိတ်ငါးရပ်ဖြင့် သတ်မှတ်အပ်သော 'မဇ္ဈိမဒေသ' သည် ဘုရားဖြစ်ရာဒေသ ဖြစ်၏။ ယင်း မဇ္ဈိမဒေသ အတွင်းရှိ သက္ကတိုင်း ကပိလဝတ် အမည်ရှိသော နေပြည်တော်၌ ငါသည် ဖြစ်ထိုက်၏'' ဟု မြင်တော်မူ၏။

(၄) ဘုရားဖြစ်ရာ အမျိုးအနွယ်။ ။''ဘုရားရှင်တို့ကား အမျိုး လေးပါးအနက် မြင့်မြတ်သော မင်းမျိုးနှင့် ပုဏ္ဏားမျိုး၌သာလျှင် ဖြစ်ကြမြဲဖြစ်၏။ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဓနမင်း၏အမျိုး၌ ငါသည် ဖြစ်ထိုက်၏''ဟု မြင်တော်မူ၏။

(၅) မယ်တော်၏ အသက်ပိုင်း။ ။''ဘုရား မယ်တော်သည် လော်လည်ခြင်း, မာန်မူခြင်းကင်း၍ ငါးပါးသီလ မြဲရ၏။ အလောင်းတော်သနွေ

ထိုအခါ မဟာမာယာ မိဖုရားကြီးသည် ဤသို့ အိပ်မက်အထူး မြင်မက်လေ၏။

"စတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့သည် မိမိ(မိဖုရား)ကို အိပ်ရာ ထလွန်နှင့်တကွ ချီမ၍ ဟိမဝန္တာတောသို့ ဆောင်ပြီး ဆေးဒန်းမြင်းသီလာ ကျောက်ဖျာပေါ်တွင် အင်ကြင်းပင်ကြီးအောက်၌ ချထား၏။ နတ်မိဖုရား လေးင်းတို့က လာ၍ မိမိကို သီဒါနဝဒတ် ရေဖြင့် ချိုးပေးပြီး နတ်တို့၏ ပန်းနံ့သာ တန်ဆာတို့ဖြင့် ဆင်ယင်ပေးလျက် ငွေတောင်ထိပ်ရှိ ရွှေဗိမာန်သို့ ဆောင်၍ အိပ်စေပြန်၏။ ထိုအခါ ဆင်ဖြူတော်ကြီးတကောင်သည် မြောက်အရပ်မှလာ၍ မိဖုရား၏ လက်ျာနံပါးကို ဖောက်၍ ဝင်သွား၏"။

အလောင်းတော် သန္ဓေယူသည်မှစ၍ စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့သည် သန်လျက်စွဲကာ မိဖုရားကြီး၏ ကြက်သရေ တိုက်ခန်းကို စောင့်ရှောက်ကုန်၏။ ထိုသို့ သန္ဓေတည်သည်မှစ၍ မယ်တော်သည် ယောက်ျားများအပေါ် ရာဂစိတ်အလျဉ်းမရှိဘဲ အခြွေအရံများနှင့်သာ သန့်ရှင်းစွာနေလျက် မင်းစည်းစိမ်ကို ခံစားလေ၏။ အလောင်းတော်၏ သန္ဓေသားသည် ခက်မငါးဖြာ ထွက်၍ ရင့်ကျက်လေသော် ပလ္လင်ပေါ်၌ တင်ပလ္လင်ခွေထိုင်နေသော ဓမ္မကထိကပုဂ္ဂိုလ်ကဲ့သို့ မိခင်၏ကျောရိုးကို နောက်မှီပြု၍ ဝမ်းရေသို့ မျက်နှာမူလျက် တင်ပလ္လင်ခွေကာ ထိုင်နေသည်ကို ထင်ရှားစွာ မြင်ရလေ၏။

၂၈။ အလောင်းတော် ဖွားမြင်ခြင်း

ကိုယ်ဝန် ရင့်မာ၍ ဆယ်လစေ့သော် မဟာမာယာဒေဝီ သည် ဆွေတော်မျိုးတော်,မယ်တော် ခမည်းတော်တို့၏ နေရာဖြစ်သော 'ဒေဝဒဟ' ပြည်သို့ သွားလိုသောဆန္ဒဖြစ်၍ သုဒ္ဓေါဒနမင်းကြီးအား ပန်ကြားလေ၏။ မင်းကြီးသည် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်တို့ အကြား ငါးယူဇနာ ရှိသော လမ်းခရီးကို ကောင်းစွာရှင်းလင်း တန်ဆာဆင်၍ စစ်အင်္ဂါလေးပါး ဝန်းရံစေလျက် ရွှေထမ်းစင်ဖြင့် ထွက်စေလေ၏။

ယင်းသို့ သွား၍ နှစ်ပြည်ထောင် အကြား၌ နှစ်ပြည်ထောင် သားတို့ ဆွတ်ခူးသုံးဆောင်ရာ သာယာလှသော 'လုမ္ဗိနီ' အင်ကြင်းတောသို့ရောက်၍ ပင်လုံးကျွတ်ပွင့်လျက် တင့်တယ်လှသော အင်ကြင်းပင်ကြီး တပင်အောက်သို့

ဝင်ဆောက် နားလေ၏။ ထိုအခါ အင်ကြင်းပင်၏အခက်သည် ကိုင်းညွှတ်ပေးလေ၏။ မိဖုရားကြီးသည် ထိုသစ်ခက်ကို လှမ်းကိုင်လိုက်သည်နှင့် တပြိုင်နက် ကမ္ပဇလေလှုပ်လေ၏။ မောင်းမကိုယ်လုပ်တို့သည် ချက်ခြင်းပင် တင်းတိမ် ကာရံပေးကြလေ၏။

ထိုခဏ၌ပင် မြေကြီး တုန်လှုပ်ခြင်း စသည် ၃၂ ပါးသောပုဗ္ဗနိမိတ်တို့ တပြိုင်နက် ထင်စွာဖြစ်၍ မယ်တော်သည် ရင်လျက်ငင် ပုလဲရုတနာကဲ့သို့ သန့်ရှင်း စင်ကြယ်စွာ ယောကျ်ားမြတ်တို့၏ လက္ခဏာ ကြီးငယ် များနှင့် ပြည့်စုံသော အလောင်းတော်ကို မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်နေ့ ဝိသာခါနက္ခတ်နှင့် စန်းလနက္ခတ်ယှဉ်လျက် ဖွားမြင်လေ၏။ ဖွားမြင်သည့် ခဏ၌ပင် ကောင်းကင်မှ ရေအယဉ်နှစ်သွယ်တို့သည် မယ်တော်နှင့်အလောင်းတော်တို့အား သွန်းဖျန်းပေးကုန်၏။

ထိုခဏ၌ ရဟန္တာ ဗြဟ္မာကြီး လေးဦးတို့သည် ရွှေကွန်ယက်ဖြင့်ဖြန့်၍ ခံယူကုန်၏။ ထို့နောက် စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့က ချောမွေ့လှသည့် သစ်နက်ရေဖြင့် ခံယူကုန်၏။ ထိုနောက် လူမင်းသားလေးဦးတို့က ဘွဲ့ဖြူပုဆိုးဖြင့် ခံယူလေကုန်၏။

အလောင်းတော်သည် လူတို့လက်မှ မြေကြီးပေါ်ဆင်းသက်၍ အရှေ့အရပ်ကိုမျက်နှာမူကြည့်ရှုသော် အရှေ့ဘက်ရှိ အထောင်မကသော လောကဓာတ်တို့သည် ဟင်းလင်းတပြင်တည်း တစပ်တည်းဖြစ်ကုန်၏။ မရေမတွက်နိုင်သော လူနတ်ဗြဟ္မာအပေါင်းတို့က ပူဇော်ကြလျက် "ဤအရှေ့မျက်နှာ၌ အရှင်ယောကျ်ားမြတ်နှင့်တူသူမရှိပါ။ အရှင်ယောကျ်ားမြတ်ထက် သာလွန်မြင့်မြတ်သူကား အဘယ်မှာရှိပါအံ့နည်း" ဟု ကောင်းချီးပေးကုန်၏။

ဤနည်းအတူ အရပ်ဆယ်မျက်နှာတို့ကို အစဉ်အတိုင်းကြည့်ရှုသော် ထိုအရပ်မျက်နှာအားလုံးမှာပင် မိမိနှင့်တူသောသူ တစုံတယောက်ကိုမျှ မမြင်သောကြောင့် ရပ်တည်ရာမှ မြောက်အရပ်သို့ ခုနစ်လှမ်းကြွသွား၍-

(၂) "အဂ္ဂေါဟ မသို လောကဿ-
ငါသည် လောက၌ အမြတ်ဆုံးဖြစ်၏"

(၂) "ဇောဌာဟ မသို လောကဿ-
ငါသည် လောက၌ အကြီးအကဲဆုံးဖြစ်၏"

(၃) "သေဋ္ဌောဟ မသို လောကဿ-
ငါသည် လောက၌ အချီးမွမ်းအပ်ဆုံးဖြစ်၏"

ဟူသော စကားကြီး သုံးခွန်းတို့ဖြင့် ကြုံဝါးတော် မူလေသော် အလောင်းတော်အား လူနတ်ဗြဟ္မာတို့က ကောင်းချီးပေးကြကုန်၏။

[အလောင်းတော်သည် မဟောသဓာဝ, ဝေဿန္တရာဝ, ဤနောက်ဆုံး ဘဝပေါင်းသုံးဘဝတို့၌သာ ဖွားမြင်စဉ် စကားပြောဆိုလေ၏။]

ဤသို့ အလောင်းတော် ဖွားသည်နှင့် တပြိုင်နက် (၁) ဒေဝဒဟပြည် ယုပဟုဒ္ဓ'မင်း၏ 'အမိတာ' မိဖုရားသည် ဘဒ္ဒကစ္စာမင်းသမီးကိုဖွားမြင်၏။ (၂) သုဒ္ဓေါဒနမင်းကြီး၏ညီတော် 'အမိတောဒန' တွင်လည်း 'အာနန္ဒာ' မင်းသားကို ဖွားမြင်၏။ (၃) ဆန္နအမတ်၊ (၄) ကာဠုဒါယီ အမတ်၊ (၅) ကဏ္ဍကမြင်းတို့လည်း ဖွားမြင်ကုန်၏။ (၆) ဥရုဝေလတောတွင် ဘုရားရှင်ပွင့်ရာ မဟာဗောဓိပင်လည်းပေါက်လာ၏။ (၇) ရှေးနန်းတော် အတွင်း၌ ရှေးအိုးကြီးလေးလုံးတို့ ပေါ်ပေါက်လာကုန်၏။ ယင်းတို့ကား အလောင်းတော်၏ ဖွားဘက်တော် ၇ ဦးတို့ဖြစ်ကုန်၏။

ယင်းသို့ အလောင်းတော်ကိုဖွားမြင်ပြီးသော် နှစ်ပြည်ထောင်မှရောက်လာကုန်သော ဆွေးတော် မျိုးတော်အပေါင်းတို့သည် အလောင်းတော်နှင့် မယ်တော်ကို ကပိလဝတ်နေပြည်တော်သို့ ပြန်ပို့ကြလေ၏။

၂ ။ အလောင်းတော် နှင့် ကာဠဒေဝိလရသေ့

'အသိတ'ဟု ငယ်နာမည် ရှိသော 'ကာဠဒေဝိလ'ပုဏ္ဏားသည် သုဒ္ဓေါဒန မင်းကြီး၏ ငယ်ဆရာလည်းဖြစ်၍ ပုရောဟိတ်လည်းဖြင့်၏။ သာကီဝင်မင်းတို့သည် ဘိသိက်ခံပြီးသည်မှစ၍ မိဘမှတပါးမသာသူတို့အား ရှိခိုးခြင်းမပြုကြကုန်။ သုဒ္ဓေါဒနသည် မင်းဖြစ်သော် ဆရာဖြစ်သော ကာဠဒေဝိလ ပုရောဟိတ်ကို(ငယ်စဉ်အခါကကဲ့သို့) ရှိခိုးခြင်းမပြုပေ။ ထို့ကြောင့် ကာဠဒေဝိလသည် "ဤမင်းသား ငါ့ကို ရှိခိုးအောင် ငါ ရဟန်းပြုအံ့"ဟု ကြံ၍ မင်းကြီးအားပန်ကြားပြီး ရသေ့ရဟန်းပြုလေ၏။

ကာဠဒေဝိလရသေ့သည် မင်းကြီး၏တောင်းပန်ချက်အရ မင်းဥယျာဉ်၌သာနေ၍ မင်းကြီးအား သွန်သင်ဆုံးမလေ့ရှိ၏။ သူသည် ကမ္မဋ္ဌာန်းတရားကို လွန်စွာအားထုတ်သဖြင့် သမာပတ်ရှစ်ပါး, အဘိညာဉ်ငါးတို့ကို ရ၏။ ထိုအခါမှစ၍ သူသည် မင်း၏နန်းတော်, ဟိမဝန္တာ, စဉ္ဒုမဟာရုဇ်, တာဝတိံသာနတ်ပြည်တို့၌လှည့်လည်ကာ နေ့သန့်နေလေ့ရှိ၏။

ဘုရားအလောင်းဖွားမြင်သည့်နေ့မှာ ကာဋ္ဌဒေဝိလရသေ့သည် တာဝတိံသာနတ်ပြည်သို့ကြွရောက်နေ၏။ သူသည် အလောင်းတော်ဖွားမြင်၍ အုတ်အော်သောင်းနင်းပျော်ရွှင်မြူးတူးနေကြသည့် တာဝတိံသာနတ်များကိုမြင်၍ ပျော်မြူးခြင်း၏အကြောင်းကို မေးမြန်းလေ၏။ အကြောင်းစုံကို ကြားသိရလျှင် သူသည် နတ်ပြည်မှ လျင်စွာဆင်းသက်၍ သုဒ္ဓေါဒနမင်းကြီး၏နန်းတော်သို့ကြွပြီး သားတော်အကြောင်းကိုမေးမြန်းလေ၏။

မင်းကြီးသည် သားတော်ကို ယူဆောင်စေ၍ မိခိရင်ခွင်ထဲ ထား ပြီးမှ ရသေ့အားရှိခိုးစေရန် လက်နှစ်ဘက်ကိုယှက်စေ၏။ အလောင်းတော်သည် လက်ယှက်မခံဘဲ ရုတ်ခြည်းပျံတက်၍ ရသေ့၏ဦးထိပ်ပေါ်တွင် ရပ်တည်လေ၏။ ရှင်ရသေ့သည် ထ၍ ရိုသေဦးခိုက် ရှိခိုးလေ၏။ ဘခင်မင်းကြီးသည်း အံ့ဘွယ်သူရဲကိုမြင်ရ၍ သားတော်ကို (ရှေးဦးစွာ)ရှိခိုးလေသတည်း။

ရသေ့သည် ရှေ့နောက်ကမ္ဘာလေးဆယ်စီကိုမြင်နိုင်သော ပုဗ္ဗေနိဝါသ,အနာဂတံသဉာဏ်ကိုရရှိသည်ဖြစ်၍ အလောင်းတော်၏ လက္ခဏာ ကြီးငယ်တို့ကိုမြင်လျှင် "ဘုရားစင်စစ်ကန်ဖြစ်မည့်ယောကျ်ားမြတ်တည်း" ဟု ဝမ်.သာ၍ ပြုံးရယ်လေ၏။

ထိုနောက်မှဆင်ခြင်၍ "အလောင်းတော်ဘုရားဖြစ်မည့် ၃၅ နှစ်အထိ ငါအသက်ရှည်မည်မဟုတ်။ သေသော် ခန္ဓာကိုယ်မရှိသော အရူပဗြဟ္မာ့ဘုံ၌ ဖြစ်၍ တရားနာနိုင်မည်မဟုတ်"ဟု မြင်သဖြင့် ဝမ်းနည်း၍ သည်းစွာငိုပြန်၏။ မင်းကြီးက ရယ်ခြင်း,ငိုခြင်းအကြောင်းကို မေးလျှောက်သော် ရသေ့က အကြောင်းစုံ ဖြေကြားလေ၏။

ထိုနောက် ရှင်ရသေ့သည် မိမိနေရာသို့သွား၍ နှမ၏ သား,တူဖြစ်သူ 'နာဋ္ဌက'သူကြွယ်ကိုခေါ်ပြီး "နာဋ္ဌက၊ သုဒ္ဓေါဒနမင်းကြီး၏ သားတော်သည် အသက် ၃၅ နှစ်တွင် ဘုရားဖြစ်မည်။ ထိုအခါ တရားနာ၍ ကျင့်သဖြင့် နိဗ္ဗာန်ရလေအောင် ယခုကပင် ရဟန်းပြုလော့"ဟု တိုက်တွန်းလေ၏။

နာဋ္ဌကလည်း ထိုနေ့၌ပင် သားမယားနှင့်တကွ ကိုရွှေရှစ်ဆယ်သော ဥစ္စာတို့ကိုစွန့်ပစ်ပြီး ဘုရားအလောင်းရှိရာအရပ်သို့ ရှိခိုးရည်မှန်း၍ ရဟန်းပြုလေ၏။ [ဤ နာဋ္ဌက၏ နောင်အခါ ရဟန္တာဖြစ်ပုံကို နောက်တွင် အခန်း (၆၄)၌ ဖော်ပြထားပေ၏။]

၃၀။ အလောင်းတော်၏လက္ခဏာကို ဖတ်ကြခြင်း

မင်းကြီးသည် အလောင်းတော် ဖွားပြီးနောက် ငါးရက်မြောက် နေ့၌ အမည်မှည့်ရန်,မင်္ဂလာပြုရန် စီစဉ်လေ၏။ နန်းတော်တခုလုံးကို ဆေးကြောသုတ်သင်, နံ့သာအခိုးတို့ဖြင့် လိမ်းကျံပက်ဖျန်း၊ ပန်းမျိုးစုံတို့ကို ဖြန့်ကြဲစေလေ၏။သားတော်ကို နံ့သာရေဖြင့် ခုနစ်ကြိမ် ရေချိုးစေ၍ ရတနာဖြင့်ပြီးသော နေရာမြတ်ပေါ်တွင် တင်ထားစေ၏။ ထိုနောက် ဗေဒင်ပါရဂူ ပုဏ္ဏား ၁၀၈ ယောက်တို့ကိုခေါ်ကာ နို့ဆနာဖြင့်ကျွေးမွေး၍ ဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်ပြီး သားတော်၏လက္ခဏာကို စစ်ဆေးမေးမြန်းလေ၏။

ထိုပုဏ္ဏား ၁၀၈ ဦးအနက် 'ရာမ, ဓဇ, လက္ခဏ, ဇောတိမန္တ, ယည, သုဗောဓ, သုယာမ''ဟူသော ပုဏ္ဏား ခုနစ်ဦးတို့က အလောင်းတော်၏လက္ခဏာများကို ကြည့်ရှုပြီး လက်နှစ်ချောင်းကိုထောင်ပြလျက် "အရှင့်သားတော်သည် ဤသို့သောယောကျ်ားမြတ် (မဟာပုရိသ)၏ လက္ခဏာများနှင့်ပြည့်စုံသဖြင့် လူ့ဘောင်၌နေသော် စကြဝတေးမင်းဖြစ်လတံ့။ ရဟန်းပြုသော် ဘုရားစင်စစ်ကေန် ဖြစ်လတံ့''ဟု ဟောကြလေ၏။

'ကောဏ္ဍည'အနွယ်ဖြစ်သော 'သုဒတ္တ'အမည်ရှိ ပုဏ္ဏားလုလင်ငယ်ကမူ လက်တချောင်းကိုသာထောင်ပြလျက် "အရှင့်သားသည် ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀၊ ၁၀၈ ကွက်သော စက်လက္ခဏာ အစုံပါနေပါသဖြင့် ဘုရားစင်စစ်သာ ကေန်ဖြစ်ပေလတံ့''ဟု ရဲရဲကြီး ဟောလိုက်လေ၏။

ထိုအခါ မင်းကြီးက "ငါ့သားသည် အဘယ်ကို မြင်၍ လူ့ဘောင်ကို စွန့်ပြီး တောထွက် ရဟန်းပြုလတံ့နည်း''ဟု မေးသော် ကောဏ္ဍညပုဏ္ဏားက "အရှင့်သားသည် သူအို, သူနာ, သူသေ, ရဟန်း ဟူသော နိမိတ်ကြီး လေးပါးကို မြင်၍ သတိသံဝေဂရပြီး တောထွက်ပါလိမ့်မည်''ဟု လျှောက်လေ၏။

မင်းကြီးသည် သားတော်၏ ရဟန်းဖြစ်ခြင်းကို မနှစ်သက်၊ စကြဝတေးမင်း ဖြစ်သည်ကိုသာ မြင်လိုရကား ပြည်တွင်း, ပြည်ပ တဂါဝုတ်မျှသော အရပ်၌ ထိုပုဂ္ဂိုလ် လေးဦးကို မြင်ဘို့မဆိုထားဘို၊ ကြားပင် မကြားရလေအောင် အစောင့်များ တင်းကြပ်စွာ ချထားလေ၏။

မင်းသား၏အမည်ကို ရွေးချယ်ကြသော် အလောင်းတော်သည် လူနတ်အားလုံး၏အလိုခပ်သိမ်းကိုပြီးငြိမ်းစေတတ်သောကြောင့်'သိဒ္ဓတ္ထ' မင်းသား

ဟု အမည်မှည့်ကုန်၏။ အလောင်းတော် ဖွားမြင်ပြီး ခုနှစ်မြောက်နေ့တွင် မယ်တော် 'မဟာမာယာ' သည် သက်တော် ၅၆ နှစ်တွင် အေးဆေးသက်သာချမ်းသာစွာဖြင့် နတ်ရွာစံပြီး ဘုရားမယ်တော်တို့၏ ဖြစ်ရာ တုသိတာ နတ်ပြည်ဝယ် 'သန္တုသိတ' မည်သော နတ်သား ဖြစ်လေ၏။

၃၁။ မဟာပုရိသ လက္ခဏာတော်ကြီး ၃၂ ပါး

ယောက်ျားမြတ် (ဘုရားလောင်း) ဟူ၍ မြင်ကြောင်း အမှတ်အသား လက္ခဏာတော်ကြီးသည် ၃၂ ပါး ရှိကုန်၏။ ၎င်းတို့မှာ-

(၁) မြေ၌နင်းသောအခါ တပြင်လုံး ညီညာစွာတည်ထိသော ဖဝါးပြင် ရှိခြင်း။

(၂) ခြေဖဝါးပြင်နှစ်ခုလုံး၌ ၁၀၈ ကွက်သော စက်လက္ခဏာများ ပါရှိခြင်း။

(၃) ရှည်လျား ပြည့်ဖြိုးသော ဖနောင့်ရှိခြင်း။

(၄) ရှည်သွယ်ညီညာသော ခြေချောင်း လက်ချောင်းများ ရှိခြင်း။

(၅) နူးညုံသိမ်မွေ့လှစွာသော ခြေဖဝါးပြင်,လက်ဖဝါးပြင် ရှိခြင်း။

(၆) အတိုအရှည်ညီ၍ အကြားမရှိ, ရွှေပွတ်တိုင်ကဲ့သို့ စေ့စပ်ညီညာသော 'လက်မနှစ်ခုမှတပါး' လက်ချောင်း ရှစ်ချောင်းနှင့် ခြေချောင်း ဆယ်ချောင်း ရှိခြင်း။

(၇) ခြေဖမိုးအထက် အနည်းငယ်မြင့်သော ခြေဖမျက်များ ရှိခြင်း- "အလောင်းတော်သည် သွားသည့်အခါ ရှေ့နောက် ဝဲယာ လေးမျက်နှာမှ ခြေဖဝါးအပြင်ကို မြင်ကြရကုန်၏"

(၈) သလုံးမြင်းခေါင်း ရိုးများ၏ ပတ်လည် ဝန်းကျင်၌ အသားစိုင် ညီညွတ်စွာရှိ၍ သလုံးမြင်းခေါင်းရိုးမ ပေါ်, ပြည့်ဖြိုး ညီညာသော သလုံးမြင်းခေါင်း ရှိခြင်း။

(၉) ကိုယ်မှာ အထက်ပိုင်း အောက်ပိုင်း အချိုးအစား ညီညာသဖြင့် မတ်မတ်ရပ်လျက် ကိုယ်ကို မကိုင်းရဘဲ လက်ဖဝါးနှစ်ဘက်ဖြင့် ပုဆစ်ဒူးဝန်း နှစ်ဘက်ကို သုံးသပ် ထိတွေ့နိုင်ခြင်း။

(၁၀) အအိမ်ဖြင့်-အရေခွံဖြင့် ကောင်းမွန်လုံခြုံစွာ ဖုံးအုပ်ထားအပ်သော ယောက်ျားအင်္ဂါရှိခြင်း။

(၁၁) ရွှေစင်အဆင်းကဲ့သို့ ဝါဝင်းသော အရေရှိခြင်း။

(၁၂) ပဒုမာကြာရွက်တွင် ရေမတင်ဘဲ လျောကျသကဲ့သို့ မြူမှုန်များ မကပ်ငြိ, လျောကျ သွားလောက်အောင်ပင် ချောမွတ် နူးညံ့ သိမ်မွေ့သော အရေရှိခြင်း။

(၁၃) မွေးညှင်းတွင်း တတွင်းစီ၌ မွေးညှင်းတပင်စီသာ ပေါက်ရောက်ခြင်း။

(၁၄) မွေးညှင်းအားလုံး အဖျားကော့လျက် ရှိခြင်း။

(၁၅) ဗြဟ္မာ့မင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိခြင်း။

(၁၆) ခြေဖမိုး နှစ်ခု, လက်ဖမိုး နှစ်ခု, ပခုံး နှစ်ခု, လည်ကုပ်-ဟူသော ခုနစ်ဌာနတို့၌ အရိုး အဆက်များ မမြင်နိုင်အောင် ပြည့်ဖြိုးသော အသားရှိခြင်း။

(၁၇) ထိုထို ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၌ အသားစိုင်များ ပြည့်ဖြိုး၍ အတင့်တယ်ဆုံးသော ကိုယ်တော်ရုပ်သွင် ရှိခြင်း။

(၁၈) ခါးမှစ၍ အထက်လည်ကုပ် အထိ အလယ်၌ ရေစီးကြောင်း အကြား မထင်, ပြည့်ဖြိုးသော ကျောက်ကုန်း ရှိခြင်း။

(၁၉) အရပ်နှင့် အလံတော် ညီမျှစွာ ရှိခြင်း။

(၂၀) စကားပြောသည့်အခါ အကြောများ မထဘဲ, ညီညာလုံးချော ပြေပြစ်သော လည်တိုင် ရှိခြင်း။

(၂၁) နှမ်းလုံးမျှ နည်းလှ ငယ်လှသော အရသာကိုပင် တကိုယ်လုံး ပျံ့နှံ့အောင် ဆောင်နိုင်သည့် ခုနစ်ထောင်သော အကြောတို့ အဖျား အပ်,လည်မှာ စွပ်လျက် စုလျက်ရှိခြင်း။

(၂၂) ခြင်သေ့မင်း၏ မေးကဲ့သို့ ပြုံးတော့မည့် အရိပ်အရောင် သွေးနေသည့် ပြည့်ဖြိုးသော မေး ရှိခြင်း။

(၂၃) အထက် ၂၀, အောက် ၂၀-ဟူ၍ သွားတော်အချောင်း ၄၀ အတိအကျ ရှိခြင်း။

(၂၄) သွား ၄၀ လုံး တညီတည်း တသားတည်း ညီညွတ်စွာ ရှိခြင်း။

(၂၅) သွားတော်အားလုံး မကျဲမကွာ,အကြားမရှိ, စေ့စပ်စွာရှိခြင်း။

(၂၆) လွန်စွာ စင်ကြယ်ဖြူဝင်း၍ အရောင်တလက်လက်ထွက်နေသော စွယ်တော် ၄ ချောင်း ရှိခြင်း။

(၂၇) နှာခေါင်း,နားတွင်းများကို ထိနိုင်လောက်အောင် ရှည်လျား၍ နဖူးပြင်ကို ဖုံးအုပ်နိုင်အောင် ကျယ်ပြန့်နူးညံ့သော လျှာရှိခြင်း။

(၂၀) ပြဟ္မာမင်း၏ အသံကဲ့သို့ "သန့်ရှင်း, သိသာ, သာယာ, နာချင်ဖွယ်, လုံးလုံးလဲလဲ, မအက်မကွဲ, နက်နဲ, ပဲ့တင်ထပ်ခြင်း" ဟူသော အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသည့်အသံ ရှိခြင်း။

(၂၉) မျက်နှာဝန်းမှာ ညိုရဲ့ ကြည်နေသည့် မျက်လုံးရှိခြင်း။

(၃၀) ဖွားသစ်စ, နွားနို့ငယ်၏ မျက်လုံးကဲ့သို့ ပြူးမထွက်, ချိုင့်မဝင်, ပြေပြစ်သန့်ရှင်းသော မျက်ဝန်းနှင့် အစိအရိပေါက်ဆောက်သည့် သိမ်မွေ့. စိုပျို့ ညိုသောမျက်မွေးများ ရှိခြင်း။

(၃၁) မျက်ခုန်းနှစ်ဘက်၏အလယ်ချက်၌ အပျားကော့မော့ကာ လက်ျာရစ်ခွေလျက် တည်ရှိ ဆန့်လိုက်လျှင် နှစ်တောင်ခန့် ရှည်သော လွန်စွာ နူးညံ့ ပြူစင်လှသည့် ဥဏ္ဏာလုံ မွေးရှင်တော် ပေါက်ထွက်ခြင်း။

ထောက်ခြင်း။

(၃၂) နားပန်းစွန်း နှစ်ခုအကြား နဖူးပြင်တခုလုံး၌ ညီညာ ပျံ့.ပျူး ပြည့်ဖြိုး၍ အထောင်တလက်လက် ထွက်သော နဖူးသင်းကျစ် အသားလွှာပါရှိ၍ နောက်စေ့.မထွက်, နှစ်ခြမ်းမကွဲ, အသား ပြည့်ဖြိုးသည့် ဦးခေါင်း ရှိခြင်း။

၃၂။ လက္ခဏာတော်ငယ် ရှစ်ဆယ်

၃၂ ပါးသော မဟာပုရိသ လက္ခဏာတော်ကြီးတို့၏ အရံ ဖြစ်သော (အသိုက် အနုဗျည်နု) ခေါ် လက္ခဏာတော်ငယ် ရှစ်ဆယ် တို့နှင့်လည်း အလောင်းတော် ပြည့်စုံပေ၏။

ယင်း လက္ခဏာတော်ငယ် ရှစ်ဆယ်တို့မှာ-

(၁) မကြွားမလပ်, ဇစ်စပ်သော လက်ချောင်း, ခြေချောင်း ရှိခြင်း။

(၂) အရင်းမှ အဖျားတိုင် အစဉ်သဖြင့် သွယ်ပျောင်းသော လက်ချောင်း ခြေချောင်း ရှိခြင်း။

(၃) လုံးသော လက်ချောင်း ခြေချောင်း ရှိခြင်း။

(၄) နီမြန်းသော လက်သည်း ရှိခြင်း။

(၅) မြင့်-ချွန်း-ညွတ်သော လက်သည်းရှိခြင်း။

(၆) သိမ်မွေ့.ပြေပြစ်သော လက်သည်းရှိခြင်း။

(၇) မရှိုက်မမို-မထင်ရှားဘဲ ပြေပြစ်သော ဖမျက်ရှိခြင်း။

(၈) ခြေချောင်း ၁၀ ချောင်းလုံးအဖျားညီခြင်း။

(၉) ဆင်မင်းကဲ့သို့ တင့်တယ်စံပယ်စွာ သွားခြင်း။
(၁၀) ခြသေ့်မင်းကဲ့သို့ တင့်တယ် စံပယ်စွာ သွားခြင်း။
(၁၁) ဟသ်ာမင်းကဲ့သို့ တင့်တယ်စွာ စံပယ် စွာသွားခြင်း။
(၁၂) နွားမင်း ဥသဘကဲ့သို့ တင့်တယ် စံပယ်စွာ သွားခြင်း။
(၁၃) လက်ျာရစ်လည်၍ သွားခြင်း။
(၁၄) ထက်ဝန်းကျင်မှ ရှုချင်စဘွယ် တင့်တယ်သော ပုဆစ်ဖူးဝန်း ရှိခြင်း။
(၁၅) ပြည့်စုံအောင်မြောက်သော ဃောက်ျားနိမိတ် ရှိခြင်း။
(၁၆) လက်ျာရစ်လည်သော အရေးအကြောင်း မပေါက်မပြတ်သော ချက် ရှိခြင်း။
(၁၇) နက်သောချက် ရှိခြင်း။
(၁၈) လက်ျာရစ်လည်သော အရေးအကြောင်းရှိသည့်ချက် ရှိခြင်း။
(၁၉) ဆင်နှာမောင်းနှင့်တူသော ပေါင်,လက်ရုံး ရှိခြင်း။
(၂၀) အချိုးအစား အနေအထားကျနသော ကိုယ်ရှိခြင်း။
(၂၁) အစဉ်အတိုင်း ရွှေ့ရွှေ့တက်သော = အထက်ပိုင်း အောက်ပိုင်း အဆင်ပြေသောကိုယ် ရှိခြင်း။
(၂၂) ပြေပြစ်သောကိုယ် ရှိခြင်း။
(၂၃) မရှိုက်မမိုသောကိုယ် ရှိခြင်း။
(၂၄) မတွန့်မလိပ်သောကိုယ် ရှိခြင်း။
(၂၅) မွဲစသည်မှကင်းသောကိုယ် ရှိခြင်း။
(၂၆) အစဉ်အတိုင်း ပြိုးပြိုးပြက်သောကိုယ် ရှိခြင်း။
(၂၇) အထူးသန့်ရှင်းစင်ကြယ်သောကိုယ် ရှိခြင်း။
(၂၈) ဆင်ပြောင်များစွာတို့၏အားကိုဆောင်နိုင်သောအားရှိခြင်း။
(၂၉) မြင့်တက်သောနှာခေါင်း ရှိခြင်း။
(၃၀) အလွန်နီမြန်းသောသွားဖုံး ရှိခြင်း။
(၃၁) စင်ကြယ်သောသွား ရှိခြင်း။
(၃၂) သိမ်မွေ့ပြေပြစ်သောသွား ရှိခြင်း။
(၃၃) စင်ကြယ်သော မျက်စိစသည်ဣန္ဒေ ရှိခြင်း။
(၃၄) လုံးသောစွယ်တော် ရှိခြင်း။
(၃၅) နီမြန်းသောနှုတ်ခမ်း ရှိခြင်း။
(၃၆) ရှည်သောခံတွင်း ရှိခြင်း။

(၃၇) နက်သောလက္ခကာအရေးအသား ရှိခြင်း။
(၃၈) ရှည်သောလက္ခကာအရေးအသား ရှိခြင်း။
(၃၉) မကွေ့မကောက် ပြောင့်သောလက္ခကာအရေးအသား ရှိခြင်း။
(၄၀) နှစ်လိုဘွယ်သောသဏ္ဌာန်ရှိသော အရေးအသား ရှိခြင်း။
(၄၁) ထက်ဝန်းကျင်ဝိုင်းဝန်းသောကိုယ်ထောင် ရှိခြင်း။
(၄၂) ပြည့်ဖိုးသောပါးပြင် ရှိခြင်း။
(၄၃) ရှည်လျားကျယ်ပြန့်သော မျက်ကွင်း,မျက်လုံး ရှိခြင်း။
(၄၄) 'ညို-ဝါ-နီ-ဖြူ-မဲ'ဟူသော အဆင်း ၅ ပါးဖြင့် အလှန်ကြည်လင်သော မျက်လုံး ရှိခြင်း။
(၄၅) အဖျားကောဲသော မျက်တောင်,မွေးညှင်း ရှိခြင်း။
(၄၆) နူးညံ့ပါးလွှာနိမ့်မြန်းသောလျှာ ရှိခြင်း။
(၄၇) ရှည်လျားတင့်တယ် နှစ်လိုဘွယ်သော နှာရှိခြင်း။
(၄၈) အဖုအထစ်,အထုံးအပွဲကင်းသည့် အကြော ရှိခြင်း။
(၄၉) မရှိုက်မမိုသော-မပေါ်လွင်မထင်ရှားသောအကြော ရှိခြင်း။
(၅၀) လုံးဝန်းသောဦးခေါင်း ရှိခြင်း။
(၅၁) ရှည်လျားကျယ်ပြန့် တင့်တယ်သော နဖူးရှိခြင်း။
(၅၂) ပဲင်ကိုယ် တင့်တယ်စွာ တည်နေသော မျက်မှောင်, မျက်ခုန်း ရှိခြင်း။
(၅၃) နူးညံ့သိမ်မွေ့သော မျက်မှောင်မျက်ခုန်း ရှိခြင်း။
(၅၄) ညွတ်ညွတ်တက်သော မျက်မှောင်မျက်ခုန်း ရှိခြင်း။
(၅၅) ကြီးသော မျက်မှောင်မျက်ခုန်း ရှိခြင်း။
(၅၆) ရှည်သွယ်သော မျက်မှောင်မျက်ခုန်း ရှိခြင်း။
(၅၇) သိမ်မွေ့သောကိုယ် ရှိခြင်း။
(၅၈) အလွန်ချမ်းအေးသော ကိုယ် ရှိခြင်း။
(၅၉) အလွန်ထွန်းပသောကိုယ် ရှိခြင်း။
(၆၀) အညစ်အကြေးကင်းသောကိုယ် ရှိခြင်း။
(၆၁) မစေးမထိုင်း, အမြဲသွက်လက်သော ကိုယ် ရှိခြင်း။
(၆၂) သိမ်မွေ့ပြေပြစ်သောကိုယ် ရှိခြင်း။
(၆၃) မွေးကြိုင်သောကိုယ် ရှိခြင်း။
(၆၄) တို-ရှည်ညီညွတ်သော မွေးညင်း ရှိခြင်း။
(၆၅) မစေးမထိုင်းသောမွေးညင်း ရှိခြင်း။

(၆၆) မွေးညင်းတိုင်း လက္ခဏာရစ်လည်၍ တည်ရှိခြင်း။
(၆၇) ညိုသောမွေးညင်း ရှိခြင်း။
(၆၈) လုံးသောမွေးညင်း ရှိခြင်း။
(၆၉) သိမ်မွေ့သောမွေးညင်း ရှိခြင်း။
(၇၀) အလွန်သိမ်မွေ့သော ထုက်သက် ဝင်သက်ကို ဆောင်ခြင်း။
(၇၁) ပေးကြိုင်သောခံတွင်း ရှိခြင်း။
(၇၂) ပေးကြိုင်သောဦးထိပ် ရှိခြင်း။
(၇၃) အလွန်မည်းနက်သော ဆံတော် ရှိခြင်း
(၇၄) လက္ခဏာရစ်လည်သော ဆံတော် ရှိခြင်း။
(၇၅) ပင်ကိုယ်တင့်တယ်စံတည်နေဟန် ကောင်းသောဆံတော် ရှိခြင်း။
(၇၆) သိမ်မွေ့နူးညံ့သော ဆံတော် ရှိခြင်း။
(၇၇) မရောယှက်သော ဆံတော် ရှိခြင်း။
(၇၈) အတိုအရှည်မဂို,တူညီသော ဆံတော် ရှိခြင်း။
(၇၉) မစေးမထိုင်းသော ဆံတော် ရှိခြင်း။
(၈၀) ဦးထိပ်တော်၌ ထွန်းတောက်နေသော ရောင်လျှံ ရှိခြင်း။

၃၄။ တရားရှစ်ကွက် စက်လက္ခဏာ

အလောင်းတော်၏(လက္ခဏာတော်ကြီး အမှတ် ၂-တွင်ပါရှိသော) ခြေဖဝါးပြင်နှစ်ဘက်လုံးတွင် တထောင်သော အကန့်အကွက်ပုံတောင်းအချက်တို့နှင့်တကွ ၁၀၈ ကွက် စက်အင်္ဂါအမှတ်အသားများ ပါရှိပေ၏။

ယင်း ၁၀၈ ကွက် စက်လက္ခဏာတို့မှာ....

(၁) လှံမ။
(၂) ကြက်သရေတိုက်။
(၃) ဇလပ်ပန်း။
(၄) လည်ရေးသုံးဆင့်။
(၅) ဦးဆောက်ပန်း။
(၆) ထမင်းပဲ့။
(၇) အင်ပျဉ်ဝန်း=ရှေ့သလွန်တော်။
(၈) ခွန်းတောင်း။
(၉) ပြာသာဒ်။
(၁၀) တံခါးတိုင်။
(၁၁) ထီးဖြူ။
(၁၂) သန်လျက်။
(၁၃) ထန်းရွက်ယပ်ဝန်း။
(၁၄) ဥဒေါင်းမြည်းစည်းယပ်။
(၁၅) သင်းကျစ်တော်။
(၁၆) ပတ္တမြားကျောက်မျက်။
(၁၇) စားတော်ခွက်။

(၁၈) မုလေးပန်းဆိုင်း။
(၁၉-၂၃) ကြာ ၅ မျိုး။
(၂၄-၂၅)မုန်ညင်းစေ့စသည်ဖြင့်
ပြည့်သောအိုး+ဖလား။
(၂၆) သမုဒ္ဒရာ။
(၂၇) စကြဝဠာတောင်။
(၂၈) ဟိမဝန္တာတောင်။
(၂၉) မြင့်မိုရ်တောင်
(၃၀-၃၄)နေဝန်း,လဝန်း။
(၃၅) နက္ခတ်များ။
(၃၆-၃၆) ကျွန်းကြီး လေးကျွန်း။
(၃၇) စကြာမင်း။
(၃၈) လက်ျာရစ် ခရုသင်းဖြူ။
(၃၉) ဖွေးကြင်း အစုံ။
(၄၀) လက်နက်စက်။
(၄၁-၄၇) ဂင်္ဂါမြစ်ကြီး ခုနစ်မြစ်။
(၄၈-၅၄) တောင်စဉ် ခုနစ်ထပ်။
(၅၅-၆၁) သီဒါ ခုနစ်တန်။
(၆၂) ဂဠုန်။
(၆၃) မိကျောင်း။
(၆၄) တံခွန်လျား။
(၆၅) တံခွန်ကုက္ကား။
(၆၆) ဖွေသံလျင်း။
(၆၇) သားမြီးယပ်။
(၆၈) ကေလာသဒ္ဒေတောင်။
(၆၉) ခြသေ့မင်း။
(၇၀) ကျားမင်း။
(၇၁) ဝလာဟကမြင်းမင်း။
(၇၂) ဆဒ္ဒန်ဆင်မင်း။
(၇၃) နဂါးမင်း။
(၇၄) ဖွေဟာသံ့မင်း။
(၇၅) နွားမင်း။
(၇၆) ဖောဝက်ဆင်မင်း။
(၇၇) ဖွေမကရ်း။
(၇၈) ဖွေလှေ့။
(၇၉) ပြဟ္မာမင်း။
(၈၀) သားနှင့်တကွသော နို့စား
နွားမ။
(၈၁) ကိန္နရာဖို-မ။
(၈၂) ကရဝိက်ငှက်မင်း။
(၈၃) ဥဒေါင်းမင်း။
(၈၄) ကြိုးကြာငှက်မင်း။
(၈၅) စကွဝါက်ငှက်မင်း။
(၈၆) ဇီဝဇီးငှက်မင်း။
(၈၇-၉၂) နတ်ပြည်ခြောက်ထပ်။
(၉၃-၁၀၈)ရူပါဝစရ ပြဟ္မာ
၁၆ ထပ်။

၃၄။ အလောင်းတော်၏ သူငယ်ဘဝ

အလောင်းတော် နာမည်ပေး မင်္ဂလာပြုသော နေ့၌ စုဝေးရောက်လာကြသော ဆွေတော် မျိုးတော် အပေါင်းမှ အလောင်းတော်၏ အခြံအရံအဖြစ် မင်းသားတဦးစီကို ဆောင်နှင်းပေးကြရ၏။ အထိန်းအယ မောင်းမ

ကိုယ်လုပ်တော်တို့ကိုလည်း အပ်နှင်းရလေ၏။ မင်းကြီးသည် အထိန်းတော် မိန်းမပေါင်း ၂၄၀ ကို ရွေးချယ် ခန့်ထားလေ၏။

အလောင်းတော် ဖွားမြင်ပြီးနောက် ခုနစ်ရက် မြောက်၌ မယ်တော်သည် စုတေ၍ တုသိတာနတ်ပြည်၌ 'သန္တုသိတ' မည်သော နတ်သားဖြစ်လေ၏။ မယ်တော် စုဘေသော် မိထွေးတော်ဖြစ်သော (မင်းကြီး၏ မြောက်နှန်းစံ မိဖုရား) 'မဟာပဇာပတိဂေါတမီ' သည် သားမတော်ရင်း နန္ဒမင်းသားကို နို့ထိန်းတို့အား အပ်နှင်း၍ အလောင်းတော်ကို မိမိကိုယ်တိုင် နို့တိုက်၍ မွေးမြူလေ၏။

သားတော် တလ အရွယ်ရောက်သော် ဘခင် သုဒ္ဓါဒနမင်းကြီးသည် များစွာသော မှူးမတ်ဗိုလ်ပါ အခြံအရံဖြင့် ထွက်၍ လယ်ထွန်မင်္ဂလာကို ပြုလေ၏။ သားတော်ကို အနီးရှိ ဇမ္မု။ သပြေပင်ကြီးအရင်းဝယ် ခင်းကျင်းထားရာ စီမံအပ်သော နေရာ၌ အထိန်းတော်မိန်းမများ၏ အစောင့်အရှောက်ဖြင့် သိပ်ထားပေ၏။

ထိုမိန်းမများသည် မင်းကြီး၏ လယ်ထွန်မင်္ဂလာသဘင်ကို ရှုမျှော်လျက် မွေ့လျော်နေစဉ် အလောင်းတော်သည် သိပ်ထားသည့် နေရာကွင် တင်ပလ္လင်ခွေထိုင်ကာ အာနပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းသဖြင့် ပထမဈာန်ကို ဝင်စားနေလေ၏။ အလောင်းတော်၏ အာနုဘော်ကြောင့် ဇမ္မု။ သပြေပင်ရိပ်သည် နံနက်မှ ညနေအထိ မပြောင်းရွေ့ဘဲ ထိုးမိုးထားသကဲ့သို့ တည်နေ၏။ နို့ထိန်းမိန်းမတို့သည် နောက်မှသတိရ၍ တင်းတိမ်တွင်းသို့ ဝင်၍ ကြည့်သော် အလောင်းတော်၏ သမာပတ် ဝင်စားနေသော အခြင်းအရာ နှင့်တကွ သပြေပင်ရိပ် မပြောင်းရွေ့သည်ကို မြင်လျှင် မင်းကြီးထံသွား၍ အကြောင်းကြားကြလေ၏။ မင်းကြီးသည် လျှင်စွာလာ၍ ထိုအခြင်းအရာကို မြင်လျှင် ရှင်လန်းဝမ်းမြောက်စွာ လက်အုပ်ချီ၍ ရှိခိုးလေ၏။ (ဒုတိယအကြိမ်)

အလောင်းတော်သည် အစဉ်အတိုင်း ကြီးပွား၍ ခုနစ်နှစ်အရွယ် ရောက်သော် မင်းကြီးသည် မှူးမတ်များနှင့်တိုင်ပင်ပြီး သားတော်ရေပွဲသဘင်ပျော်ရွှင်နိုင်စေရန် လက်သမား ရေကန်တူးသမားတို့အား "ဤမည်သောနေရာ၌ လှပ ကြီးကျယ်သော မင်္ဂလာရေကန်ကို စီမံကြလော့" ဟု စေခိုင်းလေ၏။ ထိုလူတို့သည် ထိုနေ့တွင် ရေကန်တူးရာနေရာကို တိုင်းတာသတ်မှတ်၍ တူးကုန်သွားလေ၏။

ထိုအခါ သိကြားမင်းသည် ထိုအကြောင်းကို . သိမြင်သဖြင့် ဝိသကြံ့ နတ်သားအား "အလောင်းတော်အတွက် ရေကန်ကို သင်သွား၍ ဖန်ဆင်းခဲ့" ဟု စေခိုင်းလေ၏။ ဝိသကြံ့သည်သွား၍ မြို့လေးမျက်နှာ၌ ညအချိန်တွင် တဂါဝုတ်မျှ ကျယ်သော ရေကန်ကို ဖန်ဆင်းလေ၏။

ထိုရေကန်၌ကား ရတနာခုနစ်ပါးဖြင့်ပြီးသော ရေကန်အနား ခွနစ်ရစ်၊ တံတိုင်းသုံးထပ်၊ စောင်းတန်းလှေကား ခုနစ်သွယ်နှင့် တကွသော ရေဆိပ်ခုနစ်ခု ပါရှိ၏။ ရေစဉ် ရွှေသလဲ, ငွေသလဲကို ဖြန့်ကြဲထား၏။ ရေကန်ထဲ၌ ရတနာလေ့ ဖောင်သမ္မန်များ ဖန်ဆင်းထား၍ တလှိုင်လှိုင် မွှေးကြိုင်နေသည့် ကြာမျိုး ခုနစ်မျိုးကို တကန့်စီ အဖူးအငုံတို့ဖြင့် ဝေဆာစွာ ဖန်ဆင်းထားလေ၏။

နံနက်လင်းသော် လူတို့သည် ထူးဆန်း အံ့သြဘွယ်သော ထိုရေကန်ကို မြင်ကြရလျှင် မင်းကြီးအား လျှောက်ကြားကြလေ၏။ မင်းကြီးသည် အားရဝမ်းသာထွက်ကာ "ငါ့သားတော်ဘုန်းကံကြောင့် နတ်မင်းဖန်ဆင်းပေးလာ၏" ဟု ဝမ်းသာလှသဖြင့် သားတော်အား ဆောင်နှင်းပေးလေ၏၊ အလောင်းတော်သည် ခြွေရံများစွာနှင့် ထိုရေကန်ထဲဝယ် ပျော်ရွှင်စွာ ရေကစားလေ၏။

၃၅။ အလောင်းတော်အတွက် - သတို့သမီး ဆက်ခိုင်းခြင်း

အလောင်းတော်သည် ၁၆ နှစ် အရွယ်သို့ ရောက်လေသော် မင်းကြီးသည် ညတုသုံးလီနှင့် လျော်ညီသော ရာသီဥတုအလိုက် နေထိုင်ရန် သင့်တော်သော-

(၁) ဘုံကိုးဆင့်ရှိ ရမ္မ မည်သော ဆောင်းရာသီ စံနန်းတော်၊
(၂) ဘုံငါးဆင့်ရှိ သုရမ္မ မည်သော နွေရာသီစံနန်းတော်၊
(၃) ဘုံခုနစ်ဆင့်ရှိ သုဘမည်သော မိုးရာသီစံနန်းတော်-

ဟူ၍ ရွှေနန်းပြာသာဒ်သုံးဆောင်အတွင်း၌လည်း ရာသီအလိုက် ဝတ်ဆင်နေထိုင်ရန် အဝတ်အစား, ပရိဘောဂ, နံရံဆေးရေးပန်းချီ စသည့် တန်ဆာများဖြင့် ဆင်ယင်ထားကာ ပြုလုပ်စေလေ၏။

မင်းကြီးသည် ထိုရွှေနန်းသုံးဆောင်တို့ကို သားတော်အား အပ်နှင်းပြီးသော်-

"ငါ့သားတော် အရွယ်ရောက်ချေပြီ။ မင်းမိဖုရားတို့ ခစားဝန်းရုံလျက် နိုင်ငံတော်ကို အုပ်ချုပ်၍ မင်းလုပ်စိမ့်မည်။ ပယာ သားတို့နှင့် ပျော်ပါး ကပ်ငြိကာ လူ့စည်းစိမ်၌ မွေ့ပျော်နေမှ စကြာမင်းဥစ္စာသည်ကို ငါမြင်ရ ချိမ့်မည်။ စကြာမင်းအာဘ ငါအခါခံရချိမ့်မည်"ဟု ကြံစည်၍ ဆွေတော် မျိုးတော်ထံသို့ သားတော်အတွက် သမီးရတနာပို့ဆက်လာရမည့်အကြောင်း ရွှေပေလွှာဖြင့် မှူးမာတ်တို့အား ရာဇသံကို ပို့စေ၏။

ထိုရာဇသံကို ကြားသော် 'ဒေဝဒဟ'ပြည်, ကငိုလဝတ်ပြည်၌ ရှိကုန် ကုန်သော သုပ္ပဗုဒ္ဓမင်း အစရှိသည့် ဆွေတော်မျိုးတော်အချို့က "ဤသိဒ္ဓတ္ထ မင်းသားသည် ဘုရားဖြစ်လတံ့ဟု ပုဏ္ဏားတို့က မြွောက်စားသော စကားကို မှီ၍ ဂုဏ်မာန်တက်ပြီး အဋ္ဌာရသအတတ် ၁၈-ရပ်တွင် တခုကိုမျှ မသင်ယူ။ အဆင်းသာလှ၍ စွမ်းပကားပညာ မရှိရကား ပေါက်ပန်းနှင့်သာ တူဘိ၏။ ရန်သူတို့ လာတိုက်ခိုက်လျှင် လွှင့်ဘို့သာရှိသည်။ ငါတို့ရင်သွေးကို ပေးရန် မသင့်"ဟု ဆိုကြ၏။

မင်းကြီးသည် မှူးမတ်များထံမှ ထိုစကားကိုကြားရသော် သားတော်၏ စွမ်းပကားကို မသိရသေးကား သားတော်ထံသွား၍ ထိုအကြောင်းကိုပြော ကြားပြီး မင်းတို့အတတ် ၁၈ ရပ်ကို သင်ယူရန် တိုက်တွန်းလေ၏။ ထိုအခါ အလောင်းတော်က "ဘခင်၊ သားတော်မှာ ပညာသင်ဘွယ် မရှိ။ ဘနွေ ကတဲက တတ်မြောက်ပြီး ဖြစ်ပါ၏။ ကြည့်လိုသော အတတ်ကို တခု ပြပါ မည်"ဟု လျှောက်၏။

ဘခင်မင်းကြီးလည်း ထိုစကားကို ကြားရလျှင် အလွန်ဝမ်းသာလှသဖြင့် "လေးအတတ်ကို ပြပါလော့"ဟု ဆို၏။ အလောင်းတော်က "ဘခင်၊ သို့ဖြစ်လျှင် ဤနေ့မှ ခုနစ်ရက်မြောက်နေ့၌ လေးအတတ်ကို ပြပါအံ့။ မြို့တော်၌ စည်လည်စေပါလော့"ဟု ဆို၏။ မင်းကြီးလည်း အားရဝမ်းသာစွာဖြင့် စည်လည်စေပြီး မင်းရင်ပြင်၌ ကြီးကျယ် ခမ်းနားသော မဏ္ဍပ်ကို ဆောက်လုပ် စီရင်စေ၏။

၃၆။ အလောင်းတော် လေးအတတ် အမျိုးမျိုးပြခြင်း

ခုနစ်ရက်မြောက်နေ့၌ နေရာအသီးသီးတွင် မင်းကြီးနှင့်တကွ မှူးမတ်ပရိသတ် ဗိုလ်ပုံတို့ စုံလင်နေလေပြီ။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ရတနာ ဖြင့် ပြီးသော ချပ်ဝတ်တန်ဆာကိုဝတ်၍ မကိုင်ကိုဆောင်ပြီး စစ်ဘုရင်ကဲ့သို့

ပရိသတ်အလယ်၌ တည်ကြည်ရဲရင့်စွာ နေလေ၏။ သူသည် ကပိလဝတ်ပြည်ရှိ ကျော်စောသော 'အက္ခရာဒေဝီ၊ ဝုံလေဝေဓိ၊ သရဝေဓိ၊ သဒ္ဒဝေဓိ'မည်သော လေးသမားတို့ကို မင်းရင်ပြင်၌ စုံဝေးစေလေ၏။

နောက် အလောင်းတော်သည် မင်းခွင်းယောကျ်ားတို့ ယူဆောင်ဆက်သအပ်သော ဗိုလ်ခြေတထောင် တင်ရသော (၀၇) ပိုလ်ဝန်အချိန်တထောင်ဖြင့် တင်ရသော လေးကြီးကို ရာနှာပလွင်ပေါ်၌နေလျက် လေးညှို့ကို တင်၍ လက်ဝဲလက်ဖြင့် လေးကို ကိုင်ကာ လက်ျာလက်ဖြင့် လေးညှို့ကို ညှိသော် တဒင်္ဒင်မြည်သောအသံသည် တမြို့လုံးပဲ့တင်ထပ်မျှ မြည်လေ၏။ ထိုနောက်မှ ရုပ်လျက် အထက်ပါ လေးသမားအကျော် လေးဦးကိုခေါ်၍ ထောင့်အရပ် လေးမျက်နှာတခုစီ၌ နေစေပြီး မြားသုံးသောင်းစီပေးအပ်၍ မိမိမှ ဝဇီရစိန် စဉ်းသွားတပ်ထားသော မြားကို စွဲကိုင်ထားလျက် "ငါ့ကို တပြိုင်နက် ပစ်ကြလော့" ဟု အမိန့်ပေးလေ၏။

ထိုအခါ လေးသမားတို့က "အရှင့်သား၊ ကျွန်ုပ်တို့ အများကိုမဆိုထား ဘိ၊ တဦးတည်းပစ်သော မြားကို မတားနိုင်ရာ။ ပြုတော်မမူပါလင့်" ဟု လျှောက်ကြ၏။

အလောင်းမင်းသားက "ငါ့အတွက် သင်တို့ မစိုးရိမ်လင့်။ ကိုယ်စွမ်းရှိသမျှသာ ပစ်လွှတ်ကြ" ဟု မိန့်ဆိုလေ၏။ လေးသမားတို့သည် လျှပ်တပြက်လျှင် မြားတဆောင်ကိုမျှ ပစ်လွှတ်ကြ၏။ အလောင်းတော်မင်းသားသည် လာသမျှသောမြားတို့ကို ဝဇီရစိန်သွားတပ်သောမြားတစင်းဖြင့်သာ ဆီးကာ ပုတ်ခတ်၍ ထိုထိုအရပ်သို့ ကျစေလေ၏။ ပရိသတ်တို့ ညှာဘေးကြသည့် အသံသည် တမြို့လုံး ပဲ့တင်ထပ်လေ၏။

ဤသို့ မြားအလာကို တားဆီးပုတ်ချသော အတတ်ကား **သရပက္ခိယ** (၀၇) "**သရပဋိဗာဟနအတတ်**"မည်၏။ (၁)

ထိုနောက် ထိုလေးသမားတို့နေရာ၌ စီစိုက်ထားသော ငှက်ပျောပင်တို့ကို တကြိမ်တည်း ပစ်သော မြားဖြင့် အားလုံးကို မှုန်စေပြီးမှ လက်တွင်းသို့ မြားကျလာစေသော "**စက္ကဝေဓိ**"အတတ်(၂) ကို ပြလေ၏။

ထိုနောက် နွယ်တန်းကဲ့သို့ မြားတန်းမပြတ်အောင် ပစ်ခြင်း ဟူသော "**သရ-လဋ္ဌိ**"အတတ် (၃)။

နောက် ကြိုးအစဉ်ကဲ့သို့ ပစ်ခြင်း ဟူသော "**သရ-ရဇ္ဇု**" အတတ် (၄)။

နောက် မြားတို့ကို ပြာသာဒ်အသွင် ပေါ်အောင် ပစ်ခြင်း ဟူသော "**သရ-ပါသာဒ**" အတတ် (၅)။

နောက် မြားတို့ကို စောင်းတန်းအသွင် ပေါ်အောင် ပစ်ခြင်း ဟူသော သရ-ဧသပါန အတတ် (၆)။

နောက် မြားတို့ကို မဏ္ဍပ်အုပ်အသွင် ပေါ်အောင် ပစ်ခြင်း ဟူသော "သရ-မဏ္ဍပ" အတတ် (၇)။

နောက် မြားတို့ကို တံတိုင်း အသွင် ပေါ်အောင် ပစ်ခြင်း ဟူသော "သရ-ပါကာရ" အတတ် (၈)။

နောက် မြားတို့ကို လေးထောင့် ရဂန်အသွင် ပေါ်အောင် ပစ်ခြင်း ဟူသော "သရ-ပေါက္ခရဏီ" အတတ် (၉)။

နောက် ပဒုမာကြာချပ်ပုံ့ချပ် ကဲ့သို့ မြားထပ် အဆိုင်ဆိုင် တက်အောင် ပစ်ခြင်း ဟူသော "သရ-ပဒုမ" အတတ် (၁၀)။

နောက် မြားတို့ကို မိုးရွာသည်နှင့် တူအောင် ပစ်ခြင်း ဟူသော "သရ-ဝဿ" အတတ် (၁၁)။

နောက် မြားတို့ကိုရဟတ်လည်အောင်ပစ်ခြင်း ဟူသော "သရ-အာဝဋ္ဋန" အတတ် (၁၂)။

ဤသို့သော မြားရေးငယ် ၁၂ ပါး တို့ကို ပြတော်မူလေ၏။

ထို့နောက် လျှပ်တပြက်တွင် အချက်ပေါင်းများစွာမက မှုန်အောင်ပစ် ခြင်း ဟူသော "အက္ခဏဝေဓီ" အတတ်။ (၁)

နောက် ခရမ်းသီး စသော အမှတ်ဖြင့် သားမြီးမွေးမျှင်ကိုပင် ဖောက် ထွင်းအောင် ပစ်ခြင်း ဟူသော "ဝါလ-ဝေဓီ" အတတ် (၂)။

နောက် ရွှေ့ပစ်လိုက်သော မြားကို နောက်မြားဖြင့် ပစ်ခြင်း ဟူသော "သရ-ဧဓီ" အတတ် (၃)။

နောက် မျက်စိဖြင့် မကြည့်ဘဲ အသံကိုနားထောင်၍ မှုန်အောင် ပစ်ခြင်း ဟူသော "သဒ္ဒဝေဓီ" အတက် (၄)။

ဤသို့သော မြားရေးကြီး ၄ ပါး တို့ကို ပြတော်မူလေ၏။

ထိုနောက် ကျဲရအချပ်တရာကို ပေါက်အောင် ပစ်ခြင်း (၁)။

လက်တဆဲ့နှင့်သစ်ထူသော ရေသဖန်းပင်ကိုပေါက်အောင်ပစ်ခြင်း (၂)။

လက်ရှစ်သစ်ထူသော ပိတောက်နှစ်ကို ပေါက်အောင် ပစ်ခြင်း (၃)။

လက်လေးသစ်ထူသော ကြေးနီပြားကို ပေါက်အောင် ပစ်ခြင်း (၄)။

လက်နှစ်သစ်ထူသော သံပြားကို ပေါက်အောင် ပစ်ခြင်း (၅)။

သဲအပြည့်တင်ထားသော လှည်းကို ပေါက်အောင် ပစ်ခြင်း (၆)။

ပျဉ်အပြည့်တင်ထားသော လှည်းကို ပေါက်အောင် ပစ်ခြင်း (၇)။

ဤသို့သော 'ခုနှစ်ပါးသော အားအစွမ်း'ကို ပြတော်မူလေ၏။

[အမှန်စင်စစ် အချုပ်အားဖြင့် ဆိုသော် အလောင်းတော်သည် ပါရမီဖြည့်ပြီးသူ ဖြစ်သည့်အလျောက် အလိုရှိသော် လေးဖြင့် မည်သည့် အရာကိုမဆို ပေါက်အောင်၊ မည်သည့်အရပ် မည်မျှ ဝေးဝေးရောက်အောင် ပစ်နိုင်သည်သာတည်း။]

ထိုနောက် အလောင်းတော်သည် မင်းတကာတို့တတ်သမျှသော ဆင်စီး, မြင်စီး, စက်မီး, ဓားတင်, ကာငင်, လှံထိုး အစရှိသော အတတ်မျိုးစုံကို လည်း ပြတော်မူ၏။ ဤသို့ လူ့လောကတွင် မကြားဘူး မမြင်ဘူးသော အတတ်မျိုးစုံကို ပြတော်မူလေသော် နတ်လူအပေါင်းသည် ပန်းနံ့သာတို့ဖြင့် ပူဇော်ရာ တလောကလုံးပဲ့တင်ထပ်မျှ ကောင်းချီးပေးကြလေသတည်း။

၃၇။ ယသောဓရာနှင့် ၁၂-နှစ် ထိးနန်းစံခြင်း

ထိုအခါ ဆွေတော်မျိုးတော်အပေါင်းသည် ဦးခေါင်းနှိမ့်ချ ချီးမွမ်းပြောဆိုကြလျက် အလောင်းတော်အတွက် အခြွေအရံများနှင့်တကွ သမီးကညာပျိုများကိုငှင်း၊ လက်ဆောင်ပဏ္ဏာများကိုငှင်း ဆက်သကြလေ၏။ သမီးပျိုတို့ကား လေးသောင်းမျှ ရှိလေသည်။ ယင်းတို့အနက် ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓ၏သမီးတော် 'ဘဒ္ဒကစ္စနာ'သည် နတ်သမီးတမျှ လှပပြီး ကောင်းခြင်း ငါးဖြာ မိန်းမတို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံပေ၏။

အလောင်းတော်သည် လေးသောင်းသော မောင်းမတို့နှင့် တကွ "ဘဒ္ဒကစ္စနာ"ကို "ယသောဓရာဗိမ္ဗာဒေဝီ"ဟူသော အမည်ဖြင့် ဘိသိက်ခံ၍ အဂ္ဂမဟေသီ အရာ၌ ထားကာ နန်းပြာသာဒ် သုံးဆောင်တွင် လှည့်လည်၍ ယောကျ်ားကင်းလျက် နတ်စည်းစိမ်တမျှ ကြီးကျယ်သော မင်းစည်းစိမ်ကို ခံစားလေ၏။ ဤသို့ အလောင်းတော်သည် မင်းစည်းစိမ်ကို ၁၃ နှစ်တိုင်တိုင် ခံစားလေ၏။

၃၈။ အလောင်းတော် နိမိတ်ကြီး လေးပါးကို မြင်ခြင်း

အလောင်းတော်သည် ယင်းသို့ ရွှေနန်းစည်းစိမ်းကို တဆယ့်နှစ်နှစ် ခံစားပြီး၍ သက်တော် ၂၈ နှစ် (သက္ကရာဇ် ၉၆ ခု) ရောက်သောအခါ ဥယျာဉ်တော်သို့ ထွက်စံလိုစိတ် ရှိရကား သိန္ဓောမြင်း လေးကောင်ဖြင့် ကအပ်

သော ရတနာတို့ဖြင့် စီခြယ်ထားသည့် ဝေဇယန်ရထားဖြင့် ဥယျာဉ်တော်သို့ မှူးမတ်ဗိုလ်ပါ အခြံအရံများနှင့်တကွ တောထွက်တော်မူလေ၏။

ဥယျာဉ်အနီးသို့ရောက်သော် တုသိတာနတ်အပေါင်းတို့သည် "အလောင်းဟော် ရဟန်းပြုချိန်တန်ပြီ။ သတိသံဝေဂ ရလေအောင် ငါတို့ ပြကုန်အံ့" ဟု ရထားရှေ့၌ ဆံဖြူသွားကျိုး, အရေတွန့်လိပ် အိုမင်းလှသော "သူအို" အသွင့်ကို ဖန်ဆင်း၍ အလောင်းတော်နှင့် ရထားမှူး ဆန္ဒအမတ် နှစ်ဦးတို့ အား သာ မြင်စေအောင် ပြကြလေ၏။

အလောင်းတော်သည် ထိုသူအိုကိုမြင်လျှင် ရထားမှူးအား မေးမြန်းပြီး "ငါတို့လည်း ဤကဲ့သို့ အိုရဦးမည်လော" ဟု မေးလေ၏။

ရထားမှူးက "အရှင်မင်းမြတ်၊ လောကသုံးပါးဝယ် ရှိရှိသမျှသတ္တဝါအားလုံး ဤကဲ့သို့ပင် မလွဲမသွေ အိုကြရမည်သာတည်း" ဟု လျှောက်သော် အလောင်းတော်သည်ဘဝင်တုန်လှုပ်ကာ သံဝေဂစိတ်ဖြင့် ထိတ်လန့်ရကား ဥယျာဉ်သို့ မဝင်ဘဲ မြင်ရာ အရပ်မှပင်လှည့်၍ ရွှေပြည်ကို ပြန်ဝင်လေ၏။

ထိုအကြောင်းကို သုဒ္ဓေါဒနမင်းကြီးကြားလျှင် အစောင့် အရှောက်ကို တဂါဝုတ် တိုးခွဲ့၍ ထားလေ၏။ ထိုနောက် လေးလကြာသော် အလောင်းတော်သည် မင်္ဂလာဥယျာဉ်သို့ ထွက်လိုစိတ်ရှိ၍ ထွက်လေသော် ယခင်နတ်တို့ကပင် "သူနာ" အသွင်ကို ဖန်ဆင်း၍ ပြပြန်လေ၏။ အလောင်းတော်က ရှေးနည်းတူ မေးသော် ရထားမှူးက "အရှင်မင်းမြတ်၊ သတ္တဝါဟူသမျှ ဤသူနာကဲ့သို့ မချွတ်နာရမည်သာတည်း" ဟု လျှောက်လေ၏။

ထိုအခါ အလောင်းတော်သည် ယနေ့ နက်ဖြန်ပင် တွေ့ရအံ့သကဲ့သို့ လွန်စွာ သံဝေဂရ၍ ထိုနေရာမှပင် လှည့်ပြန်လာလေ၏။ ထိုအကြောင်းကို ဘခင်မင်းကြီး ကြားလျှင် အစောင့်အရှောက်များကို ရှေးကထက် တဂါဝုတ် တိုး၍ ချထားပြန်လေ၏။

ထိုနောက် လေးလကြာ၍ မင်္ဂလာဥယျာဉ်သို့ အလောင်းတော် တကြိမ်ထွက်ပြန်သောအခါ ထိုနတ်တို့ကပင် "သူသေ" အသွင်ကို ဖန်ဆင်း၍ ပြပြန်လေ၏။ အလောင်းတော်က ရှေးနည်းတူ မေးလေလော် ရထားမှူးက "အရှင်မင်းမြတ်၊ သတ္တဝါဟူသမျှ ဤသူသေကဲ့သို့ မလွဲမသွေ သေကြရမည်သာတည်း" ဟု လျှောက်လေ၏။

ထိုအခါ အလောင်းတော်သည် ယနေ့ နက်ဖြန်ပင် သေရမည် ကဲ့သို့ ထင်၍ အတိုင်းထက်အလွန် သံဝေဂရသဖြင့် ရှေးနည်းတူ လှည့်ပြန်လာလေ

၏။ ထိုအကြောင်းကို ဘခင်မင်းကြီး ကြားလေလျှင် ရှေးက ထားသော အစောင့်အရှောက်ထက် တဂါဝုတ် တိုးခွဲ၍ ချထားပြန်လေ၏။

ထိုနောက် လေးလကြာ၍ အလောင်းတော် တကြိမ်ထွက်ပြန်သော် ထို နတ်တို့ကပင် "ရဟန်း" အသွင်ကို ပြပြန်လေ၏။ အလောင်းတော်သည် ရထားမှူးအားမေး၍ ရဟန်းတို့၏ ဂုဏ်ကျေးဇူးကို ကြားသိရသော် ရဟန်း အဖြစ်၌ စိတ်ညွတ်သဖြင့် ဥယျာဉ်သို့ ဝင်တော်မူလေ၏။ (သက်တော်ရှည် ဘုရားရှင်တို့မှာအနှစ်တရာတရာရှိမှနိမိတ်ကြီးတပါးတပါးကိုမြင်ကြရလေ၏၊)

အလောင်းတော်သည် ဥယျာဉ်ဝင်၍ မြူးပျော်ကစားကာ ဥယျာဉ်၏ အရသာကို ခံစားပြီးနောက် မင်္ဂလာရေကန်၌ ရေချိုးပြီး နေဝင်ဖိုးဖျ အချိန်၌ မင်္ဂလာ ကျောက်ဖျာထက်ဝယ် ထိုင်တော်မူစဉ် တန်ဆာဆင်လို သောစိတ် ဖြစ်ပေါ်လာ၏။ ထိုအကြောင်းကို သိကြားမင်းသိ၍ ဝိသကြံ့ နတ်သားကို စေလွှတ်လိုက်၏။

ဝိသကြံ့သည်.မထင်ရှားသော အသွင်ဖြင့်လာ၍ အလောင်းတော်အား နတ်တန်ဆာကို ကောင်းစွာ ဆင်ယင်ပေးလေ၏။ ထိုအခိုက် မင်းချင်းတဦး ရောက်လာ၍ "ယသောဓရ မိဖုရားသည် သားတော်ကို ဖွားမြင်ကြောင်း" လျှောက်ကြားလေသော် အလောင်းတော်သည် နှလုံးမသာမယာ ဖြစ်၍ 'လကို ရာဟု ဖမ်းသကဲ့သို့ မယားဟူသော အနှောင်အဖွဲ့ တနုတ္တင် ယခု သားက ထပ်မံ၍ နှောင်ဖွဲ့ပြန်ဘိ၏"ဟု မိန့်ဆိုလိုက်လေ၏။ သုဒ္ဓါဓနမင်း ကြီးသည် ထိုစကားကို ကြားလေလျှင် နှလုံးမသာမယာဖြစ်ကာ မြေးတော် အား "ရာဟုလ" ဟု အမည်ပေးလေ၏။

၃၉။ ကိသာဂေါတမီ မင်းသမီးဥဒါန်း

အလောင်းတော်သည် ညချမ်းအခါ ဗိုလ်ပါ အခြံအရံဖြင့် နေပြည်တော် သို့ ပြန်လာလေ၏။ ထိုအခါ မင်းလမ်းမ အနီးရှိ ပြာသာဒ်ဆောင်နှင့် နေသော ကိသာဂေါတမီ အမည်ရှိသော သာကီဝင် မင်းသမီးတဦးသည် လေသာ ပြူတင်းမှ အလောင်းတော်၏ တင့်တယ်ခြင်း အသရေကို မြင်ရလျှင် နှစ်သက် ရွှင်လန်းလှသဖြင့် "ဤကဲ့သို့သော ဘုန်းရွှင်ကံရွှင် သားတော်ကို ရပေသော မိခင်, ဘခင် တို့သည် နှလုံးကြည်ရွှင် အေးငြိမ်းပေလိမ့်မည် တကား။ ဤကဲ့သို့သော ဘုန်းရွှင်ကံရွှင် လင်ကောင်းကို ရပေသော ငယ်ကြင်

မယား သည် နှလုံးကြည်ရွှင် အေးငြိမ်းပေလိမ့်မည်တကား (နိဗ္ဗူတာ)"ဟု ဂါထာဖြင့် ဥဒါန်းကျူးရင့် သီဆိုလေ၏။

ထိုဥဒါန်းကို ကြားရပေသော အလောင်းတော်သည် "ဤ ငါ၏နှမ ကိုသာဂေါတမီသည် ဤသို့သောရုပ်သွင် အတ္တဘောကို ရှုမြင်ရသော မိခင်, ဘခင်, ငယ်ကြင် မယား တို့အား စိတ်နှလုံး အေးငြိမ်းလိမ့်မည်တကားဟု ဥဒါန်းကျူးရင့်၏။ စင်စစ်သော်ကား ရာဂ၊ ဒေါသ၊ မောဟ ဟူသော ကိုယ်တွင်း မီးငြိမ်းမှသာလျှင် စိတ်နှလုံး အေးငြိမ်းနိုင်ရာသည်တကား (နိဗ္ဗူတာ)။ ဤမချီးမွမ်းအပ်သော တုထိ မင်္ဂလာ နိဗ္ဗူတာ စကားနှင့် လျော်ညီစွာ ငါသည် ယနေ့ပင် တောထွက်၍ ရဟန်းပြုပြီး နိဗ္ဗူတာ (နိဗ္ဗာန်)တရားကို ရှာမှီးတော့အံ့"ဟု အကြံဖြစ်လေ၏။

ထိုနောက် အလောင်းတော်သည်"ဤသူမကား ငါ့အား နိဗ္ဗာန်အငြိမ်း ဓာတ်ကို ရှာဖွေရန် သတိပေးပေ၏"ဟု မိမိ၏လည်မှ အဘိုး တသိန်းတန် ပုလဲလည်ဆွဲကို ထိုကိုသာ ဂေါတမီ ထံသို့ ဆရာစားပြု၍ ပို့စေလေ၏။

ထိုမင်းသမီးကမူ "သိဒ္ဓတ္ထမင်းသားသည် ငါ့ကို တပ်နှစ်သက်၍ လက်ဆောင် ပို့ပေ၏။ ယသောဓရာသည် သားဖွားရှိအိုပြီ။ ငါ့ကို သိမ်းမြန်းက ငါ မိဖုရားကြီး ဖြစ်တော့မည်"ဟု စိတ်ကူးဖြင့် ရွှင်လန်း ဝမ်းမြောက်နေ လေ၏။

၄၀။ အလောင်းတော်ကာမဂုဏ်၌ငြီးငွေ့ခြင်း

အလောင်းတော်သည် ရွှေနန်းပြာသာဒ်သို့တက်၍ သလွန်ပေါ်၌ လျောင်း ကာနေလျှင်ပင် ကခြင်း, သီခြင်း, တီးမှုတ်ခြင်း၌ ကျွမ်းကျင်ကြသည့် နတ် သမီးတမျှ လှပကုန်သော မောင်းမ မိဿံ ကခြေသည် အပေါင်းတို့သည် အလောင်းတော်ကို ဝန်းရံလျက် သီ-က-တီးမှုတ် ဖျော်ဖြေကြလေ၏။ အလောင်းတော်သည် ကာမဂုဏ်၌ငြီးငွေ့၍ မပျော်ရွှင်ရကား ထိုခဏ၌ပင် အိပ်ပျော်သွားလေ၏။

အခြွေအရံ ကခြေသည် အပေါင်းလည်း ဆက်လက် ဖျော်ဖြေမှု မပြု တော့ဘဲ စည်း, စောင်း, ညှင်းတို့ကို ပိုက်၍ အိပ်စက်ကြကုန်၏။ နံ့သာ ဆီမီးကား ထိန်ထိန်လင်းနေ၏။ အလောင်းတော်သည် ညဉ့်ဦးယံ လွန်၍ နှိုးလျှင် သလွန်ပေါ်၌ တင်ပလ္လင်ခွေကာနေလျက် အိပ်နေသည့် ကခြေသည် မိန်းမတို့ကို ကြည့်ရှုနေလေ၏။

"တချို့က ဟောက်၊ တချို့က အံ့ကြိတ်၊ တချို့က ပါးစပ်ဟောင်းလောင်း၊ တချို့က ယောင်ရမ်း၊ တချို့က သွားရည်ပုပ်တွေနှင့် ပေကျံ၊ တချို့က ဆံပင်ဖားလျား၊ တချို့က ထမီမပါ ဟောင်းလောင်း" အိပ်နေကြသည်တို့ကို မြင်ရလေသော် တနန်းတော်လုံးကို အကောင်ပုပ်တို့ဖြင့် ပြည့်နှက်နေသည့် သုသာန်ပြင်ကဲ့သို့ ထင်မှတ်၍ ကာမဂုဏ်၌ အတိုင်းထက်အလွန်ငြီးငွေ့လေ၏။

ထိုအခါ အလောင်းတော်မြတ်သည် "ယခုပင်ငါတောထွက်အံ့" ဟုသလွန်ပေါ်မှ ဆင်း၍ တံခါးခုံ၌ ခေါင်းဆိုက်အိပ်နေသော 'ဆန္ဒ' အမတ်ကိုနှိုးပြီး "ဆန္ဒကဏ္ဍကမြင်းကို ယခုပင်ကချေ" ဟု စေခိုင်းလေ၏။

ဆန္ဒအမတ်လည်း မြင်းတန်ဆာများကိုပိုက်လျက် မြင်းတင်းကုပ်သို့သွား၍ မြင်းကိုကသော် ကဏ္ဍကမြင်းသည် "ငါ့ကိုအချိန်မဲ့ကခြင်းသည်အလောင်းတော်မင်းသား တောထွက်လိုသည် ဖြစ်လတံ့" ဟု ဝမ်းသာလှ၍ သည်းစွာဟီလေ၏။ သူ၏ဟီသံကို နတ်တို့က ပိတ်ပင်တားလိုက်သဖြင့် လူတဦးမျှ မကြားလိုက်ရပေ။

အလောင်းတော်လည်း သားတော်ရာဟုလာကို ကြည့်ရှုလိုသဖြင့် ယသောဓရာ စံမြန်းရာ ကျက်သရေဆောင်သို့ ဝင်၍ကြည့်ရှုသော် နံ့သာဆီမီးရောင် အောက်ဝယ် သားတော်ငယ်ထိပ်ပေါ်၌ လက်တင်ထားကာ အိပ်ပျော်နေသော ယသောဓရာ မိဖုရားကို မြင်လေ၏။

အလောင်းတော်သည် သားတော်ကို ယူမည်ပြုပြီးမှ "ယသော်မိဖုရားနိုးလျှင် ငါ၏တောထွက်ရန် အကြံသည် ပျက်ချေတော့မည်" ဟု ကြံ၍ ရပ်လျက်သာကြည့်ရှုပြီး ပြန်လှည့်၍ ကဏ္ဍကမြင်းထံ သွားလေ၏။

၄၉။ အသက် ၂၉ တွင် အလောင်းတော် တောထွက်ခြင်း

အလောင်းတော်သည် ကဏ္ဍကမြင်းအား "ယနေ့ငါ့ကို ကူညီလော့။သင့်ကို မှီ၍ သတ္တဝါတို့ကို နိဗ္ဗာန်နန်းသို့ ငါကယ်တင်ပေအံ့" ဟု ဆို၍ မြင်းကိုလက်ဖြင့် သုံးကြိမ်သပ်လေ၏။ နောက်မြင်းပေါ်တက်၍ ငယ်ဘော်ဆန္ဒကိုအမြီးကဆွဲစေလျက် **သက်တော် ၂၉နှစ် သက္ကရာဇ် ၉၇ခု၊ ဝါဆိုလပြည့်နေ့ ညသန်ကောင်အချိန်**တွင် တောထွက်တော်မူလေ၏။ မြင်း၏ခွါသံကို မကြားရ

အောင် မြင်းခြေချတိုင်း နတ်သားလေးဦးတို့က လက်ဝါးဖြင့် ခံထားကြလေ၏။ တဆဲ့ရှစ်တောင်မြင့်သော တံတိုင်းတွင် တပ်ဆင်ထားသည့် လူမျှားစွာဖြင့် ဖွင့်ယူရသော တံခါးကိုလည်းနတ်တို့ကပင် ဖွင့်ထားသဖြင့် အရှဲ့သင့်ထွက်ရလေ၏။

အလောင်းတော် မြို့မှမထွက်မီပင်လျှင် ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်းလဲ့၍ ခရီးဦးဦ့ရပ်လျက် "သိဒ္ဓတ်မင်းသား၊ အဘယ့်ကြောင့် ဆင်းရဲကို ရှာကြံဘို့သနည်း။ နောက်ခုနစ်ရက်ရှိလျှင် စကြာရတနာ ရောက်ပေမည်။ ကျွန်းကြီးလေးကျွန်းကို စိုးပိုင်ရမည်။ နန်းတော်သို့ပြန်၍ စံတော်မူလော့" ဟု ဆိုပြီးတားလေ၏။

ထိုအခါ အလောင်းတော်က "ဟယ်မာရ်နတ်၊ စကြာရတနာ ရောက်မည်ကို ငါသိ၏။ စကြာမင်းအဖြစ်ကို ငါအလိုမရှိပြီ။ သဗ္ဗဝါအပေါင်းကိုနိဗ္ဗာန်သို့ ကယ်တင်ပေသော ဘုရားဖြစ်အောင် အားထုတ်ပေဒဲ့" ဟု ဆိုပြီး မတန့်မရပ်မြို့မှ ထွက်လေ၏။

အလောင်းတော်သည် အတော်အသင့် အဝေးသို့ရောက်လျှင် နေပြည်တော်ကို ကြည့်လိုသောဆန္ဒ ဖြစ်ပေါ်လေ၏။ ထိုအခါ နတ်တို့က မြို့တော်ကို လှည့်ပြီး အလောင်းတော်၏ရှေ့တွင် ထား၍ ပြလေ၏။ အလောင်းတော် ဆက်၍ ထွက်သော် နတ်အပေါင်းတို့က လေးဘက်လေးတန်မှ ခြံရံလိုက်ပါကုန်၏။ တချို့က မီးရှူးများကိုင်လျက်, တချို့က ပန်းနံ့သာတို့ကို ကြဲဖြန့်လျက်, တချို့က နတ်တူရိယာတို့ကို တီးမှုတ်လျက် အလောင်းတော်ကိုပူဇော်ကာ လိုက်ပါကုန်၏။

အလောင်းတော်သည် သာကိုယ, ကောလိယ, မလ္လ ဟူသော သုံးပြည်ထောင်တို့ကိုလွန်၍ ယူဇနာ သုံးဆယ်ခရီးကိုသွားပြီးသော်အနောမာမြစ်ကမ်းသို့ ရောက်လေ၏။

အလောင်းတော်က "ဤမြစ်ကားအဘယ်အမည်တွင်သနည်း" ဟု မေး၍ ဆန္နအမတ်က "အနောမာမြစ် မည်ပါ၏" ဟု လျှောက်လျှင် "ငါ၏ ရဟန်းပြုခြင်းသည် မယုတ်မာ (အနောမ=အန်+သြမ) မြင့်မြတ်ကောင်းမွန်သည်သာ ဖြစ်လတံ့" ဟု နိမိတ်ယူပြီး မြစ်၏ ဘဘက်ကမ်းသို့ ခုန်ကူးရန်မြင်းကို ဖနောင့်ဖြင့်ခတ်၍ အမှတ်ပေးလိုက်၏။ ကဏ္ဍကမြင်းလည်း ရှစ်ညဘ ကျယ်သော မြစ်ကိုခုန်လိုက်၍ ထိုဘက်ကမ်းဌ တည်လေ၏။

၄၂။ အလောင်းတော် ရဟန်းပြုခြင်း

ထိုမှခါအလောင်းတော်သည် မြင်းပေါ်မှ ဆင်းပြီး၀တ်ဆင်ထားသောတန်ဆာများနှင့်တကွ မြင်းကို ဆန္နအမတ်အား ပေးအပ်၍ "ဆန္န၊ နေပြည်တော်သို့ ပြန်လေလော့။ ငါရဟန်းပြုတော့အံ့" ဟု မိန့်ဆိုလေ၏။

ထိုနောက် အလောင်းတော်သည် မကိုင်နှင့်တကွသော ဆံတော်ကိုသန့်လျက်ဖြင့် ဖြတ်၍ "ငါသည် စင်စစ်ဘုရားဖြစ်မည်မှန်မူ ဤဆံတော်သည်ထက်ကောင်းကင်တွင် တည်စေသော" ပု အဓိဋ္ဌာန်၍ ကောင်းကင်သို့ပစ်မြောက်လိုက်လေ၏။ ဆံတော်သည် တယူဇနာလောက်သော အရပ်၌ ပန်းဆိုင်းဆဲသကဲ့သို့ တည်လေ၏။

သိကြားမင်းသည် ထိုဆံတော်ကိုမြင်၍ ရတနာပန်းတောင်းဖြင့် ခံယူပြီး တာ၀တိံသာ၌ "စူဠာမဏိ" စေတီတည်ကာ ကိုးကွယ်လေ၏။ ထိုနောက် အလောင်းတော်သည် "ဤကောင်းမြတ်၍ အဘိုးများစွာ ထိုက်တန်သော ၀တ်လဲတော်များနှင့် ရဟန်းဖြစ်သူအား မသင့်လျော်ချေ" ဟု အကြံဖြစ်သော် ကဿပဘုရားရှင် လက်ထက်က အဆွေဖြစ်ခဲ့ဘူးသော "ဃဋိကာရ" ဗြဟ္မာမင်းသည် ပရိက္ခရာရှစ်ပါးနှင့် တကွသော ကြာသင်္ကန်းအစုံကိုယူလာ၍ "ဤကြာသင်္ကန်းဖြင့် ရဟန်းပြုတော်မူပါလော့" ဟု ဆို၍ ဆက်ကပ်လေ၏။ အလောင်းတော်သည် ၀တ်လဲတော်တို့ကိုချတ်၍ ထိုကြာသင်္ကန်းဖြင့် ရဟန်းပြုလေ၏။

ဃဋိကာရ ဗြဟ္မာလည်း ထို၀တ်လဲတော် ပုဆိုးအစုံကို ဗြဟ္မာ့ပြည်သို့ယူဆောင်၍ အင်္ဂနိဒ္ဒဘုံ၌ ရတနာကိုးပါးဖြင့်ပြီးသော "ဒုဿစေတီ"ကို တည်ကာ ကိုးကွယ်လေ၏။

ထိုသို့ရဟန်းပြုပြီးသော်အလောင်းတော်သည် 'မပြန်ပါရမည့်အကြောင်း' တောင်းပန်နေသော ဆန္နအမတ်အား ဖျောင်ဖျတော်မူ၍ "ဆန္န၊ သင်သည် ငါမှာလိုက်သော စကားဖြင့် မယ်တော်, ဘမည်းတော်တို့အား သတင်းစကားကြားသိရအောင် ပြန်ချေလော့" ဟု မိန့်ကြားလေ၏။ ဆန္န အမတ်လည်း အလောင်းတော်ကို ရိုသေစွာရှိခိုးပြီး အလောင်းတော်၏ တန်ဆာများဖြင့်တကွ ကဏ္ဍကမြင်းကိုဆွဲ၍ ထွက်ခွာသွားလေ၏။

ကဏ္ဍကမြင်းသည် သခင်နှင့် ခွဲခွာရ၍ ၀မ်းနည်းပူဆွေးသဖြင့်အလောင်းတော်မြင်တော့ရာ အနော်မာတဘက်ကမ်းသို့ ရောက်လျှင်ပင် နှလုံးကွဲ၍

သေလေသော် တာဝတိံသာနတ်ပြည်၌ 'ကဏ္ဍက' မသ်သော နတ်သားဖြစ်လေ၏။

'ဆန္နအမတ်လည်း မြင်း၏အလောင်းကို သဲခုံ၌သင်္ဂြိုဟ်ပြီးမှ ကကြုံးတန်ဆာကိုထမ်းလျက် လမ်းတလျှောက်လုံး ငိုယိုကာပြန်ရရှာ၏။ နန်းတော်သို့ရောက်၍ မယ်တော်, ခမည်းတော်, ယသောဓရာ စသော မောင်းမမိသံုးဘုရားအား အကြောင်းစုံကို ပြန်ကြားလျှင် နန်းသူနန်းသား အပေါင်းတို့သောင်းသောင်းညံမျှ ငိုကြွေးကြလေကုန်၏။

၄၃။ ရာဇဂြိုဟ် ဗိမ္ဗိသာရမင်းနှင့် တွေ့ခြင်း

အလောင်းတော်သည် ထိုရဟန်းပြုရာအရပ် အနီး၌ရှိသော 'အံ့နံပိယ' အမည်ရှိသရက်တော၌ ရဟန်းချမ်းသာဖြင့် ခုနစ်ရက်လုံး နေတော်မူပြီး၊ ယူဇနာသုံးဆယ်ခရီးကို နေ့ချင်းပေါက် သွား၍ ရာဇဂြိုဟ်ပြည်သို့ ရောက်လေ၏။ မြို့တွင်းသို့ ဆွမ်းခံရန် ကြွဝင်လေသော် မြို့သူမြို့သားတို့သည် အလောင်းတော်၏ အဆင်းအသရေကိုမြင်လျှင် တအံ့တသြဖြစ်ကာ အုတ်အုတ်ကျက်ကျက်ဖြစ်ကြလေ၏။

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးသည် မင်းချင်းယောကျ်ားတို့ထံမှ ထိုအကြောင်းကို ကြားလျှင် ပြာသာဒ်ထက်၌ ရပ်၍ လေသွန်ပြူတင်းမှ ကြည့်သော် "လူလော, နတ်လော, နဂါးလော, အံ့ဘွယ်ကောင်းသော ဤသူကို သွား၍ လိုက်လံကြည့်ရှုကြလော့" ဟု မင်းချင်းယောကျ်ားတို့ကို စေခိုင်းလေ၏။ အလောင်းတော်သည် ဆွမ်းခံပြီး၍ မြို့မှထွက်ကာ မြို့၏ အရှေ့ဘက် "ပဏ္ဍဝ" တောင်ထိပ်ရှိ အရှေ့ဘက် မျက်နှာမူသော ဂူဝဝယ် အရှေ့ဘက်သို့ မျက်နှာမူလျက် ဆွမ်းဘုဉ်းပေးရန် သပိတ်ကိုဖွင့်လေ၏။ 'ဖြူနီကြောင်ကျား, အနုအကြမ်း' အရောရောသော ဆွမ်းကိုမြင်လျှင် စက်ဆုပ် ရွံရှာသဖြင့် အူးသည်း ပြောင်းပြန်လန်၍ ပျို့အန်မည်ကဲ့သို့ ဖြစ်လေ၏။

ထိုအခါ အလောင်းတော်သည် "သိဒ္ဓတ္ထ၊ သင်သည် သေမင်းမတွေ့ရာဘဝ၏အဆုံး, နိဗ္ဗာန်ကို ရှာအံ့ဟု ရည်မှန်းပြီး ကြီးမြတ်သော မင်းချမ်းသာကို စွန့်ခွာ၍ ရဟန်းပြုခဲ့သည် မဟုတ်လော။ ယခု ယင်းရည်မှန်းချက်အတိုင်း ရဟန်းပြုပြီးမှ အဘယ့်ကြောင့် ဤသို့ ဖောက်ပြန်ကာ ရောင့်ရဲခြင်း မရှိဘိသနည်း" ဟု မိမိကိုယ်ကိုဆုံးမကာ ဆွမ်းကို ဘုဉ်းပေးလေ၏။ ထိုသည်ကို

မင်းချင်းတို့ မြင်ရကြားရသဖြင့် အမြန် ပြန်၍ မင်းကြီးအား လျှောက်ကြားကြလေ၏။

မင်းကြီးလည်း လျှင်စွာသွားပြီး အလောင်းတော်၏ အမျိုးအနွယ် စသည် အကြောင်းစုံကို မေးမြန်းလျှောက်ထား၍ အကြောင်းစုံကို ကြားရလျှင် "အရှင်မြတ်အား ကျွန်ုပ်၏ ပြည်တော်တဝက်ကိုပေးပါမည်။ ငယ်ပါသေး၏။ တောမထွက်ပါနှင့်၊ မင်းစည်းစိမ်ကို ခံစားပါဦး"ဟု မင်းစည်းစိမ်ဖြင့် ဘိတ်ကြားလေ၏။

ထိုအခါ အလောင်းတော်က "မင်းမြတ်၊ မင်းစည်းစိမ်ကား ရေပွက်ပမာ တသက်လျှာမျှသာ ဖြစ်၏။ ဒုစရိုက်မျာ၍ သံသရာ၌ နှင်မှန်းခြင်း၏ အကြောင်းသာဖြစ်၏။ ထို့ကြောင့် မင်းစည်းစိမ်ကို တံတွေးပေါက်ကဲ့သို့ ရွံရှာ၍ ငါစွန့်ခွာထွက်ခဲ့သည်။ ဆင်းရဲကင်းဂု နိဗ္ဗာန်ကိုသာ ရှာဖွေတော့အံ့" ဟု မိန့်ဆိုလေ၏၊

ထိုစကားကို ကြားရလျှင် မင်းကြီးသည်ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီး"အရှင်ဘုရား၊ ဖြောင့်မတ်စွာ အားထုတ်ပါလော့၊ ဘုရားဖြစ်လျှင်မူကား ကျွန်ုပ်၏နိုင်ငံသို့ ဦးစွာ ကြွတော်မူပါဘုရား"ဟု လျှောက်လေ၏။ အလောင်းတော်က "ကောင်းပြီ"ဟု ဝန်ခံလေသော် မင်းကြီးလည်း နေပြည်တော်သို့ ပြန်လေ၏။

၄၄။ ရသေ့နှစ်ဦးထံ၌ အလောင်းတော် နည်းခံခြင်း

ထို့နောက် အလောင်းတော်သည် နိဗ္ဗာန်ကိုရှာဖွေရန် ခရီးဆက်လက်ကြွလေသော် တောအုပ်တခု၌ လောကီဈာန်ကို စီးဖြန်းနေသည့် 'ကာလာမ'အနွယ်၌ ဖြစ်သော 'အာဠာရ'အမည်ရှိ ရသေ့ထံသို့ ရောက်လေ၏။ အာဠာရ ရသေ့ထံ၌ နည်းနာခံ၍ ဈာန်သမာပတ်ကို အားထုတ်သော် ဆရာရသေ့ ရရှိသော လောကီဈာန်ခုနစ်တန်(သမာပတ်ခုနှစ်ပါး)ကို နှစ်ရက်သုံးရက်အတွင်းမှာပင် ရရှိလေ၏။

ထိုအခါ အလောင်းတော်သည် "ဤလောကီဈာန်ခုနစ်တန်ကား နိဗ္ဗာန်ကို ရနိုင်မည့် တရားစစ်များ မဟုတ်ကုန်သေးချေ"ဟု ကြံ၍ အာဠာရ ရသေ့ထံမှ ဖဲ့ခွာသွားလေ၏။ နိဗ္ဗာန်ကိုရှာဖွေရန် ခရီးဆက်လှမ်း ကြွချီသော်'ရာမ' ဆရာကြီး၏ သားဖြစ်သူ "ဥဒက" ရသေ့ထံသို့ ရောက်သွား လေ၏။

အလောင်းတော်သည် ဥဒကရသေ့ထံ၌ နည်းနာခံ၍ အထက်ဈာန်ကို နှီးနှော စီ.ဖြန်းအားထုတ်သော် နှစ်ရက်သုံ့ရက်အတွင်းမှာပင် လောကီဈာန် (သမာပတ်)ရှစ်ပါးကို ရလေ၏။

ထိုအခါ အလောင်းတော်သည် "ဤရှစ်ပါးသော သမာပတ်တို့သည် လည်း နိဗ္ဗာန်ရောက်ခြင်း၏အကြောင်း, သဗ္ဗညုတဉာဏ်ရခြင်း၏အကြောင်း မဟုတ်သေးချေ"ဟု ကြံဆင်၍ ခရီးဆက်လက် ကြွလေသော် 'ဓသနာ'နိုဂုံးရှာ အနီးရှိ "ဥရုဝေလ"တောသို့ ရောက်လေ၏။ "ဤအရပ်ကား ကမ္မဋ္ဌာန်း စီးဖြန်းရန် သင့်လှစွာသော အရပ်ပေတည်း။ တသွင်သွင် စီးဆင်းနေသည့် နေရောင်ခြည်ရှုမြစ်ရှိပြီး အနီး၌ ဆွမ်းခံရွာငယ်များလည်း ရှိပေ၏"ဟု နှလုံးပြု၍ နေစဉ် ပဉ္စဝဂ္ဂီ(ရဟန်းငါးပါးတစု)တို့နှင့် တွေ့လေ၏။

ထိုပဉ္စဝဂ္ဂီတို့ကား "အလောင်းတော် ဖွားမြင်စကပင် ဘုရားစင်စစ် ကောန်ဖြစ်မည့် ယောကျ်ားမြတ်ပေတည်း"ဟု လက်ညှိုးတချောင်းတည်း ထောင်ပြကာ တထစ်ချပြောခဲ့သော 'ကောဏ္ဍည'ပုဏ္ဏားနှင့် ပုဏ္ဏားလုလင် လေးဦးတို့ပင်တည်း။ သူတို့သည် ဘုရားရှင်၏ တရားဦးကို နာခွင့်ရရန် ရဟန်းပြုနှင့်ကြပြီး အလောင်းတော် တောထွက်ကြောင်း ကြား၍ လိုက်လံရှာဖွေရာတွင် ဤဥရုဝေလတောင်၌ အလောင်းတော်ကို တွေ့ကြခြင်း ဖြစ်လေ၏။

၄၅။ အလောင်းတော် ဒုက္ကရစရိယာ ၆ နှစ်ကျင့်ခြင်း

ပဉ္စဝဂ္ဂီငါးဦးတို့သည် ခြောက်နှစ်မျှ ပဓာန(ကမ္မဋ္ဌာန်း)အလုပ်ကို အားထုတ်နေသော အလောင်းတော်ကို "ယခုပင်ဘုရားဖြစ်တော့မည်။ ယခုပင် ဘုရားဖြစ်တော့မည်"ဟု မြော်လင့်ချက်ကြီးစွာဖြင့် အလောင်းတော်၏ နေရာသန်မ်းကျောင်း ပရိဝုဏ်ကို တံမြက်လှည်းခြင်းပြု၍ အလောင်းတော်အား ဝေယျာဝစ္စများကို ပြုစုလုပ်ကျွေးကာ အနီးအပါးမှာပင် လှည့်လည် ကျက်စားကာ နေကြလေ၏။

အလောင်းတော်သည် သေနာနိဂုံးသို့ ဝင်ကာ ဆွမ်းခံ လှည့်လည်ပြီး မေတ္တာဘာဝနာကို ပွားများ၍နေရာ ရက်များကြာသော် "ငါသည် အစာဝဝစား၍ မေတ္တာပွားရုံမျှဖြင့် ငါရည်မှန်းသော သဗ္ဗညုတဉာဏ်ကို ရနိုင်မည် မဟုတ်"ဟု ဆင်ခြင်ပြီး ဆွမ်းခံမစားတော့ဘဲ ဥရုဝေလတောအုပ်အတွင်း၌ အလိုလိုကြွက်သော သစ်သီးကြီးငယ်များကိုသာစား၍ တရားအားထုတ်ကာ နေလေ၏။

ထိုနည်းဖြင့် သဗ္ဗညုတဉာဏ်ကို မရနိုင်ရကား မိမိ မှီခိုနေထိုင်သော သစ်ပင်မှ အလိုလိုကြွေကျသည့်သစ်သီးဖြင့်သာမျှတတော်မူပြန်၏။ ထို့နောက် အလောင်းတော်သည် အံကြိတ်ကာ "အကုသိုလ်စိတ်များကို ဝီရိယမီးပူဖြင့် ပယ်ဖျောက်ပစ်အံ့" ဟု ပြင်းထန်စွာ အားထုတ်သော်တကိုယ်လုံး ပူရှိန်းလာပြီး ချွေးများ တဒီးဒီးယိုစီးလေ၏။

ထို့နောက် ထွက်သက်, ဝင်သက် နှစ်ပါးလုံးကို အောင့်ချုပ်ထားခြင်း ဟူသော "အပွါနကစျာန်" ကို ပြင်းထန်စွာ အားထုတ်လေသော် လေတို့သည် ခံတွင်းနှာခေါင်းမှ ထွက်ခွင့်မရကြသဖြင့် နားပေါက်တို့မှ စု၍ ထွက်ကုန်၏။ တကိုယ်လုံး ပူလောင်၍ အပ်ဖြင့် တိုးဆွသကဲ့သို့ ခံစားရ၏။ စိတ်ဓာတ် ဝီရိယကားလျော့မသွား၊ သတိလည်း စွဲမြဲလျက်ပင်။

ထို့နောက် "အပွါနကစျာန်ကိုပင် ထပ်၍ အားထုတ်အံ့" ဟု ဇွဲလုံ့လဖြင့် ခံတွင်း,နှာခေါင်း, နားပေါက်တို့မှ ထွက်သက်လေ, ဝင်ပေါက်လေတို့ကို ထွက်ဝင်ခွင့် မပေးဘဲ အောင့်ပြီး ချုပ်တီးထား၏။ ထိုအခါ လေတို့သည် ထွက်ခွင့်မရကြသဖြင့် ဦးခေါင်းသို့ တက်၍ တို ဝှေ့ထိုးဆွကုန်၏။ စိတ်ဓာတ် ဝီရိယကား လျော့မသွား။ သတိလည်း စွဲမြဲလျက်ပင်။

ထို့နောက် ထိုအပွါနကစျာန်ကိုပင် အားထုတ်၍ ရှေးနည်းတူ ထွက်သက် လေ,ဝင်သက်သေတို့ကို ချုပ်တီးထားပြန်သော် လေတို့သည် ဦးခေါင်းသို့ တက်၍ တိုးဝှေ့ထိုးဆွကြသဖြင့် ပြင်းထန်လှသော ခေါင်းကိုက်ဝေဒနာတို့ ဖြစ်လာကုန်၏။ စိတ်ဓာတ်ဝီရိယကား လျော့မသွား၊ သတိလည်း စွဲမြဲ လျက်ပင်။

တို့နောက် ထိုအပွါနက စျာန်ကိုပင် ရှေးနည်းတူ အားထုတ်ပြန်သော် အလွန် ပြင်းထန်သော လေတို့သည် ဝမ်.ဗိုက်ကို ဖြတ်တောက်သည့်ပမာ ပြင်း ထန်စွာ တိုးဆွကုန်၏။ စိတ်ဓာတ် ဝီရိယကား လျော့မသွား၊ သတိလည်း စွဲမြဲလျက်ပင်။

ထို့နောက် တဖန် ထိုအပွာနက စျာန်ကိုပင် ရှေးနည်းတူ အားထုတ်ပြန် သော် တကိုယ်လုံး အပြင်းအထန် ပူလောင်ခြင်း(၃၂ဟရောဂါ)ဖြစ်ပေါ်လာ ၏။ တကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်လေ၏။ စိတ်ဓာတ် ဝီရိယကား လျော့မသွား၊ သတိလည်း စွဲမြဲလျက်ပင်။

နောက် အလောင်းတော်သည် အလွန်အမင်း ကိုယ်ပူနာ စွဲကပ်သော အခါ စက်ြံသွားစဉ် မူးဝေကာ ထိုင်လျက်သား လဲကျသွား၏။ သတိကား

လက်မလွတ်, စွဲမြဲလျက်ပင် ရှိ၏။ ထိုအခြင်းအရာကို နတ်တို့ မြင်ကြလျှင် တချို့က "သေလေပြီ"ဟုဎင်း၊ တချို့က "သေနေဆဲ"ဟုဎင်း၊ တချို့က "ရဟန္တာ ဖြစ်သွားပြီ"ဟုဎင်း ထင်မှတ် ပြောဆိုကြ၏။ "သေပြီ"ဟု ထင်မှတ်ပြောဆိုကြသည့် နတ်တို့သည် သုဒ္ဓါဒနမင်းကြီးထံ သွား၍ "သင့်သား သည် ဘုရားမဖြစ်ဘဲ သေရှာလေပြီ"ဟု ပြောကြလေ၏။ မင်းကြီးက "ငါ့သားသည် ဘုရား မဖြစ်ဘဲ မသေနိုင်။ သင်တို့စကား ငါမယုံ"ဟု ပယ်လေ၏။

အလောင်းတော်သည် မူးမေ့သွားရာမှ သတိရလာသောအခါ "ငါသည် အစာကို လုံးဝ မစားဘဲ ကျင့်တော့အံ့"ဟု ကြံသော် နတ်တို့က "အစာကို လုံးဝ မဖြတ်ပါလင့်၊ ဖြတ်လျှင် ကျွန်ုပ်တို့သည် သင်၏ကိုယ်တွင်းသို့ မွေးညှင်း ပေါက်တို့မှ နတ်ဩဇာကို ထည့်သွင်းကြရပါလိမ့်မည်"ဟု ဆိုကြလေ၏။

ထိုအခါ အလောင်းတော်က "သင်တို့ ထိုသို့မပြုကြလင့်၊အစာကို လုံးဝ မဖြတ်ဘဲ အနည်းငယ် သုံးဆောင်ပေအံ့"ဟု ဆိုပြီး တနေ့လျှင် ဆွမ်းတဆုပ်, သစ်သီးတလုံး စသည် ဤမျှလောက်သော အစာဖြင့် နေတော်မူ၏။

ဤသို့ နေ၍ ကြာလျှင် ခန္ဓာကိုယ်သည် ပိန်ချုံး၍ သွားလေ၏။ တင်ပါးတို့သည် အတွင်းသို့ ချိုင့်ဝင်ကုန်၏။ ကျောကုန်းသည် ပုတီးလုံးကြီးများ ကြိုးသီထားသကဲ့သို့ ဖြစ်လေ၏။ အသားအသွေး ကုန်ခန်းသဖြင့် နုံရိုးများ အခက်လိုက် ထင်ကုန်၏။ မျက်လုံးတို့သည် အတွင်းသို့ နိမ့်ဝင်ကုန်၏။ ဦးခေါင်းရေမှာ ရှုံ့တွန့်လိပ်၍ ညှိုးနွမ်းလေ၏။ ဝမ်းရေနှင့် ကျောသား ကပ်လျက်သား ဖြစ်နေပြီး ဝမ်းရေကို စမ်းလိုက်လျှင် ကျောရိုးကို ကိုင်မိတော့၏။ အစာအာဟာရ မရှိသလောက် နည်းပါးသဖြင့် ကျင်ကြီး, ကျင်ငယ် ဖြစ်စရာမှင် မရှိတော့ပေ။ ကိုယ်ကို လက်ဖြင့် ပွတ်သပ်လိုက်လျှင် မွေးညှင်းများ ကိုယ်မှ ကျွတ်ကာ လက်၌ ကပ်၍ ပါလာကုန်၏။ မဟာပုရိသ လက္ခဏာကြီးငယ် အားလုံးလည်း ကွယ်ပျောက်သွားခဲ့ပေပြီ။

["ငါသည် ကဿပဘုရားလက်ထက် ဇောတိပါလပုဏ္ဏား ဖြစ်စဉ်က ဘုရားအား 'ဤဦးပြည်းအား အလွန်ရခဲလှသော အရဟာတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် အဘယ်မှာ ရှိနိုင်အံ့နည်း'ဟု ပြောမှားခဲ့သော ဝစီကံကြောင့်ဒုက္ကရစရိယာကို ဤမျှ ပင်ပန်းစွာ ခြောက်နှစ်မျှ ကျင့်ခဲ့ရပေ၏"ဟူ၍ ဘုရားရှင်ကိုယ်တိုင် ဟောကြားခဲ့ပေ၏။]

၄၆။ အလောင်းတော် မဇ္ဈိမပဋိပဒါ ကျင့်ခြင်း

အလောင်းတော်သည် ထိုသို့ ဒုက္ကရစရိယာကို ခြောက်နှစ်ကျင့်ကြံ အားထုတ်လာခဲ့ရာသက္ကရာဇ် ၁၀၃ ခု၊ တန်ခူးလကုန်ရောက်လျှင်ကျိသို့ စဉ်းစားတော်မူ၏။

"ငါသည် အလွန်လျှင် ဆင်းရဲပင်ပန်းလှသည့် ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်မျှ ကျင့်ကြံအားထုတ်ပါလျက် ဘုရားအဖြစ်သို့ မရောက်ခဲ့ပေ။ ဤဒုက္ကရစရိယာအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ရာ။ ဤအကျင့်သည် ဘုရားဖြစ်ရန်အတွက် မှန်ကန်သောအကျင့် မဖြစ်နိုင်ရာ။ ဘုရားဖြစ်ဘို့ရန် အကျင့်လမ်းကြောင်းကား တမျိုးတမည် ဖြစ်စရာရှိ၏။ ဓမ္မတာအားဖြင့် သဒ္ဓါ, ပညာ, ဝီရိယ, သမာဓိတို့ လွန်ကဲလျှင် အကျိုး မဖြစ်ထွန်းနိုင်။ သတိသည်ကား လွန်သည်မရှိ၊ လိုသည်သာ ဖြစ်၏။ ရှေးက ဧပည်းတော် လယ်ထွန်မင်္ဂလာ ပြုစဉ်က ဇမ္ဗု သပြေပင်ရိပ်၌ ထိုင်နေလျက် အာနာပါန ပထမစျာန်ကို ငါဝင်စားခဲ့ဘူး၏။ ထိုအာနာပါန ပထမ စျာန်လမ်းကြောင်း အကျင့်သည်ပင် ဘုရားဖြစ်ဘို့ရန် လမ်းကြောင်းမှန်, အကျင့်မှန် ဧကန်ဖြစ်ပေမည်။ သတိလျှင် ပဓာနဖြစ်သော ဤအာနာပါန သမာဓိစျာန်ကို ဤခါနဲ့ ညီးခြောက်သည့် ကိုယ်ဖြင့် ရအောင် အားမထုတ်နိုင်ရာ။ ယခု ငါသည် ညီးနွမ်းသည့် ခန္ဓာကိုယ်ကို တဖန် လန်းဆန်းစေပြီးမှ အားထုတ်သင့်လှ၏။ (တင်းလွန်းလျှင်ပြတ်, လျော့လွန်းလျှင်ပဖော် ဟူသကဲ့သို့) သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိကို မျှတစေလျက် မတင်းလွန်း, မလျော့လွန်းဖြစ်သော 'မဇ္ဈိမ ပဋိပဒါ=အလယ်အလတ် လမ်းစဉ်ကို ကျင့်ဆောင်ပေအံ့"

သို့ဖြစ်၍ အလောင်းတော်သည် မိမိထားရာအရပ်မှ သပိတ်ကိုယူ၍ သေနာနိဂုံးဌ ဆွမ်းခံပြီး ရသမျှသော ဆွမ်းကို ဘဉ်းပေးကာ ညှီးနွမ်းသောကိုယ်ကို မျှတစေလေ၏။ နှစ်ရက် သုံးရက်အတွင်းမှာပင် အားအင် ပြည့်ဖြိုးလာပြီး မဟာပုရိသ လက္ခဏာတို့လည်း နဂိုရ်အတိုင်း ထင်ရှား ပေါလွင်လာကုန်၏။ အဆင်းသည်လည်း စိုပြေဝင်း၍ လာလေ၏။

ထိုသို့ အလောင်းတော်သည် ဆွမ်းခံ၍ အစာပြန်စား လေသော် အလုပ်အကျေး ပဉ္စဝဂ္ဂီ ရဟန်း ငါးပါးတို့သည် "ရဟန်းဂေါတမကား အလွန်ခိုင်းခဲ့စွာ ကျင့်၍မျှ ဘုရားမဖြစ်နိုင်ခဲ့။ ယခု လာဘ်လာဘ ပေါများရန်ဘက်သို့ လည်ပြီး ကျင့်ကြံလေပြီ ဖြစ်သဖြင့် အဘယ်မှာ ဘုရားဖြစ်နိုင်တော့အံ့

နည်း”ဟု အလောင်းတော်ကို စွန့်ခွာ၍ တဆယ့်ရှစ်ယူဇနာဝေးသော ဣသိပတနမိဂဒါဝုန်တောသို့ ထွက်သွားကြလေ၏။

ပဉ္စဝဂ္ဂီတို့ထွက်ခွာသွားသဖြင့် အလောင်းတော်သည် တပါးတည်းဖြစ်၍ ဆိတ်ငြိမ်မှုကို အသူးရသောကြောင့် တရားကို အားထုတ်ရာ၌ သမာဓိသည် အထူးတိုးတက် အားကောင်းလာလေ၏။

၄၇။ အိပ်မက်ကြီး ၎ါးပါး ဖြင်မက်ခြင်း

ဤသို့ အလောင်းတော်သည် တပါးတည်း ဆိတ်ငြိမ်စွာ တရားအားထုတ်သဖြင့် ကဆုန်လဆန်း ၁၄ ရက်၊ ညသန်းကောင်ကျော် မိုးသောက်ချိန်သို့ ရောက်လတ်သော် အိပ်မက်ကြီး ၎ါးပါးကို ဤသို့ မြင်မက်လေ၏။

(၁) “မြေအပြင်ကို အိပ်ရာပြု၍ ယူဇနာ ၎ါးဆယ်ရှိသော ဟိမဝန္တာတောင်ကို ခေါင်းအုံးကာ၊ အရှေ့အနောက် သမုဒ္ဒရာပြင် အပေါ်၌ လက်တော်တဘက်စီကို ထားလျက်၊ တောင်သမုဒ္ဒရာ၌ ခြေတော်နှစ်ဖက်ကို ထားပြီး အိပ်စက်တော်မူရသည်”ဟုဆင်း။

(၂) “သန္တာန်အဆင်းရှိသော ‘တိရိယ’ အမည်ရှိ မြက်မျိုးသည် ဝင်ရိုးပမာ ချက်တော်မှပေါက်၍ ကြည့်စဉ်ကြည့်စဉ်ပင် ကြီးထွားမြင့်တက်သွားပြီး အထက်ဘဝဂ်တိုင်အောင် ရောက်သွားသည်”ဟု ဆင်း။

(၃) “တကိုယ်လုံးဖြူသော ပိုးလောက်အပေါင်းသည် ခြေတော်ဖျားမှ ပုဆစ်ဒူးခေါင်းတိုင်အောင် တရှရှတက်ရောက် ဖုံးလွှမ်းသွားသည်” ဟုဆင်း။

(၄) “အဆင်းအမျိုးမျိုးရှိသော ငှက်အပေါင်းသည် အရပ်လေးမျက်နှာမှ လာကြ၍ ခြေတော်ရင်း၌ ဝပ်စင်းကြသော် ငှက်အားလုံး ဆွတ်ဆွတ်ဖြူ သွားကုန်၏”ဟုဆင်း။

(၅) “ကိုယ်တော်မြတ်သည် ကြီးစွာသော မစင်တောင်ပေါ်သို့ တက်၍ စင်္ကြံ ကြွတော်မူသော်လည်း မစင် လိမ်းကပ်ခြင်း မရှိ”ဟုဆင်း။ မြင်မက်လေ၏။

အလောင်းတော်သည် ဤအိပ်မက်ကြီး ၎ါးပါးတို့ကို ကိုယ်တော်တိုင်ပင် ဤသို့ နိမိတ်ဖတ်တော်မူလေ၏။

(၁) ပထမ အိပ်မက်အရ “၎ါသည် ယနေ့စင်စစ် ဘုရားဖြစ်လတံ့”

(၂) ဒုတိယ အိပ်မက်အရ "မင်္ဂလမ ပဋိပဒါ=အလယ်အလတ် ဖြစ်သော အဋ္ဌင်္ဂိကမဂ္ဂင် ကျင့်စဉ်တရားကို လူနတ်ဗြဟ္မာတို့အား ဟောကြားရပေအံ့"

(၃) တတိယ အိပ်မက်အရ "ဝတ်ဖြူစင်ကြယ် ဝတ်ကြသည့် သူတော်စင် လူမျှားစွာတို့သည် ငါဘုန်းထံ ကိုးကွယ်ဆည်းကပ်ကုန်လတံ့"

(၄) စတုတ္ထ အိပ်မက်အရ "အမျိုး လေးပါးမှ ပေါက်ဖွားကြသော အမျိုးကောင်း သားတို့သည် ငါဘုရား သာသနာဟော်သို့ဝင်ရောက် ရဟန်းပြုကြပြီး ရဟန္တာ အဖြစ်သို့ ရောက်ကုန်လတံ့"

(၅) ပဉ္စမ အိပ်မက်အရ "ပစ္စည်းလေးပါးတို့ကို မျှားစွာရဘို့ရန်နှင့် ထို ပစ္စည်းတို့ကို တွယ်တာကပ်ငြိခြင်း မရှိဘဲ သုံးဆောင်တော် မူဘို့ရန် ဖြစ်လတံ့"

၄၈။ သုဇာတာ ဃနာနို့ဆွဲမ်းကပ်လှူခြင်း

အဓလောင်းတော်သည် မြင်မက်သော ဤအိပ်မက်ကြီး ငါးပါးတို့ကို ကိုယ်တော်တိုင် နိမိတ်ဖတ်တော်မူ၍ "ငါသည် ယနေ့ပင် ဘုရားဖြစ်မည် ဧကန်တည်း"ဟု ဆုံးဖြတ်ပြီး (လပြည့်နေ့နံနက်) မိုးလင်းလျှင် ကိုယ်လက် သုတ်သင်၍ ထိုအရပ်မှ ထွက်ခွာသွားပြီးလျှင် 'သေနာ' နိုဂုံးရွာအနီးရှိ သုဇာတာ သူဌေးသမီး နှစ်စဉ် ပူဇော်ပသသော ညောင်ပင်ကြီး အရင်းဌ ကိုယ်တော်ရောင်ဖြင့် ထွန်းလင်းစေလျက် ဆွမ်းခံချိန်ကို ဆိုင်းငံ့ကာ အရှေ့အရပ်သို့ မျက်နှာမူကာ တင်ပလ္လင်ခွေ ထိုင်နေတော် မူလေ၏။

ဥရုဝေလ တောအနီးရှိ သေနာနိုဂုံးရွာ၌ 'မဟာသေန' မည်သော သူဌေး၏သမီး 'သုဇာတာ'သည် အရွယ်ရောက်သောအခါက ထိုညောင်ပင်ရင်း၌ "ကျွန်ုပ်သည် အမျိုးတူသော လင်ယောကျ်ားနှင့် ပေါင်းရ၍ သားယောကျ်ားကို ဦးစွာ ရပါလျှင် အရှင်နတ်မင်းအား တန်စ်တကြိမ် မွန်မြတ်လှသော နို့ဃနာဖြင့် ပူဇော်ပါအံ့။ မ,စတော်မူပါ"ဟု ဆုတောင်းခဲ့၏။

ဆုတောင်းတိုင်း ပြည့်စုံသဖြင့် ကဆုန်လပြည့်နေ့တိုင်း နို့ဃနာဆွမ်းဖြင့် နတ်မင်းအား ပူဇော်ပသ သမှု ပြုခဲ့၏။ ထိုနေ့တွင်လည်း နတ်မင်းအား ပူဇော်ရန် နို့ဃနာဆွမ်းအတွက် ဤသို့စီရင်လေ၏။

"ရှေ့ဦးစွာ နို့စားနွားမတထောင်ကို နွယ်ချိုတော၌ ကျောင်းစေ၍ ထိုနွားမတို့ကို ငါးစုပြုပြီး နွားမရှစ်ရာကို နို့ညှစ်စေ၍ နို့ရည်အာလုံးကို

ကျန် နွားမနှစ်ရာတို့အား တိုက်စေ၏။ ယင်း နွားမ နှစ်ရာကို ငါးစုပြုပြန်၍ ၁၆၀ သော နွားမတို့၏ နို့ရည်ကို ကျန် နွားမ ၄၀ တို့အား တိုက်စေ၏။ ထိုနွားမ ၄၀ ကို ငါးစုပြု၍ နွားမ ၃၂ ကောင်တို့၏ နို့ရည်ကို နွားမ ရှစ်ကောင်တို့အား တိုက်စေပြန်၏။ ထို နွားမ ရှစ်ကောင်တို့၏ နို့ရည်ဖြင့် သာ ဃနာနို့ဆွမ်းကို ချက်လေ၏။ နို့ရည်ပျစ်ပျစ် ရရန်, ချိုမြိန်သော အရသာရှိရန်, သြဇာဓာတ်ရှိရန် ရည်ရွယ်၍ နွားနို့ဆင့်ကဲဆင့်ကဲ လဲလှယ်မှု ကို ပြုခြင်းဖြစ်၏"။

ဤအကြိမ်တွင် နို့ဃနာဆွမ်းကို ကျွေချက်သော အခါ နတ်မင်းကြီး လေးပါးတို့က ခုံလောက်၌ စောင့်ကြ၏။ ဗြဟ္မာမင်းက ထီးမိုး ပေး၏။ သိကြားမင်းက မီးညှိအောင် လုပ်ဆောင်၏။ နတ်အပေါင်းတို့က ကောင်းမြတ်သော နတ်သြဇာတို့ကို ထည့်ကုန်၏။ နို့ရည်လည်း ကြီးစွာ ကြီးစွာသော အမြုပ်ကြီးများထကာ လက်ျာရစ်လည်၍သာ နေကုန်၏။ တပေါက် မျှလည်း အပြင်သို့ မကျရောက်ပေ။

သုဇာတာသူဌေးကတော်သည် ဤအံ့ဘွယ်ထို့ကို တွေ့မြင်ရသော် 'ပုဏ္ဏာ' မည်သော ကျွန်မအား "ယနေ့ ငါတို့အရှင် နတ်မင်းသည် အလွန်စိတ်ဂုဏ် လင်ပုံရသည်။ ငါသည် ဤမျှ အနှစ် နှစ်ဆယ်ကျော် ကာလအတွင်း ဤ အံ့ဘွယ်မျိုးကို မမြင်စဘူး။ လျင်စွာသွား၍ နတ်မင်းနေရာ ညောင်ပင်ကို သုတ်သင် ရှင်းလင်းလေလော့" ဟု စေခိုင်းလိုက်၏။

ကျွန်မသည် သွား၍ ကြည့်ရှုသော် ကိုယ်တော်ဧရောင်ဖြင့် ညောင်ပင် အလုံးကို ထွန်းလင်းစေလျက် ညောင်ပင်ရင်း၌ အရှေ့မျက်နှာသို့ ရှေးရှုနေ တော်မူသော အလောင်းတော်ကို မြင်သဖြင့် ဝမ်းမြောက် ရွှင်လန်းလျက် မြက်အမှိုက်တို့ကို သုတ်သင်ခဲ့ပြီးမှ ပြန်လာ၍ သုဇာတာ အား "အရှင်မ၊ ယနေ့ ငါတို့အရှင်နတ်မင်းသည် ညောင်ပင်ရင်း၌ ကိုယ်ထင်ပြ၍ အတုဲ့ရှိ သောအသရေဖြင့် စံနေတော်မူ၏။ အံ့ဘွယ်ရှိပေစွ။ လျင်စွာကြ၍ ပူဇော် ပါလော့" ဟု ဆို့လေ၏။

သုဇာတာလည်း ဝမ်းသာလှသည်ဖြစ်၍ အသပြာတသိန်း ထို့က်သော ရွှေခွက်၌ ဃနာနို့ဆွမ်းကို ထည့်၍ အခြားရွှေခွက်တခွက်ဖြင့် ဖုံးကာ ယူ ဆောင်သွားလေ၏။ အလောင်းတော်၏ တင့်တယ်ခြင်းကို မြင်ပြန်လျှင် အတိုင်းထက်အလွန်ပင် နှစ်သက်ရကား ရွှေခွက်ပါကပ်လှူလေ၏။ အလောင်း တော်သည် ရွှေခွက်နှင့်တကွ နို့ဃနာကိုခံတော်မူလေ၏။

[ဘုရား အလောင်းတော်တို့သည် ဘုရားဖြစ်သည့်နေ့၌ အဘိုးတသိန်းထိုက်သော ရွှေခွက်ကို ရမြဲမေ့မတာတည်း။]

၄၉။ နေရဥရာပြစ်ထဲ ရွှေခွက်မျှောခြင်း

အလောင်းတော်သည် နို့ဃနာဆွမ်းကို ခံတော်မူပြီးလျှင် အနီးဖြစ်သော နေရဥရာမြစ်သို့ကြွ၍ ဘုရားအလောင်းတို့ ရေချိုးမြဲဖြစ်သည့် "သုပ္ပတိဌိတ" မည်သောဆိပ်၌ ရေချိုးတော်မူ၏။ ရေချိုးပြီးနောက် ကမ်းခုံစထက် အေးမြသော သစ်ပင်ရိပ်တွင် အရှေ့သို့ မျက်နှာမူလျက် နို့ဃနာဆွမ်းအားလုံးကို ထန်းသီးမှည့် အစေ့ခန့် (ထန်းသီးမှည့်လုံးခန့် မဟုတ်) ပမာဏရှိသော ဆွမ်းလုပ် ၄၉ လုပ်တိတိဖြင့် ဘုဉ်းပေးတော်မူ၏။ (ယင်း ၄၉ လုပ်သည်ပင် နောက် ၄၉ ရက်စာ အာဟာရ ဖြစ်လေ၏။)

ဘုဉ်းပေးပြီး၍ ရွှေခွက်ကို ကိုင်ယူကာ "ငါသည် ယနေ့စင်စစ် ဘုရားဖြစ်မည် မှန်မူ ဤ ရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသတည်း" ဟု အဓိဋ္ဌာန်၍ ရွှေခွက်ကို မြစ်ရေအယဉ်သို့ မျှောလိုက်လေ၏။

ရွှေခွက်ဘည် ရေအယဉ်ကို ဖြတ်၍ မြစ်လယ်သို့ တည့်တည့် မတ်မတ်သွား ပြီးမှ မြစ်၏အလယ်ဗဟို ချက်မအရပ်မှပင် အတောင်ရှစ်ဆယ်ခန့် ဆန်တက်သွား၍ ဝဲဇလုပ်၌ နစ်မြုပ်ကာ "ကာဋ္ဌ" နဂါးမင်း၏ ဗိမာန်အနီးအပါးရှိ ရှေးဘုရားသုံးဆူတို့၏ ရွှေခွက်သုံးလုံးကို ထိခတ်ကာ ထို ရွှေခွက်သုံးလုံးတို့၏ အောက်၌ တည်လေ၏။

ကာဋ္ဌ နဂါးမင်းသည် ထိုအသံကိုကြား၍ "ယမန်နေ့ကပင် ဘုရားတဆူပွင့်တော်မူခဲ့လေပြီ။ ယနေ့တဖန် ဘုရားတဆူပွင့်တော်မူပြန်ပြီ" ဟု ပြောဆိုကာ ဂါထာတို့ဖြင့် ထောမနာ(ချီးမွမ်း)စကားကို ရွတ်ဆိုလေ၏။

ထိုနောက် အလောင်းတော်သည် နေရဥရာ မြစ်အနီးရှိ အင်ကြင်းတော၌ နေ့သန့်၍ မူလကမ္မဋ္ဌာန်း ဟု ဆိုအပ်သော "ကာယဂတာသတိ ဘာဝနာ (ဝါ) အာနာပါန ကမ္မဋ္ဌာန်း" ကို စီးဖြန်း အားထုတ်တော်မူ၍ လောကီစျာန်သမာပတ်ရှစ်ပါး, အဘိညာဉ် ငါးပါးတို့ကို ဖြစ်စေတော်မူ၏။

ညနေချမ်း ဆည်းဆာ ချိန်၌ နတ်ဗြဟ္မာတို့ တန်ဆာ ဆင်အပ်သော လမ်းခရီးဖြင့် မဟာဗောဓိသို့ ရှေးရှုကြွတော်မူ၏။ ထိုအခါ 'သောတ္ထိယ' မည်သော မြက်ထမ်းပုဏ္ဏားသည် မြက်ကို ထမ်းလာစဉ် အလောင်းတော်ကို

မြင်လျှင် မြက်ကိုအလိုသော အလောင်းတော်၏ အမူအရာကို သိနားလည်သဖြင့် မြက်ရှစ်ဆုပ်ကို လှူဒါန်းလေ၏။

အလောင်းတော်သည် ထို မြက်ရှစ်ဆုပ်ကို ယူဆောင်၍ မဟာဗောဓိပင်သို့ ချဉ်းကပ်ပြီး တောင်အရပ်မှ ရပ်တော်မူလျှင် မြေပြင်စကြဝဠာတို့သည် ခေါင်းထောင်လာဘိသကဲ့သို့ ထင်လာပြန်သဖြင့် "ဤအရပ်ကား သဗ္ဗညုတဉာဏ်ကိုရရှိရန်နေရာ ဖြစ်မည်မဟုတ်" ဟု ကြံလျက် အနောက်အရပ်, မြောက်အရပ်တို့ကို အစဉ်အတိုင်း လှည့်ရပ်တော်မူလျှင် ရှေ့နည်းတူ ဖြစ်ပြန်၏။

နောက် အရှေ့ဘက်သို့ကပ်၍ ရပ်တော်မူလျှင် မြေပြင်သည် မတုန်မလှုပ် ကြံ့ကြံ့ခံ၍ တည်နေလေရကား "ဤအရပ်သည် ဘုရားဖြစ်ရာဌာန မှန်ပြီ" ဟု နှလုံးပြု၍ မြက်ရှစ်ဆုပ်ကို အဖျားကင်း၍ ကြဲပြန်လေ၏။ ထို မြက်တို့သည် မြက်အသွင်ကွယ်ပျောက်၍ ၁၄ ဟောင်ပမာဏရှိသော အလွန် ဆန်းကြယ်သည့် 'အပရာဇိတ ရတနာပလ္လင်' ကြီး ဖြစ်သွားလေ၏။

၅၀။ မာရ်နတ်သားကို အောင်တော်မူခြင်း

အလောင်းတော်သည် ထိုအပရာဇိတ ပလ္လင်ပေါ်၌ မဟာဗောဓိပင်ကို ကျောပေး၍ အရှေ့အရပ်သို့ မျက်နှာမူကာ တင်ပလ္လင်ခွေ ထိုင်တော်မူလျက် "ငါ၏ အရေ၊ အကြော၊ အသွေး၊ အသားတို့ ခြောက်ကပ်၍ အရိုးစုမျှ ကျန်မူလည်း ကျန်ပါစေ။ ငါသည် ဘုရားမဖြစ်သမျှ ဤနေရာမှ မထတော့ပြီ" ဟု အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယဖြင့် ဆောက်တည်ကာ အာနာပါန စျာန်ကို ဝင်စားတော်မူလေ၏။

သိကြားမင်းသည် (တကြိမ်မှုတ်လျှင် လေးလကြာမှ အသံစဲသော) အတောင် ၁၂၀ ရှိ 'ဝိဇယုတ္တရ' မည်သော ခရုသင်းကိုမှုတ်လျက်၊ ပဉ္စသီခနတ်သားသည် ဗေဠု၀ စောင်းကိုတီးလျက်၊ သုယာမ နတ်မင်းသည် သားမြီးယပ်ဖြင့်ခတ်လျက်၊ သန္တုသိတ နတ်မင်းသည်ပတ္တမြားယပ်ဖြင့် ခပ်လျက်၊ ဗြဟ္မာမင်းသည် ထီးဖြူကိုမိုးလျက် ပူဇော်ရပ်တည်လာကုန်၏။ ကာဠနဂါးမင်းသည် နဂါးမ ကခြေသည်အပေါင်း ခြံရံလျက် ထောမနာဂါထာများကို ရွတ်ဆိုကာ ရှိခိုး ပူဇော်လေ၏။ များစွာသော နတ်ဗြဟ္မာတို့သည် အထူးထူးသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်လျက် နေကြလေကုန်၏။

ထိုစဉ်တွင် ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်းသည် လက်နက်မျိုးစုံကိုင်ဆောင်သော လက်ရုံးပေါင်းတထောင် ဖန်ဆင်းပြီး ယူဇနာ ငါးဆယ်ရှိ

'ဂိရိမေခလာ' ဆင်ကို စီးကာ လက်ဝဲ လက္ခါ တဆယ့် နှစ်ယူဇနာစီ၊ အထက်ကို ကိုးယူဇနာ၊ အနောက်မျက်နှာ၌ စကြဝဠာ တံတိုင်းအထိရှိသော လက်နက်မျိုးစုံ ကိုင်ဆောင်သည့် နတ်စင်သည် ဗိုလ်ပါအပေါင်း ခြံရံလျက် ပလ္လင်ကို တိုက်ခိုက်လုယူရန် တံပြိုင်တည်း ကြိမ်းမောင်းဟစ်အော် ကြွေးကြော်လျက် မဟာဗောဓိသို့ ချီတက် ရောက်လာလေ၏။

အလောင်းတော်အား ပူဇော်နေကြသည့် နတ် သိကြား ဗြဟ္မာတို့ တဦးမျှကြံ့.ကြံ့.ခံ မတည်နေနိုင်ကြဘဲ ဖဲခွာထွက်ပြေးကုန်၏။ မာရ်နတ်သား နှင့်တကွ နတ်မိုက် စစ်သည် ဗိုလ်ပါအပေါင်းသည် အလောင်းတော်၏အာနုဘော်ကြောင့် မဟာဗောဓိမဏ္ဍိုင်အာနန်းသို့ မဝင်ရောက်နိုင်ကြဘဲ ထက်ဝန်းကျင်မှ ဝန်းရံထားကြလေကုန်၏။

မာရ်နတ်သည် မိမိ၏စစ်တပ်ကိုကြည့်ကာ "လာကြလော့၊ဖမ်းကြလော့" စသည်ဖြင့် အမိန့်ပေး ပြောရုံသာ ပြောနိုင်ပြီး 'ရဲရဲပူနေသော သံတွေ့ခဲသို့ ယင်ကောင် မကပ်နိုင်သည့်ပမာ' မဟာဗောဓိပင် အနီးသို့ ချဉ်းကပ် ဝင်ရောက်ရန် မစွမ်းနိုင်ပေ။

ထိုနောက် မာရ်နတ်သည် မိမိ၏ စစ်တပ်ကို တဖန်ထပ်၍ "အချင်းတို့၊ ဤတန်ခိုး အာနုဘော်ကြီးသော သိဒ္ဓတ္ထကို မျက်နှာချင်းဆိုင် စစ်ပြိုင်ခြင်းငှာ မတတ်နိုင်ကုန်။ နောက်ကျောမှနေပြီး စစ်ထိုးကြကုန်အံ့" ဟု ပြောကြားလေ၏။

အလောင်းတော်သည် ရှေ့နှင့် ငယာ သုံးမျက်နှာကို ကြည့်ရှုလတ်သော် နတ်ဗြဟ္မာ တဦးတလေကိုမျှ မမြင်တွေ့ရလျှင် "ဤအရပ်၌ ငါမိ၊ ငါဘ၊ ငါ့ဆွေမျိုး တဦးမျှ မရှိချေ။ ငါဓာည်းပူးခဲ့သောပါရမီဆယ်ပါးတို့သည်သာကြာမြင့်စွာက ငါမွေးမြူခဲ့သော ငါ့ပရိသတ် အခြံအရံနှင့် တူကုန်၏။ ဤပါရမီဆယ်ပါး ငါ့ရဲမက်တို့ကိုသာ အမှီတကဲပြုကာ ဤပါရမီ လက်နက်ဖြင့်ပင် ဤမာရ်နတ်၏ စစ်သည်ဗိုလ်ပါတို့ကို ငါထိုးခုတ် ဖျက်ဆီးရတော့အံ့" ဟု နှလုံးပိုက်ကာ မိမိ၏ ပါရမီ ဆယ်ပါး ကုသိုတ်ဘရားတို့ကိုသာ စဉ်းစားဆင်ခြင်၍ နေတော်မူ၏။

ထိုနောက်မှမာရ်နတ်သာအား "ဟယ် မာရ်နတ်၊ ငါသည် သတ္တဝါတို့ကို ကယ်တင်ရန်အတွက် ဤအပရာဇိတပလ္လင်ကို လိုလား တောင့်တသဖြင့် လေးသခြေ့နှင့် ကမ္ဘာတသိန်းပတ်လုံး ပါရမီဆယ်ပါးတို့ကို ဖြည့်ဆည်းပူးခဲ့ပေပြီ။ မကျင့်ဘူးသော ဒုက္ကရ အကျင့်ဟူ၍ မရှိပြီ။ ဘဝမျှားစွာ အတိတ်ကမ္ဘာမျှားက လှူဒါန်းခဲ့သည့် ဒါန ပါရမီ စသည်တို့ကို ထားဘိဦး။

ဝေဿန္တရာမင်း ဘဝတခုမှာပင် ခုနစ်ကြိမ်တိုင် အလှူကြီးကိုစွန့်လှူခဲ့စဉ်က ဤကမ္ဘာမြေကြီးသည်ခုနစ်ကြိမ်တိုင် တုန်လှုပ်စေခဲ့လေပြီ။ယခု ဤအပရာဇိတ ပလ္လင်ပေါ်၌ အလုံးစုံသော လောကကို အောင်နိုင်ရန် ငါထိုင်နေစဉ် သင်၏ မာရ်စစ်သည်တပ်ကြီး တိုက်ခိုက်လာသောအခါ ဤမဟာပထဝီ မြေကြီးသည် အဘယ့်ကြောင့် မဘုန်မလှုပ် ဆိတ်ဆိတ်နေဘိသနည်း။ဤကမ္ဘာမြေကြီးသည် ယခုပင်လျှင် ငါ၏သက်သေ ဖြစ်ပေလတံ့"ဟု လက်ျာ လက်တော်ကို သင်္ကန်းတွင်းမှထုတ်ကာ မဟာပထဝီမြေကြီးကို လက်ညှိုးဖြင့် ညွှန်ပြတော်မူလေ၏။

ထိုခဏမှာပင် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာ မြည်ဟည်းကာ တုန်လှုပ်လေ၏။ တလောကလုံးမိုးချုန်းသံကဲ့သို့ သည်းထန်စွာ ကြောက်ခမန်းလိလိ မြည်ဟည်းလေ၏။ ကောင်းကင်မှ မီးကျီးမိုးပမာ မီးပေါက် မီးဖွားတို့ တဖွားဖွား ပြန့်လျက် မိုးကြိုးတို့လည်း တဖြုန်းဖြုန်း ကျလေ၏။ ထိုအခါ ကောင်းကင်နှင့် မြေအပြင် အကြားတွင် ရောက်ရှိနေသော မာရ်နတ်သားသည် ကိုးကွယ်ရာမရှိ အလွန်းအမင်း ကြောက်လန့်ရကား ထိုနေရာမှာပင် လက်နက်တထောင်ကို စွန့်ပစ်ခဲ့၍ ဂိရိမေခလာဆင်ကို ပြန်စောင်း၍မျှ မကြည့်နိုင်ဘဲ ဦးတည်ရာသို့ တအားကုန် ပြေးလေတော့၏။ မာရ်နတ် ပြေးလျှင်ပင် သူ့စစ်တပ်ကြီးလည်း ဖရိုဖရဲပြိုကွဲ ပျက်စီးကာ ဦးတည့်ရာ ပြေးလွှား၍ဝသဝတ္တီ နတ်ပြည်သို့ ပြန်သွားကြကုန်၏။

ဤသို့လျှင် အလောင်းတော်သည် နေမဝင်မီပင် မာရ်နတ်သားကို အောင်မြင်လေ၏။ မာရ်စစ်သည်တို့ ထွက်ပြေးလေသော် နတ်ဗြဟ္မာတို့သည် ကောင်းချီးကြွေးကြော်လျက် စုဝေးလာကြပြီး ပန်းနံ့သာတို့ဖြင့်အလောင်းတော်အား ပူဇော်ကြလေ၏။

၅၁။ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

(၁) ပုဗ္ဗေနိဝါသဉာဏ်ဟူသော ပထမဝိဇ္ဇာဉာဏ်ကို ရခြင်း

အလောင်းတော်သည်အင်္ဂါလေးပါးနှင့် ပြည့်စုံသော သမ္မာဝါယာမ(ဝီရိယ) ဖြင့် ဆောက်တည်လျက် ထွက်သက် ဝင်သက် နှစ်ပါးကို အာရုံပြု၍ မနောဒွါရဝီထိများစွာဖြင့် အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူလျှင် ထင်စွာသော **'သမ္မာသတိ'**သည် ဖြစ်၏။ ထိုသတိ ဖြစ်ခြင်းကြောင့် ကိုယ်၏

ချုပ်ငြိမ်းခြင်း စိတ်၏ငြိမ်းခြင်း (ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ)သည် ဖြစ်၏။ ထိုပဿဒ္ဓိကြောင့် အာနာပါန အာရုံ၌ မတုန်မလှုပ် ခိုင်ခံ့တည်ကြည်သော "သမ္မာသမာဓိ"သည် ဖြစ်၏။

ထိုသမာဓိ၏ အဟုန်ဖြင့် ငါးပါးသော နိဝရဏတရားဟူသော (စိတ်၏) ဘေးရန်ကို တွန်းလှန် ဖယ်ခွာလျက် ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရူပါဝစရပထမဈာန်သို့ ရောက်၍ မျက်မှောက်ပြုတော်မူ၏။ထိုနောက်ဆက်ခါ ဆက်ခါ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်သို့ ရောက်၍ ထိုဈာန်ကို ဝင်စားတော်မူ၏။

ထိုစတုတ္ထဈာန်မှထ၍ အရူပဘာဝနာကို အာရုံပြုပြန်သဖြင့် လေးတန်သော အရူပါဝစရဈာန်သို့ အစဉ်အတိုင်း မေ့ကျော်တော်မူ၍ အသီးသီးသော အရူပဈာန်ကို ဝင်စားတော်မူလျက် ရှစ်ချက်သော သမာပတ်ကို အလေးအမြတ်ပြုကာ လူးလာ ထက်အောက် မှေးကျော်လှန်လှန် နည်းအပြားပြားဖြင့်လည်း ဝင်စားတော်မူ၏။ ထိုသို့ ဝင်စားပြီးမှ စတုတ္ထဈာန် သမာပတ်၌ ဖြစ်သော ကောင်းမြတ် တည်ကြည်သည့် သတိသမာဓိ၏ အစွမ်းဖြင့် အာယေါက ကသိုဏ်းကို အာရုံပြု၍ စတုတ္ထဈာန်ဖြစ်သော 'ပါဒကဈာန်'ကို ဝင်စားတော်မူ၏။ ထိုပါဒကဈာနဝီထိ,အဓိဋ္ဌာနဝီထိ၊ထို့နောက်အဘိညာဏ်ဝီထိဖြင့် မိမိသန္တာန်, သူတပါး သန္တာန်၌ ဖြစ်ဘူးသော ခန္ဓာ(ဘဝ) အစဉ်ကို အာကုန်အစင် သိမြင်နိုင်သော "ပုဗ္ဗေနိဝါသ=ပုဗ္ဗေနိဝါသာနုဿတိ (အတိတ်သ) အမည်ရသော ပထမဝိဇ္ဇာဉာဏ်ကို ညဉ့်ဦးယံ၌ပင် ရတော်မူလေ၏။

နောက် ထိုပုဗ္ဗေနိဝါသဉာဏ်ဖြင့် ပုဗ္ဗန္တ အလုံးကို ဖုံးလွှမ်းတတ်သော 'အဝိဇ္ဇာ' တည်းဟူသော အမိုက်တိုက်ကို ဖွင့်တော်မူ၍ ကမ္ဘာသခြေများ စွာ ရှေးရှေးဘဝတို့က ဖြစ်ခဲ့ဘူးသော ကိုယ်တော်၏ခန္ဓာ (ဘဝ) အစဉ် အဖြစ်အပျက် အလုံးစုံကိုထင်း၊ ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံသော "ဤမည်သော ကမ္ဘာ၌ ဤမည်သော ဘုရားလောင်းသည် ဤမျှလောက်သော စည်းစိမ်ချမ်းသာကို စွန့်၍ ဤသို့ တောထွက်တော်မူပြီး ဤမည်သော ဗောဓိပင်ရင်း၌ ဤမည်သော ဝိပဿနာကို ရှုတော်မူ၍ ဘုရားအဖြစ်သို့ ရောက်သဖြင့် ဤမျှသော သတ္တဝါတို့ကို ဤမည်သော တရားတော်ဖြင့် ခွါတ်တော်မူ၏"ဟု စေ့စူးစဉ်လာ ဤကမ္ဘာမှသည် ပဋိလောမအားဖြင့်ထင်း၊ ရှေးရှေးကမ္ဘာမှသည် ဤကမ္ဘာ အရောက် တလျှောက်တည်း ရှုအပ်သော အနုလောမအားဖြင့်ထင်း၊အစဉ်အတိုင်းမလျှောက်မူ၍ခုန်လွှားကာ လိုရာလိုရာ

ကမ္ဘာထက်၌ ပျက်ဟန်ဖြစ်ဟန်ကိုလင်း တပြောင်းပြန်ပြန် အဖန်ဖန်ရှုလျက် ကုဋ္ဌေမကသော သမာပတ်တို့ကို ဝင်စားတော်မူလေ၏။

(၂) ဒိဋ္ဌစက္ခုဟုသော ဒုတိယ ဝိဇ္ဇာဉာဏ်ကို ရခြင်း

ထိုသို့ လင်စားတော်မူ၍ ညဉ့်ဦးယံလွန်သော် "ဘဝသုံးပါး၌ဖြစ်သောသတ္တဝါတို့၏ စုတိ, ပဋိသန္ဓေ နေတော်မူဟန်ကို တဖန်ရှုတော်မူအံ့" ဟု စိတ်တော်ညွတ်ကာမျှဖြင့် ပရိကံ အထူးမပြုရဘဲ စဘုဉ္ဆဈာန်ကို ဝင်စားတော်မူပြီးနောက် အဘိညာဏ်ဝီထိဖြင့် နတ်မျက်စိမက အဆအရာ သာလွန်၍ မြင်နိုင်သော "ဒိဗ္ဗစက္ခု" ဆိုအပ်သော ဒုတိယ ဝိဇ္ဇာဉာဏ်ကို သန်ကောင်ယံ၌ ရတော်မူ၏။

ထိုဒိဗ္ဗစက္ခုအဘိဉာဏ် = (စုတူပပါတဉာဏ်)ဖြင့် အဝိဇ္ဇာတည် ဟူသော အမိုက်တိုက်ကို ဖွင့်လှစ်၍ ရှုတော်မူသဖြင့် စုတေလတံ့သော သတ္တဝါ, ပဋိသန္ဓေ နေလတံ့သော သတ္တဝါတို့ကိုလင်း၊ ယုတ်သောသတ္တဝါ, မြတ်သော သတ္တဝါ၊ အဆင်းလှသော သတ္တဝါ, အဆင်းမလှသော သတ္တဝါ၊ ကြွယ်ဝသော သတ္တဝါ, ဆင်းရဲသော သတ္တဝါ၊ နတ်ပြည်သို့သွားသော သတ္တဝါ, လူ့ပြည်၌ဖြစ်သော သတ္တဝါ, ငရဲသို့လားသော သတ္တဝါတို့ကိုလင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ လားကြသော နတ်သိကြား ဗြဟ္မာသတ္တဝါတို့ကိုလင်း၊ ငရဲကြီး ရှစ်ဆယ်၌ မပြာက်မစဲ ဆင်းရဲကြီးစွာ ခံနေရှာရကုန်သော သတ္တဝါတို့ကိုလင်း တပြောင်းပြန်ပြန် ရှုသဖြင့် အကုမ္မဖျ မကြွင်း, လက်ငင်း ပစ္စုပ္ပန်ဖြစ်သော အာရုံအပေါင်းတို့ကို မြင်တော်မူ၏။

ထိုဒိဗ္ဗစက္ခုအဘိညာဏ်ကို တဖန် အခြေပြုသဖြင့် 'ယထာကမ္မုပဂ အဘိညာဏ်, အနာဂတံသ အဘိညာဏ်' နှစ်ပါးကို ပွားများတော်မူပြန်လျှင် ထိုထို ဂတိတို့သို့ လားကုန်သော သတ္တဝါတို့၏ အကြောင်းကံကြမ္မာကိုလင်း၊ "ဤသတ္တဝါကား ဤစာရိတ္တ ရှိ၏။ ဤဂတိသို့ လားရပေလတံ့။ ဤမည်သော ဆင်းရဲကို ခံရလတံ့။ ဤမည်သော ချမ်းသာကို ခံစားရလတံ့" စသည်ဖြင့် အနာဂတ်၌ ဖြစ်လတံ့သော အာရုံအပေါင်းကိုလင်း ကျိုးကြောင်းကုန်စင်သိမြင်တော်မူ၏။ ဤသို့ 'စုတူပပါတဉာဏ်, ယထာကမ္မုပဂဉာဏ်, အနာဂတံသဉာဏ်' လျှင် အခြံအရံရှိသော ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် အစဉ်အတိုင်း ရှုတော်မူ၍ သန်ကောင်ယံ လွန်မြောက်လေ၏။

[‘စုတူပပါတဉာဏ်’ဟူသည်နှင့် ‘ဒိဗ္ဗစက္ခုဉာဏ်’ဟူသည်မှာ အတူတူပင်တည်း။ ဒိဗ္ဗစက္ခုဉာဏ်ကိုပင် စုတူပပါတဉာဏ်ဟု ခေါ်၏။ ဒိဗ္ဗစက္ခုဉာဏ် ပြည့်စုံလာလျှင်ပင် ‘ယထာကမ္မုပဂဉာဏ်နှင့် အနာဂတံသဉာဏ်တို့လည်း ပြည့်စုံလေတော့၏။]

(၃) အာသဝက္ခယဉာဏ်ဟူသော တတိယ ဝိဇ္ဇာဉာဏ်ကို ရခြင်း

သန်ကောင်ယံ လွန်မြောက်၍ မိုးသောက်ယံသို့ ရောက်လျှင် ကိုယ်တော် မပင်ပန်းစေခြင်းငှာ တတိယယံ၏ သုံးဘို့တဘို့ခန့်မျှ ကျိန်းစက်တော်မူ၍ ရှေးရှုပြီးသော စတုတ္ထစျာန်ကို တဖန် ဝင်စားတော်မူ၏။ ထိုစျာန်မှ ထပြီးသော် ကိုယ်တော်၏ငှင်း၊ စိတ်တော်၏ငှင်း အမြဲမရှိသော သဘော(အနိစ္စ), ဆင်းရဲသော သဘော(ဒုက္ခ), အလိုသို့ မလိုက်ပါသော သဘော(အနတ္တ)သို့ တင်၍ ဝိပဿနာကို ကောင်းစွာ ရှေးရှု ပြုတော်မူ၏။

ထိုသို့ပြုသော် ဆင်ခြင်သုံးသပ်တတ်သော “သမ္မသနဉာဏ်”(၁)။

သန်ါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိတတ်သော “ဥဒယဗ္ဗယဉာဏ်”(၂)။

ဖြစ်ခြင်း=ဥပါဒ်ကို လွှတ်လျက်၊ ပျက်ခြင်း=ဘင်=ဘင်္ဂကိုသာ ရှုသဖြင့် ယခုချုပ်လတံ့သည်ကို မြင်တတ်သော “ဘင်္ဂဉာဏ်” (၃)။

သန်ါရတို့၏ ချုပ်ခြင်း အလျဉ် စသည်ကို အစဉ်မပြတ်ရောက်၍ ကြောက်မက်ဘွယ်ရှိ၏ဟု သိသော “ဘယဉာဏ်”(၄)။

ထိုတရားတို့၌ အပြစ်ကိုမြင်သော “အာဒီနဝဉာဏ်”(၅)။

အပြစ်ကို မြင်ပြီး၍ ငြီးငွေ့စက်ဆုပ်တတ်သော “နိဗ္ဗိဒါဉာဏ်”(၆)။

ထိုသန်ါရဝင်္ဂမှ ကင်းလွှတ်လိုသော အပြစ်ကို သိသော “မုစ္စိတုကမျတာဉာဏ်” (၇)။

လွှတ်နိုင်အံ့သော အကြောင်းကိုရှာ၍ ထိုသန်ါရတို့ကို တဖန် သိမ်းဆည်းခြင်း၌ သိတတ်သော “ပဋိသန်ါဉာဏ်” (၈)။

သိမ်းဆည်းမိသော သန်ါရတို့ကို လျစ်လျူရှုတတ်သော “သန်ါရုပေက္ခာဉာဏ်” (၉)။

သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့နှင့်တကွ ဝိမောက္ခ သုံးပါး, မင်္ဂကိစ္စ တဆဲ့ခြောက်ပါးတို့အား လျော်သော “အနုံလောမဉာဏ်”(၁၀)။

ဤဆယ်ပါးသော ဝိပဿနာဉာဏ်၏ ရင့်ကျက်ခြင်းသို့ ရောက်တော်မူလေ၏။

ထိုသို့ ဝိပဿနာဉာဏ် ဆယ်ပါး၏ ရင့်ကျက်ခြင်းသို့ ရောက်သဖြင့် သစ္စာလေးပါး, ပဋိစ္စသမုပ္ပါဒ်တရားတို့၌ လွှမ်းထား ပိတ်ပင်တတ်သော အဝိဇ္ဇာကွန်ယက်ကို ပယ်ရှားဖြတ်ခွာလျက် သစ္စာလေးပါး အသီးသီး၏ ကိစ္စသဘာဝ လေးပါး အသီးသီး(ပေါင်းကိစ္စ ၁၆ ပါး)ကို ပိုင်းခြားထင်ထင် သိမြင်၍ 'သောတာပတ္တိမဂ်-ဖိုလ်'သို့ ရောက်လေ၏။

ထိုမှ တဆက်တည်း 'သကဒါဂါမိမဂ်-ဖိုလ်'သို့ ရောက်တော်မူ၏။

ထိုနောက် တစပ်တည်း ဝိပဿနာကို ရှုလျှင် 'အနာဂါမိမဂ်-ဖိုလ်'သို့ ရောက်တော်မူ၏။

ထိုမှ တစပ်တည်း ဝိပဿနာကို ပွားများလျှင် ကိလေသာတို့ကို အကြွင်းမဲ့ ချုပ်စေလျက် 'အာသဝက္ခယဉာဏ်'ဟု သမုတ်အပ်သော 'အရဟတ္တမဂ်ဉာဏ်(တတိယ ဝိဇ္ဇာဉာဏ်)'ကို မိုးသောက်ယုံအကုန် နေအရုဏ် ထွက်သည်နှင့် တပြိုင်နက် ရတော်မူ၏။

ထိုနောက် တဆက်တည်းပင် 'ဆ-အသာဓာရဏ, စတုဝေသာရဇ္ဇပတ္တ, ဒသဗလ, ဆ-အဘိညာ, ဝိဇ္ဇာရှစ်ပါး, စရဏတဆဲ့ငါးပါး တရားအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော 'သဗ္ဗညုတဉာဏ်'ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

[မှတ်ချက်။ ။အာဠာဝရရသေ့, ဥဒက ရသေ့တို့ထံမှ ပုဗ္ဗနိဝါသဉာဏ်နှင့် ဒိဗ္ဗစက္ခုဉာဏ်တို့ကို အလောင်းတော် ရပြီးမဟုတ်လောဟု 'မေးငြေးအုံ- ဝိစိကိစ္ဆာ=ယုံမှားခြင်း၊ အမနသိကာရ=နှလုံးမသွင်းခြင်း၊ ထိနမိဒ္ဓ=အိပ်မွေ့ငိုက်မျဉ်းခြင်း၊ ဆမ္ဘိတတ္တ=ထိပ်လန့်ခြင်း၊ ဥပ္ပ ဝ=ဗလဝပီတိ တည်းဟူသောစိတ် ပေါ်လွင်ခြင်း၊ ဒုဋ္ဌုလ္လ=ဝီရိယလျော့ခြင်း၊ အစ္စာရဗ္ဘဝီရိယ=ဝီရိယလွန်ကဲခြင်း၊ အတိလီနဝီရိယ=အားလျော့ တွန့်တိုခြင်း၊ အဘိဇပ္ပ=စုံမက်ကပ်ငြိခြင်း၊ နာနတ္တသညီ=ဣဋ္ဌာရုံကိုမြင်၍ တပ်မက်နှစ်သက်စိတ် ဖောက်ပြန်သော အထူးထူးကြံခြင်း၊ အဘိနိဗ္ဗာယိတတ္တ=ဣဋ္ဌာရုံ, အနိဋ္ဌာရုံကို ရှု၍ အလွန် ရှုမောခြင်း, ကြုံမိုင်ထိုင်းမှိုင်းခြင်း-တည်းဟူသော စိတ်၏ အညစ်အကြေး '၁၁-ပါး'တို့မကင်းစင်သေးသဖြင့် ထိုဉာဏ်နှစ်ပါးတို့သည် အလောင်းတော်၏ သန္တာန်၌ အမြဲ မတည်ကုန်, ကွယ်ခဲ့ရကုန်၏။ ဒုက္ကရစရိယာ ကျင့်လွန်း၍ လက္ခဏာတော်ကြီးငယ်တို့ ကွယ်

ဆော အခါကပင် ဤဥာဏ်တို့လည်း ကွယ်ပြန်လေ၏။ ဤဗောဓိ မဏ္ဍိုင်၌ နေတော်မူလျက် သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ မျှသော မဇ္ဈိမ ပဋိပဒါကြောင့် ထိုအဘိညာဏ် နှစ်ပါးတို့ကို ညဉ့်ဦးယံနှင့်၊ သန်ကောင်ယံတို့၌ ရသည်ဟု ဆိုသတည်း။]

၅၂။ ဘုရားဖြစ်တော်မူ၍ ဥဒါန်းကျူးရင့်ခြင်း

အလောင်းတော်သည် သဗ္ဗညုတဥာဏ်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်လေသောအခါ ကောင်းချီးပေးသည့် အနေဖြင့် ကမ္ဘာမြေကြီး တုန်လှုပ်ခြင်းစသည် ၃၂-ပါးသော နိမိတ်ကြီးတို့တွင် ထင်ရှားဖြစ်ပေါ်ကုန်၏။ သဗ္ဗညုတဥာဏ်ကို ရရှိသောအခါ ဘုရားရှင်၏ သန္တာန်တော်၌ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရားတို့ ထပ်တလဲလဲ ဖြစ်ပေါ်လာ၏။ ထိုပီတိအဟုန်ဖြင့် ရှေးဘုရားရှင်အားလုံးတို့ ဘုရားဖြစ်ပြီးစ အခါ၌ စိတ်တော်ဖြင့် ဥဒါန်းကျူးရင့်မြဲဖြစ်သော ဤဥဒါန်း နှစ်ဂါထာကို ကျူးရင့်တော်မူလေ၏။

(၁) အနေက-ဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
(၂) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံ စိတ္တံ၊ တဏ္ဍာနံ ခယ မဇ္ဈဂါ။"

အဓိပ္ပာယ်။ ။ (၁) "ဘဝသံသရာတလျှောက် ထပ်ခါတလဲလဲ ပဋိသန္ဓေတည်နေဖြစ်ပွားရခြင်းသည် 'ဇရာ,ဗျာဓိ,မရဏ'တို့ ထက်ကြပ်မကွာ နှိပ်စက်သဖြင့် ဆင်းရဲလှဘိ၏။ ထို့ကြောင့် ခန္ဓာအိမ်ကို ထပ်ခါတလဲ ဆောက်လုပ်ပေးသော တဏ္ဍာယောကျ်ား လက်သမားကို စူးစမ်းရှာဖွေသော ငါဘုရားသည် တဏ္ဍာယောကျ်ား လက်သမားကို ပိုင်းခြားထင်ထင် သိမြင်သည့် သဗ္ဗညုတဥာဏ်ကို မရသေးသောကြောင့် ဘဝများစွာ သံသရာကာလပတ်လုံး တဝဲလည်လည် ကျင်လည်ခဲ့ရလေပြီ။

(၂) "ဟယ်၊ တဏ္ဍာယောကျ်ားလက်သမား၊ ယခု သင့်ကို သဗ္ဗညုတဥာဏ်ရသဖြင့် ငါတွေ့မြင်လေပြီ။ သင်သည် ခန္ဓာအိမ်ကို နောက်ထပ်တဖန်နင်ဆောက်နိုင်တော့မည် မဟုတ်ချေ။ သင်၏ အလုံးစုံကုန်သော ခန္ဓာအိမ်ထုတ်လျောက်ဒိုင်းမြား ကိလေသာ တရားတို့ကို ငါချိုးဖျက်အပ်လေပြီ။

အဝိဇ္ဇာတည်းဟူသော အိမ်၏အထွတ်ကို မုန့်မုန့်ကြေမွ ငါဖျက်ချအပ်လေပြီ။ ငါဘုရား၏ စိတ်အစဉ်သည် သင်္ခါရစက်ကွင်း ဒုက္ခတွင် မှ လွတ်ကင်းရာအမှန် ပြည်နိဗ္ဗာန်သို့ ဆိုက်ရောက်လေ၏။ ငါဘုရားသည် တဏှာ, အာသဝေါတို့၏ ကုန်ခန်းရာ အရဟတ္တမဂ်ဖိုလ်သို့ ကောင်းစွာ ငါဆိုက်ရောက်ခဲ့လေပြီ".

[ဤဥဒါန်းကား ဘုရားရှင် စိတ်တော်ဖြင့်သာ ကျူးရင့်သော ဥဒါန်းဖြစ်၍ "**မနသာဥဒါန်း**" မည်၏။ ဥဒါန်း ပါဠိတော်လာ ဥဒါန်းများကား ဘုရားရှင်နှုတ်တော်ဖြင့် အသံထွက်၍ကျူးရင့်သော ဥဒါန်းများဖြစ်၍ '**ဝစသာဥဒါန်း**'' မည်၏။]

၅၃။ သတ္တဌာန၌ ၇-ရက်စီ စံတော်မူခြင်း

သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော်-

(၁) **ပလ္လင်-သတ္တာဟ**။ ။ဘုရားရှင်သည် ဗောဓိပင်နှင့် လေးတောင်ကွာ အရှေ့မျက်နှာ၌တည်သော အပရာဇိတပလ္လင်ထက်၌ တင်ပလ္လင်ခွေ နေတော်မူ၍ အရဟတ္တဖိုလ် စတုတ္ထစျာန် သမာပတ်တို့ကို ဝင်စားကာ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" အစချီသော 'ပဋိစ္စသမုပ္ပါဒ်'တရားကို အနုလုံအားဖြင့်၎င်း၊ ပဋိလုံအားဖြင့်၎င်း ဆင်ခြင်တော်မူလျက် ကဆုန်လပြည့်ကျော် တရက်နေ့မှစ၍ ခုနစ်ရက်တိုင် နတ်ဗြဟ္မာတို့၏ အပူဇော်ကို ခံလျက် အရဟတ္တဖိုလ် (ဝိမုတ္တိ)ချမ်းသာကို ခံစား၍ နေတော်မူ၏။ ထိုအရပ်သည် 'ပလ္လင်-သတ္တာဟ'မည်၏။

(၂) **အနိမိသ-သတ္တာဟ**။ ။ထို့နောက် ထိုရွှေပလ္လင်မှ ထတော်မူ၍ ဗောဓိပင်၏ အရှေ့မြောက် ၁၄ လံ ကွာသော အရပ်၌ ရပ်တော်မူကာ "ငါသည် ဤဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ်သဗ္ဗညုတဉာဏ်ကို ရပေ၏တကား" ဟု မမှိတ်သောမျက်စိဖြင့် ရှုကြည့်လျက် ခုနစ်ရက်ပတ်လုံး စံနေတော်မူ၏။ ထိုအရပ်သည် 'အနိမိသ-သတ္တာဟ' မည်၏။

(၃) **ရတနစင်္ကမ-သတ္တာဟ**။ ။ထိုသို့ ပလ္လင်တော်ကို မျက်စိမမှိတ် စိမ်းစိမ်းကြည့်နေတော်မူသောအခါ (ပုထုဇဉ်) နတ်ဗြဟ္မာတို့၏ စိတ်သန္တာန်၌ "ဘုရားရှင်သည် စံပျော်ဘူးသည့် ရွှေပလ္လင်ကိုမျှ ခင်မင်တောင့်တခြင်း မပြတ်,ထပ်၍ ပြုအပ်သော သဗ္ဗညုတကိစ္စ ရှိသေးသလော"ဟု ယုံမှားမှု ဖြစ်ပေါ်လာလေ၏။ ဘုရားရှင်သည် ထိုယုံမှားမှုကို သိမြင်၍ ပယ်ဖျောက်လိုသဖြင့် ကောင်းကင်ထက်သို့ တယူဇနာမျှ ပျံတက်၍ ရေမီးအစုံ ထွက်စေ

ခြင်း အစရှိသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ထို့နောက် ကောင်းကင်မှ သက်ဆင်း၍ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင် ၂၀ ရှိသောအရပ်ကို အလယ်ထား၍ တဘက်မှ ငါးလံကွာဌာနတွင် အရှေ့မှ အနောက်သို့ အတောင် ၆၀ ရှိသောရတနာစင်္ကြံကို ဖန်ဆင်းကာ ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူ၏။ ထိုအရပ်သည် 'ရတနစင်္ကမ-သတ္တာဟ' မည်၏။

(၄) ရတနသရ-သတ္တာဟ။ ။ထို့နောက် မဟာဗောဓိပင်မှ အနောက်မြောက်,အတောင် ၄၀ အကွာတွင် နတ်တို့ စီမံဖန်ဆင်းအပ်သော ရတနာရွှေအိမ်ထဲ၌ တင်ပလ္လင်ခွေ နေတော်မူလျတ် ရှေးဦးစွာ ဝိနယပိဋက၊ ထိုနောက် သုတ္တပိဋကို၊ ထိုနောက် အဘိဓမ္မာပိဋကကို သုံးသပ်ဆင်ခြင်တော်မူ၏။ အဘိဓမ္မာပိဋကတွင် ရှေးဖြစ်သော အဘိဓမ္မာခြောက်ကျမ်းတို့ကို ဆင်ခြင်သုံ သပ်သောအခိုက်၌ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့ မကွန့်မြူးသေးဘဲ နောက်ဆုံးဖြစ်သည့် 'မဟာပကရဏ'ခေါ် 'ပဋ္ဌာန်းကျမ်းကြီး'ကို သုံးသပ်ဆင်ခြင်တော်မူမှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်၍ အထက်သို့ ဘဝဂ်တိုင်အောင်,အောက်သို့ မြေထု, ရေထု, လေထုတို့ကို ဖောက်၍ အောင်ကောင်းကင်တိုင်အောင်, ဖီလာအားဖြင့် အနန္တ စကြဝဋ္ဌာတိုင်အောင်ပျံ့နှံ့စေလျက် ခုနစ်ရက်ပတ်လုံး စံတော်မူ၏။ ထိုအရပ်သည် 'ရတနသရ-သတ္တာဟ' မည်၏။

(၅) အဇပါလ-သတ္တာဟ။ ။ထို့နောက် မဟာဗောဓိပင်မှ အရှေ့မျက်နှာ၌ ၃၂-လံကွာဝေးသည့် 'အဇပါလ' မည်သော ဆိတ်ကျောင်းညောင်ပင်ရင်းသို့ ကြွတော်မူ၍ ထိုညောင်ပင်ရင်း၌ ခုနစ်ရက်ပတ်လုံး တရားကို ဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စား၍ စံတော်မူ၏။ (ထိုသို့စံတော်မူစဉ် မာရ်နတ်သမီး သုံးဦးတို့က လာရောက် ဖြားယောင်းကြသည်ကို ဘုရားရှင်ကပယ်တော်မူလေ၏။ [ယင်းအကြောင်းကိုနောက်ခန်းတွင်ကြည့်ပါ။) ထိုအရပ်သည် 'အဇပါလ-သတ္တာဟ' မည်၏။

(၆) မုစလိန္ဒ-သတ္တာဟ။ ။ထိုနောက် ဘုရားရှင်သည် မဟာဗောဓိပင်၏ အရှေ့တောင်ဘက် ၅၁ လံကွာတွင် 'မုစလိန္ဒာ' မည်သောအိုင်သို့ ကြွ၍ အနီးရှိ ကျည်းပင်ရင်း၌ တင်ပလ္လင်ခွေကာ စံနေတော်မူရာ စကြဝဋ္ဌာတိုက် အလုံး နှံ့အောင်ရွာသော အခါမဲ့မိုးကြီး ခုနစ်ရက်လုံးစွေကာ ရွာသွန်းလေ၏။ ထိုအခါ မုစလိန္ဒာအိုင်အောက်ရှိ ဗိမာန်၌ စိုးစံသော 'မုစလိန္ဒာ'အမည်ရှိ တန်ခိုးကြီး နဂါးမင်းသည် မိမိဗိမာန်မှ ထွက်၍ ဘုရားရှင်အား ဖြုတ်, ခြင်, ယင်ရဲစသည် မထိပါးစေရန်နှင့် အပူအချမ်း လေကြမ်းမိုးဖွဲတို့ မညှဉ်းဆဲစေရန်

အတွက် ရတနာအတိုပြီးသောဗိမာန်ကို ဖန်ဆင်းလျှုနိုင်ပါလျက် မိမိကိုယ်ဖြင့် ကုသိုလ်ပြုခြင်းငှာ ကြီးစွာသောကိုယ်ကို ဖန်ဆင်း၍ တပိုင်းတခွဲကို ပလ္လင်ခင်းပြီး ဘုရားရှင်ကိုယ်တော်ကို ခုနစ်ရစ်ပတ်ရံလျက် ဦးခေါင်းတော်ပေါ်တွင် ပါးပျဉ်းကြီးဖြင့် အုပ်မိုး၍ မိုးမစွပ်အောင် အုပ်မိုးထားလေ၏။ ဘုရားရှင်လည်း နဂါးမင်း၏ အခေါ်ထက်၌ ခုနစ်ရက်လုံး ဖလသမာပတ်ကို ဝင်စား၍ နေတော်မူ၏။ ခုနစ်ရက်စေ့သော်မိုးစဲ၍ ကောင်းကင်အပြင် တိမ်စင်ကင်းရှင်းလျင် နဂါးမင်းသည် နဂါးအသွင်ကို ပယ်ဖျောက်၍ လူလင်အသွင်ဖြင့် လက်အုပ်ချီ ရှိခိုးကာ နေလေ၏။

ထိုအခါ ဘုရားရှင်သည် "လေးပါးသော မင်္ဂလာဖြင့် တရားကို သိမြင်ပြီး၍ ရောင့်ရဲလာသော ရဟန္တာ၏ နိဗ္ဗာန်တရားသည် လွန်စွာ ချမ်းသာလှပေ၏။ သတ္တဝါအပေါင်းခို အမျက်မထား, မေတ္တာပွားခြင်း, ကရုဏာထားခြင်းသည် လောကခို လွန်စွာ ချမ်းသာလှပေ၏။ ဝတ္ထု, အာရုံကာမဂုဏ်တို့ကို ပယ်ရှားလွန်မြောက်ပြီး၍ တပ်မက်ခြင်း ရာဂကင်းခြင်းသည် လောကခို လွန်စွာ ချမ်းသာလှပေ၏။ ငါတလူလူ, မာန်မူ ထောင်လွှားမှုကို ပယ်ဖျောက်တတ်သော အရဟတ္တဖိုလ်သည် အမြတ်ဆုံးသော ချမ်းသာပါပေတည်း" ဟူ၍ နှစ်ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။ ထိုအရပ်သည် 'မုစလိန္ဒ-သတ္တာဟ' မည်၏။

(၇) ရာဇာယတန-သတ္တာဟ။ ။ထိုနောက် ဘုရားရှင်သည် မဟာဗောဓိပင်မှ အလံလေးဆယ်အကွာတွင် လင်းလွန်းပင် (ရာဇာယတန)ရင်းသို့ကြွ၍ ခုနစ်ရက်လုံး သမာပတ်ကို ခံစား၍ အရဟတ္တဖိုလ်ချမ်းသာကို ခံစားကာ နေတော်မူ၏။ ထိုနေရာသည် 'ရာဇာယဘန-သတ္တာဟ' မည်၏။

၅၄။ မာရ်နတ်သမီး ၃ ဦးတို့ ဖြားယောင်းလာခြင်း

ဘုရားရှင်သည် ငါးခုမြောက် အဇပါလ-သတ္တာဟ၌ စံနေတော်မူသော အခါ မာရ်နတ်သည် "ဤမျှလောက်သော ကာလပတ်လုံး ဤသိဒ္ဓတ္ထမင်းသား ရဟန်းကြီး၏ အပြစ်ပြုဘွယ်သော အချက်မျှားကို ကြည့်ရှုပါသော်လည်း တစုံတရာမျှ ချော်ချွတ်သည်ကို မမြင်ရချေ။ ငါ၏အလို နှိုင်ငံ, ဘုံသုံးတန်ကို လွန်မြောက်လေပြီတကား" ဟု နှလုံးမသာရှိလျှ၍ ခရီးလမ်းမ၌ ငေးမှိုင်ကာ

ထိုင်လျက် တဆဲ့ခြောက်ကြောင်းသော အရေးအကြောင်းတို့ကို ရေးခြစ်ဆွဲကာနေလေ၏။

တဆဲ့ခြောက်ကြောင်း အရေးအကြောင်းတို့၏ အဓိပ္ပာယ်ကား-

"(၁) ဤရဟန်းကြီးသည် ဖြစ်လေရာ ဘဝ၌ပင် ဒါနပါရမီကိုသူတထူးထက် ကျူးလွန်၍ ပြုသောကြောင့် ဤရွှေပလ္လင်ကို ရပေ၏။ ငါကားဤကဲ့သို့ မမြင်မိသောကြောင့် ဤရွှေပလ္လင်ကို မရခြင်း ဖြစ်၏။ (၂) သီလပါရမီ-(၃) နိက္ခမပါရမီ-(၄)ပညာပါရမီ-(၅) ဝီရိယပါရမီ-(၆) ခန္တီပါရမီ-(၇) သစ္စာပါရမီ-(၈)မေတ္တာပါရမီ-(၉) အဓိဋ္ဌာနပါရမီ-(၁၀)ဥပေက္ခာပါရမီ။(၁၁)ဓနပရိစ္စာဂ (၁၂)အင်္ဂပရိစ္စာဂ- (၁၃) ပုတ္တပရိစ္စာဂ -(၁၄) ဘရိယပရိစ္စာဂ-(၁၅)ဇီဝိတ ပရိစ္စာဂ- (၁၆) စရိယာသုံးပါး တို့ကို ဤရဟန်းကြီးသည် သူတပါးနှောက်ယှက်၍မျှ မဖြစ်၊ အားသစ်၍သာ လွန်ကဲစွာ ပြုသောကြောင့် ဤရွှေပလ္လင်ကို ရပေ၏။ ငါကား ဤကဲ့သို့ မဖြည့်မိသောကြောင့် မရချေ"ဟူ၍ ဆိုလိုလျက် အရေ တဆဲ့ခြောက်ကြောင်းတို့ကို ရေးခြစ်ဆွဲကာ နေခြင်းဖြစ်ပေ၏။

ထိုအခါ "တဏှာ၊ အရတိ၊ ရာဂါ" မည်သော မာရ်နတ်၏ သမီးသုံးဦးတို့သည် ဘခင်ထံလိုက်လာ၍ မှိုင်နေခြင်း၏ အကြောင်းစုံကို မေးမြန်းသိရှိကြသော် "ဘခင် မစိုးရိမ်လင့်။ ကျွန်ုပ်တို့သည် မိန်းမ မာယာဖြင့် ဤရဟန်းကြီးကို ဖြားယောင်းသွေးဆောင်၍ ဘခင်နိုင်ငံသို့ ပါအောင်ပြုအံ့"ဟု ဝန်ခံပြီး တဦးကား ကညာပျိုအရွယ်၊ တဦးကား သား မဖွားသေးသော အရွယ်၊ တဦးကား တကြိမ်သားဖွားပြီး အရွယ်ဖြင့် တင့်တယ်စွာ တန်ဆာဆင်ပြီးလျှင် ဘုရားရှင်ရှိရာသို့ ချဉ်းကပ်၍ 'ခြေတော်ရင်း၌ အလုပ်အကျွေးပြုလိုပါကြောင်း' ဖြားယောင်းသွေးဆောင် ပြောဆိုကြ၏။

ထိုအခါ ဘုရားရှင်က "မာရ်နတ်သမီးတို့၊ ဖဲသွားကြလော့။ သင်တို့ဖျောင်းဖျဖြားယောင်းသော အမူအရာသည် ရာဂ, ဒေါသ, မောဟစသည် ကိလေသာ အညစ်အကြေး မကင်းသေးသော သူတို့ကိုသာ နှစ်သက်စုံမက်စေလိမ့်မည်။ ငါဘုရားသည် ကိလေသာတရားတို့ကို ပယ်ရှားအောင်မြင်ပြီးဖြစ်၍ အကောင်ပုပ်ကဲ့သို့ စက်ဆုပ်တော်မူ၏"ဟု ၎င်းတို့၏ ဖြားယောင်းမှုကို ပယ်တော်မူပြီး နှစ်ဂါထာဖြင့် ဤသို့ မိန့်တော်မူပြန်လေ၏။

"ကိလေသာတို့ကို အောင်မြင်ပြီး၍ တဖန်အောင်ဘွယ် မရှိတော့သော ဘုရားရှင်အား အောင်အပ်ပြီးသော ကိလေသာ ရန်သူကို ဤလောက၌ဘယ်

သူကမျှ တဖန် ရန်မူလာအောင် မလုပ်ဆောင်နိုင်ချေ။ တဏှာ, ရာဂစသည် အကြောင်းမရှိထသော၊ အဆုံးမထင် အကုန်သိမြင့်သည့် သဗ္ဗညုတဉာဏ်လျှင် အာရုံရှိထသော ထိုဘုရားရှင်ကို အဘယ်အကြောင်းဖြင့်ဆောင်နိုင်ကုန်လတံ့နည်း။

"ကွန်ယက်နှင့်တူ၍, ကာမဂုဏ်၌ စုံမင်တပ်မက် ကပ်ငြိတပ်သည့် တဏှာ ဟူသမျှ ကင်းလေပြီးသော ဘုရားရှင်အား (ကို) တစုံတရာ ယုတ်ညွှံသည့် ဘုံလောကသို့ တဖန်ဆောင်ခြင်းငှာ မတတ်နိုင်ရာ။ တဏှာ,ရာဂ စသည် အကြောင်းမရှိထသော, အဆုံးမထင် အကုန်သိမြင်သည့် သဗ္ဗညုတဉာဏ်လျှင် အရုံရှိထသော ထိုဘုရားရှင်ကို အဘယ်အကြောင်းဖြင့် ဆောင်နိုင်ကုန်လတံ့နည်း"

ထိုအခါ နတ်သမီး သုံးဦးတို့သည် "ငါတို့ဘခင်သည် အမှန်ကိုပင် ပြောဆိုပေ၏။ ဤရဟန်းကြီးကား ရာဂဖြင့် ဖြားယောင်းသွေးဆောင်ရန် မစွမ်းနိုင်။ လောက၌မြတ်သော အလှူကိုခံတော်မူထိုက်ပါပေ၏။ ကောင်းသော အလား ရှိတော်မူပါပေ၏"ဟု ချီးမွမ်းပြောဆိုပြီး ဘခင် မာရ်နတ်မင်းထံသို့ ပြန်သွားလေ၏။

၅၅။ တပုဿနှင့် ဘလ္လိက သရဏဂုံနှစ်ပါးတည်ခြင်း

ဘုရားရှင်သည် ဤသို့ခုနစ်ဌာန၌ ခုနစ်ရက်စီ (သတ္တ-သတ္တာဟ) စံတော်မူခဲ့ရာ (ကဆုန်လပြည့်ကျော် ၁ရက်နေ့မှ ၀ါဆိုလဆန်း ၅ရက်အထိ) ၄၉ ရက် ပြည့်ခဲ့လေပြီ။ ဤ ၄၉ရက် အတွင်း၌ ဘုရားရှင်သည် ခံတွင်းဆေးခြင်း, မျက်နှာသစ်ခြင်း, ကိုယ်လက်သုတ်သင်ခြင်း (=ကျင်ကြီးကျင်ငယ်စွန့်ခြင်း), ရေချိုးခြင်း, ဆွမ်းခံစားခြင်း, ရေသောက်ခြင်း, လျောင်းစက်ခြင်း ကိစ္စများကို အလျဉ်းပင် ပြုတော်မမူပေ။ စျာန်ချမ်းသာ, ဖိုလ်ချမ်းသာဖြင့်သာ နေတော်မူ၏။

နောက်ဆုံးလင်းလွန်းပင်ရင်း၌ စံနေတော်မူ၍ ခုနစ်ရက်ပြည့်သောအခါ ဘုရားရှင်အား မျက်နှာသစ်လိုသော ဆန္ဒဖြစ်ပေါ်တော်မူ၏။ ထိုအကြောင်းကို သိရှိ၍ သိကြားမင်းသည် ဆေးကြဇုသီးကို ဆက်ကပ်၏။ ဘုရားရှင်သည် ထိုကြဇုသီးကို ဘုဉ်းပေးတော်မူ၏။ ထိုနောက် ကိုယ်လက် သုတ်သင်တော်မူ၏(=ကျင်ကြီးကျင်ငယ်စွန့်တော်မူ၏)။ ထိုနောက် သိကြားမင်းသည်နဂါ

ပြည်မှာဖြစ်သော ကွမ်းရိုးဒန်ပူကိုဂုင်း၊ (မျက်နှာသစ်ရန်) အနောတတ်အိုင်မှ ရေကိုဂုင်း ဆက်ကပ်လေ၏။ ဘုရားရှင်သည် ထိုကွမ်းရိုးဒန်ပူကို ဝါးရှဲ အနောတတ်အိုင်ရေဖြင့် ခံတွင်းဆေးခြင်း, မျက်နှာသစ်ခြင်းကို ပြုတော်မူပြီး ထိုလင်းလွန်းပင်ရင်းဦပင် ထိုင်နေတော်မူ၏။

ထိုအခါ (ကုန္ဒိယပြည် ဩရိဿပြည်နယ်ရှိ) ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ တပုဿနှင့် ဘလ္လိကမည်သော ကုန်သည်ညီနောင် နှစ်ဦးတို့သည် လှည်းငါးရာတို့ဖြင့် မဇ္ဈိမဒေသသို့ ကူးသန်းရောင်းဝယ်ရန် သွားကြသော် ယခု ဘုရားရှင် သီတင်းသုံးတော်မူရာ လုင်းလွန်းပင်ဒေသသို့ ရောက်ကြလေ၏။ ထိုအခါ ရှေးဘဝက သူတို့၏ ဆွေမျိုးဖြစ်ဘူးသော နတ်သားတဦးက ထိုသူတို့၏ လှည်းများကို မသွားနိုင်အောင် ပြုထား၏။

ထိုညီနောင်တို့က ဗလိနတ်စာပူဇော်ပသကြသော် ထိုနတ်သည် ကိုယ်ထင်ရှားပြလျက် "အမောင်တို့၊ ဘုရားရှင်သည် ဘုရားဖြစ်၍ မကြာသေးမီ ၄၉ ရက်တိုင်ဆွမ်းဘဉ်းပေးတော်မမူဘဲအရဟတ္တဖိုလ်ချမ်းသာကို ခံစား၍နေတော်မူခဲ့ရာ ယခုလင်းလွန်းပင်ရင်းဦပင် စံနေတော်မူဆဲ ဖြစ်၏။သင်တို့သည် ဘုရားရှင်အား ဆွမ်းခဲဘွယ်ဖြင့် လှူဒါန်းပူဇော်လော့။ ထိုသို့ပူဇော်ခြင်းသည် သင်တို့အဘို့ ကာလကြာရှည် စီးပွားချမ်းသာ ဖြစ်ပေလိမ့်မည်"ဟု ပြောဆိုလေ၏။

ထိုညီနောင်တို့လည်း ဝမ်းသာအားရစွာဖြင့် "ဆွမ်းချက်နေလျှင်အချိန်ကြာနေလိမ့်မည်"ဟု ကြံစည်၍ အသင့်ပါလာသော မုံ့ကြက်ကျစ်နှင့် ပျားဆုပ်မုံ့တို့ကိုယူ၍ ဘုရားရှင်ထံသွားပြီး ရှိသေစွာရှိခိုး၍ ကပ်လှူလေ၏။

ထိုအခါ ဘုရာ ရှင်အား ဃဋီကာရဗြဟ္မာကြီးလှူသောသပိတ်တော်ကိုယ်ပျောက်လေပြီဖြစ်၍ "အာဘယ်ဝတ္ထုဖြင့် အလှူခံတော်မူရအုံးနည်း"ဟု စိတ်အကြံဖြစ်လေသော် စဘုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့သည် ဣန္ဒနီလာကျောက်ညိုသပိတ်ဘလုံးစီကိုယူ၍ ဘုရားရှင်အား လှူဒါန်းကြလေ၏။

ထိုသပိတ်တို့ကို ဘုရားရှင်က အလှူခံတော် မမူသော် ပဲနောက် အဆင်းရှိသော ကျောက်သပိတ် လေးလုံးကို လှူကြပြန်၏။ ဘုရားရှင်သည် ထိုသပိတ်တို့ကို အလှူခံတော်မူပြီး ထပ်၍ အဓိဋ္ဌာန်ဖြင့် နှိပ်လိုက်သော် သပိတ်တလုံးတည်းဖြစ်သွားလေ၏။ ဘုရားရှင်သည် ထိုသပိတ်ဖြင့် မုံ့ကို အလှူခံ၍ ဘုဉ်းပေးတော်မူ၏။

ဘုဉ်းပေးပြီး၍ ဘုရားရှင် ဟောအပ်သော အနုမောဒနာ တရားကို နာရသော် ထိုညီနောင် နှစ်ဦးတို့သည် (ထိုအချိန်၌ သံဃရတနာ မပေါ်ထွန်းသေး၍) "တပည့်တော်တို့သည် ဘုရားကိုငင်း၊ တရားကိုငင်း ကိုးကွယ်ရာဟူ၍သိမှတ်ဆည်းကပ်ပါကုန်၏ =ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံဂစ္ဆာမိ" ဟူ၍ သရဏဂုံ နှစ်ပါးကို ခံယူကြလေ၏။ သို့ဖြစ်၍ သူတို့နှစ်ဦးသည် ပထမဆုံး သံရဏဂုံ နှစ်ပါးကို ဆောက်တည်သည့် ဥပါသကာများ ဖြစ်၍ ဒွေ့ဝါစိက ဥပါသကာများ" ဖြစ်ကြလေ၏။

နောက် ထိုညီနောင်တို့က "မြတ်စွာဘုရား၊ တပည့်တော်တို့သည် အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ရန် ပူဇော်ဘွယ် ဝတ္ထုတခုခုကို ကရုဏာရှေ့ထား ပေးသနားတော်မူပါဘုရား" ဟု လျှောက်ထားကြသဖြင့် ဘုရားရှင်သည် ညာလက်တော်ဖြင့် ဦးခေါင်းကို သုံးသပ်၍ ဆံတော်ဓာတ်တို့ကို သူတို့အား ပေးသနားတော် မူလေ၏။ ထိုညီနောင်တို့သည် မိမိတို့နေရာ ပေါ်ကွရဝတီမြို့သို့ ပြန်ရောက်ကြသော် ဆံတော်ဓာတ်တို့ကို ရှေကြုတ်အတွင်း ထည့်သွင်း၍ စေတီတော် တည်ထား ကိုးကွယ်ကြလေ၏။

[ဘုရားရှင်သည် အမည်အားဖြင့် သိဒ္ဓတ္ထ ဟု ဖြစ်သော်လည်း ဂေါတမ အနွယ်မှ ဆင်းသက်သည်ဖြစ်၍ အနွယ်အားဖြင့် "ဂေါတမ ဘုရား" ဟုသာ ခေါ်တွင်လေသည်။]

၅၆။ တရားဟောရန် သဟမ္မတိ ဗြဟ္မာကြီး တောင်းပန်ခြင်း

ဘုရားရှင်သည် ထိုသို့ မုံ့ဆွမ်းကို ဘုဉ်းပေးပြီးသော် ဝါဆိုလဆန်း ၆ ရက် နံနက်အခါတွင် လင်းလွန်းပင်မှတဖန် အဇပါလ ညောင်ပင်ရင်းသို့ ကွ၍ တင်ပလ္လင်ခွေ နေတော်မူစဉ် ဤသို့ အကြံအစည် ဖြစ်တော်မူလေ၏။

"ပင်ပန်းဆင်းရဲစွာ အားထုတ်၍ ငါဘုရား ရရှိသိမြင်သော ဤ 'သစ္စာလေးပါး' တရားတော်သည် ကမ္ဘာ၏ ရေထုပမာ နက်နဲလှစွာ၏။ မြင့်မိုရ်တောင်အောက်ခို မှန်ညင်းစေ့ပမာ သိမြင်နိုင်ခဲလှစွာ၏။ တက္ကဗေဒသမားတို့၏ ကြံစည်မှုဖြင့် မသိနိုင်၊ ဉာဏ်ပညာဖြင့်သာ သိမြင်နိုင်သဖြင့် သိမ်မွေ့လှစွာ၏။ အကျင့်မှန်ကို ကျင့်ကြံသည့် ပညာရှိတို့သာ သိမြင်အပ်သော တရားဖြစ်၏။ ဤသတ္တဝါအပေါင်းကား အာရုံငါးပါး ကာမဂုဏ်များနှင့် တဏှာ

လောဘ တည်းဟူသော 'အာလယ' နှစ်ပါးတို့၌သာ မွေ့လျော်ပျော်ပိုက်နေကုန်၏။ ကိလေသာကသာ များပြီး စဉ်းစားခြင်း အသိပညာ နည်းပါးရကား အကြောင်းအကျိုး ဆက်စပ် ဖြစ်ပုံသည့် ဤ 'ပဋိစ္စသမုပ္ပါဒ်'တရား ကို သိမြင်နိုင်မည်မဟုတ်။ ငါဘုရား ဟောကြားငြားသော်လည်း တရားတော် ကို မသိမမြင်နိုင်ကုန်ရာ။ ငါပင်ပန်းရုံသာ ရှိခဲ့မည်"

ဤသို့ ကိလေသာ အနာရောဂါ အမျိုးမျိုး လွှမ်းမိုး နှိပ်စက်အပ်သော သတ္တဝါအပေါင်းကိုငဲ့၊ တရားတော်၏ လွန်စွာနက်နဲ မြင်နိုင်ခဲပုံကိုငဲ့ သိမြင်တော်မူသော ဘုရားရှင်အား "အဘယ်တရားကိုမျှား အဘယ် သတ္တဝါတို့အား ဟောရပါမည်နည်း။ အဘယ်သို့သော တရားဆင်နည်းဖြင့် ဤသတ္တဝါတို့အား ဟောရပါမည်နည်း"ဟု သတ္တဝါတို့၏ သစ္စာလေးပါး တရား သိနိုင်ရေးကို ကြံတွေးဆင်ခြင်သည့် စိတ်အစဉ်ဖြစ်ပေါ်လာသနည်း။

["သတ္တဝါတို့အား ငါဘုရားသည် လုံးဝ တရားမဟောတော့အံ့"ဟု စိတ်ကို ဒုန်းဒုန်း လျှောချလိုက်သည် မဟုတ်ပေ။ လောလောဆယ် တရားဟောရန် အားမထုတ်လိုသေးသည့် သဘောပင်ဖြစ်၏။]

ထိုအခါ (ကဿပဘုရား သာသနာ၌ 'သဟာသက'မည်သော ပထမစျာန်ရရှိဟန်းတပါးသည် စုတေ၍ ပထမစျာန်ဗြဟ္မာ့ဘုံ၌ဖြစ်သော)သဟမွတိဗြဟ္မာမင်းသည် ဘုရားရှင်၏ ထိုကြံစည်ခြင်းကို သိမြင်လေလျှင် "နဿတိ ဝတ ဘော လောကော" (=အိုအခ္ခင်းတို့၊ လောကကြီးသည် ပျက်စီးတော့မည်တကား)ဟု ကြွေးကြော်လျက် နတ် ဗြဟ္မာ အပေါင်းကိုခေါ်၍ ဘုရားရှင် ထံ လာပြီးသော် တောင်းလုံးမျှ လောက်သော ရတနာပန်းကုံးဖြင့် ပူဇော်လျက်-

"မြတ်စွာဘုရား၊ တရားဟောတော်မူပါ။ ရှင်တော်ဘုရားသည် သတ္တဝါတို့အား တရားဟောရှုတ် ချတ်ခြင်းငှာသာ ပါရမီ ၃၀ တို့ကိုဖြည့်တော်မူခဲ့ပါ၏။ ရှင်တော်ဘုရားမှ တရားမဟောချေသော် ဘယ်သူလာ၍ ဟောပါအုံးနည်း။ ယခုအခါ မဂဓတိုင်း၌ 'ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ ပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တ။၊ အဇိတကေသကမ္မလ၊သို့သည်း' ဟူသော ခြောက်ဦးသော သူတို့သည် ဘုရားမဟုတ်ဘဲလျက် 'ဘုရား' ဟု ဝန်ခံ၍ များစွာသော လူအပေါင်းကို လှည့်ပတ်ကဲ့ မိစ္ဆာဝါဒကို ပြ၍ နေကြပြီ။ အပါယ်တံခါး ပွင့်ချေပြီ။ နတ်ရွာ နိဗ္ဗာန်တံခါး ပိတ်ချေပြီ။ ရှင်တော်ဘုရားသည် တရားစည်ကြီး တီး၍ အပါယ်တံခါးကိုပိတ်ပြီး နတ်ရွာနိဗ္ဗာန်တံခါးကို

ဖွင့်တော်မူပါ။ ပညာမျက်စိ၌ ကိုလေသာမြူ နည်းပါးကုန်သော သတ္တဝါတို့ မျှားစွာ ရှိကြပါကုန်၏။ ထိုသတ္တဝါတို့သည် ဘုရားရှင်၏ တရားတော်ကို မကြားနာရကုန်သော် သူတို့ ရထိုက်သော မဂ်ဖိုလ်တရားထူးမှ ဆုတ်ယုတ် ဆုံးရှုံးကြပါကုန်လိမ့်မည်။ ထိုသူတို့အား တရားမိုးဖြင့် သွန်းဖြိုးတော်မူပါ ဘုရား" ဟူ၍ လျှောက်ထား တောင်းပန်လေ၏။

ဗြဟ္မာမင်းကြီး တောင်းပန်မှု တရားဟောခြင်းသည် ဘုရားရှင်တို့၏ ဓမ္မတာကြီးတခုဖြစ်၏။ အကြောင်းမှာ သာသနာပကာလ၌ လူဝတ်ကြောင်များ၊ ရဿေ့ပရိဗိုဇ်များ၊ ရဟန်းပုဏ္ဏားဟု သမုတ်အပ်သော သူတော်စင်များသည် ဗြဟ္မာမင်းကြီးကိုသာ အလေးပြု၍ ကိုးကွယ်ကုန်၏။ သို့ဖြစ်၍ တလောကလုံးက ဒေလေးပြုအပ်သော ဗြဟ္မာကြီးက ဘုရားရှင်ကို အလေးပြုညွတ်ဝှား ကိုင်းရှိုင်းလာလျှင် တလောကလုံးကပင် ဘုရားရှင်ကို အလေးပြု ညွတ်ဝှား ကိုင်းရှိုင်း ပေလိမ့်မည်။ သက်ဝင်ယုံကြည်ကြပေလိမ့်မည်။ ထို့ကြောင့် ဘုရားရှင်တို့သည် ဗြဟ္မာမင်းကြီး တောင်းပန်မှု တရာ'ဟောတော်မူကြမြဲ ဓမ္မတာတည်း။

၅၃။ သတ္တလောကကြီးကို ကြည့်ရှုသုံးသပ်ခြင်း

ထိုအခါ 'ဗြဟ္မာမင်း၏ တောင်းပန်ခြင်း'ဟူသော 'ဗာဟိရနိဒါန်း'နှင့် ကိုယ်တော်မြတ်၏ သတ္တဝါတို့၌ သနားကြင်နာခြင်း 'မဟာကရုဏာ'တည်းဟူသော 'အဇ္ဈတ္တိကနိဒါန်း'။ ဤအဓိကြောင်း နိဒါန်းနှစ်ရပ် ပြည့်စုံပြီး ဖြစ်ရကား ဘုရားရှင်သည် 'အာသယာနုသယညာဏ်၊ ဣန္ဒြိယပရောပရိယတ္တိညာဏ်' တည်းဟူသော ဗုဒ္ဓစက္ခုအစုံဖြင့် သတ္တလောကကြီးကို ကြည့်ရှုတော်မူ၏။

ထိုသို့ ကြည့်ရှုတော်မူသောအခါ 'ပုဂ္ဂိုလ်သတ္တဝါ လေးမျိုးလေးစား'ကို ဤသို့ မြင်တော်မူလေ၏။

(၁) ကြာစုံပေါသည့် ကြာရေကန်ကြီးထဲ၌ ရေနှင့်မထိဘဲ ရေအထက်သို့ စွင့်စွင့်တက် တည်ရှိပြီး နေထွက်လျှင် ယနေ့ပင် ပွင့်တော့မည့် ကြာတမျိုး။ ထိုကြာမျိုးနှင့် တူသော တရားအကျင့်မျှ ဟောလိုက်လျှင်ပင် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်မည့် 'ဥဃဋိတ' ပုဂ္ဂိုလ်တမျိုး။

(၂) ရေမျက်နှာပြင်နှင့်အညီ တည်ရှိ၍ နက်ဖြန်=နောက်တနေ့ ပင့်တော့မည့် ကြာတမျိုး။ ထိုကြာမျိုးနှင့်တူသော တရားတော်ကို အကျယ်ချဲ့ထွင်ဟောမှ သစ္စာလေးပါး တရားကို သိမြင် ကျွတ်တမ်းဝင်ကြမည့် 'ဝိပဋ္ဌိတ' ပုဂ္ဂိုလ်တမျိုး။

(၃) ရေထဲ၌ နစ်မြုပ်သော်လည်း ဖွံ့ဖြိုးကြီးပွားလျက်ရှိပြီး သံဘက်ခါ=တတိယနေ့၌ ပင့်ကြမည့် ကြာတမျိုး။ ထိုကြာမျိုးနှင့်တူသော တရားတော်ကို အကျဉ်းအကျယ် နာရလည်း တထိုင်တည်း၌ ကျွတ်တမ်းမဝင်သေးဘဲ ထိုတရားကို အဖန်ဖန် အားထုတ်ပြီးမှ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်မည့် 'နေယျ' ပုဂ္ဂိုလ်တမျိုး။

(၄) ရေအထက်သို့ လုံးဝ မတက်နိုင်တော့ဘဲ ရေထဲ၌ပင် ပျက်စီးသွားမည့် ကြာတမျိုး။ ထိုကြာမျိုးနှင့်တူသော ယခုဘဝ၌ မည်မျှပင် တရားကို နာယူလေ့လာ အားထုတ်ပါသော်လည်း မဂ်ဖိုလ်ကို မရဘဲ နောက်နောက် ဘဝတို့အတွက် တရားအဆုံ ပါရုံမျှ အကျိုးရသော 'ပဒပရမ' ပုဂ္ဂိုလ်တမျိုး။

ဤသို့လျှင် ဘုရားရှင်သည် ကျွတ်ထိုက်သော 'ဘဗ္ဗ' ပုဂ္ဂိုလ်နှင့် မကျွတ်ထိုက်သော 'အဘဗ္ဗ' ပုဂ္ဂိုလ် နှစ်မျိုးနှစ်စားကို ခွဲခြား သိမြင်တော်မူသဖြင့် သဟမွတိပြဟ္မာကြီးအား "အို သဟမွတိပြဟ္မာမင်း၊ ကျွတ်ထိုက်သူ ထိုနတ်လူတို့အတွက် နိဗ္ဗာန်နန်း ဝင်နိုင်ရန် မဂ္ဂင်ရှစ်ပါး တံခါးကြီး ရှစ်ပေါက်တို့ကို ငါဘုရား ပိတ်ဆို့၍ မထားအပ်ကုန်။ နားကောင်းကြသော နတ်လူတို့သည် ငါဘုရားအပေါ်၌ ယုံကြည်မှု သဒ္ဓါတရားကို စေလွှတ်ဖြစ်ပွားစေကြပါကုန်။ ငါဘုရားသည် ရှေးက ကိုလေသာ ထူပြောသည့် သတ္တဝါတို့အား တရားဟောတော်မူလျှင် ပင်ပန်းရုံသာရှိမည်ဟု သိမြင်သဖြင့် မိမိလေ့လာအပ်ပြီးသည့် မှန်မြတ်သောတရားကို လူနတ်ဗြဟ္မာ သတ္တဝါတို့အား မဟောကြားလိုခဲ့ခြင်း ဖြစ်ပေသည်" ဟူ၍ ဂါထာဖြင့် ဝန်ခံစကား မိန့်ကြားတော်မူလေ၏။

ထိုအခါ သဟမွတိ ဗြဟ္မာကြီးသည် "ငါ့ကို ဘုရားရှင် တရားဟောရန် ဝန်ခံတော်မူပေပြီ" ဟု နှစ်သက်ဝမ်းမြောက်လျက် ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး မိမိနေရာသို့ ပြန်သွားလေ၏။

၅၈။ ရှေးဦးစွာ ခွဲတမ်းရမည့်သူကို ကြည့်ခြင်း

ထိုနောက်မှ ဘုရားရှင်သည် ရှေးဦးစွာ တရားဟော ခွဲတမ်းအံ့သော သူကို ကြည့်ရှုတော်မူသော် "ကာလာမ အနွယ်ဖြစ်သော 'အာဠာဝရ' ရဿေ့သည် ပညာမျက်စိနှင့်ပြည့်စုံပြီး ကိလေသာမြူမှုန်ကင်းစင်သည့် ပုဂ္ဂိုလ်ဖြစ်၏။ သူ့အား ငါဘုရား ရှေးဦးစွာ တရားဟောရမှု ကောင်းလေစ့။ သူသည် ငါ၏တရားကို လျင်မြန်စွာ ထိုးထွင်းသိပေလတံ့" ဟု အကြံ ဖြစ်တော်မူ၏။

ထိုအခါ နတ်သားတယောက်သည် ကိုယ်ထင်ရှားမပြဘဲ "အရှင်ဘုရား၊ အာဠာဝရ ရဿေ့ သေလွန်၍ ခုနစ်ရက် ရှိခဲ့ပြီ" ဟု လျှောက်လေ၏။

ဘုန်းရှင်လည်း ထိုရဿေ့ သေလွန်၍ "အာကိဉ္စညာယတန' မည်သော အရူပဇ္ဈာန်ဘုံ၌ ဖြစ်သည်ကို မြင်တော်မူသော် "အာဠာဝရ ရဿေ့သည် အရှုံးကြီး ရှုံးလေစွ။ ငါ့တရားကို နာရမှု သစ္စာလေးပါးကို လျင်မြန်စွာ "သိမြင်လေရာ၏" ဟု အောက်မေ့လျက် ရင်ကိုသပ်တော်မူလေ၏။

ထိုနောက်မှ ဆက်လက်၍ "ရာမ၏ သားဖြစ်သော ဥဒက ရဿေ့သည် အာဠာဝရ နည်းတူ ပညာမျက်စိနှင့် ပြည့်စုံ၍ ကိလေသာမှုန် ကင်းစင်သည့် ပုဂ္ဂိုလ်ဖြစ်၏။ ငါဘုရားဟောလျှင် သစ္စာလေးပါးကို လျင်စွာသိပေလတံ့" ဟု အကြံဖြစ်ပြန်၏။

ထိုအခါ ယခင်နတ်ကပင် "အရှင်ဘုရား၊ ဥဒက ရဿေ့သည် ယမန်နေ့ကပင် သေလွန်ခဲ့ပါပြီ" ဟု လျှောက်ပြန်၏။

ဘုရားရှင်လည်း "ဥဒက ရဿေ့ သေလွန်၍ ဘဝင်ဟုခေါ်သော အထက်ဆုံး အရူပ ဇြဟ္မာ့ဘုံ(နေဝသညာ နာသညာယတန)၌ ဖြစ်သည်"ကို မြင်တော်မူ၍ "ဤ ရဿေ့လည်း အရှုံးကြီး ရှုံးလေစွ" ဟု လက်ခုပ်ခတ်တော်မူလေ၏။

ထိုနောက်မှ တရားဟောရအံ့သော သူကို ကြည့်ရှုပြန်လျှင် ကိုယ်တော်မြတ်အား ကျေးဇူးပြုခဲ့ဘူးသော ပဉ္စဝဂ္ဂိတို့ကို မြင်တော်မူ၍ "အဘယ်အရပ်၌ နေကြလေသနည်း" ဟု ဒိဗ္ဗစက္ခု အာသိညာဏ်ဖြင့် ကြည့်ရှုသော် ဗာရာဏသီပြည်အနီး ဣသိပတန မည်သော 'မိဒါဝုန်' တောကြီး၌ နေထိုင်ကြသည်" ကို မြင်တော်မူ၏။ ထိုအခါ ဘုရားရှင်သည် ဗောဓိမဏ္ဍိုင်အနီးမှာပင် လှည့်လည် ဆွမ်းခံကာ အဇပါလ ညောင်ပင်ရင်း၌ ရက်အနည်းငယ် စံနေတော်မူပြီး ပဉ္စဝဂ္ဂိတို့အား တရားဟောရန် တဆယ့်ရှစ်ယူဇနာ ဝေးသော ဗာရာဏသီပြည်သို့ ရှေးရှုကြွတော်မူ၏။

[ရှေးဘုရားရှင်တို့ကား မိဂဒါဝုန်တောသို့ ဓမ္မစကြာ တရား ဟောရန် ကောင်းကင်ဖြင့် ကြွတော်မူကြ၏။ ငါတို့ဘုရားရှင်ကား မဟာဗောဓိနှင့် ဂယာ (ဗုဒ္ဓဂယာ) အကြား ခရီးသွားနေသော ဥပက ဘက္ကတွန်း၏ နောင် အနာဂါမ်ဖြစ်လတံ့သော အကြောင်း ကို မြင်တော်မူ၍ ခြေလျင် ကြွတော်မူ၏။ မဟာဗောဓိနှင့် ဂယာ (=ဂယာသီသ)ကား သုံးဂါဝုတ် ဝေး၏။ မဟာဗောဓိနှင့် ဗာရာဏသီပြည်မှာ တဆယ့်ရှစ်ယူဇနာ ဝေး၏။]

၅၉။ ဥပက ဘက္ကတွန်းနှင့် တွေ့ခြင်း

ထိုအခါ ဘုရားရှင်သည် မဟာဗောဓိနှင့် ဂယာသီသအကြား 'ဥပက' မည်သော ဘက္ကတွန်းကို တွေ့တော်မူ၏။ ဥပက ဘက္ကတွန်းက "ငါ့ရှင်၊ သင်၏ ဣန္ဒြေတို့သည် နှစ်လိုဘွယ်ရှိပေ၏။ ကိုယ်ရေအဆင်းသည် သန့်စင်၍ ပြိုးပြိုး ပြက် အရောင်ထွက်၏။ အဘယ်အရာကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသနည်း။ သင့်ဆရာကား အဘယ်သူနည်း။ သင်ကား အဘယ်အမည်ရှိပါသနည်း" ဟု မေးလေ၏။

ဘုရားရှင်ကလည်း "ဥပက၊ ငါကား တောဘူမက (ဘုံသုံးပါး) တရား အာဃလုံးကို လွှမ်းမိုးစိုးအုပ်၍ တည်သူဖြစ်၏။ တရားအာဃလုံးကို အကြွင်းမဲ့ သိမြင်သူလည်း ဖြစ်၏။ အလုံးစုံသော တောဘူမက တရားတို့၌ တပ်မက်လိမ်းကျံကပ်ငြိခြင်းမှလည်း ကင်းစင်သူ ဖြစ်၏။ အလုံးစုံသော တောဘူမက တရားတို့ကို ပယ်ရှား စွန့်ပစ်ပြီးသူလည်း ဖြစ်၏။ တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ စိတ်ချညှတ်ညှတ် ကျွတ်လွတ် သက်ဝင်၍ တည်သူလည်း ဖြစ်၏။ ငါသည် တရားဒေသုံးစုံကို ဆရာမရှိ မိမိအလိုလို ထိုးထွင်းသိမြင်သူ ဖြစ်သောကြောင့် အဘယ်သူ့ကို ငါ့ဆရာဟု ညွှန်ပြဘွယ်ရှိတော့အံ့နည်း။ ငါကား အရဟတ္တ မဂ်ဉာဏ်ဖြင့် အကုသိုလ်တရားတို့ကို ပယ်ရှား အောင်မြင်တော်မူ သဖြင့် 'ဇိန' မည်၏။ ငါဘုရားသည် ဓမ္မစကြာတရားကို ဟောရန် ဗာရာဏသီပြည် အနီး မိဂဒါဝုန်တောသို့ သွားပေအံ့။ တရားစည်ကြီးကို ရိုက်တီးပေအံ့" ဟု မိန့်တော်မူလေ၏။

ထိုအခါ ဥပကသည် "ငါ့ရှင်၊ သင် ပြောသည့်အတိုင်း ဟုတ်တန်ရာ၏" ဟု ဆိုလျက် ဦးခေါင်းကိုညိတ်ပြီး ခရီးလွဲ၍ 'ဝက်' မည်သော ဇနပုဒ်သို့ သွားလေ၏။

["ဥပက သည်ကား ယခုတရားနာရုံဖြင့် မဂ်ဖိုလ်မရထိုက်သေး။ နောင်အခါမှ သံဝေဂရကာ 'ဇိန' အမည်ဖြင့် မေးခွန်း ရောက်လာပြီး တရားနာရမှ အနာဂါမ်ဖြစ်လေလတံ့။ ထိုအခြေအနေသို့ ရောက်လာအောင် ဘုရားရှင်က ကြိုတင်၍ နိဒါန်းပျိုး, လမ်းကြောင်းထား ခြင်း ဖြစ်၏။

ဥပကသည် ဝက်ဇနပုဒ်၌ 'စက္ကာမီ' မုဆိုးကို အမှီပြု၍နေထိုင်ရာ တနေ့တွင် ထိုမုဆိုး၏သမီး 'စာပါ' ကို မြင်မိရာမှ မနေနိုင် မစားနိုင် ကိုလေသာမီး တောက်နေသဖြင့် ထိုမုဆိုးက သူ့အား သမီး 'စာပါ' ကို ပေးစားလိုက်၏။ ကလေးတယောက်ရသော် စာပါက ကလေး ချော့သည့်အခါ "ဘာမှ မတတ်, ဘာမှအသုံးမကျ, ထမင်းဖြုန်းတဲ့ ကတုံးမဲ့၏ သား" စသည်ဖြင့် သူ့ကို စောင်းမြောင်း၍ နေ့တိုင်း ပြောဆို၏။

ဥပကသည် ရှက်လည်း ရှက်, နားလည်း ငြီးငွေ့သဖြင့် တနေ့သော် တိတ်တဆိတ်ထွက်သွား၍ 'ဇိန' အမည်ဖြင့် ဘုရားရှင်ရှိရာကို စုံးစမ်း၍ သွားသော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ရောက်လာ၏။ သူသည် ဘုရားရှင်၏ဟရားကို နာယူကြိုးကုတ် အားထုတ်သဖြင့် အနာဂါမ်ဖြစ်သွား၏။ နောက် စုတေသော် အဝိဟာဘုံ၌ ပြဟ္မာမင်းကြီး ဖြစ်သည်နှင့်တပြိုင်နက် ရဟန္တာ ဖြစ်သွားလေ၏။]

အဓိဋ္ဌာန် (၃)

ဘုရားရှင်၏ ပထမ ဘဒ္ဒန္တစ် ၂၀ ခရီး



၆၀။ ပဥ္စဝဂ္ဂိတို့အား ဓမ္မစကြာတရားဦး ဟောခြင်း

ဘုရားရှင်သည် အစဉ်အတိုင်းကြွတော်မူ၍ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ (၁၀၃ ခု၊ ဝါဆိုလပြည့် ညနေချမ်းအချိန်၌) ရောက်တော်မူ၏။ ပဉ္စဝဂ္ဂိတို့သည် ဘုရားရှင်ကို အဝေးမှ မြင်သော် "ငါ့ရှင်တို့၊ ရဟန်းကြီး ဂေါတမလာနေပြီ။ ရဟန်းကြီး ဂေါတမသည် ဘုရားအဖြစ်ကိုရရန် ဒုက္ကရစရိယာအကျင့်ကို ကျင့်ရာမှ လျှောကျပြီး ပစ္စည်းလေးပါး ပေါများရန် မြို့ရွာ အရပ်ရပ်သို့ လှည့်လည်ခဲ့လေပြီ။ အကျင့်ပျက်သွားခဲ့သူ ဖြစ်၏။ ထို ရဟန်း ဂေါတမကို ရှိမခိုးကြစတမ်း။ ခရီးဦးကြိုခြင်း, သပိတ်သင်္ကန်းလှမ်းယူခြင်း, သောက်ရေသုံးရေ တည်ခြင်း စသော ဝတ်ကို မပြုကြစတမ်း" ဟု ကဲတိကဝတ်ကို ထားကြလေ၏။

ဘုရားရှင်သည် ထိုပဉ္စဝဂ္ဂိတို့၏ စိတ်ဖြစ်ပုံကို သိတော်မူ၍ ယင်းတို့ကို အဆူးရည်ညွှန်းကာ မေတ္တာပွားတော်မူ၏။ အနီးသို့ ရောက်လာလတ်သော် သူတို့သည် ဗုဒ္ဓ၏ အာနုဘော်, မေတ္တာ၏ အာနုဘော်တို့ဖြင့် ထိတွေ့ရကား ထားရင်း ကဲတိကဝတ်၌ မတည်နိုင်ကြကုန်။ ငါးဦးလုံးပင် ခရီးဦးကြိုပြု၍ အသီးသီးက သပိတ်သင်္ကန်း လှမ်းယူခြင်း, နေရာခင်းခြင်း, ခြေဆေးရေ တည်ခြင်း စသည်တို့ကို ပြုကြလေ၏။

ထိုနောက် ဘုရားရှင်သည် ပဉ္စဝဂ္ဂိတို့ ခင်းပေးအပ်သော နေရာထက်၌ နေတော်မူပြီးသော် "ရဟန်းတို့၊ ငါကား ဘုရားစင်စစ် ဖြစ်တော်မူပြီ။ အလုံးစုံသောတရားတို့ကို သိတော်မူပြီ။ သင်တို့အား အမြိုက်တရားကို ဟော

ကြားရန် ငါ ကြွလာတော်မူ၏။ ရိုသေစွာ တရားနာကုန်လော့" ဟု တိုက်တွန်းတော်မူ၏။

ထိုအခါ ပဉ္စဝဂ္ဂိတို့က "ငါ့ရှင် ဂေါတမ၊ သင်သည် ဆင်းရဲ ပင်ပန်းလှစွာသော ဒုက္ကရစရိယာကို ခြောက်နှစ်ကျင့်၍မှ သဗ္ဗညုတဉာဏ်ကို မရောက်ခဲ့ပေ။ ယခုမူ သင်သည် ဆွမ်းသက်သာ စသည် ပစ္စည်းပေါမျာ်းရန် မြို့ရွာတိုင်းသို့ လှည့်လည် ကျင့်ဆောင်နေရာ သဗ္ဗညုတဉာဏ်ကို အဘယ်မှာ ရနိုင်အံ့နည်း။ သင် ဝါကြွား၍ လှည့်ဖြားကာမျှဖြင့် ငါတို့ မယုံနိုင်ချေ" ဟုဆို၍ ငြင်းပယ်ကြလေ၏။

ဤသို့ ဘုရားရှင်က ဘုရားဖြစ်ကြောင်း မိန့်ကြားသည်တွင် ပဉ္စဝဂ္ဂိတို့က သုံးကြိမ်တိုင်အောင်ပင် ရှေးနည်းတူ ငြင်းပယ်ကြလေ၏။

ဘုရားရှင်က (မူတမျိုး) ပြောင်းလဲကာ "ရဟန်းတို့၊ ရှေးက ဥရုဝေလတောအုပ်ဝယ် ဒုက္ကရစရိယာ ကျင့်စဉ်က သင်တို့ ငါ့ကို စွန့်ခွာသွားကြမည်ပြုသည်တွင် ငံါသည် သင်တို့အား 'သင်တို့ ထွက်ခွာမသွားကြလင့်။ ငံါ့အား အရောင်တော့ အလင်းတော့ ကမ္မဋ္ဌာန်းနိမိတ်တော့ ထင်လာပြီ' ဟု သင်တို့အထင် ကြီးအောင် ငါဘုံရား ပြောခဲ့ဘူးသလော" ဟု မိန့်တော်မူလိုက်၏။

ပဉ္စဝဂ္ဂိတို့သည် "မှန်ပေ၏။ အကယ်၍မျာ်း ဤ ရဟန်း ဂေါတမသည် ထိုစဉ်က ဤကဲ့သို့ လှည့်ဖြား ပြောဆိုလျှင် ငါတို့ ယုံကြည်မည်သာတည်း။ ထိုစဉ်က ဤသို့ သူမပြောခဲ့။ ယခု အမှန်ရရှိသည့် ဂုဏ်ကိုသာ တကယ် ပြောနေခြင်း ဖြစ်မည်" ဟု စဉ်းစားမိလာပြီး "ဤ ရဟန်းဂေါတမသည် အမှန်ပင် ဘုရားဖြစ်လေပြီ" ဟု တထစ်ချ ယုံကြည်လာပြီးသော် "အရှင် ဘုရား၊ ရှင်တော်ဘုရားသည် ထိုစဉ်က ဤစကားမျိုးကို မပြောဆိုခဲ့ဘူးပါ" ဟု လျှောက်ကြား၍ တရားနာရန် ရိုသေစွာ ထိုင်ကြလေ၏။

ထိုအခါန်ကား နေမင်းကလည်း အနောက်အရပ်တွင် ဝင်လုဆဲဆဲဖြစ်နေလျက် လမင်းကလည်း အရှေ့လောကဓာတ်မှ ထွက်ပေါ်လာဆဲအခါန် ဖြစ်ပေသည်။ ထိုအခါန်တွင် ဘုရားရှင်သည် ပဉ္စဝဂ္ဂိတို့အား "ဒေ့ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ"(=ရဟန်းတို့၊ အတ္တကိလမထာနုယောဂနှင့် ကာမသုခလ္လိကာနုယောဂ ဟူသော အပြစ်မျာ်း၍ အကျိုးမပြုသည့် ဤ အစွန်းထွက်သော အယုတ်တရား နှစ်ပါ်းကိုမမှီဝဲ့ မကျင့်သုံးအပ်ကုန်)အစရှိသော "ဓမ္မစက္က ပဝတ္တန"(တရား ဓမ္မစက့််လည်စေခြင်း)ဟူသော ဓမ္မစကြာတရားတော်ကို ပထမယံပတ်လုံး ဟောကြားတော်မူလေ၏။

ဤသို့ ဟောကြားသော ဘုရားရှင်၏ အသံတော်သည် အထက် ဘဝဂ် တိုင့်အောက်အဝီစိတိုင် ပျံ့နှံ့၍ တည်လေ၏။ ဤဓမ္မစကြာဟောပြီးသည်၏ အဆုံး၌ ပဉ္စဝဂ္ဂီ ငါးဦးတို့အနက် အရှင်ကောဏ္ဍည (အလောင်းတော်အား ဘုရားကောန် ဖြစ်မည်ဟု တထစ်ချဟောခဲ့သူ) သည် သောတာပန်ဖြစ်လေ၍ "အလုံးစုံသော တေဘူမကတရားသည် ဖြစ်ခြင်းသဘော ရှိ၏။ ထိုဖြစ်ခြင်း သတော်ရှိသောတရား ဟူသမျှသည် ချုပ်ပျောက်ခြင်း သဘော ရှိ၏" ဟူ၍ ဉာဏ်အမြင် ထင်ရှားဖြစ်ပေါ်လေ၏။

ထိုအခါ ဘုရားရှင်သည် "အညာတိ ဝတ ဘော ကောဏ္ဍညော = (ကောဏ္ဍညသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်လေပြီတကား)" ဟူ၍ နှစ်ကြိမ်ဆင့်ကာ ဥဒါန်းကျူးတော် မူလေ၏။ ဤ ဥဒါန်းကြောင့်ပင် ရှင်ကောဏ္ဍညသည် 'အညာသိ ကောဏ္ဍည' ဟူ၍အမည်တွင်လေ၏။ အရှင် ကောဏ္ဍညသည် သောတာပန် ဖြစ်ပြီးမသာ် ဘုရားရှင်အား ရဟန်းပြုခွင့်ကို တောင်းခံလေ၏။

ထိုအခါ ဘုရားရှင်က "ဟေ ဘိက္ခု၊ သွကွာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ = (ရဟန်း၊ လာလော့ = ရဟန်းအဖြစ်ကို ခံယူလော့။ တရားတော်ကို ငါဘုရား ဟောကြားအပ်ပြီ။ ဝဋ်ဆင်းရဲကို အဆုံးသတ်ရန် မြတ်သောအကျင့်ကို အားထုတ်လော့)" ဟူ၍ **'စကား ၃ ခွန်း'**ကို မိန့်ကြားသည်နှင့်တပြိုင်နက် အရှင်ကောဏ္ဍညသည် နဂိုရှိ အသွင် ကွယ်ပျောက်၍ ခဲ့ငါးတုံးအသွင်, တန်ခိုးဖြင့် ပြီးသော ပရိက္ခရာ ရှစ်ပါးအပြည့်အစုံ သက်နှံးဝတ်ရုံပြီးသား ဖြစ်သွားလေ၏။

[ရှေးဘဝများစွာက သက်နှံးပရိက္ခရာကို လှူခဲ့ဘူးသူသာ ဤသို့ 'ဟိဘိက္ခု' ရဟန်းအဖြစ်ကို ရနိုင်၏။ ရှေးကပြုခဲ့ဘူးသော ကုသိုလ်ကံ၏အစွမ်းဖြင့် တူသောအကျိုးကို ခံခြင်း ဖြစ်၏။ ဘုရားရှင်သည် ထိုသို့ ရှေးဘဝက သက်နှံးပရိက္ခရာ မလှူခဲ့ဘူးသော ပုဂ္ဂိုလ်တို့အား ဤသို့ 'ဟိ ဘိက္ခု' ခေါ်တော်မမူဘဲ 'သင့်မှာ သက်နှံး သပိတ် ပရိက္ခရာများ ပြည့်စုံပြီလော၊ ရှာဖွေဦးလော့' ဟူ၍သာ မိန့်တော် မူလေ့ရှိသည်။]

ဘုရားရှင်သည် ဓမ္မစကြာ တရားတော်ကို ဟောကြား ပြီးလေသော် ရှေးဦးစွာ ဘုမ္မစိုးနတ်တို့သည် "ရဟန်း,ပုဏ္ဏား,နတ်,ဗြဟ္မာ တဦးတယောက်မျှ မတားမြစ်နိုင်, မဟောကြားနိုင်သော အတုမရှိသော ဤ ဓမ္မစကြာတရား

တော်ကို ဘုရားရှင် ဟောတော်မူအပ်လေပြီ'' ဟူ၍ တပြိုင်နက် ကြွေးကြော်ကြကုန်၏။

ထို ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံကို စတုမဟာရာဇ် နတ်မင်းကြီးများ, တာဝတိံသာ နတ်များ, ယာမာ နတ်များ, တုသိတာ နတ်များ, နိမ္မာနရတိနတ်များ, ပရနိမ္မိတဝသဝတ္တီ နတ်များ (နတ်ပြည်ခြောက်ထပ်), ဗြဟ္မာပြည်ရှိ ဗြဟ္မာမင်းကြီးများတို့သည် အဆင့်ဆင့် ကြား၍ အဆင့်ဆင့် တပြိုင်နက် ကြွေးကြော်ကြကုန်၏။ ဤသို့ ခဏချင်းဖြင့် အထက် အကနိဋ္ဌ ဗြဟ္မာပြည်သို့တိုင်အောင် ကျော်စောသံသည် ပျံ့နှံ့တက်လေ၏။ တသောင်းသော လောကဓာတ်စကြဝဠာသည်လည်း ပြင်းစွာတုန်လှုပ်လေ၏။ အတိုင်းအရှည်မရှိ ပြန့်ပြောသော အလင်းရောင်ကြီးသည် လောကဋ္ဌ နတ်ဗြဟ္မာတို့၏ အာနုဘော်တို့ကို လွှမ်းမိုး၍သာ လွန်စွာထင်ရှား ဖြစ်လေ၏။

၆၁။ ဓမ္မစကြာတရားတော်၏ အနှစ်သာရအချုပ်

ဓမ္မစကြာတရားတော်ကား သုံးလောကတွင် ပထမဦးဆုံး အရိယာအဖြစ်သို့ ရောက်စေသော တရားဦးဖြစ်ပေသည်။ ယင်း တရားတော်၏အချုပ် အနှစ်သာရမှာ ဤအောက်ပါအတိုင်း ဖြစ်ပေ၏။

"ရဟန်းတို့၊ (၁) ယုတ်ညံ့သော, ရွာသူတို့၏ဥစ္စာ, ပုထုဇဉ်တို့၏ အလေ့အကျင့်, အရိယာတို့၏ဥစ္စာမဟုတ်, အကျိုးစီးပွားနှင့် မစပ်ယှဉ်သော၊ ဝတ္ထု၊ ကာမတို့၌ ဆန္ဒရာဂတည်းဟူသော ကိလေသာ ကာမတို့နှင့် ယှဉ်သော၊ ကာမဂုဏ် ချမ်းသာကို အဖန်တလဲလဲ ခံစားခြင်း (ကာမသုခလ္လိကာနုယောဂ)၎င်း။ (၂)ဆင်းရဲသော,အရိယာတို့၏ ဥစ္စာမဟုတ်, တိတ္ထိတို့၏ဥစ္စာဖြစ်သော၊ အကျိုးစီးပွားမစပ် ယှဉ်သည့် မိမိကိုယ်ကို ပင်ပန်းစေခြင်း (အတ္တကိလမထာနုယောဂ)၎င်း-ဤ အယုတ်တရား အစွန်းနှစ်ပါးတို့ကို မမှီဝဲအပ်ကုန်။

"ရဟန်းတို့၊ ဤအယုတ်တရား အစွန်းနှစ်ပါးတို့ကို ရှောင်ရှား၍ ငါဘုရား ထိုးထွင်း သိအပ်သော, ဉာဏ်မျက်စိကို ပြုတတ်- သစ္စာလေးပါး သိမြင်ခြင်းကို ပြုတတ်သော (သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့သို့ မရောက်စေသည့်) အလယ်အလတ် ကျင့်စဉ်သည် ကိလေသာငြိမ်းခြင်းဌာ, သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းဌာ, သစ္စာ

လေးပါးကို ကောင်းစွာ ထိုးထွင်းသိခြင်းငှာ, ဒုက္ခကင်းရာ နိဗ္ဗာန်အလို့ငှာ ဖြစ်ပေ၏။

"ထို အလယ်အလတ်ကျင့်စဉ် ဟူသည်ကား 'ကောင်းစွာမြင်ခြင်း (သမ္မာဒိဋ္ဌိ), ကောင်းစွာ ကြံခြင်း (သမ္မာသင်္ကပ္ပ), ကောင်းစွာ ဆိုခြင်း(သမ္မာဝါစာ), ကောင်းစွာပြုခြင်း(သမ္မာကမ္မန္တ), ကောင်းစွာ အသက်မွေးခြင်း (သမ္မာအာဇီဝ), ကောင်းစွာ အားထုတ်ခြင်း (သမ္မာဝါယာမ), ကောင်းစွာ အောက်မေ့ခြင်း (သမ္မာသတိ), ကောင်းစွာ တည်ကြည်ခြင်း(သမ္မာသမာဓိ)' ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် (မဇ္ဈိမပဋိပဒါ) ကျင့်စဉ်ပေတည်း။

"ရဟန်းတို့၊ (၁) ပဋိသန္ဓေ နေရခြင်းလည်း ဆင်းရဲ၏၊ အိုမင်းရခြင်းလည်း ဆင်းရဲ၏၊ ဖျားနာရခြင်းလည်း ဆင်းရဲ၏၊ သေရခြင်းလည်း ဆင်းရဲ၏။ မချစ်မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ပေါင်းသင်းရခြင်းလည်း ဆင်းရဲ၏။ ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွဲကွင်းရခြင်းလည်း ဆင်းရဲ၏။ အလိုရှိအပ်တောင့်တအပ်သော အရာကို မရခြင်းလည်း ဆင်းရဲ၏။ အကျဉ်းအားဖြင့် စွဲလမ်းမှု 'ဥပါဒါန်' ၏ အာရုံဖြစ်သော ခန္ဓာငါးပါးလုံးတို့လည်း ဆင်းရဲသည်သာ ဖြစ်ကုန်၏။ ဤ ဇာတိ စသော ဆင်းရဲတရားစုသည် 'ဒုက္ခ' အရိယသစ္စာ မည်၏။

(၂) ဝတ္ထု,ကာမတို့ကို တပ်မက်သော တဏှာ, သဿတဒိဋ္ဌိနှင့် ယှဉ်သော တဏှာ, ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော တဏှာ, ဟူ၍ သုံးမျိုးပြားသော လောဘတဏှာတရားသည် တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နှစ်သက်ခြင်း, တပ်မက်ခြင်းနှင့်တကွ ဖြစ်၏။ ထိုထို ဝတ္ထု အာရုံ၌ အလွန် နှစ်သက်တတ်၏။ ဤ ဆင်းရဲကို ဖြစ်စေတတ်သော တဏှာသည် 'ဒုက္ခသမုဒယ' အရိယသစ္စာ မည်၏။

(၃) ထို လောဘတဏှာ၏ပင် အကြင်းမဲ့ တပ်မက်ခြင်း ကင်းရာ,ချုပ်ရာ, ထို လောဘတဏှာ၏ပင်စွန့်ပယ်ရာ, လွတ်လွတ်ဝေးစွာ စွန့်ပယ်ရာ,ကပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏။ ဤ'ထိုဒုက္ခ၏ချုပ်ငြိမ်းရာ' နိဗ္ဗာန်သည် 'ဒုက္ခနိရောဓ' အရိယသစ္စာမည်၏။

(၄) 'သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ,သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ,သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိ'- ဟူသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသည့် ဝဋ်ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း

ဖြစ်သောကျင့်စဉ်သည် 'ဒုက္ခနိရောဓဂါမိနိပဋိပဒါ' ခေါ်-မဂ္ဂအရိယသစ္စာမည်၏။

"ရဟန်းတို့ (၁) ဤ ဝဋ်ဒုက္ခသည် ဒုက္ခအရိယ သစ္စာမည်၏ဟူ၍၎င်း၊ ထိုဒုက္ခအရိယသစ္စာကို ပိုင်းခြား၍ သိအပ်၏ ဟူ၍၎င်း၊ ထို ဒုက္ခအရိယသစ္စာကို ငါဘုရားသည် ပိုင်းခြားသိအပ်ပြီဟူ၍၎င်း-

(၂) ဝဋ်ဒုက္ခ၏ အကြောင်းဖြစ်သော ဤလောဘတဏှာသည် ဒုက္ခသမုဒယအရိယသစ္စာမည်၏ ဟူ၍၎င်း၊ ထိုဒုက္ခသမုဒယသစ္စာကို မဂ်လေးပါးဖြင့် ပယ်အပ်၏ဟူ၍၎င်း၊ ထိုဒုက္ခသမုဒယသစ္စာကို ငါဘုရားသည် မဂ်လေးပါးဖြင့် ပယ်အပ်ပြီဟူ၍၎င်း-

(၃) ဤဒုက္ခ၏ချုပ်ငြိမ်းရာနိဗ္ဗာန်သည် ဒုက္ခနိရောဓအရိယသစ္စာမည်၏ဟူ၍၎င်း၊ ထို နိရောဓသစ္စာကို မဂ်, ဖိုလ်, ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏ဟူ၍၎င်း၊ ထိုနိရောဓသစ္စာကိုငါဘုရားသည် မဂ်,ဖိုလ်, ပစ္စဝေက္ခဏာဉာဏ်ဖြင့်မျက်မှောက်ပြုအပ်ပြီဟူ၍၎င်း-

(၄) ဤဝဋ်ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးကျင့်စဉ်သည် ဒုက္ခနိရောဓဂါမိနိပဋိပဒါ=(မဂ္ဂသစ္စာ) မည်၏ဟူ၍၎င်း၊ ထိုမဂ္ဂသစ္စာကို ကောင်းစွာပွားများအပ်၏ ဟူ၍၎င်း၊ ထိုမဂ္ဂသစ္စာကို ငါဘုရားသည် ကောင်းစွာပွားများအပ်ပြီဟူ၍၎င်း-

"ဤသို့ (၃ ချက် ၄-လီ= ၁၂ ပါးအပြားအားဖြင့်) ငါဘုရားသည် ဘုရားမဖြစ်မီရှေးအခါက မကြားဘူးကုန်သော သစ္စာတရားတို့၌ မြင်တတ်သော ဉာဏ်မျက်စိ,သိတတ်သောဉာဏ်, အပြားအားဖြင့် သိခြင်းပညာ, ထိုးထွင်း၍သိခြင်း ဝိဇ္ဇာ, အဝိဇ္ဇာ အမှောင်ကို ဖျက်ဆီးတတ်သော ဉာဏ်ရောင်တို့သည် ထင်ရှား ဖြစ်ပေါ် လာခဲ့ပေပြီ။

"ရဟန်းတို့၊ ဤသစ္စာလေးပါးတို့၌ သစ္စာဉာဏ်, ကိစ္စဉာဏ်,ကတဉာဏ် အားဖြင့် ၃ ပါးအပြန်ရှိသော၊ ၃ ပါး ၄-လီ ဖြစ်၍အခြင်းအရာ ၁၂ ပါးရှိသော၊ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာဏ်အမြင်သည် ငါ့အား အလွန်သန့်ရှင်းကြည်လင် စင်ကြယ်ခြင်းမဖြစ်သေးသမျှ ကာလပတ်လုံး ငါဘုရားသည် နတ်ပြည် ခြောက်ထပ်, ဗြဟ္မာ့ပြည်နှင့်တကွသော သြကာသလောကဓာတ်၎င်း၊ ရဟန်း,ပုဏ္ဏား, နတ်လူနှင့်တကွသောသတ္တလောကဓာတ်၎င်း'အတုမရှိသော အရဟတ္တမဂ်

ဉာဏ်,သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိပြီ' ဟူ၍ရင်း ဝန်ခံတော် မမူသေး။

"ရဟန်းတို့၊ ဤသစ္စာလေးပါ တို့၌ ဤသို့ သစ္စဉာဏ်,ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် ၃ ပါး အပြန်ရှိသော ၃ ပါး ၄-လီ ဖြစ်၍ အခြင်းအရာ ၁၂ ပါးရှိသော, ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ဉာဏ်အမြင်သည် ငါဘုရားအား အလွန်သန့်ရှင်းကြည်လင်စင်ကြယ် သည်ဖြစ်သောအခါ၌ ငါဘုရားသည် နတ်ပြည်ခြောက်ထပ်, ဗြဟ္မာ့ပြည်နှင့်တကွသော သဿဝလောက၌၎င်း၊ ရဟန်းပုဏ္ဏား နတ်လူနှင့်တကွသော သတ္တလောက၌၎င်း 'အတုမရှိသော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို တိုးထွင်း၍သိပြီ'ဟူ၍ ဝန်ခံတော်မူပြီ။ (ယခုအခါ) ငါဘုရားအား ပစ္စဝေက္ခဏာဉာဏ်အမြင်သည် ထင်ရှားဖြစ်လေပြီ။ 'ငါ၏ အရဟတ္တဖိုလ်ဉာဏ်ကို ဆန့်ကျင်ဘက် အယုတ်တရားတို့သည် မဖျက်ဆီးအပ်တော့ပေ။ ဤဘဝသည် အဆုံးစွန်နောက်ဆုံးဖြစ်သော ဖြစ်ခြင်းပေတည်း။ ယခုအခါဝယ် တဘန် ဘဝသစ်၌ဖြစ်ခြင်းမရှိတော့ပြီ' ဤသို့သော ပစ္စဝေက္ခဏာဉာဏ်အမြင်သည် ထင်ရှားဖြစ်လေပြီ။"

ဘုရားရှင်သည် ဤဓမ္မစကြာတရားစကားကို ဟောတော်မူ၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်လို ဝမ်းမြောက်ကုန်လျက် ဘုရားရှင်၏တရားတော်ကို 'သာဓု,သာဓု' ဟု ရိုသေစွာ ဦးဖြင့်ခံကုန်၏။ ဤ ဓမ္မစကြာ တရား တော် ကို ဟောကြားပြီးလေသော် အရှင်ကောဏ္ဍညမထေရ်သည် သောတာပန်ဖြစ်၍ "အလုံးစုံသော တောဘူမကတရားသည် ဖြစ်ခြင်းသဘောရှိ၏၊ ထိုဖြစ်ခြင်း သဘောရှိသော တရားဟူသမျှသည် ချုပ်ပျောက်ခြင်းရှိ၏" ဟူ၍ ဉာဏ်အမြင် ထင်ရှားဖြစ်ပေါ်လေ၏။

၆၂။ သာတာဂိရနှင့် ဟေမဝတနတ် ၂ ဦး

[ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံပြီး၍ မကြာမီပင် သူငယ်ချင်းအမျိုးကောင်း သားနှစ်ဦးတို့သည် မထေရ်ကြီးများထံ၌ရဟန်းပြုကြ၏။ သူတို့သည် ပိဋကတ် စာပေကို အားထုတ်သင်ယူရာ အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်၏။ သူတို့သည် ပိဋကတ်စာပေ ဟောကြားပို့ချ သဖြင့် အခြံအရံ တပည့်ရဟန်းငါးရာစီ ရှိလေ၏။ သူတို့နှစ်ဦး ဟောကြား သဖြင့်

သာသနာလည်း အလွန်ပင် ထွန်းလင်း၏။ ပိဋ်ကပါရဂူ, ဝိနည်းဓိုရ်အဖြစ်ဖြင့် သူတို့နှစ်ဦး၏ဂုဏ်သတင်းလည်း သာသနာ၌ အလွန်ပင် ကျော်ကြားလေ၏။

နောက် အခါတပါး၌ ဓမ္မဝါဒီရဟန်းနှင့် အဓမ္မဝါဒီရဟန်းနှစ်ဦးသည် ဝိနည်းသိက္ခာပုဒ်နှင့်ပတ်သက်၍ ပြဿနာဖြစ်ကြရာ အဓမ္မဝါဒီရဟန်းသည် ထိုပိဋ္ဌကပါရဂူမထေရ်နှစ်ပါးထံလာ၍ တပည့်ခံကာ ဝတ်ကြီးဝတ်ငယ်များကို ပြုစုပေးလေ၏၊

နောက် ထို အဓမ္မဝါဒီရဟန်းသည် ထိုပြဿနာအကြောင်းကို လျှောက်ကြားလျက် "ဓမ္မဝါဒီရဟန်းက လာပေးလျှင် တပည့်တော်၏အပြစ် မပေါ်အောင် လုပ်ပေးပါရန် "တောင်းပန်လျှောက်ထားလေ၏။ နောက် ဓမ္မဝါဒီရဟန်း လာ၍ ထိုပြဿနာကို မေးလျှောက်ပြီး "မည်သည့်အပြစ် အာပတ်ဖြစ်ကြောင်း ဆုံးဖြတ်ပေးပါရန်" သုံးကြိမ်တိုင်လျှောက်ကြားသော်လည်း ထို ပိဋ္ဌကပါရဂူ ရဟန်းနှစ်ပါးက ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေကြလေ၏။

နောက် ထို ပိဋ္ဌကပါရဂူ ရဟန်းနှစ်ပါးသည် မိမိတို့၏ဆန္ဒာဂတိလိုက်ခဲ့မှုအတွက် ကြီးစွာနောင်တရပြီး သေသော်တဦးကား ဟိမဝန္တာတောအတွင်းရှိ 'ဟေမဝတ'မည်သော တောင်၌ 'ဟေမဝတ'မည်သော နတ်ဘီလူးစစ်သူကြီးဖြစ်၍ တဦးကား မဇ္ဈိမဒေသအတွင်းရှိ 'သာတာဂိရ'မည်သော တောင်၌ 'သာတာဂိရ'မည်သော နတ်ဘီလူးစစ်သူကြီးဖြစ်လေ၏။ သူတို့နှစ်ဦးသည် အချင်းချင်း အလွန်ချစ်ခင်လျက် နေထိုင်ခဲ့ကြရာ ယခု ဂေါတမဘုရား ပွင့်တော်မူသည့်အချိန်သို့ ရောက်လာခဲ့ပေ၏။

ဘုရားရှင်သည် ပဉ္စဝဂ္ဂိတို့အား ဓမ္မစက္ကာတရားတော်ကိုဟောကြားတော်မူသော် သာတာဂိရနတ်သည် ဘုရားရှင်နား၌နေလျက် တရားတော်ကို ကြားနာ၏။ ကြားနာပါသော်လည်း 'သူ့မိတ်ဆွေ ဟေမဝတနတ်သည် တရားဟောရာသို့ရောက်လာ,မလာကို'ကြည့်မျှော်လျက်နာနေ၍ သမာဓိမရလေသောကြောင့် မဂ္ဂဖိုလ်ကို မရနိုင်ပေ။

တရားပြီးဆုံးသော် သူသည် "ငါ့အဆွေ ဟေမဝတသည် ဆန်းကြယ်လှသော တရားဓမ္မစက္ကာကို မနာရလေသေး။ ရှေးကထားခဲ့ဘူးသော ကတိကဝတ် အရ ငါသည် ငါ့အဆွေကို သွားခေါ်လာပြီးမှ အတူလာ၍တရားနာအံ့"ဟုကြံလျက် မိမိဗိမာန်သို့ ပြန်၍ ဆင်ယာဉ်, မြင်းယာဉ်, ဂဠုန်ယာဉ် စသည်တို့ကို ဖန်ဆင်ပြီး ဘီလူးအခြံအရံ ငါဘုရားနှင့်တကွ ဟိမဝန္တာသို့ ရှေ့.ရှုထွက်လေ၏။

ဟေမဝတနတ်လည်း မိမိနေရာဟိမဝန္တာဌ် တောတောင်တို့မှာ အခါမဲ့ပွင့်ကြသဖြင့် အလွန်လျင် တင့်တယ်သာယာလှသည်ကို ရှုမြင်ရသော် "ငါ့အဆွေ သာတာဂိရနတ်ကိုသွားခေါ်၍ အတုတက္ခ ပျော်ပါးမြူးတူးအံ့"ဟု ကြံ၍ အခြံအရံငါးရာတို့နှင့်တကွ သာတာဂိရနတ်ကိုခေါ်ရန် မဇ္ဈိမဒေသသို့ ရှေးရှုလာသော် ရာဇဂြိုဟ်ပြည်အထက်၌ မျက်နှာချင်း ဆိုင်မိကြလေ၏။

အုချင်းချင်း လာခြင်း၏အကြောင်းကို မေးမြန်းကြသော် သာတာဂိရနတ်က "ဤလောကဌ် ဘုရားရှင် ထင်ရှားဖြစ်၍ ယခုနေ့ ဓမ္မစကြာတရားကို ဟောနေ၏"စသည်ဖြင့် လာခြင်း၏အကြောင်းကို ရှင်းပြလေ၏။

ဟေမဝတနတ်က "သင်ပြောသောဘုရားသည် မည်သို့သောဂုဏ်တို့နှင့် ပြည့်စုံလေသနည်း" ဟု ဘုရားစင်စစ် ဟုတ်, မဟုတ် မေးမြန်းလေသော် သာတာဂိရနတ်က သူသိသမျှ တတ်သမျှ ဘုရားရှင်၏ဂုဏ်ပုဒ်များကိုပြောပြလေ၏။

ထိုအခါ ဟေမဝတနတ်က "အဆွေ၊ ဤမျှသောဂုဏ်နှင့်ပြည့်စုံလျှင် သင်၏ဆရာသည် ဤစကြဝဠာဌ်အတုမရှိသော ဘုရားသဗ္ဗညု စစ်မှန်ပေပြီ။ ဤဘုရားရှင်ကိုသွားဖူးပြီး တရားနာကုန်အံ့။ အမြိုက်နိဗ္ဗာန်အကြောင်း မေးလျှောက်ကုန်အံ့"ဟု ဆိုလေ၏။

ထိုအချိန်ဌ အဝန္တီတိုင်း ကုရရဃရမြို့ဌ အိမ်ထောင်ကျပြီး ရာဇဂြိုဟ်ရှိ မိဘအိမ်သို့သားဖွားရန်ရောက်လာသော 'ကာဠီ'အမည်ရှိ အမျိုးသမီးတဦးသည် ပြာသာဒ်ထက်၌ လေသာပြူတင်းဖွင့်၍ ကိုယ်ဝန်၏ပင်ပန်းခြင်းကို ဖျောက်ရန် ရပ်လျက်နေ၏။

သူမသည် ထိုနတ်စစ်သူကြီးနှစ်ဦးတို့ အသီးသီးပြောဆိုကြသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်စကားအလုံးစုံကို စူးစိုက်ကြားနာလျက်"ဘုရားရှင်တို့သဘောသည် ဤသို့သောဂုဏ်ထူးနှင့်ပြည့်စုံပေသည် တကား"ဟု ဘုရားဂုဏ်လျှင်အာရုံရှိသော ပီတိကိုဖြစ်စေ၍ ထိုပီတိဖြင့် နိဝရဏတရားတို့ကိုခွာ၍ ဝိပဿနာတရားကိုစီးဖြန်းလျှင် ရပ်လျက်ပင် သောတာပန်ဖြစ်လေ၏။

[ဤကာဠီသည် ပထမဦးဆုံး သောတာပန်ဖြစ်သောအမျိုးသမီးဖြစ်သည့်အပြင် ဗုဒ္ဓဂုဏ်တော်ကိုတဆင့်ကြား၍ သဒ္ဓါအလွန်ပွားသူဖြစ်သောကြောင့် နောင်တွင် ဘုရားရှင် ရာဇဂြိုဟ်သို့ရောက်သော အခါဌ် ဇေတဒက်အရာဌ် ထားခြင်းခံရလေ၏။ သူမ အကြောင်းကို နောက်တွင် ထပ်မံတွေ့ရပေအံ့။]

ထိုနတ်စစ်သူကြီးနှစ်ဦးသည်နတ်ဘီလူးတထောင်ခြံရုံလျက် သန်ကောင်ယံ အချိန်၌ပင် မိဂဒါဝုန်တောသို့ သွားရောက်ကြ၍ ဓမ္မစကြာဟောနေစဉ်က တင်ပလ္လင်ခွေကို မဖျက်ရသေးဘဲ ထိုးမြဲထိုင်နေဟော်မူသော ဘုရားရှင်ထံသို့ ရောက်၍ ရှိခိုးလျက် ဘုရားရှင်အား ချီးမွမ်းခြင်းကို့ပြုပြီး ဆယ်ခုသောပြဿနာတို့ကို လျှောက်ကြားလေ၏။ ဘုရားရှင်လည်း "ဧဟမ: တသုတ်" ဒေသနာကို ဟောတော်မူလေ၏။ ထိုတရားအဆုံး၌ ထို့တစ်စစ်သူကြီးနှစ်ဦးတို့ သောတာပန်ဖြစ်သွားကြလေ၏။ ကြွင်းသောနတ်ဘီလူးတို့သည် သရဏဂုံတည်ကြလေ၏။

၆၃။ ပဉ္စဝဂ္ဂိတို့အား အနတ္တလက္ခဏသုတ်ဟောခြင်း

ဘုရားရှင်သည် ထိုမိဂဒါဝုန်တော၌ပင် (ပထမ) ဝါကပ်၍ နေထိုင်တော်မူလျက် နောက်တနေ့(ဝါဆိုလပြည့်ကျော်တရက်)မှစ၍ ထိုဓမ္မစကြာတရားကိုပင် အကျယ်အားဖြင့် ဆက်လက် ဟောတော်မူသော် "ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ၊ အဿဇိ" ဟူသော ပဉ္စဝဂ္ဂိမထေရ်လေးပါးတို့ တရက်ခြား, တရက်ခြား အဲသီးသီး သောဘာပန်ဖြစ်သွားကြပြီး အားလုံး "ဟိဘိက္ခု" ရဟန်းများချည်း ဖြစ်သွားလေ၏။

ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ ဘုရားရှင်သည် ဆက်လက်၍ 'အနတ္တလက္ခဏ'သုတ်ကို ဟောတော်မူသော် ပဉ္စဝဂ္ဂိရဟန်းငါးပါးလုံး ရဟန္တာဖြစ်ကြလေကုန်၏။ ထိုအခါ လောကဌ ရဟန္တာပုဂ္ဂိုလ်ခြောက်ဦး ရှိသွားလေပြီ။ ထို့ကြောင့် အနတ္တလက္ခဏသုတ်သည် လောက၌ ပထမဦးဆုံး ရဟန္တာဖြစ်သော တရားမြတ်ကြီးဖြစ်ပေသည်။

အနတ္တလက္ခဏသုတ်၏ အနှစ်သာရအချုပ်

"ရဟန်းတို့၊ရူပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်(တရားငါးပါးအသီးသီး)သည် အစိုးမရ,အလိုသို့မလိုက်, မိမိအလိုဆန္ဒအတိုင်း မဖြစ်သော'အနတ္တ'အမှန်ပင်တည်း။ ဤတရား (ငါးပါး အသီးသီး)သည် ကောန်စင်စစ် မိမိအလိုသို့လိုက်သော အတ္တသဘောရှိသည်ဖြစ်ငြားအံ့-ဤတရား(ငါးပါးအသီးသီး)သည် နှောက်ယှက်ဖောက်ပြန်ခြင်းငှာ မဖြစ်ရာ။ 'ငါ့၏ရူပ်,ငါ၏ဝေဒနာ,ငါ၏သညာ,ငါ၏သင်္ခါရ,ငါ၏

ဝိညာဏ်'(အသီးသီး)သည် ဤသို့ ဖြစ်ပလေစေ၊ ဤသို့ မဖြစ်စေလင့်' ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း ဖြစ်နိုင် ရနိုင်ရာ၏။

"ရဟန်းတို့၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် (အသီးသီး)သည် အစိုးမရ, အလိုသို့ မလိုက်, မိမိ အလိုဆန္ဒအတိုင်း မဖြစ်သော အနုတ္တသဘောရှိလေသောကြောင့် ဤတရား(ငါးပါးအသီးသီး)သည် နှောက်ယှက် ဖောက်ပြန်ခြင်းငှာဖြစ်၏။ 'ငါ၏ရုပ်, ငါ၏ဝေဒနာ, ငါ၏သညာ,, ငါ၏သင်္ခါရ, ငါ၏ဝိညာဏ် (အသီးသီး)သည် ဤသို့ ဖြစ်ပလေစေ၊ ဤသို့ မဖြစ်စေလင့်' ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း မဖြစ်နိုင် မရနိုင်ချေ။

"ရဟန်းတို့၊ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် (အသီးသီး)သည် မြဲသလော, မမြဲသလော"။ "မမြဲပါဘုရား"။ "ရဟန်းတို့။ မမြဲသော ထိုတရား(အသီးသီး)သည် ဆင်းရဲသလော, မဆင်းရဲသလော"။"ဆင်းရဲရိုး အမှန်ပါဘုရား"

"ရဟန်းတို့၊ မမြဲ, ဆင်းရဲ, ဖောက်ပြန် ပြောင်းလဲတတ်သော ထိုတရား(ငါးပါးအသီးသီး)ကို ဤရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်(အသီးသီး)သည်ကား ငါပိုင်သော ဥစ္စာတည်း။ ဤတရား(အသီးသီး)သည် ငါဖြစ်၍နေ၏၊ ဤတရား(အသီ သီး)သည် ငါ၏ အလိုသို့ လိုက်သော, အလိုဆန္ဒအတိုင်းဖြစ်သော အတ္တတည်း' ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ရန်သင့်လျော်ပါ၏လော"။ "ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ရန် မသင့်သည်သာပါဘုရား"။

"ရဟန်းတို့၊ ထိုသို့ မမြဲမှုသဘော, ဆင်းရဲမှုသဘော,အလိုမလိုက်သောသဘော ထင်ရှားနေသောကြောင့်'ဖြစ်ပြီး၊ ဖြစ်လတံ့၊ဖြစ်ဆဲ' ဖြစ်သော 'ကြမ်းတမ်း+သိမ်မွေ့.နူးညံ့သော၊ ယုတ်ညံ့.+မြင့်မြတ်သော၊ အဝေး+အနီးဖြစ်သော' အလုံးစုံသော ရုပ်, ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်(အသီသီး)ဟူသမျှသည် 'ငါပိုင်ဥစ္စာမဟုတ်၊ ထိုတရား(အသီးသီး)သည် ငါဖြစ်၍နေသည်မဟုတ်။ ထိုတရား(အသီးသီး)သည် ငါ၏အလိုသို့လိုက်သော အလိုဆန္ဒအတိုင်းဖြစ်သော အတ္တမဟုတ်'။ဤသို့ ထို့ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် (အသီးသီး) အလုံးစုံကို အဟုတ်အမှန်အတိုင်း ကောင်းမြတ်သော ဝိပဿနာ ဉာဏ်ဖြင့် ရှုဆင်ခြင်အပ်၏။"

"ရဟန်းတို့၊ ဤသို့ ခန္ဓာငါးပါးတို့၌ မမြဲသော အနိစ္စသဘော, ဆင်းရဲသော ဒုက္ခသဘော, အစိုးမရသော. အနတ္တသဘောကို ဟော ခဲ့ပြီးသည့်အတိုင်း ပိုင်းခြားထင်ထင် ရှုဆင်ခြင်သည်ရှိသော် ရုပ်နာမ် တရား၌ များသော အမြင်ရှိသော ငါဘုရား၏ တပည့်သားသည် မျုပ်တရားအစုံ၌ငင်း, ဝေဒနာအစု၌ငင်း, သညာအစု၌ငင်း, သင်္ခါရ အစုတို့၌ငင်း, ဝိညာဏ်အစု၌ငင်း အနှစ်သာရမတွေ့ဘဲ ငြီးငွေ့လေ ၏။ ယင်းသို့ ငြီးငွေ့လေသော် မတွယ်တာ မသာယာဘဲ, တဏှာ ပြတ်ကင်းလေ၏။ တဏှာပြတ်ကင်းမှုကြောင့် ကိလေသာဝဋ်တွင်းမှ လွတ်မြောက်လေ၏။ ကိလေသာဝဋ်မှ လွတ်မြောက်လေသော် 'ကျွတ် ပေပြီ, လွတ်ပေပြီ' ဟူ၍ ဟုတ်တိုင်းအမှန် သိသောဉာဏ်သည် ဖြစ် ပေါ်လေ၏။ 'နောင်ဘဝသစ်ဖြစ်မှုသည် အစတုံး၍ ကုန်ဆုံးလေပြီ။ မြတ်သောအကျင့်ဟူသမျှကို ကျင့်သုံးပြီးစီးလေပြီ။ သစ္စာလေးသွယ် ၌ ပြုဘွယ်ဟူသမျှ မဂ်ကိစ္စကို ပြုလုပ်ပြီးစီးလေပြီ။ ဤပစ္စုပ္ပန်ခန္ဓာ အစဉ်မှ တပါးသော ခန္ဓာအစဉ်သည် မရှိတော့ချေပြီ" ဟူ၍ ထူး သော အသိဉာဏ်ဖြင့်သိရလေ၏။"

ဘုရားရှင်သည် ဤ'အနတ္တလက္ခဏသုတ်' တရားတော်ကို ဟောကြား တော်မူပြီးလေသော် ပဉ္စဝဂ္ဂီခေါ် ရဟန်းငါးပါးတို့သည် ရုပ်နာမ်ခန္ဓာတို့၌ သာယာငြိစွဲခြင်းမရှိဘဲ အာသဝေါတရားတို့မှ စိတ်တို့သည် ကျွတ်လွတ်ကြ လေကုန်သတည်း။ (၀၇) ရဟန္တာ ဖြစ်ကြလေကုန်သတည်း။

၆၄။ မောနေယျအကျင့်ကို ဟောကြားခြင်း

အခန်း(၂၉) 'ကာဋ္ဌဒေဝိလ' ရသေ့အကြောင်း၌ ပါရှိသည့်အတိုင်း။ ။ ဦးရီးတော် ကာဋ္ဌဒေဝိလရသေ့က တိုက်တွန်းခဲ့သည့် အတိုင်းပင် တူဖြစ်သူ 'နာလက'လုလင်သည် အလောင်းတော်ဖွားစဉ်ကပင် ထောထွက်ရဟန်းပြု၍ ၃၅ နှစ်တိုင် စင်ကြယ်သောအကျင့်ဖြင့် နေထိုင်လာခဲ့ရာ ဓမ္မစကြာတရားကို နာခဲ့ရသော် နတ်သားတဦးထံမှ "လောက၌ဘုရားပွင့်ပြီ ဖြစ်ကြောင်း"ကြား သိရလျှင် မိဂဒါဝုန်တောသို့လာ၍ ဘုရားရှင်အား "မောနေယျ အကျင့်ကို ဟောတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား နာဋ္ဌက၊ ဤမောနေယျအကျင့်ကား ပါရမီဖြည့်ခဲ့ဘူးသူသာလျှင် ကျင့်နိုင်ရာ၏။ ကျင့်ရန် အလွန် ခဲယဉ်းသည့်

တရားတော်ပေတည်း။ သင်ကျင့်လိုမူ ငါဟောကြားအံ့။ မှတ်သားနာယူ၍ ကောင်းစွာအားထုတ်လော့" ဟု တိုက်တွန်းပြီး ၂၂၀ ဂါထာဖြင့် မောနေယျကျင့်စဉ်ကို ဟောတော်မူလေ၏။

ဘုရားရှင် ဟောတော်မူသည့် 'မောနေယျ' ကျင့်စဉ်တရားကို နာကြားရပြီးသော် အရှင်နာလကမောဏရ်၏ စိတ်သန္တာန်၌-

(၁) "ငါသည့် နောက်ထပ်တဖန် ဘုရားရှင်ကို ဖူးမြင်ရပါမူ ကောင်းလေစွ" ဟုငင်း၊

(၂) "ငါသည် နောက်ထပ်တဖန် တရားကို နာရပါမူကောင်းလေစွ" ဟုငင်း၊

(၃) "ငါသည် နောက်ထပ်တဖန် မောနေယျအကျင့်ကို ဘုရားရှင် အား မေးလျှောက်ရပါမူ ကောင်းလေစွ" ဟူ၍ငင်း-

အလိုဆန္ဒတကြိမ်တခါမျှ အလျှင်းပင် မဖြစ်ချေ။

ဤသို့လျှင် နာလကထေရ်သည်ထိုသုံးဌာနဌ အလိုနည်းပါးခြင်းနှင့်ပြည့်စုံသူဖြစ်၍ ဘုရားရှင်ထံမှ ဖဲခွာလာသော် တောင်ခြေရင်း ဘောဒဘာဉ်းသို့ ဝင်ပြီးလျှင် တောအုပ်တခုဌ်တရက်သာနေ၍နှစ်ရက်မနေ။ သစ်ပင်တပင်ရင်းဌ်လည်း တရက်သာနေ၍ နှစ်ရက်မနေ။ ရွာတရွာဌ် တရက်သာ ဆွမ်းခံ၍ နှစ်ရက် ဆွမ်းမခံချေ။

ဤနည်းဖြင့် တတောမှ တဘောသို့ဂင်း၊ သစ်ဘပင်ရင်းမှ တပင်ရင်းသို့ဂင်း၊ တရွာမှ တရွာသို့ဂင်း ပြောင်းရွှေ့ လှည့်လည်လျက် ထိုဓမာနေယျအကျင့်ကို ကျင့်ဆည်ရှိသော် ခုနစ်လမျှဒိုလျှင်ပင် 'ရဟန္တာ'အဖြစ်သို့ ရောက်လေ၏။

နာလကထေရ်သည် ရဟန္တာဖြစ်ပြီး၍ မိမိ၏ အာယုသင်္ခါရကုန်လေပြီ ဟု သိလေလျှင် ရေချိုး၍ သင်းပိုင်, ကိုယ်ရုံ, ဒုကူဋ္ဋ, ခါးပန်းတို့ကို ရိုသေစွာ ဝတ်ရုံလျက် ဘုရားရှင်ရှိရာ 'ရာဇဂြိုဟ်'ပြည်ဘက်သို့ မျက်နှာမူ၍ ငါးပါးသော ထိခြင်းဖြင့် ရိုသေစွာ ရှိခိုးလျက် "ဟိဂုံလက" မည်သော ဆေးဒါန်းမြင်းသီလာတောင်ကို မှီ၍ ရပ်လျက်ပင် ပရိနိဗ္ဗာန်စံဝင်လေ၏။

ထိုအခါ ဘုရားရှင်သည် ရဟန်းအပေါင်းခြံရုံလျက် ရာဇဂြိုဟ်မှ ကြွလာတော်မူပြီး နာလကထေရ်အား ကိုယ်တော်တိုင် စျာပနမှုစီမံပြီး ဓာတ်တော်များကို ကောက်ယူစေလျက် စေတီ တည်ထားတော်မူပြီး ရာဇဂြိုဟ်ပြည်သို့ပင် ပြန်ကြွတော်မူ၏။

[မောနေယျအကျင့်ကို ကျင့်သည့် ပုဂ္ဂိုလ်သည် ဘုရားတဆူမှာ တဦးသာပေါ်၍ အမျိုးအစားအားဖြင့် သုံးမျိုးရှိ၏။

(၁) အထက်ဆုံး အမြတ်ဆုံး ကျင့်သော 'ဥက္ကဋ္ဌ'ပုဂ္ဂိုလ်။ သူသည် ထို အကျင့်ကို ခုနစ်လနှင့် အကျင့်ပြီးဆုံး၍ ပရိနိဗ္ဗာန်ပြုရ၏။

(၂) အလယ်အလတ်ကျင့်သော 'ပဋ္ဌ' ပုဂ္ဂိုလ်။ သူသည် ထိုအကျင့်ကို ခုနစ်နှစ်နှင့် အကျင့်ပြီးဆုံး၍ ပရိနိဗ္ဗာန်ပြုရ၏။

(၃) လျော့လျော့နုန့်နုန့်ကျင့်သော 'မုဒု'ပုဂ္ဂိုလ်။ သူသည် ထိုအကျင့်ကို ၁၆ နှစ်နှင့် အကျင့်ပြီးဆုံး၍ ပရိနိဗ္ဗာန်ပြုရ၏။]

၆၅။ ယသ သူဌေးသား ရဟန်းပြုခြင်း

ဘုရားရှင်သည် ဓမ္မစကြာတရားဟောကြားပြီး၍ မိဂဒါဝုန်၌နေတော်မူသော အခါ သေနာနိဂုံးမှ နို့ဃနာဆွမ်းလှူသော "သုဇာတာ" သူဌေးသမီး၏ သားဖြစ်သူ 'ယသ'လုလင်သည် ပြာသာဒ်သုံးဆောင်၌ အခြေအရံမောင်းမ များစွာနှင့် လူစည်းစိမ် ကာမဂုဏ်တို့ကို ကြိုးကျယ်စွာ ခံစား၍ နေလေ သတည်း။

သူသည် တနေ့သ၌ ကာမဂုဏ်ချမ်းသာတို့ဖြင့် စံပယ်ပျော်ပါးစဉ် စော စောကပင် အိပ်ပျော်၍ ပစ္ဆိမယံအစ၌ နိုးလေသော် ဖျော်ဖြေကြသည့် အခြေအရံမောင်းမတို့၏ ဆံပင်ဖားလျား၊ ပါးစပ်ဟောင်းလောင်း၊ ကိုယ် တုံးလုံးနှင့် ဖရိုဖရဲ စက်ဆုပ်ဘွယ်ရာ ဖြစ်ပျက်နေသည်ဘို့ကို ဆီမီးရောင် အောက်တွင် အထင်းသား မြင်ရလေလျှင် ကာမဂုဏ်တို့၌ အလွန်အမင်း စက်ဆုပ်ရွံရှာ၍ ထိတ်လန့် သံဝေဂရပြီး "ဥပဒ္ဒုတံ ဝတ ဘော၊ ဥပဿဋ္ဌံ ဝတ ဘော(ဤကိုယ်ခန္ဓာကြီးကား ကိလေသာတို့ဖြင့် နှိပ်စက်လေစွဉ်တကား၊ ညှဉ်းပန်းလေစွဉ်တကား)"ဟူ၍ဥဒါန်းစကား မြည်တမ်းလျက် ထ၍ ခြေနင်း စီးကာ ထွက်ခွာသွားလေသော် မိဂစုန်တော၌ ရောက်လာလေသည်။

ထိုအခါ ဘုရားရှင်သည်လည်း ညဉ့်မိုးသောက်ယံ၌ ကျောင်းတော်မှမနှီး မဝေးသောလှည်တီးခေါင်၌ စင်္ကြံကွတော်မူစဉ် အဝေးမှလာသော "ယသ" သူဌေးသားကိုမြင်တော်မူလျှင် စင်္ကြံမှသက်၍ သင့်တော်သောနေရာ၌ နေ တော်မူလင့်၏။

ယသလည်း ထိုဥဒါန်းစကားဖြင့် မြည်ဟမ်းလျက် အနီးသို့ ရောက်လာ သော် ဘုရားရှင်က "ချစ်သား ယသ၊ ငါရအပ်သော အမြိုက်နိဗ္ဗာန်သည်

ကား ကိုလေသာတို့ မနှိပ်စက် မည့်ဉီးပန်းအပ်သောတရားဖြင့်၏။ ချစ်သား ယသ၊ လာလော့။ ဤနေရာ၌ ထိုင်လော့။ သင့်အား ငါဘုရား တရားဟော ပြပေအံ့''ဟု ဖိတ်ခေါ်တော်မူ၏။ ယသလည်း ရှင်လန်းဝမ်းမြောက်စွာဖြင့် ဘုရားရှင်ထံသွား၍ ရိုသေစွာ နေလေ၏။

ဘုရားရှင်လည်း ယသအား ''ဒါနကထာ=(ဒါနနှင့် စပ်သော စကား)၊ သီလကထာ(=သီလနှင့်စပ်သောစကား)၊သဂ္ဂကထာ(=နတ်ရွာသုဂတိနှင့်စပ် သောစကား)၊ မဂ္ဂကထာ(=မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းလမ်းမှန်ကျင့်စဉ်နှင့် စပ်သောတရားစကား)တို့ကို အစဉ်အတိုင်းဟောတော်မူပြီးနောက်မှ တဆင့် တက်၍ 'ကာမာနံအာဒီဝန'=(ကာမဂုဏ်တို့၏ အပြစ်နှင့်စပ်သော တရား စကား)၊'နေက္ခမေ အာနိသံသ'(=ကာမဂုဏ်တို့ကို စွန့်ပယ်၍ တောထွက်ခြင်း နှင့်စပ်သော တရားစကား)တို့ကို အကျယ်တဝင့် ဆက်လက် ဟောကြားတော် မူလေသော် သောတာပန် ဖြစ်သွားလေ၏။

ထိုအခါ ယသ၏ အိမ်၌လည်း ယသ၏မိခင် 'သုဇာတာ' သူဌေးမသည် နံနက်စောစောထ၍ ယသနေရာ ပြာသာဒ်သို့ တက်၍ကြည့်သော် သားကို မမြင်လျှင် ပူဆွေးသောကရောက်လျက် အဘသူဌေးအား အကြောင်းကြား လေ၏။ ယသ၏ ဘခင်သူဌေးလည်း အရပ်လေးမျက်နှာတို့သို့ မြင်းသည် တမန်တို့ကို စေလွှတ်လိုက်၏။ မိမိလည်း သားသွားလေရာ ခြေနင်းရာကို ခံ၍ အစဉ်လိုက်လာသော် မိဂဒါဝုန်တောသို့ ရောက်လာ၏။ ဘုရားရှင်လည်း သူဌေးကြီးလာသည်ကို အဝေးကမြင်လျှင် ယသကို တန်ခိုးဖြင့် ဖုံးကွယ်ထား လိုက်၏။

သူဌေးလည်း ဘုရားရှင် ရှိရာသို့ လာပြီး ''အရှင်ဘုရား၊ တပည့်တော်သည် သားပျောက်၍ ရှာလာပါ၏။ သတို့သားတဦး လာသည်ကိုမြင်ပါသလော'' ဟု လျှောက်၏။

ဘုရားရှင်က ''သင်သူဌေး၊ ထိုင်ဦးလော့။ ဤအရပ်၌ပင် သင့်သားကို မြင်ရလတံ့''ဟု မိန့်တော်မူ၏။

သူဌေးသည် ''သားကို မြင်ရအံ့''ဟု ဝမ်းသာလျက်ဘုရားရှင် ခြေရင်း၌ ထိုင်လေ၏။ ဘုရားရှင်လည်း ဒါနကထာစသည် ဟောမြဲ တရားစဉ်အတိုင်း ဟောကြားတော်မူသော် သူဌေးသည် သောတာပန် ဖြစ်သွားပြီး ''ယနေ့မှ စ၍ ဘုရား၊ တရား၊ သံဃာ တို့ကို ကိုးကွယ် မှီခိုရာဟူ၍ ဆည်းကပ်ပါ၏။ တပည့်တော်ကို ဥပါသကာဟု မှတ်တော်မူပါ''ဟု လျှောက်ထားလေ၏။

သူသဲ့သည် ပထပဆုံး သရဏဂုံ သုံးပါး တည်သော (တဝါစိက) ဥပါသကာ ဖြစ်လေ၏။ သူဌေးအား တရားဟောသည့် ဘုရားရှင်၏ တရားကို နာရလျှင် ယသသည် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဘုရားရှင်သည် ထို အကြောင်းကို သိတော်မူ၍ ယသ အား ဖုံးကွယ်ထားသည့် တန်ခိုးကို ရုပ် သိမ်းတော် မူလိုက်၏။

သူဌေးကြီးက ယသကို အိမ်သို့ လိုက်ခဲ့ရန် ခေါသော်လည်း ဘုရားရှင်က "သူဌေးကြီး၊ သင့်သားသည် ယခု အာသဝေါ ကုန်ခန်း၍ ရဟန္တာ ဖြစ် လေပြီ။ ရွေးကကဲ့သို့ ကာမဂုဏ်ကို ခံစားရန် မဆိုက်တော့ပြီ" ဟု မိန့်တော် မူ၏။ သူဌေးလည်း နှစ်သက်ဝမ်းမြောက်လှသဖြင့် သားနှင့်တကွ ဘုရားရှင် အား နက်ဖြန်အတွက် ဆွမ်းပင့်ဖိတ်၍ အိမ်သို့ ပြန်လေ၏။

သူဌေး ပြန်သွားလေသော် ယသလည်း ဘုရားရှင်ထံ၌ ရဟန်းအဖြစ်ကို တောင်းပန်၍ ဘုရားရှင်က 'ဟိ ဘိက္ခု' ခေါတော်မူသဖြင့် လူ့အသွင် ကွယ်၍ ရဟန်းအသွင်ကိုရကာ ရဟန်းဖြစ်သွားလေသတည်း။

ယခုအခါ လောက၌ ရဟန္တာ ခုနစ်ပါး ရှိသွားလေပြီ။

နောက်တနေ့ ဘုရားရှင်သည် အရှင် ယသနှင့်တကွ သူဌေးအိမ်သို့ကြွ၍ ဆွမ်း ဘုဉ်းပေးတော်မူ၏။ ဆွမ်းကိုစွပြီး၍ တရားစကားဆို အစဉ်အတိုင်း ဟောတော်မူသော် အရှင် ယသ၏မိခင် သုဇာတာနှင့် မယား နှစ်ဦးတို့သည် သောတာပန် ဖြစ်သွားကြပြီး သရဏဂုံသုံးပါးကို အသက်ထက်ဆုံး ဆောက် တည်သည့် ဥပါသိကာမများ ဖြစ်ကြလေ၏။

သူတို့နှစ်ဦးသည်မိန်းမအပေါင်းတွင်ပထမဦးဆုံး သရဏဂုံသုံးပါး တည်သော 'တဝါစိက' ဥပါသိကာမများ ဖြစ်ကြ၏။

၆၆။ ယသ၏မိတ်ဆွ ၅၄ ဦး ရဟန်းပြုကြခြင်း

အရှင်ယသ၏ လူ့ဘဝက မိတ်ဆွ ဖြစ်ကြသော ဗာရာဏသီပြည်မှ "ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝံပတိ" ဟူသော ပုဏ္ဏား လေးဦးတို့သည် "ယသ သူဌေး သားသည် ကြီးစွာသော စည်းစိမ်နှင့် သားမယားတို့ကိုစွန့်ပြီး ရဟန်းပြုသွား လေပြီ" ဟု ကြားကြလျှင် "ရဟန်းအဖြစ်သည် ထူးမြတ်သော အကျိုး ကျေးဇူး ရှိပေလတံ့" ဟု ကြံစည်ကြပြီး အရှင်ယသထံသွား၍ "ဘုရားရှင်ထံ ပို့ပေးပါမည့်အကြောင်း" တောင်းပန်ကြလေ၏။

အရှင်ယသလည်း ထိုသူလေးဦးကို ဘုရားရှင်ထံပို့၍ "ရဟန်းပြုပေးတော်မူပါ"ဟု လျှောက်လေ၏။ ဘုရားရှင်က အစဉ်ဖြစ်သော တရားစကားကို ဟောကြား ပြသတော်မူလျှင် ထိုသူ လေးဦးလုံး ရဟန္တာအဖြစ်သို့ ရောက်သွားကြပြီး "ဧဟိ ဘိက္ခု" ရဟန်းခံလျှင် ဖြင့်သွားကြလေ၏။

ထိုနောက် အရှင်ယသ၏ လူ ဘဝက မိတ်ဆွေများ ဖြစ်ကြကုန်သော ဗာရာဏသီအနီးရှိ ဇနပုဒ်၌ နေကြကုန်သော သူဌေးသား ငါးဆယ်တို့သည် "အရှင်ယသ၏ ရဟန်းပြုခြင်း" သတင်းကို ကြားသိကြလေသော် "ရဟန်းအဖြစ်၌ အကျိုးထူး အကျေးမြတ်ရှိ၍သာ ငါတို့မိတ်ဆွေ ယသသည် စည်းစိမ်သား မယားကို စွန့်၍ ရဟန်းပြုသွားခြင်း ဖြစ်လေရာ၏" ဟု ကြံစည်ကြပြီး အရှင်ယသကို အားကျ၍ မိမိတို့ ဥစ္စာ သား မယားကို စွန့်ပစ်ပြီး ဘုရားရှင်ထံ ရဟန်းပြုကြလေ၏။ ထိုသူအားလုံးသည် ဘုရားရှင်၏ တရားစကားကို ကြားနာရလျှင် ရဟန္တာ ဖြစ်ကြ၍ 'ဧဟိဘိက္ခု' ရဟန်းခံလည်း ဖြစ်သွားကြလေ၏။

ထိုအခါ လောက၌ ဘုရားရှင် အပါအဝင် ရဟန္တာပေါင်း ၆၁ ဦး ရှိသွားလေပြီ။

၆၂။ ရဟန္တာ ၆၀ တို့အား သာသနာပြု စေလွှတ်ခြင်း

ဘုရားရှင်သည် ပဥ္စဝဂ္ဂီ အစရှိသော ခြောက်ကျိပ်(၆၀) သောသူတို့အားလုံး၊ ထိုသူတို့၏ မိဘဆွေမျိုး ဒါယကာတို့အားလုံး ဝါတွင်းသုံးလပတ်လုံး တရားအမြိုက်ကို တိုက်ကျွေးတော်မူ၍ ထိုမဂဒါဝုန်တော၌ သီတင်းကျွတ် လပြည့်နေ့တိုင်အောင် နေတော်မူ၏။ ထိုအခါ ဘုရားရှင်သည် ထို ခြောက်ဆယ်သော ရဟန္တာ မထေရ်တို့ကို ခေါ်၍ ဤသို့ မိန့်တော်မူလေ၏။

"ရဟန်းတို့၊ နတ်၌ဖြစ်သော ကာမဂုဏ်၊ လူ၌ဖြစ်သော ကာမဂုဏ် နှစ်မျိုးလုံး၌မှီသော၊ တဏှာလောဘ ကိလေသာကျော့ကွင်း အလုံးစုံကို ကျွတ်လွှတ်အောင် ငါဘုရားလည်း ချွတ်နိုင်လေပြီ။ သင်ချစ်သားတို့လည်း ချွတ်နိုင်လေပြီ။မကျွတ်နိုင် မလွှတ်နိုင် ဝဋ်ဆင်းရဲ၌ ပျော်ပိုက်နေကုန်သောသတ္တဝါတို့သည် လွန်စွာ များပြားလှကုန်၏။ ထိုသူတို့အား စီးပွားချမ်းသာကို ပြုခြင်းငှာ ထိုထို့မြို့ရွာသို့ ဒေသစာရီ ကိုယ်စီကိုယ်ငှ တပါးချင်း ကွဲကွဲလေကုန်။ လမ်းတကြောင်းတည်း၌ ရဟန်းနှစ်ပါး ပေါင်း၍ မသွားကြကုန်လင့်။ ထို ဝဋ်ဆင်းရဲဘေးမှ ကင်းဝေးအောင် သတ္တဝါတို့အား ကြံဆောင်ဖျောင်းဖျ၍

အစ၏ ကောင်းခြင်း(သီလ)၊ အလယ်၏ ကောင်းခြင်း (သမထ, ဝိပဿနာ, မဂ်ဉာဏ်)၊ အဆုံး၏ ကောင်းခြင်း (ဖိုလ်နိဗ္ဗာန်)ဟူသော ကောင်းခြင်း သုံးဖြာနှင့် ပြည့်စုံသည့် ဤကျင့်စဉ် တရားမျှားကို ဟောကြလေကုန်။ ပါရမီရင့်မာ၍ ပညာဉာဏ် ကြီးမားသော သဘ္ဘာဝါတို့ ရှိကြပေမည်။ ထိုသူတို့အား အမြိုက်တရားဟော၍ ချွတ်ကြလေကုန်။

"ထိုထိုမြို့ရွာ ဇနပုဒ်တို့၌ ရဟန်းဘောင်သို့ ဝင်လိုသူတို့ကို ငါဘုရားထံ ခေါ်မလာဘဲရှေးဦးစွာ ဆံ မုတ်ဆိတ်တို့ကို ပယ်စေ၍ သင်္ကန်းတို့ကို ဝတ်ရုံစေပြီးသော် ရိုသေစွာ ဆောင့်ကြောင့် ထိုင်စေလျက် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' ဟူ၍ သုံးခေါက် ဆိုစေပြီး သရဏဂုံ သုံးပါးဖြင့်ပင် ရဟန်းပြုပေးကြလေကုန်။ ငါဘုရားလည်း ရသေ့ဥိနောင် တထောင်တို့ကိုချွတ်ရန် တရားဟောရန် 'ဥရုဝေလ' တောအုပ်ရှိရာ 'သေန'နိဂုံးသို့ သွားတော်မူပေအံ့" ဟူ၍ မိန့်တော်မူလေ၏။

ဤသို့လျှင်ဘုရားရှင်သည်ထိုရဟန္တာမထေရ်ခြောက်ဆယ်တို့အား သရဏဂုံ သုံးပါးဖြင့် ရဟန်းပြုခြင်းကို ခွင့်ပေးတော်မူ၍ တပါးစီ သာသနာပြု စေလွှတ်တော် မူလေ၏။

၆၈။ ဘဒ္ဒဝဂ္ဂိ ညီနောင် ၃၀ တို့ ရဟန်းပြုခြင်း

ဘုရားရှင်လည်း ခြောက်ဆယ်သော ရဟန္တာ မထေရ်များကို ထိုထိုအရပ်သို့ အသီးသီးသာသနာပြု တရားဟောကြရန်စေလွှတ်တော်မူပြီးသော် ကိုယ်တော်တပါးတည်းပင် သပိတ်သင်္ကန်းကို ယူဆောင်၍ မိဂဒါဝုန်တောမှ ထွက်ခွာပြီး ဥရုဝေလတောသို့ရှေးရှုကြွတော်မူလေ၏။ထိုအခါခရီးအကြား၌ "ကပ္ပါသိက" မည်သော တောအုပ်တခုအတွင်းသို့ဝင်၍ သစ်ပင်ကြီး တပင်ရင်း၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ကောသလမင်းကြီးနှင့် ဖတူမိကဲ့ ညီအစ်ကို တော်စပ်ကြသော ပျိုမျစ်နုံနယ် အလွန်လှပကြသည့် "ဘဒ္ဒဝဂ္ဂိ" အမည်ရှိသော မင်းသားသုံးဆယ်တို့သည် "မြို့ပြပြည်ရွာဝယ် လူများစွာတို့၏အလယ်၌ ငါတို့ အလိုရှိတိုင်း ကာမဂုဏ် ချမ်းသာကို ခံစားမြူးတူးလျှင် သူတပါးတို့ ကဲ့ရဲ့ကုန်ရာ၏။ တောခန်းဝါ၌နေရမူကား သူတပါးကို မဲ့ကွက်, မရွက်မ်ကြောက်ရဘဲ ငါတို့ ဆန္ဒရှိတိုင်း ပျော်ပါးရပေမည်" ဟု ကြံ၍ မိမိတို့၏ မယားမျှားနှင့်တကွ ထိုတောအုပ်ဝယ် ကာမဂုဏ်ဖြင့် ပျော်ပါးလျက်နေကြ၏။

ယင်းတို့အနက် မင်းသားတဦးသည် မယားမရှိသဖြင့် အဆင်းလှသော ပြည့်တန်ဆာမ တဦးကို မယားပြု၍ ပျော်ပါးလေ၏။ တနေ့သ၌ ထို မင်းသား အိပ်ပျော်ခိုက်တွင် ထိုပြည့်တန်ဆာမသည် အဘိုးတန် ဥစ္စာရတနာ တို့ကိုယူ၍ ပြေးလေ၏။ ထိုအကြောင်းကို ထိုမင်းသားက ပြောကြားသဖြင့် မင်းသား အားလုံး လိုက်လံရှာဖွေကြသော် သစ်ပင်ရင်း၌ သီတင်းသုံးနေ တော်မူသော ဘုရားရှင်ကို တွေ့မြင်ကြလေ၏။

သူတို့သည် ချဉ်းကပ်ပြီး "အရှင်ဘုရား၊ မိန်းမတဦးကို မြင်မိပါသလော" ဟု မေးလျှောက်၍ အကြောင်းစုံကို လျှောက်ကြားကြလေ၏။

ထိုအခါ ဘုရားရှင်က "သင်မင်းသားတို့၊ မယားကို ရှာခြင်းသည် မြတ် သလော။ သင်တို့၏ ကိုယ်ကိုရှာခြင်းသည် မြတ်သလော" ဟု မေးတော်မူ လေ၏။

မင်းသားတို့က "အရှင်ဘုရား၊ မိမိတို့၏ကိုယ်ကိုရှာခြင်းသည်ပင်မြတ်သည် ထင်ပါ၏ ဘုရား" ဟု လျှောက်ကြလေသော်-

ဘုရားရှင်က "ဒီလိုဆိုလျှင် သင်မင်းသားတို့ ထိုင်ကြလော့။ သင်တို့အား ငါဘုရားတရားဟောပေအံ့" ဟု တိုက်တွန်းတော်မူလေ၏။

မင်းသားတို့သည် "ကောင်းပါပြီဘုရား" ဟု ဆို၍ထိုင်နေကြသော်ဘုရားရှင် သည် ရှေး၌ ဆိုခဲ့ပြီးသော နည်းအတိုင်း မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ် သော တရားလမ်းစဉ်ဖြစ်သည့် "ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံအာဒီနဝကထာ၊နေက္ခမေ အာနိသံသကထာ" ဟူ၍ ဒေသနာငါးဆင့် ကို အစဉ်အတိုင်း ဟောကြားတော်မူသော် ထိုမင်းသားတို့၏ စိတ်သည် နူးညံ့ တက်ကြွ ကြည်လင်လာလျက် ပိတ်ပင်တတ်သည့် နီဝရဏတရားများ ကင်း သွားကြလေ၏။

ထိုအခြေအနေကို သိတော်မူလျှင် ဘုရားရှင်သည် သစ္စာလေးပါးကို ပြ၍ တရားဒေသနာကို ဆက်လက် ဟောကြားတော်မူ၏။တရားနာကြားရပြီးသော် ထိုမင်းသားသုံးဆယ် အားလုံး တချို့သောတာပန်။ တချို့ သကဒါဂါမ်၊ တချို့ အနာဂါမ် ဖြစ်သွားကြလေ၏။ ထိုအခါ မင်းသား အားလုံးသည် ဘုရားရှင်အား ရှင်ရဟန်းပြုပေးပါရန် တောင်းပန်ကြသဖြင့် "ဟိဘိက္ခု" ရဟန်းများ အားလုံး ဖြစ်သွားကြကုန်၏။

[ထိုမင်းသား သုံးဆယ်တို့သည် 'တုဏ္ဍိလ ဇာတ်'လာအတိုင်း ရှေး ဘဝ သေသောက်ကြူးများ ဖြစ်ခဲ့စဉ်ဝယ် ဘုရားအလောင်း တုဏ္ဍိလ

ဝက် မင်း၏ တရားတော်ကို နာခဲ့ရသောပါရမီ ကုသိုလ်ကြောင့် ယခု အခါ မင်္ဂိုလ်ကိုလွယ်ကူစွာ ရကြခြင်းဖြစ်၏။

ထိုမင်းသားတို့သည် ကောသလမင်းကြီးနှင့် ဖတူ,မိကဲ့,ညီအစ်ကို တော်စပ်သူများ ဖြစ်ကြ၏။ ထိုမထေရ်တို့သည် ကောသလတိုင်း အနောက်ပိုင်း "ပါဂေယျက" ပြည်၌ အနေ များသောကြောင့် 'ပါဂေယျက'ရဟန်းများဟု ထင်ရှားကုန်၏။]

၆၉။ ရသေ့တထောင်ကိုချုတ်ရန် တန်ခိုးများစွာပြခြင်း

ဘုရားရှင်သည် ထိုဘဒ္ဒဝဂ္ဂိရဟန်းသုံးဆယ်တို့ကို ထိုတောအုပ်၌ပင် ထားခဲ့ပြီး ထိုအရပ်မှ ဖဲခွာ၍ ဒေသစာရီ ကြွချီသဖြင့် ဥရုဝေလတောအုပ်သို့ရောက်တော် မူလေ၏။

ထိုတောအုပ်ထဲ၌ "ဥရုဝေလ-ကဿပ၊ နဒီ-ကဿပ၊ ဂယာ-ကဿပ" ဟူသော ညီနောင်သုံးဦးတို့ အကြီးအမှူးပြု၍ မြစ်ကွေ့တခုတခုစီကို မှီလျက် ရသေ့တထောင်တို့ နေကြကုန်၏။ ဥရုဝေလ-ကဿပမှာ ရသေ့ငါးရာ၊ နဒီကဿပမှာ သုံးရာ၊ ဂယာကဿပ်မှာ နှစ်ရာ အသီးသီး တပည့်ရသေ့များ ရှိကုန်၏။

သူဘို့၏အယူဝါဒကား "ကိလေသာခြောက်ခန်းမှ ရဟန္တာ ဖြစ်မည်။ ကိလေသာခန်းအောင်လည်း ပင်ပန်းစွာ ကစားပျော်ပါးမှု အာရုံတပါးသို့ စိတ်မရောက်ဘဲ ရှိမည်"ဟု နှလုံးပြု၍ နံနက်နေမထွက်မီ ရေထဲဆင်း၍ မြူးတူးကြသည်။

ဆွမ်းစားချိန်တန်မှ တက်ပြီး ဆွမ်းစားပြီးသော် ကစားမျိုးစုံတို့ဖြင့်ကစား၍ ကိုယ်စီ မီးကင်လျက် ပူပင်လှမှ "ကိလေသာကို ရေမှာမျှောအံ့"ဟု ရေထဲပြန်ဆင်း၍ အိပ်ချိန်တန်မှ တက်သတည်း။ ဤသို့သော အကျင့်ကို ပြုကျင့်၍ ကာလကြာမြင့်စွာ နေခဲ့ကြကုန်၏။

ဘုရားရှင်လည်း အစ်ကိုအကြီးဆုံး 'ဥရုဝေလကဿပ' ရသေ့၏ သခင်မ်း ကျောင်းသို့သွား၍ "ကဿပ၊ သင်ဝန်မလေးမူသင့်ကျောင်းအနီးမီးတင်းကုပ်၌ တည်းခိုပါရစေ"ဟု မိန့်တော်မူသော်-

"ရဟန်းကြီး၊ ငါကား ဝန်မလေး၊ ဤမီးတင်းကုပ်၌ ကြမ်းတမ်းဆက်ထန်ပြီး တန်ခိုးကြီးသော နဂါးမင်းကြီး နေ၏။ ထိုနဂါးသည် သင့်ကို ညှဉ်းဆဲလတံ့။ ထို့ကြောင့် သင်မတည်းခိုလင့်"ဟု ဆို၏။

ဘုရားရှင်က "ကဿပ၊ ငါ့ကို နဂါးမည်း့ဉီးဆဲနိုင်ရာ။ သင်ကသာ ခွင့်ပေးလော့" ဟု မိန့်တော်မူလျှင် ရဿေ့လည်း-

"နဂါးမင်းကို မကြောက်လျှင် နေလော့" ဟု ခွင့်ပေးလေ၏။

ဘုရားရှင်သည် မီးတင်းကုပ်သို့ဝင်၍ တင်ပလ္လင်ခွေလျက် အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းကာ နေတော်မူ၏။

(၁) နဂါးမင်းသည် ဘုရားရှင်ကိုမြင်လျှင် မီးတောက်ကဲ့သို့ အမျက်ခြောင်းခြောင်းထွက်လျက် ရန်ငြိုးဖြင့် အခိုးအလျှံကို တလူလူလွှတ်လေ၏။ ဘုရားရှင်လည်း နဂါးမင်း၏မာန်ကို ချိုးနှိမ်ရန် တေဇောကသိုဏ်းကိုဝင်စား၍ နဂါး၏ အခိုးထက်လွန်ကဲသော အခိုးအလျှံကို လွှတ်တော်မူ၏။ နဂါးနှင့် ဘုရားရှင်တို့၏ အခိုးအလျှံ အရှိန်သည် ထိန်ထိန် တောက်လောင်သော မီးပုံကြီးကဲ့သို့ ရှိ၏။

ရဿေ့တို့လည်း မီးတင်းကုပ်ကို အဝေးက ဝန်းရံ၍ "အချင်းတို့၊ ရဟန်းကြီးသည် အလွန်အဆင်းလှပေစွ့။ နဂါးမင်းက ညှဉ်းဆဲ ပေါက်သတ်၍ ယနေ့ သေရှာတော့မည်" ဟု ဆိုကြလေ၏။

ဘုရားရှင်လည်း ညှဉ်သုံးယံပဲတ်လုံး နဂါးမင်းကို နှိမ်နင်းလျက် နံနက်လင်းခါသော် နဂါးကို သပိတ်ထဲထည့်ပြီးလျှင် "ငါ့ရှင်ကဿပ၊ ဤကား သင်တို့၏ နဂါးမင်းပင်တည်း" ဟု ပြတော်မူ၏။

ထိုအခါ ဥရုဝေလကဿပသည် "ရဟန်းကြီးကား တကယ်တန်ခိုးကြီးပေစွ့၊ တန်ခိုးကြီး နဂါးကြမ်းကိုပင် နှိမ်နင်းနိုင်ပေ၏။ သို့သော် သူသည် ငါကဲ့သို့ကား ရဟန္တာမဟုတ်သေးခေ" ဟု အကြံဖြစ်လေ၏။

ဘုရားရှင်လည်း သူ၏အကြံကို သိလျက်လည်းအချိန်မတန်သေး၍ သည်းခံတော်မူ၏။ ဥရုဝေလကဿပသည် ဤသို့သော ဘုရားရှင်၏ တန်ခိုးတော်ကို မြင်ရ၍ ချစ်ခင်ကြည်ညိုရကား "ရဟန်းကြီး၊ ဤအရပ်၌ပင် အစဉ်နေပါလော့။ ငါတို့ အမြဲလုပ်ကျွေးပါအံ့" ဟု လျှောက်၏။ ဘုရားရှင်လည်း ဝန်ခံ၍ အနီးရှိ တောအုပ်ကြီးတခုတွင် နေတော်မူလေ၏။

(၂) ညှဉ်သန်ကောင်ယံအချိန်တွင် စတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့သည် ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ထိန်ထိန်လင်းလျက် ဘုရားရှင်အား အရှင်လေးမျက်နှာတို့မှ ခစားဖူးမျှော်လာကုန်၏။ နံနက်လင်းသော် ကဿပလည်း ဘုရားရှင်ထံလာ၍ ဆွမ်းစားရန် ပင့်ခေါ်သွားသော် လမ်းတွင် ထိုနတ်မင်းကြီး လေးပါးအကြောင်းကို မေး၏။

ဘုရားရှင်က ''ကဿပ၊ ထိုသူလေးဦးတို့ကား စတုမဟာရာဇ် နတ်မင်းကြီးတို့တည်း။ ငါ့တရားကိုနာရန်, ငါ့ကို လုပ်ကျွေးပြုစုရန် ဆည်းကပ်လာကြသတည်း''ဟု မိန့်တော်မူလျှင်-

ဥရုဝေလသည် ''ရဟန်းကြီးကား တကယ်တန်ခိုးရှိပေ၏။ စတုမဟာရာဇ် နတ်မင်းကြီးတို့ကပင် ဝပ်စင်းလာရပေ၏။ သို့သော် ငါတို့ကဲ့သို့ကား ရဟန္တာမဟုတ်သေးခေျ''ဟု အကြံဉာဏ်ပြန်၏။

ဘုရားရှင်လည်း ထိုအကြံကိုသိလျက် အချိန်မတန်သေး၍ သည်းခံကာ ကဿပ၏ဆွမ်းကို ဘုဉ်းပေးပြီးလော် ထိုတောင်ပင် နေတော်မူ၏။

(၃) နောက်တနေ့ ညဉ့်သန်ကောင်အချိန်၌ သိကြားမင်းသည် ဘုရားရှင်ထံ လာရောက်ခစား၏။ ထိုအခါတွင်လည်း ကဿပသည် ဘုရားရှင်အား ရှေးနည်းတူ မေးမြန်း၍ ရှေးနည်းတူပင် အကြံဖြစ်လေ၏။

(၄) နောက်တနေ့ ညဉ့်သန်ကောင်အချိန်တွင် သဟမွတိဗြဟ္မာမင်းကြီးသည် ဘုရားရှင်ထံ လာရောက်ခစား၏။ ကဿပလည်း ဘုရားရှင်အား ရှေးနည်းတူမေး၍ ရှေးနည်းတူပင် ကြံပြန်၏။

(၅) ဤသို့သောနည်းဖြင့် ဘုရားရှင်သည် ဥရုဝေလတောအုပ်၌ ဆက်လက် နေတော်မူသောအခါ တနေ့သ၌ ကဿပရဿေကြီးအား အင်္ဂတိုင်း, မဂဓတိုင်းမှ လူမျိုးစုတို့သည် နှစ်စဉ် လာရောက် ပူဇော်နေကျအတိုင်း လာရောက်လှူဒါန်းကြသည့် ပဲ့သဘင်ရက် ရောက်လတ်၍ တရက်ကြိုတင်ပြီး ပဲ့သဘင်ကြီးကို ခင်းကျင်းကာ ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို စီရင်ပြုလုပ်နေကုန်၏။

ထိုအခါ ကဿပသည် ''နက်ဖြန် ငါတို့ထံသို့ ကြီးစွာသော ပူဇော်သက္ကာဖြင့် ဒါယကာတို့ ရောက်လာကြလတံ့။ ရဟန်းကြီးသည် အဆင်းလည်း အလှန်လှ၍ တန်ခိုးလည်း အလွန်ကြီး၏။ လူတို့အလယ်၌ တန်ခိုးပြခဲ့လျှင် ထိုဒါယကာတို့သည် သူ့ကိုကြည်ညိုကြသဖြင့် ငါတို့အား သဒ္ဓါတရားပြတ်၍ ပူဇော်သက္ကာ နည်းသွားလိမ့်မည်။ နက်ဖြန် ငါတို့ထံ ရဟန်းကြီးမလာလျှင် ကောင်းလေစွ''ဟု အကြံဖြစ်၏။

ဘုရားရှင်လည်း ထိုအကြံကိုသိ၍ နောက်တနေ့နံနက် ''ဥတ္တရကုရု''ခေါ် မြောက်ကျွန်းသို့ ကြွ၍ ဆွမ်းခံပြီး အနောတတ်အိုင်အနီး၌ ဆွမ်းဘုဉ်းပေးတော် မူ၏။ ပြီးသော် ထိုအိုင်အနီးရှိ စန္ဒကူးတော၌ နေ့သန့်နေထိုင်တော်မူ၏။

[မဟာဝံသကျမ်းအလိုအရ- ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသော် 'လက်ဝဲဒီပ'မည်သော သီဟိုဠ်ကျွန်းသို့ နောင်အခါ သာသနာ

ထွန်းကားမည်ကို မြင်တော်မူ၍ကြွပြီး နတ်ဘီလူးတို့ကို နှိမ်နင်းလျက် သုမနနတ်မင်းအား ဆံတော်လက်တဆုပ်မျှ ပေးသနားတော်မူ၏။]

ထို့နောင်မှ နောက်တနေ့ အရုဏ်မတက်မီ ဥဂ္ဂဝေလဒေါအုပ်သို့ ပြန်ကြွ၍ သီတင်းသုံးတော်မူ၏။ ဆွမ်းဟင်းချိန်ရောက်သော် ကဿပသည် ဘုရားရှင်ထံ လာ၍ "ရဟန်းကြီး၊ ဆွမ်းစားချိန်တန်ပါပြီ၊ ကြွလော့။ ယမန်နေ့က သင် အာဘယ့်ကြောင့် မလာသနည်း၊ ရဟန်းကြီး အဘယ့်ကြောင့် မလာပါလိမ့်ဟု ကျွန်ုပ်တို့ တောင့်တ မျော်ခေါ်နေကြပါသည်။ သင့်အတွက် ဆွမ်းဘောဇဉ် များကို ချန်ထားကြပါ၏" ဟု ပျံဝင့်စွာ လောကွတ်စကား ပြောဆိုလေ၏။

ဘုရားရှင်လည်း ကဿပအား သူ့အကြံဖြစ်ပုံအလုံးစုံနှင့်တကွ မြောက် ကျွန်းသို့ ဆွမ်းခံကြွ၍ သီတင်းသုံးကြောင်း အကုန်အစင် မိန့်ကြားတော်မူ၏။ ထိုအခါ ကဿပလည်း "ရဟန်းကြီးသည် အလွန်တန်ခိုးကြီး၏။ ပညာလည်းရှိ၏။ ငါကြံတိုင်းကိုပင် သိပေ၏။ အံ့ဘွယ်ရှိပေစွ။ သို့ရာတွင် ငါတို့ကဲ့သို့ကား ရဟန္တာမဟုတ်သေးချေ" ဟု အကြံဖြစ်ပြန်၏။

ဘုရားရှင်လည်း ရှေးနည်းတူ ကဿပ၏ ဉာဏ်ခြေ ရင့်ကျက်မည့်အချိန်ကို စောင့်လျက် ထိုရသေ့၏ ဆွမ်းကိုဘုဉ်းပေးပြီး ထိုတောအုပ်သို့ပင် ပြန်လာ၍ နေတော်မူ၏။

(၆) တနေ့သ၌ ဘုရားရှင်သည် 'သေန'နိဂုံးရှာမှ သူငဲ့ကျွန်မ 'ပုဏ္ဏာ' သည် ကွယ်လွန်၍ ပိုက်ဆံလျှော်အဝတ်ဖြင့် ထုပ်လျက်သုသာန်၌ စွန့်ပစ်ထား သော အလောင်းကောင်မှ တပြည်ခန့်ရှိသော ပိုးလောက်တို့ကို အသာအယာ ဖယ်ရှားပြီး ထိုအဝတ်ကို ပုံသုကူအဖြစ် ကောက်ယူ၍ ဥဂ္ဂဝေလတောသို့ ယူဆောင်တော်မူလာ၏။ ထိုအခါ မဟာပထဝီ မြေကြီးသည် ကောင်းချီး ပေးသည့်အနေဖြင့် မြည်ဟည်းလျက် ပြင်းစွာတုန်လှုပ်၏။

ဘုရားရှင်သည် "ဤသင်္ကန်းကို အဘယ်အရပ်၌ ဖုပ်လျှော်ရပါအံ့နည်း" ဟု အကြံဖြစ်သော် သိကြားမင်းကလာ၍ အာနုဘော်ဖြင့် လေးထောင့်ကန် ကို ဖန်ဆင်းပြီး "ဤရေကန်၌ ဖုပ်လျှော်ပါဘုရား" ဟု လျှောက်၏။

ဖုပ်လျှော်ပြီးသော် "ဤသင်္ကန်းကို အဘယ်အရပ်၌ လှန်းရပါအံ့နည်း" ဟု အကြံဖြစ်ပြန်သော် သိကြားမင်းကပင် ကျောက်ဖျားကြီးကို ဖန်ဆင်း၍ "ဤ ကျောက်ဖျာပေါ်၌ လှန်းတော်မူပါဘုရား" ဟု လျှောက်၏။

လှန်းပြီးသော် "ဤသင်္ကန်းကို အဘယ်မှာ ချိတ်ဆဲ့ရအံ့နည်း" ဟု အကြံ ဖြစ်ပြန်သော် ရေခံတက်ပင်စောင့်နတ်က ရေခံတက်ကိုင်းကို ကိုင်းညွတ်စေ၍ "ဤရေခံတက်ကိုင်းပေါ်၌ လှန်းတော်မူပါဘုရား" ဟု လျှောက်လေ၏။

ချိတ်ဆွဲပြီးသော် "အဘယ်မှာ ဤအဝတ်ကိုပြန့်အောင်ဖြန့်ရအံ့နည်း" ဟု အကြံဖြစ်ပြန်သော် သိကြားမင်းသည် ကျောက်ဖျာကြီးတချပ်ကို အနီး၌ချ ထားပေး၍ "ဤမှာ ဖြန့်တော်မူပါဘုရား" ဟု လျှောက်လေ၏။

နောက်တနေ့နံနက် 'ကဿပ' ရသေ့သည် ဘုရားရှင်ထံသွား၍ ဆွမ်းစား ပင့်လေသော် 'ရေကန်, ကျောက်ဖျာ နှစ်ချပ်, ကိုင်းညွှတ်နေသော ရေခံ တက်ကိုင်း' တို့ကိုမြင်လျှင် "ရဟန်းကြီး၊ ရှေးက ဤအရပ်တွင် ရေကန်, ကျောက်ဖျာ နှစ်ချပ်မရှိစဘူး။ ဤရေခံတက်ကိုင်းလည်း မညွှတ်စဘူး။ ယခု ဘယ်သူလာ၍ ပြုလုပ်လေသနည်း" ဟု မေးလေ၏။

ဘုရားရှင်က ပံ့သုကူသက်နှ်းကောက်ယူသည်မှ စ၍ အလုံးစုံကိုပြန်ကြား လေသော် ကဿပရသေ့သည် ရှေးနည်းတူပင် ကြံစည်ပြန်လေ၏။

(၇) နောက်တနေ့နံနက် ဆွမ်းစားလာပင့်သော် ဘုရားရှင်က "ကဿပ၊ သွားနှင့်လော့။ ငါလာခဲ့အံ့" ဟု ဆို၍ လွှတ်လိုက်ပြီးမှ ဇမ္ဗူဒိပ်ကျွန်းဦးရှိ သပြေပင်သို့သွား၍ ဇမ္ဗူ့သပြေသီးကို ကောက်ယူခဲ့၍ ကဿပအလျင်မီးတင်း ကုပ်၌ ထိုင်နေဘော်မူနှင့်၏။ ကဿပက အံ့ဩစွာဖြင့်မေးသော် ဘုရားရှင်က အလုံးစုံကို ပြန်ပြောပြီး ဇမ္ဗူ့သပြေသီးကို ကဿပအားပေးလေ၏။ကဿပ သည်လည်း ရှေးနည်းတူပင် အကြံဖြစ်ပြန်လေ၏။

(၈) ထို့အတူပင် နောက်တနေ့၌ ထိုဇမ္ဗူဒိပ်ကျွန်းမှ သရက်ဖြူသီး (၉)ရှစ်ရှားသီး၊ (၁၀) ဖန်ခါးသီး၊ (၁၂) တာဝတိံသာမှ ပင်လယ်က သစ်ပွင့်တို့ကိုယူလာပြီး ရှေးဦးစွာ ရောက်ရှိထိုင်နှင့်လေ၏။ ကဿပက မေး သော် ဘုရားရှင်က အလုံးစုံကိုပြန်ကြားတော်မူ၏။ ကဿပလည်း ရှေးနည်း တူပင် ကြံပြန်လေ၏။

(၁၂) တနေ့သ၌ ကဿပ၏ ရသေ့ငါးရာတို့သည် မီးကိုလုပ်ကျွေးရန်၊ ထင်းတုံးတို့ကိုခွဲရန် မတတ်နိုင်လေသော် ကဿပရသေ့သည် "ငါတို့တတွေ ထင်းတုံးများကိုကွဲအောင် မခွဲနိုင်ခြင်းသည် ကေန္တပင် ရဟန်းကြီး၏ တန်ခိုး အာနုဘော် ဖြစ်ပေမည်" ဟု ကြံ၍ ဘုရားရှင်ထံသွားပြီး ထိုအကြောင်းကို လျှောက်ကြားလေ၏။ ဘုရားရှင်က "ကွဲစေသတည်း" ဟု မိန့်တော်မူလျှင်ပင် ထင်းတုံးငါးရာတို့ တပြိုင်နက် ဖြန်းဖြန်းကွဲကုန်၏။

(၁၃) နောက်မီးမွှေးရန် မတတ်နိုင်၍ ကဿပက လာလျှောက်သော် ဘုရားရှင်က "မီးညိစေ" ဟု မိန့်တော်မူလျှင်ပင် မီးတောက်ကြီး ငါးရာတို့ တပြိုင်နက် ဟုန်းဟုန်းတောက်ကုန်၏။

(၁၄) နောက်ထိုမီးတို့ကိုငြိမ်းရန် မတတ်နိုင်၍ ကဿပက လာလျှောက်သော် ဘုရားရှင်က "ငြိမ်းစေ"ဟု မိန့်တော်မူလျှင်ပင် တပြိုင်နက်ငြိမ်းကုန်၏။

(၁၅) တနေ့သ၌ ရသေ့တို့သည် သူတို့အယူဝါဒအရ ညအခါ မြစ်ထဲရေငုပ်၍ ပြန်တက်လာသော် ဆောင်းရာသီကြောင့်ခိုက်ခိုက်တုန်ချမ်းသဖြင့် ဘုရားရှင်က ယင်းတို့အား မီးလှုံစိမ့်သောငှာ မီးဖိုငါးရာကို ဖန်ဆင်းပေးတော်မူ၏။ ဤမျှ အံ့သြဘွယ်တန်ခိုးမျှားစွာကို မြင်ရလျက်လည်း ကဿပသည် ရှေးနည်းတူပင် အကြံဖြစ်နေပေ၏။

(၁၆) တနေ့သ၌ ဆောင်းလအခါ, အခါမဲ့မိုးကြီး သည်းထန်စွာ ရွာသွန်းလေရာ တောအုပ်တခုလုံး ရေအယဉ်တို့ မြေပြင်အလုံးကို လွှမ်း၍ တသွင်သွင် စီးဆင်းကြလေ၏။ ဘုရားရှင်သည် ထက်ဝန်းကျင်မှ စီးကျသောရေအယဉ်တို့ကို နေတော်မူရာ အရပ်ကိုမလွှမ်းစေဘဲ တန်ခိုးဖြင့်ဖယ်ရှားတော်မူပြီး ထိုမြေပြင်တွင် ဖုံတထောင်းထောင်း ထစေလျက် စင်္ကြံကြွနေတော်မူ၏။

ကဿပရသေ့လည်း "ရဟန်းကြီး ရေမျောပါသွားလေရာ၏"ဟု ကြံ၍ ရသေ့များနှင့်တကွ လှေဖြင့် ရောက်လာသော် ထိုအံ့ဘွယ်သရဲကို မြင်ရ၍ ကဿပက အံ့သြစွာဖြင့် 'ကယ်ရန်လာကြောင်း' ပြောဆိုလေ၏။ ဘုရားရှင်လည်း မြေပြင်မှ ပျံတက်၍ ရသေ့တို့၏ လှေပေါ်တွင် ဆုံတော်မူ၏။ ကဿပလည်း ဤမျှလောက်အံ့သြဘွယ်တန်ခိုးကို မြင်ရလျက်လည်း ရှေးနည်းတူပင် အကြံဖြစ်ပြန်လေ၏။

၂၀။ ရသေ့တထောင် ရဟန္တာဖြစ်၍ ရဟန်းပြုကြခြင်း

ဘုရားရှင်သည် ဥရုဝေလ ကဿပ စသော ထိုရသေ့တို့၏ ဣန္ဒြေရင့်ကျက်ချိန်ကိုသာ စောင့်ဆိုင်းလျက် သုံးလနီးပါးမျှ တန်ခိုးအမျိုးမျိုး စုံစုံပေါင်း တန်ခိုး ၁၅၀၀-ကျော်။ ပါဋိတော်၌ကား ၁၆-မျိုးမျှသာ ဖော်ပြထား၏ကို ပြတော်မူခဲ့ရာ ယခု ထိုရသေ့တို့၏ ဣန္ဒြေရင့်ကျက်ပြီ ဖြစ်၍ "ယခုပင် ဤကဿပရသေ့အား ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေအံ့"ဟု ကြံတော်မူလျက်-

"ချစ်သား ကဿပ၊ သင့်မှာနကား ထောင်လှဲးလှန်းလှုပေစွဉ့်။ (၁) သင်သည် အာသဝေါကုန်ခန်း ရဟန္တာလည်း မဟုတ်။ (၂) အရဟတ္တဖိုလ်

ရကြောင်း ဥာဏ်အမြင်လည်း အနည်းငယ်မျှ မရှိ။ (၃) အရဟတ္တဖိုလ်သို့ ရောက်ရန် အကျင့်မှန်လည်း အဏုမြူမျှပင် မရှိသေး၊ သို့စဉ်လျက် 'ဤရဟန်းကြီ ကား တန်ခိုးကြီးပေမယ့် ငါကဲ့သို့ ရဟန္တာမဟုတ်' ဟူ၍ ယုတ်မာသော အကြံဖြင့်သာ သင်နေဘိ၏တကား" ဟု ပွင်းပွင်းရှင်းရှင်းကြီးပင် မိန့်တော်မူလိုက်၏။

ထိုအခါမှ ကဿပရသေ့သည် သံဝေဂ ကြီးစွာ ရပြီး ဘုရားရှင်၏ ခြေတော်အစုံ၌ ဦးခေါင်းဖြင့် ပွတ်တိုက်ဝပ်စင်းလျက် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် ရှင်တော်ဘုရား၏ အထံ၌ ရှင်ရဟန်းအဖြစ်ကို ရပါရစေ" ဟု လျှောက်လေ၏။

ဘုရားရှင်လည်း "ကဿပ၊ သင်ကား ရသေ့အပေါင်းတို့၏ အကြီးအမှူးဖြစ်၏။ ငါထံ၌ ရဟန်း ပြုလိုလျှင် သင့်တပည့်များကို ပန်ကြားဦးလော့" ဟု မိန့်တော်မူ၏။

ကဿပသည် တပည့်ရသေ့တို့ နေရာသို့ သွား၍ စုဝေးပြီး "အချင်းတို့၊ ငါကား ယခု ရဟန်းကြီးထံ၌ တပည့်ခံကာ မြတ်သောအကျင့်ကို ကျင့်တော့အံ့။ သင်တို့သည် မိမိတို့ နှစ်ခြိုက်ရာ ပြုလုပ်ကြကုန်လော့" ဟု ဆိုလေ၏။

တပည့်တို့ကလည်း "ဆရာကြီး၊ ကျွန်ုပ်တို့ကား(နဂါးမင်းကို ဆုံးမသည့် အချိန်က စ၍)ကြာမြင့်စွာကပင်ဤရဟန်းကြီးထံ၌ ရဟန်းပြုလို၍နေခဲ့ကြပါ၏။ ယခု ဆရာကြီးကဲ့သို့ ကျွန်ုပ်တို့လည်း ရဟန်းကြီးထံ၌ပင် အဆုံးအမကို ခံကြပါကုန်အံ့" ဟူ၍ လျှောက်ကုန်၏။

ဥရုဝေလကဿပနှင့် တကွ ရသေ့ငါးရာလုံး တညီတညွတ်တည်းပင် 'ဆံကျစ်, တောက်ချာ, တံပိုး, ခြင်းတောင်း စသော ရသေ့ပရိက္ခရာတို့ကို နေရဥ္ဇရာ(ဂင်္ဂါမြစ်-ကျီးသဲ) မြစ်ရေကြောင့် မျောလိုက်ကြပြီး ဘုရားရှင်ထံသွား၍ ရှင်ရဟန်း ပြုပေးပါရန် တောင်းပန်လျှောက်ကြသော် ဘုရားရှင်က "ဟိဘိက္ခု" ခေါ်လိုက်သည်နှင့် တပြိုင်နက် ရသေ့အသွင် ကွယ်ပျောက်၍ ရဟန်းအသွင်သို့ ရောက်ကြလေကုန်၏။

အောက်မြစ်ကွေ့၌ နေသော "နဒီကဿပ" လည်း မျှော်လာသော ရသေ့ပရိက္ခရာတို့ကို မြင်လျှင် "ငါ့နောင်တော်အား ဘေးအန္တရာယ် ဆိုက်ရောက်သည် ဖြစ်လတံ့" ဟု ကြံ၍ တပည့် ရသေ့သုံးရာနှင့်အတူ ရောက်လာကြပြီး ဘုရားရှင်ထံ၌ တပည့်များနှင့်တကွ နောင်တော်ကြီး ရဟန်းပြုသည်ကို မြင်လေ၏။ ထိုရသေ့ အားလုံးလည်း ဘုရားရှင်ထံ၌ ရှင်ရဟန်းပြုခွင့်ကို တောင်းခံ၍ "ဟိဘိက္ခု" ရဟန်းများချည်း ဖြစ်သွားကုန်၏။

နောက် အောက်မြစ်ကွေ့၌ နေသော ညီအငယ်ဆုံး "ယာကဿပ" လည်း ထိုရသေ့ ပရိက္ခရာတို့ကို မြင်လျှင် တပည့်ရသေ့ နှစ်ရာလုံးနှင့်တကွ ရောက်လာ၍ နောင်တော်များ ရဟန်းဖြစ်နေသည်တို့ကို မြင်လေ၏။ ထိုရသေ့အားလုံးလည်း ဘုရားရှင်ထံ၌ပင် ရဟန်းပြုခွင့် တောင်းခံ၍ "ဟေ ဘိက္ခု" ရဟန်းချည်း ဖြစ်ကြလေ၏။

ဘုရားရှင်လည်း ထိုရဟန်းတထောင် ခြံရံလျက် 'ဥရုဝေလ'တောမှ ထွက်ခွာ၍ ကြွလေသော် 'ဂယာ'ရွာ၏ အနီး 'ဂယာသီသ'=(ဆင်ဦးကင်းနှင့် တူသည့်)ကျောက်ဖျာသို့ ရောက်၍ ထိုကျောက်ဖျာပြင်ပေါ်၌ ရဟန်းတထောင်နှင့်တကွ ထိုင်နေတော်မူ၏။

ထိုအခါ ဘုရားရှင်သည် "ဤရဟန်းတို့ကား ရှေးက ညတိုင်း နံနက်တိုင်း မီးကို လုပ်ကျွေးပူဇော်ကြသူများ ဖြစ်၏။ သို့ဖြစ်၍ အာယတန ၁၂-ပါးကို မီးလျှံ ၁၁-ပါးတို့ အဖန်ဖန် လောင်ကျွမ်းပုံကို ဖော်ပြ၍ 'အာဒိတ္တ ပရိယာယသုတ္တန်'ဒေသနာကို ဟောလျှင် ဤရဟန်းတထောင်လုံး ရဟန္တာ ဖြစ်ကုန်လတံ့" ဟု ဆင်ခြင် သိမြင်တော်မူ၏။

သို့ဖြစ်၍ "ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ဝိညာဏ် ၆-ပါး, ဖဿ ၆-ပါး, ဝေဒနာ ၁၈-ပါ။ ဤတရား အားလုံးကို "ရာဂ, ဒေါသ, မောဟ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ" ဟူသော မီး ၁၁-ပါးတို့ အသီးသီး တောက်လောင်နေပုံကို အကျယ်ညွှန်ပြသည့် 'အာဒိတ္တပရိယာယသုတ္တန်'ကို ဟောတော်မူ၏။ တရား၏အဆုံး၌ ထိုရဟန်းတထောင်လုံး ရဟန္တာချည်း ဖြစ်ကြကုန်သတည်း။

၇၁။ ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ဂယာသီသ အရပ်၌ ပြုဘွယ်ကိစ္စ ပြီးစီးလေသော် "တောထွက် ရဟန်းပြုစဉ်က ဘုရားဖြစ်လျှင် ရာဇဂြိုဟ်ပြည်သို့ ရှေးဦးစွာ ကြွပါမည့် အကြောင်းလျှောက်ထားခဲ့သည့် ဗိမ္ဗိသာရမင်း၏တောင်းပန်စကားအရ ရသေ့ ဖြစ်ခဲ့ဘူးသော ရဟန္တာပေါင်းတထောင် ခြံရံလျက် (ပြာသိုလပြည့်နေ့တွင်) ရာဇဂြိုဟ်ပြည်သို့ ရှေးရှု ကြွတော်မူ၏။ မြို့၏ အနီးရှိ ကြီးစွာသော ထန်းတော ဥယျာဉ်သို့ ရောက်တော်မူလျှင် ဥယျာဉ်၏ အလယ်ရှိ ကျယ်ပြန့်သော အရိပ်ရှိသည့် ညောင်ပင်ကြီးအရင်း၌ သီတင်းသုံးတော်မူ၏။

ထိုအခါ ဥယျာဉ်မှူးက လာရောက်လျှောက်ကြားသဖြင့် ဗိမ္မိသာရမင်းကြီးသည် အသိန်းမကသော မှူးမတ် ပုဏ္ဏား သူဌေးများ ခြံရံလျက် ဘုရားရှင်ထံ လာရောက် ဖူးမျှော်လေ၏။ မင်း၏ ပရိသတ်များအနက် တချို့က ဘုရားရှင်ကို ရိုသေစွာ ရှိခိုးလျက်၊ တချို့က ဘုရားရှင်နှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုကုန်လျက်၊ တချို့က မိမိတို့၏ အမျိုးအမည်များကိုဖော်ပြပြီး ရှင်တော်ဘုရားကို လာရောက် ဖူးမျှော်ပါကြောင်း လျှောက်ထားလျက် သင့်တင့်သော နေရာတို့၌ နေကြကုန်၏။

ထိုသို့ လာရောက် ဖူးမျှော်ကြသူ အပေါင်းသည် "ငါတို့ဆရာ ကဿပသည် ဂေါတမ ရဟန်းကြီးထံ၌ တပည့်ခံ၍ အကျင့်ကို ကျင့်သလော။ သို့တည်းမဟုတ် ရဟန်းကြီး ဂေါတမသည် ငါတို့ဆရာ ကဿပထံ၌ တပည့်ခံ၍ အကျင့်ကို ကျင့်သလော" ဟု တွေးတော ယုံမှားကြကုန်၏။

ဘုရားရှင်လည်း ထိုသူတို့၏ အကြံကို သိတော်မူ၍ ထိုသူတို့၏ ယုံမှားခြင်းကို ပယ်ဖျောက်စေခြင်းငှာ ဥရုဝေလ ကဿပအား "ကဿပ၊ မီးပူဇော်ခြင်း, ယဇ်ပူဇော်ခြင်းကို သင် အဘယ့်ကြောင့် စွန့်ခဲ့သနည်-" စသည်ဖြင့် မေးမြန်း ဖြေဆိုခိုင်းတော်မူ၏။

ကဿပသည် ဘုရားရှင်၏ အမေးများကို ဖြေဆိုပြီးနောက် ထိုလူတို့၏ ယုံမှားခြင်းကို ပယ်ဖျောက်ရန်အတွက် နေရာမှ ထ၍ ဘုရားရှင်၏ ခြေတော်တို့ကို ဦးဖြင့်တိုက်လျက် "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် တပည့်တော်၏ ဆရာ ဖြစ်ပါ၏။ တပည့်တော်ကား ရှင်တော်ဘုရား၏ တပည့်သာ ဖြစ်ပါ၏" ဟု လျှောက်ထားပြီး ကောင်းကင်သို့ ပျံဘက်၍ ပြန်ဆင်းသက်လာပြီး ဘုရားရှင်ကို ရှိခိုးလေ၏။ ဤသို့ ခုနစ်ကြိမ်တိုင် ပြုလေ၏။

တန်ခိုးပြာဋိဟာကို မြင်ကြရသော် မင်းပရိသတ် အပေါင်းသည် "ဩ၊ မြတ်စွာဘုရားသည် တန်ခိုးအာနုဘော် ကြီးပါပေ၏။ ဤမျှလောက် ခိုင်မာလှသည့် မိစ္ဆာအယူရှိလျက် မိမိကိုယ်ကို ရဟန္တာဟု မှတ်ထင်နေသော ဥရုဝေလ ကဿပ ဆရာကြီးကိုပင် ချိုးနှိမ်ချတ်နိုင်တော်မူပါပေ၏" ဟူ၍ ဘုရားရှင်၏ ဂုဏ်ကျေးဇူးနှင့် စပ်သည့် စကားကိုသာလျှင် ချီးမွမ်းပြောဆိုကြလေ၏။

ထိုသူတို့၏ ချီးမွမ်းစကားကို ကြားတော်မူသော် ဘုရားရှင်က "ပုဏ္ဏားသူဌေးအပေါင်းတို့၊ ယခု ဘုရားအဖြစ်သို့ရောက်ပြီးသော ငါသည် ဥရုဝေလ ကဿပကို ယဉ်ကျေးအောင်ဆုံးမခြင်းမှာ အံ့ဘွယ်မဟုတ်ပေ။ ငါသည် ရှေးအခါ ဘုရားလောင်းဘဝ 'နာရဒ'မည်သော ဗြဟ္မာဖြစ်စဉ်က ဥရုဝေလ

ကဿပအလောင်းဖြစ်သော အင်္ဂတိမင်းကြီး၏ မိစ္ဆာအယူကို ပယ်ဖျောက်နိုင်ခဲ့ဘူးလေပြီ''ဟု အစချီ၍ ''မဟာနာရဒကဿပဇာတ်'' (ဇာ-၅၄၅)ကို အကျယ်အားဖြင့် ဟောတော်မူလေ၏။

ထို့နောက်မှ ''ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ၊ ကာမာနံအာဒီနဝကထာ၊ နေက္ခမေ အာနိသံသကထာ''ဟူ၍ ဒေသနာအစဉ် အတိုင်းဟောကြားပြီး သစ္စာလေးပါးကိုအထွတ်တပ်၍ဟောတော်မူလေသော် ဗိမ္ဗိသာရမင်းကြီးနှင့်တကွ အသိန်းမကသော မှူးမတ်ပုဏ္ဏား သူဌေးအပေါင်းသည် 'သောတာပန်'ဖြစ်ကြလေ၏။

၇၂။ ဗိမ္ဗိသာရမင်းကြီး ဝေဌုဝန်ကျောင်း လှူခြင်း

ထိုအခါ မဂဓတိုင်းကိုအစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်အား-

''မြတ်စွာဘုရား. တပည့်တော်သည် ရှေးက-

(၁) ''ငါသည် မင်းဖြစ်ရမူ ကောင်းလေစွာ့၊

(၂) ငါ၏နိုင်ငံသို့ ဘုရားရှင်ကြွလာပါမူ ကောင်းလေစွာ့၊

(၃) ငါသည် ဘုရားရှင်ကို ဆည်းကပ်ရပါမူ ကောင်းလေစွာ့၊

(၄) ဘုရားရှင်က ငါ့အား နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောပါမူ ကောင်းလေစွာ့၊

(၅) ငါသည် ထိုဘုရားရှင်ဟောသော တရားတော်ကို ပိုင်းခြားထင်ထင် သိမြင်ရပါမူ ကောင်းလေစွ'

ဟူသော ဤငါးချက်ကို တောင့်တခဲ့ပါ၏။ ယခုအခါ တပည့်တော်သည် ထိုတောင့်တချက် ငါးမျိုးလုံးကို အပြည့်အစုံ ရရှိပါပြီဘုရား။ ယနေ့မှစ၍ တပည့်တော်ကို ဥပါသကာဟု မှတ်တော်မူပါ။ နက်ဖြန်နံနက်လည်း သံဃာတော်များနှင့်တကွ နန်းတော်သို့ကြွ၍ ဆွမ်းအလှူကို ခံတော်မူပါဘုရား''ဟု လျှောက်၍ ပြန်လေ၏။

နောက်တနေ့ နံနက်တွင် ဗိမ္ဗိသာရမင်းကြီးသည် ဆွမ်းဘောဇဉ်တို့ကို စီရင်ပြီးသော် ဘုရားရှင်ထံ တဖန်လွှတ်၍ ဆွမ်းဘုဉ်းပေးကြွရန် အပင့်ခိုင်းလေ၏။ ဘုရားရှင်သည် သံဃာတထောင် ခြံရံလျက် ဘုရားရှင်၏ တင့်တယ်စံပယ်ခြင်းဖြင့် ကြွတော်မူ၏။

ထိုအခါ သိကြားမင်းသည် အလွန်လှပသော လုလင်အသွင်ဖြင့် လာ၍ ဘုရားရှင်ကြွလာရာ လမ်းကို ပြုလုပ်ဖန်ဆင်းပြီး ဘုရားရှင်၏ ဂုဏ်ကျေးဇူး

တော်ကို ချီးမွမ်းထားသောဘုန်းတော်ဘွဲ့ဂါထာများကို သာယာသောအသံဖြင့် သီဆိုကြွေးကြော်လျက် လူအပေါင်းကို နှိုးဆော်ကာ ဘုရားရှင်ရှေ့မှ သွားလေ၏။

လူတို့က လုလင်၏ တအံ့တဩလှပပုံကို ချီးကျူးကြသော် သိကြားမင်းက "ငါကား နတ်တို့သနင်း သိကြားမင်းတည်း။ အံ့ဘွယ်အထူး ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ အလုပ်အကျွေး ဒါယကပေတည်း" ဟု ပြန်ကြားပြောဆို၏။

ဘုရားရှင်သည် ရွှေနန်းတော်သို့ ရောက်တော်မူလျှင် မင်းကြီးသည် ခရီးဦးကြိုပြု၍ နန်းတော်သို့ ပင့်ဆောင်ပြီး ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်လုပ်ကျွေးလေ၏။ ဆွမ်းကိစ္စပြီး၍ တရာတော်ကို ကြားနာပြီးသော် မင်းကြီးသည် ဘုရားရှင် သီတင်းသုံးတော်မူရန်အလို့ငှာ "ဝေဋ္ဌဝန်" ဥယျာဉ်တော်ကို မင်း၏နန်းတော် အာရုမ်နှင့်တကွ ရေစက်သွန်းချ၍ လှူလေ၏။ ရေစက်သွန်းချပြီးသည်နှင့်တပြိုင်နက် ကမ္ဘာမြေကြီးသည်ကောင်းချီးပေးကာ ပြင်းစွာ လှုပ်လေ၏။ ဘုရားရှင်လည်း မင်ကြီးအား တရားအနုမောဒနာ ပြုတော်မူပြီး ဝေဋ္ဌဝန်ဥယျာဉ်သို့ ကြွတော်မူလေ၏။

ရာဇဂြိုဟ်ပြည် ဘုရားရှင် သီတင်းသုံးတော်မူကြောင်း ကြားလေလျှင် ပဉ္စဝဂ္ဂီ၌ အကျုံးဝင်သော အရှင်အဿဇိသည်ငှင်း၊ ဘဒ္ဒဝဂ္ဂီမထေရ်များသည်ငှင်း၊ အရှင်ယသစသော မထေရ်တို့သည်ငှင်း ရောက်လာကုန်၏။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ နှစ်လတိုင် နေတော်မူသတည်း။

၇၃။ အဂ္ဂသာဝကလောင်းနှစ်ဦးနှင့် သိဥည်းဆရာကြီး

ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေးသော အရပ်ဝယ် "နာလန္ဒ' မည်သော ရွာကြီး၏ တံခါးအနီးရှိ 'တိဿ'မည်သော ရွာကြီး၌ အလွန်ကြွယ်ဝချမ်းသာသော 'ဝက်နွ'ပုဏ္ဏားနှင့် 'ရူပသာရီ' ပုဏ္ဏေးမတို့မှာ 'ဥပတိဿ' မည်သော သားတဦးရှိ၏။ ထိုတိဿရွာအနီးရှိ 'ကောလိတ'မည်သော ရွာကြီး၌ အလွန်ချမ်းသာကြွယ်ဝသော 'သုဇာတ'ပုဏ္ဏားနှင့် 'မောဂ္ဂလီ' ပုဏ္ဏေးမတို့မှာ 'ကောလိတ'မည်သော သားတဦးရှိ၏။ 'ဥပတိဿ'ကား အရှင်သာရိပုတ္တရာအလောင်းဖြစ်၍ 'ကောလိတ'ကား အရှင်မောဂ္ဂလ္လာန်အလောင်း ဖြစ်၏။

သူတို့နှစ်ဦးတို့သည် တချိန်တည်းမွေးဖွားကြီးပြင်းလာခဲ့ပြီး အရွယ်ရောက်လျှင် လောကီအတတ်ပညာ, ဗေဒင်သုံးပုံနှင့် အယူဝါဒများတွင် အလွန်

ကျမ်းကျင်ကြ၏။ သူတို့သည် မိဘများ၏ အလွန်မြောက်စား ခြင်း ခံရပြီး များစွာသော အခြံအရံဖြင့် လူ့စည်းစိမ်ကို ကြီးကျယ်စွာ ခံစားရကြလေ၏။ တနေ့သ၌ သူတို့သည် ရာဇဂြိုဟ်ပြည်တွင် ပြည်သူအပေါင်းတို့ ပျော်ပါး စိမ့်သောငှာ နှစ်စဉ် ရက်ပေါင်းများစွာ ကျင်းပမြဲ 'တောင်ထွတ်သဘင်'ကို အခြံအရံများစွာဖြင့် သွားရောက်ကြည့်ရှုကြလေ၏။

သူတို့သည် ရက်ပေါင်းများစွာ မြူးတူးပျော်ပါးကြရာတနေ့တွင် ဥပတိဿ ဘ၌ည် ပညာပါရမီရှိသူဖြစ်၍ လူ့ဘဝကြီး၏ အနှစ်သာရမရှိပုံ, စက်ဆုပ်ရွံ ရှာဘွယ် ရှိပုံတို့ကို ဆင်ခြင်မိသောမှ လူ့ဘဝကြီးကို ငြီးငွေ့ပြီး မပျော်မရွှင် မျက်နှာ မသာမယာဖြစ်လေ၏။ 'ကောလိတ'က မြင်၍ မေးသော် 'ဥပတိဿ' က သူစဉ်းစားပုံ အလုံးစုံကို ပြန်လည်ပြောပြလေ၏။

ထိုအခါ သူတို့နှစ်ဦးသည် တိုင်ပင်ကြပြီး မိဘတို့ကို အသီးသီးပန်ကြား၍ အခြံအရံ ၂၅၀ တို့နှင့်တကွ ရာဇဂြိုဟ်ပြည်တွင် အလွန် ကျော်ကြားသည့် တပည့် ၂၅၀ အခြံအရံဖြင့်နေထိုင်သော (သဋ္ဌယ-ဗေလဋ္ဌိပုတ္တာ" ဟု ခေါ်သော) 'သိဉ္စည်းအံ့မည်ရှိ'ပရိဗိုဇ်ဆရာကြီးထံသွား၍ ပရိဗိုဇ်ရဟန်း ပြုကြလေ၏။ သူတို့ ဝင်ရောက်လာသည်မှ စ၍ 'သိဉ္စည်း' ဆရာကြီးမှာ များစွာသော လာဘ်ပူဇော် အခြံအရံတို့ ဖြစ်ကုန်၏။

သူတို့နှစ်ဦးသည် ပရိဗိုဇ်ရဟန်းပြုပြီး နှစ်ရက်သုံးရက်ရှိလျှင်ပင် 'သိဉ္စည်း' ဆရာကြီး၏ အယူဝါဒ ကျင့်စဉ်အလုံးစုံကို အပြီးတိုင် သင်ကြားတတ်မြောက် ကြလေ၏။ သူတို့သည် "ဆရာကြီး၏ ဉာဏ်အမြင်ကား ဤမျှပင်တည်း" ဟု သိုက်၍ လောက၏ အစ, အဆုံးကို မမြင်သောကြောင့် ဆရာကြီးအား "ဆရာ၊ ယခုပြသော နည်းနာမှတပါးဆရာတို့သိအပ်သော အနှစ်သာရရှိသည့်အတတ် ရှိသေးသလော" ဟု မေးကြ၏။

သိဉ္စည်းဆရာကလည်း "တပည့်တို့၊ မရှိချေပြီ။ ဤမျှကိုသာ ငါသိမြင် သတည်း" ဟု ဆို၏။

ထိုအခါ 'ဥပတိဿ'က ကောလိဘအား "ကောလိတ၊ ဤမျှသောအကျင့် ဖြင့် အမြိုက်တရားကို မရပေရာ။ ဤဆရာဝါဒကားအနှစ်သာရမရှိ။ ဤဆရာ ကို မှီ၍သာနေသဖြင့် သေခြင်းကင်းရာ နိဗ္ဗာန်ကိုမမြင်ရာ။ ဇမ္ဗူဒိပ်အတွင်း ထိုထိုမြို့ရွာ၌ ပညာရှိဟု ကျော်စောသော သူတို့ကို ရှာဖွေ၍ စုံစမ်းမေးမြန်း ကြဦးအံ့။ တရားအာသူးကိုရှေးဦးစွာ မြင်သောသူကတဦးအား ပြောကြစတမ်း" ဟု 'ကတိကဝတ်' ထားကြ၏။

ထိုအခါ သူတို့သည် မိမိတို့၏ ပရိက္ခရာကို ယူဆောင်လျက် ဇမ္ဗူဒိပ်အလုံး၌ ထိုထိုမြို့ရွာသို့ လှည့်လည်ပြီး ပညာရှိတို့ကိုရှာ၍ ပြဿနာကို မေးကြ၏။ သူတို့နှစ်ဦး၏ပြဿနာကို လူ, ရဟန်း,ပုဏ္ဏားတို့ တဦးမျှ မဖြေဆိုနိုင်ပေ။ ထိုထိုအရပ်၌ ရဟန်းပုဏ္ဏားတို့၏ ပြဿနာကို သူတို့နှစ်ဦးကသာ ဖြေဆိုခဲ့ကြရ၏။ ထို့ကြောင့် သူတို့နှစ်ဦးသည့် နေရင်းဌာန သိဉ္ဇည်းဆရာကြီးထံသို့ ပြန်လာကြလေ၏။

၇၄။ အဂ္ဂသာဝကလောင်း နှစ်ဦးနှင့် အရှင်အဿဇိ

ထိုအခါ ဘုရားရှင် ဝေဌုဝန်ကျောင်းကို ခံယူတော်မူပြီး၍ သုံးရက်မြောက်သောနေ့၌ ပဉ္စဝဂ္ဂိတို့တွင် အကျုံးဝင်သော အရှင်အဿဇိ မထေရ်သည် နံနက်အခါတွင် သက်နံးကို သပ်ယပ်စွာ ဝတ်ရုံ၍ သပိတ်ကို ပိုက်လျက် တည်ကြည်ငြိမ်သက် ကြည်ညိုဘွယ်သောဣန္ဒေါ်ဖြင့်ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လေ၏။

ထိုအခါ 'ဥပတိဿ' ပရဗိုဇ်သည် မြို့တွင်းမှ ဆွမ်းစားပြီး ကျောင်းသို့ ပြန်လာစဉ် အိမ်စဉ်အတိုင်း ဆွမ်းခံကြွနေသော အရှင် အဿဇိကို အခန့်သင့်တွေ့မြင်လျှင် "ဤအရှင်ကဲ့သို့ ယဉ်ကျေးငြိမ်သက်သော ဣန္ဒေါ်အမူအရာနှင့် ပြည့်စုံသော ရဟန်းကို ငါမမြင်စဘူး။ ထူးမြတ်တင့်တယ်ပေစွာ့။ ဤအရှင်သည် အမြို့ကိတရား၏ တည်ရာ ရဟန္တာသော်လည်း ဖြစ်လတံ့။ ရဟန္တာဖြစ်ကြောင်း အကျင့်ကောင်းနှင့် ပြည့်စုံသော သူသော်လည်း ဖြစ်လတံ့၊ ဤရဟန်းထံကပ်၍ 'သင်၏ ဆရာသည် အဘယ်သူနည်း'ဟု မေးရလျှင် ကောင်းလေစွာ့"ဟုကြံ၍ ထိုအခွင့်အရေ ကို ရယူရန် အဿဇိကြွသော ခရီးဖြင့် မနီးမဝေးမှ နောက်ကလိုက်လေ၏။

အရှင်အဿဇိသည် ဆွမ်းရပြီး၍ ဆွမ်းဘုဉ်းပေးရန် သင့်လျော်သော စရပ်တခုသို့ ကပ်လေသော် 'ဥပတိဿ'သည် မိမိတွင် ပါလာသော ပရိဗိုဇ်တို့၏ အင်းပျဉ်ကိုမထေရ်ထိုင်ရန်ခင်းပေးလျက်ကရားမှရေကိုပေး၍ ဆွမ်းစားအရေး၌ ပြုထိုက်သမျှသော အာစရိယဝတ်ကို ပြုပေး၏။

အရှင်အဿဇိဆွမ်းဘုဉ်းပေးပြီးသော် ဥပတိဿသည် ရှင်လန်းဝမ်းသာစွာ ပဋိသန္တာရ (အစေ့အစပ်) စကားပြောဆိုပြီးမှ "ငါ့ရှင်၊ သင်၏ ဣန္ဒေါ်အမူအရာတို့သည် လွန်စွာ နှစ်သက်ဘွယ်ရှိ၏။ သင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုသနည်း။ သင်၏ဆရာကား အဘယ်သူနည်း။ အဘယ်သူ၏

တရားစကားကို သင်နှစ်သက်သနည်း။ အဘယ်သူ၏ ဩဝါဒကို သင် ရဘိ သနည်း"ဟု မေး၏။

အရှင်အဿဇိက "ငါ့ရှင်၊ ငါကား လောကတွင် အတုမရှိသော သာကီဝင်မင်းသား ဘုရားရှင်ကို ရည်မှန်း၍ ရဟန်းပြု၏။ ထိုဘုရားရှင်သည် ငါ၏ ဆရာပေတည်း။ ထိုဘုရား ဟောကြားသည့် တရားကိုသာ ငါနှစ်သက်၍ မိန့်မြွက်သော ဩဝါဒကို ခံယူသတည်း"ဟု ဆိုလေ၏။

နောက် ဥပတိဿက "ငါ့ရှင်၊သင်တို့၏ဆရာ မြတ်စွာဘုရားသည်အဘယ် သို့သော အယူရှိသနည်း။ အဘယ်တရားကို ဟောကြားသနည်း။ ငါ့အား ပြောပြပါလော့"ဟု တောင်းပန်၏။

အရှင်အဿဇိလည်း "ပရိဗိုဇ်တို့သည် သာသနာ၏ရန်သူ ကွန်ယက် ဆန့် ကျင်ဘက် ဖြစ်ကြ၏။ သာသနာတော်၏ နက်နဲကျယ်ဝန်းကြောင်းကို ဆိုဦးမှ သင့်မည်"ဟု ကြံ၍ "ငါ့ရှင် ငါကား သာသနာတော်၌ ရဟန်းပြု၍ မကြာ သေးပါ။ လေးပါးသောဂမ္ဘီရဂုဏ်နှင့် ပြည့်စုံသော တရားတော်ကို အကျယ် ပြောပြရန် မစွမ်းနိုင်ပါ။ စိုးစဉ်းမျှသာ ဟောနိုင်ပါသေး၏"ဟု ဆိုလေ၏။

ဥပတိဿက "ငါ့ရှင် ငါကား ဇမ္ဗူဒိပ်တွင် ပညာအရာ၌ လွန်စွာကျော် စောသောသူတဦး ဖြစ်ပါ၏။ အရှင်တတ်သိသမျှသာ ငါ့အား ဟောပြပါ လော့။ နည်းအရာ၊ နည်းအထောင်တို့ဖြင့် ကုန်အောင် ချဲထွင် သိမြင်ရန် ကျွန်ုပ်၏ တာဝန်ထားပါ"ဟုဆို၏။ ထိုအခါ အရှင်အဿဇိမထေရ်က တရား အကျဉ်းကို ဟောလိုရကား-

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော"

[=အကြင် ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့သည် တဏှာ လောဘဟူသော အကြောင်း သမုဒယကြောင့် ဖြစ်ကုန်၏။ ထိုခန္ဓာငါးပါး ဒုက္ခသစ္စာတရား တို့၏ အကြောင်း သမုဒယသစ္စာ တဏှာလောဘကိုငှင်း၊ ထိုဒုက္ခနှင့် သမုဒယ သစ္စာ နှစ်ပါးတို့၏ ချုပ်ရာချုပ်ကြောင်း နိရောဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးကို ငှင်း ငါတို့ဆရာ မြတ်စွာဘုရားသည် ဟောကြားတော်၏။ ရဟန်းမြတ် ဖြစ် သော ငါတို့ဆရာသည် ဤသို့သစ္စာလေးပါး အမှန်တရားကို ခွဲခြားဖော်ပြ သည့် 'ဝိဘဇ္ဇ'အယူရှိတော်မူ၏။" ဟူ၍ တဂါထာဖြင့်သာ ဟောပြလေ၏။

ဥပတိဿသည် ပညာပါရမီ ထက်မြက်သူ ဖြစ်ရကား ထိုဂါထာ၏ ရှေ့ တဝက်ကို ကြားနာလိုက်ရလျှင် သောတာပတ္တိမဂ်သို့ ရောက်၍ နောက်တဝက် ကို သောတာပန် ဖြစ်ပြီးမှ နာယူရလေသတည်း။

သူသည် ဤဂါထာဆုံးလျှင် လေးအင်္ဂသောသစ္စာကိုသိမြင်သဖြင့် "အရှင်ဘုရား၊ အရှင်၏ဘရား ဤမျှသာ ရှိပါစေဦး။ ဆက်၍တရားကို မဟောကြားပါနှင့်ဦး။ ယခု အကျွန်ုပ်တို့၏ဆရာ ဘုရာ ရှင်သည် အဘယ်မှာ သီတင်းသုံးနေပါသနည်း" ဟု မေးလျှောက်၏။

အရှင်အဿဇိက "ဘုရားရှင်သည် ယခု ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံး နေတော်မူ၏" ဟု ဆိုသော်-

ဥပတိဿက "အရှင်ဘုရား ကြွတော်မူနှင့်ပါလော။ ကျွန်ုပ်မှာကတိကဝတ် ရှိခဲ့ဘူးသော အဆွေတယောက် ရှိပါသေး၏။ ထိုအဖော်ကိုခေါ်၍ ဘုရားရှင်ထံ လာပါအံ့" ဟု လျှောက်၏။ အရှင်အဿဇိ ကြွသွားသော် ဥပတိဿလည်း မိမိနေရာသို့ သွားလေ၏။

ကောလိတသည် ပြန်လာသော "ဥပတိဿ" ကို အဝေးကမြင်လျှင် "ငါ့အဆွေ၏ ဣန္ဒြေ အမူအရာတို့သည် ယနေ့ထူးခြားလှ၏။ တရားထူး တရားမြတ်ကို ရရှိ သိမြင်ခဲ့ရသည်ဖြစ်လတံ့။ ငါမေးရသော် ကောင်း၏" ဟု ကြံစည်စဉ် အနီးသို့ ရောက်လာသော ဥပတိဿအား "ယနေ့ သင်၏ ဣန္ဒြေ အမူအရာတို့ကား ယခင်နှင့်မတူ တမူထူးခြားလှ၏။ အမြိုက်တရားကို နာကြားခဲ့ရပြီလော" ဟု မေးလေ၏။

ဥပတိဿလည်း အရှင်အဿဇိကို တွေ့ရသည်မှစ၍ တရားနာရသည်အထိ အလုံးစုံ ပြောပြပြီး သူနာခဲ့ရသော "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစချီသော ဂါထာကို ပြန်လည် ဟောပြလေ၏။ ကောလိတလည်း ထိုဂါထာကို နာကြားပြီးသည်နှင့် တပြိုင်နက် သောတာပန် ဖြစ်သွားလေ၏။

ထိုအခါ သူတို့နှစ်ဦးသည် မိမိတို့ကို အမှီပြု၍ နေကြသော ၂၅၀ သော ပရိဗိုဇ်တို့အား "ဘုရားရှင်ထံ သွားမည့်အကြောင်း" ကို ပြောပြလေသော် ထို ပရိဗိုဇ်တို့က "ကျွန်ုပ်တို့လည်း အရှင်တို့နှင့်အတူလိုက်၍ ဘုရားရှင့် အဆုံးအမကို ခံယူပါကုန်အံ့" ဟု ဆိုကုန်၏။

ထိုနောက်မှ ဥပတိဿနှင့် ကောလိတ တို့သည် သိဥ္ဇည်းထံသွား၍ "ဆရာ၊ ကျွန်ုပ်တို့သည် နိဗ္ဗာန်တရားကို ဟောကြား ညွှန်ပြတတ်သော ဆရာမြတ်ကို တွေ့ပါပြီ။ လောက၌ အမြိုက်နိဗ္ဗာန်ကိုသိမြင်တော်မူသော မြတ်စွာဘုရားသည်ဌင်း၊ တရားတော်သည်ဌင်း၊ သံဃာတော်သည်ဌင်း ထင်ရှားဖြစ်ချေပြီ။ အနှစ်သာရမရှိ၊ အချည်းနှီးဖြစ်သော် ဆရာ၏ အကျင့်ကို စွန့်ပယ်ပါလော့။ မြတ်စွာဘုရားထံ ဆုံးမခံ၍ ကျင့်ရအောင် သွားကြပါကုန်အံ့" ဟု ဆိုလေ၏။

ထိုအခါ သိဥ္ဇည်းဆရာက "ငါသည် ဤရာဇဂြိုဟ်ပြည်၌ ထင်ရှားသော ဂိုဏ်းဆရာကြီးတဦးဖြစ်၏။ အိုးစရည်းကြီးကို လက်ငင်ဆဲအိုးငယ် ပြုချင်၍ အမြင်မတော်သကဲ့သို့ သူတပါး လက်အောက်ခံ၍ မလျော်ကန်တော့ပြီ။ ငါတို့ ပရိသတ်လည်း များပါ၏။ တို့ဆရာတပည့် သုံးဦးပင် ဤရဟန်းအပေါင်းကို ဆောင်ကြပါစို့။ သင်တို့လဲ မသွားပါနှင့်" ဟုတားမြစ်လေ၏။ ဤသို့ဥပတိဿနှင့် ကောလိတတို့က သုံးကြိမ်တိုင်အောင် ခေါ်ပါသော်လည်း သိဥ္ဇည်းဆရာကြီးက ငြင်းပယ်သည် သာတည်း။

ထိုအခါ ဥပတိဿနှင့် ကောလိတတို့က နောက်ဆုံးအနေဖြင့် "ဆရာ၊ ဤဤလောက၌ အဘုမရှိသော ဘုရားရှင်ရှိကြောင်း လူတို့သိရှိလျှင် မည်သူမျှ ဆရာ့ထံ ချဉ်းကပ်ပူဇော်ကြမည်မဟုတ်။ ဘုရားရှင် ထံသို့သာ ဆည်းကပ်ပူဇော်ကုန်လတံ့။ အနှစ်သာရမရှိသော ဂုဏ်ရောင်ဖြင့် မထောင်လွှားလိုပါနှင့်" ဟု အကျိုးလိုလားစွာဖြင့် ပြောလေ၏။

သိဥ္ဇည်းဆရာကြီးက "တပည့်တို့၊ လောက၌ပညာနည်းသူတို့သာ ပေါများ၍ ပညာရှိသူတို့ကား အလွန်နည်းပါး၏။ ယုတ်ညံ့သူသည် ယုတ်မာသည့် မိတ်ဆွေကိုသာ မှီဝဲ၏။ ဆင်းရဲသူသည် ဆင်းရဲသည့် မိတ်ဆွေနှင့်သာ ပေါင်း၏။ မလိမ္မာသူသည် မလိမ္မာသည့် ဆရာကိုသာ ချဉ်းကပ်၏။ ဤကား လူခပင်းတို့၏ ဖြစ်မြဲဓမ္မတာတည်း။ သို့ဖြစ်၍ ပညာမရှိ၊ ဂုဏ်ကျေးဇူးအထူးကို မသိတတ်သူ လူအပေါင်းသည် ငါတို့ထံ လာလတံ့။ ငါ့အား လာတ်ပူဇော်သက္ကာနည်းမည်ကို မစိုးရိမ်လင့်။ သင်တို့သွားလိုသော် သွားကြလော့" ဟု ပြတ်ပြတ်ပင် ပြောလိုက်လေ၏။

ထိုအခါ ဥပတိဿနှင့် ကောလိတတို့သည် မိမိတို့၏ ပရိသတ် ၂၅၀ ကို ခေါ်၍ ဝေဌုဝန် ကျောင်းတော်သို့ရှေးရှုထွက်ကြသော် သိဥ္ဇည်းဆရာကြီး၏ ၂၅၀ သော တပည့်ဟောင်းတို့လည်း လိုက်သွားကြလေ၏။ သိဥ္ဇည်းဆရာကြီးလည်း သံယာမရှိ အချည်းနှီးသော ကျောင်းအာရာမ်ကိုမြင်ရလျှင် ရင်ဝမှဆူ၍ ပါးစပ်မှ သွေးများ အန်ထွက်လေတော့၏။

၇၅။ အဂ္ဂသာဝက နှစ်ပါး-သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်

ထိုအချိန်၌ (ပြာသို လကွယ်နေ့တွင်) ဘုရားရှင်သည် ပရိသတ်လေးပါးအား တရားဟောလျက် နေတော်မူစဉ်အခြံအရံ ပရိဗိုဇ်များနှင့် တကွလာသော ဥပတိဏနှင့် ကောလိတ ပရိဗိုဇ်နှစ်ဦးတို့ကို အဝေးကပင် မြင်တော်မူလျှင်

အပါးဌ် တရားနားနေကြသော ရဟန်းတို့အား "ရဟန်းတို့၊ ဥပတိဿနှင့် ကောလိတသူငယ်ချင်း နှစ်ဦးသား ငါဘုရားထံ ယခု လာနေကြပြီ။ ထိုသူ နှစ်ဦးသည် ငါဘုရား၏ လက်ဝဲရံ လက်ျာရံ အဂ္ဂသာဝက နှစ်ပါးအစုံ ဖြစ်လတံ့" ဟု မိန့်တော်မူလင့်၏။

ထိုသူအားလုံး ဘုရားရှင်ထံ ရောက်လာလျှင် ခြေတော်ကို ဦးတိုက်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်တို့အား တရားအမှိုက်ဆေးကို တိုက်ကျွေးတော်မူပါ။ ရှင်တော်ဘုရားထံ၌ ရှင်ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကြလေ၏။ ဘုရားရှင်က "ဟိဘိက္ခု" ခေါ်တော်မူသဖြင့် ထိုသူအားလုံးသည် မျက်ခြင်း ပရိဗိုဇ်အသွင် ကွယ်ပျောက်၍ တနိုဝို ဖြင့် ပြီးသော ရဟန်းပရိက္ခရာတို့ဖြင့် ရဟန်းအသွင်ကို ရကြလေကုန်၏။

ဘုရားရှင်သည် ထိုသူတို့အား "ဒါနကထာ" စသည် အစဉ်အတိုင်း ဖြစ်သော တရားစကားကို ဟောတော်မူလျှင် အရှင်ဥပတိဿနှင့်ကောလိတတို့မှ တပါးသော ငါးရာသော သူတို့သည် တထိုင်တည်းမှာပင် ရဟန္တာ အဖြစ်သို့ ရောက်ကြလေကုန်၏။ ထိုသူနှစ်ဦးကား ကြီးမားကျယ်ပြန့်လှသောအဂ္ဂသာဝက ပါရမီဉာဏ်၏ပရိက် မပြည့်စုံသေးသောကြောင့် ရှေးရပြီးသော သောတာပန် အထက်မဂ်ဖိုလ်တခုကိုမျှ မရရှိပေ။

အရှင်ကောလိတသည် ရဟန်းဖြစ်ပြီး၍ ခုနစ်ရက်မြောက်နေ့၌ ရာဇဂြိုဟ် ပြည်အနီး 'ကလဝါလ' ရွာကို ဂဂါစရဂါမ်(ဆွမ်းခံရာ)ပြု၍ တောအုပ်တခု၌ ခုနစ်ရက်ပတ်လုံး စင်္ကြံကွက်၍ ရဟန်းတရား ပွားများအားထုတ်လေရာ ကိုယ်တော်ပင်ပန်းနွမ်းနယ်လှသဖြင့် စင်္ကြံဝန်းဝယ် ထိုင်လျက်သား ငိုက်မျဉ်း၍ နေလေ၏။

ထိုအခါ ဘုရားရှင်က "ကောလိတ၊ သင်သည် အိုခြင်း, နာခြင်း, သေခြင်းကင်းရာ ဒုတိုက်ခမ်းသာကို ရှာဖွေသူဖြစ်လျက် ထိန, မိဒ္ဓ, ပမာဒဟူသော မသူတော်တို့နှင့် အဘယ့်ကြောင့် ပေါင်းဖော်ပြန်သနည်း" ဟု ထိပ်လန့်စေ၏။ ကောလိတသည် ထိန, မိဒ္ဓကို ပယ်ဖျက်၍ ဘုရားရှင်ဟောပြပေးသော 'ဓာတုကမ္မဋ္ဌာန်း" ကို နာကြားရလျှင် ရဟန္တာဖြစ်လေ၏။

အရှင်ဥပတိဿသည်ကား ရဟန်းဖြင့်ပြီး တဆဲ့ငါးရက် ကြာသောအခါ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်ရှိ "သုကရခါတ" မည်တော လိုဏ်ဂူ၌နေစဉ် မိမိတူဖြစ်သော 'ဒီဃနခ' ပရိဗိုဇ်အား ဘုရားရှင်က ဟောကြားတော်မူသည့် "ဝေဒနာပရိဂ္ဂဟ" သုတ္တန်ခေါ် "ဒီဃနခ" သုတ္တန်ကိုအစဉ်လျှောက်သဖြင့်

မိမိဥာဏ်ကို စေလွှတ်ကာ 'ဝေဒနာကမ္မဋ္ဌာန်း'ကို စီးဖြန်းနှုလုံးသွင်းသဖြင့် (တပို့တွဲလွှဲပြည့်နှစ်၌) ရဟန္တာ ဖြစ်လေ၏။

ထိုအခါ ဘုရားရှင်သည် ဂိဇ္ဈကူဋ်တောင်မှဆင်းသက်၍ဝဋ္ဋဥဝန်ကျောင်းသို့ ကြွတော်မူ၏။ ဥပတိဿရဟန္တာဖြစ်သည့် ထိုနေ့(တပို့တွဲလပြည့်)၌ပင် ဝဋ္ဋဥဝန်ကျောင်းတော်၌ ဘုရားရှင်သည် တထောင့်ငါးရာသော ရဟန္တာမထေရ်တို့ကို စုဝေးစေတော်မူပြီး ထိုရဟန္တာသာဂကများ အစည်းအဝေးကြီး (သာဝကသန္နိပါတ) ၌ပင် အရှင်ဥပတိဿအား "ဓမ္မသေနာပတိ" လက်ျာရံအဂ္ဂသာဝက အဖြစ်၎င်း၊ အရှင်ကောလိတအား (တန်ခိုးရှင်) လက်ဝဲရံအဂ္ဂသာဝကအဖြစ်၎င်း အဂ္ဂသာဝကအဆင့်၌ ထားတော်မူ၏။

ထိုသာဝက အစည်းအဝေး၌ပင် ဘုရားရှင်သည် ရှေးဘုရားရှင်တို့၏ အစဉ်ပြမြဖြစ်သော (ဘုရားရှင်အားလုံး၏ အဆုံးအမအကျဉ် ချုပ်ဖြစ်သော) သုံးဂါထာရှိ "ဿဝါဒပါတိမောက်"ကို ပထမဦးဆုံး ပြတော်မူလေ၏။

[ဘုရားရှင်သည် ဤဿဝါဒပါတိမောက်ကို ပထမဝါတော် နှစ်ဆယ်တိုင်=ပထမ ဗောဓိအတွင်း ကိုယ်တော်တိုင် ပြတော်မူ၏။ ထိုနောက်မှ ရဟန်းတို့ အပြစ်များ ကျူးလွန်သည်တွင် ပညတ်အပ်သော သိက္ခာပုဒ်များ ဖြစ်ပေါ်လာ၍ ယင်းတို့ကို "အာဏာပါတိမောက်"အမည်ဖြင့် သာဝကများက တလနှစ်ကြိမ်ရွတ်ဆိုကာ ပြကြရလေ၏။]

အရှင်ဥပတိဿသည်"သာရိ"ပုဏ္ဏားမ၏သား(ပုတ္တ=ပုတြ)ဖြစ်၍"သာရိပုတ္တရာ" အမည်ဖြင့်ရင်း၊ အရှင်ကောလိတသည် "မောဂ္ဂလီ" ပုဏ္ဏားမ၏သားဖြစ်၍ "မောဂ္ဂလ္လာန်" အမည်ဖြင့်ရင်း ဤသာသနာတော် တလျှောက်လုံး၌ ထင်ရှားလေပြီး အမည်ရင်းတို့မှာ မထင်ရှားတော့ပေ။

[ဗောဓိသုံးမျိုး။ ။(၁) သမ္မာသမ္ဗောဓိ=သဗ္ဗညုတဉာဏ်ကို ရရန်, ဘုရားအဖြစ်သို့ ရောက်ရန် အယုတ်ဆုံးအားဖြင့် လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ အလတ်အားဖြင့် ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း။ အလွန်ဆုံးအမြတ်ဆုံးအားဖြင့် ဘဆဲ့ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်း ပတ်လုံး ဆုတောင်း၍ ပါရမီ ဆယ်ပါးတို့ကို ဖြည့်ဆည်းပူးရလေ၏။

(၂) ပစ္စေကသမ္ဗောဓိ=ပစ္စေကဗုဒ္ဓါဖြစ်ရန်အတွက်နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရလေ၏။

(၃) သာ ကသမ္ဗောဓိ တွင် "က" အဂ္ဂသာဝက ဖြစ်ဘို့ရန် အတွက် တသင်္ချေနှင့် ကမ္ဘာတသိန်းတိုင် ဆုတောင်း၍ ပါရမီဖြည့်ရ

လေ၏။ "ခ" မဟာသာဝကဖြစ်ဘို့ရန်အတွက်ကမ္ဘာတသိန်းတိုင်း ဆုတောင်းရှိပါရမီဖြည့်ရလေ၏။ "ဂ" ရဟန္တာ သာမန်သာဝက ဖြစ်ဘို့ရန်မူကား နိဗ္ဗာန်ရဘို့ရန် ကုသိုလ်ပါရမီပြုကျင့်ခဲ့လျှင် ဘုရားရှင်တို့နှင့် တွေ့ကြုံက တသိန်းပင် ပါရမီဖြည့်ဘို့ မလိုပေ။

ဤသို့လျှင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန် တို့သည် သာမန် သာဝက, မဟာသာဝက များထက် ကာလပိုကြာပြီး၊ တသခေါ်နှင့် ကမ္ဘာဘသိန်းတိုင် အဂ္ဂသာဝကဆုကိုပန်ပြီးပါရမီတော်များကို ဖြည့်ကျင့်ခဲ့ကြသဖြင့် ပဉ္စဝဂ္ဂီ ငါးဦး, အရှင်ယသ စသော မထေရ်ခြောက်ဆယ်, ဘဒ္ဒဝဂ္ဂီမထေရ်များသုံးဆယ်, အရှင်ဥရုဝေလ ကဿပစသော ရသေ့ဘဝမှ လာသည့် မထေရ်တထောင်တို့ နောက်မှ ရဟန်းပြုကာ ရဟန္တာဖြစ်ကြသော်လည်း အဂ္ဂသာဝက ရာထူးကို ရတော်မူကြခြင်း ဖြစ်ပေသည်။

ဘုရားရှင်မှလွဲလျှင် ပညာအရာ၌ အရှင်သာရိပုတ္တရာသည်ဂုင်း၊ တန်ခိုးဣဒ္ဓိပါဒ်အရာ၌ အရှင်မောဂ္ဂလ္လာန်သည်ဂုင်း အကြီးမြတ်ဆုံး ဖြစ်ပေ၏။]

၇၆။ သိဥည်းဆရာကြီး၏ မိုက်မဲပုံကို လျှောက်ခြင်း

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန် တို့သည် အဂ္ဂသာဝက အရာဖြင့် ချီးမြှောက်ခံရပြီးသောအခါ ဘုရားရှင်အား မိမိတို့၏ ဆရာဖြစ်ခဲ့ဘူးသော သိဥည်းဆရာကြီး၏ မိုက်တွင်းနက်ပုံကို ဤသို့ ပြန်လည်လျှောက်ကြားလေ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် အရှင်အဿဇိ ဟောကြားအပ်သော ဓမ္မဒေသနာကိုမှီ၍ သောတာပန် အဖြစ်သို့ ရောက်သောအခါ ဘုရားရှင်သာသနာ၌ အနှစ်သာရရှိသည်ကိုသိ၍ ဆရာဖြစ်သော သိဥည်းဆရာကြီးထံသွား၍ 'ဆရာ၏ အယူဝါဒ, ဆရာ၏အကျင့်လမ်းစဉ်သည် အနှစ်သာရ မရှိချေ။ ဤမျှနှင့်သာနေသဖြင့် သေခြင်းကင်းသော နိဗ္ဗာန်ချမ်းသာကို ရနိုင်မည်မဟုတ်။ ထို့ကြောင့် ဘုရားရှင်ထံတော်သို့သွား၍ မြတ်သော တရားကိုကျင့်ကြပါကုန်အံ့' ဟု ဆို၍ ရှင်တော်ဘုရားထံသို့ ခေါ်ပါသော်လည်း သိဥည်းဆရာက 'ငါသည် ဆရာကြီးတဆူဟုသမုတ်ခြင်းခံရပြီဖြစ်၍ အိုးစရည်းကြီးနှင့် တူချေပြီ။ အိုးစရည်းကြီးဖြစ်ပြီးခါမှ သူတပါးလက်အောက်ဝယ် လက်ငင် ဆွဲအိုးငယ်ကဲ့သို့ တပည့်ခံရန် မတတ်နိုင် မဖြစ်နိုင်

တော့။ ပညာရှိသော သူတို့သာလျှင် မြတ်စွာဘုရားထံသို့ သွား၍ ဆည်းကပ်ကြလိမ့်မည်။ ပညာ နည်းပါးသော သူတို့ကား ငါ့ထံသို့ ရောက်လာကုန်လတ်တံ့။ သင်တို့ သွားလိုမူ သွားလေကုန်'ဟုဆို၍ နေရစ်ခဲ့ပါသည် ဘုရား"

ထိုအခါ ဘုရားရှင်က "ချစ်သား သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့၊ ကောင်းကျိုးမပေးနိုင်သည် ဖြစ်၍ အနှစ်သာရ မရှိသော အယူဝါဒ၌ အနှစ်သာရရှိ၏ဟု ထင်မှတ်လေ့ ရှိကြပြီး ကောင်းကျိုး ပေးနိုင်၍ အနှစ်သာရရှိသော သူတော်ကောင်းတရား၌မူ အနှစ်သာရမရှိဟု မှတ်ယူလေ့ရှိကုန်သော ပညာရှိဟန်ဆောင် လူမိုက်ကောင်တို့သည် မှားယွင်းသော အကြံအစည်တို့၌သာ ကျက်စားကုံန်သည်ဖြစ်၍ အနှစ်သာရဖြစ်သော သီလ, သမာဓိ, ပညာတရားကို မရနိုင်ကုန်"ဟု သိဉာဉ်းဆာကြီး၏မိုက်မဲမှုနှင့်ပတ်သက်၍ တဂါထာဖြင့် ဟောကြား ဆုံးမတော်မူလေ၏။

၇၈။ အရှင်မဟာကဿပအလောင်း ရဟန်းပြုခြင်း

မဂဓရာဇ်တိုင်း 'မဟာတိတ္ထ' မည်သော ပုဏ္ဏားရွာ၌ အလွန် ချမ်းသာကြွယ်ဝသည့် 'ကပိလ' မည်သော မင်းပုဏ္ဏားမှာ 'ပိပ္ပလိ' မည်သော သားတဦး ရှိ၏။ ပိပ္ပလိသည် အရွယ်ရောက်သော် မိဘတို့က အိမ်ထောင်ပြုခိုင်းသည်တွင် ကာမဂုဏ်ကို စက်ဆုပ်သဖြင့် အကြိမ်ကြိမ် ငြင်းပယ် ခဲ့လေ၏။

မိဘတို့က အတင်း အိမ်ထောင်ပြုခိုင်းပြန်သဖြင့် သူသည် အလှန်လှပသော ရွှေစင်ရုပ်ကို ထုလုပ်၍ "ဤ ရွှေစင်ရုပ်ကဲ့သို့ လှပသော အမျိုးသမီးကို ရလျှင် အိမ်ထောင်ပြုအံ့" ဟု ဆိုလေ၏။ မိဘတို့က ထို ရွှေစင်ရုပ်နှင့်တကွ ပုဏ္ဏားတို့အား သတို့သမီးလောင်းကို ရှာခိုင်းလေ၏။ ထို ပုဏ္ဏားတို့သည် မဒ္ဒရာဇ်တိုင်း သာဂလမြို့၌ အလွန် ချမ်းသာကြွယ်ဝသည့် 'ကောသိယ'မည်သော မင်းပုဏ္ဏား၏သမီး 'ဘဒ္ဒကာပိလာနီ'ကို တွေ့မြင်၍ မိဘကို ပန်ကြားပြီး ခေါ်ဆောင်လာခဲ့၏။

ထိုသူနှစ်ဦးလုံးသည် ဖြဟ္မာ့ပြည်မှ လာသူများဖြစ်၍ မိဘတို့ အလိုအရ အိမ်ထောင်ပြုခဲ့ကြရသော်လည်း ကာမမှုကို အလျှင်းမပြုကြကုန်။ မိဘတို့ အသက်ရှင်သရွေ့ ကာလပတ်လုံး လင်မယား အဖြစ်ဖြင့် ဟန်ဆောင်၍ ကာမမှုကို မပြုကြဘဲ နေကြလေသတည်း။

မိဘတို့ကွယ်လွန်သော် သူတို့နှစ်ဦးသည် ရှိသမျှ ပစ္စည်းဥစ္စာ အလုံးစုံကို စွန့်ပစ်၍ တဦး၏ဆံပင်ကို တဦးကရိတ်လျက် စေ့းမှ သင်္ဘန်း, မြေသပိတ်

တို့ကို ဝယ်စေပြီး သက်နံးဝတ်ကာ, သပိတ်လွယ်လျက် ဆရာကောင်းကို ရှာဖွေရှန် အတူတကွ ထွက်ခွာကြလေ၏။ တောအုပ်တခုသို့ ရောက်သော် ပိပ္ပလိ က ဘဒ္ဒကာပိနီ အား "နှမ၊ ငါတို့နှစ်ဦး အတူသွားနေက လူတို့ကဲ့ရဲ့ သွယ် ဖြစ်မည်။ လမ်းခွဲ၍ သွားကြစို့" ဟု ပြောဆို၏။

ဘဒ္ဒကာပိလာနီသည် ထိုစကားကြောင့် ပူဆွေး ငိုကြွေးရသော်လည်း ပါရမီဖြည့်ဘက် ဖြစ်၍ မောင်တော်၏ အလိုကိုလိုက်ကာ မောင်တော်ကို လက်ျာဘက်လမ်းအတိုင်း သွားစေပြီး မိမိမူ လက်ဝဲဘက်လမ်းအတိုင်း သွား လေ၏။ထိုအခါမဟာပထဝီမြေကြီးသည် ကောင်းချီးပေးကာတုန်လှုပ်လေ၏။

ဘုရားရှင်လည်း ဝေဋ္ဌုဝန်ကျောင်းဝယ် ဂန္ဓကုဋ္ဌိ နေလျက်ပင် ထို မဟာပထဝီမြေကြီး တုန်လှုပ်သံကို ကြား၍ သဒန္တစက္ခုဖြင့် ရှုတော်မူသော် "ဤ ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီတို့သည် အတိုင်းမသိသော ဥစ္စာတို့ကို ပယ်စွန့်၍ ငါဘုရားကို ရည်မှန်းလျက် ရဟန်းပြုပြီး လာခဲ့ကြရာဝယ် လမ်း တွင် မဟာမိတ်ဖျက်ကာ လမ်းခွဲသွားကြသဖြင့် ဤမြေကြီးက ကောင်းချီး ပေးခြင်း ဖြစ်ပေသည်" ဟု သိတော်မူ၏။

ထိုအခါ ဘုရားရှင်သည် 'ငါဘုရားသည် ထိုသူတို့ကို ကြို၍ ချီးမြှောက် တော်မူအံ့' ဟု ကြံလျက် တပါးတည်းသာ သုံးဂါဝုတ်ဝေးသော ခရီးကို ကြွတော်မူ၍ ရာဇဂြိုဟ်နှင့် နာလန္ဒာမြို့အကြား 'ဗဟုပုတ္တက' မည်သော ညောင်ပင်ရင်းဝယ် ရောင်ခြည်ခြောက်သွယ်ကို လွှတ်လျက် တင်ပလ္လင်ခွေ ကာ ထိုင်နေတော်မူလေ၏။

အစဉ်သဖြင့် ခရီးသွားသော 'ပိပ္ပလိ' သည် ထိုနေရာအနီးသို့ ရောက်၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် တင့်တယ်လှသော ဘုရားရှင်ကို မြင်လျှင် "ဤ အရှင်ကား ဘုရားရှင် ကောန်ဖြစ်ပေရာ၏" ဟု ရှင်ကြည်လှ သော သဘောဖြင့် မြင်သည့်အရပ်မှစ၍ တုပ်ကွ ရိုကျိုး ရှိခိုးပူဇော်ကာ "သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကော ဟ မသ္မိ" (=မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် တပည့်တော်၏ ဆရာ ဖြစ်ပါ၏။ တပည့်တော်သည် တပည့်ဖြစ်ပါ၏)" ဟူသော စကားကို ဆို၍ ချဉ်းကပ်လေ၏။

ဘုရားရှင်လည်း ငယ်မည်အားဖြင့် 'ပိပ္ပလိ' တွင်သည်ကို သိသော်လည်း အမျိုးအနွယ်အားဖြင့် ခေါ်တော်မူလိုရကား "ချစ်သား ကဿပ၊ သင်၏ ရိုသေ တုပ်ဝပ်ခြင်းမျိုးကို သီလ, သမာဓိ, ပညာအားဖြင့် အတုမရှိသော ငါဘုရားသာလျှင် ခံနိုင်ပေရာ၏။ တပါးသူတို့ မခံနိုင်ပေရာ။ ချစ်သား ကဿပ၊ ငါ့ရှေ့တော်တွင် နေလော့။ လောကုတ္တရာတရား တည်းဟူသော

အမွေကို ငါပေးအံ့'' ဟု မိန့်တော်မူလျက် သြဝါဒဂါထာ သုံးခုဖြင့် ကောင်းစွာ ဆုံးမ၍ ရဟန်းအဖြစ်သို့ ရောက်စေတော်မူ၏။

ဤသို့လျှင် ဘုရားရှင်က အနှယ်အမည်ဖြင့် ခေါ်၍ ရဟန်းအဖြစ်သို့ ရောက်စေတော်မူသဖြင့် ပိပ္ပလိသည် ငယ်မည်ပျောက်၍ 'ကဿပ' ဟု တွင်သွားပြီး သီလ စသော ဂုဏ်တို့အားဖြင့် ကြီးကျယ် မြင့်မြတ်သူ ဖြစ်၍ ''မဟာကဿပ'' ဟု တွင်လေသတည်း။

ဘုရားရှင်သည် နေရာမှ ထပြီး အရှင်မဟာကဿပကို ခေါ်၍ ခရီးကြွတော်မူသော် တဂါဝုတ်ခရီးသို့ ရောက်လျှင် လမ်းဘေးရှိ သစ်ပင်ရိပ်သို့ဝင်လိုသော အခြင်းအရာကို ပြတော်မူ၏။ အရှင်မဟာကဿပသည် ပခုံးထက်၌ ပါသော ဥတ္တရာသင်္ကန်းကြီးကို လေးထပ်ပြု၍ ခင်းပေးလေ၏။

ဘုရားရှင်လည်း ထိုဒုကူလပေါ်၌ ထိုင်ပြီးလျှင် ''ကဿပ၊ သင်၏ ဒုကူလသည် အလွန် နူးညံ့ပေစွ'' ဟု ချီးမွမ်းလျက် လက်တော်ဖြင့် သုံးသပ်၏။

ထိုအခါ အရှင်မဟာကဿပသည် ''မြတ်စွာ ဘုရား၊ တပည့်တော်အား သနားတော်မူသောအားဖြင့် ဤသင်္ကန်းကို သုံးဆောင်တော်မူပါ။ တပည့်တော် လှူပါအံ့'' ဟု လျှောက်လေ၏။

ဘုရားရှင်လည်း ''ချစ်သား ကဿပ၊ ငါ့အား ဤဒုကူလ်ကို လှူလျှင် သင် အဘယ်ကို သုံးဆောင် အံ့နည်း'' ဟု မေးတော်မူလျှင် ''ရှင်တော် ဘုရား၏ သင်းပိုင်များကို သနားတော်မူပါလျှင် တပည့်တော် သုံးဆောင် ပါအံ့'' ဟု လျှောက်၏။

ထိုအခါ ဘုရားရှင်သည် ပခုံးတော်ထက်တွင် ပါသော ပိုက်ဆံလျှော် ဒုကူလ်ကို ပြလျက် ''ချစ်သား ကဿပ၊ ဤ ဝတ်ရုံ၍ နှမ်းပြီးသော ဒုကူလ် ကား ပံ့သုကူလဒုကူလ်တည်း။ ရှေးဘုရားရှင်တို့၏ ဓမ္မတာအတိုင်း ဤသင်္ကန်း ကို ပံ့သုကူလအဖြစ်ကောက်ခဲ့စဉ်က ဤ မဟာပထဝီ မြေကြီးသည် အိုးထိန်း စက်ကဲ့သို့ သွက်သွက်ခါ လှုပ်ခဲ့ရပေ၏။ ဤ သင်္ကန်းကား ငါဘုရား သုံး ဆောင်ပြီးဖြစ်၍ သီလဂုဏ်, သမာဓိဂုဏ်, သေးသိမ် သူတို့နှင့်ကား မထိုက် ချေ''ဟု မိန့်တော်မူပြီး အရှင်မဟာကဿပအား ပေးသနားတော်မူလေ၏။

ဤသို့ ဘုရားရှင်နှင့် အရှင်မဟာကဿပတို့ သင်္ကန်းချင်း လဲလှယ်သုံး ဆောင်သော ခဏ၌ပင် မဟာပထဝီ မြေကြီးသည် ကောင်းချီးပေးသည့် အနေဖြင့် ဆတ်ဆတ်ခါ တုန်လှုပ်လေ၏။ ဘုရားရှင်လည်း အစဉ်အတိုင်း ကြွ၍ ဝေဠုဝန်ကျောင်းသို့ ရောက်လျှင် အရှင်မဟာကဿပအား ဓုတင်

တဆယ့်သုံးပါး ကျင့်ဝတ် ကို ဟောတော်မူ၏။ အရှင် မဟာကဿပလည်း လုံ့လကြိုးကုတ် အား‌ထုတ်လေသော် ရှစ်ရက်မြောက်၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

အရှင်မဟာကဿပကား ဓုတင်ဆောင် ရဟန်းများ‌အနက် အမြတ်ဆုံးဖြစ်၍ နောင်သေး‌အခါ ရဟန်းပရိသတ်အလယ်၌ "ရဟန်းတို့၊ ကိလေသာကို ခါထုတ်ကြောင်း ကောင်းမြတ်သော ဓုတင်ပဋိပတ် အကျင့်မြတ်ကို ကိုယ်တိုင်လည်း ကျင့်သုံး၍ သူတပါး တို့ကိုလည်း ဟောကြား ဆုံးမကြသော ငါဘုရား၏ တပည့်သား ရဟန်းတို့တွင် မဟာကဿပထေရ်သည် အမြတ်ဆုံးဖြင်ပေ၏" ဟု မိန့်တော်မူ၍ အရှင်မဟာကဿပအား 'ဓုတဝါဒ=ဓုတင် (ဓုတင်) တေဒင်' အရာ၌ ထား‌တော်မူလေ၏။

[အရှင်မဟာကဿပမထေရ်ကား ဓုတင်အကျင့်သီလ အား‌ဖြင့် အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်ပြီး ဘုရား‌ရှင် အလွန် လေး‌စား‌တော်မူအပ်သော ပုဂ္ဂိုလ်ဖြစ်၍ နောင်သော‌အခါ 'ဓုတင် တဆယ့်သုံးပါးလုံးကို ဆောင်သော တေဒင်ဘွဲ့'ကိုပေး‌တော်မူ၏။ သူ၏ သီလ စသော ဂုဏ်ကျေး‌ဇူး‌ကို အလေး‌ပြုသော အား‌ဖြင့်‌ဂင်း၊ နောင်သော အခါ သာသနာထွန်း‌ကား‌အောင် သည်ပိုး‌မည့် ပုဂ္ဂိုလ်မြတ် ဖြစ်သည်ကို သိတော်မူသ‌ဖြင့်‌ဂင်း-အခြား သာဝကတို့ သုံး‌ဆောင်ခြင်း‌ငှာ မထိုက်သော ကိုယ်တော်မြတ်၏ ဒုကူဋသင်္ကန်း‌ကို ပေး‌သနား‌တော်မူခြင်း ဖြစ်၏။

နောင်အခါ ဘုရား‌ရှင်သည် ပရိနိဗ္ဗာန် စံဝင်တော်မူသော် အရှင်မဟာကဿပသည် ဘုရား‌ရှင် ပေး‌သနား‌တော်မူသည့် ထိုဒုကူဋသင်္ကန်း‌ကို အောက်မေ့၍ ဘုရား‌ရှင်က ချီး‌မြောက်သော ကျေး‌ဇူး‌ကို အထူး‌ဆပ်သော အား‌ဖြင့် သာသနာ အရှည် တည်တံ့နိုင်ရေး‌ကို ရှေး‌ရှု၍ ပထမ သင်္ဂါယနာကို ဦး‌စီး‌ပြုလုပ်ကာ ဗုဒ္ဓတရား‌တော်များကို သုတ်သင်စုစည်း ထိန်း‌သိမ်း‌စောင့်ရှောက်လေ၏။]

၇၈။ ဗုဒ္ဓကို လူမျိုး‌ဆက်ဖြုတ်သူဟု စွပ်စွဲခြင်း

ဘုရား‌ရှင်သည် ရာဇဂြိုဟ်ပြည်၌ နှစ်လကြာ သီတင်း‌သုံး‌နေတော်မူစဉ်အတွင်း မှာပင် ရာဇဂြိုဟ်ပြည်၌ ထင်ရှား‌ကဲ့နှ်သော အမျိုး‌ကောင်း‌သား‌တို့သည် ဘုရား‌ရှင်ထံတော်၌ များ‌စွာပင် ရဟန်း‌ပြုကြကုန်၏။

ယင်းသို့ ရဟန်း ပြုသွားကြကုန်သော် ပြည်သူပြည်သားတို့က "အရှင်ဂေါတမသည် သူတပါးလင်, သူဘပါးသားတို့ကို ဖျောင့်ဖျ ချော့မော့၍ ဇနောက်လိုက်ဖြစ်အောင် ဆောင်ယူဘတ်၏။ ငါတို့ကား သား, မြေး မရှိစေရန်အတွက် ကျင့်ဆောင်၏။ မိန်းမအမျိုးကို မုဆိုးမ ဖြစ်သွားစေရန် ကျင့်ဆောင်သည်။ လူမျိုးဆက် ပျက်စီးပြတ်ကင်းစေရန် ကျင့်ဆောင်၏။ ယခု သိဒ္ဓည်းဆရာ၏တပည့် ၂၅၀-တို့ကိုလည်း မျက်နှာချိုသွေး၍ ဆောင်ယူသွားလေပြီ။ ဗဂဓတိုင်းသား ထင်ရှားကြွယ်ဝသော အမျိုးကောင်းသားတို့ကိုလည်း ရဟန်းပြု၍ သူ့နောက်လိုက် ခေါ်လေပြီ။ ငါတို့လင်, ငါတို့သား ကိုလည်း ထိုနည်းအတူ ဆောင်ယူခေါ်ငင်လိမ့်မည်" ဤသို့ စသည်ဖြင့် ဘုရားရှင်ကို ကဲ့ရဲ့ရွတ်ချကြကုန်၏။

ထိုသူတို့သည် လင် သားတို့ကို အသွားအလာ မရှိစေရ။ အိမ်တံခါးဝကို ပိတ်လျက် ဆွမ်းလောင်းရုံ ဖူးမျှော်ရုံမျှ မထွက်ရအောင် ချုပ်နှောင်ကြကုန်၏။

ရဟန်းတို့ လာသည်ကို မြင်လျှင် "မဂဓတိုင်းသူတို့၏ ရာဇဂြိုဟ်ပြည်သို့ လူမျိုးကို ဖျက်ဆီးတဲ့တ်သော ရဟန်းကြီးသည် လာလတ်ပြီ။ အလုံးစုံသော သိဒ္ဓည်းဆရာ၏ တပည့်တို့ကို နောက်လိုက်ဖြစ်အောင် ခေါ်ဆောင်ပြီး၍ ယခု အဘယ်သူ့ကို ခေါ်ဆောင်ဦးမည်နည်း" ဟု ကဲ့ရဲ့ရွတ်ချ ဇရွတ်ကြကုန်၏။

ထိုလူတို့၏ ရေရွတ်ရွတ်ချသည့် စကားကို ကြားကြသော ရဟန်းတို့သည် ဘုရားရှင်အား လျှောက်ကြားကုန်၏။ ထိုအခါ ဘုရားရှင်က "ချစ်သားတို့၊ ထိုကဲ့ရဲ့ရွတ်ချသော စကားသည် ကြာကြာခံမည်မဟုတ်ပေ။ သင်တို့မှာ ယုတ်ညံ့သွားအံ့သော အကြောင်းမရှိပေ။ ထိုသို့ ပြစ်တင်ကဲ့ရဲ့သောအခါ ထိုသူတို့ကို သတိရစေလိုမူကား-

"ကြီးမြတ်သည့် လုံ့လရှိကုန်သော ဘုရားရှင်တို့သည် အနှိုင်အထက် နှိပ်စက်မှု, သူတော်ကောင်းတရား၌ တည်သဖြင့် ဆောင်ယူကုန်၏။ တရားသဖြင့် ဆောင်ယူကုန်သော ပညာရှိ သူတော်ကောင်းတို့အား စောင်းမြောင်း ငြူစူ, ပြစ်ယူ, ကျိုးမဲ., ကဲ့ရဲခြင်းသည် အဘယ်အကျိုးရှိအံ့နည်း" ဟု သင်တို့က ပြန်ပြောကြလေကုန်" ဟူ၍ မိန့်တော်မူလေ၏။

ရဟန်းတို့က ထိုသို့ ပြန်လည်ပြောဆိုကြလေသော် ပြည်သူတို့ ကဲ့ရဲသော အသံသည် မကြာမီပင် ငြိမ်းသွားလေသတည်း။

၇၉။ သုဒ္ဓါဒနမင်းကြီးက သားဘုရားထံ အပင့်လွှတ်ခြင်း

ဘုန်းရှင်သည်(သက္ကရာဇ် ၁၀၃-ခု)ပြာသိုလပြည့်ကျော် ၁-ရက် ၂-ရက်မှစ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူလျက် လူအပေါင်းအား တရားရေအား အမြိုက်ဆေးကို တိုက်ကျွေးတော်မူနေ၏။

'ထိုအကြောင်းကို ကပိုလဝတ်ပြည့်ရှင် ဘခင် သုဒ္ဓါဒနမင်းကြီး ကြားလေလျှင် အမတ်တဦးကို ခေါ်၍ "သင်သည် မင်းချင်းယောကျ်ားတထောင် အခြံအရံဖြင့် ရာဇဂြိုဟ်ပြည်သို့ သွား၍ ငါ့စကား ဖြင့် သားတော်ဘုရားကို ပင့်လျှောက်ခေျ။ 'အရှင့်ခမည်းတော်သည် အိုမင်းခေျပြီ။ သားတော်ဘုရားကို မတွေ့မြင်ရသည်မှာလည်း ကာလကြာခေျပြီ။ မသေခင် ဖူးမြင်လိုပါ၏။ မနှာမဖျား, ကျန်းမာစဉ်က မွေးသဘခင် ဖူးမြင်ရအောင် ကြွတော်မူပါ"ဟု လျှောက်၍ "ငါ့သားတော်ဘုရားကို ပင့်ဆောင်ခေျ"ဟု စေလိုက်၏။

ထိုအမတ်သည် မင်းချင်းယောကျ်ားတထောင် ခြံရံလျက် ထွက်ခွာပြီး ယူဇနာ ၆၀-ဝေးသော ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ရောက်လျှင် ပရိသတ်လေးပါးအား ဘုရားရှင် တရားဟောနေတော်မူခိုက်နှင့် ကြုံနေသဖြင့် ပရိသတ်အစုန်မှ တရားတော်ကို နာယူနေကြ၏။ တရားပြီးဆုံးသော် ထိုသူအား လုံးရဟန္တာဖြစ်ကြကုန်၍ ရဟန်းပြုလိုကြောင်းတောင်းပန်ကြလျှင် ဘုရားရှင်က "ဟိဘိက္ခု" ခေါ်တော်မူသဖြင့် ရဟန္တာမထေရ်များ ဖြစ်ကြလေကုန်၏။

ရဟန္တာတို့သဘောသည် တရားနှင့်သာ မွေ့လျော်၍ အလုံးစုံသော လောကီဧရး ကိစ္စများ၌ လျစ်လျူရှုသည်သာ ဖြစ်ရကား ထိုအမတ်နှင့် အပေါင်းပါတို့သည် သုဒ္ဓါဒနမင်းကြီး မှာလိုက်သော စကားကို ဘုရားရှင်အား မလျှောက်ကြားဘဲ နေကြလေ၏။

သုဒ္ဓါဒနမင်းကြီးလည်း စေလွှတ်လိုက်သောအမတ် ပြန်ရောက်ချိန်၌ ပြန်မလာလေသော် လိမ္မာသော အမတ်တဦးကို ခေါ်၍ မင်းချင်းယောကျ်ား တထောင် အခြံအရံဖြင့် သားတော်ဘုရားကို အပင့်လွှတ်ပြန်လေ၏။ ထို အမတ်နှင့် အပေါင်းပါတို့လည်း ဘုရားရှင်ထံရောက်လျှင် ရှေးနည်းတူပင် ပရိသတ်အစုန်မှ တရားနာ၍ ရဟန္တာများ ဖြစ်သွားကြပြီး မှာလိုက်သော

စကားကို ဘုရားရှင်အား မလျှောက်ကြားဘဲ လျစ်လျူရှုကာ နေကြပြန်လေ၏။

မင်းကြီးလည်း နောက် ထပ်ကာထပ်ကာ ကိုးကြိမ်တိုင် အမတ်တဦးစီကို မင်းချင်းယောကျ်ားတထောင် အခြံအရံဖြင့် စေလွှတ်ပြန်ရာ ထိုသူအားလုံးလည်း တရားနာရ၍ ရဟန္တာများ ဖြစ်သွားကြပြီး မင်းကြီး မှာလိုက်သော စုကားကို ဘုရားရှင်အား မလျှောက်ကြားဘဲ လျစ်လျူရှုကာသာ နေကြလေသတည်း။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် မင်းချင်.ယောကျ်ား တထောင်စီဖြင့် စေလွှတ်လိုက်သော အမတ်ကိုးဦးထံမှ သတင်းစကား တစုံတရာမျှ မကြားရလေသဖြင့် "ငါစေလိုက်သော ထိုသူတို့သည်ငါ့အပေါ်၌ ချစ်ခြင်းအလျဉ်းမရှိသောကြောင့် ငါ့ထံ ပြန်လာ၍ သတင်းစကားမျှကိုပင် မပို့ကြကုန်။ အဘယ်သူသည် ငါ၏စကားကို မိန့်ကြားလိုက်သည့်အတိုင်း မဆိုင်းမတွ လိုက်နာဆောင်ရွက်ပါပြည်နည်း" ဟု ဆင်ခြင်သော် ဘုရားရှင်နှင့် ဖွားဘက်တော် ဖြစ်သော "ကာဠုဒါယီ" အမတ်ကို မြင်လေ၏။

မင်းကြီးသည် ကာဠုဒါယီကို ခေါ်၍ "ချစ်သား ကာဠုဒါယီ၊ ငါသည် သားတော်ဘုရားကို ဖူးမြင်လို၍ အပင့်လှတ်လိုက်သည့် မင်းချင်းယောကျ်ား တထောင်စီဖြင့် အမတ်ကိုးဦး အသီးသီးစေလွှတ်ခဲ့ရာ ငါ့ထံသို့ တဦးမျှ စကား ပြန်မကြားခဲ့ပေ။ ငါသည် အသက်ရှင်စဉ်ပင် သားတော်ဘုရားကို ဖူးမြင်လို၏။ သင်သည် သားတော်ဘုရားကို ငါ့ထံသို့အရောက် ပင့်ဆောင်ရန် တတ်နိုင်ပါမည်လော" ဟု မေးလေ၏။

ကာဠုဒါယီက "အရှင်မင်းကြီး၊ ကျွန်ုပ်သည် ရဟန်းပြုခွင့် ရပါမူ တတ်နိုင်ပါ၏" ဟု လျှောက်လျှင် မင်းကြီးက "သင် ရဟန်းပြုလိုက ပြုလေလော့။ ငါသားတော် ဘုရားကိုသာ ငါထံရောက်အောင် ပင့်ဆောင်ပေးပါလော့" ဟု မိန့်ဆိုလေ၏။

ကာဠုဒါယီ အမတ်လည်း မင်းချင်းယောကျ်ားတထောင် ခြံရံလျက် ထွက်ခွာရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ရောက်လေလျှင် ရှေးနည်းတူပင် ဘုရားရှင် တရားဟောနေခိုက်နှင့် ကြုံကြိုက်နေ၍ ပရိသတ်အစုန်မှ ထိုင်ကာ တရားနာကြလေ၏။ တရားနာပြီးသော် ထိုသူအားလုံး ရဟန္တာများ ဖြစ်ကြပြီး "ဟိဘိက္ခု" ရဟန်းများချည်းဖြစ်ကြပြန်လေ၏။

၎၀။ ဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နှစ်လတိုင်(ပြာသိုလပြည့်ကျော် ၁-ရက်မှ တပေါင်းလပြည့်အထိ) သီတင်းသုံးတော်မူစဉ်အတွင်းမှာပင် ဒေဝဒတ်တိုင်းသား, မဂဓတိုင်းသား တသောင်းကျော်တို့ကိုရဟန္တာအဖြစ်သို့ ရောက်စေတော်မူသည့်အပြင် ကပိလဝတ်ပြည်မှ ဘခင် သုဒ္ဓေါဒနမင်းကြီးသားဘုရားကို အပင့်လွှတ်လိုက်သော အမတ်ဆယ်ဦးနှင့် တကွသော ကပိလဝတ်ပြည်သား မင်းချင်းယောကျ်ား တသောင်းတို့ကိုလည်း ရဟန္တာအဖြစ်သို့ ရောက်စေတော်မူခဲ့လေပြီ။

ကပိလဝတ်ပြည်မှ ကာဠုဒါယီအမတ် ရောက်လာ၍ ရဟန္တာဖြစ်ပြီး ခုနစ်ရက်, ရှစ်ရက်မြောက်သောနေ့ကား တပေါင်းလပြည့်နေ့တည်း။ ထိုအခါ ကာဠုဒါယီမထေရ်သည် ဆောင်းဥတုကုန်၍ နွေဥတုအပြောင်း တပေါင်းလပြည့်နေ့ အခါသမယတွင် လမ်းခရီး သာယာလှပါကြောင်း တောတောင်ရေမြေ တလောကလုံး သဘာဝအလှ, လူတို့ တက်ကြွမှုံးတူးလုပ်ကိုင်နေကြပုံကို ဂါထာခြောက်ဆယ်ကျော်ဖြင့် ချီးမွမ်း၍ ဘုရားရှင်အား လျှောက်ထားပြီး သုဒ္ဓေါဒနမင်းကြီး အပင့်ခိုင်းလိုက်သည့် စကားအလုံးစုံကို လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား ကာဠုဒါယီ၊ ငါဘုရားသည် ဆွတော်မျိုးတော်တို့အား ချီးမြှောက်တော်မူအံ့။ ရဟန်းသံဃာအပေါင်းအား ထိုအကြောင်းကို လျှောက်ကြားလော့။ ရဟန်းများသည် ခရီးသွားရဟန်းတို့ ပြုကျင့်ရမည့် ဝတ္တရားစုကို ပြုကြပေလိမ့်မည်" ဟု မိန့်တော်မူလေ၏။

ကာဠုဒါယီလည်း နှစ်သောင်းသော ရဟန္တာ မထေရ်တို့အား ထိုအကြောင်းကို လျှောက်ကြားလေ၏။ ဘုရားရှင်သည် ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် တပေါင်းလပြည့်ကျော် တရက်နေ့တွင် ဝေဠုဝန်ကျောင်းမှ ထွက်၍ တနေ့ တယူဇနာကျဖြင့် ကပိလဝတ်ပြည်သို့ ရှေးရှု ကြွတော်မူလေ၏။

ယင်းသို့ ဘုရားရှင် ကြွတော်မူလျှင် ကာဠုဒါယီမထေရ်လည်း သုဒ္ဓေါဒနမင်းကြီးအား သတင်းစကား ကြားသိစေရန် ကောင်းကင်ဖြင့် ကြွ၍ သုဒ္ဓေါဒနမင်းကြီးရှေ့တွင် ထင်ရှားပြလေ၏။ မင်းကြီးလည်း မထေရ်ကဲ့မြင်လျှင် ရွှင်လန်းသောစိတ် ရှိရကား ရာဇပလ္လင်ပေါ်၌ ထိုင်နေစေပြီး "ချစ်သား

ကာဋ္ဌဒါယီ၊ အမောင်တို့ဆရာ ဘုရားရှင်သည် ဤကဲ့သို့ပင် အသွင်အပြင် ရှိသလော။ အသင့်လိုပင် ကောင်းကင်ခရီးကို ပျံနိုင်သလော။ ယခု ဘုရားရှင် အဘယ်မှာ ရှိသနည်း'' ဟု စသည်ဖြင့် မေးမြန်းလေ၏။

မထေရ်ကလည်း ''ဒကာတော်မင်းကြီး၊ ပိုးစုန်းကြူး၏ အရောင်နှင့် နေမင်း၏ အရောင်ကိုနှိုင်းခိုင်းရန် မထိုက်သကဲ့သို့ ငါတို့မျှနှင့် ဘုရားရှင်၏ ရုပ်အသရေတော်ကို အဘယ်မှာ နှိုင်းခိုင်းထိုက်မည်နည်း။ ဘုရားရှင်၏အသွင် တော်ကား ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် နေမင်းတထောင်၏အရောင် အသရေထက်ပင် လွန်ကဲလှပေ၏။ အနန္တစကြဝဋ္ဌာ ဝိသယခေတ် ကုန်အောင် ကို လျှပ်တပြက်မျှဖြင့်ပင် ကြွပြီး ပြန်ရောက် လာနိုင်ပေ၏'' စသည်ဖြင့် အစိန္တေယျဖြစ်သော ဂုဏ်တော်တန်ခိုးတော်ကို ချီးကျူး မြွက်ကြားပြီး၍ ''ဘုရားရှင်သည် သင်မင် ကြီးဖူးမြင်စေရန် ရဟန္တာ နှစ်သောင်း ခြံရံလျက် တနေ့တယူဇနာကျဖြင့် ကြွတော်မူလာပြီ။ ယနေ့မည်သည့် စခန်းသို့ရောက် ပြီ'' ဟု မိန့်ကြားလေ၏။

မင်းကြီးလည်း အလွန်အားရဝမ်းသာရှိ၍ မထေရ်အား ဘောဇဉ်ငါးပါး တို့ဖြင့် ကောင်းစွာလုပ်ကျွေးပြီးသော် သားတော် ဘုရားအတွက် မွန်မြတ် သော ဘောဇဉ်တို့ကို ပြင်ဆင်၍ ကပ်လှူပြီးလျှင် ''သားတော်ဘုရားသည် ဤမြို့သို့ ရောက်လာသည့်တိုင်အောင် ကျွန်ုပ် နန်းတော်က ဆွမ်းကိုသာ ဆောင်၍ လုပ်ကျွေးတော်မူပါ'' ဟု လျှောက်လေ၏။ မထေရ်လည်း ထိုဆွမ်း ကိုဆောင်လျက် ကောင်းကင်ခရီးဖြင့် ကြွ၍ ဘုရားရှင်အား ဆက်ကပ်လေ၏။

ဤသို့သောနည်းဖြင့် ကာဋ္ဌဒါယီ မထေရ်သည် နေ့တိုင်း နန်းတော်မှ ဆွမ်းကိုဆောင်၍ လုပ်ကျွေးသဖြင့် ဘုရားရှင် ခရီးတလျှောက်လုံး ဘခင် မင်းကြီး၏ ဆွမ်းကိုသာ ဘုဉ်းပေးတော်မူရ၏။ ဘုရားရှင်လည်း တနေ့တယူ ဇနာကြွ၍ နှစ်လပြည့်လျှင် (ကဆုန်လပြည့်နေ့တွင်)ကပိလဝတ်ပြည်သို့ရောက် တော်မူလေ၏။

၈၁။ ဆွေမျိုးတို့အား တန်ခိုးပြ၍ ဆုံးမတော်မူခြင်း

ဘုရားရှင်ရောက်တော်မူလျှင် သုဒ္ဓေါဒနမင်းကြီးစသော ဆွေတော်မျိုးတော် သာကီဝင်မင်းအပေါင်းသည် ပန်းနံ့သာတို့ကို စွဲကိုင်လျက် လာရောက်ခရီး ဦးကြို့ပြုကာ ပူဇော်ကြပြီးလျှင် ဘုရားရှင်နှင့်တကွ သံဃာတော်အပေါင်းကို နိဂြောဓ သာကီဝင်မင်း၏ အာရုမ်ဖြစ်သောမွေ့လျော်ဘွယ်ကောင်းလှသည့်

ဥယျာဉ်တွင်းဝယ် ကြိုတင် ဆောက်လုပ်ထားအပ်သော ကျောင်းတော်သို့ ပင့်ဆောင်၍ ဘုရားရှင်အား ကြိုတင်စီစဉ်ခင်းထားအပ်သော နေရာမြတ်တွင် သီတင်းသုံးတော်မူစေ၏။

သာကီဝင်မင်းတို့သည်ဇာတိမာန် ခက်ထန်ထောင်လွှားသူများဖြစ်ရကား "ဤသိဒ္ဓတ္ထမင်းသားကား ငါတို့၏ ညီငယ်, တူငယ်, သားငယ်တမျှ, ငါတို့အောက်အလွန်အသက်ငယ်သေးသူဖြစ်၏။ ငါတို့သူ့အားရှိခိုးခြင်းငှာမထိုက်" ဟု နှလုံးပြု၍ ငယ်ကုန်ငယ်ကုန်သောမင်းသားတို့ကိုသာရှေတင်၍သွားစေကာ ရှိခိုးစေပြီးကြီးသူတို့ကားနောက်မှလိုက်၍ရှိမခိုးဘဲပင်ထိုင်နေကြကုန်၏။

ဘုရားရှင်သည် ထိုသာကီဝင်မင်းတို့၏ စိတ်အကြံကို သိတော်မူလျှင် "ဤငါ၏ဆွေမျိုးမာနအိုးတို့ကား အချည်းနှီး အိုမင်းကြပါလျက် ငါကိုရှိမခိုးကုန်။ ဘုရားမည်သည် ဘယ်သို့သဘောရှိ၍ ဘယ်မျှတန်ခိုးစွမ်းအားရှိသည်ကို လားလားမျှ မသိကြကုန်။ ယခု ငါသည် ဘုရားရှင်တို့၏ ခွန်အားစွမ်.ပကားကို ထင်ရှားဖော်ပြကာ ကောင်းကင်ထက်ဝယ် စင်္ကြံကြွလျက် ရေမီးအစုံတန်ခိုးပြာဋိဟာကိုပြပြီး ဓမ္မဒေသနာမိုးကို ရွာသွန်းပေအံ့" ဟု ကြံစည်ဆုံ.ဖြတ်တော်မူလျှင်ပင် စကြဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ကောင်းချီးကြွေးကြော် သာဓုခေါ်ကြလေကုန်၏။

ထိုခဏ၌ပင် ဘုရားရှင်သည်နေရာပလ္လင်ထက်၌ ထိုင်လျက်ပင်စတုတ္ထစျာန်သမာပတ်ကို ဝင်စား၍ ပလ္လင်မှထပြီး ကောင်းကင်သို့ ပျံတက်ကာ ရတနာစင်္ကြံကြီးကို ဖန်ဆင်းပြီး စင်္ကြံကြွလျက်ပင် ကိုယ်တော်မြတ်၏-

(၁) "အထက်ပိုင်းနှင့် အောက်ပိုင်း၊
(၂) ရှေးပိုင်းနှင့်နောက်ပိုင်း၊
(၃) ဝဲယာမျက်စိတော်၊
(၄) နားတော်နှစ်ဘက်၊
(၅) နှာခေါင်းတော်ပေါက်နှစ်ခု၊
(၆) ဝဲယာပန်းတော်နှစ်ဘက်၊
(၇) ဝဲယာလက်တော်နှစ်ဖက်၊
(၈) ဝဲယာနံပါးတော်နှစ်ဘက်၊
(၉) ဝဲယာခြေတော်နှစ်ဘက်၊
(၁၀) လက်ချောင်းခြေချောင်းတော်များနှင့် အကြားကြား၊
(၁၁) တဆူတဆူသော မွေးညှင်းတော်၊
(၁၂) တခုတခုသော မွေးညှင်းပေါက်တော်"

ဤဘဆဲ့နှစ်ဌာနတို့တွင် တစုံတစုံသော အရပ်ဌာနဌ၌ 'ခု-မီးလျှံ, ခု-ရေအယဉ်' ၊ 'ခု-ရေအယဉ်, ခု-မီးလျှံ' အပြန်ပြန် ပြောင်းလဲဖူးတိုင်းဖူးဘိုင်း အဆင်ကဲ့စေလျက် ထိုအပြင် ကိုယ်တော်မှ ရောင်ခြည် ခြောက်သွယ်တို့ကို တဖြိုင်ဖြိုင်ပြိုးပြိုးပြက်လှတ်တော်မူလျက် အံ့ဘွယ်ဘနန်း ရှုမခန်းသော ယမို့က် (ရေမီးအစုံ) ပြာဋိဟာကို ရတနာစင်္ကြံထက်၌ ပြတော်မူ၍ သာကီဝင် မင်းအဆက်ဆက်တို့၏ ဦးခေါင်းဖျားလက် ခြေမှုန်တို့ကို ကြဲဘိသကဲ့သို့ဖြစ်စေတော်မူလေ၏။

ထိုသို့အံ့ဘွယ်သရဲ့ ထူးကဲလွန်မြတ်သော တန်ခိုးပြာဋိဟာကို မြင်လျှင် ဘခင် သုဒ္ဓါဒနမင်းကြီးသည် ဦးတိုက်ရှိခိုးလျက် "သားတော်ဘုရား၊ အရှင်ဘုရားဖွားတော်မူစက ဒေဝိလ ရသေ့၏ ထိပ်ထက်သို့ပျံ့တက်ကာ ရပ်တော်မူသည်ကိုမြင်၍ ဘခင်တကြိမ် ရှိခိုးခဲ့ဖူးပြီ။ လယ်ထွန်မင်္ဂလာပွဲစဉ်က သခြေပင်ကြီးအရိပ်အောက်ဝယ် သိပ်ထားသည်တွင် သားတော် တင်ပလ္လင်ခွေထိုင်နေသည့်အခြင်းအရာ, သခြေပင်အရိပ် မယွင်းမခွ.သည့် အခြင်းအရာတို့ကို မြင်၍လည်း ဘခင်တကြိမ် ရှိခိုးပါပြီ။ ယခုတဖန် မကြုံစဘူး မမြင်ဘူးသော ထူးကဲလှသည့် တန်ခိုးပြာဋိဟာကို မြင်ရပါ၍ ဘခင် တတိယအကြိမ် ရှိခိုးပူဇော်ပါ၏" ဟု လျှောက်တင်လေ၏။

ဤသို့ ဘခင်မင်းကြီး ရှိခိုးသည်ကိုမြင်လျှင် သာကီဝင်မင်းတဦးတလေမျှ ရှိမခိုးဘဲ နေဝံ့သော သူမရှိပြီ။ သာကီဝင် မင်းအားလုံး ဘုရားရှင်ကို ရှိခိုးကြလေကုန်၏။

ဘုရားရှင်သည် ဤသို့ ရေးမီအစုံ တန်ခိုးပြာဋိဟာကို ပြပြီး၍ လူအပေါင်းအား တရားစကားကို စွင့်ကြွတော်မူရင်းပင် ဟောကြားတော်မူလိုရကား အရှေ့, အနောက်, စကြဝဠာတိုက်တသောင်း လွန်မြောက်အောင် ရတနာစင်္ကြံတော်ကြီးကို ဖန်ဆင်းတော်မူပြီး ရတနာစင်္ကြံ ထက်၌ အတုမရှိသော ဘုရားရှင်၏ အသရေဖြင့် လူးလားတုံ့ခါက် စင်္ကြံကြွတော်မူ၏။ ထိုအခါ စကြဝဠာ တိုက်တသောင်းမှ နတ်ပြဟ္မာ အပေါင်းတို့သည် နတ်ပန်း နံ့သာအမျိုးမျိုးကို ရတနာစင်္ကြံထက်၌ ဖြန့်ကြဲကော်ရော် ပူဇော်ကြလေ၏။

ထိုအခါနှင့်၌ အရှင်သာရိပုတ္တရာသည် အခြံအရံ တပည့် ရဟန်းအပေါင်း ငါးရာတို့နှင့်တကွ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်ယံ၌ သီတင်းသုံးနေထိုင်ဆဲ

ဖြစ်၏။မထေရ်သည် ဒီဗွစက္ခုအဘိညာဏ်ဖြင့် ကောင်းကင်ထက်ဝယ် ရတနာစင်္ကြံတွင် စင်္ကြံကြွနေတော်မူသော ဘုရားရှင်ကို မြင်လျှင် တပည့်ရဟန်းငါးရာတို့ကို ချက်ခြင်း စုဝေးစေပြီး-

"ယခု ဘုရားရှင်သည် ကပိလဝတ်ပြည်တွင် ဂရုမီးအစုံ တန်ခိုးပြာဋိဟာန္ဒ်တက္ခ လောကဝိဝရဏ (လောကကြီးကို ဖွင့်ပြခြင်း) အဘိညာဏ် တန်ခိုးကို ပြတော်မူနေပြီ။ ငါတို့ သွားဆောက်ဖူးမျှော်ကြကုန်စို့" ဟု မိန့်ကြားပြီး ထို ရဟန္တာငါးရာတို့နှင့် တကွ ကောင်းကင်ခရီ ဖြင့် တခဏချင်း အတွင်း သွား၍ ကပိလဝတ်ပြည်၏ အထက်,ကောင်းကင်ယံ ရတနာစင်္ကြံ၌စင်္ကြံကြွနေတော်မူဆဲဖြစ်သော ဘုရားရှင်ထံ ချဉ်းကပ်၍ ဖူးမျှော်လေ၏။

အရှင်မောဂ္ဂလ္လာန်, အရှင်မဟာကဿပ စသော မထေရ်ကြီးတို့လည်း ကောင်းကင်၌ပင် တည်နေကာ ဘုရားရှင်အား ရိုသေစွာ ရှိခိုးနေကြကုန်၏။ ထိုအခါ ဘုရားရှင်သည် စင်္ကြံကြွတော်မူလျက်ပင် အရှင်သာရိပုတ္တရာအား ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးတော်တို့ကို အကျယ်တဝင့် ဟောကြားတော်မူလေ၏။

"ချစ်သား သာရိပုတ္တရာ၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်း ဘုရားဆုပန်၍ ပါရမီတို့ကို ဖြည့်ခဲ့သော ငါဘုရားသည် အရဟတ္တမဂ်ဉာဏ် အရာ၌လည်း အမြတ်ဆုံးဖြစ်၏။ ဒေသနာဉာဏ်အရာ၌လည်း အမြတ်ဆုံးဖြစ်၏။ အရဟတ္တမဂ်ဉာဏ်အရာ၌ အခြို့သော သာဝကများ၏ အရဟတ္တမဂ် ဉာဏ်သည် အရဟတ္တဖိုလ် အကြိုးများကိုသာ ပေး၏။ အခြို့ သာဝကများ၏ အရဟတ္တမဂ်သည် ဝိဇ္ဇာသုံးပါးအကြိုးကိုပေး၍ အခြို့ သာဝကများ၏ အရဟတ္တမဂ်သည် အဘိညာဏ် ခြောက်ပါးတို့ကိုသာ အကြိုးပေး၏။ အခြို့ သာဝကများ၏ အရဟတ္တမဂ်သည် ပဋိသမ္ဘိဒါ လေးပါးကိုသာ အကြိုး ပေး၏။ အခြို့ သာဝကများ၏ အရဟတ္တမဂ်ဉာဏ်သည် သာဝကပါရမီဉာဏ်ကိုသာ အကြိုးပေး၏။ ပစ္စေကဗုဒ္ဓါများ၏ အရဟတ္တမဂ်ဉာဏ်သည် ပစ္စေကဗောဓိဉာဏ်ကိုသာ အကြိုးပေး၏။ ဘုရားရှင်တို့၏ အရဟတ္တမဂ်ဉာဏ် သည်ကား အလုံးစုံသော ဘုရားဂုဏ်ကျေးဇူးများနှင့် ပြည့်စုံခြင်း ဟူသော အကြိုးကို ပေး၏။ အရဟတ္တမဂ်ကို ရသည်နှင့်တပြိုင်နက် ဘုရားဂုဏ်ကျေးဇူးအလုံးစုံကို အပြည့်အစုံရရှိပြီး ဖြစ်လေ၏" ဤသို့ စသည်ဖြင့် အကျယ်တဝင့်ဟောတော်မူလေ၏။

၈၂။ ဗုဒ္ဓဂင်နှင့် ဝေဿန္တရာဇာတ်ကို ဟောတော်မူခြင်း

ထိုအခါ အရှင်သာရိပုတ္တရာသည် ရှုမငြီးသော ဘုရားရှင်၏ အသရေတော်မြတ်ကို ဖူးမြင်ရ၍ ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်များကို နာကြားရသဖြင့် "လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဘုရားရှင်၌ ကြည်ညိုခြင်း၊ သဒ္ဓါတရား တိုးပွားစေခြင်းငှာ ဘုရားရှင်၏ ဘုရားဆုပန် နိယတဗျာဒိတ်ကို ခံတော်မူသည်မှ စ၍ ဗုဒ္ဓဝင်ကျင့်စဉ်ကို မေးလျှောက်ပါမူ ကောင်းလေစွ" ဟု အကြံဖြစ်လေ၏။

အကြံဖြစ်ပြီးသော် မထေရ်သည် ဘုရားရှင်ရှေ့မှောက် ကပ်ရောက်၍ ဦးခေါင်းထက်၌ လက်အုပ်ကို မြှောက်ချီလျက် 'ရှင်တော်ဘုရား၏ ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကို ဟောကြားပါမည့်'အကြောင်း သုံးဂါထာဖြင့် ရိုသေစွာတောင်းပန် လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်သည် (ဗုဒ္ဓဝံသ = ဗုဒ္ဓဝင်ကျမ်းလာအတိုင်း) ဂါထာပေါင်း ၉၅၁ ဂါထာတို့ဖြင့် လွန်ခဲ့သည့် လေးသင်္ချနှင့် ကမ္ဘာတသိန်းထက်မှစ၍ ပွင့်ခဲ့သော ဒီပင်္ကရာမြတ်စွာဘုရား အစ ကဿပမြတ်စွာဘုရား တိုင်အောင် နှစ်ဆယ့် လေးဆူသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်များနှင့် တကွ ထိုထို ဘုရားရှင်တို့ ထံတော်၌ ကိုယ်တော်မြတ် (၁၀၂တမ ဘုရား) ၏ အလောင်းတော် နိယတဗျာဒိတ်ရပုံ, ကျင့်ပုံတို့ကို ဖော်ပြလျက် ကိုယ်တော်မြတ်၏ ဗုဒ္ဓဝင်ကိုလည်း ဝေဿန္တရာမင်းကြီးဘဝ, သေတကေတုနတ်သားဘဝ, နောက် ပဋိသန္ဓေနေသည်မှ စ၍ ဤ ကပိလဝတ်ပြည်သို့ ကြွတော်မူသည်အထိ ဟော့ကြားတော်မူလေ၏။

ဤသို့ ဘုရားရှင်သည် ဗုဒ္ဓဝင်တရားတော်ကို ဟောကြား ပြီးဆုံးသောအခါ မရေမတွက်နိုင်သော လူနတ် ဗြဟ္မာတို့ အကျတ်တရား ရကြပြီး မဂ်ဖိုလ်လေးပါးအနက် တခုခုကို ရကြကုန်၏။

ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောကြားပြီးသော် ဘုရားရှင်သည် ကောင်းကင်မှ သက်ဆင်းကာ မြတ်သောဘုရားနေရာ ပလ္လင်ထက်တွင် သီတင်းသုံးတော်မူလျှင်ပင် ဆွေတော် မျိုးတော်တို့ အစုံအညီ စုဝေးမိကြလေ၏။ ထို ခဏ၌ပင် ကောင်းကင်မှ "**ပေါက္ခရဝဿ**" ခေါ်သော မိုးကြီး တဝေါဝေါနှင့် ရွာသွန်းလေ၏။ ထိုမိုးကား စိုစွတ်လိုသောသူများသာ စွတ်စိုး၍ မစိုစွတ်လိုသူတို့၏ကိုယ်၌မူ မိုးရေတပေါက်မျှ မကျပေ။ ထိုအံ့ဘွယ်သရဲကို မြင်တွေ့

ရလျှင် ဆွေတော်မျိုးတော်တို့သည် ထို မိုးကို တအံ့တသြ ချီးမွမ်းပြောဆို ကုန်၏။

ထိုစကားကို ကြားတော်မူလျှင် ဘုရားရှင်က "ယခုသာလျှင် ဆွေတော်မျိုးတော်တို့ စုံညီသော အစည်းအဝေး၌ ပေါက္ခရဝဿ မိုး ရွာသွန်းသည် မဟုတ်သေး။ ရှေးအခါက (လွန်ခဲ့သည့်နှစ်ပေါင်း ၅၇၆ သန်းက) လည်း ငါဘုရား ဝေဿန္တရာမင်းကြီး ဖြစ်ခဲ့စဉ်ကလည်း ဤနည်းတူ ဆွေတော်မျိုးတော် တို့စုဝေးရာတွင် ရွာသွန်းဘူးလေပြီ" ဟု မိန့်တော်မူပြီး ဂါထာ တထောင်ကျော်တို့ဖြင့်တန်ဆာဆင်အပ်သော 'ဝေဿန္တရာဇာတ်တော်ကြီး' ကို ဟောတော်မူလေ၏။

ဝေဿန္တရာဇာတ်တော်ကြီးကို ကြားနာပြီးသော် ဆွေတော်မျိုးတော် အပေါင်းတို့သည် ဦးခေါင်းညွတ်၍ ရှိခိုးကြပြီးလျှင် အသီးသီး ပြန်ကြ ကုန်၏။ ဆွေမျိုးတဦးတယောက်မျှ "နက်ဖြန်အတွက် သံဃာတော်အပေါင်း နှင့်တကွ ဆွမ်းကို အလှူခံတော်မူပါ ဘုရား" ဟု မပင့်မလျှောက်ပေ။

ဘခင် သုဒ္ဓေါဒနမင်းကြီးသည်း "ငါ့သား ဘုရားသည် ငါ၏နန်းတော် သို့သာ ဆွမ်းစား လာလတံ့" ဟု တထစ်ချတွက်ပြီး မပင့်ဘဲ ပြန်သွား၍ ဘုရားအမှူးရှိသော ရဟန္တာ နှစ်သောင်းအတွက် ယာဂုဆွမ်း စသည်တို့ကို ချက်ပြုတ်စီရင်စေပြီး နေရာများကိုလည်း အသင့် ခင်းထားစေလေ၏။

၈၃။ သုဒ္ဓေါဒနမင်းကြီး သကဒါဂါမ်တည်ခြင်း

ထိုညဉ့်လွန်၍ နောက်တနေ့နံနက် ရောက်သော် ဘုရားရှင်သည် "ရှေးရှေး နောင်တော်ဘုရားတို့သည် နေပြည်တော်သို့ ကြွသည့်အခါ ဘခင် အိမ်၌ပင် ဆွမ်းခံ၍ ဘုဉ်းပေးကြကုန်သလော၊ သို့တည်းမဟုတ် အိမ်စဉ်အတိုင်း လှည့် လည်၍ ဆွမ်းခံ ကုန်သလော" ဟု ဆင်ခြင်တော်မူလျှင် "ရှေးဘုရားရှင် အားလုံးပင် အိမ်စဉ်လှည့်၍ ဆွမ်းခံတော် မူကြသည်" ကို မြင်၍ "ငါ ဘုရားလည်း ရှေး နောင်တော်ဘုရားတို့ နည်းတူ ကျင့်ပေအံ့" ဟု နှလုံးပြု တော်မူ၍ ရဟန်းနှစ်သောင်းခြံရံလျက် မြို့တွင်းသို့ ဝင်ကာ အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူ၏။

ထိုအခါ သာကီဝင်မင်းအပေါင်းနှင့်တကွ ကပိလဝတ် တပြည်လုံးသည် "ငါတို့အရှင် သိဒ္ဓတ္ထံမင်းသာ.သည် ဆွမ်းခံ လှည့်လည်တော်မူ သတဲ့" ဟု

အုတ်အုတ်ကျက်ကျက် ဖြစ်ကာ ထိုထိုအရပ်မှ တအံ့တသြ ဖူးမျော်ကြကုန်သတည်း။

ထိုအသံကို ရာဟုလာမယ်တော် 'ယသောဓရ' မိဖုရား ကြားလျှင် "မောင်တော် မင်းသားသည် ရွေးအခါက သိကြားမင်း၏ အသရေကဲ့သို့ ခြွေရှေဝန်းရံကာ ရွှေထမ်းစင်ဖြင့် အစဉ်သွားမြဲ ဖြစ်ပါလျက် ယခု ဆံမုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံလျက် ခွက်လက်ဆွဲ၍ ဆွမ်းခံ လှည့်လည်တော်မူ သတဲ့။ တင့်မှ တင့်တယ်ပါ၏လော" ဟု လေသာပြုတင်းကို ဖွင့်၍ ကြည့်ရှုလေ၏။

ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် ပြိုးပြိုးပြက်သော ကိုယ်တော်အရောင်ဖြင့် ရှန်းရှန်းသပွာယ် အံ့သြဘွယ်သော ဘုရားရှင်၏အသရေတော်ကို ရှုမငြီးရှုမြင်ရလျှင် ဘုရားရှင်၏ရူပကာယ ဂုဏ်ကျေးဇူးများကို 'နရသီဟ' မည်သော ဆယ်ဂါထာတော်ကို ရွတ်ဆို၍ လွန်စွာ ချီးမွမ်းလျက် လွမ်းဆွတ်လှသဖြင့် ပရိဒေဝသောက ဖြစ်လေ၏။

ထိုနောက်မှ ဘခင် သုဒ္ဓေါဒနမင်းကြီးထံ သွား၍ "ဘခင်၊ အရှင့်သားသည် သားမယား မိဘကိုမျှ အာဃာတမနာ၊ ဝမ်းစာရှာရန် အိမ်တကာ ရှာ.၌ရပ်၍ စားစရာကို တောင်းသည်မှာ ကောင်းပါ၏လော" ဟု လျှောက်လေ၏။

ထိုစကားကို ကြားလျှင် ဘခင်မင်းကြီးသည် စိတ်နှလုံးတုန်လှုပ် ထိတ်လန့်ကာ ရုတ်ခြည်း ထ၍ ပုဆိုးစကို လက်ဖြင့် မ,လျက် နှုန်းတော်မှဆင်း၍ အလျင်အမြန် ဘုရားထံသွားပြီး အနီး၌ ရပ်လျက် "အရှင်ဘုရား၊ အဘယ့်ကြောင့် ခမည်းတော်အား အရှက်ခွဲရပါသနည်း၊ အဘယ်အတွက်ကြောင့် ယခုလို တအိမ်တလုပ် ဝမ်းစာ ရှာဘိသနည်း။ ဤ နှစ်သောင်းမျသော သံဃာကို ခမည်းတော် မကျွေးနိုင်ဟု ထင်ပါသလော" ဟု လျှောက်၏။

ဘုရားရှင်က "ခမည်းတော် မင်းကြီး၊ ဤ အိမ်စဉ်မပြတ် လှည့်လည် ဆွမ်းခံရပ်ခြင်းသည် ငါဘုရားတို့၏ အနွယ်စဉ်ဆက်မှ ဆင်းသက်လာသော အကျင့်မြတ် ဖြစ်ပေသည်" ဟု မိန့်တော်မူလျှင်-

"အရှင်ဘုရား၊ ခမည်းတော်တို့၏ အမျိုးအနွယ်သည်ကား ကပ်ဦးအစ ကမ္ဘာဦးမှ အနွယ်မပျက် ဆင်းသက်လာခဲ့သော မဟာသမ္မတ ခတ္တိယအနွယ် မဟုတ်ပါလော။ ထို ခတ္တိယအနွယ်၌ တဦးသောမင်းမျှလည်း ဆွမ်းခံလှည့်လည်ခဲ့ဘူးသည် မရှိပါ" ဟု လျှောက်လေ၏။

ဘုရားရှင်က "ခမည်းတော် မင်းကြီး၊ ဤ အိမ်စဉ်မပြတ် လှည့်လည် ဆွမ်းခံရပ်ခြင်းသည် ငါဘုရားတို့၏ အနွယ်စဉ်ဆက်မှ ဆင်းသက်လာသော အကျင့်မြတ် ဖြစ်ပေသည်" ဟု မိန့်တော်မူလျှင်-

"အရှင်ဘုရား၊ ခမည်းတော်တို့၏ အမျိုးအနွယ်သည်ကား ကပ်ဦးအစ ကမ္ဘာဦးမှ အနွယ်မပျက် ဆင်းသက်လာခဲ့သော မဟာသမ္မတ ခတ္တိယအနွယ် မဟုတ်ပါလော။ ထို ခတ္တိယအနွယ်၌ တဦးသောမင်းမျှလည်း ဆွမ်းခံလှည့်လည်ခဲ့ဘူးသည် မရှိပါ" ဟု လျှောက်လေ၏။

ထိုအခါ ဘုရားရှင်သည် "ခမည်းတော် မင်းကြီး၊ ဤ မဟာသမ္မတမှ ဆင်းသက်လာသော 'ရာဇဝံသ' ခတ္တိယ အနွယ်သည် သင် မင်းကြီးတို့၏ အနွယ်ပေတည်း။ ခမည်းတော်၏ သား ငါဘုရားမူ သခၤများစွာ ကပ် ကမ္ဘာက ဂင်္ဂါဝါဠုရေ သဲစုမက် ပွင့်လေပြီးကုန်သော ရှေး ဘုရားရှင်တို့၏ 'ဗုဒ္ဓဝံသ' အနွယ်မြတ် ဖြစ်ပေ၏။ ထို ရှေးဘုရားရှင်တို့သည် ဆွမ်းပင့်ဘိုတ် သည့် ဒါယကာ မရှိမူ ဆွမ်းခံ၍သာ စားမြဲ ဓမ္မတာ ဖြစ်သတည်း" ဟု မိန့်တော်မူပြီးမှ လမ်းခရီး အကြားဌ ရပ်တော်မူလျက်ပင် တဂါထာဖြင့် ဟောတော်မူ၏။ ထိုတရားကိုနာ၍၍ ဘခင် သုဒ္ဓေါဒနမင်းကြီးသည် သောတာပန် ဖြစ်လေ၏။

နောက် မင်းကြီးသည် ဘုရားရှင် လက်မှ သပိတ်တော်ကို လှမ်းယူ၍ သံဃာအပေါင်းနှင့် တကွ ရွှေနန်းတော်သို့ ပင့်ဆောင်ပြီး ခင်းထားသည့် မြတ်သော နေရာထက်၌ သီတင်းသုံးစေတော်မူ၏။ ထိုအခါ ဘုရားရှင်က ဒုတိယ ဂါထာဖြင့် တရား ဟောကြားလေသော် ဘခင် မင်းကြီးသည် သကဒါဂါမ်ဖြစ်၍ မိထွေးတော် ဂေါတမီသည် 'သောတာပန်' ဖြစ်လေ၏။ မင်းကြီးသည် ဘုရားရှင်အမှူးရှိသော ရဟန်းအပေါင်းအား မွန်မြတ်သော ဆွမ်.ဘောဇဉ်တို့ဖြင့် ဆက်ကပ် လုပ်ကျွေးလေ၏။

၈၄။ ဘုရားရှင်အား ယသောဓရာ ဝိုင်ကြွေးကန်တော့ခြင်း

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသော် အလုံးစုံသော နန်းတွင်းသူ မောင်းမမိသ် အပေါင်းသည် ဘုရားရှင် ရှေ့မှောက်သို့ လာရောက်ချဉ်းကပ်၍ ညွတ်တွား ရိုကျိုး ရှိခိုးကြကုန်၏။ ရာဟုလာမယ်တော် ယသောဓရာသည်ကား ထွက် မလာဘဲ မိမိ၏ တိုက်ခန်းတွင်းမှာပင် ဣန္ဒြေမပျက် ထိုင်နေလေ၏။

အခြေအရံများက "အရှင်မ၊ အဆောင်တော်မှ ထွက်ကြွပြီး အရှင့်သား ဘုရားရှင်ကို ဦးတင်ပူဇော် ရှိခိုပါလော့" ဟု လျှောက်ကြား သော်လည်း-

"ရှင်မတို့၊ အကယ်၍ အရှင့်သားသည် ငါ၏ ကျေးဇူး အထူးရှိသည်ကို ထောက်မြော်၍ သနားတော်မူပါလျှင် ငါ၏ တိုက်ခန်းသို့ ဝင်ကြွလာပါ လိမ့်မည်။ ဤသို့ ကြွလာတော်မူမှ အရှင့်သားကို ပူဇော်ပါတော့အံ့" ဟု ဆို၍သာ နေ၏။

ထိုအကြောင်းကို နန်းတွင်းသူတို့က ဘုရားရှင်အား လျှောက်ကြားကြ လေ၏။ ဘုရားရှင်သည် ခမည်းတော်မင်းကြီးအား သဝိတ်ကို ကမ်းတော်

မူပြီး အဂ္ဂသာဝကနှစ်ပါးတို့ကို ခေါ်တော်မူလျက် ယသောဓရာမိဖုရား၏ နေရာတိုက်ခန်းတွင်းသို့ ဝင်တော်၏။

ဘုရားရှင်သည် "ယနေ့ ငါဘုရားအား ယသောဓရာမင်းသမီး အလိုရှိတိုင်း ရှိခိုးစေ။ ဘယ်သူကမျှ ဟန့်တားစကား မပြောကြားရ" ဟု မိန့်တော်မူပြီး ခင်းထားအပ်သော ရတနာသလွန်ထက်၌ ထိုင်နေတော်မူ၏။

ထိုအခါ ယသောဓရာသည် အပန်းတကြီး ခုံမင်စွဲလာ၍ ဘုရားရှင်၏ ခြေနှစ်ဘက်တော်ကို လက်နှစ်ဘက်ဖြင့် တင်းကြပ်စွာ ဆွဲကိုင်ပိုက်ဖက်ပြီး ဖဝါးတော်မြတ်၌ မိမိ၏ နဖူးကိုတင်၍ နမ်းကာနမ်းကာ မျက်နှာမျက်ရည် မဆည်နိုင်ဘဲ ဖြိုင်ဖြိုင်စီးလျက် သက်ကြီးရွယ်ငင်ဆဲဖြင့် ပုတ်သပ်, ပါးဖြင့် အပ်လျက်, အထပ်ထပ် ရှိခိုးလေသတည်း။ ထိုအခါ ခမည်းတော်မင်းကြီးက ချွေးမတော်၏ ဂုဏ်ကျေးဇူးအထူးကို ကျိသို့ ဘုရားအား လျှောက်ကြားလေ၏။

"သားတော်ဘုရား၊တပည့်တော်၏သမီးသည် သားတော်ဘုရားကိုအလွန် စုံမက်နှစ်သက် မြတ်နိုးပေသည်။ သားတော်ဘုရား ထွက်သွားသော်လည်း ရှိစဉ်ကအတိုင်း ပြုပြင်ခယမဲ့ဖြစ်သော ဝတ်ကို မချွတ်မယှင်းစေရ။ ညတိုင်း ညတိုင်းပြုပေသည်။ ဖန်းရည်ဆိုးသော အဝတ်ကို သားတော်ဘုရားဝတ်လေပြီဟု ကြားသည်မှစ၍ သမီးတော်သည် ဖန်ရည်စွန်းသော အဝတ်ကိုသာ ဝတ်ပေသည်။ သားတော်ဘုရား တထပ်သာစားသည်ဟု ကြားသည်မှစ၍ သမီးတော်သည် တထပ်သာစားပေသည်။ သားတော်ဘုရား မြတ်သော အခင်းနေရာကို ပယ်သည်ဟု ကြားသည်မှစ၍ နိမ့်သောညှင်းစောင်းခြင်သာ အိပ်ပေသည်။ သားတော်ဘုရားသည် ပန်းနံ့သာတို့ကို ရှောင်ကြဉ်သည်ဟု ကြားသည်မှစ၍ သမီးတော်သည် ပန်းနံ့သာတို့ကို ပန်ခြင်းလိမ်း ထုံခြင်း မပြုပေ။ ဆွမျိုးတော် မင်းညီမင်းသားတို့က မြှောက်စားမြတ်လေး မွေးမြူလိုပါသည်ဟု သတင်းစကား ပြောကြား လာပါသော်လည်း တဦးကုံမျှ 'ပေမတဏှာ' ဖြင့် ပြန်လှည့်၍ မကြည့်ပေ။ ကျိသို့လျှင် သမီးတော်သည် အံ့သြချီးမွမ်းလောက်သော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံလှပေသည်"။

ထိုအခါဘုရားရှင်က "ခမည်းတော်မင်းကြီး၊ ယခုအခါမှာ ခမည်းတော် ထိန်းသိမ်းစောင့်ရှောက်ခြင်းရှိလျက် ယသောဓရာ မင်းသမီးသည် မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်သည်မှာ အံ့သြဘွယ်ရာမဟုတ်ပေ။ ရှေးအတိတ်ဘဝ စန္ဒကိန္နရီဖြစ်စဉ်က ထိုသို့ဆွမျိုးမိဘစောင့်ရှောက်ခြင်း မရှိဘဲလျက် မိမိကိုယ်ကို စောင့်ထိန်းကာ နေခဲ့ဘူးလေပြီ" ဟု မိန့်တော်မူပြီ "စန္ဒကိန္နရီဇာတ်"

(ဇာ-၄၈၅)ကို ဟောတော်မူ၏။ ထိုသို့ စန္ဒကိန္နရီဇာတ်တို့ ဟောတော်မူပြီးသော် ဘုရားရှင်သည် နေရာမှထ၍ ရဟန်းပေါင်း နှစ်သောင်းခြံရံလျက် နိဂြောဓာရုံကျောင်းသို့ ကြွတော်မူလေ၏။

၈၅။ ညီတော်မင်းနန်အား ရဟန်းပြုစေခြင်း

သုဒ္ဓေါဒနမင်းကြီးသည် "ငါ့သားတော် အကြီးကား ရွှေနန်းစည်းစိမ်ချမ်းသားကို ငြီးငွေ့စွန့်ခွာသွားခဲ့ပေပြီ။ နောင်သောအခါ ငါရိုက်ရာကိုစဲ၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်စိမ့်သောငှာ (အလောင်းတော် သိဒ္ဓတ္ထဖွားမြင်ပြီးနောက်နှစ်ရက်သုံးရက် အကြာတွင် မိထွေးတော် ဂေါတမီမှ မွေးဖွားသော ဘုရားရှင်၏ညီတော်) နန္ဒမင်းသားကို နှမတော် 'ဇနပဒကလျာဏီ'နှင့် စုံဖက်ကာ အိမ်ရှေ့အပ်နှင်းမည်"ဟု ကြံ၍ ဘုရားရှင်ကပိလဝတ်ပြည်ရောက်ပြီး သုံးရက်မြောက်နေ့၌ မင်္ဂလာပွဲသဘင်ကို စီရင်ခင်းကျင်းလေ၏။

ထိုအခါ ညီတော် နန္ဒမင်းသား (မင်းနန်)အား "အိမ်တော်မင်္ဂလာ၊ ဥသျှောင်ထုံးမင်္ဂလာ၊ သင်းကျစ်ဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ အိမ်ရှေ့ထီးဆောင်းမင်္ဂလာ" ဤငါးဖြာသော မင်္ဂလာသဘင်သည်ဖြစ်လေ၏။

ထိုနေ့တွင် ဘုရားရှင်လည်း နန်းတော်သို့ ဆွမ်းခံဝင်တော်မူ၍ မင်္ဂလာမဏ္ဍပ်၌ ထူးမြတ်သော မင်္ဂလာတရားကို ဟောကြားပြီးသော် ညီတော် နန္ဒမင်းသားအား သပိတ်တော်ကို ကမ်းတော်မူ၏။ နန္ဒမင်းသားလည်း ဘုရားရှင်၌ အလွန်ရိုသေလှသဖြင့် သပိတ်တော်ကို သူတပါးအားလည်း မပေးဝံ့, ဘုရားရှင်အားလည်း မကပ်ဝံ့ဘဲ ပခုံးထက် ထမ်းလာကာ စောင်းဘန်းရင်းသို့ ရောက်လျှင် "ဘုရားရှင်ယူပေလတံ့"ဟု ကြံ၍ နောက်တော်က လိုက်လေ၏။

စောင်းတန်းခြေရင်းသို့ ရောက်၍မယူပြန်သော် "မင်းရင်ပြင်သို့ ရောက်လျှင် ယူပေလတံ့"ဟု ကြံ၍ လိုက်ရပြန်၏။ ထိုနေရာသို့ ရောက်၍လည်း မယူပြန်လျှင် "ဘုရားရှင်မြင်တော်မမူ၍ သတိမရသောကြောင့်သာ မယူခြင်းဖြစ်မည်"ဟု အောက်မေ့၍ ဘုရားရှင်ရှေ့သို့ ကျော်တက်ကာ ရဟန်းများအား စကားပြောဟောလျက် "ဤနေရာသို့ရောက်လျှင် ယူပေလတံ့။ ထိုနေရာသို့ ရောက်လျှင် ယူပေလတံ့"ဟု ကြံလျက် သပိတ်တော်ထမ်းကာ လိုက်သွားပေ၏။

ဇနပဒကလျာဏီသည် နန်းတွင်းသူများထံမှ ထိုအကြောင်းကို ကြားသိလျှင် လျင်စွာထမြော်၍ မောင်တော်၏ အမူအရာကိုမြင်လျှင် ရင်ထဲဆူပွက်, အသည်းနှလုံး ပြောင်းပြန်လန် ခံစားရလျက် တုန်တုန်ရီရီ ငယ်သံပါစွာဖြင့် "မောင်တော်ဘုရား၊ မြန်မြန်ပြန်လာခဲ့ပါ"ဟု အမှာစကားလှမ်းပြောလိုက်လေ၏။ ထိုစကားသည် နန္ဒမင်းသား၏ အသည်းကြား၌ သပ်လျှိသကဲ့သို့ ပါလေ၏။ ဘုရားရှင်လည်း နန္ဒမင်းသားထံမှ သပိတ်တော်ကို ယူတော်မူဘဲ သာ ကျောင်းတော်သို့ အရောက်ကြွတော်မူလေ၏။

ကျောင်းတော်ရောက်လျှင် ဘုရားရှင်က "ညီတော်နန္ဒ၊ ရဟန်းပြုနိုင်ပါမည်လော"ဟု မေးလျှင် နန္ဒမင်းသားသည် ဘုရာ ရှင်၌ ရိုသေကြောက်ရွံ့ခြင်းကြောင့် မလျှောက်ဝံ့သဖြင့် "ပြုပါမည်"ဟု စိတ်မပါဘဲ လျှောက်လိုက်ရလေ၏။ ဘုရားရှင်လည်း အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ ညီတော်အား ရဟန်းပြုစေလေ၏။

နန္ဒလည်း ထိုနေ့မှစ၍ သာဝတ္ထိပြည်သို့ရောက်သည့်တိုင်အောင် ထိုင်တိုင်း, နေတိုင်း, သွားတိုင်း, အိပ်တိုင်း, စားတိုင်းပင် နှမတော်မှာလိုက်သည့်စကားသံကိုသာ နားထဲ၌ ကြားနေ၍ စားမဖြောင့်, အိပ်မပျော်ရှိလေ၏။ [နောင်တွင် နန္ဒမင်းသား ရဟန္တာဖြစ်သွားပုံကို (အခန်း ၉၇) ၌ ဖော်ပြထား၏။]

၈၆။ သားတော်ရာဟုလာအား ရှင်ပြုပေးခြင်း

ထိုနောက် ခုနစ်ရက်မြောက်သောအခါ ဘုရားရှင်သည် ရဟန္တာပေါင်းနှစ်သောင်းခြံရံလျက် ဘခင်မင်းကြီး၏ စံနန်းတော်သို့ ဆွမ်းဘုဉ်းပေးရန်ကြွလာသည်ရှိသော် ယသောဓရာ မိဖုရားသည် ခုနစ်နှစ်အရွယ်ရှိ သားတော်ရာဟုလာကို လှပတင့်တယ်စွာ တန်ဆာဆင်ပေးပြီး-

"ချစ်သား၊ ရဟန်းတော်ပေါင်း နှစ်သောင်းခြံရံလျက် ရွှေဆင်းတုကဲ့သို့ အဆင်းရှိ၍ တင့်တယ်လှပေသော ထိုရဟန်းမြတ်ကြီးကို ရှုစမ်းပါလော့။ ဤအရှင်မြတ်ကြီးကား တခြားမဟုတ်။ သားမောင့် ဘခင် ကျေးဇူးရှင်ပေတည်း။ မောင့်ဘခင်သည် မွေးမိခင်နှင့် ဤရွှေနန်းတော်ကြီး၌ စံပျော်နေစဉ်က ကြီးကျယ်လှသော ရွှေအိုးကြီးလေးလုံးတို့ ရှိခဲ့ကုန်၏။ ထိုရွှေအိုးကြီးလေးလုံးတို့သည် မောင့်ဘခင် တောထွက်၍ ရဟန်းပြုသွားသည်မှစပြီး ယခုတိုင် မိခင်တို့မမြင်ရတော့ကုန်။ ဘယ်အရပ် ဘယ်သူ လက်ထဲမှာလျှိုဝှက်ခဲ့သည်ကို မသိရပါ။ ချစ်သားမှာမူ ထီးနန်းအုပ်ချုပ်မင်းလုပ်ရမည့်သူ ဖြစ်

ချေသည်။ သားဖြစ်သူသည် ဘခင်၏ အမေ့ကိုပိုင်ဆိုင် ခံယူရမြဲ ဖြစ်သည်။ သို့ဖြစ်၍ မောင်ဘဘုရားထံချဉ်းကပ်ပြီး 'ဘခင်၊ သားတော်အား အမေ ပေးတော်မူပါဘုရား'ဟု ဆို၍ အမေ့တောင်းချေလော့"ဟု စေလွှတ်လိုက်လေ၏။

ရာဟုလာ မင်းသားလည်း ဘုရားရှင် ဆွမ်းဘုန်းပေးရာ အနီးသို့ ချဉ်းကပ်၍ ဘခင်၏ချစ်ခြင်းဖြင့် ရဲဘင် ရွှင်လန်းစွာရပ်လျက် "ဘခင် ရဟန်းမြတ်ဘုရား၊ ဘခင်ဘုရား၏ အရိပ်သည် လွန်စွာ အေးမြချမ်းသာလှ၏" စသည်ဖြင့် မိမိနှင့်လျော်ရာစကားတို့ကို ပြောဆိုနေလေ၏။ ဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးပြီးလျှင် နေရာမှထ၍ ရဟန္တာအပေါင်းခြံရံလျက် ရွှေနန်းတော်မှ ထွက်ကြွတော်မူ၏။

ရာဟုလာ မင်းသားလည်း "ဘခင် ရဟန်းမြတ်၊ ကျွန်ုပ်အား အမေ့ ပေးသနားတော်မူပါ။ အဘဉာစွာဟူက သားရစမြဲ ဖြစ်ပါသည်"ဟု အမေ့တောင်းလျက် သင်္ကန်းစွန်းကို ဆွဲကိုင်ကာ ဘုရားရှင်နောက်သို့ ကောက်ကောက် လိုက်လေ၏။ ဘုရားရှင်က "ချစ်သား၊ ပြန်လော့"ဟုလည်း မိန့်တော်မမူ။ နောက်ပါရဟန်းတို့ကလည်း မဟန့်တားဝံ့ကြချေ။ ဤသို့ ရာဟုလာသည် အမေ့တောင်းရင်း လိုက်လာရာ ကျောင်းတော်သို့ ရောက်လေ၏။

ထိုအခါ ဘုရားရှင်သည် "ငါ့သားတော် ရာဟုလာကား ဥစ္စာအမွေကို အလိုရှိ၏။ ဤလောကီဥစ္စာအမွေကား သံသရာ၌ ရှည်လျားစွာ ဆင်းရဲဘို့သာ ဖြစ်ချေ၏။ ငါဘုရားသည် ကြိုးစားကုတ်ကပ် ရှာ၍ရခဲ့သော 'လောကုတ္တရာ အမွေအနှစ်'ကိုသာ ပေးတော်မူအံ့"ဟု မိန့်တော်မူပြီး အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ "ဤရာဟုလာမင်းသားကို ငါ့ အမွေပေးသနားတော်မူလိုသည်။ ရာဟုလာကို ရှင်ပြုပေးလော့"ဟု မိန့်တော်မူလေ၏။

ထိုအခါ အရှင်မောဂ္ဂလ္လာန်သည် ဆံရိတ်ပေး၍ သင်္ကန်းဝတ်ပေးရ၏၊ အရှင်သာရိပုတ္တရာက 'သရဏဂုံ'ပေးရ၍ 'ဥပဇ္ဈာယ်ဆရာ' ဖြစ်၏။ အရှင်မဟာဃသပကား ရှင်ရာဟုလာ၏ အဆုံးအမ သိက္ခာပေးရသည့် 'သိက္ခာဆရာ' ဖြစ်၏။

"ရာဟုလာ မင်းသားကို ရှင်ပြုပေးပြီတဲ့"ဟူသော သတင်းကို သုဒ္ဓါဒနမင်းကြီး ကြားလေသော် နှလုံးမသာ ပြင်းစွာ စိတ်ဘုန်လှုပ်ထိခိုက်သဖြင့် ဘုရားရှင်ထံ အလျင်အမြန်သွား၍ ဤသို့ လျှောက်၏။

"သားတော်ဘုရား၊ သားတော်ဘုရား၏ စကြဝတေး ဖြစ်မည့်အရေးကို မြော်ကိုးပြီး အစောင့်တင်းကြပ်စွာ ချထားပြီး စောင့်ရှောက်ခဲ့သည့်ကြားမှ

ဘခင်ကို မငဲ့ကွက်, သားတော် တောထွက်ရဟန်းပြုသွားခြင်းကြောင့် ဘခင်မှာ ကြီးစွာသော စိတ်ဆင်းရဲမှုကို ခံစားခဲ့ရပါ၏။ ထိုနောက် သားတော် ဘုရားသည် သည်မျှနှင့် မနေဘဲ နန်းလျာထားသော သားမင်းနန်ကို တဖန် ဆောင်ယူ၍ ရဟန်းပြုပေးသောကြောင့်လည်း ဘခင်မှာ အတိုင်းထက်အလွန် စိတ်ဒုက္ခ ဖြစ်ခဲ့ရပြန်ပါ၏။ သားကြီး, သားငယ်ပင် ရဟန်းပြုသွားကြစေကာမူ မြေးတော် ရာဟုလာ နန်းမှာ ကျန်ရစ်၍ ထီးနန်းစိုးစံကာ စကြ၀တေးမင်း၏ အာသရကို ရှုမြင်ရမူ တော်ပေပြီဟု စိတ်ကို ဖြေနိုင်ခဲ့ပါ၏။ သို့ပေမယ့် 'ယခု မြေးတော်ကိုလည်း ဆောင်ယူ၍ ရဟန်းပြုပေးသဖြင့် ဘခင်မှာ အရိုက်အရာခံမည့်သူလည်း မရှိ။ ဆွတော် မျိုးတော်အပေါင်းကို အုပ်ဆောင်းစောင်မနိုင်သူလည်း မရှိပြီ။ ရာဇပဝေသဏီ (မင်းစဉ် မင်းဆက်) သာကိယမင်းမျိုးအနွယ်ဆက်ပင် ပြတ်ခေျပေပြီ။ ဘခင်သည် ဘုရား, တရား, သံဃာကို လေးမြတ်သူ ဖြစ်လျက် အတိုင်းထက်အလွန် ပူပန်ဆင်းရဲ ကြေကွဲရပါ၏။ သူတထူးတို့အဘို့ အဘယ်မှာ ဆိုဘွယ်ရာ ရှိတော့ပါအံ့နည်း။ မိဘများ၏ သားမြေးတို့၌ ချစ်ခြင်းသည် ရိုးတွင်းခြင်ဆီကို ထိလျက် တည်ပါ၏"

ထိုအခါ ဘုရားရှင်က မင်းကြီးအား တရားစကားကို ညွှန်ပြတော်မူ၍ "**ပဗ္ဗဇိတသုတ်**" ဒေသနာကို ဟောတော်မူ၏။

ထို့နောက် မင်းကြီးက "အရှင်ဘုရား၊ ကြီးမားသော အကျိုးပင် ရှိသော်လည်း တရားကို မသိမမြင်သော မိဘတို့သည် စိတ်ကို မထိန်းနိုင်ရာ။ သို့ဖြစ်၍ 'ယနေ့မှစပြီး မိဘတို့ အနှုးအညှတ် ခွင့်မပြုအပ်သော သားသမီးကို သားတော်ဘုရား ယူ၍ ရဟန်းပြုမပေးပါမည့်' အကြောင်း ခမည်းတော် တောင်းပန်လိုပါ၏" ဟူ၍ လျှောက်ထားလေ၏။

ဘုရားရှင်လည်း ဝန်ခံတော်မူ၍ ဘခင်မင်းကြီး ပြန်လေလျှင် ရဟန်းတို့ကို ခေါ်တော်မူပြီး "ရဟန်းတို့၊ မိဘတို့က ခွင့်မပြုအပ်သော သားကို ရဟန်းပြုမပေးရ။ ပြုပေးသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ" ဟု သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

၈၇။ ဘခင် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်ဖြစ်ခြင်း

ထို့နောက် တနေ့သ၌ နန်းတော်ဝယ် ဘုရားရှင် ဆွမ်းဘုဉ်းပေးတော်မူအပြီး တွင် ဘခင်မင်းကြီးက "သားတော်ဘုရား၊ အရှင်ဘုရား ဒုက္ကရစရိယာ ကျင့်စဉ်ကနတ်သားတဦးသည်လာ၍ 'သင်မင်းကြီး၏သားသည် ဘုရားမဖြစ်နိုင်ပြီ။

စကြံ့ဦးတွင် ကမ္မဋ္ဌာန်းစီးဖြန်းစဉ် ပုံပုံလဲ၍ သေရှာပြီ'ဟု သုံးကြိမ်တိုင် ပြောဆိုလာပါသည်။ ထိုစကားကို ခမည်းတော် မယုံဘဲ 'ငါ့သားအဘို့ ဘုရားအဖြစ်သို့ မရောက်ဘဲ သေလွန်ခြင်းဟူသည် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်'ဟု ဆို၍ ပယ်လိုက်ပါ၏။ ဆိုသည့်အတိုင်း မှန်သည်ကို အောက်မေ့၍ အလွန်ဝမ်းမြောက်လှပါ၏''ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က ''ဘခင်မင်းကြီး၊ ပါရမီ ရင့်လေပြီဖြစ်သော ယခုဘဝ၌ သင် ဘခင်မင်းကြီး အဘယ်မှာ ယုံပေအံ့နည်း။ ပါရမီနုစဉ်သာ ဖြစ်သေးသောရှေးလွန်လေပြီးသောဘဝဝယ်သင်ဘခင်မင်းကြီး'မဟာဓမ္မပါလ' သူဌေး ဖြစ်စဉ်က ဒိသာပါမောက္ခဆရာကြီး လာ၍ တူရာအရိုးကို ပြပြီး 'သင့်သားသေလေပြီ'ဟု အလီလီ ပြောသည်ကိုပင် မယုံကြည်ဘူးလေပြီ''ဟု မိန့်တော်မူပြီး'မဟာဓမ္မပါလဇာတ်'(ဇာ-၄၄၇)ကိုအကျယ်အားဖြင့် ဟောပြတော်မူလေ၏။ ဤတရားကို နာရသော် ဘခင် သုဒ္ဓေါဒန မင်းကြီးသည် 'အနာဂါမ်'ဖြစ်လေ၏။

၈၈။ သာကီဝင်မင်းသားများ ရဟန်းပြုကြခြင်း

ဘုရားရှင်သည် ဘခင် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ တသိန်းကိုးသောင်းသောဆွေတော်မျိုးတော်အပေါင်းအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် ဝါဆိုဝါနီးတွင် ကပိလဝတ်ပြည်မှ ဖဲကြွ၍ ဒေသစာရီ ကြွချီတော်မူရာ မလ္လတိုင်း 'အနုပိယ'မည်သော ရွာနိဂုံးသို့ ရောက်၍ သရက်ဥယျာဉ်တွင် သီတင်းသုံးနေတော်မူ၏။

ဘုရားရှင် နေပြည်တော်မှ ဖဲကြွသွားသော် သုဒ္ဓေါဒန မင်းကြီးသည် သာကီဝင်မင်း အပေါင်းတို့ကို စုဝေးစေပြီး ''အို သာကီဝင်မင်းအပေါင်းတို့၊ သင်တို့သည် ငါ၏သားတော် ဖွားမြင်ပြီး သားတော်၏ လက္ခဏာကိုဖတ်သည့် မင်္ဂလာပွဲနေ့၌ သင့်ဆွေတော်မျိုးတော် အပေါင်းတို့သည် 'သင်မင်းကြီး၏သားတော်မှာ စကြာမင်း ဖြစ်လျှင်လည်း ဖြစ်ပါစေ၊ ဘုရားဖြစ်လျှင်လည်း ဖြစ်ပါစေ။ မင်းသားအပေါင်း ခြံရံလျက် လှည့်လည်သွားလာရပါစေ့မည်' ဟု ဝန်ခံခဲ့ကြ၏။ ယခု အတုမရှိသော ဘုရားစင်စစ် ဖြစ်လေပြီ။ အရင်းအချာ မဟာဆွေမျိုးမှ ရဟန်း တဦးမျှ မရှိသေး။ ထို့ကြောင့် သားတော် ဘုရားအတွက် အခြံအရံ ဖြစ်စေရန် တအိမ်ထောင်လျှင် မင်းသားတဦးကျ

ငါ့အား ပေးဆက်ကြပြီး သားတော်ဘုရားထံ၌ ရဟန်း ပြုစေကြကုန်လော့" ဟု မိန့်ကြားလေ၏။

ထိုအခါ သာကီဝင်မင်း အပေါင်းတို့သည် တပြိုင်နက် ဝန်ခံကြပြီး သာကီဝင်မင်းသား တထောင်တို့သည် ဘုရားရှင် သီတင်းသုံးတော်မူရာ အနုပိယသရက်ဥယျာဉ်သို့ လိုက်ပါသွားရောက်ကြပြီး ဘုရားရှင်ထံ၌ ရဟန်း ပြုကြလေ၏။

ထို့နောက် သာကီဝင်အမျိုး၌ လွန်စွာ ကျော်စော ထင်ရှားကုန်သော သာကီဝင်မင်းသားများ ဖြစ်ကြသည့် "အနုရုဒ္ဓ၊ အာနန္ဒ၊ဘဒ္ဒိယ၊ ကိံလ၊ ဘဂု၊ဒေဝဒတ္တ(ဒေဝဒတ်)"ဟူသော မင်းသား ခြောက်ဦးတို့သည် "ဥပါလိ" အမည်ရှိသော ဆေတ္တာသည်ကို ခေါ်၍ ဘုရားရှင် ကြွတော်မူသော ခရီးဖြင့် လိုက်ကြလေ၏။

မလ္လတိုင်းအတွင်းသို့ ရောက်သွားပြီး ခရီးလမ်းအကြား၌ တောအုပ်ကြီး တခုကိုတွေ့လျှင် ကိုယ်တွင် ဆင်ယင်ဝတ်စားထားသော ရတနာတန်ဆာတို့ကို ချွတ်၍ အထုပ်ထုပ်ပြီးမှ ဥပါလိအား အပ်လျက် "အချင်း ဥပါလိ၊ ဤတန်ဆာတို့ကို မှီ၍ငါတို့အား ဘေးအန္တရာယ်ရှိချေမည်။ သင် ပြန်ယူသွား၍ အသက် မွေးရစ်လော့"ဟု ဆိုလေ၏။

ဥပါလိက "အတူလိုက်၍ ရဟန်း ပြုလိုပါကြောင်း" နှစ်ကြိမ်တိုင် တောင်းပန်လေ၏။ ထိုမင်းသားတို့က သုံးကြိမ်တိုင် ပြန်ခိုင်းသဖြင့် ဥပါလိသည် သုံးကြိမ်ဆိုသော အမိန့်ကို မလွန်ဆန်ဝံ့ရကား ငိုယိုလျက် ပြန်သွားရှာ၏။

မင်းသားတို့သည် ဆက်လက်သွားကြ၏။ ဥပါလိလည်း ပြန်၍ အတန် ငယ်ရောက်သော် "ငါသည် ဤတန်ဆာတို့ကို ယူ၍ နေပြည်တော်သို့ သွားခြင်းအံ့။ သာကီဝင်မင်းတို့က ငါ့အား 'မင်းသားတို့ကို သတ်၍ တန်ဆာတို့ကို ယူလာသည်' ထင်မှတ်ပြီး ငါ့ကို သတ်ကုန်လတံ့။ စည်းစိမ်ကြီးသော သာကီဝင်မင်းသားတို့ပင် ရဟန်းပြုနိုင်လျက် ငယ်ကျွန်မျှဖြစ်သော ငါသည် အဘယ့်ကြောင့် ရဟန်း မပြုနိုင်အံ့နည်း" ဟု ကြံလေ၏။ ယင်းသို့ ကြံပြီး၍ ဘဏ္ဍာထုပ်ကို "ယူလိုသူ ယူပစေ" ဟု သစ်ပင်တပင်၌ ချိတ်ဆွဲထားခဲ့ပြီး မင်းသားတို့ နောက်သို့ အမြဲလိုက်သွား၍ အကျိုးအကြောင်းကို ပြောပြလေ၏။

ထိုအခါ မင်းသားခြောက်ဦးတို့သည် ဥပါလိကိုပါ ခေါ်၍ သွားကြလေ၏။ ဘုရားရှင်ထံ ရောက်သော် မင်းသားတို့က "မြတ်စွာဘုရား၊ တပည့်တော်တို့သာကီဝင်မင်းမျိုးတို့သည် ဇာတိမာန်ဖြင့် ခက်ထန်ကြပါ၏။ ရဟန်းဖြစ်သောအခါ ရိုသေရာဖြစ်အောင် ဤဥပါလိကို ရှေးဦးစွာပင် ရဟန်းပြုပေးပါဘုရား" ဟု တောင်းပန်၍ ဥပါလိကို အလျင် ရဟန်းပြုစေပြီးနောက်မှ မိမိတို့ ခြောက်ဦး ရဟန်း ပြုကြလေ၏။

ထိုသူ ခုနစ်ဦးတို့ ရဟန်းပြုပြီ သော် ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက်ခရီးစဉ်အတိုင်းကြွတော်မူ၍ရာဇဂြိုဟ်ည်ပြဝေဠုဝန်ကျောင်း၌(ဒုတိယ) ဝါကပ် သီတင်းသုံးတော်မူ၏။ ဤဝါတွင်း၌ပင် "အရှင် ဘဒ္ဒိယ" သည် ဝိဇ္ဇာသုံးပါး, ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာ ဖြစ်လေ၏။ အရှင် 'အနုရုဒ္ဓါ'ကား ဒိဗ္စစက္ခု အဘိညာဏ်ကို ရလေ၏။ အရှင် 'အာနန္ဒာ 'ကား သောတာပန် ဖြစ်လေ၏၊ အရှင်ဘဂု, အရှင်ကိမိလ, အရှင်ဥပါလိတို့သည် နောင်သောအခါ ရဟန္တာ ဖြစ်ကြလေ၏။ အရှင်'ဒေဝဒတ်'ကား ပုထုဇဉ်၏ အဘိညာဏ်တန်ခိုးနှင့် ပြည့်စုံလေ၏။

[အနုရုဒ္ဓါသည် သုဒ္ဓေါဒနမင်းကြီး၏ ညီတော် 'သက္ကောဒန'မင်း၏ သားတည်း။ အစ်ကိုကား 'မဟာနာမ'မည်၏။ အနုရုဒ္ဓါသည် ရှေးကုသိုလ်ဘုန်းကံနှင့် ပြည့်စုံ၍ မရှိဟူသော စကားကိုပင် မကြားဘူးသူ ဖြစ်၏။ သူအလိုရှိသမျှကို နတ်များက ဖြည့်တင်းပေးကြလေ၏။ သူသည် လူ့ကိစ္စအကြောင်းကို အစ်ကိုဖြစ်သူ 'မဟာနာမ'က ပြောပြသဖြင့် စည်းစိမ်ကြီးစွာ ခံစားရလျက်လည်း လူ့ဘဝကို ငြီးငွေ့စက်ဆုပ်ပြီး သဒ္ဓါတရား ထက်သန်စွာဖြင့် ရဟန်းပြုလေ၏။

ဘဒ္ဒိယကားသုဒ္ဓေါဒနမင်း၏ နှမတော် 'ကာဠိဂေါဓာ'မည်သော မိဖုရား၏ သားတည်း။ သူသည် သဒ္ဓါတရားဖြင့် ရဟန်းပြုလာသူ မဟုတ်။ အနုရုဒ္ဓါ ရဟန်းပြုမည်ဆို၍ အနုရုဒ္ဓါကို မခွဲခွာနိုင်, ချစ်မြတ်နိုးခြင်းကြောင့်သာ ရဟန်းပြုလာသူ ဖြစ်၏။

အာနန္ဒာကား သုဒ္ဓေါဒနမင်းကြီး၏ ညီတော် 'အမိတောဒန'မင်း၏ သားတည်း။ ဘုရားအလောင်းတော်နှင့် တနေ့တည်း မွေးဖွားသူတည်း။

ဒေဝဒတ်ကား သုဒ္ဓေါဒနမင်း၏ ညီတော် သုပ္ပဗုဒ္ဓ မင်းကြီး၏ သားဖြစ်၏။ ယသောဓရာမိဖုရား၏ မောင်အရင်းတည်း။]

၈၉။ ဘုရားရှင် ဝါဆိုစဉ်ကို အကျဉ်းပြခြင်း

ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ပထမ ဝါတော် ၂၀ (=အနှစ် ၂၀)ကို "ပထမဗောဓိ" သို့မဟုတ် ဘုရားဖြစ်ပြီးနောက် ပထမ အခါခြိန်ပိုင်းဟု ခေါ်ဆို၏။ ထို ဝါတော် ၂၀-အတွင်း၌ ဘုရားရှင်သည် ဝါကပ်ရာ အမြဲနေရာဟူ၍ မရှိသေးဘဲ ကျတ်ထိုက်သော သတ္တဝါတို့ရှိရာ ထိုထို အရပ်သို့ ကြွရောက်၍ ဝါကပ်တော်မူလေ၏။

ယင်း ဝါ ၂၀-အတွင်း ဝါကပ်ရာဌာနများကို အောက်တွင် အကျဉ်း အားဖြင့် ဖော်ပြပေအံ့-

(၁) ဘုရားရှင်သည် ဗာရာဏသီပြည်အနီး ဣသိပတနမိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂိတို့အား ဓမ္မစက္ကာတရား ဟောကြားတော်မူ၍ ပထမ ဝါကပ်တော်မူ၏။

(၂-၄) ထို့နောက် ဘုရားရှင်သည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဝေဠုဝန်ကျောင်းတိုက်၌ ဒုတိယ, တတိယ, စတုတ္ထ၃-ဝါတိုင် ဝါကပ် သီတင်းသုံးတော်မူ၏။

(၅) ထိုနောက် ဘုရားရှင်သည် ဝေသာလီပြည်ကို အမှီပြု၍ မဟာဝုန် တောအုပ်အတွင်းဝယ် စုံလစ်မှန်းချန်းအထွတ်တပ်သော "ကူဋာဂါရ" ကျောင်း၌ ပဉ္စမဝါ ကပ်ဆိုတော်မူ၏။

(၆) ထို့နောက် မကုံလတောင် ချယားတောကျောင်းတိုက်၌ ဆဋ္ဌ ဝါ ကပ်ဆိုတော်မူ၏။

(၇) ထို့နောက် တာဝတိံသာနတ်ပြည်ဝယ် သီကြားမင်း၏ ပဏ္ဍုကမ္မလာမြကျောက်ဖြာထက်၌ အဘိဓမ္မာတရားကို ဟောတော်မူကာ သတ္တမဝါ ကပ်ဆိုတော်မူ၏။

(၈) ထို့နောက် ဘဂ္ဂတိုင်း သုံသုမာရဂိရပြည်ကို အမှီပြု၍ 'ဘေသကဋာ'မည်သော ပဲစင်းခုံတောကျောင်း၌ အဋ္ဌမဝါ ကပ်ဆိုတော်မူ၏။

(၉) ထို့နောက် ကောသမ်ဗီပြည်ကို အမှီပြု၍ ဃောသိတာရုံကျောင်းတိုက်၌ နဝမဝါ ကပ်ဆိုတော်မူ၏။

(၁၀) ထို့နောက် ပါလိလေယျက(=ပလလဲ) တောအုပ်ဝယ် ပလလဲ ဆင်မင်း၏ ပြုစုလုပ်ကျွေးခြင်းကို ခံယူလျက် ဒသမဝါ ကပ်ဆိုတော်မူ၏။

(၁၁) ထို့နောက် 'နာဠ'မည်သော ပုဏ္ဏားရွာကို အမှီပြု၍ နာဠိကာရုံကျောင်း၌ ကောဒသမ = ၁၁ ခု မြောက်ဝါ ကပ်ဆိုတော်မူ၏။

(၁၂) ထို့နောက် ဝေရဉ္ဇာပြည်ကို အမှီပြု၍ နဋ္ဌေရဘီလူး အုပ်စိုးအပ်သော တမာပင်ရင်း၌ ဒွါဒသမ = ၁၂ ခု မြောက်ဝါ ကပ်ဆိုတော်မူ၏။

(၁၃) ထို့နောက် စာလီယပြည် ဇန္တုရွာကို အမှီပြု၍ စာလီယတောင်ကျောင်း၌ တေရသမ = ၁၃ ခု မြောက်ဝါ ကပ်ဆိုတော်မူ၏။

(၁၄) ထို့နောက် ကောသလတိုင်း သာဝတ္ထိပြည်ကိုအမှီပြု၍ ဇေတဝန်ကျောင်းတိုက်၌ စုဒ္ဒသမ=၁၄ ခု မြောက်ဝါ ကပ်ဆိုတော်မူ၏။

(၁၅) ထို့နောက် သက္ကတိုင်း ကပိလဝတ်ပြည်ကို အမှီပြု၍ နိဂြောဓာရုံကျောင်းတိုက်၌ ပန္နရသမ= ၁၅ ခုမြောက်ဝါ ကပ်ဆိုတော်မူ၏။

(၁၆) အာဠဝီပြည်ကို အမှီပြု၍ အဂ္ဂါဠဝနတ်ကွန်း ကျောင်းတိုက်၌ သောဠသမ=၁၆ ခု မြောက်ဝါ ကပ်ဆိုတော်မူ၏။

(၁၇) ထို့နောက် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဝေဠုဝန်ကျောင်းတိုက်၌ သတ္တရသမ=၁၇ ခု မြောက်ဝါ ကပ်ဆိုတော်မူ၏။

(၁၈+၁၉)ထို့နောက် စာလီယပြည် ဇန္တုရွာကိုအမှီပြု၍ စာလီယတောင်ကျောင်း၌ အဋ္ဌရသမ,ကူနဝီသတိမ=၁၈ နှင့် ၁၉ ခု မြောက်(နှစ်ဝါ)ကပ်ဆိုတော်မူ၏။

(၂၀) ထို့နောက်ရာဇဂြိုဟ်ပြည်ကိုအမှီပြု၍ ဝီသတိမ= ၂၀ ခုမြောက်ဝါ ကပ်ဆိုတော်မူ၏။

(၂၁-၄၄)ထို့နောက် ၂၁ ဝါမှ ၄၄ ဝါ အထိ "၂၄" ဝါတိုင်တိုင် ကောသလတိုင်း သာဝတ္ထိပြည်ကို အမှီပြု၍ ဇေတဝန်ကျောင်းတိုက်နှင့် ပုဗ္ဗာရုံကျောင်းတိုက်များ၌ အမြဲ ဝါကပ် သီတင်းသုံးတော်မူ၏။

(၄၅) ထို့နောက် ပရိနိဗ္ဗာန်စံတော်မူခါနီး၌ ဝေသာလီပြည်, ဗေဠုဝရွာငယ်၌ နောက်ဆုံး ၄၅ ခု မြောက်ဝါ ကပ်ဆိုတော်မူ၏။

ဤသည်ကား ဘုရားရှင် ဝါဆိုစဉ် စာရင်းအကျဉ်းပေတည်း။ ဖော်ပြပါနေရာများ၌ ဝါတွင်း သုံးလ သီတင်းသုံးသော်လည်း ဝါကျွတ်သော်ကား ကျွတ်ထိုက်သည့် သတ္တဝါများရှိသော ထိုထို မြို့ရွာဇနပုဒ်များသို့ လည့်လည် ဒေသစာရီကြွခြီ၍ သတ္တဝါတို့အား တရားဟော ခွေခွတ်တော်မူလေသည်။

ရာဇဂြိုဟ်ပြည်၌ ဒုတိယ, တတိယ, စတုတ္ထ ဝါ ကပ်ခြင်း

၉၀။ အနာထပိဏ်သူဌေး ဘုရားရှင်ကို ဖူးမြင်ခြင်း

ဘုရားရှင်သည် ကပိလဝတ်ပြည်မှ ပြန်ကြွလာပြီးလျှင် မဂဓတိုင်း ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတိုက်၌ ဒုတိယ, တတိယ, စတုတ္ထ (သုံးဝါတိုင်) ဝါကပ် သီတင်းသုံးတော်မူ၏။

သာဝတ္ထိပြည်၌ ဆွေစဉ် ခုနစ်ဆက်တိုင်အောင် အလှန်ကြွယ်ဝချမ်းသာသော "သုဒတ္ထ" အမည်ရှိ သူဌေးကြီးတဦးရှိ၏။ သူသည် ငတ်မွတ်ကြသည့် ဖုန်းတောင်းယာစကာ သူဆင်းရဲတို့အား တနေ့မပြတ် စား:ဘွယ်ထမင်းဖြင့် ပေးကမ်းလေ့ရှိသောကြောင့် "အနာထပိဏ္ဍိက (အနာထပိဏ်)" ဟု တွင်သတည်း။

သူသည် ရာဇဂြိုဟ်ပြည်၌နေသည့် "ဝိသာလ" မည်သော ရာဇဂြိုဟ်သူဌေး၏နှမ 'ပုဉ္ဇလက္ခဏာ'နှင့် ထိမ်းမြားသဖြင့် အမျိုးယောက်ဖတော်စပ်၏။ သို့တော်စပ်ရကား ထိုသူဌေးနှစ်ဦးတို့သည် သာဝတ္ထိပြည်နှင့် ရာဇဂြိုဟ်ပြည် တနှစ်လျှင် နှစ်ခေါက် သုံးခေါက် သွားလာကြ၍ ကူးသန်း ရောင်းဝယ်ဖောက်ကားကြလေ၏။ တဦးရောက်လာကြောင်း သတင်းပို့လျှင် အခြားတဦးက လာရောက်ကြိုဆိုကာ မိမိအိမ်၌ တည်းခိုစေ၍ ကျွေးမွေးပြုစုကြသတည်း။

သူသည် ရာဇဂြိုဟ်ပြည်၌နေသည့် "ဝိသာလ" မည်သော ရာဇဂြိုဟ်သူဌေး၏နှမ 'ပုဉ္ဇလက္ခဏာ'နှင့် ထိမ်းမြားသဖြင့် အမျိုးယောက်ဖတော်စပ်၏။ သို့တော်စပ်ရကား ထိုသူဌေးနှစ်ဦးတို့သည် သာဝတ္ထိပြည်နှင့် ရာဇဂြိုဟ်ပြည် တနှစ်လျှင် နှစ်ခေါက် သုံးခေါက် သွားလာကြ၍ ကူးသန်း ရောင်းဝယ်ဖောက်ကားကြလေ၏။ တဦးရောက်လာကြောင်း သတင်းပို့လျှင် အခြားတဦးက လာရောက်ကြိုဆိုကာ မိမိအိမ်၌ တည်းခိုစေ၍ ကျွေးမွေးပြုစုကြသတည်း။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ ဒုတိယဝါကပ်ဆိုသည့် နှစ်မှာပင် အနာထပိဏ်သူဌေးသည် ကုန်ပစ္စည်းများကို လှည်းငါးရာတို့ဖြင့် ဝယ်ယူ တင်ဆောင်ကာ ရာဇဂြိုဟ်ပြည်သို့ ခရီးထွက်ခဲ့လေသော် မြို့မရောက်မီ တယူဇနာကပင် ကြိုတင်၍ မိမိရောက်လာကြောင်း ရာဇဂြိုဟ်သူဌေးထံ (ရှေးကကဲ့သို့ လာရောက် ကြိုဆိုရန်) သတင်းပို့လိုက်၏။ ရာဇဂြိုဟ်သူဌေးလည်း ဘုရားရှင် သီတင်းသုံးတော်မူသည့် "သီတဝန" မည်သော တောကျောင်းသို့ သွားရောက်၍ တရားနာပြီးလျှင် နက်ဖြန်နံနက်အတွက် ဆွမ်းကို ဘုရားရှင်အမှူးရှိသော

သံဃာတော်အပေါင်းအား ပင့်ဖိတ်ခဲ့ပြီး ပြန်လာသည့်အခါ ထိုသတင်းသဝဏ်လွှာကို နားမထောင်နိုင်ဘဲ မိမိအိမ်၌ ဆွမ်းချက်ပြုတ်ရေးကိစ္စ အဝဝတို့ကိုသာ စီမံခန့်ခဲ့ လုပ်ကိုင်လျက်သာ နေပေ၏။

အနာထပိဏ်သူဌေးလည်း "လာကြိုနိုး"နှင့် ခရီးဆက်လာရာ ရာဇဂြိုဟ်သူဌေးအိမ်သို့ ရောက်သော်မှပင် အကြိုအဆိုကို မတွေ့ရ, အိမ်ထဲ ဝင်ရောက်သော်မှလည်း ရာဇဂြိုဟ်သူဌေးက မာကြောင်းသာကြောင်း နှုတ်ဆက်ရုံမျှ ပြုပြီး လုပ်စရာများကို လုပ်ကိုင်နေ၏။ စီမံဘွယ်ကိစ္စများပြီးမှ ရာဇဂြိုဟ်သူဌေးသည် အနာထပိဏ်သူဌေးထံသွား၍ ပျူပျူငှာငှာ ဝမ်းမြောက် ဝမ်းသာ စကား ပြောဆိုပြီး "အဆွေ အနာထပိဏ်၊ ဘုရားရှင်သည် ယခု ငါတို့ ရာဇဂြိုဟ်ပြည်၌ လူနတ်တို့အား တရားရေအား အမြိုက်ဆေးကို တိုက်ကျွေးကာ သီဘင်းသုံးနေကော်မူ၏။ ထိုဘုရားရှင်နှင့်သံဃာအပေါင်းအား နံနက်ဆွမ်းကပ်လုပ်ကျွေး၍ တရားနာရန် ငါ၏ အိမ်သို့ ပင့်ခဲ့သည်ဖြစ်၍ ခဲဘွယ်ဘောဇဉ်တို့ကို စီမံနေရသနည်း" ဟု ဆိုလေ၏၊

အနာထပိဏ်သူဌေးလည်း ဘုရားဟူသော စကားကို ကြားလိုက်ရလျှင်ပင် ဝမ်းမြောက်ဝမ်းသာရှိလှသဖြင့် "အဆွေ ဝိသာလ၊ ဘုရား ဟူသော စကား ကြားရရုံပင် ရခဲလှ၏။ ယခု ဘုရားရှိကြောင်းကြားရ၍ အတိုင်းမသိ ဝမ်းသာလှပါ၏။ ငါ့အား ဘုရားရှင်ထံ အမြန်ပို့ပေးပါ။ ဖူးမြင်လိုပါ၏" ဟု ဆိုလေ၏။ ဝိသာလကလည်း "အဆွေ အနာထပိဏ်၊ ယနေ့ကား အချိန်မဟုတ်ပြီ။ နက်ဖြန်နံနက်စောစောရောက်လျှင် ဘုရားရှင်သည် ငါ့အိမ်သို့ ကွလာလတံ့။ ထိုအခါမှ အားရအောင် သင်ဖူးမြင်ပါလော့" ဟု ဆို၏။

အနာထပိဏ်သူဌေးလည်း "နက်ဖြန် နံနက် ဘုရားရှင်ကို ငါ ဖူးတွေ့ရတော့အံ့" ဟူသော ပီတိ ငါးဖြာဖြင့် ထုံလျက် ဂုဏ် ကျေးဇူးတော်ကို အောက်မေ့၍ အိပ်လေ၏။ သူသည် သန်ကောင်ကျော်တွင် နိုး၍ လင်းပြီနှုတ်ပြီး သုံးကြိမ်တိုင်အောင် အိပ်ရာမှ အထမှားလေ၏။

ပစ္စိမယံ ရောက်လျှင် သူ၏မျက်စိထဲ၌ အလင်းရောင် ထင်လာသဖြင့် "အရုဏ်တက်ပြီ" ဟု ထင်မှတ်၍ အဆောတလျင် ထွက်သွားရာ "သိဝက" မည်သော မြို့တံခါးသို့ ရောက်လေသော် နတ်တို့က ဖွင့်ထားသဖြင့် အသင့်ပင် ထွက်ရ၏။ မြို့မှထွက်မိလျှင် ယခင် အလင်းရောင်သည်ပျောက်၍ အမှောင်အတိ ဖြစ်လေ၏။ ထိုအခါ အနာထပိဏ်သည် ကြောက်လန့် တုန်လှုပ်ချောက်ချား ကြက်သီးမွေးညှင်းများ ထလာသဖြင့် မြို့သို့ပြန်မည် ပြုသည်တွင် 'သိဝက' မည်သော နတ်ဘီလူးက "ရှေ့သို့ဆက်၍သွားရန်" ဂါထာ

ဖြင့် ရွတ်ဆိုရှ် တိုက်တွန်းလေ၏။ ထိုစကားကိုကြားလျှင် အနာထပိဏ်သည် ခရီးဆက်သွား၍ မကြာမီပင် ဘုရားရှင် သီတင်းသုံးရာ 'သီတဝန' တော အုပ်နားသို့ ရောက်သွားလေ၏။

ထိုအခါ သူသည် "အနာထပိဏ်သူဌေးဟူသော ငါ့အမည်ကို လူအများ ပင် သိကြ၏။ ငါ့မိဘများက မှည့်ထားသည့် ငယ်မည် 'သုဒတ္တ' ကိုကား ငါမှတပါး တခြားလူ မသိချေ။အကယ်၍ ဘုရားဟု ကြေငြာနေသော တိတ္ထိ ဆရာကြီးများနှင့်မတူ ကွဲပြားခြားနားပြီး ဘုရားအစစ် ဖြစ်ပါလျှင် ငါ့အား ငယ်နာမည် 'သုဒတ္တ'ဖြင့် ခေါ်ဝေါ်လိမ့်မည်"ဟု အကြံဖြစ်လေ၏။

ဘုရားရှင်လည်း စက်ကြွတော်မူစဉ် အနာထပိဏ်သူဌေး အဝေးမှ လာ သည်ကို မြင်လျှင်စက်ကြွ်မှသက်ကာ ကျောင်းတော်အပြင်သို့တက်၍ ခင်းထား သည့်နေရာ၌ နေတော်မူလင့်၏။ အနာထပိဏ်သူဌေး အနီးသို့ ရောက်လာ သော် ဘုရားရှင်က "ချစ်သား သုဒတ္တ လာလော့။ သင်၏ လာခြင်းကား စောစွာ့တကား"ဟု နှုတ်ဆက်တော်မူလိုက်၏။

ထိုစကားကိုကြားလျှင် အနာထပိဏ်သည် အလွန်နှစ်သက် ဝမ်းမြောက် လျက် ဘုရားရှင်ထံ ချဉ်းကပ်၍ ရိုသေတုပ်ကွ ရှိခိုးပူဇော်ကာ ထိုင်နေလေ၏။ ဘုရားရှင်က တရားဒေသနာကို အစဉ်အတိုင်း ဟောတော်မူသော် အနာ ထပိဏ်သူဌေးသည် သောတာပန်ဖြစ်၍ သရဏဂုံ သုံးပါးကို ဆောက်တည် ခံယူလေ၏။

ထိုနောက်မှ သူသည် ဘုရားရှင် အမှူးရှိသော သံဃာ အပေါင်းအား နက်ဖြန်အတွက် ဆွမ်းပင့်ဖိတ်ပြီး ဝိသာလ သူဌေးအိမ်သို့ ပြန်လာလေသည်။ ဘုရားရှင်လည်း ဆွမ်းခံချိန်ရောက်သော် သံဃာအပေါင်းခြံရံလျက် ဝိသာလ သူဌေးအိမ်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူ၏။ ဘုရားရှင်သည် ဆွမ်း အနုမော ဒနာ တရားဟောကြားပြီး၍ ပြန်ကြွတော်မူ၏။ ထိုအခါ အနာထပိဏ်က ဝိသာလအား နက်ဖြန်အတွက် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ဆွမ်းပင့်ဖိတ်ခဲ့ကြောင်း ပြောပြလေ၏။

ဝိသာလက "အဆွေ အနာထပိဏ်၊ သင်ကား ဧည့်သည်တည်း။ ဆွမ်း ကိစ္စအတွက် သင်မတတ်နိုင်ပေရာ။ ဤကိစ္စ၌ ကျွန်ုပ် လုပ်ကိုင်ပေးပါရစေ။ ဘုရားရှင်နှင့် သံဃာတော်အား ဆွမ်းကပ်ရုံမျှ ပြုပါလော့"ဟု ဆိုသော် အနာထပိဏ်က "အဆွေ၊ ကျွန်ုပ် တတ်နိုင်ပါ၏။ကိုယ်တိုင်သာပြုလုပ်ပါအုံ" ဟု ဆိုရှ် ပယ်လေ၏။

နောက် ထိုအကြောင်းကို ကြားကြသည့် ရာဇဂြိုဟ်ပြည်ရှိ မိတ်ဆွေသူကြွယ်တို့ကဌင်း၊ ဗိမ္မိသာရ မင်းကြီးကဌင်း ဆွမ်းကိစ္စကို ပြုလုပ်ပေးလိုကြောင်း တောင်းပန်ကြသော်လည်း အနာထပိဏ်က ပယ်သည်သာတည်း။

ထိုနေ့တွင် အနာထပိဏ်သည် ဆွမ်းကိစ္စကို ကိုယ်တိုင် စီမံကွပ်ကဲ လုပ်ဆောင်၍ နောက်တနေ့ နံနက်တွင် ဝိသာလသူဌေးအိမ်၌ပင် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား မွန်မြတ်သော ဆွမ်းဘောဇဉ်ဘို့ဖြင့် လုပ်ကျွေးလေ၏။

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသော် အနာထပိဏ်က "မြတ်စွာဘုရား၊ ရဟန်းသံဃာအပေါင်းနှင့်တကွ သာဝတ္ထိပြည်သို့ကြွ၍ သီတင်းသုံးတော်မူပါဘုရား" ဟု လျှောက်လေ၏။

ဘုရားရှင်က "သူဌေးကြီး၊ ဘုရားရှင်တို့မည်သည် ဆိတ်ငြိမ်ရာ အဖုပ်၌မွေ့လျော်တော်မူကုန်၏" ဟု မိန့်တော်မူသော် သူဌေးကြီးက "တပည့်တော် သိပါပြီဘုရား" ဟု လျှောက်လေ၏။ ဘုရားရှင်လည်း အနာထပိဏ်အား တရားတော်ကို ဟောကြားတော်မူပြီး ကျောင်းတော်သို့ ကြွတော်မူလေ၏။

အနာထပိဏ်သူဌေးလည်း ရာဇဂြိုဟ်ပြည်ဝယ် ပြုဘွယ်ကိစ္စ ဟူသမျှကို ပြုလုပ်ပြီးသော် သာဝတ္ထိပြည်သို့ ပြန်လေ၏။ ပြန်သောအခါ ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည်အကြား ၄၅ ယူဇနာ ဝေးကွာခဏ တယူဇနာ တယူဇနာဝေးသော မြို့ရွာတိုင်း၌ အနာထပိဏ်သည် မိတ်ဆွေ သူကြွယ်များကို စုဝေးစေ၍ အသပြာ တသိန်း တသိန်းစီ ပေးပြီးမှ "သင်တို့မြို့ရွာ၌ ကျောင်းဂၢဆောင် တဆောင် ဆောက်ပါလော့" ဟု မှာထား၍ သွား၏။

ဤသို့သောနည်းဖြင့် ရာဇဂြိုဟ်နှင့် သာဝတ္ထိအကြား ၄၅ ယူဇနာသော ခရီးကို တယူဇနာလျှင် ကျောင်းတဆောင်စီ ဆောက်စေ၍ သွားလေ၏။ သူသည် သာဝတ္ထိပြည်သို့ ရောက်သောအခါ ဘုရားရှင် သီတင်းသုံးရန် အလို့ငှာ သင့်လျော်သည့် နေရာကို ရွေးချယ် ရှာဖွေလေ၏။

၉၁။ အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းကြီး ဆောက်ခြင်း

အနာထပိဏ်သူဌေးသည် သာဝတ္ထိပြည်သို့ ပြန်ရောက်သော် ထက်ဝန်းကျင်တွင် ဘုရားရှင် သီတင်းသုံးရန်အတွက် သင့်လျော်သော-

(၁) "မြို့နှင့် မနီးလွန်းခြင်း၊
(၂) မြို့နှင့် မဝေးလွန်းခြင်း၊

(၃) သွားလမ်း လာလမ်းဖြင့် အသွားအလာ လွယ်ကူခြင်း၊
(၄) လူဘို့နှင့် မရောပြွမ်း, ဆူညံသံကင်းခြင်း၊
(၅) သူတော်ကောင်းတို့ မွေ့လျော်ဘွယ် ဖြစ်ခြင်း"

ဟူသည့် အင်္ဂါ ငါးရပ်နှင့် ပြည့်စုံသော မြေနေရာကို ကြည့်ရှုလေသော် ဇေတမင်းသား၏ ၁၆ ပယ် ကျယ်သော ဥယျာဉ်ကို တွေ့ရှိလေ၏။

သူဌေးကြီးသည် ဇေတမင်းသားထံသွား၍ "အရှင့်သား၊ ဤဥယျာဉ်၌ ဘုရားရှင်နေရာ ကျောင်းတိုက်ကို ဆောက်လိုပါသည်။ ကျွန်ုပ်အား ရောင်းပါ" ဟု ဆို၏။

မင်းသားက "သူဌေးကြီး၊ ကျွန်ုပ်၏ ဥယျာဉ်ကို ဥယျာဉ်မြေတပြင်လုံး၌ အသပြာတို့ကို တစပ်တည်း အပြည့်ခင်း၍ ပေးသဖြင့်လည်း မပေးနိုင်ပါ" ဟု ဆိုလိုက်၏။

ထိုအခါ သူဌေးကြီးက "အရှင့်သားသည် ဥယျာဉ်ရောင်းစျေးကို ပြောဆိုပြီးလေပြီ။ ထိုမျှကိုပေး၍ ဝယ်ပါအံ့" ဟု ဆိုလိုက်၏။

မင်းသားက "သူဌေးကြီး၊ ကျွန်ုပ်သည် ဥယျာဉ် ရောင်းမည့်စျေးကို မပြောပါတကား" ဟု ဆိုလေ၏။

ထိုသူ နှစ်ဦးသည် ဥယျာဉ်ရောင်းဝယ်ခြင်း၊ စျေးဖြတ်ခြင်း၌ငြင်းခုန်ကြ၍ တရားရုံးသို့ သွားကြလေ၏။ တရားသူကြီး အမတ်များက နှစ်ဦးလုံး၏ စကားကို နားထောင်ပြီး "သင်မင်းသားသည် ဥယျာဉ်မြေ တပြင်လုံး၌ အသပြာတို့ကို တစပ်တည်းခင်း၍ ပေးသဖြင့်လည်းဟု ဆိုခြင်းသည်ပင် ရောင်းစျေးကို ဖြတ်ပြီး ဖြစ်ပါသည်" ဟု ဆုံးဖြတ်ကြလေ၏။ ထိုအခါ သူဌေးသည် အသပြာတို့ကို လှည်းဖြင့် တိုက်ထုတ်စေပြီး ဥယျာဉ်မြေကို အသပြာတို့ဖြင့် တစပ်တည်းခင်းရာ တဆယ့်နှစ်ကုဋေ ကုန်သွားလေ၏။

တံခါးမုခ်နေရာ အနည်းငယ်အတွက် ခင်းရန် အသပြာ လိုနေသေး၍ သူဌေးကြီးသည် ကျေးကျွန်တို့အား အသပြာတို့ကို သွားယူခိုင်းသော် ဇေတမင်းသားသည် သူဌေးကြီး၏ ကောင်းမှုအတွက် ရက်ရော လွန်းခြင်းကို အံ့အားသင့်ကာ သဒ္ဓါတရားဖြစ်ပေါ်ရကား "သူဌေးမင်း၊ မခင်းပါနှင့်တော့။ ဤနေရာကလေးကို ကျွန်ုပ်ကုသိုလ်အဖြစ် ပေးပါလော့" ဟု ဆို၏။ သူဌေးကြီးလည်း ဇေတမင်းသား၏သဒ္ဓါတရားကို လေးစားသောအားဖြင့် ပေးလိုက်၏။ ဇေတမင်းသားသည် ထိုနေရာ၌ ဘုံ ခုနစ်ဆင့်ရှိ ကျောင်းတိုက် မုခ်ဦးပြာသာဒ်ကြီးကို ဆောက်လုပ်လှူဒါန်းလေ၏၊

အနထပိဏ်သူဌေးကြီးသည် ထိုအခါမှစ၍ လက်သမား, အလုပ်သမား တထောင်ခန့်တို့ကို ငှားရမ်းပြီး သစ်, ကျောက်, အုတ်, အင်္ဂတေတို့ကို စုရုံးစေ၏။ စုရုံးပြီးလျှင် ထိုဇေတမင်းသား၏ ဥယျာဉ်ထဲသို့ ပယ်သင့်သော သစ်ပင်များကို ပယ်၍ရင်း၊ ချန်သင့်သော သစ်ပင်တို့ကို ချန်၍ရင်း ဘုရားရှင် သီတင်းသုံးတော်မူရန် "ဂန္ဓကုဋ္ဌိ ကျောင်းတော်နှင့်တကွ အရံကျောင်းကြီးများ၊ ခမ်းနားလှစ္ဆာသော ကျောင်းဦး ပုခ်ပြာသာဒ်ကြီးများ၊ သံသာတော်များ စုဝေးကြရန် တန်ဆောင်းဝန်းကြီးများ၊ မီးတင်းကုပ်များ၊ ကပ္ပိယကုဋ္ဌိကျောင်းများ၊ ဝစ္စကုဋ္ဌိများ၊ အမိုးနှင့်တကွသော မြေစင်္ကြံများ၊ အမိုးနှင့်တကွဘော ရေတွင်းများ၊၊ အမိုးနှင့်တကွသော ရေချိုးခန်းများနှင့် ချွေးထုတ်အုံများ၊ လေးထောင့် ရေကန်များ၊ မဏ္ဍပ်များ" စသည် လိုလေးသေး မရှိအောင် သူ့နေရာနှင့်သူ နေ့သန့်ရာ၊ ညဉ့်သန့်ရာ အဆောက်အဦများပါ အပြည့်အစုံ ကျောင်းတိုက်ကြီးကို တည်ဆောက်လေ၏။

ထိုဇေတဝန်ကျောင်းတိုက်ကြီးကို လက်သမား တထောင်တို့ဖြင့် ဆောက်လုပ်ရာ ကိုးလကြာမှ ပြီးစီး၍ စုစုပေါင်း တဆယ့်ရှစ်ကုဋ္ဌေ ကုန်ကျသတည်း။

၉၂။ အရှင်အနုရုဒ္ဓါမထေရ်အကြောင်း

ဘုရားရှင်သည် ကပိလဝတ်ပြည်သို့ ပထမဦးဆုံး ကြွရောက်၍ ဆွေတော်မျိုးတော်တို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ပြန်လည်ကြွချီစဉ် 'အနုပိယ' တောအုပ်၌ ခေတ္တ သီတင်းသုံး နေတော်မူ၏။ ထိုအခါ 'ဘဒ္ဒိယ' အနုရုဒ္ဓါ၊ ကိမိလ၊ ဘဂု၊ အာနန္ဒာ၊ ဒေဝဒတ်မည်သော မင်းသားခြောက်ဦးတို့သည် ဥပါလိ ဆေတ္တာသည်နှင့်တကွ အနုပိယ တောအုပ်သို့ သွားရောက်၍ ဘုရားရှင်ထံ ရဟန်းပြုကြလေ၏။

အရှင် အနုရုဒ္ဓါသည် ထိုဝါတွင်း၌ပင် (ပုထုဇဉ် အဖြစ်)နှင့် သမာပတ်ရှစ်ပါးတို့နှင့်တကွ တထောင်သော လောကမာတ်စကြဝဋ္ဌာတို့ကို မြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရရှိလေသည်။ သူသည် တနေ့သ၌ အရှင်သာရိပုတ္တရာထံသို့သွား၍-

"ငါ့ရှင် သာရိပုတ္တရာ၊ ကျွန်ုပ်သည်-

(၁) ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် တထောင်သော လောကမာတ်ကို မြင်နိုင်ပါ၏။

(၂) မတွန့်မဆုတ် လုံ့လ ဝီရိယကို အားထုတ်ပါ၏။ မေ့လျော့ခြင်း မရှိဘဲ သတိသည် ထင်ပါ၏။ ကိုယ်သည် ပူပန်ခြင်း မရှိဘဲ ငြိမ်းအေးပါ၏။ စိတ်သည် တဒုတည်းသော အာရုံ ရှိသည်ဖြစ်၍ ကောင်းစွာ တည်ကြည်ပါ၏။

(၃) ထိုသို့ ဖြစ်ပါလျက်လည်း ကျွန်ုပ်၏စိတ်သည် အာသဝေါတရား တို့မှ မလွတ်ကင်းသေးပါ" ဟုလျှောက်၏။

ထိုအခါ ရှင်သာရိပုတ္တရာက "ငါ့ရှင်အနုရုဒ္ဓါ

(၁) ငါသည် ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် တတောင်သောလောကဓာတ်ကို မြင်နိုင်၏ဟု သင်ကြံခြင်းသည် သင့်သန္တာန်၌ မာနရှိ၍နေ၏။

(၂) 'ငါသည် ဝီရိယ, သတိ, သမာဓိ ရှိ၏'ဟု သင်ကြံခြင်းသည် သင့်သန္တာန်၌ စိတ်ပျံ့လွင့်မှု=ဥဒ္ဓစ္စ ဖြစ်၍နေ၏။

(၃) 'ထိုသို့ဖြစ်လျက် ငါသည် အာသဝေါတရား တို့မှ မကင်းလွတ်သေး'ဟု သင်ကြံခြင်းသည်ပင် သင့်သန္တာန်၌ တွေးတောမှု=သံသယ ကုက္ကုစ္စ ဖြစ်၍နေ၏။

ထို့ကြောင့် သင်သည် မိမိသန္တာန်၌ ဖြစ်ပွားနေသော ဤမာန, ဥဒ္ဓစ္စ, ကုက္ကုစ္စ တရားသုံးမျိုးကို ပယ်စွန့်ကာ ဤတရားသုံးပါးလုံးကို နှလုံးမသွင်းဘဲ နိဗ္ဗာန်သို့ မိမိစိတ်ကို ပို့ဆောင်လေလော့" ဟူ၍ ဂမ္ဘီရဉာဏ်းတရား ဟောကြားလေ၏။

ထိုအခါ အရှင်အနုရုဒ္ဓါသည်ကမ္မဋ္ဌာန်းကို သင်ယူပြီးနောက် ဘုရားရှင်ကို ပန်ကြားပြီးလျှင် စေတတိုင်းသို့ သွားရောက်ကာ 'အရှေ့ဝါးတော'အရပ်၌ နေထိုင်၍ တဆယ့်ငါးရက်တိုင် မအိပ်မနေ စင်္ကြံသွား၍ တရားအားထုတ်လေ၏။

တဆဲ့ငါးရက်ပြည့်သောအခါ မထေရ်သည် ပင်ပန်းနွမ်းနယဲလှသည်ဖြစ်၍ ဝါးရုံတခု၏အောက်၌ ဘွတ် အပန်းဖြေထိုင်နေစဉ်တွင် စိတ်ထဲ၌-

"ဤလောကုတ္တရာတရား ကိုးပါးသည်-

(၁) အလို'=လောဘတဏှာ'နည်းသော ပုဂ္ဂိုလ်၊
(၂) ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်၊
(၃) ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်၊
(၄) လုံ့လထက်သန်သော ပုဂ္ဂိုလ်၊

(၅) သတိမြဲသော ပုဂ္ဂိုလ်၊
(၆) တည်ကြည်သောစိတ်ရှိသည့် ပုဂ္ဂိုလ်၊
(၇) ပညာရှိသောပုဂ္ဂိုလ်-တို့၏ သန္တာန်မှာသာပြည့်စုံနိုင်၏။ တခြား ပုဂ္ဂိုလ်တို့၏သန္တာန်မှာ မဖြစ်နိုင်''

ဟူ၍ 'မဟာပုရိသဝိတက်'ခေါ်ယောကျ်ားမြတ်တို့၏ အကြံကြီး ခုနစ်ခုတို့ ပေါ်လာကြလေ၏။

ထို့နောက် မထေရ်သည် တဆင့်တက်၍ ရှစ်ခုမြောက်ဖြစ်သော မဟာပုရိသဝိတက်ကြီးကို ဆက်လက် ကြံစည် ဆင်ခြင်ရန် ပင်ပန်းလျက် ရှိလေ၏။ သာဝကတို့အဘို့ ဤတရားခုနစ်ပါးကိုမျှသာ စဉ်းစား ဆင်ခြင်နိုင်ပြီး ထို့ထက် ပိုလွန်သော တရားမျိုးကို စဉ်းစားဆင်ခြင်ရန် မစွမ်းနိုင်သည်သာ တည်း။

ထိုအခါ ဝါးတော၏ အနောက်ဘက်ရှိ ဘဂ္ဂတိုင်း 'သံသုမာရဂိရ'မြို့ 'ဘေသကဋ္ဌာ'မည်သော ဘေးမဲ့တော၌ သီတင်းသုံးတော်မူလျက် ရှိသော ဘုရားရှင်သည် ''အနုရုဒ္ဓါမှာ ရှစ်ခုမြောက် မဟာပုရိသဝိတက်ကြီး၌ ပင်ပန်းလျက်နေ၏''ဟု သိမြင်တော်မူ၍ ''အနုရုဒ္ဓါ၏အကြံကို ငါဘုရားဖြည့်စွက်ပေးအံ့''ဟု ကြံစည်တော်မူကာ တန်ခိုးတော်ဖြင့် ခဏအတွင်းမှာပင် အရှင်အနုရုဒ္ဓါ၏ မျက်မှောက်သို့ကြွလျက် ခင်းထားပြီးရှိနှင့်သော နေရာတွင် ထိုင်တော်မူပြီးလျှင်-

''ချစ်သားအနုရုဒ္ဓါ၊ ကောင်းစွာ့, ကောင်းစွာ့။ သင်သည် ဤသို့သော မဟာပုရိသအကြံကြီး ခုနစ်ပါးတို့ကို ကောင်းစွာပင် ကြံပေ၏။ အနုရုဒ္ဓါ၊ ထိုသို့ဖြစ်လျှင် 'ဤလောကိုတ္တရာတရားကိုးပါးသည် သံသရာကို ချဲ့ထွင်တတ်သည့် 'တဏှာ, မာန, ဒိဋ္ဌိ'ဟူသော ပပဉ္စတရားမှ ကင်းလွတ်ရာနိဗ္ဗာန်၌ မွေ့လျော်ပျော်ပိုက်သော ပုဂ္ဂိုလ်၏သန္တာန်မှာသာ ပြည့်စုံနိုင်၏။ ပပဉ္စတရား၌ မွေ့လျော်ပျော်ပိုက်သော ပုဂ္ဂိုလ်၏သန္တာန်မှာ မပြည့်စုံနိုင်' ဟု ရှစ်ခုမြောက်သော မဟာပုရိသအကြံကိုလည်း ကြံဦးလော့'' ဟူ၍ ဖြည့်စွက်ပေးတော်မူလေ၏။

ထိုနောက် ဆက်လက်၍ ဘုရားရှင်သည် မထေရ်အား ''ဤ မဟာပုရိသဝိတက်ကြီး ရှစ်မျိုးတို့ကို ကြံစည်၍ နေလျှင် လောကီစျာန် လေးပါးတို့ကို အလွယ်တကူ ရယူဝင်စား နေနိုင်ကြောင်းကိုငှင်း၊ ထိုသို့ ဝင်စားနေလျှင် 'သက်နှင်း၌ ရောင့်ရဲလွယ်ခြင်း, ဆွမ်း၌ ရောင့်ရဲလွယ်ခြင်း, ကျောင်းအိပ်ရာ၌ ရောင့်ရဲလွယ်ခြင်း, ဘာဝနာအလုပ်၌ မွေ့လျော် ပျော်ပိုက်ခြင်း' ဟူသော

'အရိယဝံသ' ပဋိပတ်လေးပါးကို အလွယ်တကူနှင့် ရမည်ကိုဝင်း' အကျယ်ကဝင့် ဟောကြားတော်မူ၏။

ထိုနောက် ဘုရားရှင်သည် အရှင်အနုရုဒ္ဓါအဘို့ ကမ္မဋ္ဌာန်းအလုပ်အတွက် သပ္ပာယဖြစ်မည့် နေရာမှန်ကို ဆင်ခြင်တော်မူပြီးလျှင် "ချစ်သား အနုရုဒ္ဓါ၊ သင်သည် ထိုသို့ ဝါးတောဌ်နေမှသာ သပ္ပာယဖြစ်မည် ဖြစ်သောကြောင့် နောင်အခါဌ်လည်း စေတိတိုင်း ဤ ဝါးတောအရပ်ဌ်ပင် နေလေလော့" ဟု မိန့်တော်မူပြီး ကောင်းကင်သို့ပျံတက်၍ 'ဘေသကဋ္ဌာ' တောအုပ်သို့ပင် ကြွတော်မူပြီး ထိုတောအုပ်ဌ်ရှိသော ရဟန်းတို့အားလည်း ဤ မဟာပုရိသ ဝိတက်ကြီး ရှစ်ပါးတရားကိုပင် အကျယ် ဟောတော်မူပြန်လေ၏။

ဘုရားရှင် ကြွသွားတော်မူလျှင်ပင် အရှင်အနုရုဒ္ဓါသည် ရဟန်းတရားပွားများ အားထုတ်လေရာ မကြာမြင့်မီပင် (နောင်နှစ် ဝါတွင်းဌ်) ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ရဟန္တာမထေရ် ဖြစ်လေ၏။ နောင်သော အခါ ဘုရားရှင်သည် ဇေတဝန် ကျောင်းတိုက်ဌ် သီတင်းသုံးတော်မူစဉ် ရဟန်းများအား 'ဇေတဒဂ်' ဘွဲ့ ပေးတော်မူသောအခါဝယ် "ရဟန်းတို့၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသော ငါဘုရား၏ တပည့်ရဟန်းတို့တွင် အနုရုဒ္ဓါသည် အမြတ်ဆုံး ဖြစ်ပေ၏" ဟူ၍ 'ဒိဗ္ဗစက္ခုအဘိညာဏ်-ဇေတဒဂ်' အရာဌ် ထားတော်မူလေ၏။

၉၃။ အရှင်ပိဏ္ဍောလမထေရ်အကြောင်း

အရှင်ပိဏ္ဍောလ အလောင်းလျာကား ရာဇဂြိုဟ်ပြည်ဝယ် ဥစ္စာကြွယ်ဝသော ဗြာဟ္မဏမဟာသာလ အမျိုးဌ်ဖြစ်၍ 'ပိဏ္ဍောလ-ဘာရဒ္ဒါဇ' မည်၏။ သူသည် အရွယ်ရောက်သော် ဣတိဟာသ, ကေဋုဘ ကျမ်းတို့နှင့် တကွ ဗေဒင်သုံးပုံတို့ဌ် တဘက်ကမ်းခတ် တတ်မြောက်၏။ သူသည် ဘုရားရှင် ရာဇဂြိုဟ်ပြည်ဌ် ဝါဆိုသောအခါ ဥပါသကာတို့နှင့်တကွ ဘုရားကျောင်းတော်သို့ လိုက်လာ၍ ဘုရားရှင်ဟောကြားသည့် တရားတော်ကို နာရလျှင် အားကြီး လှစ္ဆာသော သဒ္ဓါတရား ဖြစ်ပေါ် လာသဖြင့် ဘုရားရှင်အား ရဟန်းအဖြစ် တောင်းပန်၍ ရဟန်းပြုလေ၏။ ရဟန်းဖြစ်၍ မကြာမြင့်မီပင် ဝိပဿနာကို လွန်စွာ အားထုတ်သဖြင့် အဘိညာဏ်ခြောက်ပါး, ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

သူသည် ရဟန္တာဖြစ်သည်မှ စ၍ သံကောက်တခုကို ကိုင်ပြီးလျှင် 'မဂ်တရား, ဖိုလ်တရားတို့၌ ယုံမှားသံသယရှိသည့် ပုဂ္ဂိုလ်ဟူသမျှ ငါ့ထံ လာမေးလော့'' ဟု ခြသေ့်မင်းကဲ့သို့ ရဲတင်းသောအသံပြုလျက် ပရိဝုဏ်တခုမှသည် ပရိဝုဏ်တခုသို့, တကျောင်းမှသည် တကျောင်းသို့ လှည့်လည် သွားလာ၏။

တရံတခါ သူသည် ဘုရားရှင်၏ ရှေ့တော်၌နေ၍လည်း ''ဤ သာသနာတော်၌ အာသဝေါကုန်ခန်း, ရဟန္တာမဖြစ်သေးသော ရဟန်းပုဂ္ဂိုလ် ဟူသမျှ ကိုပင် အာသဝေါကုန်ခန်းအောင် ငါ ပြုပေအံ့'' ဟု ကြုံးဝါးလေ့ရှိ၏။

ထိုအကြောင်းကြောင့် နောင်တွင် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သာဝကတို့အား ဇေဒဂ်အရာ ပေးတော်မူသောအခါ ''ရဟန်းတို့၊ သာသနာတော်နှင့်ပတ်သက်၍ ရဲတင်းစွာ ကြုံးဝါးဟောကြသော ငါဘုရား၏တပည့်ရဟန်း သာဝကများအနက် ပိဏ္ဍောလသည် အမြတ်ဆုံးဖြစ်ပေ၏'' ဟု မိန့်တော်မူ၍ အရှင်ပိဏ္ဍောလအား 'သီဟနာဒိက-ဇေဒဂ်'အရာ၌ ထားတော်မူလေ၏။

၉၄။ အရှင်မဟာကစ္စည်းမဝထရ်အကြောင်း

အရှင်မဟာကစ္စည်း၏ အလောင်းလျာကား 'အဝန္တီ' တိုင်း 'ဥဇ္ဇေနီ' ပြည်ဝယ် စဏ္ဍပဇ္ဇောတမင်း၏ မိတ်ဆွေဖြစ်သော ပုရောဟိတ်ပုဏ္ဏား၏ သားတည်း။ ငယ်မည်မှာ 'ကစ္စာယန'(ကစ္စည်း) မည်၏။ အခါတပါး၌ ရာဇဂြိုဟ်ပြည်သား ကုန်သည်တို့သည် ဥဇ္ဇေနီပြည်သို့ ကူးသန်း ရောင်းဝယ်ရန် သွားကြလေ၏။

ဥဇ္ဇေနီ ပြည့်ရှင် 'စဏ္ဍပဇ္ဇောတ' မင်းကြီးသည် ထို ကုန်သည်တို့ ထံမှ ''ရာဇဂြိုဟ် ပြည်၌ အတု မရှိသော ဘုရားရှင်မြတ် သီတင်း သုံးတော်မူကြောင်း'' ကြားရလျှင် မှူးမတ်တို့ကို ခေါ်၍ ''အချင်းတို့၊ ဤ လောက၌ ကြားဘူရန်ပင် အလွန် ခဲယဉ်းလှပေသော သဗ္ဗညုဘုရားရှင် အကြောင်းကို ယခု ကြားသိရပေပြီ။ ထို ဘုရားရှင်ကို ငါတို့ တိုင်းပြည်သို့ ရောက်အောင် သွား၍ ပင့်ဆောင်ကြရမည်။ ဤကိစ္စ၌ အဘယ်သူ သွား၍ သင့်လျော်အံ့နည်း'' ဟု မေးလေ၏။

အမတ်တို့က ''အရှင်မင်းကြီး၊ ဥာဏ်ပညာနှင့် ဘုန်းအာနုဘော် ကြီးမားလှသော ပုဂ္ဂိုလ်ထံသို့ ဘုန်းပညာရှိသော ပုဂ္ဂိုလ်သာ ချဉ်းကပ်နိုင်ပါသည်။

ဤကိစ္စ၌ ကျွန်ုပ်တို့၏ ဆရာ 'ကစ္စာယန' ပုရောဟိတ်မှတပါး သွား၍ ပင့်ဆောင်ရာ၌ လျော်ကန်သည့်ပုဂ္ဂိုလ် မရှိပါချေ" ဟု လျှောက်ကြလေ၏။

ထိုအခါ မင်းကြီးက ပုရောဟိတ်ပုဏ္ဏား ကစ္စာယနအား "ဆရာသွား၍ ဘုရားရှင်ကို ပင့်ဆောင်ပါချေ" ဟု စေခိုင်း၏။

ကစ္စာယနပုဏ္ဏားက "မင်းကြီး၊ ကျွန်ုပ် ရဟန်းပြုရပါမူ ပင့်ဆောင်နိုင်ရာ၏" ဟု ဆိုသော်-

မင်းကြီးက "ဆရာအလိုရှိတိုင်းပင် ပြုလေ။ ဘုရားရှင်ကိုသာ ပါအောင် ပင့်ဆောင်ပါလော့" ဟု ခွင့်ပေးလေ၏။

ထိုအခါ ကစ္စာယန ပုဏ္ဏားသည် ရေးခြား လိမ်မာ ပညာကြီးသော ပုဏ္ဏား ခုနစ်ဦးကို ခေါ်၍ ရာဇဂြိုဟ်ပြည်သို့ သွားလေ၏။ ဝေဋ္ဌုဝန်ကျောင်းတော်သို့ ရောက်သော် ဘုရားရှင် တရားဟောတော် မူနေခိုက်နှင့် ကြုံ၍ ပရိသတ်အစွန်မှ နေကာ တရားကို နာလေ၏။ တရား၏အဆုံး၌ ထိုပုဏ္ဏား ရှစ်ဦးလုံး ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ် ခြောက်ပါးနှင့်တကွ ရဟန္တာ အဖြစ်သို့ ရောက်သဖြင့် ဘုရားရှင်အား ရဟန်းပြုခွင့် တောင်းခံကြလေ၏။ ဘုရားရှင်သည် ၎င်းတို့အား 'ဟိဘိက္ခု' ခေါ်၍ ရဟန်းအဖြစ်သို့ ရောက်စေတော်မူ၏။ ကစ္စာယန မထေရ်ကား ရဟန်းဖြစ်သော် မဟာကစ္စာယန (အရှင်မဟာကစ္စည်း) ဟု တွင်လေသတည်း။

အရှင်မဟာကစ္စည်းသည် ရဟန်းဖြစ်ပြီးသော် အရှင်ကာဋ္ဌုဒါယီမထေရ်ကဲ့သို့ပင် ဘုရားရှင် ဥဇ္ဇေနီပြည်သို့ ကြွတော်မူပါမည့် အကြောင်း ကာလ, သမယ, ဒေသခရီးကို ချီးမွမ်း၍ နားတော်လျှောက်လေ၏။

ဘုရားရှင်တို့မည်သည် အကျိုးထူးရှိအံ့သော အခြေအနေကို မြင်သည့် အခါရောက်မှသာ ကြွတော်မူလေ့ ရှိသောကြောင့် ယခုမူ အချိန်အခါ မရောက်သေးသဖြင့် အရှင်မဟာကစ္စည်း အား "ချစ်သား ကစ္စာယန၊ ဥဇ္ဇေနီပြည်သို့ သင်တို့သာ ရှေးဦးစွာသွားနှင့်၍ ဗုဒ္ဓုပ္ပါဒကို ကြားကြလေဦးလော့။ သင့်တင့်သောအခါရောက်မှ ငါဘုရား ကြွတော်မူအံ့" ဟု မိန့်တော်မူလေ၏။ ထိုအခါ အရှင်မဟာကစ္စည်းသည် မိမိနှင့် အတူ ပါလာသော ရဟန္တာ ခုနစ်ဦးနှင့် တကွ ကောင်းကင် ခရီးဖြင့် ကြွ၍ ခရီး အကြား၌ 'တေလနာဋ္ဌိ' မည်သော နိဂုံးရွာသို့ ဝင်၍ ဆွမ်းခံလေ၏။

ထို နိဂုံးရွာ၌ (ယခင်က ချမ်းသာကြွယ်ဝပြီး မိဘတို့ ကွယ်လွန်သော် အထိန်းမိန်းမကို မှီ၍ ဆင်းရဲစွာ အသက်မွေးရသော) ရှည်လျားသည့်ဆံပင် ရှိပြီး အလွန်အဆင်းလှသော 'ဒီဃကေသာ' အမည်ရှိ ဆင်းရဲသူမတဦးနှင့်

ရုပ်ရေ အသင့်အတင့်ဖြင့် ဆံပင် မရှိသော 'နိကေသီ' အမည်ရှိ သူကြွယ်မ တဦးတို့ ရှိကြလေ၏။ နိကေသီသည် ဒီဃကေသာအား ရှေးအခါက ငွေ တရာ,တထောင် စသည် ပေး၍ အကြိမ်ကြိမ် ဆံပင်ရောင်းရန် ပြောသော် လည်း မရခဲ့ပေ။ ထိုနေ့၌ကား မထေရ် ရှစ်ပါးသည် နိကေသီအိမ်၌ ဆွမ်း ရပ်၍မရသဖြင့် အိမ်စဉ်အတိုင်းကြွ၍ ဒီဃကေသာအိမ်သို့ ရောက်ကြလေ၏။

ထိုအခါ ဒီဃကေသာ သည် အလွန် သဒ္ဓါတရား ဖြစ်ပေါ်လာကာ "အရှင်ဘုရားတို့၊ တပည်တော်အား သနားတော်မူသော အားဖြင့် ဆွမ်း အလှူခံရန် အိမ်ထဲသို့ ကြွ၍ ဆိုင်းငံ့တော်မူကြပါ ဘုရား" ဟု လျှောက်၍ အိမ်သို့ပင့်လေ၏။ မထေရ်တို့လည်း အိမ်ပေါ်သို့ တက်၍ ထိုင်နေတော်မူ၏။ ဒီဃကေသာသည် အထိန်းမိန်းမကို ခေါ်၍ ဦးခေါင်းမှဆံတို့ကို ဖြတ်စေပြီး ထို နိကေသီမိန်းမ ထံသို့ သွားရောင်းစေ၏။

နိကေသီ သည် "ရှေးက ရောင်းခိုင်း၍ မရောင်း။ ယခုမှ ငွေလို၍ လာ ရောင်းသည်" ဟု ကြံ၍ "ဤ ဆံသည် ရှစ်ကျပ်သားတန်၏" ဟု ဆိုပြီး ရှစ် ကျပ်သာ ပေးလိုက်၏။ ဒီဃကေသာသည် အထိန်းမကြီး ယူလာသော ငွေ ရှစ်ကျပ်ဖြင့် ဆွမ်းဘောဇဉ်တို့ကို ဝယ်ယူ စီရင်လျက် အရှင်မြတ်တို့အား ဆွမ်းလှူဒါန်း လုပ်ကျွေးစေပြီး မိမိမူ ရှက်သဖြင့် အခန်းတွင်း၌သာ နေ လေ၏။

အရှင်မဟာကစ္စည်းလည်း ဆွမ်းဘုဉ်းပေးပြီ၍ အတိတ် အနာဂတ်ကို ဆင်ခြင်သော် ဒီဃကေသာ၏ အကျိုးပေးလတံ့ သည်ကို မြင်တော်မူ၍ ခေါ်စေတော်မူ၏။ ဒီဃကေသာလည်း ထွက်လာ၍ အရှင်မဟာကစ္စည်း မထေရ်ကို ဖူးမြင်ရလျှင် အတိုင်းထက် အလွန်ပင် ကြည်ညိုရကား "တပည့် တော် ပြုရသော ဤ ကောင်းမှု၏အကျိုးကို ဤဘဝ၌ပင် စံရပါလို၏" ဟု ဆုတောင်းလေ၏။ မထေရ် ရှစ်ပါးတို့လည်း တရား အနုမောဒနာ ပြုပြီး ထိုသူတို့ မြင်စဉ်ပင် ကောင်းကင်ခရီးဖြင့် ကြွသွားကြလေ၏။

ဒီဃကေသာလည်း သဒ္ဓါဗလဝဖြင့် ပူဇော်လိုက်သော ခဏ၌ပင် ဖြတ် သမျှသော ဆံပင်တို့သည် ပြကတေ့ ပြန်ဖြစ်ကုန်၏။ မထေရ်တို့လည်း ကောင်းကင်ဖြင့် ကြွ၍ ဥဇွေနီပြည်သို့ ရောက်လျှင် မင်းကြီး၏ ဥယျာဉ်၌ သက်ဆင်း၍ သီတင်းသုံးနေကြလေ၏။

စဏ္ဍပဇ္ဇောတ မင်းလည်း ထိုအကြောင်းကို ဥယျာဉ်မှူးထံမှ ကြားသိရ လျှင် ချက်ခြင်းပင် အားရ ဝမ်းသာစွာဖြင့် မှူးမတ်အပေါင်း ခြံရံလျက်

မထေရ်များထံ သွားပြီး "အရှင်ဘုရား၊ ယခု ဘုရားရှင် အဘယ်မှာနည်း" ဟု မေးလျှောက်လေ၏။

.အရှင်မဟာကစ္စည်း က "ဒကာတော် မင်းကြီး၊ ဘုရားရှင်သည် ငါတို့ ပြည်ရှာသို့ ကြွလာတော်မမူလိုသေး။ ရှေးဦးစွာ ငါတို့ကိုလွှတ်လိုက်၍ လာရချေ၏" ဟု မိန့်ကြားလေ၏။

"ဘုရားရှင် ဟောကြားသော တရားကို တပည့်တော်အား ဟောတော်မူပါဘုရား" ဟု တောင်းပန်၍ မထေရ်က တရားစကားအနည်းကို ဟောကြားလေ၏။

နောက် မင်းကြီးက "အရှင်ဘုရား၊ ရုဇဂို့ဟ်ပြည်မှ ဤပြည်သို့ ကြွလာသော် အဘယ်မှာ ဆွမ်းဘဉ်းပေးရပါသနည်း" ဟု လျှောက်သော် မထေရ်က ဆွမ်းဒါယိကာမ 'ဒီဃကေသာ'အကြောင်းကို အလုံးစုံ မိန့်ကြားလေ၏။ မင်းကြီးလည်း ထို ဒီဃကေသာ ကို ဆောင်စေပြီး အဂ္ဂမဟေသီအရာ၌ ထားလေ၏။

အရှင်မဟာကစ္စည်း မထေရ်လည်း ဥဇ္ဇေနီပြည်၌ နေကုန်သော် လူအပေါင်းတို့အား တရားဓမ္မ ဟောပြ၍ သဒ္ဓါတရားကို တိုးပွားစေလျက် ရဟန်းပြုလိုသော အမျိုးကောင်းသားတို့အားလည်း မျှားစွာ ရဟန်းပြုပေးတော်မူ၏။ မထေရ်သည် အဆင်းအဝါလည်း သူတပါးထက် သာလွန်၍ သပ္ပာယ်၏။ လျင်မြန်ထက်မြက် ထိုးထွင်းသိမြင်, ကြီးမားသောဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏။

နောင်တွင် ဘုရားရှင် ဇေတဝန်ကျောင်းသို့ ကြွရောက် သီတင်းသုံးသော အခါ "ရဟန်းတို့၊ ဘုရားရှင် အကျဉ်းအားဖြင့် ဟောအပ်သော တရားကို အကျယ်အားဖြင့် အနက် အဓိပ္ပာယ်ကို ဝေဘန်ပိုင်းခြား သိမြင်သော ငါဘုရား၏ တပည့်ရဟန်းများအနက် မဟာကစ္စည်းသည် အမြတ်ဆုံး ဖြစ်၏" ဟူ၍ မထေရ်အား 'ဝိဘင်္ဂ-တေဒင်' အရာ၌ ထားတော်မူလေ၏။

၉၅။ အရှင်သောဏမထေရ် အကြောင်း

'စမ္ပာနဂို့ရ်' ပြည်ဝယ် 'ဥပသေဋ္ဌ' မည်သော သူဌေးမှာ 'သောဏ' မည်သော သားတဦး ရှိ၏။ သောဏ သတို့သားသည် အရွယ်ရောက်သော် ပြာသာဒ် သုံးဆောင်ထက်၌ အလုပ်အကျွေးမိန်းမ ငါးရာ ခြံရံလျက် ကြီးစွာသောလောကီစည်းစိမ်ကို စံစား၍ နေသတည်း။ ထိုအခါ ဘုရားရှင်သည်

ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေသည် ဖြစ်ရကား ဗိမ္မိသာရ မင်းကြီးသည် မိမိနှင့် အဆွေခင်ပွန်းဖြစ်သော ထို သောဏသူဌေးသား ထံသို့ ဘုရားရှင်ကို ဖူးမြင်စိမ့်သောငှာ "တထာဂတော လောကေ သမ္ပပ္ပန္နော = (လောက၌ ဘုရားရှင် ပွင့်တော်မူလေပြီ)" စသော ဂါထာဖြင့် ရွှေပေလ္ဟာ ထက်၌ ရေး၍ သတင်းစကားကို ကြားစေ၏။

သောဏလည်း "ဘုရား" ဟူသောအသံကို ကြားရလျှင် အားရဝမ်းသာ ဖြစ်၍ မျှားစွာသောအခြံအရံ ပရိသတ်တို့နှင့်တကွ ဘုရားရှင်ထံသို့ လာခဲ့၏။ ဘုရားရှင်၏တရားတော်ကို နာရလျှင် သာသနာ၌ အလွန်သဒ္ဓါတရားရှိလေရကား ရဟန်းပြုပေးရန် ဘုရားရှင်အား တောင်းပန်လေ၏။

ဘုရားရှင်က "သောဏ၊ မိဘတို့ခွင့်မပြုအပ်သော သားကို ဘုရားရှင်တို့ ရဟန်းပြုပေးတော်မမူကုန်" ဟု ပယ်တော်မူသဖြင့် သောဏသည် မိဘထံသို့ ပြန်သွားရလေ၏။ သောဏက ရဟန်းပြုခွင့်ပေးရန် သုံးကြိမ် တောင်းပန်သော်လည်း မိဘတို့သည် မခွဲနိုင်မခွာရက်, ချစ်မြတ်နိုးလွန်းလှသဖြင့် ရဟန်းပြုခွင့် မပေးကြပေ။

ထိုအခါ သောဏသည် "ရဟန်းမပြုရမူ ဤ နေရာ၌ပင် သေတော့အံ့" ဟု ခုနစ်ရက်လုံး အစာမစားဘဲ အိပ်ရာပေါ်၌ မှောက်လျက်နေလေ၏။

မိဘတို့က ချော့မော့ပြော၍ မရလျှင် "သင် အလိုရှိတိုင်း ပြုပါလော့" ဟု ခွင့်ပြုသည်နှင့် တပြိုင်နက် သောဏသည် အားရဝမ်းသာထပြီး အစာစား၍ သုံးလေးရက်ခန့် နေပြီးသော် ဘုရားရှင်ထံသွား၍ ရဟန်းပြုလေ၏။

ရဟန်းပြုပြီးသော် အရှင်သောဏအား လူ့ဘဝက မိတ်ဆွေဖြစ်ခဲ့ကြသော ရာဇဂြိုဟ်ပြည်သား ဘဏ္ဍဂေါသူကြွယ်တို့သည် ပူဇော်သက္ကာအမျိုးမျိုးဖြင့် နေ့ညမပြတ် လာရောက်ဆည်းကပ် ပူဇော်ကြလေ၏။ အရှင်သောဏသည် ထိုသူတို့ဖြင့် ငြီးငွေ့ရကား ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို ယူ၍ မြို့နှင့် မနီးမဝေးသော 'ယင်းတိုက်' တော သုသာန်သို့ သွား၍ အိပ်ခြင်း အလျှင်းမပြုဘဲ ထိုင်ခြင်း, ရပ်ခြင်း, စင်္ကြံ သွားခြင်းဖြင့်သာ နေလျက် ရဟန်းတရားကို ပြင်းထန်စွာ အားထုတ်လေ၏။

ထို ဝါတွင်း သုံးလပ်တိုင်တိုင် လွန်စွာ အားထုတ်ပါသော်လည်း စျာန်သမာပတ်တရားတို့၏ အရိပ် နိမိတ်ကိုမျှပင် မထင်လေသောကြောင့် "ငါကား မကျွတ်ထိုက်သည့် 'ပဒပရမ' ပုဂ္ဂိုလ်သာ ဖြစ်ရာလတံ့" ဟု စိတ်အားလျော့သွားကာ "ငါသည် ရဟန်းဘဝဖြင့် အဘယ်အကျိုးရှိအံ့နည်း။ လူထွက်၍ လောကီစည်းစိမ်ကိုပင် ကြီးစွာခံစားဦးအံ့" ဟု အကြံဖြစ်လေ၏။

ဘုရားရှင်သည် သူ၏ အကြံကို သိမြင်တော်မူ၍ ထိုနေ့ ညနေချမ်းအခါ ဝယ် ရဟန်းများ ခြံရံလျက် ထို 'ယင်းတိုက်' တောသုသာန်သို့ ကြွတော်မူ၏။ အရှင်သောဏ စက်ြံသွားရာ မြေပြင်အလုံး၌ ခြင်းခြင်းနီသော သွေးတို့ဖြင့် လိမ်းကျံ့နေသည်ကို မြင်တော်မူ၍ အရှင်သောဏကို ခေါ်စေပြီး မေးတော်မူ၏။

ဘုရားရှင်သည် အကြောင်းစုံကို ကြားသိလေသော် 'မလျော့ မတင်းပြု၍ တီးသော စောင်း' ဥပမာဖြင့် သြဝါဒ ပေးခဲ့၍ ကျောင်းသို့ ပြန်ကြွတော်မူ၏။ အရှင်သောဏလည်း ဘုရားရှင် ဆုံးမသည့်အတိုင်း ဝီရိယနှင့် သမာဓိ,သဒ္ဓါနှင့် ပညာကို မျှစေလျက် အားထုတ်လေလျှင် မကြာမြင့်မီပင် ပဋိသမ္ဘိဒါ လေးပါး, အဘိညာဏ် ခြောက်ပါး, သမာပတ် ရှစ်ပါးတို့နှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

နောင်တွင် ဘုရားရှင်သည် ရဟန်းတို့အား တေဒဂ်အရာ၌ ထားတော်မူသောအခါ "ရဟန်းတို့၊ တရားအားထုတ်ရာ၌ လုံ့လ ဝီရိယ ထက်သန်ကြသော ငါဘုရား၏ တပည့်သား ရဟန်းတို့တွင် သောဏထေရ်သည် အမြတ်ဆုံး ဖြစ်ပေ၏" ဟူ၍ အရှင်သောဏအား 'အာရဒ္ဓ-ဝီရိယ-တေဒဂ်' အရာ၌ ထားတော်မူလေ၏။

၉၆။. ဘုရားရှင် ဇေတဝန်ကျောင်းတိုက်ကို လက်ခံရန် သာဝတ္ထိပြည်သို့ ကြွတော်မူခြင်း

အနာထပိဏ်သူဌေးကြီးသည် အလွန် ခမ်းနားကြီးကျယ်လှသော ဇေတဝန်ကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီးစီးသောအခါ အခြံအရံများနှင့်တကွ သူကြွယ် တမန်တဦးကို "ဘုရားရှင်အား သာဝတ္ထိပြည်သို့ ကြွ၍ ဇေတဝန်ကျောင်းတော်ကြီးကို အလှူခံပါမည့်" အကြောင်း လျှောက်ကြားရန် ရာဇဂြိုဟ်ပြည်သို့ စေလွှတ်လေ၏။ ထို တမန်သည် ရာဇဂြိုဟ်ပြည် ဝေဋ္ဌုဝန်ကျောင်းတော်သို့ သွား၍ ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်သည် "သာဝတ္ထိပြည်၌ အရှည်သဖြင့် သီတင်းသုံးတော်မူအံ့သော အကြောင်း, အတိုင်းမသိသော ဘုရား ကျေးဇူးတော်၏ ကျော်စော ပျံ့နှံ့အံ့သောအကြောင်း, ပြည်သူပြည်သားများစွာတို့ အကျွတ်တရားကို ရလတံ့သော အကြောင်း" တို့ကို မြင်တော်ရမူ၍ ရဟန်းသံဃာ

အပေါင်း ခြံရံလျက် (တတိယ ဝါကျွတ်သောအခါ) ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်မှ ထွက်ခွာခဲ့၍ သာဝတ္ထိပြည်ဘက်သို့ ခရီး ဒေသစာရီကြွတော်မူလေ၏။

ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည် အကြား ခရီး လေးဆယ့်ငါး ယူဇနာဝေးကွာလေ၍ တယူဇနာ တယူဇနာရောက်တိုင်း အနာထပိဏ်သူဌေးကြီး ကြိုတင် စီမံ ဆောက်လုပ်စေအပ်ပြီးသော ကျောင်းတော်များ အသီးသီး၌ တည်စီ တည်းခိုစံကာ ကြွတော်မူ၏။ ခရီးအကြား၌ ဝေသာလီပြည်သို့ ဝင် ရောက်၍ မဟာဝုန်တောအတွင်း စူးလစ်မှန်းချွန် အထွတ်တပ်သော (ကူဋာဂါရ) ပြာသာဒ်၌ ခေတ္တသီတင်းသုံးပြီးနောက် သာဝတ္ထိပြည်သို့ ခရီးဆက် တော်မူလေ၏။

ဘုရားရှင်သည် သာဝတ္ထိပြည်နယ် အတွင်းသို့ ဆိုက်ရောက်လာပြီကို အနာထပိဏ်သူဌေး ကြားလေလျှင် ပဿေနဒိကောသလမင်းကြီးထံ သွား၍ "အရှင်မင်းကြီး၊ ဘုရားရှင်သည် ကျွန်ုပ်တို့၏သာဝတ္ထိပြည်ကြီးသို့ ကြွတော်မူလာပါပြီ။ ကျွန်ုပ်တို့အတွက်၎င်း၊ အရှင်မင်းကြီးအတွက်၎င်း မင်္ဂလာကြီး တခု ဖြစ်ပါ၏။ အရှင်မင်းကြီး၏ နှမတော် (သမီးတော်) 'သုမနာ' သတို့သမီးကို သတို့သမီး ငါးရာ အခြံအရံဖြင့် ဘုရားရှင်အား ကြိုဆိုပင့်ဆောင်ရန် စေလွှတ်တော်မူစေချင်ပါ၏" ဟု လျှောက်လေ၏။ မင်းကြီးလည်း သဘော နှစ်ခြိုက်၍ 'သုမနာ' အား လွှတ်လေ၏။

ထိုအချိန်တွင် ခုနစ်နှစ်အရွယ်သာ ရှိသေးသော 'သုမနာ'မင်းသမီးသည် အခြံအရံ သတို့သမီး ငါးရာတို့နှင့်အတူတကွ အဆောင်အယောင် အခမ်းအနားများဖြင့် ဘုရားရှင်ထံ သွားရောက်ကြို၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီး ရှိခိုးကာ တည်နေလေ၏။ ဘုရားရှင်သည် သင့်လျော်သော တရားစကားကို ဟောတော်မူသော် သုမနာနှင့်တကွ သတို့သမီးငါးရာတို့ သော တာပန် ဖြစ်ကြလေ၏။

အနာထပိဏ် သူဌေးသည် 'သုမနာ' မင်းသမီးကိုသာ ဘုရားရှင်အား ကြိုဆို ပင့်ဆောင်စေသည် မဟုတ်သေး။ မိမိ၏သားကြီး 'ကာလ'သတို့သား ကိုလည်း သူဌေးသားလုလင်ငါးရာ အခြံအရံနှင့်တကွ ဘုရားရှင်ရှေ့မှ နေရာယူ၍ လိုက်ပါပင့်ဆောင်စေ၏။ ထိုနောက်မှ မိမိ၏သမီးများ ဖြစ်ကြသည့် 'မဟာသုဘဒ္ဒါ' နှင့် 'စူဠသုဘဒ္ဒါ' တို့ကို အခြံအရံ သူဌေးသမီး ငါးရာနှင့် တကွ ရေပြည့်ယောအိုးများကို ရွက်ကာ လိုက်ပါစေသည်။ ထိုနောက်မှ မိမိ၏ သူဌေးကတော် 'ပုဉ္ဇလက္ခဏာ' ကို သူဌေးကတော် ငါးရာနှင့် တကွ

နံ့သာခွက်များကို ကိုင်ဆောင်ကာ လိုက်ပါစေသည်။ ယင်းတို့ အားလုံး နောက်မှ သူဌေးကြီးသည် သူဌေးသူကြွယ် ငါးရာအခြံအရံဖြင့် ဘုရားရှင်ကို ကြိုဆိုပင့်ဆောင်လေ၏။ ဘုရားရှင်သည် ထိုလူပရိသတ်တို့ကို ရှေ့ကထား၍ ရဟန်းသံဃာအပေါင်း ခြံရံလျက် အတုမရှိသော ဘုရားရှင်၏ တင့်တယ်ခြင်း အသရေတော်ဖြင့် ဇေတဝန် ကျောင်းတော်ကြီးသို့ ဝင်ကြွတော် မူလေ၏။

နောက်တနေ့တွင် အနာထပိဏ်သူဌေးသည် ဇေတဝန် ကျောင်းတိုက်ကြီး လှူဒါန်းပွဲကို ပြုလုပ်လေ၏။ ဆွမ်းစားချိန်ရောက်လျှင် သူဌေးကြီးသည် မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို စီမံပြီး၍ ဘုရား အမှူးရှိသော ရဟန်းသံဃာအပေါင်းထံ သွာ ၍ နေအိမ်သို့ ပင့်ဆောင်လေ၏။

သူသည် ဘုရားနှင့်တကွ သံဃာအပေါင်းအား ဆွမ်းဆက်ကပ်ပြီးသော် ဘုရားရှင်အား "မြတ်စွာဘုရား၊ တပည့်တော်သည် ဤ ဇေတဝန်ကျောင်းတိုက်ကြီးကို အဘယ်သို့ ရေစက်ချ၍ လှူဒါန်းရပါမည်နည်း" ဟု လျှောက်ထား၏။

ဘုရားရှင်က "သူဌေးကြီး၊ သင်သည် ဤ ဇေတဝန်ကျောင်းတိုက်ကြီးကို ရောက်ပြီး, ရောက်ဆဲ, ရောက်လတံ့သော အရပ် လေးမျက်နှာရှိ ရဟန်းသံဃာအားရည်စူး၍ လှူဒါန်းလေလော့" ဟု မိန့်တော်မူသဖြင့် သူဌေးကြီးသည် ထိုအမိန့်တော်အတိုင်းပင် ဇေတဝန်ကျောင်းတိုက်ကြီးကို 'အာဂတာနာဂတ-စတုဒ္ဒိသာသံဃိက' ရေစက်ချ၍ လှူဒါန်းလေ၏။ ဘုရားရှင်သည် ထို ဇေတဝန်ကျောင်းတိုက်ကြီးကို အလှူခံ၍ ငါးဂါထာဖြင့် အနုမောဒနာတရားကို ဟောကြားတော်မူပြီးလျှင် ဇေတဝန် ကျောင်းတိုက်ကြီးသို့ ပြန်ကြွတော်မူလေ၏။

သူဌေးကြီးသည် ထိုနေ့မှစ၍ ကျောင်းတိုက် ရေစက်ချပွဲကြီးကို ကျင်းပရာတွင် 'သပရိဝါရဒါန' ဖြစ်စေခြင်းငှာ များစွာသော ရှင်လူ ပုဏ္ဏား မျိုးလေးပါးတို့အား ရွှေ ငွေ ဥစ္စာတို့ဖြင့် စွန့်ကြဲ လှူဒါန်းကာ ကြီးစွာသော ပွဲသဘင်ကို ပြုလုပ်ကျင်းပလေ၏။ တဆယ့်ရှစ်ကုဋ္ဌေသော ဥစ္စာများ အကုန်ခံ၍ ကျောင်း ရေစက်ချပွဲကြီးကို ပြုလုပ်ရာ ကိုးလကြာမှ ပြီးစီးလေ၏။

ဤသို့လျှင် အနာထပိဏ် သူဌေးကြီးသည့် ဇေတမင်းသား၏ ဥယျာဉ်ကို တဆယ့်ရှစ်ကုဋ္ဌေဖြင့် ဝယ်ယူပြီး ကျောင်းတိုက်ကြီး ဆောက်လုပ်ရာတွင် တဆယ့်ရှစ်ကုဋ္ဌေ အကုန်အကျ ခံ၍ ရေစက်ချပွဲကြီး၌လည်း တဆယ့်ရှစ်ကုဋ္ဌေအသုံးပြုသဖြင့် စုစုပေါင်း ငါးဆယ့်လေး ကုဋ္ဌေကို သာသနာတော်၌ စွန့်ကြဲ လှူဒါန်းလေသတည်း။

ဘုရားရှင်လည်း ဇေတဝန် ကျောင်း၌ သီတင်း သုံးတော် မူလျက် စူဠအနာထပိဏ်၏ သူဌေး, အနာထပိဏ်၏ သူဌေးကြီး, ကောသလ မင်းကြီး စသော ဥပါသကာများနှင့် ဥပုလဝဏ်, မလ္လိကာ စသော ဥပါသိကာမ အပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျေးတော်မူလေ၏။

သူဌေးကြီးလည်း ဇေတဝန် ကျောင်းတိုက်ကြီးကို လှူပြီးသည့် နေ့မှစ၍ ဘုရား အမှူးရှိသော ရဟန်းအပေါင်းအား နေ့စဉ် ဆွမ်းဖြင့် လုပ်ကျွေး၍ ဘုရားရှင်ထံသို့ တနေ့လျှင် (နံနက်, ညနေ) နှစ်ကြိမ် လှူဘွယ်ဝတ္ထုများနှင့် တကွ သွားရောက် ဆည်းကပ်လေ၏။

၉၇။ နန္ဒထေရ်ကို နတ်သမီးဖြင့် မျှား၍ ချွတ်ခြင်း

နန္ဒမင်းသားလည်း နောင်တော်ဘုရားက ခိုင်း၍ ရဟန်းပြုလိုက်ရသည် နေ့မှစ၍ ယခု သာတို့ပြည်သို့ ရောက်လာသည့်တိုင်အောင် ထိုင်တိုင်း, နေတိုင်း, အိပ်တိုင်း, စားတိုင်းပင် နှမတော် ဇနီးလောင်း 'ဇနပဒကလျာဏီ' က မှာလိုက်သော "မောင်တော် မြန်မြန်ပြန်လာခဲ့ နော်" ဟူသော အသံကိုသာ ကြားနေ၍ စားမဖြောင့်, အိပ်မပျော် ရှိခဲ့လေ၏။

ထိုအခါ ရဟန်းတို့က ဘုရားရှင်အား "နန္ဒထေရ်သည် ဇနပဒကလျာဏီကို လွမ်း၍ သာသနာ၌ မပျော်မွေ့ဘဲ ငြီးငွေ့လှသဖြင့် လူထွက်ချင်နေပါသည်" ဟု လျှောက်ကြားကြလေ၏။

ဘုရားရှင်သည် ညီတော် မင်းနန်ကို ခေါ်၍ "ညီတော် လူထွက်လိုသည် ဟု ငါကြားတော်မူ၏။ မှန်သလော" ဟု မေးတော်မူ၏။

ညီတော်က "ဟုတ်မှန်ကြောင်း, နှမတော် မှာလိုက်သည့် အသံကလေး ကိုသာ အသည်းထဲ၌ စွဲနေကြောင်း" လျှောက်ထားလေ၏။

ဘုရားရှင်က "ညီတော်၊ သင် ငြီးငွေ့လျှင် ဒေသစာရီကြွချိရာ ငါနှင့် အတူ လိုက်ခဲ့လော့" ဟု မိန့်ကြားပြီး ညီတော်၏လက်ရုံးကိုကိုင်၍ မြို့ပြင်စခန်းသို့ ခေါ်ကာ ကြွတော်မူ၏။

တောခရီး၌ မီးလောင်ပြင်တွင် သစ်ငုတ်တို ပေါ်ဝယ် ထိုင်နေသော အရိုးပြိုင်းပြိုင်း, ခါးကိုင်းကိုင်းနှင့် အရေမျှား တွန့်ရှုံ့နေသည့် ဇမျောက်အိုမတကောင်ကို နန္ဒအား လက်ညှိုးညွှန်ပြတော်မူလျက် "ညီတော်၊ ဤ မျောက်အိုမနှင့် ဇနပဒကလျာဏီ ဘယ်သူက သာ၍ လှသနည်း" ဟု မေးလေသော်-

နန္ဒထေရ်က "နောင်တော် ဘုရားသည် မထောက်မညှာ မိန့်တော်မူရက်ပါဘိ" ဟု လျှောက်လေ၏။

ဘုရားရှင်က "ငါ့ညီ သဘောကိုသိလို၍သာ ငါ ကျိုးစယ်သည်။ စိတ်အားမငယ်နှင့်" ပုံ မိန့်တော်မူပြီး ထာဝတိ သာနတ်ပြည်သို့ တက်ကြွတော်မူ၏။

နတ်လမ်းမတွင် ဝေဇယန္တာနန်း ရင်ပြင်၌ သိကြားမင်းအား ခစားရန် လာကြသည့် ရှု၍ မဝလောက်အောင် လှုပသည့် နတ်သမီး ငါးရာတို့ကို ခရီးရင်ဆိုင် တွေ့လေသော် ဘုရားရှင်က "ညီတော်၊ ဤ နတ်သမီးများနှင့် ဇနပဒကလျာဏီတို့ ဘယ်သူက သာ၍လှသနည်း" ဟု မေးတော်မူပြန်၏။

နန္ဒထေရ် က "နောင်တော်ဘုရား၊ ဤ နတ်သမီးများနှင့် နှိုင်းစာပါမူ ဇနပဒကလျာဏီသည် ထို မျောက်မအိုနှင့်သာ တူပါတော့သည်ဘုရား" ဟု လျှောက်လေ၏။

ထိုအခါ ဘုရားရှင်က "ညီတော်၊ သင်သည် ငါ၏သာသနာ ဟူသော မြတ်သော အကျင့်၌ မေ့ လျော့လော့။ သင့်အား ထိုနတ်သမီးများကို ရစေခြင်းငှာ ငါတာဝန်ခံ၏" ဟု မိန့်တော်မူသော်-

နန္ဒထေရ်က "နောင်တော်ဘုရား တာဝန်ခံလျှင် သာသနာ၌ မေ့ လျော့စွာ ကျင့်ကြံ အားထုတ်ပါမည်" ဟု လျှောက်လေ၏။

ဘုရားရှင်လည်း နန္ဒထေရ်ကို ခေါ်၍ တာဝတိ သာနတ်ပြည်မှ ကွယ်ခဲ့ပြီး ဇေတဝန်ကျောင်းတော်၌ ရောက်ရှိလေ၏။ အရှင်နန္ဒသည် ဘုရားရှင် ပေးအပ်သော လက္ခဏာရေး သုံးပါးနှင့် စပ်သည့် တရားဂါထာကို နေ့ရောညပါ ထိုင်လျက်သာလျှင် နတ်ကညာတို့ လာအောင် ရည်မှန်း၍ စီးဖြန်း သရဇ္ဈာယ်လေ၏။

ဘုရားရှင်လည်း ဆည်းကပ်ရန် လာသမျှသော ရဟန်းတို့ကို "နန္ဒထေရ်အား နတ်သမီးများရစေရန် အာမခံခဲ့ကြောင်း" မိန့်တော်မူ၏။

ထိုအခါ "အရှင်နန္ဒသည် နတ်သမီးတို့ကို လိုချင်၍ မြတ်သောအကျင့်ကို အားထုတ် သတဲ့။ ဘုရားရှင်ကပင် အာမခံ ပေးရသတဲ့" ဟု ရဟန်းတို့က ပြောဆိုကုန်၏။

အဖော်ရဟန်းတို့ကလည်း အရှင်နန္ဒအား "သူရင်းငှားကဲ့သို့ နတ်သမီးတည်းဟူသော အဘိုးအခကို ရအောင်ကျင့်သူ" ဟုဆဲ၊ "မြတ်သောအကျင့်ကို ရင်းနှီးပြီး နတ်သမီးတို့ကို ဝယ်သူ" ဟုဆဲ မပြတ်ခေါ်ဝေါ်လျက်-

"နတ်သမီးများ ရစေရန် ဘုရားရှင်သော်မှ တာဝန်ခံရ၏" ဟု ကဲ့ရဲ့ပြောဆိုကြလေ၏။

အရှင်နန္ဒသည် ထိုစကားများကို ကြားရသော် ငြီးလည်း ငြီးငွေ့, ရှက်လည်း ရှက်သဖြင့် ဆိတ်ကွယ်ရာသို့ တပါးတည်း သွား၍ ကိလေသာတို့ကို နှိမ်နင်းလျက် ရဟန်းတရားကို မမေ့မလျော့ ပြင်းထန်စွာ အားထုတ်လေသော် မကြာမြင့်မီပင် ရဟန္တာဖြစ်လေ၏။

အရှင်နန္ဒသည် နောက်တနေ့တွင် ဘုရားရှင်ထံ သွားပြီး "နောင်တော်ဘုရား၊ ယခု နတ်သမီးများကို ညီတော် အလိုမရှိပါပြီ။ နောင်တော်ဘုရားပြပေသော တရားဖြင့် သံသရာ ဝဋ်ဒုက္ခ၏ အဆုံးသို့ ရောက်ပါပြီ" ဟု ဘုရားရှင်၏ ကျေးဇူးတော်ကို ချီးမွမ်းလျှောက်လေ၏။ ဘုရားရှင်ကလည်း "ညီတော်က နတ်သမီးများကို အလိုမရှိတော့မူ ငါ၏ ဝန်ခံခြင်း ပြီးဆုံးလေတော့သည်" ဟု မိန့်တော်မူလေ၏။

၉၈။ အဂ္ဂိဒတ္တ စသော ရသေ့တသောင်းကို ချတ်ခြင်း

ပသေနဒီကောသလ မင်းကြီး၏ ဘခင် မဟာကောသလ မင်းကြီး၏ ပုရောဟိတ်ဖြစ်သော 'အဂ္ဂိဒတ္တ' ပုဏ္ဏားကြီးသည် ထို မင်း နတ်ရွာစံ ပြီးသည့် နောက်တွင် (ဘုရားရှင်၊ မပွင့်မီ) မိမိ၏ ပစ္စည်းဥစ္စာတို့ကို ခုနစ်ရက်ပတ်လုံး ပေးကမ်းစွန့်ကြဲပြီး ရသေ့ရဟန်း ပြုလေ၏။ တသောင်းသော ယောကျ်ားတို့လည်း သူ့နောက်လိုက်၍ ခြံရံလျက် ရသေ့ရဟန်းပြုကြလေ၏။

အဂ္ဂိဒတ္တသည် အင်္ဂတိုင်း, မဂဓတိုင်း, ကုရုတိုင်းတို့ အကြား၌ နဂါးမင်းကြီးတဦး အုပ်စိုးသည့် သဲပုံကြီးအနီးတွင် နေထိုင်လျက် တပည့်ရသေ့တသောင်းတို့အားဌင်း၊ အင်္ဂတိုင်းသား, မဂဓတိုင်းသား, ကုရုတိုင်းသားတို့အားဌင်း "တောတောင် အာရာမ် သစ်ပင်တို့ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ကြလော့။ ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်းသည် ဝဋ်ဆင်းရဲ အားလုံးမှ ကင်းလွတ်ကုန်လတံ့" ဟု အဆုံးအမကို ပေးလေ၏။ တိုင်း သုံးတိုင်းမှ လူအပေါင်းတို့သည် အဂ္ဂိဒတ္တ၏ အဆုံးအမ၌တည်လျက် လစဉ်လာ၍ လှူဘွယ်တို့ဖြင့် ပူဇော်ကြကုန်၏။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တနေ့သ၌ နံနက် မိုးသောက်ယံတွင် လောကကို ကြည့်ရှုသော် တပည့်များနှင့်တကွ အဂ္ဂိဒတ္တပုဏ္ဏားကို သဗ္ဗညုတဉာဏ်တော် ကွန်ယက်တွင်းသို့ ဝင်ရောက်လာသည်ကို မြင်၍ ဆင်ခြင်လျှင် ထို ရသေ့အားလုံး ရဟန္တာ ဖြစ်လတံ့သည်ကို မြင်တော်မူ၏။

ထိုနေ့ ညနေချိန်တွင် အရှင်မောဂ္ဂလ္လာန်ကို ခေါ်တော်မူ၍ "ချစ်သား မောဂ္ဂလ္လာန်၊ သင်သည် အဂ္ဂိဒတ္တပုဏ္ဏားကြီးကို သွား၍ ဆုံးမနှင့်လော့။ ငါဘုရားသည် နောက်မှ လိုက်ခဲ့တော်မူအံ့" ဟု မိန့်ကြား၍ စေလွှတ်တော်မူ၏။

အရှင်မောဂ္ဂလ္လာန်သည် တန်ခိုးဖြင့် အဂ္ဂိဒတ္တ ဆရာရသော ကြီးထံ သွား၍ "အဂ္ဂိဒတ္တ၊ ငါအား ဤ၌ တည်မျှ တည်းခိုခွင့် ပေးပါလော့" ဟု ဆိုလျှင်-

အဂ္ဂိဒတ္တသည် "ငါ့အား အဂ္ဂိဒတ္တဟု အမည်တပ်၍ ခေါ်ရကောင်းလား" ဟု အမျက်ထွက်လျက် "ဤ၌ သင့်အတွက် တည်းခိုစရာ နေရာမရှိ" ဟု တိုတိုတောင်းတောင်းဖြင့် ပြန်ပြောလေ၏။

ထိုအခါ အရှင်မောဂ္ဂလ္လာန်က သဲပုံကြီးကို ညွှန်ပြကာ "ဤသဲပုံကြီး၌ ဘယ်သူနေသနည်း။ နေသူမရှိက ဤသဲပုံ၌ပင် တည်မျှ တည်းခိုပါရစေ" ဟု ချိုသာစွာပင် ပြောဆိုလေ၏။

အဂ္ဂိဒတ္တက "ဤသဲပုံကြီးမှာ 'အဟိဆတ္တ' မည်သော ကြောက်ဘွယ်ကောင်းသည့် နဂါးမင်းကြီးတဦးနေ၏။ သင့်အား နေပ်ဟု ငါမပေးဝံ့" ဟု ဆိုလေ၏။

မထေရ်က "ရှိပါစေ၊ သင်ကသာ ငါ့အား ထိုနေရာကို ပေးပါလော့" ဟု ဆိုသော် အဂ္ဂိဒတ္တက "သင့်သဘောအတိုင်းပြုပါလော့" ဟု ဆိုလေ၏။ မထေရ်သည် ထိုသဲပုံကြီးသို့ ရှေးရှုသွားလေ၏။

နဂါးမင်းသည် မထေရ်ကြွလာသည်ကိုမြင်လျှင် သူ၏ သဲပုံသို့ လာမနေဝံ့အောင် အခိုးတထောင်းထောင်းလွှတ်လေ၏။ မထေရ်မြတ်လည်း တန်ခိုးဖြင့် သား၍ ပြင်းထန်သော အခိုးမျှားကို တန်ပြန်လွှတ်တော်မူ၏။ နဂါးနှင့် မထေရ်တို့၏ အခိုးအလျှံတို့သည် တပြောင်ပြောင် တောက်ထွန်းလေ၏။ ထိုအခိုးသည် မထေရ်အား တစုံတရာ မထိခိုက်ဘဲ နဂါးမင်းအားသာ ထိခိုက်လေ၏။

နဂါမင်းသည် အခိုးအဟုန်ကိုမခံနိုင်၍ ပြင်းစွာအမျက်ထွက်လျက် အခိုးအလျှံတပြောင်ပြောင်လွှတ်လေ၏။ မထေရ်ကလည်း တေဇောကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်ကို ဝင်စား၍ ပိုမိုပြင်းထန်လှသည့် မီးလျှံတို့ကို လွှတ်လေ၏။ အခိုးတို့သည် မထေရ်ကို မထိခိုက်စေဘဲ နဂါးမင်းကိုသာ ထိခိုက်ကုန်၏။ နဂါးမင်း၏ကိုယ်အလုံးသည် မီးဟုန်းဟုန်းတောက်သကဲ့သို့ ရှိလေ၏။

အဂ္ဂိဒတ္တ ရသော ကြီးနှင့်တကွ ရုသော အပေါင်းတို့သည် မီးဟုန်းဟုန်းတောက်နေသည်ကို မြင်ရ၍ "ဤရဟန်းသည် ငါတို့စကားကို နားမထောင်

သဖြင့် ပျက်စီးချေပြီ''ဟု ကြံစည်လျက် ဝိုင်းဝန်းကြည့်ကြကုန်၏။ မထေရ်သည် နဂါးမင်းကို ဆုံးမ၍ ပာန်ကင်းအောင်ပြုပြီးသော် သဲပုံကြီးပေါ်၌ ထိုင်နေလေ၏။ နဂါးမင်းလည်း သဲပုံကို မိမိ၏ အခွေတို့ဖြင့် ရစ်ပတ်ပြီးလျှင် ကြီးမားလှသည့် ပါးပျဉ်းကြီးကို ဖန်ဆင်း၍ မထေရ်အပေါ် ဆောင်းမိုးထားကာ ပူဇော်လေ၏။

ရသေ့အပေါင်းသည် နံနက်စောစောကပင် "ရဟန်း သေ, မသေကြည့်ကြကုန်အံ့''ဟု လာကြသော် "မထေရ်နှင့် နဂါးမင်းတို့၏ ထိုအခြင်းအရာကို မြင်ကြလျှင် မထေရ်မြတ်အား လက်အုပ်ချီလျက် "ဤရဟန်းကား တန်ခိုးကြီးပေစွာ့''ဟု ချီးမွမ်းကာ ဝိုင်းရံနေကြလေ၏။

ထိုခဏ၌ ဘုရားရှင်သည် ကြွလာတော်မူ၏။ အရှင်မောဂ္ဂလ္လာန်သည် ဘုရားရှင်ကိုမြင်လျှင် နေရာမှထ၍ ရိုသေစွာ ရှိခိုးလျက် "ငါကား အတုမရှိသော ဤဘုရားရှင်၏ တပည့်တည်း''ဟု ရသေ့တို့အား မိန့်ဆိုလေ၏။

ဘုရားရှင်သည် သဲပုံပေါ်၌ထိုင်နေတော်မူသော် ရသေ့အပေါင်းတို့သည် "ဤနဂါးမင်းကို နှိမ်နင်းဆုံးမခြင်းကား တပည့်သာဝက၏ တန်ခိုးမျှသာ ဖြစ်သေး၏။ဆရာဖြစ်သူ ဘုရားရှင်၏ တန်ခိုးတော်ကား ဘယ်မျှ ကြီးမားလိမ့်မည်နည်း''ဟု ဘုရားရှင်အား လက်အုပ်ချီကာ ချီးမွမ်း ပြောဆိုကုန်၏။

ထိုအခါ ဘုရားရှင်သည် အဂ္ဂိဒတ္တရသေ့ကြီးအား "အဂ္ဂိဒတ္တ၊ သင်သည် သင်၏ တပည့်များ, သင်၏ ဒါယကာများအား အဘယ်သို့ ဟောပြော၍ အဆုံးအမသြဝါဒကို ပေးသနည်း''ဟု မေးတော်မူ၏။

အဂ္ဂိဒတ္တက မိမိ၏သြဝါဒတရားတော်ကို လျှောက်ကြားပြီးသော် ဘုရားရှင်က "အဂ္ဂိဒတ္တ၊ သင်ဆုံးမသကဲ့သို့ ဤတောတောင် အာရာမ်သစ်ပင်တို့ကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဆင်းရဲအပေါင်းမှလွတ်နိုင်သည်မဟုတ်။ စင်စစ်သော်ကား မြတ်သော ဘုရား, တရား,သံဃာတို့သာ ကိုးကွယ်ရာဟူ၍ ဆည်းကပ်မှသာလျှင် သံသရာဝဋ်ဆင်းရဲ အားလုံးမှ လွတ်မြောက်နိုင်၏'' ဟူ၍ မိန့်တော်မူလျက် ငါးဂါထာဖြင့် တရားဟောတော်မူလေ၏။

ဘုရားရှင်၏ တရားတော်ကို ကြားနာပြီးသော် အဂ္ဂိဒတ္တဆရာရသေ့ကြီးနှင့်တကွ ရသေ့အားလုံး ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်ကြ၍ ဘုရားရှင် အား ရဟန်း အဖြစ်ကို တောင်းခံကြကုန်၏။ ဘုရားရှင်က "ဟိဘိက္ခု''ခေါ်တော်မူလျှင် တသောင်းသော ထိုရသေ့အားလုံး ရသေ့အသွင်ပျောက်၍ ရဟန်းအသွင်သို့ ရောက်သွားကြလေ၏။

ထိုနေ့ကား တိုင်းသုံးတိုင်းမှ လူအပေါင်းတို့ လာရောက် ပူဇော်သော နေ့ဖြစ်၏။ ထိုလူအပေါင်းသည် ရောက်လာကြ၍ ထိုအခြင်းအရာကို မြင်ကြရလျှင် "အသို့နည်း၊ ငါတို့ ဆရာကြီးကပင် မြတ်သလော၊ သို့မဟုတ် ရဟန်းကြီးဂေါတမကပင် မြတ်သလော။ ငါတို့ ဆရာကြီးက မြတ်၍သာ ရဟန်းကြီး ဂေါတမလာရောက်ခြင်းဖြစ်ရာ၏" ဟု ကြံစည်ကြကုန်၏။

ဘုရားရှင်သည် ထိုလူတို့၏အကြံကို သိတော်မူ၍ "ချစ်သား အဂ္ဂိဒတ္တ၊ သင့်ပရိသတ်၏ ယုံမှားခြင်းကို သင်ချစ်သားပင် ပယ်ဖျောက်လေလော့" ဟု မိန့်တော်မူ၏။

အဂ္ဂိဒတ္တမထေရ်လည်း ကောင်းကင်သို့ပျံတက်ပြီးမှ တဖန် ပြန်ဆင်းလာ၍ ဘုရားရှင်၏ခြေတော်တို့၌ ဦးတိုက်ကာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်ကား ရှင်တော်ဘုရား၏ တပည့်ဖြစ်ပါ၏။ ရှင်တော်ဘုရားကား တပည့်တော်၏ဆရာဖြစ်ပါ၏" ဟုလျှောက်လေ၏။ ဤသို့ ခုနစ်ကြိမ်ပြုလေ၏။ ဘုရားရှင်သည် ထိုရဟန်းတသောင်း ခြံရံလျက် ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူ၏။

၉၉။ မေဏ္ဍကသူဌေးကြီး (ဝိသာခါ၏ အဘိုး) အကြောင်း

ဘဒ္ဒိယမြို့၌ 'မေဏ္ဍက'မည်သော သူဌေးကြီးနှင့် 'စန္ဒပဒုမာ'မည်သော သူဌေးကတော်၊ သားဖြစ်သူ 'ဓနဥ္ဇယ' သူဌေး၊ 'သုမနဒေဝီ' မည်သော ချွေးမ၊ 'ဝိသာခါ'မည်သော မြေးမငယ်၊ 'ပုဏ္ဏ'မည်သောကျွန်၊ ဤမိသားစုငါးဦးတို့သည် အလွန် ကြွယ်ဝချမ်းသာ၍ ကြီးစွာသော လောကီစည်းစိမ်ကို ခံစားလျက် အတူတကွ နေကြကုန်၏။

ရှေးကောင်းမှုကံ။ ။မေဏ္ဍကသူဌေးအလောင်းသည် လွန်ခဲ့သော ၉၁ ကမ္ဘာ၌ ဝိပဿီဘုရားရှင်လက်ထက်က ဘုရားရှင်အတွက် ရတနာခုနစ်ပါးဖြင့် ပြီးသော ဂန္ဓကုဋ္ဌိတိုက်နှင့် 'ဓမ္မသာလာ' တရားဟော ခန်းမဆောင်တို့ကို ဆောက်လုပ်၍ အတွင်း၌ ဆိတ်ရုပ်များခံထားသော တရားဟောပလ္လင်, ခြေတော်ရာတင်ခုံကို ပြုလုပ်လှူဒါန်းပြီး လေးလပတ်လုံး ဘုရား အမှူးရှိသော ရဟန်းအပေါင်းအား အလှူကြီးကို ပေးလှူခဲ့၏။

နောက် ဤဘဒ္ဒကပ်ကမ္ဘာမှာလည်း ဗာရာဏသီသူဌေးကြီး ဖြစ်စဉ်က ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်ရာတွင် နောက်ဆုံး စားရမဲ့သောက်ရမဲ့ဖြစ်ချိန်၌ မိသားစုငါးဦးအတွက် ချက်ထားသော တစလယ်ချက်ထမင်းကို စားမည်ပြု

စဉ် ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါတပါးအား "ငါတို့သည် အလှူကြီး လှူပြီး မစားဘဲ သေကြအံ့" ဟူ၍ အဘုမရှိသော စေတနာဖြင့် ထမင်းကို အကုန်လှူလိုက်လေ၏။

ထိုစေတနာကြောင့် ထိုနေ့၌ပင် ထမင်းအိုး၌ ထမင်းပြည့်မြဲ ပြည့်နေသည့် အပြင် စပါးကျီတို့၌လည်း စပါးများဖြင့် ပြည့်နေလေ၏။ သူသည် ငတ်နေသည့် ပြည်သူတို့အား စေတနာဗလဝဖြင့် ပေးကမ်းစွန့်ကြဲခဲ့လေ၏။ ဤသို့သော ကောင်းမှုကံကြောင့် ယခု ဂေါတမဘုရားရှင် လက်ထက်၌ထိုမိသားစု ငါးဦးတို့သည် 'ဘဒ္ဒိယ'မြို့၌ မေဏ္ဍက သူဌေးကြီးစသော မိသားစုဖြစ်လာ၍ ငါးဦးလုံး ချမ်းသာကြွယ်ဝ ဘုန်းကံ ကြီးမားလေကုန်၏။

မေဏ္ဍက သူဌေးကြီး၏ ဘုန်းကံကြွယ်ဝမှုကား အံ့မခန်းရှိ၏။ သူ၏ အိမ်နောက်ဘေး ရှစ်ပယ်မျှသော အရပ်၌ နွားလားလောက်ကြီးသော ရွှေအတိပြီးသည့် ဆိတ်ရုပ်တို့ ကျောချင်းထိကာ အပြည့်အနှက် မြေကိုဖောက်၍ အလိုလို ပေါ်ပေါက်လာကုန်၏။ ထိုဆိတ်ရုပ်များ၏ ခံတွင်းတို့၌ အဆင်း ငါးပါးရှိသော ချည်ထွေးချည်ခင်များ၊ ထောပတ်ဆီစသည် အဝတ်ပုဆိုး၊ ရွှေငွေစသည် သုံးမကုန်နိုင်အောင် အလိုလို ပါရှိပြီး လိုလျှင် ယူသုံးရုံပင် ဖြစ်၏။ ထို့ကြောင့်ပင် မေဏ္ဍက (ဆိတ်သူဌေး)ဟုတွင်လေ၏။

ဘုရားရှင်သည် အင်္ဂတိုင်း၊ ဥတ္တရတိုင်းတို့၌ ဒေသစာရီ လှည့်လည်ကြွချီ တော်မူသော် ဘဒ္ဒိယမြို့ရှိ မေဏ္ဍက သူဌေးစသော မိသားစု ငါးဦးတို့ သောတာပန် ဖြစ်လတံ့သည်ကို မြင်တော်မူ၍ဘဒ္ဒိယမြို့သို့ကြွကာ မြလေး တော၌ နေတော်မူ၏။ထိုအခါ၌ မေဏ္ဍကသူဌေးကြီး၏မြေးဖြစ်သူ 'ဝိသာခါ' သတို့သမီးကား ခုနစ်နှစ် ရှစ်နှစ်အရွယ်သာ ရှိသေး၏။

ဘဒ္ဒိယမြို့သို့ ဘုရားရှင် ကြွလာကြောင်းကြားလျှင် မေဏ္ဍကသူဌေးကြီး သည် မြေးမငယ် ဝိသာခါကို ခေါ်၍ "ငါ့မြေး၊ သင်သည် သင်၏ အခြွေ အရံ သတို့သမီးငယ်တို့နှင့်တကွ ရထားငါးရာထက် တက်စီး၍ ကျွန်မ ငါးရာ ခြံရံလျက် ဘုရားရှင်အား သွား၍ ကြိုဆိုလော့"ဟု စေခိုင်း၏။ ဝိသာခါသည် ဘုရားရှင်ထံသွား၍ ခရီးဦးကြိုပြုပြီး သင့်တင့်ရာ နေရာ၌ ရှိခိုးကာ ထိုင်နေ၏။ ဘုရားရှင်သည် ဝိသာခါ၏ ပါရမီရင့်သန်ခြင်းကို ဆင်ခြင်၍ တရားဟော တော်မူ၏။ ထိုတရားတော်ကို ကြားနာပြီးသော် ဝိသာခါသည် အခြံအရံ သတို့သမီး ငါးရာတို့နှင့် အတူတကွ သောတာပန် ဖြစ်လေ၏။

မေဏ္ဍက သူဌေးကြီးလည်း ဘုရားရှင်ထံ သွားရောက် ဆည်းကပ်၍ ရှိသေ စွာ ရှိခိုးလျက် သင့်တင့်သော နေရာ၌ ရှိခိုးကာ ထိုင်နေလေ၏။ ဘုရားရှင်

သည် သူဌေးကြီးအား သူ၏စရိုက်နှင့်လျော်သော တရားစကားကို ဟော ကြားတော်မူ၏။ ထိုတရားကို ကြားနာပြီးလျှင် သူဌေးကြီးလည်း သော တာပန် ဖြစ်လေ၏။

ထိုအခါသူဌေးကြီးသည်ဘုရားရှင်အမှူးရှိသောရဟန်းသံဃာအပေါင်းတို့ အား ပင့်ဖိတ်၍ တဆယ့်ငါးရက်တိုင် ဆွမ်းကျွေး၍ ကြီးစွာသော အလှူကြီး ကို ပေးလေ၏။ ဘုရားရှင်လည်း ဘဒ္ဒိယမြို့၌ ကျတ်ထိုက်သမျှသော သတ္တဝါ များကို ချွတ်တော်မူပြီးလျှင် ဘဒ္ဒိယမြို့မှ ဖဲကြွတော်မူလေ၏။

[မေဏ္ဍကသူဌေးကြီးလည်း နောင်သောအခါ ကောသလတိုင်းသို့ မိသားစုနှင့်တကွ ရှေ့.ပြောင်းသွားရပြီး သာဝတ္ထိပြည် အနီးဝယ် 'သာကေတ' မည်သောမြို့ကို တည်ထောင်၍ နေထိုင်လေ၏။ ရှေ့.ပြောင်းသွားရခြင်းအကြောင်းမှာ သာဝတ္ထိပြည်ရှင် ဘုရင်ကောသလ မင်းကြီးသည် မိမိနိုင်ငံ၌ အတိုင်းမသိ ဥစ္စာကြွယ်ဝသော သူဌေးကြီး တဦးမျှ မရှိသဖြင့် မောင်လယ် နှမလယ် ဆွေမျိုး တော်စပ်သော ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရ မင်းကြီးထံသို့သွား၍ "သင်မင်းကြီး၏ အတိုင်းမသိ ဥစ္စာကြွယ်ဝသော သူဌေးကြီး ငါးဦးအနက် သူဌေး ကြီး တဦးကို ပေးပါလော့" ဟု တောင်းခံလေ၏။

ဗိမ္ဗိသာရ မင်းကြီး၏ နိုင်ငံ၌ 'ဇောတိက၊ ဇဋိက၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလိယ'မည်သောအတိုင်းမသိဥစ္စာကြွယ်ဝသည့် သူဌေး ကြီးငါးဦးရှိလေကုန်၏။ ထိုသူဌေးကြီး ငါးဦးအနက် 'မေဏ္ဍက သူဌေး ကြီးသည် ဗိမ္ဗိသာရမင်းကြီး၏ အလိုတော်အတိုင်း ကောသလမင်း ကြီးနောက်သို့မိမိ၏ မိသားစု ပစ္စည်းမျှားနှင့်တကွ ကျေးကျွန် အလုံး စုံကိုခေါ်၍ လိုက်ပါသွားလေ၏။ တညအိပ် ခရီး သွားပြီးသော် 'ကောသလ'နိုင်ငံတွင်း သာဝတ္ထိပြည်နှင့် ခုနစ်ယူဇနာအကွာသာယာ ဘွယ် ကောင်းသော နေရာတခုသို့ရောက်လျှင် မေဏ္ဍက သူဌေးကြီး သည် ကောသလမင်းကြီးအားပန်ကြား၍မြို့ကြီးတမြို့ကို တည်ထောင် ကာ နေလေ၏။ ဤမြို့သည် 'သာကေတ' မြို့ဟုတွင်လေ၏။]

၁၀၀။ ကာကဝလိယ သူဆင်းရဲ သူဌေးကြီးဖြစ်ခြင်း

ရာဇဂြိုဟ်ပြည်တွင် အလွန်ဆင်းရဲလှသည့် ပုဏ္ဏားလင်မယားနှစ်ဦးတို့ ရှိကြ၏။ လင်ပုဏ္ဏားသည် နေ့တိုင်း နံနက်စောစော တောသို့သွား၍ ထင်းခွေခဲ့ပြီး

မြို့တွင်းဌ္ဌ ရောင်းချ၍ တကွမ်းစား (တစလယ်) မျှသော ဆန်ကို ရသဖြင့် မွန်းတည့်ခါနီးမှ အိမ်သို့လာ၍ နံနက်စာတဝက်၊ ညစာတဝက် ထားကာ စားရ၏။ မယားကလည်း သူတပါးအိမ်၌ စပါးထောင်းဆန်ဖွပ် အငှားလုပ်၍သနားပေ ကမ်းသမျှသောဥစ္စာကိုဟင်းလျာဘိုးပြု၍ကျန်သည်ကိုစုပြီးမှ အဝတ်တန်ဆာ ဝယ်ရ၏။ သူတို့၏အိမ်၌ စားစရာ ထမင်းမျှ မကျန်သည်သာများသောကြောင့် ကျီးငှက်မျှ မနားလို၊ ကျီးငှက်တို့ကို အစောင့်လွှတ်ရကား 'ကာကဝလွှိယ' ပုဏ္ဏားဟု ခေါ်စမှတ်ပြုကြ၏။

တနေ့သ၌ အရှင်မဟာကဿပသည် နိရောဓသမာပတ်မှ ထတော်မူ၍ ချီးမြှောက်အပ်သူတို့ကိုကြည့်ရှုသော် ထိုကာကဝလွှိယ ပုဏ္ဏားလင်မယားတို့ကို မြင်လျှင် "ဤသူတို့မှာ ရှေးကပြုဘူးသော ကံဟောင်းရှိလျက် မကောင်းမှုကံတခု နှိပ်စက်သောကြောင့် ပြာဖုံးသော မီးကျီးကဲ့သို့ မကြီးပွားနိုင် ရှိချေ၏။ ငါသွား၍ ချီးမြှောက်ရမူ လက်ငင်းအကျိုးကို ရရာ၏" ဟု သနားသဖြင့် နံနက်အခါ ထိုသူတို့အိမ်သို့ဆွမ်းခံကြွတော်မူ၏။

ပုဏ္ဏေးမလည်း လင်အတွက် ယာဂုချက်ပြီး ခရီးမသို့ မျှော်လျက်နေစဉ် မထေရ်ကို မြင်သဖြင့် ကြည်ညိုသဒ္ဓါပွားရလေကား မထေရ်မြတ်ထံသွား၍ တုပ်ကွရိက္ခိုး ရှိခိုးပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်မတို့အား သနားသောအားဖြင့် တပည့်တော်မ၏ အလှူကို ခံတော်မူပါ" ဟု လျှောက်၍ သပိတ်ထဲသို့ ယာဂုအိုးကိုမှောက်၍ လောင်းထည့်လှူလေ၏။

လှူပြီးသော် "အရှင်ဘုရား၊ ဤကုသိုလ်ကြောင့် ဒိဋ္ဌဓမ္မပင် ဒုက္ခကင်းလွတ်ရပါစေသော" ဟု ဆုတောင်းလေ၏။

မထေရ်သည်း "ဒါယိကာမတောင်းသောဆုအတိုင်း ပြည့်စုံပါစေ" ဟု ဆုပေးပြီး ကြွတော်မူ၏။ လင်ယောကျ်ားလည်းထင်းခွဲရာမှ ပြန်လာ၍ထိုအလှူအကြောင်းကို ကြားရလျှင် အလွန်ပင် နှစ်သက်ဝမ်းမြောက်လေ၏။

ထိုနှစ်၌ ဗိမ္မိသာရမင်းကြီးသည် ရထားစီး၍ မြို့ကို လှည့်လည်ရာတွင် သုသာန်ပြင်၌ တံကျင်လျှိုထားသော ယောကျ်ားတဦးသည် မသေသေးမီ မင်းကြီးလာသည်ကို မြင်လျှင် "အရှင်မင်းကြီး၊ ကျွန်ုပ်အား မသေမီ ထမင်းတနပ်စာနှင့် ရေတမှုတ်မျှ သနားတော်မူပါ" ဟု လျှောက်၏။

မင်းကြီးလည်း ထိုသူအား သနားလှ၍ "ယခုငါ့မှာ ထမင်းပါမလာ။ နန်းတော်ရောက်မှ အပို့ခိုင်းလိုက်အံ့" ဟုဆို၍ ပြန်သွား၏။ နန်းတော်သို့ ရောက်လျှင် များစွာသောကချေသည် မောင်းမတို့ ခယဖျော်ဖြေ၍ မဲ့လျှော့သွားရာ နေဝင်မှ သတိရလေ၏။

ထိုအခါမှ မင်းချင်းယောကျ်ားတို့ကို ခေါ်၍ "ငါဝန်ခံခဲ့သော ကတိတခု ရှိပေ၏။ သုသာန်ပြင်၌ တံကျင်လျှို၍ထားသော ယောကျ်ားထံသို့ ထမင်းနှင့်ရေကို ပို့ခဲ့ကြ" ဟု စေခိုင်းလေ၏။

မင်းချင်းတို့လည်း မည်သူမျှ မသွားဝံ့ကြ။ အကြောင်းမှာ မြို့တံခါးဝ၌ ထန်းနှစ်ပင်၌နေသော 'ဒီဃတာလ' အမည်ခံ ဘီလူးအား "နေဝင်သည်မှစ၍ အရုဏ်သည့်တိုင် ဤတံခါးမှ ဝင်ထွက်သွားသူတို့ကို သင် ဖမ်းယူ၍ စားလော့" ဟု မင်းကြီးက အပိုင်စား ပေးထားသောကြောင့် ဖြစ်၏။

မင်းချင်းတို့တဦးမျှ မသွားဝံ့ကြသော် မင်းကြီးလည်း ကတိပျက်မည်စိုး၍ "သုသာန်သို့ သွားဝံ့သောသူကို ငွေတထောင်ပေးမည်" ဟု စည်လည်စေ၏။

ကာကဝလ္လိယ သူဆင်းရဲမသည် ကြား၍ "ငါသွားပို့ချေအံ့" ဟု ဆုံးဖြတ်ပြီး မင်းကြီးထံသွား၍ "ကျန်တော်မ သွားပို့ပါမည်" ဟု လျှောက်၏။ မင်းကြီးလည်း အလွန် ဝမ်းသာလျက် တယောက်စာထမင်းကို ခွက်ထဲထည့်၍ ရေအိုးနှင့်တကွ ပေး၏။

သူဆင်းရဲမက "အရှင်မင်းကြီး၊ မင်းလက်ဆောင်ပိစ္ဆာ ဤထမင်းကို မနောလင်ပန်းဖြင့်ထည့်၍ သနားတော်မူပါ" ဟု လျှောက်၏။ မင်းကြီးက လျှောက်တိုင်း ပေးလေလျှင် သူဆင်းရဲမသည် လင်ပန်းကို ရွက်၍ ရေအိုးရေခွက်တို့ကို ဆဲ့ပြီ သွားသော် မြို့တံခါးဝသို့ ရောက်လေ၏။

ထိုအခါ ထန်းပင်၌ နေသော 'ဒီဃတာလ' ဘီလူးသည် ကိုယ်ထင်ပြလျက် "ဟယ် မိန်းမ၊ သင်ကား ငါ့အစာ ဖြစ်ပြီ။ ရပ်လော့" ဟု ဆို၏။

သူဆင်းရဲမကလည်း "သင်သည် သူတပါးတို့ကို စားခွင့်ရသော်လည်း ငါ့ကို သင် စားပိုင်ခွင့် မရှိ။ သင်လည်း မင်းကြီး၏ အမှုထမ်း ကျေးဇူးခံ၊ ငါလည်း သုသာန်ပြင်သို့ စေလွှတ်အပ်သော မင်းကြီး၏ တမန်တော် ဖြစ်၏။ ဤမနောလင်ပန်းကို ကြည့်လော့" ဟု ဆို၏။

ထိုအခါ ဘီလူးက "ဟုတ်ပေ၏။ သင်သွားနိုင်ပါ၏။ သို့သော် သုသာန်ပြင်အနီး မန်ကျည်းပင်ကြီး ခုနစ်ပင်၌ စောင့်နေသော 'သုမန' နတ်မင်းကြီးအား 'သင်နတ်မင်း၏သမီး, ဒီဃတာလ၏မယား 'ကာဠိနတ်သမီးသည် သားလှရတနာကို ယနေ့ဖွားမြင်ကြောင်း' ကြားပေးပါ" ဟု မှာလိုက်၏။

သူဆင်းရဲမလည်း ဝန်ခံ၍ လာခဲ့ပြီး တံကျင်လျှိုထားသော သူအားထမင်းနှင့်ရေကို ပေးပြီးလျှင် မန်ကျည်းပင်အောက်သို့ သွား၍ သုမန နတ်မင်းအား မှာလိုက်သော စကားကို ပြောကြားလေ၏။

သုမန နတ်မင်းကြီးလည်း အလွန် ဝမ်းမြောက်ရကား "သင်သည် ငါ့အား မင်္ဂလာစကားကို အခါမဲ့လာ၍ ကြားပေ၏။ သင့်အား ငါ ဆုပေးအံ့။ ငါမန်ကျည်းပင် ခုနစ်ပင်တွင် တပင်စီ အရင်း၌ ရွှေအိုးနှစ်လုံးစီ ရှိ၏။ နံနက်ကျလျှင် လာ၍ ဖော်ယူလော့" ဟု ဆိုလေ၏။ သူဆင်းရဲမလည်း နတ်မင်းကြီးကို ရှိခိုး၍ ပြန်လာပြီး မြို့တံခါးဝသို့ ရောက်လေသော် ဒီဃတာလ ဘီလူးအား ထိုအကြောင်း အလုံးစုံကို ပြောပြလေ၏။

ဒီဃတာလကလည်း "ငါ့ယောကျ်ားမပင် ဤမျှ ဆုပေးပေ၏။ ငါစေရင်းလူ ဖြစ်၍ မျှားစာ ပိုပေးသင့်၏" ဟု ကြံလျက် "နက်ဖြန် ငါ့ထန်းပင်ရင်း၌ လည်း ရွှေအိုးကြီးလေးလုံးကို လာတူးယူလော့" ဟု ဆိုလေ၏။ သူဆင်းရဲမလည်း မင်းကြီးထံ သွား၍ ရိုသေစွာ ရှိခိုးလျက် အဖြစ်သနစ် အလုံးစုံကို လျှောက်ကြားလေ၏။

မင်းကြီးလည်း အလွန် နှစ်သက်လျက် သူမအား ငွေတဆောင်ထုပ်ကို ပေးအပ်သည့်အပြင် နောက်တနေ့ နံနက်အခါ မင်းချင်းတို့နှင့်တကွ နတ်တို့က ပေးသည့် ရွှေအိုးတို့ကို တူးဖော်ယူလာစေ၍ မင်းရင်ပြင်၌ ထားစေလျက် ကာကဝလ္လိယအား သူ့ဌေးတို့ ဆောင်းမြဲ ထီးနှင့်တကွ သူ့ဌေးကြီးရာထူးကို ပေးလေသတည်း။

ကာကဝလ္လိယ သူ့ဌေးလင်မယားတို့သည် မင်းကြီးထံမှ အိမ်ရာမြေကို တောင်းယူ၍ ထိုနေရာရှိ ချုံပိတ်ပေါင်းတို့ကို ရှင်းလင်းပြီး အိမ်ဆောက်ရန် မြေကို တူးလေသော် တူးတိုင်း တူးတိုင်းပင် ရွှေအိုး, ငွေအိုးတို့ကိုသာ ရ၍ အတိုင်းမသိသော စည်းစိမ်ချမ်းသာတို့ကို ရလေ၏။

ထိုသူဌေးလင်မယားတို့သည် "ငါတို့ကား အရှင်မဟာကဿပ၏ ကျေးဇူးကြောင့် ဤစည်းစိမ်ချမ်းသာကို ရပေ၏" ဟု ကျေးဇူးတော်ကို အောက်မေ့၍ နေ့စဉ် ငါးရာသော ရဟန်းတော်တို့အား မပြတ် ဆွမ်းလုပ်ကျွေးကြလေသတည်း။

၁၀၁။ ပုဏ္ဏသူဆင်းရဲ သူဌေးကြီး ဖြစ်ခြင်း

ရာဇဂြိုဟ်ပြည်၌ "ပုဏ္ဏ"မည်သော သူဆင်းရဲသည် "သုမန" သူဌေးအိမ်၌ လယ်ယာအလုပ်ဖြင့် သူရင်းငှားပြု၍ နေရသောသူ ဖြစ်၏။ သူ့မှာ သူ၏ မယား "ဘရိတာ"ဖြင့် "ဥတ္တရာ"မည်သော သမီးတဦး ရှိ၏။ တနေ့သ၌ ရာဇဂြိုဟ်ပြည်ဝယ် ပြည်သူတို့ပျော်ပါးနေကျ နက္ခတ်ပွဲသဘင်ဖြစ်ရာ ပုဏ္ဏသည်

တနေ့လုပ်မှ တနေ့စားရသူ ဖြစ်ရကား ထိုပွဲသဘင်ကို မပျော်ပါးနိုင်ဘဲ နွားတို့ကို ယူပြီး လယ်ထွန်ရာသို့ သွား၍ လယ်ထွန်၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် နံ့သာတော၌ ခုနစ်ရက်လုံး နိရောဓသမာပတ် ဝင်စားရာမှ ထိုနေ့နံနက်တွင် ထတော်မူ၍ "ငါသည် ယနေ့ အဘယ်သူအား ချီးမြှောက်ရအံ့နည်း" ဟု ကြည့်ရှုလေလျှင် ထိုပုဏ္ဏာသူဆင်းရဲကို မြင်လေ၏။ မထေရ်သည် သင်္ကန်းရုံ့ သပိတ်လွယ်ပြီး ပုဏ္ဏာ သူဆင်းရဲ လယ်ထွန်သည့်နေရာ အရပ်၌ ရောက်ငင်းတခုအနီး ချုံကြီးတခုကို ကြည့်၍ ရပ်လင့်၏။

ပုဏ္ဏာသည် မထေရ်ကို မြင်လျှင် ကြည်ညိုသဒ္ဓါတရား ဖြစ်ပေါ်၍ "မထေရ်မြတ်သည် ဒန်ပူကို အလိုရှိသည် ဖြစ်လတံ့" ဟု အနီးသို့သွားကာ ရှိခိုးပြီး မျက်နှာသစ်ရေကို ခပ်၍ ဒန်ပူနှင့်တကွ ကပ်လေ၏။ မထေရ်လည်း ကပ်သော ရေ ဒန်ပူကို ခံယူသုံးဆောင်ပြီး ပုဏ္ဏာ၏မယား လင့် ဒ. တွက် ထမင်း လာပို့မည့် လမ်းသို့ ကြ၍ နေတော်မူလင့်၏။

ပုဏ္ဏာ၏မယား 'ဘရိတာ' လည်း လင့်အတွက် ထမင်းကို ယူ၍ လာသော် ခရီးအကြွေး၌ မထေရ်ကို တွေ့မြင်လျှင် ကြည်ညိုလှသဖြင့် တုပ်ကွရုံကျိုး ရှိခိုး၍ "အရှင်ဘုရား၊ တပည့်တော်မအား သနားသောအားဖြင့် ဤဆွမ်းအလှူကို ခံတော်မူပါ" ဟု လျှောက်၍ ခွက်ထဲပါသော ထမင်းအားလုံးကို မထေရ်၏ သပိတ်ထဲသို့ လောင်းထည့်လှူပြီးသော် "ဤကောင်းမှု၏ အကျိုးကို ဒိဋ္ဌဓမ္မ၌ပင် ခံစားရပါလို၏" ဟု ဆုတောင်းလေ၏။ မထေရ်လည်း "ဒါပါ၊ကာမ တောင့်တံ့တိုင်း ပြည့်စုံစေ" ဟု ဆို၍ ရပ်လျက်ပင် အနုမောဒနာ ပြုပြီးမှ ကြွတော်မူ၏။

'ဘရိတာ' လည်း အိမ်သို့ တဖန် ပြန်ပြီး ဆန်နှင့် ဟင်းရွက်တို့ကို ရှာ၍ ချက်ပြုတ်ပြီးမှ လင့်ထံ ပို့ရန် လာ၏။ ပုဏ္ဏာလည်း အချိန်ကြာလင့်၍ မောပန်းပြီး ဆာလောင်မွတ်သိပ်ရကား လယ်ကန်သင်းကို ခေါင်းဆိုက်လျက် အိပ်နေ၏။ မယားလည်း အနီးသို့ ရောက်လာသော် လင့်အား ထိုအကြောင်းကို ပြောကြားပြီး ဝမ်းမြောက်ရန် ပန်ကြားလေ၏။ ပုဏ္ဏာလည်း ထိုအလှူအကြောင်း ကြားရလျှင် အလွန်ပင် ဝမ်းမြောက်လှပြီး မယားအားလည်း မိမိအလှူကို ပြောကြားလေ၏။ သူတို့သည် ပျူပျူငှာငှာ ပြောဆို၍ ထမင်းကို စားကြ၏။ စားပြီးသော် ပုဏ္ဏာသည် အပန်းမပြေသေး၍ မယား၏ တင်ပေါ်၌ ခေါင်းဆိုက်ကာ အိပ်ပြန်၏။

ထိုအခါ ပုဏ္ဏာထွန်သော လယ်မြေတခုလုံးသည် ရွှေတုံးအတိ ဖြစ်လျက် တပြောင်ပြောင် ထွန်းတောက်လေ၏။ ပုဏ္ဏာလည်း အိပ်ရာမှနိုး၍ ထိုရွှေတို့ကို မြင်လျှင် အမြန် သွားကြည့်၍ ရွှေစင်စစ် ဖြစ်နေသည်ကို တွေ့ရှိလေ၏။

သူသည် မယားကို လှမ်းခေါ်၍ပြသကာ "ရှင်မ၊ ငါတို့ မထေရ်မြတ်အား လှူသောအလှူသည် ယနေ့ပင် ကြီးစွာသောအကျိုးကို ပေးပေ၏" ဟု နှစ်ဦးသား ဝမ်းမြောက်လျက် ထမင်းခွက်ထဲ ရွှေအပြည့်ထည့်၍ ဗိမ္မိသာရမင်းကြီးထံ သွားပြကာ "ကျွန်ုပ်တို့သည် အရှင်သာရိပုတ္တရာအား ရေဒန်ပူဇော်ဆွမ်းကို လှူခဲ့သဖြင့် ဤသို့သော အကျိုးထူး ဖြစ်ရပါ၏" ဟု လျှောက်လေ၏။

မင်းကြီးလည်း မင်းချင်းတို့ကို စေလွှတ်၍ ထိုရွှေတို့ကို ယူဆောင်စေပြီး မင်းရင်ပြင်တွင် စုပုံစေလျက် 'ပုဏ္ဏာ'အား သူ့ဌေးတို့၏ အဆောင်အယောင် နှင့်တကွ သူ့ငွေးရာထူးကို ပေးလေ၏။

ထိုနောက် ပုဏ္ဏာလင်မယားတို့သည် မင်းကြီးထံမှ အိမ်အတွက် မြေနေရာကို တောင်းယူ၍ အိမ်ဆောက်ပြီး အိမ်တက်မင်္ဂလာပွဲသော် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ခုနစ်ရက်လုံး အလှူကြီးကို ပေးလေ၏။ အလှူ၏ အဆုံး၌ ဘုရားရှင် ဟောကြားအပ်သော တရားတော်တို့ ကြားနာရသော် "ဥတ္တရာ"မည်သော သမီးနှင့်တကွ လင်မယားနှစ်ဦးလုံး သောတာပန် ဖြစ်ကြလေ၏။

၁၀၂။ ဘုရားရှင် ဝေသာလီပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ်တွင် ဝေသာလီပြည်၌ ငတ်မွတ်ခြင်း, အနာရောဂါဘေး, ဘီလူးဘေးဟူသော ဘေးကြီးကပ်ကြီးသုံးပါး ဖြစ်ပေါ်သဖြင့် လူများစွာတို့သေကြေပျက်စီးကြလေ၏။ ဝေသာလီပြည်တွင် ခုနစ်ထောင်ကျော်သော လိစ္ဆဝီမင်းတို့သည် အလှည့်ကျဖြင့် အုပ်ချုပ်မင်းလုပ်သည့် အလေ့အထရှိ၏။

ထိုအချိန်၌ စိုစံသော မင်းကြီးမှာ အပြစ်တစုံတရာ ရှိမရှိ ပြည်သူတို့ စိစစ်၍ မရှိကြောင်း တွေ့ရှိကြလျှင် ထိုဘေးများမှ လွတ်မြောက်မည့်အရေးကို ဆွေးနွေးတိုင်ပင်ကြလေ၏။ အကြံအမျိုးမျိုး ပေးကြသော်လည်း နောက်ဆုံးတွင် "ဘုရားရှင် ကြွလာလျှင် ဤဘေးတို့ ကေန ငြိမ်းပျောက်ကြမည်" ဟု အားလုံး နှစ်သက်ယုံကြည်စွာ ဆုံးဖြတ်ကြလေ၏။

ထိုအခါ မင်းကြီးနှင့်တကွ ဝေသာလီပြည် လိစ္ဆဝီမင်းအပေါင်းတို့သည် လက်ဆောင်များကို စီရင်၍ ဗိမ္မိသာရမင်း, ဘုရားရှင်တို့နှင့် ရင်းနှီးမှုရှိသော "မဟာလိ"မည်သော လိစ္ဆဝီမင်းနှင့် ပုရောဟိတ်၏သား (နှစ်ဦး)တို့အား ဘုရားရှင်ကို ပင့်ဆောင်ရန် ရာဇဂြိုဟ်ပြည်သို့ လက်ဆောင်များနှင့်တကွ စေလွှတ်ကြလေ၏။ ထိုသူတို့သည် သွား၍ ဗိမ္မိသာရမင်းကြီးအား လက်ဆောင်များကို ဆက်သပြီး အကြောင်းစုံကို လျှောက်ကြားကြလေ၏။ ထိုနောက် ဘုရားရှင်ထံသွား၍ ထိုအကြောင်းနှင့်တကွ "ဘေးများ အေးငြိမ်းစေရန် ဝေသာလီပြည်သို့ ကြွရောက်တော်မူပါမည့်"အကြောင်း လျှောက်ကြားကြလေ၏။ ဘုရားရှင်သည် ဆင်ခြင်တော်မူ၍ "ဝေသာလီပြည်၌ 'ရတနသုတ်' ပရိတ်တော်ကို ဟော်တော်မူလျှင် ထိုဘေးသုံးပါးလုံး ငြိမ်းရုံမျှမက လူနတ် ဗြဟ္မာ အသိန်းမက သစ္စာလေးပါးကို ထိုးထွင်းသိကြလတံ့"ဟု မြင်တော်မူသဖြင့် ဝေသာလီပြည်သို့ ကြွရန် ဝန်ခံတော်မူ၏။ (အချိန်ကား စတုတ္ထဝါကျတ်ချိန်လောက်တွင် ဖြစ်၏။)

ဗိမ္မိသာရပင်းကြီးသည် ထိုအကြောင်းကို ကြားသိလျှင် ဘုရားရှင်ကို ခေတ္တဆိုင်းငံ့တော်မူစေပြီး ရာဇဂြိုဟ်ပြည်နှင့် ဂင်္ဂါမြစ်အကြား ငါးယူဇနာရှိသော လမ်းခရီးကို ညီညာအောင်လုပ်စေ၍ တယူဇနာတိုင်း၌ ကျောင်းတခုစီကို ဆောက်စေပြီးမှ ဘုရားရှင်အား ကြွတော်မူစေ၏။ ဘုရားရှင်သည် ရဟန်းငါးရာနှင့်တကွ ကြွတော်မူသော် မင်းကြီးသည် ကိုယ်တိုင် မင်းပရိသတ်နှင့်တကွ လိုက်ပါ၍ တလမ်းလုံး ပန်းတိုကို ကြဲဖြန့်စေလျက် တံခွန်ကုံကား ငှက်ပျောပင်တို့ကို စိုက်စေပြီး ဘုရားရှင်အပေါ် ထီးဖြူ နှစ်လက်, ရဟန်းတပါးစီအပေါ် ထီးဖြူတလက်စီ ဆောင်းစေလျက် ပန်းနံ့သာတို့ဖြင့် ပူဇော်၏။ မင်းကြီးသည် တယူဇနာရောက်တိုင်း အသင့် ဆောက်ပြီး ကျောင်းတော်၌ ဘုရားနှင့်တကွ ရဟန်းများကို သိတင်းသုံးစေ၍ အလှူကြီးကို ပေး၏။ ငါးရက်ဖြင့် ဂင်္ဂါမြစ်သို့ရောက်သော် မင်းကြီးသည် လိစ္ဆဝီမင်းတို့ထံသို့ ဘုရားရှင်အား ခရီးဦးကြိုပြုစေရန် အကြောင်းကြားလေ၏။

လိစ္ဆဝီမင်းတို့သည် ဝေသာလီပြည်နှင့် ဂင်္ဂါမြစ်အကြားရှိ သုံးယူဇနာခရီးကို မြေညီအောင်ပြု၍ ဗိမ္မိသာရမင်းကြီး ပြုသည်ထက် နှစ်ဆတိုး၍ ကြီးကျယ်ခမ်းနားစွာ စီရင်ပြီး ဂင်္ဂါမြစ်သို့ လာကြလေ၏။ ဗိမ္မိသာရမင်းကြီးသည် လှေနှစ်စင်းကို ပူးတွဲ၍ အပေါ်၌ မဏ္ဍပ်ကြီး ဆောက်ပြီး ခမ်းနားစွာ ခင်းကျင်း၍ ရတနာဖြင့်ပြီးသော နေရာ၌ ဘုရားရှင်ကို နေတော်

မူစေပြီးမှ ရဟန်းများအား ဘုရားရှင်ကို ရံလျက် နေစေလေ၏။ မင်းကြီးသည် လည်ပင်းအထိ ရေထဲသို့ ဆင်း၍ "ဘုရားရှင် ပြန်ကြွလာသည်အထိ ဤဂင်္ဂါမြစ်နား၌ တပည့်တော် စောင့်နေပါမည်ဘုရား" ဟု လျှောက်ကြားပြီး လှေကို လှတ်လိုက်လေ၏။ ထိုလှေသည် ရေထဲ၌ တယူဇနာမျှ သွားပြီးသော် ဝေသာလီပြည်၏ နယ်ပယ်ထဲသို့ ရောက်လေ၏။ လိစ္ဆဝီမင်းတို့သည် လည်ပင်းအထိ ရေထဲဆင်း၍ လှေတော်ကို ကမ်းနားသို့ ယူဆောင်ကြပြီး ဘုရားရှင်အား လှေတော်မှ ပင့်ဆောင်ကြလေ၏။

ဘုရားရှင်သည် ကမ်းနား၌ ခြေတော်ချလျှင်ပင် ပေါက္ခရဝဿမိုးကြီး ရွာသွန်း၍ နေရာအမျှပ် အားလုံး၌ ပုဆစ်ဒူး, ခါးမျှအထိ ရေတို့ စီးကုန်သဖြင့် အကောင်ပုပ်တို့အား လုံး ရေထဲ မျောပါသွားကြလေ၏။ မြေသည် ထက်ဝန်းကျင်၌ သန့်ရှင်းသွားလေ၏။ လိစ္ဆဝီမင်းတို့သည် တယူဇနာရောက်တိုင်း ဘုရားရှင်အား ကျောင် တော်၌ သီတင်းသုံးတော်မူစေလျက် နှစ်ဆတက်ပြီး ကြီးစွာ ပူဇော်ကာ အလှူကြီးကို ပေးကြကုန်၏။ သုံးရက်ဖြင့် ဝေသာလီပြည်သို့ ရောက်လေ၏။ ထိုအခါ သိကြားမင်းသည် နတ်အပေါင်း ခြံရုံလျက် ရောက်လာ၏။ ဘီလူးတို့သည် ထွက်ခွာရှောင်ရှား ပြေးလွှားကြရလေ၏။ ဘုရားရှင်သည် ညနေအခါ မြို့တံခါး၌ ရပ်တော်မူလျက် အရှင်အာနန္ဒာအား "ချစ်သား အာနန္ဒာ၊ ရတနသုတ်ပရိတ်တော်ကို သင်ယူ၍ လိစ္ဆဝီမင်းသားတို့နှင့်တကွ လှည့်လည်လျက် ဝေသာလီပြည်၏ တံတိုင်းသုံးခုတို့အကြား၌ ပရိတ်အရံအတား ကို ပြုချေလော့" ဟု မိန့်တော်မူလေ၏။

အရှင်အာနန္ဒာသည် ဘုရားရှင် သင်ပေးသော ရတနသုတ်ပရိတ်တော်ကို သင်ယူပြီး ညဉ့်သုံးယံ၊ တံတိုင်းသုံးခုတို့၏အကြား၌ ရတနသုတ်ပရိတ်တော်ကို ရွတ်ကာ လှည့်လည်လေ၏။ ထိုသို့ ရွတ်စဉ်ပင် အနာရောဂါဖြင့် လဲနေကြသော လူတို့သည် အနာရောဂါကင်းပျောက်၍ ထလာကြပြီး အရှင်အာနန္ဒာကို ခြံရုံလိုက်ပါကုန်၏။ လူတို့သည်မြို့တွင်းရှိမင်းကွန်းကို နံ့သာမျိုးစုံတို့ဖြင့် လိမ်းကျံ၍ ဘုရားရှင်အတွက် နေရာ ခင်းပြီးသော် ဘုရားရှင်ကို ပင့်ဆောင်ကုန်၏။ ဘုရားရှင်သည် ထိုနေရာ၌ နေတော်မူလျှင် ရဟန်းအပေါင်းနှင့် လိစ္ဆဝီမင်းအပေါင်းတို့သည် ဘုရားရှင်ကို ခြံရုံလျက် နေကြလေ၏။ အရှင်အာနန္ဒာလည်း ထိုအနာရောဂါ ကင်းပျောက်သူများဖြင့် ခြံရုံလျက် ကြွလာပြီး ဘုရားရှင်ကို ရှိခိုးကာ နေလေ၏။ ထိုအခါ ဘုရားရှင်သည် ထို ရတနသုတ်ပရိတ်တော်ကိုပင် ဟောကြားတော်မူ၏။ ဤသို့ ဘုရားရှင်သည်

ထိုရတနသုတ်ပရိတ်တော်ကို ခုနစ်ရက်တိုင် ဟောကြားတော်မူသဖြင့် ဘေးအားလုံးတို့ ငြိမ်းသွားကြလေသတည်း။

ထိုအခါ ဘုရားရှင်သည် လိစ္ဆဝီမင်းတို့အား "လိစ္ဆဝီမင်းတို့၊ ဤ၌ ဘေးကြီးအားလုံး ငြိမ်းပေပြီ။ ငါဘုရား ပြန်လည်ကြွတော်မူအံ့" ဟု မိန့်ကြားပြီး ဝေသာလီပြည်မှ ထွက်ခွာတော်မူ၏။ လိစ္ဆဝီမင်းတို့သည် အလွန် နှစ်သက်ဝမ်းမြောက်ကြရကား ဘုရားရှင်အား နှစ်ဆတိုး၍ ပူဇော်ကာ လိုက်ပို့ကြသော် သုံးရက်ဖြင့် ဂင်္ဂါမြစ်သို့ ရောက်လေ၏။

၁၀၃။ ဘုရားရှင်၏ ရှေးကောင်းမှုကံ

ထိုအခါ ဂင်္ဂါမြစ်မှ နဂါးမင်းတို့သည် ရွှေငွေပတ္တမြားဖြင့် ပြီးသော လှေကြီးတို့ကို ဖန်ဆင်း၍ ကြီးကျယ်ခမ်းနားစွာ ခင်းကျင်းပြီး နဂါးမင်းအသီးသီးက ဘုရားရှင်အား "မြတ်စွာဘုရား၊ တပည့်တော်၏ လှေပေါ်တက်၍ ချီးမြောက်တော်မူပါ" ဟု လျှောက်ကြလေ၏။ ဘုမ္မစိုးနတ်တို့မှ စ၍ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင်သော နတ်ဗြဟ္မာအားလုံး ရောက်လာကြပြီး ဘုရားရှင်အားပူဇော်ကြကုန်၏။ နဂါး, နတ်, ဗြဟ္မာမင်းတို့သည်တယူဇနာမျှ ကြီးမားသည့် ထီးတော်များကို ဖန်ဆင်းကြပြီး မြေပြင်မှ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ထီးအဆင့်ဆင့် စိုက်ထူမိုးကာကြလေ၏။ ဘုရားရှင်သည် နဂါးစသည်တို့၏ အလိုကို သိတော်မူ၍ လှေတစင်းစီထက်၌ ရဟန်းငါးရာစီ ခြံရံအပ်သော ဘုရားရှင်တဆူစီကို ဖန်ဆင်းတော်မူ၏။ ဘုမ္မစိုးနတ် စသည်တို့ ထံ၌လည်း အရပ်တခုစီတွင် အလားတူ ရဟန်းငါးရာ အခြံအရံနှင့်တကွ နိမ္မိတဘုရားရှင်တဆူစီကို ဖန်ဆင်းတော်မူ၏။

စကြဝဋ္ဌာတခုလုံး၌ တခုတည်းသော တန်ဆာဆင်ခြင်း, အစည်းအရုံး, ပွဲလမ်းသဘင်ဖြစ်လတ်သော် ဘုရားရှင်သည် နဂါးတို့အား ချီးမြောက်တော်မူလို၍ နဂါးတို့၏ ရတနာဖြင့်ပြီးသော လှေကြီးတစင်းပေါ်သို့ တက်ကြွတော်မူ၏။ ရဟန်းငါးရာတို့လည်း လှေတစင်းစီပေါ်သို့ တပါးစီသာ တက်လေ၏။ ဤသို့ ဘုရားရှင်သည် စကြဝဋ္ဌာတိုက်တခုလုံးရှိ နတ်ဗြဟ္မာအပေါင်းတို့၏ ပူဇော်အထူးကို ခံလျက် လှေငါးရာတို့ဖြင့် ဂင်္ဂါမြစ်ကို ကူးတော်မူလေ၏။ ဗိမ္မိသာရမင်းကြီးလည်း မင်းပရိတ်သတ်နှင့်တကွ ဘုရားရှင်ကို ခရီးဦးကြိုပြုလျက် လှေတော်မှ ပင့်ဆောင်ပြီး ယခင်ကထက် နှစ်ဆတိုး၍ ပူဇော်လျက် ပင့်ဆောင်လာရာ ငါးရက်ဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်လေ၏။

ဝေဠုဝန်ကျောင်းတော်သို့ ရောက်၍ နောက်တနေ့ တရားသဘင်၌ ရဟန်းတို့ စုဝေးနေကြလျက် ထိုကဲ့သို့ လူ, နဂါး, နတ်, ဗြဟ္မာအပေါင်းတို့ ထိုမျှ ကြီးကျယ်စွာ ပူဇော်အပ်ကုန်သော ဘုံဘုရားရှင်၏ဘုန်းတန်ခိုးအာနုဘော်ကြီးမားပုံကို တအံ့တသြ ပြောဆိုကုန်၏။ ထိုအခါ ဘုရားရှင်သည် ကြွလာ၍ ထိုအကြောင်းကို မေးမြန်းတော်မူပြီး "ရဟန်းတို့၊ ဤသို့သော ပူဇော်သက္ကာရသည် ငါဘုရား၏ အာနုဘော်ကြောင့် ဖြစ်သည်မဟုတ်။ နဂါး,နတ်,ဗြဟ္မာတို့၏ အာနုဘော်ကြောင့်လည်း ဖြစ်သည်မဟုတ်။ စင်စစ် ရှေးအခါက ငါဘုရားပြုခဲ့သော အနည်းငယ်မျှကို စွန့်ကြဲခြင်း၏ အာနုဘော်ကြောင့် ဖြစ်ပေ၏" ဟု မိန့်တော်မူလျက်-

"ရဟန်းတို့၊ ရှေးအခါဝယ် ငါဘုရား သခ်ၤပုဏ္ဏား ဖြင့်စဉ်က အိမ်မှ ပညာသင်ထွက်သွားသော သားကို ကာလကြာမြင့်စွာ လိုက်လံ ရှာဖွေသော်ထိုသား ပစ္စေကဗုဒ္ဓါဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသွား၍ တည်ထားအပ်သော စေတီသို့ ရောက်သွား၏။ သခ်ၤပုဏ္ဏားသည် လူးလိမ့်ဝိုင်းကြေးမြည်တမ်းလျက် စေတီရင်ပြင်၌ မြက်များကိုနုတ်, သဲဖြင့်ခင်း, ရေဖြင့်ဖြန်း,တောပန်းတို့ဖြင့် ပူဇော်ပုဆိုးဖြင့် ကုက္ကားကိုတင်, စေတီအပေါ် ထီးတင်ပြီးမှ ဖဲသွားခဲ့လေ၏။ ထိုမျှကောင်းမှုအနည်းငယ်၏ အာနုဘော်ကြောင့် ယခု နဂါး, နတ်, ဗြဟ္မာတို့၏ ထိုမျှ ကြီးကျယ်သော ပူဇော်မှုကို ခံတော်မူရပေ၏" ဟူ၍ မိန့်ကြားတော်မူလေ၏။

၁၀၄။ လှည့်စား၍ ဆွမ်းလှူသော သိကြားမင်း

ဘုရားရှင် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်တွင် တနေ့သ၌ အရှင်မဟာကဿပသည် ခုနစ်ရက်တိုင် နိရောဓသမာပတ်ကို ဝင်စားရာမှ ထ, တော်မူ၍ "ဆင်းရဲလှသူတို့အား ချီးမြှင့်ခြင်းကို ပြုအံ့" ဟုကြံလျက် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်လေ၏။

ထိုအခါ သိကြားမင်းသည် ဆံဖြူသွားကျိုး အိုမင်းရင့်ရော် ရက်ကန်းသည် လူအိုကြီးယောင်ဆောင်၍ သုဇာတာ မိဖုရားကိုလည်း အမယ်အိုကြီးအသွင် ဖန်ဆင်းစေပြီး ရက်ကန်းသည် လမ်းခရီးတခုကို ဖန်ဆင်း၍ "မိမိသည် ရက်ကန်းချည်ကိုဖြန့်လျက်နေ၍ သုဇာတာမူ ရက်ဖောက်ယောက်နေ၏။

ဆွမ်းခံလှည့်လည်လာသောအရှင်မဟာကဿပသည် ထို အဖိုးအို အမယ်အိုတို့ကို မြင်လျှင် "ဤသူနှစ်ဦးတို့သည် မစုမ်းမသန်အိုမင်းသည့် အရွယ်၌ပင်

အသက်မွေးမှုကိစ္စကို ပြုနေကြရသေး၏။ ဤသူတို့ထက်ဆင်းရဲပင်ပန်းသူရှိမည် မထင်။ ဤသူတို့လှူသည့် ဆွမ်းဟင်း အနည်းငယ်ကို ခံယူ၍ ချီးမြှင့်ခြင်းကို ပြုအံ့”ဟု ဆင်ခြင်ပြီး ထိုသူတို့၏ အိမ်သို့သွား၍ ဆွမ်းရပ်လေ၏။

သူအို သိကြားမင်းသည် အမယ်အိုအား လှူဘယ်နှင့် ပတ်သက်၍ ပြောဆို ကာ အိမ်မှထွက်လာပြီး ရိုသေစွာ ရှိခိုး၍ မျက်စိမဲ့ဟန် ပြုပြီးမှ “အိုမဲ့ချုတ် ချော် တပည့်တော်တို့အား သနားသဖြင့် ချီးမြှင့်တော်မူပါဘုရား”ဟု လျှောက်၍ သပိတ်ကို ယူ၏။ သူအိုသိကြားသည် အိမ်ထဲဝင်၍ ဆွမ်းခူးပြီး သပိတ်ထဲ အပြည့်ထည့်လျက် မထေရ်၏ လက်၌ ကပ်လေ၏။ ထိုဆွမ်းသည် အမဲဟင်းလျာ များစွာတို့ဖြင့် ပြည့်စုံ၍ ရာဇဂြိုဟ် တမြို့လုံး၌ ပျံ့နှံ့မွှေးကြိုင်လေ၏။

ထိုအခါ မထေရ်သည် “ဤဘောဇဉ်ကား သိကြားမင်း၏ ဘောဇဉ်နှင့် တူလှ၏။ ဤသူကား အဘယ်သူနည်း”ဟု ဆင်ခြင်၍ ‘သိကြားမင်း ဖြစ်သည်’ ကို သိလျှင် “သင် သိကြားမင်းသည် သူဆင်းရဲတို့အား ရထိုက်သည့် စည်းစိမ် ချမ်းသာကို လုယက်ဘိ၏။ ယနေ့ငါ့အား အလှူပေးလှူ၍ ဆင်းရဲသား တယောက်သည် အလွန်ကြီးပွားချမ်းသာခြင်းကို ရပေရာ၏”ဟု မိန့်ကြား လေ၏။

သိကြားမင်းက “အရှင်ဘုရား၊ တပည့်တော်ထက် ပိုပြီး ဆင်းရဲသူ မရှိပါ။ တပည့်တော်သည် သိကြားမင်းဖြစ်သည်ကား မှန်ပါ၏။ သို့ရာတွင် သာသနာပကာလ၌ ကောင်းမှုတို့ကို ပြုခဲ့ရသဖြင့် တပည့်တော်အနီး၌ နေကြ သည့် ဘုရားရှင် လက်ထက်၌ ကောင်းမှုပြုခဲ့သော နတ်သားတို့သည် တပည့် တော်ထက် လွန်စွာ တန်ခိုးအာနုဘော် ကြီးကြပါ၏။ ထိုနတ်သားတို့ အခြေ အရံ တို့နှင့်တကွ နက္ခတ်သဘင်သို့ ကစားရန် ခရီးမသို့လာကြသော် ထွက် ပြေး၍ နေဗိမာန်တွင်းသို့ ဝင်နေရပါ၏။ ထိုနတ်သားတို့၏ ကိုယ်ရောင် ကိုယ်ဝါ တန်ခိုးသည် တပည့်တော်၏ ကိုယ်ကို လွှမ်းမိုးသွားပါ၏။ သို့ဖြစ်၍ တပည့်တော်ထက် လွန်စွာဆင်းရဲသောသူ အဘယ်မှာ ရှိပါအံ့နည်း”ဟု လျှောက်ပြီး သုဇာတာ မိဖုရားကို ခေါ်လျက် မထေရ်ကို လက်ျာရစ်ပြီး ကောင်းကင်သို့ ပြန်တက်၍ “အဟောဒါနံ ပရမဒါနံ ကဿပေသု ပတိဋ္ဌိတံ” ဟူ၍ ဥဒါန်း ကျူးရင့်လေ၏။

ထိုအခါ ဘုရားရှင်သည် ကျောင်းတော်၌ နေလျက်ပင် ထိုသိကြားမင်း၏ ဥဒါန်းကျူးရင့်သံကို ကြားရ၍ ရဟန်းကိုကို ခေါ်တော်မူပြီး “ရဟန်းတို့၊ ဝမ်းမြောက်စွာ ဥဒါန်း ကျူးရင့်လျက် ကောင်းကင်ဖြင့် ပျံတက်သွားသော

သိကြားမင်းကို ကြည့်ကြကုန်လော့။ သိကြားမင်းသည် ငါ့သား ကဿပ အား လှည့်စား၍ ဆွမ်းကိုလှူလိုက်ရသဖြင့် နှစ်သက် ဝမ်းမြောက်စွာ ဥဒါန်းကျူးရင့်လျက် သွားပေ၏''ဟု မိန့်တော်မူ၏။

ရဟန်းတို့က ''မြတ်စွာဘုရား၊ မထေရ်အား ဆွမ်းကို လှူခြင်းငှာသင့်၏ ဟု ထိုသိကြားမင်းသည် အဘယ်သို့ သိပါလေသနည်း''ဟု မေးလျှောက်ကြ လေ၏။

ဘုရားရှင်က ''ရဟန်းတို့၊ ငါ့သားကဿပကဲ့သို့ ပိဏ္ဍပါတ်ခုတင်ဆောက် တည်၍ ဆွမ်းခံသွားလေ့ရှိသော ရဟန်းကို လူနတ်တို့ ချစ်ခင်မြတ်နိုးကုန်၏။ သိကြားမင်းသည် ငါ့သား ကဿပ၏ သီလတည်းဟူသော အနုံကြောင့် လာ၍ ဆွမ်းကို လှူဒါန်းရလေသတည်း''ဟု မိန့်တော်မူပြီး ''တောင်ဇလပ်၊ စန္ဒကူးပန်းတို့၏ အနုံသည် (မပြောပလောက်) အနည်းငယ်မျှသာ ဖြစ်၏။ သီလရှိသောသူတို့၏ သီလတည်းဟူသော အနုံသည်ကား ထူးကဲလွန်မြတ် သဖြင့် နတ်ပြည်တို့၌ပင် ကြိုင်လိုင်ပေ၏''ဟူ၍ ဂါထာဖြင့် ဟောကြား တော် မူလေ၏။

၁၀၅။ အရှင်သာရိပုတ္တရာ၏ ဦးရိုးပုဇွန်း

ဘုရားရှင် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်အတွင်း တနေ့သ၌ အရှင်သာရိပုတ္တရာမထေရ်သည် ဦးရိုးပုဇွန်းထံသွား၍ ''သင်သည် ကုသိုလ် တစုံတရာကို ပြု၏လော''ဟုမေးသော် ''ပြုပါ၏။ လတိုင်း လတိုင်း တထောင် သော ဥစ္စာကို တက္ကတ္ဓန်းတို့အား ပေးလှူ၏''ဟု လျှောက်လေ၏။

မထေရ်က ''အဘယ်အကျိုးကို တောင့်တ၍ ပေးလှူသနည်း''ဟု မေး သော် ထိုဦးရိုးပုဇွန်းက ''ဗြဟ္မာ့ပြည်ကို တောင့်တ၍ လှူပ၏''ဟု လျှောက်၏။

''ဤသို့ ပေးလှူရာ၌ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်သတဲ့လော့။ ဘယ်သူက ပြောသနည်း''ဟု မေးပြန်သော် ''ရောက်နိုင်ကြောင်း မှန်ပါ၏။ တပည့် တော်၏ ဆရာ တက္ကတ္ဓန်းများက ဟောပြောကြပါသည်''ဟု လျှောက် လေ၏။

မထေရ်က ''ဗြဟ္မာ့ပြည်ရောက်ကြောင်း သင်လည်းမသိ။ သင့်ဆရာများ လည်းမသိ။ ဘုရားရှင်သာ သိတော်၏။ သင့်အား ဗြဟ္မာ့ပြည် ရောက်ကြောင်း ဟောကြားစေအံ့''ဟုဆို၍ ထိုဦးရိုးပုဇွန်းကို ဘုရားရှင်ထံ ခေါ်သွားလေ၏။

ဘုရားရှင်ထံရောက်သော် မထေရ်က ထိုအကြောင်းအလုံးစုံကို လျှောက်ထား၍ "ဤပုဏ္ဏားအား ဖြဟ္မဲ့ပြည်ရောက်ကြောင်း တရားတော်ကို ဟောတော်မူပါဘုရား" ဟု လျှောက်လေ၏။

ဘုရားရှင်က "ပုဏ္ဏားကြီး၊ သင့်သည် ဤကဲ့သို့ အနှစ်တရာပတ်လုံး ပေးလှူခြင်းထက် တခဏမျှ ကြည်ညိုသောစိတ်ဖြင့် ငါဘုရား၏ တပည့်သား ရဟန်းသံဃာအား ဖူးမျှော်ခြင်း, ဆွမ်းတဇွန်းမျှလှူခြင် က သာ၍ အကျိုးကြီးလှ၏" စသည်ဖြင့် တရားဟောတော်မူလေ၏။

ထိုပုဏ္ဏားကြီးလည်း ဘုရားရှင်၏ တရားတော်ကို ကြားနာရပြီးသော် သောတာပန်ဖြစ်၍ မိစ္ဆာအယူကို စွန့်ပြီး သာသနာတော်၌ ကြည်ညိုသဒ္ဓါ ပွား၍ အလှူဒါန ပြုလေသတည်း။

၁၀၆။ သဒ္ဓါတရားလွန်ကဲသော သုမနပန်းသည်

ရာဇဂြိုဟ်ပြည်၌ "သုမန" မည်သော ပန်းသည်သည် ဗိမ္ဗိသာရမင်းကြီးအား နေ့စဉ် နံနက်စောစော၌ ရှစ်စလယ်သော မြတ်လေးပန်းတို့ဖြင့် ခစားဆက်သသော် ရှစ်သပြာတို့ကို ရလေ၏။ တနေ့သ၌ သူသည် နံနက်စောစော ပန်းတို့ကိုယူ၍ မြို့ထဲသို့ဝင်လာစဉ်ဘုရားရှင်သည်ရဟန်းများစွာ ခြံရုံလျက် ရောင်ခြည်ခြောက်သွယ်တို့ကို လွှတ်၍ ကြီးကျယ်လှသော ဘုရား၏ အာနုဘော်ဖြင့် မြို့တွင်းသို့ ဆွမ်းခံဝင်လာတော်မူ၏။

သုမနသည် ဘုရားရှင်၏ အလွန်တင့်တယ်လှသော ကိုယ်တော်ကိုကြည့်၍ ကြည်ညိုလှသဖြင့် "မင်းကြီးသည် ဤပန်းတို့ကို မရ၍ အမျက်ထွက်ပြီး ငါ့ကို သတ်ချင်သတ်ပစေ" ဟု အသက်ကိုစွန့်ကာ မတွန့်မဆုတ်သော စိတ်စေတနာဖြင့် အလွန်ရွှင်လန်း ဝမ်းမြောက်ဉာဏ ဘုရားရှင်၏ ထိပ်ပေါ်၊ ဘေးနှစ်ဖက်၊ နောက်ကျောဘက်သို့ ပန်းနှစ်စလယ် (နှစ်ဆုပ်စီ)ကို ပစ်ကြဲ၍ ပဇော်လေ၏။

ထိုပန်းရှစ်ဆုပ်၊ ရှစ်စလယ်တို့သည် အရပ်လေးဘက် လေးတန်တို့၌ ဘုရားရှင်ကို ခြံရံကာ မပြုတ်မကျ တွဲလျားဆွဲလျက် တည်နေပြီး ဘုရားရှင်နှင့် အတူတကွသာ လိုက်ပါကုန်၏။ ဘုရားရှင် ရပ်တော်မူလည်း ရပ်တည်နေကုန်၏။ ဘုရားရှင်၏ ကိုယ်တော်မှ မပြတ်ထွက်သော ရောင်ခြည်တော်တို့သည် ရွှေမှ ပြေးသွားကုန်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်ကြီးတခုလုံးသည် အုတ်အုတ်ကျက်ကျက် ဖြစ်လေ၏။ မြို့သူ မြို့သားတို့သည် ဆွမ်းကိုယူ၍ အိမ်မှ ထွက်မလာသူ မရှိပေ။ လူအပေါင်းသည် ကြွေးကြော်လျက် ပုဆိုးခေါင်းပေါင်းတို့ကို မြောက်ခြင်း၊ ပစ်ခြင်းတို့ကိုပြုလျက် ဘုရားရှင်၏ ရှေ့တော်မှ သွားကြကုန်၏။ ဘုရားရှင်လည်း သုမနပန်းသည်၏ ဂုဏ်ကျေးဇူးကို ထင်ရှားစေရန် မြို့တွင်းရှိ အားလုံးသော လမ်းမကြီးအတိုင်း ကြွတော်မူ၏။ သုမန၏ တကိုယ်လုံးသည် ပိတိငါးဖြာဖြင့် ပုံ့:နှံ့. ပြည့်နှက်လေ၏။

သူသည် ဘုရားရှင်အား ကြည်ညိုဖူးမျှော်လျက် အတန်ငယ်လှည့်လည်၍ ဘုရားရှင်၏ ' ရောင်ခြည်တော်များအတွင်းသို့ ဝင်၍ ချိုးမှမ်း ရှိခိုးပြီးလျှင် ဗလာခြင်းတောင်းကိုသာယူ၍ အိမ်ပြန်ကာ မယားအား ပြောပြလေ၏။ မယားကား မိုက်မဲသူဖြစ်၍ လင်အားဆဲရေးပြီး သားငယ်တို့ကိုခေါ်၍ မင်းကြီးထံ သွားကာ ထိုအကြောင်းစုံကို လျှောက်ကြားပြီးသော် "မင်းကြီး၊ သူပြုသောအမှုသည် သူ့အားသာ ဖြစ်ပါစေ။ ကျွန်မသည် သူ့ကို တခါတည်း စွန့်ပစ်သည်ကို အရှင်မင်းကြီးသိတော်မူပါလော့" ဟု လျှောက်လေ၏။

မင်းကြီးသည် သောတာပန်ပင် ဖြစ်လေရကား "ဤမိန်းမသည် မိုက်မဲလေစွ" ဟုအောက်မေ့လျက် သုမနပန်းသည်အပေါ် အမျက်ထွက်လေဟန်ပြော၍ ထိုမိန်းမကို လွှတ်လိုက်၏။ ဘုရားရှင်လည်း မြို့တွင်း လှည့်လည်ပြီးသော် နန်းတော်တံခါးဝသို့ ကြွတော်မူလေ၏။

မင်းကြီးလည်း သပိတ်ကို ယူ၍ မင်းရင်ပြင်ရှိ မဏ္ဍပ်တွင် သံဃာတော်များနှင့်တကွ သီတင်းသုံးနေစေပြီး မွန်မြတ်သော ဆွမ်းခဲဘွယ်တို့ဖြင့် ဆက်ကပ် လုပ်ကျွေးလေ၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေး၍ အနုမောဒနာပြုပြီးသော် ထိုလေးဘက်လေးတန်ရှိ. ပန်းဆိုင်းပန်းပြားတို့နှင့် အတူသာလျှင် ရဟန်းအပေါင်း ခြံရုံလျက် ကျောင်းသို့ ကြွတော်မူ၏။

မင်းကြီးလည်း ဘုရားရှင်ကို အစဉ်လိုက်၍ ပို့လိုက်ပြီးမှ ပြန်လာ၍ သုမနပန်းသည်ကိုခေါ်စေပြီး "ဆင်ရှစ်ကောင်, မြင်းရှစ်ကောင်, ကျွန်မရှင်ယောက်, ကျွန်ယောကျ်ားရှစ်ယောက်, တန်ဆာရှစ်ခု, သမီးကညာရှစ်ဦး, ရွာကြီးရှစ်ရွာနှင့် ငွေရှစ်ထောင်" ဟူသော ရှစ်မျိုးရှစ်ခုစီ(သဗ္ဗဥကမည်သော) ဆုတော်လာဘ်တော်ကို ပေးသနားတော်မူလေ၏။

ဘုရားရှင်သည် ကျောင်းတော်သို့ ရောက်၍ ဂန္ဓကုဋီသို့ ဝင်သောအခါ ထိုပန်းတို့သည် တံခါးမုခ်၌ အလိုလို ကျလေကုန်၏။ ထိုနေ့ ညနေချမ်းအခါတွင် ရဟန်းတို့သည် တရားပလ္လင်ဝယ် "အသက်ကို စွန့်ပြီး သုမနပန်းသည်

ပန်းလှူသည့်အကြောင်းနှင့် မင်းကြီးက ဆုတောင်ရစ်မျိုး ပေးသနားသည့် အကြောင်းကို တအံ့တသြ ပြောဆိုကြလေ၏။

ထိုအခါ ဘုရားရှင်ကြွလာ၍ ထိုဧကားအကြောင်းကို မေးမြန်းတော်မူပြီး လျှင် "ရဟန်းတို့၊ အကြင်အမှုကိုပြုပြီးသော် နောင်တ တဖန် စိုးရိမ်ပူပန်ခြင်း မဖြစ်နိုင်၊ အောက်မေ့တိုင်း ဝမ်းမြောက်ခြင်းသာလျှင် ဖြစ်၏။ ဤသို့သော ကောင်းမှုကံကို ပြုအပ်သည်သာတည်း" စသည်ဖြင့် တရား ဟောတော် မူလေ၏။

၁၀၇။ ဇမ္ဗုကတက္ကတွန်းကို ချတ်တော်မူခြင်း

ကဿပဘုရားရှင် လက်ထက် ရဟန်းတပါးသည် မိမိကျောင်းသို့ ရောက်လာသော ရဟန္တာမထေရ်တပါးအား မိမိ၏ ဒါယကာက အလှန် ကြည်ညိုသည်ကို မနာလို၍ ကျောင်း၌ မနေစေလိုသဖြင့် စကားမပြောဘဲနေ၏။ ထိုဒါယကာက နောက်တနေ့အတွက် ဆွမ်းပင့်ဘိတ်သော် ထိုရဟန်းသည် တပါးတည်း ကြွသွား၏။ ထိုဒါယကာက ရဟန္တာမထေရ်အတွက် လှူလိုက်သည့် ဆွမ်းကိုလည်း သူသည် လမ်းတွင် စွန့်ပစ်ခဲ့၏။

ဤမကောင်းမှုကံကြောင့် သူသည် သေသော် အဝီစိငရဲသို့ ကျသွားပြီး နောက် ရာဇဂြိုဟ်ပြည်ဝယ် သူကြွယ်မျိုး၌ဖြစ်၏။ သူသည် ခြေဖြင့်သွားနိုင်သည့် ကာလမှစ၍ အိပ်ရာ၌ မအိပ်လို, မြေပေါ်၌သာ အိပ်၏။ ထမင်းကို မစား လို, မိမိကိုယ်မှဖြစ်သော အညစ်အကြေးကိုသာ စားလေ့ရှိ၏။ အရွယ်ကြီးရင့်လာသော်လည်း အဝတ် မဝတ်လို, အဝတ်မပါဘဲ သွားလာ၏။

ထိုအခါ မိဘတို့က သူ့ကို အဝတ်မဝတ်သော 'အာဇီဝက' တက္ကတွန်း များထံပို့၍ ရဟန်းပြုစေကုန်၏။ 'သူသည် ဆွမ်းကို မစားဘဲ ကုဋ္ဌမှ မစင်ကို သာ စားသည်'ကို 'အာဇီဝက' တက္ကတွန်းတို့က တွေ့ရှိသဖြင့် သူ့ကို နှင်ထုတ်လိုက်ကုန်၏။ ထိုအခါ အာဇီဝက တက္ကတွန်းငယ်သည် လူအပေါင်းတို့ မစင်စွန့်ရာအရပ်သို့ သွားနေ၍ ညအခါ လူတို့စွန့်ထားသည့် မစင်ကို စားပြီး နေ့အခါတွင်မူ အနီးရှိ ကျောက်ဖျာကြီးပေါ်၌ ခံတွင်းဖွင့်လျက် ခြေတဖက် ဖြင့်သာ ရပ်၍နေ၏။

လူတို့က မေးသော် သူက "ငါသည် လေကိုသာ စား၏။ ခြေနှစ်ဘက် ဖြင့်ရပ်လျှင် မြေကြီးကငါ့ကိုမထမ်းနိုင်ဘဲတုန်လှုပ်သဖြင့်ခြေတဘက်ဖြင့်သာ ရပ်တည်၏။ နေ့ရောညပါ ဤသို့နေ၏။ ထိုင်ခြင်း၊ အိပ်ခြင်းမရှိ" ဟု ဆိုလေ

၏။ ဤသို့ မြေခွေး(ဇမ္ဗုက)ယုတ်အကျင့်ကို ကျင့်သဖြင့် သူသည် "ဇမ္ဗုက" ဟု တွင်လေ၏။

လူတို့သည် များသောအားဖြင့် စကားဖြင့်သာယုံကြည်တတ်သောကြောင့် ထိုဇမ္ဗုကကို အံ့သြ ချီးမွမ်းပြီး အလွန် ကြည်ညိုကြ၏။ အင်္ဂါတိုင်း, မဂဓတိုင်း တို့၌ နေကြသူတို့သည် လစဉ်လတိုင်းသူ့ ထံလာပြီး ခဲဘွယ်ဘောဇဉ် လှူဘွယ် များစွာတို့ကို ယူဆောင်လာကြသော် ထိုဇမ္ဗုက-အာဇီဝက, က "ငါသည် လေမှတပါး တခြားကိုမစား" ဟု ငြင်းဆို၏။

လူတို့က အဖန်တလဲလဲ တောင်းပန်မှ သူသည် လှူသည့် ထောပတ် တင်လဲ စသည်တို့ကို သမန်းမြက်ဖျားဖြင့် လျှာဖျားခွံတင်၍ "သင်တို့ သွားကြလော့။ ဤမျှလောက်သည် သင်တို့အား ချမ်းသာစီးပွား ဖြစ်လောက်ပြီ" ဆို၍ လွှတ်လိုက်၏။ သူသည် ၅၅ နှစ်ပတ်လုံး ဤသို့ နေထိုင်ခဲ့လေ၏။

ထိုအခါ ဘုရားရှင်သည် ဝေဠုဝန်ကျောင်းဌာ နေတော်မူစဉ် တနေ့သ၌ နံနက်မိုးသောက်ယံတွင် ထုံးစံအတိုင်း သမန္တစက္ခု (ဗုဒ္ဓစက္ခု)ဖြင့် လောကဌ ကျတ်ထိုင်သူကို ကြည့်ရှုသော် ဇမ္ဗုက တက္ကတွန်းကို မြင်တော်မူ၏။

ဘုရားရှင်သည် ဆင်ခြင်သော် "ဇမ္ဗုကသည် ရဟန္တာဖြစ်လတံ့။ များစွာသော လူတို့လည်း ဂါထာတပုဒ်ကို နာကြားရလျှင် အကျတ်တရားကိုရပေလတံ့" ဟု သိမြင်တော်မူ၏။ ဘုရားရှင်သည် ရာဇဂြိုဟ်မြို့ထဲ၌ ဆွမ်းခံပြီးသော် ညနေစောင်းအခါ၌ တပါးတည်း ထိုဇမ္ဗုက-အာဇီဝကထံ ကြွတော်မူ၏။ နတ်တို့သည် ကြိုတင်၍ မိုးကြိုးရွာသွန်းစေပြီး ကျောက်ဖျာပေါ်ရှိ ကျင်ကြီးကျင်ငယ် စသည် ဆေးကြော သုတ်သင်ကြပြီး တဖန် ပန်းမိုးကို ရွာစေကုန်၏။

ဘုရားရှင်သည် ညနေဆည်းဆာချိန် ရောက်သွားပြီး ဇမ္ဗုကအား "ဤနေရာ၌ တညမျှနေရန် နေရာကို ပေးပါလော့" ဟု အဖန်တလဲလဲ ဖျောင်းဖျပြောဆိုပြီးမှ နေခွင့်ရသဖြင့် မနီးမဝေးရှိ တောင်ချိုင့်ဝှမ်းတခု၌ သီတင်းသုံးတော်မူ၏။

ထိုညည ညဉ့်ဦးယံ၌ စတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့သည် သန်ကောင်ယံ၌ သိကြားမင်းသည်ရင်း၊ ပစ္ဆိမယံ၌ မဟာဗြဟ္မာကြီးသည်ရင်း တောအုပ်တခုလုံးကို တပြိုင်နက် ထွန်းလင်းစေလျက် ဘုရားရှင်ထံ လာရောက်ခစားကြ၏။ ဇမ္ဗုကလည်း ထိုပုဂ္ဂိုလ်တို့အသီးသီးလာတိုင်း အလင်းရောင်ကို မြင်ရလေသဖြင့် နံနက် စောစောကပင် ဘုရားရှင်ထံ သွား၍

အာလာပသလ္လာပစကား ပြောဆိုပြီးနောက် ညဉ့်သုံးယံ၌ တကြိမ်စီ လာရောက်ကြသည့် ပုဂ္ဂိုလ်များ အကြောင်းကို မေးလေ၏။

ဘုရားရှင်က အလုံးစုံကို ပြန်ပြောင်း မိန့်ကြားလေသော် ဇမ္ဗုက က "သင်သည် ထိုသူတို့ထက် မြတ်သလော" ဟု မေးသော် ဘုရားရှင်က "ဟုတ်ပေ၏။ ငါသည် သူတို့ထက် မြတ်၏။ သူတို့သည် ငါ့အား လုပ်ကျွေးပြုစုသဖြင့် ငါ၏ ကပ်ယတဉီး, တပည့် သာမဏေနှင့် တူပေ၏" ဟု မိန့်တော်မူလေ၏။

ထိုအခါ 'ဇမ္ဗုက' က "သင်ကား အံ့ဩဘွယ် ရှိပေစွ့။ ငါသည် ဤနေရာ၌ ငါးဆယ့်ငါးနှစ်တိုင် လေကိုစားပြီး အစဉ်အမြဲရပ်လျက်သာ နေခဲ့ပါသော်လည်း ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုး တဦ တလေမျှ ငါ့အား ခစားရန် မလာစဘူး" ဟု ဆို၏။

ထိုအခါ ဘုရားရှင်က "ဇမ္ဗုက၊ သင်သည် လောက၌ မိုက်မဲတွေဝေသူ အပေါင်းကို လှည့်စားခဲ့ပြီ။ ယခုလည်း ငါဘုရားကို လှည့်စားလိုဘိ၏။ သင်သည် ငါးဆယ့်ငါးနှစ်ပတ်လုံး မစင်ကိုသာ စားခဲ့သည် မဟုတ်လော။ မြေ၌သာ အိပ်သည် မဟုတ်လော" စသည်ဖြင့် ဇမ္ဗုက ကျင့်ခဲ့သမျှ လှည့်စားခဲ့သမျှ အလုံးစုံကို ထုတ်ဖော် မိန့်ကြားတော်မူ၏။

ထိုနောက် ဘုရားရှင်က "ဇမ္ဗုက၊ သင်သည် ရှေးဘဝက ဤမည်သော အကုသိုလ်ကံကြောင့် ယခုဘဝ၌ ဤသို့ မစင်ကို စားရလျက် အဝတ်ဗလာဖြင့် မြေ၌အိပ်ရဘိ၏" ဟု အတိတ်ဘဝအကြောင်း အလုံးစုံကိုလည်း ဟောပြတော်မူ၏။

ထိုသို့ ဟောပြနေစဉ်ပင် ဇမ္ဗုကသည် ထိတ်လန့်ခြင်း သံဝေဂကြီးစွာရ၍ အရှက်အကြောက်စိတ် ဖြစ်ပေါ်ပြီး ဆောင့်ကြောင့် ထိုင်လေ၏။ နောက် ဘုရားရှင်က ပစ်ပေးသော ရေသနုပ်ကို ဝတ်ပြီး ရှိခိုးလျက် ဘုရားရှင်ဟော ကြားသည့် တရားတော်ကို ကြားနာရလေလျှင် ဇမ္ဗုကသည် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

နောက် ဘုရားရှင်က 'ဟိဘိက္ခု' ခေါ်တော်မူ၍ သူသည် သင်္ဃန်းသပိတ် ပရိက္ခရာအစုံဖြင့် ရဟန်းအဖြစ်သို့ ရောက်လေ၏။ ထိုနေ့ကား အင်္ဂတိုင်း, မဂဓတိုင်းမှ လူတို့လာပြီး ဇမ္ဗုကအား ပူဇော်ဘွယ်တို့ဖြင့် လာကြသည့်နေ့ ဖြစ်၏။

ထိုလူတို့သည် ဘုရားရှင်နှင့် ဇမ္ဗုကတို့ကို မြင်သော် "အသို့နည်း။ ငါတို့အရှင်ဇမ္ဗုကသည် တန်ခိုးကြီးလေသလော။ သို့မဟုတ် ရဟန်းကြီး ဂေါတမ

သည် တန်ခိုးကြီးလေ သလော။ ငါတို့ အရှင်က တန်ခိုး ကြီးမြတ်၍သာ ရဟန်းကြီး ဂေါတမ လာရောက်ရခြင်း ဖြစ်တန်ရာ၏" ဟု အကြံဖြစ်ကြလေ၏။

ဘုရားရှင်သည် ထိုသူတို့၏ စိတ်အကြံကို သိသဖြင့် "ဇမ္ဗုက၊ သင့် ဒါယကာတို့၏ ယုံမှားခြင်းကို ပယ်ဖျောက်လော့" ဟု မိန့်တော်မူ၏။

ဇမ္ဗုကလည်း ဘုရားရှင်အား ရိုသေစွာရှိခိုးပြီး စျာန်ဝင်စား၍ ကောင်းကင်သို့ ပျံတက်ကာ "မြတ်စွာဘုရား၊ တပည့်တော်သည် ရှင်တော်ဘုရား၏ တပည့်သာဝက ဖြစ်ပါ၏" ဟု လျှောက်ပြီး ပြန်ဆင်းလာ၍ ဘုရားရှင်၏ ခြေတော်များကို ဦးတိုက်ရှိခိုးလေ၏။ ဤသို့ ခုနစ်ကြိမ်မျှပြုလေ၏။

ထိုအခါ လူတို့သည် "ဘုရားရှင်တို့ မည်သည် အလွန်ပင် အံ့သြဖွယ် ရှိပေစွ။ မနှိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးတော်တို့နှင့် ပြည့်စုံပါပေ၏" ဟု မှတ်ယူကြကုန်၏။

ထိုအခါ ဘုရားရှင်က "ဒါယကာတို့၊ ဤ ဇမ္ဗုကသည် ရှေးကလဲသို့ သင်တို့၏ ပူဇော်သက္ကာရကို သမန်းမြက်ဖျားဖြင့် လျှာဖျားခဲ့ တင်ထား၍ ခြိုးခြံသော အကျင့်ကို အနှစ်တရာပတ်လုံး ကျင့်ခဲ့မူလည်း ယင်းအကျင့်သည် ယခု ဤအခါ၌ ဇမ္ဗုကတွင်ရှိသည့် အကျင့်သိက္ခာကို တဆယ့်ခြောက်စိတ်စိတ် တစိတ်မျှပင် မမှီနိုင်ပေ" စသည်ဖြင့် တရားဟော်ကြားတော်မူ၏။ ထိုသူတို့သည် ဘုရားရှင်အား ကြည်ညို သဒ္ဓါပွား၍ သရဏဂုံ၌ တည်ကြလေသတည်း။

၁၀၈။ ဆဲရေးတတ်သော ဘာရဒ္ဒါဇပုဏ္ဏား

ရာဇဂြိုဟ်ပြည်၌ 'ဓနဉ္ဇာနီ' မည်သော သောတာပန်ပုဏ္ဏားမကြီးသည် ချဆတ်သော်၊ ချတ်ချော်သော အခါများ၌ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူသော ဥဒါန်းကို ဆိုကျူးလေ့ ရှိ၏။ တနေ့သ၌ အိမ်တွင် ပုဏ္ဏားများအား ထမင်းကျွေးရာတွင် ချတ်ချော်၍ ထို ဥဒါန်းကို ဆိုကျူးသော် သူမ၏ လင် ပုဏ္ဏားကြီး က-

"ဤ သူယုတ်မကား ဦးပြည်းရဟန်း၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ ရှိ၏။ ယခု သင့်ဆရာ အပေါ်၌ အယုဝါဒကို တင်ပြအံ့" ဟု ဆို၍ ဘုရားရှင်ထံ သွားပြီး-

"အို ရဟန်းဂေါတမ၊ အဘယ်ကို သတ်ဖြတ်သဖြင့် ချမ်းသာစွာနေရသနည်း။ မစိုးရိမ်ရသနည်း။ အဘယ် တရားတခု သတ်ခြင်းကို နှစ်သက်သနည်း" ဟု မေးလေ၏။

ဘုရားရှင်သည် (သူ၏ စိတ်သဘောကို သိသဖြင့်) "ပုဏ္ဏား၊ အမျက်ဒေါသကို သတ်သဖြင့် ချမ်းသာစွာနေရ၏။ မစိုးရိမ်ရ။ အမျက်ဒေါသ သတ်ခြင်းကို ဘုရားရဟန္တာတို့ ချီးမွမ်းကုန်၏" ဟု မိန့်တော်မူ၏။ ထို ပုဏ္ဏားကြီးသည် ထိုတရားကို ကြားနာရလျှင် ဘုရားရှင်၌ ကြည်ညိုလှသောကြောင့် ရဟန်းပြု၍ မကြာမြင့်မီပင် ရဟန္တာ ဖြစ်သွာ.လေ၏။

ထိုအခါ ဆဲရေးတတ်သဖြင့် 'အက္ကောသက ဘာရဒ္ဒါဇ' ဟု အမည်ရသော ပုဏ္ဏားသည် ထို မိမိ၏ အစ်ကိုကြီး ရဟန်းပြုသွားသည်ကို အမျက်ထွက်လှသဖြင့် သွား၍ ဘုရားရှင်ကို ယုတ်မာကြမ်းကြုတ်လှသည့် စကားတို့ဖြင့် ဆဲရေးလေ၏။

ဘုရားရှင်က သူ့အား ဥပမာဖြင့် ဆုံးမလိုရကား "အို-ပုဏ္ဏား၊ သင်သည် သင့်ထံရောက်လာသည့် ဧည့်သည်အား စားဘွယ်ကို ပေးသည်ဆိုပါစို့။ ထိုဧည့်သည်က လက်မခံလျှင် ထို စားဘွယ်သည် အဘယ်သူ့ထံရောက်ဘိသနည်း" ဟု မေးတော်မူ၏။

"ထို စားဘွယ်သည် ကျွန်ုပ်ထံသို့သာ ရောက်ရပါ၏" ဟု ဆိုသော် ဘုရားရှင်က-

"ပုဏ္ဏား၊ ထို့အတူပင် ယခု သင်၏ ဆဲရေးခြင်းကို ငါတို့ လက်မခံကုန်။ ထိုကြောင့် သင်၏ ဆဲရေးငြင်းသည် သင့်ထံသို့သာ ရောက်လေတော့၏" ဟု မိန့်တော်မူလေ၏။

ထိုအခါ အက္ကောသကဘာရဒ္ဒါဇ ပုဏ္ဏားသည် ထိုအံ့ဘွယ်သော တရားစကားကို ကြားရလျှင် ဘုရားရှင်၌ အတိုင်းထက် အလွန် ကြည်ညိုသွားသဖြင့် ရဟန်းပြုလေသော် မကြာမီပင် ရဟန္တာဖြစ်သွားလေ၏။

ထိုနောက် ထိုသူ၏ညီ ပုဏ္ဏားနှစ်ဦးတို့လည်း အလားတူလာ၍ ဘုရားရှင်ကို ဆဲရေးကြသော် ဘုရားရှင်၏ အဆုံးအမကို ကြားရလျှင် ဘုရားရှင်ကို ကြည်ညိုသွာ ကြသဖြင့် ရဟန်းပြုသွားကြ၍ မကြာမီပင် ရဟန္တာဖြစ်သွားကြလေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် "ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကား အံ့ဘွယ် ရှိပေကုန်စွ။ ပုဏ္ဏားညီနောင် လေးဦးတို့

လာဆဲကြသော် ဘုရားရှင်သည် စကားတခွန်း ပြန်လည်မိန့်ဆိုတော် မူငဲ့ဘဲ ထိုသူ လေးဦး၏ မိုခိုရာသာ ဖြစ်တော်မူပေ၏'' ဟု ပြောဆိုကုန်၏။

ထိုအခါ ဘုရားရှင်သည် ကြွလာတော်မူ၍ ထိုရဟန်းတို့အား ထိုစကား အကြောင်းကို မေးမြန်းတော်မူပြီး ''ရဟန်းတို့၊ ငါဘုရားသည် သည်းခံခြင်း နှင့် ပြည့်စုံသောကြောင့် ပြစ်မှားသောသူတို့အား မပြစ်မှားမူ၍ လူမျှားစွာ တို့၏ မိုခိုရာ ဖြစ်သည်သာတည်း'' ဟု မိန့်ကြား၍ တရားဓမ္မ ဟောကြား တော်မူလေ၏။

၁၀၉။ ဂျမ်းသမား ဥဂ္ဂသေန ရဟန္တာဖြစ်ခြင်း

ကချေသည်မ ငါးရုပါဝင်သော နယ်လှည့် ဇာတ်အဖွဲကြီးသည် ရာဇဂြိုဟ် ပြည်သို့ရောက်လာ၍ ဗိမ္ဗိသာရမင်းကြီး၏ ရှေ့မှောက်၌ နှစ်ရက်တိုင် ပွဲလမ်း သဘင်ကျင်းပ ကပြရာ ရှေ့ဦးစွာမြောက်မြားစွာတို့ကိုရကြလေ၏။ လူမျှား စွာတို့သည် ညောင်စောင်းများပေါ်တွင် နေ၍ ပွဲသဘင်ကို ကြည့်နေကြ ကုန်၏။ ဂျမ်းသမား၏သမီး ကချေသည်မတဦးသည် စိုက်ထောင်ထား၍ ဝါးလုံးပေါ်သို့ တက်၍ အပေါ်၌ လည်လျက် ကလည်း က၏၊ သီလည်း သီဆို၏။

ထိုအခါ 'ဥဂ္ဂသေန' မည်သော သူငဲ့သားသည် ထို ကချေသည်မကို မြင်လျှင် တပ်မက်၍ မိဘတို့အား ''ဤ ကချေသည်မကို မရလျှင် သေအံ့'' ဟု ပူဆာသဖြင့် မိဘတို့က ပေးစားလိုက်ရ၏။ သူသည် ရှာနိုင်း စသည် လှည့်လည်ကပြရသည့် ထို ကချေသည်မ နောက်သို့ လိုက်သွား၏။

သားတယောက်ကိုရသော် ထို ကချေသည်မက ''လှည်းစောင့်သမား၏ သား။ ဥစ္စာဝန် ထုပ်ထမ်းသမား၏ သား။ ဘာမျှမတတ်သူ၏ သား'' ဟု ဆိုကာ ဘာပညာမှမတတ်သော ဥဂ္ဂသေနကို စောင်းမြောင်း၍ ကလေး ချော့လေ့ရှိ၏။ ဥဂ္ဂသေနလည်း မိမိ၏အလုပ်ကို ဖော်ပြ၍ မိမိအား စောင်း ချိတ်ပြောသည်ကို သိ၏။

ထိုကြောင့် ဥဂ္ဂသေနသည် ယောကျ်မထံ၌ တနှစ်တိုင် ဂျမ်းဘားအတတ် ကို သင်ယူပြီး မယားကို စွန့်၍ ရှာနိုင်း စသည်တို့၌ နယ်လှည့်ကာ ဂျမ်း ဘားအတတ်ကို ပြလေ၏။ ထိုနောက် ရာဇဂြိုဟ်သို့ရောက်လာ၍ ''ဤ နေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဥဂ္ဂသေန သူငဲ့သားသည် မြို့နေ လူတို့အား ဂျမ်းဘားအတတ်ကို ပြသလတံ့'' ဟု ကြွေးကြော်စေ၏။

ထို ခုနစ်ရက် မြောက်သော နေ့၌ စိုက်ထောင် ထားသော အတောင် ခြောက်ဆယ်အမြင့်ရှိ ဝါးလုံးသို့ တက်၍ ထိပ်ပေါ်၌ ရပ်တည်နေလေ၏။ ဘုရားရှင်သည် ထိုနေ့နံနက် မိုးသောက်ယံ၌ပင် သတ္တလောက အတွင်းရှိ ကျွတ်ထိုက်သည့် သတ္တဝါတို့ကို ကြည့်ရှုသော် သဗ္ဗညုတ ဉာဏ်တော် ကွန်ယက် အတွင်းသို့ 'ဥဂ္ဂသေန' ဝင်လာသည်ကို မြင်၍ ဆင်ခြင်သော် "ဥဂ္ဂသေနသည် ငါဘုရားဟောသည် တဂါထာမျှသောတရားကို နာရလျှင်ပင် ရဟန္တာဖြစ်လတံ့" ဟု မြင်တော်မူလေ၏။

ဆွမ်းခံချိန်ရောက်သော် ဘုရားရှင်သည် ရဟန်း သံဃာအပေါင်း ခြံရံလျက် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်တော်မူ၏။ ထိုအခါ ဥဂ္ဂသေနသည် လူတို့အား လက်ချောင်း အမှတ်သညာကို ပေး၍ အုတ်အုတ်ကျက်ကျက် ကြွေးကြော်စေပြီး ဝါးလုံးထိပ် ဖျား၌ ရပ်တည်လျက် ကောင်းကင်၌ပင် ခုနစ်ကြိမ်လှည့်ပြီးမှ ဝါးလုံးထိပ်ဖျား၌ပင် တဖန် ရပ်တည်ပြန်၏။

ထိုခဏ၌ ဘုရားရှင်သည် ဥဂ္ဂသေန ဂျမ်းဘား ပြရာသို့ ရောက်လာ၍ "ပရိသတ် များအား ဥဂ္ဂသေနကို မကြည့်စေဘဲ ကိုယ်တော်မြတ်ကိုသာ ကြည့်ရှုစေအောင်" တန်ခိုးဖြင့် ပြတော်မူလေ၏။

ဥဂ္ဂသေနသည် မိမိပရိသတ်ကို ကြည့်ရှု၍ "ဤ ပရိသတ်သည် တနှစ်တိုင် အောင် သင်ယူအပ်သော အဘတ်ပညာကိုပြသည့် ငါ့ကို မကြည့်ဘဲ ဆွမ်းခံ ကြွသည့် ဘုရားရှင်ကိုသာ ကြည့်လေပါတကား။ ငါတပင်တပန်း ဂျမ်းဘား အတတ်ကိုပြရခြင်းသည် အကျိုးမပြီး, အချည်းနှီးသာ ဖြစ်ချေပါတကား" ဟု ကြံစည်ကာ ရပ်နေ၏။

ဘုရားရှင်သည် ဥဂ္ဂသေန၏ စိတ်အကြံကို သိ၍ အရှင်မောဂ္ဂလ္လာန်ကို ခေါ်ပြီး "ချစ်သား မောဂ္ဂလ္လာန် သွားချေ။ ဘဲားဂျမ်းအတတ်ကို ဆက်၍ ပြစေချင်သတဲ့ဟု သူ့ဦးသားကို ပြောကြားချေလော့" ဟု စေလွှတ်လိုက်၏။

အရှင်မောဂ္ဂလ္လာန်လည်း သွား၍ ထိုသို့ပြောကြားလျှင် ဥဂ္ဂသေနသည် "ဘုရားရှင်ကား . ငါ၏ ဂျမ်းဘားအဘတ်ကို ကြည့်ရှုတော် မူလိုပါ၍" ဟု နှစ်သက် ဝမ်းမြောက်စွာဖြင့်-

"ဘုန်းပညာကြီးမားသော အရှင်မောဂ္ဂလ္လာန်,ကြည့်ရှုပါလော့။ပရိသတ်အား ဂျမ်းဘားပညာကိုပြပါတော့အံ့။ လူအပေါင်းကို နှစ်သက်ရွှင်လန်းပါစေအံ့"ဟုဆို၍ ဝါးလုံးထိပ်မှ ကောင်းကင်သို့ပျံတက်ကာ ခုနစ်ပတ်လည်အောင် ဂျမ်းပစ်ပြီးမှ ဝါးလုံးထိပ်၌ပင် တဖန်ရပ်ကွက်နေလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား ဥဂ္ဂဿေန၊ ပညာရှိသောသူမည်သည် ဖြစ်ပြီးသော ခန္ဓာငါးပါး, ဖြစ်လတံ့သော ခန္ဓာငါးပါး, ဖြစ်ဆဲဖြစ်သော ခန္ဓာငါးပါးတို့၌ တွယ်တာကပ်ငြို တပ်မက်မှုတဏှာကို စွန့်ပယ်၍ ဇာတိ, ဇရာ, မရဏ စသော ဒုက္ခအပေါင်းမှ လွတ်မြောက်အောင် အားထုတ်သင့်လှပေ၏" ဟူ၍ စကားပြေ, ဂါထာနှင်ပါးစုံဖြင့် တရားဟောတော်မူလေ၏။

ဥဂ္ဂဿေနသည် ထိုတရားကိုနာကြားရလျှင် ဝါးလုံးထိပ်၌ ရပ်လျက်ပင် ပဋိသမ္ဘိဒါလေ ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ သူသည် ဝါးလုံးထိပ်မှ သက်ဆင်းကာ ဘုရားရှင်ထံသို့သွား၍ ငါးပါးသော ထိခြင်းဖြင့် ရိုသေစွာရှိခိုးပြီး ရဟန်းအဖြစ်ကို တောင်းခံလေ၏။ ဘုရားရှင်က လက်ျာလက်မောင်းကို ဆန့်တန်းတော်မူ၍ "ဧဟိဘိက္ခု" ဟု ခေါ်တော်မူလိုက်လျှင်ပင် ဥဂ္ဂဿေနသည် လူအသွင်ကွယ်ပျောက်၍ ရဟန်းအသွင်သို့ ရောက်သွားလေသတည်း။

၁၁၀။ နှစ်ပြည်ထောင်စစ်ခင်း၍ ဘုရားရှင် ငြိမ်းစေခြင်း

(ဘုဉ်းရှင်သည် ကဆုန်လကုန်လောက်တွင် ရာဇဂြိုဟ်ပြည်မှဝေသာလီပြည်သို့ ပဉ္စမဝါကပ်ရန် ကြွတော်မူ၏။) ထိုအခါ ကပိလဝတ် သာကီဝင်မင်းတို့နှင့် ကောလိယသာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်နှင့် ကောလိယပြည် (နှစ်ပြည်ထောင်)တို့၏အကြားရှိ "ရောဟိဏီ" မည်သော မြစ်ချောင်းကို ကန်ဘောင်ဆည်ရိုးတခုတည်းဖြင့် ဆို့ပိတ်ဆီးကာကြလျက် နှစ်ဦးနှစ်ဘက် သင့်တင့် ညီညွတ်စွာ သူတခါ ကိုယ်ဘလှည့် ရေကိုဆောင်သွင်း၍ လယ်လုပ်ကြကုန်၏။

ယခုအခါ ဘုရားရှင် ဝေသာလီပြည် ကူဋာဂါရကျောင်း၌ သီတင်းသုံးနေတော်မူစဉ်အဘွင်း နယုန်လ၌ ရေနည်းပါးသဖြင့် ကောက်စပါးပင်များ ညှိုးနွမ်းကုန်သော် နှစ်ပြည်ထောင်သားလယ်သမားတို့သည် "ရောဟိဏီ" ပြည့်မှရေကို မျှတခွဲဝေမသုံးလိုကြဘဲ သူ့ဘက်ကိုယ့်ဘက်ချည်း သုံးစွဲလိုကြသဖြင့် တဘက်နှင့်တဘက် အမျိုးနှင့်ချီ၍ ဆဲဆိုကြိမ်းမောင်း စကားများကြရာမှ အချင်းချင်း ရိုက်နှက်ပုတ်ခတ်ကြကုန်၏။ နှစ်ဘက်သောလယ်သမားတို့သည် မိမိတို့မြို့သို့ အသိ.သိုးပြန်သွားကြပြီး လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အမတ်ကြီးတို့အား တိုင်းကြားကြရာ ထိုမှတဆင့် မင်း,မင်းသားတို့၏နားသို့ ထိုသတင်းရောက်သွားလေ၏။

ထို့အခါ ကပိလဝတ် သာကီဝင်မင်းတို့သည်၎င်း၊ ကောလိယသာကီဝင်မင်းတို့သည်၎င်း မိမိတို့၏စစ်တပ်အသီးသီးနှင့်တကွ ရောဟိဏီမြစ်ဆီသို့ စစ်ခင်းရန်ထွက်ကြလေ၏။ ထိုနေ့နံနက်မိုးသောက်ယံတွင် ဘုရားရှင်သည် သတ္တလောကကိုကြည့်ရှုရာ ထိုနှစ်ပြည်ထောင်မင်းတို့ စစ်ကြီးခင်းရန်ထွက်ကြမည့်အရေးကိုမြင်၍ ဆင်ခြင်လတ်သော်-

"ငါဘုရားကြ၍ ဇာတ်တော်များဖြင့်တရားဟောတော်မူလျှင် ထိုခိုက်ရန်မှုကြီး ငြိမ်းပေလတံ့။ နှစ်ပြည်ထောင်မင်းတို့လည်း တဘက်လျှင်မင်းသား ၂၅၀ စီကို ငါဘုရားအား ရဟန်းပြုရန်ပေးအပ်ကုန်လတံ့။ ထိုမင်းသား ၅၀၀ တို့ကို ငါဘုရား ရဟန်းပြုပေး၍ မဟာသမယ ဒေစည်းအဝေးကြီး ဖြစ်လတံ့"ဟု မြင်တော်မူလေ၏။ ထို့အခါ ဘုရားရှင်သည် ဝေဿာလီပြည် ကူဋာဂါရကျောင်းမှ ကောင်းကင်ဖြင့်ကွကာ နှစ်ဘက်သောစစ်တပ်ကြီးတို့၏အကြား အထက်ကောင်းကင်၌ တင်ပလ္လင်ခွေထိုင်နေတော်မူ၏။

ဘုရားရှင်ကိုမြင်လျှင် နှစ်ဘက်သောမင်းတို့အသိမ်းသိမ်းသည် "ငါတို့၏ဆွေမျိုးမြတ်ဖြစ်သော ဘုရားရှင် ကြွလာတော်မူ၏။ ငါတို့ ဆွေမျိုးအချင်းချင်း ခိုက်ရန်မပြုသင့်ကြကုန်"ဟု ကြံစည်လျက် လက်နက်များကို စွန့်ပစ်ကြပြီး ဘုရားရှင်ကိုရှိခိုးကာ ထိုင်နေကြကုန်၏။ ဘုရားရှင်သည် သိတော်မူလျက်ပင် "အဘယ်အကြောင်းဖြင့် ဤနေရာသို့ စုဝေးရောက်လာကြကြောင်း" မေးတော်မူ၍ အကြောင်းစုံကို ကြားရတော်မူလျှင်-

"မြတ်သောမင်းအပေါင်းတို့၊ ရောဟိဏီမြစ်ချောင်းရေသည် အဘယ်မျှအဘိုးထိုက်သနည်း"ဟု မေးတော်မူ၏။

"အနည်းငယ်မျှသာအဘိုးထိုက်ပါ၏"ဟုလျှောက်ကြလျှင် ဘုရားရှင်က-

"သင်တို့၏ ခတ္တိယမင်းအမျိုးသည် အဘိုးမည်မျှထိုက်သနည်း"ဟု မေးတော်မူ၏။

"အတိုင်းမသိ အဘိုးထိုက်ကြပါ၏"ဟု လျှောက်ကြလျှင် ဘုရားရှင်က-

"အဘိုးအနည်းငယ်ထိုက်သော ချောင်းရေကိုအမှီပြု၍ အဘယ်ကြောင့် အဘိုးအနှဲ့ထိုက်သည့် ခတ္တိယမင်းအမျိုးတို့ကို ဖျက်ဆီးလိုကြသနည်း" ဟု မိန့်တော်မူ၏။

ထို့နောက်ဆက်လက်၍ ဘုရားရှင်က "ခိုက်ရန်ပွားခြင်း၌ အနည်းငယ်မျှ အကျိုးမရှိဘဲ ပျက်စီးဆုံးရှုံးမှုသာရှိကြောင်း။ ညီညွတ်ခြင်းသည်သာအကျိုးရှိကြောင်း"ပြလိုသဖြင့် 'ဖန္ဒနဇာတ်'(ဇာ-၄၇၅)၊ 'လဋ္ဌကိုကဇာတ်'(ဇာ-

၃၅၇)၊ 'ရုက္ခဓမ္မဇာတ်' (ဇာ-၇၄)၊ 'သမ္မောဒမာနဇာတ်' (ဇာ-၆၆)များနှင့် တကွ 'အတ္တဒဏ္ဍ' သုတ်တော်ကို ဟောကြားတော်မူလေ၏။

၁၁၁။ နှစ်ပြည်ထောင်မှ မင်းသားငါးရာ ရဟန်းပြုစေခြင်း

ထိုအခါ နှစ်ပြည်ထောင် မင်းသား တို့သည် အချင်းချင်း ညီညွတ်ကြကာ ဘုရားရှင်အား လေးစားယုံကြည်,ကြည်ညိုသည့်စိတ်ဖြစ်ကြပြီး နှစ်ဘက်စလုံး အညီအညွတ် စုဝေးတိုင်ပင်ကြလျက် တဘက်လျှင် ၂၅၀ စီသော မင်းသား တို့ကို ဘုရားရှင်အား လှူဒါန်းကြလေ၏။

ဘုရားရှင်သည် ထိုမင်းသား ၅၀၀ တို့ကို "ဟိဘိက္ခု" ရဟန်းပြုပေးပြီး လျှင် ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီးသို့ ထိုရဟန်းတို့ကို ခေါ်ကာ ကြွတော်မူ၏။ နောက်တနေ့မှစ၍ ဘုရားရှင်သည် ထိုမင်းသားရဟန်း ငါးရာခြံရံလျက် ရံခါ ကပိလဝတ်ပြည်၌၊ ရံခါ ကောလိယပြည်၌ ဆွမ်းခံ လှည့်လည် ကြွချီတော်မူ၏။ နှစ်ပြည်ထောင်သား လူအများတို့သည် ဘုရား ရှင်အား ကြီးစွာသော ပူဇော်သက္ကာရကိုပြုကြလေ၏။

ထိုမင်းသားရဟန်းငါးရာတို့သည် မိမိတို့အလိုအတိုင်း ရဟန်းပြုခဲ့ကြသူ များမဟုတ်သဖြင့် သာသနာတော်၌ မပျော်မမွေ့-ငြီးငွေ့ကြကုန်၏။ မယား ဟောင်းများက မြူဆွယ်သောသတင်းစကားများကို ပို့ကြသဖြင့်လည်း ထို ရဟန်းတို့သည် ပို၍ပင် သာသနာ၌ ငြီးငွေ့ကြကုန်၏။

ဘုရားရှင်လည်း ထိုရဟန်းတို့၏စိတ်အကြံအစည်ကို အမြဲမပြတ် ကြည့်ရှု တော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် နံနက်အခါ ကပိလဝတ်ပြည်၌ ဆွမ်းခံကြွပြီး ဆွမ်းကိစ္စပြီး၍မွန်းလွဲချိန်တွင် ထိုရဟန်းတို့ကို တန်ခိုးဖြင့်ပင် ဟိမဝန္တာတောင်သို့ ကောင်းကင်ခရီးဖြင့် ခေါ်ဆောင် သွားတော် မူ၏။ ကောင်းကင်မှပင် ဟိမဝန္တာအရပ်၌ တောင်အမျိုးမျိုး, မြစ်ကြီး မြစ်ငယ် အသွယ်သွယ်,အိုင်ကြီးခုနစ်အိုင်, သစ်ပင်ပန်းမာလ်,အဖြာဖြာတို့ဖြင့် သာယာ ကြည်နူးဘွယ်တို့ကို ပြတော်မူ၏။ ထိုရဟန်းတို့လည်း ဤသို့သော မွေ့လျော် ကြည်နူးဘွယ်တို့ကို မြင်ရသည်မှစ၍ မယားဟောင်းတို့၌ တပ်မက်ခြင်းရာဂ ကင်းပျောက်ကြကုန်၏။

ထိုအခါ ဟိမဝန္တာတောင် အနောက်ဘက်ရှိ ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာကြီးပေါ်၌ သက်ဆင်းတော်မူ၏။ ထိုခဏ၌ ဥသြဋ္ဌက်ပျိုမနှစ် ကောင်တို့က တုတ်တချောင်း၏အစွန်းတဘက်စီ၌ကိုက်ချီပြီး တုတ်တံအလယ်၌

မိမိတို့၏အရှင်သခင် ဥဩဇာမင်းကိုထိုင်စေလျက် ရှေ့နောက်,ဝဲယာ,ထက်, အောက်တို့မှ ဥဩဇာအခြံအရံများဖြင့် ကောင်းကင်တွင်ပျံသန်းလာကြ၏။ ထိုဈာန်းတို့သည် ထိုသို့ပြုမူသော ဥဩဇာအပေါင်းကို မြင်ကြ၍ ယင်းတို့အကြောင်းကို မေးလျှောက်ကြလေ၏။

ဘုရားရှင်က "ဈာန်းတို့၊ ဤ ဥဩဇာများ ဤသို့ မိမိတို့၏ အရှင်သခင် ဥဩဇာမင်းကို သယ်ဆောင်ပို့စု ဖျော်ဖြေကြခြင်းသည် ငါဘုရား "ကုဏ္ဍာလ"မည်သော ဥဩဇာမင်းဖြစ်စဉ်က စတင်ဖြစ်ခဲ့သည့်အစဉ်အလာပေတည်း"ဟု အစချီလျက် မိန်းမတို့၏ ယုတ်မာပုံ, ကျေးဇူးကန်းတတ်ပုံ, ကာမဂုဏ်ကိုသာ တောင့်တပုံတို့ကို ဟောပြောသည့် ကုဏ္ဍာလ ဥဩဇာမင်းအကြောင်း "မဟာကုဏ္ဍာလဇာတ်"(ဇာ-၅၃၆)ကို အကျယ်တဝင့်ဟောပြတော်မူ၏။

ဤတရားဒေသနာ၏အဆုံး၌ ထိုရဟန်း ၎ါးရာလုံးပင် သောတာပန်ဖြစ်သွားကြသည်သာမက ဈာန်တန်ခိုးကိုပင်ရကြလေကုန်၏။ ထိုအခါဘုရားရှင်သည် ထိုဈာန်ပျံရဟန်း၎ါးရာတို့နှင့်တကွ ကောင်းကင်ခရီးဖြင့် မဟာဝုန်တောသို့ပင် ပြန်လည်ကြွ၍ သက်ဆင်းတော်မူလေ၏။ မဟာဝုန်တော၌ လည်း ဘုရားရှင်သည် ထိုရဟန်းများ အထက်မင်္ဂလိုကိုရရှိစေရန် ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူ၏။ ထိုရဟန်းတို့လည်း သစ်ပင်ရင်းများ၌ထိုင်ကာ တရားအားထုတ်ကြသော် သောတာပန်ဖြစ်ပြီးသူများဖြစ်ကြ၍ ထိုနေ့ညနေမှာပင် အားလုံး ရဟန္တာဖြစ်သွားကြလေ၏။

၁၁၂။ မဟာသမယသုတ်ကို ဟောတော်မူခြင်း

ဘုရားရှင်လည်း ထိုရဟန်းတို့အား ကမ္မဋ္ဌာန်းတရား ဟောကြားပြီးလျှင် "ထိုရဟန်းတို့သည် ညနေချိန်တွင် ရဟန္တာဖြစ်ကြပြီး ငါဘုရားထံလာကုန်လတံ့။ နောက် စကြဝဠာတိုက်တသောင်းအတွင်းရှိ နတ်ဗြဟ္မာတို့လည်း စုဝေးရောက်လာ၍ အစည်းအဝေးကြီး(မဟာသမယ)ဖြစ်လတံ့"ဟု ဆင်ခြင်သိမြင်တော်မူသဖြင့် ဆိတ်ငြိမ်ရာအရပ်သို့ကြွ၍ နေရာကိုခင်းပြီး ဖလသမာပတ်ကိုဝင်စားကာ ထိုင်နေတော်မူ၏။ ညနေချိန်တွင် ရဟန်း၎ါးရာတို့အသီးသီး မရွေးမနှောင်း တဦးနှင့်တဦး ရဟန္တာဖြစ်ကြသဖြင့် မိမိရအပ်သည့်ကျေးဇူးကို လျှောက်ထားရန် ဘုရားရှင်ထံမှောက်သို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကုန်၏။

ဤသို့ သက္ကတိုင်း ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီး၌ ထိုရဟန်း ငါးရာတို့ ရဟန္တာဖြစ်၍ ဘုရားရှင်ထံ လာရောက်စုဝေးကြသောနေ့အခါန် ကား နယုန်လပြည့် ညနေချမ်း ကာလ ဖြစ်ပေ၏။

ထိုအခါန်မှာပင် မဟာဝုန်တော ပတ်ဝန်းကျင်၌ နေထိုင်ကြသည့် နတ် အပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် လှုပ်လှုပ်ရှားရှားဖြစ်ကာ ဘုရားရှင် ထံ လာရောက်ဖူးမျှော်ကာ စုဝေးထိုင်နေကြကုန်၏။ ထိုသို့ အုတ်အုတ်ကျက် ကျက်ဖြစ်သော ထိုနတ်တို့၏အသံကို ကြားကြသည့် နတ်အပေါင်းတို့သည် ၎င်း၊ ထိုနတ်တို့၏အုံတ်အုတ်ကျက်ကျက်အသံကို တဆင့်ကြားကြသည့် နတ်တို့ သည်၎င်း၊ ဤသို့ အဆင့်ဆင့်ကြားကြသည့် စကြဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည်၎င်း ဘုရားရှင်ထံမှောက်သို့ လာရောက်ဖူးမျှော် စုဝေးထိုင်နေကြကုန်၏။

ထိုအခါဘုရားရှင်သည် ရဟန်းတို့အား "ရဟန်းတို့၊ ယခုအခါငါဘုရား၏ နတ်ဗြဟ္မာအစည်းအဝေးကြီးဖြစ်သကဲ့သို့ ရှေးရှေးဘုရားရှင်တို့၏လည်း ဤမျှကြီးမားသော နတ်ဗြဟ္မာအစည်းအဝေးကြီးဖြစ်ခဲ့ဘူးလေပြီ။ နောက် နောင် ပွင့်ကြမည့် ဘုရားရှင်တို့၏လည်း ဤမျှပင် နတ်ဗြဟ္မာတို့ စုဝေးကြ ပေလတံ့" ဟု မိန့်တော်မူလေ၏။

ထို မဟာသမယအစည်းအဝေးကြီး၌ နတ်ဗြဟ္မာတို့သည် "ဘုရားရှင်ကား ဤမျှလောက်များပြားသည့် နတ်ဗြဟ္မာတို့၏အစည်းအဝေးကြီး၌ တန်ခိုးကြီး နတ်ဗြဟ္မာတို့၏ အမည်အနွယ်တို့ကိုသာ ထုတ်ဖော် ဟောကြားပေလိမ့်မည်။ တန်ခိုးနည်းပါးသော နတ်ဗြဟ္မာတို့၏ အမည်အနွယ်တို့ကိုကား ထုတ်ဖော် ဟောကြားလိမ့်မည်မဟုတ်" ဟု ကြံစည်မိကြ၏။

ဘုရားရှင်လည်း ထိုနတ်ဗြဟ္မာတို့၏စိတ်အကြံကိုသိတော်မူ၍ "စကြဝဠာ တိုက်ဘသောင်းမှ ရောက်လာသမျှသော တန်ခိုးကြီးသူ, မကြီးသူ အားလုံး သော နတ်ဗြဟ္မာတို့၏ အမည်အမျိုးအနွယ်တို့ကို ပြည့်စုံစွာဟောကြားပေ အံ့" ဟု ကြံစည်ဆုံးဖြတ်တော်မူ၏။

ထိုအခါဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်းတို့ကို ကျတ်ထိုက်သူ, မကျတ် ထိုက်သူဟု၍ နှစ်စုခွဲခြား ပိုင်းခြားဆင်ခြင်သိမြင်တော်မူပြီး၍ ဤကျတ်ထိုက် သောသူတို့တွင် မည်မျှသည် 'ရာဂ, ဒေါသ, မောဟ, ဝိတက်, သဒ္ဓါ, ပညာ' ဟူ သော စရိုက်အသီးသီးရှိကြောင်းကိုလည်း ခြောက်စုပြုကာ ပိုင်းခြားဆင်ခြင် သိမြင်တော်မူ၏။

ထိုနောက်မှ ထိုစရိုက်ခြောက်ပါး အသီးသီးအားလျော်စွာ မည်သည့်တရားဒေသနာကိုဟောကြားသင့်ကြောင်း ဆင်ခြင်ဆုံးဖြတ်တော်မူ၍ တရားဟောနည်းလေးမျိုးအနက် 'တဉီးကမေးပြီး, တဉီးကဖြေ' ဟူသော (ပုစ္ဆာဝသိက)တရားဟောနည်းဖြင့် ဟောမှသာ ကျတ်တမ်းဝင်ကြမည်ကို ဆင်ခြင်သိမြင်တော်မူ၏။

ထို့နောက် "ထိုနတ်ပြဟ္မာတို့၏စရိုက်အလိုက်မေးနိုင်သူကား ဘုရားရှင်မှတပါး တဉီးမျှမရှိကြောင်း" ဆင်ခြင်သိမြင်တော်မူလျှင် "နိမ္မိတဘုရားရှင်တဆူကို ဖန်ဆင်း၍ မေးစေပြီး ကိုယ်တော်တိုင်ဖြေ၍ ဟောကြားအံ့" ဟုဆုံးဖြတ်တော်မူပြီး ဘုရားရှင်ကိုယ်တော်နှင့် လုံးဝတူလှသည့် နိမ္မိတဘုရားတဆူကို ဖန်ဆင်းတော်မူ၏။

နိမ္မိတဘုရားရှင်သည် ကြွလာတော်မူ၍ ဘုရားရှင်အနီး၌ မျက်နှာချင်းဆိုင်အရပ်၌ ဖန်ဆင်းထားအပ်သောနေရာတွင် ထိုင်နေတော်မူ၏။ နတ်ပြဟ္မာအပေါင်းတို့သည် ဘုရားရှင်နှစ်ဆူကိုမြင်ရလျှင် တအံ့တသြချီးမွမ်းကာ ရှိခိုးပူဇော်ကြလေ၏။

ထိုအခါဘုရားရှင်သည် ရှေးဦးစွာ "အာစိဏ္ဏသာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ" အစချီသော "မဟာသမယသုတ္တန်" ကို ဟောတော်မူ၏။ နတ်ပြဟ္မာအားလုံးတို့သည် ထို မဟာသမယသုတ္တန်ကို အလွန်လျှင် ကြည်ညိုလေးမြတ် နှစ်သက်ကြလေ၏။

ဘုရားရှင်သည် မဟာသမယသုတ္တန်ကို ဟောကြားတော်မူပြီးနောက် ထိုနတ်ပြဟ္မာအပေါင်းတို့၏ စရိုက်ခြောက်ပါး တပါးစီအလိုက် မေးတော်မူသော အမေးပြဿနာကို ကိုယ်တော်တိုင်ဖြေကြားတော်မူ၏။ ထိုအခါ ထို စရိုက်ခြောက်ပါးအနက် တပါးစီရှိကြသော ကုဋေမကစီရှိကြသော နတ်ပြဟ္မာအပေါင်းတို့ အရဟတ္တဖိုလ်သို့ရောက်ကြလေ၏။ အောက်မဂ်ဖိုလ်သုံးပါး အသီးသီးကိုရကြသည့် နတ်ပြဟ္မာတို့ကား မရေတွက်နိုင်အောင် များပြားလှကုန်၏။

ဝေသဒ်လီပြည် မဟာဝုန်တော၌ ပဋ္ဌမဝါကပ်ခြင်း

၁၁၃။ သုဒ္ဓါဒနမင်းကြီး ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံခြင်း

ဘုရားရှင်သည် ကပိလဝတ်ပြည် မဟာဝုံန်တောဝယ် ရဟန္တာငါးရာ အစည်းအဝေး၌ နတ်ပြဟ္မာ အပေါင်းတို့အား မဟာသမယသုတ္တန်နှင့်တကွ တရား

ဒေသနှာ များစွာတို့ကို ဟောကြားခြင်း အားဖြင့် မဂ်ဖိုလ် လေးပါးသို့ ရောက်စေတော်မူပြီးသော် ရဟန်းအပေါင်း ခြံရုံလျက် ကပိလဝတ်ပြည်မှ ငါးဆယ့်ဘစ်ယူဇနာ ဝေးသော ဝေသာလီပြည်သို့ ကြွ၍ မြို့၏တောင်ဘက် တဂါဝုတ်အကွာရှိ မဟာဝုန် တောကြီးဝယ် စုလစ်မှန်းချန် အထွဋ်တပ် သော 'ကူဋာဂါရ' ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူ၏။

ဝေသာလီပြည်သား လိစ္ဆဝီမင်း အပေါင်းတို့လည်း ဘုရားရှင်ထံ လာကြာပြီး "ဤအရပ်၌ (ဝါကပ်)သီတင်းသုံးတော်မူပါဘုရား" ဟု လျှောက်ကြားပြီး ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားကုန်၏။ ပြည်သူပြည်သားတို့လည်း သံဃာတော်များ နေထိုင်ရန် ကျောင်းကန်, စရပ်, မဏ္ဍပ်ကန္ဒား, တရား သဘင်တို့ကိုဌင်း၊ နေ့သန့်ရာ, ည၌သန့်ရာ, ကမ္မဋ္ဌာန်းစီးဖြန်းရာ ဥမင်တို့ကိုဌင်း ပြုပြင် လှူဒါန်းကြကုန်၏။

ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တောဝယ် ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံး၍ ရက်များ မကြာမီပင် ကပိလဝတ်ပြည်မှ ဘခင် သုဒ္ဓေါဒနမင်းကြီး၌ ပြင်းထန်သောရောဂါ ကပ်ရောက်လာ၍ "သားတော် ဘုရားကို သွား၍ ပင့်ဆောင်ခဲ့" ဟု အမတ်တဦးကို စေလွှတ်လိုက်လေ၏။ ထိုအမတ်လည်း ဘုရားရှင်ထံ သွား၍ မင်းကြီး အကြောင်း အလုံးစုံကို လျှောက်ကြားလေ၏။ ဘုရားရှင်လည်း ရဟန်း အချို့ကို ခေါ်ဆောင်၍ ကပိလဝတ်ပြည်သို့ကြကာ ဘခင်ကြီးအား တရားပြောဟောလျက် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူ၏။ ဘုရားရှင်ရောက်၍ သုံးရက်မြောက် နေ့မှာပင် ဘခင် သုဒ္ဓေါဒန မင်းကြီးသည် သခ်ၤါရ တရားတို့ကို ဆင်ခြင်သုံးသပ်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန်စံလေ၏။ ဘုရားရှင်လည်း ဘခင်၏အလောင်းကို တင့်တယ် ခမ်းနားစွာပင် သင်္ဂြိဟ်တော်မူပြီး နိဂြောဓာရုံ ကျောင်းသို့ ပြန်ကြွတော်မူ၏။

ထိုအခါ မိထွေးတော် 'မဟာပဇာပတိဂေါတမီ' သည် သားတော်ဘုရားထံ သွား ရောက်၍ ရဟန်း ပြု ခွင့်ကို တောင်းခံ လေ၏။ ဘုရားရှင် က "မယ်တော်၊ ငါဘုရား၏ သာသနာ၌ အမျိုးသမီးများကို ရဟန်းပြုပေးရန် မသင့်။ ပြုပေးသဖြင့်လည်း ကြာရှည်စွာ မစင်ကြယ်နိုင်ရာ။ ထိုကြောင့် ရဟန်းအဖြစ်၌ မနှစ်သက်လင့်" ဟု မိန့်တော်မူလေ၏။ ဂေါတမီက သုံးကြိမ်တိုင် ရဟန်းပြုခွင့်တောင်းခံသော်လည်း ဘုရားရှင်က သုံးကြိမ်တိုင် ပယ်တော်မူသဖြင့် ယူကျုံးမရ ပူဆွေးသောစိတ်ဖြင့် နန်းတော်သို့ ပြန်ရှာလေ၏။

ဘုရားရှင်လည်း ကပိလဝတ်ပြည်၌ ဒေလိုရှိသမျှ နေတော်မူပြီး ဝေသာလီပြည်သို့ ပြန်ကြွ၍ မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်၌ ပဉ္စမဝါကပ် ဆိုကာ သီတင်းသုံးတော်မူ၏။

၁၁၄။ မိထွေးတော် ဂေါတမီ ရဟန်းပြုခွင့်ရခြင်း

ထိုအခါ မိထွေးတော် ဂေါတမီသည် သားတော်ဘုရားထံ၌ ရဟန်းပြုခွင့် တောင်းခံ၍ မရသဖြင့် မိမိ အလိုလိုပင် ဆေတ္တာသည်တို့ကို ခေါ်၍ ဆံကို ဖြတ်စေပြီးသော် ဖန်ရည်ဆိုး အဝတ်ကို ဝတ်လျက် ရဟန်းပြုလိုကြသော (ယခင် သာကီဝင်မင်းသား ရဟန်းငါးရာတို့၏ မဟားဟောင်း)သာကီဝင် မင်းသမီး ငါးရာတို့နှင့်တကွ အားလုံး ရဟန်းအသွင်ဖြင့် ဘုရားရှင် ကြွတော်မူရာ သတင်းနာ၍ လိုက်လေသော် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရကျောင်းသို့ ရောက်လာပြီး ငိုယိုလျက်သာ နေလေ၏။

ထိုငိုသံကို အရှင်အာနန္ဒာ ကြား၍ သွားကြည့်သော် မယ်တော်ဖြစ် ကြောင်းသိလျှင် အဖြစ်အပျက်အကြောင်းစုံကို မေးလေ၏။ အရှင်အာနန္ဒာသည် အကြောင်းစုံကို ကြားလျှင် မယ်တော်အား ထိုနေရာ၌ပင် ဆိုင်းငုံနေစေပြီး ဘုရားရှင်ထံသွား၍ မယ်တော်အကြောင်း အလုံးစုံကို လျှောက်ကြားကာ "သာသနာဝယ် အမျိုးသမီးများကို ရဟန်းပြုခွင့် ပေးပါမည့် အကြောင်း" တောင်းပန် လျှောက်ကြားလေ၏။

ဘုရားရှင်လည်း "ချစ်သား အာနန္ဒာ၊ ငါဘုရား၏သာသနာ၌ အမျိုးသမီးများကို ရဟန်းပြုပေး၍ မသင့်တော်။ ပြုပေးလျှင်လည်း ရှည်ကြာစွာ မစင်ကြယ်နိုင်ရာ။ ထို့ကြောင့် အမျိုးသမီးတို့အား ရဟန်းပြုခြင်းကို အလို မရှိလင့်" ဟု ပယ်တော်မူ၏။

သုံးကြိမ်တိုင် လျှောက်ကြား၍ သုံးကြိမ်တိုင် ဘုရားရှင်ကပယ်လေသော် အရှင်အာနန္ဒာသည် နည်းပရိယာယ်သုံးကာ "မြတ်စွာဘုရား၊ အမျိုးသမီးတို့သည် ရှင်တော်ဘုရား၏သာသနာ၌ ရှင်ရဟန်းပြုပြီးလျှင် မဂ်ဖိုလ်လေးပါး အသီးသီးကို ရထိုက်, ရနိုင်ပါ၏လော" ဟု မေးလျှောက်၏။

ဘုရားရှင်က "ရထိုက်, ရနိုင်၏" ဟု မိန့်တော်မူလျှင် အရှင်အာနန္ဒာက-

"ဘုရားရှင် မေးဖွားသည်မှစ၍ မိထွေးတော်ဂေါတမီက ပြုစုကျွေးမွေးခဲ့သည့် မိခင်ကျေးဇူး အလုံးစုံ" ကို လျှောက်ကြားပြီး "ရှင်တော်ဘုရား၏ သာသနာ၌ အမျိုးသမီးများ ရဟန်းပြု၍ ဤသို့သော မဂ်ဖိုလ် လေးပါးကို

အကယ်၍ ရထိုက်, ရနိုင်ပါလျှင် မယ်တော့် ဒေးစရှိသော အမျိုးသမီးများ ရဟန်းပြုခွင့် ရကြပါစေဘုရား" ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ မိထွေးတော်ဂေါတမီသည် ဂရုဓံတရားရှစ်ပါးတို့ကို အသက်ထက်ဆုံး ခံယူလိုက်နာခဲ့လျှင် မိထွေးတော်အား ရဟန်းမအဖြစ် ငါဘုရား လက်ခံတော်မူအံ့" ဟု မိန့်တော်မူ၏။

ဂရုဓံတရား ရှစ်ပါးကို အရှင်အာနန္ဒာက မေးလျှောက်၍ ဘုရားရှင်က ဤသို့ ဟောကြားတော်မူလေ၏။

(၁) ဝါတရာပင် ရသော ရဟန်းမသည် ယနေ့မှ ရဟန်းပြုသည့် ရဟန်းယောကျ်ားကို အရိုအသေပြု၍ ရှိခိုးရမည်။

(၂) ရဟန်းမသည် ရဟန်းယောကျ်ားများနှင့် မနီးသော ကျောင်း၌ ဝါကပ်ရမည်။

(၃) ရဟန်းမသည် လခွဲတကြိမ် ရဟန်းယောကျ်ားများထံမှ ဥပုသ်မေးခြင်း၊ အဆုံးအမ ခံယူခြင်းကို ပြုရမည်။

(၄) ဝါကျွတ်သော် အခါ ရဟန်း, ရဟန်းမ နှစ်ပါးစုံ ပါသော သံဃာ၌အပြစ်ရှိခဲ့လျှင် ပြောဆိုဆုံးမရန်ဖိတ်ကြားမှု=ပဝါရဏာ ပြုရမည်။

(၅) သံဃာဒိသိသ် အာပတ်သင့်သော ရဟန်းမသည် ရဟန်း, ရဟန်းမ နှစ်မျိုးစုံပါသော သံဃာ၌ တဆယ့်ငါးရက် 'မာနတ်' အကျင့်ကို ကျင့်ရမည်။

(၆) သိက္ခမာန်အဖြစ်ဖြင့် နှစ်နှစ်နေပြီးမှ ရဟန်း, ရဟန်းမ နှစ်မျိုးစုံပါသော သံဃာ၌ ရဟန်းပြုရမည်။

(၇) ရဟန်းမသည် ရဟန်းယောကျ်ားတို့အား မည်သည့်အကြောင်းနှင့်မျှ ဆဲဆိုရေရွတ်ခြင်း မပြုရ။

(၈) ရဟန်းမသည် ရဟန်းယောကျ်ားတို့ ပြောဆို ဆုံးမသည့်အတိုင်း လိုက်နာရမည်။

ထိုအခါ အရှင်အာနန္ဒာသည် မယ်တော်မြတ်ထံသွား၍ "ဂရုဓံရှစ်ပါးကို တသက်လုံး လိုက်နာကျင့်သုံးနိုင်လျှင် ဘုရားရှင်က ရဟန်းပြုခွင့်ပေးနိုင်မည့် အကြောင်း" ကို ပြန်ကြားလေ၏။

မိထွေးတော် ဂေါတမီသည် ထိုစကားကို ကြားရလျှင် အားရဝမ်းသာ ရှိသည်ဖြစ်၍ "ချစ်သား၊ ဤ ဂရုဓံရှစ်ပါးကို ရိုသေလေးမြတ်စွာ မယ်တော်

လည်း ကျင့်ပါအံ့။ ဤ သာကီဝင် မင်းသမီးတို့ကိုလည်း ထို့အတူ ကျင့်ပါစေအံ့" ဟု ဝန်ခံလေ၏။

အရှင်အာနန္ဒာသည် ပြန်လာ၍ ထိုအကြောင်းကို လျှောက်ကြားလျှင် ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ အမျိုးသမီးတို့သည် ရဟန်းအဖြစ်ကိုရ၍ ဂရုဓံရှစ်ပါးကို အားထုတ်သည်ဖြစ်အံ့။ ငါဘုရား၏သာသနာသည် အမျိုးသမီးတို့၏ ဘောင်၌ အနှစ်တထောင်ပတ်လုံး တည်ရစ်လတံ့။ ထို့ကြောင့် မာတုဂါမတို့ကို ရဟန်းပြုကြစေလော့" ဟု ခွင့်ပြုတော်မူ၏။

မိထွေးတော် ဂေါတမီကား ထိုဂရုဓံရှစ်ပါးကို ကျင့်ဆောင်ရန် ရှိသေစွာ ခံယူလိုက်လေသော် ထိုသို့ ခံယူလိုက်ခြင်းသည်ပင် ဂေါတမီအား ရဟန်းခံခြင်းဖြစ်လေ၏။ သိမ်ဝင်၍ ကမ္မဝါဖတ်စရာမလို။ ခံယူလိုက်သည်နှင့်တပြိုင်နက်ပင် ဂေါတမီသည် ရဟန်းမ ဖြစ်သွားလေတော့၏။ ယင်းကို "အဋ္ဌဂရုဓမ္မပဋိဂ္ဂဟ-ဥပသမ္ပဒါ" ဟု ခေါ်၏။

ထိုအခါ မိထွေးတော် ဂေါတမီသည် ဘုရားရှင်ထံသို့ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးထိုင်နေလျက် "သားတော်ဘုရား၊ တပည့်တော်မသည် ဤသာကီဝင် မင်းသမီး ငါးရာနှင့်ပတ်သက်၍ အဘယ်သို့ ပြုကျင့်ရပါမည်နည်း" ဟု လျှောက်လေ၏။ ထိုနောက် ဘုရားရှင်က တရားစကားကို ဟောကြားတော်မူ၏။

ဂေါတမီလည်း တရားစကားကို ကြားနာပြီး ဖဲ့သွားလေသော် ဘုရားရှင်သည် ရဟန်းတို့အား "ရဟန်းတို့၊ ရဟန်းယောကျ်ားများသည် ရဟန်းမတို့ကို ပဉ္စင်းခံပေးရန် ငါဘုရား ခွင့်ပြုတော်မူ၏" ဟု သိက္ခာပုဒ်ကို ပညတ်မိန့်ကြားတော်မူ၏။ ထိုအခါ ရဟန်းများသည် သာကီဝင်မင်းသမီး ငါးရာတို့ကို ဂေါတမီ၏တပည့်များ ပြုလုပ်၍ ပဉ္စင်းခံပေးကြကုန်၏။

ထို သာကီဝင်မင်းသမီး ငါးရာတို့ကား ရဟန်းယောကျ်ား တဘက်ဖြင့်သာ ရဟန်းမအဖြစ်သို့ ရောက်ကြသဖြင့် "ကတော ဥပသမ္ပန္နာ" ဘိက္ခုနီမ (ရဟန်းမ)တို့ ဖြစ်ကုန်၏။

ဂေါတမီထေရီမသည် ရဟန်းမ, ပြုပြီးနောက် ဘုရားရှင်ထံမှ "သံခိတ္တ" သုတ် ဒေသနာကို ကြားနာရသဖြင့် ရဟန္တာမ အဖြစ်သို့ ရောက်လေ၏။ သာကီဝင်မင်းသမီး ရဟန်းမ ငါးရာတို့ကား နောင်အခါ၌ "နန္ဒကောဝါဒ" သုတ္တန်ကို ကြားနာရသဖြင့် မဂ်ဖိုလ်လေးပါး အသီးသီးကို ရကြလေကုန်၏။

နောင် တချိန်ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းမတို့အား ဇေတဒ်အရာ ပေးအပ်သောအခါ မဟာပဇာ

ပတိ ဂေါတမီ ထေရီမအား "ရတ္တည။-တေဒဂ် = ဝါကြီးသော အရာ၌ အမြတ်ဆုံး ရာထူး" ၌ ထားတော်မူလေ၏၊

| မဟာပဇာပတိ ဂေါတမီ အမည်နှင့် ပတ်သက်၍ အမည်ရင်းမှာ 'မဟာပဇာပတိ' ဖြစ်၏။ ဂေါတမ အနွယ်မှ ဆင်းသက်လာသူ မင်းသမီးဖြစ်၍ 'ဂေါတမီ' ဟု ထပ်ထည့်ပြန်၏။ ထိုကြောင့် 'မဟာပဇာပတိ ဂေါတမီ' ဟု တွင်လေ၏။ ၂

၁၁၂။ သစ္စကပရိဗိုဇ်ကို ဆုံးမတော်မူခြင်း

[သစ္စက ပရိဗိုဇ် အကြောင်း။ ။ဘုရားရှင် ပွင့်တော် မမူမီက အယူဝါဒ ငါးရာ၌ ကျွမ်းကျင်လိမ်မာသော ပရိဗိုဇ်တက္ကတွန်း တဦးသည် ဝေသာလီပြည်သို့ ရောက်ရှိလာခဲ့၏။ လိစ္ဆဝီမင်းတို့သည် ထိုပရိဗိုဇ်အား ချီးမြှောက်ကြ၏။ ထို့အတူပင် အခါတပါး၌ အယူဝါဒ ငါးရာ၌ ကျွမ်းကျင်သော ပရိဗိုဇ်တက္ကတွန်းမတဦးလည်း ဝေသာလီပြည်သို့ ရောက်ရှိလာ၏။ လိစ္ဆဝီမင်းတို့သည် ထို ပရိဗိုဇ်မကိုလည်း ချီးမြှောက်ကြ၏။

တနေ့သ၌ လိစ္ဆဝီမင်းတို့က စီမံပေးသည့်အတိုင်း မင်းရင်ပြင်တွင် ထို ပရိဗိုဇ်နှင့် ပရိဗိုဇ်မနှစ်ဦးတို့ အချင်းချင်း ဝါဒပြိုင်ကြသော် တဦး၏ပြဿနာကို တဦးက မဖြေနိုင်ဘဲ ရှိလေ၏။ ထိုအခါ လိစ္ဆဝီမင်းတို့သည် "ဤပရိဗိုဇ်နှစ်ဦးတို့၏ သားသမီ သည် ဝါဒရေးရာ၌ အလွန် ကျွမ်းကျင်လိမ်မာသူဖြစ်ပေလတံ့" ဟု ကြံစည်ကြပြီး "ဆရာတို့နှစ်ဦးသည် ပညာရည်တူ ဖြစ်ကြ၍ ပညာရှိချည်းပင် ဖြစ်ကြ၏။ ဆရာတို့နှစ်ဦး ဤပြည်၌ အတူတကွ နေထိုင်ကြပါကုန်လော့" ဟု တိုက်တွန်းကြလေ၏။

ထို ပရိဗိုဇ်နှင့် ပရိဗိုဇ်မနှစ်ဦးတို့သည် ဝေသာလီပြည်၌ပင် အတူတကွ ပေါင်းသင်းနေထိုင်၍ ကာလကြာမြင့်သော် "သစ္စာ၊ လောလာ၊ အဝဓာရိကာ၊ ပဋိစ္ဆာဒါ" ဟူသော သမီး လေးဦးနှင့် "သစ္စက" မည်သော သားတဦးကို ရကြလေ၏။ ထို အစ်မနှင့်မောင် ငါးဦးတို့သည် အရွယ်ရောက်ကြသော် အမိဘက်မှ ဝါဒငါးရာ, အဘဘက်မှ ဝါဒငါးရာ, ပေါင်း အယူဝါဒ တထောင်ကို တတ်မြောက်ကြကုန်၏။

ထိုအခါ မိဘတို့က သမီး လေးဦးအား "သမီးတို့၊ သင်တို့သည် မိမိတို့၏ အယူဝါဒကို ပြေလည်အောင် ဖြေဆို၍ ချေဖျက်နိုင်သူ တဦးတယောက်ကို တွေ့လျှင် ထိုသူသည် လူဖြစ်က ထိုသူထံ၌ မိမိကိုယ်ကိုအပ်နှင်းလျက် မယား

အဖြစ်ဖြင့် အလုပ်အကျေး ပြုကြလေ့။ ရဟန်း ဖြစ်လျှင် ထို ရဟန်းထံ၌ ရဟန်းပြုကြလေ့။ ဤကား ငါတို့၏ ထုံးစံအကျင့်တည်း" ဟု ဆို၍ ဆုံးမကြလေ၏။

[ထိုအခါ သမီးလေးဦးတို့သည် ပရိဋ္ဌေ အသင်ဖြင့် ဇမ္ဗူသပြေခက်ကို အသီးသီးကိုင်ပြီး ဇမ္ဗူဒိပ်ကျွန်းဝယ် ထိုထိုမြို့ရွာ နိဂုံးအရပ်တို့သို့ လှည့်လည်လျက် ရောက်ခဲလရာမြို့ရွာတွင် တံခါးဝ၌ မြေ့သဲကို စုပုံလျက် သပြေခက်ကို စိုက်ပြီးလျှင် "ငါတို့၏ ဒေယျဝါဒကို ချေဖျက်နိုင်သူသည် ဤ မြေပုံ, သဲပုံကို ဖျက်, သပြေခက်ကို နင်းချေလော့" ဟု ပြောဆိုမှာကြား၍ မြို့တွင်း ရွာတွင်းသို့ ဝင်ကြကုန်၏။

သူတို့ လေးဦးသည် ဓနာင်သောအခါ သာဝတ္ထိပြည်သို့ ရောက်လာသည်တွင် အရှင်သာရိပုတ္တရာနှင့် တွေ့၍ ဝါဒပြိုင်ရာတွင် ရှုံးနိမ့်သောကြောင့် ရဟန်းမ, ပြုကြပြီး မကြာမီပင် ရဟန္တာဖြစ်သွားကြလေ၏။

အငယ်ဆုံး ဖြစ်သော "သစ္စက" ပရိဗိုဇ် သည်ကား အစ်မများထက် ပညာထက်မြက် သာလွန်ရကား ဝါဒတထောင် အပြင် သာသနာပြင်ပ လောကီဆိုင်ရာ ဝတ္ထုပုံပြင် ဗေဒင် ဓမ္မသတ်တို့ကိုပါ တတ်မြောက်သဖြင့် လိစ္ဆဝီ မင်းသားငယ်တို့ကို အတတ် သင်ပေးလျက် ဝေသာလီပြည်၌ပင် နေသတည်း။]

သစ္စကပရိဗိုဇ်သည် "ငါ၏ ဝမ်း၌ရှိခဲသော ပညာကား အလွန်များလှ၏။ ငါ၏ဝမ်းသည် ပညာဖြင့်အပြည့်လွန်ရကား မခံနိုင်ဘဲ ပေါက်ကဲရာ၏" ဟု ဝမ်းကဲမည်ကို ကြောက်ရွံ့ စိုးရိမ်သဖြင့် ဝမ်းကို သံပြားဖြင့် ရစ်ပတ်၍သာ သွားလာနေထိုင်၏။

ဘုရားရှင် ဝေသာလီပြည်သို့ ကြွရောက်၍ မဟာဝုန်တောင် သီတင်းသုံးတော်မူသည်မှစ၍ သစ္စကပရိဗိုဇ်သည် "ငါသည် ရဟန်း ဂေါတမ၏ အယူဝါဒကို သိထားမှသာလျှင် သူ၏ အယူဝါဒအပေါ် အပြစ်တင်နိုင်ချေမည်။ သူ၏ အယူဝါဒကို သိအောင် ပြုဦးအံ့" ဟု ကြံစည်ကာ လှည့်လည်နေ၏။

တနေ့သ၌ သူသည် ဝေသာလီပြည်၌ ဆွမ်းခံကြွသော အရှင်အဿဇိကို မြင်လျှင် နောက်ကလိုက်၍ ချဉ်းကပ်ပြီး ပုဏ္ဏား စကား ပြောကြားပြီး "အရှင် ရဟန်း၊ သင်တို့၏ဆရာ ဂေါတမသည် အဘယ်ဝါဒဖြင့် ဆုံးမပြောဆိုလေ့ ရှိသနည်း" ဟု မေးလေ၏။

ထိုအခါ အရှင်အာသဇီသည် "ဤ သစ္စကသည် မိစ္ဆာဒိဋ္ဌိ ယူသူတည်း။ ပရိယာယ် မပါသော ဓမ္မကြောင်းဖြင့် လွန်စွာ ချောက်ချားစေအံ့" ဟု ကြံ၍ "သစ္စက၊ ငါတို့ဆရာ မြတ်စွာဘုရားကား ဘုံသုံးပါးဥဖြစ်သမျှသော သတ္တဝါတို့၏ ရုပ်, ဒေဝနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည် မမြဲသော သဘော ရှိ၏၊ ဆင်းရဲသောသဘော ရှိ၏၊ အစိုးမရသော အနတ္တသဘော ရှိ၏။ ဤသို့ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားဥ အယူရှိ၏၊ တပည့်တို့ အားလည်း ဤသို့ပင် ဟောကြား ဆုံးမလေ့ ရှိ၏" ဟု ဆိုလေ၏။

ထိုအခါ သစ္စကသည် "ရှင်ဂေါတမ၏ မမှန်ကန် သဘာဝမကျသော အယူဝါဒကို ငါသိပြီ။ ဤ ဝါဒကို အစပြု၍ပင် ငါသည် ရှင်ဂေါတမကို ဝါဒရေးရာဥ ပြစ်တင်ပြောဆိုအံ့" ဟု ကြံ၍ အိမ်သို့ပြန်၏။ သူသည် မိမိ၏ တပည့်များဖြစ်သည့် လိစ္ဆဝီမင်းသား ငါးရာတို့၏ စုဝေးတိုင်ပင်ရာနေရာသို့ သွား၍ ဤသို့ ဆိုလေ၏။

"မင်းသားတို့၊ ဤလောကဥ ငါပညာရှိသည့်အဖြစ်ကို သင်တို့ အသိ ဖြစ်ဟော့သည်။ လာသမျှသောဆရာတို့သည် ငါ့စကားတခွန်းအမေးကိုမျှ မခံနိုင်ကုန်။ ငါ၏ဝါဒအတင်ကိုပြေအောင် ဖြေနိုင်သူကား ဤလောကဥ တဦးမျှ ငါမမြင်။ လူတွင်ထင်ရှားဘုရားဟုဆိုသော သူပင်လည်း ငါနှင့်ကြုံက တုန်လှုပ်ရမည်။ ငါမေးရက ဇောချွေးပြန်ရမည်။ ယခု လောကတွင် ရှင်ဂေါတမသည် မိမိကိုယ်ကိုဘုရားဟုဆိုလျက် သုံးလူ့ဆရာသူလုပ်နေသည်။ ထိုဘုရားကား ဘုန်းတန်ခိုးသာကြီးမား၏။ အယူဝါဒဥ ကျန်မည်ဟု ငါ မထင်။ ထို ရှင်ဂေါတမကို ဝါဒဖြင့်တင်၍ အရှက်ရအောင် ငါမေး၍ပြ မည်။ သင်မင်းသားတို့လည်း လူအများနှင့်တကွ ရဟန်းဂေါတမထံသို့ ငါ သွားရာ လိုက်ခဲ့ကြလော့" ဟု ကြုံးဝါးပြောဆို၍ ခေါ်လေ၏။

ထိုနောက် သစ္စကသည် နံနက်စာစားပြီးလျှင် ထို လိစ္ဆဝီမင်းငါးရာ တို့နှင့်တကွ လူအပေါင်းတို့ဖြင့် ခြံရုံလျက် ဝေသာလီပြည်မှထွက်၍ ဘုရား ရှင်သီတင်းသုံးရာကျောင်းသို့ သွားလေ၏။

ဘုရားရှင်လည်း ထိုနေ့နံနက်မိုးသောက်ယံတွင် လောကကို သမန္တစက္ခု ဖြင့်ကြည့်ရှု၍ သစ္စကပရိဗိုဇ်၏ ထိုအကြံဖြင့်လာရောက်မည်ကို သိနှင့်တော် မူသဖြင့် ဆွမ်းဘဉ်းပေးပြီးသော် ကျောင်းတော်မှမနီးမဝေးသောသစ်ပင်ရိပ် အတွင်း၌ သီတင်းသုံးနေတော်မူလင့်၏။

သစ္စကလည်း အခြံအရံနှင့်တကွ ဘုရားရှင်ထံသွားရောက် ချဉ်းကပ်၍-
"အရှင်ဂေါတမ၊ ကျွန်ုပ်အား အခွင့်ပေးပါလျှင် ပြဿနာတခုကို ပေးလိုပါ၏။ ထိုပြဿနာကိုဖြေတော်မူလတံ့လော့" ဟု လျှောက်လေ၏။

ဘုရားရှင်က "အဂ္ဂိဝေဿနအနွယ်ဖြစ်သော အချင်းသစ္စက၊ ပြဿနာကို ဖြေဆိုရာဝယ် ငါ၌ဝန်လေးခြင်းမရှိ။ အလိုရှိတိုင်းပင်မေးလော့" ဟု ဘုရားရှင်တို့၏ဘိတ်ကြားခြင်း (=သဗ္ဗညုတပဝါရဏာ)ဖြင့် ခွင့်ပေးတော်မူ၏။

သစ္စကလည်း အထက်က အရှင်အဿဇိဖြစ်သော ပြဿနာ၌ ဝါဒကိုတင်လိုရကား "အရှင်ဂေါတမ၊ တပည့်သာဝကတို့အား အဘယ်သို့ဆုံးမတော်မူပါသနည်း" ဟု မေးလျှောက်၏။ ဘုရားရှင်လည်း အရှင်အဿဇိဖြစ်သည့် အတိုင်းပင် ဖြေတော်မူ၏။

ထိုအခါ သစ္စကသည် "အရှင်ဂေါတမ၊ မျိုးစေ့သစ်ပင်အပေါင်းသည် မြေကြီးကိုသာမှီ၍ပေါက်ပွားကြီးထွားလာကြရသကဲ့သို့ ထို့အတူ သတ္တဝါတို့လည်း ခန္ဓာငါးပါးတို့၌တည်၍သာလျှင် ချမ်းသာဆင်းရဲကို ခံစားရသည်။ ကုသိုလ်အကုသိုလ်တရားကိုအားထုတ်ရသည်။ ဤသို့သောလောကမျက်မြင် 'အတ္တ'ဟု ထင်ရှားရှိပါလျက် 'အနတ္တ'ဟု ပြောပြခြင်းသည် အဘယ်သို့သင့်ချေတုံ့အံ့နည်း" ဟု ဆိုလေ၏။

ထိုအခါဘုရားရှင်က "သစ္စက၊ ဤငါးပါးသော ရုပ်နာမ်ခန္ဓာကို ငါ၏ကိုယ် 'အတ္တ'တည်းဟု သင်အယူရှိသလော" ဟု မေးတော်မူ၏။

သစ္စကလည်း "အရှင်ဂေါတမ၊ ကျွန်ုပ်သာ ငါ၏ကိုယ်အတ္တဟု အယူရှိသည်မဟုတ်။ ဤပရိသတ်လေးပါးအများလည်း ဤသို့ပင် မှတ်ယူကြဆိုကြပါ၏" ဟု (သူခိုးသေဖော်ညှို့၍)ဆိုသော်-

ဘုရားရှင်က "သစ္စက၊ သူအပါးတို့ကိုထည့်သွင်းမပြောလင့်။ မိမိ၏အယူဝါဒကိုသာ သင်ဖြေလော့" ဟု မိန့်တော်မူလေ၏။

သစ္စကလည်း မလဲ့မရွှောင်သာရကား "အရှင်ဂေါတမ၊ ကျွန်ုပ်လည်း ဤရုပ်နာမ်ခန္ဓာကို ငါ၏ အတ္တဟုအယူရှိပါ၏" ဟူ၍ဆိုသော်-

ဘုရားရှင်က "သစ္စက၊ ဤငါးပါးသော ခန္ဓာကို ငါ၏ကိုယ် အတ္တပင်ဟု သင်ဝန်ခံလေသောကြောင့် သင့်ကိုတဖန် ငါမေးဦးအံ့။ ပြည့်ရှင်မင်းတို့သည် မိမိပိုင်သောနိုင်ငံအတွင်း၌ ညှဉ်းဆဲသတ်ဖြတ်ထိုက်သူကို ညှဉ်းဆဲသတ်ဖြတ်စေနိုင်ရန်၎င်း၊ နိုင်ငံမှနှင်ထုတ်ထိုက်သူကိုနှင်ထုတ်စေရန်၎င်း အာဏာထားနိုင်သည်မဟုတ်လော" ဟု မေးတော်မူ၏။

သစ္စက၊က "အာဏာပေးနိုင်ပါ၏" ဟု လျှောက်လေ၏။

ဘုရားရှင်က "သစ္စက၊ ရုပ်သည် (ငါပိုင်သော)ငါ၏ ကိုယ် 'အတ္တ' ဟု သင်ဆို၏၊ ထိုရုပ်၌ 'ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်စေလင့်' (ငါ၏ရုပ်သည် အိုမင်းရွတ်တုံမဖြစ်စေဘဲ တဆဲ့ခြောက်နှစ်အရွယ် တိုင်းသာဖြစ်စေ)ဟု သင် အာဏာထားနိုင်၏လော"ဟု မေးတော်မူလေ၏။

ထိုအခါ သစ္စကသည် "အကယ်၍ငါ၏ရုပ်သည့် ငါ့အလိုသို့လိုက်၏"ဟု ဖြေချေသော် ဝေသာလီမင်းအပေါင်းတို့က 'ဆရာ့ရုပ်သည် ငါတို့ကဲ့သို့လုပ တင့်တယ်စေပါတော့လော'ဟု ပြစ်တင်ပြောကြပေမည်။အကယ်၍ အလိုသို့ မလိုက်ခဲပဟုဆိုချေလျှင်လည်း အရှင်ဂေါတမ၏ 'အနတ္တ'အယူကို လက်ခံရာ ကျပြီး ငါ့ကိုနှိုင်သွားပေမည်"ဟု စဉ်းစားလျက် မပြောဘဲ ဆိတ်ဆိတ်နေ လေ၏။

ထိုအခါဘုရားရှင်က "သစ္စက၊ ဖြေလော့"ဟု ဒုတိယအကြိမ်တိုက်တွန်း သော်လည်း သစ္စကသည် မဖြေဘဲသာနေလေ၏။ ထိုနောက် ဘုရားရှင်က "သစ္စက၊ ယခုပင်ပြောဆိုလော့။ သင့်အဘိုရာ ဆိတ်ဆိတ်နေရန်အခါမဟုတ် တော့ပြီ။ သစ္စက၊ ငါဘုရားက သုံးကြိမ်တိုင်အောင်အကြောင်းအာဃာတပြုသူ့ကိုမေးပါလျက် မဖြေဆိုလျှင် သင်၏ဦးခေါင်းသည် ဤနေရာ၌ပင် ခုနစ်စိတ်ကွဲရာ၏"ဟု မိန့်တော်မူ၏။

[ဘုရားရှင်က အကြောင်းအာဃာတပြုသူ့ကိုမေးပါလျက် မဖြေဆိုလျှင် ဘုရားရှင်အား အကျိုးမဲ့အချိန်ကုန်စေခြင်းဖြင့် ညှဉ်းဆဲရာရောက်သောကြောင့်၊ ထိုမဖြေဆိုနိုင်သူ၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲရာ၏။ ဤကား ဓမ္မတာတည်း။]

ထိုအခါ သိကြားမင်းသည် ဘီလူးအသွင်ဖြင့် ရဲရဲတောက်လောင်သော သံတင်းပုတ်ဖြင့်လာ၍ "ဟယ် သစ္စက၊ ဘုရားရှင်မေးသည်ကို သင်မဖြေဘဲ နေခဲ့လျှင် သင့် ဦးခေါင်းကို ခုနစ်စိတ်ကွဲအံ့ဟု ခြိမ်းချောက်သည့်ပမာ သစ္စက အပေါ်ကောင်းကင်၌ ရပ်တည်လေ၏။

သစ္စတသံည် ကြောက်လန့်၍မဖြေဘဲ မနေဝံ့ရကား "အရှင်ဂေါတမ၊ အာဏာမထားနိုင်ပါ"ဟု ဝန်ခံပြောကြားလေ၏။

ထိုနောက် "ရုပ်သည် မြဲသလော, မမြဲသလော"။ "မမြဲပါ"။ "မမြဲသောအရာသည် ဆင်းရဲမှုဖြစ်သလော,ချမ်းသာမှုဖြစ်သလော"။ "ဆင်းရဲမှုသာဖြစ်ပါ၏"

ထို့နောက် ဘုရားရှင်က 'ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်' တို့နှင့် ပဘ်သံက်၍လည်း ရှေးနည်းတူမေးလေသော် သစ္စကလည်း ရှေးနည်းတူပင် ဖြေဆိုလေ၏။

ဤသို့လျှင် ဘုရားရှင်သည် သစ္စကပရိဗိုဇ်အား ပရိသတ်အလယ်၌ "ခန္ဓာ ငါးပါးတို့သည် အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ကုန်၏" ဟု အတိအလင်းဝန်ခံစေ၍ သူ၏အယူဝါဒကိုမလှုပ်နိုင်အောင် ချေဖျက်ဆုံးမတော်မူလေ၏။

ထိုအခါ သစ္စကသည် "အရှင်ဂေါတမ၊ ကျွန်ုပ်သည် အရှင်ဂေါတမကို ဝါဒဖြင့် ပြစ်တင်ပုတ်ခတ်မိခဲ့ပါ၏။ ကျွန်ုပ်အမှားကြီးမှားပါပြီ။ အရှင်၏ အယူဝါဒကို အသက်ရှည်သမျှ ယုံကြည်ကိုးကွယ်ပါတော့မည်" ဟု လျှောက်လေ၏။

ဘုရားရှင်လည်း ခန္ဓာငါးပါးတို့၌ အမေးအဖြေပြုလုပ်၍ တရားဒေသနာကို အကျယ်တဝင့်ဟောကြားတော်မူ၏။ ထိုအခါ သစ္စကသည် ဘုရားရှင်အား ရဟန်းအပေါင်းနှင့်တကွ ဆွမ်းပင့်ဘိတ်၍ နောက်တနေ့တွင် လိစ္ဆဝီမင်းတို့၏အကူအညီဖြင့် ကြီးကျယ်ခမ်းနားစွာ ဆွမ်းဖြင့်လုပ်ကျွေးလေ၏။ နောင်အခါတွင်လည်း ဘုရားရှင်သည် သစ္စကအား အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သည့် "စူဋ္ဌသစ္စကသုတ္တန်" ကိုသာမက "မဟာသစ္စကသုတ္တန်" ကိုပါ များစွာသောတရားဓမ္မဖြင့် ဟောပြဆုံးမတော်မူ၏။

သစ္စကကား ဥပနိဿယ(ပါရမီ)မရှိသူ ဖြစ်ရကား မဂ်ဖိုလ်တခုမျှ မရပေ, ရဟန်းမပြုဘဲ နေလေ၏။ မဂ်ဖိုလ် မရနိုင်ဘဲလျက် အဘယ့်ကြောင့် ဘုရားရှင်သည် ဤမျှ အပင်ပန်းခံ၍ ဟောကြားလေသနည်း ဟူမူ-

"ဤသစ္စကပရိဗိုဇ်မှာယခု ငါဘုရားလက်ထက်၌မဂ်ဖိုလ်မရနိုင်။ ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်းနှစ်ရာ လွန်သောအခါ သီဟိုဠ်ကျွန်းဝယ် သာသနာ ထွန်းကားလိမ့်မည်။ ထိုအခါ ဤသစ္စကသည် သီဟိုဠ်ကျွန်း၌ အမတ်မျိုးတွင် ဖြစ်၍ ရဟန်းပြုလေသော် ဝိပဿနာ အားထုတ်၍ 'ကာဋ္ဌဗုဒ္ဓ ရက္ခိတ' မည်သော ရဟန္တာ ဖြစ်လိမ့်မည်" ဟူ၍ အနာဂတ်အကြောင်းကို ဘုရားရှင် မြင်တော်မူသဖြင့် နောင်ဘဝအကျိုးအတွက် ပါရမီအထုံ ဖြစ်စေခြင်းငှာ ဤသို့ အပင်ပန်းခံ၍ ဟောကြားတော်မူခြင်း ဖြစ်ပေ၏။

ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွပြန်ခြင်း

၁၁၆။ ခေမာမိဖုရား ရဟန္တာဖြစ်ခြင်း

ဘုရားရှင်သည် 'သစ္စကပရိဗိုဇ်'စသော သူတို့အား တရားဟောပြ ဆုံးမချွတ်တော်မူကာ ဝေသာလီပြည် မဟာဝုန်တော၌ ဝါကပ်တော်မူပြီး ဝါကျွတ်သောအခါ ရာဇဂြိုဟ်သို့ ပြန်ကြွ၍ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။

ဗိမ္ဗိသာရမင်းကြီး၏ 'ခေမာ'မည်သော မိဖုရားသည် ယခင်က သုံးဝါတိုင် ဝါကပ် သီဘင်းသုံးတော်မူသော ဘုရားရှင်ထံသို့ တခါတခေါက်မှ သွားရောက်ဖူးမျှော်ခြင်း မပြုခဲ့ပေ၊ သူမသည် "ဘုရားရှင်ကား အဆင်းလှသူတို့၏ အဆင်း၌ အပြစ်ကို တင်ဖွဲ့၍ ကဲ့ရဲ့တော်မူတတ်၏"ဟု ကြားရကား "ငါအား လည်း အဆင်းလှခြင်း၌ အပြစ်ကို ရှာ၍ ကဲ့ရဲ့ပေရာ၏"ဟု ကြံလျက် မိမိ၏ ရုပ်အဆင်း၌ယစ်သောမာနဖြင့် ဘုရားရှင်ထံသို့ဖူးမျှော်ရန် မသွားသတည်း။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် "ငါကား ဘုရားရှင်အား အသက်ဆံဖျားထား၍ ကိုးကွယ်လုပ်ကျွေးသော ဥပါသကာ ဖြစ်၏။ ငါကဲ့သို့သော မင်း၏ မိဖုရားသည် ဘုရားရှင်အား ဖူးမြင်ရန် မသွားဘဲနေခဲ့သော် မလျော်ကန်ပေ။ အာဏာဖြင့်စေကာလည်း ပြည်သူတို့က မိဖုရားအား ကဲ့ရဲ့ကြောင်း၏။ ပရိယာယ်ဖြင့် မိဖုရားအား ဘုရားရှင်ထံသို့ ရောက်စေအံ့"ဟု ကြံလေ၏။

ထို့ကြောင့် မင်းကြီးသည် ကဗျာစာဆို ပညာရှင်တို့အား "ဝေဠုဝန်ကျောင်းတော်၏ တင့်တယ်လှပ သာယာပုံကို သီကုံး၍ နှုလုံးမွေ့လျော်ခြင်း ရှိအောင် ခေမာမိဖုရား ကြားလောက်ရာအရပ်၌နေ၍ သီဆိုပြကြလော့"ဟု စေခိုင်းလေ၏။ စာဆိုပညာရှင်တို့လည်း ဝေဠုဝန်ဥယျာဉ်၏ သာယာလှပပုံကို လေးဂါထာဖြင့် ရေးစပ်သီကုံး၍ သီဆိုကြလေ၏။ မျှားစွာသော နှုန်းသူနှုန်းသားတို့လည်း ထိုသီချင်းကို သီဆိုကြကုန်၏။

ခေမာမိဖုရားသည် ထိုသီချင်းသံကို ကြားရလျှင် "ငါတို့ ဝေဠုဝန်ဥယျာဉ်သည် ရှေးကကဲ့ကို သာမည မဟုတ်ပြီ။ သီချင်းကဗျာ လင်္ကာရတူပြုလောက်အောင်ပင် ဥယျာဉ်၏ အသရေဖြစ်ဟန် ရှိချေ၏။ ငါ သွားကြည့်ရသော် သင့်၏"ဟု ကြံ၍ မင်းကြီးအား ဥယျာဉ်သို့ ကားစားထွက်လိုကြောင်း လျှောက်ထားလေ၏။

မင်းကြီးက "သင်မိဖုရား ဥယျာဉ်သို့သွားမူ ဘုရားရှင်ကို ဝင်၍ ဖူးခဲ့လော့"ဟု မိန့်တော်မူ၏။ မိဖုရားလည်း "ကောင်းပါပြီ"ဟု ဝန်မခံဘဲ ဆိတ်ဆိတ်သာနေ၍ မင်းကြီးအား ရှိခိုးပြီး ပြန်လာခဲ့လေ၏။

မင်းကြီးလည်း အနီးအပါးဦရှိသော မှူးမတ်တို့အား "မိဖုရားသည် ဥယျာဉ်သို့သွားလျက် ဘုရားရှင်ကို မဖူးမြင်ဘဲ ပြန်ခဲ့မူ မင်းဒဏ်ဖြစ်စေအံ့" ဟု မှာလိုက်၏။ မိဖုရားလည်း အခြေအရံများစွာနှင့်တကွ ဥယျာဉ်သို့ ထွက်ခွာသွား၏။ တနေ့ပတ်လုံး ဥယျာဉ်၌ ပျော်ပါးရှင်လန်းလျက် ညနေချမ်းအခါတွင် "နန်းတော်သို့ ပြန်တော့မည်"ဟု ဆိုသော် မှူးမတ်တို့က ထိုအမိန့်တော်ကို လျှောက်ကြ၏။ မိဖုရားလည်း မင်း၏ အာဏာကို မလွန်ဆန်ဝံ့သဖြင့် ဘုရားရှင်ထံ ဖူးမြင်ရန် သွားရလေ၏။

ဘုရားရှင်လည်း ထိုအကြောင်းအရာ အလုံးစုံကို ကြိုတင် သိထားတော်မူသဖြင့် မိဖုရားနှင့် လျော်ကပ်သော တရားကို ဟောကြားခွင့်ရအောင် လူနှင့်မမျှ နတ်ထက်လွန်သော သတို့သမီးငယ်တဦးကို ဈာနာ စီခြယ်ထားသော ယပ်ဖြင့် ကိုယ်တော်မြတ် ခြေရင်းဦးနေကာ ယပ်ခတ်နေဟန်ကို ဖန်ဆင်း၍ ထားတော်မူလင့်၏။

ခေမာမိဖုရားလည်း ဘုရားရှင်ထံရောက်၍ ထိုယပ်ခတ်နေသော မိန်းမငယ်ကို မြင်လျှင် "ဤလူ့ပြည်ဝယ် ငါ့ထက်သာ၍ အဆင်းလှပသော မိန်းမတဦးမျှ မရှိဟု ငါထင်ခဲ့မိ၏။ ယခု မြင်ရသော ဤမိန်းမနှင့်စာလျှင် ငါ့အဆင်းသည် ဧရှဟာသ်ာနှင့် လင်းပြာငှက်ကဲ့သို့ ဘာမျှမဟုတ်။ ဤသူမ၏ အလုပ်အကျွေးဖြစ်ရန်ပင် မတန်ဖြစ်ချေ၏။ သို့ပါလျက် အဆင်းအဝါကိုမှီ၍ ငါမာန်တက်မှာဝံးမိချေပြီတကား" ဟု နှလုံးပြုလျက် ထိုမိန်းမငယ်ကိုသာ စိုက်စိုက်မက်မက် ကြည့်ရှုကာနေ၏။

ထိုစဉ်တွင် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ထိုမိန်းမငယ်သည် တဖြည်းဖြည်း အရွယ်ကြီးလာပြီး သားတယောက်မိခင်, နှစ်ယောက်မိခင်သဖွာန် ဖြစ်လာ၏။ နောက် အတန်ကြာသော် ဆံဖြူသွားကြွေ အရေတွန့်တို့ အိုသော အရွယ်သို့ ရောက်၍ မွဲမည်းအပြောက်အပြောက်ထလျက် ပါးစပ်မှ အရိုအရည်တို့ ယိုစီးလာကုန်၏။ နောက်တဖန် အတန်ကြာပြန်သော် ယပ်နှင့်တကွ ဘုရားရှင်ခြေရင်းဦး လဲ၍ တညည်းတွားတွား နာဘို့၏။

ထိုသို့သော ဖောက်ပြန်ခြင်းကို မြင်ရသောအခါ ခေမာ မိဖုရားသည် ပါရမီရင့်သူဖြစ်ရကား "နှစ်သက်ရူချင်ဘွယ် တင့်တယ်ခြင်း၏ အထွတ်သို့ ရောက်သော ဤမိန်းမငယ်၏ ကိုယ်သည် ထိုထိုသို့သော သဏ္ဌာန်ဖြင့် ဖောက်

ပြန်ပျက်စီးရဘိသကဲ့သို့ ငါ၏ ခန္ဓာကိုယ်လည်း ဤနည်းနှင်နှင် ယွင်းယို ဖောက်ပြန်၍ ဧကန် ပျက်စီးလိမ့်မည်တကား။ မှောက်မှားယွင်းချွတ်သော အယူဖြင့် ငါမာန်ထောင်မိခဲ့ချေသည်တကား"ဟု ယထာဘူတဉာဏ် သက်ဝင်၍ ကြံအောက်မေ့လျက် ထိတ်လန့်သံဝေကြီးစွာ ဖြစ်လေ၏။

ဘုရားရှင်သည် မိဖုရား၏ စိတ်သန္တာန်ဉာဏ်သက်၍ သံဝေဂဖြစ်ပြီကို သိတော်မူလျှင် "ခေမာမိဖုရား၊ ၉၆-ပါး အနာရောဂါတို့ဖြင့် အမြဲနာကျင်နေသော၊ မစင်အညစ်အကြေးတို့၏ စုဝေးရာဖြစ်သော၊ စက်ဆုပ်ဘွယ် အပုပ်နံ့ဖြင့် လှိုင်နေသော ဤခန္ဓာကိုယ်ကို စေ့စေ့ရှစမ်းလော့"စသည်ဖြင့် ခန္ဓာကိုယ်၏ အနှစ်သာရ အနည်းငယ်မျှ မရှိပုံကို ဟောကြားတော်မူ၏။

ဤတရားဒေသနာကို ကြားနာရလေလျှင် ခေမာမိဖုရားသည် သောတာပတ္တိမဂ်မှ စ၍ အစဉ်အတိုင်းရသဖြင့် နောက်ဆုံး 'အရဟတ္တဖိုလ်'သို့ ရောက်လေ၏။ ထိုအခါ မိဖုရားသည် ဘုရားရှင်အား ရှေးက မိမိ၏ အယူမှားကို လျှောက်ကြား၍ သည်းခံတော်မူပါရန် လျှောက်ကြားလေ၏။

ထို့နောက် သူမသည် "ရဟန္တာဖြစ်သော လူတို့မည်သည် ထိုဖြစ်ယည့်နေ့မှာပင် ရှင်ရဟန်းပြုသော်လည်း ပြုရာ၏။ ပရိနိဗ္ဗာန်ပြုသော်လည်း ပြုရာ၏" ဟူသော ဓမ္မတာသဘောကို သိမြင်လေသဖြင့် ဘုရားရှင်အား ရှိခိုးပြီး ရဟန်းပြုခွင့်တောင်းရန် မင်းကြီးထံသို့ အလျင်အမြန် ပြန်လေ၏။

မင်းကြီးသည် ထွန်းလင်းတင့်တယ်စွာ အရိယာတို့၏ ဣန္ဒေဖြင့်လာသော မိဖုရားကိုမြင်လျှင် အံ့ဩဝမ်းမြောက်လျက် "အချင်း ခေမာ၊ ယနေ့ သင်သည် ဥယျာဉ်သို့ သွားရာတွင် ဘုရားရှင်ကို ဖူးမြင်ခဲ့၏လော"ဟု မေးလေ၏။

မိဖုရားကြီးက"အရှင်မင်းကြီး၊ ဘုရားသခင်ကို အရှင်ဘို့ ဖူးမြင်ရခြင်းကား အကျိုးမကြီးပေ။ ကျွန်ုပ်၏ ဖူးမျှော်ရခြင်းသာ လွန်စွာ အကျိုးရှိပေ၏။ ကျွန်ုပ်ကို ယနေ့ပင် ရဟန်းပြုခွင့်ပေးပါလော့"ဟု တောင်းခံလေ၏။ မင်းကြီးလည်း အားရဝမ်းသာဖြင့် မိဖုရားကို ရွှေထမ်းစင်ဖြင့် ထမ်းဆောင်စေ၍ တထောင်မျှလောက်သော ရဟန်းမတို့ထံ၌ ရဟန်း ပြုစေလေ၏။ ရဟန်းဖြစ်သော် "ခေမာထေရီမ"ဟု ထင်ရှားလေ၏။

ထေရီမသည် ကျယ်ဝန်းသော ပညာရှိရကား နောင်အခါ ဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းမတို့အား တေဒဂ်အရာ၌ ထားတော်မူသောအခါ "ရဟန်းတို့၊ ဉာဏ်ပညာ ကြီးကြသောငါဘုရား၏ တပည့်ရဟန်းမတို့တွင် ခေမာထေရီမသည် အမြတ်ဆုံးဖြစ်၏"ဟူ၍ ခေမာထေရီမအား 'မဟာပညာ တေဒဂ်'အရာ၌ ထားတော်မူလေ၏။

၁၁၇။ ဘဒ္ဒကာပိလာနီသူဌေးမ ရဟန္တာဖြစ်ခြင်း

"အရှင်မဟာကဿပအလောင်း ရဟန်းပြုခြင်း" အခန်း(၇၇)၌ ဖော်ပြခဲ့သည့် အတိုင်းပင်။ ။အရှင်မဟာကဿပ၏ လူ့ဘဝက မယားတော်ခဲ့ဘူးသော 'ဘဒ္ဒကာပိလာနီ'မည်သော သူဌေးမသည် လင်ဖြစ်သူ မဟာကဿပအလောင်း 'ပိပ္ပလိ'လုလင်နှင့် အတူတကွ ရဟန်းပြုပြီး ဆရာကို ရှာဖွေရန် ထွက်လာခဲ့ရာ တောအုပ်တခုသို့ အရောက်တွင် နှစ်ဦးသဘောတူ လမ်းခွဲကာ လာခဲ့ပေ၏။

ဘဒ္ဒကာပိလာနီသည် ခရီးစဉ်အတိုင်း လာခဲ့ရာ ရာဇဂြိုဟ်ပြည်သို့ ရောက်လေ၏။ ထိုအချိန်တွင် ဘုရားရှင်သည် အမျိုးသမီးတို့အား ရဟန်းပြုခွင့် မပေးသေး၍ ရဟန်းမများ မရှိသေးပေ။ ထို့ကြောင့် ဘဒ္ဒကာပိလာနီသည် မြတ်သောတရား ရှိသူကို ရှာဖွေစဉ် ထိုပြည်နှင့် မနီးမဝေးသော ပရိဗိုဇ်မတို့၏ ကျောင်းတိုက်ကြီးတခုကို မြင်၍ ဝင်သွားပြီး ပရိဗိုဇ်မပြု၍ နေလေ၏။

ထို့နောက် "မဟာပဇာပတိဂေါတမီ စသော သာကီဝင် မင်းသမီးတို့သည် ရဟန်းမအဖြစ်ကို ရကြ၍ ရာဇဂြိုဟ်ပြည်သို့ ရောက်လာကြသည်"ဟု ကြားလျှင် သူမသည် ပရိဗိုဇ်မများစွာနှင့်တကွ လာ၍ ပုစ္ဆာပြဿနာကို နှိုးနှောကြသဖြင့် ဘုရားရှင်၏တရားတော်ကို ကြားနာရလေသော် သာသနာတော်၌ အနှစ်သာရရှိကြောင်းကို သိ၍ ထိုမဟာပဇာပတိဂေါတမီ ထေရီမထံ၌ပင် ရဟန်းပြုလေ၏။

ရဟန်းပြု၍ မကြာမြင့်မီပင် သခ်ါရတရားတို့ကို သုံးသပ်၍ တရားအား ထုတ်သော် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ရဟန္တာဖြစ်သော် ထေရီမသည် အဘိညာဏ်တရားတို့ကို မပြတ် ပွားများသဖြင့် ပုဗ္ဗေနိဝါသညာဏ်၌ အလွန်အကဲ မြော်မြင်လွယ်လာနိုင်၏။

ထို့ကြောင့် နောင်အခါဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းမတို့အား ဇေတဒဂ်အရာ၌ ထားတော်မူသော အခါ "ရဟန်းတို့၊ ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့သိမြင်ကြဖို့သာ ငါဘုရား၏တပည့် ရဟန်းမတို့တွင် ဘဒ္ဒကာပိလာနီသည် အမြတ်ဆုံးဖြစ်၏"ဟူ၍ ဘဒ္ဒကာပိလာနီထေရီမအား 'ပုဗ္ဗေနိဝါသာနုဿတိ-ဇေတဒဂ်' အရာ၌ ထားတော်မူလေ၏။

၁၁၈။ ဓမ္မဒိန္နာသူဌေးမ ရဟန္တာဖြစ်ခြင်း

ရာဇဂ္ဂိုဟ်ပြည်၌ 'ဓမ္မဒိန္နာ'၏ ခင်ပွန်းဖြစ်သူ ကုဋ္ဌေနှစ်ဆယ် ကြွယ်ဝသော 'ဝိသာခ'' အမည်ရှိသော သူဌေးကြီးသည် ဗိမ္ဗိသာရမင်းကြီးနှင့် သူငယ်ချင်း ပညာသင်ဘက်ဖြစ်ရကားရာဇဂ္ဂိုဟ်ပြည်သို့ ပထမဦးဆုံးအကြိမ် ကြွလာသော ဘုရားရှင်ထံသို့ မင်းကြီးနှင့်အတူ သွားရောက်၍တရားတော်ကို ကြားနာခဲ့ရ စဉ်ကပင် သောတာပန်အဖြစ်သို့ ရောက်လေသူဖြစ်၏။

ထိုနောက် သူသည် ကာလရှည်လျား၍ အခါတပါ.၌(ဝေသာလီပြည်၌ ပဉ္စမဝါကပ်ပြီး ပြန်ကြွလာသော)ဘုရားရှင်၏ တရားတော်ကို နာရပြန်လျှင် အနာဂါမ်အဖြစ်သို့ ရောက်လေ၏။ ထိုနေ့တွင် သူသည် အိမ်သို့ပြန်၍ ပြာသာဒ်၏ လှေကားရင်းသို့ ရောက်သောအခါ သူဌေးမ 'ဓမ္မဒိန္နာ'လည်း ရှေးက ပြုမြဲတိုင်းကဲ့သို့ ချစ်စဘွယ် အမူအရာဖြင့် ဆီးကြိုလျက် လက်ကို ကမ်း လိုက်၏။ 'ဝိသာခ'သူဌေးလည်း ကမ်းသောလက်ကို မဆွဲကိုင်ဘဲ ပြာသာဒ် ထက်ဘက်၍ အတွင်းသို့ ဝင်လေ၏။

ဓမ္မဒိန္နာလည်း ,မွန်မြတ်သော စားဘွယ်တို့ကို ပြုပြင်စီမံလျက် သူဌေးထံ ယူလာပြီး ကောင်းစွာလုပ်ကျွေး၏။ သူဌေးလည်း ကောင်းသည် မကောင်း သည် စသည်စကား တခွန်းမျှ မပြောဘဲ ထမင်းကိုသာ စားနေ၏။

ဓမ္မဒိန္နာလည်း ထမင်းစားနေသည့် သူဌေးနားခွဲစာင့်ဆိုင်းရင်နေလျက် "ငါလင်သူဌေးသည် ရှေးကနှင့် လုံးဝမတူ၊ အမူအရာတွေ ထူးခြားလှ၏။ ငါ့အား အဘယ်အပြစ်ဖြင့် မနှစ်သက် အမျက်ရှိပါလိမ့်မည်နသး"ဟု ကြံဆ ကာ နေ၏။

သူဌေး ထမင်းစားပြီးသောအခါ ဓမ္မဒိန္နာသည် သာယာချေင်သော စကားဖြင့် "အရှင့်သား၊ ကျွန်ုပ်အား အဘယ်အပြစ်များကြောင့် စကား မပြောဘဲ နေပါသနည်း"ဟု မေးသော်-

သူဌေးက "ဓမ္မဒိန္နာ၊ သင့်မှာအပြစ်မရှိပေ။ ယနေ့ ငါသည် တရားထူးကို ရ၍ ရှေးကကဲ့သို့ တဏှာသန္ဆဝဖြင့် မရှင်နိုင်ပြီ။ သင့်အိမ်ဝယ် စည်းစိမ် ချမ်းသာကို ခံစား၍ ငါမနေလိုပြီ။ သင်သာလျှင် အိမ်၌ရှိသမျှ ပစ္စည်းကို သိမ်းဆည်း၍ ခံစားရစ်လော့။ ခင်ပွန်းအသစ်ကို လိုလျှင်လည်း ဥစ္စာများကို သင်ကြိုက်သလောက် ယူသွား၍ ထိုသူ့ထံ၌ နေလေလော့"ဟု ဆိုလေ၏။

ထိုအခါ ဓမ္မဒိန္နာက "အရှင့်သား၊ အဘယ်သို့ ဆိုဘိသနည်း။ အရှင်တို့ ထွေးအန်ပစ်သော တံတွေးပေါက်ကို ကျွန်ုပ်သည် ဘယ့်အတွက် မျိုနိုင်အံ့နည်း။ ကျွန်ုပ်ကိုသာ လျင်စွာ ရဟန်းပြုခွင့် ပေးပါလော့" ဟု ဆိုလိုက်လေ၏။ ဝိသာခသူဌေးလည်း ကောင်းချီး ပေးလျက် ဗိမ္မိသာရမင်းထံ သွား၍ ထိုအကြောင်းကို ကြားပြီးလျှင် ဓမ္မဒိန္နာကို ရွှေထမ်းစင်ဖြင့် ဆောင်ယူ၍ ရဟန်းမတို့၏ ကျောင်းသို့ ပို့လေ၏။

ဓမ္မဒိန္နာလည်း ရဟန်းပြုပြီးသော် ဥပဇ္ဈာယ်ဆရာတို့အား ပန်ကြားပြီး ထို့ဥပဇ္ဈာယ်ဆရာ ရဟန်းမများနှင့်အတူ ရှာငယ်ကျောင်းသို့ သွား၍ သခ္ခါရတရားတို့ကို သုံးသပ်ပြီး တရားအားထုတ်သော် မကြာမီပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏။ ထိုအခါ ဓမ္မဒိန္နာသည် ဥပဇ္ဈာယ်ရဟန်းမများနှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ပြန်လာ၏။

လင်ဖြစ်သူ ဝိသာခသူဌေးလည်း ထိုအကြောင်းကိုကြားလျှင် ညနေချိန်တွင် ကျောင်းသို့ လာ၍ ဓမ္မဒိန္နာအား 'သာသနာ၌ ပျော့,မပျော့၊ မဂ်ဖိုလ် တရားထူး၇,မရ သိလို' သဖြင့် မဂ်လေးပါးနှင့် ပတ်သက်၍ အစဉ်အတိုင်း မေးလေ၏။

ဓမ္မဒိန္နာလည်း အောက်မဂ်ဖိုလ်သုံးပါးသာမက အရဟတ္တမဂ်နှင့် ပတ်သက်သည့် ပြဿနာကို ဖြေကြားပြီးသော် (ဝိသာခသည် အနာဂါမ်မျှ ဖြစ်သေးရကား) "ဒကာဝိသာခ၊ ပြဿနာကား သင်၏အတိုင်းအတာတက် လွန်သွားချေပြီ။ အလိုရှိလျှင် ဤပြဿနာကို ဘုရားရှင်ထံ သွားမေးလေဦး" ဟု ဆိုလေ၏။

သူဌေးလည်း မထေရ်မဖြေသည့်အတိုင်း မှတ်သား၍ ဘုရားရှင်ထံသွားပြီး မေးလေလျှင် ဘုရားရှင်လည်း "ဒါယကာ၊ ငါ၏သမီးတော် ဓမ္မဒိန္နာကား တကျာရုဂကင်းသူ ဖြစ်လေပြီ။ ဤပုစ္ဆာကို ငါဘုရားအားမေးသော်လည်း ဓမ္မဒိန္နာဖြေသည့်အတိုင်းပင် ဖြေပေလတံ့" ဟု မိန့်တော်မူပြီး ဓမ္မဒိန္နာ၏ ကြီးမားသောပညာရှိမှုကို ကောင်းချီးပေးတော်မူ၏။

ထို့ကြောင့်ပင် နောင်အခါတွင် ဘုရားရှင်သည် ဇာတဝန်ကျောင်း၌ သီတင်းသုံးထော်မူစဉ် ရဟန်းတို့အား တေဒဂ်ဘဲ့ ပေးတော်မူသောအခါ "ရဟန်းတို့၊ တရားဟောခြင်း၌ လိမ္မာကြသော ငါဘုရား၏တပည့် ရဟန်းမတို့တွင်ဓမ္မဒိန္နာသာ အမြတ်ဆုံးဖြစ်၏" ဟူ၍ ဓမ္မဒိန္နာထေရိမအား "ဓမ္မကထိကတေဒဂ်" အရာ၌ ထားတော်မူလေ၏။

၁၁၉။ ဇနပဒကလျာဏီ(ရူပနန္ဒာ)ထေရီမအကြောင်း

ဘုရားရှင် ကပိလဝတ်ပြည်သို့ ပထမဦးဆုံး ကြွရောက်ချိန်တွင် သုဒ္ဓေါဒနမင်းကြီးက ဂေါတမီ မိဖုရားမှ မွေးသော နန္ဒမင်းသားနှင့် သမီးတော် ဇနပဒကလျာဏီမင်းသမီးတို့ကို မောင်နှမအရင်းချင်း ထိမ်းမြား၍ အိမ်ရှေ့မင်းအဖြစ် ဘိသိက်သွန်းရန် မင်္ဂလာပွဲပြုလုပ်သည်တွင် ဘုရားရှင်က ညီတော်နန္ဒမင်းသားကို သပိတ်ထမ်းခိုင်းပြီး ခေါ်သွားကာ ရဟန်းပြုပေးလိုက်၏။

နောက် သုဒ္ဓေါဒနမင်းကြီး ကွယ်လွန်လေသော် ဂေါတမီမိဖုရားသည် သာကီဝင် မင်းသမီး ငါးရာတို့နှင့်အတူ ဆံပင်ဖြတ်၍ သင်္ကန်းဝတ်ကာ ဝေသာလီပြည်တွင် ပဥ္စမဝါကပ်ဆို သီတင်းသုံးနေတော်မူသော ဘုရားရှင်ထံ သွားရောက်၍ ရဟန်းပြုသွားလေ၏။

ထိုအခါ ဇနပဒကလျာဏီသည် "မောင်တော်နန္ဒမင်းသားလည်း ရဟန်းဝတ်သွားပြီ။ မယ်တော်ဂေါတမီလည်း ရဟန်းဝတ်သွားပြီ။ ဤနန်းမ၌ ငါချည်းသာနေသဖြင့် အကျိုးမရှိတော့ပြီ"ဟု စဉ်းစားမိပြီး မောင်ကြီးသိဒ္ဓတ္ထဘုရားရှင်နှင့် မယ်တော်ဂေါတမီတို့ရှိရာ ရာဇဂြိုဟ်ပြည်သို့ ကိုယ်လုပ်မောင်းမတို့နှင့်တကွ သွား၍ မယ်တော်ထံ၌ လူဝတ်ဖြင့် နေလေ၏။

ခုနစ်ရက် ရှစ်ရက် ရှိသောအခါ မယ်တော်ဂေါတမီက- "ချစ်သမီး၊ သင်သည် မောင်တော်နန္ဒနှင့် အတူ မနေရဘဲ နန်းမ၌ အဘယ့်ကြောင့် တယောက်တည်း နေချင်ဘိသနည်း။ အရွယ်ကောင်းခြင်းသည် အိုမင်းခြင်းလျှင် အဆုံးရှိ၏။ တင့်တယ်သောအဆင်းသည် အနာရောဂါ နှိပ်စက်ခြင်းလျှင် အဆုံးရှိ၏။ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။ စကြဝတေးဖြစ်လောက်သည့် ဘုန်းတန်ခိုးနှင့် ပြည့်စုံသော မောင်ကြီးသိဒ္ဓတ္ထသည်ပင် မင်းစည်းစိမ်ကို စွန့်ပယ်ပြီး ရဟန်းပြုပေသေး၏"ဟု ဆုံးမပြောဆို၏။ ဇနပဒကလျာဏီသည် ထိုဆုံးမစကားကြောင့် မယ်တော်ထံ၌ ရဟန်းပြုလေ၏။

ရဟန်းအဖြစ်ကို ရပြီးသော်လည်း "မောင်ကြီးဘုရားသည် အဆင်းလှသူ၏ ကိုယ်ခန္ဓာကို အပြစ်ရှာ၍ ကဲ့ရဲ့တတ်၏။ အနီစွ, ဒုက္ခ, အနတ္တသဘော, အသုဘသဘောသို့ တင်၍ ရှုတ်ချတတ်၏"ဟု တဆင့်စကားကြား၍ "ငါ၏အဆင်းကိုလည်း အပြစ်ဖွဲ့၍ ကဲ့ရဲ့ပေလတံ့"ဟု စိုးရိမ်သဖြင့် ဘုရားရှင်ထံသို့လည်း မချဉ်းကပ်ဝံ၊ မိမိနေသည့်ကျောင်းသို့ ဘုရားရှင် ကြွလာလျှင်လည်း ပုန်းရှောင်၍သာ နေလေ၏။

ဘနွေသဒ္ဒ ဘုရားရှင်ထံမှ တရားနာပြီး ပြန်လာကြသည့် ရဟန်းမများ, ဥပါသိကာမများထံမှ ဘုရားရှင်၏ ဂုဏ်ကျေးဇူးနှင့် စပ်သော စကားကို ကြားရလျှင် "ငါ့မောင်ကြီးဘုရားသည် တနေ့လုံး ငါ့ရုပ်ဌ အပြစ်ကို ပြောသော်လည်း ဘယ်လောက် ပြောနိုင်မည်နည်း။ ရဟန်းတို့နှင့်အတူ လိုက်သွားပြီး ကိုယ်ကိုမပြဘဲ နေ့က်ဆုံးက နေအံ့" ဟု ကြံ၍ နောက်တနေ့ ရဟန်းတို့နှင့်တကွ လိုက်သွားလေ၏။

ဘုရားရှင်သည်ဆိုအကြောင်းကို သိတော်မူ၍ "ရူပနန္ဒာ(ဇနပဒကလျာဏီ)ကား ရုပ်အဆင်းဌ အလေးပြု၍ ခန္ဓာကိုယ်ဌ မြတ်နိုး၏။ ဆူးကိုဆူးဖြင့် ထုတ်ဘိသကဲ့သို့ ရုပ်ကိုတပ်မက်သည့် ရူပနန္ဒာအား ရုပ်ဌမာန်မူခြင်း မရှိအောင် ပြုသင့်၏" ဟု ဆင်ခြင်ဘော်မူပြီး ရူပနန္ဒာ ကျောင်းထဲ ဝင်လာသောအခါ အလွန် အဆင်းလှပသော တဆဲ့ခြောက်နှစ်အရွယ် မိန်းမငယ်တဦး နိမြန်းသော အဝတ်ကိုဝတ်၍ တန်ဆာဆင်ယင်လျက် ကိုယ်တော်မြတ်နားဌ ယပ်ခပ်နေဟန်ကို တန်ခိုးဖြင့် ဖန်ဆင်းထားတော် မူ၏။ ထိုမိန်းမငယ်ကို ဘုရားရှင်နှင့် ရူပနန္ဒာသာ မြင်ရလေ၏။

ရူပနန္ဒာသည် ရဟန်းမများအကြားဌနေလျက် ခြေတော်ဖျားမှလက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့် တောက်ပနေ၍ တလံမျှသော ရောင်ခြည်တော်ဖြင့် ဝန်းရံထားသော ဘုရားရှင်၏ကိုယ်တော်နှင့် လပြည့်ဝန်းကဲ့သို့ တင့်တယ်ခြင်း အာသရေရှိသော မျက်နှာတော်ကို ကြည့်ရှုဖူးမြင်သော် အနိုးဌတည်သော ထိုမိန်းမငယ်ကို မြင်လေ၏။ သူမသည် မိမိကိုယ်ကိုပြန်ကြည့်ပြီး မိမိကိုယ်မှာ ရှေဟသ်ာမင်းရှေ့ဌ ကျီးမနှင့် တူလှသည်ကို ထင်မှတ်လေ၏။ သူမသည် ထိုမိန်းမငယ်ကို တကိုယ်လုံး စေ့စေ့ကြည့်နေလျက် ထိုမိန်းမငယ်၏ ရုပ်အဆင်းဌ အလွန်အလွန် ချစ်မြတ်နိုးခြင်း ဖြစ်၏။

ထိုအခါ ဘုရားရှင်သည် ထိုမိန်းမငယ်ကို အသက်နှစ်ဆယ်အရွယ် ပြုလုပ်ဖန်ဆင်းသောရူပနန္ဒာသည် "ဤရုပ်အဆင်းကားရှေးနှင့်မတူပါတကား" ဟု တပ်မက်ခြင်း အနည်းငယ် ကင်းသွား၏။

နောက် ဘုရားရှင် က 'တကြိမ် သားဖွားပြီး အရွယ်, လေးငါးကြိမ် သားဖွားပြီးအရွယ်, အိုမင်းရွတ်တွသော မိန်းမအိုအရွယ်, ဆိုဖြ။ သွားကျိုးနံရိုး ကိုင်းကိုင်း၊ ကတုန်ကယင် တောင်ဝှေး ကိုင်စဲ့ မိန်းမအသွင်' စသည် အစဉ်အတိုင်း ဖန်ဆင်း၍ ပြတော်မူ၏။

ရူပနန္ဒာလည်း အရွယ် ပြောင်းသွားတိုင်း "ဤ အရွယ်အဆင်းလည်း ကွယ်ပျောက်လေပြီတကား" ဟု တစတစ, တပ်မက်ခြင်း လျော့လျော့သွား ပြီး နောက်ဆုံး တပ်မက်ခြင်းကင်းလေ၏။ နောင် ဘုရားရှင်က 'အနာဖြင့် နှိပ်စက်ခံရ၍ တောင်ဝှေးနှင့်ယပ်ကို စွန့်ပစ်ပြီး မြည်တမ်းကာ မြေ၌လဲကျ၍ ကျင်ကြီးကျင်ငယ်ထဲ၌ နစ်ကာ လူးလှိမ့်နေပုံကိုငုံး၊ ထိုနောက် 'ဆိုမိန်းမ သေသွားပြီး ခဏချင်း ဖူးဖူးရောင်ကာ ဒုဂရ ကိုးပေါက်တို့မှ ပြည်ပုပ်များ အလုံးလိုက် အဝေါင်လိုက် ထွက်၍ ပိုးလောက်တို့ အထွေးလိုက် ယိုထွက် လျက် ကျီး စသည်တို့ ရောက်လာပြီး လုယက်ဆွဲငင်ဟန်ကိုငုံး ဘုရားရှင် ပြတော်မူ၏။

ထိုအခါ ရူပနန္ဒာသည် "ဤ မိန်းမငယ်ကား ဤနေရာ၌ပင် အိုခြင်း, နာခြင်း, သေခြင်းသို့ ရောက်၏။ ဤ ငါ့ကိုယ်ခန္ဓာလည်း ဤနည်းအတူပင် အို-နာ-သေခြင်းသို့ ရောက်လတံ့" ဟု ခန္ဓာကိုယ်၌ မမြဲခြင်း သဘော, ဆင်းရဲခြင်းသဘော, အစိုးမရခြင်းသဘောတို့ကို မြင်ရပြီး ကမ္မဋ္ဌာန်းရှုခြင်း သဘောသို့ ရောက်လေ၏။

ထို အကြောင်းကို သိမြင်တော်မူလျှင် ဘုရားရှင်သည် ရူပနန္ဒာ အား-

"နန္ဒာ၊ ဤကိုယ်၌ အနှစ်သာရရှိ၏ဟု မမှတ်လင့်။ ဤ ကိုယ်၌ အနှစ် သာရ အနည်းငယ်မျှ မရှိ။ ဤကိုယ်သည် အရိုးသုံးရာတို့ကို စိုက်ထောင်၍ ပြုလုပ်ထားသည့် အရိုးစုကြီး ဖြစ်ပေ၏၊ အသားမာ သွေးတို့ဖြင့် လိမ်းကျံ လျက် စိုက်ထောင်ထားသော အရိုး သုံးရာတို့ဖြင့် ခန္ဓာကိုယ် တည်းဟူသော မြို့ကို ပြုလုပ်ထားခြင်း ဖြစ်၏။ ယင်း အရိုးစုမြို့၌ အိုခြင်း, သေခြင်း, မာန် ထောင်လွှားခြင်း, သူ့ကျေးဇူးကို ချေဖျက်ခြင်း, တရား (တည်းဟူသော ကိုယ်အနာ, စိတ်အနာ) တို့သည်သာ · စုပေါင်းကာ တည်နေ၏" ဟူ၍ ဟောတော်မူလေ၏။ ဤ တရားဒေသနာကို ကြားနာရပြီးသော် ရူပနန္ဒာ သည် သောတာပန် ဖြစ်လေ၏။

ထိုနောက် ဘုရားရှင်သည် ရူပနန္ဒာအား အထက်မင်္ဂသုံးပါးကို ရစေရန် အတွက် "သုညတကမ္မဋ္ဌာန်း" ကို ဟောတော်မူလို၍ တဆယ့်လေး ဂါထာ ရှိသော "ဝိဇယသုတ္တန်" ကို ဟောတော်မူလေ၏။

ဤ တရားကို ကြားနာပြီး၍ သုညတကမ္မဋ္ဌာန်းကို စီးဖြန်းလေသော် ရူပနန္ဒာ ထေရီမသည် နှစ်ရက် သုံးရက်အတွင်း ရဟန္တာအဖြစ်သို့ ရောက် လေ၏။ ရဟန္တာဖြစ်ပြီးလေသော် ထေရီမသည် စျာနလာဘီ (စျာန်ရသူ) ထေရီမ များထက် ထူးမြတ်လေ၏။

ထို့ကြောင့် နောင်အခါတွင် ဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းမတို့အား ဇောတဒက်အရာ၌ ထားတော်မူသောအခါ-

"ရဟန်းတို့၊ စျာန်ဝင်စားလေ့ရှိသော ငါဘုရား၏ တပည့် ရဟန်းမတို့တွင်၊ နန္ဒာထေရိမသည် အမြတ်ဆုံးဖြစ်ပေ၏" ဟု "စျာယီ (စျာနလာဘီ) ဇောဒက်" အရာ၌ ထားတော်မူလေ၏။

၁၂၀။ ဘဒ္ဒကစ္စာနာ (ယသောဓရာ) ထေရိမ

ယင်းသို့ မယ်တော် ဂေါတမီ မိဖုရား, ယောက်မတော် ဇနပဒကလျာဏီတို့ ရဟန်းပြုသွားကြလေသော် "ဘဒ္ဒကစ္စာနာ" ခေါ် ယသောဓရာဗိမ္ဗာဒေဝီသည် "ငါတို့ဘခင် သုဒ္ဓေါဒနမင်းကြီးလည်း ဘဝငြိမ်းလေပြီ။ အိမ်ရှေ့နန္ဒမင်းသားလည်း ဘုရားရှင်ဘက် ပါသွားခဲ့ပြီ။ ထိုနောက် နန်းလျာရည်စူးထားသော ရာဟုလာ မင်းသားကိုလည်း ဘုရားရှင် ယူသွားလေပြီ။ ဤ ကပိလဝတ်ပြည်ကြီး ထီးနန်းသည် ပျက်သုဉ်းပေတော့မည်။ ဆွေတော်မျိုးတော် အပေါင်းတို့လည်း ၊တနေ့တခြား ညှိုးငယ်တော့မည်။ ငါလည်း မိန်းမသားဖြစ်၍ မင်းမှုရန်မသင့်။ ငါ့ရင်သွေး ရာဟုလာကိုသာ ဘုရားရှင် ထံမှတောင်း၍ မင်းအဖြစ်ဖြင့် ဘိသိက်ခံစေအံ့" ဟု ကြံ၍ အခြံအရံမောင်းမမှူးမတ်တို့နှင့်တကွ ရထားစီး၍ ဘုရားရှင်၊ သီတင်းသုံးရာ ဇေတဝန်ကျောင်းသို့ ထွက်လာခဲ့လေ၏။

ရောက်လျှင် ဘုရားရှင်ထံသွား၍ "မြတ်စွာဘုရား၊ ကိုယ်တော်၏ အစီးအပွားကိုသာ မကျင့်ဘဲ သတ္တဝါတို့၏ အစီးအပွား, ဆွေတော်မျိုးတော်ဘို့၏ အစီးအပွား ကိုလည်း ကျင့်တော်မူပါ။ ယခု တပည့်တော်တို့၏ ကပိလဝတ်ပြည် ထီးနန်းသည် အသရေမဲ့၍ ပျက်သုဉ်းခေါ်ပြီ။ တပည့်တော်၏သားတော် ရာဟုလာကို သာသနာမှ ထွက်၍ ထီးနန်းကို ဆက်ခံစေမှ ဆွေတော်မျိုးတော်တို့နှင့်တကွ ပြည်သူပြည်သားတို့ မှီခိုအားထားရာရှိပါတော့မည်။ သို့ဖြစ်၍ သားတော်ရာဟုလာကို တပည့်တော်အား ပေးတော်မူပါ။ အဘိုးအဘေးတို့၏ အမွေထီးနန်း စည်းစိမ်ကို ဆက်ခံပါစေ" ဟု လျှောက်လေ၏။

ထိုအခါ ဘုရားရှင်က: "ဘဒ္ဒကစ္စာနာ၊ ငါဘုရားကား ကိုယ်တော်၏ အကျိုးစီးပွား ကိုသာလည်း ကျင့်တော် မမူ။ ဆွေတော် မျိုးတော်တို့၏ အကျိုးစီးပွားကိုသာလည်း ကျင့်တော်မမူ။ စင်စစ် ဘုံသုံးပါး၌ ဖြစ်ကုန်

သော လူနတ်ဗြဟ္မာ သင်္ဘာဝါအပေါင်းကိုပင် ရှင်သေ့ ရာဟုလာနှင့်မခြား သနား စုံမက်တော်မူသဖြင့် ထိုသူတို့၏ အကျိုးစီးပွားကိုပင် ငါဘုရား ကျင့်တော်မူ၏၊ သင် လျှောက်ထားသော အရေးကား သားတော် ရာဟုလာ၏ ချမ်းသာ စီးပွားကြောင်းလည်း မဟုတ်။ သင်၏ ချမ်းသာစီးပွားကြောင်းလည်း မဟုဘဲ။ ဆွေတော် မျိုးတော်တို့၏ အကျိုးစီးပွားလည်း မဟုတ်။ ယုတ်ညံ့လှသော ဤ လောကီစည်းစိမ်ကို ခံစားသဖြင့် သံသရာဝဋ်၌ သွားလာ ကျင်လည်ခြင်း၏ အကြောင်းသာဖြစ်၏။ မင်း ချမ်းသာမည်သည်ကား ဒုစရိုက် များစွာတို့ကို ပွားစေကုန်၏။ စုတေပြီ နောက် နောင်ဘဝများ၌လည်း အပါယ်ဒုက္ခကို ခံရခြင်း၏ အကြောင်းသာဖြစ်၏။ ထို့ကြောင့် ဤ လူ့ဘုံ၌ ကာမဂုဏ် ဟူသော အမိုက်ကို စု၍ ကိုလေသာ ဟူသော မီးကို မွေးသဖြင့် တောက်လောင်ပျက်စီးခြင်း အကျိုးသာ ဖြစ်ရာသည် မဟုတ်လော။ သံသရာတလျှောက် ပါရမီဖြည့်ဘက် ဖြစ်သော ငါဘုရားနှင့်ရင်း၊ သား ရာဟုလာ စသော ဆွေတော်မျိုးတော် အပေါင်းနှင့်ရင်း စုပေါင်းမကွာ ဆင်းရဲကင်းရာ ပြည်နိဗ္ဗာန်သို့ လျင်စွာ လိုက်ရအောင် ဤလူ့ဘောင်မှ ထွက်ခွာ၍ ငါ၏ သာသနာ၌ ရဟန်းသာ ပြုဘိလော့” ဟု မိန့်တော်မူလေ၏။

ဤသို့သော ကာမဂုဏ်၏အပြစ်, ကာမဂုဏ် စွန့်ခြင်း၏ အကျိုးကို ပြသော တရားစကားကို နာကြားရလျှင် ဘဒ္ဒကစ္စာနာ မိဖုရားလည်း သစ္စာလေးပါးကို မြင်၍ ဘုရားရှင်အား ရှိခိုးပူဇော်ပြီးသော် ကျောင်းတော်မှ ဆင်းသက်ခဲ့ပြီး အခြံအရံ မောင်းမတို့နှင့်တကွ ဇနပဒကလျာဏီ ထေရီမထံ၌ ရဟန်းပြုလေ၏။

ရဟန်းပြုသည်မှစ၍ ကမ္မဋ္ဌာန်း ဝိပဿနာကို လွန်စွာ အားထုတ်သဖြင့် မကြာမီပင် ပဋိသမ္ဘိဒါလေးပါး, အဘိညာဏ် ခြောက်ပါး, သမာပတ် ရှစ်ပါး တရားထူးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထို့နောက် ‘ဘဒ္ဒကစ္စာနာထေရီမ’ ဟု ထင်ရှားစွာ ဖြစ်သတည်း။

ထေရီမသည် ပုဗ္ဗေနိဝါသ ဉာဏ် အရာ၌ အခြား ရဟန္တာတို့ထက် လွန်ကဲစွာ မြင်နိုင်၏။ ဤကမ္ဘာမှစ၍ အတိတ်ကမ္ဘာ တဆယ့်ခြောက်သခေါ်ကာလ၌ ဖြစ်ဖြစ်သမျှ ဘဝအစုကိုပင် ခဏချင်းဖြင့် မြင်နိုင်၏။

ထို့ကြောင့် နောင်အခါဝယ် ဘုရားရှင်သည်. ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ထေရီမတို့အား တေဒဂ်ထားတော်မူသောအခါ-

"ရဟန်းတို့၊ ကြီးကျယ်သော အဘိညာဏ်ပညာသို့ ရောက်ရှိကြသည့် ငါဘုရား၏ တပည့်ရဟန်းမတို့တွင် ဘဒ္ဒကစ္စာနာ ထေရီမသည် အမြတ်ဆုံး ဖြင့်၏" ဟူ၍ "မဟာဘိညာပတ္တာ (မဟာဘိညာ) တေဒဂ်အရာ၌" ထား တော်မူလေ၏။

[ဘုရားရှင် တဆူတဆူ၏ သာသနာ၌ မဟာဘိညာ ဖြစ်သော ပုဂ္ဂိုလ်တို့ကား လေးပါးရှိ၏။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်, အရှင်ဗာကုလ, ဘဒ္ဒကစ္စာနာ = ယသောဓရာ ထေရီ" ဟူသော ပုဂ္ဂိုလ် လေးဦးသာ အသခ်္ဖေးသာ ကပ်ကမ္ဘာကာလ၌ ဖြစ်ခဲ့သမျှ သော ခန္ဓာအစဉ်ကို သိမြင်နိုင်၏။ တပါးသော ရဟန္တာတို့မှာ အလွန်ဆုံး ကမ္ဘာတသိန်းမျှသာ မြင်နိုင်၏။]

ဘုရား၌ မက်လေတောင်၌ ဆဋ္ဌဝါဆိုခြင်း

၁၂၁။ ဘုရား၏ သမားတော်ကြီး ဇီဝက

ဘုရား ရှင်သည် ခေမာမိဖုရား စသော သူတို့အား ချွတ်တော်မူပြီးနောက် ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေးသော မက်လေတောင် ချုရားတော ကျောင်း၌ ဆဋ္ဌဝါကပ် သီတင်းသုံးပြီး ဝါကွတ်သော် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။

ရာဇဂြိုဟ်ပြည်၌ သာလဝတီမည်သော ပြည့်တန်ဆာမသည် ဗိမ္ဗိသာရ မင်းကြီး၏ 'အဘယ' မင်းသားနှင့် ပျော်ပါးရာမှ ကိုယ်ဝန်ရရှိပြီး သား တဦးကို ဖွားသော် ကျွန်မတဦးကို ခေါ်ပြီး သူငယ်ကို ဗန်းငယ်ထဲထည့်၍ မြို့ဝင် တံမြက်ခြေး စွန့်ရာ၌ စွန့်ပစ်စေ၏။

ထိုနေ့၌ အဘယမင်းသားသည် စောစောထ၍ မင်းအား ခစားရန် သွား သော် ကျီးများ ဝန်းရံနေသော ထိုနေရာသို့ နောက်ပါယောကျ်ားကို သွား ကြည့်ခိုင်းပြီး အသက်ရှင်သေးကြောင်း ကြားသိရလျှင် "ဇီဝက" ဟု အမည် ပေး၍ အိမ်သို့ဆောင်ယူစေကာ မွေးစားလေ၏။ အဘယမင်းသား(ကုမာရ) က ကောက်ယူမွေးမြူခြင်း ဖြစ်၍ "ကောမာရဘစ္စ" ဟုလည်း တွင်၏။

ဇီဝကသည် သိ,ကြား,လိမ်မာသည့် အရွယ်သို့ရောက်သော် အဘယမင်း ထံမှ မိမိ၏ ဘဝအကြောင်းကို ကြားသိရသော် "မင်းအိမ်၌ နေလျှင် ပညာ တတ်မှ လူခပ်သိမ်း ရှိသေမည်။ ငါသည် ဆေးပညာကို သင်ယူအံ့" ဟု ကြံ၍

အဘယမင်းသားကိုပင် အသိမပေးဘဲ တက္ကသိုလ်ပြည်သို့ထွက်သွား၍ ဒိသာပါမောက္ခ ဆရာကြီးထံ၌ ဆေးပညာကို သင်ယူခဲ့လေ၏။

ဇီဝကသည် ဉာဏ်ထက်မြက်သူဖြစ်၍ သင်တိုင်း သင်တိုင်းသော ပညာရပ်ကို မှတ်မိနိုင်၏။ သူတပါးတို့ တဆယ့် ခြောက်နှစ်တိုင် သင်ရသော အတတ်ကို ခုနစ်နှစ် ဖြင့် ကုန်စင်အောင် သင်ယူ တတ်မြောက် လေ၏။ သိကြားမင်းလည်း "ဤ ဇီဝကသည် ဘုရားရှင်၏ အလုပ်အကျွေးဖြစ်လတံ့" ဟု သိ၍ ဒိသာပါမောက္ခ ဆရာ့ကိုယ်၌ မှီကပ်၍ အတတ်သင်ပေး၏။ ထို့ကြောင့် ဇီဝကသည် ကံကုန်သော အနာမှတပါး ကျန် အနာရောဂါဟူသမျှ တို့ကို တကြိမ် ဆေးပေးကာမျှဖြင့်ပင် ပျောက်ကင်း စေနိုင်၏။

ခုနစ်နှစ်ပြည့်သောအခါ ဇီဝကသည် နေရပ်သို့ပြန်လိုရကား ဆရာအား-

"ကျွန်ုပ် သင်ယူသော ဆေးပညာသည် ဘယ်တော့မှ ဆုံးနိုင် ပါမည်နည်း" ဟု မေးလေ၏။ ထိုအခါ ဆရာက "ဇီဝက၊ တူရွင်းတချောင်းကို ယူလျက် အရပ် လေးမျက်နှာသို့ တနေ့လျှင် တယူဇနာစီ သွားကာ လှည့်လည်လျက် ဆေးဘက်မဝင်သော အပင်ကို တွေ့က တူးယူခဲ့လော့" ဟု ခိုင်းလေ၏။

ထိုသို့ပြု၍ ဆေးဘက် မဝင်သော အပင်တပင်ကိုမျှ မတွေ့ရလေသော် ဆရာက "ဇီဝက၊ သင် ဆေးပညာ၌ တတ်မြောက်ပြီ" ဟု ဆိုကာ ပြန်ခွင့် ပေးလေ၏။

ဇီဝကသည် ခရီးအကြာင်း၌ သာကေတမြို့သို့ ရောက်၍ ရိက္ခာပြတ်သဖြင့် ခုနစ်နှစ်တိုင် ဦးယဉ်းခေါင်းခဲနာ စံကပ်နေသည့် သူဌေးကတော် တဦးကို နှာနှပ်ဆေး တခါတည်းပေးခြင်းဖြင့် အပျောက်ကုပေးသောကြောင့် ဆေးကုခအဖြစ် ရသော ငွေ တသောင်း ခြောက်ထောင်နှင့် တကွ ကျွန်မိန်းမ, ကျွန်ယောကျ်ား, ရထား, မြင်း, ဆင်တို့ကိုယူ၍ ရာဇဂြိုဟ်ပြည်သို့ ပြန်လာ၏။ သူသည် အဘယမင်းသားအား ထိုပစ္စည်းများကို အကုန်အပ်၍ မင်းသားအိမ်၌ပင် အတွင်းသားအဖြစ် စည်းစိမ်ကြီးစွာဖြင့် နေထိုင်လေ၏။

ဇီဝကသည် တနေ့သ၌ ဗိမ္ဗိသာရမင်းကြီး၏ ဆေးဆရာတို့ လက်မြောက်ထားသည့် မြင်းသရိုက်ရောဂါ ကို ဆေးတကြိမ် လိမ်းပေးရုံဖြင့် အပျောက်ကုပေးလေ၏။

မင်းကြီးက ဝမ်းသာလှသဖြင့် မောင်းမငါးရာတို့ ဝတ်ဆင်ထားသည့် တန်ဆာအားလုံးကို ချတ်ပုံ၍ပေးသော် ဇီဝက က "အရှင်မင်းကြီး၊ အဘိုးအဘွားတို့၏ ပစ္စည်းဘဏ္ဍာကို မယူလိုပါ။ သက်တော် ရှည်သမျှ ကျွန်ုပ်

ကုသသော ကျေးဇူးကိုသာ အောက်မေ့တော်မူပါ" ဟု ပါးနပ်စွာ လျှောက်ကြားလေ၏။

မင်းကြီးလည်း အလွန် နှစ်သက်သဖြင့် ဇီဝကအား သူ နှစ်သက်သော နေရာကိုဌင်း၊ ဘေးတော် ဘိုးတော်တို့၏ အမွေဖြစ်သော သရက်ဥယျာဉ်ကိုဌင်း၊ တန္ဒစ်လျှင် အခွန်တသိန်း ထွက်သော မြို့ရွာကြီးကိုဌင်း၊ ထူးမြတ်သော အသုံးအဆောင်တို့ကိုဌင်း ပေးလေ၏။

ပေးပြီးသော် "ဇီဝက၊ ငါ့ကိုဌင်း၊ မောင်းမမိသံတို့ကိုဌင်း၊ ဘုရားအမှူးရှိသော သံဃာတော်တို့ကိုဌင်း ဆေးဖြင့် လုပ်ကျွေးလော့" ဟု ဆို၏။ ဇီဝကလည်း "ကောင်းပြီ" ဟု ဝန်ခံလေ၏။

အခါတပါးဌ် ရာဇဂြိုဟ်ပြည်ဌ် နေသော "မဟာသာလ" သူဌေးမှာ ဦးယဉ်းခေါင်းခဲနာ ခံစားနေရရာ ကုသကြသည့် ဆေးဆရာတို့က "ဤသူဌေးသည် ငါးရက်၊ သို့မဟုတ် ခုနစ်ရက်သာ ခံမည်" ဟု ဆိုကြလေ၏။

ဇီဝကသည် မင်းကြီးက သွားကုခိုင်းသဖြင့် သူဌေး၏ ဦးခေါင်းရေကို ခွာပြီး ဦးနှောက်ကို စားနေသော ပိုးငယ်နှင့်ပိုးကြီး(နှစ်ကောင်)ကိုထုတ်၍ ပြသျက် "ဦးနှောက်သည် ပိုးအကြီးစားက ငါးရက်, ပိုးအငယ်စားက ခုနစ်ရက်နှင့် ကုန်၍ သူဌေးသေအံ့" ဟု ဆိုလေ၏။ နောက်မှ ဦးရေကို ပြန်ချုပ်၍ ကုရာ ရက်သတ္တသုံးပတ်ဖြင့် ပျောက်လေ၏။

သူဌေးက ဇာတိအတိုင်း ကိုယ်ကိုကျွန်ခံ၍ ပစ္စည်းအားလုံးကို ပေးအပ်သော် ဇီဝကသည် ငွေနှစ်သိန်းကိုသာ ယူလာ၍ မင်းကြီးအား ငွေတသိန်း ပေးလေ၏။

အခါတပါးဌ်လည်း ဇီဝကသည် မင်းကြီး၏ အမိန့်ဖြင့် သွား၍ ဗာရာဏသီမြို့ရှိ ဝမ်းအတွင်း အူထုံးနေသော သူဌေးသား၏ ဝမ်းကိုခွဲပြီး ကုပေးရာ ဆေးကုခွေ့ တသောင်းခြောက်ထောင်ကို ယူ၍ ပြန်လာ၏။

ထို့နောက် အဝန်တိုင်း ဥဇ္ဇေနီပြည့်ရှင် 'စဏ္ဍပဇ္ဇောတ' မင်းသည် မစားမသောက်နိုင်သော ဖျော့တော့သည့်ရောဂါ စွဲကပ်၍ ဗိမ္မိသာရမင်းကြီးထံ တမန်လွှတ်ပြီး အကူအညီကို တောင်းခံ၏။ ဇီဝကသည် မင်းကြီး၏ အမိန့်ဖြင့် သွား၍ကုသော် "စဏ္ဍပဇ္ဇောတမင်း လုံးဝ မကြိုက်သည့် ထောပတ်ပါသော ဆေးဖြင့်သာ ကုစားနိုင်မည်"ကို တွေ့ရှိသဖြင့် ထောပတ်ထဲဌ် ဆေးပေါင်းစုံထည့်၍ ထောပတ်နှံ့ မထွက်အောင် အကြိမ်များစွာချက်ပြီး

မင်းကြီးအား ဆေးတိုက်လေ၏။ ဆေးတိုက်ပြီးချင်းပင် ဇီဝကသည် လျင်မြန်သော ဆင်ယာဉ်ကို စီး၍ ရာဇပျော်ပြည်သို့ ထွက်ပြေးလေ၏။

စက္ကပဇ္ဇောတမင်းလည်း ဆေးဒဿက်ပြီးနောက် အစာကြွ၍ လေကြို့တက်သော် ထောပတ်နံ့ကို ရသဖြင့် "ဇီဝက ကို သတ်အံ့" ဟု ပြင်းစွာအမျက် ထွက်လေ၏။ နောက် ရောဂါပျောက်မှ ကျေးဇူးကို သိ၍ရာအကောင်းမြတ်ဆုံး ချောမွေ့လှသည့် အဘိုးများစွာ ထိုက်တန်သော သိဝိရာဇ်တိုင်းဖြစ် ပုဆိုးတစုံနှင့်တကွ ဆန်လှည်းအစီး ငါးရာ, ဇွတသောင်းခြောက်ထောင်, အရံပုဆိုး တထောင်တို့ကို ဇီဝကထံ ပို့ပေးလိုက်လေ၏။ ဇီဝကသည် ထို သိဝိရာဇ်တိုင်းဖြစ် ပုဆိုးအစုံကို ဘုရားရှင်အား လှူဒါန်းပြီး၍ ပုဆိုးအဝတ် တထောင်တွဲကို ရဟန်း သံဃာအား လှူဒါန်းလေ၏။

ဇီဝကသည် ရဟန်းသံဃာတော်တို့ ပံ့သုကူသက်န်းဖြင့်သာ ဆင်းရဲစွာဝတ်ရုံနေရသည်ကို မနှစ်မြို့သဖြင့် ဘုရားရှင်အား သံဃရာဇ်တိုင်းဖြစ် ပုဆိုးအစုံကို လှူဒါန်းသောအခါ "မြတ်စွာဘုန်း၊ ရဟန်း သံဃာတော်တို့မှာ ပံ့သုကူသက်န်းကိုသာ ဆောင်၍ နှံမ်းနယ်လှပါ၏။ ဒါယကာတို့ ကုသိုလ်ဖြစ်စိမ့်သောငှာ လှူလာသော သက်န်းကို သံဃာတော်တို့အား သုံးဆောင်ခွင့်ပြုတော်မူပါဘုရား" ဟု လျှောက်လေ၏။ ဘုရားရှင်က ခွင့်ပြုတော်မူ၏။

ထိုအခါ လူအပေါင်းတို့သည် အလွန် နှစ်သက်ဝမ်းမြောက်ကာ စုရုံးတိုင်ပင်ကြလျက် တရက် နှစ်ရက်အတွင်း အသောင်း, အသိန်း မကသော သက်န်းလျာ ပုဆိုးတို့ကို စုဝေး၍ သက်န်းအလှူကို ပေးလှူကြလေ၏။

ဇီဝကသည် ဘုရားရှင် မမာမကျန်းဖြစ်လေတိုင်း သွားရောက်ဆည်းကပ်၍ ဘုရားရှင်အား အလွန်ဝိုသေသောအားဖြင့် အနှီးညှံအသိမ်မွေ့ဆုံးသော ဆေးအနည်းငယ်ဖြင့် ကုစားလေ့ရှိ၏။ မကျန်းမမာသော ရဟန်းတော်တို့အားလည်း ဇီဝက သွားရောက်ကုသပေးလေ့ ရှိ၏။

ဇီဝကသည် ဘုရား, တရား, သံဃာ ရတနာသုံးပါးဌ အလွန်ကြည်ညိုသူဖြစ်သည့်အလျောက် ဘုရားရှင်ထံ မကြာခဏချဉ်းကပ်ကာ တရားတော်ကို နာယူလေ့ ရှိ၏။ ထို့ပြင် ဇီဝကသည် မိမိ၏သရက်ဥယျာဉ်တွင် ကျောင်းပေါင်းများစွာ ဆောက်လုပ်၍ ဘုရားရှင်နှင့် ရဟန်းသံဃာ သီတင်းသုံးရန် အတွက် လှူဒါန်းလေ၏။ ထိုကျောင်းတိုက်သည် "ဇီဝကမ္ဗဝန (ဇီဝက=အမွေဝန) ဇီဝက၏ သရက်ဥယျာဉ်ကျောင်းတိုက်" ဟူ၍ တွင်လေ၏။

၁၂၂။ မဟာပန်နှင့်စူဋ္ဌပန် ညီနောင်နှစ်ပါး

ရာဇဂြိုဟ်ပြည်၌ "ဓနသေဋ္ဌိ" (မဟာဓန) မည်သော သူဌေးကြီးမှာ မဟာပန္ထက(မဟာပန်)နှင့် စူဋ္ဌပန္ထက(စူဋ္ဌပန်)ဟူ၍ မြေးနှစ်ဦး ရှိလေ၏။ စူဋ္ဌပန်ကား ငယ်သေး၏။ မဟာပန်ကား အဖိုးနှင့်အတူ ဘုရားကျောင်းတော်သို့ လိုက်သွား၍ ဘုရားရှင်ဟောကြားသည့် တရားတော်ကို နာကြားရဖန်များလျှင် သာသနာ၌ အားကြီးသော သဒ္ဓါတရား ဖြစ်လေရကား အဖိုးကိုခွင့်ပန်ပြီး ဘုရားရှင်ထံ ရှင်သာမဏေပြုလေ၏။

သူသည် ဘုရားရှင်ဟောတော်မူသည့်အတိုင်း ပိဋကတော်များကို သင်ယူ၍ အသက် နှစ်ဆယ်ပြည့်သော် ရဟန်း (ပဉ္စင်း)အဖြစ်ကို ရလေ၏။ ရဟန်းဖြစ်၍ မကြာမီပင် ကမ္မဋ္ဌာန်းတရားကို လွန်စွာအားထုတ်သဖြင့် မကြာမီပင် ရဟန္တာဖြစ်လေ၏။

သူသည် ရအပ်သော စျာန်မဂ်ဖိုလ်ချမ်းသာဖြင့် နှစ်သက်ပျော်မွေ့ရကား "ငါရအပ်သော ချမ်းသာတရားကို ငါ့ညီစူဋ္ဌပန်အား ပေးအံ့"ဟု ကြံ၍ အဖိုးသူဌေးကြီးအား ပန်ကြားပြီး စူဋ္ဌပန်ကို ခေါ်ယူ၍ ရှင်ပြု ပေးလေ၏။

ရှင်စူဋ္ဌပန်သည် ကဿပဘုရားရှင်လက်ထက်က ဥာဏ်ထိုင်းသည့် ရဟန်းတပါးကို ပြက်ရယ်ပြုခဲ့ဘူးသည့် မကောင်းမှုကံ၏ ဝဋ္ဌကြွေးကြောင့် ဤဘဝ၌ ဥာဏ်အလွန်ထိုင်းလှပြီး နောင်တော် သင်ပေးသည့် ဂါထာတခုမျှကိုပင် လေးလတိုင် သင်ယူ၍ မရနိုင်ဘဲ ဖြစ်ရရှာလေ၏။

ထိုအခါ မဟာပန်မထေရ်က "ငါ့ညီ၊ သင်သည် ဘုရားသာသနာတော်နှင့် မထိုက်တန်တော့ပြီ။ ဤကျောင်းမှ ထွက်လေလော့"ဟု ဆိုပြီး နှင်ထုတ်လေ၏။ စူဋ္ဌပန်သည် သာသနာ၌ အလွန်ပျော်မွေ့သူဖြစ်၍ နောင်တော်၏ စကားကြောင့်ဌင်း၊ မိမိကံကို ဝမ်းနည်းခြင်းကြောင့်ဌင်း ကျောင်းစွန်သို့ ထွက်၍ ငိုလျက်သာနေသတည်း။

ထိုအခါ ဇီဝကသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းစားပင့်ရန် ထိုအခါတွင် ဆွမ်းညွှန်ရဟန်းဖြစ်နေသော မဟာပန်မထေရ်ထံသို့သွား၍ "ဘုရားရှင်နှင့်တကွ သံဃာတော် အဘယ်မျှ ရှိပါသနည်း"ဟု မေးလျှောက်၏။

မထေရ်က "ငါးရာရှိ၏"ဟု ဆိုလျှင် ဇီဝကက "ဘုရားရှင်နှင့်တကွသံဃာ ငါးရာလုံး နက်ဖြန်တပည့်တော်၏အိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရား" ဟု လျှောက်၏။

မထေရ်က "စူဠပန်ကိုချန်၍ ကျန်မထေရ် ၄၉၉ ပါးနှင့်တကွ ကြွလာပေအံ့။ စူဠပန်ကား တဂါထာကို လေးလမျှ သင်မရအောင် ထုံထိုင်းလှသဖြင့် သင်၏အလှူကိုခံခြင်းငှာ မလျှောက်ပတ်"ဟု မိန့်ဆိုလေ၏။

စူဠပန်သည် ထိုစကားကိုကြားလျှင် "နောင်တော်သည် ငါ့အပေါ် စိတ်ပျက်လေပြီ။ ငါသည် သာသနာ၌ မေ့လျော့သော်လည်း မနေထိုက်ပြီ။ လူထွက်၍ ကုသိုလ်မျှားကိုသာ ပြုတော့အံ့"ဟု စဉ်းစားပြီး နောက်တနေ့ နံနက်လင်းသော် လူထွက်ရန် ကျောင်းမှ ငေးငိုင်ကာ ထွက်ခွာသွားလေ၏။

ထိုနေ့ နံနက် မိုးသောက်ယံ၌ ဘုရားရှင်သည် သမန္တစက္ခုဖြင့် တလောကလုံး၌ ကျွတ်ထိုက်သည့် သတ္တဝါတို့ကို ကြည့်တော်မူလျှင် ကိုယ်တော်၏ သဗ္ဗညုတဉာဏ်တော် ကွန်ယက်အတွင်းသို့ စူဠပန်ဝင်ရောက်လာသည်ကို မြင်တော်မူ၍ ရှေ့က ကြိုတင်သွားနှင့်ကာ စကြံ့ကြတော်မူ၏။

ဘုရားရှင်သည် အနီးသို့ရောက်လာသော စူဠပန်အား အကျိုးအကြောင်းကို မေးမြန်း၍ အလုံးစုံကို ကြားတော်မူလျှင် "ချစ်သား၊ သင်၏ ရဟန်းအဖြစ်သည် ငါဘုရားနှင့်သာ သက်ဆိုင်၏။ သင့်နောင်တော်က နှုတ်ထုတ်သော် ငါဘုရားထံ အဘယ့်ကြောင့် မလာသနည်း"စသည်ဖြင့် နှစ်သိမ့်တော်မူပြီး ဦးခေါင်းကိုသုံးသပ်လျက်လက်၌ဆဲကိုင်ကာ ဂန္ဓကုဋီတိုက်သို့ ခေါ်သွားတော် မူ၏။

ဂန္ဓကုဋီတိုက်သို့ ရောက်လျှင် ဘုရားရှင်သည် တန်ခိုးဖြင့် ဖန်ဆင်းအပ်သော အဝတ်ဖြူပိုင်းကို စူဠပန်အား ပေးအပ်၍ "ရဇော ဟရဏံ"ဟု မပြတ်ရွတ်ဆိုပြီး ဤအဝတ်ဖြူပိုင်းကို ဆုပ်နယ်လျက် ဤ၌သာ နေရစ်လော့"ဟု မိန့်တော်မူ၏။ နောက် ဆွမ်းစားချိန်ကို ဇဲလျှောက်ကြားအပ်သော် ဘုရားရှင်သည် ရဟန်း ၄၉၉ ပါးနှင့်အတူ ဇီဝကအိမ်သို့ ကြွတော်မူ၏။

စူဠပန်သည် ဘုရားရှင်မှာသည့်အတိုင်းပြု၍ အဝတ်ဖြူ ညစ်နွမ်းလာသည်ကို တွေ့မြင်ရသော် "ဤအဝတ်ဖြူသည် ဤအတွက်ဘောကို မှီ၍ ညစ်နွမ်းရ၏။ သခ္ခါရတရားတို့ကား မမြဲကြပါတကား"ဟု ကုန်ခြင်း ပျက်ခြင်းသဘောကို ဆင်ခြင်လျက် ဝိပဿနာကို ပွားများလေ၏။

ဘုရားရှင်လည်း ထိုအကြောင်းကို သိသော် စူဠပန်ထံသို့ ရောင်ခြည်တော်ကို လွှတ်တော်မူပြီး ရှေ့၌ ထိုင်နေရာသကဲ့သို့ ကိုယ်တော်ကို ထင်ရှားပြလျက်

"ချစ်သား၊ ဤပုဆိုးပိုင်းကိုသာ ညစ်နွမ်းစေသည့်မြူကြောင့် ညစ်နွမ်းရ၏ဟု မမှတ်လင့်။ သင့်ကိုယ်ဟူင်းရှိ ညစ်နွမ်းစေတတ်သည့် ရာဂမြူ စသည်တို့ကို လည်း ပယ်လေလော့" စသည်ဖြင့် ဟောကြားတော် မူ၏။ စူဠဥပန်သည် ထိုတရားကို ကြားနာရလျှင် သခ်ါရတရားတို့သည် ဥာဏ်၌ ထင်လာ၍ ပဋိသမ္ဘိဒါလေးပါး, အဘိညာဏ်ခြောက်ပါးတို့နှင့်တကွ ရဟန္တာဖြစ်လေ၏။

ဆရာဇီဝကလည်း ဘုရားရှင်အမှူးရှိသော သံဃာတို့အား ဆွမ်းယာဂုတို့ကို ကပ်လှူရန် အားထုတ်သော် ဘုရားရှင်သည် သပိတ်တော်ကို မအပ်ဘဲ ကျောင်း၌ သံဃာတပါး ကျန်နေသေးကြောင်း မိန့်တော်မူ၏။

မဟာပန်မထေရ်က "ကျောင်း၌ ရဟန်းများ မရှိတော့ပါဘုရား" ဟု လျှောက်သော် ဘုရားရှင်က "ရှိသေး၏"ဟုပင် မိန့်တော်မူ၏။ ထိုအခါ ဇီဝကသည် ယောကျ်ားတဦးကို ကျောင်းသို့ စေလွှတ်၍ စုံစမ်းခိုင်း၏။

စူဠဥပန်သည် နောင်တော်၏စကားကို ကြားသိသဖြင့် ဇီဝက၏ သရက်ဥယျာဉ်ကျောင်း၌အပြည့် သံဃာတော်တို့ အလုပ်အမျိုးမျိုး လုပ်နေပုံတို့ကို ဖန်ဆင်းထားလေ၏။ ထိုယောကျ်ားသည် ထိုရဟန်းများကိုမြင်လျှင် လျင်စွာ ပြန်လာ၍ ဇီဝကအား ပြောကြား၏။

ဘုရားရှင်က "ဒါယကာ၊ စူဠဥပန်မည်သော ရဟန်းကို ပင့်ဆောင်ခဲ့လော့" ဟု မိန့်တော်မူ၏။

ထိုသူလည်း ပြန်သွား၍ "အရှင်စူဠဥပန် ကြွတော်မူပါ"ဟု လျှောက်လျှင်-

"ငါစူဠဥပန်၊ ငါစူဠဥပန်"ဟု ထိုရဟန်းအားလုံးက ဆိုကြလေ၏။

ထိုယောကျ်ားလည်း တဖန် ပြန်လာ၍ ထိုအကြောင်းကို လျှောက်ထားသော် ဘုရားရှင်က "ရှေးဦးစွာ ငါစူဠဥပန်ဟု ဆိုသော ရဟန်းကိုသာလျှင် လက်ကိုကိုင်၍ ပင့်ခဲ့လော့"ဟု မိန့်တော်မူ၏။ ထိုယောကျ်ားလည်း သွား၍ ထိုအတိုင်းပြုသော် နိမ္မိတ(ဖန်ဆင်းထားသော)ရဟန်းအားလုံး ကွယ်ပျောက်ကုန်ပြီး ရှင်စူဠဥပန်ကို ပင့်လာခဲ့၏။

ဆွမ်းဘုဉ်းပေးခြင်း ကိစ္စ ပြီးသော် ဘုရားရှင်က "ချစ်သား စူဠဥပန်၊ အနုမောဒနာတရားကို ဟောလော့"ဟု မိန့်တော်မူ၏။

စူဠဥပန်လည်း ခြသေ့မင်းကဲ့သို့ ရဲတင်းသော အသံဖြင့် ပိဋကသုံးပုံကို မေ့မျောက်ကာ ဆွမ်းအနုမောဒနာတရားကို ဟောကြားလေ၏။ ပြီးသော အခါ ဘုရားရှင်သည် ရဟန်းငါးရာ ခြံရံလျက် ကျောင်းသို့ ပြန်ကြွတော်မူလေ၏။

ထိုနေ့ ညနေချမ်းအခါ၌ ရဟန်းတို့သည် တရားသဘင်၌ စုဝေးလျက် စူဋ္ဌပန်နှင့်ပတ်သက်ပြီး ဘုရားရှင်၏ အံ့ဩကုန်နိုင်ဘွယ်သော ကျေးဇူးတော်ကို ပြောဆိုကြလေ၏။ ထိုအခါ ဘုရားရှင်သည် တရားမဏ္ဍပ်သို့ ကြွလာပြီး ရဟန်းတို့အား ထိုစကားအကြောင်းကို မေးမြန်းတော်မူပြီး၍

"ရဟန်းတို့၊ ငါဘုရားသည် ယခုသာလျှင် ဤစူဋ္ဌပန်အား မ,စတော်မူသည် မဟုတ်သေး။ ရှေးအတိတ်ဘဝ ငါဘုရား စူဋ္ဌသူဌေးဖြစ်စဉ် ကာလကလည်း ထိုဘဝ၌ ဆင်းရဲလှသော ဤစူဋ္ဌပန်အား ကြီးစွာသော စည်းစိမ်ချမ်းသာကို မ,စခဲ့ဘူးပြီ"ဟူ၍ 'စူဋ္ဌသေဋ္ဌိဇာတ်' (ဇာ-၄)ကို ဟောကြားတော်မူ၏။ ထို့နောက်-

"ရဟန်းတို့၊ ငါဘုရား၏ သာသနာ၌ လုံ့လကြိုးကုတ် အားထုတ်သော သူသည် ရဟန္တာအဖြစ်သို့ ရောက်သည်သာဘည်း"ဟု တရားဒေသနာကို ဟောကြားတော်မူလေ၏။

၁၂၃။ အရှင်ဥပသေန မထေရ်အကြောင်း

ရာဇဂြိုဟ်ပြည်၏အနီး နာလန္ဒ မည်သော ရွာကြီး၏ တံခါး၌ (တိဿမည်သော ရွာတွင်) ဝက်နွဟုဏ္ဍား၏ မယား သာရီပုဏ္ဏေးမ၏ သားဖြစ်သော "ဥပသေန"လုလင်သည် အရွယ်ရောက်သော် ဗေဒင်သုံးပုံတို့၌တတ်ကျွမ်း၏။

သူသည် မိမိ၏အစ်ကိုကြီး 'အရှင် သာရိပုတ္တရာ' ရဟန်းပြု၍အဂ္ဂသာဝကကြီးအဖြစ်သို့ ရောက်လေလျှင် နောင်တော်၌ ကြင်နာသောအားဖြင့် ဘုရားကျောင်းသို့ တလတကြိမ် လာသတည်း။ တရားတော်ကို နာရသဖြင့် သာသနာ၌ သဒ္ဓါတရား ဖြစ်ပွားလာ၍ ထိုနေ့၌ပင် ရဟန်းပြုလေ၏။

ယင်းသို့ ရဟန်းပြု၍ တဝါရလျှင်ပင်. "ငါသည် ဘုရားရှင်၏ သာသနာတော်၌ အရိယာဖြစ်သော ပရိယတ်ကို ပွားစေအံ့"ဟု နှလုံးထား၍ အမျိုးကောင်းသား တဦးအား ရဟန်းပြုပေး၏။ ထိုဆရာတပည့် နှစ်ဦးသည် ဝါကျွတ်၍ ဘုရားရှင်ထံ ဖူးမြင်ရန် လာကြလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား ဥပသေန၊ သင်ကား ဘယ်နှစ်ဝါရပြီနည်း"ဟု မေးတော်မူ၏။ နှစ်ဝါရကြောင်း လျှောက်လျှင်-

"သင်နှင့်အတူ ပါလာသော ရဟန်းကား ဘယ်နှစ်ဝါရပြီနည်း။ သင်နှင့်အသို့ တော်စပ်သနည်း"ဟု မေးတော်မူပြန်၏။

"ဤရဟန်းသည် တဝါရပါပြီ။ တပည့်တော်ရဟန်းပြုပေးသော ရဟန်းဖြစ်ပါ၏"ဟု လျှောက်လျှင် ဘုရားရှင်က-

"ချစ်သား ဥပသေန၊ သင်၏ အစီးအပွားဖြစ်သော မဂ်ဖိုလ်တရားကို မရှာဘဲ ကျင်စွာ ပရိသတ်ပွားစေရန် အဘယ့်ကြောင့် လှည့်လည်ဘိသနည်း။ သင်ကား သူတပါး၏ အဆုံးအမကိုသာ ခံထိုက်သေးသူဖြစ်ပါလျက် အဘယ့်ကြောင့် သူတပါးကို ဖျက်ဆီးရန် အားထုတ်ဘိသနည်း"ဟု ကဲ့ရဲ့တော်မူလေ၏။

ထိုအခါ ဥပသေနသည် "ဘုရားရှင်က ပရိသတ်ကိုမှီ၍ ယခု ကဲ့ရဲ့တော်မူချေပြီ။ နောင်အခါ ပရိသတ်ကို မှီ၍ပင် ဘုရားရှင်၏ ချီးမွမ်းခြင်းကို ခံရအောင်ငါလုံ့လပြုအံ့"ဟုကြံပြီးလျှင် ဘုရားရှင်ကို ရှိခိုးပူဇော်ပြီး မိမိနေရာကျောင်းသို့ ပြန်လာ၏။ သူသည် ကမ္မဋ္ဌာန်း ဝိပဿနာကို လွန်စွာ အားထုတ်သဖြင့် မကြာမြင့်မီပင် ရဟန္တာ ဖြစ်လေ၏။

ထိုအခါမှ စ၍ အရှင် ဥပသေနသည် မိမိထံသို့ ဆည်းကပ်ရောက်လာသော ဒကာ,ဒကာမတို့အား ကာမာဒီနဝ, နေက္ခမ္မာနိသံသ (ကာမဂုဏ်တို့၏အပြစ်နှင့် ကာမဂုဏ်ကို စွန့်ခြင်း၏အကျိုး) တရားတို့ကို ဆန်းကြယ်စွာ ဟောကြားလေ၏။

ထိုအရှင်သည် မြင့်မြတ်သောအမျိုးမှ ရဟန်းပြုသူဖြစ်၍၎င်း၊ နှစ်သက်ဘွယ်သောတရားစကားကို ဟောကြားပြသတတ်သောကြောင့်၎င်း၊ အရှင်ဥပသေန၏တရား၌ ကြည်ညိုသောအားဖြင့် လူများစွာတို့သည် ရဟန်းပြုလာကြကုန်သတည်း။

ထို့နောက် အရှင်ဥပသေနလည်း ဆယ်ဝါရ၍ မထေရ်ကြီးအဖြစ်သို့ရောက်လေသောအခါ ဝိနည်းဒေသနာကို အလေ့အလာပြုလျက် ရဟန်းပြုလိုသူအားလုံးအား ရဟန်းပြုပေးလေ၏။ ဤသို့ပြု၍ တပည့်ရဟန်းငါးရာမျှရှိသော် သူသည် ထိုတပည့်ငါးရာခြံရံလျက် ဘုရားရှင်ထံသို့ သွားရောက်ဖူးမြင်၍ မိမိ၏သာသနာအတွက် ကြိုးစားလုပ်ဆောင်ပုံကို လျှောက်ကြားလေ၏။ ထိုအခါ ဘုရားရှင်သည် ရှင်လှသောမျက်နှာတော်ဖြင့် "သာဓု" သုံးကြိမ်ခေါ်တော်မူ၍ ကောင်းချီးပေးပြီး ထိုအရှင်အား ကျေးဇူးစကားဖြင့် များစွာချီးမွမ်းတော်မူ၏။

ထို့ကြောင့် နောင်အခါဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့အား ဇေဒဂ်အရာပေးတော်မူသောအခါ "ရဟန်းတို့၊ သာသနာကိုကြည်ညိုအောင်လုပ်ဆောင်သော ငါဘုရား

၏ စာပည်ရဟန်းမျာ်းအနက် ဥပသေနသည် အမြတ်ဆုံးဖြစ်ပေ၏" ဟူ၍ အရှင်ဥပသေနအား 'သမန္တပါသာဒိက တေဒင်' အရာ၌ ထား၊တော်မူခဲ့လေ၏။

၁၂၄။ စန္ဒကူးသပိတ်နှင့် တိတ္ထိဆရာကြီး ခြောက်ဦး

ဘုရားရှင် ရာဇဂြိုဟ်ပြည်အနီးရှိ မက်လုံတောင် ချာ်းတောကျောင်း၌ ဆဋ္ဌ ဝါဆို၍ ဝါကျွတ်သောအခါနိန်လောက်တွင် ရာဇဂြိုဟ်ပြည်သူဌေးသည် ကျေးကျွန်များနှင့်တကွ ဂင်္ဂါမြစ်သို့သွား၍ ထက်ဝန်းကျင်မှ ပိုက်ကွန်များ ရုံတား၊လျက် ရေကစား၏။

ထိုစဉ် အညာ ဟိမဝန္တာတောမှ ကျမျောလာသော စန္ဒကူးသစ်တုံးသည် မြစ်ကွေ့,ချောင်းကောက်, ကျောက်ဆောင်စွန်းတို့၌ ရေအဟုန်ဖြင့် တိုက်ခိုက်၍ အပိုင်းပိုင်းပြတ်လျက်, သဲခုံကျောက်ဖျာတို့၌ မျာ်းစွာပုတ်သွေး သဖြင့် အကာမရှိ,အနှစ်အတိသာဖြစ်၍ ဂင်္ဂါမြစ်ရေယဉ်ဖြင့် မျောပါလာ ရာပိုက်ကွန်၌ လာငြိလေ၏။ သူဌေးလည်း ထိုသစ်တုံးကိုယူစေ၍ ခုတ်ရွေစူးစမ်းသော် အဘိုးအနှဲ့ထိုက်တန်သော စန္ဒကူးနှစ် ဖြစ်သည်ကို သိ၍ အိမ်သို့ယူဆောင်လာခဲ့၏။

ထိုသူဌေးသည် မိစ္ဆာဒိဋ္ဌိနှင့်လည်းမယှဉ်, သမ္မာဒိဋ္ဌိသို့လည်းမသက်ဝင်ဘဲ ယုံမှားဒ္ဓိဟသံသယရှိသူဖြစ်ရကား "ငါ့အိမ်၌ ဤစန္ဒကူး နှစ်မျိုးမျာ်းစွာရှိ၏။ ဤစန္ဒကူးနှစ်ဖြင့် လောကီစီးပွားကိုမပြုဘဲ သံသယတခုကိုကင်းစေအံ့။ ဤလောက၌ 'ငါတို့သည် ရဟန္တာမျာ်းဖြစ်ကြ၏'ဟု ပြောကြသည့် ဂိုဏ်းဆရာကြီးတို့ကား မျာ လှကုန်၏။ ဘယ်ဆရာကြီးသည် ရဟန္တာအစစ်ဖြစ်သည်ကို ငါမသိချေ။ အကယ်၍ ရဟန္တာဖြစ်လျှင် ကောင်းကင်သို့ပျံတက်နိုင်ရာ၏။ယခု သိသာအောင် စုံစမ်းအံ့" ဟု ကြံလျက် စန္ဒကူးတို့ကို ချောမွတ်သော သပိတ် ပြုလုပ်ပွတ်တိုက်ပြီး ဝါးအဆက်ဆက်တို့ဖြင့် စိုက်ထောင်၍ အတောင်ခြောက်ဆယ်မျှ မြင့်သော ကောင်းကင်၌ ဆိုင်းဖြင့် ချိတ်ဆွဲထား၊လေ၏။

ထို့နောက် သူက "ဤလောက၌ ရဟန္တာစင်စစ်ဖြစ်သောပုဂ္ဂိုလ်သည် ကောင်းကင်ခရီးဖြင့်ကြွလာ၍ ဤစန္ဒကူးသပိတ်ကိုယူစေသတည်း။ ထိုယူနိုင်သော ရဟန္တာပုဂ္ဂိုလ်အား ငါသည် သားမယား၊နှင့်တကွ အသက်ထက်ဆုံးကိုးကွယ်ပေအံ့" ဟု ကြေငြာလေ၏။

ထိုကာလ၌ ရာဇဂ္ဂိုဟ်ပြည်တွင် ဂိုဏ်းဆရာကြီးများအဖြစ် ထင်ရှားသော တိတ္ထိဆရာကြီးတို့ကား ခြောက်ဦးရှိလေ၏။

(၁) ပူရဏကဿပ။ ။သူကား သူဋ္ဌေးတဦး၏ အိမ်ပေါက်ကျွန်ဖြစ်၏။ ဦးရေတရာမြောက်မွေးဖွားသောကျွန်ဖြစ်၍ 'ပူရဏ' ဟု အမည်ပေး၏။ မင်္ဂလာကျွန်ဟုအလေးပေးကြ၏။ အရွယ်ရောက်သော် 'ငါသည် ဤသူဋ္ဌေး အိမ်မှာ ဘယ်ကြောင့်နေမည်နည်း' ဟု ထွက်ပြေးသော် ခိုးသူတို့က သူ၏ အဝတ်တို့ကို လုယက်ကြလေ၏။

သူသည် မြက်သစ်ရွက်ဖြင့် အတွင်းအင်္ကျီများကိုမဖုံးအုပ်ဘဲ ရွာတရွာသို့ ဝင်သွား၏။ ရွာသားတို့က သူ့ကိုမြင်လျှင် "ဤရဟန်းကား ရဟန္တာတည်း၊ အလိုနည်းသူတည်း။ ဤရဟန်းနှင့်တူသူမရှိ" ဟု ချီးမွမ်းပြောဆို ကာ မုံ့ဆွမ်းစသည်တို့ကို လာရောက်ပေးကြ၏။

သူသည် "ငါ့မှာ အဝတ်မဝတ်သောကြောင့် ဤလာဘ်လာဘများ ဖြစ်၏" ဟုကြံစည်ကာ ထိုအခါမှစ၍ အဝတ်ပုဆိုးကိုရသော်လည်း မဝတ် တော့ပေ။ သူသည် ထိုအဝတ်မဝတ်ခြင်းကိုပင် ရဟန်းအဖြစ်ဟူ၍ စွဲယူလေ တော့၏။ သူ့ထံ၌ အခြားလူငါးရာတို့ လာရောက် တပည့်ခံကာ အဝတ် မဝတ်သောရဟန်းအဖြစ်ကို ခံယူကြ၏။

ဤသို့လျှင် ဤ'ပူရဏကဿပ'သည် ဂိုဏ်းဆရာကြီးဖြစ်ကာ လောက၌ ဆရာကြီးတဦး, ဘုရားကြီးတဆူအနေဖြင့် ထင်ရှားကျော်ကြားလေတော့၏။

(၂) မက္ခလိဂေါသာလ။ ။အမည်ရင်းကား 'မက္ခလိ'ဖြစ်၏။ 'ဂေါသာလ'ရွာ၌ (ဝါ) နွားခြံ၌ မွေးဖွားသူဖြစ်၍ 'မက္ခလိဂေါသာလ'ဟုတွင်၏။ သူလည်း ကျွန်တဦးဖြစ်၏။ တနေ့သ၌ ရုံညွန်ထူထပ်သော မြေအရပ်ဝယ် ဆီအိုးကိုထမ်းယူ၍သွားရသော ထိုကျွန်ကို ဘခင်ဖြစ်သူက "မာခလိ(မချော်လဲစေနှင့်)" ဟုသတိပေးရင်းကပင် ချော်လဲသွား၍ သမင်ကိုကြောက်သဖြင့် ထွက်ပြေးရန်အား ထုတ်၏။ ထိုစဉ် သင်ကပြေးလာ၍ ပုဆိုးစွန်းကိုဆွဲကိုင်ထားသော် သူသည် ပုဆိုးကိုချတ်၍ထွက်ပြေးလေ၏။ သူလည်း ပူရဏကဿပကဲ့သို့ဖြစ်၍ နောင်တွင် ဂိုဏ်းဆရာကြီး ဘုရားကြီးတဆူအဖြစ် ထင်ရှားကျော်ကြားသွားလေ၏။

(၃) အဇိတကေသကမ္ဗလ။ ။သူ့အမည်ရင်းမှာ 'အဇိတ'ဖြစ်၏။ သူသည် လူ့ဆံပင်(ကေသ)ဖြင့် ရက်လုပ်အပ်သော ကမ္ဗလာအဝတ်ကို ဝတ်ဆင်သဖြင့် 'အဇိတ-ကေသကမ္ဗလ'ဟုတွင်၏။ နောင်တွင် သူလည်း ဂိုဏ်းဆရာကြီးအဖြစ် ကျော်ကြားခဲ့လေ၏။

(၄) ပကုဓကစ္စာယန။ ။သူ့အမည်ရင်းမှာ 'ပကုဓ'ဖြစ်၏။ကစ္စာယန အနွယ်ဖြစ်၍ 'ပကုဓ-ကစ္စာယန'ဟုတွင်၏။ သူလည်း ထင်ရှားကျော်ကြားသည့် ဂိုဏ်းဆရာကြီးတဦး ဖြစ်၏။

(၅) သဉ္ဇယဗေလဋ္ဌပုတ္တ။ ။သူ့အမည်ရင်းမှာ 'သဉ္ဇယ' (သိဉ္ဇည်း) ဖြစ်၏။ ဗေလဋ္ဌမည်သောသူ၏ သား(ပုတ္တ)ဖြစ်၍ 'သဉ္ဇယ-ဗေလဋ္ဌပုတ္တ'ဟု တွင်၏။ သူသည် ထင်ရှားသော ဆရာကြီးတဦးဖြစ်၏။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့သည် ပရိဗိုဇ်ဘဝက သူ့ထံ၌ တပည့်ခံ၍ နေခဲ့ကြဘူး၏။

(၆) နိဂဏ္ဌနာဋပုတ္တ။ ။သူသည် "ငါတို့မှာ ထုံးဖွဲ့(ဂဏ္ဌ) နှောက်ယှက်တတ်သော ကိလေသာဟူ၍မရှိ။ ငါတို့သည် ကိလေသာဟူသော အထုံးအဖွဲ့အနှောက်အယှက်မှကင်းစင်သူ(နိဂဏ္ဌ)များဖြစ်၏"ဟူ၍ သူထင်ရာမြင်ရာ အယူဝါဒအတိုင်း ပြောဆိုလေ့ရှိသောကြောင့် 'နိဂဏ္ဌ'ဟူ၍ တွင်၏။ သူသည်'နာဋ'မည်သော သူ၏ သား(ပုတ္တ)ဖြစ်၍ အမည်နှစ်ရပ်ပေါင်းလျှင် 'နိဂဏ္ဌနာဋပုတ္တ'ဟု ဂိုဏ်းဆရာကြီးအဖြစ်ဖြင့် ထင်ရှားကျော်ကြားလေ၏။

ထိုဥဇ္ဇဉ်ဂိုဟ်သူဌေး၏ကြေငြာချက်ကိုကြားရသောအခါ ဂိုဏ်းဆရာကြီးခြောက်ဦးအနက်--

(၁) ပူရဏကဿပဆရာကြီးသည် ရှေးဦးစွာ ရာဇဂိုဟ်သူဌေးထံ လာရောက်၍ "သူဌေး၊ ငါသည် ရဟန္တာလည်းဟုတ်ပေ၏။ တန်ခိုးရှိသူလည်းဟုတ်ပေ၏။ ငါ့အား သပိတ်ကိုပေးလော့"ဟု အသားလွှတ်ပြောလေ၏။ သူဌေးကလည်း "အရှင်ဘုရားသည် ရဟန္တာတန်းခိုးရှင်ဟုတ်ပါမူ တပည့်တော် လှူပြီးဖြစ်ပါ၏။ တန်ခိုးဖြင့်သာ ချယူတော်မူပါလော့"ဟု ပါးနပ်စွာပင် ဖြေကြားလေ၏။

(၂) ဒုတိယနှေ့၌ မက္ခဂေါသာလ ဆရာကြီး။
(၃) တတိယနှေ့၌ အဇိတကေသကမ္ဗလ ဆရာကြီး။
(၄) စတုတ္ထနှေ့၌ ပကုဓကစ္စာယန ဆရာကြီး။
(၅) ပဉ္စမနှေ့၌ သဉ္ဇယဗေလဋ္ဌပုတ္တ ဆရာကြီးတို့ အစဉ်အတိုင်း လာရောက်၍ ပူရဏကဿပဆရာကြီး နည်းတူပင် လာရောက် ပြောဆိုကြသော် ရာဇဂိုဟ်သူဌေးလည်း ရှေးနည်းတူပင် ပါးနပ်စွာ ပြောဆိုလိုက်သဖြင့် အသီးသီး ပြန်သွားရလေ၏။

(၆) ခြောက်ရက်မြောက် နေ့၌ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည် မိမိ၏ တပည့်များကို ခေါ်၍ "သင်တို့သွားပြီး ရာဇဂြိုဟ်သူဌေးအား 'ငါတို့ဆရာကား အရေးကြုံလျှင် ကောင်းကင်သို့ ပျံကြွသည်ကို ငါတို့အမြင် ဖြစ်သည်။ ထိုကြောင့် ဤသပိတ်ကား ငါတို့ဆရာအားသာ လျောက်ပတ်၏။ မပြောပလောက်သည့် ဤသစ်သားသပိတ် ဟူသော အကြောင်းဖြင့် ငါတို့ဆရာကြီး ကောင်းကင်သို့ မပျံပေရာ။ ကြည်သို့ပါမူ ငါတို့ဆရာကြီးအား သင့်သပိတ်ကို လှူပါလော့' ဟု ပြောဆိုကြလော့" ဟူ၍ စေခိုင်းလေ၏။

တပည့်တို့လည်း ဆရာ စေခိုင်းထိုင်း ပြောလေသော် သူဌေးကလည်း "ကောင်းကင်ဖြင့်သာ ကြွ၍ ယူစေကုန်" ဟု ဆိုလိုက်၏။

ထိုနောက်မှ နာဋပုတ္တ ဆရာကြီးသည် ကိုယ်တိုင်ပင် သွားလိုရကား တပည့်တို့အား "ငါသည် လက်တဘက်, ခြေတဘက်ကို မြောက်၍ ကောင်းကင်သို့ ပျံတက်တော့မည်ကဲ့သို့ ဟန်ပြုမည်။ သင်တို့က 'ဆရာကြီး၊ ဤသစ်သား သပိတ်မျှနှင့် ကြီးကျယ်လှသော အာနုဘော်ကို မပြုပါလင့်။ ဆရာရအပ်သော အလွန်လျှို့ဝှက်အပ်သည့် အရဟတ္တဖိုလ်၏ ကျေးဇူးကို လူများအား မပြပါလင့်' ဟု ပြောဆိုကြကာ ငါ့ကို လက်ခြေတို့၌ဆွဲငင်ကြလော့" ဟု အမှတ်သညာပေးပြီးမှ သူဌေးကြီးထံ သွား၏။

"သူဌေးကြီး၊ သင်၏ သပိတ်ကား ငါမှတပါး တခြားသူတို့အား လားလားမျှ မသင့်လျော်၊ မထိုက်တန်။ ဤ သပိတ်ကို ငါအားသာ လှူလော့။ မပြောပလောက်သည့် သစ်သားသပိတ် ဟူသော အကြောင်းကြောင့် ငါ၏ ကောင်းကင်ပျံခြင်းကို သင် အလိုမရှိလင့်" ဟု ဆို၏။

သူဌေးကလည်း "အရှင်ဘုရား၊ ကောင်းကင်သို့ ပျံတက်၍သာ ယူတော်မူပါ" ဟု ခပ်တင်းတင်းပင် ဆိုလေ၏။

ထိုအခါ နာဋပုတ္တ ဆရာကြီးသည် "ထိုသို့ဖြစ်လျှင် ငါ ယခုပင် ကောင်းကင်သို့ ပျံတက်၍ ယူမည်။ ဖယ်ကြလော့" ဟု ဆိုကာ အိမ်မှ ဆင်းသွားပြီး သပိတ်ထားရာ ဝါးတိုင်အနီး၌ ရပ်လျက် ကောင်းကင်သို့ ပျံတက်မည်ဟု လက်တဖက်ကို မြောက်၍ ခြေတဖက်ကို ကြွလေ၏။

ထိုခဏ၌ တပည့်တို့ ဝိုင်းအုံလာကြပြီး ယခင်က ဆရာကြီး အချက်ပေးထားသည့်အတိုင်းပင် ပြောဆိုကြကာ ခြေကိုဆွဲ၍ မြေ၌ လှဲကြလေ၏။ လာကြည့်ကြသည့် ပရိသတ်တို့တွင် တချို့က "ဤဆရာကြီးကား ပျံနိုင်ရာ၏" ဟု သံသယရှိကြ၍ တချို့ကမူ "မပြနိုင်" ဟု သိ၍ ပြက်ရယ်ပြုကြကုန်၏။

ထိုအခါ နာဋပုတ္တသည် လဲနေရာမှထ၍ သူဌေးအား "ဤတပည့်တို့က ငါအား ကောင်းကင်သို့ ပျံတက်ခွင့်ကို မပေးကြပါ။ ငါ့အား သပိတ်ကို ပေးသာ ပေးပါလော့" ဟု ဆိုသော် သူဌေးကလည်း ဣန္ဒေ မပျက်ပင် "ကောင်းကင်သို့ ပျံတက်၍ ယူပါလော့" ဟု ဆိုလေ၏။

ဤသို့လျှင် တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် အသီးသီးလာ၍ သူဌေး ထံမှ သပိတ်ကို တောင်းကြသော်လည်း မလုကြလေကုန်။

၁၂။ စန္ဒကူးသပိတ်ကို အရှင်ပိဏ္ဍောလ ဖျာန်ပျံ၍ယူခြင်း

ခုနစ်ရက်မြောက်နေ့တွင် အရှင်မောဂ္ဂလ္လာန်နှင့် အရှင်ပိဏ္ဍောလတို့သည် ရာဇ ဂြိုဟ်မြို့တွင်းသို့ နံနက်ဆွမ်းခံဝင်ရန် မြို့တံခါးအနီးရှိ ကျောက်ဖျာကြီးပေါ်၌ သက်နီးကို ရုံနေစဉ် မြို့တွင်းသို့ဝင်သော သေသောက်ကြူးတို့က "အချင်းတို့၊ ငါတို့ပြည်ရွာဝယ် ဘုရားရဟန္တာဟု အသီးသီး ပြောဆိုလျက် မိမိကိုယ်ကို ချီးမြှောက် ပြောကြသူတို့ကား အလွန်များလှ၏။ ငါတို့ သူဌေးထားသည့် သပိတ်ကို ကောင်းကင်ဖြင့် လာ၍ ယူနိုင်သူကား တလူမျှပင် မပေါ်လာ။ ဤလူ့ရွာ၌ ဘုရားရဟန္တာ မရှိသည်ကို စင်စစ်ယခု သိရပြီ။ ဤအခါမှစ၍ ရဟန္တာဟု ဝါကြားလာငြားသော်လည်း နားမထောင်လိုပြီ" ဟု ပြောဆို လေ၏။

ထိုစကားကို ကြားသော့ အရှင်မောဂ္ဂလ္လာန် က "ငါ့ရှင် ပိဏ္ဍောလ၊ ဤ သေသောက်ကြူးတို့ ပြောသည့် စကားကို ကြားရဲ့လား။ ဘုရားရှင်၏ သာသနာကို ထိပါးပြောဆိုကြလေပြီ။ ငါတို့ကား ကြားသိလျက် အမှတ်မဲ့ နေခဲ့သော် သတ္တဝါတို့ ယုံမှားကြပြီး သံသရာ၌ နစ်မွန်းကုန်လတံ့။ သင် လည်း တန်ခိုးရှင်ဖြစ်၍ ကောင်းကင်ဖြင့် သွားပြီး သပိတ်ကို ယူလော့" ဟု တိုက်တွန်းလေ၏။

အရှင်ပိဏ္ဍောလ ကလည်း "ငါ့ရှင်ကား တန်ခိုးကြီးသူတို့ထက် အဆ အထောင်မက သာလွန်သော့ ပုဂ္ဂိုလ်တည်း။ အရှင်မြတ်သာ ကြွ၍ ယူပါ" ဟု လျှောက်၏။

အရှင်မောဂ္ဂလ္လာန်က "ငါ့ရှင်သာ သွားယူချေ" ဟု ခွင့်ပြု တိုက်တွန်း သဖြင့် အရှင်ပိဏ္ဍောလသည် အဘိညာပါဒ (အဘိညာဏ်၏ အခြေခံ) ဖြစ် သော စဘုတ္ထစျာန်ကို ဝင်စား၍ သုံးဂါစုတ်မျှရှိသော ထိုကျောက်ဖျာကြီး

ကို ခြေမဖြင့် ညှပ်ယူပြီး ရာဇဂြိုဟ်ပြည်ပေါ်၌ ဟယ်ာဝဲသကဲ့သို့ လုးလား တုန့်ခေါက် စက်ြံလျှောက်တော်မူ၏။

ထိုအခါ ပြည်သူအပေါင်းတို့သည် ရုန်းရင်းဆန်ခတ် ပြေးလွှားကြလျက် "ငါတို့အပေါ်သို့ ဤကျောက်ဖျာကြီး ကျ၍ သေကုန်ရာ၏" ဟု အလွန်ကြောက်လန့်ရကား တချို့ အိမ်အောက်, တချို့ တွင်းထဲ, တချို့ သစ်ပင်အောက်သို့ ပြေးဝင် ကြကုန်၏။ မထေရ်လည်း ခုနစ်ပတ် ရစ် ပြီးသော် ကျောက်ဖျာကို ဖော်၍ မိမိကိုယ်ကို ထင်ရှားပြလေ၏။

ထိုအခါ လူ အပေါင်းတို့သည် မထေရ်ကို မြင်လျှင် "အရှင် ဘုရား၊ ကျောက်ဖျာကြီးကို မြဲမြံစွာ ကိုင်ထားတော်မူပါ။ တပည့်တော်တို့ကို ပိ၍ စိစိညက်ညက် မကြေပါစေလင့်" ဟု လျှောက်ကြား တောင်းပန်ကြကုန်၏။ မထေရ်လည်း ကျောက်ဖျာကို ခြေဖြင့် တွန်းကန်လိုက်၏။ ကျောက်ဖျာသည် မူလနေရာသို့ သွား၍ တည်လေ၏။ ထိုနောက် မထေရ်သည် ရာဇဂြိုဟ် သူဌေး၏အိမ်ပေါ်၌ ထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်၌ ရပ်တော်မူ၏။

ရာဇဂြိုဟ် သူဌေးသည် မထေရ်ကို မြင်လျှင် "အရှင်ဘုရား၊ သက်ဆင်းတော်မူပါ။ တပည့်တော်၏ အလှူကို ခံတော်မူပါ" ဟု လျှောက်လေသော် မထေရ်သည် သက်ဆင်းလာ၏။ သူဌေးသည် မထေရ်ကို မိမိအိမ်ထဲသို့ ပင့်၍ မြတ်သောနေရာ၌ ထိုင်နေစေပြီးနောက် သပိတ်ကို ကောင်းကင်မှ ချစေ၍ စတုမဓုအပြည့် ထည့်ပြီး မထေရ်အား ကပ်လှူလေ၏။ မထေရ်လည်း သပိတ်ကို ဆောင်၍ ကျောင်းသို့ ကြွလေ၏။

ထိုအခါ မထေရ်၏တန်ခိုးကို မမြင်လိုက်ရသော ခရီးလွန်နေသည့် လူတို့သည် လိုက်သွားကြ၏။ တန်ခိုးကို မမြင်လိုက်ရသည့် ထိုလူတို့ကဋင်း၊ ရဟန်းတို့ကဋင်း အုတ်အုတ်ကျက်ကျက် စုဝေးလျက် မထေရ်အား တန်ခိုးပြရန် တောင်းပန်ကြလေ၏။

ဘုရားရှင်သည် ထို အုတ်အုတ်ကျက်ကျက် အသံကို ကြားတော်မူ၍ သဗ္ဗညုတဉာဏ်တော်ဖြင့် သိလျက်ပင် အရှင်အာနန္ဒာကို ခေါ်ပြီး "ချစ်သား အာနန္ဒာ၊ ဤ ဆူညံသံကား အဘယ်နည်း" ဟု မေးတော်မူ၏။ အရှင်အာနန္ဒာက အရှင်ပိဏ္ဍောလ ၏ တန်ခိုးပြခြင်း အကြောင်း အလုံးစုံကို လျှောက်ကြားလေ၏။

ဘုရားရှင်သည် အရှင်ပိဏ္ဍောလကို ခေါ်စေ၍ ထိုအကြောင်းကို မေးမြန်းပြီး အလုံးစုံကို ကြားတော်မူလျှင် "ချစ်သား ပိဏ္ဍောလ၊ သင်သည် ဤ သစ်သားသပိတ်လေးမျှသော အကြောင်းဖြင့် အဘယ့်ကြောင့် တန်ခိုး

ပြာဋိဟာကို ပြဘိသနည်း'' ဟု အပြစ်တင်တော် မူပြီးမှ ရဟန်းတို့အား ''တန်ခိုး မပြရ'' ဟု သိက္ခာပုဒ်ကို ပညတ် မိန့်ကြားတော်မူ၏။

ထိုနောက် ထိုစန္ဒကူးသပိတ်ကို ခွဲစေ၍ ရဟန်းတို့အား မျက်စဉ်းမှုန့်ကြိတ်ရန် ခွဲဝေပေးစေတော်မူ ပြီးနောက် ရဟန်းတို့အား ''သစ်သား သပိတ်ကို မသုံးရ'' ဟု သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

၁၂၆။ ဘုရားရှင် တန်းခိုးပြမည့်အကြောင်း မိန့်ကြားခြင်း

ထိုအခါ တိတ္ထိတို့သည် ''ဘုရားရှင်က တပည့်ရဟန်းတို့အား တန်ခိုးမပြရ'' ဟု ပညတ်ကြောင်းကို ကြားကြလျှင် ''ရဟန်းဂေါတမ၏ တပည့်သာဝက တို့ကား ပညတ်အပ်သော သိက္ခာပုဒ်ကို အသက်ပင်သေသော်လည်း မကြူး လွန်ကုန်။ ယခု ငါတို့ အခွင့်ကောင်းကို ရကြပေပြီ'' ဟု ကြံစည်တိုင်ပင် ပြီးသော်-

''လူအပေါင်းတို့၊ ငါတို့ကား မိမိ ရအပ်သော ဂုဏ်ကျေးဇူးကို စောင့် ရှောက်သည်ဖြစ်၍ ဤသစ်သားသပိတ်ဟူသော အကြောင်းမျှဖြင့် တန်ခိုးကို မပြကြကုန်။ ရဟန်းဂေါတမ၏ တပည့်တို့သာ ပညာမဲ့သောကြောင့်(အရှက် မရှိဘဲ) တန်ခိုးပြခဲ့ကြကုန်၏။ သူတို့၏ ဆရာက တားမြစ်ဆုံးမရပြီ။ ရဟန်း ဂေါတမကား ပညာအတန်ရှိ၍ သတိရသောကြောင့် ရခဲ့သောသစ်သား သပိတ်ကို (အစပျောက်အောင်) အစိတ် စိတ် ခွဲပစ် စေခဲ့ရပြီ။ အကယ်၍ သင်တို့သိလိုမူ ရဟန်းဂေါတမ တန်ခိုးပြလျှင် ထိုထက်သာ၍ ငါတို့ တန်ခိုး ပြမည်။ နှစ်ဦးဆိုင်၍ ပြသည့်ပွဲမှာ သူသာ,ငါသာ ဘုန်းတေဇာကို ကြည့်ရှု ကြလော့'' ဟု ဝါဒဖြန့်ကြလေ၏။

ထိုစကားကို အဆင့်ဆင့်အာ ဖြင့် ဗိမ္ဗိသာရမင်းကြီး ကြားလေသော် ဘုရားရှင်ထံသို့ သွား၍ ''မြတ်စွာဘုရား၊ သာဝကတို့အား တန်ခိုးမပြရဟု ပညတ်တော်မူ၏ ဟူသည် မှန်ပါသလော'' ဟု မေးလျှောက်၏။

ဘုရားရှင်က ''မှန်၏ မင်းကြီး'' ဟု မိန့်တော်မူသော်-

''အရှင်ဘုရား၊ ဤ ပညတ်တော်ကြောင့် တိတ္ထိတို့သည် ဘုရားရှင်နှင့်ပင် တုပြိုင်၍ တန်ခိုးပြကုန်အံ့ ဟု လှည့်လည် ဝါကြွား နေကုန်ပါပြီ။ အသို့ပြု လုပ်ကြပါမည်နည်း ဘုရား'' ဟု လျှောက်လေ၏။

ဘုရားရှင်က ''မင်းကြီး၊ ထို တိတ္ထိတို့က တန်ခိုးပြကြမည်ဆိုလျှင် ငါ ဘုရားကိုယ်တော်တိုင် ပြတော်မူအံ့'' ဟု မိန့်တော်မူသော်-

"ရှင်တော် ဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မူ ပြီးပြီ မဟုတ်ပါလော" ဟု လျှောက်လေ၏။ ထိုအခါ ဘုရားရှင် က-

"မင်းကြီး၊ ပညတ်သည် မှန်၏။ ငါဘုရားသည် မိမိအတွက်သိက္ခာပုဒ်ကို မပညတ်။ သာဝကတို့ အတွက်သာ ပညတ်အပ်ပေသည်" ဟု မိန့်တော်မူသော်-

"သိက္ခာပုဒ်ကို ဘုရားရှင်ကိုယ်တိုင် မကျင့်ဆောင်ဘဲ တပည့်များအား သာ ကျင့်စေသော် သင့်လျော်ပါမည်လော" ဟု လျှောက်လေ၏။

ထိုအခါ ဘုရားရှင်က "သင်မင်းကြီးအား ငါမေးဦးအံ့။ သင် မင်းကြီး ဥယျာဉ်ထဲရှိ သစ်သီးများကို သူတပါး ဆွတ်ခူးစားသုံးသော် အသို့ ပညတ် သနည်း" ဟု မေးတော်မူသော် "သူတပါးတို့ စားသုံးဖျက်ဆီးသော် မင်း ဒဏ်ပေးပါသည်" ဟု လျှောက်လေ၏။ ဘုရားရှင်က "သင်မင်းကြီးကိုယ် တိုင် ဆွတ်ခူးစားသုံးသော် အဘယ်သို့ပြုမည်နည်း" ဟု မေးတော်မူသော်-

"တပည့်တော်မှာ ဥစ္စာရှင်ဖြစ်၍ ဒဏ်ခတ်ရန် မလိုပါ။ အပြစ်မရှိပါ" ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က "ထို့သို့ သင်မင်းကြီးမှာ အပြစ်မရှိသကဲ့သို့ ကာလ, သမယကို သိမြင်တော်မူသော ငါဘုရားအား လည်း ထိုသိက္ခာပုဒ် ပညတ် ချက်ကြောင့် အပြစ် မဖြစ်ပေ။ ငါဘုရားအတွက် သိက္ခာပုဒ်ပညတ်မှု မရှိ။ တပည့်သာဝက အတွက်သာ သိက္ခာပုဒ် ပညတ်မှု ရှိသည်။ ငါဘုရားသည် တန်ခိုးပြာဋိဟာကို ပြတော်မူအံ့" ဟု မိန့်တော်မူ၏။

"အဘယ်အခါ၌ ဘယ်နေရာမှာ တန်ခိုးပြာဋိဟာကို ပြတော်မူပါမည် နည်း" ဟု မေးလျှောက်သော်-

"ယနေ့ (တပေါင်းလပြည့်)နေ့မှစ၍ လေးလလွန်သောအခါ ဝါဆို လပြည့်နေ့တွင်(ရှေးဘုရားရှင်တို့နည်းတူ) သာဝတ္ထိပြည်ဝယ် 'ကဏ္ဍမ္ဗ'သရက် ပင်အနီးမှာ တန်ခိုးပြာဋိဟာကို ပြတော်မူမည်" ဟု မိန့်တော်မူ၏။

ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားရှင်၏စကားတော်ကို ကြားရလျှင် စိတ်ချ ဝမ်းမြောက်စွာဖြင့် နန်းကော်သို့ပြန်လေ၏။ ထိုစကားကို တိတ္ထိတို့ကြားကြ လေသော် "ငါတို့ကား ယခု ပျက်စီးမလွဲပျက်စီးကြလေပြီ။ သို့သော်လည်း ဥပါယ်တမျှဖြင့် ရဟန်းဂေါတမနောက်သို့ထက်ကြပ်မကွာလိုက်ကုန်အံ့။ လူ တို့က 'အဘယ့်ကြောင့် လိုက်ကြလေသနည်း' ဟု မေးကြလျှင် 'ငါတို့က ရဟန်းဂေါတမနှင့် တန်ခိုးပြာဋိဟာ ပြိုင်ဆိုင်ပြကုန်အံ့' ဟု ပြောခဲ့ကြ၏။ ယခု ရဟန်းဂေါတမ ကြောက်၍ထွက်ပြေးလေသည်။ သူ့အား ထွက်ပြေး

ခွင့်မဒေးဘဲ မျက်ခြည်မပြတ် ထက်ကြပ်မကွာ သူ့နောက်သို့ ငါတို့လိုက်ကြသည်'ဟု ပြောဆိုကုန်အံ့။ ဤသို့ပြောဆိုသော် ငါတို့အား လာဘ်ပူဇော်သကာ များစွာဖြစ်ပေလတံ့"ဟူ၍ စုဝေးတိုင်ပင် ကြံဆင်ကြကုန်၏။

၁၂၇။ တန်ခိုးပြရန် ဘုရားရှင် သာဝတ္ထိပြည်သို့ကြွခြင်း

ထိုသို့ ဘုရားရှင်သည် (သကြာဇ် ၁၀၈ ခု) တပေါင်းလပြည့်နေ့မှာကိုယ်တော်တိုင် တန်ခိုးပြာဋိဟာ ပြတော်မူမည့်အကြောင်းကို မိန့်ကြားတော်မူပြီး လပြည့်ကျော် တရက်နေ့လောက်တွင် ရာဇဂြိုဟ်မြို့ထဲ၌ ဆွမ်းခံဝင်ပြီး ဆွမ်းကိစ္စပြီးသော် ရဟန်းအပေါင်း ခြံရံလျက် လေးဆယ့်ငါးယူဇနာ ဝေးသော သာဝတ္ထိပြည်ဘက်သို့ ခရီးဒေသစာရီကြွချီတော်မူလေ၏။

တိတ္ထိတို့လည်း ဘုရားရှင်နောက်မှ ဝါပါတည်းထွက်ခွါခဲ့ကြ၍ ဘုရားရှင် ဆွမ်းကိစ္စပြုသောနေရာ၌ သူတို့လည်း ဆွမ်းကိစ္စပြုကြလေ၏၊ ဘုရားရှင် ခရီးဆက်ကြွလျှင် သူတို့လည်း ခရီးဆက်ကြလေ၏။ ဘုရားရှင်ညကျိန်းစက်သောနေရာ၌ သူတို့လည်းအိပ်စက်၍ နံနက်စာစား‌ပြီး အတူတကွ ခရီးထွက်ကြလေ၏။

ခရီးအကြား၌ လူအများက "ဘုရားရှင်နောက်သို့ အဘယ့်ကြောင့် တကောက်ကောက် လိုက်ကြဘိသနည်း"ဟု မေးကြသော် ထို တိတ္ထိတို့က ဖော်ပြပါ ရှေးကတိုင်ပင်ကြံစည်ကြသည့်အတိုင်း ဟန်ဆောင်ပြောဆိုကြလေ၏။ လူများစွာတို့လည်း "တန်ခိုးပြာဋိဟာပြိုင်ပွဲကို ကြည့်ရှုကုန်အံ့" ဟု အစဉ်တစိုက်လိုက်ကြလေ၏။

သာဝတ္ထိပြည်သို့ရောက်သော် ထို တိတ္ထိတို့သည် မိမိတို့၏ဒါယကာများကို နှိုးဆော်ဟောပြော၍ ငွေတသိန်းမျှရကြသဖြင့် ကျမ်းကျင်သော လက်သမားတို့ကိုငှား၍ ရှားနှစ် တိုင်တို့ဖြင့် ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီးကိုဆောက်စေပြီးသော် 'ငါတို့ ဤမဏ္ဍပ်၌ တန်ခိုးပြာဋိဟာကိုပြကုန်အံ့' ဟု အရပ်အနှံ့ ဝါကြွားသတင်းလွှင့်ကာ မီးပုံးမီးပန်းစသည်တို့ဖြင့် စီရင်၍ နေကြလေ၏။

ထိုအကြောင်းကို ပသေနဒိကောသလမင်းကြီးကြားလျှင် ဘုရားရှင်ထံသွား၍ "မြတ်စွာဘုရား၊ တိတ္ထိတို့သည် တန်ခိုးပြကုန်အံ့ဟု မဏ္ဍပ်ကြီးကို ဆောက်ချေပြီ။ တပည့်တော်လည်း ဘုရားရှင်အတွက် မဏ္ဍပ်ဆောက်ပါမည်၊ အဘယ်အရပ်မှာဆောက်ရပါမည်နည်း"ဟု လျှောက်လေ၏။

ဘုရားရှင်က "မင်းကြီး၊ မဆောက်လင့်။ သီကြားမင်း ဆောက်ပေလတံ့"ဟု မိန့်တော်မူ၏။

မင်းကြီးက "အရှင်ဘုရား၊ အဘယ်အခါ အဘယ်အရပ်မှာ တန်ခိုးပြာဋိဟာကို ပြတော်မူအံ့နည်း"ဟု မေးလျှောက်သော် ဘုရားရှင်က-

"မင်းကြီး၊ ဝါဆိုလပြည့်နေ့တွင် ကဏ္ဍမမည်သော သရက်ဖြူပင်အနီး၌ ပြတော်မူအံ့'ဟု မိန့်တော်မူလေ၏။ထိုအမိန့်တော်ကိုကြားရလျှင် ကောသလမင်းကြီးသည် အသီးသီးသော မြို့ရွာနိုင်ငံတို့သို့ ထိုအကြောင်းကို သဝဏ်စာဖြင့်ပို့၍ အကြောင်းကြားလေ၏။

တိတ္ထိတို့လည်း "ဘုရားရှင်သည် သရက်ဖြူပင်အနီး၌ တန်ခိုးပြာဋိဟာပြမည်"အကြောင်းကိုကြားလျှင် များစွာသောအလုပ်အကျွေးတို့ကိုခေါ်၍ သာဝတ္ထိပြည်၏ထက်ဝန်းကျင် တယူဇနာအတွင်းဝယ် သရက်ပင်ရှိသမျှကို အရဝယ်ယူကာ ခုတ်လဲစေကုန်၏။

၁၂၈။ မိဂါရသူဌေးနှင့် ဝိသာခါတို့အကြောင်း

သာဝတ္ထိပြည်၌ 'မိဂါရ' မည်သော သူဌေးသည် အရွယ်ရောက်သော 'ပုဉ္ဉဝဍ္ဎန'အမည်ရှိ သားအတွက် ကြင်ယာလောင်းကိုရှာရန် ပုဏ္ဏားရှစ်ဦးတို့အား "ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသည့် သတို့သမီးကို ရှာဖွေလော့။ တွေ့လျှင် ဤတန်ဆာကိုပေးခဲ့ကြလော့"ဟု မှာ၍ အဘိုးတသိန်းတန်သော ရွှေပန်းကုံးကိုပေးအပ်၍ လွှတ်လိုက်၏။

ထိုပုဏ္ဏားတို့သည် အစဉ်အတိုင်းသွား၍ 'သာကေတ' မြို့သို့ ရောက်လျှင် ကောင်းခြင်း ငါးဖြာနှင့် ပြည့်စုံသော 'ဝိသာခါ'အမည်ရှိသော သတို့သမီးပျိုကို တွေ့မြင်၍ အကြောင်းစုံကိုပြောကြားပြီး ရွှေပန်းကုံးကို ပေးအပ်ကြ၏။ ဝိသာခါနှင့် ဘခင်'ဓနဉ္ဇယ'သူဌေးကြီး (မေတ္တာကသူဌေးကြီး သား)တို့လည်း ထိုပုဏ္ဏားတို့ထံမှအကျိုးအကြောင်းစကားကိုကြားရလျှင် သဘောတူကြလေ၏။ ထိုပုဏ္ဏားတို့လည်းပြန်သွားပြီး 'မိဂါရ'သူဌေးအားအကြောင်းစုံကို ပြောကြားလေ၏။မိဂါရသူဌေးကြီးသည် အလွန်ဝမ်းသာလှ၍ ကြီးကျယ်သော အခမ်းအနားဖြင့် ဝိသာခါကိုသွားခေါ်ရန် ကောသလမင်းကြီးကို ခွင့်ပန်လေ၏။

မင်းကြီးလည်း "ဗိမ္မိသာရမင်းကြီးထံမှ ငါတောင်းလာခဲ့သည့်ထိုသူဌေးကြီးကို ငါ ချီးမြှောက်သင့်၏"ဟုကြံ၍ "ငါလည်းလိုက်အံ့"ဟုဆို၏။ မိဂါရ

သူဌေးသည် မင်းကြီးနှင့်အတူ မင် ပရိသတ်,သူဌေးပရိသတ်မြောက်မြားစွာ ဖြင့် 'သာကေတ'မြို့သို့ထွက်ခွါသွားလေ၏။

ဓနဥ္ဇယသူဌေးလည်း ထိုမျှကြီးကျယ်လှသည့် ပရိသတ်ကြီးကို ကြိုဆို ဧည့်ခံလုပ်ကျွေးပြုစု၍ မင်္ဂလာပွဲသဘင်ကို ဆင်ယင်ကျင်းပရန် ပြင်ဆင်လေ၏။ သူသည် ထိုနေ့၌ပင် ရွှေပန်းထိမ်သည်ငါးရာတို့ကိုခေါ်၍ ရွှေစင်နိက္ခတထောင်နှင့်တကွ ငွေ,ပတ္တမြား,ပုလဲ,သန္တာ,ဝဇီရစိန်ကျောက် စသည့်တို့ကို ပေးအပ်၍ 'မဟာလတာ'မည်သောတန်ဆာကြီးကိုပြုလုပ်စေ၏။ ထိုတန်ဆာကို လေးလမျှလုပ်မှပြီးစီး၏။ ထိုမျှကာလပတ်လုံး သူဌေးကြီးသည် ထိုပရိသတ်ကြီးအားလုံးကို ကျွေးမွေးပြုစုလေ၏။

မဟာလတာတန်ဆာကြီးကား ရွှေစင်နိက္ခတထောင်နှင့်တကွ ရတနာခုနစ်ပါးတို့ဖြင့်ပြည့်နှက်စီခြယ်ပြုလုပ်ထားသဖြင့် ကိုးကုံဌေတန်ပြီး လက်ခငွေ တသိန်းကုန်ကျ၏။ ထိုတန်ဆာသည် ဦးခေါင်း၌စွပ်လိုက်လျှင် ခြေဖမိုးအထိ ရောက်၏။

[ဝိသာခါသည် ကဿပဘုရားရှင်လက်ထက်က ရဟန်းနှစ်သောင်းတို့အား သင်္ကန်းလျာအဝတ်တို့ကို လှူဒါန်းခဲ့သည့်ကောင်းမှုကြောင့် ဤတန်ဆာကြီးကို ဆင်မြန်းရခြင်းဖြစ်၏။]

ဓနဥ္ဇယသူဌေးကြီးသည် သမီးအားတသက်လုံးသုံးဆောင်နိုင်ရန်အတွက် လက်ဖွဲ့ပစ္စည်းအပြင် ရွှေငွေပစ္စည်းများ, အထောင်မကသောကျေးကျွန်များ နှင့်တကွ အသုံးအဆောင်ပစ္စည်းများ အပြည့်တင်ထားသည့် လှည်းများစွာ တို့ကိုပေးလိုက်၏။ နောက် သမီးအား ကိုယ်တိုင်သွန်သင်ဆုံးမပေးပြီးနောက် အစဉ်သဖြင့်ဆုံးမပေးနိုင်ရန်လည်း သူကြွယ်ပညာရှိရှစ်ဦးကိုထည့်ပေးလိုက်၏။ သူဌေးကြီးသည် သမီးအား မဟာလတာတန်ဆာကြီးကို ဆင်မြန်းပေးပြီး ပရိသတ်မြောက်မြားစွာခြံရံလျက် ကောသလမင်းကြီးနှင့် မိဂါရသူဌေးကြီး ကို လိုက်ပို့လေ၏။

သာဝတ္ထိပြည်သို့ရောက်၍လက်ထပ်မင်္ဂလာပွဲကိုပြုလုပ်သော် မိဂါရသူဌေး သည် မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်ရကား အဝတ်မဝတ်သည့် 'အစေလက' တက္ကတွန်းရဟန်းငါးရာတို့ကို အိမ်သို့ပင့်ဘိတ်၍ကျွေးမွေးလေ၏။

သူဌေးကြီးက "ငါ့ ချွေးမသည် ရဟန္တာကြီးတို့ကို လာရောက် ရှိခိုးပါစ"ဟု အကြောင်းကြားစေ၏။ သောတာပန်ဖြစ်သော ဝိသာခါသည် ဟန္တာ'ဟူသောစကားကိုကြားလျှင် နှစ်သက်ရွှင်လန်းစွာသွားသော် ထိုက္ကတွန်းတို့ကိုမြင်လျှင် 'ထွီ-ထွီ'ဟုဆိုပြီး ပြန်လာ၏။

မိဂါရသူဌေးသည် အမျက်ထွက်သော်လည်း သည်းခံလျက် ထို တက္ကတုန်းတို့ နို့ဆမ်းစားပြီးပြန်သွားကြသော် နို့ဂဏာကိုစားကာနေ၏။ ဝိသာခါသည် လာ၍ သူဌေးကြီးကို ယပ်ခတ်ပေးကာနေ၏။ ထိုအချိန်တွင် မထေရ်တပါးဆွမ်းခံရင်း ထိုသူဌေးအိမ်သို့ ဝင်ရောက်လာ၏။ သူဌေးကြီးသည် မထေရ်ကိုမမြင်ဟန်ဆောင်၍ စားမြဲစားနေ၏။

ထိုအခါ ဝိသာခါက "ကန်တော့ဆွမ်းပါဘုရား။တပည့်တော်၏ယောကျွမသည် အဟောင်းကိုသာ စားသောက်ပါသည်ဘုရား"ဟု လျှောက်လိုက်၏။ ဤတွင် မိဂါရသူဌေးသည် သည်းမခံနိုင်တော့ဘဲ အမျက်ခြောင်းခြောင်းထွက်ကာ "ဤ သူယုတ်မကို အိမ်မှနှင်ထုတ်ကြလော့။ ဤသို့သောမင်္ဂလာအခါမြတ်၌ ငါ့ကို အညစ်အကြေးစားသူဖြစ်အောင်ပြုဘိ၏"ဟု ဆို၏။

ဝိသာခါက "ကျွန်မသည် ဤစကားမျှဖြင့်ထွက်မသွားနိုင်ပါ။ကျွန်မကို ဆုံးမရန် ဘခင်ကြီးက သူကြွယ်ပညာရှိရှစ်ဦးကို ထည့်ပေးလိုက်ပါ၏။ ထို သူကြွယ်တို့ကိုခေါ်ပြီး အပြစ်ရှိမရှိမေးပါဦးလော့"ဟု ဆို၏။

ထိုသူကြွယ်တို့ လာရောက်၍ မေးမြန်းသော် သူဌေးကြီးက "ငါသည် နို့ဂဏာကိုရှေ့ခွက်၌စားနေစဉ် ငါ့ကို အညစ်အကြေးစားသောက်သူဟုဆိုဘို့၏"ဟူ၍ ပြောကြား၏။

ဝိသာခါက "ကျွန်မ ဤသို့မပြောပါဘူး။ သူဌေးကြီးသည် ဆွမ်းလာရပ်သည့် မထေရ်ကို မမြင်ဟန်ဆောင်နေသဖြင့် 'ငါ့ယောကျွမသည်ဤဘဝ၌ ကောင်းမှုကိုမပြု၊ ရှေ့ကပြုခဲ့သည့်ကောင်းမှုကံ၏အကျိုးကိုသာ ခံစားဘို့၏' ဟု ကြံစည်မိ၍ 'ကန်တော့ဆွမ်းပါဘုရား။ တပည့်တော်၏ ယောကျွမသည် အဟောင်းကိုသာ စားသောက်ပါ၏'ဟု ပြောပါသည်။ ဤသို့ပြောရာတွင် ကျွန်မမှာ ဘယ်အပြစ်ရှိပါသနည်း"ဟု ဆိုလေ၏။

သူကြွယ်ရှစ်ဦးတို့က "ဤကိစ္စ၌ ဝိသာခါမှာအပြစ်မရှိပါ"ဟု ဆိုသော် သူဌေးကြီးသည် ကျေနပ်သွားပြီး ဝိသာခါအား တောင်းပန်လေ၏။

ဝိသာခါက "ဘခင်အား သည်းခံသင့်သမျှကို သည်းခံပါ၏။ သို့ရာတွင် ကျွန်မသည် ဘုရားရှင်၏သာသနာ၌ မဘုန်မလွှပ် ယုံကြည်သူဖြစ်၍ ရဟန်းသံဃာနှင့်ကွေကွင်းမှုမရှိနေလိုပါ။ ရဟန်းသံဃာတို့လုပ်ကျွေးခွင့်မရလျှင် ဤအိမ်၌မနေလို,ဆင်းသွားပါအုံ"ဟု ဆိုလေ၏။

ထိုအခါ သူဌေးကြီးက "ချစ်သမီးအလိုရှိတိုင်း ရဟန်းတော်တို့ကို လုပ်ကျွေးပါလော့"ဟု ခွင့်ပေးလေ၏။ ဝိသာခါသည် (တန်ခိုးပြရန် သာဝတ္ထိပြည်၌သီတင်းသုံးနေသော)ဘုရားရှင်အား ရဟန်းသံဃာအပေါင်းနှင့်တကွ

နောက်တနေ့နံနက်ဆွမ်းဘုဉ်းပေးကြွရန် ပင့်ဘိတ်စေ၏။ အစေလက တက္ကတွန်းတို့သည် မိဂါရသူဌေးအိမ်သို့ ဘုရားရှင်ကြွတော်မူကြောင်း ကြားလျှင်သွားကြ၍ အိမ်နောက်ဖေးဦ၌ ဝန်းရံနေကြ၏။

ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား ဆွမ်းကပ်ရန် ပူဇော်ဘွယ်တို့ကို စီရင်ပြီးသော် "ငါ့ယောကျွမသည် လာ၍ ဘုရားရှင်ကို လုပ်ကျွေးပါလော့" ဟု အကြောင်းကြားစေ၏။ ထိုတက္ကကွန်းတို့က တားသဖြင့် သူဌေးကြီးမသွားဘဲ နေ၏။

ဝိသာခါသည် ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးပြီးသော် "ငါ့ ယောကျွမသည် လာ၍ တရားနာပါလော့" ဟု အကြောင်းကြားစေ၏။ "ယခု ငါ့မသွားလျှင် မသင့်" ဟု ဆိုသဖြင့် တက္ကတွန်းတို့က "ကန့်လန့်ကာနောက်ကွယ်က တရားနာလော့" ဟု ဆိုကြ၏။ သူဌေးကြီးလည်း ထိုအတိုင်းနေကာ တရားနာလေ၏။

ဘုရားရှင်သည် ကြည်လင်ပြတ်သား ရဲရင့်သောအသံတော်ဖြင့် ဒါန, သီလ, သဂ္ဂ စသည်နှင့်ပတ်သက်၍ မဂ်ဖိုလ်ရကြောင်းတရားမိုးကို သွန်ချဟောကြားတော်မူ၏။ သူဌေးကြီးသည် ထိုတရားကိုကြားနာရ၍ သောတာပန်ဖြစ်လေသော် တင်းတိမ်ကဲ့ခြိမ, ပြီးထွက်လာကာ ဝိသာခါ၏ သားမြတ်ကို ပါးစပ်ဖြင့်ယူစို့လျက် "ချစ်သမီး၊ ယနေ့မှစ၍ သင်သည် ငါ၏မိခင်ပေတည်း" ဟု ဝိသာခါကို မိခင်အရာ၌ထားလေ၏။ ဝိသာခါသည်ထိုအခါမှစ၍ မိဂါရမာတု(မိဂါရမိခင်)ဟု တွင်လေ၏။

ထို့နောက် သူဌေးကြီးသည် ဘုရားရှင်အား ရိုသေစွာ ရှိခိုးလျက် "မြတ်စွာဘုရား၊တပည့်တော်သည် ဤမျှလောက် ကာလပတ်လုံးဤသာသနာတော်အား ပေးလှူခြင်းသည် အကျိုးကြီးမြတ်လှ၏ဟု မသိခဲ့ပါ။ ယခုမှ ခွေးမကို အမှီပြု၍ သိရပါပြီ။ အပါယ်ဆင်းရဲမှ လွတ်ကင်းရပါပြီ" ဟု လျှောက်လေ၏။

ဝိသာခါသည် နောက်တနေ့ ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆွမ်းပင့်ကျွေးပြန်သော် သူဌေးကတော်ကြီးလည်း တရားတော်ကို နာရ၍ သောတာပန် ဖြစ်လေ၏။ ထိုအခါမှစ၍ ထိုအိမ်သည် သာသနာအာဂုက် အစဉ် တံခါးဖွင့်ထားသည့်အိမ် ဖြစ်လေသည်။

ထိုနောက် မိဂါရသူဌေးသည် "သြ၊ ငါ့ခွေးမကား ငါ့အပေါ်၌ ကျေးဇူး အထူးများလှဘိ၏။ ငါ့ခွေးမလိမ္မာအား တစုံတခုဖြင့် ပူဇော်ပေအံ့။ငါ့ခွေးမအဘို့ လေးလံလှသော မဟာလတာတန်ဆာကြီး အခါခပ်သိမ်း

ဝတ်ဆင်ရန် မတတ်နိုင်။ ငါ့ချွေးမအတွက် နေ့ညမရွေး အမြဲဝတ်ဆင်နိုင်မည့် ပေါ့ပါးသော တန်ဆာကို ငါပြုပေအံ့'' ဟု ကြံ၍ တခဲနက် ပြေပြစ်ချောမွေ့ပေါ့ပါသော အဘိုးတသိန်းထိုက်သည့် 'ဃနမဌက'အမည်ရှိသော တန်ဆာကို ပြုလုပ်၍ ဆင်ယင်ပေးလေ၏။

၁၂၉။ ဥပ္ပလဝဏ်ထေရီမအကြောင်း

သာဝတ္ထိပြည်၌ ကုဋ္ဌေတရာ့ခြောက်ဆယ် ကြွယ်ဝ ချမ်းသာသော သူဌေးကြီးတဦးမှာ ကြာညိုအဆင်းနှင့်တူ၍ 'ဥပ္ပလဝဏ်'ဟု အမည်ပေးအပ်သော သမီးတဦးရှိ၏။ ဥပ္ပလဝဏ်သည် အရွယ်ရောက်လျှင် အလွန်ပင် အဆင်းလှသဖြင့် မြင်မြင်သမျှသော ယောကျ်ားမိန်းမတို့သည် ချီးပအံ့သြ၍ အဆင့်ဆင့်ပြောကြသဖြင့် ဇမ္ဗူဒိပ်အလုံး၌ သူမ၏ အလှအပ ထင်ရှား ကျော်စောလေ၏။

ထိုအခါ တရာ့တပါးသော ထီးဆောင်းမင်းအပေါင်းသည်ဌင်း၊ စည်းစိမ်ကြီးကျယ်သော သူဌေးသူကြွယ်တို့သည်ဌင်း၊ အောင်သွယ်တမန်ဖြင့် ဘခင်သူဌေးကြီးထံ ဥပ္ပလဝဏ်ကို တောင်းခံလာကုန်၏။

ထိုအခါ အဘသူဌေးကြီးသည် "ဤသမီးတဦးမျှဖြင့် တောင်းခံလာကြသော မင်းပုဏ္ဏားသူဌေးတို့၏ နှလုံးကို ပြည့်စေရန် ငါမတတ်နိုင်ရာ။ ငါနှင့် ငါသမီးနှစ်ဦးလုံးအား ဘေးရန်ဖြစ်လာလတံ့။ ဤဘေးရန်မှ လွတ်အံ့သော ဥပါယ်ကိုပြုအံ့'ဟု ကြံ၍ သမီးကိုခေါ်ပြီး "ချစ်သမီး၊ သင်သည် ဤလူ့ဘုံ ဘဝ ကာမဂုဏ်ကို စွန့်၍ ရဟန်းပြုနိုင်အံ့လော့'' ဟု မေးလေ၏။

ဥပ္ပလဝဏ်လည်း ပါရမီပြည့်ပြီးသူဖြစ်၍ အဘမပြောမီကပင် ရဟန်းပြုချင်နေရကား (ယခု ဘုရားရှင် ဇေတဝန်ကျောင်းသို့ တန်ခိုး ပြာဋိဟာပြရန် ကြွရောက် သီတင်းသုံးတော်မူစဉ်တွင်) "ဘခင်၊ ကျွန်ုပ် ရဟန်းပြုနိုင်ပါ၏။ ကျွန်ုပ်ကို သာသနာသို့ လျင်စွာ သွတ်သွင်းပါလော့'' ဟု ဆိုလေ၏။ မိဘတို့လည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့်ပင် ရတနာထမ်းစင်ပေါ် တင်လျက် ရဟန်းမများကျောင်းသို့ဆောင်၍ ရဟန်းပြုစေလေ၏။ 'ဥပ္ပလဝဏ်ထေရီမ' ဟု တွင်၏။

ဥပ္ပလဝဏ်ထေရီမသည် ရဟန်းပြုပြီး၍ မကြာမီပင် ဥပုသ်နေ့နှင့် ကြုံ၍ ဥပုသ်အိမ်၌ ဆီမီးထွန်းခြင်း, တံမြက်လှည်းခြင်း တာဝန်ကျလေ၏။ ထေရီမသည် ဆီမီးညှိထွန်းပြီး၍ ဥပုသ်အိမ်ကို တံမြက်လှည်းနေစဉ် မိမိညှိထွန်း

ထားသည့် ဆီမီးလျှံကိုအာရုံပြုလျက် တေဇောကသိုဏ်းကိုရသဖြင့် သမာပတ် (စျာန်)ရှစ်ပါးကို ရလေ၏။ ထိုနောက် ထိုစျာန်ကို အခြေပြု၍ ဝိပဿနာ ဉာဏ်ဖြင့် ရှုသော် အဘိညာဏ်ငါးပါးနှင့်တကွ ရဟန္တာ အဖြစ်သို့ ရောက်လေ၏။

ထို့နောက် အခါဘပါး၌ ဥပ္ပလဝဏ်ဘုရား ဇနပုဒ်၌ ဗေဿဝရီ လှည့်လည်ပြီး ပြန်လာသော် "အန္ဓဝန" မည်သော သူကန်း(သူမိုက်) တော်သို့ ဝင်၍ သီတင်းသုံး၏။ ထေရိမအတွက် လူတို့က ထိုတောအုပ်၌ ကျောင်းငယ် ဆောက်ပေး၍ ညောင်စောင်းကို ခင်းပေးကုန်၏။ ဥပ္ပလဝဏ်သည် သာဝတ္ထိ ပြည်၌ ဆွမ်းခံ လှည့်လည်ပြီး ပြန်ထွက်လာ၏။

မထေရ်မ၏ ဦးရီးသားဖြစ်သော 'နန္ဒ'လုလင်သည် ဥပ္ပလဝဏ်ကို လူ့ဘဝတုန်းက ချစ်ကြိုက်စဲ့လမ်းခဲ့သဖြင့် မထေရ်မ, မရောက်မီ ထိုကျောင်းငယ်သို့ ဝင်၍ ညောင်စောင်းအောက်၌ ပုန်းနေနှင့်၏။ ထေရိမလည်း ကျောင်းထဲဝင်၍ တံခါးကိုပိတ်ပြီး ညောင်စောင်းပေါ် ထိုင်ကာမျှဉ်နန္ဒသည် အောက်မှ ထွက်၍ ညောင်စောင်းပေါ် တက်လာပြီးသော်-

"ဟယ်-လူမိုက် မဖျက်ဆီးနှင့်" ဟုမထေရ်မက တားမြစ်စဉ်ပင် နန္ဒသည် ဗလကာရပြုကျင့်ပြီး ထွက်သွား၏။ နန္ဒသည် မထေရ်မ မြင်လောက်သော အရပ်ကို လွန်သည့် ခဏ၌ပင် မြေမျိုခံရပြီး အဝီစိငရဲသို့ ကျလေ၏။

မထေရ်မလည်း ထိုအကြောင်းကို သီတင်းသုံးဖော် ရဟန်းမတို့အား ပြောကြား၏။ ထိုမှတဆင့် ရဟန်းယောကျ်ားတို့ ကြားကြလေသော် တရား သာဝင်ဝယ် "ရဟန္တာတို့လည်း ခြောက်သွေ့သည့် သစ်ငုတ်မျှားမဟုတ်။ စွတ်စိုသည့် အသားရှိသောကိုယ်ရှိကုန်သဖြင့် ကာမဂုဏ်ချမ်းသာကို သာယာနှစ်သက် ခုံမင် တပ်မက် မှီဝဲကြသည်သာတည်း" ဟု ပြောဆိုကြ၏။

ဘုရားရှင်သည် တရားသဘင်သို့ကြွလာ၍ ထိုရဟန်းတို့အား ထိုအကြောင်းကို မေးတော်မူပြီးသော် "ရဟန်းတို့၊ ရဟန္တာတို့သည် ကာမဂုဏ်ချမ်းသာကို မသာယာကြကုန်။ ကာမဂုဏ်ကို မမှီဝဲကြကုန်။ ပဒုမာကြာရွက်တွင် ရေမတင်သကဲ့သို့ ရဟန္တာတို့၏ စိတ်သည် ဝတ္ထု၊ ကိလေသာ နှစ်ဖြာသော ကာမတို့၌ ကပ်ငြိခြင်း မရှိပေ" ဟု၍ မိန့်တော်မူလေ၏။

ဥပ္ပလဝဏ်ထေရိမသည် အဘိညာဉ်အရာ၌ အလွန် ထူးကဲ မြင့်မြတ်သဖြင့် နောင်အခါ ဘုရားရှင်က ရဟန်းမတို့အား ဧတဒဂ်ပေးတော်မူသောအခါ "ရဟန်းတို့၊ အဘိညာဉ်တန်ခိုးကြီးမြတ်သော ငါဘုရား၏ တပည့် ရဟန်းမတို့

တွင် ဥပပ္ပလဝဏ်သည် အမြတ်ဆုံးဖြစ်ပေ၏''ဟူ၍'အဘိညာဉ်-တေဒဂ်'ပေး၍ ဘုရားရှင်၏ အဂ္ဂသာဝိကာမအရာ၌ ထားတော်မူလေ၏။

၁၃၀။ တန်ခိုးဖြင့် သရက်ပင်ကြီး နေ့ချင်းပေါက် ပွင့်သီးခြင်း

ဝါဆိုလပြည့်နေ့ ရောက်သော် ဘုရားရှင်သည် နံနက် စောစောကပင် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံရန် ဇေတဝန်ကျောင်းမှ ထွက်လာတော်မူ၏။ ထိုအခါ ကောသလမင်းကြီး၏''ကဏ္ဍ''မည်သော ဥယျာဉ်မှူးသည် ဥယျာဉ် အတွင်း သရက်ပင်တပင်ပေါ်ဝယ် ခါချဉ်အုံ အတွင်း၌ ကြွင်းကျန်ရစ်သော သရက်ဖြူသီးတလုံးကိုရ၍ မင်းကြီးအား ဆက်သရန် ယူဆောင်လာသော် ခရီးအကြာင်း၌ပင် ဘုရားနှင့်တွေ့၍ ''ယနေ့မင်းကြီးအား ဤသရက်သီးကိုဆက် ရသော်တဆဲ့ခြောက်ကျပ်သာ ရရာ၏။ဘုရားရှင်အား လှူသော် နောင်ဘဝ အနန္တတိုင် အကျိုးထူးကို ရပေလတံ့''ဟု ကြံလျက် ဘုရားရှင်အား ဆက်ကပ် လှူဒါန်းရန် အားထုတ်လေ၏။

လက်ခံအံ့သော အခြင်းအရာကို ဘုရားရှင်ပြတော်မူလျှင် အရှင်အာနန္ဒာသည် ဘုရားရှင်၏ (စတုမဟာရာဇ်နတ်မင်းကြီးမလေးဦးတို့က လှူအပ်သော) သပိတ်တော်ကို အိတ်မှ ထုတ်၍ ဘုရားရှင်၏ လက်တော်သို့ ကပ်လေ၏။ ဘုရားရှင်သည် ထိုသရက်သီးကို သပိတ်တော်ဖြင့် ခံယူပြီး ထိုနေရာ(ဥယျာဉ် အနီး)၌ထိုင်အံ့သော အခြင်းအရာကိုပြ၍ အရှင်အာနန္ဒာက ပုခုံးထက်ပါသော သင်္ကန်းကို ခင်းပေးလေ၏။

ဘုရားရှင်လည်း ထိုသင်္ကန်းခင်းပေါ်၌ ထိုင်တော်မူလျက် သရက်သီးကို ဘဉ်းပေးတော်မူ၏။ ဘဉ်းပေးပြီးသော် ထိုဥယျာဉ်မှူးအား၀င် ''ဤနေရာ၌ စိုက်လော့'' ဟု သရက်စေ့ကို ပေးတော်မူ၏။ ကဏ္ဍဥယျာဉ်မှူးလည်း မိန့်တော်မူတိုင်း စိုက်လေသော် ဘုရားရှင်က ထိုစိုက်ရာ မြေပေါ်၌ လက်ဆေး တော်မူ၏။ လက်ဆေးရေသည် မြေပေါ်သို့ ကျလျှင်ပင် ထွန်တုံးပမာဏ ပင်စည်ရှိသော သရက်ပင်ညောက်ကြီး မြေမှ တမှုတ်အတွင်း ပေါ်တက် လာပြီး ခဏအတွင်းမှာပင် ခက်မကြီးငါးခုနှင့်တကွ အခက်အလက်ငယ်တို့ ဖြင့် ဝေဝေဆာဆာကြီး ဖြာထွက်လာကာ အမြင့် အတောင် ငါးဆယ်၊ အကျယ်အပြန့်အားဖြင့် အတောင်တရာ ရှိလေ၏။

နောက် ခဏချင်းပင် အပွင့်အသီးများ တရိပ်ရိပ် ပွင့်သီး ဖုံးလွှမ်းကာ သရက်သီးမှည့် အခိုင်တို့ဖြင့် တပင်လုံး ပြည့်နှက်လျက် ရှိလေ၏။ ဘုရားရှင်

နောက်မှ လိုက်ပါကုန်သော ရဟန်းအပေါင်းသည် ထိုအပင်၌ သီးသော သရက်သီးမှည့်များကို သုံးဆောင်ရကုန်၏။(ဤသရက်ပင်ကား ကဏ္ဍဥယျာဉ်မှူး စိုက်ပျိုးအပ်သောကြောင့် 'ကဏ္ဍမ္ဗရက္ခ'မည်၏။)

ထိုအံ့ဘွယ်သရဲကို မြင်လျှင် ကဏ္ဍဥယျာဉ်မှူးသည် ဝမ်းသာရှင်လန်း လွန်ကဲစွာ ပီတိဖြစ်လျက် ကခုန်မြူးတူးကာ သာဝတ္ထိပြည်အတွင်းသို့ ဝင်၍ အိမ်စဉ်အတိုင်း ကြွေးကြော်ပြီး နန်းတော်သို့ ဝင်လေ၏။

ကောသလမင်းကြီးလည်း ထိုသရက်ပင်ကြီး အကြောင်း အံ့ဩဘွယ်ရာကြားရလျှင် အလွန် အားရဝမ်းသာစွာဖြင့် မင်းချင်းယောကျ်ားတို့အား "သွား၍ ထိုသရက်ပင် စောင့်ရှောက်ကြချေ။ မည်သူဘဦးမျှ မခုတ်ဖြတ်ရ" ဟု အမိန့်ထုတ်ကာ အစောင့်အရှောက် ချထားစေပြီးမှ မင်းသမီး, မင်းသား, မိဖုရား, မှူးမတ်, သေနာပတိ အားလုံးအား "ဘုရားရှင် တန်ခိုးပြာဋိဟာ ပြသည်ကို ထွက်၍ ကြည့်ကြကုန်လော့" ဟု နှိုးဆော်လေ၏။

ထိုဥယျာဉ်မှူး၏ စကားကို ကြားကြသဖြင့် တန်ခိုးပြာဋိဟာပြပွဲကို ကြည့်ရှုရန် အဝေးမှ လာ၍ နေလင့်ကုန်သော သူတို့သည်လည်း အချင်းချင်း ပြောဆိုခေါ်ငင်ကြ၍ သာဝတ္ထိပြည်အလုံးသည် အုတ်အုတ်ကျက်ကျက် ကြီးစွာသောအသံ ဖြစ်လေ၏။

ထိုနောင်မှ သေသောက်ကြူးတို့သည်လည်း သရက်ပင်မှ ကြွေကျသော သရက်သီးမှည့်တို့ကို စားပြီးသော် ကြည့်ရှုဖျက်ဆီးရန် လာကုန်သော တိတ္ထိတို့အား စားဖတ်သရက်စေ့တို့ဖြင့် ပစ်ခတ်ကုန်လျက် "ဟယ် တိတ္ထိပျက်တို့၊ ငါတို့ဆရာ ဂေါတမနှင့် တန်ခိုးပြိုင်၍ ပြမည်ဟု သင်တို့ ကြုံးဝါးကြကုန်၏။ သင်တို့ပြုသည့် တစုံတခုသော အံ့ဩဘွယ်ရာအထူးကို ငါတို့ မမြင်ရကုန်။ 'ဘုရားရှင်သည် သရက်ပင်အနီး၌ တန်ခိုးပြမည်'ဟု ကြားသဖြင့် မြို့တွင်း မြို့ပြင် တယူဇံနာ ထက်ဝန်းကျင်ရှိ သရက်ပင်အကြီးအငယ် ဟူသမျှကို သင်တို့ဖျက်ဆီးခဲ့ကုန်၏။ ဘုရားရှင် တန်ခိုးပြမည့် သရက်ပင်ကား ဤသရက်ပင်တည်း" ဟု ခြိမ်းချောက်ဆဲရေးကုန်၏။

တိတ္ထိတို့လည်း သရက်စေ့များဖြင့် အပေါက်ခံရ၍ ရှက်ကြောက်ကုန်ရကား မိမိတို့ဆောက်လုပ်ထားသည့် မဏ္ဍပ်ထဲ၌ စုဝေးကာ နေကြကုန်၏။

၁၃၁။ တိတ္ထိဆရာကြီးတို့ထွက်ပြေးပျက်စီးကြခြင်း

ထိုအခါ သိကြားမင်းသည် 'လေနတ်သား'ကို ခေါ်၍ "တိတ္ထိတို့၏ မကွာပ်ကို လေဖြင့် တိုက်ဝှေ့ တိုင်ပါကျတ်စေ၍ ဖျက်ဆီးလော့" ဟု စေခိုင်း၏။ လေနတ်သားက ထိုသို့ပြုလုပ်သော် တိတ္ထိတို့၏ မကွာပ်သည် အပိုင်းပိုင်းကျိုးပြတ်၍ ပြိုလဲပျက်စီးလေ၏။

ထိုနောက် သိကြားမင်းသည် 'နေနတ်သား'ကို ခေါ်၍ နေဗိမာန်ကို အောက်ချပြီး တိတ္ထိတို့ အပေါ်၌ လွှန်စွာ ပူစေခြင်းဖြင့် နှိပ်စက်လော့" ဟု စေခိုင်း၏။ နေနတ်သားလည်း အမိန့်တော်အတိုင်း ပြုလုပ်လေ၏။ ထိုနောက် လေနတ်သားကိုပင် တဖန် လေဇေတိုက်ခတ်ခိုင်းသဖြင့် တိတ္ထိတို့၏ ချွေးဒီးဒီးကျသော ကိုယ်တို့မှာ မြူမှုန်ဖုံလုံးတို့ဖြင့် ဖုံးလွှမ်း လိမ်းကျံလေကုန်၏။

နောက် သိကြားမင်းသည် 'မိုးနတ်သား'ကို ခေါ်၍ အလွန်ကြီးသည့် မိုးသီးမိုးပေါက်တို့ကို ပြိုးပြို ပြောက်ပြောက် ရွာသွန်းစေလေ၏။ တိတ္ထိတို့၏ ကိုယ်အလုံးမှာ ကပ်နေသည့် ဖုံများအပေါ် မိုးပေါက်များကျသဖြင့် နွားနို ကျားကြီးများနှင့် တူကုန်၏။

ထို့ကြောင့် တိတ္ထိတို့သည် မကွာပ်ကလည်း ပျက်ခဲ့ချေ, နေကလည်း ပူလှ, လေဇေကလည်း အလွန်ထ, မိုးသီးကလည်း တဖြောက်ဖြောက်ရွာသဖြင့် နွားနိကျားကြီးများနှင့် တူသည့်ကိုယ်များ ရှိလျက် ပရိသတ်အား အမြင်မခံဝံ့ကြဘဲ ခိုးကိုးရာမရ, ဦးတည်ရာ ထွက်ပြေ ကြလေကုန်၏။

ထွက်ပြေးကြသည့် တိတ္ထိဆရာကြီး ခြောက်ဦးတို့အနက် 'ပူရဏကဿပ' တိတ္ထိဆရာကြီး၏ အလုပ်အကျွေး ဒါယကာ လယ်သမားတဦးသည် "ငါ့ဆရာတန်ခိုးပြာဋိဟာ ပြသည်ကို ကြည့်ရှုအံ့" ဟု ကြံလျက် နံနက်စောစောကပင် လယ်ထွန်ရာမှ နွားတို့ကို ထွန်မှ ဖြုတ်လွှတ်ခဲ့ပြီး ပါလာခဲ့သည့် ယာဂုထည့်အိုး, ကြိုး, နှင်တံတို့ကို ယူဆောင်၍ တန်ခိုးပြရာသို့ လာလေ၏။

ထိုသူသည် ရေးကြီးသုတ်ပြာ ပြေးသွားနေသည့် ပူရဏကဿပဆရာကြီးကို မြင်လျှင် "အရှင်ဘုရား၊ အဘယ်မှာ တန်ခိုး ပြတော်မူအံ့နည်း" ဟု မေးလေ၏။

ထိုအခါ ကဿပဆရာကြီးက "ဒါယကာ၊ ပြိုင်တာကို ဖူးမြင်လိုလျှင် ငါ့ကိုယ်ကိုသာ ကြည့်လော့။ သင့်ပြာဋိဟာဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင်ယူလာခဲ့သည့် ဤအိုးနှင့် ကြိုးကိုသာ ငါ့အားပေးလော့"ဟု ဆိုလေ၏။

ကဿပဆရာကြီးသည် ထိုဒါယကာပေးသည့် အိုးနှင့် ကြိုးကို ယူဆောင်ကာ ရေစီးသော ချောင်းကမ်းထိပ်သို့ သွား၍ အိုးထဲသို့ သဲအပြည့်ထည့်ပြီး ကြိုးဖြင့် လည်ပင်း၌ ဖွဲ့ချည်၍ မြစ်ရေအယဉ် ဝဲကြိုးထဲသို့ ခုန်ဆင်းလေ၏။ သူသည် ရေထဲ၌ နစ်မြုပ်ကာ သေလွန်သော် အဝီစိငရဲ၌ ဖြစ်လေ၏။

၁၄၂။ ဘုရားရှင် ဇရမီးအစုံ တန်ခိုးပြာဋိဟာကို ပြခြင်း

ညနေချိန်ရောက်သော် သီကြားမင်းသည် "ဘုရားရှင်အတွက် ရတနာမဏ္ဍပ် ဆောက်လုပ်ရန် ငါ၏ တာဝန်ပေတည်း"ဟု ဆင်ခြင်သိရှိ၍ 'ဝိသကြုံနတ်သား'ကို စေလွှတ်ပြီး ရတနာခုနစ်ပါးဖြင့် ပြီးသော ကြီးကျယ်ခမ်းနားလှ, သည့် ရတနာမဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၏။ ထိုမဏ္ဍပ်၌ပင် ရဟန်းသံဃာအပေါင်းတို့ စုဝေး သီတင်းသုံးတော်မူကြ၏။

ထိုအခါ ဘုရားရှင်သည် တန်ခိုးပြာဋိဟာကို ပြတော်မူရန် ဂန္ဓကုဋီတိုက်မှ ထွက်ကြွတော်မူလာပြီး ထိုရတနာမဏ္ဍပ်ကြီး အတွင်းရှိ မြင့်မြတ်သော ရတနာပလ္လင်ထက်တွင် နတ်ထီးဖြူဆောင်းမိုးလျက် တင်ပလ္လင်ခွေ သီတင်းသုံးတော်မူ၏။

ထိုအချိန်တွင် ဘုရားရှင်၏ တန်ခိုးပြာဋိဟာကို ကြည့်ရှုရန် ရာဇဂြိုဟ်ပြည်မှၿငင်း၊ သာဝတ္ထိပြည် ထက်ဝန်းကျင်မှၿငင်း ရောက်လာကြသော အလွန်ကြီးမားသည့် လူ့ပရိသတ်ထုကြီးသည် ထိုနေ့ရာ၌ စုဝေး နေထိုင်ကြကုန်၏။ စကြဝဠာတိုက်တသောင်း၌ နေကြကုန်သော နတ်ဗြဟ္မာ အပေါင်းတို့လည်း ထိုနေ့ရာသို့ တပြိုင်နက် စုဝေးရောက်လာကြကုန်၏။

ထိုအခါ စုဝေးရောက်လာ နေထိုင်ကြသည့် ဘုရားရှင်၏ သာဝက ရဟန်းများနှင့် ဥပါသကာများထဲမှ ရှေးဦးစွာ 'သရဏီ'မည်သော ဥပါသိကာမ, နောက် 'စူဠအနာထပိဏ်'သူဌေး, နောက် ခုနစ်နှစ် အရွယ်ရှိ 'စိရ'မည်သော သာမဏေ, နောက် ခုနစ်နှစ်အရွယ်ရှိ 'စုန္ဒ'မည်သော သာမဏေ, နောက် အဂ္ဂသာဝိကာမဖြစ်သော 'ဥပ္ပလဝဏ်'အမည်ရှိ ထေရီမ, နောက် လက်ဝဲရံ အဂ္ဂသာဝက တန်ခိုးအရာ၌ ဇောဒ်ရသော 'အရှင်မောဂ္ဂလ္လာန်'မထေရ်တို့သည် အသီးသီးထဘဲ့၍ ဘုရားရှင်အား ရိုသေစွာ ရှိခိုးလျက်-

"မြတ်စွာဘုရား၊ တပည့်တော်(တပည့်တော်မ)ကဲ့သို့သော သားကောင်း (သမီးကောင်း)ရှိပါလျက် ရှင်တော်ဘုရား အပင်ပန်း မခံသင့်ပါ။ ဤ၌ တန်ခိုးပြာဋိဟာကို တပည့်တော် ပြပါရစေ"ဟု တန်ခိုးပြပုံနှင့်တကွ အသီးသီး လျှောက်ထားတောင်းပန်လေ၏။

ဘုရားရှင်လည်း ထိုသူတို့ အသီးသီးလျှောက်ထားသည့် တန်ခိုးအဖုံဖုံကို ကြားတော်မူလျှင် အသီးသီးအား "သင်သည် ဤသို့သော တန်ခိုးပြာဋိဟာကို ပြနိုင်ကြောင်း ငါဘုရား သိတော်မူ၏။ သို့ရာတွင် ဤမျှ များလှစွာသော ပရိသတ်အစည်းအဝေးကို သင်၏အလို့ငှာ ငါဘုရား စုစည်းတော်မူသည် မဟုတ်။ ယခုအခါကား ငါဘုရား၏ သဘင်တော်သာ ဖြစ်ရာ၏။ သင်ချစ်သားတို့ တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါဘုရား၏ဝန်ကို သင်တို့ မဆောင်နိုင်ရာ။ ငါဘုရားကား သူမတူတန်ဝန်ကို ဆောင်နိုင်သူ ဖြစ်၏။ ငါဘုရား၏ ဝန်ကို အခြားဆောင်နိုင်မည့်သူ မရှိချေ။ ယခု ဘုရားဖြစ်သော အခါ ငါဘုရား၏ဝန်ကို အခြား ဆောင်နိုင်မည့်သူ မရှိခြင်းကား မအံ့ဩလောက်သေး။ ပါရမီနုစဉ် ငါဘုရား နန္ဒိဝိသာလ နွားမင်း ဖြစ်စဉ်ကလည်း ငါဘုရား၏ ဝန်ကို ဆောင်နိုင်သူ မရှိခဲ့ချေ"ဟူ၍ မိန့်တော်မူပြီး 'နန္ဒိဝိသာလ ဇာတ်'(ဇာ-၂၈)ကို ဟောတော်မူလေ၏။

ထိုနောက်မှ ဘုရားရှင်သည် အရှေ့နှင့်အနောက် စကြစဋ္ဌာတိုက် တသောင်းအလျားရှိသော, အနံ တဆဲ့နှစ်ယူဇနာရှိသည့် ရတနာစက်ကြီးကို ဖန်ဆင်းတော်မူပြီး ထိုရတနာစက်ထက်သို့ ကြွတော်မူ၏။ လူပရိသတ်တို့ကား ရှေ့,နောက်,ဝဲ,ယာ တဆဲ့နှစ်ယူဇနာစီ ရှိလေ၏။ နတ်ဗြဟ္မာ ပရိသတ်တို့ကား အပိုင်းအခြားမရှိ, များလှဘိ၏။

ဘုရားရှင်သည် ထိုမျှ များပြားလှသော လူနတ်ဗြဟ္မာ ပရိသတ်တို့၏ အလယ်၌ ထက်ကောင်းကင်ပြင်ဝယ် ရပ်တော်မူလျက်ပင် ရေမီးအစုံ ယမိုက်ပြာဋိဟာကို ပြရန် စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။ ရှေးဦးစွာ 'မီးလျှံ'ကို ဖြစ်စေသောငှာ 'တေဇောကသိုဏ်း'ကို အာရုံပြု၍ဝင်း၊ နောက် 'ရေအယဉ်' ဖြစ်စေသောငှာ 'အာပေါကသိုဏ်း'ကို အာရုံပြု၍ဝင်း၊ နောက် အရှိန်အလျှံနှင့် တကွသော ရောင်ခြည်ခြောက်သွယ် ဖြစ်စေသောငှာ 'နီလာဒီကသိုဏ်း'ကို အာရုံပြု၍ဝင်း စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။

ထို့နောက် ဘုရားရှင်သည် ကပိလဝတ်ပြည်ဝယ် ဆွေတော်မျိုးတော်တို့၏ မာန်မာနကို ချိုးနှိမ်ရန် ရေမီးအစုံ ယမိုက်ပြာဋိဟာကိုပြသော နည်းအတိုင်း ရတနာစက်ထက်၌ စက်ကြွတော်မူလျက်ပင် ပြတော်မူ၏။ ကိုယ်

တော်မှထွက်သော မီးလျှံသည် ဘဝဂ်တိုင်အောင် တဖြောင်ဖြောင်တက်၍ ကိုယ်တော်မှထွက်သော ရောဇာယဉ်သည်လည်း တသွင်သွင် ယိုစီးဖြာလျက် ကြီးမားသော ရေအယဉ်သည် ဖြစ်လေ၏။ ဤသို့သော ရေမီးအစုံစုံတို့ကား တသွင်သွင်ပြောင်းလဲ၍ ဖူးလိုက်တိုင်း အဆင်ကဲ့သဖြင့် အံ့သြ၍မကုန် ရှု၍မဝ ဖြစ်ကုန်လေ၏။

ထိုသို့ တန်ခိုးပြ ဋီဟာကို ပြနေစဉ်တွင်ပင် ဘုရားရှင်သည် လောကဝိဝရဏ(လောကကြီးကို ဖွင့်ပြခြင်း)ကို ပြရန် 'ဩဒါတကသိုဏ်း'လျှင်အာရုံရှိသော စတုက္ကစျာန်ကို ဝင်စားတော်မူ၏။ ထိုအခါ မဟာပထဝီမြေကြီးမှစ၍ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် တပြင်တည်း အလင်းရောင်အတိ ဖြစ်ပေါ်ကာ ဟင်းလင်းပြင် ဖြစ်သွားလေ၏။

ထိုအခါ စုဝေးနေထိုင်ကြသော လူအပေါင်းတို့သည် နေရင်းထိုင်ရင်းကပင် စဘုမဘာရာဇ်နတ်ပြည်မှ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ကံအလိုက် ချမ်းသာမှုအမျိုးမျိုးကို ခံစားနေကြသည့် အလုံးစုံသော နတ်ဗြဟ္မာအပေါင်းတို့ကို မြင်ကြရလေ၏။ အောက်မဟာပထဝီမြေကြီးအတွင်း၌ တည်ရှိကြသည့် ငရဲငယ်မြောက်မြားစွာ အခြံအရံရှိသော ငရဲကြီးရှစ်ထပ်တို့ဋ္ဌဂင်း၊ စကြဝဠာတိုက် သုံးခု, သုံးခုတို့ အကြားအကြားရှိ မှောင်အဘိဖြစ်သော လောကန္တရိက်ငရဲတို့ဋ္ဌဂင်း၊ ကံအလိုက် ဒုက္ခအမျိုးမျိုးကို ခံစားနေကြရသည့် ငရဲသားတို့ကိုဂင်း ပကတိမျက်စိဖြင့် မြင်ကြရကုန်၏။

ဘုရားရှင်သည် ထိုသို့ ရတနာစင်္ကြံထက်၌ တန်ခိုးပြာဋီဟာကို ပြတော်မူရင်းကပင် လူအပေါင်းတို့အား စရိုက်နှင့်လျော်ရာ တရားစကားကိုလည်း ဟောတော်မူ၏။ ယင်းသို့ တရားဟောတော်မူလိုလတ်သော် ဘုရားရှင်သည် လူအပေါင်းအား အနားပေးသည့်အနေဖြင့် တန်ခိုးပြခြင်းကို ခေတ္တရပ်စဲထားတော်မူ၏။ ထိုအခါ လူအပေါင်းတို့သည် သာဓုကောင်းချီး ပေးကြလေ၏။

လူအပေါင်းတို့ တရားတော်၌ သက်ဝင်၍ တရားကို ဆင်ခြင်ကြသည်ကို သိတော်မူလျှင် တဖန် တန်ခိုးပြာဋီဟာကို ပြတော်မူ၏။ ထိုသို့ ပရိသတ်ဘွဲ့၏ အလိုအဇ္ဈာသယဓာတ်နှင့် လိုက်လျော သင့်လျော်သော တရားဒေသနာကိုလည်း ဟောတော်မူ၏။

ထိုအခါ ဘုရားရှင်သည် 'မေးကာ, ဖြေကာ' တရားဟောလိုသည် ဖြစ်၍ ထို လူ နတ် ဗြဟ္မာ ပရိသတ်ထဲ၌ ကိုယ်တော်၏ စိတ်အလိုကို ရယူကာ ပြဿနာမေးလျှောက်နိုင်မည့်သူ တဦးကိုမျှ မတွေ့မြင်သဖြင့် 'နိမ္မိတဘုရား'

ကိုယ်တော်ပွားတို့ကို တဆူ၊ နှစ်ဆူ၊ သုံးဆူ စသည်ဖြင့်အစဉ်အတိုင်း တိုးပွားကာ အရာမက ဖန်ဆင်းတော်မူ၏။

ထိုနိမ္မိတ ရုပ်တုပွား ဘုရားရှင်တို့က မေးအပ်သော ပြဿနာကို ပကတိဘုရားရှင်က ဖြေတော်မူ၍ ပကတိ ဘုရားရှင်က မေးအပ်သော ပြဿနာကို နိမ္မိတ ရုပ်ပွား ဘုရားရှင်တို့က ဖြေကြားတော်မူ၏။

ဣရိယာ ပုထ်အာဒိဖြင့်လည်း နိမ္မိတရုပ်ပွား ဘုရားရှင်တို့မှာ အချို့ကား ရပ်ကုန်လျက်၊အချို့ကား စင်္ကြံကွလျက်၊ အချို့ကား လျောင်းကုန်လျက်၊ အချို့ကား ထိုင်ကုန်လျက် တည်ရှိကြကုန်၏။

ပကတိဘုရားရှင်နှင့် နိမ္မိတရုပ်ပွား ဘုရားရှင်တို့သည် အသီးသီးရောင်ခြည် ခြောက်သွယ်တို့ကို လွှတ်ကုန်လျက် ကောင်းကင်တပြင်လုံး ရောထွေးပြွမ်းယှက်နေကာ အလှန်တင့်တယ်စွာ တည်လေကုန်၏။

ဤသို့ဘုရားရှင်သည် ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံသော ရေမီး အစုံစုံ တန်ခိုးပြာဋိဟာကို ပြသဖြင့်၎င်း၊ အကြားအကြား၌ သတ္တဝါတို့၏ စရိုက်အာဒိလျော်စွာ တရားတော်ကို ဟောကြားသဖြင့်၎င်း၊ ကုဋေများစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် သစ္စာလေးပါးကို သိမြင်၍ ကျက်တမ်းဝင်ကြလေကုန်၏။

၁၃၃။ ဘုရားရှင် တာဝတိံသာနတ်ပြည်သို့ကြွခြင်း

ဘုရားရှင်သည် ဤသို့ ယမိုက်ပြာဋိဟာကို ပြတော်မူပြီးနောက် "ရှေးရှေး ဘုရားရှင်တို့သည် ယမိုက်ပြာဋိဟာကို ပြပြီးသော် တာဝတိံသာနတ်ပြည်၌ ဝါကပ်၍ မယ်တော်နတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူကြမြဲ ဖြစ်ကုန်၏" ဟု ဆင်ခြင်၍ သိမြင်တော်မူလေ၏။

ထိုအခါ ဘုရားရှင်သည် ဝါဆိုလပြည့် ညချမ်းဆည်းဆာအချိန်ဝယ် တာဝတိံသာသို့တက်ကြွခြင်းငှာ လက္ခဏာခြေတော်ကို မြှောက်၍ "ယုဂန္ဓိုရ်တောင်ထိပ်၌ ချတော်မူအံ့" ဟု ကြံတော်မူ၏။

ထိုခဏ၌ပင် ယူဇနာပေါင်း လေးသောင်းနှစ်ထောင်မြင့်သော ယုဂန္ဓိုရ်တောင်သည် အလိုလို ကိုင်းညွတ်၍ ဘုရားရှင်၏ ခြေဖဝါးတော် အောက်သို့ ခံလင့်၏။ တဖန် လက်ဝဲခြေတော်ကို ချိတော်မူလျှင် ယူဇနာပေါင်း ရှစ်သောင်းလေးထောင်မြင့်သော မြင့်မိုရ်တောင်သည် ညွတ်ကိုင်း၍ ခြေဖဝါးတော်အောက်သို့ ခံလင့်လေ၏။

ဤသို့လျှင် ဘုရားရှင်သည် ခြေနှစ်လှမ်းတည်းဖြင့် လူ့ပြည်မှသည် တာဝတိံသာ နတ်ပြည်သို့ ရောက်တော်မူလေ၏။

သိကြားမင်းလည်း ဘုရားရှင် ကြွလာသည်ကို မြင်တော်မူလျှင်မိမိထံတွင် ရှိသော နတ်မှူးမတ်တို့နှင့်တကွ ခရီးဦး ကြိုဆိုလာ၍ ဘုရားရှင်နောက်မှ လိုက်လျက် "ဘုရားရှင်သည် တာဝတိံသာ နတ်ပြည်၌ ဝါကပ်တော် မူလို သည် ထင်၏။ ဘုရားရှင်သည် ပင်လယ်ကသစ်ပင်ရင်းရှိ ဤပဏ္ဍုကမ္မလာ မြကျောက်ဖျာကြီး၌ ဝါတွင်းသုံးလပတ်လုံး နေဘော်မူသော် အခြား မည်သည့် နတ်ဗြဟ္မာတဦးမျှ လက်ပင်တင်ထားဝံ့သူ မရှိချေ။ ဤ ပဏ္ဍုကမ္မ လာကား အလျားယူဇနာ ၆၀, အနံယူဇနာ ၅၀, အမြင့် ၁၅ ယူဇနာ ရှိ သဖြင့် ဘုရားရှင်အတွက် ကျယ်လွန်းနေပြီး စကောထဲ၌ စာဝတီးငှက် နား နေသည့်ပမာ ဖြစ်မည်။ နေရာများစွာလည်း အလဟဿ ဖြစ်ချေမည်" ဟု အကြံဖြစ်လေ၏။

ဘုရားရှင်လည်း ထိုအကြံကို သိတော်မူ၍ ကိုယ်တော်၏ ဒုကူဋ္ဌ နှင်ထပ် သက်နှံးကြီးကိုကျောက်ဖျာပေါ်၌လှမ်းလေသော် သက်နှံးသည် ကျောက်ဖျာ တခုလုံးကိုပင် ဖုံးအုပ်မိလေ၏။ နောက် ဘုရားရှင်သည် ပဏ္ဍုကမ္မလာထက် သို့ တက်၍ ထိုင်တော်မူသော် ကျောက်ဖျာ တခုလုံးသည် တင်ပလ္လင်ခွေ အတွင်း၌သာ ရှိလေ၏။

ဤသို့ ဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလေလျှင် လူ့ပြည်၌ တန်ခိုးပြာဋိဟာ ပြပဲ့သို့ စုဝေးရောက်လာကြကုန်သော လူဗိုလ်ပါ အပေါင်းသည်လည်း ကောင်းကင်သို့ မျှော်ကြည့်၍ ဘုရားရှင်ကို မမြင်ကြ လျှင် အရှင်မောဂ္ဂလ္လာန်အား "ဘုရားရှင်အဘယ်သို့ကြွကြောင်း" မေးလျှောက် ကြလေ၏။

အရှင်မောဂ္ဂလ္လာန်သည် မိမိသိမြင်ငြားသော်လည်းအရှင်အနုရုဒ္ဓါ၏ ဂုဏ် ကို ထင်ရှားစေရန် "နတ်မျက်စိကဲ့သို့ သိမြင်သောအရာ၌ ဘုရားရှင်မှတပါး တေဒဂ် ရထားသော အရှင်အနုရုဒ္ဓါကို မေးကြလော" ဟု ဆိုလေ၏။

ဒါယကာတို့ မေးလျှောက်ကြသော် အနုရုဒ္ဓါက် "ဘုရားရှင်သည် တာ ဝတိံသာ နတ်ပြည်ဝယ် ပဏ္ဍုကမ္မလာ ကျောက်ဖျာထက်၌ ဝါကပ်တော် မူ၍ မယ်တော် မိနတ်သား အမှူးပြုသော နတ်ဗြဟ္မာ အပေါင်းအား ဝါ တွင်း သုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောကြားရန် တာဝတိံသာသို့ ကြွတော်မူ၏" ဟု ဖြေကြားတော်မူ၏။

ထိုအခါ လူတို့သည် "ဘုရားရှင်ကို မဖူးမြင်ရသမျှ ဤပြည်က မပြန်အံ့" ကြံပြီးလျှင် သာဝတ္ထိပြည် အနီးဝယ် အသီးသီး သစ်ခက်တဲမဏ္ဍပ်ကို ပြု၍ နေကြကုန်၏။ ထိုသူတို့အဘို့ ကောင်းကင်ကြီးသည်ပင် အမိုးကြီး ဖြစ်၍ မြေကြီးပင် အိပ်ရာဖြစ်လေ၏။ ဘုရားရှင်၌ ရိုသေဝပ်တွား သဒ္ဓါတရား ကြီးမားလှသဖြင့် မြေအပြင်သည် သန့်ရှင်းစင်ကြယ်၍ လူတို့လည်း အနာ ရောဂါ တခုမျှ မကပ်ရောက်ပေ။

ဘုရားရှင်လည်း ရှေးဦးစွာကပင် အရှင်မောဂ္ဂလ္လာန်အား "သင်ချစ်သား သည် ဤပရိသတ်အား တရားဟောရစ်ရမည်။ စူဋ္ဌအနာထပိဏ်သူဌေးက ထိုပရိတ်သတ်အား အစားအစာ ပေးလိမ့်မည်" ဟု မိန့်တော်မူခဲ့ပြီး ဖြစ်၏။ ထိုကြောင့် စူဋ္ဌ အနာထပိဏ်သူဌေးကြီးက ကြီးမားလှသော ထိုပရိတ်သတ် ကြီးအား ဝါတွင်းသုံးလပတ်လုံး ကျွေးမွေးလျက်အရှင်မေဂ္ဂလ္လာန်က တရား ဟောကြားလေ၏။

၁၃၄။ အင်္ကုရနှင့်ဣန္ဒက နတ်သားနှစ်ဦး၏ ရှေးကံအထူး

ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ ဘုရားရှင်သည် သီတင်း သုံးနေတော် မူသောအခါ တာဝတိံသာ နတ်အပေါင်းတို့သည် အုတ်သော် သောင်း သောင်းကြွေးကြော်ကာလာကြကုန်၏။အထက်အထက်သော နတ်ဘုံဗြဟ္မာ့ဘုံ တို့မှလည်း ထိုအသံကိုကြား၍ ဘုရားရှင်၏မယ်တော်ဖြစ်ဘူးသော သန္တုဿိတ နတ်သားနှင့် တကွသော နတ်ဗြဟ္မာအပေါင်းတို့သည် တရားနာရန် လာကြ ကုန်၏။ အခြားသော စကြဝဋ္ဌာတိုက်တသောင်းအတွင်းရှိ နတ်အပေါင်းတို့ လည်း တရားနာရန် ရောက်လာကြကုန်၏။

ထိုသို့ ဘုရားရှင်၏ ထက်ဝန်းကျင်တွင် နတ်ဗြဟ္မာအပေါင်းတို့ ဝန်းရံကာ နေကြသော်လည်း ယင်းတို့၏ အရောင်များအပေါ် ဘုရားရှင်၏ ခြောက်သွယ် သော ရောင်ခြည်တို့ကသာလျှင်လွှမ်း၍တည်လေ၏။ထိုပရိသတ်တို့၏ အလယ်၌ မယ်သော်မိနတ်သားသည် ဘုရားရှင်၏ လက်ျာဘေးတွင်နေ၍ ၎င်း၏အနီး၌ တန်ခိုးကြီးသော ဣန္ဒက နတ်သားနေ၏။ ဘုရားရှင်၏ လက်ဝဲဘေး၌အင်္ကုရ နတ်သားနေ၏။

ထိုဣန္ဒကနှင့် အင်္ကုရနတ်သား နှစ်ဦးတွင် အင်္ကုရနတ်သားသည် တန်ခိုး ကြီးသော နတ်ဗြဟ္မာတို့ ရောက်လာသောအခါ မိမိနေရာမှ တရွှေ့ရွှေ့ နောက်ဆုတ် သွားရသဖြင့် ဘုရားရှင်မှ ၁၂ ယူဇနာဝေးသော အရပ်သို့

ရောက်သွားရလေ၏။ ဣန္ဒကနတ်သားမူကား မိမိ၏ နေရာ၌ပင်မရွေ့ပြောင်းရဘဲ နေမြဲ နေရလေ၏။

ထိုအခါ ဘုရားရှင်သည် ထိုနတ်သားနှစ်ဦးအား ကြည့်တော်မူ၍ သာသနာ၌ မြတ်သော အလှူခံပုဂ္ဂိုလ်တို့အား လှူအပ်သော ဒါန၏ အကျိုး ကြီးမားပုံကို သိစေတော်မူလိုသဖြင့် နတ်သားနှစ်ဦးနှင့် ဤသို့ အမေးအဖြေ ပြုတော် မူလေ၏။

(၁) ဘုရားရှင်သည် အက်ံုရနတ်သားကိုခေါ်တော်မူ၍-"အက်ံုရ၊ သင်သည် ရှေး လူ့ပြည်၌နေသောအခါ မင္ဂီမဒေသကို အုပ်စိုးသော မင်းဖြစ်၍ အနှစ်တသိန်းပတ်လုံး ၁၂ယူဇနာရှိသော အရပ်ကိုခုံလောက်ချင်းစပ်စေလျက် အလှူကြီးကို ပေးခဲ့သည်မဟုတ်လော။ သို့ဖြစ်၍ ယခုအခါ အဘယ့်ကြောင့် ငါဘုရားနှင့် ဝေးကွာရာတွင် သင် နေရလေသနည်း"ဟု မေးတော်မူ၏။ အက်ံုရနတ်သားက"မြတ်စွာဘုရား၊ တပည့်တော်ကား များစွာသော အလှူကို ပေးပါသော်လည်း သာသနာတော်တွင်းနှင့် မကြုံ၍ သရဏဂုံ, ပဉ္စသီလ တည်သော အလှူခံမြတ်ကိုမျှပင် မရပါ။ ညံ့စွာသော အလှူခံပုဂ္ဂိုလ်တို့အား သာ လှူရ၍ အကျိုးပေးနည်းလှသောကြောင့် တန်ခိုးကြီးသော နတ်တို့လာလျှင် ရှောင်ခွာ၍ နေရပါသတည်း"ဟု လျှောက်လေ၏။

(၂) ထို့နောက် ဘုရားရှင်သည် ဣန္ဒကနတ်သားကို ခေါ်တော်မူ၍ "ဣန္ဒက၊ သင်သည် ရှေးလူဖြစ်သော အခါက ညီတော် အနုရုဒ္ဓါ ဆွမ်းခံရာ၌ တထပ်စာသောဆွမ်းကို လှူဒါန်းဘူးသူ ဖြစ်လျက် ယခုအခါ သင်သည် မိမ်နေရာမှ မရွေ့ရှားဘဲ ငါဘုရားအနီး၌ အဘယ့်ကြောင့် နေနိုင်သနည်း" ဟု မေးတော်မူ၏။ ဣန္ဒကနတ်သားက "မြတ်စွာဘုရား တပည့်တော်သည် အနည်းငယ်သော ဒါနကိုပင် ပြုရသော်လည်း ရှင်တော်ဘုရား၏ သာသနာ၌ မြင့်မြတ်လှစွာသော သီလဝန်, ဂုဏဝန် ပုဂ္ဂိုလ်မှန် အလှူခံနှင့် ကြုံကြိုက်၍ ကြီးမား ထူးမြတ်သော အကျိုးရှိပေရကား သူတပါးကို ခံ့ညားကြောက်ရွံ့ခြင်း မရှိဘဲ ပကတိအတိုင်း တည်နေနိုင်ပါသတည်း"ဟု လျှောက်လေ၏။

ထိုအခါ ဘုရားရှင်သည် ထိုနတ်သားနှစ်ဦးအား သက်သေထား၍ တရားသဝါဒကို ညွှန်ပြသိုသဖြင့် "အက်ံုရ၊ အလှူဒါနမည်သည်ကို လှူဘွယ်ဝတ္ထုကောင်း, အလှူခံပုဂ္ဂိုလ်ကောင်း ဤနှစ်ရပ်ကိုရွေးချယ်စိစစ်၍လှူဒါန်းမှ သင့်လျော်လျောက်ပတ်ပေ၏။ ဤသို့ ရွေးချယ်စိစစ်၍ လှူသော် ထိုဒါနသည် လက်မြေကောင်း၍ စိုက်ပျိုးအပ်သော မျိုးစေ့ကောင်းကဲ့သို့ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုး ရှိနိုင်၏။ သင့်မှာမူကား (သာသနာပနှင့် ကြုံသ

ဖြင့်)ဆိုကဲ့သို့ စိစစ်လျှုဒါန်းမှုကိုမပြုနိုင်ခဲ့ချေ။ ထိုကြောင့် သင်၏ အလှူဒါန သည် (ကြီးကျယ်များပြားသော်လည်း) အကျိုးမကြီးဘဲ ဖြစ်ရလေသည်" ဟု တရားဟောတော်မူ၏။

ထို့နောက် ဘုရားရှင်သည် ထိုမှအထက် တဆင့်တက်၍ မဂ်ဖိုလ်အထိ တဆင့်တက်စေရန် တရားဒေသနာကိုလေးဂါထာဖြင့်"ရာဂ၊ ဒေါသ၊မောဟ၊ ကာမိစ္ဆာဟူသော သတ္တဝါတို့၏ အဇ္ဈတ္တ အနုများကင်းရှင်းသော အရိယာ သူတော်ကောင်းတို့၌ ပေးလှူအပ်သော ဒါနသည် လူ့ရပ်,နတ်ဌာန်, နိဗ္ဗာန် တိုင်အောင် များမြတ်သော အကျိုးရှိခြင်း" ဟောကြားတော် မူ၏။ ဤတရားကို ကြားနာရသော်အက်ံရှင့်ဣန္ဒကနတ်သားတို့သည် သောတာပန် ဖြစ်ကြလေ၏။

၁၃၅။ တာဝတိံသာ၌ သတ္တမဝါကပ်၍ အဘိဓမ္မာတရား ဟောခြင်း

ဘုရားရှင်သည် ဤသို့ နတ်သားနှစ်ဦးအား တရားဟောကြားပြီး၍ ပဏ္ဍုကမ္မလာ မြကျောက်ဖျာ၌"သတ္တမဝါ"ကပ်တော်မူလျက်မယ်တော်မိနတ်သား အမှူးရှိသော နတ်ပြဟ္မာအပေါင်းတို့အား"ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ"အစချီသော အလွန်မြင့်မြတ်နက်နဲခက်ခဲလှသည့် အဘိဓမ္မာ တရားတော်မြတ်ကို နေ့ညမပြတ် မရပ်မစဲ တောက်လျှောက် ဟောကြား တော်မူ၏။ ဤသို့ ဟောကြားရာတွင် ဘုရားရှင်သည် လူ့ပြည်၌ သီတင်းသုံး နေထိုင်သည့် နည်းတူပင် ကျင့်ဆောင်နေထိုင်တော် မူ၏။

ဘုရားရှင်သည် ဤသို့ဟောကြားစဉ် လူ့ပြည်၌ဖြစ်သည့် အချိန်အခါကို မှတ်၍ ဇမ္ဗူဒိပ်ကျွန်း၌ နေထွက်ချိန်ရောက်သော် ကိုယ်တော်မြတ်နှင့် အလုံးစုံ တူသော 'နိမ္မိတ'ရုပ်ပွား ဘုရားကို ဖန်ဆင်းတော်မူ၍ "ငါ၏ကိုယ်စား ဤဘုရားသည် ဤမျှလောက်သော တရားကို ဟောကြားစေသတည်း" ဟု အဓိဋ္ဌာန်တော်မူလျက် ပဏ္ဍုကမ္မလာထက်၌ ထားတော်မူခဲ့ပြီး နတ်ပြည်မှ ဆင်းသက်တော်မူ၏။

ဟိမဝန္တာတော အနောတတ်အိုင်၌ နတ်များက ကပ်လှူသည့် ကွမ်းရိုး ဒန်ပူကို ဝါးတော်မူပြီး ထိုအိုင်၌ ကိုယ်လက်သုတ်သင် ရေသန့်စင်တော် မူ၏။ ထို့နောက် ဥဟ္ဘရကုရုခေါ် မြောက်ကျွန်းသို့ကြွ၍ ဆွမ်းခံတော်မူ၏။ ထိုကျွန်း သူ ကျွန်းသားတို့က ဘုရားဟူ၍ အမှတ်မရှိဘဲ မိမိတို့ကိုးကွယ်သည့် နတ်မင်း ဟု ထင်မှတ်လျက် ဝမ်းမြောက်စွာဖြင့် နတ်သုဒ္ဓါကဲ့သို့သော ဆွမ်းကို လှူကြ

၏။ နောက် အနောတတ်အိုင်သို့ ပြန်ကြွလာကာ ဆွမ်းဘုဉ်းပေးတော်မူပြီး၍ စန္ဒကူးနံ့သာတောသို့ ကြွကာ နေ့သန့်တော်မူ၏။

ထိုအခါ (သင်္ကဿနိုဂ်ရပြည်၌ ဝါကပ်နေသော) အရှင် သာရိပုတ္တရာသည် ဘုရားရှင်ထံသွား၍ ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေး၏။ ဘုရားရှင်က "ချစ်သား သာရိပုတ္တရာ၊ ငါဘုရားသည် ဤမျှသော အဘိဓမ္မာတရားကို ဟောကြားအပ်ပြီ။ သင်သည် မိမိ၏တပည့် ရဟန်းငါးရာတို့အား ပို့ချလော့" ဟု အကျဉ်းချုပ်ကို နည်းပေးကာ ညွှန်ပြ ဟောကြားတော်မူ၏။

အရှင်သာရိပုတ္တရာသည် ပညာအရာ ဇောဒဂ်ရသူဖြစ်ပြီး ဘုရားရှင်မှတပါး ပညာဥာဏ် အကြီးဆုံးဖြစ်ရကား ဘုရားရှင် ဟောပြသည့် တရားအကျဉ်းကို နည်းပေါင်းအထောင်မကဖြင့် ခွဲထွင်၍ အကျယ်အားဖြင့် သိမြင်လေ၏။ ဘုရားရှင်လည်း နေ့သန့်ပြီး၍ ညချမ်းအခါ တာဝတိံသာသို့ တက်ကြွတော်မူပြီး 'နိမ္မိတဘုရားရှင်' ဟောကြားပြီးသော တရားမှပင် ဆက်၍ ဟောကြားတော်မူ၏။

အရှင်သာရိပုတ္တရာလည်း မိမိနေရာအရပ်သို့ပြန်ကြွ၍ မိမိ၏ တပည့်ရဟန်းငါးရာတို့အား ဘုရားရှင်ဟောပြသည့် အဘိဓမ္မာတရားအကျဉ်းကို မိမိဉာဏ်ဖြင့် ခွဲထွင်၍ မကျဉ်းမကျယ် အလယ်အလတ်အားဖြင့် ပို့ချ သင်ပေးလေ၏။ ထိုရဟန်းငါးရာတို့လည်း (ရှေးဘဝဝယ် လင်းနို့သား ငါးရာဖြစ်စဉ်က အဘိဓမ္မာတရားကို နာယူခဲ့ဘူးသည့် အလေ့အထ ရှိခဲ့သောကြောင့်) အရှင်သာရိပုတ္တရာ ဟောကြားသည့် အဘိဓမ္မာတရားကို တခေါက်တည်းဖြင့် မှတ်သားမိကြလေ၏။

ဤသို့သောနည်းဖြင့် ဘုရားရှင်သည် ဝါဇုင်းသုံးလပတ်လုံး နတ်ပြည်၌ အဘိဓမ္မာတရားများကို ဟောကြားတော်မူလျက် နေ့စဉ်နေ့တိုင်းပင် လူ့ပြည်ရှိ အချိန်အခါကို မှတ်၍ နိမ္မိတဘုရားအား ကိုယ်တော်မြတ်ဟောပြီးသည့် တရားမှ ဆက်၍ ဟောကြားစေတော်မူပြီး နတ်ပြည်မှ ဆင်းသက်ကာ မြောက်ကျန်း၌ ဆွမ်းခံကြွ၍ အနောတတ်အိုင်၌ဆွမ်းဘုဉ်းပေး၏။ ဆွမ်းဘုဉ်းပေးပြီးနောက် စန္ဒကူးနံ့သာတောသို့ ကြွကာ နေ့သန့်တော်မူစဉ် လင်းရောက်ဝတ်ပြုလုပ်ကျွေးသော အရှင်သာရိပုတ္တရာအား ဟောပြီးသည့် အဘိဓမ္မာတရားအကျဉ်းကို နည်းပေးကာ ဟောပြတော်မူ၏။

အရှင်သာရိပုတ္တရာလည်း ဘုရားရှင်ဟောပြသည့် အဘိဓမ္မာတရားအကျဉ်းကို မကျဉ်းမကျယ် အလယ်အလတ် အားဖြင့် ခွဲ၍ မိမိ၏ တပည့်ရဟန်းငါးရာတို့အား ပို့ချသင်ပေး၏။ ထို့ကြောင့် ဘုရားရှင်သည် တာဝတိံသာ၌

အဘိဓမ္မာတရား ဟောကြားခြင်း ပြီးဆုံးသည်နှင့် တပြိုင်နက် လူ့ပြည်၌ အရှင်သာရိပုတ္တရာက ထိုရဟန်းငါးရာတို့အား အဘိဓမ္မာခုနစ်ကျမ်း သင်ပြပေးမှုလည်း ပြီးဆုံးလေတော့၏။

ဤသို့လျှင် ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးလေ၏။ မယ်တော် သန္တုဿိတနတ်သားသည် သောတာပန်ဖြစ်၍ ကုဋ္ဌေမက များလှစွာသော နတ်ဗြဟ္မာတို့လည်း သစ္စာလေးပါးကို သိမြင်ကြလေ၏။

၁၃၆။ ပရိသတ်များ သင်္ကဿနဂိုရ်ပြည်သို့ ရွှေ့ပြောင်းခြင်း

လူ့ပြည်ဝယ် သာဝတ္ထိပြည်၌လည်း ဘုရားရှင်၏ တန်ခိုးပြာဋိဟာကို ကြည့်ရှုခဲ့ကြသော ယူဇနာသုံးဆယ်မျှရှိသည့် လူပရိသတ်အပေါင်းလည်း စူဋ္ဌအနာထပိဏ်သူဌေး၏ အကျွေးအမွေးကို သုံးဆောင်၍ အရှင်မောဂ္ဂလ္လာန်မထေရ် ဟောကြားသည့် တရားများကို နာယူလျက် ဆက်နေကြကုန်၏။

သီတင်းကျွတ်လဆန်း ရှစ်ရက်နေ့သို့ရောက်သော် လူပရိသတ်အပေါင်းတို့သည် အရှင်မောဂ္ဂလ္လာန်အား "အရှင်ဘုရား၊ တပည့်တော်တို့သည် တာဝတိံသာမှ ပြန်ဆင်းလာသော ဘုရားရှင်ကို ဖူးမြင်ပြီးမှသာ ပြန်လိုကြပါ၏။ ဘုရားရှင်သည် အဘယ်နေ့တွင် အဘယ်အရပ်၌ သက်ဆင်းတော် မူပါမည်နည်း။ ဤအရေးကို သိအောင် ကြံဆောင်တော်မူပါ" ဟု လျှောက်ကြလေ၏။

အရှင်မောဂ္ဂလ္လာန်လည်း "ကောင်းပြီ" ဟု ဝန်ခံ၍ လိုနေရာ၌ပင် မြေကြီးအတွင်းသို့ ငုပ်လျှိုးကာ မြင့်မိုရ်တောင် အောက်ခြေအရောက် ကြွသွား၍ မြင့်မိုရ်တောင်အတွင်း အလယ်ဗဟိုမှ တာဝတိံသာသို့ တက်သွားလေ၏။ မထေရ်၏ အဓိဋ္ဌာန်ကြောင့် လူအပေါင်းတို့သည် မြင့်မိုရ်တောင်အတွင်းမှ နတ်ပြည်သို့ မထေရ်တက်သွားသည်ကို အထင်းသား မြင်ကြရကုန်၏။

မထေရ်သည် ဘုရားရှင်ထံ သွားရောက်ဆည်းကပ်၍ "မြတ်စွာဘုရား၊ လူ့ပြည်ရှိ လူပရိသတ်တို့သည် ဘုရားရှင်ကို ဖူးမြင်ပြီးမှသာ နေရင်းဌာနသို့ ပြန်လိုကြပါကုန်၏။ မည်သည့်နေ့ရက်တွင် မည်သည့်လူ့ပြည်ရပ်သို့ ရှင်တော် ဘုရား ဆင်းသက်တော်မူမည်ကို သိလိုကြပါကုန်၏" ဟု လျှောက်ကြားလေ၏။

ဘုရားရှင်က "ချစ်သား၊ သင်၏ နောင်တော်ကြီး သာရိပုတ္တရာသည် ယခု အဘယ်အရပ်၌ ဝါကပ်လေသနည်း" ဟု မေးတော်မူသော် မထေရ်က "သင်္ကဿနဂိုရ်ပြည်၌ ဝါကပ်ပါ၏ ဘုရား" ဟုလျှောက်လေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား၊ ငါဘုရားသည် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ သင်္ကန်းကိုရ်ပြည်၏ တောင်တံခါး၌ ဆင်းသက်တော်မူအံ့။ ငါဘုရားကိုဖူးမျှော်လိုသူတို့သည် ထိုအရပ်သို့လာကြစေကုန်လော့။ သာဝတ္ထိပြည်မှ သင်္ကန်းကိုရ်ပြည် တောင်တံခါးအထိ ယူဇနာ သုံးဆယ်ဝေးကွာ၏။ သို့ဝေးသော်လည်း လူအပေါင်းတို့သည် စားနပ်ရိက္ခာကို ယူဆောင်ဘွယ်ကိုစွမရှိ။ ဥပုသ်နေ့၌ ဥပုသ်ဆောက်တည်ပြီးလျှင် မြို့ဦး ရွာဦးကျောင်းသို့ တဆုံးနာရန် သွားရောက်ကြသကဲ့သို့ ရိက္ခာမပါဘဲ လာရောက်ကြကုန်လော့ ဟု ထိုလူများအား သင်ချစ်သား ပြောကြားလေလော့" ဟူ၍ မိန့်တော်မူ၏။

မထေရ်လည်း ဘုရားရှင်ထံမှ ဖဲခွာလာ၍ တာဝတိံသာမှ ရှေးနည်းတူပင် မြင့်မိုရ်တောင်အတွင်းမှ ပြန်ဆင်းလာခဲ့ပြီး လူအပေါင်းအား ဘုရားရှင်မှာလိုက်သော စတာကို ပြန်ကြားလေ၏။ လူအပေါင်းတို့လည်း လဆန်း ၉ ရက်နေ့၌ပင် သင်္ကန်းကိုရ်ပြည်သို့ ရှေးရှုလျက် ထွက်ခွာသွားကြကုန်၏။

၁၃၇။ ဘုရားရှင် တာဝတိံသာမှ သင်္ကန်းကိုရ်သို့ ဆင်းသက်ခြင်း

သီတင်းကျွတ်လပြည့်နေ့ ရောက်ဘော် ဘုရားရှင်သည် သိကြားမင်းအား "သင်သိကြားမင်း၏ နတ်ပြည်၌ ငါဘုရားပြုအပ်သောကိစ္စ ပြီးပြီ။ လူ့ပြည် သင်္ကန်းကိုရ်ပြည်သို့ ငါဘုရား သင်ဆင်းတော်မူအံ့" ဟု မိန့်တော်မူ၏။

ထိုအခါ သိကြားမင်းသည် တာဝတိံသာ နတ်ပြည် သုဒဿနမြို့မှသည် သင်္ကန်းကိုရ်ပြည် တောင်ဘက်တံခါးဝအထိ "ရှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ ငွေစောင်းတန်းဟူသော စောင်းတန်းလေးကား သုံးသွယ်ကို တင့်တယ်စွာ ဖန်ဆင်းလေ၏။ အလယ်ရှိ ပတ္တမြားစောင်းတန်းကား ဘုရားရှင်အတွက်၊ လက်ျာဘက် ရှေစောင်းတန်းကား ဗြဟ္မာများအတွက်၊ လက်ဝဲဘက် ငွေစောင်းတန်းကား နတ်များအတွက် ဖြစ်၏။

ဘုရားရှင်လည်း မြင့်မိုရ်တောင်ထိပ်၌ ရပ်တော်မူလျက် နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော် မူသောအခါ လူ နတ် ဗြဟ္မာ အပေါင်းတို့၏ ပီတိသောမနဿ ဖြစ်စိမ့်သောငှာ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက် "လောကဝိဝရဏ" (လောကကို ဖွင့်ပြခြင်း) ပြုတော်မူသော် စကြဝဠာတိုက် တသောင်းတိုင်အောင် အောက်အဝီစိမှ အထက်အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ဟင်းလင်းပြင် ဖြစ်သွားလေ၏။ လူနတ် အပေါင်းသည် အချင်းချင်းကို အထင်းသား မြင်ရလေ၏။

ဘုရားရှင်လည်း ထက်ဝန်းကျင် အတောင်ရှစ်ဆယ်စီ ရှိသော အရပ်သို့ ရောင်ခြည်တော် ခြောက်သွယ်တို့ကို တပြိုင်နက် ထွန်းလင်းစေလျက် ဘုရားရှင်၏ အတုမရှိသော အသရေတော်ကို ပြတော်မူ၍ အလယ်ရှိ ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်တော်မူ၏။

ဗြဟ္မာမင်းကြီးတို့သည် ဘုရားရှင်အား ဖွေထီး၊ ငွေထီး၊ သန္တာထီးတို့ဖြင့် အသီးသီး မိုးကာလျက် လက္ခိဏာဘက်ရှိ ရွှေစောင်းတန်းဖြင့် ဆင်းသက်ကုန်၏။

သိကြောမင်း အမှူးရှိသော နတ်ပရိသတ် အပေါင်းတို့သည် တခို့ ရွှေတံခွန်၊ ငွေတံခွန်၊ ပုလဲတံခွန်တို့ကို ကိုင်လျက်၊ တခို့က ဝိဇယုတ္တရမည်သော ခရသင်းကိုမှုတ်လျက်၊ ပဉ္စသိခ နတ်သားက ဗေဠုဒေမည်သော နတ်စောင်းကို တီးလျက်၊ မာတလိနတ်သားက စာမရီသားမြီးယပ်ဖြင့် လွှဲခတ်လျက် ဘုရားရှင်အားပူဇော်ကာ လက်ဝဲဘက်ရှိ ငွေစောင်းတန်းဖြင့် ဆင်းသက်ကုန်၏။

ထိုကဲ့သို့ အတုမရှိသော ဘုရားရှင်၏ အသရေတော်ကို ဖူးမြင်ကြရသော လူ့ပြည်မှ လူပရိသတ် အပေါင်းတို့သည် အားရဝမ်းသာဖြစ်၍ ချီးမွမ်းပူဇော်ကုန်လျက် ဘုရားအဖြစ်ကို မတောင့်တသူ တဦးမျှပင် မရှိပေ။

ဘုရားရှင်သည် ဤသို့ အတုမရှိသော ဘုရားရှင်၏ အသရေတော်ဖြင့် နတ်ဗြဟ္မာအပေါင်း ခြံရုံလျက် နတ်ပြည်မှ ဆင်းသက်တော်မူ၍ လူ့ပြည်ရှိ သက်ဿနဂိုရ်ပြည် တောင်တံခါးဝ၌ သက်ဆင်းရပ်တည်တော်မူ၏။ ထိုအခါ ရှင်သာရိပုတ္တရာသည် တပည့်ရဟန်း ငါးရာနှင့်တကွ လာ၍ ဘုရားရှင်၏ ခြေတော်အစုံ၌ ဦးတိုက်ရှိခိုးပူဇော်လေ၏။ ထိုနောက်မှ ကျန်သော ပရိသတ်တို့သည် ဘုရားရှင်ကို ရှိခိုးပူဇော်ကြကုန်၏။

ထိုနောက် အရှင်သာရိပုတ္တရာက "မြတ်စွာဘုရား၊ ယနေ့ ခပ်သိမ်းသော လူနတ်ဗြဟ္မာတို့သည် အတုမရှိသော ဘုရားရှင်၏ အသရေတော်ကို ဖူးမြင်ကြရကုန်၍ ရှင်တော်ဘုရားအား အလွန်အကဲ ချစ်မြတ်နိုးကြပါကုန်၏။ ဘုရားဆုကို တောင့်တကြပါကုန်၏။ တပည့်တော်တို့လည်း ဤလူ့ဘဝကို အရတော်ပေ၏" ဟု ချီးပင့်လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား သာရိပုတ္တရာ၊ ဤသို့ သဘောရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကုန်သော ဘုရားရှင်တို့ကို ဗြဟ္မာ နတ် လူ သူခပ်သိမ်းတို့ ကြည်ဖြူလေးမြတ် ချစ်ခင်နှစ်သက်ကြကုန်သည်သာတည်း" ဟု မိန့်တော်မူပြီးနောက်မှ-

"ချစ်သား သာရိပုတ္တရာ၊ ဈာန်တို့၌ အားထုတ်လေ့လာတော် မူကုန်သော၊ ကိုလေသာတို့၏ ငြိမ်းရာ နိဗ္ဗာန်ချမ်းသာ၌ မေ့လျော့ကုန်သော၊ အမြဲယှဉ်လတ်မပြတ်သတိရှိကုန်သောသပ္ပညုတဉာဏ်ရှင် ဘုရားသခင်တို့အား နတ် ဗြဟ္မာတို့ သော်မှလည်း ချစ်မြတ်နိုးကုန်၏" ဟူ၍ဂါထာဖြင့် ဟောကြားတော် မူလေ၏။

[ဤသက်သနဂိုရ်ပြည်တောင်တံခါးဝရှိဘုရားရှင် ခြေတော်ချရာ အရပ်သည် ဘုရားရှင်တကာတို့ မစွန့်အပ်သော 'အဝိဇဟိဘဌာန' တခုဖြစ်လေ၏။]

ဘုရားရှင်သည် ထိုတောင်တံခါးဝ၌ ရပ်တော်မူ၍ ရှင်လူအပေါင်းအား တရားတော်ကို 'မေးကာ, ဖြေကာ' ဟောကြားတော်မူသဖြင့် ထိုပရိသတ် အစည်းအဝေး၌ ပညာအရာတွင် အသာလွန်ဆုံးဖြစ်သော အရှင်သာရိပုတ္တရာအား ပုထုဇဉ်တို့နှင့် သက်ဆိုင်သော ပြဿနာ၊ သေက္ခခေါ် အောက် အရိယာပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သောပြဿနာ၊ အသေက္ခခေါ် ရဟန္တာတို့နှင့် သက်ဆိုင်သော ပြဿနာတို့ကို ဆင့်ကဲဆင့်ကဲတက်၍ မေးမြန်းတော်မူ၏။ မထေရ်လည်း ဘုရားရှင်မေးတိုင်းသော ပြဿနာ အလုံးစုံကို ဗုဒ္ဓပေးသည့် နည်းနာဉပဒေသဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်၍ အကျယ်ချဲ့ကာ ဖြေကြားလေ၏၊

ထိုအခါ ဗြဟ္မာ နတ်လူ အပေါင်းတို့သည် "အရှင်သာရိပုတ္တရာကား ပညာဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သော ပုဂ္ဂိုလ်ပေတည်း" ဟူ၍ ချီးမွမ်းကြကုန်၏။

ထိုအခါ ဘုရားရှင်က "သာရိပုတ္တရာကား ယခုအခါ၌သာ ပညာဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သူ ဖြစ်သည်မဟုတ်သေး။ ရှေးအတိတ်ကာလ ကလည်း ပညာဂုဏ်အားဖြင့် သာလွန် မြင့်မြတ်သူ ဖြစ်ခဲ့ဘူးလေပြီ" ဟု ကောင်းချီးပေး မိန့်တော်မူပြီး 'ပရောသဟာသဇာတ်' (၈၁-၉၉)ကို ဟောကြားတော်မူ၏။

ထိုနောက် အရှင်သာရိပုတ္တရာသည် သုံးဂါထာဖြင့် ဘုရားရှင်ကို ချီးမွမ်း၍ ငါးဂါထာဖြင့် မိမိ၏ရဟန်းငါးရာတို့ အကျိုးငှာ တရားနှင့်စပ်၍ ပြဿနာများကို မေးလျှောက်လေ၏။ ဘုရားရှင်လည်း မထေရ်၏ အမေးများကို တံဆယ်သုံး ဂါထာဖြင့် ဖြေကြား၍ တရားဟောကြားတော်မူသော် အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ငါးရာတို့သည် ထိုတရားကို နာရ၍ ရဟန္တာများ ဖြစ်ကြလေ၏။

ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွတော်မူခြင်း

၁၃.၈။ ဘုရားရှင်အား စိဉ္ဆမာဏ စွပ်စွဲခြင်း

ထိုနောက် ဘုရားရှင်သည် သင်္ကန်ဂိုရ်ပြည်မှ ယူဇနာ သုံးဆယ် ဝေးသော သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူလျက် ဝေနေယျသတ္တဝါတို့အား တရားရအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်မှစ၍ မနေမနား လူ့ပြည်တွင်သာမက နတ်ပြည်၌လည်း ခရီးလှည့်လည်ကာ တရားဓမ္မ ဟောကြားလေသဖြင့် မရေမတွက်နိုင်သော နတ်လူ အပေါင်းတို့သည် အရိယာပုဂ္ဂိုလ်များ ဖြစ်ကြကုန်၏။

ထိုအခါ ဘုရားရှင်အား လာဘ်ပူဇော်သက္ကာ မြောက်များစွာ ဖြစ်လာသဖြင့် တိတ္ထိတို့မှာ လာဘ်ပူဇော်သက္ကာ တနေ့ဟခြား ခေါင်းပါးပြီး လှန်စွာ ဆုတ်ယုတ်သွားလေ၏။ ထိုအခါ တိတ္ထိတို့သည် လမ်းခရီးအကြား၌ ရပ်တည်ကုန်လျက် လူအပေါင်းအား "ဒါယကာတို့၊ ရဟန်းဂေါတမ ဘုရားစင်စစ် ဖြစ်သလော။ ငါတို့လည်း ဘုရားစင်စစ် ဖြစ်ပါကုန်၏။ ရဟန်းဂေါတမအားလှူသည့် အလှူသာ အကျိုးကြီးသလော။ ငါတို့အား လှူသည့် အလှူလည်း အကျိုးကြီးပါ၏။ ထို့ကြောင့် ငါတို့အားလည်း လှူကြလော့" ဟူ၍ တောင်းခံစကား ပြောကြားသော်လည်း လာဘ်ပူဇော်ကို မရကြလေကုန်။

ထိုအခါ တိတ္ထိတို့သည် လူဆိတ်ကွယ်ရာ အရပ်၌ စုဝေးကြပြီးလျှင် "ငါတို့သည် အဘယ်ဥပါယ်ဖြင့်: ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ မကောင်းသတင်းကို ဖြစ်စေ၍ သူ၏ လာဘ်ပူဇော်သက္ကာကို ဖျက်ဆီးကြရပါမည်နည်း" ဟု တိုင်ပင်ဆွေးနွေးကြ၏။

ထိုတွင် ရက်စက်ကြမ်းကြုတ်သော တိတ္ထိဘဉီးက "စိဉ္ဆမာဏဝိကာ မည်သော ပရိဗိုဇ်မသည် နတ်သမီးကဲ့သို့ အရောင် တဖိတ်ဖိတ်နှင့် အလှန်လျှင်တင့်တယ်လှပ ကျက်သရေရှိလှ၏။ သူမကို အသုံးချ၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ မကောင်းသတင်းကို ဖြစ်စေပြီး သူ၏ လာဘ်ပူဇော်သက္ကာကို ပျက်ပြုန်းအောင် လုပ်ကြစို့" ဟု အကြံပေးလေ၏။

ထိုအကြံကို စုဝေးကြသည့် တိတ္ထိအားလုံး "ဤနည်းသည် မှန်ကန်ကောင်းလှပေ၏"ဟု တညီတညွတ်တည်း လက်ခံကြလေ၏။

ထိုနောက် စိဉ္ဆမာဏဝိကာပရိဗိုဇ်မသည် ထိုတိတ္ထိများ၏ ကျောင်းသို့သွား၍ ရှိခိုးဝတ်ပြုလေသော် တိတ္ထိတို့က စကားမပြောဘဲ နေကြကုန်၏။ ထိုအခါ စိဉ္ဆမာဏဝိကာ(စိဉ္ဆမာဏ)က "အရှင်ဘုရားတို့၊ တပည့်တော်မှာ အဘယ်အပြစ် ရှိပါသနည်း။ အဘယ့်ကြောင့် စကားမပြောဘဲ နေကြပါသနည်း"ဟု မေးလေ၏။

ထိုတိတ္ထိတို့က "နှမ စိဉ္ဆမာဏ၊ ရဟန်းဂေါတမသည် ငါတို့ကို နှိုက်စက်ညှဉ်းပန်းကာ လာဘ်လာဘခေါင်းပါးအောင်ပြုလျက် လှည့်လည်သွားလာနေသည်ကို သင်မသိသလော။ သင်သည် ငါတို့၏ ချမ်းသာရေးကို အလိုရှိလျှင် မိမိကိုယ်ကို အစဲပြု၍ ရဟန်းဂေါတမ၏ကျေးဇူးမဲ့ မကောင်းသတင်းကို ဖြစ်စေပြီး သူ၏ လာဘ်ပူဇော်သက္ကာကို ပျက်ပြားအောင် လုပ်ဆောင်လေလော့"ဟု ပြောကြလေ၏။

စိဉ္ဆမာဏလည်း"ဤကိစ္စကို တပည့်တော် လုပ်ဆောင်ပါမည်"ဟု တာဝန်ခံပြီး ထွက်လာခဲ့လေ၏။

စိဉ္ဆမာဏသည် မိန်းမမာယာ၌ လိမ်မာပါးနပ်သူ ဖြစ်ရကား ထိုအခါမှစ၍ သာဝတ္ထိပြည်သူ လူအပေါင်းတို့ ဘုရားရှင်၏ တရားတော်ကို နာပြီး၍ ဇေတဝန်ကျောင်းမှ ထွက်လာသော ညနေချိန်၌ နံထွေးသော အဝတ်ကို ဝတ်ရုံကာ ပန်းနံ့သာ လက်စဲ့လျက် ဇေတဝန်ကျောင်းသို့ ရှေ့ရှုသွားလေ၏။

တွေ့ကြသည့် လူတို့က "စိဉ္ဆမာဏ၊ ယခုလို မိုးချုပ်ချိန်၌ ဘယ်သွားမည်နည်း"ဟု မေးသော်-

စိဉ္ဆမာဏက "ဤသို့ မေးခြင်းဖြင့် သင်တို့မှာ ဘာအကျိုးရှိအံ့နည်း"ဟု ထင်မှားဘွယ် စကားကို ပြောကြားကာ ဇေတဝန်ကျောင်းတိုက် အနီးရှိတိတ္ထိကျောင်းသို့ သွားအိပ်လေ၏။

ဘုရားရှင်အား နံနက်စောစော သွားဖူးရန် သာဝတ္ထိမြို့ထဲမှ ဥပါသကာတို့ ထွက်လာသောအခါ စိဉ္ဆမာဏသည် ဇေတဝန်ကျောင်း၌ ညအိပ်ခဲ့လေဟန် ဆောင်၍ ကျောင်းတော်ဘက်မှ မြို့သို့ ရှေ့ရှုထွက်လာသည်။

ထိုဥပါသကာတို့က "သင် ညက ဘယ်မှာ အိပ်သနည်း"ဟု မေးသော် စိဉ္ဆမာဏက "ကျွန်ုပ် အိပ်ခဲ့သည့်နေရာကို သိသဖြင့် သင်တို့မှာ ဘာအကျိုးရှိအံ့နည်း"ဟု ဆိုပြန်လေ၏။

ဤနည်းဖြင့် နေ့စဉ် သွားလာ ပြောဆို၍ တလခန့် ကြာသောအခါ လမ်းဦ့ တွေ့သူတို့က ရှေးနည်းတူ မေးကြသော် စိဉ္ဆမာဏက "ကျွန်ုပ်သည် ဇေတဝန်ကျောင်းတွင် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋီတိုက်ထဲ၌ ညအိပ်ခဲ့ပါသည်"ဟု စွပ်စွဲစကား စတင် ပြောကြားလေ၏။

ထိုစကားကို ကြားကြသော ပုထုဇဉ်တို့သည် "ဟုတ်မျှား ဟုတ်လေသလော"ဟု တွေးတောမိကြ၏။ နောက် သုံးလေးလကြာသော် စိဉ္ဆမာဏသည် မိမိ၏ဝမ်းဗိုက်ကို ပုဆိုးကြမ် တို့ဖြင့် ရစ်ပတ်၍ အပေါ်က အဝတ်နှိုကို ခြုံရုံလျက် ကိုယ်ဝန်ဆောင်အသွင်ပြု၍ "ကျွန်ုပ်သည် ရဟန်းဂေါတမကို အစွဲပြု၍ ဤကိုယ်ဝန်ကို ရပေ၏"ဟု ပြောကြားလျက် လူမိုက်တို့ကို ယုံကြည်စေ၏။

ရှစ်လမျှကြာသော် စိဉ္ဆမာဏသည် ဝမ်းဗိုက်၌ ဝန်းဝိုင်းသော သစ်သားကို ဖွဲ့ချည်၍ ကိုယ်ဝန်ရင့်မာဟန်ပြုပြီး အပေါ်ခြုံထည်ကို ခြုံလျက် လက်ဖမိုးခြေဖမိုးတို့ကိုလည်း အသားမို့မို့တက်အောင် ရိုက်နှက်ပြီး ပင်ပန်းနွမ်းနယ်လေဟန်ဖြင့် ညချမ်းအခါ ဇေတဝန်ကျောင်းသို့ သွားလေ၏။

သူမသည် တရားပလ္လင်ထက်၌ လူတို့အား တရားဟောတော်မူနေသည့် ဘုရားရှင်၏ ရှေ့တော်သို့ သွားပြီး ရပ်လျက် "ရဟန်းကြီး၊ သင်ကား လူအပေါင်းအား တရားဟောနေဘိ၏။ ကျွန်ုပ်ကား သင့်ကိုစွဲ၍ ကိုယ်ဝန်ရပြီး ယခု ကိုယ်ဝန်ရင့်လေပြီ။ ကျွန်ုပ်အတွက် သားဖွားရာအိမ်, သင့်တော်သည့် အစားအစာတို့ကို လုပ်ဆောင်ပေးရမှန်းမသိ။ အနာထပိဏ်, ဝိသာခါ စသည် သင်၏ ဒကာ, ဒကာမများအား ကျွန်ုပ်ကို ပြုစု စောင့်ရှောက်စေရန် အပ်နှံပေးသင့်၏။ ထိုသို့လည်း မပြောကြားခဲ့။ သင်ကား မေ့လျော့ခြင်းတခုကိုသာ သိ၏။ စောင့်ရှောက်ဘို့ရန် မစဉ်းစား"ဟု ပရိသတ်အလယ်၌ စွပ်စွဲလေတော၏။

ဘုရားရှင်သည် တရားဟောခြင်းကို ခေတ္တရပ်နားတော်မူပြီး "နှမ၊ သင် ယခုပြောသော စကား မှန်သည်, မမှန်သည်ကို သင်နှင့် ငါသာ သိ၏" ဟု မိန့်တော်မူသော်-

သူမက "ဟုတ်ပေ၏။ သင်နှင့် ကျွန်ုပ်သာ သိသော ကိစ္စကို အဘယ်သူတို့ သိနိုင်အုံနည်း"ဟု စွဲဆိုပြန်လေ၏။

ထိုခဏ၌ သိကြားမင်းသည် ထိုအကြောင်းကို သိမြင်လျှင် နတ်သားလေးဦးနှင့်အတူ ဘုရားရှင် တရားဟောရာသို့ သွားလေ၏။ နတ်သားလေးဦးတို့သည် ကြွက်ငယ်ယောင်ဖန်ဆင်းကြပြီး သူမ၏ သစ်သားဝန်း၌ ချည်ထား

သည့် ကြိုးများကို တပြိုင်တည်း ကိုက်ဖြတ်ကုန်၏။ သူမ ခြုံထားသော အဝတ်ကိုလည်း လေက အထက်သို့ဘိုက်လွှင့်လေ၏။ ထိုခဏ၌ သစ်သားဝန်းသည် ပြုတ်ကျပြီး သူမ၏ ခြေဖမိုးပေါ်ကျသဖြင့် ခြေဖျားနှစ်ဖက်တို့ ကျိုးကုန်၏။

ထိုအခါ တရားနာသူ လူအပေါင်းတို့သည် "ဟယ် သူယုတ်မ၊ နှင်သည် ဘုရားရှင်ကို မဟုတ်မမှန်စွပ်စွဲဆဲရေးဘိ၏" ဟုသူမ၏ ဦးခေါင်းပေါ်၌ တံတွေးများ ထွေးချ၍ ခဲတုတ် စသည်တို့ကို ကိုင်လျက် ကျောင်းမှ နှင်ထုတ်ကြလေ၏။

စိဉ္ဆမာဏဝသည် ဘုရားရှင်မြင်လောက်သော အရပ်ကို လွဲန်လျှင်ပင် မြေမျိုခံရပြီး အဝီစိမှ မီးလျှံနှင့်တကွ အဝီစိငရဲသို့ ကျသွားလေ၏။ ထိုအခါမှစ၍ တိတ္ထိတို့အား လာဘ်ပူဇော်သက္ကာသည် ပို၍ပင် ဆုတ်ယုတ်သွားပြီး ဘုရားရှင်အား အတိုင်းထက် အလွန်ပင် တိုးပွားလေ၏။

နောက်တနေ့ တရားသဘင်ဝယ် ရဟန်းတို့သည် "စိဉ္ဆမာဏကား အတုမရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသည့် ဘုရားရှင်ကို မဟုတ်မမှန် သောစကားဖြင့် စွပ်စွဲဆဲရေးသောကြောင့် ကြီးစွာ ပျက်စီးရလေပြီ" ဟု ပြောဆိုကြကုန်၏။

ထိုအခါ ဘုရားရှင်သည် ကြွလာ၍ ရဟန်းတို့အား ထိုစကားအကြောင်းကို မေးမြန်းတော်မူပြီး၍ "ရဟန်းတို့၊ စိဉ္ဆမာဏသည် ယခုသာမဟုတ်သေး။ ရှေးကလည်း ငါ့အား မဟုတ်မမှန်သောစကားဖြင့်စွပ်စွဲဆဲရေးသောကြောင့် ပျက်စီးရဘူးလေပြီ" ဟု မိန့်တော်မူလျက် 'မဟာပဒုမဇာတ်' (ဇာ ၄၇၂) ကို အကျယ် ဟောကြားတော်မူလေ၏။

ထို့နောက် ဆက်လက်၍ "ရဟန်းတို့၊ မှန်သောစကားကိုစွန့်၍ မမှန်သော စကား၌တည်ကြလျက် တမလွန်လောကကို စွန့်ပယ်သောသူတို့အား မပြုဝံ့ မပြုနိုင်သော မကောင်းမှုမည်သည် မရှိပြီ" ဟု၍ တရားစကားကို ဟောကြား တော်မူ၏။

[ဘုရားရှင်သည် နိယတဗျာဒိတ်မရမီ ရှေးအတိတ် လေးသင်္ချေနှင့် ကမ္ဘာတသိန်းသောကာလ၌ မိတ်ဆွေယုတ်များနှင့်ပေါင်းသင်းမိခဲ့၍ လူမိုက်တဦးဖြစ်လေရာတွင် 'သဗ္ဗာဘိဘူ'မည်သော ဘုရားရှင်၏ တပည့်သာဝက ရဟန္တာတပါးကို မာတုဂါမနှင့် စွပ်စွဲမိခဲ့၏။ ထို မကောင်မှုကံကြောင့် ယခု ဘုရားဖြစ်သောဘဝ၌ စိဉ္ဆမာဏ၏

စွပ်စဲ့ခြင်းကို ခံရတော်မူခြင်းဖြစ်၏။ ဘုရားရှင်၏ ဝဋ်တော်ဆယ့်နှစ်ပါးအနက် တပါး ဖြစ်၏။]

၁၄၉။ ဘုရားရှင်အား သုန္ဒရီပရိဗိုဇ်မဖြင့် စွပ်စဲ့ပြန်ခြင်း

တိတ္ထိတို့သည် ဘုရားရှင်၏ ဂုဏ်အသရေပျက်စေရန်နှင့် လာဘ်လာဘဆုတ်ယုတ်စေရန် စိဉ္ဆမာဏဖြင့်စွပ်စဲ့၍ အသရေဖျက်ရာတွင် မအောင်မြင်သဖြင့် တဖန် တိုင်ပင် စုဝေးကြပြန်လေ၏။ ထိုအခါ ယုတ်မာ ကြမ်းကြုတ်သည့် တိတ္ထိတဦးက "ငါတို့သည် နတ်သမီးတမျှလုပသော သုန္ဒရီပရိဗိုဇ်မကိုအသုံးပြု၍ ရဟန်းဂေါတမ၏မကောင်းသတင်းကို ပျံ့နှံ့သွားအောင် လုပ်ဆောင်နိုင်ရာ၏"ဟု အကြံပေး၍ ထိုအကြံကို အားလုံးက သဘောတူ လက်ခံကြလေ၏။

သို့ဖြစ်၍ ထို တိတ္ထိတို့သည် မိမိတို့ထံ လာရောက်ခစားသော သုန္ဒရီပရိဗိုဇ်အား အကွက်ဆင်လို၍ စကားမပြောဘဲ နေကြ၏။ သုန္ဒရီပရိဗိုဇ်က စိဉ္ဆမာဏနည်းတူ မေးသဖြင့် ထိုတိတ္ထိတို့ကလည်း ရှေးနည်းတူပင် အကျိုးအကြောင်းကို ရှင်းပြ ပြောကြားလေ၏။ သုန္ဒရီလည်း ထို တိတ္ထိတို့အား ဝန်ခံကတိပေးကာ ထွက်လာခဲ့လေ၏။

သုန္ဒရီသည် ညနေချိန် လူတို့တရားနာပြီး၍ ဇေတဝန်ကျောင်းမှ မြို့သို့ပြန်လာသောအခါ ကျောင်းသို့ ရှေးရှုသွား၏။ တွေ့မြင်ကြသည့် လူတို့က "သင်သည် အဘယ်အရပ်သို့ ယခုသွားမည်နည်း"ဟု မေးကြသော်--

သူမက "ရဟန်းဂေါတမထံသို့သွားအံ့။ ငါသည် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋီတိုက်ထဲ၌ပင် နေရသူ ဖြစ်၏"ဟု တဲ့တိုးပင် စွပ်စဲ့ပြောကြားလိုက်ပြီး ကျောင်းတော်အနီးရှိ တိတ္ထိတို့ကျောင်းသို့သွား၍ ညအိပ်လေ၏။

သူမသည် နံနက်စောစော မြို့သို့ရှေးရှုလာရာ ဘုရားရှင်အား နံနက်စောစော ဖူးမြင်ရန် ကျောင်းသို့သွားကြသည့်လူတို့နှင့် တွေ့ပြန်၏။

"သင်သည် ဘယ်ကလာသနည်း"ဟု မေးကြသော်--

"ငါသည် ဂန္ဓကုဋီတိုက်၌ပင် ရဟန်းဂေါတမနှင့်အတူ ကာမဂုဏ်ကို မွေ့လျော်ပြီး၍ ထွက်လာခဲ့၏"ဟု တဲ့တိုးပင် စွပ်စဲ့ပြောဆိုနေပြန်၏။

သုန္ဒရီသည် ဤသို့ သုံးရက်ဆက်တိုက် ပြုပြီးသော် ထို တိတ္ထိတို့သည် သေသေချာကြားတို့အား ငွေပေးပြီး "သုန္ဒရီကိုသတ်၍ ဂန္ဓကုဋီတိုက်အနီးရှိ ပန်းမိုင်ပုံအကြား၌ပစ်ထားခဲ့ပြီးပြန်လာလော့"ဟု စေခိုင်းကြလေ၏။

ထို သေသောက်ကြူးတို့သည် စေခိုင်းသည့်အတိုင်းပြုလုပ်ကြ၏။ထိုအခါ တိတ္ထိတို့သည် "ငါတို့၏တပည့်မကလေး သုန္ဒရီကိုမတွေ့ရတော့" ဟုအုတ်အုတ် ကျက်ကျက်ပြောဆိုပြီ နောက် ကောသလမင်းကြီးထံသွား၍--

"မင်းကြီး၊ ငါတို့၏တပည့်မ သုန္ဒရီ ပျောက်ချင်းမလှ ပျောက်နေပါသည်။ ရှာ၍မတွေ့ပါ" ဟု ပြောကြ၏။

မင်းကြီးက "သင်တို့သည် ဘယ်အရပ်၌ ပျံမှားသံသယရှိကြသနည်း" ဟု မေးသော်--

သူတို့က "မင်းကြီး၊ ဇေတဝန်ကျောင်း၌ ယုံမှားသံသယ ရှိကြပါ၏။ မနေ့က ဇေတဝန်ကျောင်းတွင် နေရာမှ သုန္ဒရီမမြင်ရခြင်း ဖြစ်ပါ၏" ဟု ဆိုကြ၏။

မင်းကြီးက "ထိုသို့ဖြစ်လျှင် ဇေတဝန်ကျောင်း၌ ရှာကြလော့" ပြုခွင့်ပေးသဖြင့် သူတို့သည် မိမိတို့၏ တပည့်ဒါယကာများကို ခေါ်ဆောင်၍ ရှာဖွေကြသော် ဂန္ဓကုဋီတိုက်အနီးရှိ ပန်းမိုက်ပုံကြား၌ သုန္ဒရီအလောင်းကို တွေ့ကြ၏။

သူတို့သည် အလောင်းကို ညောင်စောင်းဖြင့်ထမ်းယူလာပြီး "ရဟန်း ဂေါတမ၏တပည့်တို့သည် ဆရာပြုသည့်မကောင်းမှုကို ဖုံးကွယ်ရန် သုန္ဒရီကို သတ်ပစ်ကြ၏" ဟု မင်းကြီးအား ပြောကြလေ၏။

ထိုအခါ မင်းကြီးက "ဒါဖြင့်လျှင် တမြို့လုံးအနှံ့ကြားအောင် လှည့်လည် ကြွေးကြော်ကြလော့" ဟု မဆင်မခြင် ခွင့်ပေးလိုက်၏။

တိတ္ထိတို့သည် အလောင်းကို ညောင်စောင်းဖြင့်ထမ်းကာ လမ်းလေးဆုံ၌ လူအပေါင်းအား "ရဟန်းဂေါတမ၏အမှုကိုကြည့်ကြလော့။ရဟန်းဂေါတမသည် သုန္ဒရီအား ယောကျ်ားကိစ္စပြုပြီးမှ မိမိ၏တပည့်တို့အား အားနဲ့သည့် အမျိုးသမီးသုန္ဒရီကို အစဖျောက်ခိုင်းဘိ၏" ဟု စသည်ဖြင့် လှည့်လည် ကဲ့ရဲ့ရှုတ်ချပြီး မင်းကြီးထံပြန်သွားကြလေ၏။

မိုက်မဲသောသူတို့သည် ထို တိတ္ထိတို့၏ ရှုတ်ချစကားကိုယုံပြီး ရဟန်းများကိုမြင်တိုင်း ထိုတိတ္ထိတို့ပြောသည့်နည်းတူ ဆဲရေးရှုတ်ချ ကဲ့ရဲ့ကြကုန်၏။ဤသို့အစဉ်သဖြင့် မြို့တွင်း,မြို့ပြင် တောနယ်တို့၌ လူမိုက်တို့သည် ရဟန်းတို့ကိုမြင်တိုင်း ထိုသို့ပြောဆို ဆဲရေး ရှုတ်ချကြကုန်၏။

သာဝတ္ထိပြည်၌ ဆွမ်းခံ၍ပြန်လာကြသောရဟန်းတို့က ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို အလုံးစုံလျှောက်ကြား၏။ ဘုရားရှင်က "ရဟန်းတို့၊ ဤကဲ့ရဲ့ရှုတ်ချသောအသံသည် ခုနစ်ရက်သာကြာပေမည်။ ခုနစ်ရက်ကျော်

လျှင် ပျောက်သွားလတံ့။ ရဟန်းတို့၊ သင်တို့သည် ထိုသို့ စွပ်စွဲဆဲရေးကြသော လူတို့အား 'မဟုတ်မမှန်ပြောဆိုသော သူသည်၎င်း၊ မိမိပြုလျက် မပြုလုပ်ဟုဆိုသော သူသည်၎င်း ငရဲသို့ ကျရောက်ရ၏။ ထိုသူ နှစ်မျိုးလုံးသည် ယုတ်မာသည့်အမှုအတူအမျှရှိကြသဖြင့် နောင်ဘဝ၌ ငရဲခံရချင်း တူမျှကုန်၏ဟု ချေပပြောဆိုကြလော့" ဟူ၍ မိန့်တော်မူ၏။ ရဟန်းတို့သည် ထိုအတိုင်းပြုလုပ်ကြကုန်၏။

ထို ချေပစကားကိုကြားကြသောလူတို့က "တိတ္ထိတို့ကြွေးကြော်ဝါဒဖြန့်သည့်အတိုင်း ထိုလူသတ်မှုကို သာကီဝင်ရဟန်းတို့ မပြုသည်မှာ ကေန်ဖြစ်မည်။ ထိုရဟန်းတို့မှာ တရားတော်အတိုင်းသာပြောဆိုခြင်းဖြင့် ကျိန်စာဆိုခြင်းပင်ဖြစ်၏" ဟု ဆင်ခြင်စဉ်းစားကာ အမှန်ကိုသိမြင်သွားကြသဖြင့် ထိုကဲ့ရှဲသံသည် ခုနစ်ရက်ကျော်လျှင် ပျောက်ကွယ်သွားလေ၏။

ကောသလမင်းကြီးလည်း သူလျှိများအား ထိုလူသတ်သမားများကို စုံစမ်းရှာဖွေရန် သာဝတ္ထိပြည်အတွင်း နေရာအနှံ့စေလွှတ်ထား၏။ ထိုလူသတ်သမား သေသောက်ကြူးတို့သည် တိတ္ထိတို့ထံမှလူသတ်ခရသောငွေများဖြင့် အရက်သောက်ကြရာမှ အမူးလွန်ပြီး လူသတ်မှုအကြောင်းအချင်းချင်းပြောဆိုကြ၏။ ထိုသူလျှိတို့သည် ထိုစကားကိုကြား၍ ထိုသေသောက်ကြူးတို့ကိုဖမ်းဆီးပြီး မင်းကြီးထံခေါ်သွားကြ၏၊

မင်းကြီးက "သင်တို့အား ဘယ်သူကသတ်ခိုင်းသနည်း" ဟုမေးလျှင်-

ထိုသေသောက်ကြူးတို့က "တိတ္ထိတို့ သတ်ခိုင်းပါသည်" ဟု ဖော်ထုတ်လျှောက်ကြားကြ၏။ မင်းကြီးသည် ထိုတိတ္ထိတို့ကို ခေါ်မေးပြီး ဟုတ်မှန်ကြောင်း ဝန်ခံကြသော်-

"သင်တို့သည် ရဟန်းဂေါတမအား ကျေးဇူးမဲ့ဖြစ်စေရန် ငါတို့သည် သုန္ဒရီကို အသတ်ခိုင်းခဲ့ကြပါ၏။ ရဟန်းဂေါတမ၏ တပည့်ရဟန်းတို့မှာ အပြစ်မရှိပါ။ ငါတို့မှာသာ အပြစ်ရှိပါ၏ဟု လှည့်လည် ကြွေးကြော်ကြရမည်" ဟု အမိန့်ထုတ်လေ၏။

ထိုတိတ္ထိတို့သည် အမိန့်တော်အတိုင်းပြုကြရသော် လူတို့သည် ဘုရားရှင်အား ဆထက်ထမ်းပိုးတိုး၍ကြည်ညိုကြပြီးများစွာလှူဒါန်းကြလေ၏။ ထိုနောက် ရဟန်းတို့သည် ဘုရားရှင်ထံချဉ်းကပ်၍ "မြတ်စွာဘုရား၊ ရှင်တော်ဘုရားကား အံ့ဘွယ်ရှိပေစွာ့။ 'ဤကဲ့ရှဲသောအသံသည် ခုနစ်ရက်သာခံလိမ့်မည်။ ခုနစ်ရက်ကျော်လျှင် ပျောက်ကွယ်သွားလိမ့်မည်,ဟုဆိုသောရှင်တော်

ဘုရား၏စကားသည်အလွန်မှန်လှပေစွာ့။ ယခုအခါ ထိုကဲ့ရဲ့သံသည် ပျောက်ကွယ်သွားပါပြီ"ဟု တအံ့တသြလျှောက်ထားကြကုန်၏။

ထိုအခါ ဘုရားရှင်က "ရဟန်းတို့၊ သည်းခံခြင်းခွန်အားနှင့်ပြည့်စုံသော ပညာရှိသူတော်ကောင်းတို့အဘို့ လူမိုက်တို့က အလွန့်အလွန် မခံသာအောင် စွပ်စွဲဆဲရေးကြစေကာမူ သည်းမခံနိုင်ခြင်းမည်သည် မရှိချေ"ဟု မိန့်တော်မူလေ၏။

[ဘုရားရှင်သည် ရှေးအလောင်းတော်ဘဝ သေသောက်ကြူးဖြစ်စဉ်က သက်နှံးရုံနေသော ပစ္စေကဗုဒ္ဓါတပါး၏ အနီးမှ မိန်းမတဦးဖြတ်သွားသည်ကိုမြင်၍ "ဤရဟန်းသည် မေထုန်မှုကိုပြုကျင့်၏"ဟု မဟုတ်မတရား စွပ်စွဲခဲ့၏။ ထိုမကောင်းမှုကံ၏ ဝဋ်ကြွေးကြောင့် ယခု ဘုရားရှင်ဖြစ်သောအခါ ဤသို့ မိန်းမဖြင့် စွပ်စွဲခံရခြင်းဖြစ်၏။]

သံသုမာရဂိရိမြို့၌ ဘုရားရှင် အဌမဝါ ကပ်ခြင်း

၁၄၀။ နကုလပိတာ နကုလမာတာ လင်မယားအကြောင်း

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၍ လူအပေါင်းတို့အား တရားရေအေးတိုက်ကျွေးပြီးနောက် ဘဂ္ဂတိုင်းသို့ ရဟန်းအပေါင်းခြံရံလျက် ခရီးဒေသစာရီကြွချီတော်မူကာ ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့အနီးရှိ သားကောင်တို့အား ဘေးမဲ့ပေးရာ 'ဘေသကဋ္ဌာ' မည်သော တောအုပ်ကြီး၌ အဌမဝါကပ်၍သီးတင်းသုံးတော်မူ၏။ထိုအကြောင်းကိုကြားသော် သံသုမာရဂိရိမြို့ဝယ် ကြွယ်ဝချမ်းသာသော 'နကုလပိတာ' နှင့် 'နကုလမာတာ'အမည်ရှိသော လင်မယားနှစ်ဦးတို့သည် မြို့သူမြို့သားအပေါင်းနှင့်တကွ ဘုရားရှင်ထံသို့ လာရောက်ဖူးမြင်ကြ၏။

ထိုလင်မယားနှစ်ဦးသည် ဘုရားရှင်ကိုမြင်လျှင် မြင်ချင်းပင် ရင်မှဖွားသည့် သားဟူသောချစ်ခြင်းဖြင့် လေးမြတ်ချစ်ခင်လေသဖြင့် ဘုရားရှင်၏ ခြေတော်တို့၌ ဝပ်လျက်ရှိခိုး၍ "ချစ်သား၊ သင်ချစ်သားသည် ဤမျှသော ကာလပတ်လုံး မိခင် ဘခင်တို့ကိုစွန့်ပစ်၍ အဘယ်မှာနေဘိသနည်း။ကျွန်ုပ်တို့အိုမင်း၍ သေခြင်းနီးလှသော ယခုအခါမှပင် ချစ်သားကိုမြင်ရတော့သည်" ဟု ငိုယိုကာ လျှောက်ကြားလေ၏။

ထိုနောက် သူတို့သည် အတူပါလာသောမိမိတို့၏ သားသမီးတို့အား "ဤဘုရားမြတ်ကား သမီးတို့၏ မောင်ဘုံးတည်း။ သားကြီးတို့၏ ညီတည်း။ သားငယ်တို့၏ အစ်ကိုတည်း" ဟု ညွှန်ပြပြီးနောက်--

ဘုရားရှင်အား "နက်ဖြန် သံဃာတော်အပေါင်းနှင့်တကွ ဘခင်တို့၏အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု ပင့်လျှောက်ကြလေ၏။ ဘုရားရှင်လည်း ဆိတ်ဆိတ်သာဝန်ခံတော်မူ၏။

ထိုအခါ ရဟန်းတို့သည် "ငါတို့၏ဘုရားရှင်သည် သာကီဝင်မင်းမျိုး သုဒ္ဓေါဒနမင်းကြီး, သီရိမဟာမာယာမိဖုရားကြီးတို့၏ သားတော်စင်စစ်ဖြစ်ကြောင်း တရောကလုံးအသိဖြစ်၏။ ဤသူကြွယ်လင်မယား၊သည် သားဟူသောခေါ်ဝေါ်ခြင်းဖြင့်ပြောဆိုပြန်သည်။ ထိုအရာကိုလည်း ဘုရားရှင်က ဆိတ်ဆိတ်သာ သည်းခံတော်မူ၏။ အကြောင်းဘယ်သို့ရှိလေသနည်း" ဟု ပြောဆိုကြကုန်၏။

ဘုရားရှင်သည် ထိုစကားကိုကြားတော်မူလျှင် ပြုံးရှင်သောဣန္ဒြေဖြင့် နေဘော်မူလျက် "ချစ်သားရဟန်းတို့၊ဤနကုလပိတာမည်သောသူကြွယ်သည်ကား ရှေးအခါက ဘဝမခြား ငါးရာပတ်လုံးငါဘုရား၏ဘခင်ဖြစ်ခဲ့ဘူး၏။ ဘဝငါးရာပတ်လုံးဘထွေးဖြစ်ခဲ့ဘူး၏။ ဘဝငါးရာပတ်လုံး ဘကြီးဖြစ်ခဲ့ဘူး၏။ ဘဝငါးရာပတ်လုံး ဦးရီးဖြစ်ခဲ့ဘူး၏။ ဤသူကြွယ်လည်း ထို့အတူပင် နကဲ့လမာတာလည်း ငါဘုရား၏ မိခင်,မိထွေး,မိကြီး,အရီးတို့ ဘဝငါးရာစီ အသီးသီးဖြစ်ခဲ့ဘူး၏။ နှစ်ဦးပေါင်းစပ်လျှင် ဘဝလေးထောင်တိုင်တိုင်ပင် သူတို့၏လက်တင်သာ ငါဘုရား ကြီးပွားခဲ့လေသဖြင့် ငါ့အားချစ်ခြင်းအလျဉ်သည် အစဉ်မပြတ် ဖြစ်လေရကား ငါဘုရားကို သားဟူသော အမှတ်ဖြင့် လေးမြတ်ချစ်ခင်ကြလေသတည်း" ဟု မိန့်တော်မူ၏။

ထိုမှတပါး မျှားစွာသော တရားဒေသနာတို့ကိုလည်း ဟောတော်မူ၏။ ထိုတရားမျှားကိုကြားနာရသော် ထိုသူကြွယ်လင်မယားတို့သည် 'သောတာပန်' ဖြစ်ကြလေ၏။

၁၄၁။ ဗောဓိမင်းသား ကလေးမရခြင်း၏ ရှေးကံ

ထိုအခါ သံသုမာရဂိရိမြို့၌ (အုပ်ချုပ်ကာ) နေသော 'ဗောဓိမင်းသား' ကောသမ္မီပြည် (ဥဒေနမင်း၏သား)သည် တပါးနိုင်ငံတို့၌ တခါမျှမရှိစဘူး, ထူးဆန်းလှစွာသော အာကာတိမ်ညွှန့်သို့ ပျံလွှန့်ဘနန်းအံ့ဩဖွယ်မခန်းသော

'ကောကနုဒ'အမည်ရှိပြာသာဒီးကို ဆောက်လုပ်ပြီးစီးလေသဖြင့် "ပြာသာဒ်တက်မင်္ဂလာပွဲသဘင်ကို ဆင်ယင်ကျင်းပအံ့"ဟု ကြံလေ၏။

သူသည် ဘုရားရှင်အား သံဃာတော်များနှင့်တကွ ပင့်ဘိတ်ပြီး ပြာသာဒ်အတွင်း၌ နံ့သာလေးမျိုးတို့ဖြင့် လိမ်းကျံ၍ ပန်းတို့ဖြင့် လှုပတင့်တယ်စွာ စီရင်ခင်းကျင်းပြီးနောက် တံခါးခုံမှစ၍ ပြာသာဒ်အပြင်တိုင်အောင် ပိတ်ဖြူလွှာကြီးကိုခင်းထား၏။ ထိုမင်းသားမှာ သားသမီးတဦးမျှ မရှိလေရကား "ငါသည် သားသမီးကိုရမည်မှန်ပါက ဘုရားရှင်သည် ဤအခင်း ပေါ်နင်းတော်မူလတံ့"ဟုကြံစည်၍ ဖြန့်ခင်းထားခြင်းဖြစ်၏။

သူသည် ကြွတော်မူလာသောဘုရားရှင်အား ခရီးဦးကိုပြုပြီး "ပြာသာဒ်ထဲသို့ ဝင်ကြွတော်မူပါဘုရား"ဟု လျှောက်လေ၏။ ဘုရားရှင်ကား ဝင်တော်မမူချေ။ ဤသို့ မင်းသားက သုံးကြိမ်တိုင်အောင် လျှောက်သော်လည်း ဘုရားရှင်သည် ဝင်တော်မမူဘဲ အရှင်အာနန္ဒာကို ကြည့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဘုရားရှင်၏အရိပ်အကဲကိုသိသဖြင့် မင်းသားအား "ပိတ်ဖြူအခင်းကို ရုပ်သိမ်းစေလော့။ ဘုရားရှင်သည် ဤအခင်းကို နင်းတော်မူမည်မဟုတ်"ဟု ပြောကြားလေ၏။

ထိုအခင်းကိုရုပ်သိမ်းစေပြီးမှ ဘုရားရှင်သည် ပြာသာဒ်အတွင်းသို့ ဝင်တော်မူ၏။ ဗောဓိမင်းသားသည် သံဃာတော်များနှင့်တကွ ဘုရားရှင်အား ဆွမ်းဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ဆက်ကပ်လုပ်ကျွေးလေ၏။ ထိုနောက်ဘုရားရှင်အား "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် တပည့်တော်ခင်းထားအပ်သော ပိတ်ဖြူအခင်းပေါ်သို့ အဘယ့်ကြောင့် နင်းတော်မမူပါသနည်း"ဟု လျှောက်လေ၏။

ဘုရားရှင်က "မင်းသား၊ သင်သည် ဤသို့သော အကြံဖြင့် ပိတ်ဖြူအခင်းများကို ခင်းထားသည်မဟုတ်လော။ သင်သည် သားသမီးကိုရနိုင်မည်မဟုတ်သဖြင့် ငါဘုရားနင်းတော်မမူ"ဟု မိန့်တော်မူ၏။

မင်းသားက"အဘယ်အကြောင်းကြောင့်ပါနည်း"ဟုလျှောက်လေသော်-

ဘုရားရှင်က "ရှေးအခါက သင်တို့လင်မယားနှစ်ဦးသည် သမုဒ္ဒရာထဲ၌ လှေပျက်၍ ပျဉ်ချပ်တခုစီကိုစီးပြီးမျောလေရာ ကျွန်းတကျွန်းသို့ရောက်သွားခဲ့၏။ သင်တို့သည် စားစရာမတွေ့,ဆာလောင်ကြသဖြင့် ငှက်ဥတို့ကိုဖုတ်ကင်စားခဲ့ကြ၏။ ထိုနောက် ငှက်ငယ်တို့ကို ဖမ်းယူစားခဲ့ကြ၏။ ထိုနောက်ပထမအရွယ်ရှိ ငှက်များ, နောက် ဒုတိယအရွယ်ရှိ ငှက်များ, နောက် တတိယအရွယ်ရှိငှက်များကို သတ်စားခဲ့ကြသည်သာတည်း။ ထိုသို့စားစဉ် တခုသော

အရှယ်ဦးလည်း သင်တို့နှစ်ဦးအနက် တဦးမျှသတိမရခဲ့ပေ။ အကယ်၍ သင်တို့သည် တခုသောအရှယ်ဦးပင် သတိကိုရခဲ့ပါမူ ထိုအရှယ်ဦးပင် သားသမီးကို ရလေရာ၏"ဟု မင်းသား၏ရှေးအတိတ် အကုသိုလ်ကံကို ဟောကြားတော်မူ၏။

ထိုနောက် ဆက်လက်၍ ဘုရားရှင်က "မင်းသား၊ မိမိကိုယ်ကိုချစ်မြတ်နိုးသောသူသည် အရှယ်သုံးပါးလုံးဦးပင် မမေ့မလျော့ခြင်းဖြင့် မိမိကိုယ်ကို စောင့်ရှောက်အပ်၏။ အရှယ်သုံးပါးလုံးဦး မစောင့်ရှောက် နိုင်လျှင်လည်း တခုသောအရှယ်ဦးပင် စောင့်ရှောက်အပ်၏"ဟု မိန့်တော်မူပြီးနောက်-

ဂါထာဖြင့်ဆက်လက်၍ "မိမိကိုယ်ကိုချစ်ခင်မြတ်နိုးအပ်၏ ဟု ပါမူ၊ ထို မိမိကိုယ်ကိုကောင်းစွာ စောင့်ရှောက်ရာရောက်အောင် (အရှယ်သုံးပါး) ဦးမမေ့ မလျော့စောင့်ရှောက်ရာ၏,ပညာရှိသည်အရှယ်သုံးပါးတို့တွင်တပါးပါးသော အရှယ်ဦး မိမိကိုယ်ကို ဒုစရိုက်မှုမတက်အောင် သုတ်သင်ရှင်းလင်းရာ၏"ဟု၍ တရားဓမ္မဟောကြားပြသတော်မူ၏။ ဤတရားကိုကြားနာရလျှင် ဗောဓိမင်းသားသည် သောတာပန်ဖြစ်လေ၏။

ဘုရားရှင် သာဝတ္ထိပြည်သို့ ပြန်ကြွခြင်း

၁၄၂။ ပဉ္စဂ္ဂဒါယကာ ပုဏ္ဏားအကြောင်း

ဘုရားရှင်သည် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့အနီးရှိ 'ဘေသကဋ္ဌာ' မည်သော တောအုပ်၌ 'အဋ္ဌမဝါ" ကပ် သီတင်းသုံး၍ ဗောဓိမင်းသား အစရှိသော ဝေနေယျသတ္တဝါတို့ကို ချေချွတ်တော်မူပြီးနောက် ဝါကျွတ်သော် ဒေသစာရီကြွခရီကာတရားရေအေး တိုက်ကျွေးလေရာ သာဝတ္ထိပြည်သို့ပြန်ရောက်၍ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။

သာဝတ္ထိပြည်၌ ပုဏ္ဏားကြီးတဦးသည် 'ကောက်မှည့်သည့်အခါ, စပါးရိတ်ပြီး ဓာလင်း၌ စပါးနယ်သည့်အခါ, စပါးကိုကျီထဲသွင်းပြီး ထုတ်သုံးသည့်အခါ, ထမင်းယာဂု ချက်သည့်အခါ, စားသုံးသည့်အခါ" ဤအခါငါးပါးတို့၌ ဦးဦးဖျားဖျားပေးလှူလေ့ရှိပြီး မလှူဘဲ မသုံးဆောင်သောသူဖြစ်၍ 'ပဉ္စဂ္ဂဒါယကာ ပုဏ္ဏား' ဟုခေါ်တွင်လေ၏။ သူသည် ပန်းကန်ထဲထမင်းရောက်သော် သူတပါးအားမပေးမကမ်းဘဲ စားလေ့မရှိ။

တနေ့သဒ္ဒ ဘုရားရှင်သည် နံနက်မိုးသောက်ယံတွင် သတ္တလောကကို ကြည့်သော် ပဥ္စဂ္ဂဒါယကာပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့ သောတာပန်ဖြစ်လတံ့ သည်ကို မြင်တော်မူ၏။ ဆွမ်းခံချိန်ရောက်သော် ဘုရားရှင်သည် သာဝတ္ထိ ပြည်တွင်းသို့တပါးတည်းဆွမ်းခံကြွ၍ ထိုပုဏ္ဏားကြီးအိမ်တံခါးဝ၌ ဆွမ်းရပ် တော်မူ၏။

ထိုအခါန်၌ ပုဏ္ဏားကြီးသည် တံခါးအဦး၌ အိမ်ထဲသို့မျက်နှာမူကာထိုင် လျက် ထမင်းစားရန်အားထုတ်၏။ ပုဏ္ဏေးမကား ထမင်းဟင်းများကိုခူးခပ် လာပြီး အိမ်တံခါးပြင်ဘက်ကိုမျက်နှာမူကာ ပုဏ္ဏားကြီးအားကျေးမွေးနေ စဉ် ဘုရားရှင်ဆွမ်းရပ်နေသည်ကို မြင်လေ၏။

ပုဏ္ဏေးမကြီးသည် "ဤငါ၏ ပုဏ္ဏားကြီးကား ထမင်းဦးကိုမလှူဘဲစား လေ့မရှိသဖြင့် ဘုရားရှင်ကိုမြင်ချေသော် ထမင်းခွက်ကိုယူသွားပြီး စားဘွယ် အားလုံးကို လှူလိမ့်မည်။ သူ လှူလိုက်လျှင် ငါတဖန်ချက်ရပေမည်" ဟု ကြံစည်ကာ မကြည်ညိုခြင်း, ဝန်တိုခြင်းနှစ်ပါးဖြင့်ပွားလျက် ပုဏ္ဏားကြီး အား ဘုရားရှင်မမြင်အောင် သူ့နောက်ကကျောပေးကာ ကုန်း၍ရပ်၏။

နောက် သူမသည် ပုဏ္ဏားကြီးမကြားစေလို၍ တဖြည်းဖြည်း ဘုရားရှင် နားအထိ နောက်ဆုတ်သွားပြီး "ကန်တော့ဆွမ်းပါ ဘုရား"ဟု တိုးတိုး လျှောက်လေ၏။ဘုရားရှင်လည်း "ငါမကြွလတံ့"ဟု ဦးခေါင်းကိုလှုပ်တော် မူ၏။

ဘုရားရှင်က ဤသို့ပြုလျှင် တစုံတဦးမျှ ပြကတေ့မတည်တံ့နိုင်ရကား ပုဏ္ဏေးမသည် ပြင်းစွာရယ်လေ၏။ ပုဏ္ဏားကြီးလည်း နောက်လှည့်ကြည့်၍ ဘုရားရှင်ကိုမြင်လျှင် "ရှင်မသည် ငါ့ကိုဖျက်ဆီးဘိ၏' ဟုဆို၍ တဝက်စား ပြီးထမင်းခွက်ကိုယူလာပြီး "မြတ်စွာဘုရား၊ တဝက်စားပြီးသော်ဤထမင်း ကို အလှူခံတော်မူနိုင်အံ့လော့"ဟု လျှောက်၏။

ဘုရားရှင်က "ပုဏ္ဏားကြီး၊ ထမင်းဦးဖြစ်ဖြစ်၊ တဝက်စားပြီး ဖြစ်ဖြစ်၊ နောက်ဆုံး ထမင်းဆုပ်ဖြစ်ဖြစ် ငါဘုရားအား လျှောက်ပတ်သည်သာတည်း" ဟု မိန့်တော်မူ၏။ ပုဏ္ဏားကြီးသည် သုံးလှူထုတ်ထား မြတ်ဘုရား၏ ဤ စကားတော်ကိုကြားရလျှင် အလွန်ပင် အံ့သြနှစ်သက်လှသဖြင့် ဘုရားရှင် အား ဆွမ်းကိုလှူပြီးနောက် "မြတ်စွာဘုရား၊ 'ဘိက္ခု'ဟူသည် အဘယ်မျှ အတိုင်းအတာဖြင့်'ဘိက္ခု'ဖြစ်ပါသနည်း"ဟု မေးလျှောက်လေ၏။

ဘုရားရှင်သည် "ဤပုဏ္ဏားလင်မယားနှစ်ဦးတို့ကား ကဿပဘုရားရှင် လက်ထက်က နာမ်ရုပ်စကားကို ကြားနာခဲ့ဘူး၏"ဟု ဆင်ခြင်သိမြင်တော်မူ

၍ "ပုဏ္ဏားကြီး၊ နာမ်၌ဌင်း၊ ရုပ်၌ဌင်း မတပ်မက်, မကပ်ငြိသော သူသည် ဘိက္ခုမည်၏"ဟု မိန့်တော်မူပြီးနောက် ဂါထာဖြင့်-

"နာမ်ရုပ်၌ ငါ,ငါ၏ဥစ္စာဟု မြတ်နိုးစဲ့လမ် ခြင်းမရှိသော၊ ထိုနာမ်ရုပ် ပျက်စီးသော်လည်း စိုးရိမ်ခြင်းမရှိသောပုဂ္ဂိုလ်ကို ဘိက္ခုအစစ်ဟု ခေါ်ဆို အပ်၏"၏ဟူ၍ တရားဓမ္မကို ဟောပြတော်မူ၏။ ဤတရားကိုကြားရပြီးသော် ထိုပုဏ္ဏားလင်မယားနှစ်ဦးလုံး သောတာပန်ဖြစ်၍သွားကြလေ၏။

၁၄၃။ ကောသမ္မီ သူဌေးကြီးသုံးဦး ဘုရားရှင်ထံ လာကြခြင်း

ဘုန်းတန်ခိုးကြီးသော 'ဥဒေန'မင်းကြီး အုပ်ချုပ်သော ကောသမ္မီပြည်တွင် "ဃောသက၊ ကုက္ကုဋ၊ ပါဝါရိက"ဟူ၍ အလွန် ကြွယ်ဝ ချမ်းသာသည့် သူဌေးကြီးသုံးဦး ရှိကြလေ၏။ ထိုသူဌေးကြီး သုံးဦးတို့သည် သူငယ်ချင်း ဖြစ်ကြပြီး အချင်းချင်း ချစ်ခင်ကြ၏။ ထိုသူဌေးသုံးဦးတို့သည်(ဘုရား မပွင့်မီ အချိန်ဖြစ်၍) ရသေ့ငါးရာတို့ကို ပြုစုလှူဒါန်းကျွေးမွေးကြကုန်၏။ ရသေ့တို့လည်းမိုးလေးလပတ်လုံး ကောသမ္မီပြည် ထိုသူဌေးကြီးတို့ထံ၌ နေကြ၍ ကျန်ရှစ်လပတ်လုံး ဟိမဝန္တာသို့ သွားရောက်နေကြမြဲ ဖြစ်လေ၏။

ဤသို့ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြရာ တနေ့သ၌ ရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ကောသမ္မီပြည်သို့ အစဉ်သဖြင့် လာကြသည်တွင် ကန္တာရခရီး ခဲကြီးထဲ၌ ရေမွတ်သိပ်ပင်ပန်းကုန်လျက် လာခဲ့ကြရာ ကန္တာရခရီးခဲ၏ အဆုံး၌ ညောင်ပင်ကြီးတပင်ကို တွေ့မြင်ကြ၏။

ရသေ့တို့သည် ထိုညောင်ပင်ကြီးကိုကြည့်ပြီး "ဤညောင်ပင်ကြီး၌ တန်ခိုးကြီးသော ရုက္ခစိုးနတ်မင်း ရှိမည်။ ထိုနတ်မင်းသည် ငါတို့အား သောက်ရေ သုံးရေကို ပေးပါမူ ကောင်းလေစွ"ဟု ကြံမိကြလေ၏။ ညောင်ပင်စောင့် နတ်မင်းသည် ထိုအကြံကိုသိ၍ မိမိ၏ အာနုဘော်ဖြင့် ညောင်ပင်ခွကြားမှ ထမ်းပိုးပမာဏရှိသော ရေအယဉ်ကို ယိုစီးစေ၏။

ရသေ့တို့သည် ရေကို ခွက်ဖြင့် ခံယူ၍ သုံးဆောင်ကြပြီးနောက် "ဤအရပ်ကား ရွာနှင့်မနီး တောကြီးဖြစ်၏။ ညောင်ပင်စောင့်နတ်သည် ငါတို့အား အစားအစာကို ပေးလှူပါမူ ကောင်းလေစွ"ဟု ကြံစည်ကြပြန်၏။ နတ်မင်းလည်း ရသေ့တို့အား နတ်ဘောဇဉ်ကို လှူဒါန်းဆက်ကပ်၏။

ရသေ့တို့သည် စားသုံးပြီးနောက် "ဤနတ်မင်းသည် ငါတို့အား ကိုယ်ထင်ရှားပြပါမူ ကောင်းလေစ့ဉ့်"ဟု ကြံစည်ကြပြန်၏။ နတ်မင်းလည်း ကိုယ်ထင်ရှာ့ပြ၏။

ရသေ့တို့က "အို နတ်မင်း၊ သင်၏ စည်းစိမ်ကား ကြီးကျယ်လှဘို့၏။ အဘယ်ကောင်းမှုကံကြောင့် ဤစည်းစိမ်ကို ရဘိသနည်း"ဟု မေးလေ၏။

ထိုနတ်မင်းက "ကျွန်ုပ်သည် ရှေးဘဝက သာဝတ္ထိပြည်၌ ဘုရား, တရား, သံဃာကို အလွန်ကြည်ညိုသော အနာထပိဏ် သူဌေးကြီး၏အိမ်၌ ဆင်းရဲသားအလုပ်သမားတဦး ဖြစ်ခဲ့ပါ၏။ ဥပုသ်နေ့ တနေ့၌ သူဌေးကြီးနှင့် ကျွန်အားလုံးသည် ဥပုသ် စောင့်ကြသည်ကို ကျွန်ုပ် တောင်၌ အလုပ်လုပ်ရာမှ ညနေ ပြန်လာသည်တွင် ဘိရှိရသော် ထမင်းမစားဘဲ ဥပုသ်နေ့ဝက်ယူပြီး စောင့်ပါ၏။ အစာမရှိ၍ တညလုံး လေပူရောဂါ ခံစားရပြီး နံနက်စောစောတွင် သေလွန်ခဲ့ပါ၏။ ဤနေ့ဝက် ဥပုသ်ကို ကျင့်သုံးမှုကုသိုလ် အနည်းငယ်ကြောင့် ဤစည်းစိမ်ကို ရပါ၏"ဟု လျှောက်လေ၏။

ထိုအခါ ရသေ့တို့က "သင်သည် ဘုရား, တရား, သံဃာဟူ၍ ရှေးကမကြားဘူးသော စကားကို ပြောကြား၏။ လောက၌ ဘုရားပွင့်တော်မူသလော"ဟု မေးကြသော်-

နတ်မင်းက "မှန်ပါ၏၊ ဘုရားရှင် ပွင့်တော်မူပေပြီ။ ယခု သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူပါ၏"ဟု လျှောက်လေ၏။

ရသေ့တို့လည်း ထိုစကားကို ကြားလျှင် အားရဝမ်းသာ ရှိကြလျက် ချက်ခြင်း ဘုရားရှင်ထံသွားလိုသော်လည်း မိမိတို့အား ကျေးဇူးမျှားလှသော ကောသမ္မီပြည်မှ သူဌေးသုံးဦးတို့အား ထိုသတင်းပါးပြီးမှ သွားကြအံ့"ဟု ပြောဆိုကြပြီး နတ်မင်းအား ပန်ကြား၍ ကောသမ္မီပြည်သို့ သွားကြလေ၏။ ထိုသူဌေးသုံးဦးတို့လည်း ထိုရသေ့တို့အား ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြို၍ နောက်တနေ့တွင် ဆွမ်းဖြင့် လုပ်ကျွေးကြကုန်၏။

ဆွမ်းစားပြီးသော် ရသေ့တို့က "လောက၌ ဘုရားရှင် ပွင့်တော်မူပြီ။ ယခု သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ငါတို့သည် ဘုရားရှင်ထံသို့ သွားကုန်အံ့"ဟု ပန်ကြားကုန်၏။

သူဌေးသုံးဦးတို့က "တပည့်တော်တို့လည်း ဘုရားရှင်ထံ သွားလိုကြပါကုန်၏"ဟု လျှောက်ကြသော် ရသေ့တို့က "ငါတို့ သွားနှင့်ကုန်အံ့။ သင်တို့နောက်မှ လိုက်ခဲ့ကြလော့"ဟု ဆို၍ သာဝတ္ထိပြည်သို့ ထွက်ခွာသွားကြလေ

၏။ ဘုရားရှင်ထံရောက်၍ တရားနာရလျှင်ပင် ရသေ့အားလုံး ရဟန္တာဖြစ်၍ ရဟန်းပြုကြလေ၏။

ထိုသူဋ္ဌေးသုံးဦးတို့လည်း အသီးသီး လှည်းငါးရာတို့ဖြင့် လှူဘုယ်ပစ္စည်းရိက္ခာတို့ကို တင်ဆောင်၍ သာဝတ္ထိပြည်သို့ အတူတကွ ထွက်သွားကြလေ၏။ သူတို့သည် ဘုရားရှင်ထံရောက်၍ တရားတော်ကို ကြားနာရသော် သုံးဦးလုံးပင် သောတာပန်ဖြစ်ကြလေ၏။ သူတို့သည် နောက်တနေ့မှစ၍ တဆဲ့ငါးရက်တိုင် ဘုရားရှင်အမှူးရှိသော ရဟန်းအပေါင်းအား ဆွမ်းဖြင့် လုပ်ကျွေးကာ အလှူကြီးကို ပေးကြကုန်၏။

အလှူကြီး ပေးပြီးနောက် ဘုရားရှင်အား ကောသမ္ဗီပြည်သို့ ကြွရောက်ပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြသော် ဘုရားရှင်က "ဒါယကာသူဋ္ဌေးတို့၊ ဘုရားရှင်တို့မည်သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကြကုန်၏"ဟု မိန့်တော်မူ၏။

သူဋ္ဌေးသုံးဦးတို့ကလည်း "တပည့်တော်တို့ နားလည်ပါပြီ ဘုရား။ ရှင်တော်ဘုရား ကြွလာချိန်ကို တပည့်တော်တို့ သတင်းပို့၍ လျှောက်ကြားသောအခါ ကြွလာတော်မူပါဘုရား"ဟု လျှောက်ကြလေ၏။

ထိုနောက် သူဋ္ဌေးကြီးသုံးဦးတို့သည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး၍ သာဝတ္ထိပြည့်မှ ထွက်လာကြသော် တယူဇနာရောက်တိုင်းသော နေရာတို့၌ စံကျောင်း တဆောင် တဆောင် ဆောက်လုပ်စေကြပြီး အစဉ်သဖြင့် ကောသမ္ဗီပြည်သို့ ရောက်လာကြ၏။

နောက် သူတို့သည် "လောက၌ ဘုရားရှင် ပွင့်တော်မူပြီ"ဟု ကြေငြာကြပြီးလျှင် မိမိတို့၏ ဥယျာဉ်အသီးသီး၌ ဥစ္စာများစွာကို အကုန်ခံ၍ ဘုရားရှင်အတွက် ကျောင်းတိုက်ကြီးများကို တည်ဆောက်ကြလေ၏။

ဆောက်လုပ်သူ သူဋ္ဌေး၏ အမည်ကို အစဲပြု၍ "ဃောသိတာရုံ၊ ကုက္ကုဋာရုံ၊ ပါဝါရိကာရုံ(=ပါဝါရိကမ္ဗဝန)"ဟူ၍ ကျောင်းတိုက်ကြီး သုံးတိုက်ပေါ်ထွန်းလေ၏။ ယင်းသို့ ဆောက်လုပ်ပြီးစီးသော် သူတို့သည် "ကောသမ္ဗီပြည်သို့ ဘုရားရှင် ကြွရောက် ချီးမြှောက်တော်မူပါမည့်"အကြောင်း ဘုရားရှင်ထံသို့ တမန်လွှတ်၍ ပင့်လျှောက်ကြလေ၏။

၁၄၄။ မာဂဏ္ဍိပုဏ္ဏားလင်မယား ရဟန်းပြုကြခြင်း

ဘုရားရှင်သည် ထိုကောသမ္ဗီပြည်မှ သူဋ္ဌေးကြီးသုံးဦးတို့၏ ပင့်လျှောက်ချက်အရ ကောသမ္ဗီပြည်သို့ ကြွရန် ရဟန်းအပေါင်း ခြံရံလျက် ခရီးဒေသစာရီ

ကြွချီတော်မူသော် ခရီးအကြား၌ မာဂဏ္ဍ ပုဏ္ဏားလင်မယားတို့၏ အရဟတ္တ ဖိုလ်ရအံ့သော အကြောင်းကိုမြင်သဖြင့် ခရီးစဉ်ကို ဖြတ်၍ ကုရုတိုင်း'ကမ္မာသဒမ္မ'နိဂုံးသို့ ကြွတော်မူ၏။

ထိုနိဂုံး၌ မာဂဏ္ဍ ယမည်သော ပုဏ္ဏားမှာ နတ်သမီးတမျှ အလှန်လှုပသော 'မာဂဏ္ဍ'အမည်ရှိ သမီးပျိုတဉီး ရှိ၏။ မိဘနှစ်ပါးတို့သည် သမီးနှင့် သင့်လျော်သော ယောကျ်ားကိုရှာလျက် လှည့်လည်ကာ နေခဲ့၏။ ဘုရားရှင်သည် ထိုနိဂုံးသို့ ရောက်လာ၍ ဆွမ်းခံကြွတော်မူသောအခါ၌ မာဂဏ္ဍိယပုဏ္ဏားလည်း ရှာပြင်၌ ညဉ့်သုံးယံပတ်လုံး မီးပူဇော်ခြင်းကို ပြုပြီးမှ နံနက်စောစော ရှာတွင်းသို့ ဝင်လာသည်တွင် ဘုရားရှင်နှင့်ရင်ဆိုင်တွေ့လေ၏။

သူသည် "ငါကား ကာလကြာမြင့်စွာ ငါ့သမီးနှင့် သင့်တော်သည့် လင်ယောကျ်ားကို ရှာပါသော်လည်း တဉီးကိုမျှ မတွေ့နိုင်ခေ။ အဆင်းလှသော်လည်း ကျိုက်သို့ ရဟန်း မဟုတ်ကြ။ ငါ့သမီးကိုလည်း ရဟန်းနှင့်သာ ထိမ်းမြားလို၏။ ဤရဟန်းကား ငါရည်မှန်းသည်နှင့် သင့်လှပေစွ။ အဆင်းလည်း အလှန်လှ၏။ နှုးညံ့ပြေပြစ်သော ဣန္ဒြေလည်း ရှိ၏" ဟု ကြံ၍ အိမ်သို့ လှာခဲ့၏။ (ဤပုဏ္ဏားကား ပရိဗိုဇ်ရဟန်း၏ အနွယ်မှ ဆင်းသက်လာသူဖြစ်၍ သမီးကို ရဟန်းနှင့် ပေးစားလိုခြင်း ဖြစ်၏။)

အိမ်သို့ရောက်လျှင် ပုဏ္ဏေးမကိုခေါ်၍ "ရှင်မ၊ သမီးကို လျင်စွာ တန်ဆာဆင်လော့။ ဤလူ့ခွင်၌ မမြင်စဘူး တင့်တယ်လှသော ဗြာဟ္မဏတ် ရဟန်းမြတ်ကို ငါတွေ့ခဲ့ပြီ။ ထိုအရှင်အား ငါတို့၏ သမီးကို ဆောင်နှင်းရအောင် သွားကြစို့" ဟု ဆို၏။ ပုဏ္ဏေးမလည်း သမီးကို တန်ဆာဆင်၍ လျင်စွာလိုက်ကြလေ၏။ ဘုရားရှင်လည်း ပုဏ္ဏားနှင့်တွေ့သော အရပ်တွင် ခြေတော်ရာအစုံကို ချထားခဲ့ပြီး ရှာတွင်းသို့ ဆွမ်းခံကြွတော်မူ၏။

ထိုပုဏ္ဏားကြီးလည်း မယား, သမီးနှင့်အတူထိုအရပ်သို့ရောက်၍ ဘုရားရှင်ကို မမြင်သဖြင့် ကြွသွားမည့်အရပ်ကို ကြည့်ရှုစဉ် ခြေတော်ရာအစုံကို တွေ့မြင်ကြလေသော် "ရှင်မ၊ ရှုလော့-ရှုလော့။ ဤခြေရာကား ထိုယောကျ်း၏ ခြေရာပင်တည်း" ဟု ပုဏ္ဏေးမအား ပြလေ၏။

ပုဏ္ဏေးမလည်း ခြေတော်ရာကို မြင်လျှင်, "သင် ပုဏ္ဏားကား မသိ မလိမ္မာမိုက်မိုက်လေစွ။ ဤသို့သဘောရှိသော ယောကျ်းမြတ်အား သမီးကို ပေးအံ့ဟု ပြောမှ ပြောရက်ပလေ။ ဤခြေရာကား ရာဂ, ဒေါသ, မောဟစသည် ကိလေသာကင်းသော ဘုရားရှင်၏ ခြေတော်ရာပေတည်း" ဟု နှိပ်၍ ပြောဆိုလေ၏။

ပုဏ္ဏားကြီးလည်း ထိုဒုမ်စကားကိုကြားလျှင် "သင်သည် မိန်းမဖြစ်လျက် ဂုဏ်မာန်တက်၍ နှုတ်ထွက်ကြမ်းစွာ မဆိုပါနှင့်" စသည်ဖြင့် ပြန်လှန် မောင်းမဲ့ ပြောဆိုပြန်၏။ သူတို့နှစ်ဦး ဤသို့ငြင်းခုန် ပြောဆိုနေကြစဉ်ပင် ဘုရားရှင်သည် ရဟန်းအပေါင်းနှင့်တကွ ဆွမ်းခံပြီး ထွက်ကြွလာ၍ ထို ပုဏ္ဏားကြီး မြင်လောက်ရာ အရပ်ဖြင့် ကွတော်မူ၏။ ပုဏ္ဏားကြီးလည်း ဘုရားရှင်ကို အဝေးမှမြင်လျှင် ပုဏ္ဏေးမကို မောင်းမဲ ငေါက်ငမ်းပြီး "ငါ ပြောသည့် ယောကျ်ားကား ဤသူပင်တည်း" ဟု အားရဝမ်းသာပြ၍ ဘုရား ရှင် အနီးသို့သွားပြီး -

"အရှင်ရဟန်း၊ ကျွန်ုပ်သည် သင့်ကို အစောကြီးကပင် ရှာဖွေနေခဲ့ပါ၏။ ဤဇမ္ဗူဒိပ်ဝယ် ကျွန်ုပ်သမီးနှင့် ရုပ်အဆင်းတူသော မိန်းမ မရှိပြီ။ ကျွန်ုပ် သမီးကို သင့်အား လုပ်ကျွေးပြုစုရန် မေးလိုပါ၏။ ကျွန်ုပ်သမီးကို ယူပါ လော့" ဟု ဆိုလေ၏။

ထိုအခါ ဘုရားရှင်ကပုဏ္ဏားကိုတရားသံဝေဂဖြစ်စေခြင်းငှာ "ပုဏ္ဏားကြီး၊ ငါဘုရားသည် ငါ့အနီးသို့လာ၍ ငါ့ကို ဖြားယောင်းကြသည့် အလွန်လှုပ သော မာရ်နတ်မင်း၏ 'တဏှာ, အရတီ, ရာဂါ မည်သော သမီးသုံးယောက် တို့ကို မြင်၍မျှလည်း မေထုန်အမှု၌ အလိုဆန္ဒ ငါမဖြစ်ခဲ့။ ယင်းသို့ဖြစ်လျက် ကျင်ကြီးကျင်ငယ် အတိပြည့်သော ဤသင်၏ သမီးကို အဘယ်မှာ အလို ရှိတော့အံ့နည်း။ သင်၏သမီးကို ခြေဖြင့်ပင် ငါမထိလို" ဟူ၍ ကာမာဒီနဝ (ကာမဂုဏ်တို့၏ အပြစ်) တရားကို ဟောကြားတော်မူ၏။

ဤတရားကို ကြားနာရလျှင် ထိုပုဏ္ဏား လင်မယား နှစ်ဦးသည် အနာဂါမ် ဖြစ်သွားကြလေ၏။ သမီးမာဂဏ္ဍိကမူ "ဤအရှင်ဂေါတမသည် ငါ့ကို အလိုမရှိမူ ငါမလိုချင်ဟူ၍သာ ဆိုသင့်ပါလျက် ရှဉ့်ရှာစဖွယ် ကျင်ကြီး ကျင်ငယ်တို့ဖြင့်ပြည့်သော ဤမိန်းမကို ခြေဖျားဖြင့်ပင် မထိလိုဟု ရက်ရက် စက်စက် ဆိုဘိ။ ရှိစေဦး ငါသည် အထွတ်အထိပ်သို့ ရောက်လျှင် ဤရဟန်း ဂေါတမကို နှိပ်စက်ဖျက်ဆီးပေအံ့" ဟု ရန်ငြိုးထားလေ၏။

ထိုပုဏ္ဏား လင်မယား နှစ်ဦးတို့သည် အနာဂါမ် ဖြစ်လေသော် သမီး မာဂဏ္ဍိကို ဘထွေးဖြစ်သူ စူဠမာဂဏ္ဍိထံအပ်၍ ဘုရားရှင်ထံ ရဟန်းပြုကြ လျှင် တရားကိုပွားများအားထုတ်၍မကြာမီရဟန္တာ ဖြစ်ကြလေ၏။ မာဂဏ္ဍိ လည်း ဘထွေးထံ၌ အပ်နှံပြီးနောက် မကြာမီပင်ကောသမ္မီပြည့်ရှင် 'ဥဒေန' မင်း၏ မိဖုရားကြီးဖြစ်၍ အခြံအရံ မောင်းမ ငါးရာနှင့်တကွ တဆောင်သော ပြာသာဒ်၌ စည်းစိမ်ခံစားရလေသတည်း။

ကောသမ္ဗီပြည်၌ ဘုရားရှင်နဝမဝါ ကပ်ဆိုခြင်း

၁၄၅။ သူဌေးကြီးသုံးဦး အသီးသီးက ကျောင်းတိုက်လှူဒါန်းခြင်း

ဘုရားရှင်လည်း မာဂဏ္ဍိပုဏ္ဏားလင်မယားနှစ်ဦးကိုတရားဟော၍ ခွေခွတ်ပြီးနောက် ရဟန်းအပေါင်းခြံရံလျက် အစဉ်သဖြင့် ဒေသစာရီ ကြွခဲ့သော် ကောသမ္ဗီပြည်သို့ ရောက်တော်မူ၏။ သူဌေး သုံးဦးတို့လည်း ဘုရားရှင်ကြွသာတော်မူကြောင်း ကြားလျှင် ကြီးကျယ်ခမ်းနားစွာ ဘုရားရှင် အမှူးရှိသော ရဟန်းအပေါင်းကို ခရီးဦးကြိုပြုကာ ကျောင်းတိုက်သို့ ပင့်ဆောင်ကြပြီး၍ ရှိသမျှသော ရှိခိုးလျက် "မြတ်စွာဘုရား၊ တပည့်တော်တို့သည် ဤကျောင်းတိုက်ကြီး သုံးတိုက်တို့ကို ရှင်တော်ဘုရားအား ရည်ညွှန်း၍ ဆောက်လုပ်ခဲ့ကြပါ၏။ စတုဒိသာ သံဃာအား ချီးမြှောက်ခြင်းငှာ ထိုကျောင်းတိုက် သုံးတိုက်တို့ကို ကရဏာရှေ့ရှု အလှူခံတော်မူပါဘုရား" ဟု လျှောက်ထားကြကုန်၏။

ဘုရားရှင်လည်း ထိုသူဌေးတို့၏ တောင်းပန်ချက်အရ အလှူခံပြီး၍ ထိုကျောင်းတိုက် သုံးတိုက်တို့၌ တလှည့်စီ သီတင်းသုံးတော်မူလျက် ကောသမ္ဗီပြည်၌ "နဝမဝါ" ကပ်၍ သီတင်းသုံးတော်မူ၏။

သူဌေးသုံးဦးတို့သည် ဘုရားရှင် အမှူးရှိသော ရဟန်းအပေါင်းအား ကြီးစွာသော အလှူဒါနကို ပေးကြလေ၏။ ဘုရားရှင်သည် ယနေ့ ဃောသိတာရုံတိုက်၌ သီတင်းသုံးလျှင် နောက်တနေ့၌ ဃောသက သူဌေးအိမ်သို့ ဆွမ်းစား ကြွတော်မူ၏။ ယနေ့ ကုက္ကုဋာရုံတိုက်၌ သီတင်းသုံးလျှင် နောက်တနေ့ ကုက္ကုဋ သူဌေးအိမ်သို့ ဆွမ်းစား ကြွတော်မူ၏။ယနေ့ ပါဝါရိကာရုံ (ပါဝါရိကမ္ဗဝန) တိုက်၌ သီတင်းသုံးလျှင် နောက်တနေ့ ပါဝါရိကသူဌေး အိမ်သို့ ဆွမ်းစား ကြွတော်မူ၏။ ဤသို့ ကျောင်းတိုက် သုံးတိုက်၌ လှည့်လည် သီတင်းသုံးတော်မူ၏။

ထိုသူဌေးသုံးဦးတို့ တဦးတရက်စီ အလှည့်ကျဖြင့် အလှူကြီးကို ပေး၍ တလရှိသောအခါ "ဘုရားရှင်တို့မည်သည် အလုံးစုံသော လူအပေါင်းတို့ကို သနားစောင့်ရှောက် ချီးမြှောက်ရန် ပွင့်တော်မူကြခြင်း ဖြစ်၏။ အခြားလူများအားလည်း ကုသိုလ်ကောင်းမှု ပြုလုပ်ခွင့် ပေးကြကုန်အံ့" ဟု ကြံစည်ကြပြီး ကောသမ္ဗီ ပြည်သူတို့အား နှိုးဆော်တိုက်တွန်း၍ ကောင်းမှုပြုခွင့်ကို ပေးကြလေ၏။

ထိုအခါမှစ၍ မြို့သူမြို့သား လူအများတို့သည် လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် ကြိုးစွာသော အလှူဒါနကို ဒေးလှူကြကုန်၏။

၁၄၆။ သာမာဝတီစသော မိဖုရား ငါးရာ သောတာပန် ဖြစ်ခြင်း

ကောသမ္မီပြည့်ရှင် ဥတေန (ဥဒေန)မင်းမှာ "သာမာဝတီ၊ ဝါသုလဒတ္တာ၊ မာဂဏ္ဍီ" ဟူ၍ မိဖုရားကြီး သုံးဦးရှိ၏။ ထိုမိဖုရားကြီးသုံးဦး အသီးသီးသည် အလုပ်အကျွေးမောင်.မ ငါးရာ ဒေါ်ခြံအရံဖြင့် ပြာသာဒ်တဆောင်စီ၌ နေကြကုန်သတည်း။

သာမာဝတီ မိဖုရားမှာ 'ခုဇ္ဇုတ္တရာ'မည်သောကျွန်မတဦးရှိ၏။ ထိုကျွန်မသည် မိဖုရားပေးသော ငွေရှစ်ကျပ်ဖြင့် ပန်းမျာကိုဝယ်၍ ဆက်သရ၏။ သို့ဆက်သရာတွင် သူမသည် လေးကျပ်ကို ကဲ့ယူထား၍ ငါးကျပ်ဖြင့်သာ ပန်းမျာကိုဝယ်၍ ဆက်သလေ့ရှိ၏။

တနေ့သ၌ သူငွေးကြီး သုံးဦး၏ အလုပ်အကျွေးဖြစ်သော 'သုမန'အမည်ရှိ ပန်းသည် သည် ထိုသူငွေးတို့ကို ပန်ကြား၍ ဘုရားရှင်နှင့်တကွ သံဃာအပေါင်းအား ဆွမ်းတရက် လုပ်ကျွေးလေ၏။ ထိုနေ့၌ ခုဇ္ဇုတ္တရာသည် သုမနထံ ပန်းဝယ်ရန်သွားသော် အိမ်ရှင်တို့ကခေါ်၍ အလှူဘောဇဉ်အဖြစ် ပို့လေ၏။ဘုရားရှင်သည်ဆွမ်းဘုဉ်းပေးပြီးသော်ဆွမ်းအလှူအနုမောဒနာတရားကို ဟော်တော်မူ၏။

ခုဇ္ဇုတ္တရာသည် ပါရမီဉာဏ် ရှိသူဖြစ်၍ ဘုရားရှင်၏ တရားတော်ကို နာရလျှင်ပင် သောတာပန် ဖြစ်လေ၏။ ထိုအခါ သူမသည် ခိုးဝှက်ချင်စိတ် မရှိရကား ရှေးကကဲ့သို့ ငွေလေးကျပ်ကို ကဲ့ယူ မထားဘဲ ရှစ်ကျပ်လုံးဖြင့် ပန်းမျာကို ဝယ်သွား၏။

သာမာဝတီ မိဖုရားကမြင်သော် "မိခင်ဥတ္တရာ၊ ယနေ့ ကျွန်ုပ်အား အချစ်တိုးပွား၍ ပန်းမျာကို ဆောင်ခဲ့သလော" ဟု မေး၏။ ခုဇ္ဇုတ္တရာလည်း ဟုတ်တိုင်းမှန်ရာကို အလုံးစုံပြောကြား၍ဘုရားရှင်ကိုဖူးမြင်ရကြောင်း၊ အမြိုက်တရားကို ရခဲ့ကြောင်းတို့ကို ပြောကြားလေ၏။

ထိုအခါ သာမာဝတီက "မိခင်၊ သင်ရခဲ့သောတရားကို ငါ့အားမျှပါ" ဟုဆိုလျှင် အခြေအရံ မောင်းမတို့ကလည်း "မိခင်၊ သင်ရခဲ့သောတရားကို ငါတို့အားလည်း ပေးပါ" ဟူ၍ လက်ဝါးဖြန့်ကာ တောင်းခံကြ၏။

ခုဇ္ဇုတ္တရာက "ရှင်မတို့၊ ကျွန်ုပ် ရခဲ့သောတရားသည် လက်ဝါးဖြန့်ခံ၍ ရကောင်းသော အရာမဟုတ်။ ဘုရားရှင်၏ တရားတော်ကို နားဖြင့်နာ၍ နှုလုံးဖြင့်သာ မှတ်ခဲ့ရပါ၏။ နာကြားလိုမူ ဘုရားရှင် ဟောသော အခြင်းအရာဖြင့် ဟောပြပါအံ့။ ပါရမီဉာဏ်ရှိမူ အမြိုက်တရားကို သင်တို့ ရအံ့" ဟု ဆိုသော် ထိုမိဖုရားတို့လည်း "ဟောပါ-ဟောပါ" ဟု တောင်းပန်ကြကုန်၏။

ခုဇ္ဇုတ္တရာလည်း သာမာဝတီ အမှူးရှိသော မိဖုရား မောင်းမတို့ကို နှိမ့်ရာမှ ရှိးခိုးကာ နေစေလျက် မိမိကား မြင့်ရာမှ နေပြီးလျှင် ဘုရားရှင် ဟောတော်မူသည့်အတိုင်းသော တရားတော်ကို အစဉ်အတိုင်း ဟောလေ၏။ တရားအဆုံး၌ သာမာဝတီ စသော မိန်းမငါးရာလုံး သောတာန် ဖြစ်ကြလေ၏။

သာမာဝတီသည် ထိုနေ့မှစ၍ ခုဇ္ဇုတ္တရာကို အမိအရာ၌ထား၍ "မိခင်၊ ဘုရားရှင် ဟောကြားအပ်သော တရားတော်ကို နေ့စဉ် နာယူသင်ကြား၍ ကျွန်ုပ်တို့အား ဟောကြားသင့်ပြကာနေပါ" ဟု ခွင့်ပေးလေ၏။

ခုဇ္ဇုတ္တရာလည်း ထိုနေ့မှစ၍ . အမြဲမပြတ် ဘုရားရှင်ထံသွားပြီး တရားတော်ကို နာယူမှတ်သားခဲ့ကာ မိဖုရားတို့အား တဆင့်ဟောကြားပေးလေ၏။ ကာလကြာမြင့်သော် ခုဇ္ဇုတ္တရာသည် ဘုရားရှင် ဟောကြားသည့် တရားတော် ပိဋကတ် သုံးပုံကိုပင် နာယူမှတ်သား အာဂုံဆောင်နိုင်လေသတည်း။

[ခုဇ္ဇုတ္တရာသည် ပညာပါရမီရှိသူ ဖြစ်ရကား တရားတော်ကို တကြိမ်နာရလျှင် အဖ, အလယ်, အဆုံး အလုံးစုံကို မှတ်သားမိ၍ သူတပါးအား ဟောကြားနိုင်လေ၏။ သူမသည် . ရှေးအတိတ်ဘဝ ကဿပ ဘုရားရှင် လက်ထက်က သူငယ်ချင်းဖြစ်သော ရဟန်းမ တဦးအား စေခိုင်းမိသော မကောင်းမှုကံကြောင့် ယခုဘဝ၌ သူတပါး၏ ကျွန်မ ဖြစ်ရ၏။သူမသည် ရှေးအတိတ်ဘဝက ဗာရာဏသီ မင်းသမီး၏ ကျွန်မ ဖြစ်စဉ်က ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့အား ဆင်စုယ် လက်ကောက်တို့ကို သပိတ်ခြေအဖြစ် လှူခဲ့သော ကောင်းမှုကြောင့် ယခုဘဝ၌ ပညာဉာဏ်ကြီးခြင်းဖြစ်၏။ ထိုဘဝ၌ ခါးကုန်းသော ပစ္စေကဗုဒ္ဓါတပါး၏ သွားဟန်လာဟန်ကို ပြက်ရယ် ပြုခဲ့မိသဖြင့် ယခုဘဝ၌ ခါးကုန်းခြင်း ဖြစ်၏။]

သာမာဝတီ မိဖုရားစသော မောင်းမငါးရာတို့လည်း သောတာပန် ဖြစ်သည်မှစ၍ ဘုရားရှင်အား နေ့စဉ်မပြတ် ဆည်းကပ်ပူဇော်လိုကြသော်လည်း ဥတေန မင်းကြီးသည် သဒ္ဓါတရား မရှိဖြစ်၍ မင်းကြီးကို ကြောက်ရွံ့ရသဖြင့် ဘုရားရှင်အား ပန်းတပွင့်စသည့် ကုသိုလ် အနည်းငယ်မျှပင် ပူဇော်မရကြကုန်။ ထို့ကြောင့် ဘုရားရှင်အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူရာ၌ ဖူးမြင်ခြင်းငှာ မိမိတို့ ပြာသာဒ်၏ လေသာပြတင်းပေါက်တို့မှ ကြည့်ရှု ဖူးမြင်ကြ၏။ သို့ ဖူးမြင်ရာတွင်နေရာမလောက်သဖြင့် နံရံ၌ အပေါက်ငယ်များကို ဖောက်၍ ထိုအပေါက်ငယ်များမှ ဘုရားရှင်ကို ဖူးမြင်ကြရကုန်၏။

၁၄၇။ မာဂဏ္ဍိမိဖုရားက ဘုရားကို ရန်ငြိုးငြင့် ပြုမူခြင်း

မာဂဏ္ဍိမိဖုရားသည် ကောသမ္ဗိပြည်သို့ ဘုရားရှင် ရောက်လာကြောင်း သတင်းကြားလျှင် ယခင်ကထားရှိခဲ့သော ရန်ငြိုးကြောင့် "ရဟန်းဂေါတမ အား အကျိုးမဲ့ကိုပြုအံ့" ဟု ကြံပြီး အရက်သမား, လူမိုက်များနှင့် ကျွန်များအား လာဘ်များစွာတို့ကိုပေး၍ "ရဟန်းအပေါင်းနှင့်တကွ ရဟန်းဂေါတမ မြို့ထဲ ဆွမ်းခံကြွသည့်အခါ ဤမြို့မှ ရဟန်းဂေါတမ ထွက်ပြေးအောင် ခါးသီးသည့် စကားလုံးဖြင့် ဆဲရေး ရေရွတ်ကြလော့" ဟု စေခိုင်းလေ၏။

ထိုလူမိုက်တို့သည် မိဖုရားစေခိုင်းသည့်အတိုင်း ဘုရားရှင်အား ကြမ်းတမ်းယုတ်မာသော ဆဲရေးခြင်းအမျိုးမျိုးဖြင့် ဆဲရေးကုန်ကြ၏။

ထိုအခါ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ဤပြည်သား တို့သည် မိုက်မဲလှပါ၏။ ဘုရားရှင်နှင့် သံဃာတော်တို့အား မောင်းမဲဆဲရေးကြပါကုန်၏။ တခြားမြို့သို့ ကွာသွားကြပါကုန်အံ့" ဟု လျှောက်လေ၏။

ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ထိုမြို့သို့ရောက်၍ လူတို့က ထို့အတူ ဆဲရေးကြပြန်လျှင် ဘယ်မြို့သို့ သွားကြမည်နည်း" ဟုမေးတော်မူသော်-

"ထိုမြို့၌ လူတို့က ဆဲရေးကြပြန်လျှင် တခြားမြို့သို့ သွားကြပါကုန်အံ့" ဟု လျှောက်၏။

ထိုအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ တနေရာ၌ အဓိကရုဏ်းတွေ့ကြုံရတိုင်း တခြားမြို့သို့ ပြောင်းရွှေ့နေလျှင် အဆုံးသတ်တော့မည် မဟုတ်။ တနေရာ၌ အဓိကရုဏ်းတွေ့ကြုံလျှင် ယင်းအဓိကရုဏ်းကို ငြိမ်းစေပြီးမှသာ တခြားမြို့သို့ သွားသင့်၏။ အာနန္ဒာ၊ ဘုရားရှင်တို့ မည်သည်

လောကခံရှစ်ပါးတို့ဖြင့် ဖောက်ပြန် တုန်လှုပ်ခြင်း မရှိကုန်။ စစ်မြေပြင်၌ ဆင်ပြောင်ကြီးသည် အရပ်လေးမျက်နှာမှ လာသမျှသော မြားတို့ကိုခံနိုင်သကဲ့သို့ သီလမရှိသော သူယုတ်, လူမိုက်တို့၏ ဆဲရေးခြင်းကို သည်းခံခြင်းကား ငါဘုရား၏ တာဝန်ဖြစ်၏။ အာနန္ဒာ၊ သင်မစိုးရိမ်လင့်။ ဤသူယုတ်တို့သည် ခုနစ်ရက်သာ ဆဲနိုင်ကုန်လတံ့။ ရှစ်ရက်မြောက်၌ တိတ်ဆိတ်ကုန်လတံ့"ဟု မိန့်တော်မူလေ၏။

ဘုရားရှင်၏ စကားကိုကြားနာကြရလျှင် လူမိုက်တို့သည် ဘုရားရှင်အားကြည်ညိုသွားကြလေ၏။ လူမိုက်, သူယုတ် အပေါင်း၏ ဆဲရေးသံလည်း ခုနစ်ရက်အတွင်း ပျောက်ကွယ်လေ၏။ မာဂဏ္ဍိသည် ထိုအမှု မအောင်မြင်သော် အခြားနည်းကို ကြံပြန်၏။

တနေ့သ၌ သူမသည် အပြင်ထွက်၍ လှည့်လည်ရာ သာမာဝတီအမှူးရှိသော နန်းတွင်းသူတို့၏ ပြာသာဒ်သို့ရောက်သွားပြီး တိုက်ခန်းတို့၌အပေါက်ငယ်များကို မြင်လျှင် "ရှင်မတို့၊ ဤအပေါက်ငယ်များကို ဘယ်အတွက် ဖောက်ထားကြသနည်း"ဟု မေးလေ၏။

"ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ ဖောက်ကြပါသည်" ဟု ပြောဆိုကြလျှင်-

မာဂဏ္ဍိလည်း "ငါ့ရှင်သူ ရှင်ဂေါတမ၏ အလုပ်အကျွေးတို့ကို မကြာမီသိစေမည်"ဟု ကြံ၍ ပြန်သွား၏။

နောက် မာဂဏ္ဍိသည် မိမိအဆောင်သို့ ရောက်လာသော ဥတေနမင်းအား "အရှင် မင်းကြီး၊ သာမာဝတီတို့သည် အရှင်မင်းမြတ်ကို ချစ်ခင်စုံမက်ခြင်း မရှိကုန်၊ ခရီးဖြင့် သွားသော ရှင်ဂေါတမကိုသာ ကြင်နာစုံမက်ကြ၍ ခယ ဖူးမျှော်ကုန်၏။ အရှင်မင်းကြီး သတိထားတော်မူလော့။ သူတို့၏ တိုက်နံရံကို သွားကြည့်ပါလော့"ဟု ဂုံးတိုက်လေ၏။

ဥတေနမင်းလည်း သာမာဝတီ၏ ပြာသာဒ်ဆောင်သို့ ရောက်လျှင် ထိုအပေါက်များကိုမြင်၍ မေးပြီး အကြောင်းစုံကို ကြားရလျှင် အမျက်မထား ဘဲ ထိုအပေါက်များကို ပိတ်စေပြီး လေသာပြူတင်းများစွာတို့ကို ပြုပေးလေ၏။

ထို့နောက် မာဂဏ္ဍိသည် မင်းကြီးအား "သာမာဝတီသည် လင်၏ကျေးဇူးကိုမသိ။ ကျေးဇူးမရှိသော ရှင်ဂေါတမ၏ ဂုဏ်ကိုသာ ချီးမွမ်းလေ့ရှိ၏။ အရှင့်အား ချစ်သည်ဟု ကျွန်ုပ် မထင်။ ချစ်, မချစ်ကိုကို သိလိုမူ သင်မင်းကြီးအတွက် ကြက်ရှစ်ကောင်ကို သတ်ချက်၍ ပို့စေလော့ စေခိုင်းပြီး စုံစမ်းပါလော့"ဟု ဆို၏။

မင်းကြီးလည်း မာဂဏ္ဍီဆိုတိုင်းပြုသော် သာမာဝတီတို့ကဲ့လည်း "ကြက်အရှင်တို့ကို အဘယ်သို့ ချက်ရအံ့နည်း" ဟု ဆို၍ နေကြလေ၏။

ထိုအကြောင်းကို မင်းချင်းတို့က ပြန်လျှောက်ကြလျှင် မာဂဏ္ဍီက "ရှင်ဂေါတမအတွက်ချက်၍ ပို့ပါစေ" ဟု လျှောက်ပြန်၏။ မင်းကြီးလည်း မာဂဏ္ဍီဆိုတိုင်းစေခိုင်းပြန်၏။မင်းချင်းတို့သည်မာဂဏ္ဍီ၏ တံစိုးကိုရရှိသဖြင့် ကြက်တို့ကို သတ်ပြီးမှ သွားပို့ကြ၏။ သာမာဝတီတို့လည်း ထိုကြက်တို့ကို ချက်၍ ဘုရားရှင်ထံ ပို့ကြလေ၏။

ထိုအကြောင်းကိုကြား၍လျှင် မာဂဏ္ဍီက "အရှင်မင်းကြီး၊ သိပြီ မဟုတ်လော" ဟု ဂုဏ်းစကား ပြောဆို၏။သို့သော်လည်း မင်းကြီးသည် သာမာဝတီတို့အား အမျက်မထွက်ပေ။ ချင့်တွက် စဉ်းစား၍သာနေ၏။ ဥတေနမင်းကား မိဖုရားတဦးတဦး၏ ပြာသာဒ်၌ခုနစ်ရက်စီ နေလေ့ရှိပြီး သွားလေရာတွင် အလွန်တန်ခိုးကြီးသည့် 'ဟတ္ထိကန္တ'မည်သော စောင်းကို ယူသွားလေ့ရှိ၏။

ထိုအခါ ဥတေနမင်းကြီးသည် မာဂဏ္ဍီအဆောင်၌ ခုနစ်ရက်စံပြီး သာမာဝတီအဆောင်သို့ ကူးလတ်သော် မာဂဏ္ဍီသည် အဆိပ်ပြင်းသော မြွေဟောက်တကောင်ကို ထိုစောင်းထဲ၌ အလုံပိတ်စေပြီးနောက် "အရှင်မင်းကြီး၊ သာမာဝတီကား အရှင်ဂေါတမ၏ အလုပ်အကျွေးတည်း။ သူ့ပြာသာဒ်သို့ သွားမူ သတိထားပါ" ဟု မှာလိုက်သည်။ ဥတေနမင်းလည်း သာမာဝတီ၏ ပြာသာဒ်၌ ခုနစ်ရက်စံပြီး ပြန်လာသော် မာဂဏ္ဍီသည် စောင်းကို ကိုင်၍ လှုပ်ရှားသဖြင့် သွင်းထားသော မြွေဟောက်သည် ထွက်လာ၏။

မာဂဏ္ဍီလည်း အလန့်တကြား အော်ဟစ်လျက် "အသင်မင်းကြီး ကံကောင်း၍သာ အသက်ချမ်းသာရာရပေ၏။ သာမာဝတီ၏ သတ္တိကိုသိတော်မူလော့" ဟု ဂုဏ်းတိုက်ပြန်၏။

ထိုအခါ ဥတေနမင်းသည် ပြင်းစွာ အမျက်ထွက်၍ သာမာဝတီအား ချက်ခြင်းခေါ်စေပြီး လေးကိုတင်လျက် အဆိပ်လူးမြားဖြင့် ပစ်ရန် အားထုတ်၏။ သာမာဝတီအမျိုးရှိသော မောင်းမငါးရာတို့လည်း "သတ်အံ့သော အခြင်းအရာကိုမြင်လျှင်" မင်းကြီးအားမေတ္တာစိတ်ကိုပွားများလျက် ဂုဏ်တော်အရံအတားဖြင့် နေ၏။

မင်းကြီးသည် လေးဖြင့် အကြိမ်ကြိမ် ပစ်လျက် မြားကို မလွှတ်နိုင်ဘဲ ချေးဒီးဒီးကျလေသော်သာမာဝတီက "အရှင်မင်းကြီး၊ တပါးအရပ်သို့ ပစ်လွှတ်တော်မူပါလော့" ဟု လျှောက်၏။

မင်းကြီးလည်း မြေပြင်သို့ ပစ်လွှတ်သောအခါ မြားလျင်စွာ ထွက်သွားသည်ကို မြင်လျှင် အသက်မရှိသော မြားသော်မှ မိဖုရား၏ ဂုဏ်ကျေးဇူးကို သိသေးလျက် အသက်ရှိသော ငါသည် မသိရာ ရောက်ပေ၏တကား" ဟု ထိပ်လန့်ကာ-

သာမာဝတီကို ပခုံးပေါ်တင်၍ "ရှင်မိဖုရား၊ ငါအား သည်းခံပါလော။ မာဂဏ္ဍ၏ ဂုံးစကားကြောင့် ငါပြစ်မှားမိခဲ့၏" ဟု မြတ်နိုးတနာပြုလျက် တောင်းပန်လေ၏။

နောက် မင်းကြီးက သာမာဝတီအား "သင်အလိုရှိတိုင်း ယနေ့မှစ၍ ဘုရားရှင်အားဖူးမြင်ခြင်း, လှူဒါန်းခြင်း, တရားနာခြင်းတို့ကိုပြုပါလော့" ဟု ခွင့်ပေးပြီး အစောင့်အရှောက်များစွာကိုလည်း ထားပေးလေ၏။

ထိုအခါ သာမာဝတီက "အရှင်မင်းကြီးလည်း ဘုရားရှင်ကို ဆည်းကပ်တော်မူပါ။ ကျွန်ုပ်တို့အား တရားပြသ ဆုံးမအံ့သော ရဟန်းတပါးကိုလည်း ခွင့်တောင်း၍ ပေးတော်မူပါ" ဟု လျှောက်၏။

မင်းကြီးလည်း ဘုရားရှင်ထံ သွားရောက် ဆည်းကပ်၍ တရားတော်ကို နာပြီးသော် "မြတ်စွာဘုရား၊ နှုန်းတော်သို့ ဝင်၍ သင်ပြနိုင်သော ရဟန်းတပါးကို ပေးသနားတော်မူပါ" ဟု လျှောက်လေ၏။ ဘုရားရှင်လည်း အရှင်အာနန္ဒာကို စေလွှတ်၍ မိဖုရားတို့အား သင်ကြား ပြသစေတော်မူ၏။ သာမာဝတီစသော မိဖုရားငါးရာတို့လည်း တလတခါ ငါးရာသော သက်နှံးတို့ဖြင့်ပူဇော်ကြလေ၏။

၁၄၈။ မာဂဏ္ဍ၏ သာမာဝတီတို့ကို မီးရှို့၍သတ်စေခြင်း

မာဂဏ္ဍလည်း "ငါလုပ်သမျှ ငါဖြစ်စေချင်တိုင်း မဖြစ်ဘဲ တလွဲတခြားဖြစ်၏။ ယခု ဘယ်လိုလုပ်မလဲ" ဟု အကြံထုတ်ပြန်၏။ ထိုအခါ သူမသည် မိမိထံ ရောက်လာသော မင်းကြီးအား ဥယျာဉ်သို့ ကစားထွက်ရန် လျှောက်လေ၏။ မင်းကြီးလည်း "ကောင်းပြီ" ဟု ဝန်ခံ၍ အစီအစဉ် ပြုလုပ်ပြီး အခြေအရံ မှူးမတ်တို့နှင့်တကွ ဥယျာဉ်သို့ ထွက်လေ၏။

ထိုအခါ မာဂဏ္ဍီသည်မိမိ၏ဘထွေးစူဋ္ဌမာဂဏ္ဍီသို့ "မင်းကြီးနှင့် ကျွန်ုပ် ဥယျာဉ်သို့ ထွက်သောအခါ သာမာဝတီ၏ ပြာသာဒ်သို့ သွားပြီး ပုဆိုးတို့ကို ဆီအိုးတို့၌ နှစ်၍ တိုင်တို့ကို ရစ်ပတ်ပြီး သာမာဝတီ အမှူးရှိသော မိန်းမငါးရာတို့ကို တပေါင်းတည်း စုပြီးမှ အပြင်မှ တံခါးကိုပိတ်၍ ပြာသာဒ်ကို မီးတိုက်ပါလော့" ဟု စကားပို့လိုက်၏။

စူဋ္ဌမာဂဏ္ဍီလည်းသွား၍ထိုအတိုင်းပြုလုပ်သော်သာမာဝတီသည် အခြွေအရံ ငါးရာတို့အား "အစမထင်သော သံသရာ၌ ငါတို့ကိုယ်ခန္ဓာ မီးလောင်ကျွမ်းပေါင်း မရေတွက်နိုင်ပြီ။ သတိတရားဖြင့် မမေ့မလျော့ ရှိကြလော့" ဟု ဆုံးမလေ၏။

ထိုမိန်းမငါးရာတို့လည်း မီးလောင်သည့် ဝေဒနာဖြင့် ပြင်းစွာ ခံရသော်လည်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြသဖြင့် တချို့ သကဒါဂါန်ဖြစ်၍ တချို့ အနာဂါမ်ဖြစ်ကြလေ၏။ ဥတေနမင်းလည်း ထိုအကြောင်းကို ကြားလျှင်ကြားချင်း အမြန်သွားသော်လည်း ပြာသာဒ်လောင်ကျွမ်းပြီးမှ ရောက်လေ၏။

မင်းကြီးသည် အလွန်နှလုံးမသာမယာဖြစ်ပြီး အမတ်ပေါင်းခြံရံကာနေလျက် ဤအမှုသည် မာဂဏ္ဍီ၏လက်ရာဖြစ်မည်" ဟု သိပြီး၊ ဥဗါယ်ကို သုံး၍ "သာမာဝတီသည် ငါအား ပျက်စီးစေရန်အခွင့်ကို အမြဲသာ ရှာကြံနေ၏။ ယခုမူ ငါစိတ်ချမ်းသာစွာ နေရပေတော့မည်။ ဤအမှုကို ပြုသူသည် ငါ့ကို တကယ် ချစ်မြတ်နိုးသူ ဖြစ်မည်" ဟု ဆိုလေ၏။

ထိုအခါ မာဂဏ္ဍီက "ဤအမှုကိုဘထွေးအား စေခိုင်းပြီး ကျွန်ုပ်လုပ်ပါ၏" ဟု လျှောက်သော်-

ဥတေနမင်းက "မာဂဏ္ဍီမှတပါးငါ့အပေါ် ချစ်မြတ်နိုးသူမရှိ။ သင့်ကို ငါယုံကြည်မြတ်နိုး၏။ ဆုပေးသနားအံ့။ သင့်ဆွေမျိုးများကိုခေါ်စေလော့" ဟု ဆိုလေ၏။

မာဂဏ္ဍီလည်း အားရဝမ်းသာစွာဖြင့် ဆွေမျိုးများထံ လူလွှတ်၍ ထိုအကြောင်းကို ပြောကြားစေ၏။ တချို့လည်းမာဂဏ္ဍီအား လက်ဆောင်ပေး၍ "မာဂဏ္ဍီ၏ဆွေမျိုးပါ" ဟု ဆိုပြီး လာကြ၏။ ဥတေနမင်းလည်း ထိုသူအားလုံးကို ဖမ်းစေ၍ မင်းရင်ပြင်၌ ချက်အထိ တွင်းတူး မြှုပ်စေပြီး အပေါ်က ကောက်ရိုးများကို ဖြန့်ကြဲကာ မီးတိုက်စေ၏။ အရေထူ လောင်ကျွမ်းသော် သံထွန်သွားတို့ဖြင့် အပိုင်းပိုင်း အမျှင်မျှင်ဖြစ်အောင် ထွန်စေ

၏။ မာဂဏ္ဍိကိုယ်မှလည်း ဓားဖြင့်အသားကို လှီးခွာ၍ အိုးကင်းဌ်ကြော် စေပြီး သူမကိုပင် စားခိုင်းလေ၏။

တနေ့သဌ် ရဟန်းတို့သည် 'သာမာဝတီ အမှူးရှိသော မိန်းမငါးရာတို့ အိမ်နှင့်တကွ မီးလောင်၍ သေခြင်း၊ မာဂဏ္ဍိနှင့်တကွ ဆွမျိုးအားလုံး ကောက်ရိုးမီးဖြင့် တိုက်၍ အသတ်ခံရခြင်း အကြောင်း'ကို ပြောဆိုကြလျက် "ဤသူနှစ်မျိုးတွင် အဘယ်သူတို့သည် အသက်ရှည်သည် မည်ကုန်သနည်း။ အဘယ်သူတို့သည် သေသည် မည်ကုန်သနည်း" ဟု ပြောဆိုကြလေ၏။

ထိုအခါ ဘုရားရှင်သည် ကြွလာ၍ ထိုရဟန်းတို့၏ စကားနှင့်ပတ်သက်ပြီး "ရဟန်းတို့၊ ကောင်းမှုဌဉ် မေ့လျော့သော သူတို့သည် အသက်တရာပင် ရှည်ငြားလည်း သေသည် မည်ကုန်၏။ ထို့ကြောင့် မာဂဏ္ဍိသည် အသက်ရှည်၍ပင်နေငြားလည်း သေသည် ဖြစ်၏။ သာမာဝတီအမှူးရှိသော မိန်းမငါးရာတို့ကား သေလွန်ကုန်ငြားလည်း အသက်ရှည်သည်မည်ကုန်၏" စသည်ဖြင့် တရားဓမ္မ ဟောကြားပြသတော်မူ၏။

[သာမာဝတီနှင့် အခြေအရံ ငါးရာတို့သည် ရှေးအတိတ်ဘဝ ဗာရာဏသီမင်းသမီးနှင့် အခြေအရံများဖြစ်ခဲ့ရာ တောထဲ၌ ပစ္စေကဗုဒ္ဓါတပါး နိရောဓသမာပတ်ဝင်စားနေရာ ခြုံကို မီးတိုက်မိခဲ့သော မကောင်းမှုကံကြောင့် ငရဲဌ်ကြာမြင့်စွာခံခဲ့ရပြီးနောက် ဘဝများစွာ ဤသို့ မီးလောင်၍ သေခဲ့ရကုန်၏။

ဘုရားရှင်သည် နောင်တွင် ဇေတဝန်ကျောင်းဌ် သီတင်းသုံးသောအခါ "ရဟန်းတို့၊ မေတ္တာစျာန်ဖြင့်နေကြသည့် ငါဘုရား၏ ဥပါသကာမတို့တွင် သာမာဝတီသည် အမြတ်ဆုံး ဖြစ်ပေ၏" ဟူ၍ 'သာမာဝတီအား 'မေတ္တာဝိဟာရီ-တေဒဂ်' အရာဌ် ထားတော်မူ၏။ ထို့ပြင် ဘုရားရှင်၏ တရားကို နာ၍ တဆင့်ဟောကြားခြင်းဖြင့် သာမာဝတီ စသော မိဖုရားငါးရာတို့အား သောတာပန် ဖြစ်စေသော ခုဇ္ဇုတ္တရာ(ဥတ္တရာ) ဥပါသိကာမသည် အကြားအမြင်များသည့် ဥပါသိကာမတို့တွင် အမြတ်ဆုံးဖြစ်၏ ဟူ၍ 'ဗဟုသုတ-တေဒဂ်'အရာဌ် ထားတော်မူလေ၏။]

၁၄၉။ သံဃာ့အဓိကရဏ်းကြီး ဖြစ်ပွားခြင်း

ဘုရားရှင်သည် ကောသမ္မီပြည်တွင် ကျောင်းတိုက်ကြီး သုံးခုဌ် လှည့်လည် သီတင်းသုံး၍ နဝမဝါကပ်တော်မူပြီး ဝါကျွတ်သောအခါဌ်လည်း ဆက်

လက် သီတင်းသုံးတော်မူ၏။ ထိုအခါ ယောသိတာရုံတိုက်တွင် အခြံအရံ တပည့်ရဟန်း ငါးရာစီရှိသော ဝိနည်းဓိရ်မထေရ်တပါး၊ သုတ္တန်ဆောင် (ဓမ္မကထိက)မထေရ်တပါး နေကြ၏။

တနေ့သ၌ သုဇ္ဇာန်ဆောင် မထေရ်သည် ဝစ္စကုဋ္ဌိ(အိမ်သာ)သို့ တက်သော် သန့်သက်ရေခွက်၌ ရေကျန်ကို ထား၍ အမှတ်တမဲ့ ထွက်လာခဲ့၏။ ဝိနည်း ဓိရ်မထေရ်သည် နောက်မှ ထိုဝစ္စကုဋ္ဌိသို့ ဝင်သော် ထိုသန့်သက်ရေအကျန်ကို တွေ့မြင်ရ၍ ထွက်လာခဲ့ပြီး သုတ္တန်ဆောင် ရဟန်းအား "ငါ့ရှင်သည် အဘယ့်ကြောင့် သန့်သက်ရေခွက်၌ ရေကျန်ကို ထားခဲ့သနည်း။ အာပတ်သင့်သည်ကို သင် မသိသလော" ဟု မေး၏။

သုတ္တန်ဆောင် မထေရ်က "စေတနာမပါဘဲ သတိမေ့လျော့၍သာ ထားခဲ့ပါ၏။ အာပတ်သင့်လျှင် ဒေသနာကြားပါမည်" ဟု ဆို၏။

ဝိနည်းဓိရ်က "ထိုသို့ဖြစ်လျှင် သင့်မှာ အာပတ်မသင့်ပါ" ဟု ဆိုသော် သုတ္တန်ဆောင်ရဟန်းလည်း "ငါ့မှာ အာပဘ်မသင့်" ဟု ယူဆလေ၏။

ထိုနောက်မှ ဝိနည်းဓိရ်မထေရ်သည် မိမိ၏ တပည့်များနှင့် စကားစပ်မိရာတွင် "ဤသုတ္တန်ဆောင် ရဟန်းသည် အာပတ်သင့်လျက်လည်း ဘာမျှမသိ" ဟု ပြောဆို၏။

ထိုဝိနည်းဓိရ်၏ တပည့်တို့သည် သုတ္တန်ဆောင်၏ တပည့်တို့ကိုမြင်လျှင် "သင်တို့ဆရာသည် အာပတ်သင့်၍ အာပတ်သင့်မှန်းမသိ" စသည်ဖြင့် နှိပ်၍ ဆိုကြ၏။

သုတ္တန်ဆောင်၏ တပည့်တို့ကလာလျှောက်ကြသဖြင့်သုတ္တန်ဆောင်မထေရ်က "ဤဝိနည်းဓိရ်ရဟန်းကား ရွေးက အာပတ်မသင့်ဟု ပြောပြီးမှ ယခု အာပတ်သင့်၏ဟု ပြောဘိ၏" ဟု၍ ဆို၏။

ထိုအခါ သူ၏တပည့်တို့သည် သွားကြ၍ "သင်တို့၏ဆရာ ဝိနည်းဓိရ်သည် မုသားစကား ပြောသူဖြစ်၏။ အလင်္ဇီ သူယုတ်တည်း" ဟု ပြောဆိုကြကုန်၏။

ဤနည်းဖြင့် တဘက်နှင့်တဘက် အချင်းချင်း အငြင်းပွားကြလေ၏။ နောက် ဝိနည်းဓိရ်သည် အခြားရဟန်းတို့ကို စည်းရုံး၍ ထိုသုတ္တန်ဆောင်အား 'အာပတ်သင့်သည်ကို အာပတ်သင့်၏'ဟု မရှုခြင်းကြောင့် သံဃာက စွန့်ပယ်သော 'ဥက္ခေပနိယ'ခေါ်သော ဝိနည်းကံကို ပြုလေတော့၏။

ထိုအခါမှ စ၍ နှစ်ဘက်သော ရဟန်းတို့သည် သံဃာ့ကံများကို အတူမပြုကြလေကုန်။ ဥက္ခေပနိယကံ အပြုခံရသော မထေရ်လည်း ဗဟုသုတစသော ဂုဏ်နှင့် ပြည့်စုံရကား အကျမ်းဝင်သော ရဟန်းများထံ ချဉ်းကပ်၍ "ငါ့ရှင်

တို့၊ ထိုအမှုကား အာပတ်မသင့်သောအမှု ဖြစ်၏။ ငါလည်း အာပတ်မသင့်သူသာ ဖြစ်၏။ သို့ဖြစ်လျက် ငါသည် အဓမ္မအား ဖြင့် ဥက္ခေပနီယကံ အပြုံခံရ၏။ အရှင်တို့သည် တပည့်တော်၏ ဓမ္မဝိနယ အသင်းအပင်းများ ဖြစ်ကြပါကုန်"ဟု ပြောဆိုသောကြောင့် ထိုချစ်ကျမ်းဝင်သူ ရဟန်းတို့သည် သူ့ဘက်သို့ ပါကြလေ၏။

ဇနပုဒ်ကျေးလက်နယ်ပယ်၌ နေကြသည့် ချစ်ကျမ်းဝင်သူ ရဟန်းများဆံသို့လည်း ထို့အတူပင် တမန်စေလွှတ်ကာ ပြောကြားစေသောကြောင့် ထို ရဟန်းတို့လည်း သူ့ဘက်သို့ လိုက်ပါကုန်၏။ ထို့မှဆက်၍ ဥက္ခေပနီယကံ ပြုသူ ရဟန်းများနှင့် အပြုခံရသူ ရဟန်းများသည်ဌင်း၊ ယင်းတို့အသီးသီး ဘက်သို့ လိုက်ပါကြသည့် ရဟန်းများသည်ဌင်း အချင်းချင်း ငြင်းခုန်ကာ ခြိမ်းခြောက်မောင်းမဲစကားများကို ပြောကြကုန်၏။

ထိုမှတဆင့် ရဟန်းမများနှင့် လူဒါယကာများလည်း မိမိတို့ ရင်းနှီး နှစ်သက်ရာဘက်သို့ လိုက်ပါကြကုန်၏။ ဤသို့လျှင် သံဃာ့အဓိကရဏ်းကြီးမှာ အလွန် ကြီးမားကျယ်ပြန့်ဌား လေ၏။

ဘုရားရှင်သည် ထိုအကြောင်းကို ကြားသိတော်မူလျှင် "ရဟန်းသံဃာကား ကဲ့ပြားလေပြီ"ဟု နှစ်ကြိမ်တိုင် မိန့်တော်မူပြီး နေရာမှထ၍ ဥက္ခေပနီယကံ ပြုသော ရဟန်းများထံ ကြွဆောင်မူကာ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူလျက် "ရဟန်းတို့၊ သင်တို့သည် 'ငါသိသည်, ငါတတ်သည်'ဟု အထင်ကြီးကာ သာမန် အကြောင်းဝတ္ထုကြောင့် အခြား ရဟန်းတပါးကို ဥက္ခေပနီယကံ ပြု(နှင်ထုတ်)ထိုက်၏ဟူ၍ မမှတ်ကြကုန်လင့်။ ဤသာမန်ကိစ္စကလေးကြောင့် သံဃာကဲ့ပြားလတံ့သည်ကို အရေးမူသော ရဟန်းတို့သည် အာပတ်မသင့်ဟု အယူရှိသော ထိုရဟန်းကို အာပတ်မရှုခြင်းကြောင့် နှင်ထုတ်ခြင်းဟူသော ဥက္ခေပနီယကံကို မပြုသင့်"စသည်ဖြင့် သံဃာ့ညီညွတ်ရေး တရားတော်ကိုသာ အကျယ် ဟောပြတော်မူ၏။

ထိုနောက် ဘုရားရှင်သည် နေရာမှထ၍ ဥက္ခေပနီယကံ အပြုခံရသော သုတ္တန်ဆောင် မထေရ်၏ ရဟန်းများထံ ကြွ၍ ခင်းထားအုပ်သော နေရာ၌ ထိုင်တော်မူပြီးသော် "ရဟန်းတို့၊ သင်တို့သည် အာပတ်သင့်လျက် 'ငါတို့ အာပတ် မသင့်ကြ'ဟု နှုတ်ဆိုးသွင်းကြကာ အာပတ်ကို မကူးစားရဟု မမှတ်ကြကုန်လင့်။ အာပတ်မသင့်ဟု အယူရှိစေကာမူ အခြား ရဟန်းတို့က အာပတ်သင့်၏ဟု အယူရှိလေသော် သံဃာ ကဲ့ပြားလတံ့သည်ကို အလေးပြု၍

အားပတ်ကို ဒေသနံ့ာ ကြားရပေမည်”စသည်ဖြင့် သံဃာ့ညီညွတ်ရေးတရားကို အကျယ်အားဖြင့် ဟောပြတော်မူပြန်၏။

ဤသို့လျှင် ဘုရားရှင်သည် နှစ်ဘက်သော ရဟန်းတို့ထံ ကြွ၍ ဘယ်ဘက်ကိုမျှ အပြစ်မတင်ဘဲ သံဃာ့ညီညွတ်ရေးကိုသာ ရှေးရှု၍ အကျယ်တဝင့် တရားလမ်းပြ ဟောကြားတော်မူသော်လည်း ထိုနှစ်ဘက်သော ရဟန်းတို့သည် ညီညွတ်မှု မပြု။တသီးတခြားနေကာ သံဃာ့က မျှားကိုလည်း တခြားစီ ပြုလျက် ဆန့်ကျင်ဘက် စကားမျှားကို ဆက်လက် ပြောဆိုနေကြပေ၏။ အဓိကရုဏ်းကြီး မငြိမ်းဘဲ ရှိလေ၏။

ထိုအခါ ဘုရားရှင်သည် နှစ်ဘက်သော ရဟန်းတို့အား “ချစ်သားတို့၊ မည်မြဲမည်တ်ဘဲ ကွဲပြားကာ ခိုက်ရန်ပြုခြင်းမည်သည် ကောင်းကျိုးစီးပွားမဖြစ်၊ မိမိအားငင်း၊ သူတပါးအားငင်း အကျိုးစီးပွား ဆုတ်ယုတ်စေကြောင်းသာ ဖြစ်၏”ဟူ၍ ညီညွတ်ခြင်း၏ အကျိုးကျေးဇူး, ကွဲပြဲခြင်း၏ ဆိုးကျိုးမျှားကို ဖော်ပြသည့် ‘လဋ္ဌကိကဇာတ်’၊ ‘ဝဋ္ဋဇာတ်’တို့ဖြင့်တရားဟောပြ ဆုံးမတော်မ၏။

ထိုနောက် ဆက်လက်၍ “တဦးနှင့် တဦး, တဘက်နှင့် တဘက် မေတ္တာရှေ့ထား၍ အချင်းချင်း၏ အပြစ်ကို ခွင့်လွှတ်သင့်ကြောင်း၊ ရှေးအခါက ဘုရားတပည့်သားရဟန်း မဟုတ်သောလူပုဂ္ဂိုလ်သည်ပင် မိမိ၏ အဘကို သတ်သူအား ရန်တုံ့မမူ, ခွင့်လွှတ်ခဲ့ကြောင်း။ ထိုသို့ ခွင့်လွှတ်ခြင်းကြောင့် မျှားစွာသော အကျိုးကျေးဇူးကို ခံစားရကြောင်း” ဒီဃာဝု မင်းသား၏ ဝတ္ထုဖြင့် တရားမျှားစွာ ဟောပြ ဆုံးမတော်မူသော်လည်း ထိုရဟန်းတို့သည် ညီညွတ်မှု မပြုဘဲ ကွဲမြဲကွဲလျက်၊ ခိုက်ရန် ပြုမြဲပြုလျက် နေကြကုန်၏။

၁၅၀။ ဘုရားရှင် ကောသမ္မီပြည်မှ ထွက်သွားတော်မူခြင်း

ထိုအခါ ဘုရားရှင်သည် “ဤကောသမ္မီ ရဟန်းတို့ကား ငါ၏စကားကို မလိုက်နာကြကုန်။ ငါသည် တပါးတည်း နေရမူကား ကောင်းလေစွ”ဟု ကြံတော်မူ၍ အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလ္လာန်,ယုတ်စွအဆုံး အရှင်အာနန္ဒာကိုပင် မပြောကြားဘဲ ကိုယ်တော်တပါးတည်းပင် ပါလိလေယျက(ပလလဲ)တောအုပ်သို့ ရှေးရှုကြွသွားတော်မူ၏။ (ဤသို့ တပါးတည်း ကြွသွားတော်မူခြင်းပင် ထိုခိုက်ရန်ဖြစ်သော ရဟန်းတို့အား ဆုံးမရန်အကြောင်း ဥပါယ်ဖြစ်လေ၏။)

ဘုရားရှင်သည် ခရီးအကြား၀င် 'ဗာလကလောကာ'ရွာသို့ ရောက်တော်မူလေ၏။ထိုရွာကို ဒူးမှီပြု၍ ဒူရှင်ဘဂုသည် တောကျောင်း၌ တပါးတည်းနေလျက် ရှိ၏။ ဘဂုထေရ်သည် ဘုရားရှင်ကို အဝေးမှ မြင်လျှင် ခရီးဦးကြိုပြု၍ သပိတ်သင်္ကန်းကို လှမ်းယူလေ၏။ ဘုရားရှင်သည် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီးနောက် "ရဟန်း၊ ခံ့ကျန်း၏လော၊ မျှတ်၏လော၊ ဆွမ်းဖြင့် မပင်ပန်းဘဲ ရှိ၏လော"ဟု မေးတော်မူ၏။

ဘဂုထေရ်က "မြတ်စွာဘုရား၊ ခံ့ကျန်းပါ၏၊ မျှတပါ၏။ ဆွမ်းဖြင့် မပင်ပန်းပါဘုရား"ဟု လျှောက်လေ၏။

ဘုရားရှင်သည် အရှင်ဘဂုထံ၌ နေ့တဝက်နှင့် တည ဘီတင်းသုံးကာ မထေရ်အား တကိုယ်တည်းနေခြင်း၏ အကျိုးအာနိသင်များကို ဟောကြားတော်မူပြီး တပါးတည်းပင် အရှေ့ ဝါးတောသို့ ဆက်ကြွတော်မူ၏။ ထို ဝါးတော၌ အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလ မထေရ်သုံးပါးတို့ အချင်းချင်း အလွန်ချစ်ခင်ညီညွတ်စွာ နေကြကုန်၏။

အရှင်အနုရုဒ္ဓါသည် နေ့သန့်ရာ၌နေစဉ် ဘုရားရှင် ကြွလာသည်ကို အဝေးမှ မြင်လေသော် "ငါတို့ သုံးဦးသည် ချစ်ခင်ညီညွတ်စွာ နေထိုင်ကြ၏။ အကယ်၍ ငါတဦးတည်း ဘုရားရှင်ကို ကြိုဆိုချေသော် ညီညွတ်သောနေခြင်း ဖြစ်မည်မဟုတ်။ ငါ၏ ချစ်ဆွေတို့ကို ခေါ်ဆောင်၍သာ ကြိုဆိုအံ့"ဟု ကြံ၍ အဖော် မထေရ်နှစ်ပါးတို့၏ နေသန့်ရာသို့ သွားပြီး "ဘုရားရှင် ကြွလာကြောင်း"ပြောကြား၏။ ထိုမထေရ်သုံးပါးတို့ အတူတကွ လာ၍ ဘုရားရှင်ကို ခရီးဦးကြို ပြုကြလေ၏။

ဘုရားရှင်သည် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူလျက် "ချစ်သား အနုရုဒ္ဓါတို့၊ ခံ့ကျန်းကြ၏လော၊ ဣရိယာပုထ် မျှတကြ၏လော။ ဆွမ်းဖြင့် မပင်ပန်းဘဲ ရှိကြ၏လော"ဟု မေးတော်မူ၏။ အရှင် အနုရုဒ္ဓါက "မြတ်စွာဘုရား၊ ခံ့ကျန်းကြပါ၏။ ဣရိယာပုထ် မျှတကြပါ၏။ ဆွမ်းဖြင့် မပင်ပန်းကြပါဘုရား"ဟု လျှောက်လေ၏။

ထို့နောက် ဘုရားရှင်က "အနုရုဒ္ဓါတို့၊ သင်တို့သည် အညီအညွတ် ဝမ်းမြောက် ဝမ်းသာ ငြင်းခုန်မှု မပြုကြဘဲ 'နို့နှင့်ရေ'ကဲ့သို့ ဖြစ်ကြ၍ နေထိုင်ကြ၏လော"ဟု မေးတော်မူ၏။

အရှင်အနုရုဒ္ဓါက ဤသို့ နေထိုင်ပါကြောင်း လျှောက်လေသော်ဘုရားရှင်က "အနုရုဒ္ဓါတို့၊ သင်တို့သည် ဘယ်ပုံဘယ်နည်းဖြင့် အညီအညွတ် ဝမ်း

မြောက်ဝမ်းသာ,ငြင်းခုန်မှု မပြုကြဘဲ 'နို့နှင့်ရေကဲ့'သို့ ဖြစ်ကြ၍ နေထိုင်ကြသနည်း"ဟု မေးတော်မူ၏။

ထိုအခါ အရှင်အနုရုဒ္ဓါက "မြတ်စွာဘုရား၊ :ဤမထေရ်နှစ်ပါးနှင့်အတူ ဤတောဌ္ဍ နေရာတွင် တပည့်တော်၏ စိတ်သန္တာန်ဝယ် 'ငါအရတော်ပေစ့ဉ့်။ ဤသို့သဘောရှိသော သီတင်းသုံးဖော်တို့နှင့် အတူတကွ နေရပေ၏'ဟု အကြံဖြစ်ပါ၏။ တပည့်တော်သည်ဤမထေရ်နှစ်ပါးအပေါ်၌မေတ္တာနှင့်ယှဉ်သော ကံသုံးပါးကို ထားရှိပါ၏။ တပည့်တော်၏ အလိုကို ဖယ်ထား၍ အရှင်မြတ်နှစ်ပါး၏ စိတ်အလိုအတိုင်းသာ ကျင့်ဆောင်ပါ၏။ တပည့်တော်တို့ သုံးဦးမှာ ကိုယ်ကသာ ကွဲပြားလျက် စိတ်မူကား တခုတည်းကဲ့သို့ ဖြင့်ပါ၏"ဟု လျှောက်ထားလေ၏။

ထို့နောက် ကျန်မထေရ်နှစ်ပါးကလည်း အရှင်အနုရုဒ္ဓါ လျှောက်ထားသည့်အတိုင်း လျှောက်ထားကြလေ၏။ ဘုရားရှင်သည် ထိုမထေရ်သုံးပါးတို့ထံ၌ တည်သီတင်းသုံးလျက်- အညီအညွတ်နေခြင်း၌ အကျိုးအာနိသင်တရားများကို ဟောတော်မူပြီးနောက် ပါလိလေယျရွာသို့ တပါးတည်း ကြွသွားတော်မူ၏။

ပါလိလေယျက= ပလလဲတော၌ ဒဿမဝါကပ်ခြင်း

၁၅၁။ ဘုရားရှင်အား ပလလဲဆင်မင်း လုပ်ကျွေးခြင်း

ဘုရားရှင်သည် ပါလိလေယျကရွာသို့ ရောက်တော်မူလျှင် ထိုရွာသားတို့သည် လာရောက် ခရီးဦးကြိုပြုကာ ဘုရားရှင်အား အလှူဒါနကို ပေးလှူကြလေ၏။ထို့နောက် ထိုရွာနှင့် မနီးမဝေးဌ၌ရှိသော 'ရက္ခိတ'အမည်ရှိသောတောအုပ်ကြီး၌ သခ်ိမ်းကျောင်းကို ဆောက်လုပ်ကြပြီး ဘုရားရှင်အား "ဤတောကျောင်း၌ သီတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ထား တောင်းပန်ကြလေ၏။ ဘုရားရှင်သည် ထိုရွာကို ဆွမ်းခံရွာ (၈၇ရ၇မ်)ပြု၍ ထိုရက္ခိတတောအတွင်းဝယ် ထိုသခ်ိမ်းကျောင်းအနီးရှိ အင်ကြင်းပင်ကြီးအနီး၌ တပါးတည်း သီတင်းသုံးတော်မူ၏။

ထိုအခါ ဘုရားရှင်သည် "ငါကား'ရှေးက စကားများ ငြင်းခုန်ကြသည့် ကောသမ္မီရဟန်းတို့နှင့် ရောပြွမ်းနေရ၍ စိတ်ချမ်းသာစွာ မနေခဲ့ရချေ။ ယခုမူ

ငါသည် ထိုရဟန်းတို့နှင့် ကင်းကွာ၍အဖော်မပါ။ တပါးတည်းဖြင့် ချမ်းသာစွာနေရပေ၏"ဟု အကြံဖြစ်တော်မူ၏။

ထိုအခါနှင့်၌'ပါလိလေယျက'(ပလလဲ)မည်သောဆင်ပြောင်ကြီးတကောင်သည် ဆင်ပေါက်, ဆင်မ, ဆင်ရွှေ, နို့စို့ဆင်ငယ်တို့နှင့် အတူ ရောပြွမ်း၍နေထိုင်လျက်ရှိရာ တနေ့သ၌ "ငါသည် ဤဆင်များနှင့် ရောပြွမ်းစွာ နေထိုင်ရသဖြင့် ထိုဆင်တို့စားပြီးသော အညွှန့်ပြတ်သည့် မြက်တို့ကို ငါစားရ၏။ ငံုခါချိုးချသမျှသော သစ်ခက်သစ်ကိုင်းတို့ကိုလည်း ထိုဆင်တို့က စားပစ်ကြ၏။ ထိုဆင်တို့နှင့်အတူ သွားလာရ၍ ရေနောက်ကိုလည်း ငါသောက်ရ၏။ ရေဆိပ်မှ တက်သော ငါ့ကိုလည်း ဆင်မတို့သည် ပုဒ်တိုက်တိုးဝှေ့၍ သွားကုန်၏။ ငါသည် ထိုဆင်အပေါင်းနှင့် ကင်းကွာလျက် တကောင်တည်းနေရမှု ကောင်းလေစွ" ဟု ကြံ၍ ထိုဆင်အုပ်မှ ခွဲထွက်လာသော် ထိုရကို့တ တောအုပ်သို့ရောက်လာ၏။ သူသည် အင်ကြင်းပင်အောက်၌ သီတင်းသုံးနေသော ဘုရားရှင်ကို မြင်လျှင် အလွန်ကြည်ညိုသော စိတ်ရှိပြီး ဘုရားရှင်အနီး၌ ရပ်တည်လေ၏။

ထိုဆင်သည် ထိုအခါနှင်မှစ၍ နေ့စဉ် ဝတ်ပြုသောအနေဖြင့်ထိုအင်ကြင်းပင်ကြီးနှင့် သခ်ၤမ်းကျောင်း ပတ်ဝန်းကျင်တွင် မြက်သစ်ပင်များ မရှိအောင် ပြုလုပ်ပြီး သစ်ခက်ဖြင့် တံမြက်လှည်းလေ၏။ ဘုရားရှင် သုံးဆောင်တော်မူရန် မျက်နှာသစ်ရေကို ဆက်ကပ်၏။ ချိုးရေကို သယ်ခပ်၏။ ဒန်ပူကို ဆက်ကပ်၏။ တောအတွင်း၌ ချိုမြိန်ကောင်းမြတ်သော သစ်သီးကြီးငယ်တို့ကို ယူဆောင်ကာ ဘုရားရှင်အား ဆက်ကပ်၏။

ဘုရားရှင်သည် ထို(ပလလဲ)ဆင်မင်း ဆက်ကပ်သော သစ်သီးကြီးငယ်တို့ကို ဘဉ်းပေးတော်မူ၏။ ထိုပလလဲဆင်မင်းသည် နှာမောင်းဖြင့် ထင်းများကို ယူဆောင်ခဲ့ပြီး ထင်းခြောင်းအချင်းချင်း ပုတ်တိုက်ကာ မီးကို ပြုလုပ်ပြီး နွေးသောချိုးရေကိုလည်း ဖန်တီးလေ၏။ ဘုရားရှင်သည် ရှာတွင်းသို့ ဆုမ်းခံကြွသောအခါ ဆင်မင်းသည် သပိတ်သင်္ကန်းကိုယူ၍ ဦးကင်ပေါ် တင်ကာ ဘုရားရှင်နှင့်အတူပင် ရှာ၏ ဥပစာအထိ လိုက်ပါ၏။

ဘုရားရှင်သည် ရှာတွင်းသို့ဆုမ်းခံကြွနေစဉ် ဆင်မင်းသည် ထိုနေရာ၌ပင် စောင့်နေလျက် ဘုရားရှင် ဆုမ်းခံပြီး ပြန်ကြွလာသောအခါ ခရီးဦးကြိုပြုလျက် ရှေးနည်းတူပင် သပိတ်သင်္ကန်းတို့ကို ယူဆောင်လာ၏။ ကျောင်းသို့ရောက်သော် ထိုသပိတ် သင်္ကန်းကို နေရာတကျထားပြီး ဘုရားရှင်အား ဝတ်ပြု၍ သစ်ခက်ဖြင့် ယပ်ခတ်ပေးလေ၏။

ညအချိန်သို့ရောက်သော် ဆင်မင်းသည် ခြသေ့် သစ်ကျားဘေးအန္တရာယ်များကို တားမြစ်ရန် တုတ်ချောင်းကြီးတခုကို နှာမောင်းဖြင့် ကိုင်ထားလျက် အရှဏ်တက်သည်အထိ တောအုပ်အတွင်း၌ လှည့်လည် စောင့်ရှောက်လေ၏။ ထိုအခါမှစ၍ထိုရက္ခိတတောသည်'ပါလိလေယျ ရက္ခိတ'တောဟု တွင်လေ၏။

ဘုရားရှင်လည်း ဖော်ပြပါအတိုင်း ပလလဲဆင်မင်း ပြုစုလုပ်ကျွေးသည်ကို ခံယူတော်မူကာ ထိုတော၌ ဒသမဝါကပ် သီတင်းသုံးတော် မူလေ၏။ ထို သီတင်းသည် ဇမ္ဗူဒိပ်၌ ထင်ရှားပျံ့နှံ့လေ၏။

တနေ့သ၌ မျောက်ငယ်တကောင်သည် ဤသို့ ဘုရားရှင်အား ဆင်မင်း ပြုစုပေးနေသည်ကို မြင်လျှင် "ငါလည်း သူကဲ့သို့ ကောင်းမှုပြုအံ့"ဟု ကြံ၍ ပျားပျံပြီးသောပျားအုံတခုကို တွေ့၍ ယူဆောင်ပြီး ဘုရားရှင်အား ကပ်လှူ လေ၏၊ မျောက်သည် ဘုရားရှင် ဘုဉ်းပေးအံ့လော၊ မဘုဉ်းပေးအံ့လော"ဟု တွေးတောနေစဉ် "ဘုရားရှင် ဘုဉ်းပေးသည်"ကို မြင်လျှင် ရှင်လန်းလှသော စိတ်ဖြစ်၍ သစ်ပင်တပင်ပေါ်သို့ တက်ပြီးမှ သစ်ခက်ကြား၌ မြူးတူးကခုန် လေ၏။ သူနင်းသော သစ်ခက်,ကိုင်သော သစ်ခက်တို့သည် ကျိုးသွားလေ သဖြင့် သူသည် ရှားငုတ်ပေါ်သို့ ကျ၍ ထိုခဏ၌သေလေ၏။ ထိုမျောက်သည် ထိုပျားလှူသော ကုသိုလ်စေတနာကြောင့် တာဝတိံသာနတ်ပြည်၌နတ်သား ဖြစ်လေ၏။

၁၅၂။ ကောသမ္ဗီရဟန်းများ ဆွမ်းမရ၍ ဝန်ချကြခြင်း

ထိုသို့ ဘုရားရှင်သည် ပလလဲတောသို့ တပါးတည်း ကြွ၍ ဝါကပ်သီတင်း သုံးတော် မူသောအခါ ကောသမ္ဗီပြည်၌ နေကြသော ဃောသကသူဌေး စသည့် ဒါယကာ အပေါင်းတို့သည် ဃောသိတာရုံကျောင်းသို့ သွား၍ ဘုရားရှင်ကို မဖူးတွေ့ရလျှင် ရဟန်းတို့အား မေးလျှောက်ကြ၏။

ရဟန်းတို့က "ဘုရားရှင်သည် စိတ်ဝမ်းကွဲပြားနေကြသော ငါတို့ကို တရားစကား ဟောကြား၍ ညီညွတ်အောင် အားထုတ်ပါသော်လည်း ငါတို့ သည် မညီမညွတ် စိတ်ဝမ်းကွဲကြမြဲ ဖြစ်ကြသဖြင့် ဘုရားရှင်သည် ပလလဲ တောသို့ ကြွတော်မူသွားပြီ"ဟု ပြောကြကုန်၏။

ထိုဒါယကာတို့က "အရှင်ဘုရားတို့သည် ဘုရားရှင်ထံ၌ ရဟန်းပြုခဲ့ကြပါ လျက် ဘုရားရှင်က ညီညွတ်အောင် ပြုလုပ်တော်မူသော်လည်း မညီညွတ်နိုင်

ကြသလော”ဟု မေးကြသော် ရဟန်းတို့က “ဟုတ်မှန်ကြောင်း” ဝန်ခံမိန့်ကြားကြ၏။

ထိုအခါ ဒါယကာ ဒါယိကာမအပေါင်းတို့သည် “ဤရဟန်းတို့ကြောင့် ငါတို့သည် ဘုရားရှင်ကို ကြာမြင့်စွာ ဖူးခွင့်မရကြကုန်။ ဤရဟန်းတို့အား ဆွမ်း စသည် ပစ္စည်းလေးပါး မလှူကြစတမ်း။ နေရာထိုင်ခင်း မပေးကြစတမ်း။ ရှိခိုးခြင်း စသည် မပြုကြစတမ်း”ဟု ကတိကဝတ် ထားကြပြီးလျှင် ထိုအခါမှ စ၍ ထိုခိုက်ရန် ငြင်းပွားကြသည့် ရဟန်းတို့အား လူတို့က ဆွမ်း စသည် ပေးလှူဘို့ဝေးစွ အရိုအသေမျှပင် မပြုကြကုန်။

ထိုခိုက်ရန်ငြင်းပွား ရဟန်းများသည် ဆွမ်း အစာအာဟာရကို မစားရခြင်းကြောင့် တနေ့တခြား သွေးသားခန်းခြောက် ပိန်ချုံးသွားပြီး နှစ်ရက် ဆုံးရက်အတွင်း စိတ်ကောင်းဝင်လာကြကာ အချင်းချင်း အပြစ်ကိုပြောကြားတောင်းပန် ဝန်ချ ကန်တော့ကြကုန်၏။ ထို့နောက် ထိုရဟန်းတို့သည် ဒါယကာတို့အား “ငါတို့ ညီညွတ်ကြပါပြီ။ သင်တို့သည် ငါတို့အား ရှေးကကဲ့သို့ ဖြစ်ကြပါကုန်လော့”ဟု ပြောဆို တောင်းပန်ကြ၏။

ထိုအခါ ဒါယကာတို့က “အရှင်ဘုရားတို့သည် ဘုရားရှင်ကို ကန်တော့ပြီးမှသာလျှင် တပည့်တော်တို့သည် အရှင်ဘုရားတို့အပေါ် ရှေးကကဲ့သို့ ဖြစ်နိုင်ကြပါမည်”ဟု လျှောက်ထားကြကုန်၏။ ထိုရဟန်းတို့လည်း ဝါတွင်း ဖြစ်နေ၍ ဘုရားရှင်ထံ မသွားနိုင်ကြသဖြင့် ဝါတွင်းသုံးလပတ်လုံး ဆင်းရဲ ငြိုငြင်စွာပင် နေကြရကုန်၏။

၁၅၃။ အရှင်အာနန္ဒာ ဘုရားရှင်ကို သွားပင့်ခြင်း

ဝါကျွတ်သောအခါ ထိုရဟန်းတို့သည် အရှင်အာနန္ဒာထံ ချဉ်းကပ်ကြ၍ အရပ်ရပ်ကို ဝန်ချပြီးသော် “ဘုရားရှင်ကို သွား၍ ပင့်ပေးပါ”ဟု လျှောက်ကြကုန်၏။ သာဝတ္ထိပြည်မှ အနာထပိဏ်, ဝိသာခါစသော ဒါယကာတို့လည်း “ဘုရားရှင် ပလလဲတောသို့ တပါးတည်းကြွ၍ ဝါကပ် သီတင်းသုံးကြောင်း” ကြားသိပြီးဖြစ်၍ ဝါကျွတ်လျှင် ဘုရားရှင်ကို ပင့်ဆောင်စေရန် အရှင်အာနန္ဒာထံသို့ တမန် စေလွှတ်ကြကုန်၏။

အရပ်လေးမျက်နှာ၌ နေကြသော ရဟန်းငါးရာတို့လည်း ဝါကျွတ်လျှင် အရှင်အာနန္ဒာထံ ချဉ်းကပ်၍ “ငါ့ရှင်အာနန္ဒာ၊ ငါတို့သည် ဘုရားရှင်ထံမှ တရားစကားကို မကြားနာရသည်မှာ ကြာမြင့်ခဲ့ပါပြီ။ ဘုရားရှင်၏ တရား

စကားကို ကြားနာခွင့် ရလိုကြပါ၏"ဟု တောင်းပန် လျှောက်ကြလေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်ကို ပင့်ဆောင်ရန် ထိုရဟန်းငါးရာတို့နှင့် အတူ ပလလဲတောသို့ ကြွလေ၏။

မထေရ်သည် ထိုတောအုပ်သို့ ရောက်သော် "ဤမျှ များပြားသည့် ရဟန်းတို့နှင့်အတူ ဘုရားရှင်ထံ ဆည်းကပ်ရန် မသင့်"ဟုကြံ၍ ထိုရဟန်းတို့ကို အပြင်ဘက်၌ ထားခဲ့ပြီး တပါးတည်း သွားလေ၏။

ပလလဲဆင်မင်းသည် အရှင်အာနန္ဒာကို မြင်လျှင် ထင်းချောင်းကြီးကို နှာမောင်းဖြင့် ပွေ့ကိုင်လျက် ရန်သူမှတ်ပြီး ပြေးလာ၏။ ဘုရားရှင်သည် မြင်တော်မူ၍ ဆင်မင်းအား "မတားမြစ်လင့်။ ဤရဟန်းကား ငါဘုရား၏ အလုပ်အကျွေး ရဟန်းဖြစ်၏"ဟု မိန့်တော်မူ၏။ ထိုစကားကို ကြားလျှင်ပင် ဆင်မင်းသည် ထင်းချောင်းကြီးကိုချ၍ မထေရ်အား ခရီးဦးကြို ပြုလေ၏။ အရှင်အာနန္ဒာလည်း ဘုရားရှင်ထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးနေ၏။

ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ တပါးတည်း လာခဲ့သလော" ဟု မေးတော်မူသော် "ရဟန်းငါးရာတို့နှင့်တကွ လာခဲ့ပါ၏။ ရှင်တော်ဘုရား၏ စိတ်အလိုကို မသိရသေး၍ ထိုရဟန်းများကို တောအပ်၌ ထားခဲ့ပါ၏"ဟု လျှောက်လေ၏။ ဘုရားရှင်က "ထိုရဟန်းများကို သွားခေါ်ချေလော့"ဟု မိန့်တော်မူသဖြင့် အရှင်အာနန္ဒာသည် သွား၍ ထိုရဟန်းတို့ကို ခေါ်ဆောင်လာလေ၏။

ထိုရဟန်းတို့လည်း ရောက်လာ၍ ဘုရားရှင်အား ရိုသေစွာ ရှိခိုးလျက် "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် ဝါတွင်းသုံးလပတ်လုံး တပါးတည်း နေတော်မူသဖြင့် ခဲယဉ်းသောအမှုကို ပြုအပ်ခဲ့ပါပြီ။ ရှင်တော်ဘုရားအား ဝတ်ကြီးဝတ်ငယ် ပြုစုသောသူ မရှိ ထင်ပါကုန်၏"ဟု လျှောက်ထားကြ၏။

ဘုရားရှင်က "ရဟန်းတို့၊ ပလလဲဆင်မင်းသည် ငါဘုရားအား ဝတ်ကြီးဝတ်ငယ်တို့ကို ကောင်းစွာ ပြုစုပေ၏။ ဤသို့သော အဖော်သဟဲကောင်းကို ရမူ အတူနေသင့်လှ၏။ မရသောသူအဘို့မှာ တပါးတည်း နေခြင်းသာ ကောင်းမြတ်လှပေ၏" ဟု မိန့်တော်မူပြီး ထိုအကြောင်းနှင့် စပ်လျဉ်း၍ သုံးဂါထာဖြင့် တရားဟောမတော်မူ၏။ ဤတရားတော်ကို ကြားနာရသော် ထိုရဟန်းငါးရာတို့သည် ရဟန္တာ ဖြစ်ကြလေကုန်၏။

ထိုအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားအား "အနာထပိဏ်သူဌေး၊ ဝိသာခါစသော ဒုယကာတို့က ဘုရားရှင်ကို ပင့်လျှောက်ခိုင်းကြောင်း" လျှောက်ကြားလေ၏။

ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ ထိုသို့ဖြင့်လျှင် သပိတ် သင်္ကန်းကို ယူဆောင်လော" ဟု မိန့်တော်မူ၍ သပိတ်သင်္ကန်းကို ယူဆောင်စေပြီး ပလလဲတောအုပ်မှ ထွက်ကြွတော်မူ၏။ ထိုအခါ ပလလဲဆင်မင်းသည် ကြွမည့်လမ်း၌ ဖိလာကန့်လန့် ရပ်နေလေ၏။

ထိုအခြင်းအရာကို မြင်၍ ရဟန်းတို့က မေးလျှောက်ကြသော် ဘုရားရှင်က "ရဟန်းတို့၊ ဤဆင်မင်းသည် သင်ချစ်သားတို့အား ဆွမ်းအစာကို လှူခြင်းငှာ အလိုရှိ၏။ ငါဘုရားအား ကြာမြင့်စွာ ကျေးဇူးပြုခဲ့သော ဤဆင်မင်း၏ စိတ်စေတနာကို ပျက်စီးစေရန် မသင့်ချေ။ ပြန်နှစ်ကြဦးလော့" ဟု မိန့်တော်မူပြီး ရဟန်းတို့ကို ခေါ်ဆောင်၍ ပြန်လှည့်ကြွတော်မူ၏။

ဆင်မင်းလည်း တောအုပ်သို့ ဝင်၍ ပိန္နဲသီး၊ ငှက်ပျောသီး အစရှိသော စားကောင်းရာရာ သစ်သီးမျိုးစုံတို့ကို စုရုံးယူဆောင်ကာ စုပုံထားပြီး နောက်တနေ့၌ ဘုရားရှင်နှင့် ရဟန်းတို့အား ဆက်ကပ်လှူဒါန်းလေ၏။ ရဟန်းတို့လည်း ထိုသစ်သီးတို့ကို ကုန်အောင်ပင် မဘုဉ်းပေးနိုင်ကြပေ။

ဆွမ်းကိစ္စ ပြီးသောအခါ ဘုရားရှင်သည် ရဟန်းအပေါင်းနှင့် အတူ တောအုပ်မှ ထွက်ကြွတော်မူ၏။ ဆင်မင်းလည်း ရဟန်းတို့အကြားမှ သွားရောက်ကာ ဘုရားရှင် ရှေ့တည့်တည့်၌ ရပ်တည်လေ၏။ ရဟန်းတို့က အကြောင်းကို မေးလျှောက်သော် ဘုရားရှင်က "ရဟန်းတို့၊ ဤဆင်မင်းသည် သင်ချစ်သားတို့ကို လှတ်လိုက်၍ ငါဘုရားကို ပြန်နှစ်စေလို၏" ဟု မိန့်ကြားတော်မူ၏။

နောက် ဆင်မင်းအား "ပါလိလေယျကာ၊ ယခု ငါဘုရား၏ သွားခြင်းကား မပြန်နှစ်သော သွားခြင်းဖြစ်၏။ သင့်အဘို့ ဤဘဝ၌ စျာန်မဂ်ဖိုလ်တရားကို ရနိုင်ခွင့် မရှိချေ။ သင်နေရစ်လော့" ဟု မိန့်တော်မူ၏။ ဆင်မင်းလည်း ထိုစကားကိုကြားလျှင် နှာမောင်းကို ခံတွင်းထဲ ထည့်သွင်းကာ ငို၍ကြွေးလျက် နောက်မှ လိုက်လေ၏။

ပါလိလေယျကရွာ၏ဥပစာရောက်သော်ဘုရားရှင်က "ပါလိလေယျလကာ၊ ဤနေရာမှစ၍ သင်၏ကျက်စားရာ မဟုတ်တော့ချေ။ လူတို့ နေရာကားဘေး များလှ၏။ သင် နေရစ်လော့" ဟု နောက်ဆုံးစကား မိန့်တော်မူလေ၏။ ထိုအခါ ဆင်မင်းသည် ထိုနေရာ၌ပင် ငိုကြွေးလျက် ရပ်ကျန်ရစ်ကာ ဘုရားရှင်ကို မျက်စိတဆုံး ဖူးမြင်ရာမှ မမြင်ရလေသော် နှလုံးကွဲကာ ထိုနေရာ၌ပင် သေလွန်လေ၏။ ဆင်မင်းသည် ဘုရားရှင်၌ အားကြီးသော

ကြည်ညိုခြင်း ကုသိုလ်ကံကြောင့် တာဝတိ်သာ နတ်ပြည်၌ 'ပါလိလေယျက' အမည်ဖြင့် နတ်သား ဖြစ်လေ၏။

၁၅၄။ ကောသမ္မိ ရဟန်းများ ဘုရားရှင်ကို လာ ကန်တော့ခြင်း

ဘုရားရှင်သည် ရဟန်းငါးရာနှင့် အတူတကွ အစဉ်သဖြင့် ခရီးဒေသစာရီ ကြွတော်မူ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ဆိုက်ရောက်တော်မူ၏။ ထိုအခါ ခိုက်ရန်ငြင်းပွား ကောသမ္မိ ရဟန်းများသည် "ဘုရားရှင် သာဝတ္ထိပြည် ကြွတော်မူပြီတဲ့" ဟူသော သတင်းကိုကြား လျှင် ဘုရားရှင်ကိုကန်တော့ရန် သာဝတ္ထိပြည်သို့ ခရီးထွက်ကြလေ၏။ ဘုရားရှင် ဇေတဝန်ကျောင်းသို့ ရောက်တော်မူလျှင်ပင် ကောသလမင်းကြီး၊ အနာထပိဏ်သူဌေး၊ ဝိသာခါ စသော ဒါယကာ အပေါင်းတို့သည် ဘုရားရှင်ထံ လာရောက်ဖူးမြင်ကြ၍ ပဋိသန္ထာရ ဝမ်းမြောက်စကားများကို လျှောက်ကြား လေ၏။

ထို့နောက် ခိုက်ရန် ငြင်းပွားသော ကောသမ္မိ ရဟန်းများ သာဝတ္ထိပြည်သို့ ရောက်လာကြောင်းကြား လျှင် ကောသလမင်းကြီးက "မြတ်စွာဘုရား၊ တပည့်တော်သည် ထိုကောသမ္မိ ရဟန်းတို့ကို တပည့်တော်၏ နိုင်ငံအတွင်းသို့ ဝင်ခွင့် မပေးလိုပါဘုရား" ဟု လျှောက်ထား၏။

ဘုရားရှင်က "မင်းကြီး၊ ထိုကောသမ္မိ ရဟန်းတို့သည် သီလ ရှိသူများ ဖြစ်ကြ၏။ သူတို့သည် အချင်းချင်း အငြင်းပွားကြသဖြင့် ငါဘုရား၏ စကား ကို မနာယူခြင်းအပြစ်သာရှိ၏။ ယခုမူ ငါဘုရားကို ကန်တော့ရန် လာကြ ကုန်၏။ လာကြပါစေ" ဟု မိန့်တော်မူ၏။

အနာထပိဏ်သူဌေးက "ထိုရဟန်းများကို ဤကျောင်းတိုက်အတွင်းသို့ ဝင်ခွင့် မပေးလိုပါဘုရား" ဟု လျှောက်ထား၍လည်း ဘုရားရှင်က တားမြစ် တော် မူရလေ၏။ ထိုကောသမ္မိရဟန်းတို့ ရောက်လာကြသော် ဘုရားရှင်က ၎င်းတို့အား ကျောင်းတိုက် အစွန်အဖျား၌ ဆိုတ်ငြိမ်အောင် ပြုစေ၍ နေရာ ထိုင်ခင်း ပေးစေတော်မူ၏။

သာဝတ္ထိပြည်၌ နေကြသော ရဟန်းအပေါင်းတို့သည် ဘုရားရှင်ထံ လာ ကြ၍ "မြတ်စွာဘုရား၊ ခိုက်ရန်ငြင်းပွား ကောသမ္မိ ရဟန်းများသည် အဘယ် သူများပါနည်း" ဟု မေးလျှောက်ကြသော်ဘုရားရှင်က "ဤသူတို့ပင်တည်း" ဟု မိန့်တော်မူ၏။ "ခိုက်ရန်ငြင်းပွား ဘုရားစကားကို နားမထောင်ကြသည့်

ထိုကောသမ္မဗီရဟန်းတို့ဟူသည် ဤသူတွေတဲ့"ဟု လာတိုင်း လာတိုင်းသော လဇ္ဇီရဟန်းကောင်းတို့က လက်ညှိုးထိုး ပြောဆိုကြလေ၏။

ထိုအခါ ကောသမ္မဗီရဟန်းတို့သည် အရှက်ကြီး ရှက်လှ၍ ဦးခေါင်းမျှမဖော်ဝံ့ကုန်ဘဲ ဘုရားရှင် ခြေတော်ရင်း၌ ဝပ်စင်းကြလျက် ဘုရားရှင်အား "သည်းခံတော် မူပါမည့်အကြောင်း" လျှောက်ထားကြကုန်၏။

ထိုအခါ ဘုရားရှင်က "ချစ်သားတို့၊ သင်တို့သည် ငါဘုရား၏ အထံ၌ ရဟန်းပြုပြီး ငါဘုရားကိုယ်တော်တိုင် ညီညွတ်အောင်ပြုပါလျက် ငါဘုရား၏ စကားကို မလိုက်နာကြသည်မှာ ဝန်လေးသော အမှုကို သင်တို့ ပြုမှားမိခဲ့ကြပေပြီ။ ခိုက်ရန် ငြင်းပွားခြင်း မည်သည်ကား သူတပါးတို့၏ ဒိဋ္ဌဓမ္မ ပြစ်တင် ရှုတ်ချခြင်းကိုလည်း ခံရတတ်၏။ တမလွန်ဘဝသို့ ပြောင်းရသော အခါ၌လည်း အပါယ်ငရဲသို့ ရောက်ရတတ်၏။ ရှေးပညာရှိတို့သည် မိဘစည်းစိမ်နှင့်တကွ ဖျက်ဆီးသောသူကိုပင် အမျက်မပြန် သည်းခံခဲ့ဘူးလေပြီ။ သင်တို့ကား အမျက်ကို ပယ်ရှားသော ငါဘုရား၏ သာသနာတော်သို့ ဝင်ကြပြီးလျက် အမျက်မူကြခြင်းသည် အလွန် ဝန်လေးစွာ့ဏကား"ဟု အစချီကာ 'ကောသမ္မကဇာတ်' (ဒီဃာဝုမင်းသား ဝတ္ထု)ကို အကျယ်အားဖြင့် ဟောတော်မူလေ၏။

ထိုတရားကိုကြားနာကြရသော်ထိုကောသမ္မဗီရဟန်းတို့သည်သောတာပန်စသည် ဖြစ်ကြလေ၏။

ဒက္ခိဏာဂိရိ နာဋ္ဌရွာ၌ ကောဒသမဝါကပ်ခြင်း

၁၅၅။ ကသိဘာရဒ္ဓါဇပုဏ္ဏားကြီး ရဟန်းပြုခြင်း

ဘုရားရှင်သည် ပလလဲတော၌ ဝါကျွတ်ပြီး၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ချေချွတ်ရမည့် သတ္တဝါရှိသလောက် သီတင်း သုံးပြီးနောက် ခရီးဒေသစာရီ အစဉ်သဖြင့် ကြွချီတော်မူကာ (မဓဂတိုင်း ရာဇဂြိုဟ်ပြည်ကို ပတ်ရံ၍ တည်သောတောင်၏ တောင်ဘက်၌ တည်ရှိသဖြင့်)'ဒက္ခိဏာဂိရိ' မည်သော ဇနပုဒ်တိုက်နယ်သို့ ရောက်တော်မူ၏။ ထိုနယ်၌ ပါဝင်သော 'ကေနာဋ္ဌ' မည်သော ပုဏ္ဏားရွာသို့ရောက်၍ထိုရွာကို ဆွမ်းခံရွာအဖြစ် အမှီပြုကာ 'ဒက္ခိဏာဂိရိ'မည်သောကျောင်းတွင် 'ကောဒသမ' (တဆဲ့တစ်ဝါမြောက်) ဝါကပ် သီတင်းသုံးတော်မူ၏။

ထိုသို့သီတင်းသုံးစဉ် တနေ့သဉ်ဘုရားရှင်သည် နံနက်မိုးသောက်ယံဝယ် ထုံးစံအတိုင်း သတ္တလောကကို ကြည့်ရှုသော် ထိုရွာ၌နေသည့် 'ကသိဘာရဒ္ဓါဇ'မည်သော ပုဏ္ဏား လယ်သမားကြီးကို မြင်တော်မူလျှင် "ယနေ့ကသိဘာရဒ္ဓါဇ ပုဏ္ဏားကြီး လယ်ထွန်မင်္ဂလာ ပြုလိမ့်မည်။ ထိုပုဏ္ဏား လယ်ထွန်ရာသို့ ငါဘုရားကြွလျှင် စကားနှီးနှော ပြောဆိုရမှု ဖြစ်လိမ့်မည်။ ထိုအခါ ငါဘုရား၏ တရားစကားကို ကြားနာရသဖြင့် ထိုပုဏ္ဏားကြီးသည် ရဟန်းပြု၍ ရဟန္တာ ဖြစ်လိမ့်မည်" ဟု ဆင်ခြင်သိမြင်တော်မူ၏။ ဘုရားရှင်သည် ဆွမ်းခံချိန်ကိုင့်လျက် ဂန္ဓကုဋ္ဌိတိုက်၌ သီတင်းသုံးတော်မူ၏။

နံနက်စောစောတွင် ထိုပုဏ္ဏားကြီးသည် အဝတ်အစားသစ်များ ဝတ်ဆင်ထားသော အလုပ်သမား ငါးရာတို့နှင့် အတူတကွ ထွက်၍ ကြီးကျယ်ခမ်းနားစွာ လယ်ကွင်း၌တန်ဆာဆင်ယင်လျက်ထွန်တုံးငါးရာတို့ဖြင့်လယ်ထွန်မင်္ဂလာမှုကို ပြုလေ၏။ အိမ်ရှင်မလည်း လယ်ထွန်မင်္ဂလာ ပြုကြသည့်ပရိသတ်များအတွက် နို့ဃနာများကို ချက်ပြုတ်ပြီး အိုးကြီးအိုးငယ်တို့ထဲ ထည့်၍ အခြား စားသောက်ဖွယ်များနှင့်တကွ လှည်းပေါ်တင်ကာ အဝတ်သစ် ဝတ်ထားသော ပုဏ္ဏေးမအပေါင်းခြံရံကာ အလုပ်ဌာနသို့ သွားလေ၏။ အလုပ်ဌာန၌ အားလုံးအသင့် စုံညီသောအခါ ပုဏ္ဏားကြီးသည် မိမိစားနေကျ ရွှေခွက်ထဲ၌ နို့ဃနာ အပြည့်ထည့်ကာ ထွန်တုံးနတ်အား ပူဇော်သမှု ပြုစေ၏။ ပုဏ္ဏေးမကြီးသည် လယ်သမားငါးရာတို့အား စားခွက်များကို ပေးစေပြီး ကိုယ်တိုင်ပင် နို့ဃနာကို အစဉ်အတိုင်း လှည့်လည်သွားလာ လောင်းထည့်ပေးနေ၏။ ပုဏ္ဏားကြီးလည်း ဗလိနတ်စာကို ပြုစေပြီးနောက် တောင်ဝှေးနီကြီးကို ကိုင်လျက် "ဤသူ၏ ခွက်၌ နို့ဃနာကို ပေးလော့" စသည်ဖြင့် ပြောဆို စီမံ လှည့်လည်နေ၏။

ထိုအခါ ဘုရားရှင်သည် ဂန္ဓကုဋ္ဌိ၌ နေလျက်ပင် ထိုပုဏ္ဏားကြီး ကျွေးမွေး စီမံနေသည်ကိုမြင်၍ သပိတ်သင်္ကန်းကို ယူပြီး ထိုနေရာသို့ တပါတည်းကြွတော်မူ၏။ ဘုရားရှင်သည် ထိုနို့ဃနာ ကျွေးမွေးရာသို့ကြွ၍ ပုဏ္ဏားကြီးမြင်လောက်သည့် နေရာ၌ ရပ်တော်မူလျက် ရွှေရောင်ဖြစ်သော ကိုယ်တော်ရောင်ကို ထိုလူများဆီသို့ လွှတ်တော်မူ၏။ နို့ဃနာ စားနေသည့် လူအပေါင်းသည် အတုမရှိသော ဘုရားရှင်၏ အသရေတော်ဖြင့် ရပ်နေသော ဘုရားရှင်ကို ဖူးမြင်ရ၍ လက်ခြေတို့ကို ဆေးကြောပြီး လက်အုပ်ကိုယ်စီချီလျက် ဘုရားရှင်ကို ဝန်းရံတည်ကြလေ၏။

ကသိဘာရဒ္ဓါဇပုဏ္ဏားကြီးသည် ထိုအခြင်းအရာကိုမြင်လျှင် "ဤရဟန်း ဂေါတမသည် ငါ့အလုပ်ကိုပျက်အောင် တမင်သက်သက်လာရောက် နှောက်ယှက်လေသည်"ဟု ကြံ၍ နှလုံးမသာမယာ ဖြစ်၏။

နောက် "ဤရဟန်း ဂေါတမသည် ဇမ္မူဒိပ်အလုံးဌ္ဌ အလွန်ထင်ရှားလှပြီး သူ့အဘို့ အကျိုးစီးပွား ပြီးမြောက်ပြည့်စုံသည်သာဖြစ်၏။ သို့ဖြစ်လျက် သူသည် ပျင်းရိပြီး အလုပ်မလုပ်ဘဲ လူအများထံ၌ ဆွမ်းခံစားသောက်ကာ လှည့်လည်နေဘိ၏"ဟု ကြံမိပြန်၏။

ထိုအခါ ပုဏ္ဏားကြီးသည် "အရှင်ဂေါတမ၊ငါသည် လယ်ထွန်မှု၊ မျိုးကြဲမှုကို ပြုပြီး စားသောက် နေထိုင်ပေ၏။ သင်လည်း ငါကဲ့သို့ ပြုပါတော့လော။ လယ်ထွန် မျိုးကြဲပြီး ငါကဲ့သို့ပင် ချမ်းသာစွာ စားသောက် နေထိုင်ပါတော့လော့"ဟူ၍ မထီမဲ့မြင်စကား ပြောကြားလေ၏။

ထိုအခါ ဘုရားရှင်က "ပုဏ္ဏား၊ ငါဘုရားလည်း သင်ကဲ့သို့ပင် လယ်လည်းထွန်၏။မျိုးလည်းကြဲ၏။ လယ်ထွန် မျိုးကြဲပြီးချမ်းသာစွာ စားသောက် နေထိုင်ပေ၏"ဟု မိန့်တော်မူ၏။

ပုဏ္ဏားကြီးလည်း "ငါသည် ရဟန်းဂေါတမ လယ်ထွန်သည်ကို မမြင်ဘူး။ သူသည် မုသားပြောနေသလော"ဟု ကြံအောက်မေ့ပြီးမှ ဗေဒင်ကျမ်းကျင်သူ ဖြစ်သည့်အလျောက် ဘုရားရှင်၏ လက္ခဏာ ကြီးငယ်တို့ကို ကြည့်ရှု၍ ပြည့်စုံကြောင်း သိမြင်သော် "ဤကဲ့သို့သော ပုဂ္ဂိုလ်မြတ်သည် အမှန်စင်စစ် မုသား ပြောဆိုသူ မဟုတ်ပေ"ဟု သိရှိသဖြင့် ဘုရားရှင်အပေါ် ချစ်ခင်လေးမြတ်သောစိတ် ရှိသွားလေ၏။

ထို့ကြောင့် သူသည် "ကျွန်ုပ်သည် အရှင်ဂေါတမ၏ ထမ်းပိုး, ထွန်တုံးထွန်သွား,နှင်တံ, ခိုင်နွားတို့ကို မမြင်ရပါကုန်။ ထို့သို့ ဖြစ်လျက် အရှင်ဂေါတမက 'ငါလည်း လယ်ထွန်၏။ မျိုးကြဲ၏' ဟုဆိုဘိ၏။ အဘယ်သို့ လယ်ထွန်၍ မျိုးကြဲလေပါသနည်း"ဟု လျှောက်လေ၏။ ထိုအခါ ဘုရားရှင်က လေးဂါထာဖြင့် ဤသို့ ဖြေကြားတော်မူလေ၏။

(၁) "ငါ၏ သဒ္ဓါတရားသည် မျိုးစေ့ ဖြစ်၏။ ငါ၏ ဤနွေစောင့်စည်းမှုသည် မိုးရွာခြင်း မည်၏။ ငါ၏ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်သည် ထမ်းပိုးနှင့် ထွန်တုံး မည်၏။ ငါ၏ ဟိရိသြတ္တပ္ပတရား နှစ်ခုသည် ထွန်သံအစုံ မည်၏။ ငါ၏ သမာဓိတရားသည် ကြိုးမည်၏။ ငါ၏ ဝိပဿနာဉာဏ်, မဂ်ပညာနှင့် ယှဉ်သော သတိသည် ထွန်သွားနှင့် နှင်တံမည်၏။

(၂) သင်သည် လယ်ကို စောင့်ရှောက်သကဲ့သို့ ငါလည်း ကိုယ်နှုတ်ကို စောင့်စည်း၏။ ငါသည် အစားအစာ, ဝမ်းခွဲ စောင့်စည်း၏။ မှန်ကန်သော စကားဖြင့် စိတ်၏ အညစ်အကြေး, ပေါင်းမြက်များအား ရိတ်ဖြတ်သုတ်သင်ခြင်းကို ပြု၏။ အရဟတ္တဖိုလ်သည် ငါ၏ အပြီးတိုင် ရပ်နားသည့် အပန်းဖြေခြင်းတည်း။

(၃) ငါ၏ ကိုယ်, စိတ် စိရိယ နှစ်ပါးသည် ခိုင်းနှားအစုံ ဖြစ်၏။ ထို ခိုင်းနှားအစုံသည် ငါ့အား စိုးရိမ်ခြင်း အလျဉ်းမရှိသော နိဗ္ဗာန်သို့ မဆုတ် မနစ်ဘဲ ရောက်အောင် ပို့ဆောင်ပေး၏။

(၄) ထိုသို့သောနည်းဖြင့် ဤကိုယ်တွင်း လယ်ထွန်ခြင်းကို ပြုခဲ့လေပြီ။ ငါ၏ လယ်ထွန်မှုသည် နိဗ္ဗာန်ဟူသော အသီးရှိသည် ဖြစ်၏။ ထိုလယ်ထွန်ခြင်းမျိုးကို ပြုသော် ဆင်းရဲခပ်သိမ်းမှ အပြီ.တိုင် ကျတ်လွတ်နိုင်၏"

ကသိဘာရဒ္ဒါဇ ပုဏ္ဏားကြီးသည် ဤနက်နဲသိမ်မွေ့သော တရားစကားကို နာရ၍ တရား၏ သဘောအဓိပ္ပာယ်ကို သိမြင်နားလည်လေသဖြင့် ဘုရားရှင်ထံ၌ ရဟန်းပြုပေးရန် တောင်းခံလေ၏။ ပုဏ္ဏားကြီးသည် ရဟန်းပြုပြီး၍ မကြာမြင့်မီပင် ဆိတ်ငြိမ်ရာ၌ တရားအားထုတ်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ဝေရဉ္ဇာပြည်၌ ဒုဒိဿမဝါကပ်ဆိုခြင်း

၁၅၆။ တဝါတွင်းလုံး ဘုရားရှင် ဆွမ်းဒုက္ခံခံရခြင်း

ဘုရားရှင်သည် ဒက္ခိဏာဂိရိ ဇနပုဒ်အတွင်းရှိ 'ကေနာဠ' ပုဏ္ဏားရွာ၌ ဒဿမဝါကပ်၍ ကသိဘာရဒ္ဒါဇ ပုဏ္ဏားကြီး အစရှိသော ဝေနေယျသတ္တဝါတို့ကို ချေချွတ်ပြီးနောက် ဝါကျွတ်လျှင် ရဟန်းအပေါင်း ခြံရံလျက် ဒေသစာရီကြွခရီးသော် အစဉ်သဖြင့် 'ဝေရဉ္ဇာ'ပြည်သို့ ရောက်တော်မူ၍ 'နင်္ဂြေရု'မည်သော ဘီလူးအုပ်စိုးသည့် တမာပင်ကြီးအနီး၌ သီတင်းသုံးတော်မူ၏။

ထိုမြို့၌နေသော 'ဝေရဉ္ဇာ'အမည်ရှိ ပုဏ္ဏားကြီးသည် ဘုရားရှင် ကြွရောက်လာကြောင်း ကြားသိလျှင် ဘုရားရှင်ထံ သွားရောက်ဆည်းကပ်၍ ဝမ်းမြောက် ဝမ်းသာစကား ပြောပြီးနောက် "အရှင်ဂေါတမ၊ ကျွန်ုပ် ကြားဘူးသည့် အတိုင်းပင် အရှင်ဂေါတမသည် အသက်အရွယ် ကြီးရင့်ကုန်သော ပုဏ္ဏားကြီးတို့ကိုရှိလည်းမခိုး, ခရီးဦးလည်း မကြို, နေရာဖြင့်လည်းမဘိတ်ကြား

သည်ကို ကိုယ်တွေ့ မြင်ရပါ၏။ ဤသို့ ရှိခိုးမှုစသည်ကို မပြုခြင်းသည် လုံးဝ မသင့်လျော်ပါ"ဟု ရှုတ်ချစကား ပြောကြားလေ၏။

ထိုအခါ ဘုရားရှင်က "အို ပုဏ္ဏား၊ ငါဘုရား ရှိခိုးထိုက်သူ, ခရီးဦးကြို ပြထိုက်သူ, နေရာဖြင့် ဘိတ်ထိုက်သူကို တဦးမျှပင် မမြင်ချေ။ ငါဘုရားသည် အကြင်သူကို ရှိခိုးငြားအံ့, ခရီးဦးကြို ပြုငြားအံ့, နေရာဖြင့် ဘိတ်ငြားအံ့၊ ထို သူ၏ ဦးခေါင်းသည် ပြတ်၍ မြေသို့ ကျရာ၏"ဟု မိန့်တော်မူ၏။

ဝေရဥ္ဇပုဏ္ဏားကြီးသည် ပညာမဲ့သူ ဖြစ်ရကား ထိုစကားကို ကြားရ သော်လည်း "ဘုရားရှင်သည် လောက၌ အကြီးမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်ကြောင်း' မရိပ်မိ, မသိနိုင်သည်သာမက ထိုစကားကိုပင် မခံမရပ်နိုင် ဖြစ်ကာ-

"အရှင်ဂေါမသည် (၁) အရသာကင်းသော သဘောရှိသူဖြစ်၏။

(၂) အသုံးမရှိသူ ဖြစ်၏။

(၃) မပြုထိုက်ဟူသော 'အကိရိယ'အယူဝါဒ ရှိ၏။

(၄) ဖြတ်အပ်၏ ဟူသော 'ဥစ္ဆေဒ' အယူဝါဒ ရှိ၏။

(၅) စက်ဆုပ်ခြင်းသဘောရှိသူ ဖြစ်၏။

(၆) ဖျက်ဆီးတတ်သူ=အဖျက်သမားကြီး ဖြစ်၏။

(၇) ပူပန်စေတတ်သူ ဖြစ်၏။

(၈) နတ်ရွာပဋိသန္ဓေမှ ကင်းသူ ဖြစ်၏" ဟူ၍ ဆဲရေးခြင်း ရှစ်မျိုးတို့ ဖြင့် ရှုတ်ချ စွပ်စွဲဆဲရေးလေ၏။ သို့ရာတွင် ဘုရားရှင်သည် ဝေရဥ္ဇပုဏ္ဏား ကြီးအား လွန်စွာ သနားသဖြင့် ထိုအချက် ရှစ်ချက်နှင့် ပတ်သက်ပြီး အေး ဆေးဖြည်းညှင်းသာယာစွာ ဖြေရှင်းတော်မူ၏။ ထို့နောက် တဖန် များစွာ သော နည်းပရိယာယ်ဥပမာတို့ဖြင့် "ဘုရာ ရှင်သည် ဗောဓိမဏ္ဍိုင်၌ တရား ကျင့်ပုံ, ဘုရားဖြစ်ပုံ, အဝိဇ္ဇာတည်းဟူသော ဥခွံတွင်းမှ ပထမဆုံး ခွဲဖျက် ထွက်နိုင်ခဲ့သဖြင့် အရိယာ ဇာတ်အားဖြင့် ရှေးဦးစွာ မွေးဖွားလာခဲ့သူ ဖြစ် ကြောင်း, ထို့ကြောင့် လောက၌ အတုမရှိသော အကြီးမြတ်ဆုံးပုဂ္ဂိုလ် ဖြစ် ကြောင်း အကျယ်တဝင့် တရားစကား ဟောကြားတော်မူ၏။

ထိုအခါမှ ဝေရဥ္ဇ ပုဏ္ဏားသည် "ဘုရားရှင်ကား လောက၌ အကြီးမြတ် ဆုံးပုဂ္ဂိုလ် ဖြစ်ကြောင်း, မိမိသည် မှားယွင်းစွာ စွပ်စွဲပြောဆိုမိကြောင်း" သိနားလည်သွားသဖြင့် "အရှင်ဂေါတမ၊ တပည့်တော်သည် အရှင်ဂေါတမ (ဘုရား,)တရား,သံဃာ ဟူသော ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါ၏။ ကျွန်ုပ်ကို ယနေ့မှစ၍ သရဏဂုံတည်သော ဥပါသကာဟူ၍ မှတ်တော်မူပါ" ဟု လျှောက်ထား၍ သရဏဂုံကို ခံယူဆောက်တည်လေ၏။

ထို့နောက် "အရှင်ဂေါတမသည် ရဟန်းသံဃာနှင့်တကွ ကျွန်ုပ်အား ချီးမြှောက်ရန် ဝေရဉ္ဇာပြည်၌ ဝါကပ်တော်မူပါ"ဟု တောင်းပန် လျှောက်ထားလေ၏။ ဘုရားရှင်လည်း ဝန်ခံတော်မူ၏။

ဤသို့လျှင် ဘုရားရှင်သည် ဝေရဉ္ဇာပုဏ္ဏား တောင်းပန်ချက်အရ ဝေရဉ္ဇာပြည်၌ရဟန်းငါးရာနှင့်တကွဒုါဒသမ(ဘဆယ့်နှစ်ဝါမြောက်)ဝါကပ်သီတင်းသုံးတော်မူ၏။ ထိုအခါ ဝေရဉ္ဇာပြည်၌ ဒုဗ္ဘိက္ခ အငတ်ဘေး ဆိုက်ရောက်၍ အစာခေါင်းပါးလေ၏။ လူမျှားစွာတို့ သေကြေပျက်စီးကြကုန်၏။ ရဟန်းတို့အဘို့ သပိတ်လက်ဆဲ့၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူပေ။ ထိုအချိန်တွင်(မိုးအားကြီးသော) ဥတ္တရာပထတိုင်းမှ မြင်းကုန်သည်တို့သည် မြင်းငါးရာတို့နှင့်အတူ ဝေရဉ္ဇာပြည်သို့ မိုးခိုနေကြကုန်၏။ သူတို့သည် မြက်မရှိသောနေရာ၌ မြင်းစာပြုလုပ်ရန် မုယောဆန်တို့ကို ယူဆောင်လာခဲ့ကြကုန်၏။ ထို မြင်းကုန်သည်ကိုသည် ဆွမ်းခံ၍ မရကြသော ရဟန်းတို့အား တစလယ်၊ တစလယ်စီသော ရိက္ခာမုယောဆန်ကို ဝတ်တည်ကြကုန်၏။ ဘုရားရှင်အတွက်မူ မုယောဆန် တစလယ်နှင့်တကွ ထိုအားလျော်သောထောပတ်၊ ပျားသကာတို့ကို လှူဒါန်းကြလေ၏။

အရှင်အာနန္ဒာသည် ထိုဝတ္ထုများကို ယူလာ၍ မုယောဆန်ကို ကျောက်ပျဉ်၌ ကြိတ်ကာ ထောပတ် စသည်တို့နှင့် ရောစပ်၍ ဘုရားရှင်အား ဆက်ကပ်လေ၏။ ဘုရားရှင်သည် ထိုမုယောမုံ့ကိုပင် ဘဉ်းပေးပြီး ဖလသမာပတ်ဝင်စား၍ အချိန် ကုန်လွန်စေတော်မူ၏။

ရဟန်းတို့လည်း မုယောဆန်သို့ ဆုံငယ်၌ထောင်း၍ သုံးဆောင်ကြကုန်၏။ ဘုရားရှင်သည် ထိုဆုံငယ်ထောင်းသံကို ကြားတော်မူလျှင် "အရှင်အာနန္ဒာ၊ ယခု ကြားရသော အသံကား အဘယ်ပြုသော အသံနည်း"ဟု (သိတော်မူလျက်ပင်) မေးတော်မူ၏။

အရှင်အာနန္ဒာကအလုံးစုံလျှောက်ကြားလေသော် ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ကောင်းစွာ၊ကောင်းစွာ၊ သူတော်ကောင်းဖြစ်သော သင်တို့သည် (တပ်မက်ခြင်း အလိုဆိုးသို့ မလိုက်ပါဘဲ) သလေးဆန်ဖြင့် ချက်အပ်သော သွားပြုမ်း(ဒန်ပေါက်)ဆွမ်းကို အောင်နိုင်လေပြီ။ နောင်လာနောက်သားတို့ကား၊ သားပြုမ်းဒန်ပေါက်ဆွမ်းကို အထင်သေးကြလိမ့်ဦးမည်တကား"ဟု မိန့်တော်မူလေ၏။

ထိုအခါ အရှင်မောဂ္ဂလ္လာန်သည် မိမိ၏ တန်ခိုးကြီးမှုကို အမှီပြု၍ 'ယခုအခါ ဝေရဉ္ဇာပြည်သည် အစာခေါင်းပါး၏။ ရဟန်းတို့လည်း ပင်ပန်း

ကုန်၏။ ငါသည် မြေကြီးကိုလှန်၍ အောက်အပြင်ရှိ မြေဆီ မြေလွှာ မြေသြဇာကို ကျွေးရမူ ကောင်းလေစ့ဉ့်" ဟု ကြံစည်ပြီးနောက် ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်ထားလေ၏။

ဘုရားရှင်က "ချစ်သား မောဂ္ဂလ္လာန်၊ မသင့်လျော်ပေ။ သင်ချစ်သားသည် မြေကြီးကို လှန်ရန် အလိုမရှိလင့်။ သတ္တဝါတို့သည် အထင်အမြင်လွဲမှားခြင်းသို့ ရောက်ကုန်ရာ၏" ၊နောင်လာနောက်သား တန်ခိုးမရှိသည့်သည့် ရဟန်းတော်များအား လူတို့က ပြောကြမည့် အန္တရာယ်ကို မြင်တော်မူ၍၊ တားမြစ်တော်မူ၏။

ထို့နောက် အရှင်မောဂ္ဂလ္လာန်က ဆက်လက်၍ "မြတ်စွာဘုရား၊ ရဟန်းသံဃာအားလုံး မြောက်ကျန်းသို့ ဆွမ်းခံကြွပါစေဘုရား" ဟု လျှောက်ပြန်သော် ဘုရားရှင်က "ချစ်သား မောဂ္ဂလ္လာန်၊ မသင့်လျော်ပေ။ ဤသို့ဆွမ်းခံခြင်းကို သင်အလိုမရှိလင့်" ဟု ၊ရှေးနည်းတူ နောင် အန္တရာယ်ကို မြင်၍၊ တားမြစ်တော်မူလေ၏။

[ဘုရားရှင်သည် အလောင်းတော်ဘဝ လူပျက်လူဆိုးကြီးဖြစ်စဉ်က ဖုံသာ ဘုရားရှင်၏ ရဟန်းတော်တို့အား "မုယောဆန်ကြမ်းကို စားကြကုန်လော့။ သလေးဆွမ်းကောင်းတို့ကို မစားကြကုန်လင့်" ဟု ရေရွတ် ပြောမှားမိခဲ့၏။ ထိုမကောင်းမှုကံ၏ ဝဋ်ကျွေးကြောင့် ယခု ဝေရဉ္ဇာပြည်၌ ဘုရားရှင် တဝါတင်းလုံး မုယောဆွမ်းကုသာသုံးဆောင်တော်မူရခြင်း ဖြစ်၏။]

၁၅၂။ သာသနာရှည်ကြောင်း သိက္ခာပုဒ် ပညတ်ရန် လျှောက်ထားခြင်း

ဝေရဉ္ဇာပြည်၌ ဝါကပ်သီတင်းသုံးသောအခါ တနေ့သ၌ အရှင်သာရိပုတ္တရာသည် ဆိတ်ငြိမ်ရာ၌ တပါးတည်း နေစဉ်တွင် "အဘယ် ဘုရားရှင်တို့၏ သာသနာသည် ကြာမြင့်စွာ မတည်လေသနည်း။ အဘယ် ဘုရားရှင်တို့၏ သာသနာသည် ကြာမြင့်စွာတည်လေသနည်း" ဟု စဉ်းစားမိပြီး ညနေချမ်းအခါတွင် ဘုရားရှင်ထံ ချဉ်းကပ်၍ ထိုစဉ်းစားမိချက်ကို လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား သာရိပုတ္တရာ-

(၁) ဝိပဿီ, သိခီ, ဝေဿဘူ မည်သော ဘုရားရှင်တို့၏ သာသနာသည် (သာဝကအဆက်အားဖြင့်) ကြာမြင့်စွာ မတည်ခဲ့ချေ။

(၂) ကကုသန်, ကောဏာဂုံ, ကဿပမည်သော ဘုရားရှင်တို့၏ သာသနာသည် (သာဝကအဆက်အားဖြင့်) ကြာမြင့်စွာ တည်ခဲ့ပေ၏" ဟူ၍ မိန့်တော်မူ၏။

ထို့နောက် အရှင်သာရိပုတ္တရာက ဆက်လက်၍ အကြောင်းရင်းကို မေးလျှောက်သဖြင့် ဘုရားရှင်က ဤသို့ ဖြေကြားတော်မူ၏။

(၁) "ချစ်သား သာရိပုတ္တရာ၊ ဝိပဿီ, သိခီ, ဝေဿဘူ ဘုရားရှင်တို့သည် တပည့်သာဝကတို့အား တရားတော်ကို အကျယ်ဟောရန် ကြောင့်ကြမစိုက်ကုန်။ ထိုဘုရားရှင်တို့၏ တရားဓမ္မလည်း အနည်းငယ်မျှသာ ရှိ၏။ ရဟန်းတို့အား ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မမူခဲ့။ ဝိနည်း = အာဏာပါတိမောက်ကို ပြတော်မမူအပ်။ ရဟန်းတို့သည် ခြောက်နှစ်တကြိမ်သာ ဘုရားရှင်ထံ လာကြ၍ ဘုရားရှင်၏ အဆုံးအမ သဝဲဒပါတိမောက်ဖြင့် ဖြင့် ဥပုသ်ပြုကြကုန်၏။ ထို့ကြောင့် သာသနာတော်သည် သာဝကနှစ်ဆက်သာ တည်တံ့ခဲ့ပြီး နှစ်အရေအတွက်အားဖြင့်မူ အနှစ် တသိန်းခြောက်သောင်း တည်တံ့ခဲ့ပေ၏။ ထိုဘုရားရှင်များနှင့် မျက်မှောက် သာဝကရဟန်းများ ပရိနိဗ္ဗာန်စံသွားကြပြီးနောက် ထိုဘုရားရှင်တို့၏ တရားတော်သည် ဖရိုဖရဲဖြစ်ကာ နောင်လာ နောက်သား ရဟန်းတို့သည် သာသနာကို လျင်မြန်စွာ ကွယ်ပျောက်စေကုန်၏"

[အနှစ်တသိန်းတမ်း၌ ပွင့်ကြသော ထိုဘုရားရှင်တို့၏ တပည့်များသည် အပြစ် လုံးဝ ကင်းစင်သောကြောင့် ဝိနည်းသိက္ခာပုဒ်များကို ဘုရားရှင်တို့က ပညတ်ရခြင်း မရှိကုန်။]

(၂) "ချစ်သား သာရိပုတ္တရာ၊ ကကုသန, ကောဏာဂုံ, ကဿပ ဘုရားရှင်တို့သည် တပည့်တို့အား တရားတော်ကို အကျယ်ဟောရန် ကြောင့်ကြစိုက်ကုန်၏။ ဘုရားရှင်တို့၏ တရားဓမ္မတို့လည်း များပြားလှကုန်၏။ ရဟန်းတို့အားလည်း ဝိနည်းသိက္ခာပုဒ်တို့ကို ပညတ်တော်မူခဲ့ကြ၏။ ဝိနည်း= အာဏာပါတိမောက် ကို ပြ တော် မူ အပ်၏။ အာဏာပါတိမောက်ဖြင့် ရဟန်းတို့အား လခွဲ တကြိမ် ဥပုသ် ပြုစေကုန်၏။ ထိုဘုရားရှင်များနှင့် မျက်မှောက် သာဝက ရဟန်းများ ပရိနိဗ္ဗာန် စံလွန်သွားပြီးနောက်လည်း ထိုဘုရားရှင်တို့၏ တရားဒေသနာတို့သည် ဖရိုဖရဲမဖြစ်ခြင်း, ဝိနည်းသိက္ခာ

ပုဒ်ဖြင့် ရဟန်းတို့အား ထိန်းသိမ်း စောင့်ရှောက်ထားခြင်းတို့ကြောင့် ထို ဘုရားရှင်တို့၏ သံဃာတော်သည် သာဝက အဆက်ပေါင်းများစွာ တည်တံ့လေ၏။ နောင်လာနောက်သား ရဟန်းတို့သည် သာသနာတော်ကို ကြာမြင့်စွာ တည်စေကုန်၏။

[ထိုဘုရားရှင်တို့ အသီးသီးသည် အနှစ် လေးသောင်းတမ်း, သုံးသောင်းတမ်း, နှစ်သောင်းတမ်း၌ ပွင့်တော်မူခဲ့ကြ၏။ သိက္ခာပုဒ်များ ပညတ်ထားခဲ့ခြင်းကြောင့် သာသနာတော်သည် သာဝက အဆက်ပေါင်းများစွာတို့ တည်တံ့နိုင်ခဲ့လေ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် ဤဘုရားရှင်၏ သာသနာတော် အဓွန့်ရှည်စွာ တည်ခြင်းကို အလိုရှိသဖြင့် "မြတ်စွာဘုရား၊ ဘုရားရှင်တဆူဆူ ဖြစ်ပေါ်ရန် အလွန်ခဲယဉ်းသော ဒုလ္လဘတရား ဖြစ်ပါ၏။ သာသနာတော် အသက်ရှည်မှ သတ္တဝါအပေါင်းတို့ စီးပွားချမ်းသာ ဖြစ်ပါမည်။ ကိုယ်တော် မြတ်၏ သာသနာရှည်စွာ တည်ထွန်းလေအောင် သာဝကတို့အား ဝိနည်း သိက္ခာပုဒ်ကို ပညတ်တော်မူပါ။ တရားဒေသနာကို များစွာ ဟောကြားတော် မူပါ။ ယခုသာသနာတော် အဓွန့်ရှည်စွာ တည်စေကြောင်းဖြစ်သော ဝိနည်း သိက္ခာပုဒ်ကို ရဟန်းတို့အား ပညတ်တော်မူပါရန်, အာဏာပါတိမောက်ကို ပြတော်မူပါရန်အချိန်တန်ပါပြီဘုရား" ဟုလေးနက်စွာ လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်သည် 'သိက္ခာပုဒ်ပညတ်ရန် အချိန်မတန်သေးကြောင်း' ပြလို၍ ဤသို့ မိန့်ကြားတော်မူလေ၏။

"ချစ်သား သာရိပုတ္တရာ၊ ဆိုင်းငံ့ပါဦးလော့။ ဘုရားရှင်သာလျှင် ထို ဝိနည်းသိက္ခာပုဒ် ပညတ်ခြင်း, ပါတိမောက်ပြခြင်း၌ အချိန်အခါကို သိတော် မူလိမ့်မည်။ ရဟန်းသံဃာ၌ အပြစ်ကျူးလွန်မှုများ ထင်ရှားမဖြစ်ပေါ်သေး သမျှ ကာလပတ်လုံး ဘုရားရှင်သည် ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ် တော် မမူချေ။ အာဏာပါတိမောက်ကို ပြတော်မမူချေ။ ရဟန်းသံဃာ၌ အပြစ်ကျူးလွန်မှုများထင်ရှားဖြစ်ပေါ်လာသောအခါ ထိုအပြစ် ကျူးလွန်မှု များကို ပယ်ဖျောက်ရန်အတွက် ဘုရားရှင်သည် ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ အာဏာပါတိမောက်ကို ပြတော်မူ၏။ သံဃာ့ပရိသတ်၌ အာသဝေါတရား၏ တည်ရာဖြစ်သော, 'ကာမဂုဏ်ငါးပါး ပွားစီးခြင်း, ရဟန်းတော်တို့ အလွန်များပြားခြင်း, လာဘ်လာဘ များပြားခြင်း, လာဘ် ပူဇော်သက္ကာ အခြံအရံကို တောင့်တခြင်း, ဗဟုကိစ္စ ဗျာပါရ များခြင်း' ဟူသော မကောင်းမှု ဒုစရိုက်ပြုကြောင်း တရားတို့ မပွားစီးသေးသမျှ ကာလ

ပတ်လုံး သံဃာ၌ အပြစ်ကျူးလွန်မှုများ ထင်ရှားမဖြစ်ပေါ်ကုန်။ ယခုအခါ သံဃာသည် ဒုဿီလပုဂ္ဂိုလ်မှ ကင်း၏။ အပြစ်မှ ကင်း၏။ ကိလေသာ အမည်း အည်စ်မှ ကင်းစင်၏"

[ထို့ကြောင့်သိက္ခာပုဒ်ပညတ်ရန် အကြောင်းမရှိသေး။ အချိန်မတန်သေး။]

၁၅၈။ ဝေရဉ္ဇပုဏ္ဏားက ဘုရားရှင်အား အလှူကြီးပေးခြင်း

ဘုရားရှင်သည် ဝါကျွတ်သောအခါ အရှင်အာနန္ဒာအား "ချစ်သားအာနန္ဒာ၊ ဘုရားရှင်တို့သည် ပင့်ဖိတ်သူများရှိ၍ ဝါကပ်တော်မူရာဝယ် ထိုပင့်ဖိတ်သူတို့ကို မပန်ကြားဘဲ ဒေသစာရီ ကြွတော်မူလေ့ မရှိကုန်။ ဝေရဉ္ဇပုဏ္ဏားကြီးကို သွား၍ ပန်ကြားကြစို့" ဟု မိန့်တော်မူကာ ညနေချမ်းအခါဝယ် မြို့တံခါးဝမှ စ၍ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ကို ရောင်ခြည်တော်တို့ဖြင့် ထွန်းတောက်စေလျက် ဝေရဉ္ဇပုဏ္ဏားကြီးအိမ်သို့ ကြွ၍ တံခါးဝ၌ ရပ်တော်မူ၏။

ပုဏ္ဏားကြီးသည် ဘုရားကြွလာကြောင်း ကြားသိလျှင် (ထိုအချိန်ကျမှ) သတိရကာ ထိတ်ထိတ်ပြာပြာ နေရာမှ ထ၍ နေရာအခင်းကို ခင်းစေပြီး နောက် ဘုရားရှင်ကို ခရီးဦးကြိုပြု၍ အိမ်သို့ ပင့်ဆောင်လေ၏။ ဘုရားရှင်သည် အိမ်ထဲသို့ ကြွ၍ ခင်းထားသည့်နေရာ၌ ထိုင်နေတော်မူ၏။

[ရှေးကပုဏ္ဏားကြီးသည် မာရ်နတ်က ပူးဝင်နှောက်ယှက်သဖြင့် ဘုရားရှင်ကို သတိမရခဲ့။ ယခုမူ မာရ်နတ်သည် နှောက်ယှက်မှု ရုပ်သိမ်းသွားပေပြီ။]

ဝေရဉ္ဇပုဏ္ဏားကြီး ရှိသေစွာ ရှိခိုးထိုင်နေလေသော် ဘုရားရှင်က "ပုဏ္ဏားကြီး၊ သင် ပင့်ဖိတ်ချက်အရ ငါတို့သည် ဝါကပ်ခဲ့ကုန်ပြီ။ ငါတို့သည် ဒေသစာရီ ကြွလိုကုန်သည်ဖြစ်၍ သင့်ကို ငါတို့ ပန်ကြားကုန်၏" ဟု မိန့်တော်မူ၏။

ထိုအခါ ပုဏ္ဏားကြီးက "အရှင်ဓဂါတမ၊ မှန်ပါ၏။ သို့ရာတွင် တပည့်တော် မလှူရသေးပါ။ လှူဘွယ်ပစ္စည်း မရှိ၍လည်း မဟုတ်, မလှူလို၍လည်း မဟုတ်ပါ။ ကျွန်ုပ်တို့ လူဝတ်ကြောင်များသည် ပြုဘွယ်ကိစ္စ များလှပါကုန်သဖြင့် ပေးလှူခွင့်ကို မရခဲ့ကြပါ။ နက်ဖြန် တပည့်တော်၏ဆွမ်းကို ရဟန်းအပေါင်းနှင့်တကွ လက်ခံတော်မူပါ" ဟု ပင့်လျှောက်လေ၏။ ဘုရားရှင်

လည်း ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူပြီး ပုဏ္ဏားကြီးအား တရားဟော၍ ပြန်ကြွတော်မူ၏။

[ပုဏ္ဏားကြီးကား မာရ်နတ်က လှည့်ဖြားထားသည်ကို မသိရှာ။ လူ့ကိစ္စများ၍ သတိမေ့လျော့ခြင်း ဖြစ်သည်ဟု အောက်မေ့မိ၏။]

ဘုရားရှင် ကြွသွားလေသော် ပုဏ္ဏားကြီးသည် သားမယားတို့ကို စုံဝေးစေပြီး "အချင်းတို့၊ ငါတို့သည် ဘုရားရှင်ကို ဤဒွီ ဝါကပ်သိတင်းသုံးတော်မူရန် ပင့်ဖိတ်ခဲ့ပြီး ဆွမ်းတထပ်မျှ မလှူမိခဲ့ကုန်။ ယခု ဝါတွင်းသုံးလလှူမည့် ဒါနဝတ္ထုကို နက်ဖြန် တရက်တည်းဖြင့် အပြီးလှူဒါန်းရန် စီစဉ်ကြကုန်လော့" ဟု ပြောဆိုလေ၏။

ထိုသို့ လှူဘွယ်ဝတ္ထုတို့ကို စိမ်စေပြီးလျှင် ပုဏ္ဏားကြီးသည် နောက်တနေ့နံနက် ပန်းနံ့သာတို့ဖြင့် တင့်တယ် ခမ်းနားစွာ ခင်းကျင်းပြီးသော် ဘုရားရှင်ထံ လူလွှတ်၍ ပင့်ဆောင်စေ၏။ ဘုရားရှင်လည်း ရဟန်းငါးရာ ခြံရံလျက်ကြွလာပြီး ခင်းထားသည့်နေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။ ပုဏ္ဏားကြီးလည်း ဘုရားအမှူးရှိသော ရဟန်းသံဃာကို မှန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ဆက်ကပ်လုပ်ကျွေးလေ၏။

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသော် ပုဏ္ဏားကြီးသည် တထောင်စီ တန်သော သက်န်းလျာ ပုဆိုးသုံးထည်ကို ဘုရားရှင်အား လှူဒါန်းပြီး ရဟန်းငါးရာအသီးသီးအား လည်း တထောင်စီ တန်သော ပုဆိုး နှစ်ထည်စီကို လှူဒါန်းလေ၏။ ထိုမျှနှင့်အားမရသေး၍ သူသည် အဘိုးများစွာထိုက်သည့် အခြား ရဟန်းပရိက္ခရာများကိုလည်း လှူဒါန်းလေ၏။ လှူဒါန်းပြီးသော် သားမယားနှင့်တကွ ဘုရားရှင်အား ရိုသေစွာရှိခိုး၍ ထိုင်လေ၏။

ဘုရားရှင်လည်း ပုဏ္ဏားကြီးအား တဝါတွင်းလုံးဟောကြားမည့် တရားဒေသနာကို တရက်တည်းဖြင့် ဟောကြားလိုသဖြင့် တရားမိုးကြီး ရွာသွန်းလျက် များစွာသော တရားစကားတို့ဖြင့် ဟောကြားပြီး ကောင်းမှုဌာန သဒ္ဓါပွားများ, နှစ်သက် ရွှင်လန်းစေလေ၏။ ဤသို့ တရားဟောကြား ပြီးသော် ဘုရားရှင်သည် နေရာမှထ၍ ဖဲကြွတော်မူ၏။ ပုဏ္ဏားကြီးလည်း သားမယားနှင့်တကွ ရိုသေစွာ ရှိခိုးလျက် လိုက်ပါပို့ဆောင်ပြီးသော် မျည်ရည်များတတွတွကျကာ ပြန်လှည့် သွားရှာလေ၏။

ဝေရဉ္ဇာပြည်မှ မာရဇာသီပြည်သို့ ကြွခြင်း

၁၅၉။ ကျောင်းဒကာ နန္ဒိယ ဥပါသကာ

ဘုရားရှင်သည် ရဟန်းငါးရာနှင့် အတူတကွ ဝေရဉ္ဇာပြည်၌ ဒုဒိဒသမ ဝါကပ် သီတင်းသုံးပြီး၍ ဝါကျွတ်သော် ခရီး ဒေသစာရီ ကြွချီတော်မူ၏။ ယင်းသို့ကြွရာတွင် တဝါတွင်းလုံး အစာခေါင်းပါးမှုကြောင့် ပင်ပန်း နွမ်းနယ် နေကုန်သော ရဟန်းအပေါင်းကို ငဲ့တော်မူလျက် 'သောရေယျမြို့, သင်္ကဿမြို့, ကဏ္ဍကုဋ္ဌမြို့' များသို့ မဝင်ဘဲ လမ်းပြောင့်ဒေတိုင်း ငယာဂ ဆိပ်ကမ်းသို့ တောက်လျှောက် ကြွတော်မူ၏။ ထို ဆိပ်ကမ်းမှ ဂင်္ဂါမြစ်ကို ကူးတော်မူ၍ ဗာရာဏသီပြည်သို့ ရောက်တော်မူ၏။

ဗာရာဏသီပြည်၌ သဒ္ဓါတရားနှင့် ပြည့်စုံသော 'နန္ဒိယ' အမည်ရှိ သတို့သား သည် မိဘတို့က ပေးစားသည့် ဦးရီး၏သမီး 'ရေဝတီ' အမည်ရှိ အမျိုးသမီးနှင့် အိမ်ထောင်ပြုရ၏။ ရေဝတီသည် ရတနာသုံးပါး၌ ကြည်ညိုခြင်း မရှိ။ လင်နှင့်ယောကျ်ားမတို့က ခိုင်းရှာသော အိမ်သို့ကြွရောက်လာသည့် ရဟန်း သံဃာတို့အား ဝတ်ကြီးဝတ်ငယ် ဆွမ်းကျွေးမှုကိစ္စအဝဝကို ပြုလုပ်သေ၏။

မိဘတို့ကွယ်လွန်သော် 'နန္ဒိယ' သည် အမွေဥစ္စာများစွာကို ရရှိလေ၏။ သူသည် သဒ္ဓါတရားထက်သန်သူ ဖြစ်သဖြင့် တနေ့သ၌ ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ကျောင်းလှူခြင်း၌ ရရှိသောအကျိုးများကို မှတ်သားလျက် ဗာရာဏသီပြည် အနီးရှိ 'ဣသိပတန မဟာဝိဟာရ' ကျောင်းတိုက်ကြီး၌ တိုက်ခန်းလေးသွယ်, အထွတ် ပြာသာဒ်တို့ဖြင့် တန်ဆာ ဆင်ထားသော ကျောင်းကြီးကို ညောင်စောင်း စသည် ပရိဘောဂများနှင့်တကွ ပြုလုပ်လှူဒါန်းလေ၏။ ဘုရားရှင်လက်တော်၌ ရေစက်ခွလိုက်သည်နှင့်တပြိုင်နက် သူ့အတွက် တာဝတိံသာ နတ်ပြည်တွင် နတ်သမီးများနှင့်တကွ ဘုံဗိမာန်ကြီး ပေါက်လေ၏။

တနေ့သ၌ အရှင်မောဂ္ဂလ္လာန်သည် တာဝတိံသာနတ်ပြည်သို့ သွား၍ ထို ဗိမာန်အနီးသို့ ရောက်သွားသော် "ဤ ပြာသာဒ်သည် ဘယ်သူ့အတွက် ပေါ်ပေါက်သနည်း" ဟု မေးလေ၏။

နတ်သမီးတို့သည် ပြာသာဒ်မှ ဆင်းလာကြပြီး "ဣသိပတန အရပ်၌ ဘုရားရှင်အား ကျောင်းကို ဆောက်လုပ်လှူဒါန်းသော 'နန္ဒိယ' သူကြွယ်အတွက် ဤဗိမာန်ပေါ်ပေါက်ခြင်းဖြစ်ပါ၏။ တပည့်တော်တို့သည် နန္ဒိယ၏

ခြေရင်း အလုပ်အကျွေးများ ဖြစ်ကြပါကုန်အံ့။ နန္ဒိယ မရောက်လာသေး၍ ပျင်းရိလှသဖြင့် နန္ဒိယ နတ်ပြည်သို့ အမြန်ရောက်လာအောင် မိန့်တော်မူပါဘုရား" ဟု လျှောက်ကြလေ၏။

အရှင်မောဂ္ဂလ္လာန်သည် နတ်ပြည်မှ ဆင်းလာပြီး ဘုရားရှင်ထံ သွား၍ "မြတ်စွာဘုရား၊ လူ့ပြည်၌ ရှိနေတုန်းပင် ကောင်းမှုပြုသော သူတို့အတွက် နတ်ပြည်၌ နတ်စည်းစိမ် ဖြစ်နှင့် ကောင်းပါ၏လော" ဟု မေးလျှောက်လေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား မောဂ္ဂလ္လာန်၊ သင်သည် နတ်ပြည်၌ နန္ဒိယအတွက် နတ်စည်းစိမ်ကို မြင်ခဲ့ပြီ မဟုတ်လော။ အဘယ့်ကြောင့် ငါဘုရားကို မေးဘိသနည်း။ နတ်တို့သည် လူ့ပြည်၌ ကုသိုလ်ပြုကြသည့် သူတို့အား အဝေးရောက်နေသည့် ဆွေမျိုးသားချင်းကဲ့သို့ မြန်မြန် ရောက်လာသည်ကို အလိုရှိကုန်ဘိ၏။ ကောင်းမှုပြုကြသူတို့ လူ့ပြည်မှ စုတေကြသော် နတ်တို့က သူ့ထက်ငါ ခရီးဦးကြိုလျက် လွန်စွာဝမ်းမြောက်ကုန်၏" ဟူ၍ စကားပြေ ဂါထာနှစ်မျိုးဖြင့် ဟောကြားတော်မူ၏။

ဗာရာဏသီပြည်မှ ဝေသာလီပြည်သို့ ကြွခြင်း

၁၆၀။ သုဒိန္နသူဌေးသား ရဟန်းပြုခြင်း

ဘုရားရှင်သည် ဗာရာဏသီပြည်၌ ကျတ်ထိုက်သည့်သတ္တဝါများရှိသလောက် သိတင်းသုံးပြီးသော် ဝေသာလီပြည်သို့ ဆက်လက်ကြွတော်မူ၏။ဝေသာလီပြည်သို့ရောက်သော် မဟာဝုန်တောဝယ် စုလစ်မှန်းချန် အထွတ်တပ်သော 'ကူဋာဂါရ' ကျောင်းတိုက်၌ သိတင်းသုံးတော်မူလျက် ကျတ်ထိုက်သည့် သတ္တဝါတို့အား တရားရေအေး တိုက်ကျွေး၍ ချေချွတ်တော်မူ၏။

ထိုအချိန်တွင် ဝေသာလီပြည်၌ တန်ဆောင်မုန်းလ ကြတ်ကာနက္ခတ်ပွဲသဘင်ချိမ့်ချိမ့်သဲကျင်းပနေ၏။ ဝေသာလီပြည်အနီးရှိ 'ကလန္ဒ' မည်သော ရွာမှ ကုဋေလေးဆယ်ကြွယ်သောသူဌေးမျိုး၌ဖြစ်သည့် 'သုဒိန္န'(သုဒိန်)အမည်ရှိ သူဌေးသားတဦးသည် အရောင်းအဝယ်ကိစ္စ, ကြတ်ကာပွဲသဘင်၌ ပျော်ပါးလိုသည့်ကိစ္စဖြင့် များစွာသောသူငယ်ချင်းတို့နှင့်တကွ ဗေသာလီပြည်သို့ ရောက်လာလေ၏။

ဝေသာလီပြည်သားတို့သည် နံနက်စာစား‌ပြီး ဝတ်စား ဆင်ယင်ကာ ပန်းနံ့သာမျိုးကိုစွဲကိုင်ကုန်လျက် ဘုရားရှင်ထံသွားကြလေ၏။ သူဌေးသား 'သုဒိန်'သည် ထိုလူတို့ကိုမြင်၍ 'ဒေဘယ်အရပ်သို့သွားကြသနည်း'ဟု မေးမြန်းလေ၏။ အကြောင်းစုံကိုကြားရသော် သူသည် ထိုသူတို့နှင့် အတူလိုက်သွား၍ ပရိသတ်တို့ဒေး ဗြဟ္မာမင်း၏အသံနှင့်တူသောအသံတော်ဖြင့် တရားဟောနေတော်မူသောဘုရားရှင်၏တရားတော်ကိုကြားနာလေ၏။တရားနာပြီးသော် သူသည် ဘုရားရှင်အား ရဟန်းပြုခွင့်ကို တောင်းခံလေ၏။

ဘုရားရှင်က "သုဒိန်၊ မိဘတို့က ခွင့်ပြုအပ်သောသူကိုသာ ငါဘုရားတို့ ရဟန်းပြုပေးတော်မူကုန်၏"ဟု မိန့်တော်မူလေ၏။ ထိုကြောင့် သုဒိန်သည် ဝေသာလီပြည်၌ ပြဘွယ်ကိစ္စပြီးစီးသော် ကလန္ဒရွာသို့ပြန်၍ မိဘတို့အား ရဟန်းပြုခွင့်ပေးရန် တောင်းခံလေ၏။

မိဘတို့က "ချစ်သား၊ သင်ကား ငါတို့၏တဦးတည်းသောသားတည်း။ အဘယ်မှာ ရဟန်းပြုခွင့်ပေးနိုင်အံ့နည်း" ဟု ငြင်းပယ်ကြကုန်၏။ သုံးကြိမ်တိုင် ခွင့်တောင်းသော်လည်း မိဘတို့က ပယ်သည်သာတည်း။ ထိုအခါ သုဒိန်သည် ရဟန်းပြုခွင့်မရ၍ ထိုနေရာ၌ပင် စကားမပြောတော့ဘဲ အစာငတ်ခံကာ အိပ်လေ၏။ မိဘတို့က ဖျောင်းဖျပြောသော်လည်း သူသည် စကားမပြော,အစာမစားဘဲ ခြောက်ရက်တိုင်ပင်နေလေ၏။ ခုနစ်ရက်မြောက်တွင်မှ မိဘတို့သည် မိမိတို့သားအသက်ရှင်ရေးကိုသာ ကြည့်ရတော့သဖြင့် သားသုဒိန်အား ခွင့်မပြုချင်ရက်နှင့် ခွင့်ပေးလိုက်ရလေ၏။

သုဒိန်သည် မိဘတို့ထံမှ 'ခွင့်ပြုပြီ'ဟုကြားလျင်ပင် နေရာမှထ၍ တရက်နှစ်ရက် အစားစား အားယူပြီးနောက် မဟာဝုန်တောရှိ ဘုရားရှင်ထံသို့သွား၍ ရဟန်းပြုခွင့်တောင်းခံလေ၏။ အရှင်သုဒိန်ဟု တွင်၏။ အရှင်သုဒိန်သည် 'ကလန္ဒ'သူဌေး၏သားဖြစ်၍ 'ကလန္ဒသူဌေးသား-အရှင်သုဒိန်'ဟု ခေါ်တွင်လေ၏။

အရှင်သုဒိန်သည် ကိလေသာတို့ကို ခေါင်းပါးစေသော ဓုတင် အကျင့်များကို ကျင့်ဆောင်လေ၏။ နောက် သူသည် ဝေသာလီပြည်၌ မိတ်ဆွေများမပြတ်ရောက်လာခြင်းကိုငြီးငွေ့သဖြင့် ငဇုတိုင်းအတွင်းရှိ မထင်ရှားသောရွာငယ်တခုကိုအမှီပြု၍ တောထဲ၌နေထိုင်လေ၏။ နောက် ထိုအရပ်၌ ငတ်မွတ်ခြင်းဘေးဖြစ်သော် သူသည် ဝေသာလီပြည်သို့ပြန်လာ၍ မဟာဝုန်တောရှိ ကူဋာဂါရကျောင်းတိုက်၌ နေလေ၏။

[အရှင်သုဒိန်ကား သာသနာ၌ လွန်စွာ ကြည်ညိုး၍ ပျော်မွေ့သူဖြစ်၏။ လူ့ဘဝကိုမနှစ်မျို့ဘဲ ပြန်လှည့်မကြည့်လိုသူ ဖြစ်၏။ သာသနာ၌ သီလစင်ကြယ်လျက် ကောင်းစွာ ကျင့်ကြံ အားထုတ်နေထိုင်သူဖြစ်၏။ သို့ရာတွင် နောင်(ရဟန်းရှစ်ဝါလောက်ရ)သော အခါ သူ့အတွက် အလွန်ဝမ်းနည်းဘွယ်ရာတခု ဖြစ်ပေါ်လေ၏။ သူ၏မိဘတို့သည် အမွေခံမည့်သူ သား,မြေးကို အလိုရှိကြ သဖြင့် အရှင်သုဒိန်အား ချဉ်းကပ်၍ "လူမထွက်နိုင်လျှင် သားမျိုးစေ့ကိုမူ ပေးသနားပါ"ဟု လျှောက်ကြလေ၏။ အရှင်သုဒိန်လည်း မသိနားမလည်ရကား လူမထွက်ရလျှင်ပြီးရောသဘောဖြင့် သားမျိုးပေးရန် မိဘတို့အား ဝန်ခံလိုက်၏။

ထို့ကြောင့် သူသည် မဟာဝုန်တောထဲ၌ပင် မိဘတို့ကစေလွှတ်လိုက်သော မိမိ၏မယားဟောင်းအား မေထုန်ပြုလေတော့၏။ သူ့ကိုအကြောင်းပြု၍ ဘုရားရှင်က 'ပထမပါရာဇိကသိက္ခာပုဒ်ကြီး' ကို ပညတ်တော်မူရလေ၏။ အရှင်သုဒိန်သည် နောင်တကြီးစွာ ရပြီး သာသနာ၌ စိတ်ဆင်းရဲစွာဖြင့် နေထိုင်ရလေတော့၏။

ဝေသာလီပြည်မှ သာဝတ္ထိပြည်သို့ ကြွခြင်း

၁၆၁။ ရှင်ရာဟုလာအား ဘုရားရှင်တရားမျှားစွာဟောခြင်း

ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးတော်မူလျက် ကလန္ဒသူဌေးသား'သုဒိန်'သတို့သားစသည့် ကျတ်ထိုက်သောသတ္တဝါတို့အား ချေချွတ်တော်မူပြီးနောက် ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည် ဘက်သို့ ဒေသစာရီကြွတော်မူ၏။ သာဝတ္ထိပြည်သို့ရောက်သော် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။

ထိုအခါ ဘုရားရှင်၏သားတော် ရှင်ရာဟုလာသည် အသက်တဆယ့်ရှစ်နှစ်အရွယ်သို့ရောက်ရှိပြီး သာမဏေဝါတဆယ့်တစ်ဝါ ရလေပြီ။ တနေ့သ၌ ဘုရားရှင်သည် နံနက်အခါ ရှင်ရာဟုလာနှင့်အတူ သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံကြွတော်မူ၏။ ရှင်ရာဟုလာလည်း နောက်တော်မှ ထက်ကြပ်မကွာလိုက်လေ၏။ ရှင်ရာဟုလာသည် ဘုရားရှင်နှင် ရုပ်သွင်ကိုယ်ရည်အားဖြင့် တထေရာ

တည်းတူသူဖြစ်၏။ သားနှင့်အဖရှေ့သွားနောက်လိုက်ညီမျှလှသဖြင့် အလွန်ပင် ရွှမငြိုးအောင် တင့်တယ်လှပေ၏။

ရှင်ရာဟုလာသည် နောက်ကထပ်ကြွပ်မကွာလိုက်ပါလျက် ဘုရားရှင်ကို ဆံတော်ဖျားမှ ခြေဘော်ဖျားတိုင်အောင် စေ့စေ့ကြည့်ရှုပြီး၍ မိမိကိုယ်ကို လည်းကြည့်ရှုလျက် "ငါသည်လည်း တင့်တယ်လှပေ၏။ အကယ်၍မျှား ဘဘုရားသည် စကြာမင်းဖြစ်ခဲ့လျှင် ငါ့အား သားကြီးသြရသ, အိမ်ရှေ့ရာထူးကိုပေးမည်။ ဤသို့ဖြစ်လျှင် ဇမ္မူဒီပ်ကျွန်းသည် အတိုင်းထက်အလွန်ပင် တင့်တယ်ပေရာ၏" ဟု ကြံစည်ကာ 'ဂေဟာသိတ' (လူ့ဘောင်၌မှီသော) တက္ကာဖြစ်ပွားလေ၏။

ဘုရားရှင်လည်း ရှေ့မှကြွလျက် သားတော်ရာလာ၏ စိတ်သန္တာန်ကို ရှုဆင်ခြင်လျှင် ထိုအကြောင်းကို အလုံးစုံသိမြင်တော်မူသဖြင့် "ဤလောဘကိလေသာသည် ရာဟုလာ၏သန္တာန်၌ရှိသည့် သီလစသောသူတော်ကောင်းဥစ္စာတို့ကိုမဖျက်ဆီးမီ ထိုကိလေသာကိုနှိမ်နင်းတော်မူအံ့" ဟုကြံ၍ ဆင်ပြောင်ကြီးကဲ့သို့ နောက်သို့လှည့်တော်မူ၏။

ယင်းသို့လှည့်၍ရပ်နေတော်မူလျက် "ချစ်သား ရာဟုလာ၊ဖြစ်ပြီး,ဖြစ်လတံ့ဖြစ်ဆဲသော ရုပ်တရားအားလုံးကို 'ငါ၏ဥစ္စာမဟုတ်, ငါမဟုတ်, ငါ၏အတ္တမဟုတ်' ဟူ၍ အဟုတ်အမှန်အတိုင်း ဝိပဿနာဉာဏ်ဖြင့်ရှုရမည်။ ထို့အတူ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ကိုလည်း ဤသို့ရှုရမည်" ဟူ၍ မိန့်တော်မူ၏။

ဤတရားစကားကို ကြားနာရလျှင် ရှင်ရာဟုလာသည် "ဘုရားရှင်သည် ငါ၏ ကိုယ်ခန္ဓာအတွင်ဘောကို မှီ၍ ဖြစ်သော တက္ကာလောဘကို သိတော်မူ၍ ငါ့အား မျက်နှာချင်းဆိုင် ရပ်တော်မူပြီး ဤသို့ ဆုံးမတော်မူခြင်းဖြစ်၏" ဟု ကြံမိလေ၏။

ယင်းသို့ ကြံစည်ပြီးလျှင် ရှင်ရာဟုလာသည် ဆုမ်းခံကိုစွန့်၍ ထိုနေရာမှပင် ကျောင်းသို့ ပြန်လှည့်ကာ သစ်ပင်တပင်ရင်းသို့ သွား၍ ထိုင်ကာ ကမ္မဋ္ဌာန်းတရားကို ပွားများနေလေ၏။

ဘုရားရှင်လည်း "ယနေ့အဖို့ ရာဟုလာသည် ကာယဂတာသတိကမ္မဋ္ဌာန်းတည်းဟူသော အမြိုက်ဘောဇဉ်ကို သုံးဆောင်စေဦး" ဟု ကြံတော်မူ၍ ရာဟုလာအား မတားမြစ်ဘဲ ဆုမ်းခံရန် ဆက်ကြွတော်မူ၏။

အရှင်သာရိပုတ္တရာသည် ဘုရားရှင်၏ လက်ျာရံ အဂ္ဂသာဝက သားကြီးသြရသဖြစ်သည့်အလျောက် ကျောင်းတွင်းသန့်ရှင်းမှု, ရဟန်းများ, သာမဏေများကို ကြည့်ရှုမှု, မကျန်းမာသော ပုဂ္ဂိုလ်တို့အား ကြည့်ရှုစောင့်ရှောက်မှု,

အစာအာဟာရ ဖြည့်တင်းပေးမှုတို့ကို ပြုပြီးမှ နောက်ဆုံး ဆုမ်းခံကြွလေ့ရှိ၏။ ထိုသို့ နောက်ဆုံးမှ ဆုမ်းခံကြွလာသော အရှင်သာရိပုတ္တရာသည် သစ်ပင်ရင်း၌ တင်ပလ္လင်ခွေကာ ကမ္မဋ္ဌာန်းတရား ပွားများနေသော ရှင်ရာဟုလာကို တွေ့မြင်လေ၏။

မထေရ်က "ရာဟုလာ(ထွက်သက် ဝင်သက် အောက်မေ့မှုဟူသော) အာနာပါနဿတိ ဘာဝနာကို ပွားများလော့။ အာနာပါနဿတိ ဘာဝနာကို ကြိမ်ဖန်များစွာ ပွားများသော် များမြတ်သော အကျိုးအာနိသင် ရှိပေ၏" ဟူ၍တိုက်တွန်းပြီး ဆုမ်းခံ ဆက်ကြွတော်မူ၏။

ဤသို့လျှင် ရှင်ရာဟုလာသည် ကျောင်းတိုက်မှာပင် တပါးတည်း ကျန်ရစ်ရှာလေ၏။ ဘုရားရှင်သည် ရှင်ရာဟုလာအတွက် ဆုမ်းဘောဇဉ်ကို ယူဆောင်သွားတော်မမူ။ အရှင်အာနန္ဒာအား လည်း ဆုမ်.ပို့ခိုင်းတော်မမူ။ အရှင်သာရိပုတ္တရာလည်း ဆုမ်းကို ယူဆောင်၍ မပေးချေ။ ထို့နေ့အဘို့ ရှင်ရာဟုလာသည် ဆုမ်းမစားရပေ။ ရှင်ရာဟုလာသည် ဆုမ်းကို အာရုံမထား ဘဲလျှင် နေ့လယ်အချိန်အထိ ဘုရားရှင် ပေးခဲ့သော 'ရုပ်ကမ္မဋ္ဌာန်း'ကို အကြိမ်ကြိမ် ပွားများလေ၏။ ညနေချိန်၌ အရှင်သာရိပုတ္တရာ ပေးခဲ့သော အာနာပါနဿတိ ဘာဝနာ ပွားများပုံ အစီအရင်ကို မေးလျှောက်လိုသည် ဖြစ်၍ ရှင်ရာလာသည် ကိန်းအောင်းရာမှ ထပြီး ဘုရားရှင်ထံ သွား၍ "မြတ်စွာဘုရား၊ အာနာပါနဿတိဘာဝနာသည် အဘယ်သို့ ပွားများအပ်သည်ရှိသော် များမြတ်သော အကျိုးအာနိသင် ရှိပါ့သနည်း" ဟု မေးလျှောက်လေ၏။

ဘုရားရှင်က ရှင်ရာဟုလာအား "လေးပါးသောမဟာဘူတ ရုပ်ကမ္မဋ္ဌာန်း ပွားများပုံ, အာကာသရုပ်ကမ္မဋ္ဌာန်း ပွားများပုံ, ဖြဟ္မဝိဟာရတရားလေးပါး ပွားများပုံ, အသုဘသညာနှင့် အနိစ္စသညာ ပွားများပုံတို့နှင့်တကွ ရှင်ရာဟုလာ မေးလျှောက်သည့် အာနာပါနဿတိဘာဝနာ ပွားများပုံတို့ကို အကျယ်အားဖြင့် ဟောကြားတော်မူ၏။

[ဘုရားရှင်သည် ရှင်ရာဟုလာအား အခါအားလျော်စွာ များစွာသော တရားဒေသနာတို့ကို ဟောကြားတော်မူခဲ့၏။

(၁) သာမဏေဖြစ်စ ခုနစ်နှစ်အရွယ်၌ မသင့်လျော်သော စကားကို မပြောမိစေရန် 'သာမဏေရပဉ္ဉာ'ကိုဎင်း၊ မုသားစကား မပြောမိစေရန် 'အမ္မလဋ္ဌိက ရာဟုလောဝါဒ' သုတ်ကိုဎင်း ဟောတော်မူ၏။

(၂) သာမဏေ ဖြစ်သည်မှ ရဟန်း ဖြစ်သည့်အထိ 'ရာဟုလ'သုတ်= အဘိဏှရာဟုလောဝါဒသုတ်,ရာဟုလသံယုတ်တို့ကို အလျဉ်းသင့်သင့်သလို ဆုံးမသည့် အနေဖြင့် အမြဲမပြတ် ဟောကြားတော်မူ၏။

(၃) ဝိပဿနာဉာဏ် တရားသားကို ရယူနိုင်စေရန်'ရာဟုလာသံယုတ်'ကို ဟောတော်မူ၏။

(၄) ဂေဟသိတ ဆန္ဒရာဂ, တဏှာလောဘကို ပယ်ဖျောက်စေရန် 'မဟာရာဟုလောဝါဒသုတ်'ကို ဟောတော်မူ၏။

(၅) ရာဟုလာရဟန်းဖြစ်စ၌ အရဟတ္တဖိုလ်သို့ ရောက်စေရန်'စူဠရာဟုလောဝါဒသုတ်'ကို ဟောတော်မူ၏။]

၁၆၂။ အရှင်သီဝလိ မထေရ်အကြောင်း

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်တွင် တနေ့သ၌ ရဟန်းအပေါင်း ခြံရံလျက် ဒေသစာရီ ကြွသော် ကောလိယပြည် အတွင်းရှိ "ကုဏ္ဍိက(ကုဏ္ဍိ-ကောလိယ)မြို့သို့ ရောက်၍ ကောလိယမင်းတို့ ဆောက်လုပ်အပ်သော ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၏။ ထိုမြို့၌နေသော ကောလိယသားကီဝင်မျိုးမှ 'သုပ္ပဝါသာ'မည်သော ကောလိယသားကီဝင် မင်းသမီးသည် ရှင်သီဝလိအလောင်းကို ပဋိသန္ဓေနေသည်မှစ၍ ရာပေါင်းများစွာသော လက်ဆောင်ပဏ္ဏာတို့ နေ့ရောညပါ တဖွဲ့ဖွဲ့ သူမထံသို့ ရောက်လာကုန်၏။

သုပ္ပဝါသာသည် ကိုယ်ဝန်ကို ခုနစ်နှစ်တိုင် ဆောင်ရပြီး ခုနစ်နှစ် ပြည့်သောအခါ ခုနစ်ရက်တိုင် မီးဖွားမှုဆင်းရဲကို ကြီးစွာ ခံစားရလေ၏။ သူမသည် ထိုကြီးစွာသော ဆင်းရဲဒုက္ခကို ဘုရားရှင်၏ ဂုဏ်တော်နှင့် စပ်သောအကြံ, သံဃာတော်၏ သုပ္ပဋိပန္နဂုဏ်တော်နှင့် စပ်သောအကြံ, နိဗ္ဗာန်၏ သန္တိသုခဂုဏ်နှင့် စပ်သော အကြံ- ဤအကြံသုံးမျိုးဖြင့် (ဘုရား, တရား, သံဃာ့ဂုဏ်တို့ကို အောက်မေ့လျက်) မညည်းမည။ အောင့်အည်းသည်းခံလေ၏။

ခုနစ်ရက်မြောက်သောအခါ သုပ္ပဝါသာသည် လင်ဖြစ်သူ ကောလိယမင်းသားအား "ငါသည် မသေခင် အသက်ရှင်စဉ် အလှူဒါန ပေးအံ့။ ဘုရားရှင်ကို သွားပင့်ဖိတ်ခဲ့ပါ။ ဘုရားရှင် မိန့်တော်မူလိုက်သည့် စကားများကိုလည်း မှတ်သားပြီး ပြန်ပြောပြပါ"ဟူ၍ စေခိုင်းလေ၏။ ကောလိယ

မင်းလည်း သွား၍ ဘုရားရှင်အား မင်းသမီး၏ ဖြစ်အင်ကို လျှောက်ကြားပြီး နက်ဖြန်အတွက် ဆွမ်းပင့်ဖိတ်လေ၏။

ဘုရားရှင်က "ကောလိယမင်းသမီး သုပ္ပဝါသာသည် ပကတိ ချမ်းသာလျက် ရောဂါကင်းသော သားကို ဖွားစေသတည်း" ဟု မိန့်တော်မူလေ၏။ ထိုဓဏ်၌ပင် သုပ္ပဝါသာသည် ရောဂါမရှိ ပကတိချမ်းသာလျက် ဘုန်းရှိသော သားကို ဖွားမြင်လေ၏။ ကောလိယမင်းသားသည် ပြန်လာ၍ ထိုဝမ်းသာသတင်းကို ကြားရလျှင် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် သုပ္ပဝါသာအား ဘုရားရှင် မိန့်ကြားလိုက်သည့် စကားတော်ကို ပြန်ကြားလေ၏။

သုပ္ပဝါသာလည်း သဒ္ဓါတရား တိုးပွားလာလျက် "အရှင် ပင့်ဖိတ်သော ဆွမ်းသည်ပင် မဂ်လာဆွမ်း ဖြစ်လိမ့်မည်။ တဖန် သွား၍ ခုနစ်ရက်တိုင် ဆွမ်းဘဉ်းပေး ကြွတော်မူရန် ဘုရားရှင်ကို ပင့်ဖိတ်ချေပါဦး" ဟု စေခိုင်းပြန်၏။ ကောလိယမင်းသားလည်း သုပ္ပဝါသာဆိုသည့်အတိုင်း ပြုလေ၏။ သူတို့သည် ခုနစ်ရက်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား ကြီးစွာသော အလှူကို ပေးလှူကြလေ၏။ သားအား 'သီဝလိ' ဟု အမည်ပေး၏။

သီဝလိသည် ခုနစ်နှစ်တိုင် ဝမ်းထဲ ကိန်းအောင်းနေရ၍ မွေးဖွားချိန်မှစပြီး ခုနစ်နှစ်အရွယ် သူငယ်များ ပြုလုပ်နိုင်သည့် အမှုများကို ပြုနိုင်လေ၏။ ထို့ကြောင့် သီဝလိသည် ခုနစ်ရက်ပတ်လုံးပေးလှူသော အလှူကြီး၌ ရေစက်ကို ယူ၍ ရေစက်ပြီး သံဃာတော်များအား ရေကပ်လေ၏။

ခုနစ်ရက်မြောက် အလှူကြီးပြီးသောနေ့၌ အရှင်သာရိပုတ္တရာက သီဝလိအား "သီဝလိ၊ သင်သည် ဤကဲ့သို့သော ဒုက္ခအစုကို ခံစားရပြီးလျှင် ရှင်ရဟန်းပြုရန် မသင့်လျော်ဘူးလော" ဟု မေးလေသော်-

သီဝလိက "မိဘတို့က ခွင့်ပြုလျှင် ရှင်ရဟန်းပြုလိုပါ၏ ဘုရား" ဟု လျှောက်လေ၏။

သုပ္ပဂါသာလည်း ထိုသို့ သီဝလိ စကားပြောနေသည်ကို ကြားလျှင် ဝမ်းသာလှသဖြင့် "သီဝလိအား ရှင်ပြုပေးတော်မူပါဘုရား" ဟု ခွင့်ပြုလျှောက်ကြားလေ၏။

မထေရ်သည် သီဝလိကို ကျောင်းသို့ ခေါ်သွား၍ ကမ္မဋ္ဌာန်းကို ပေးပြီးလျှင် "သီဝလိ၊ သင့်အား အခြား အဆုံးအမ ဩဝါဒကို ပေးရန်မလို။ ခုနစ်နှစ်လုံး ခံစားခဲ့ရသော ဆင်းရဲဒုက္ခကိုသာ ဆင်ခြင်လေလော့" ဟု မိန့်ဆိုကာ ဆုံပင်ကို ရိတ်လေ၏။ သီဝလိလည်း ဆုံပင်ရိတ်နေစဉ်ပင် တရားကို နှလုံးသွင်း

လျက် နေရာ မဂ်လေးပါးကို အစဉ်အတိုင်းရ၍ ဆံရိတ်ပြီးသည်နှင့် တပြိုင်နက် 'ရဟန္တာ' ဖြစလေ၏။

ထိုသီဝလိသူငယ် ရဟန်းပြုသည့်နေ့မှစ၍ ရဟန်းသံဃာအား ပစ္စည်းလေးပါးတို့သည်အလိုရှိတိုင်း ဖြစ်ပေါ်လာကုန်၏။ နောင်တချိန်၌ ဘုရားရှင်သည် သာဝတ္ထိပြည်သို့ ရောက်တော်မူသောအခါ ရှင်သီဝလိက "မြတ်စွာဘုရား၊ တပည့်တော်၏ဘုန်းကံကိုလက်တွေ့ စုံစမ်းပါအုံ။ တပည့်တော်အား ရဟန်း ငါးရာကို အဖော်အဖြစ် ထည့်ပေးတော်မူပါဘုရား" ဟု တောင်းပန် လျှောက်လေ၏။

ဘုရားရှင်က ခွင့်ပြုသော် ရှင်သီဝလိသည် ထိုရဟန်းငါးရာကို ခေါ်ယူ၍ ဟိမဝန္တာသို့ တောလမ်းအတိုင်း ကြွလေ၏။(၁) ရှေးဦးစွာ ညောင်ပင်ကြီးတပင်၌ စနေ်းချသော် ညောင်ပင်စောင့်နတ်မင်းက မထေရ်အား ခုနစ်ရက်တိုင် အလှူကြီးကို ပေးလေ၏။ (၂) နောက် ပဏ္ဍဝတောင်၊ (၃) နောက်အစိရဝတီမြစ်၊ (၄) နောက် 'ဝရသာဂရ' မည်သော သမုဒ္ဒရာ၊ (၅) နောက် ဟိမဝန္တာတောင်၊ (၆) နောက် ဆဒ္ဒန်အိုင်၊ (၇) နောက် ဂန္ဓမာဒနတောင်၊ (၈) နောက် ရှင်ရေဝတနေရာသို့ အစဉ်အတိုင်း ကြွရောက်လေရာ ထိုနေရာအားလုံး၌ပင် ခုနစ်ရက်စီ နတ်တို့က ရှင်သီဝလိအား အလှူကြီးကို ပေးကြလေ၏။

နောက် အခါတပါး၌ ဘုရားရှင်သည် ရှင်သီဝလိ အပါအဝင် ရဟန်းငါးရာခြံရံလျက် သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်ဝေးသော ရှားတောကြီးထဲ၌ တပါးတည်းနေသည့် ရေဝတသာမဏေထံသို့ ဝါကျွတ်ချိန်တွင် တနေ့တယူဇနာကျဖြင့် တောလမ်းအတိုင်း ကြွတော်မူသောအခါ ရောက်လေရာ စခန်းတိုင်း၌ နတ်တို့သည် "ငါတို့ အရှင် သီဝလိထေရ်အား ပူဇော်ကြအုံ" ဟု ကျောင်းများကို ဖန်ဆင်းကာ ရှင်သီဝလိအား နတ်ဘောဇဉ်တို့ကို လှူဒါန်းကြလေ၏။ ရှင်သီဝလိသည် ထိုနတ်ဘောဇဉ်တို့ကို ဘုရားရှင်နှင့်တကွ ရဟန်းသံဃာအပေါင်းအား လှူဒါန်းလေ၏။ အပြန်ခရီးတွင်လည်း ထိုနည်းအတူပင် နတ်များက နတ်ဘောဇဉ်တို့ကို ပေးလှူကြလေ၏။

ထို့ကြောင့်ပင် နောင်သောအခါ ဘုရားရှင်သည် ရှင်သီဝလိအား "ရဟန်းတို့၊ ပစ္စည်းလေးပါး လာဘ်လာဘ ပေါများသော ငါဘုရား၏ တပည့်ရဟန်းတို့တွင် သီဝလိသည် အမြတ်ဆုံး ဖြစ်ပေ၏" ဟူ၍ မိန့်တော်မူကာ သီဝလိအား "လာဘီ-တေဒင်" အရာ၌ ထားတော်မူလေ၏။

[ရှင်သီဝလိသည် ရှေးအတိဘ်ဘဝ ဗာရာဏသီမင်း၏ သား ဖြစ်စဉ်က ကောသလမင်းသည် ဗာရာဏသီပြည်ကို တိုက်ခိုက်၍ ဗာရာဏသီမင်းကိုသတ်ပြီး မိဖုရားကို မယားအဖြစ် သိမ်းပိုက်ရာတွင် ထွက်ပြေး၍ စစ်သည်ဗိုလ်ပါတို့ကို စုရုံးကာ ပြန်တိုက်မည်ပြုစဉ် မယ်တော် မိဖုရား၏ အကြံပေးချက်အရ စစ်မတိုက်ဘဲ တမြို့လုံးကို အပြင်မှ ဝိုင်းဝန်းပိတ်ဆို့ကာ အစာရေစာ ဖြတ်တောက်ထားလေ၏။ ခုနစ်ရက်ကြာလျှင် ပြည်သူတို့သည် အစာရေစာပြတ်၍ ကောသလ မင်းကို သတ်ပြီး ထိုမင်းသားအား ထီးနန်းကို ပေးအပ်ကြလေ၏။

ဤသို့ ခုနစ်ရက်လုံး မြို့ကို ပိတ်ဆို့ခဲ့သည့် မကောင်းမှုကံကြောင့် သီဝလိဘဝ၌ ခုနစ်နှစ်တိုင် ပဋိသန္ဓေနေရခြင်း ဖြစ်၏။

လာဘ်ပေါများခြင်းမှာ- သီဝလိအလောင်းသည် ပဒုမုတ္တရာ ဘုရားလက်ထက်တွင် ဘုရား အမှူးရှိသော ရဟန်းအပေါင်းအား ခုနစ်ရက်တိုင် အလှူကြီးပေး၍ 'လာဘီ-တေဒဂ်'ဘွဲ့ကို ဆုပန်ခဲ့၏။

နောက် ဝိပဿီဘုရားလက်ထက်တွင် သူဆင်းရဲတောသားဖြစ်စဉ် ကလည်း တောမှရလာသည့် ပျားရည်နှင့် နို့ခဲအိုးကို ပြည်သူတို့ လှူကြသည့် အလှူပွဲကြီး၌ ဘုရားရှင်အား လှူဒါန်းပြီး 'လာဘီ တေဒဂ်'ကို ဆုပန်ခဲ့၏။ ထိုကြောင့်ပင် ယခု သီဝလိဘဝ၌ လာဘ် ပေါများ၍ 'လာဘီ-တေဒဂ်'ဘွဲ့ကို ရရှိခြင်းဖြစ်၏။]

စာလိယတောင်၌ တေရသမ ဝါကပ်ခြင်း

၁၆ ။ ဘုရားရှင်၏ စကားကို နားမထောင်သော အရှင်မေဃိယ

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူလျက် 'မဟာရာဟု လောဝါဒ သုတ္တန်'စသော တရားတော်များဖြင့် လူနတ်ဗြဟ္မာတို့အား ချေ ချွတ်တော်မူပြီးနောက် ဒေသစာရီ ကြွချီသော် စာလိယမြို့သို့ ရောက်တော် မူ၏။

ဘုရားရှင်သည် ထိုမြို့ကို အမှီပြု၍ ထိုမြို့အနီးရှိ 'စာလိယ' တောင်ပေါ်ရှိ (ချယားတော) ကျောင်းတိုက်ကြီး၌ တေရသမ(=တဆဲ့သုံးဝါမြောက်)ဝါ ကပ် သီတင်းသုံးတော်မူ၏။ ထိုအခါတွင် အရှင်မေဃိယသည် ဘုရားရှင်အား

ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးသည့် ခေတ္တအလုပ်အကျွေး (ဥပဋ္ဌာက)ဖြစ်လေ၏။

[ဘုရားရှင်မှာ ပထမဗောဓိခေါ် ဝါတော်နှစ်ဆယ် အတွင်း၌ အမြဲလုပ်ကျွေးသည့် ဥပဋ္ဌာကမထေရ် ဟူ၍ အမြဲ မရှိသေးချေ။ ရံခါ နာဂသမာလထေရ်, ရံခါ နာဂိတထေရ်, ရံခါ ဥပဝါနထေရ်, ရံခါ သုနက္ခတ္တရဟန်း, ရံခါ အရှင်သာရိပုတ္တရာ၏ညီ စုန္ဒထေရ်, ရံခါ သာဂတထေရ်, ရံခါ မေဃိယထေရ် ပြုစုလုပ်ကျွေးလေ၏။ ယခု အချိန်၌လည်း မေဃိယထေရ်ပင် ဘုရားရှင်၏ ခေတ္တ အလုပ်အကျွေး ဖြစ်လေ၏။]

တနေ့သ၌ နံနက်အခါတွင် မေဃိယထေရ်သည် ဘုရားရှင်အား ပန်ကြား၍ 'ဇန္တု'ရွာသို့ ဆွမ်းခံကြွ၏။ ဆွမ်းကိစ္စပြီးသော် 'ကိမိကာဋ္ဌာ' မည်သော မြစ်ကမ်းသို့ သွား၍ မြစ်ကမ်းနား၌ အညောင်းပြေ စင်္ကြံလျှောက်စဉ် သစ်ပင်တို့ဖြင့် စိမ်းစိုကြည်နူးဘွယ်ကောင်းသော သရက်ခြံဥယျာဉ်ကြီးကို တွေ့မြင်လျှင် ထိုဥယျာဉ်ထဲ၌ တရားအားထုတ်လိုသော ဆန္ဒ ဖြစ်ပေါ်လာလေ၏။ ထိုနောက် ပြန်လာ၍ ဘုရားရှင်အား "တပည့်တော်သည် ဤမည်သော သရက်ဥယျာဉ်သို့သွား၍ တရားအားထုတ်လိုပါ၏"ဟု ခွင့်ပန် လျှောက်ကြားလေ၏။

ဘုရားရှင်သည် (အရှင်မေဃိယ၏ဥာဏ်မရင့်ကျက်သေးခြင်း, ကမ္မဋ္ဌာန်းမပေါက်ရောက်၍ ကြောက်လန့်ပြီး ပြန်လာမည်ဖြစ်ခြင်းတို့ကို မြဖ်တော်မူသဖြင့်) "ချစ်သား မေဃိယ၊ ဆိုင်းငံ့ဦးလော့။ ယခုအခါ ငါဘုရား တပါးတည်းသာ ဖြစ်နေသေး၍ အခြား ရဟန်းတပါး လာသည့်တိုင်အောင် ဆိုင်းငံ့ဦးလော့"ဟု တားမြစ် မိန့်ကြားတော်မူ၏။

ဤသို့ဘုရားရှင်က ဆိုင်းငံ့ရန် တောင်းပန်တော်မူပါလျက် အရှင်မေဃိယသည် သုံးကြိမ်တိုင်အောင်ပင် "ထိုဥယျာဉ်သို့ သွား၍ တရားအားထုတ်ခွင့်ပြုပါမည့်အကြောင်း" ထပ်ခါထပ်ခါ လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်က"ချစ်သား မေဃိယ၊ တရားအားထုတ်ရန် ပြောဆိုသူကို အဘယ်သို့လျှင် ငါဘုရားက တားမြစ်စကား ပြောကြားနိုင်အံ့နည်း။ သင့်အလိုအတိုင်းသာ ပြုလေလော့"ဟု မိန့်တော်မူလေ၏။

ထိုအခါ အရှင်မေဃိယသည် ဘုရားရှင်အား ရှိခိုးပြီး နေရာမှထ၍ ထိုသရက်ဥယျာဉ်သို့ သွားရောက်ဝင်ကာ သရက်ပင်ရင်းရှိ ကျောက်ဖျာပေါ်၌ ထိုင်လေ၏။ အရှင်မေဃိယသည် ရှေးအတိတ်ဘဝ မင်းဖြစ်စဉ်က ထိုနေရာ၌

ငင်ကခြေသည်မမျှား ခြံရံလျက် ပျော်မြူးနေထိုင်ခဲ့ဘူးသောကြောင့် ထိုနေရာထိုင်နေသောအခါတွင် သူ၏ စိတ်ထဲ၌ မိမိကိုယ်ကို ရဟန်းဟု မထင်တော့ဘဲ မင်းအဖြစ်ဖြင့် ရုဇပလွင်ပေါ်၌ ထိုင်နေသကဲ့သို့ အိပ်မက်ပမာ မြင်လေတော့၏။

ထို့ကြောင့် သူ၏စိတ်ထဲ၌ 'ကာမဝိတက်'အကုသိုလ်တရားတို့ တဖွားဖွားဖြစ်ပေါ်ကုန်၏။ ထို့နောက် အိပ်မက်ပမာပင် ရာဇဝတ်သား နှစ်ဦးအားခေါ်ဆောင်လာသည်ကို မြင်၍ တဦးအား 'သတ်စေ'တဦးအား 'ထောင်ချစေ'ဟု အမိန့်ပေးလိုက်သဖြင့် သူ့စိတ်ထဲ၌'ဗျာပါဒဝိတက်' 'ဝိဟိံသာဝိတက်'များ တဖွားဖွားဖြစ်ပေါ်လေကုန်၏။

ထိုအခါ အရှင်မေဃိယသည် "အို၊ အံ့ဘွယ်ကောင်းလိုက်ပါဘိ။ ငါ့သည် သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုခဲ့သူဖြစ်ပါလျက် ဤယုတ်မာသည့် အကုသိုလ်ဝိတက်တို့ဖြင့် ကပ်ငြိခံရကုန်၏" ဟု ကြံမိလေ၏။ ဤသို့လျှင် သူသည် ကမ္မဋ္ဌာန်းဘာဝနာ ပွားများမှုမပြုနိုင်လေရကား "ကောင်တိပင်ဘုရားရှင်သည် ဤအကြောင်းကို မြင်တော်မူ၍ ငါ့ကို တားမြစ်တော်မူခဲ့ခြင်းကြောင့် ဖြစ်ပေ၏" ဟု သတိတရား ရလာသဖြင့် ဘုရားရှင်ထံပြန်သွား၍ ထိုအကြောင်းအလုံးစုံကို လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သားမေဃိယ၊တရားအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည်-

(၁) မိတ်ဆွေကောင်းကို ပေါင်းမိခြင်း။
(၂) သီလနှင့် ပြည့်စုံခြင်း။
(၃) ကထာဝတ္ထု ဆယ်ပါး တရားစကားကို ကြားနာစဉ်းစားမှု များခြင်း။
(၄) လုံ့လဝီရိယရှိခြင်း။
(၅) ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်း။

ဟူသော ဤတရားငါးပါးဌာန တည်ရှိရာ၏။ ထိုသို့ တည်ပြီးနောက်မှ ရာဂကို ပယ်နိုင်ရန် အသုဘ ဘာဝနာကိုဂင်း၊ ဗျာပါဒကို ပယ်နိုင်ရန် မေတ္တာဘာဝနာကိုဂင်း၊ ဝိတက်ကို ဖြတ်တောက်နိုင်ရန် အာနာပါန သတိကိုဂင်း၊ ငါဟူသော မာနကို ပယ်နိုင်ရန် အနိစ္စသညာကိုဂင်း ပွားများရာ၏။ အနိစ္စသညာထင်သော သူအား အနတ္တသညာသည်ထင်၏။ အနတ္တသညာထင်သော သူအား ငါဟူသော မာနကို ပယ်ခွာနိုင်၍ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်နိုင်၏" ဟူ၍ တရားဟောကြားတော်မူ၏။

ထို့နောက် တဖန် "ချစ်သားမေဃိယ၊ ဆိုင်းငံ့ဦးလော့ဟု တောင်းပန်စကား ပြောကြားသော ငါဘုရားကို တပါးတည်းထားခဲ့၍ သွားသော သင် ချစ်သားသည် ဝန်လေးသောအမှုကို ပြုမိခဲ့ချေပြီ။ ရဟန်းမည်သည် ဤကဲ့သို့ စိတ်အလိုသို့ လိုက်ပါသူဖြစ်ရန် မသင့်ချေ။ ဤစိတ်မည်သည် ပေါ့ပါးလျင်မြန်လှ၏။ ထိုစိတ်ကို မိမိအလိုသို့ လိုက်စေဘိသော သင့်လှ၏" စသည်ဖြင့် တရားစကား များစွာ ဟောကြားတော် မူလေသော် အရှင်မေဃိယသည် သောတာပန် ဖြစ်လေ၏။

သာဝတ္ထိပြည်၌ စုဠသမဝါကပ်ခြင်း

၁၆၄။ ရှင်ရာဟုလာ ရဟန်းပြုပြီး ရဟန္တာဖြစ်ခြင်း

ဘုရားရှင်သည် ဇာလိယတောင်၌ တရားသမဝါကပ်၍ မေဃိယသုတ္တန် အစရှိသော ထိုထို တရားဒေသနာတို့ဖြင့် ကျွတ်ထိုက်သော သတ္တဝါတို့အား ချချွတ်ပြီးနောက် ဝါကျွတ်လျှင် ဒေသစာရီ ကြွချီတော်မူ၏။ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်း၌ သီတင်းသုံးကာ စုဠသမ (တဆဲ့လေးဝါမြောက်) ဝါကပ်နေတော်မူ၏။

ထိုအချိန်၌ ရှင်ရာဟုလာသည် ဗမသက်နှစ်ဆယ်ပြည့်၍ ရဟန်းပြုပြီးစ ဝါမရသေးသော ရဟန်းငယ်ဖြစ်လေ၏။ တနေ့သ၌ မိုးသောက်ယံတွင် ထုံးစံအတိုင်း သတ္တလောကကို ကြည့်ရှုတော်မူသော် ဘုရားရှင်၏ စိတ်သန္တာန်၌ "ယခု ရာဟုလာသည် ဝိပဿနာဉာဏ် ရင့်ကျက်လေပြီ။ ငါဘုရားသည် ရာဟုလာ အရဟတ္တဖိုလ်သို့ရောက်အောင် ချချွတ်ဆုံးမရမူ ကောင်းလေစွ" ဟု အကြံဖြစ်တော်မူ၏။

ထိုနှစ်၌ ဆုမ်းကိစ္စ ပြီးသော် ဘုရားရှင်သည် အရှင် ရာဟုလာအား- "ရာဟုလာ၊နိသီဒိုင်ထိုင်စရာအင်းကိုယူခဲ့လော့၊အန္ဓဝနမည်သော တောအုပ်သို့ နေ့သန့်ခြင်းငှာ သွားကြစို့" ဟု မိန့်တော်မူ၏။

အရှင်ရာဟုလာသည် နိသီဒိုင်အင်းကိုယူလျက် ဘုရားရှင်နောက်မှ အစဉ်တစိုက် လိုက်ပါလေ၏။ ထိုတောထဲသို့ ရောက်လေလျှင် ဘုရားရှင်သည် သစ်ပင်တပင်ရင်း၌ အရှင်ရာဟုလာ ခင်းပေးအပ်သော နေရာ၌ ထိုင်တော်မူ၏။ အရှင်ရာဟုလာလည်း ဘုရားရှင်ကို ရှိခိုးလျက် ထိုင်နေလေ၏။ ထိုအခါ

ဘုရားရှင်သည် အာရှင်ရဟုလာအား ဤသို့ မေး၍ ဖြေစေကာ တရားစကား ကို ဟောကြားတော်မူလေ၏။

(၁) "စက္ခုပသာဒခေါ် မျက်စိအကြည်ဓာတ်ရုပ်သည် မြဲသလော, မမြဲသလော"

"မမြဲပါဘုရား"

"မမြဲသော မျက်စိအကြည်ဓာတ်ရုပ်သည် ဆင်းရဲသလော။ ချမ်းသာ သလော"

"ဆင်းရဲပါ၏ဘုရား"

"မမြဲသော၊ ဆင်းရဲသော မျက်စိအကြည်ဓာတ်ရုပ်ကို ငါဉစ္စာဟု တဏှာဖြင့်၎င်း၊ ငါဟု မာနဖြင့် ၎င်း၊ ငါ၏ အတ္တဟု ဒိဋ္ဌိဖြင့် ၎င်း လဲချော် မှတ်ယူသင့်သလော"

"မသင့်ပါဘုရား" (သုံးကြိမ် မေး-ဖြေး)

ထိုနောက် ဤနည်းအတိုင်းပင် (၂) ရူပါဒုံ အဆင်းနှင့်ပတ်သက်၍၎င်း၊ (၃) စက္ခုဝိညာဏ်နှင့် ပတ်သက်၍၎င်း၊ (၄) မျက်စိဋ္ဌ မှီ၍ဖြစ်သော အတွေ့=စက္ခုသမ္ပဿနာနှင့်ပတ်သက်၍၎င်း၊ (၅) ထိုစက္ခုသမ္ပဿနာကိုအကြောင်း ပြု၍ ဖြစ်ပေါ်လာသမျှသော ဝေဒနာ, သညာ, သင်္ခါရ, အထူးသိမှု ဝိညာဏ် ဟူသော နာမက္ခန္ဓာ လေးပါးတို့နှင့် ပတ်သက်၍၎င်း မေးမြန်း၍ အရှင် ရာဟုလာအား ဖြေစေတော်မူလေ၏။

ဤသို့ စက္ခု=မျက်စိနှင့် ပတ်သက်၍ အချက်ငါးချက်မေး၍ ဖြေစေ တော်မူပြီးနောက် **သောတ**=နားနှင့် ပတ်သက်၍ အချက်ငါးချက်။ **ဃာန**=နှာခေါင်းနှင့် ပတ်သက်၍ အချက်ငါးချက်။ **ဇိဝှာ**=လျှာနှင့် ပတ်သက်၍ အချက်ငါးချက်။ **ကာယ**=ကိုယ်နှင့် ပတ်သက်၍ အချက်ငါးချက်။ **မနော**=စိတ်နှင့် ပတ်သက်၍ အချက်ငါးချက်တို့ကို 'စက္ခု' နည်းတူမေး၍ အရှင် ရာဟုလာအား ဖြေစေတော် မူ၏။

ဤသို့ အချက်ပေါင်း သုံးဆယ်တို့နှင့် ပတ်သက်၍ မေးကာ ဖြေခိုင်းတော် မူသဖြင့် အရှင်ရာဟုလာအား အချက်တိုင်း အချက်တိုင်း၌ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတို့ကို ကွင်းကွင်းကွက်ကွက် ပေါ်လွင်အောင် သုံးကြိမ် သုံး ကြေ့ မေးမြန်း ဟောကြားတော်မူသဖြင့် ထိုဒေသနာကို "**တေပရိဝဋ္ဋမ ဒေသနာ**" ဟု ခေါ်တွင်၏။

ထိုနောက် နိဂုံးချုပ်အနေဖြင့် ဘုရားရှင်က "ချစ်သား ရာဟုလာ၊ ပညာရှိသော ငါဘုရား၏တပည့်သားသည် ဤသို့ ရူမြင်လတ်သော်-

(၁) စက္ခုပသာဒ+ရူပါရုံ + စက္ခုဝိညာဏ်+စက္ခုသမ္ဖဿ + နာမ်ခန္ဓာ လေးပါး။ ဤတရားအားလုံးဒ္ဒ ငြိုးငွေ့၏။

(၂) သောတပသာဒ .... ၎င်း။

(၃) ဃာနပသာဒ .... ၎င်း။

(၄) ဇိဝှာပသာဒ .... ၎င်း။

(၅) ကာယပသာဒ .... ၎င်း။

(၆) မနော .... ၎င်း။

ဤသို့ (အချက်သုံးဆယ်ဒ္ဒ) ငြိုးငွေ့သည်ရှိသော် တပ်မက်ခြင်း ကင်း၏။ ထို့ကြောင့် ကိုလေသာမှလွတ်၏။ထိုအခါ 'ကိုလေသာမှလွတ်ပြီ'ဟု ပစ္စဝေက္ခဏာ အသိဉာဏ်ဖြစ်၏။ 'နောင် ပဋိသန္ဓေ နေရမှုကုန်ပြီ။ ပြုဘွယ် မင်္ဂိစ္စကို ပြုပြီးပြီ။ မင်္ဂိစ္စအတွက် နောက်ထပ်ပြုဘွယ် မရှိပြီ'ဟု ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိ၏"ဟူ၍ အသေးစိတ် ဟောကြားတော်မူ၏။

ဘုရားရှင်သည် ဤသို့ 'စူဠရာဟုလော၊ ဒါဒ' သုတ္တန်ကို ဟောကြားလေသော် အရှင်ရာဟုလာသည် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထိုဘုရားရှင်၏ တရားဟောရာသို့ လာရောက်၍ ဤတရားကို ကြားနာကြရသော နတ် ဗြဟ္မာ အပေါင်းတို့အနက် အသီးသီးသည် မင်္ဂလေးပါး တခုစီကို ရကြလေကုန်၏။

၁၆၅။ ရှားတောနေ ရှင်ရေဝတ သာမဏေ

အရှင်သာရိပုတ္တရာသည် တဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို စွန့်၍ ရဟန်းပြုပြီးသော် ညီမသုံးယောက်နှင့် ညီသုံးယောက်တို့အနက် အငယ်ဆုံး ဖြစ်၍ ခုနစ်နှစ်သာ ရှိသေးသော ညီအငယ်ဆုံး ရေဝတ သူငယ်တဦးမှတပါး အကြီး ငါးဦးစလုံးကို ရဟန်းပြုစေခဲ့ပြီးလေပြီ။

အရှင်သာရိပုတ္တရာလည်း ရှေးဦးမဆုံကပင် ရဟန်းတို့အား "ငါ့ညီ ရေဝတ ရဟန်းပြုရန်လာလျှင် ချက်ခြင်း ရဟန်းပြုပေးကြလော့။ငါ့မိဘတို့သည် မိစ္ဆာအယူရှိ၍ တဦးတည်းသာ ကျန်တော့သော ရေဝတအား ရဟန်းပြုခွင့် ပေးမည်မဟုတ်။ ငါသည်ပင် ရေဝတ၏ အမိလည်းဟုတ်, အဘလည်းဟုတ်၏"ဟု မှာထားလေ၏။

တနေ့သ၌ ရေဝတ သူငယ်သည် အသက် တရာ့နှစ်ဆယ်အရွယ်ရှိ အဖွား အိုအား ဆံဖြူ, သွားကျိုး, အရေတွန့်လိမ်, မွဲမဲပြောက်ပြောက်, နံရိုးကိုင်းကိုင်း ရှိသည်ကိုမြင်လျှင်အိုခြင်းတရားကိုသိမြင်၍ ဓမ္မသံဝေဂ ရသဖြင့်

ရဟန်းပြုရန် အိမ်မှထွက်ပြေးသော် ရဟန်းအပါးသုံးဆယ်နေသည့် ကျောင်းတကျောင်းသို့ ရောက်သွား၏။

သူသည် ရဟန်းများအား "တပည့်တော်သည် အရှင်သာရိပုတ္တရာ၏ညီ ရေဝတ ဖြစ်ပါ၏။ ရဟန်းပြုပေ ကြပါ" ဟု လျှောက်လေ၏။ ရဟန်းတို့လည်း သူ့ကိုချက်ခြင်းပင် ရှင်ပြုပေးပြီး အရှင်သာရိပုတ္တရာထံအကြောင်းကြားကြကုန်၏။

ရေဝတ သာမဏေသည် "ဤအရပ်၌ ငါနေလျှင် ဆွမျိုးတို့သည်ငါ့ကို လိုက်ခေါ်ကြရာ၏" ဟုကြံပြီး ထိုရဟန်းများထံမှ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းကို သင်ယူပြီး ယူဇနာသုံးဆယ်ဝေးသောခရီးကို သွား၍ ရှားတောကြီးထဲ၌နေလျက် တရားအားထုတ်သော် ဝါတွင်း၌ပင် 'ရဟန္တာ' ဖြစ်လေ၏။

ထိုဝါကျွတ်၍ သီတင်းကျွတ် တပြည့်နေ့၌ပင် ပဝါရဏာ ပြုပြီးသော် အရှင်သာရိပုတ္တရာက ဘုရားရှင်အား "ထိုရှားတောနေ ရှင်ရေဝတထံ သွားခွင့်ပြုပါရန်" ပန်ကြားလေ၏။

ဘုရားရှင်က "ငါဘုရားတို့လည်း သင် ချစ်သားနှင့်အတူ လိုက်ပါကုန်အံ့" ဟု မိန့်တော်မူပြီးနောက် အရှင်သာရိပုတ္တရာ အစရှိသော ရဟန်းငါးရာနှင့်တကွ ခရီးဒေသစာရီ ကြွချီတော်မူ၏။

ထိုသို့ ကြွတော်မူသောအခါ တနေရာ၌ လမ်းနှစ်မြွာသို့ ရောက်လျှင် အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ဤအရပ်၌ လမ်း နှစ်မြွ ရှိပါ၏။ အဘယ်လမ်းဖြင့် ကြွတော်မူပါမည်နည်း" ဟု မေးလျှောက်၏။

ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ အဘယ်လမ်းသည် မကွေ့မကောက် ဖြောင့်မတ်သနည်း" ဟု မေးတော်မူ၏။

အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ မကွေ့မကောက် ယူဇနာသုံးဆယ် ရှိ၍ နတ်ဘီလူးတို့ အုပ်စိုးရာ အစာခေါင်းပါး, ဘေးရန်လည်း များလှပါ၏။ တခြားလမ်းမှာမူ ယူဇနာ ခြောက်ဆယ်ရှိ၍ ဘေးရန်ကင်းကွာ အစာပေါလှပါသည်" ဟု လျှောက်ခဲ့လေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သားအာနန္ဒာ၊သီဝလိ ရဟန်းသည် ငါ့ဘုရားနှင့် အတူတကွ လိုက်ပါ၏လော" ဟု မေးတော်မူ၏။

အရှင်အာနန္ဒာက "လိုက်ပါလာပါ၏ဘုရား" ဟု လျှောက်လေလျှင်-

ဘုရားရှင်က "ထိုသို့ဖြစ်လျှင် အစာရှားပါး ဖြောင့်မတ်သည့် လမ်းကိုပင် ယူလော့။ သီဝလိ၏ ကောင်းမှုတန်ခိုးကို စုံစမ်းကြကုန်အံ့" ဟု မိန့်တော်မူ၏။

ထို အစာရှားပါး ဘေးရန်များသည်လမ်းကို တက်ရောက်သည့် အချိန်မှ စ၍ နတ်အပေါင်းသည် တယူဇနာ တယူဇနာ အရပ်၌ မြို့ကြီးတခုခု ဖန်ဆင်းကြရ၍ ဘုရားရှင် အမှူးရှိသော ရဟန်း သံဃာအပေါင်း နေထိုင်ရန် ကျောင်းတိုက်များကို ဖန်ဆင်းထားနှင့်ကြလေ၏။ ဘုရား အမှူးရှိသော ရဟန်းအပေါင်းတို့ ရောက်တိုင်းရောက်တိုင်းသော ကျောင်းတို့၌ နတ်တို့သည် မင်းက စေလွှတ်လိုက်သော အမှုထမ်းများအသွင်ဖြင့် ယာဂု၊ ခဲဘွယ်၊ ဆွမ်း စသည်ဘို့ကို ထမ်းပိုးယူဆောင်လာကြကာ ရှင်သီဝလိအား မေးမြန်း၍ လှူဒါန်းကြလေ၏။

ရှင်သီဝလိသည် ထိုနတ်တို့ လှူဒါန်းသော ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ကို ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား လှူဒါန်းလေ၏။ ဤနည်းဖြင့် ဘုရားရှင်သည် ရဟန်းအပေါင်းနှင့်တကွ ရှင်သီဝလိ လှူဒါန်းသော ဘောဇဉ်တို့ကို သုံးဆောင်လျက် တနေ့တယူဇနာ ကြတော်မူရာ ရှင်ရေဝတ နေသော ရှားတောကြီးသို့ ရောက်တော်မူ၏။ ရှင်ရေဝတသည် ဘုရား အမှူးရှိသော ရဟန်းအပေါင်း ကြွလာတော်မူသည်ကို ကြိုတင်သိရှိ၍ ဘုရားရှင်အတွက် ဂန္ဓကုဋီနှင့်တကွ ရဟန်းငါးရာအတွက် ကျောင်းများစွာကိုလည်း သာယာတင့်တယ်စွာ အပြည့်အစုံ ဖန်ဆင်းထားနှင့်လေ၏။ ရှင်ရေဝတ ဖန်ဆင်းထားသော ကျောင်းတိုက်ကြီးသို့ ရောက်လေသော် ဘုရားရှင်သည် ဂန္ဓကုဋီတိုက်သို့ ဝင်တော်မူ၍ ရဟန်းအပေါင်းလည်း ဝါစဉ်အလိုက် ကျောင်းအိပ်ရာ နေရာအသီးသီးသို့ ဝင်ကြလေကုန်၏။

ထိုအခါ နတ်တို့သည် ဘုရားအမှူးရှိသော ရဟန်းအပေါင်းတို့အား ဆွမ်း စားချိန်၌ ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ကိုလည်း၊ နေလဲ့ ညနေချိန်များ၌ အဖျော်ယမကာတို့ကိုလည်း ဆက်ကပ်လှူဒါန်းကြလေ၏။ ဘုရားရှင်လည်း ထိုအရပ်၌ လခွဲကြာမျှ သီတင်းသုံးလျက် ရှင်ရေဝတအား ဆုံးမသြဝါဒစကား ဟောကြားပြီးသော် တနေ့တယူဇနာကျဖြင့်ပင် ခရီးတလျှောက်လုံး ရှင်သီဝလိ၏ ဘုန်းကံဖြင့်သာ သုံးဆောင်တော်မူကာ ဆွမ်းကိုစွ မပင်ပန်းဘဲ ကြွရတော်မူ၏။

သာဝတ္ထိပြည်သို့ ရောက်လျှင်ရောက်ချင်း ဝိသာခါ ကျောင်းအမသည် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား အိမ်သို့ပင့်၍ ဆွမ်း ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းလေ၏။ ဝိသာခါသည် "ရှားတောနေ ရှင်ရေဝတ ထံသို့ ရဟန်းများနှင့်တကွ ဘုရားရှင်ကြွ၍ ပြန်လာကြောင်း" ကြားသိရလျှင်-

ဘုရားရှင်အား ချဉ်းကပ်၍ "မြတ်စွာဘုရား၊ ရှင်တော်ဘုရား ကြွရောက်တော်မူခဲ့သော ရှင်ရေဝတ၏ နေရာအရပ်သည် မွေ့လျော်ဘွယ် ရှိပါ၏လော" ဟု မေးလျှောက်သော်-

ဘုရားရှင်က "ဝိသာခါ၊ လောကအခေါ် မွေ့လျော်ဘွယ် အရပ်ပင်ဖြစ်စေ, မမွေ့လျော်ဘွယ်အရပ်ပင်ဖြစ်စေ အရိယာတို့၏ မွေ့လျော်သော အရပ်သည်သာလျှင် မွေ့လျော်ဘွယ်ရှိသည့် အရပ်မည်ပေ၏" ဟု မိန့်တော်မူပြီးနောက် ဂါထာဖြင့်-

"ဝိသာခါ၊ ရွာဌဖြစ်စေ, တောဌဖြစ်စေ, ချိုင့်ဝှမ်းဌဖြစ်စေ, ကုန်းမြင့်ဌဖြစ်စေ အကြင်အရပ်ဌ ရဟန္တာပုဂ္ဂိုလ်တို့ မွေ့လျော်စွာ နေထိုင်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ နေထိုင်သော မြေအရပ်သည် မွေ့လျော်ဘွယ်ရှိသောအရပ်ဌာန ပေတည်း" ဟူ၍ ဟောကြားတော်မူလေ၏။

အခြားသော ရဟန်းတို့သည် တောကျောင်းဌ နေကြသည်ရှိသော် သပွါယ ဖြစ်လောက်သော တော, ရေ, ဆွမ်းခံရွာများကို ရှေးချယ် မှတ်သားပြီးမှ နေထိုင်လေ့ ရှိကြကုန်၏။ ဤ ရှင်ရေဝတသည်ကား ထိုသပွာယများ အလေးမထား ဂရုမမူ မရှေးချယ်ဘဲ မြေပြင်မညီမညွတ်, ကြမ်းတမ်းလှသော ရွားတောကြီးထဲဌ နေထိုင်လေခြင်းဖြစ်၏။

ထို့ကြောင့်ပင် ဘုရားရှင်သည်နောင်တချိန်ဝယ် ရဟန်းများအား ဇေတဝန်ဘွဲ့ ပေးတော်မူသောအခါ "ရဟန်းတို့၊ တောကျောင်းနေသော ငါဘုရား၏ တပည့်ဖြစ် ရဟန်းတို့တွင် ရွားတောနေ ရှင်ရေဝတသည် အမြတ်ဆုံး ဖြစ်ပေ၏" ဟူ၍ ရှင်ရေဝတအား "အာရညက (တောကျောင်းနေ) ဇေဒဂ်" အရာဌ ထားတော်မူလေ၏။

၁၆၆။ အရှင်ရာဟုလာကို မာရ်နတ် ခြိမ်းခြောက်လာခြင်း

တနေ့သဌ မိုးချုပ်သောအခါတွင် များစွာသော မထေရ်တို့သည် ဇေတဝန်ကျောင်းသို့ ဝင်ရောက်လာ၍ အရှင် ရာဟုလာ၏ နေရာသို့ ဝင်ရောက်နေထိုင်ကြကုန်၏။ အရှင်ရာဟုလာကား ရဟန်း ဝါငယ်ဖြစ်၍ မိမိနေရာဌ မထေရ်ကြီးများ လာရောက်နေထိုင်သည်ကို မဟားမြစ်ပိုင်ဘဲ အခြားနေရာတခုကို ရှာရ၏။ နေ့မတွေ့သော် ဘုရားရှင်၏ ဂန္ဓကုဋီတိုက် မုခဉီးဌ

လျောင်းစက်ရလေ၏။ ထိုအချိန်တွင် အရှင်ရာဟုလာသည် ရဟန္တာဖြစ်ပြီးစ ဝါမရသေးသော ရဟန်းငယ်တပါး ဖြစ်၏။

ဆိုအခါ မာရ်နတ်သည် ဝသဝတ္တီနတ်ပြည်၌ နေရင်းကပင် အရှင် ရာဟုလာကို မြင်လျှင် "ရဟန်းဂေါတမ၏ ထိလျှင် နာကျင်မည့် လက်ချောင်း ကလေး (အရှင်ရာဟုလာ)ကား ဂန္ဓကုဋီ ပြင်ပ၌ လျောင်းစက်နေ၏။ လက် ချောင်းကလေးကို နှိပ်စက်လျှင် ရဟန်းဂေါတမကိုလည်း နှိပ်စက်ရာ ရောက် ပေ၏" ဟု ကြံစည်ကာ ကြီးမားသော ဆင်မင်းအသွင်ဖြင့်လာ၍ နှာမောင်း ဖြင့် အရှင်ရာဟုလာ၏ ဦးခေါင်းကို ပွေ့ပိုက်ပြီး သည်းစွာ မြည်ဟည်းလေ၏။

ဘုရားရှင်လည်း ဂန္ဓကုဋီတိုက် အတွင်း၌ နေတော်မူလျက်ပင် မာရ်နတ် မှန်းသိ၍ "ဟယ် မာရ်နတ်၊ သင်ကဲ့သို့သော မာရ်နတ်တဦး မဆိုထားဘိ။ မာရ်နတ်ပေါင်း တသိန်းသည်ပင် ငါ့သားတော်အား ကြောက်ရွံ့အောင် မလုပ်နိုင်။ ငါ့သားတော်ကား ထိတ်လန့်ခြင်း အလျဉ်းမရှိ။ တဏှာကင်းပြီး သူ၊ လုံ့လဝီရိယ ကြီးမားသူ၊ ဉာဏ်ပညာ ကြီးမားသူ ဖြစ်ပေ၏" စသည်ဖြင့် အရှင်ရာဟုလာ ရဟန္တာဖြစ်ကြောင်း မိန့်တော်မူလေ၏။

မာရ်နတ်လည်း "ငါ့ကို မြတ်စွာဘုရား သိသွားတော်မူပြီ"ဟု အောက် မေ့ကာ ထိုအရပ်၌ပင် ကွယ်လေ၏။

အရှင်ရာဟုလာလည်း သာမဏေဘဝကစ၍ နံနက်အိပ်ရာမှ ထလျှင် လက် ခုပ်ဖြင့် သဲမှုန့်များကို ကျုံးယူပြီးနောက် "ငါသည် ယနေ့အဖို ဘုရားရှင် ထံမှငင်း၊ ဆရာဥပဇ္ဈာယ် မဒေဝီတို့ထံမှငင်း ဤသဲမှုန့်နှင့်အမျှ အဆုံးအမ သြဝါဒကို ရပါလို၏"ဟု ဆိုလေ့ရှိ၏။

သို့ဖြစ်ရကား ရဟန်းသံဃာအလယ်၌ "ရာဟုလာ သာမဏေသည် အဆုံးအမကို လွယ်ကူစွာ ခံရာသူ ဖြစ်စွဲတကား။ ဘုရားရှင်အား လျောက် ပတ်သည့် သားထူးသားမြတ်ဖြစ်စွဲတကား"ဟုချီးမွမ်းခြင်းအထူးကို ရရှိလေ ၏။ ဘုရားရှင်နှင့် ဆရာဥပဇ္ဈာယ်တို့ကလည်း ရှင်ရာဟုလာအား မပြတ်ဆုံးမ သြဝါဒ ပေးလေ့ရှိ၏။ ထိုသြဝါဒများကိုလည်း ရှင်ရာဟုလာသည် လိုက် နာ ကျင့်သုံးလေ၏။

ထို့ကြောင့် ဘုရားရှင်သည် နောင်တချိန်ဝယ် ရဟန်းတို့အား ဇာဒင် ထားတော်မူသောအခါ "ရဟန်းတို့၊ သိက္ခာသုံးပါးတို့ လိုလားကြသည့် ငါဘုရား၏ တပည့်ရဟန်းတို့တွင် ရာဟုလာသည် အမြတ်ဆုံး ဖြစ်ပေ၏" ဟူ၍ "သိက္ခာကာမ-ဇာတဒင်" အရာ၌ ထားတော်မူလေ၏။

၁၆၇။ သူစိလောမ, ခရုလောမ ဘီလူး နှစ်ဦးကို ချတ်ခြင်း

မဟာဗောဓိပင် အနီးရှိ 'ဂယာ' ရွာကြီးတံခါးဝယ် အညစ်အကြေး အမှိုက် စွန့်ရာ မြေအရပ်၌ 'သူစိလောမ' မည်သော နတ်ဘီလူးကြီးတဦး နေ၏။ ထိုနတ်ဘီလူး၏ နေရာအနီး၌ပင် 'ခရုလောမ'မည်သော နတ်ဘီလူးကြီးတဦး လည်း နေလေ၏။ ထိုနတ်ဘီလူး နှစ်ဦးသည် အချင်းချင်း ချစ်ခင်ကြသော မိတ်ဆွေများ ဖြစ်ကြ၏။

ယင်းတို့၏ ရှေးအကြောင်းမှာ ကဿပ ဘုရားရှင်လက်ထက်က မာန ကြီးသော ရဟန်းတပါးသည် ခရီးဝေးမှလာ၍ အညစ်အကြေး ချွေး အစရှိသော ကိုယ်ကို မသန့်ရှင်းဘဲ သံဃာက ဖြစ်သော ညောင်စောင်း အင်ပျဉ် ထက်၌ အနှီးမပါဘဲ တင်၍အိပ်၏။ သူ၏ မာနနှင့် ဤမကောင်းမှုကံကြောင့် သေသော် မဟာဗောဓိ အနီး၌ အပ်နှင့်တူသည့် အဓမ္မများ ရှုပ်ထွေးပေါက် ရောက်သော သူစိလောမ အမည်ရှိ နတ်ဘီလူးဖြစ်၏။ကဿပ ဘုရားရှင် လက် ထက်ကပင် ဒါယကာတဦးသည် သီလ ဆောက်တည်လျက်သံဃာတို့၏ပစ္စည်း ဥစ္စာကို လှည့်ပတ်ယူ၏။ နောက် သံဃာကဆီဖြင့် ကိုယ်ကိုလိမ်း၍ ကောင်း စွာ ခင်းထားသည့် သံဃာက နေရာပေါ်၌အိပ်၏။ ဤမကောင်းမှုကံကြောင့် သူသည် သေသော် သူစိလောမဘီလူး၏ နေရာအနီးပင် ဖုတ်မီကျောင်း၏ ကျောကုန်းကဲ့သို့ ကြမ်းတမ်းသည့်ကိုယ် ရှိသော 'ခရုလောမ' အမည်ရှိ နတ် ဘီလူးကြီး ဖြစ်လေ၏။

တနေ့သ၌ ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ်ပင် နံနက် မိုးသောက်ယံ၌ ထုံးစံအတိုင်း လောကကို ကြည့်ရှုသော် ထိုဘီလူးနှစ်ဦးကို မြင်၍ ဆင်ခြင်သော် "ထိုဘီလူးနှစ်ဦး သောတာပန် ဖြစ်လတံ့"သည်ကို မြင် တော်မူ၏။ ဘုရားရှင်သည် နံနက်စောစော သပိတ်သင်္ကန်းကို ယူ၍ တပါး ဘည်း ကွကာ လူ ဆင် မြင်းနွား စသည်တို့၏ အညစ်အကြေးတို့ဖြင့် ပြည့် သိုင်လျက် မကောင်းသည့် အနံ့ရှိသော မြေအရပ်ကိုပင် ဂန္ဓကုဋီတိုက် ကဲ့သို့ ဝင်၍ ထိုင်တော်မူ၏။ ထိုအချိန်တွင် ထိုဘီလူးနှစ်ဦးတို့သည် အစာ ထွက်ရှာနေကြရာ ဘုရားရှင်နှင့် မနီးမဝေးသော အရပ်၌ သွားနေကြဆဲဖြစ်၏။

ခရုလောမဘီလူးသည် ဘုရားရှင်ကို ဦးစွာမြင်၍ သူစိလောအား "သူငယ် ချင်း၊ အလွန် အဆင်းလှသော ရဟန်းတပါးသည် သင်၏ ဗိမာန်သို့ ဝင်နေ သည်။ သင် မမြင်သလော"ဟု မေး၏။

သူစိလောမက "ဤသူကား ရဟန်းအစစ် ဟုတ်, မဟုတ် စုံစမ်းအံ့"ဟု ဆို၏။ သူသည် "ကြောက်လျှင် ရဟန်းအစစ် မဟုတ်ဘဲ, မခြောက်လျှင် ရဟန်းအစစ်"ဟု ယူဆထား၍ ဤသို့ ဆိုခြင်းဖြစ်၏။

ထိုနောက် သူစိလောမသည် ဘုရားရှင်ထံသွားပြီး ရှေ့က ရပ်လျက် တမိုက်မျှရှည်သော အမွေးများဖြင့် အကျည်းတန်ပြီး ကြောက်ဘွယ်ကောင်းသော မိမိကိုယ်ကို ဘုရားရှင်ဘက်သို့ ဟပ်လိုက်မည့်အသွင်ဖြင့် ကိုင်းညွှတ်လိုက်၏။ ဘုရားရှင်လည်း လေတိုက်သော မီးလျှံကဲ့သို့ ကိုယ်တော်ကို တိမ်းယိမ်း ဖယ်လိုက်တော်မူ၏။

သူစိလောမက "ရဟန်း၊ သင်သည် ကျွန်ုပ်ကို ကြောက်သလော"ဟု မေးသော်-

ဘုရားရှင်က "သူစိလောမ၊ ငါကား သင့်ကိုမကြောက်။ သင်၏ ကိုယ်အတွေ့သည် သံဆူးပုံကဲ့သို့ ဒူးလွန် ကြမ်းတမ်းယုတ်မာပြီး မစင်ပုံကဲ့သို့ အလွန်စက်ဆုပ်ဘွယ် ရှိ၍ ငါ၏ ကိုယ်တော်ဖြင့် တွေ့ထိခြင်းငှာ မလျော်ပတ်သောကြောင့်သာ ငါ ဖယ်ရှားတော်မူ၏"ဟု မိန့်တော်မူ၏။

သူစိလောမသည် "ငါအား ယုတ်မာသော အတွေ့ရှိသည်ဟု ဆိုရကောင်းလား"ဟု ပြင် စွာ အမျက်ထွက်လျက် အလွန် ကြောက်ဘွယ်ကောင်းသည့် ကိုယ်ကို ဖန်ဆင်း၍ ညှဉ်းပန်းကိုက်စားအံ့သကဲ့သို့ ပြုပြန်၏။

ဘုရားရှင်လည်း "သူစိလောမ၊ သင်ပြုလိုသမျှ ပြုငြားလည်း ငါဘုရားမထိတ်လန့်ချေ"ဟု ဆို၍ ပြုံးနေတော်မူ၏။

ထိုအခါ သူစိလောမသည် "ငါ ဤသို့ ခြိမ်းခြောက်ပြလိုက်လျှင် တပါးသူတို့သည် ချက်ခြင်း အသက်ထွက်ကုန်၏။ ဤရဟန်းကား အနည်းငယ်မျှ မဘုန်လှုပ်တကား"ဟု ကြံပြီးနောက်-

"ရဟန်း၊ သင်ကား တည်ငြိမ်လှပေ၏။ သတိပညာ များစွာ ရှိမည်ထင်၏။ သိချင်သော ပြဿနာကို ငါမေးအံ့။ သင်မဖြေနိုင်လျှင် သင့်စိတ်ကို ရူးသွပ်သွားစေမည်။ သင့်နှလုံးကို ဖောက်ခဲပစ်မည်။ သင့်ခြေနှစ်ချောင်းကို ကိုင်၍ သမုဒ္ဒရာထဲသို့ လွှင့်ပစ်မည်"ဟု ခြိမ်းခြောက်ပြန်လေ၏။

မဟာကရုဏာရှင် ဘုရားသခင်ကလည်း "သူစိလောမ၊ သင်ဘီလူးမဆိုထားဘိ။ သုံးလောကရှိ လူနတ်ဗြဟ္မာ တဦးမျှ ငါဘုရားကို ဤသို့ မညှဉ်းပန်း မကြိုနိုင်သည်သာ။ သင်မေးလိုရာ ပြဿနာကိုသာ မေးလော့။ ငါ ဖြေကြားအံ့"ဟု ခွင့်ပြုမိန့်ကြားတော်မူ၏။

သူစိုလောမလည်း အားရဝမ်းသာဖွာဖြင့် "ရဟန်း၊ ရာဂ, ဒေါသတို့သည် အဘယ်အကြောင်းတရားကြောင့် ဖြစ်လေသနည်း။ ကောင်းမှုဌာ မမေ့လျော့ခြင်း, အာရုံငါးပါးဌာ မေ့လျော့ခြင်း, ကြောက်စိတ်ဖြင့် ကြက်သီးမွေးညှင်း ထခြင်းတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း။ မိစ္ဆာဝိတက်တရားတို့သည် အဘယ်မှ ဖြစ်ပေါ်ထကြွ၍ ကုသိုလ်စိတ်ကို လွှတ်ကုန်သနည်း" ဟူ၍ ဂါထာဖြင့် မေးလေ၏။

ထိုအခါ ဘုရားရှင်က "ထိုတရားအားလုံးသည် ဆင်းရဲအပေါင်းကို ဖြစ်စေသော ဤခန္ဓာကိုယ်မှပင် ဖြစ်ပေါ်ကြကြောင်း, ဤခန္ဓာကိုယ်အတွင်ဘောလည်း သမုဒယသစ္စာ တဏှာလောဘလျှင် အကြောင်းရင်းခံ၍ ဖြစ်ပေါ်ကြောင်း, ထိုတဏှာလောဘ သမုဒယသစ္စာကို အင္ဂင်္ဂကမဂ္ဂသစ္စာဖြင့် ပယ်သတ်မှသာလျှင် နိဗ္ဗာန်သို့ ကူးမြောက်နိုင်ကြောင်း" ကို သုံးဂါထာဖြင့် ဟောကြားတော်မူလေ၏။

ဤဘရားကို ကြားနာရပြီးသော် ထိုသူငယ်ချင်း ဘီလူးနှစ်ဦးတို့သည် သောတာပန် ဖြစ်ကြလေ၏။ ထိုခဏ၌ပင် သူတို့မှာ ကြောက်ဘွယ်အကျည်းတန်သော ရုပ်အဆင်တို့ ပျောက်ကွယ်၍ လှပသော နတ်အသွင်ကို ရရှိကာ ဘုမ္မဇိုးနတ်စည်းစိမ်ကို ရရှိကြလေ၏။ ဘုရားရှင်လည်း ထိုဘီလူးတို့ကို ကယ်ချွတ်ပြီးနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

၁၆၈။ မဟာကပ္ပိုနမင်းနှင့် အမတ်တထောင် ရဟန်းပြုကြခြင်း

'ကုက္ကုဋ္ဌဝတီ' ပြည်၌ 'မဟာကပ္ပိန'မည်သော မင်းကြီးသည် စိုးစံ၏။ သူ၏ မိဖုရားကား မဒ္ဒရာဇ်တိုင်း သာဂလပြည်မှ 'အနောဇာ'မည်သော မင်းသမီးတည်း။ ထိုမင်းကြီးမှာ အမတ်ပေါင်းတထောင် အခြံအရံရှိ၏။ မဟာကပ္ပိန မင်းကြီး, အနောဇာ မိဖုရား, အမတ်တထောင်နှင့် ယင်းတို့၏ မယားတထောင်၊ ထိုပုဂ္ဂိုလ်အားလုံးသည် ရှေးဘဝများက အတူတကွ နေထိုင်ခဲ့ပြီး သာသနာတွင်း၌ ကုသိုလ်များကို အတူပြုခဲ့ကြသဖြင့် ယခုဘဝ၌ အတူတကွဂင် မင်းနှင့်အမတ် မခဲခြားဘဲ မင်းစည်းစိမ်ကို ခံစား၍ နေကြ၏။

မင်းကြီးသည် တနေ့သ၌ အမတ်တထောင်ခြံရံကာ မြင်းစီးလျက် ဥယျာဉ်သို့ ထွက်လေသော် သာဝတ္ထိပြည်မှ လာသော ကုန်သည်များနှင့် တွေ့၏။ ထိုကုန်သည်တို့ထံမှ "သာဝတ္ထိပြည်၌ ဘုရား, တရား, သံဃာ ရတနာမြတ်

သုံးပါး ပေါ်ထွန်းကြောင်း”ကြားရလျှင် ထိုကုန်သည်တို့အား သတင်းထူးသုံးခု ပေးသည့်အတွက် ဆုငွေသုံးသိန်း ဆုချပြီး “ငါတို့သည် သာဝတ္ထိပြည်သို့ သွား၍ ရဟန်း ပြုကြအံ့။ သင်တို့သည် ငါ၏မိဖုရားကြီး အနောဇာအား ထိုသတင်းထူးကို ပြောကြားကြလော့။ သင်တို့အား မိဖုရားကြီးက ဆုငွေသုံးသိန်း ပေးသနားလုတံ”ဟု ဆိုပြီး ချက်ခြင်းပင် ရဟန်းပြုလိုကြသည့် အမတ်တထောင်နှင့်တကွ မြင်းစီးကာ သာဝတ္ထိပြည်သို့ ရွေးရွှုထွက်ခွာလေ၏။

ဘုရားရှင်လည်း ထိုဒုနံနက်မိုးသောက်ယံ၌သတ္တလောကကိုကြည့်ရှုသော် “မဟာကပ္ပိနမင်းကြီးနှင့်တကွ အမတ်တထောင်တို့သည် ငါဘုရားကို ရည်စူး၍ ရဟန်းပြုရန် လာကြလိမ့်မည်။ ထိုသူအားလုံး ရဟန္တာ ဖြစ်ကြလိမ့်မည်။ ငါဘုရားသည် ထိုသူတို့အား ခရီးဦးကြို ပြုပေအံ့”ဟု ကြံ၍ ကိုယ်တော်တပါး တည်း သက်ဒ်းသပိတ်ကို ယူဆောင်လျက် သာဝတ္ထိပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ဝေးသော ခရီးသို့ ကွတော်မူပြီး “စန္ဒဘာဂါ”မြစ်၏ ကမ်းနားရှိ ညောင်ပင်ရင်း၌ ခြောက်သွယ်သော ရောင်ခြည်တော်များကို ဖြိုင်ဖြိုင်လွှတ်လျက် ထိုင်နေတော်မူ၏...

မင်းကြီးလည်း ခရီးထွက်လာသော် အလွန် ရေနက်သော ‘အပရန္ဓာ’မြစ်သို့ ရောက်လျှင် လှေဖောင်များကို မတွေ့မြင်သဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အဖန်ဖန် အောက်မေ့၍ အဓိဋ္ဌာန်ပြုပြီး အမတ်တထောင်နှင့်တကွ မြင်းတထောင်ဖြင့် ရေပြင်ပေါ် စိုင်းနှင်လေ၏။ မြင်းတို့သည် ကျောက်ဖျာပေါ် စိုင်းသွားသကဲ့သို့ သွားနိုင်ကြကုန်၏။

ထို့နောက် ရေနက်သော ‘နိလဝါဟနာ’မြစ်သို့ ရောက်သော် **ဓမ္မာနုဿတိ** **ကမ္မဋ္ဌာန်း**ကို စီးဖြန်း၍ဂင်း၊ နောက် ‘စန္ဒဘာဂါ’မြစ်သို့ ရောက်သော် **သံဃာ** **နုဿတိ ကမ္မဋ္ဌာန်း**ကို စီးဖြန်း၍ဂင်း အဓိဋ္ဌာန်ပြုပြီး မြစ်ရေပေါ်သို့ မြင်းများကို စိုင်းနှင်းသွားကြလေ၏။ ထိုမြစ်ကို ကူးဖြတ်ပြီးသော် မင်းကြီးနှင့် အမတ်တထောင်တို့သည် ဘုရားရှင်၏ ကိုယ်တော်မှ ဖြိုင်ဖြိုင်ထွက်နေသော ရောင်ခြည်ခြောက်သွယ်တို့ကို မြင်လျှင် မြင်းများပေါ်မှ ဆင်း၍ ချဉ်းကပ်ကြပြီး ဘုရားရှင်၏ ရောင်ခြည်တော်ထဲသို့ ဝင်သွား၍ ရှိခိုးကာ ထိုင်နေကြလေ၏။

ဘုရားရှင်လည်း ထိုသူတို့အား “ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာ”ဟူသော တရားဒေသနာတို့ကို အစဉ်အတိုင်း ဟောကြားတော်မူသော် ထိုသူအားလုံး သောတာပန်ဖြစ်ကြပြီး ရဟန်းပြုခွင့်ကို တောင်းခံကြလေ၏။

ဘုရားရှင်လည်း ထိုသူအား‌လုံး ရှေးဘဝများက သက်နှံးပရိက္ခရာ လှူဘူးခဲ့သည့် ကောင်းမှုကို ဆင်ခြင်တော်မူ၍ "ဟိဘိက္ခု" ခေါ်တော်မူ၏။ ထိုသူအား‌လုံး လူ့အသွင် ကွယ်ပျောက်၍ တန်ခိုးဖြင့်ပြီးသော သက်နှံးပရိက္ခရာတို့ဖြင့် ရဟန်းအသွင်သို့ ရောက်ကြလေ၏။

အနောဇာ မိဖုရားကြီးလည်း ထိုသဝတ္ထိုပြည်သား ကုန်သည်များဆံမှ ရတနာသုံးပါး သတင်းထူးသုံးခုကို ကြားရလျှင် ဆုငွေကိုးသိန်း ပေးသနားပြီး အမတ်ကတော် တထောင်နှင့်တကွ ရထားတထောင်ဖြင့် ချက်ခြင်း သာဝတ္ထိပြည်ဘက်သို့ ထွက်ခွာသွားလေ၏။ မဟာကပ္ပိနမင်းကြီး သွားသည့် ခရီးလမ်းအတိုင်းသွား၍ ထိုမြစ်သုံးတန်ကိုလည်း မင်းကြီးကဲ့သို့ပင် ရတနာသုံးပါး အသီးသီး၏ ဂုဏ်ကို ဆင်ခြင်ပွားများကာ အဓိဋ္ဌာန်ဖြင့် ရေပြင်ပေါ်သို့ ရထားများဖြင့် ကူးဖြတ်ပြီးနောက် ဘုရားရှင်တို့ ဖူးမြင်ရလေ၏။

ဘုရားရှင်လည်း "ဤအမျိုးသမီးများနှင့် ယင်းတို့၏ လင်ယောကျ်ားများ အချင်းချင်း မြင်ကြရလျှင် ဆန္ဒရာဂ ဖြစ်ပေါ်၍ မင်္ဂိုလ်၏ အန္တရာယ်ကို ပြုလေရာ၏။ တရားကိုလည်း ဖြောင့်ဖြောင့်နာနိုင်ကြမည် မဟုတ်" ဟု ဆင်ခြင်သိမြင်တော်မူ၍ သူတို့အချင်းချင်း မမြင်နိုင်အောင် တန်ခိုးဖြင့် ဖုံးကွယ်ထားလေ၏။

မိဖုရားကြီးလည်း အမတ်ကတော် တထောင်နှင့်တကွ ဘုရားရှင်ထံ ချဉ်းကပ်ပြီးသော်- "မြတ်စွာဘုရား၊ မင်းကြီး အဘယ်မှာနည်း။ ပြတော်မူပါဘုရား" ဟု လျှောက်လေ၏။

ဘုရားရှင်က "သင်တို့ ထိုင်ကြဦးလော့။ ဤနေရာ၌ပင် ထိုမင်းကြီးကို မြင်ရလတံ့" ဟု မိန့်တော်မူ၏။

ထိုအမျိုးသမီးတို့လည်း "ငါတို့၏ အရှင်တို့ကို ဤမှာပင် မြင်ကြရလတံ့" ဟု ဝမ်းမြောက်ကြလျက် ထိုင်နေကြကုန်၏။ ဘုရားရှင်လည်း အစဉ်အတိုင်းသော တရားဒေသနာကို ဟောကြားတော်မူသော် ထိုအမျိုးသမီးအား‌လုံး သောတာပန် ဖြစ်ကြလေ၏။ ထိုခဏ၌ပင် ဘုရားရှင်က တန်ခိုးတော်ကို ရုပ်သိမ်းလိုက်သဖြင့် ထိုမိန်းမတို့သည် သူတို့၏ အရှင်သခင်များကို မြင်ကြရလေ၏။

ထိုမိန်းမတို့က ရဟန်းပြုခွင့် တောင်းခံကြသော် ဘုရားရှင်သည် သာဝတ္ထိပြည်ရှိ 'ဥပ္ပလဝဏ်' ထေရီမကို တန်ခိုးဖြင့် ခေါ်ယူပြီး ထိုမိန်းမတထောင်တို့အား ရဟန်းပြုစေပြီး သာဝတ္ထိပြည်သို့ ခေါ်ဆောင်သွားတော်မူ၏။

ဘုရားရှင်လည်း ထိုရဟန်းတထောင်ကို ယူဆောင်၍ ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းသို့ ကြွတော်မူ၏။ မဟာကပ္ပိနမထေရ်သည် တရားအား ထုတ်၍ မကြာမီပင် ရဟန္တာ ဖြစ်လေသော် ဆိတ်ငြိမ်ရာ အရပ်တို့သို့ ကပ်ရောက်နေထိုင်လျက် "အဟောသုခံ" '(ဩော် ချမ်းသာစွာ့)' ဟူ၍ အမြဲ မပြတ် ဥဒါန်းကျူးရင့်လေ့ ရှိ၏။

အခြားရဟန်းတို့သည် ထိုဥဒါန်းကျူးရင့်သံကို ကြားရ၍ ဘုရားရှင်ထံ သွားပြီး "မဟာကပ္ပိနသည် မိမိ၏ မင်းစည်းစိမ်ကို အောက်မေ့၍ ဥဒါန်းကျူးရင့်သည် ထင်ပါ၏" ဟူ၍ လျှောက်ကြားကြ၏။

ဘုရားရှင်က "ရဟန်းတို့၊ ငါ၏ သားတော် မဟာကပ္ပိနသည် တရားအရသာကို သောက်စို့ရသူ ဖြစ်၏။ မင်္ဂဖိုလ်ချမ်းသာ, အမြို့က် နိဗ္ဗာန်ကို အာရုံပြု၍ ဤသို့ ဥဒါန်းကျူးရင့်ခြင်း ဖြစ်၏" ဟု မိန့်တော်မူပြီးနောက်-

"ရဟန်းတို့၊ တရားတည်းဟူသော အမြို့က်ရေကို သောက်ရသောသူသည် အထူးကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ၏။ ပညာရှိသည် အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သော တရားတော်၌ အမြဲ မွေ့လျော်ပေ၏" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူ၏။

မဟာကပ္ပိနထေရ်သည် မိမိ၏ အရဟတ္တဖိုလ် ချမ်းသာဖြင့် နေလျက်သောတာပန်များသာ ဖြစ်နေသေ သည့် မိမိ၏အဖော်တပည့် အမတ် ရဟန်းတထောင်တို့အား တရားဟောကြား ဆုံးမရန် ကြောင့်ကြမဲ့ နေလေ့ရှိ၏။

ဘုရားရှင်သည် ထိုအကြောင်းကို ကြားသိတော်မူလျှင် "ချစ်သား မဟာကပ္ပိန၊ သင်၏ အဖော်တပည့် ရဟန်းတထောင်တို့အားလည်း ကြောင့်ကြစိုက်၍ တရားဟောလေဦး" ဟု မိန့်တော်မူ၏။ ထိုအခါ မဟာကပ္ပိနထေရ်သည် ထိုရဟန်းတထောင်တို့အား တရားဟောကြားလေသော် ထိုရဟန်းတထောင်လုံး တရားတပ္ပဲတည်းဖြင့် ရဟန္တာများ ဖြစ်သွားကြလေ၏။

မဟာကပ္ပိနသည် ဤသို့ အဆုံအမပေး တရားဟောကောင်းသော မထေရ်ဖြစ်သဖြင့် နောင်သောအခါ ဘုရားရှင်က သံဃာ့အစည်းအဝေး၌ ရဟန်းတို့အား တေဒင်အရာ၌ ပေးတော်မူသောအခါ "ရဟန်းတို့၊ ရဟန်းယောကျ်ားများအား ဆုံးမတရားဟောပြသည့် ငါဘုရား၏ တပည့်ရဟန်းတို့တွင် မဟာကပ္ပိနသည် အမြတ်ဆုံး ဖြစ်ပေ၏" ဟု မဟာကပ္ပိနထေရ်အား 'ဘိက္ခုသြဝါဒက-တေဒင်'အရာ၌ ထားတော်မူလေ၏။

ကဝိလဝတ်ပြည့် ပန္နရသမဝါကဝဆိုခြင်း

၁၆၉။ မဟာနာဝမမင်းကြီးအား ဘုရားရှင်တရားဟောခြင်း

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ စုဒ္ဒသမဝါ သီတင်းသုံး၍ ဝါကျွတ်သောအခါ ချွတ်ထိုက်သော သတ္တဝါရှိသမျှလောက် သီတင်းသုံးတော်မူပြီး နောက် ဒေသစာရီကြွကာ သတ္တဝါကိုအား တံရားဓမ္မ ဟောကြားတော်မူလျက် အစဉ်သဖြင့် ကပိလဝတ်ပြည်သို့ ရောက်တော်မူ၏။ ကပိလဝတ်ပြည်နိဂြောဓာရုံသို့ ကြွရောက်၍ ပန္နရသမ(တဆဲ့ငါးဝါမြောက်) ဝါကပ် သီတင်းသုံးတော်မူ၏။ ထိုအခါ တနေ့သ၌ အရှင်အနုဒ္ဓါ၏အစ်ကို ဖြစ်သူ 'မဟာနာမ' မည်သော သာကီဝင် မင်းသားသည် ဘုရားရှင်ထံသွားရောက် ချဉ်းကပ်၍ သိလိုသော ပြဿနာများကို မေးလျှောက်လေ၏။

မဟာနာမက "မြတ်စွာဘုရား၊ အဘယ်မျှဖြင့် ဥပါသကာ ဖြစ်ပါသနည်း" ဟု မေးလျှောက်သော်-

ဘုရားရှင်က "မဟာနာမ်၊ ဘုရား, တရား, သံဃာ ဟူသော ရတနာသုံးပါးကို ဆည်းကပ်ခြင်းမျှဖြင့်(ဝါ) သရဏဂုံတည်ခြင်းမျှဖြင့် ဥပါသကာမည်၏" ဟု မိန့်တော်မူ၏။

တဖန် "မြတ်စွာဘုရား၊ အဘယ်မျှဖြင့် ဥပါသကာသည် သီလနှင့်ပြည့်စုံသူ ဖြစ်ပါသနည်း" ဟု မေးလျှောက်သော်-

ဘုရားရှင်က "မဟာန မ်၊ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းခြင်းမျှဖြင့် ဥပါသကာသည်သီလနှင့် ပြည့်စုံသူဖြင်၏" ဟု ဖြေကြားတော်မူ၏။

နောက်တဖန် "မြတ်စွာဘုရား၊ အဘယ်မျှဖြင့် ဥပါသကာသည် ယုံကြည်မှုသဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်ပါသနည်း" ဟု မေးလျှောက်သော်-

ဘုရားရှင်က "မဟာနာမ်၊ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါး၊ တရားတော်၏ ဂုဏ်တော် ခြောက်ပါး၊ သံဃာတော်၏ ဂုဏ်တော် ကိုးပါးကို ကောင်းစွာ ယုံကြည်ခြင်းမျှဖြင့် ဥပါသကာသည် ယုံကြည်မှုသဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်၏" ဟု ဖြေကြားတော်မူ၏။

နောက်ဆက်၍ "မြတ်စွာဘုရား၊ အဘယ်မျှဖြင့် ဥပါသကာသည် စွန့်ကြဲခြင်း 'စာဂ' တရားနှင့် ပြည့်စုံသူ ဖြစ်ပါသနည်း" ဟု မေးလျှောက်သော်-

ဘုရားရှင်က "မဟာနာဂ်၊ ဝန်တိုမှုကင်းလျက် အလှူခံပုဂ္ဂိုလ်တို့အား ပေးကမ်း စွန့်ကြဲခြင်းမျှဖြင့် ဥပါသကာသည် စွန့်ကြဲမှု 'စာဂ' တရားနှင့် ပြည့်စုံသူဖြစ်၏" ဟု ဖြကြားတော်မူ၏။

ထို့နောက် "မြတ်စွာဘုရား၊ အဘယ်မျှဖြင့် ဥပါသကာသည် ပညာနှင့် ပြည့်စုံသူ ဖြစ်ပါသနည်း" ဟု မေးလျှောက်သော်-

ဘုရားရှင်က "မဟာနာဂ်၊ကိလေသာကို ဖြိုခွဲနိုင်သော၊ နိဗ္ဗာန်သို့ရောက် ကြောင်းဖြစ်သော၊ ရုပ်နာမ်တို့၏ အဖြစ် ၊ပျက်ကို သိသော 'ဥဒ္ဒယဗ္ဗယ' ဉာဏ်နှင့် ပြည့်စုံခြင်းမျှဖြင့် ဥပါသကာသည် ပညာနှင့် ပြည့်စုံသူဖြင့်၏" ဟု ဖြကြားတော်မူ၏။

မဟာနာဂ် သာကီဝင်မင်းသားသည် ရဟန်းတော်များအား အလှန်မွန်မြတ်သော အရသာရှိသည့် ဘောဇဉ်ငါးပါး, စတုမဓုဆေးများဖြင့် ပြုစုလုပ်ကျွေးလေ့ရှိ၏။ထို့ကြောင့်ပင် ဘုရားရှင်သည် နောင်အခါတွင် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥပါသကာတို့ကို ဇာတ်အရာပေးတော်မူသောအခါ "ရဟန်းတို့၊ မွန်မြတ်သော ဘောဇဉ်အရသာ, ဆေးပစ္စည်းကို လှူဒါန်းကြသည့် ငါဘုရား၏ ဥပါသကာတို့တွင် မဟာနာဂသာကီဝင်မင်းသည် အမြတ်ဆုံးဖြစ်၏" ဟူ၍ မဟာနာဂ်အား 'ပဏီတဒါန-ဇာတ်' အရာ၌ ထားတော်မူ၏။

၁၃၀။ ကိုယ်ရေရောဂါစွဲသော ရောဟိနီမင်းသမီး

အရှင်အနုရုဒ္ဓါမထေရ်သည် ကပိလဝတ်ပြည်သို့ ရောက်၍ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးလေသော် မထေရ်၏ ဆွေမျိုး အပေါင်းတို့သည် ကျောင်းသို့ ရောက်လာကြကုန်၏။ မထေရ်၏ နှမဖြစ်သူ 'ရောဟိနီ' မင်းသမီးသည် အရေ၌ ဖြစ်သော ရောဂါကြောင့် ရှက်သဖြင့် မလာရောက်ပေ။

မထေရ်သည် ရောဟိနီကို ခေါ်စေပြီး "ရောဟိနီ၊ သင်သည် မိမိဆင်သော တန်ဆာကို ရောင်းချ၍ ဆွမ်းဧရပ်ကို ဆောက်လုပ်ပြီး လှူလော့" ဟု မိန့်ဆိုလျက် ဆွေမျိုးတို့အားလည်း "သစ်စသည်တို့ကို ယူဆောင်ပေးကြလော့" ဟု ဆို၏။ ရောဟိနီသည် တန်ဆာကို ရောင်း၍ ငွေတသောင်းကို ရရှိ၏။

မထေရ်သည် နှစ်ထပ်ရှိ ဆွမ်းစား စရပ် ဆောက်ခြင်းကို စီရင်လျက် ရောဟိနီအား "ရောဟိနီ၊ သင်သည် ဆွမ်းစားစရပ်ဆောက်စဉ်ပျဉ်ခင်းပြီး

သည်မှစ၍ နေ့စဉ် စရပ်အောက်၌ မပြတ် တံမြက်လှည်းကာ နေရာများကို ခင်းလော့။ သောက်ရေအိုးတို့ကို မပြတ်တည်လော့"ဟု ဆို၏။ ရောဟိနီသည် မထေရ်ဆိုတိုင်း ပြုလုပ်၏။ ရဟန်းတို့သည် စရပ်အောက်၌ မပြတ်နေထိုင်ကြကုန်၏။ ရောဟိနီသည် ဆွမ်းစားစရပ်ကို တံမြက်လှည်းစဉ်ပင် သူမ၏ အရေပြား ရောဂါသည် ညှိုးနွမ်းလာ၏။

ဆွမ်းစားစရပ်ပြီးသော် ဘုရားရှင် အမှူးရှိသော ရဟန်း အပေါင်းကို ပင့်ဖိတ်၍ ဆွမ်းစားစရပ်၌ အပြည့်သီတင်းသုံးစေပြီး ဆွမ်းကပ်လှူဒါန်းလေ၏။ ရောဟိနီကား အနာဖြင့် ရှက်၍ မလာပေ။

ဘုရားရှင်က "ဤအလှူသည် အဘယ်သူ၏ အလှူနည်း"ဟု မေးတော်မူသော်-

အရှင်အနုရုဒ္ဓါက "နှမတော် ရောဟိနီ၏ အလှူဖြစ်ပါ၏။ ရောဟိနီသည် အရေပျားရောဂါစွဲကပ်၍ ရှက်သဖြင့် မလာပါဘုရား"ဟု လျှောက်၏။

ဘုရားရှင်သည် ရောဟိနီကို ခေါ်စေတော်မူပြီး "ရောဟိနီ၊ သင့်ရောဂါသည် ရှေးဘဝက သင်၏ အမျက်ထွက်ခြင်းကို မှီ၍ ဖြစ်၏။ သင်သည် ရှေးဘဝ မိဖုရားဖြစ်စဉ်က မင်းကြီး၏ ကချေသည်မကို ရန်ငြိုးထားပြီး သူမ၏ အဝတ်အစား, ခြုံထည်, အိပ်ရာတို့ အပေါ်၌ ခွေးလေးသီးမှုန့်များကို မသိအောင် ကြဲချထားသည့်အပြင် ကချေသည်မကို ပြက်ရယ်ပြုသကဲ့သို့ ကိုယ်ပေါ်၌လည်း ကြဲဖြန့်၏။ ကချေသည်မသည် ခဏချင်း ယားယံကာ ကိုယ်၌ ယားနာဖုများ ဖြစ်လာသဖြင့် အိပ်ရာသို့ သွားအိပ်သော် အိမ်ရာ၌လည်း ထိုခွေးလေးသီးမှုန့်များကြောင့် ပြင်းပြသော ဝေဒနာကို ရရှာလေ၏။ ဤသို့ အမျက်ဒေါသကို မှီ၍ ယခုသင့်မှာ ဤရောဂါ ရပေ၏"ဟု ရောဟိနီ၏ ရှေးမကောင်းမှုကံကို ဟောပြတော်မူ၏။

ထိုနောက် ဆက်လက်၍ ဘုရားရှင်က "ရောဟိနီ၊ အနည်းငယ်မျှသော အမျက်ထွက်ခြင်း၊ ငြူစူခြင်းကိုမျှ ပြုရန်မသင့်"ဟု မိန့်တော်မူပြီးနောက် "အမျက်ဒေါသကို စွန့်ပယ်ရာ၏။ မာနကို စွန့်ပယ်ရာ၏။ သံယောဇဉ် အားလုံးကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ တွယ်တာကပ်ငြိခြင်းမရှိ၊ ကြောင့်ကြခြင်း မရှိသောသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်နိုင်ကုန်"ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူ၏။

ဤတရားကို ကြားနာပြီးသော် ရောဟိနီသည် သောတာပန် ဖြစ်လေ၏။ ကိုယ်ရေရောဂါလည်း ပျောက်ကင်း၍ ကိုယ်သည် ရွှေအဆင်းနှင့် ပြည့်စုံ

လေ၏။ ရောဟိနီသည် ဤဘဝမှ စုတေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်၍ သိကြားမင်း၏ မိဖုရား ဖြစ်လေ၏။

၁၇၁။ ဒေဝဒတ်၏ ဘခင် သုပ္ပဗုဒ္ဓမင်း မြေမျိုခံရခြင်း

ဘုရားရှင်၏ ဦ ရီးတော် 'သုပ္ပ ဗုဒ္ဓ' မင်းကြီးသည် "ဤငါ၏တူ သိဒ္ဓတ္ထ မင်းသား ဂေါတမဘုရားသည် ငါ၏ သမီးတော် 'ယသောဓရာ'ကို စွန့်ပစ်ထားခဲ့၍ တောလည်းထွက်သွားခဲ့၏။ ငါ၏သား ဒေဝဒတ်ကိုလည်း ရဟန်းပြုပေးပြီးနောက် ရန်သူအဖြစ်ဖြင့် ပြုမူခဲ့၏" ဟူသောအကြောင်းနှစ်ရပ်တို့ဖြင့် ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ခဲ့၏။

ဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ တဆယ့်ငါးဝါမြောက် ဝါကပ် သီတင်းသုံးတော်မူစဉ်တွင် တနေ့သ၌ သုပ္ပဗုဒ္ဓ မင်းကြီးသည် "ယခုအခါ၊ ငါ့တူ ဂေါတမဘုရားအား ဆွမ်းစားပင့်ဖိတ်ရာ အရပ်သို့သွားရောက်၍ ဆွမ်းစားစေရန် အခွင့်မပေးအံ့" ဟုကြံ၍ ဘုရားရှင် ကြွတော်မူမည့်လမ်းကို ပိတ်၍ လမ်းခရီးအကြား၌ သေအရက်ကို သောက်စားကာ နေနှင့်၏။

ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းပင့်ဖိတ်ရာသို့ ဘုရားရှင် ကြွလာသော် သုပ္ပဗုဒ္ဓသည် မင်းချင်းတဦးအား "ငါ့တူဘုရားကို အခြားလမ်းက သွားလော့ ဟု ပြောလိုက်။ ငါ့ထက် အသက်ငယ်သည့် ဤဂေါတမဘုရားအား လမ်ဖယ် မပေးနိုင်" ဟု ပြောခိုင်းလေ၏။

ဘုရားရှင်လည်း ဦးရီးတော် ပို့လိုက်သည့် စကားကို ကြားတော်မူသည့် နေရာမှပင် ပြန်လှည့်ကြွတော်မူ၏။ သုပ္ပဗုဒ္ဓလည်း သူလျှိုယောကျ်ား တဦးအား "သွားချေ၊ ဂေါတမဘုရား ပြောသည့် စကားကို နားထောင်ပြီး ပြန်ခဲ့လော့" ဟု စေခိုင်းလိုက်၏။

ဘုရားရှင်သည် ဤသို့ ပြန်လှည့်ကြွတော်မူစဉ်တွင် အရှင်အာနန္ဒာအား "ချစ်သား အာနန္ဒာ၊ ဦးရီးတော် သုပ္ပဗုဒ္ဓ မင်းကြီးသည် ငါဘုရားအား ကြွရာ လမ်းခရီးကို မပေးသဖြင့် ကြီးလေးသော အကုသိုလ်အမှုကို ပြုခဲ့ချေပြီ။ ဤနေ့မှ နောက်ခုနစ်ရက် မြောက်သောနေ့၌ သုပ္ပဗုဒ္ဓသည် သူ၏ ပြာသာဒ်အောက်ရှိ စောင်းတန်း လှေကားရင်း၌ မြေမျိုခံရပေလတံ့" ဟု မိန့်တော်မူ၏။

ထိုသူလျှိုလည်း ထိုစကားတော်ကိုကြား၍ပြန်မပြောပြသော် သုပ္ပဗုဒ္ဓမင်းက "ငါ့တူ ဂေါတမဘုရား ပြောလိုက်လျှင် ပြောတိုင်းဖြစ်တတ်၏။ သို့ရာတွင် ယခု ဂေါတမဘုရား၏ စကားမှားအောင် ပြုပေဒ့ံ။ ငါသည် ဤနေ့မှစပြီး ထိုစောင်းတန်းလျှောက်ရောင်းသို့ ခုနစ်ရက်တိုင်လုံးဝ မသွားဘဲနေအံ့။ခုနစ်ရက်ပြည့်၍ မြေမျိုမခံရလျှင် သူ့အား ငါကမှုသဝါဒဖြင့် နှိပ်ပေအံ့" ဟု ကြံလေ၏။

ထိုသို့ကြံပြီးနောက် သုပ္ပဗုဒ္ဓမင်းသည် မိမိ၏ အသုံးအဆောင်မှန်သမျှကို ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်သို့ တင်စေ၍ စောင်းတန်း လျှောက်ရောင်းများကို ဖြုတ်ဖယ်ထားစေပြီး တံခါးများကို ပိတ်ထားပေး၏။ နောက်တံခါး တခု တခု၌ နပမ်းသမား နှစ်ဦးစီ နှစ်ဦးစီကို ထား၍ "ငါမေ့လျော့ပြီး အောက်သို့ ဆင်းလိုလျှင် အမောင်တို့က ငါ့ကို မဆင်းရအောင် တားမြစ်ကြလော့" ဟု မှာထားပြီး ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ထက်ဝယ် ကြက်သရေ တိုက်ခန်း ထဲ၌ နေလေ၏။

ဘုရားရှင်သည် ထိုအကြောင်းကို ရဟန်းများထံမှ ကြားတော်မူလျှင် "ရဟန်းတို့၊ သုပ္ပဗုဒ္ဓမင်းသည် ပြာသာဒ်ပေါ်၌ နေသည်ဖြစ်စေ၊ ကောင်းကင်သို့ ပျံတက်၍ နေသည်ဖြစ်စေ၊ သမုဒ္ဒရာသို့ လှေဖြင့်သွား၍ နေသည် ဖြစ်စေ၊ တောင့်လိုက်ဂူထဲသို့ ဝင်၍နေသည်ဖြစ်စေ ငါဘုရား၏ စကားတော်မှာ ဟုတ် မဟုတ်, မှန် မမှန်, နှစ်ခွမရှိ။ အဟုတ်အမှန် တမျိုးတည်းသာ ရှိ၏။ ငါဘုရား မိန့်ကြားသည့် နေရာမှာပင် သုပ္ပဗုဒ္ဓမင်းသည် မြေမျိုခံရပေလတံ့" ဟု ဂါထာဖြင့် မိန့်တော်မူ၏။

ခုနစ်ရက်မြောက်နေ့၌ ဘုရားရှင်အား လမ်းပိတ်ဆို့သော နံနက်ချိန်သို့ ရောက်သော် ပြာသာဒ်အောက်တွင်ထားသော သုပ္ပဗုဒ္ဓမင်း၏ မင်္ဂလာ မြင်းသည် ချည်တိုင်မှ ကြိုးလွတ်ကာ ပြင်းစွာမြည်ဟည်းလျက် ထိုထိုနံရံများကို ကန်ကျောက်၍သာနေ၏၊ သုပ္ပဗုဒ္ဓမင်းသည် မင်္ဂလာမင်း၏ ဟိသံကိုကြား၍ အကြောင်းကို မေးမြန်းသိရှိသော် မင်္ဂလာမြင်းကို ဖမ်းယူဆဲကိုင်လိုသောစိတ် ပြင်းစွာ ဖြစ်ပေါ်လာ၍ တံခါးသို့ ရှေ့ရှုသွား၏။ တံခါးတို့လည်း အလိုလို ပင် ပွင့်သွားကြပြီး ဖြုတ်ဖယ်ထားသည့် စောင်းတန်း လျှောက်တို့လည်း အလိုလိုပင် မူလနေရာများ၌ တည်ကြလေ၏။ တံခါး၌ စောင့်နေသည့် နပမ်းသမား နှစ်ဦးတို့က သူ့ကို လည်ပင်း၌ ဆဲကိုင်၍ အောက်သို့ ပစ်ချကြ၏။ အောက်ဘုံဆင့်များရှိ တံခါးအသီးသီး၌ စောင့်နေကြသည့် နပမ်း သမားတို့ကလည်း အလားတူပင် သူ့ကို လည်ပင်း၌ ဆဲကိုင်၍ အောက်

အောက်သို့ ပစ်ချကြ၏။ အောက်ဆုံး စောင်းတန်းလျှောက်ား ခြေရင်းသို့ ရောက်သွားသည့် ခဏ၌ပင် မြေကြီးသည် ဟင်းလင်းပွင့်ကာ သုပ္ပဗုဒ္ဓမင်းကို မျိုသွား၏။ သုပ္ပဗုဒ္ဓမင်းသည် တောက်လျှောက် အဝီစိငရဲသို့ ရောက်သွားလေ၏။

ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွခြင်း

၁၇၂။ သိကြားမင်းက ပြဿနာလေးပါး မေးလျှောက်ခြင်း

ဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတိုက်၌ တဆယ့်ငါး ဝါမြောက် ဝါကပ်တော်မူ၍ ကျွတ်ထိုက်သည့် သတ္တဝါတို့အား တရား ရအောင်း တိုက်ကျွေးတော်မူပြီးနောက် ဒေသစာရီကြွခရီးတော်မူသော်အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၏။

ရှေးအခါက တာဝတိံသာ နတ်ပြည်ဝယ် နတ်အပေါင်းတို့ အလယ်၌-

(၀) "အလှူအပေါင်းတို့တွင် အဘယ်အလှူသည်အမြတ်ဆုံးနည်း။
(၂) အရသာအပေါင်းတို့တွင် အဘယ်အရသာသည် အမြတ်ဆုံးနည်း။
(၃) မွေ့လျော်ခြင်း အပေါင်းတို့တွင် ဘာယ် မွေ့လျော်ခြင်းသည် အမြတ်ဆုံးနည်း။
(၄) တဏှာကုန်ခြင်းဖြစ်သော အရဟတ္တဖိုလ်ကိုသာ - အဘယ့်ကြောင့် အမြတ်ဆုံးဟု ဆိုသနည်း"

ဟု၍ ပြဿနာလေးရပ် ဖြစ်ပေါ်ခဲ့ကုန်၏။

ထိုပြဿနာ လေးရပ်ကို နတ်တဦးမျှ မဖြေနိုင်ခဲ့ပေ။ နတ်သားတို့သည် တဦးပြီးတဦး အဆင့်ဆင့် အချင်းချင်း မေးမြန်းကုန်လျက် စကြဝဠာ တိုက် တသောင်းတို့၌ တဆယ့်နှစ်နှစ်ကြာ လှည့်လည်၍ ဖြေနိုင်သူကို ရှာဖွေကြသော်လည်း တဦးတယောက်ကိုမျှ မတွေ့ခဲ့ကြပေ။ နောက် စတုမဟာရာဇ် နတ်မင်းကြီး လေးဦးထံ သွားရောက်မေးကြသော်လည်း အဖြေကိုမရခဲ့ကြပေ။

နောက်ဆုံး သိကြားမင်းထံ သွားရောက်မေးကြသော် သိကြားမင်းက "ငါလည်း မဖြေနိုင်။ ဤပြဿနာတို့ကား ဘုရားရှင်တို့၏ အရာသာဖြစ်၏" ဟုဆို၏။

ထိုအခါ သိကြားမင်းသည် ထိုနတ်သား အားလုံးကို ညအခါ ဇေတဝန်ကျောင်းသို့ ခေါ်ဆောင်လာ၍ကျောင်းတိုက်တခုလုံးကို ထွန်းလင်းစေလျက် ဘုရားရှင်ထံ ချဉ်းကပ်ပြီး ထိုပြဿနာ လေးရပ်ကို မေးလျှောက်လေ၏။

ဘုရားရှင်က "သိကြားမင်း၊ ငါဘုရားကား ပါရမီတို့ကို ဖြည့်တော်မူ၍ သင်တို့ ကဲ့သို့သော ပုဂ္ဂိုလ်တို့၏ ယုံမှားခြင်းကို ပယ်ဖျောက်ရန်ပင် သဗ္ဗညုတဉာဏ်ကို ရခဲ့ပေပြီ။ သင်မေးသော ပြဿနာလေးရပ်တို့၏ အဖြေကား-

(၁) အလှူခံ အားလုံးတို့တွင် တရားအလှူ=ဓမ္မဒါနသည် အမြတ်ဆုံး ဖြစ်၏။

(၂) အရဟာ အားလုံးတို့တွင် တရားအရဟာသည် အမြတ်ဆုံးဖြစ်၏။

(၃) မေ့လျော့ခြင်း အားလုံးတို့တွင် တရား၌ မေ့လျော့ခြင်းသည် အမြတ်ဆုံး ဖြစ်၏။

(၄) တဏှာကုန်ခြင်းဖြစ်သော အရဟတ္တဖိုလ်ကို ဒုက္ခ ခပ်သိမ်းတို့၏ ကုန်ခြင်း ငြိမ်းခြင်းသို့ရောက်စေသောကြောင့် အမြတ်ဆုံးဖြစ်၏"

ဟူ၍ စကားပြဂါထာနှစ်မျိုးဖြင့် ဖြေကြားတော်မူ၏။

ဤတရားဒေသနာကို ကြားနာပြီးသော် သိကြားမင်းက "မြတ်စွာဘုရား၊ တရားအလှူသည် အမြတ်ဆုံးအလှူ ဖြစ်ပါလျက် တပည့်တော်တို့အား ဓမ္မဒါန ကုသိုလ်အဖို့ကို အဘယ့်ကြောင့် ပေးစေတော်မမူကြပါသနည်း။ ဤအချိန်မှစ၍ ရဟန်းသံဃာတို့ တရားဟော်ပြီးလျှင် ထိုဓမ္မဒါန ကုသိုလ်အဖို့ကို တပည့်တော်တို့အား ပေးစေတော် မူကြပါဘုရား" ဟု တောင်းပန် လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်သည် ရဟန်းအပေါင်းကို စည်းဝေးစေ၍ "ရဟန်းတို့၊ ယနေ့မှစ၍ တရားဟောပြီးလျှင် သတ္တဝါတို့အား ဓမ္မဒါနကုသိုလ်အဖို့ကို ပေးဝေကြကုန်လော့" ဟု မိန့်တော်မူလေ၏။

၁၇၃။ အာဠဝိမင်းနှင့် အာဠဝကဘီလူး

တောလိုက်ဝါသနာပါသော အာဠဝိပြည့်ရှင် အာဠဝိမင်းသည် တနေ့သဉ်မူးမတ်ဗိုလ်ပါ ခြံရုံလျက် "မိမိဘက်မှ သမင်လွတ်ထွက်သွားလျှင် မိမိတာဝန်သာ" ဟု မူးမတ်ဗိုလ်ပါတို့အား ပြောကြား၍ တောဝယ် သမင်လိုက်လေ၏။ ထိုအခါ ဇဏီမည်သော သားကောင်သည် မင်းကြီးဘက်မှ လျှင်စွာ ထွက်ပြေး၏။ မင်းကြီးသည် နောက်ကအတင်းလိုက်သော်ခရီး သုံးယူဇနာရောက်

လျှင်မောနေသောထိုသားကောင်ကို မှီ၍ လေးဖြင့်ပစ်သတ်ပြီး နှစ်ပိုင်း ပိုင်းကာ ထမ်းယူလာ၏။ မြို့နှင့် မနီးမဝေးသော အာဠဝကဘီလူး ဗိမာန်ကြီးဖြင့် အုပ်စိုးနေထိုင်သည့် ဒေရိပ်ကောင်း၍ ကျယ်ပြန့်မြင့်မားသည့် ညောင်ပင်ကြီးသို့ ရောက်လျှင် ဝင်ရောက်နားလေ၏။ အာဠဝက ဘီလူးသည် မင်းကြီးကို မြင်၍ ဆင်းလာကာ ချဉ်းကပ်လေ၏။

မင်းကြီးသည် ကြောက်လန့်သဖြင့် "ဘီလူးမင်း၊ သင်သည် တနေ့အစာစားရသည်ထက် နေ့ရက်ရှည်စွာ စာရခြင်းကို အလိုမရှိပါသလော။ ကျွန်ုပ်သည် အာဠဝီပြည့်ရှင် မင်းတည်း။ ယနေ့ ဤသမင်သားကိုစား၍ ငါ့ကို လွှတ်မူလူတယောက်နှင့် ထမင်းတအိုးကို နေ့တိုင်း သင့်ထံသို့ ပို့စေအံ့" ဟု ဆို၏။

ထိုအခါ အာဠဝက ဘီလူးက "မင်းကြီး၊ သင်သည် မင်းစိမ်ဖြင့် ယစ်မူးကား မေ့လျော့နေနိုင်၏။ ငါသည် မိမိဗိမာန်သို့ မကပ်ရောက်သူကိုဌင်း၊ ကျေနပ်စွာ ခွင့်မပြုအပ်သော သူကိုဌင်း စားခွင့်မရနိုင်။ သင်မင်းကြီးက လူကို မပို့လွှတ်သော် သင့်ကို ငါ ဘယ်သို့ ပြုနိုင်အံ့နည်း" ဟု ဆို၏။

မင်းကြီးက "ငါသည် ထိုသို့ ကတိပျက်ခဲ့သော် သင်သည် နန်းတော်သို့လာ၍ ငါ့ကို ဖမ်းစားလေလော့" ဟု ဆို၍ ဘီလူးက ကျေနပ်စွာ ခွင့်ပြုသဖြင့် နေပြည်တော်သို့ ပြန်ခွင့်ရလေ၏။ ရောက်လျှင် မြို့ဝန်ကိုခေါ်၍ ထိုကတိကဝတ်အကြောင်းကို လျှို့ဝှက်စွာ ပြောကြား၏။

မြို့ဝန်က "အရှင်မင်းကြီးသည် နေ့ရက်အပိုင်းအခြားဖြင့် ကတိမပြုခဲ့သောကြောင့် နှစ်ရှည်လများ လူတဦးတဦး ဆက်နေရသော် တပြည်လုံး အာဠဝကဘီလူး၏ အစာ ဖြစ်ချေတော့မည်။ သို့ရာတွင်လည်း ကြောင့်ကြတော် မမူပါလင့်။ သူတပါးကို မသိပါစေလင့်။ ထိုအရေးကို ကျွန်ုပ် ဇဆောင်ရွက်ပါအံ့" ဟု ဆို၍ နှစ်သိမ့်လေ၏။

မြို့ဝန်လည်း နှောင်အိမ်သို့သွား၍ သတ်ထိုက်သော အပြစ်ရှိသူတို့အား "သင်တို့ အသက်ရှည်လိုမူ ထွက်ခဲ့ကြ" ဟု ခေါ်၍ ရှေးဦးစွာ ထွက်လာသူကို ရေချိုး ထမင်းကျွေးပြီး "ဤထမင်းအိုးကို ဤမည်သော ညောင်ပင်စောင့်နတ်အား ပူဇော်ချေ။ ပြီးလျှင် သင်လိုရာသို့ သွားလေလော့" ဟု ဆို၍ လွှတ်လိုက်၏။ အာဠဝကလည်း ထိုလွှတ်လိုက်တိုင်းသော လူနှင့်တကွ ထမင်းကို စားသုံးရလေ၏။

နေ့တိုင်း ဤသို့ ပြုလုပ်သဖြင့် လူတို့က သိရှိသွားကြလေသော် "မင်းကြီးသည် ခိုးသူကို ဘီလူးစာ ကျွေးဘိ" ဟု ငြာကျွေးကြ၍ မဆိုးသွမ်းကြကုန်။ ကြာသော် ရာဇဝတ်သားဟောင်းတို့ ကုန်သဖြင့် နှောင်အိမ်သည် ဆိတ်သုဉ်း

လေ၏။ ထိုအခါ မြို့ဝန်သည် ဥစ္စာထုပ်ကို အိမ်ကြား, အိမ်ဝ, လမ်းစသည် တို့၌ ချထား၍ ကောက်ယူသူကို 'ခိုးသူ'ဟု ဖမ်းယူပြီး ဘီလူးထံ ပို့၏။ ထို အကြောင်းကို ပြည်သူတို့ သိသွားပြန်လျှင် ဥစ္စာထုပ်ကိုမြင်လျှင် ခြေဖြင့်ပင် မထိဝံ့ဘဲ ရှောင်ပြေးကြ၍ တဦးကိုမျှ ခိုးသူဟုခေါ်စရာ ဖမ်းမရချေ။

ထိုအခါ မင်းကြီးသည် အမတ်တို့အား ဖွင့်ပြော၍ တိုင်ပင်လေ၏။ ထို အမတ်တို့က "မင်းကြီး၊ ပုခက်အတွင်းရှိ ကလေးသူငယ်များကို တနေ့ တယောက်ကျ ပို့စေကုန်အံ့။ ထိုသူငယ်အား မိဘတို့ကလည်း လွန်စွာ မချစ်သေး။ သူငယ်ကလည်း ငါ့မိဘဟူ၍ မသိသေး"ဟု ဆိုကြကုန်၏။ မင်းကြီး က ထိုအကြံကို နှစ်သက်ခွင့်ပြုသဖြင့် အမတ်တို့သည် နေပြည်တော်၌ အိမ် စည်အတိုင်း ပုခက်တွင်းရှိ ကလေးတဦးစီကို ယူဆောင်၍ ပို့စေကုန်၏။ ထို အခါ ကလေးမိခင်တို့သည် မိမိတို့ ကလေးများကို ယူဆောင်၍ငင်း၊ ကိုယ် ဝန်ဆောင် မိန်းမတို့သည်ငင်း အရပ်တပါးသို့ ပြေး၍ မွေးမြူကြပြီး ကလေး များ ကြီးလာမှ ပြန်လာကုန်၏။

ဤသို့သောနည်းဖြင့် တဆယ့်နှစ်နှစ်တိုင် ရှိ၍ အာဠဝိပြည်၌ ကလေး တယောက်ကိုမျှ ရှာမရတော့ရကား မင်းကြီးထံသွား၍ "ယမန်နေ့က မွေး ဖွားသော အရှင်မင်းကြီး၏ 'အာဠဝက'မင်းသားမှတပါး အခြား သူငယ် မရှိတော့ပြီ"ဟု လျှောက်ကြလေ၏။

မင်းကြီးလည်း "ဤလောက၌ မိမိကိုယ်ထက် ချစ်ခင်စုံမက်အပ်သောသူ မရှိချေ။ သားကို တွယ်တာက ငါအန္တရာယ် ဖြစ်ချေတော့မည်"ဟု နှလုံး ပြု၍ "ငါ့သားကို ပို့ကြလော့"ဟု အမိန့်ပေးလိုက်လေ၏။ မင်းချင်း ယောကျ်ားတို့လည်း မိဖုရားကြီးထံ သွား၍ မိဖုရားနှင့် မောင်းမများ ငိုကြွေး မြည်တမ်းစဉ်ပင် မိဖုရားကြီးလက်မှ 'အာဠဝက'မင်းသားငယ်ကို လုယူပြီး မင်းကြီးထံ ယူသွားလေ၏။ ထိုမင်းသားငယ်ကို နောက်တနေ့နံနက် အာဠ ဝက ဘီလူးထံ ပို့ရန် ဖြစ်လေသည်။

၁၇၄။ အာဠဝက ဘီလူးကို ဘုရားရှင် ဆုံးမခြင်း

ထိုနေ့(လကွယ်နေ့)၌ပင် ဇေတဝန်ကျောင်း၌ သီတင်းသုံးလျက်ရှိသော ဘုရား ရှင်သည် နံနက်မိုးသောက်ယံ၌ ထုံးစံအတိုင်း မဟာကရုဏာ သမာပတ်ကို ဝင် စား၍ သမ္ဗညုတညာဏစက္ခုဖြင့် သတ္တလောကကို ကြည့်ရှုသော်- "အာဠဝက ဘီလူး သောတာပန် ဖြစ်လတံ့"သည်ကိုငင်း၊ ယင်းကို အကြောင်းပြု၍

"နောင်သောအခါ အာဠဝကမင်းသား အနာဂါမ်ဖြစ်လတံ့"သည်ကိုဂုဏ်းဆင်ခြင်သိမြင်တော်မူ၏။

ထိုလကွယ်နေ့ မွန်းလွဲ ညနေချမ်းခါတွင် ဘုရားရှင်သည် သက်နိုး သပိတ်ကို ယူဆောင်၍ သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်ဝေးသော အာဠဝီပြည်သို့ တပါးတည်း ကြွတော်မူ၏။ ရောက်လျှင် ဘုရားရှင်သည် အာဠဝကဘီလူး၏ ဗိမာန်သို့ ကြွ၍ ဗိမာန်ဝဠ္ဍ ရပ်တော်မူ၏။ ထိုအခါနှင့်တွင် အာဠဝက ဘီလူးသည် ဟိမဝန္တာဝယ် များစွာသော နတ်တို့၏ အစည်းအဝေးသို့ သွားနေခိုက်ဖြစ်၏။

ထိုဗိမာန်၏ အစောင့်ဖြစ်သော 'ဂဠြဘဘီလူး'သည် ဗိမာန်ဝဠ္ဍ ရပ်နေသော ဘုရားရှင်ကို မြင်လျှင် ချဉ်းကပ်ရှိခိုးလျက်"မြတ်စွာဘုရား၊အဘယ်အကြောင်းကြောင့် ညအခါမှ ကြွလာတော်မူပါသနည်း"ဟုမေးလျှောက်၏။

ဘုရားရှင်က "ဂဠြဘ၊ အကြောင်းရှိ၍ ငါကြွလာတော်မူ၏။ သင် ဝန်မလေးမူ ငါဘုရားသည် ဤဗိမာန်ဝဠ္ဍ ယနေ့ တည်မျှ တည်းခိုနေလိုသည်"ဟုမိန့်တော်မူ၏။

ဂဠြဘက "မြတ်စွာဘုရား၊ တပည့်တော်အဘို့ ဝန်မလေးပါ။ သို့ရာတွင် ဤဗိမာန်ရှင် အာဠဝက ဘီလူးသည် အလွန်ခက်ထန်ကြမ်းတမ်းလှပါ၏။ မိဘ ဆရာကိုမျှ ရိုသေမြတ်နိုး ရှိခိုးခြင်းမပြုပါ။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်း မသိချေ။ ထို့ကြောင့် ဤဗိမာန်ဝဠ္ဍ တည်းခိုခြင်းကို ရှင်တော်ဘုရား မနှစ်သက်ပါလင့်"ဟု လျှောက်လေ၏။

ဘုရားရှင်က "ဂဠြဘ၊ အာဠဝကဘီလူး ခက်ထန် ကြမ်းတမ်းသည်ကို ငါဘုရားသိ၏။ ငါဘုရားမှာ အန္တရာယ် တစုံးတစိမျှ ဖြစ်မည်မဟုတ်။ သင် ဝန်မလေးမူ ငါ့အား ဤဝဠ္ဍ တည်မျှ တည်းခိုခွင့်ပေးလော"ဟုမိန့်တော်မူ၏။

ထို့နောက် ဂဠြဘသည် အာဠဝကဘီလူး၏ ခက်ထန်ကြမ်းတမ်း ဆိုးပုံ, တန်ခိုး အလွန်ကြီးမားပုံကို လျှောက်၍ မတည်းခိုရန် ဘုရားရှင်အားဘောင်းပန်၍ မရသော်- "မြတ်စွာဘုရား၊ တပည့်တော်သည် အာဠဝကဘီလူးအား အကြောင်းမကြားဘဲ တည်းခိုလော့ဟု ခွင့်မပြုဝံ့ပါ။ ခွင့်ပြုလျှင် အသတ်ခံရပါမည်။ အာဠဝကဘီးလူးထံ သွားပြီး အကြောင်းကြားပါရစေဦး"ဟု လျှောက်လေသော်-

ဘုရားရှင်က "သင်အကြောင်းကြားလိုလျှင် ကြားခဲ့"ဟုမိန့်တော်မူပြီး ဗိမာန်တွင်းသို့ဝင်၍ အာဠဝက၏ ရာဇပလ္လင်ပေါ်သို့ တက်နေကာ ရှေ့သောရောင်ခြည်တော်ကို လွှတ်တော်မူ၏။

ထိုရောင်ခြည်တော်ကို ဖူးမြင်ရလျှင် အာဋ္ဌဝက၏ မောင်းမမိသ ံဘီလူးမ အပေါင်းသည် ဘုရားရှင်ထံ စုရုံးလာကြကာ ရှိခိုး၍ ဝိုင်းဝန်းခြံရံလျက် ထိုင်နေကုန်၏။ ဘုရားရှင်လည်း ထိုဘီလူးမတို့အား လျောက်ပတ်သော တရားစကား များစွာတို့ကို ဟောကြားဆုံးမနေတော်မူ၏။

ဂဒြဘဘီလူးလည်း အာဋ္ဌဝကဘီလူးထံသွား၍ ထိုအကြောင်းကို လျှောက်၏။ အာဋ္ဌဝကဘီလူးက "ဂဒြဘ၊ ရှက်ဘွယ်ရှိစွာ့။ ဆိတ်ဆိတ်သာနေ။ သူတပါး မသိစေလင့်။ ယခုပင် ငါသွားပြီး ပြုခွင့်ရှိသမျှကို ငါပြုမည်" ဟု အ့မှတ်ပေးကာ ပြောဆို၏။

ထိုအခါ(သောတာပန် ဖြစ်ပြီးသူ)သာတာဂိရနှင့်းဟေမဝတနတ်နှစ်ဦးတို့သည် ထိုနတ်အစည်းအဝေးသို့ တက်ရောက်ရန် နောက်လိုက်ပရိသတ်များစွာ ခြံရံလျက် ကောင်းကင်းဖြင့်သွားသော် ထိုအာဋ္ဌဝကဘီလူး၏ ဗိမာန်ပေါ်သို့ ရောက်လျှင် မကျော်သန်းနိုင်ဘဲ မြေသို့ ကျကြကုန်၏။ သူတို့သည် "အဘယ့်ကြောင့်နည်း" ဟု ဆင်ခြင်ကြည့်ရှုသော် ဗိမာန်ထဲ၌ ဘုရားရှင်ကို မြင်၍ ဝင်ရောက်ရှိခိုးပူဇော်ပြီးမှ "တပည့်တော်တို့ နတ်အစည်းအဝေးပွဲသို့ သွားကြရပါမည် ဘုရား" ဟု ပန်ကြား၍ သွားကြလေ၏။ အာဋ္ဌဝကဘီလူးသည် ထိုနတ်နှစ်ဦးကို မြင်လျှင်ပင် နေရာမှထ၍ "ဤနေရာ၌ ထိုင်တော်မူကြပါ" ဟု နေရာဖြင့် ဖိတ်ကြားလေ၏။

ထိုနတ်နှစ်ဦးက "အချင်း အာဋ္ဌဝက၊ ယနေ့ကား သင် အရတော်ပေစွာ့။ သင့်ဗိမာန်၌ ဘုရားရှင် ဝင်ရောက်နေတော်မူ၏။ လျင်မြန်စွာသွား၍ ဘုရားရှင်ကို ဆည်းကပ်ပူဇော်လေလော့" ဟု ဆိုကြ၏။

သို့ရာတွင် အာဋ္ဌဝကဘီလူးသည် ထိုစကားကိုကြားလျှင် ပြင်းစွာအမျက်ထွက်၍ "ငါ့ဗိမာန်ထဲ ဝင်ရောက်နေထိုင်သည့် ဘုရား ဆိုသော သူသည် ဘယ်လို လူစားမျိုးနည်း၊ သတ်မည်, စားမည်, ညက်ညက်ချေပစ်မည်" ဟု ကြုံးဝါးလေ၏။

ထိုနတ်နှစ်ဦးက "အချင်း အာဋ္ဌဝက၊ သင်သည် ငါတို့ဆရာ ဘုရားရှင် အကြောင်းကို သင်မသိရော့သမလော။ သင်သည် ဘုရားရှင်ကို အသို့ပြုနိုင်အံ့နည်း။ ဘုရားရှင်နှင့် သင့်ကို နှိုင်းစာလျှင် ဆင်ပြောင်နှင့် ခြင်ကောင်, ခြသေ့်နှင့်မြေခွေး, ဂဋ္ဌုန်နှင့် ကျီးပမာသာ ဖြစ်ချေ၏။ ဘုရားရှင်အား သင်၏ စွမ်းအားကိုသာ စမ်းချင်သလိုသာ စမ်းလေ" ဟု ပြောဆိုကြလေ၏။

ထိုစကားကို ကြားလျှင် အာဋ္ဌဝကသည် ဒေါသခြောင်းခြောင်းထွက်လျက် နေရာမှထ၍ ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာပြင်ပေါ်၌ လက်ဝဲ

ခြေဖြင့် ရပ်လျက် "သင်တို့ဆရာဘုရားနှင့် ငါ့စိမ်းအား ဘယ်ကသာသနည်း ဟု ကြည့်ရှုကြခေလော့" ဟု ကြုံးဝါးလျက် လက်ျာခြေဖြင့် ကေလာသတောင်ထွတ်ကို ဆောင့်နင်းလိုက်လေ၏။ ကေလာသတောင်ထွတ်သည် ကျောက်လွှာများ ကွာထွက်ကုန်၏။

ထိုနောက် အာဠဝကသည် ကေလာသတောင်ထိပ်၌ ရပ်လျက် "ငါ အာဠဝကဘီလူးတဲ့ဟေ့" ဟု ကြုံးဝါး ဟစ်အော်ကာ ဇမ္ဗူဒီပ်အလုံးကို တုန်လှုပ်ချောက်ချားသွားစေလေ၏။

နောက် အာဠဝကသည် ဘုရားရှင်ရှိရာအရပ်ကို "လေမုန်တိုင်း၊ ကမ္ဘာဖျက်မိုး၊ ကျောက်စရစ်မိုး၊ သန်လျက်မိုး၊ မီးကျီးမိုး၊ ပြာပူမိုး၊ သလဲမိုး၊ ရုံညွန်မိုး၊ အမိုက်မှောင်" ဟူသော ကြောက်မက်ဘွယ် လက်နက်ကြီးကိုးမျိုး တို့ဖြင့် ဘုရားရှင်အား သေကျေပျက်စီးအောင်၊ကြောက်လန့် ထွက်ပြေးအောင် တခုပြီး တခု တိုက်ခိုက်သော်လည်း အချည်းနှီးသာဖြစ်ခဲ့၏။ ဘုရားရှင်အား အနည်းငယ်မျှ ထိခိုက်, ကြောက်လန့်အောင် မလုပ်နိုင်ပေ။

ထို့နောက်(မာရ်နတ်က တိုက်သကဲ့သို့)ကြီးစွာသော ဘီလူးစစ်တပ်ကြီးကို ကြောက်ဘွယ်ရုပ်သွင် အမျိုးမျိုး, လက်နက် အမျိုးမျိုးနှင့်တကွ ဖန်ဆင်း၍ "ဝင်ကြ, ဖမ်းကြ, ခုတ်ကြ, သတ်ကြ" ဟု ဟစ်အော်လျက် ဘုရားရှင်ထံ ချီတက်သော်လည်း အနားမကပ်နိုင်ပေ။ နောက်ဆုံး ဘွဲ့ဖြူလက်နက်ဖြင့် ပစ်ခတ်သော် ထိုလက်နက်သည် ဘုရားရှင်၏ ခြေရင်း၌ ခြေသုတ်ပုဆိုးသာ ဖြစ်သွားလေ၏။

စကြဝဠာတိုက်တသောင်း အတွင်းရှိ နတ်ဗြဟ္မာ အပေါင်းတို့လည်း "ယနေ့ ဘုရားရှင်သည် အာဠဝကဘီလူးကို ဆုံးမလိမ့်မည်။ ငါတို့ တရားတော်ကို ကြားနာကုန်အံ့" ဟု ကြံ၍ ဘုရားရှင်ထံသို့ စုဝေးရောက်လာကြကုန်၏။

အာဠဝကလည်း အစွမ်းကုန်ကြဲကာ တိုက်ခိုက်၍ မအောင်မြင်သော် "ရဟန်းဂေါတမသည် မေတ္တာ ဘာဝနာကို ပွားများ၍ နေသူ ဖြစ်သော ကြောင့်သာ ဤသို့ ဖြစ်ရသည်။ ယခု သူ့အား အမျက်ထွက်အောင်ပြုအံ့" ဟု ကြံ၍ ဘုရားရှင်ထံကပ်ပြီး "ရဟန်းဂေါတမ၊ ကျွန်ုပ် ခွင့်ပြုချက်မရဘဲ အဘယ့်ကြောင့် ကျွန်ုပ်ဗိမာန်ထဲ ဝင်ရောက်၍ အိမ်ရှင်ကဲ့သို့ မောင်းမိုသိမ်တို့၏ အလယ်၌ ထိုင်နေဘိသနည်း။ ရဟန်းကျင့်ဝတ်နှင့် သင့်တော်၏လော။ တရား၌ တည်သူဖြစ်လျှင် ယခုပင် ဗိမာန်မှ ထွက်သွားပါလော့" ဟု ဆို၏။

ဘုရားရှင်ကလည်း "ခက်ထန်သူကို ချစ်စဘွယ်သော စကားဖြင့် နူးညံ့သွားအောင်ပြုမှ မင်္ဂလာရစေနိုင်မည်" ဟု ကြံ၍ "အာဠဝက၊ သင်မနေစေလျှင် ယခုပင် ငါထွက်အံ့"ဟု မိန့်ဆို၍ ထွက်တော်မူ၏။

ထိုအခါ အာဠဝကသည် "ရဟန်း ဂေါတမသည် အလွန် အပြောရလွယ်သူ ဖြစ်ပေစွဉ့်။ ငါ့စကား တခွန်းတည်းဖြင့် ထွက်ရှာ၏။ သို့ဖြစ်လျက် ငါသည် တညလုံး အကြောင်းမဲ့ စစ်ထိုးမိခဲ့လေပြီ" ဟု စိတ်နူးညံ့လာပြီး တဖန် "သို့ရာတွင် ငါ့စကားကို နာခံသည့်အနေဖြင့် ထွက်သလော၊ စိတ်ဆိုး၍ ထွက်သလော စုံစမ်းအံ့"ဟု ကြံ၍ "ရဟန်းဂေါတမ ပြန်ဝင်လော့" ဟု ဆိုပြန်၏။

ဘုရားရှင်လည်း သူ့အကျိုးကိုမျှော်၍ သူ့အလိုသို့လိုက်လျက် ချမ်းမြေ့စွာသော မေတ္တာစကားဖြင့် "အာဠဝက၊ သင်ဝင်စေလိုလျှင် ငါဝင်ပေအံ့"ဟု မိန့်ဆို၍ ဝင်လာတော်မူ၏။

တဖန် စမ်းလို၍ "ရဟန်း ဂေါတမ၊ ထွက်ဦးလော့" ဟု ဆိုပြန်လျှင်-

ဘုရားရှင်လည်း "အာဠဝက၊ သင်မနေစေလိုလျှင် ထွက်ရဦးအံ့" ဟု မိန့်ဆို၍ အာဠဝက အမျက်ပြေစေ, စိတ်နူးညံ့စေလို၍ သူ့အလိုကို လိုက်ကာ ထွက်တော်မူပြန်၏။

ဤသို့ သုံးကြိမ်ပြုပြီးသော် အာဠဝကသည် "ရဟန်း ဂေါတမသည် ပြောဆိုရ လွယ်ကူသူ မှန်ပေပြီ။ ဒီတခါထွက်လျှင် နောက်ကနေ၍ ခြေနှစ်ချောင်းကို ဆွဲကိုင်ပြီး ဂင်္ဂါမြစ်တဘက်ကမ်းသို့ လွှင့်ပစ်လိုက်အံ့" ဟု ကြံ၍ ထွက်ခိုင်းလေ၏။

ဘုရားရှင်က "အာဠဝက၊ ငါမထွက်လို။ ငါထွက်လျှင် ငါ့ခြေနှစ်ချောင်းကို နောက်က ဆွဲကိုင်၍ ငါ့ကို လွှင့်ပစ်ရန် သင်မကောင်းကြံသောကြောင့် ငါမထွက်လို" ဟု မိန့်တော်မူ၏။

ထိုအခါ အာဠဝကသည် "ရဟန်းဂေါတမကား တန်ခိုးကြီးရုံမျှမက ငါ့အကြံကိုပင် သိပေ၏။ သူ့အား ငဲ့သိချင်နေခဲ့သည့်ပြဿနာကို မေးအံ့" ဟု ကြံပြီးလျှင် "ရဟန်းဂေါတမ၊ သင့်အား ငါ့ပြဿနာကို မေးပေအံ့။ သင်မဖြေနိုင်လျှင် (ရှေးက သူ့ထံလာသည့် ဈာန်ပျံ ရဿေ့တို့အား သူပြုခဲ့သလို) သင့်စိတ်ရူးသွပ်ပုံ့ လွှင့်အောင် လုပ်အံ့။ သင့်နှလုံးသားကို ဖောက်ခဲ့ပစ်အံ့။ သင့်ခြေနှစ်ချောင်းကို ဆွဲကိုင်၍ မြစ်တဘက်ကမ်းသို့ လွှင့်ပစ်အံ့" ဟု ဆိုလေ၏။

ဘုရားရှင်က "အာဠဝက၊ ငါဘုရားအား ဤသို့ ပြုနိုင်သော်သူ တဦးကိုမျှ သုံးလောကအတွင်း၌ ငါမြင်တော်မမူ။ သင်မေးလိုရာကိုသာ လျှင်စွာ မေးလော့။ သင်မေးသမျှကိုငါဖြေကြားဘော်မူအံ့" ဟု ဘုရားရှင်တို့၏ ဖိတ်ကြားခြင်းဖြင့်ဖိတ်ကြားတော်မူ၏။

ထိုအခါ အာဠဝကသည် "ရဟန်းဂေါတမ၊ လူအပေါင်း၏အမြတ်ဆုံးဥစ္စာကား အဘယ်နည်း။ အဘယ်တရားသည် အဖန်ဖန် ကောင်းစွာ လေ့ကျက်အပ်သော် လူ နတ် နိဗ္ဗာန်ချမ်းသာ သုံးတန်ကို ဆောင်ရွက်နိုင်သနည်း။ အရသာအပေါင်းတို့တွင် အဘယ် အရသာသည် အမြတ်ဆုံး ဖြစ်ပါသနည်း။ အဘယ်သို့သော အသက်ရှင်မှု, အသက်မွေးမှုမျိုးကို အမြတ်ဆုံး" ဟု ဆိုကုန်သနည်း" ဟု ပြဿနာလေးရပ်ကို မေးလေ၏။

ဘုရားရှင်က "အာဠဝက၊ လူအပေါင်းတို့၏ အမြတ်ဆုံး ဥစ္စာကား ရတနာသုံးပါး၌ မဘုန်မလွှပ် သက်ဝင် ယုံကြည်ခြင်း သဒ္ဓါတရားပေတည်း။ ကိုသိုလ်ဆယ်ပါး ကောင်းမှုတရားသည် အဖန်ဖန် လေ့ကျက် ဆည်းပူးအပ်သော် လူ နတ် နိဗ္ဗာန်ချမ်းသာ သုံးတန်ကို ဆောင်ရွက်နိုင်၏။ အရသာအပေါင်းတို့တွင် နိဗ္ဗာန်တရားသည် အမြတ်ဆုံးသော အရသာ မည်၏။ အကျင့်မြတ်ဖြင့် ပြီးစီးစေသော ပညာဖြင့် အသက်ရှင်ခြင်းမျိုးကို အမြတ်ဆုံးဟု ဘုရားစသော အရိယာသူတော်စင်တို့ မိန့်ဆိုကြကုန်၏" ဟူ၍ ဖြေကြားတော်မူ၏။

ဘုရားရှင်ဖြေဆိုသောတရားကို ကြားနာရလျှင် အာဠဝကသည် အလွန်နှစ်သက် ဝမ်းမြောက်ရကား တဖန် ဆက်၍ "အရှင် ဂေါတမ၊ အဘယ်တရားဖြင့် ဘဝသံသရာသမုဒ္ဒရာကို ကူးမြောက်နိုင်ပါသနည်း။ အဘယ်ဘရားဖြင့် ဝဋ်ဆင်းရဲအပေါင်းကို လွှတ်မြောက်နိုင်ပါသနည်း။ အဘယ်တရားဖြင့် ကိုလေသာအညစ်အကြေးမှ ကင်းစင်အောင် သုတ်သင်နိုင်ပါသနည်း" ဟု မေးလေ၏။

ဘုရားရှင်က "အာဠဝက၊ သဒ္ဓါတရားဖြင့် သံသရာဝဲသြဃကို ကူးမြောက်နိုင်၏။ မေးမြန်းလျှောက်ပြုခြင်းဟူသော အပွမာဒတရားဖြင့် ဘဝသံသရာသမုဒ္ဒရာကို ကူးမြောက်နိုင်၏။ ကုသိုလ်ဆယ်ပါးကို မပြတ် ကြိုးကုတ်အားထုတ်ခြင်းဖြင့် ဝဋ်ဆင်းရဲ အပေါင်းကို လွှန်မြောက်နိုင်၏။ ဝိပဿနာဉာဏ်ပညာဖြင့် ကိုလေသာ အညစ်အကြေးမှ ကင်းစင်အောင် သုတ်သင်နိုင်၏" ဟူ၍ ဖြေကြားတော်မူ၏။ ဤတရားတော်မြတ်ကို ကြားနာပြီးလျှင် အာဠဝက ဘီလူးသည် သောတာပန်ဖြစ်လေ၏။

ထိုနောက် အာဠဝကသည် ဆက်လက်၍ "ပညာဖြင့် ကိလေသာမှ စင်ကြယ်အောင် သုတ်သင်နိုင်၏" ဟူသော အချက်နှင့် ပတ်သက်၍ အမေးပြဿနာ ငါးခုကို မေးပြန်လေသော် ဘုရားရှင်လည်း အကျယ်တဝင့် ဖြေကြားတော်မူ၏။ ထိုနောက် ဆက်၍ ဘုရားရှင်က "ချစ်သား အာဠဝက၊ ငါမှတပါး ဘုရား ဟု ဝန်ခံကြသော 'ပူရဏကဿပ' အစရှိသည့် ရဟန်းပုဏ္ဏား များကိုလည်း မေးမြန်း စုံစမ်းလေဦးလော့" ဟု တိုက်တွန်းတော်မူသော-

အာဠဝက ဘီလူးက "မြတ်စွာ ဘုရား၊ တပည့်တော်သည် ရှင်တော် ဘုရားမှတပါး သူတပါးအား မေးဘွယ် မရှိပါပြီ။ တရားတော်ကို ကောင်းစွာ သိမြင်ပါပြီ။ ရှင်တော်ဘုရားသာ တပည့်တော်အား သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ပေးသောသူဖြစ်ပါ၏။ ယနေ့မှစ၍ ရှင်တော်ဘုရား၏ ဂုဏ်ကျေးဇူးကို တဗိမာန်မှတဗိမာန်သို့, တနိုင်ငံမှ တနိုင်ငံသို့, နတ်တို့စံရာ တဘုံမှတဘုံသို့ ဆောင်၍ ပျံ့နှံ့အောင် တပည့်တော် ဖော်ထုတ် ချီးကျူးကာ လှည့်လည် ပါအံ့" ဟု ဂါထာဖြင့် လျှောက်ထားလေ၏။

ဤသို့ အာဠဝက ဘီလူးက ဘုရားရှင်အား လျှောက်ထားပြီးသည်နှင့် တပြိုင်နက် တရားနာနေကြသည့် နတ်ဗြဟ္မာတို့က ကောင်းချီးပေးခြင်း, မိုးစင်စင် လင်းခြင်းတို့ တပြိုင်တည်း ဖြစ်ပေါ်လေကုန်၏။

၁၂၅။ ဟတ္ထာဠဝက မင်းသားအကြောင်း

အာဠဝကဘီလူးက ဤသို့ ဘုရားရှင်အား လျှောက်ထားပြီးသည်နှင့် တပြိုင်နက်ပင် အာဠဝီမင်း၏ အာဠဝက မင်းသားငယ်ကို ယူဆောင်လာခဲ့ကြသည့် မင်းချင်းတို့လည်း အာဠဝက ဘီလူးထံသို့ ရောက်ရှိလာကြပြီး ပေးအပ်လိုက်ကြလေ၏။

အာဠဝက ဘီလူးလည်း သောတာပန် ဖြစ်ပြီးသူ ဖြစ်လေရကား ထို အာဠဝက မင်းသားငယ်ကို လက်နှစ်ဘက်ဖြင့် တယုတယ ပွေ့ချီ ခံယူပြီး လျှင် "မြတ်စွာဘုရား၊ ဤမင်းသားကို တပည့်တော်အတွက် ပို့ဆက်အပ်ပါ၏။ ဤမင်းသားကိုဘုရားရှင်အား ပေးလှူပါ၏။ ဤမင်းသား၏ စီးပွားချမ်းသာအလို့ငှာ ခံယူတော်မူပါဘုရား" ဟု လျှောက်၍ ဘုရားရှင်၏ လက်တော်သို့ ထည့်လေ၏။

ဘုရားရှင်လည်း မင်းသားငယ်ကို လက်တော်ဖြင့် ခံယူပြီးနောက် "ဤမင်းသားငယ်သည် အသက်ရှည်စေသော။ သင် အာဠဝက ဘီလူးလည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာစေသော။ သင်တို့နှစ်ဦးသည် ကိုးဆယ့်ခြောက်ပါး အနာရောဂါ ကင်းရှင်း၍ လူအများ၏ စီးပွားအလို့ငှာ ကြာမြင့်စွာ တည်ရှိကြစေသတည်း" ဟု မဂ်လာအနုမောဒနာ ပြုတော်မူ၏။

ထိုနောက် ဘုရားရှင်သည် မင်းချင်းတို့ကို ခေါ်၍ "ဤမင်းသားငယ်ကို သင်တို့ ကောင်းစွာ ကျေးမွေးပြီးလျှင် ကြီးပြင်းလာသောအခါမှ ငါထံသို့ ခေါ်ဆောင်ခဲ့" ဟု မိန့်ကြားပြီး မင်းချင်းတို့၏လက်ထဲသို့ ထည့်လိုက်တော်မူ၏။ ဤသို့ မင်းချင်းတို့လက်မှသည် အာဠဝက လက်သို့, အာဠဝက လက်မှသည် ဘုရားရှင်လက်သို့, ဘုရားရှင် လက်မှသည် တဖန် မင်းချင်းတို့ လက်သို့ လက်အဆင့်ဆင့်ကမ်းခြင်း ခံရသည်ဖြစ်၍ ထို အာဠဝကမင်းသားငယ်သည် "ဟတ္ထာဠဝက" (ဟတ္ထ=လက်+အာဠဝက) ဟု အမည်တွင်သား လေ၏။

မင်းချင်းတို့လည်း မင်းသားငယ်ကို ပို့ချီ၍ ပြန်လာကြသော် ခရီးအကြား၌ လယ်သမား တောလုပ်သမားတို့က မြင်လျှင် "ဤ မင်းကြီး၏ သားက ငယ်လွန်းသဖြင့် ဘီလူးက မစား၍ပြန်လာခဲ့ရသလော" ဟုအလန့်တကြား မေးမြန်းကြကုန်၏။

မင်းချင်းတို့ကလည်း "ဘုရားရှင်ကြွလာ၍ ချမ်းသာရကြောင်း" အလုံးစုံကို ပြန်ကြားလျှင် ပြည်သူအပေါင်းတို့သည် ကောင်းချီး ပေးကြကုန်လျက် တပြိုင်နက် အုတ်အုတ်ကျက်ကျက်သော အသံ ဖြစ်လေ၏။

နှန်းတော်သို့ ပြန်ရောက်သော် မင်းကြီးလည်း မင်းချင်းတို့ကို မြင်လျှင် ထိပ်လန့်တကြား အံ့အားသင့်လျက် "ဘယ့်နှယ်လဲ။ မင်းသားက ငယ်လွန်၍ ဘီလူးက မစား၍သဖြင့် ပြန်ယူခဲ့ကြရသလော" ဟု မေးပြီး နောက်မှ အကြောင်းစုံကို ကြားရလျှင် အလွန် ဝမ်းသာအားရဖြစ်လေ၏။ ဘုရားရှင်လည်း ဆွမ်းချိန်တန်လျှင် ပါလာသော သင်္ကန်း သပိတ် ပရိက္ခရာတို့ကို အာဠဝက ဘီလူးအား ယူဆောင်စေပြီးလျှင် ဆွမ်းခံရှုန် အာဠဝီပြည်သို့ ကြွတော်မူ၏။

မြို့အနီးသို့ ရောက်လျှင် အာဠဝက ဘီလူးသည် "ငါ့တို့အဘ, သားမြေးတို့ကို စားတဲ့ ဘီလူးကြီး" ဟု အပြောခံရမှာ ရှက်ပြီး နှုတ်ထုတ်ခံရမှာ ကြောက်သဖြင့် နောက်ချန်ကာ ချန်ကာ နေ၏။

ဘုရားရှင်လည်း ဘီလူး၏ စိတ်ကို သိလျက်နှင့် အာဠဝက ဘီလူးအား မေးမြန်းပြီး အကြောင်းစုံကို ကြားတော်မူလျှင် "ချစ်သား အာဠဝက၊ ငါဘုရားနှင့် လိုက်ပါလျက် အဘယ်သူက သင့်ကိုပုတ်ခတ်ဝံ့အုံးနည်း။ သို့ရာတွင် သင် ရှက်လျှင် ဤမြို့ပြင်ကပင် ပြန်လေလော့" ဟု မိန့်တော်မူ၏။ အာဠဝကလည်း မြို့တံခါးအထိ လိုက်၍ ဘုရားရှင်အား ခြေတော်ဦးခိုက် ပြီးမှ ပြန်လေ၏။

ဘုရားရှင်လည်း မြို့တွင်းသို့ဝင်၍ အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူ၍ ပြန်ထွက်လာပြီး မြို့အနီးရှိ အရိပ်ကောင်းသော သစ်ပင်ကြီးအရင်း၌ ဆွမ်းဘုဉ်းပေးပြီး သီတင်းသုံးတော်မူ၏။ ထိုအခါ မှူးမတ်အပေါင်းနှင့်တကွ အာဠဝီမင်းသည်၎င်း၊ ပြည်သူအပေါင်းသည်၎င်း တပေါင်းတစုတည်း ဘုရားရှင်ထံသွားရောက်၍ ရှိခိုးကာ ဝန်းရံထိုင်နေကြကုန်လျက် "မြတ်စွာဘုရား၊ ဤမျှကြမ်းတမ်းရက်စက်လှသော အာဠဝက ဘီလူးကို အဘယ်သို့သော နည်းဖြင့် ဆုံးမ ချေချွတ်တော်မူပါသနည်း" ဟု မေးလျှောက်ကြကုန်၏။

ဘုရားရှင်လည်း 'အာဠဝက ဘီလူးက တိုက်ခိုက်ပုံ, ဆုံးမ ချေချွတ်ပုံ, တရားဟောပုံ' အလုံးစုံကို တဆယ့်နှစ်ဂါထာဖြင့် မိန့်ကြားပြီး၍ တဖန် တဆယ့် နှစ်ဂါထာ ပါရှိသော "**အာဠဝကသုတ္တန်**" ကို ဟောကြားတော်မူ၏။ ဒေသနာ၏အဆုံး၌ လူမျှားစုတို့ အကျွတ်တရား ရကြလေကုန်၏။ (ထိုအခါမှစ၍ အာဠဝီပြည်သူတို့သည် အာဠဝက ဘီလူးအား စေတီဝတ်နတ်မင်းကြီး၏ နေရာအနီး၌ ဗိမာန်ဖြင့် ထား၍ ကိုးကွယ်ပူဇော်ကြလေ၏။)

အာဠဝက မင်းလည်း ဘုရားရှင်အား "မိမိပြည်တွင် သီတင်းသုံးတော်မူပါမည့်အကြောင်း" တောင်းပန် လျှောက်ထားပြီးသော် ဘိုးတော် ဘေးတော်တို့၏ အမွေဥစ္စာဖြစ်သော "သာလဝတီ" ဥယျာဉ်တွင်း၌ တင့်တယ်ကောင်းမွန်စွာ ကျောင်းတော်ကို ဆောက်လုပ်လေ၏။ ဘုရားရှင်လည်း သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူပြီး ဝါလနီးသောအခါမှ ရဟန်းငါးရာ ခြံရံလျက် အာဠဝီပြည်သို့ တဖန် ကြွလာပြီး သာလဝတီဥယျာဉ် ကျောင်း၌ သောဋသမ(တဆယ့်ခြောက်ဝါမြောက်) ဝါကပ် သီတင်းသုံးတော်မူ၏။

[ဟတ္ထာဠဝက မင်းသား အရွယ်ရောက်သောအခါ မင်းကြီးနှင့် မှူးမတ်တို့က "သင် မင်းသားသည် ဘုရားရှင်ကြောင့်သာ အသက်ချမ်းသာ ရခဲ့ပေ၏။ ဘုရားရှင်ထံ သွား၍ ဆည်းကပ်နေပေလော့" ဟု တိုက်တွန်းကြလေ၏။

မင်းသားလည်း အခြံအရံ ငါးရာနှင့်တကွ ဘုရားရှိရာသို့ လာ၍ ဆည်းကပ် နေထိုင်လေသော် မကြာမီပင် အနာဂါမ်ဖြင့်၍ ပိဋကတ် သုံးပုံ သင်ယူတတ်မြောက်လျက် ဥပါသကာ ငါးရာတို့၏ အကြီးအမှူး ဖြစ်၍ ဘုရားထံ နိယ်မပြတ် ခစား ဆည်းကပ်လေ၏။ အခါတပါး၌ ဘုရားရှင်က "ချစ်သား အာဠဝက၊ သင်၏ပရိသတ်ကား ကောင်းမြတ် ယဉ်ကျေးပေစွ။ အဘယ်တရားဖြင့် သင်က ချီးမြှောက်တိုသနည်း" ဟု မေးတော်မူလျှင်-

"မြတ်စွာဘုရား၊ တပည့်တော်သည် စွန့်ကြဲပေးကမ်းမှု နှစ်သက်မည်သူကို စွန့်ကြဲပေးကမ်းခြင်း = 'ဒါန' ဖြင့်၎င်း၊

ချစ်စဘွယ်စကား ပြောကြားမှု နှစ်သက်မည်သူကို ချစ်စဘွယ်စကားပြောကြားခြင်း = 'ပိယဝါစာ' ဖြင့်၎င်း၊

ကိုစွကြီးငယ်ပေါ်၍ ဆောင်ရွက်ပေးမှု နှစ်သက်မည်သူကို ကိုစွဆောင်ရွက်ပေးခြင်း = 'အတ္ထစရိယာ' ဖြင့်၎င်း၊

ကိုယ်တူထားမှု နှစ်သက်မည်သူကို ကိုယ်တူထားခြင်း = 'သမာနတ္တတာ' ဖြင့်၎င်း ချီးမြှောက် သင့်ပါ၏" ဟု လျှောက်လေ၏။

ထိုအခါ ဘုရားရှင်က "သင်ဟဝတ္ထု လေးပါးတို့ဖြင့် ပရိသတ်ကို ချီးမြှင့် ဆောင်ယူနိုင်သော ငါ၏တပည့် ဥပါသကာတို့တွင် ဟတ္ထာဠဝကသည် အမြတ်ဆုံးဖြစ်၏" ဟူ၍ ဟတ္ထာဠဝက သီတင်းသည်အား 'ပရိသ သင်္ဂဟုနတေဒဂ်' အရာ၌ ထာ တော်မူလေ၏။]

အာဠဝီပြည်၌ သောဠသမဝါကပ် သီတင်းသုံးခြင်း

၁၇၆။ မရဏာနုဿတိ ကမ္မဋ္ဌာန်း ဟောကြားခြင်း

ဘုရားရှင်သည် အာဠဝကဘီလူးကို ဆုံးမပြီး၍ အာဠဝီပြည်သို့ သောဠသမ (တဆယ့်ခြောက်ဝါမြောက်)ဝါကပ် သီတင်းသုံးရန် သာဝတ္ထိပြည်မှ အာဠဝီပြည်သို့ ရဟန်းအပေါင်း ခြံရံလျက် ကွတော်မူလေ၏။ အာဠဝီ ပြည်သား တို့သည် ဘုရားရှင် ကွလာကြောင်း ကြားကြလျှင် လာရောက် ဖူးမျှော်၍ ဆွမ်းဖြင့် ပင့်ဖိတ်ပြီး ကြီးစွာသော အလှူဒါနကို ပေးကြကုန်၏။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသော် "ဒါယကာ, ဒါယိကာမအပေါင်းတို့၊ 'ငါ၏ အသက်ကား မခိုင်မြဲ၊ ငါ၏ သေခြင်းတရားကား မချွတ်ပင် ဖြစ်လိမ့်မည်။ ငါ မချွတ်သေရမည်သာ ဖြစ်၏။ ငါ၏အသက်ကား သေခြင်းလျှင်

အဆုံးရှိ၏။ အသက်ကသာ မမြဲသည်။ သေခြင်းတရားကား မချုတ်မြဲ၏' ဟု ဤသို့ (အချက် ခြောက်ချက်ဖြင့် နှလုံးသွင်း၍) မရဏာသတိ=မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများကြလော့။ မရဏသတိ (သေခြင်းတရားကို အောက်မေ့မှု) ကို မပွားများသော သူတို့သည် နောင် သေခါနီးအခါ၌ ထိပ်လန့်ခြင်းသို့ ရောက်၍ ကြောက်လန့်ဘွယ် အသံကို ယောင်ယမ်း မြည်တမ်းလျက် သေကြရကုန်၏။ မရဏသတိကို ပွားများကုန်သော သူတို့သည်ကား နောင် သေခါနီးအခါ၌ မထိပ်မလန့် မကြောက်ရွံဘဲ ရဲရင့်တည်ကြည်, စိတ်အေးငြိမ်းစွာဖြင့် သေဆုံးကြရကုန်၏။ ထို့ကြောင့် မရဏသတိကို ပွားများကြကုန်လော့" ဟူ၍ မရဏသတိ ပွားများခြင်း၏ အကျိုးများကို ဟောကြားတော်မူ၏။

ထို ဒေသနာကို ကြားနာပြီးသော် အခြားသော လူအပေါင်းတို့သည် မိမိတို့၏ကိုစွအလုပ်များကိုသာ စိတ်ပါဝင်စား၍ လုပ်ကိုင်နေကြ၏။ အသက်တဆယ့်ခြောက်နှစ်အရွယ်ရှိ ရက္ကန်းသည်သမီး သည်ကား "ဩ၊ ဘုရားရှင်၏ တရားတော်မည်သည် အံ့ဘွယ်ရှိပါပေစွ။ငါသည် မရဏသတိကို ပွားများမှသင့်လျော်တော့မည်" ဟု ကြံစည်၍ နေ့ရောညပါ အမြဲမပြတ် မရဏသတိကိုသာ ပွားများ၍ နေလေ၏။

ယင်း အမျိုးသမီးအကြောင်းကို နောက် (အခန်း ၁၀၀)တွင် ဆက်လက် ဖော်ပြထားသည်။]

ရာဇဂြိုဟ်ပြည်၌ သတ္တရသမဝါ ကပ်ဆိုခြင်း

၁၇၇။ ဥတ္တရာ(နန္ဒမာတာ) အမျိုးသမီး

ဘုရားရှင်သည် အာဠဝီပြည်အနီး၌ သောဠသမ(တဆယ့်ခြောက်ဝါမြောက်) ဝါကပ်သီတင်းသုံးပြီး၍ ဝါကျွတ်သော် အာဠဝီပြည်မှ ဒေသစာရီကြွခရီး၍ ရာဇဂြိုဟ်ပြည်သို့ရောက်လျှင် ဝေဠုဝန်ကျောင်း၌ သတ္တရသမ(တဆယ့်ခုနစ်ဝါမြောက်)ဝါကပ်သီတင်းသုံးတော်မူလေ၏။

(အခန်း ၁၀၁) ပုဏ္ဏားသူဆင်းရဲ သူဌေးဖြစ်ခြင်းအကြောင်းတွင် ပြခဲ့ခဲ့သည့်အတိုင်း။ ။ရာဇဂြိုဟ်ပြည်ဝယ် "သုမန" သူဌေးကြီးအိမ်၌ လယ်လုပ်အမှုဖြင့်အသက်မွေးရသော အလွန်ဆင်းရဲလှသည့် "ပုဏ္ဏ" နှင့် မယား "ဘာရိတာ" တို့သည် တနေ့သ၌ အရှင်သာရိပုတ္တရာအား ရေ, ဒန်ပူ, ဆွမ်းတို့ကို ကပ်လှူသဖြင့် နေ့ချင်းပင် သူဌေးကြီးဖြစ်သွားလေ၏။ သူဌေးကြီးဖြစ်သော

သူတို့နှစ်ဦးသည် ဘုရားအမှူးရှိသောရဟန်းအပေါင်းအား ခုနစ်ရက်လုံး အလှူကြီးကိုပေးပြီး၍ ဘုရားရှင်၏တရားကိုကြားနာရသော် သမီးဖြစ်သူ "ဥတ္တရာ" နှင့်တကွ သုံးဦးလုံး သောတာပန်ဖြစ်သွားခဲ့ပေ၏။

ထိုနောက် တနေ့သ၌ သုမနသူဌေးသည် မိမိ၏သား "နန္ဒ" အတွက် ပူဇော်သူဌေးထံ လာ၍ သမီး 'ဥတ္တရာ' ကို တောင်းခံလေ၏။ ပုဏ္ဏသူဌေးက "ဤသုမနကား ရတနာသုံးပါး၌ကိုးကွယ်ကျေးဇူးကိုမသိ။ မိစ္ဆာဒိဋ္ဌိကြီးဖြစ်၏။ ငါ့သမီးဥတ္တရာကား ရတနာသုံးပါးနှင့်ကင်း၍မနေနိုင်။ ထို့ကြောင့် ငါ့သမီးကို သူ့သားနှင့် မထိမ်းမြားလို" ဟုဆို၏။ နောက် သုမနသူဌေးနှင့်တကွ မိတ်ဆွေသူဌေးတို့က အကြိမ်ကြိမ်လာ၍ ဖျောင်းဖျပြောဆိုတောင်းခံသဖြင့် ပုဏ္ဏသည် သမီးဥတ္တရာကို ကောင်းစွာဆင်ယင်၍ အခြံအရံများနှင့်တကွ သုမနသူဌေးအိမ်သို့ပို့လိုက်၏။ ထိုနေ့၌ပင် သုမနသူဌေးသည် ဥတ္တရာကို မိမိ၏သား 'နန္ဒ'နှင့် လက်ထပ်ပေးလိုက်၏။

သုံးရက်ခန့်ကြာလျှင် ဥတ္တရာသည် မိမိ၏လင် 'နန္ဒ'အား ရှိသေစွာ ခယ၍ "အရှင့်သား၊ ကျွန်ုပ်သည် မိမိအိမ်၌နေစဉ်က ဥပုသ်နေ့တိုင်း ရှစ်ပါးသီလကို ဆောက်တည်မြဲဖြစ်ပါ၏။ ဘုရားသခင်ကိုဖူးမြင်၍ တရားတော်ကို နာကြားမြဲဖြစ်ပါ၏။ ရှေးကပြုမြဲတိုင်းပြုလို၍ ခွင့်ပေးပါ" ဟု တောင်းခံ၏။

လင်နန္ဒက "သင့်အား ငါခွင့်မလွှတ်နိုင်" ဟု ဆိုလေ၏။

နောက်အဖန်တလဲလဲတောင်းခံသော် နန္ဒက "သင်တို့ဆရာ ဂေါတမကို ခယဝပ်တွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ လှူဒါန်းသဖြင့် ဥစ္စာကုန်ရုံသာမဟုတ်လော။ ဥပုသ်ဆောက်တည်သဖြင့် ကာမဂုဏ်ချမ်းသာလစ်လပ်ရုံသာမဟုတ်လော" ဟုဆိုပြီး ဆိတ်ဆိတ်သာနေလေ၏။

ဤသို့ ဥတ္တရာသည် လင့်အိမ်သို့ရောက်သည်မှစ၍ ဒါနသီလအနည်းငယ်ကိုမျှမပြုရဘဲ နှစ်လခွဲတိုင် ရှိလေသော် မိဘထံသို့ တမန်စေလွှတ်၍ "မိခင်ဘဒ္ဒာတို့၊ ကျွန်ုပ်အား ဤနှောင်အိမ်တွင်းသို့ အဘယ့်ကြောင့်ပို့သွင်းထားပါသနည်း။ ဆင်းရဲသူတို့၏အထံ၌ တာသက်လုံး . ကျွန်ဘဝဖြင့် နေရသည်ကား မြတ်သေး၏။ ဤအမြင်အကျင့်ယုတ်သော မိစ္ဆာဒိဋ္ဌိအမျိုး၏အိမ်သို့ ရောက်သည်မှစ၍ ယနေ့ထက်တိုင် ဘုရားရှင်နှင့် သံဃာတို့အား လှူဒါန်းလုပ်ကျွေးမည်နေနေသာသာ ဖူးရုံမျှပင်အခွင့်မရပါ" ဟုမှာလိုက်၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏသူဌေးလည်း "ငါအမှားကြီးမှားခဲ့ပြီ။ **ငါ့သမီးစိတ်ဆင်းရဲနေရရှာပြီ**" ဟု ရင်ထုမနာဖြစ်လေ၏။

ထိုနောက်မှအကြံရ၍ တမန်အား ငွေတသောင်းငါးထောင်ကိုထုတ်ပေးပြီးလျှင် "ချစ်သမီး၊ ဤရာဇဂ္ဂိုဟ်ပြည်၌ ဆရာဇီဝက၏နှမဖြစ်သူ 'သီရိမာ' မည်သောပြည့်တန်ဆာမသည် တနေ့လျှင်ငွေတထောင်ဖြင့်ပျော်ပါးမှုကိုလက်ခံ၏။ ထို သီရိမာကိုငှား၍ သင့်လင်အားလုပ်ကျွေးစေပြီး ဒါန သီလကို အားထုတ်ပါလေ"ဟု သမီးထံမှာလိုက်၏။

ဥတ္တရာလည်း ထို တမန်ရောက်လာ၍ ထိုစကားကိုကြားလျှင် အားရဝမ်းသာစွာဖြင့် သီရိမာထံသွားပြီး "အဆွေမ၊ ငါကား (ဤဝါတွင်း)လခွဲလောက်ကို ဥပုသ်စောင့်လိုပါ၏။ သင်သည် ဤငွေ တသောင်းငါးထောင်ကိုယူ၍ ငါ့လင်အား လုပ်ကျွေးပါ"ဟု ဆို၏။ သီရိမာလည်း သဘောတူ၍ လိုက်လာ၏။

ဥတ္တရာက လင်အား "အရှင့်သား၊ ဤမိန်းမငယ်ကား ကျွန်ုပ်၏မိတ်ဆွေတည်း။ ဤ လခွဲကာလကို ကျွန်ုပ်ကိုယ်စား အရှင့်သားကိုလုပ်ကျွေးပြုစုပေအုံ။ ကျွန်ုပ်သည် ဘုရားရှင်၏တရားကိုနာ၍ဥပုသ်စောင့်ကာနေပါရစေ" ဟု ခွင့်တောင်း၏။ လင်သူဌေးလည်း အလွန်လှုပသည့် သီရိမာကိုမြင်လျှင် တပ်မက်လှသဖြင့် ဥတ္တရာအား ခွင့်ပေးလေ၏။

အခွင့်ရလျှင် ဥတ္တရာသည် ဘုရားရှင်ထံသွား၍ "ရှင်တော်ဘုရားသည် သံဃာငါးရာနှင့်တကွ ဤလခွဲကာလပတ်လုံး သူတပါးအိမ်သို့ မကြွမူ၍ တပည့်တော်မအိမ်၌သာကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ"ဟုလျှောက်၏။

ဘုရားရှင်ကဝန်ခံလျှင် ဥတ္တရာသည် အိမ်ပြန်လာ၍ ကျွန်မများစွာတို့နှင့် အတူ အထူးထူးသောဘောဇဉ်တို့ကို စီရင်လေ၏။ ဘုရားရှင်လည်းနေ့စဉ်ဥတ္တရာ၏ အိမ်၌သာ ဆွမ်းဘုဉ်းပေးတော်မူ၏။ ဥတ္တရာလည်း တရားတော်ကိုနာ၍ ရှစ်ပါးသီလကိုဆောက်တည်ပြီးလျှင် ပြာသာဒ်တခု၌ ကောင်းစွာနေလေ၏။ ဝါကျွတ်လပြည့်အဖိတ်နေ့သို့ရောက်သောအခါ ဥတ္တရာလည်း ကျွန်မများနှင့်တကွ စဖိုအိမ်ဝယ် အထူးထူးသော ဘောဇဉ်တို့ကို ချွေးတလုံးလုံးပြင့် မမောမပန်း လူးလာလှုပ်ရှားလုပ်ကိုင်နေ၏။

လှင်ဖြစ်သူ 'နန္ဒ'လည်း လေသွန်တံခါးဦးရပ်၍ ကြည့်သော် ဥတ္တရာကိုမြင်လျှင် "ဤ ကျွန်ယုတ်မာကား အလွန်မိုက်မဲလေစွ။ ကြီးမြတ်သော စည်းစိမ်ချမ်းသာကို ခံစား မနေလိုဘဲ ဤစဖိုအိမ်ဝယ် ချွေးတဒီးဒီးဖြင့် ဦးပြည်းရဟန်းဂေါတမတို့ကိုလုပ်ကျွေး၍ ချက်ပြုတ်နေဘိတကား"ဟု ကဲ့ရဲ့ရွတ်ချလျက် သည်းစွာရယ်၍ တိုက်တွင်းသို့ဝင်လေ၏။

ထိုသို့ရယ်သည်ကို သီရိမာမြင်လျှင် လေသွန်တံခါးဖြင့်ကြည့်ရှု၍ ဥတ္တရာကိုမြင်သော် "ငါ့လင်သူဌေးကို ဤမိန်းမသည် ဖျောင်းဖျဖျက်ဆီးဟန်ရှိသည်" ဟု မိမိ၏ယာယီမယားအဖြစ်ကိုမဆင်ခြင်ဘဲ စည်းစိမ်ရှင်ကဲ့သို့မာန်တက်ကြွကာ ဥတ္တရာကို ရန်ငြိုးထားလေ၏။ ထိုနောက် သီရိမာသည် ထောပတ်ချက်ရာသို့သွား၍ မှုတ်ဖြင့်ကျိုက်ကျိုက်ဆူသော ထောပတ်ရည်ကို "ဥတ္တရာအပေါ်လောင်းအံ့" ဟု ယူ၍လာ၏။

ဥတ္တရာလည်း ထိုသို့ယူ၍လာသည်ကိုမြင်လျှင် "ငါ့အဆွေ သီရိမာကား ငါ၏ကျေးဇူးရှင်တည်း။ ငါ့လင်ကို သူလုပ်ကျွေးပေး၍သာ ငါကုသိုလ်ပြုခွင့်ရ၏။ သူ့ကျေးဇူးကား အတိုင်းမသိ ကြီးမားပေ၏။ ထိုကြောင့် သီရိမာကို ငါအမျက်မထွက်သင့်။ ငါသည် သူ့အပေါ် အမျက်မထွက်ရိုးမှန်မူ ငါ့အပေါ်လောင်းသည့် ထောပတ်ရည်သည် နံ့သာရေကဲ့သို့ အေးစေသတည်း" ဟု မနောအဓိဋ္ဌာန်ဖြင့် ခံလင့်၏၊ သီရိမာလည်း ထောပတ်ကျက်ဖြင့် ဥတ္တရာ၏ဦးခေါင်းအပေါ်လောင်းသော် မေတ္တာ၏အာနုဘော်ကြောင့် နံ့သာရေကဲ့သို့ အေးသွားလေ၏။

သီရိမာလည်း "ဤထောပတ်ကား အယူနှေး၍အေးဟန်ရှိ၏" ဟု တဖန်အမြန်ပြန်သွား၍ ထောပတ်ကိုခပ်ယူလာသော် ဥတ္တရာ၏ကျွန်မတို့သည် ထ၍ "ဟယ် ကျွန်မယုတ်၊ သင်ကား ယာယီအပျော်မယားသာဖြစ်လျက် ငါတို့အရှင်မကို ဘယ်မာနဖြင့်နှိပ်စက်သနည်း" ဟု ဆံထုံးကိုဆွဲကာ မြေ၌လှဲ၍ ပုတ်ခတ်ကြကုန်၏။ ဥတ္တရာလည်း လျင်စွာထ၍ "ငါ့မိတ်ဆွေကိုမလုပ်ကြပါနှင့်" ဟု တားမြစ်၍ ပုတ်ခတ်မိသောဒဏ်ရာများကို ဆီနံ့သာဖြင့်ကောင်းစွာသုတ်လိမ်းပေး၏။ ထိုအခါ သီရိမာလည်း မိမိ၏ ယာယီအပျော်မယားအဖြစ်ကိုသိ၍ ထိပ်လန့် သံဝေဂရပြီး ဥတ္တရာ၏ခြေရင်း၌ဝပ်ကာ "အရင်မ၊ ကျွန်ုပ်ပြုမိသောအပြစ်ကိုသည်းခံပါ" ဟု တောင်းပန်၏။

ထိုအခါ ဥတ္တရာက "အဆွေသီရိမာ၊ ငါ့အဘဖြစ်သော ဘုရားရှင်က သည်းခံစေလိုလျှင် သင့်ကို ငါ သည်းခံအံ့" ဟု ဆို၏။

သီရိမာလည်း အခြံအရံမိန်းမ ငါးရာနှင့်တကွ အိမ်သို့ပြန်သွား၍ နောက်တနေ့နံနက် ဆွမ်းဘောဇဉ်တို့ကို စီရင်၍ ယူဆောင်လာပြီး ဥတ္တရာအားအပ်၍ ကပ်လူ လုပ်ကျွေးလေ၏။ ဆွမ်းဘုဉ်းပေးပြီးသော် သီရိမာသည် ဘုရားရှင်၏ခြေရင်း၌ ဝပ်လျက် အကြောင်းစုံကို လျှောက်ထားပြီး သည်းခံပါမည့်အကြောင်း လျှောက်ထားလေ၏။

ဘုရားရှင်လည်း ဥတ္တရာကို ခေါ်၍ "ချစ်သမီး ဥတ္တရာ၊ ကျိုက်ကျိုက်ဆူသော ထောပတ်ကို သီရိမာ ယူလာသောအခါ အဘယ်သို့ သင်နှလုံးသွင်းဘိသနည်း" ဟု မေးတော်မူ၏။

ဥတ္တရာက အလုံးစုံကို လျှောက်ကြားသော် ဘုရားရှင်က သာဓုသုံးကြိမ် ခေါ်တော်မူ၍ "ဤသို့ အမျက်ထွက်သူကို အမျက်မထွက်ဘဲ မေတ္တာထားခြင်းဖြင့် အောင်မြင်ရာ၏။ စိတ်ယုတ်မာ ရှိသူကို စိတ်ကောင်း ထားခြင်းဖြင့် အောင်မြင်ရာ၏။ နှမြော ဝန်တိုသူကို ပေးကမ်းခြင်းဖြင့် အောင်မြင်ရာ၏။ လိမ်ပြော သူကို အဟုတ်အမှန် ပြောဆိုခြင်းဖြင့် အောင်မြင်ရာ၏" ဟူ၍ တရားဟောတော်မူ၏။ ထိုတရားကိုကြားနာရလျှင် သီရိမာလည်း သောတာပန်ဖြစ်သွားလေ၏။ [ဥတ္တရာသည် 'နန္ဒမာတာ=နန္ဒ၏ မိခင်' မည်ကြောင်း နောက် အခန်းတွင် ဆက်ကြည့်ပါ။]

၁၇၈။ သီရိမာ ပြည့်တန်ဆာမ အကြောင်း

သီရိမာသည် ယင်းသို့ သောတာပန်ဖြစ်ပြီးသော် ဘုရားရှင်အား နောက်တနေ့နံနက်အတွက် မိမိအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် "မြတ်စွာဘုရား၊ တပည့်တော်မအား သနားသောအားဖြင့် သံဃာ ရှစ်ပါးကို ဤအိမ်၌ မပြတ် ဆွမ်းရပ်ပါစေဘုရား" ဟု ခွင့်တောင်း၏။ ဘုရားရှင်လည်း ဝန်ခံ၍ သံဃာ ရှစ်ပါးကို အလှည့်ကျဖြင့် လွှတ်တော်မူ၏။ သီရိမာလည်း တနေ့ တဆယ့်ခြောက်ကျပ်ဖြင့် ဝယ်ခြမ်းလျက် ဆွမ်းဘောဇဉ်တို့ကို ချက်ပြုတ်လှူဒါန်း၏။ တပါးအား လောင်းသော ဆွမ်းဘောဇဉ်သည် သုံးလေးပါး အတွက်ပင် လောက်၏။

တနေ့သ၌ သီရိမာအိမ်၌ ဆွမ်းခံလာသော ရဟန်းတပါးသည် သုံးယူဇနာဝေးသော ကျောင်းသို့ ရောက်သွား၍ သီရိမာ အလွန်လှပကြောင်း၊ လှူသည့် ဆွမ်းလည်း အလွန်ကောင်းမွန်ကြောင်း ပြောပြ၏။ ထို ကျောင်းနေ ရဟန်းတပါးသည် ထိုစကားကိုကြားလျှင် သီရိမာကို မမြင်ရသေးဘဲလျက် အလွန်ပင် စွဲလမ်းတပ်မက်လေ၏။ သူသည် နောက်တနေ့ အခြား ရဟန်းများနှင့်အတူ သီရိမာ အိမ်သို့ ဆွမ်းခံသွား၏။ သီရိမာလည်း ယမန်နေ့က ရုတ်တရက် မနာမကျန်းဖြစ်၍ ကျွန်မတို့ကို ကြွလာသည့် ရဟန်းရှစ်ပါးအား ဆွမ်းကပ်လှူစေပြီး မိမိကိုယ်ကိုလည်း ရဟန်းတော်များအား ကြည်ညိုနိုင်ရန် ပွေ့ချီ ယူစေ၏။

သီရိမာလည်း မကျန်းမာ၍ တုန်တုန်ရင်ရင် ဖြစ်လျက် ရဟန်းတော်များအား ရှိခိုးလေသော် ထိုရဟန်းသည် "ဤ မိန်းမလှကား မကျန်းမမာတုန်းပင် ဤမျှ လှသေး၏။ ကျန်းမာစဉ်ကမူ အဘယ်ဆိုဘွယ် ၌အံ့နည်း" ဟု ကိလေသာ ထောင်းထောင်း ထလာလျက် ကျောင်းသို့ ဆွမ်းယူ သွားပြီး မစား၀ဲ အိပ်လေ၏။

ထိုနေ့ညမှာပင် သီရိမာ သေလေ၏။ ထိုအကြောင်းကို ဗိမ္မိသာရမင်းကြီးက လျှောက်ကြားသဖြင့် ဘုရားရှင်က "သီရိမာ အလောင်းကို သုသာန်သို့ ထုတ်ဆောင်ပြီး ကျီးများ မစားနိုင်အောင် သုံးရက်တိုင် တုံးလုံးအိပ်ထား စေလော့" ဟု မိန့်တော်မူ၏။ မင်းကြီးလည်း ထိုအတိုင်းပြုထား၏။ လေးရက်မြောက်၌ သီရိမာ၏ ကိုယ်သည် ဖူးဖူးရောင်ကာ ကဲ့ပျက်ပြီး ဒုဂ္ဂရကိုးပေါက်တို့မှ ပိုးလောက်များ ယိုထွက်ကုန်၏။

ထိုအခါ မင်းကြီးသည် မြို့သူမြို့သားတို့အား "သီရိမာ အလောင်းကို သွားကြည့်ကြလော့" ဟု စည်လည်စေပြီးနောက် ဘုရားရှင်ထံသို့လည်း သံဃာတော်များနှင့်တကွ "သီရိမာကို ရှုပါမည့်အကြောင်း" ပင့်လျှောက်စေ၏။

ဘုရားရှင်လည်း တပည့် ရဟန်းများအား "သီရိမာကို သွား၍ ကြည့်ရှုကြအံ့" ဟု မိန့်ကြားတော်မူ၏။ ထိုရဟန် လည်း သီရိမာသေကြောင်းမသိသဖြင့် ထိုစကားကိုကြားလျှင် သုံးရက်တိုင် ဆွမ်းမစား၀ဲ အိပ်နေရာမှ ချက်ခြင်းထတဲ့၍ ရဟန်းများနှင့်အတူတကွ လိုက်လေ၏။ ဘုရားရှင်လည်း ရဟန်းအပေါင်းခြံရုံလျက် ကြွလာ၍ သီရိမာ၏ ဘေးဌာ ရပ်တော်မူ၏။

ထိုနောက် ဘုရားရှင်သည် မင်းကြီးအား "ဒကာတော် မင်းကြီး၊ ရှေးက ဤ သီရိမာကား အဘယ်မျှ ထိုက်သနည်း" ဟု မေးတော်မူ၏။

"ဌေတထောင်ပေးမှ တညတာအတွက် ရနိုင်ပါ၏" ဟု လျှောက်လေသော်-

ဘုရားရှင်က "ယခု ဤသီရိမာကို ဌေတထောင်ပေး၍ အဘယ်သူ၀ယ်ယူအံ့နည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ ယခုအခါ ဌေတထောင်မဆိုထား၀ဲ အလကားပေး၍ပင် ယူမည့်သူ မရှိနိုင်ပါ" ဟု လျှောက်သော်-

ဘုရားရှင်က "ရဟန်းတို့၊ အဆန်းတကြယ်ပြုလုပ်ထားသည့် အရုပ်ကလေးနှင့်တူသော၊ အရိုး သုံးရာ၀ှိုဖြင့် စိုက်ထောင်ပြုလုပ်ထားသော၊ လူအပေါင်းတို့ မျှားစွာ စိတ်ကူးယဉ် ကြံစည်အပ်သော၊ အမြဲ နာဇလွှဲပြီး အနာ၀ = အမာ၀ (ကိုးပေါက်) တို့ဖြင့် ပြည့်နေသော ဤ(သီရိမာ၏) ကိုယ်ကောင်ကို

ကြည့်ရှုစမ်းလော့။ ယင်းသို့သော ရုပ်နာမ်စုဝေးရာ ခန္ဓာကိုယ်မှ အမြဲ အရှည်တည်ရှိခြင်း အလျင်းမရှိပေ" ဟူ၍ ဟောကြာ ပြတော်မူ၏။ ထိုနောက်လည်း တဆယ့်လေး ဂါထာ ရှိသော "ဝိဇယသုတ္တန်" တရားတော်ကို ဟောကြားတော်မူ၏။

ဤတရားကို ကြားနာရသော် ထိုရဟန်းလည်း သောတာပန် ဖြစ်လေ၏။ ဥတ္တရာ၏ လင်ဖြစ်သူ 'နန္ဒ' သူဌေးလည်း ထိပ်လန့် သံဝေ ဖြစ်လေသဖြင့် "ဥတ္တရာကား ငါ့အား အလွန် ကျေးဇူးရှိပေ၏။ သူ့ကို အမှီပြု၍ ဆင်းရဲအပေါင်းကင်းရာ လမ်းကို မြင်ရပေ၏" ဟု နှလုံးထား၍ ဥတ္တရာအား အလွန်လျှင် နှစ်သက်စုံမက် ရှိသေခြင်းရှိသဖြင့် အမိအာဥ္စထား၍ "သင် ဆုံးမတိုင်း လိုက်နာပါတော့မည်" ဟု ဝန်ချလေ၏။ ထို အခါမှစ၍ ဥတ္တရာလည်း 'နန္ဒမာတာ' (နန္ဒ၏မိခင်) ဟု ဝိသေသအမည်ဖြင့် တင်လေသတည်း။

[· သာမာဝတီက အမိ ပမာ, ဆရာသမား ကဲ့သို့ လေးစားအပ်သော ခုဇ္ဇုတ္တရာအမျိုးသမီးသည် 'ဥတ္တရာ' ဟု တင်လေသဖြင့် ယခု ဤဥတ္တရာကို 'နန္ဒမာတာဥတ္တရာ' ဟု ခဲခြား၍ ခေါ်ဆိုလေသတည်း။]

ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွခြင်း

၁၇၉။ အာဠဝီပြည်မှ ဆင်းရဲသားတဦးကို သွားချစ်ခြင်း

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သတ္တရသမ (တဆယ့်ခုနစ်ဝါမြောက်) ဝါကပ် သီတင်းသုံး၍ ကျတ်ထိုက်သော သတ္တဝါများကို ချချတ်တော်မူပြီးနောက် ဝါကျတ်သောဇာခါ ခရီးဒေသစာရီကြွချီလျက် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။

တနေ့သ၌ ဘုရားရှင်သည် နံနက် မိုးသောက်ယံတွင် သတ္တလောကကို ကြည့်ရှုသော် အာဠဝီပြည်သား ဆင်းရဲသားတဦး သောတာပန် ဖြစ်လတံ့သည်ကို မြင်တော်မူ၍ ရဟန်းငါးရာ ခြံရံလျက် ယူဇနာသုံးဆယ် ဝေးသော အာဠဝီပြည်သို့ ကြွတော်မူ၏။ ရောက်လျှင် အာဠဝီပြည်သားတို့သည် ဘုရားရှင်ထံ လာရောက်ဖူးမျှော်ကြလျက် နောက်တနေ့နံနက်အတွက် ဆွမ်းပင့်ဖိတ်ကြကုန်၏။

ထိုဆင်းရဲသားလည်း "ငါသည် ဘုရားရှင်ထံ၌ တရားနာရပေတော့အံ့" ဟု ဝမ်းမြောက်နေ၏။ နောက်တနေ့နံနက် စောစောတွင် သူသည် မိမိ၏ နွားတကောင် ပျောက်သွားသဖြင့် "ငါသည် နွားကို အလျင်ရှာပြီးမှ စိတ်ချ

လက်ချ ဘုရားရှင်၏ တရားတော်ကို နာပေအံ့'' ဟု ကြံ၍ ဘောသို့နွားရှာ ထွက်သွားလေ၏။

အာဠဝီ ပြည်သားတို့လည်း ဘုရားရှင် အမှူးပြုသော ရဟန်း သံဃာ အပေါင်းအား နေရာထိုင်ခင်းများ ပေါ်၌ သီတင်းသုံးနေစေလျက် ဆွမ်း ဘောဇဉ်တို့ဖြင့် ဆက်လက်လုပ်ကျွေးကြလေ၏။ ဆွမ်းကျွေးပြီးသော် လူတို့ သည် အနုမောဒနာတရား နှာကြားရန် စီမံ ပြုလုပ်ကြလေ၏။ ဘုရားရှင် လည်း ''ငါသည် ဤဆင်းရဲသားအတွက်ကြောင့် ဤ ယူဇနာသုံးဆယ်ဝေး သော ခရီးကို ကြွလာခဲ့၏။ ထိုသူလည်း နွားပျောက်၍ ထွက်နေသေး၏။ သူရောက်မှသာလျှင် တရား ဟောပေအံ့'' ဟု ဆင်ခြင်၍ ဆိတ်ဆိတ်သာ နေတော်မူ၏။

ထိုဆင်းရဲသားလည်း နေမြင့်မှပျောက်သည့်နွားကို ရှာတွေ့၍ နွားအုပ်ထဲ သွင်းထားပြီးလျှင် ဆာလောင်နေသော်လည်း တရားကို နာလိုချင်သော ဇောဖြင့် ဘုရားရှင်ထံသွား၍ ဖူးမျှော်ရှိခိုးကာ နေလေ၏။ ထိုအခါ ဘုရား ရှင်က ဝေယျာဝစ္စမှူးအား ''ဒါယကာ၊ ရဟန်းသံဃာအား လှူဒါန်းပြီး၍ ပိုလျှံသော ဘောဇဉ်ရှိသေးက ဤလူအား ကျွေးလေလော့'' ဟု မိန့်တော် မူလေ၏။

ထိုဆင်းရဲသားလည်း ထို ဝေယျာဝစ္စမှူး ကျွေးသည့် ဧဝံဘူယ်ဘောဇဉ်ကို မြိန်ယှက်စွာ စားသုံးလေ၏။ စားပြီးသော် သူသည် ဆာလောင်မွတ်သိပ်မှု ငြိမ်းအေး၍ သူ၏ စိတ်သည် တည်ကြည် ငြိမ်သက်သွားလေ၏။ ထိုအခါ ဘုရားရှင်သည် ထို ဆင်းရဲသားအား ဦးတည်၍ 'ဒါန, သီလ, သဂ္ဂ, မဂ္ဂ, ကာမာနံအာဒီနဝ, နေက္ခမေအာနိသံသ' တည်းဟူသော အစဉ်အတိုင်းသော တရားစကားကို ဟောကြားပြီး သစ္စာလေးပါးကို ပြတော်မူ၏။ ဤ တရား ကို ကြားနာပြီးသော် ထိုဆင်းရဲသားသည် သောတာပန်ဖြစ်လေ၏။ ဘုရား ရှင်လည်း တရားဟောပြီးလျှင် နေရာမှ ထ၍ ဖဲကြိုတော်မူ၏။

လမ်းတွင် ရဟန်းတို့က ''ငါ့ရှင်တို့၊ ဘုရားရှင်၏ပြုတော်မူပုံကို ကြည့်ကြပါလော့။ ယနေ့ ရှေးကနှင့်မတူဘဲ ဆင်းရဲသားတဦးအား မြင်လျှင်မြင်ချင်း ယာဂုခဲဘူယ် စသည်တို့ကို ကိုယ်တော်တိုင် မြှက်ကြားပေးစေဘိ၏'' ဟု ပြော ဆိုကြလေ၏။ ဘုရားရှင်လည်း ထိုစကားကိုကြား၍ လှည့်ကြည့်တော်မူကာ ရပ်လျက်ပင် ထို ရဟန်းတို့အား ထို စကားအကြောင်းကို မေးတော်မူ၏။

ထိုအကြောင်းကို ကြားတော်မူလျှင် ''ရဟန်းတို့၊ ဟုတ်ပေ၏။ ဤဘုရား သည် ဤ ယူဇနာသုံးဆယ်ဝေးသော ခရီးကို တပင်တပန်းလာရောက်သည်

မှာ ထိုဆင်းရဲသာ သောတာပန်ဖြစ်လတံ့သည်ကို မြင်တော်မူ၍ပင် လာခဲ့ရပေ၏။ ထိုဆင်းရဲသားသည် တော၌ ပျောက်နေသည့် နွားကို လှည့်လည် ရှာဖွေရပြီးမှ ငါဘုရားထံ တောက်လျှောက်လာခဲ့၏။ သူသည် ဆာလောင်မွတ်သိပ်နေ၍ စိတ်အေးငြိမ်း ကည်ငြိမ်မှုကို မရလေရကား ငါဘုရားဟောသည့် တရားတော်ကို ထိုးထွင်း၍ မသိနိုင်ရာ။ ထိုကြောင့် ငါဘုရား ဤသို့ ပြုတော်မူရ၏" ဟု မိန့်တော်မူပြီးနောက်-

"ရဟန်းတို့၊ ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံးသော အနာရောဂါမည်၏။ ခန္ဓာငါးပါး သင်္ခါရတရား တို့သည် အလွန်ကဲဆုံးသော ဆင်းရဲတို့ မည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံးသော ချမ်းသာ မည်၏။ ပညာရှိသည် ဤသို့ ဟုတ်တိုင်းမှန်စွာ သိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏" ဟူ၍ ဂါထာဖြင့် တရားဟောတော်မူ၏။

စာလိယတောင်၌ ၁၈၀၊၁၉ ဝါမြောက်နှစ်ပါကပ်ဆိုခြင်း

၁၈၀။ အာဋ္ဌဝီပြည်မှ ရက္ကန်းသည်သမီးငယ်ကို သွားချွတ်ခြင်း

ဘုရားရှင်သည် သာဝတ္ထိပြည်မှ အာဋ္ဌဝီပြည်သို့ကြွ၍ နွားပျောက်ရှာသည့် ဆင်းရဲသားအစရှိသော ကျွတ်ထိုက်သည့် သတ္တဝါတို့အား စရိုက်အားလျော်စွာ တရားဟောကြားပြီးနောက် ပြန်ကြွလာကာ (သာဝတ္ထိပြည်အနီးရှိ) 'စာလိယ'တောင်ကျောင်း၌ အဌာရသမ (တဆယ့်ရှစ်ဝါမြောက်)ဝါကပ် သီတင်းသုံးတော်မူကာ ကျွတ်ထိုက်သည့်သတ္တဝါတို့အား တရားဟောကြား ချေချွတ်တော်မူ၏။ ဝါကျွတ်လျှင် သာဝတ္ထိပြည်သို့ကြွ၍ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၏။

တနေ့သ၌ ဘုရားရှင်သည် မိုးသောက်ယံ၌ သတ္တလောကကို ကြည့်ရှုသော် လွန်ခဲ့သော သုံးနှစ် (တဆယ့်ခြောက်ဝါမြောက်)ကပင် ဘုရားရှင် ဟောကြားသည့်အတိုင်း 'မရဏသတိ'ကမ္မဋ္ဌာန်းကို အမြဲမပြတ်ပွားများလာခဲ့ပေသော ရက္ကန်းသည်၏သမီးကိုမြင်တော်မူ၍ ဆင်ခြင်လျှင် 'သောတာပန်-ဖြစ်လတံ့'သည်ကိုမြင်တော်မူ၏။ သို့ဖြစ်၍ ဘုရားရှင်သည် ရဟန်းငါးရာခြံရံလျက် ဇေတဝန်ကျောင်းမှထွက်၍ ဒေသစာရီကြွတော်မူ၏။ အာဋ္ဌဝီပြည်သို့ ရောက်လျှင် 'အဂ္ဂါဋ္ဌဝက'မည်သော ကျောင်းတိုက်သို့ကြွ၍ သီတင်းသုံးတော်မူ၏။

အာဋ္ဌဝီပြည်သားတို့လည်း "ဘုရားရှင်ကြွလာကြောင်း" ကြားကြလျှင် ဘုရားရှင်ထံသွားရောက်ဖူးမျှော်၍ ဆွမ်းပင့်ဖိတ်ကြလေ၏။ ထိုရက္ကန်းသည်မ

၏ သမီးပျိုလည်း ထိုအကြောင်းကိုကြားလျှင် "ငါသည်ဘုရားရှင်ကိုမဖူးမြင်ရသည်မှာ ကြာပေပြီ။ ယခုဘုရားရှင်ကို ဖူးမြင်ရန်, တရားတော်ကို နာယူရန် အခွင့်ရပေပြီ" ဟု ဝမ် မြောက်ဝမ်းသာ ရှိနေပေ၏။

နောက်တနေ့နံနက်တွင် အာဌစီ ပြည်သားတို့သည် ဘုရားရှင်အမှူးရှိသော ရဟန်းသံဃာအပေါင်းအား ဆွမ်း ဘောဇဉ်တို့ဖြင့် ဆက်ကပ် လုပ်ကျွေးပြီးသော် အနုမောဒနာတရားကို နားကြားရန် စီမံကြလေ၏။ ထိုရက္ကန်းသည် သမီးလည်း ဘခင်မှာကြားခိုင်းထားသည့် ရက်ဖောက်လုံးခြင်းကိစ္စကို လုပ်မပြီးသေး၍ ဘုရားရှင်ထံ မသွားနိုင်သေးပေ။

ဘုရားရှင်လည်း "ငါသည် ဤမိန်းကလေးအတွက် ဤယူဇနာသုံးဆယ်ခရီးဝေးကြီးကို ကြွလာခဲ့ရပေ၏။ သူလာမှ တရားဟောကြားသင့်၏" ဟုကြံ၍ တရားမဟောသေးဘဲ နေတော်မူ၏။

ထိုမိန်းမငယ်လည်း ရက်ဖောက်လုံးခြင်းကိစ္စပြီးလျှင် ဘုရားရှင် ရှိရာသို့ လျှင်စွာသွားပြီး ပရိသတ်အစွန်၌နေ၍ ဖူးမြော်လျက်သာ နေလေ၏။ ဘုရားရှင်လည်းမော့၍ ထိုသတို့သမီးကို ကြည့်တော်မူ၏။

ထိုသတို့သမီးလည်း ထိုအခြင်းအရာကိုမြင်လျှင် "ဘုရားရှင်သည် ငါ့ကို ကြည့်တော်မူသည်မှာ ငါ့ကိုအနီးသို့ လာစေလိုသည်ထင်၏" ဟုရိပ်မိ၍ ဘုရားရှင် အနီးသို့သွားရောက်ဆည်းကပ်ကာ နေလေ၏။ ထိုအခါ ဘုရားရှင်က သူမအား ဤသို့ ပြဿနာလေးရပ်ကို မေး၍ ဖြေစေတော်မူ၏။

(၁) "သတို့သမီးငယ်၊ သင်သည် ဘယ်ကလာသနည်း"
"မသိပါ ဘုရား"

(၂) "သင် ဘယ်ကို သွားမည်နည်း"
"မသိပါဘုရား"

(၃) "သင် မသိဘူးလော"
"သိပါ၏ ဘုရား"

(၄) "သင်သိ၏လော"
"မသိပါ ဘုရား"

ထိုအခါ အဓိပ္ပာယ်ကို မသိကြသော လူအပေါင်းတို့က "ကြည့်ကြစမ်း။ ဤရက္ကန်းသည် သမီးက ဘုရားရှင်နှင့်အတူ မဟုတ်မဟတ် ရောက်တတ်ရာရာ ပြောချင်ရာ ပြောဘိ၏" ဟု ကဲ့ရဲ့ကြလေ၏။

ထိုနောက် ဘုရားရှင်က လူအပေါင်းကို အသံတိတ်အောင် ပြုတော်မူပြီးလျှင် ထိုရက္ကန်းသည် သမီးအား "အဘယ့်ကြောင့် ဤသို့ ဖြေသနည်း" ဟု

အမေးလေးတွေ,အဖြေလေးရပ်နှင့် ပတ်သက်၍တဖန်မေးတော်မူ၏။ထိုသတ့ိ သမီးငယ်က-

(၁) " 'သင်ဘယ်ကလာသနည်း'ဟု ဘုရားရှင် မေးတော်မူခြင်းမှာ 'ဘယ်ဘုံဘဝက လာသနည်း'ဟု မေးတော်မူသည်ဖြစ်၍'မသိပါ ဘုရား'ဟု ဖြေခြင်း ဖြစ်ပါ၏။

(၂) 'သင် ဘယ်ကို သွားမည်နည်း'ဟု ဘုရားရှင် မေးတော်မူခြင်းမှာ 'ဘယ်ဘုံဘယ်ဘဝသို့သွားမည်နည်း'ဟုမေးတော်မူလိုသည်ဖြစ်၍ 'မသိပါဘုရား'ဟု ဖြေခြင်း ဖြစ်ပါ၏။

(၃) 'သင် မသိသလော'ဟု ဘုရားရှင် မေးတော်မူခြင်းမှာ 'သင်သေရ မည်ကို မသိသလော'ဟု မေးတော်မူလိုသည်ဖြစ်၍ 'သိပါ၏ ဘုရား'ဟု ဖြေရခြင်း ဖြစ်ပါ၏။

(၄) 'သင် သိသလော'ဟုဘုရားရှင်မေးတော်မူခြင်းမှာ 'သင်ဘယ်တော့ သေရမည်ကို သိသလော'ဟု မေးတော်မူလိုသည်ဖြစ်၍ 'မသိပါ ဘုရား'ဟု ဖြေခြင်း ဖြစ်ပါ၏။

ဟူအကြောင်းပြချက်များနှင့်တကွ ဖြေကြားလေ၏။

ဘုရားရှင်လည်း ထိုသသို့သမီးငယ် ဖြေတိုင်း ဖြေတိုင်း 'သာဓု-သာဓု' ဟု၍ကောင်းချီးပေးတော်မူပြီးနောက် ကဲ့ရဲ့ကြသည့် လူတို့အား "ဒါယကာ တို့၊ သင်တို့သည် ဤသတို့သမီးငယ် ဖြေကြားသည့် ဤမျှလောက်သော အနက်အဓိပ္ပာယ်ကိုပင် မသိကြဘဲ သက်သက် ကဲ့ရဲ့ကုန်ဘိ၏။ မှန်၏။ ပညာ မရှိသော သူတို့သည် သူကန်းတို့သာတည်း။ ပညာမျက်စိရှိသော သူတို့သာ မျက်စိအမြင်ရှိသူတို့ ဖြစ်ကုန်၏"ဟု မိန့်တော်မူပြီးနောက်-

"ဤလောကလူအပေါင်းသည် ပညာမျက်စိမရှိ အကန်းအတိသာဖြစ်၏။ ဤလောက၌ လူအနည်းငယ်သာ (လက္ခဏာယာဉ် သုံးချက်တင်၍) ရှုမြင် နိုင်၏။ ပိုက်ကွန်မှလွတ်သောငှက်သည် နည်းပါးသကဲ့သို့ ထို့အတူ လူအနည်း ငယ်မျှသာနတ်ရွာနိဗ္ဗာန်သို့ရောက်၏"ဟူ၍ဂါထာဖြင့် ဟောကြားတော်မူ၏။ ဤတရားကို ကြားနာပြီးသော် ထိုရက္ကန်းသည် သမီးငယ်သည် သောတာပန် ဖြစ်သွားလေ၏။

ဘုရားရှင်သည် (တဆယ့်ရှစ်ဝါမြောက် ဝါဆိုပြီးနောက်) အာဋ္ဌဝီပြည် အစရှိသော ထိုထိုအရပ်ဒေသသို့ ခရီးဒေသစာရီ ကြွချီတော်မူ၍ တရားရေ အေး အမြိုကဆေးကို လူနတ်တို့အား တိုက်ကျွေးတော်မူပြီးလျှင် တဆယ့်ကိုး ဝါမြောက်ဝါကို (သာဝတ္ထိပြည်အနီး) 'စာလိယတောင်ကျောင်း' ၌ပင်

ဝါကပ် သီတင်းသုံးတော်မူလျက်ကျတ်ထိုက်သောဝေနေယျသတ္တဝါတို့အား တရားဟောကာ ချေချွတ်တော်မူလေ၏။

ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

၁၈၁။ ကုက္ကုဋ္ဌတွင် မုဆိုးမိသားစုကို ချေချွတ်ခြင်း

ရာဇဂြိုဟ်ပြည်သို့ ဘုရားရှင်ပထမဦးဆုံး ကြွရောက်စဉ်ကပင် တရားတော်ကို ကြားနာရရှိသောတာပန်ဖြစ်လေပြီးသော သူဌေးသမီးတဦးသည်ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်၌နေရာ တနေ့သ၌ မြို့ထဲသို့ သမင်များ လှည့်လည်ရောင်းသော 'ကုက္ကုဋ္ဌမိတ္တ'အမည်ရှိသော မုဆိုးကြီးကို လေသာပြူတင်းမှ မြင်လျှင်မြင်ချင်း ချစ်ကြိုက်သဖြင့် မိဘတို့ကို အသိမပေးဘဲ ထိုမုဆိုးကြီးမြို့မှ ပြန်ထွက်သွားသော် သူ့နောက်သို့လိုက်သွားပြီးရှာတရှာ၌အိမ်ထောင်ပြုကာနေလေ၏။ သူဌေးသမီးလည်း ထိုမုဆိုးကြီးနှင့် သားခုနစ်ဦးကိုရ၏။ ထိုသားအားလုံးလည်း အရွယ်ရောက်လျှင် အသီးသီး အိမ်ထောင်ပြုကြလေ၏။

ဘုရားရှည်သည် စာလိယတောင်ကျောင်း၌ တဆယ့်ကိုးဝါမြောက် ဝါကပ်ပြီး၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ကြွလာ၍ 'သီတင်းသုံးနေစဉ် တနေ့သောနံနက် မိုးသောက်ယံတွင် သတ္တလောကကို ကြည့်ရှုသော် ထိုမုဆိုးကြီးနှင့်တကွ သားခုနစ်ဦး၊ ချွေးမခုနစ်ဦး၊ (ပေါင်းတဆယ့်ငါးဦး) တို့ကိုတင်၍ "သောတာပန်ဖြစ်လတံ့"သည်ကို ဆင်ခြင်သိမြင်တော်မူ၏။

ဘုရားရှင်သည် သပိတ်သင်္ကန်းကိုယူပြီး ထိုမုဆိုးကြီးကျော့ကွင်း ထောင ထားသည့် အရပ်သို့ ကြွတော်မူ၍ ကျော့ကွင်းများအနီး၌ ခြေတော်ရာကို ချထားခဲ့ပြီး ရှေ့နားရှိ ချုံတခု၏ အရိပ်အောက်၌ နေတော်မူနှင့်၏။ ထိုမုဆိုးကြီးလည်း နံနက်စောစော လေးမြားတို့ကိုယူပြီး ကျော့ကွင်းများ ထောင်ရာ အရပ်သို့ သွားလျှင် ကျော့ကွင်း၌ သားကောင်မိသည်ကို မတွေ့ရဘဲ ခြေတော်ရာကိုသာ တွေ့မြင်ရလေ၏။ "ဘယ်သူကများ ငါ့ကျော့ကွင်း၌ မိသည့်သမင်ကို လွှတ်ပစ်လေသနည်း"ဟုကြုံလျက် ရန်ငြိုးဖွဲ့ကာသွားသော် ရှေ့နားရှိ ချုံတခုအောက်၌ ထိုင်နေတော်မူသော ဘုရားရှင်ကို မြင်လေ၏။

"ဤသူပင် ငါ့ကျော့ကွင်း၌ မိသည့် သမင်ကို လွှတ်ပစ်သည် ဖြစ်မည်။ လေးဖြင့် ပစ်သတ်အံ့"ဟုကြုံ၍ လေးကို တင်လေ၏။ ဘုရားရှင်သည် လေးကိုသာ တင်ခွင့်ပေးပြီး မြားကိုမူ လွှတ်ခွင့်မပေးဘဲ တန်ခိုးဖြင့် တားမြစ်ထား

၏။ မုဆိုးလည်း မြားကို မလွှတ်နိုင်ဘဲ ပင်ပန်း၍ ပါစပ်မှ တံတွေးတစိစိ ယိုစီးကာ ကျောက်ရုပ်ပမာ ထိုင်လျက်သာ တည်ရှိနေလေသည်။

မုဆိုး၏ သားတို့လည်း အိမ်သို့သွားကြ၍ "ငါတို့ ဘခင် အဘယ့်ကြောင့် ကြာနေဘိသနည်း" ဟု လေးကိုယ်စီယူကာ သွားကြပြီး ထိုသို့ ဖြစ်ပျက်နေသည့် ဘခင်ကို မြင်လျှင် "ဤသူကား ငါတို့ဖခင်၏ ရန်သူတည်း" ဟု လေးကို ကိုယ်စီတင်သော် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် မြားကို မလွှတ်နိုင်ဘဲ ဘခင်နည်းတူပင် ကျောက်ရုပ်ပမာ ရပ်တည်လျက်သာနေကြကုန်၏။ ထိုအခါ မိခင်သည် "ငါ့သားတို့ ကြာချေပြီ၊ အကြောင်းအသို့နည်း" ဟု ချွးမခုနစ်ယောက်တို့နှင့်အတူ နောက်ကလိုက်သွားကြသော် ထိုသို့ဖြစ်ပျက်နေသည့် သားအဖရှစ်ယောက်တို့နှင့်တကွ ဘုရားရှင်ကိုမြင်လျှင် လက်တို့ကို မြောက်လျက် "ငါ့ဘခင်ကို မသတ်ကြနှင့်" ဟု သည်းစွာ အော်လေသည်။

ထိုအသံကိုကြားလျှင် မုဆိုးကြီးသည် "ငါ့ယောကျ်မပေတည်း" ဟူ၍ ၎င်း၊ သားခုနစ်ဦးတို့ကလည်း "ငါတို့၏ အဘိုးဖြစ်ပေ၏" ဟူ၍၎င်း ထင်မှတ်ကြ၍ ချစ်ခင် မြတ်နိုးစိတ်ကို ဖြစ်စေကုန်၏။ မိခင် သူဌေးသမီးလည်း "လေးတို့ကို မြန်မြန်စွန့်ပစ်၍ ငါ့ဘခင်ကို ကန်တော့ကြလော့" ဟု ဆိုလေ၏။

ဘုရားရှင်သည် ထိုသူ ရှစ်ဦးတို့၏ စိတ်နှလုံးညံ့သည့်အဖြစ်ကိုသိ၍ လေးတို့ကို ချခွင့်ပေးတော်မူ၏။ ထိုသူအားလုံးက တောင်းပန် ကန်တော့ကြပြီးသော် ဘုရားရှင်က "ဒါန၊ သီလ၊ သဂ္ဂ ကာမာနံ အာဒီနဝ၊နေက္ခမေ အာနိသံသ" တည်းဟူသော အစဉ်အတိုင်းသော တရားစကားတို့ကို ဟောကြားတော်မူ၏။ ထိုတရားတော်ကို ကြားနာပြီးသော် မုဆိုးကြီးနှင့်တကွ သား ချွးမ တဆယ့်ငါးဦးလုံး သောတာပန် ဖြစ်ကြလေ၏။ ဘုရားရှင်လည်း ရာဇဂြိုဟ် ပြည်တွင်းသို့ ဆွမ်းခံကြွ၍ ဘုဉ်းပေးပြီးလျှင် နေလွဲချိန်မှ ကျောင်းသို့ ကြွတော်မူ၏။

အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ အဘယ်အရပ်သို့ ကြွနေတော်မူပါသနည်း" ဟု မေးလျှောက်သော် ဘုရားရှင်က ထိုအကြောင်းအရာ အလုံးစုံကို ပြန်လည် မိန့်ကြားတော်မူ၏။

ထိုအခါ ရဟန်းတို့က "မြတ်စွာဘုရား၊ သူဌေးသမီးသည် သောတာပန်ဖြစ်ပါလျက် မုဆိုးကြီးအား ပိုက်ကွန်, လေး, မြား, လှံ စသည့်သားသတ်လက်နက်များကို ယူပေးရသဖြင့် သူ့အသက် သတ်ခြင်း၌ ပါဝင်ပတ်သက်နေသည် မဟုတ်ပါလော" ဟု မေးလျှောက်ကြ၏။

ဘုရားရှင်က "ရဟန်းတို့၊ သောတာပန်တို့ မည်သည် သူ့အသက်ကို မသတ်ကုန်။ သေစေလိုသောစိတ်လည်း မရှိကုန်။ စင်စစ် ထိုသူငှေးသမီး သည် ဝတ္တရားအရ လင့်စကားကို လိုက်နာရန် လင်ဆိုတိုင်း ပြုပေးခြင်းသာ ဖြစ်၏။ ထိုသူငှေးသမီးမှာ သေစေလိုသော စိတ်မရှိ။ အနာမရှိသောလက်ဝါး ဖြင့် အဆိပ်ကို ကိုင်သော်လည်း ထိုအဆိပ်သည် မတက်မလောင်သကဲ့သို့ ထို့ အတူ ကုသိုလ်စေတနာ မရှိသဖြင့် မကောင်းမှုကို မပြုသောသူအား လေး စသည်တို့ကို ထုတ်ပေးသော်လည်း မကောင်းမှုကံမဖြစ်နိုင်"ဟူ၍ မိန့်တော် မူပြီး "လက်ဝါး၌ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်နိုင်၏။ အဆိပ် သည် အနာ မရှိသောလက်သို့ အစဉ် မလျှောက်နိုင်။ စေတနာဖြင့် ပြုသူ မဟုတ်သော ပုဂ္ဂိုလ်အား အကုသိုလ်မဖြစ်ပေ"ဟူ၍ ဂါထာဖြင့် ဟောတော် မူလေ၏။

ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွခြင်း

၁၈၂။ သနားစဘွယ်ဖြစ်သော အာနန္ဒသူငှေးကြီး

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူလျက် 'ကုက္ကုဋ္ဌမိတ္တ' မုဆိုးမိသားစု အစရှိသော ကျွတ်ထိုက်သည့် သတ္တဝါတို့ကို ချွတ်တော်မူပြီး၍ ဒေသစာရီ ကြွချီရာ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။

သာဝတ္ထိပြည်၌ ကုဋ္ဌေရှစ်ဆယ် ကြွယ်ဝသော 'အာနန္ဒ'အမည်ရှိ သူငှေး ကြီးတဦးသည် မပေးမလှူ၊ မသုံးမစွဲ အလွန်ပင် နှမြောတွန့်တိုလှ၏။ သူသည် လခွဲတိုင်း ဆွေမျိုးတို့ကို စုဝေးစေ၍ မိမိ၏ သားဖြစ်သူ'မူလသီရိ'အား"ဤမျှ လောက်သော ပစ္စည်းဥစ္စာတို့ကို မျှားလှပြီဟု မမှတ်လင့်။ ရှိပြီးသော ပစ္စည်း ဥစ္စာကို မပေးကမ်းသင့်။ အသစ်ရသည့်ဥစ္စာကို ကြီးပွားစေအပ်၏။ တသပြာ မျှသော ဥစ္စာကိုလည်း ကုန်ခန်းပျက်စီးအောင် ပြုသူအား ဥစ္စာသည် တဖြည်း ဖြည်း ကုန်သည်သာတည်း"ဟု ဆုံးမလေ့ရှိ၏။

ထို့နောက် တနေ့သ၌ ထိုသူငှေးကြီးသည် မိမိ၏ ရွှေအိုးငါးလုံးထားရာ အရပ်ကို သားအား မပြောကြားဘဲ ဥစ္စာကို နှမြော တွန့်တိုသည့် စိတ်ဖြင့် သေလွန်သော် သာဝတ္ထိမြို့အနီးရှိ ဒွန်းစဏ္ဍားရွာတွင် ဒွန်းစဏ္ဍားမတဦး၏ ဝမ်း၌ ဖြစ်၏။ သူသန္ဓေတည်သည်မှစ၍ အခစားဖြင့် အလုပ်လုပ်ကြသည့် ဒွန်းစဏ္ဍားတို့သည် အခမရ။ အသက်မွေးမှု ကျပ်တီးလာသဖြင့် "ငါတို့

ရှာ၌ သူယုတ်မာရှိ၏''ဟု လူတဝက်စိ တဝက်စီ ခဲ့ထုတ်သော် နောက်ဆုံး ဒွန်းစက္ကားမတဦးသာ ကျန်ရှိပြီး ရှာမှ နှင်ထုတ်လေ၏။

ထိုဒွန်းစက္ကားမှ ဖွားမြင်သော သူငယ်မှာ 'လက်၊ ခြေ၊ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်' တို့သည် သဘာဝအတိုင်း ရှိမြဲသော နေရာ၌ မဖြစ်ကုန်ဘဲ အင်္ဂါချို့တဲ့သဖြင့် မြေဘုတ်ဘီလူးကဲ့သို့ အလွန်အမင်း အရုပ်ဆိုးလေ၏။ မိခင်ဖြစ်သူသည် သူငယ်ကို မစွန့်နိုင်သဖြင့် ချီပိုးလျက် လှည့်လည် တောင်းစားသော် ဘာမျှမရပေ။ သူငယ်ကို အိမ်မှာထားပြီး တဦးတည်း လှည့်လည် တောင်းသော် ရနေကျကို ရလေ၏။ သူမသည် ထိုသူငယ် လှည့်လည်တောင်းစားနိုင်သည့် အရွယ်သို့ ရောက်သော် သူ့လက်ထဲ၌ ခွက်တခု ထား၍ စွန့်ပစ်ထားခဲ့၏။

ထိုသူငယ်သည် သာဝတ္ထိပြည်၌ လှည့်လည်တောင်းသော် ရှေးဘဝက မိမိ၏ အိမ်နေရာသို့ ရောက်သွားလျင် ဘဝဟောင်းကို မှတ်မိ၍ အိမ်ထဲသို့ ဝင်သွား၏။ မူလသိရိသူဌေး၏ ဆားငယ်တို့သည် သူ့ကိုမြင်သော် လွန်စွာ ကြောက်လန့်ပြီး ငိုကြွေး မြည်ဟစ်ကြကုန်၏။ သူဌေး၏ အမှုလုပ်တို့က သူ့ကိုရိုက်နှက်၍ ဆဲငင်ပြီး အမိုက်စွန့်ရာ အရပ်၌ ပစ်ချထားကြလေ၏။

ထိုအခါ ဘုရားရှင်သည် အရှင်အာနန္ဒာနှင့်အတူ သာဝတ္ထိပြည် မြို့တွင်း ဆွမ်းခံ၍ ထိုအရပ်သို့ ရောက်တော်မူလျှင် အရှင်အာနန္ဒာအား မူလသိရိ သူဌေးကို ခေါ်စေပြီး "ဒါယကာ၊ ဤသူငယ်ကား သင်၏အဖ သူဌေးကြီး တည်း" ဟု မိန့်တော်မူ၏။ မူလသိရိသူဌေးက မယုံသဖြင့် ဘုရားရှင်သည် ထိုသူငယ်အား ဘဝဟောင်းက မြုပ်ထားခဲ့သည့် ရွှေအိုးကြီး ငါးလုံးကို ထုတ်ဖော် ပြောကြားစေ၏။ ထိုအခါမှ မူလသိရိသူဌေးသည် ယုံကြည်သွားပြီး ဘုရားရှင်အား ကိုးကွယ်ရာအဖြစ် ဆည်းကပ်လေ၏။

ထိုအခါ ဘုရားရှင်က သူဌေးအား "လူမိုက်သည် 'ငါမှာ သားသမီးများရှိ၏။ ငါ့မှာ ပစ္စည်းဥစ္စာရှိ၏' ဟူ၍ တကျွာစဲဖြင့် စိုးရိမ်ပူပန်နေ၏။ အမှန်အားဖြင့် မိမိသည်ပင် မိမိအား စိုးပိုင်ခြင်း မရှိရကား သားသမီးများသည် အဘယ်မှာ ရှိနိုင်အုံနည်း။ ပစ္စည်းဥစ္စာသည် အဘယ်မှာရှိနိုင်အုံနည်း (မရှိနိုင်သည်သာတည်း)" ဟူ၍ ဂါထာဖြင့် တရားဟောတော်မူလေ၏။

၁၈၃။ အင်္ဂုလိမာလလူဆိုးကြီးကို ချုတ်ခြင်း

ကောသလတိုင်း သာဝတ္ထိပြည်ဝယ်ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ်ဖြစ်သော 'အန္တက'ပုဏ္ဏား၏မယား 'မန္တာနီ'ပုဏ္ဏေးမသည် တနေ့သ၌အဆင်း

အင်္ဂါနှင့် ပြည့်စုံသော သားတဦးကို ဖွားမြင်၏။ ထိုသား ဖွားသည်နှင့် တပြိုင်နက် ပြည်သူတို့၏ အသုံးအဆောင် လက်နက်ကရိယာတို့ အလျှံအဝါ တောက်ပကုန်၏။ နန်းတော်ရှိ ဓား, လှံ, သန်လျက်, လက်နက်တို့၏ အရောင်လည်း တဝင်းဝင်းတောက်ပကုန်၏။ သားဖွားသည့် ခဏ၌ပင် ပုရောဟိတ် ပုဏ္ဏားသည် ထွက်၍ နက္ခတ်ကိုကြည့်သော် 'စောရ' နက္ခတ်နှင့် ယှဉ်သည်ကို မြင်၍ "ငါ့သားသည် ခိုးသူလူဆိုးကြီး ဖြစ်လတံ့" ဟု သိလေ၏။

နောက် သူသည် မင်းကြီးထံ သွားခစားသော် မင်းကြီးက "ဆရာ၊ ယနေ့ နန်းတော်ရှိ ဓား, လှံ, သန်လျက် လက်နက် အပေါင်းတို့သည် အလျှံအဝါ တောက်ပကုန်၏။ အသက်အန္တရာယ်လော၊ ပြည်၏ အန္တရာယ်လော" ဟု မေး၏။

ပုရောဟိတ်က "အရှင်မင်းကြီး၊ မစိုးရိမ်ပါလင့်။ ထိုအန္တရာယ်မျိုး မရှိပါ။ ကျွန်ုပ်အိမ်၌ ယနေ့ညတွင် သားကိုဖွား၏။ ထိုသားသည် လူဆိုးကြီးဖြစ်လတံ့သော ပုဗ္ဗနိမိတ်တည်း။ သူသည် တဦးတည်းဆိုးသွမ်းလတံ့။ သူ့ကိုသုတ်သင်လိုသော် သုတ်သင်ပါလော့" ဟု မိမိအပြစ်မဖြစ်အောင် ကြိုတင် လျှောက်ကြားလေ၏။

မင်းကြီးက "ဆရာ၊ တဦးတည်းဆိုးသွမ်းလျှင် မှုစရာမရှိပါ။ ထိုသားကို ကောင်းစွာသာ မွေးမြူပါလော့" ဟု မိန့်ဆို၏။ သို့ဖြစ်၍ ပုဏ္ဏားလည်း သားကို ကြောင့်ကြမဲ့ မွေးမြူ၍ အမည်မှည့်အံ့သောအခါ "ဤသူငယ်သည် ငါတို့အမျိုးအနွယ်ကိုမည်းဆဲလတံ့" ဟူသော ပုဗ္ဗနိမိတ်ကိုယူ၍ 'အဟိ သက' ဟု အမည်ပေး၏။ သူသည် အရွယ်ရောက်လာသော 'အဟိ သက'ကို "လူမှန်, လူချွန်ဖြစ်၍ မိတ်ဆွေပါစေလိုသဖြင့်" တက္ကသိုလ်ပြည်သို့ စေလွှတ်ကာ ဒိသာပါမောက္ခ ဆရာကြီးထံ၌ အခမဲပေးရဘဲ ကျွန်ကဲ့သို့ဆရာအား လုပ်ကျွေးပြုစုရသော တပည့်ရင်းအဖြစ်ဖြင့် အတတ်ပညာများကို သင်ယူစေ၏။

အဟိ သကသည် နှစ်စဉ် အတတ်ပညာများကိုသင်ယူလျက် အခါခပ်သိမ်း ဆရာ့အလိုသို့ လိုက်၍ အတွင်းနေ တပည့်အဖြစ်ဖြင့် ဆရာအား ပြုဘွယ်ကိစ္စ ဟူသမျှကို ဆောင်ရွက်သဖြင့် တခြားတပည့်များပင် ဆောင်ရွက်ခွင့် မရကြပေ။ ဆရာကလည်းသူ့ကို သားအရင်းကဲ့သို့ ချစ်မြတ်နိုး၍ အတတ်အမျိုးမျိုးကို သင်ပေးလေ၏။ အဟိ သကလည်း တခြား တပည့်များထက် ထူးချွန်စွာ တတ်မြောက်လေ၏။

ထိုအခါ ရှေးဦးစွာ ပညာသင်ယူကြသည့် တပည့်တို့သည် စုဝေးကြပြီး "ဤအဟိ သက ရောက်လာသည်မှ စ၍ ဆရာသည် ငါတို့ကို သတိမရသကဲ့သို့

ဖြစ်၏။ ဤသူ့အား ဆရာက မုန်းတီးလာအောင် ဆရာ့မယားနှင့်စပ်စဲ့ပြော ဆိုကြကုန်အံ့”ဟု တိုင်ပင်ကြပြီး သုံးစုခဲ့ကာ တဖွဲ့ပြီးတဖွဲ့ ဆရာ့ဆီ သွားကြ၍ “ဆရာ၊ဆရာချစ်သော အဟိ သကသည် ဆရာ့မိန်းမနှင့်ချစ်ကျွမ်းဝင်၍ဆရာ့ကိုပင် ရန်မူလတံ့ဟု ကျွန်ုပ်တို့ထင်မိပါ၏”ဟူ၍ ဂုံးစကား ပြောကြကုန်၏။

ဆရာသည် ပထမ, ဒုတိယအဖွဲ့ လာပြောသောအခါ မယုံသည်သာမက ထိုသူတို့အား အမျက်ထွက်ပြီး တံတွေးဖြင့်ပင် ထွေးလိုက်၏။နောက် တတိယအဖွဲ့က ထို့အတူ လာပြောသော် ဆရာလည်း သံသယဝင်ကာ အဟိ သက၏ အမှုအရာတို့ကို ကြည့်ရှုအကဲခတ်၏။ အဟိ သကကို ဆရာနှင့်မိသားစုအားလုံးက အလွန်ချစ်ကြပြီး ရင်းနှီးစွာ အရောတဝင် ပြုလုပ်ကြသည်။ ဆရာလည်း ရင်းနှီးစွာ ရောနှောသည်ကို မြင်လျှင် မုန်းတီးလာသဖြင့် အဟိ သကကို သူတပါးတို့ အပြစ်ပြောမည်မှလည်း လွတ်အောင် ဖျက်ဆီးရန် ကြံလေ၏။

အကြံရလျှင် ဆရာသည် အဟိ သကကို ခေါ်၍ “ချစ်သားအဟိ သက၊ သင်ကဲ့သို့ ပညာထက်မြက်၍ တပည့်ဝတ်ကို အထူးကျေပွန်သော အမျိုးမြတ် တပည့်ကောင်းကို ရခဲ၏။ သင့်အား ငါသိသမျှ အတတ်အားလုံးကို သင်ပေးအံ့။ သို့ရာတွင် ငါ့အား ပူဇော်အထူးဖြင့် ပူဇော်မှ ငါအကုန် သင်ပေးထိုက်ချေ၏။ သင်ပူဇော်နိုင်အံ့လော”ဟု ဆို၏။

အဟိ သကလည်း “ဆရာ၊ အဘယ်သို့ ပြုရမည်ကိုသာ ပြောပါလော့။ ကျွန်ုပ်ပူဇော်ပါအံ့”ဟု ဝန်ခံသော်-

ဆရာက “သင်ချစ်သားသည် ငါ့အား လူ၏လက်ညှိုးတထောင်ဖြင့် ပူဇော်ရပေမည်”ဟု ဆို၏။

ထိုစကားကိုကြားလျှင် အဟိ သကလည်း“ဆရာ၊ မစိုးရိမ်လင့် လျှင်စွာ ပြည့်စုံစေအံ့”ဟု ဆို၍ ဆရာကို ရှိခိုးပြီးသော် ကြီးစွာသော သန်လျက်, လှံ, ဓား, လေး, မြား, မီးပေါက်ဟူသော လက်နက်ငါးမျိုးကို ကိုင်ဆောင်လျက် မြို့မှ ထွက်ခွာသွားလေ၏။

အဟိ သကသည် တောအုပ်တခုဦးနေပြီးလျှင် ခရီးသွားကုန်သော မိန်းမ, ယောကျ်ားတို့ကို ဖမ်းကာ ဖမ်းကာ သတ်လျက် လက်ညှိုးနှစ်ချောင်းကိုသာ ဖြတ်ယူ၏။ သူသည် ပကတိသဘောအားဖြင့် အလွန် ပညာရှိသူ ဖြစ်သော်လည်း လူတို့ကို သတ်ဖန်များသဖြင့် စိတ်ပျံ့လွင့်လေရကား ရသော လက်ချောင်းကိုမျှ မရေတွက်ဘဲ သစ်ခက်သစ်ခွ စသည်တို့ဦးသာ စုထား၍ ကျီးငှက်စသည်တို့ လာစားကြသဖြင့် ရသမျှ လက်ချောင်းများ ပျောက်ပျက်သွားလေကုန်၏။

ထိုအခါ သူသည် "ဤသို့ထားရန်မသင့်" ဟုကြံ၍ နောင်တွင် ရသမျှ လက်ညှိုးတို့ကို ကြိုးဖြင့် ပန်းကုံးကဲ့သို့သီ၍ လည်တွင် ဆွဲထားလေ၏။ ထိုအခါမှ စရှိ သူ့အား "အင်္ဂုလိမာလ" (လက်ညှိုး ပန်းကုံးဆင်ထားသူ) ဟု လူတို့က ခေါ်ဆိုကြကုန်၏။ ထိုတောအုပ်သို့ လူတို့သည် ထင်းခုတ်, ဟင်းရွက်ခူးမျှ မသွားဝံ့ကုန်ရကား ထိုတောမှာ လူတဦးမျှမရှိဘဲ ဆိတ်ငြိမ် သွားလေ၏။

အင်္ဂုလိမာလလည်း ခရီးသွားလူတို့ကို မမြင်လျှင် ညအခါ ရွာတွင်းသို့ ဝင်၍ အိမ်ထဲသို့ ဖောက်ဝင်ကာ ယောကျ်ား, မိန်းမဖမ်းမိသမျှသော လူကို သတ်၍ လက်ညှိုးနှစ်ချောင်းကို ဖြတ်ယူပြီး 'ဇာလိနီ' မည်သော တောအုပ်သို့ ပြေးဝင်လေ၏။ သူသည်တဟုန်တည်းဖြင့် သုံးယူဇနာခရီးကို ခုန်ပျံကျော်လွှား ပြေးသွားနိုင်ခဲ့သူဖြစ်ရကား လူတို့က စုဝေးလိုက်ကြသော်လည်း မမှီကြချေ။ နေ့အခါ၌ လူတဦးကိုမြင်လျှင် လျင်မြန်သည့် အဟုန်ဖြင့် ပြေးလိုက်ပြီး ဦးခေါင်းကိုဖြတ်၍ သတ်နိုင်စွမ်း ရှိ၏။ ဤသို့သော နည်းဖြင့် နေ့ရောညပါ လူတို့ကို သတ်ဖြတ်လေရကား ကျေးရွာငယ်အများပျက်စီး၍ ရွာကြီးနိဂုံးသို့ ပေါင်းရုံးကာ နေကြရကုန်၏။ ထိုရွာကြီးတို့၌ ထို့အတူ အင်္ဂုလိမာလ ဝင်ပြန်လျှင် လူတို့သည် သားသမီး မြေးတို့ကို ခေါ်ဆောင်၍ သာဝတ္ထိပြည် အနီးသို့ လာရောက်ကြပြီး ဆူးတပ်လုံစွာဖြင့် ကာရံနေကြလေ၏။

ထိုသူတို့သည် ကောသလ မင်းကြီးထံသို့ သွား၍ "အရှင်မင်းကြီး၊ အင်္ဂုလိမာလ မည်သော ခိုးသားသည် မြင်မြင်သမျှသော ယောကျ်ား မိန်းမတို့ကို သတ်၍ အရပ်ရပ်ကျေးရွာတို့ များစွာ ပျက်စီးကုန်ပြီ။ ဤခိုးသူကို ဖယ်ရှားတော်မူပါ" ဟု လျှောက်ကုန်၏။

ကောသလမင်းကြီးလည်း ထိုသတင်းကို ကြားလျှင်ပင် အလွန်ထိတ်လန့်ရကား မဖမ်းဝံ့သော်လည်း ပြည်သူတို့အား နှစ်သိမ့်စေရန် "သင်တို့ မစိုးရိမ်ကြလင့်။ ငါသည် နက်ဖြန် မြင်းစီးသူရဲ ငါးရာနှင့် အင်္ဂုလိမာလကို ဖမ်းယူစေအံ့" ဟု ဆိုလိုက်၏။

ထိုစ ၁ ကို ပုရောဟိတ်ကြားလျှင် အိမ်သို့ ပြန်လာ၍ 'မန္တာနီပုလွေးမ' အား "ရှင်မ၊ ယခု လူတို့ကိုသတ်၍ လက်ညှိုးတို့ကို ဖြတ်ယူသော အင်္ဂုလိမာလကား တခြားမဟုတ်၊ ငါတို့သားတည်း။ မင်းကြီးသည် နက်ဖြန် မြင်းငါးရာဖြင့် သွား၍ သူ့ကို ဖမ်းယူလတံ့" ဟု ပြောကြားလေ၏။

ထိုစကားကိုကြားလျှင် ပုလွေးမသည် လင်အား ထိုသားကို သွားခေါ်ခိုင်း၍ မရသဖြင့် "အကျွန်ုပ် သွားခေါ်ပါအံ့" ဟု ဆို၏။

သူသည် လင်က တားသော်လည်း "အရှင်၊ ကျွန်ုပ်ကို သတ်ချင် သတ်ပစေ။သားသေခြင်းကို မမြင်လိုပါ"ဟု ဆိုကာ နောက်တနေ့ နံနက်စော စော ထမင်းစားပြီး သား အဂ်ုလိမာလရှိရာ တောအုပ်သို့ ရှေးရှုသွားလေ၏။

ထိုအခါအင်္ဂုလိမာလသည် မိမိရပြီးသော လက်သြိးတို့ကို ရေတွက်ကြည့်သော် တထောင်ပြည့်ရန်တယောက်သာလိုတော့သည်ကို တွေ့မြင်လျှင် "ယနေ့ငါသည် ရှေးဦးစွာမြင်သော သူတဦးဦးကို သတ်ပြီး လက်သြိးတထောင်ကို ပြည့်စေ၍ ဆရာအားပူဇော်ပြီး ကြီးမြတ်သော အတတ်ကို လျင်စွာ သင်၍ မိဘထံ ပြန်တော့အံ့"ဟု ကြံလျက် တောအုပ်အဝသို့ သွား၍ ပုန်းကွယ်ကာနေ၏။

မိခင်ဖြစ်သူ 'မန္တာနီ' ပုဏ္ဏားမလည်း'ဇာလိနီ'မည်သော တောအနီးသို့ရောက်သောအခါ "ချစ်သား၊ အင်္ဂုလိမာလ ကောသလ မင်းကြီးသည် ယခုနေ့ သင့်ကို ဖမ်းယူရန် မြင်းငါးရာဖြင့် ထွက်လာလတံ့။ သင်အသတ်ခံရတော့မည်။ မိခင်ထံ အမြန်လာလေလော့" ဟု ဟစ်အော်၍ သွား၏။ အင်္ဂုလိမာလလည်း အဝေးကလာသည်ကိုမြင်လျှင် "ဤမိန်းမကိုပင် သတ်၍ လက်သြိးကို ဖြတ်အံ့"ဟု ကြံလျက် နေလင့်၏။

ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူလျက်ရှိသောဘုရားရှင်သည် ထိုနေ့နံနက် မိုးသောက်ယံတွင် သဗ္ဗညုတစက္ခုဖြင့် လောကကို ကြည့်ရှုသော် အင်္ဂုလိမာလကို မြင်တော်မူ၍ "အင်္ဂုလိမာလ ရဟန္တာဖြစ်လတံ့" သည်ကို ဆင်ခြင်သိမြင်တော်မူလျှင် "ယနေ့ ငါသွား၍ တရားဟောရမူ (တဂါထာတည်းဖြင့်ပင်)အင်္ဂုလိမာလသည် ရဟန္တာဖြစ်ပေလတံ့။ ငါဘုရား မသွားမူ မိခင်ကို သတ်မိသဖြင့် အဓိစိဝရဲသို့ ကျရောက်ပေလတံ့"ဟု သိမြင်တော်မူ၏။

ထိုအခါ ဘုရားရှင်သည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွ၍ ဆွမ်းကိစ္စပြီးသော် ကိုယ်တော်တပါးတည်းသာလျှင် အင်္ဂုလိမာလရှိရာ တောအုပ်သို့ ကြွသွားတော်မူ၏။ တောအနီးသို့ ရောက်လျှင် သားထံသို့ သွားနေသော မန္တာနီ ပုဏ္ဏားမနှင့် အင်္ဂုလိမာလတို့ အကြားသို့ သွား၍ စင်္ကြံကြွတော်မူ၏။ အင်္ဂုလိမာလလည်း မထင်ရှားသောအသွင်ဖြင့်လာသော ဘုရားရှင်ကိုမြင်လျှင် "ဤရဟန်းကိုပင် သတ်တော့အံ့" ဟု ကြံလျက် ပုန်းကွယ်ရာမှ လျင်စွာထ၍ ပြေးလာ၏။

ဘုရားရှန်လည်း အင်္ဂုလိမာလမမှီနိုင်စေရန် တန်ခိုးဖြင့် ထက်ဝန်းကျင်မြေအရပ်ကိုလှိုင်းဝဲပိုးကဲ့သို့ နိမ့်ကွဲမြင့်တဲ့ခိုးလိုခုလု ဖြစ်နေစေပြီး ကိုယ်တော်

မြတ်မှကား ညီညာသော မြေပြင်အလယ်၌ သပ္ပာယ်စွာ ကြွနေတော်မူ၏။ အင်္ဂုလိမာလကို မြည်ရာအစသို့ ရောက်စေ၍လည်း ဘုရားရှင်သည် အလယ်ဌာနဖြင့် ကြွတော်မူ၏။

အင်္ဂုလိမာလလည်း မြေပြင်သို့ရောက်လျှင် "ငါလိုလူကို အဘယ်သူ ခံနိုင်အုံနည်း။ ဤမြည်ဝယ် အမှီလိုက်ပြီး ရဟန်းကြီး၏ လက်ရာကို ဖြတ်အုံ" ဟု လက်ပမ်းပေါက်ခတ်၍ ကြုံးဝါးပြီး အားသွန်ကာ ဝဟုန်တည်း ပြေးလိုက်ပါသော်လည်း အလယ်ဌာနမှ တဖြည်းဖြည်းကြွနေသော ဘုရားရှင်ကို မမှီနိုင်။ အတန်ငယ်နီး၍ လာလျှင်လည်း ကြီးစွာသော ချောင်းမြောင်း ကြမ်ပိုက် ခြားသကဲ့သို့ အနားသို့ မကပ်နိုင် ဖြစ်၏။

ဤနည်းဖြင့် အင်္ဂုလိမာလသည်သုံးယူဇနာခရီးမျှ ပြေးလိုက်ရလေလျှင် အလွန်ပင်ပန်းရကား ချွေးဒီးဒီးကျ၍ ခံတွင်းမှ တံတွေးတို့ ခန်းခြောက်ကုန်၏။ ထိုအခါ သူသည် "ရှေးက ငါလိုက်လျှင် သမင်, ဒရယ်, ယုန်, ကြောင်တို့မှ မလွတ်နိုင်။ ယခုမူ ဤရဟန်းကိုမျှ ငါမမှီနိုင်ချေ။ အံ့ဘွယ်ရှိပေစွ" ဟု ကြံမိလေ၏။

ယင်းသို့ ကြံပြီးနောက် "အရှင်ရဟန်း၊ ရပ်ဦးလော့၊ ရပ်ဦးလော့" ဟု ဆိုသော-

ဘုရားရှင်က "ငါကား ရပ်၏၊ သင်သာ မရပ်သတည်း" ဟု မိန့်တော်မူ၏။

"ဤမျှ မရပ်မနားသွားနေပါလျက် အဘယ့်ကြောင့် ငါကား ရပ်၏ဟု ဆိုပါသနည်း။ သင်သည် လိမ်ပြောဘိ၏" ဟု ဆိုလျှင်-

ဘုရားရှင်က "အချင်းအင်္ဂုလိမာလ၊ ငါသည် ဒုစရိုက်တို့ကို မလိုက်မစား ကြည်ရှောင်သည်ဖြစ်၍ အပါယ်လားခြင်းမရှိ။ သုဂတိတို့၏ အထွတ်အထိပ် ဖြစ်သည့် နိဗ္ဗာန်လမ်းဝ၌သာ တည်ရကား ရပ်သော်သူ မည်၏။ သင်ကား သတ္တဝါတို့ကို မသနားဘဲ ဒုစရိုက်မျှားစွာတို့ကို ပြုကျင့်သည်ဖြစ်၍ သေသော် အပါယ်လေးဌာနသို့ စင်စစ် သွားလတံ့သူ ဖြစ်ရကား ရပ်နားသည် မမည်။ သွားနေသည်ပင် မည်၏။ ထို့ကြောင့် ငါကားရပ်၏။ သင်ကား မရပ်ဟု ငါဆိုသတည်း" ဟု မိန့်တော်မူ၏။

ထိုစကားကိုကြားလျှင် အင်္ဂုလိမာလသည် "အနှစ်သာရရှိ၍ အသက်ထက်ဆုံး အောက်မေ့ဆိုက်သည့် ဤသို့သော စကားကို ဆိုတတ်သောသူကား လူသာမန်မဟုတ်။ သူဌေးဒနမင်းကြီး၏သား ဘုရားဆိုသော ပုဂ္ဂိုလ်ဖြစ်ရာ၏။ ကာလကြာမြင့်စွာ ငါဒုစရိုက်များစွာ ပြုမှားမိသဖြင့် ဒုဂ္ဂတိသို့ လားအုံသော အခြင်းအရာကိုမြင်၍ ဘုရားရှင်က သနားတော်မူပြီး ဤမြို့ဝင်တော်သို့ ကြွလာတော်မူပေ၏" ဟု မှတ်ယူလေ၏။

ထိုအခါ သူသည် အလွန်ကြည်ညွတ်သောစိတ် ရှိရကား ပီတိငါးဖြာနှံ့သော ကိုယ်ဖြင့် ရိုသေကျိုးနွံစွာ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်လျက် "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် တပည့်တော်အား သနားချီးမြောက်တော်မူပါ။ ယုတ်မာသောအကျင့်မှန်သမျှကို ပယ်ချတော်မူပါ" ဟု လျှောက်ကြား၍ လည်၌ဆွဲထားသည့် လက်ညှိုးတထောင်ကိုငင်း၊ လက်နက်ငါးပါးကိုငင်း အိုင်ကြီးတခုထဲသို့ ပစ်ချလေ၏၊

ဘုရားရှင်လည်း အင်္ဂုလိမာလအား အထူးထူးသောတရားကို ဟောကြားပြသလျက် မင်္ဂသို့ သက်သောဥာဏ် (မဂ္ဂါနုလောမဥာဏ်)ဖြစ်ပြီကို သိတော်မူလျှင်း "ဟိတိကွဲ့,စရ ပြာဟ္မဏစရိယံ,သမ္မာ ဒုက္ခဿအန္တကိရိယာယ" ဟု သုံးကြိမ်ခေါ်တော်မူသဖြင့်အင်္ဂုလိမာလသည် ဆံမုတ်ဆိတ် စသည်လူ့အသွင်တို့ ကွယ်ပျောက်၍ သင်္ကန်းပရိက္ခရာအစုံနှင့်တကွ ခိပ္ပါဘိုည-ရဟန္တာမထေရ်အဖြစ်သို့ ရောက်လေ၏။

ဘုရားရှင်လည်း အင်္ဂုလိမာလအား ကိုယ်တော်၏ သပိတ်ပရိက္ခရာကို လွယ်စေပြီး နောက်တော်ဖြင့် ခေါ်၍ သာဝတ္ထိပြည်သူတို့အား ထင်ရှားစွာသိစေခြင်းငှာ မြို့အနီးရှိ ခရီးဖြင့် ဇေတဝန်ကျောင်းသို့ ကြွဝင်တော်မူလေ၏။

ကောသလမင်းကြီးလည်း ထိုသတင်းကိုကြားလျှင် အခြံအရံ များစွာဖြင့် ကျောင်းသို့ သွားပြီး ဘုရားရှင်အား အကျိုးအကြောင်းကို မေးလျောက်ကာနေ၏။ ထိုစဉ်တွင် အင်္ဂုလိမာလသည် ဘုရားရှင်အား ဝတ်ပြုရန် ထွက်လာသော် မှူးမတ် မင်းချင်းအပေါင်းတို့သည် ရုတ်ရုတ်ရက်ရက် ထပြေး၍ ပုန်းကြကုန်၏။

မင်းကြီးလည်း ကြောက်ရွံ့သော်လည်း ရာဇဏ္ဍန္ဒေကို ထိန်း၍ နေလျက်, "မြတ်စွာဘုရား၊ လူတထောင်မျသတ်လေသော ခိုးသူအား ရဟန်းပြုသဖြင့် မသင့်လျော်ပါ။ တပည့်တော်စီရင်ပါမည်" ဟု လျှောက်လေ၏။

ဘုရားရှင်က "သင်မင်းကြီး၊ မစီရင်ထိုက်ပြီ။ ဤသူ၏ ကံရင်းသည် အကြွင်းမဲ့ပြတ်၍ ရဟန္တာအဖြစ်သို့ ရောက်လေပြီ" ဟု မိန့်တော်မူပြီးမှ အထူးထူးသော တရားတို့ကို ဟောကြား ပြသတော်မူ၏။ မင်းကြီးလည်း ချီးမွမ်း အံ့သြ၍ ပြန်ခဲ့လေ၏။

အင်္ဂုလိမာလသည် နောက်နေ့များ၌ မြို့တွင်းသို့ ဆွမ်းခံသွားလေသော် မြင်သမျှသော လူအပေါင်းတို့က "ဤသူပင် ငါတို့အဘကိုသတ်၏။ ငါတို့သားကို သတ်၏" စသည်ဖြင့် ပြောဆိုကြလျက် အချို့က အိမ်တံခါးကို ပိတ်လင့်ကုန်၏။ အချို့က ရှောင်ရှားပြေးသွားကုန်၏။ အချို့က တုတ်,ခဲလှံတံတို့ဖြင့် ပစ်ကုန်၏။ လူတို့က မလှူကြ၍ မထေရ်သည် ဆွမ်းတဇွန်းမျ

မရဘဲ ကျောင်းသို့ ပြန်လာရသဖြင့် ရဟန်းတို့က ဆွမ်းကို မျှပေးကြကုန်၏။

ထိုအကြောင်းကို ဘုရားရှင်သိတော်မူလျှင် အင်္ဂုလိမာလကို ခေါ်၍ "ချစ်သား အင်္ဂုလိမာလ၊ သင့်ကို ပြည်သူတို့က အံ့သားတခဲခဲဖြင့် ရှောင်ပြေးခြင်း၊ ခဲ တုတ်တို့ဖြင့် ပစ်ပေါက်ခြင်း၊ ဆွမ်းတဇွန်းမျှ မလှူကြခြင်း ဟူသော အကျိုးကား ယခုဘဝ၌ တထောင်မျှသော လူတို့ကို သင် သတ်ခဲ့ခြင်း မကောင်းမှုကံ၏ ဒိဋ္ဌဓမ္မအကျိုးဆက်ပင်တည်း" စသည်ဖြင့် တရားဟောတော်မူ၍ အသက်မွေးရ လွယ်ကူစေရန် ပရိတ်တော်တခုကို သင်ပေးသော်မူ၏။

အင်္ဂုလိမာလလည်း ထိုပရိတ်တည်းဟူသော ဆေးဖြင့် လွယ်ကူစွာ မီးမဖွားနိုင်ကုန်သော မိန်းမတို့အား ဤပရိတ်တော်ကို ဟော၍ ချမ်းသာစွာ မီးဖွားစေ၏။ ထိုအခါမှ ဒကာ ဒကာမအပေါင်းတို့သည် "အရှင်အင်္ဂုလိမာလကား တန်ခိုးကြီးပေစွ" ဟု ကြည်ညိုလာကြ၍ လှူဒါန်းပူဇော်ကြလေ၏။

[အင်္ဂုလိမာလသည်ရဟန္တာဖြစ်သည့်ခဏ၌ပင် ကုသိုလ်, အကုသိုလ် ကံအားလုံး ပယ်သတ် ကုန်ပျောက်သွားပြီး ဖြစ်လေ၏။ ဒိဋ္ဌဓမ္မ အကုသိုလ်ကံလည်း ကင်းပျောက်သွား၏။ ယင်း၏ အကျိုးမျှသာ ကြွင်းကျန်လေ၏။ ရဟန္တာဖြစ်သည်နှင့် တပြိုင်နက် နောင်ဘဝကို ဖြစ်စေမည့် အကျိုးပေးမည့် ကုသိုလ်, အကုသိုလ်ကံ ဟူသမျှကို အရဟတ္တမဂ်ဖြင့် တခါတည်း ပယ်ဖျောက်ပြီး ဖြစ်လေသတည်း။]

၁၈၂။ ဘုရားရှင်ကို ကြည်ညိုလွန်းသော အရှင်ဝက္ကလိ

သာဝတ္ထိပြည်၌ 'ဝက္ကလိ'မည်သော ဝေဒကျမ်းတတ် ပုဏ္ဏားတဦးသည် တနေ့သ၌ ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကို ဖူးမျှော်ရလျှင် ဘုရားရှင်၏ အံ့မခန်း တင့်တယ်လှပသော ရူပကာယ အသရေတော်ကို ကြည့်ရှု၍ အားမရ, တင်းမတိမ်နိုင်ရကား ဘုရားရှင် ကြွလေရာ တကောက်ကောက် လိုက်၍ငင်း၊ တရားဟောရာ၌ ရှေ့တည့်တည့်က ထိုင်၍ငင်း၊ အမြဲမပြတ်သာလျှင် ဘုရားရှင်၏ ရူပကာယ အသရေတော်ကို ကြည့်ရှုလေ၏။

ထို့နောက် သူသည် ဘုရာရှင်၌ လွန်ကဲသော သဒ္ဓါမြတ်နိုးမှု အားကြီးရကား "ငါသည် လူ့ဘောင်၌နေလျှင် ဘုရားရှင်ကို အမြဲမပြတ် ဖူးမျှော်ခွင့် ရမည်မဟုတ်" ဟု ကြံ၍ ဘုရားရှင်အား ခွင့်ပန်ပြီး ရဟန်းပြုလေ၏။ ရဟန်းပြုချိန်မှ စ၍ အရှင်ဝက္ကလိသည် ဆွမ်းဘုဉ်းပေးချိန်မှတပါး ကျန်အချိန်မျာ၌

စာပေသင်အံ့ခြင်း, ကမ္မဋ္ဌာန်းတရား နှလုံးသွင်းခြင်း အလျဉ်းမပြုဘဲ ဘုရားရှင်ကို ဖူးမြင်နိုင်လောက်သော အရပ်၌ တည်နေကာ ဘုရားရှင်ကို ဖူးမျှော်လျက်သာ နေလေ၏။

ဘုရားရှင်လည်း အရှင်ဝက္ကလိ၏ ဉာဏ်ပညာ ရင့်ကျက်ချိန်ကို ဆိုင်းငံ့တော်မူလျက် အခါနှင်ကြာမြင့်စွာပင် ထိုသို့ ကိုယ်တော်မြတ်ကို အခါမပြတ် ကြည့်ရှုနေသော အရှင်ဝက္ကလိအား တစုံတရာမျှ မဆိုဘဲ နေတော်မူခဲ့ပေ၏။

အရှင်ဝက္ကလိ ဉာဏ်ရင့်ကျက်ချိန် ရောက်လေသောအခါ ဘုရားရှင်က "ချစ်သားဝက္ကလိ၊ ဤပုပ်သောကိုယ်ကြီးကို ကြည့်ရှုနေသဖြင့် သင့်အဘို့ အဘယ်အကျိုးရှိအံ့နည်း။ စင်စစ် တရားကိုမြင်သော သူသည်သာ ငါဘုရားကို မြင်သည်မည်၏။ တရားကိုရှုကြည့်သောသူမျှသာ ငါဘုရားကို ရှုကြည့်သောသူ မည်၏။ တရားကို မမြင်သောသူသည် ငါဘုရားကို ဖူးမြင်ရသည်မမည်" ဟူ၍ အရှင်ဝက္ကလိ တရားအာဃာတ်စေရန်အတွက် ကိုယ်တော်မြတ်ကို ရှုပကာယကိုယ်ကိုပင် အပုပ်ကောင်ကြီးအနေဖြင့် မိန့်ကြား ဆုံးမတော်မူ၏။ သို့ရာတွင်လည်း အရှင်ဝက္ကလိသည် ဘုရားရှင်အား ဖူးမြင်လောက်သော အရပ်ကို စွန့်ပယ်၍ အရပ်တပါးသို့ မသွားနိုင်ဘဲ ရှိလေ၏။

ထိုအခါ ဘုရားရှင်သည် "ဤရဟန်းကား ထိတ်လန့် သံဝေဂကိုမရလျှင် သစ္စာလေးပါးတရားကို သိမည်မဟုတ်" ဟု ဆင်ခြင်တော်မူကာ ဝါဆိုလနီးကပ်လေသော် ရာဇဂြိုဟ်သို့ ကြွတော်မူ၍ ဝါကပ်သောနေ့၌ "ဝက္ကလိ ဖဲ့သွားလော့။ ဝက္ကလိ ဖဲ့သွားလော့" ဟူ၍ နှင်ထုတ်တော်မူ၏။

ဤသို့ ဘုရားရှင်က မိန့်တော်မူလျှင် ရဟန်းတို့မှာ လွန်ဆန့်၍ မရှိရကား အရှင်ဝက္ကလိသည် "ဘုရားရှင်က ငါ့ကို နှင်ထုတ်လေပြီ။ ဘုရားရှင်နှင့် မျက်နှာချင်းဆိုင်ခွင့် ငါမရနိုင်တော့ပြီ။ ငါသည် ဘုရားရှင်ထံ၌ နေခွင့်မရလျှင် အသက်ရှင်နေခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ တောင်ထိပ်မှ ခုန်ချ၍ သေတော့အံ့" ဟု ဂိဇ္ဈကူဋ်တောင်ဝယ် ချောက်ကမ်းပါး ပေါများရာ အရပ်သို့ တက်ရောက်လေ၏။

ဘုရားရှင်လည်း အရှင်ဝက္ကလိ၏စိတ် အလွန်ပင်ပန်းနွမ်းလျ အားငယ်နေသည်ကိုသိမြင်တော်မူ၍ "ဝက္ကလိသည် ငါဘုရားထံမှ သက်သာခွင့်ကို မရလျှင် မဂ်ဖိုလ်ရမည့် အခွင့်အရေး ဆုံးရှုံးတော့မည်" ဟု ဆင်ခြင်တော်မူ၍ အရှင်ဝက္ကလိထံသို့ ရောင်ခြည်တော်ကို လွှတ်၍ ကိုယ်တော်မြတ်ကို အထင်အရှားပြတော်မူ၏။

အရှင်ဝက္ကလိသည် ဘုရားရှင်၏ ရောင်ခြည်တော်ကို ဖူးမြင်လိုက်ရလျှင်ပင် သူ၏ စိုးရိမ်ပူဆွေးသောကဟူသမျှ ကင်းပျောက်သွားလေ၏။ ထိုသို့ အရှင် -

ဝက္ကလိ၏ စိတ်သန္တာန်၌ အားကြီးသော နှစ်သက်, ဝမ်းမြောက်မှု ပီတိသောမနဿ ဖြစ်ပေါ်လာသောအခါ ဘုရားရှင်က "ချစ်သား ဝက္ကလိ၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရား ပေါများလှသော ရဟန်းသည် သုံးပါးသိက္ခာ, ဘုရားသာသနာ၌ လွန်စွာ ကြည်ညို မြတ်နိုးသည်ဖြစ်၍ သံခ်ါရခပ်သိမ်းတို့ချုပ်ငြိမ်းရာ အေးငြိမ်း ချမ်းသာလှစွာသော နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်ပေ၏" ဟူ၍ ဂါထာဖြင့် ဟော်ကြားတော်မူ၏။

ထို့နောက် ဘုရားရှင်သည် အရှင်ဝက္ကလိဆီသို့ လက်တော်ကို ဆန့်တန်းတော်မူလျက် "ချစ်သားဝက္ကလိ၊ လာလော့။ မစိုးရိမ် မကြောက်ရှံ့လင့်။ ငါဘုရားကို ဖူးမြင်လေလော့။ ငါဘုရားသည် ကိုလေသာ ညစ်နွမ်းပြောင်း၌ နှစ်မြုပ်နေသော သင့်ကို ထုတ်ဆောင် ကယ်တင်တော်မူပေအံ့" စသည် သုံးဂါထာဖြင့် မိန့်တော်မူပြန်၏။

ထိုအခါ အရှင်ဝက္ကလိသည် "ဩ ငါကား ဘုရားရှင်ကိုလည်း ဖူးမြင်ရလေပြီ။ ချစ်သားလာလော့ဟုလည်း အခေါ်ခံရလေပြီ" ဟု အလွန်အားကြီးသော နှစ်သက်ခြင်းပီတိကို ဖြစ်စေပြီးလျှင် "အဘယ်အရပ်မှသွားရမည်နည်း" ဟူ၍ သွားရမည့်လမ်းကိုပင် မမြင်နိုင်တော့ဘဲ ဘုရားရှင်နှင့် မျက်နှာမူမိရာ ကောင်းကင်သို့ ပုံတက်လိုက်၏။ သူသည် ကောင်းကင်၌ပင် ဘုရားရှင်၏ ဂါထာများကို ဆင်ခြင်လျက် ပီတိကိုခွာ၍ ဝိပဿနာကို နှလုံးသွင်းလေသော် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၍ ဘုရားရှင်ကို ရှိခိုးလျက် မြေသို့သက်ကာ ဘုရားရှင်ထံတော်၌ ရပ်တည်လေ၏။

တခြား ပုဂ္ဂိုလ်တို့အား ဘုရားရှင်၌ ကြည်ညိုမှု သဒ္ဓါတရားရှိအောင် ပြုလုပ်ရ၏။ ဝက္ကလိအား‌မူ သဒ္ဓါတရား လွန်ကဲလွန်း၍ သဒ္ဓါတရား လျော့ပါးအောင် ပြုလုပ်ရ၏။ ထို့ကြောင့် နောင်သောအခါဝယ် ဘုရားရှင်သည် သံဃာ့အစုအဝေး၌ ရဟန်းတို့အား ဘဒ္ဒါဘဲအသီးသီး အပ်နှင်းသောအခါ "ရဟန်းတို့၊ သဒ္ဓါတရား လွန်ကဲကြီးမားသည့် ငါဘုရား၏ တပည့်ရဟန်းတို့တွင် ဝက္ကလိသည်အမြတ်ဆုံး ဖြစ်ပေ၏" ဟူ၍ အရှင်ဝက္ကလိအား 'သဒ္ဓါဓိမုတ္တ-တေဒဂ်' အရာ၌ ထားတော်မူလေ၏။

ရာဇဂြိုဟ်ပြည်၌ ဓိသတိမ=ဝါ ၂၀ မြောက် ကပ်ခြင်း

အရှင်အာနန္ဒာအား ဥပဋ္ဌာကရာထူး ခန့်အပ်ခြင်း

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးလျက် ကျွတ်ထိုက်သည့် သတ္တဝါတို့အား ချေချွတ်ပြီးသော် သာဝတ္ထိပြည်မှ ထွက်ခွာ၍

ဒေသစာရီ ကြွချီသော် အစဉ်သဖြင့် ရာဇဂြိုဟ်ပြည်သို့ရောက်၍ ဝေဠုဝန်ကျောင်း၌ ဝိသတိမ=ဝါနှစ်ဆယ်မြောက် သီတင်းသုံးတော်မူ၏။

တနေ့သ၌ ဘုရားရှင်သည် ဂန္ဓကုဋိပရဝုဏ်အတွင်းဝယ် ခင်းထားအပ်သော ဘုရားရှင်၏ နေရာ၌ ရဟန်းအပေါင်း ခြံရံကာ နေတော်မူစဉ် "ရဟန်းတို့၊ ငါဘုရားသည် ယခုအခါ အသက်အရွယ်ကြီးရင့်လေပြီ။ (အသက် ငါးဆဲ့ငါးနှစ် ရှိပြီ) ငါဘုရားမှာ အမြဲလုပ်ကျွေးသည့် ရဟန်း မရှိ။ ယာယီလုပ်ကျွေးသည့် ရဟန်းများသာ ရှိလေ၏။ အချို့ အလုပ်အကျွေး ရဟန်းများသည် 'ဤလမ်းဖြင့် သွားကြပါစို့' ဟု မိန့်တော်မူလျက်နှင့် ငါဘုရားကို ထားခဲ့ကာ အခြားလမ်းဖြင့် သွားကြလေ၏။ အချို့ အလုပ်အကျွေး ရဟန်းများကား ငါဘုရား၏ သပိတ်သင်္ကန်းကို မြေကြီး၌ ချမည်ကဲ့သို့ ပြုလုပ်ကြသည်။ ငါဘုရားအတွက် အမြဲတမ်း လုပ်ကျွေးပြုစုမည့် ရဟန်းကို စိစစ် ရွေးချယ်ကြလော့" ဟု မိန့်တော်မူ၏။

[ဘုရားရှင်သည် ပထမဝါတော် နှစ်ဆယ်အတွင်း ထိုထိုမြို့ရွာများသို့ လှည့်လည်၍ ဝါကပ်တော်မူရာ ထိုဝါများကို 'အနိဗဒ္ဓဝါ၊ အနိယတဝါ' ဟူ၍ဌင်း၊ ဘုရားရှင်၏ ဘုရားဘဝ ပထမပိုင်း, ဖြူးပိုင်း၌ ဤသို့လှည့်လည် တရားဟော၍ သတ္တဝါတို့အား မဂ်ဉာဏ်လေးပါး ဟူသော ဗောဓိကို ထိုးထွင်းသိမြင်စေသည့် ဝါတော်များ ဖြစ်သော ကြောင့်လည်း 'ပထမဗောဓိ-ဝါ' 'ပုရိမဗောဓိဝါ' ဟူ၍ဌင်း ခေါ်ဆိုလေ၏။

ဤဝါဘော်နှစ်ဆယ်အတွင်း၌ ဘုရားရှင်အတွက် လုပ်ကျွေးပြုစုသည့် ရဟန်းတို့မှာ အမြဲမရှိကုန်။ နာဂသာဂလ, နာဂိတ, ဥပဝါန, သုနက္ခတ္တ, စုန္ဒ, သာဂတ, ဧဃ်ယ ဟူသော မထေရ်အသီးသီးက သာလျှင် ရံခါရံခါ ဘုရားရှင်အား ပြုစုလုပ်ကျွေးလျက် လှည့်လည်လိုက်ပါကြလေ၏။]

ထိုဘုရားရှင့်စကားကို ကြားကြရသော် ရဟန်းတို့၏ စိတ်သန္တာန်၌ ဓမ္မသံဝေဂ ဖြစ်ပွားလေ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် နေရာမှထ၍ ဘုရားရှင်အား ရှိသေစွာ ရှိခိုးလျက် "မြတ်စွာဘုရား၊ တပည့်တော်သည် ရှင်တော်ဘုရားကို ပြုစုလုပ်ကျွေးပါမည်" ဟု ဦးစွာလျှောက်ထားလေ၏။ ဘုရားရှင်ကား အကျိုးအကြောင်းကို ဆင်ခြင်သိမြင်၍ ပယ်တော်မူ၏။

ထိုနည်းဖြင့် အရှင်မောဂ္ဂလ္လာန်မှ အစပြု၍ အရှင်အာနန္ဒာမှတပါး အားလုံးသော မဟာသာဝကာ ရဟန္တာ မထေရ်တို့က "တပည့်တော်လုပ်ကျွေးပြုစုပါမည်ဘုရား" ဟု အသီးသီးထ၍ လျှောက်ထားလေ၏။ ဘုရားရှင်လည်း

ထိုမထေရ်ကြီးများကို ပယ်တော်မူ၏။ အရှင်အာနန္ဒာမူကား ထိုသို့မလျှောက်ဘဲ ထိုင်နေလေ၏။

ထိုအခါ ရဟန်းများက "ငါ့ရှင်အာနန္ဒာ၊ သင်လည်း ဘုရားရှင်၏အလုပ်အကျွေးရာထူး (ဥပဋ္ဌာက)ကို တောင်းခံပါလေ၃" ဟု ဝိုင်းဝန်းတိုက်တွန်းကြလေ၏။

အရှင်အာနန္ဒာက "ငါရှင်တို့၊ တောင်းခံ၍ရသော ရာထူးမည်သည်ဘယ်သို့သော ရာထူးနည်း။ ဘုရားရှင်သည် လိုလားတောင့်တတော်မူလျှင် ကိုယ်တော်တိုင်ပင် မိန့်တော်မူလိမ့်မည်" ဟု ပြောဆိုလေ၏။

ထိုအခါ ဘုရားရှင်က "ရဟန်းတို့၊ အာနန္ဒာသည် တခြားသူများက တိုက်တွန်းရမည့် ပုဂ္ဂိုလ်မျိုးမဟုတ်။ မိမိကိုယ်တိုင် သိရှိကာ ငါဘုရားကို လုပ်ကျွေးပြုစုပေလိမ့်မည်" ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာသည် နေရာမှထ၍ "မြတ်စွာဘုရား၊

(၁) တပည့်တော်အား ရှင်တော် ဘုရားရအပ်သည့် သက်န်းဟောင်းများကို မပေးစွန့်ခြင်း၊

(၂) ဆွမ်းဘောဇဉ်ကောင်းများကို မပေးစွန့်ခြင်း၊

(၃) တပည့်တော်အား ဘုရားရှင်နှင့်အတူ ဂန္ဓကုဋီတိုက်အတွင်း၌ နေခွင့် မပေးခြင်း၊

(၄) ဘုရားရှင်အား ပင့်ဖိတ်ရာသို့ တပည့်တော်အား နောက်ပါအဖြစ် ခေါ်မသွားခြင်း၊

ဤကား 'ပယ်ခြင်း' ဆု လေးပါး။

(၅) တပည့်တော်လက်ခံသည့် ဒကာ, ဒကာများ ပင့်ဖိတ်ရာသို့ ဘုရားရှင် ကြွတော်မူခြင်း၊

(၆) အခါတပါးမှ လာတိုင်းသော ရဟန်းတော်များကို တပည့်တော်က ဘုရားရှင်အား ဖူးမျှော်ခွင့်ပေးနိုင်ခြင်း၊

(၇) တပည့်တော် ယုံမှားသံသယရှိတိုင်း ဘုရားရှင်အား ချက်ခြင်းမေးလျှောက်ခွင့်ရခြင်း၊

(၈) တပည့်တော် မျက်ကွယ်၌ ဘုရားရှင်ဟောခဲ့သော တရားကို တပည့်တော်အား တဖန် ဟောပြတော်မူခြင်း-

ဤကား 'ယူခြင်း' ဆု လေးပါး။

ဤဆုရှစ်ပါးကို ဘုရားရှင်က လိုက်လျောခွင့်ပြုပါလျှင် တပည့်တော်သည် ရှင်တော်ဘုရားကို ပြုစုလုပ်ကျွေးပါမည်" ဟု လျှောက်ထားလေ၏။

ဘုရားရှင်က အရှင်အာနန္ဒာ တောင်းခံအပ်သော ထိုဆုရှစ်ပါးကို ပေးတော်မူ၏။ အရှင်အာနန္ဒာသည် ထိုအခါမှစ၍ ဘုရားရှင်အား အမြဲ (နိဗ္ဗာန်) ပြုစုလုပ်ကျွေးရသော ပုဂ္ဂိုလ်ဖြစ်လာလေ၏။ အရှင်အာနန္ဒာသည် ထိုဥပဋ္ဌာက အလုပ်အကျွေးရာထူးအတွက်ပင် လွန်ခဲ့သော ကမ္ဘာတသိန်းက ပါရမီများကို ဖြည့်ကျင့်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ပေ၏။ ထိုဥပဋ္ဌာက ရာထူးရသည့် နေ့မှစ၍ ဘုရားရှင်အား ရေပူရေချမ်းကပ်ခြင်း, ဒန်ပူဆက်ကပ်ခြင်း, ခြေလက်ဆုတ်နယ်ပေးခြင်း, ရေချိုးပွတ်တိုက်ပေးခြင်း, ဂန္ဓကုဋီကျောင်းတော်ကို တံမြက်လှည်းခြင်းစသည့် ဝေယျာဝစ္စများကိုပြုလျက် "ဤမည်သောအချိန်၌ ဘုရားရှင်အား ဤမည်သောအရာကို ပြုမှသင့်မည်။ ဤမည်သောအမှုကိုပြုမှ သင့်မည်"ဟု တနေ့လုံး ဘုရားရှင်အနီး၌သာ လှည့်လည်လျက် နေထိုင်တော်မူ၍ ညအခါလည်း ဘုရားရှင် ခေါ်တော်မူတိုင်း ရနိုင်ရန် ဆီမီးတိုင်ကြိုးကို စွဲကိုင်ကာ ဂန္ဓကုဋီ ပရဝုဏ်ကို ကိုးပတ် ကိုးကြိမ် လှည့်လည်လေ၏။

အရှင်အာနန္ဒာသည် ဘုရားရှင်အား ဤသို့ သူမတူအောင် ပြုစုလုပ်ကျွေးလေ၏။ ဘုရားရှင်သည် နောင် ဇေတဝန်ကျောင်းသို့ ကြွရောက်သီတင်းသုံးသောအခါ အကြောင်းအရာ များစွာဖြင့် "တရား ဘဏ္ဍာစိုး" ဖြစ်သော အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူး ဟောကြားတော် မူပြီးလျှင် "(၁) အကြားအမြင် ဗဟုသုတရှိသော ရဟန်းတို့တွင် အမြတ်ဆုံးဗဟုသုတတတ်၊ (၂) ဘုရားရှင်၏ တရားစကားကို ကြာမြင့်စွာ ဆောင်နိုင်သည့် သတိရှိသော ရဟန်းတို့တွင် အမြတ်ဆုံး သတိမန္တ တတ်။ (၃) ဘုရားရှင် ဟောကြားအပ်သည့်အတိုင်း ပုဒ်တို့ကို သိစွမ်းနိုင်သည့်ရဟန်းတို့တွင် အမြတ်ဆုံး ဂတိမန္တ တတ်။ (၄) ဘုရားရှင်၏ တရားစကားတော်ကို သင်ခြင်း, ဆောင်ခြင်း, သရဇ္ဈာယ်ခြင်းနှင့် လုပ်ကျွေးခြင်းတို့၌ လုံ့လ ဝီရိယ ရှိသော ရဟန်းတို့တွင် အမြတ်ဆုံး ဓိတိမန္တ တတ်။ (၅) ဘုရားရှင်အား လုပ်ကျွေးပြုစုကြသည့် ရဟန်းတို့တွင် အမြတ်ဆုံး ဥပဋ္ဌာက တတ်" ဟူသော ဤ ငါးဌာနဝယ် အမြတ်ဆုံးတတ်ရာထူး၌ အရှင်အာနန္ဒာကို ထားတော်မူလေ၏။

၁၈၆။ သူငယ်တဦးနှင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

ရာဇဂြိုဟ်ပြည်၌ သူငယ်နှစ်ဦးသည် ဂုံညင်း ပစ်ကစားကြရာ သမ္မာအယူရှိသူ၏သားသည် ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့သော **ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း** ကို ဆင်ခြင်၍ "နမော ဗုဒ္ဓဿ"ဟု ဆိုလျက် ဂုံညင်းကို ပစ်သော် နိုင်၏။ မိစ္ဆာအယူရှိသူ၏ သားသည် တိတ္ထိတို့၏ ဂုဏ်ကျေးဇူး

များကိုရည်စူးပြီး "နမော အရဟန္တာနံ"ဟုဆို၍ ပစ်သော် ရှုံး၏။ သူသည် နိုင်သူ၏ ပြုလုပ်ပုံ အမူအရာကို မြင်ရ၍ "ဤသူသည် ဤသို့ အောက်မေ့၍ ဤသို့ဆိုပြီး ဂုဏ်ကိုပစ်သော် ငါ့ကိုနိုင်၏။ ငါလည်း သူကဲ့သို့ပြုအံ့" ဟု ကြံ၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၌ လေ့ကျင့်ခြင်း ပြုလေ၏။

တနေ့သ၌ သူသည် သူ့ဘခင်နှင့်အတူ တောသို့ ထင်းခုတ်သွား၍ ညနေ ပြန်လာရာ မြို့ပြင်ရှိ သုသာန်အနီး၌ လှည်းဖြတ်ကာ ထမင်းစားနေစဉ် နွားတို့သည် မြို့ထဲဝင်သွားလေ၏။ ဘခင်သည် လိုက်၍ နွားတို့ကိုယူပြီး ပြန်လာခဲသော် မြို့တံခါး ပိတ်နေပြီဖြစ်၍ ပြန်ထွက် မလာနိုင်တော့ပေ။ ထို့ကြောင့် သားသူငယ်သည် မြို့ပြင်၌ လှည်းအောက်တွင် တယောက်တည်းအိပ်ရလေ၏။

ရာဇဂြိုဟ်ပြည်ကား ပြကတေ့အား ဖြင့် ဘီလူးတို့ပေါများ၏။ ထိုအခါ သုသာန်မှရောက်လာသော ဘီလူးနှစ်ယောက်တို့အနက် မိစ္ဆာအယူရှိ ဘီလူးသည် သမ္မာအယူရှိ ဘီလူးက တားသည်ကို မနာပဲဘဲ ထိုသူငယ်၏ခြေတို့ကို ဆွဲငင်လေ၏။ သူငယ်သည် ဆွဲမိကာမျှနှင့်ပင် "နမော ဗုဒ္ဓဿ"ဟု ဆိုလိုက်သဖြင့် ထိုဘီလူးသည် ကြောက်လန့်၍ နောက်ဆုတ် သွားရလေ၏။

နောက် သမ္မာအယူရှိ ဘီလူးက "ငါတို့သည် မပြုထိုက်သည်ကို ပြုမိကြ၍ ဒဏ်အမှုကို ပြုကြစို့" ဟုဆိုပြီး မိမိမှ သူငယ်ကို စောင့်ရှောက်ကာ နေလျက် မိစ္ဆာအယူရှိ ဘီလူးက ဗိမ္မိသာရ မင်းကြီး၏ ပဲတော်အုပ်ကို ဘေဇဉ်ဖြင့် ပြည့်စေပြီး ယူလာ၏။

သူတို့နှစ်ဦးသည် သူငယ်ကို နှိုး၍ မိဘကဲ့သို့ ကျွေးမွေးပြီး တန်ခိုးဖြင့် မင်းကြီးသာ မြင်နိုင်အောင် ထိုအကြောင်းနှင့် ပတ်သက်သည့် အကုန်ရာတို့ကို ပဲတော်အုပ်၌ ရေးသာ ထားကြလေ၏။ နောက်တနေ့ ပဲတော်အုပ်ဖွင့်ကာ ပျောက်သဖြင့် အနှံ့ရှာဖွေစေသော် မြို့ပြင်၌ ထင်းပုံကြားတွင် တွေ့ရ၍ ထို သူငယ်ကို မင်းကြီးထံ ဖမ်းယူသွားကြ၏။

မင်းကြီးသည် ထိုအကုန်ရာတို့ကို မြင်၍ မေးသော် ထိုသူငယ်က "ကျွန်ုပ်အား မိဘတို့က လာရောက်ကျွေးမွေးပြီး စောင့်ရှောက်ကြသဖြင့် ကျွန်ုပ် အေးဆေးစွာ အိပ်လိုက်ပါ၏။ ဤမျှသာသိပါ၏" ဟု လျှောက်လေ၏။

ထိုအခါ မင်းကြီးသည် သူငယ်၏မိဘတို့ကို ခေါ်စေပြီး ထိုသုံးဦးလုံးကို ဘုရားရှင်ထံ ခေါ်သွား၍ "မြတ်စွာဘုရား၊ ရှင်တော်ဘုရား၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့တတ်သော သတိသည်သာ စောင့်ရှောက်တတ်သောတရား ဖြစ်ပါသလော။ တခြား စောင့်ရှောက်တတ်သည့် တရားတို့လည်း ရှိပါသေးသလော" ဟု မေးလျှောက်လေ၏။

ဘုရားရှင်က "မင်းကြီး၊ ဗုဒ္ဓါနုဿတိသည်သာ စောင့်ရှောက်တတ်သည် မဟုတ်။ တရားဂုဏ်ခြောက်ပါးကို ကောင်းစွာ ပွားများသောသူတို့အား တခြားစောင့်ရှောက်ဘွယ် မန္တန်ဆေးများ မလိုပြီ။ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်, သုံးဆယ့်နှစ်ကောဋ္ဌာသ, ကရဏာဘာဝနာ, မေတ္တာဘာဝနာ (ခြောက်မျိုး) တခုခုကို နေ့ရောညပါ အမြဲမပြတ် အာရုံပြု၍ ဖြစ်သော သတိတရားမြဲမြံကြွသည့် ငါဘုရား၏ တပည့်သာဝကတို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားပေကုန်၏။ (ဘေးကင်းကုန်၏)" ဟူ၍ (ခြောက် ဂါထာ ဖြင့်)ဟောကြားတော်မူလေ၏။ ဤ တရားတော်ကို ကြားနာရပြီးသော် မိစ္ဆာအယူရှိခဲ့ကြသော ထိုမိဘနှင့်သား သုံးဦးလုံး တို့ သောတာပန်ဖြစ်ကြလေ၏။ နောက် ရဟန်းပြုကြသော် ရဟန္တာများ ဖြစ်သွားကြလေ၏။

၁၀၇။ ၎င်း ဝက်သတ်သမား၏ကံတူအကျိုး

ရာဇဂြိုဟ်ပြည်၌ ဝေဠုဝန်ကျောင်းနှင့် မနီးမဝေးသော ရွာတရွာတွင် နေသော 'စုန္ဒ' အမည်ရှိ ဝက်သတ်သမားသည် ဝက်များကို မွေးမြူပြီး နေ့တိုင်း ဝက်အရှင်များကို အသားတိုးအောင် ရိုက်ပုတ်ပြီးမှ ပါးစပ်ထဲသို့ ရေနွေးကျက်ကျက်ဆူလောင်းထည့်၍ သတ်၏။ သူသည် သားမယားနှင့်တကွ စားလည်း စား, ရောင်းလည်း ရောင်းချ၍ အသက်မွေးမြူ၏။ ဘုရားကျောင်း အနီးဌာနေလျက်လည်း တနေ့မျှ ဆွမ်းတလုပ်, ပန်းတဆုပ်လှူခြင်းကဲ့သို့ ကုသိုလ် အနည်းငယ်မျှ မပြုပေ။

စုန္ဒသည် ဤသို့ လေးဆယ့်ငါးနှစ်တိုင် အသက်မွေးမြူခဲ့ပြီး တနေ့သ၌ အနာရောဂါကပ်ရောက်၍ သေအံ့သောအခါတွင် ကံနှင့်တူသော အခြင်းအရာဖြစ်လာ၏။ သူသည် အဝီစိငရဲမီးကဲ့သို့ မနေနိုင်အောင် တကိုယ်လုံး ပူလောင်လျက်၊ အိမ်ထဲ၌သာ ဝက်ကဲ့သို့မြည်တမ်းဟစ်အော်လျက် ဒူးနှစ်ဘက် ဖြင့်သာ လှုပ်လှုပ် လူးလာ သွားလာနေရ၏။ ဝက်ကဲ့သို့ ဆူညံအောင် ဟစ်အော်မြည်တမ်းနေသဖြင့် ပတ်ဝန်းကျင် ခုနစ်အိမ်တိုင်အောင် လူတို့မအိပ်ရပေ။ အိမ်နေလူတို့သည် 'စုန္ဒ' အပြင်မထွက်နိုင်အောင် တံခါးများကို ပိတ်ထားပြီး အိမ်အပြင်မှ ဝိုင်း၍စောင့်နေရ၏။ စုန္ဒသည် ငရဲမီးပြင်းစွာပူလောင်သဖြင့် အိမ်ထဲမှာပင် ဤသို့ ခုနစ်ရက်တိုင် ဟစ်အော်မြည်တမ်းလျက်နေရပြီး သေသော် အဝီစိငရဲ၌ ဖြစ်လေ၏။

စုန္ဒ၏ အိမ်အနီးဖြင့်သွား၍ ထိုဝက်အော်သံကို ခုနစ်ရက်တိုင် ကြားကြရသော ရဟန်းတို့သည် ဘုရားရှင်ထံသွား၍ "မြတ်စွာဘုရား၊ စုန္ဒအိမ်၌ တံခါး

ပိတ်၍ ဝက်တို့ကိုသတ်သည်ကား ယနေ့ ခုနစ်ရက်မြောက်ရှိပါပြီ။ ထိုအိမ်ဌ မင်္ဂလာအမှုတခုပြုသည်ဖြစ်မည်ဟု ထင်မိပါသည်"ဟု လျှောက်ကြားကြ၏။

ထိုအခါ ဘုရားရှင်က "ရဟန်းတို့၊ စုန္ဒ ဝက်သတ်သမားသည် ဝက်များကို သတ်သည်မဟုတ်။ သူသည် နွှစ်ပေါင်းများစွာ ဝက်သတ်သည့်အကုသိုလ်ကံကြောင့် အသက်ရှင်စဉ်မှာပင် အဓိစိ ငရဲမီးပူကို ခုနစ်ရက်လုံး ခံရလျက် အိမ်ထဲ၌ ဝက်ကဲ့သို့သွားလာကာ အော်နေရပြီး ယနေ့သေ၍ အဝီစိငရဲ၌ဖြစ်လေပြီ။ မကောင်းမှု ပြုသူမည်သည် ရဟန်းဖြစ်စေ, လူဖြစ်စေ, ပစ္စုပ္ပန်, တမလွန်နွှစ်တန်သော ဘဝတို့၌ စိုးရိမ်ပူပန် ဆင်းရဲရသည်သာတည်း"စသည်ဖြင့် မိန့်ကြားတော်မူလေ၏။

၁၈၈။ ဝက်နှင့် ငြဟ္မာ တလှည့်တခါ

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံကြွတော်မူစဉ် ဝက်စားကျင်း၌ တရှုတ်ရှုတ်နှင့်စားနေသော ဝက်မငယ်တကောင်ကိုမြင်၍ ပြုံးတော်မူ၏။ အရှင်အာနန္ဒာက မေးလျှောက်သဖြင့် ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ဤဝက်မငယ်ကား ရှေးကုသိုလ်ကံကြောင့် ငြဟ္မာ့ပြည်၌ဖြစ်ခဲ့ရပြီး ငြဟ္မာ့ပြည်မှစုတေ၍ ယခုဝက်မ ဖြစ်ရလေ၏"ဟု မိန့်တော်မူ၏။

ထိုစကားကိုကြားကြသော် ရဟန်းတို့သည် လွန်စွာထိတ်လန့်ကြလေ၏။ ထိုအခါ ဘုရားရှင်သည် 'ဘဝတဏှာ'၏ ဆိုးဝါးပုံကို ထင်စွာပြလိုတော်မူသဖြင့် လမ်းပေါ်၌ရပ်လျက်ပင် ခြောက်ဂါထာဖြင့် ဤသို့တရားဟောတော်မူလေ၏။

"ရဟန်းတို့၊ ရေသောက်မြစ်သည် အဖျက်အဆီးဘေ.မရှိသဖြင့် ခိုင်မြဲနေသည်ရှိသော် သစ်ပင်သည် ပင်စည်ခုတ်ဖြတ်ပစ်အပ်သော်လည်း တဖန်ပေါက်ရောက်ကြီ ပွားပြန်သကဲ့သို့ ထို့အတူ ကိန်းဝပ်နေသည့်တဏှာကို အရဟတ္တမဂ်ဖြင့် မဖြတ်မနုတ်ပယ်ပစ်အပ်သေးသော် ဤသံသရာဝဋ်ဆင်းရဲသည်အဖန်တလဲလဲ ဖြစ်ရလေ၏။ နှစ်သက်ဘွယ် အာရုံများကို စီးဆင်းသည့် အလျဉ် (အာယတန)တို့နှင့်ပြည့်စုံသောတဏှာသည် ပြင်းထန်အားကြီး၏။ တဏှာရအလျဉ်တို့သည် အာရုံအားလုံး၌စီးဝင်ကုန်၏။ ရစ်ပတ်တတ်သောတဏှာသည် ခြောက်ဒွါရ၌ဖြစ်၍ အာရုံခြောက်ပါး၌တည်နေ၏။ တဏှာ၏သားဖြစ်ကြသော သဘ္ဘဝါတို့သည် သာယာမှုကိုမှီကြပြီး လောကီချမ်းသာကို ရှာမှီးကြကုန်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းသို့ မုချကပ်ရောက်ကြ

ရကဲ့နှ်၏။ တဏှာဓေါ်ရာသို့လိုက်ပါကြသည့်သတ္တဝါတို့သည် ကာလကြာမြင့်စွာ အဖန်တလဲလဲဝဋ်ဆင်းရဲသို့ရောက်ကြရကုန်၏"

၁၈၉။ သိကြားမင်းနှင့် 'သုပ္ပဗုဒ္ဓ'လူနူ

ရာဇဂြိုဟ်ပြည်တွင် 'သုပ္ပဗုဒ္ဓ'မည်သော လူနူသည် တနေ့သဒ္ဒါ ပရိသတ်အစုန်ဝယ်ထိုင်လျက် ဘုရားရှင်၏တရားတော်ကို ကြားနာရသဖြင့် သောတာပန်ဖြစ်လေ၏။ တရားနာပရိသတ်တို့ ဖဲသွားကြသောအခါ သူသည် မိမိ ရအပ်သော ဂုဏ်ကျေးဇူးကို ဘုရားရှင်အား လျှောက်ကြားလို၍ ကျောင်းတော်သို့သွား၏။

ထိုခဏ၌ သိကြားမင်းသည် "သုပ္ပဗုဒ္ဓလူနူကို စုံစမ်းအံ့"ဟု ကြံ၍ သူ့ထံသွားပြီး ကောင်းကင်၌ရပ်လျက် "သုပ္ပဗုဒ္ဓ၊ သင်သည် သူဆင်းရဲတည်း။ တောင်းခံမှုစားသောက်ရသော အထီးကျန်သူတည်း။ ငါသည် သင့်အား မရေတွက်နိုင်သည့်ဥစ္စာကိုပေးအံ့။ 'ဘုရားသည် ဘုရားမဟုတ်, တရားသည် တရားမဟုတ်,သံဃာသည် သံဃာမဟုတ်၊ ငါအား ဘုရားတရားသံဃာဖြင့် အကျိုးမရှိ'ဟူ၍ ဆိုလော့"ဟု ပြောဆို၏။

သုပ္ပဗုဒ္ဓက "သင်သည် အလွန်မိုက်မဲတိ၏။ငါကား သူဆင်းရဲအထီးကျန်သူမဟုတ်။ ငါသည် ချမ်းသာကြွယ်ဝသူတည်း။ 'သဒ္ဒါ,သီလ,ဟိရီ,ဩတ္တပ္ပ, သုတ,စာဂ'ဟူသော အရိယာသူတော်ကောင်းတို့၏ ဥစ္စာခုနစ်ပါး ငါ့မှာရှိ၏။ ထိုဥစ္စာခုနစ်ပါးရှိသူကို သူဆင်းရဲဟူ၍ ဘုရားစသော အရိယာသူတော်ကောင်းတို့ မဆိုကုန်"ဟူ၍ ပြန်ပြောလေ၏။

သိကြားမင်းလည်း ထိုတရားစကားကိုကြားနာရပြီးသော် ဘုရားရှင်ထံသွားနှင့်ပြီး ထိုအကြောင်းအလုံးစုံကိုလျှောက်ကြားလေ၏။

ဘုရားရှင်က "သိကြားမင်း၊ သင်ကဲ့သို့သောသိကြားမင်းအရာ,အထောင်တို့ကပင် သုပ္ပဗုဒ္ဓကို 'ဘုရားသည် ဘုရားမဟုတ်, တရားသည် တရားမဟုတ်, သံဃာသည် သံဃာမဟုတ်'ဟုပြောစေရန်မစွမ်းနိုင်သာတည်း"ဟူ၍ မိန့်တော်မူ၏။ နောက် သုပ္ပဗုဒ္ဓလူနူလည်း ဘုရားရှင်ထံရောက်လာပြီး မိမိ ရအပ်သောတရားထူးကို ဝမ်းမြောက်ဝမ်းသာလျှောက်ကြားပြီး ထ၍ဖဲသွားလေ၏။ ဖဲသွား၍မကြာမြင့်မီပင် (ရှေးအတိတ်ဘဝ သုပ္ပဗုဒ္ဓသည် သူငွေးသားဖြစ်စဉ်ကသတ်ခဲ့သောပြည့်တန်ဆာမသည် ပြန်လည်ဂလဲ့စားချရန် ရန်ငြိုး

နှင့်ဆုတောင်းလာခဲ့၍ ယခုဘဝ၌ ဘီလူးမဖြစ်လာသော)ဘီလူးမက နွားမ ယောင်ဆောင်ပြီး သုပ္ပဗုဒ္ဓကို ဝှေ့၍သတ်လေ၏။

ထိုအခါ ရဟန်းတို့သည် ဘုရားရှင်အား သုပ္ပဗုဒ္ဓ သေလွန်ကြောင်း လျှောက်ကြားပြီး "မြတ်စွာဘုရား၊သုပ္ပဗုဒ္ဓသည် အဘယ်ဘုံ၌ဖြစ်ပါသနည်း။ အဘယ့်ကြောင့်နူးရပါသနည်း" ဟု မေးလျှောက်ကြ၏။

ထိုအခါဘုရားရှင်က "ရဟန်းတို့၊ သုပ္ပဗုဒ္ဓသည် တာဝတိံသာ နတ်ပြည်၌ ဖြစ်၏။ ရှေးဘဝက ပစ္စေကဗုဒ္ဓတပါးအား တံတွေးဖြင့် ထွေးလျက် မရိုမသေပြစ်မှားခဲ့သော မကောင်းမှုကံကြောင့် ကာလကြာရှည်စွာ ငရဲ၌ခံရပြီးမှ ယင်းကံ၏ အကျိုးအကြွင်းအားဖြင့် ယခုဘဝ၌ နူးရပေသည်" ဟု မိန့်တော်မူ၏။

ထိုနောက်မှ "ရဟန်းတို့၊ ဤသတ္တဝါတို့သည် မိမိအတွက် ပြင်းထန်သည့် ဆိုးကျိုးကိုပေးတတ်သော အကုသိုလ်ကံကိုပြုကြကုန်လျက် သံသရာ၌ ကျင်လည်ကြကုန်ဘိ၏" ဟု မိန့်တော်မူပြီး၍ အသိဉာဏ် ကင်းမဲ့ကုန်သော လူမိုက်တို့သည် ပြင်းထန်လှသည့်ဆိုးကျိုးကို ပေးတတ်သော မကောင်းမှုကံကိုပြုကြကုန်လျက် မိမိသည်ပင် မိမိ၏ရန်သူကဲ့သို့ဖြစ်၍ (သံသရာ၌) ကျင်လည်ကြကုန်၏" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူလေ၏။

အပိုင်း (၄)

သာဝတ္ထိပြည်၌ ၂၁ ဝါမှ ၄၄ ဝါအထိ



၁၉၄။ ကောသလမင်းကြီး၏ အသဒိသဒါန

[ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ ဝါနှစ်ဆယ်မြောက် ဝါဆိုပြီး နောက်တဉ်နှစ်ဆယ့်တစ်ဝါမှလေးဆယ့်လေးဝါအထိ နှစ်ဆယ့်လေး ဝါတိုင်တိုင်သာဝတ္ထိပြည်၌ ဝါကပ်သီတင်းသုံးဘော်မူ၏။ ဝါကျွတ် သောအခါ၌မူ ချွတ်ထိုက်သောပုဂ္ဂိုလ်များရှိရာ ထိုထိုမြို့ရွာ နိဂုံး တို့သို့ကြွရောက်ကာ သတ္တဝါတို့အား တရားဧရအေး တိုက်ကျွေး တော်မူ၏။ ယင်းနှစ်များအတွင်းဖြစ်သမျှသောမြောက်မြားလှသည့် အကြောင်းအရာတို့အနက် ထင်ရှား ထူးခြားသော ဝတ္ထုအချို့ကို သင့်လျော်သလို ဤ၌ ဖော်ပြပေအံ့။]

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ သောအခါ ကောသလမင်းကြီးနှင့် ပြည်သူ ပြည်သား အပေါင်းတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းအား အချင်းချင်း အပြိုင်အဆိုင် တလှည့်စီ သူ့ထက်ငါတိုး၍ တိုး၍ ခြောက်ကြိမ်တိုင်အောင် အလှူကြီးကို ပေးကြကုန်၏။ ထိုတွင် မင်းကြီးသည် ပြည်သူတို့ကိုမနိုင်နိုင်ဘဲ ရှိလေသဖြင့် စိတ်ပျက်ကာ ကြံမိုင်နေ၏။

ထိုအခါ မလ္လိကာမိဖုရားကြီးက မင်းကြီးအား "သင်မင်းကြီး၊ စိတ်မပူ ပါနှင့်။ ဤပြည်သူပြည်သားတို့ကိုနိုင်အောင် အတုမရှိသော 'အသဒိသဒါန' အလှူကြီးကို ကျွန်ုပ် ကောင်းစွာ စီရင်ပေးပါမည်" ဟု လျှောက်ပြီး အသဒိသဒါနအလှူကြီးစီမံပုံကို မင်းကြီးအား လျှောက်ကြားလေ၏။

"မင်းကြီး၊ ကြီးကျယ်သောမဏ္ဍပ်ကြီးကိုဆောက်လုပ်ပါလော။ ထီးဖြူငါးရာတို့ကိုပြုပါလော့။ ထိုထီးဖြူအသီးသီးကို ဆင်ငါးရာတို့အား ကိုင်ဆောင်စေလျက် ရဟန်းငါးရာအသီးသီးပေါ်၌ ထီးကိုဆောင်းပေးလျက်တည်နေကုန်လတံ့။ နီမြန်းသော ရွှေလှေ ရှစ်စီး ဆယ်စီးတို့ကို ပြုစေပြီး မဏ္ဍပ်ကြီးအလယ်၌ထားပါလော့။ နှစ်ပါး,နှစ်ပါးကုန်သော ရဟန်းတို့အကြား၌ တဦးတည်းသော မင်းသမီးတို့သည် နံ့သာတို့ကို ကြိတ်သွေးကုန်ရလတံ့။ ကျန်မင်းသမီးတို့တွင် တချို့ကသွေးပြီးသော နံ့သာတို့ကို ဆောင်ယူ၍ ရွှေလှေများထဲထည့်ကြကုန်ပြီး တချို့က ကြာညိုစည်းများကို ကိုင်၍ ထိုနံ့သာတို့ကိုမွှေနှောက်ကာ အနံ့ကို သင်းပျံ့လှိုင်စေကုန်လတံ့။ ပြည်သူပြည်သားတို့မှာ မင်းသမီး,ထီးဖြူ, ဆင်တို့ မရှိကြသဖြင့် ရှုံးကုန်လတံ့။ သင် မင်းကြီးသည် ဤသို့သာ ပြုပါလော့"

မင်းကြီးလည်း မလ္လိကာ မိဖုရားကြီး ဆိုသည့်အတိုင်း 'အသဒိသဒါန' အလှူကြီးကိုလှူရန် စီရင်လေသော် ယဉ်ပါးသည့် ဆင်ငါးရာကို အပြည့်မရဘဲ တစီးလိုနေ၏။ ကျန်သော ဆင်တို့ကား ဆင်ကြမ်း ဆင်ပျက်တို့သာဖြစ်နေ၏။

မင်းကြီးလည်း ဤကိစ္စ၌ အကျပ်ရိုက်၍ အကြံတောင်းသော် မလ္လိကာ မိဖုရားက "အရှင်မင်းကြီး၊ မစိုးရိမ်လင့်။ ဆင်ကြမ်းတကောင်ကို အဂ်ုလိမာလ မထေရ်ထံ၌သာ ထားပါလော့" ဟု ဆိုလေ၏။

မင်းကြီးလည်း အားလုံး စီရင် ပြင်ဆင်ပြီး၍ အသဒိသဒါန အလှူကြီးကို ပေးလှူသောအခါ မိဖုရားကြီး ဆိုသည့်အတိုင်းပင် ဆင်ကြမ်း တကောင်ကို အဂ်ုလိမာလမထေရ်အနီး၌ ထားလေ၏။ ထို ဆင်ကြမ်းသည် အဂ်ုလိမာလ မထေရ်အနီး၌ ရပ်တည်ရလျှင် အမြီးကို ပေါင်ကြားထဲသွင်း၍ နားရွက်နှစ်ဘက်တို့ကိုချပြီး မျက်စိများကို စုံမှိတ်ကာ မလှုပ်မယှက် ရပ်တည်နေလေ၏။ မင်းကြီးလည်း ဘုရားအမှူးရှိသော ရဟန်း သံဃာ အပေါင်းအား မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ဆက်လက် လုပ်ကျွေးလေ၏။

ဆွမ်းဆက်ကပ်ပြီးသော် မင်းကြီးက "မြတ်စွာဘုရား၊ ဤ အလှူမဏ္ဍပ်၌ ထားရှိသော ဥစ္စာဘဏ္ဍာ အားလုံးကို ရှင်တော်ဘုရားအား လှူဒါန်းပါ၏" ဟု လျှောက်လေ၏။

ထိုအခါ မင်းကြီးမှာ "ကာဋ္ဌ" နှင့် "ဇုဏ္ဏ" ဟူ၍ အမတ်နှစ်ဦးရှိရာ ကာဋ္ဌ အမတ်က "သြ၊ မင်းကြီးသည် ဥစ္စာတို့ကို ဖြုန်းတီးပေစွာ့တကား။ တရက်တည်းဖြင့် တဆယ့်ရှစ် ကုဋ္ဌေသော ဥစ္စာတို့ ကုန်ခန်း သွားလေချေပြီ။ ဤ ရဟန်းတို့သည် ဤအလှူကို သုံးဆောင်ပြီးလျှင် ကျောင်းသို့သွား၍လျောင်းကာ အိပ်ကြပေကုန်လတံ့" ဟု ကြံလေ၏။

ဇလွှ အမတ်ကမူ "ဩ၊ မင်းကြီးသည် အတုမရှိသော ဤအလှူကြီးကို ကောင်းမွန်အောင်မြင်စွာ ပေးလှူအပ်ပြီတကား။ မင်း မဟုတ်သော သူသည် ဤအလှူကြီးမျိုးကို မပေးလှူနိုင်ခေ့။ ငါသည် မင်းကြီး၏ အသဒိသအလှူကြီးကို ဝမ်းမြောက်ဝမ်းသာ 'သာဓု' အနုမောဒနာ ခေါပါ၏" ဟု ကြံ၍ သာဓု သုံးကြိမ် ခေါလေ၏။

ဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးပြီး၍ အနုမောဒနာတရားကို ဟောတော်မူမည်ပြုစဉ် ပရိသတ် စင်ကြယ်မှုရှိ,မရှိ ဆင်ခြင်၍ ထို ကာဠအမတ်၏အကြံကို သိမြင်တော်မူသဖြင့် "ငါဘုရားသည် မင်းကြီး၏ အလှူနှင့် ထိုက်တန်သည့် တရားတော်ကို ဟောကြားလျှင် ကာဠအမတ်၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲလတံ့" ဟု မြင်တော်မူ၏။

ထိုကြောင့် ဘုရားရှင်သည် ကာဠအမတ်ကို သနားတော်မူ၍ မင်းကြီးအား အနုမောဒနာတရားကို တဂါထာမျှဖြင့်သာ ဟောတော်မူပြီး နေရာမှ ထ၍ ကျောင်းသို့ ကြွတော်မူ၏။

ထိုအခါ မင်းကြီးသည် စိတ်မချမ်းမသာဖြစ်ကာ "ဤသို့သဘောရှိသော ပရိသတ်၌ ကြီးစွာသောအလှူဒါနကို ပေးလှူသော ငါအား အလှူကြီးနှင့် လျော်အောင် အနုမောဒနာတရားကို ဘုရားရှင် မဟောကြားဘဲ တဂါထာမျှကိုသာဟောပြီး နေရာမှ ထ၍ ကျောင်းသို့ ကြွတော်မူသွား၏။ ငါသည် လျောက်ပတ်သောအလှူ,အပ်သော ဥစ္စာဘဏ္ဍာကို မလှူမိသည်ဖြင့်လတံ့" ဟု ကြံလျက် ကျောင်းတော်သို့သွားရောက်၍ ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားခဲ့လေ၏။

ဘုရားရှင်က "ဒကာတော် မင်းကြီး၊ သင်သည် လျော်လျောက်ပတ်သည့် အလှူကို လှူဘိ၏။ စင်စစ်အားဖြင့် ဤ အသဒိသ အလှူကြီးမျိုးကိုကား ဘုရားရှင် တဆူတဆူမှာ တကြိမ်သာ ပေးလှူခွင့်ရ၏။ ဤအလှူကြီးမျိုးကို ပေးလှူနိုင်၏" ဟု မိန့်တော်မူပြီး မင်းကြီး၏ ဇလွှနှင့် ကာဠ အမတ်နှစ်ဦး ကြံစည်ကြုံမျှားနှင့်တကွ တဂါထာမျှသာ ဟောကြားခဲ့ခြင်း၏ အကြောင်းရင်းကို ရှင်းပြတော်မူ၏။

ထိုအခါ မင်းကြီးသည် ထို ကာဠ အမတ်အား "သင်သည် ဤသို့ ကြုံမိသနည်းလာ" ဟု မေး၏။ ကာဠ အမတ်က "မှန်ပါ၏" ဟုလျှောက်သော် မင်းကြီးက "သင့်ဥစ္စာကို မယူဘဲ ငါ့သားမယားနှင့်တကွ ငါ့ဥစ္စာများကို ငါပေးလှူထုံ၌ သင်သည် အဘယ့်ကြောင့် ငြူစူဘိသနည်း။ သင် သွားလော့။ ငါပေးပြီးသော စည်းစိမ်ဥစ္စာကိုယူ၍ ငါ့တိုင်းပြည်မှ ထွက်လော့" ဟု နှင်ထုတ်လေ၏။

ထိုနောက် ဇုဏ္ဏအမတ်အား "သင်သည် ဤသို့ကြံမိသလော" ဟု မေး၏။ "မှန်ပါ၏" ဟု လျှောက်လျှင် မင်းကြီးက "သာဓု, သာဓု။ ကျွန်ုပ်သည် သင့်အား ကြည်ညိုပါ၏။ သင်သည် ကျွန်ုပ်၏အခြံအရံလူများကို ယူပြီးလျှင် ကျွန်ုပ်လှူသော နည်းအတိုင်း ခုနစ်ရက်ပတ်လုံး အလှူဒါနကို ပေးလှူလော့" ဟု ပြောဆိုကာ ဇုဏ္ဏအမတ်အား မင်းစည် စိမ်ကို ခုနစ်ရက်အပ်နှင်းလေ၏။ ထိုနောက် မင်းကြီးက "မြတ်စွာဘုရား၊ လူမိုက်တို့၏ပြုမူပုံကို ကြည့်ရှုတော်မူပါလော့။ သူကား တပည့်တော်လှူသည့် အလှူဒါန၌ ထိပါးပုတ်ခတ် ပြစ်မှားချေပါ၏" ဟု လျှောက်လေ၏။

ထိုအခါ ဘုရားရှင်က "မင်းကြီး၊ လူမိုက်တို့မည်သည် သူတပါး၏အလှူကို နှစ်သက်ဝမ်းမြောက်ခြင်း မပြုနိုင်သဖြင့် ဒုဂ္ဂတိသို့သာ လားစရာရှိပေကုန်၏။ ပညာရှိတို့မည်သည်ကား သူတပါး၏ အလှူကိုသော်လည်း နှစ်သက်ဝမ်းမြောက် ကုသိုလ်သဒ္ဓါတရားပွားများ၍ နတ်ပြည်သို့ လားစရာရှိကုန်၏" ဟူ၍ မိန့်တော်မူပြီးနောက်-

"နှမြောဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီမွမ်းနိုင်ကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်မြောက်နိုင်၏။ ထိုသူသည် ထိုဝမ်းမြောက်မှုဟူသော ကုသိုလ်ကံကြောင့် တမလွန်ဘဝ၌ (နတ်ပြည်)၌ ချမ်းသာစွာ နေရပေ၏" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူ၏။

ဤတရားတော်ကို ကြားနာရသော် ဇုဏ္ဏအမတ်သည် သောတာပန်ဖြစ်ပြီးလျှင် မင်း၏ အချီးအမြောက်ကို ခံယူရရှိကာ ခုနစ်ရက်ပတ်လုံး မင်းကြီး ပေးလှူသော နည်းအတိုင်း အလှူကြီးကို ပေးလှူလေ၏။

၁၉၁။ ပုဗ္ဗာရုံကျောင်းကြီးကို ဝိသာခါဆောက်လှူခြင်း

အခန်း(၁၂၈)၌ ဖော်ပြခဲ့သည့်အတိုင်း။ ။ဝိသာခါသည် ယောက္ခမနှစ်ဦးလုံး သောတာပန်ဖြစ်သည့်အခါမှစ၍ ဒါန အစရှိသော ကုသိုလ်ကောင်းမှုတို့ကို အလိုရှိတိုင်းပြုလုပ်လျက် ဘုရားရှင်ထံမှလည်း ဆုရှစ်ပါးကိုရရှိလေ၏။ ထို ဆုရှစ်ပါး ကား-

(၁) "သံဃာအား အသက်ထက်ဆုံး မိုးရေခံသက်နှ်း လှူခွင့်ရခြင်း၊
(၂) အာဂန္တုက ရဟန်းတို့အား ဆွမ်းလှူခွင့်ရခြင်း၊
(၃) ခရီးသွား ရဟန်းတို့အား ဆွမ်းလှူခွင့်ရခြင်း၊
(၄) သူနာ ရဟန်းတို့အား ဆွမ်းလှူခွင့်ရခြင်း၊

(၅) သူနာပြု ရဟန်းတို့အား ဆွမ်းလှူခွင့်ရခြင်း၊
(၆) သူနာရဟန်းတို့အား ဆေးလှူခွင့်ရခြင်း၊
(၇) သံဃာအား အမြဲ ယာဂုလှူခွင့်ရခြင်း၊
(၈) ရဟန်းမများအား ရေသနုပ်သင်္ကန်း လှူခွင့်ရခြင်း" တို့ဖြစ်၏။

ကာလကြာမြင့်သော် ဝိသာခါသူဌေးမသည် သားသမီးတို့ဖြင့် ပွားစီးစည်ပင်ခြင်းသို့ ရောက်လေ၏။ ဝိသာခါမှာ သားဆယ်ယောက်, သမီးဆယ်ယောက်တို့ထွန်းကားလေ၏။တဖန် ထိုသားသမီးတို့မှာလည်း တဦးတဦးလျှင် သားဆယ်ယောက်, သမီးဆယ်ယောက်စီ ထွန်းကား ပြန်လေ၏။ တဖန် ထိုမြေးတို့လည်း တဦးတဦးလျှင် သာ ဆယ်ယောက်, သမီးဆယ်ယောက်စီ ထွန်းကားပြန်လေ၏။

ဤသို့လျှင် ဝိသာခါမှာ သားသမီးမြေးမြစ်တို့အားဖြင့် ရှစ်ထောင်ကျော်တို့ကို ရရှိလေ၏။ ဝိသာခါကား အသက်တရာ့နှစ်ဆယ်ရှည်၏။ ဆံဖြူခြင်း, သွားကျိုးခြင်းမရှိ။ တဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့ အမြဲနုပျိုနေ၏။ ဝိသာခါသည် သား,သမီး,မြေးတို့ ခြံရံလျက် ဘုရားကျောင်းသို့သွားသည်ကို မြင်ရလျှင် "ဤသူတို့တွင် အဘယ်သူသည် ဝိသာခါနည်း"ဟု မေးယူရလောက်အောင်ပင် ပျိမြစ် နုနယ်၏၊

ဝိသာခါ၏သား,မြေး,မြစ်တို့အားလုံးလည်း အနာရောဂါကင်း၍ အလွန်ကျန် မာကြပြီး တဦးတလေမျှ သေဆုံးသည်မရှိပေ။ဝိသာခါသည် ကျန်းမာသန်စွမ်းသည့် သား,မြေးများရှိသူဖြစ်၍ "အလွန်မင်္ဂလာရှိသော အမျိုးသမီးသူဌေးကတော်ကြီး"ဟူ၍ လူတိုင်းက အသိအမှတ်ပြုကြ၏၊

သာဝတ္ထိပြည်သူတို့လည်း မင်္ဂလာပွဲသဘင်တို့၌ ဝိသာခါကို ရှေးဦးစွာဖိတ်ကြား၍ ကျွေးမွေးကြ၏။ တနေ့သ၌ ပွဲသဘင်တခုဝယ် ဝိသာခါသည် ဖိတ်ကြားသောအရပ်၌ ဧည့်ခံကျွေးမွေးသည်ကို စားသောက်ပြီး၍ မဟာလတာတန်ဆာကြီးကိုဆင်ယင်လျက် တရားနာသွားကြသည့်လူအပေါင်းနှင့် အတူတကွ ကျောင်းတော်သို့သွားလေ၏။ ကျောင်းသို့ရောက်လျှင် ဝိသာခါသည် ထိုတန်ဆာကြီးကိုချတ်၍ အပေါ်ရုံဖြင့်ထုပ်ပြီး ကျွန်မအား "ဤအထုပ်ကိုယူခဲ့လော့"ဟုဆို၍ပေးအပ်ပြီးပေါ့ပါးသည့် (ယောက်ခမကပူဇော်အပ်သော)'ဃနမဌက'တန်ဆာကိုဆင်ယင်လျက် ဘုရားရှင်ထံသွား၍ တရားနာ၏။ တရားနာပြီးသော် ဝိသာခါသည် ဘုရားရှင်ကိုရှိခိုးပြီး ထ၍ဖဲသွား၏။

ထိုကျွန်မလည်း 'မဟာလတာတန်ဆာ'ထုပ်ကို မေ့ထားခဲ့၏။ တရားနာပြီး ဖဲလေသော် ပစ္စည်းတစုံတရာမေ့ကျန်ရစ်ခဲ့သည်ဖြစ်လျှင် အရှင်အာနန္ဒာ

သည် ထိုဥစ္စာကို သိုမှီးသိမ်းဆည်းထားနေကျဖြစ်၏။ ထို့ကြောင့် မထေရ်သည် ထိုတန်ဆာထုပ်ကြီးကို ကောက်ယူ၍ စောင်းတန်းလျှောက်ထားတဖက်၌ ချိတ်ဆွဲ၍ထားလေ၏။

ဝိသာခါသည် ကျောင်းရောက်လျှင် ကျောင်းစဉ် လှည့်လည်လျက် သာမဏေ,ရဟန်းတို့ကိုကြည့်ရှုကာ ပြုစုလုပ်ကျွေးလေ့ရှိ၏။ ထိုနေ့၌လည်း ထိုကဲ့သို့ပြု၍ ကျောင်းမှထွက်လာပြီး ကျောင်းဥပစာရ၌ရပ်လျက် ကျွန်မအား "ငါ၏မဟာလတာတန်ဆာကိုယူခဲ့လော့။ ဝတ်ဆင်အံ့" ဟု ဆို၏။

ထိုအခါမှ ကျွန်မသည် တန်ဆာထုပ်ကို မေ့ကျန်ခဲ့သည်ကို သတိရ၍ "မေ့ကျန်ခဲ့ပါ၏" ဟု ဆို၏။

ဝိသာခါက "သွားယူ၍လာခဲ့" သို့ရာတွင် ထိုတန်ဆာကို အရှင်အာနန္ဒာ ချီမ၍ တနေရာရာ၌ ထားသည်ဖြစ်လျှင် မယူခဲ့လင့်။ အရှင်မြတ်အား သာ ထိုတန်ဆာကိုစွန့်လှူပြီးဖြစ်၏" ဟု ဆို၏။

ထိုကျွန်မသည် သွားပြီး အရှင်အာနန္ဒာကိုတွေ့၍ အကြောင်းစုံကို ကြားသိရလျှင် "အရှင်ဘုရား၊ သခင်မက အရှင်ဘုရားတို့လက်ဖြင့် ကိုင်ပြီးသော ဤတန်ဆာကို အရှင်ဘုရားအား သာ စွန့်လှူပါကြောင်း ပြောပါ၏" ဟု လျှောက်ကြားပြီးပြန်လာ၏။

ဝိသာခါလည်း ကျွန်မထံ၌ အကြောင်းစုံကိုကြားလျှင် "ဤတန်ဆာကို ရောင်း၍ လှူဒါန်းအံ့။ ထိုဘန်ဆာကိုသွာ.ယူခြေလော့" ဟု စေခိုင်းလိုက်၏။ ကျွန်မလည်း ထိုတန်ဆာကို သွားယူလာ၏။

ဝိသာခါသည် ထိုတန်ဆာကို မဆင်မြန်းတော့ဘဲ ရှေပန်းထိန်သည်တို့ကိုခေါ်၍ အဘိုးဖြတ်ခိုင်း၏။ "ဤတန်ဆာကား ကိုးကုဋေတန်၏။လက်ခကား တသိန်းတန်၏" ဟု ဆိုကြသော် ထိုတန်ဆာကို လှည့်လည်၍ ရောင်းစေ၏။

ဝယ်ယူမည့်သူတဦးတယောက်မျှမရှိသော် ဝိသာခါသည် ထိုတန်ဆာကို ကိုးကုဋေနှင့်တသိန်းပေး၍ဝယ်ယူပြီး ထိုဥစ္စာအားလုံးကို ဘုရားရှင်ထံသွား၍ "မြတ်စွာဘုရား၊ ဤဥစ္စာကို အဘယ်သို့ လှူဒါန်းရပါအံ့နည်း" ဟု မေးလျှောက်၏။

ဘုရားရှင်က "ဝိသာခါ၊ မြို့၏အရှေ့တံခါး၌ သံဃာအပေါင်းနေထိုင်ရန်ကျောင်းကိုဆောက်သင့်၏" ဟု မိန့်တော်မူ၏။

ဝိသာခါသည် ကျောင်းဆောက်ရန်မြေနေရာကို ကိုးကုဋေဖြင့်ဝယ်ယူပြီး တန်ခိုးရှင်အရှင်မောဂ္ဂလ္လာန်၏အကူအညီဖြင့် ကိုးကုဋေးသုံး၍ ရှစ်ပယ်သော မြေနေရာနှင့်အပြည့် ကျောင်းပေါင်းများစွာနှင့်တကွ ကြီးကျယ်လှသည့်

ပြာသာဒ်ကျောင်းတော်ကြီးကို ဆောက်ရာ ကိုးလနှင့် ပြီးစီးလေ၏။ ထို ကျောင်းသည် 'ပုဗ္ဗာရုံကျောင်းတိုက်'ဟု တွင်လေ၏။

ဘုရားရှင်သည် ပုဗ္ဗာရုံကျောင်းတိုက်ကြီး စတင်ဆောက်လုပ်သည်မှစ၍ 'ဘဒ္ဒဝိယ'မြို့စသည်တို့သို့ ခရီးဒေသစာရီကြွခါ၍ကိုးလပြည့်၍ ပုဗ္ဗာရုံကျောင်း ဆောက်လုပ်ပြီးမှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ပြန်ရောက်တော်မူ၏။

ထိုအခါ ဝိသာခါကျောင်းအမသည် ဘုရားရှင်ထံသွား၍ "မြတ်စွာဘုရား၊ ဤမိုးလေးလပတ်လုံး ရဟန်းသံဃာကိုပါခေါ်ယူတော်မူ၍ ဤတပည့်တော်မ၏ ပုဗ္ဗာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူပါ။ ကျောင်းရေစက်ချ ပူဇော်ပဲ့ကို ပြုလုပ်ပါမည်ဘုရား"ဟု လျှောက်ကြားသော် ဘုရားရှင်က သည်းခံတော်မူ၏။ ဝိသာခါလည်း ထိုနေ့မှစ၍ ဘုရားအမှူးရှိသောသံဃာအပေါင်းအား ပုဗ္ဗာရုံကျောင်းတိုက်မှာပင် မိုးလေးလပတ်လုံး အလှူကြီးကို ပေးလှူလေ၏။

နောက်ဆုံးတွင် လေးလပြည့်သော တန်ဆောင်းမုန်းလပြည့်နေ့၌ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား တထည်လျှင် တထောင်တန်သည့်သင်္ကန်းလျှာ အထည်အဝတ်တို့ကို လှူဒါန်းလေ၏။ ရဟန်းအားလုံးအား သပိတ်နှင့်အပြည့်ထည့်၍ စတုမဓုဆေးကို လှူဒါန်းလေ၏။

ကျောင်းရေစက်ချပွဲကြီးပြီးဆုံးသည့်နေ့ ညနေချမ်းဝယ် ဝိသာခါသည် သားသမီးမြေးအပေါင်းခြံရံလျက် "ငါသည် ရှေးကတောင့်တခဲ့သော ဆုကြီး ငါးမျိုးလုံးကို ယခုရရှိလေပြီ"ဟု ကျောင်းပြာသာဒ်ကြီးကို လှည့်ပတ်ကာ ဝမ်းမြောက်လှသောကြောင့် ငါးဂါထာဖြင့် အသံသာယာစွာဥဒါန်းကျူးရင့်လေ၏။

ဝိသာခါကျောင်းအမကြီး၏ အိမ်သည်ကား နံနက်အခါဝယ် သံဃာအဝင်အထွက်များလှသဖြင့် သက်နှံးရောင်တို့ဖြင့် ဝင်းထိန်တောက်ပနေလေ၏။ အနာထပိဏ်သူဌေးအိမ်မှာကဲ့သို့ ဝိသာခါ၏အိမ်၌ အာဂန္တုဆွမ်း၊ ခရီးသွားဆွမ်း အစရှိသော ဆွမ်းမျိုးစုံသည် အသင့်စီမံချက်ပြုတ်ပြီးသားရှိကုန်၏။ ဝိသာခါသည် နံနက်အခါဝယ် ရဟန်းတော်တို့အား ဆွမ်းများဆက်ကပ်လှူဒါန်းပြီးနောက် နေ့လယ်သောအခါ၌ ထောပတ်၊ ဆီဦး၊ ပျား၊ ဆီ၊ တင်လဲဟူသော ဆေးပစ္စည်းတို့ကိုဌင်း၊ ရှစ်ပါးသော အဖျော်ယမကာများကိုဌင်း ထမ်းရွက်ဆောင်ခဲ့စေပြီးလျှင် ဘုရားကျောင်းသို့သွား၍ ရဟန်းသံဃာအား လိုအပ်သလို လှူဒါန်းဆက်ကပ်လေ၏။

ထိုနောက်မှ ဘုရားရှင်၏တရားတော်ကိုကြားနာပြီး အိမ်သို့ပြန်လေ၏။ ထို့ကြောင့်ပင် ဘုရားရှင်သည် နောင်သောအခါ ဥပါသိကာမများအား

ဇေတဒင်ရာထူးကိုပေးရာတွင် "ရဟန်းတို့၊ လှူဒါန်းခြင်း၌ မေ့လျော့သော ငါဘုရား၏ ဥပါသိကာမများအနက် ဝိသာခါသည် အမြတ်ဆုံးဖြစ်ပေ၏" ဟူ၍ ဝိသာခါအား 'ဒါယိက ဇေတဒင်' အရာ၌ ထားတော်မူလေ၏။

၁၉၂။ ဘုရားရှင်နှင့်ဆွေမျိုးတော်လိုသော ကောသလမင်းကြီး

တနေ့သ၌ ကောသလမင်းကြီးသည် ရွှေနန်းပြာသာဒ်၌ရပ်လျက် မြို့တွင်းလမ်းကို ကြည့်ရှုလတ်သော် အနာထပိဏ်သူဌေး, စူဠအနာထပိဏ်သူဌေး, ဝိသာခါကျောင်းအမ, သုပ္ပဝါသာ သူဌေးကတော်တို့၏ အိမ်အသီးသီးသို့ ရဟန်းငါးရာစီ နိဗ္ဗဒ္ဓ(ထာဝရ)ဆွမ်းအတွက်ကြွကြသော နှစ်ထောင်မျှသော ရဟန်းတို့ကိုမြင်လျှင် မေးမြန်း၍အကြောင်းစုံကို ကြားသိရလျှင် ကျောင်းတော်သို့သွား၍ သံဃာတထောင်နှင့်တကွသော ဘုရားရှင်ကို နန်းတော်သို့ ပင့်ဖိတ်ပြီး ခုနစ်ရက်တိုင် ကိုယ်ထိလက်ရောက် လုပ်ကျွေးလေ၏။

ခုနစ်ရက်မြောက်၌ ဘုရားရှင်အား "မြတ်စွာဘုရား၊ ရဟန်းငါးရာနှင့်တကွ နေ့စဉ် နန်းတော်သို့ ကြွရောက် ဆွမ်းဘုဉ်းပေးတော်မူပါ" ဟုလျှောက်သော် ဘုရားရှင်က "မင်းကြီး၊ ဘုရားရှင်တို့မည်သည် တနေရာတည်း၌ အမြဲမပြတ် ဆွမ်းကိုခံယူရိုးမရှိကုန်။ လူအပေါင်းတို့သည် ဘုရားရှင်၏ ကြွလာခြင်းကို အလိုရှိကြ၏" ဟု မိန့်တော်၏။

မင်းကြီးက "မြတ်စွာဘုရား၊ ထိုသို့ဖြစ်လျှင် ရဟန်းငါးရာနှင့် တကွ နိဗ္ဗဒ္ဓရဟန်းတပါးကိုမူ စေလွှတ်တော်မူပါ" ဟုလျှောက်လေ၏။ ဘုရားရှင်က အရှင်အာနန္ဒာကိုပေးတော်မူ၏။

မင်းကြီးသည် အရှင်အာနန္ဒာနှင့်တကွ ကြွလာသော ရဟန်းငါးရာတို့ကို ခရီးဦးကြိုပြုခြင်း, သပိတ်များ ကမ်းယူခြင်း, ဆွမ်းကျွေးခြင်းကိစ္စကို အခြေအရံ,မင်းချင်းတို့အား တာဝန်မပေဘဲ ကိုယ်တိုင်သာ ပြုလုပ်လေ၏။ ခုနစ်ရက်ကြာလျှင် မင်းကြီးသည် ပင်ပန်းသွားသဖြင့် ကိုယ်တိုင် လုပ်ကျွေးရန် မေ့လျော့သည့်အပြင် အခြေအရံ,မင်းချင်းတို့အားလည်း "ဤသူ ဤသူတို့သည်' ရဟန်းတော်တို့အား လုပ်ကျွေး ပြုစုကြစေ" ဟု တာဝန်မပေးချေ။ နန်းတွင်းနေသူတို့လည်း အမိန့်မရလျှင် လုပ်ကျွေးခွင့်မရသဖြင့် မလုပ်ကျွေးကြကုန်။ ထို့ကြောင့် ကြွလာသည့် ရဟန်းတို့သည် တစတစနည်းလာ၍ သုံးရက်မြောက်၌ အရှင်အာနန္ဒာတပါးတည်းသာကြွလာသည်ဖြစ်၏။ ထိုအခါမှ မင်းကြီးသည် သတိရ၍ ရဟန်းများကြွလာသည်ကို မမြင်သော် ဘုရားရှင်ထံသွား၍ ရဟန်းများ ကြွမလာသည့် အကြောင်းကို လျှောက်ထားလေ၏။

ဘုရားရှင်က "မင်းကြီး၊ ရဟန်းတို့သည် သင်မင်းကြီးနှင့် အကျမ်းဝင် ခြင်းမရှိသဖြင့် မကြွခြင်းဖြစ်မည်။ ရှေးအခါက ပညာရှိတို့သည် အကျမ်းဝင် သူများရှိရာသို့သာ သွားလာကြကုန်၏" ဟု မိန့်ကော်မူပြီး 'ကောသဝဇာတ်' (ဇာ ၃၄၆) ကို ဟောတော်မူ၏။

ထိုအခါ မင်းကြီးသည် "ငါ့ကား ရဟန်းများနှင့်အကျမ်းတဝင် ရင်းနှီး အောင် ပြုမှသင့်မည်။ ငါသည် ဘုရားရှင်၏အမျိုးမှ သတို့သမီးတယောက်ကို ခေါ်ဆောင်ထားလျှင် ရဟန်းသာမဏေတို့သည် 'ငါတို့အရှင်၏ အမျိုးပင်' ဟု ငါ့ထံသို့ အကျမ်းတဝင် ရင်းနှီ ကြလျက် အမြဲမပြတ် လာကြပေလိမ့် မည်" ဟု ကြံလေ၏။

ထို့ကြောင့် မင်းကြီးသည် ကပိလဝတ်ပြည် သာကီဝင်မင်းများ ထံသို့ တမန်များလွှတ်ပြီး "ငါ့ထံသို့ သာကီဝင်မင်းသမီးတယောက်ကို ဆက်ကြ လော့" ဟု သဝဏ်စာကို ပို့စေ၏။

ထိုအခါ သာကီဝင်မင်းတို့သည် စုဝေးကြပြီး "ငါတို့မပို့ကြလျှင် ငါတို့ အမျိုးကို ဖျက်ဆီးမည်။ ငါတို့ အမျိုးလည်း တခြားအမျိုးနှင့် ဆက်ဆံရန် မဖြစ်နိုင်။ ဘယ်လို လုပ်ကြမည်နည်း" ဟု ဆွေးနွေးတိုင်ပင်ကြ၏။

ထိုအခါ မဟာနာမ မည်သော သာကီဝင်မင်းက "ငါ့ကို အစဲပြု၍ 'နာဂမုဏ္ဍာ' မည်သော ကျွန်မမှ ဖွားသော လှပ တင့်တယ်သည့် 'ဝါသဘ ခတ္တိယာ' အမည်ရှိ သမီးတဦးရှိ၏။ ထိုကျွန်မသမီးကို ပေးကြစို့" ဟုဆိုသော် အားလုံးက လက်ခံကြသဖြင့် ထိုတမန်တို့အား "သမီးရတနာ ဆက်သမည့်" အကြောင်း ပြန်ကြားလေ၏။

မင်းကြီးသည် ပြန်လာသည့် ထိုတမန်တို့ထံမှ ထိုအကြောင်းကို ကြားသိ ရလျှင် "ဘခင် မင်းကြီးနှင့်အတူ တစားပဲတည်း၌ စားသုံးလျှင် ထိုမင်းသမီး ကို ခေါ်လာလော့" ဟု မိန့်ကြားလေ၏။ တမန်တို့လည်း ကပိလဝတ်ပြည်သို့ ပြန်သွားကြပြီး ထိုအကြောင်းကို ပြောကြားလေသော် မဟာနာမမင်းကြီး သည် ထိုကျွန်မသမီးကို တန်ဆာဆင်စေပြီး မိမိထမင်းစားသည့်အခါ ခေါ် စေ၍ မိမိနှင့်အတူ တစားပဲတည်း၌ စားဘိသကဲ့သို့ ဟန်အမူအရာကို ပြလေ ၏။ တမန်တို့လည်း 'ဝါသဘခတ္တိယာ' ကို သာဝတ်ထိပြည်သို့ ခေါ်ဆောင် လာ၍ မင်းကြီးအား အကြောင်းစုံကို လျှောက်ကြားပြီး ဆက်ကြလေ၏။ မင်းကြီးသည် ဝါသဘခတ္တိယာကို မိဖုရားကြီး မြှောက်၏။ ထိုမိဖုရားလည်း မကြာမီ ရွှေအဆင်းရှိသည့် သားကို ဖွားမြင်၏။ မင်းကြီးသည် သားကို အမည်ပေးရန် အမတ်တဦးကို မဟာနာမ မင်းကြီးထံသို့ စေလွှတ်၍ ထို အကြောင်းကို ကြားစေ၏။

မဟာနာမ မင်းကြီးက "ဝါသဘခတ္တိယာ သည် သားတော်ကို ရ၍ ကောသလမင်းကြီး၏ အလွန်ချစ်ကျမ်းဝင်သူ (ဝလ္လဘ) ဖြစ်ချေတော့မည်" ဟု ဆိုလိုက်၏။

ထို အမတ်ကြီးသည် နားလေး၍ နားကြား လွဲသဖြင့် "ဝိဠူဠဘ" (ဝိဒူဒဘ)ဟု မှတ်ယူကာ ပြန်လာပြီး မင်းကြီးအား "ဝိဠူဠဘ" (ဝိဒူဒဘ) ဟု အမည်ပေးလိုက်ကြောင်း" လျှောက်ကြား၏။ မင်းကြီးလည်း သားတော် အား "ဝိဠူဠဘ" ဟု အမည်ပေးပြီး အလွန် ချစ်မြတ်နိုးသဖြင့် ငယ်ရွယ်စဉ် ကပင် စစ်သူကြီးအရာကို ပေးလေ၏။

ဝိဠူဠဘသည် တဆယ့်ခြောက်နှစ်အရွယ်ရောက်သော် ကပိလဝတ်ပြည်ရှိ အဘိုးအဘွားများကို ဖူးမျှော်ရန် မိဘများကို ပန်ကြားပြီး အခြံအရံများစွာ ဖြင့် သာဝတ္ထိပြည်မှ ထွက်လေ၏။ ဝါသဘခတ္တိယာ မိဖုရားလည်း အလျင် ကြိုတင်၍ "ကျွန်မသည် ဤဌ ချမ်းသာစွာနေပါအံ့။ အရှင်တို့သည် ကျွန်မ သားအား မိမိတို့၏ ဇာတိမာန်ကို မပြဘဲ ပျူငှာစွာ လက်ခံ ပြုစုတော် မူကြပါ" ဟု လျှို့ဝှက်စွာ သာကီဝင် မင်းတို့ထံ အကြောင်း ကြား ထား၏။

သာကီဝင်မင်းတို့လည်း ဝိဠူဠဘ လာသည်ကို ကြားလျှင် သူကို ရှိမခိုး နိုင်သဖြင့် ဝိဠူဠဘထက်ငယ်သော မင်းသားတို့ကို ဇနပုဒ်သို့ စေလွှတ်လိုက် ကြ၏။ ဝိဠူဠဘ ရောက်လာသော် သူတို့သည် မင်းကွန်း၌ စုဝေးနေကြ၏။

ဝိဠူဠဘသည် ထို မင်းကွန်းတဲ့သို့ ဝင်သွားသော် သာကီဝင်မင်းတို့က "ချစ်သား၊ ဤသူကား သင့် ဘွားတော်တည်း။ ဤသူကား သင့် ဦးရီး တည်း" ဟု ဆို၍ ရှိခိုးစေကြ၏။

ဝိဠူဠဘသည် ထိုသူအားလုံးကို လှည့်လည်ရှိခိုး၍ မိမိအား ရှိခိုးသူတဦး ကိုမျှ မမြင်ရလျှင် "ကျွန်ုပ်ကို ရှိခိုးရမည့် သာကီဝင်မင်းတို့ မရှိကြဘူးလော့" ဟုမေး၏။

သာကီဝင်မင်းတို့က "ချစ်သား၊ သင့်ထက်ငယ်သော သင့် ညီတို့သည် ဇနပုဒ်သို့သွားကြကုန်၏" ဟု ဆိုပြီး သူ့ကို ကြီးကျယ်စွာ ညှဉ်ခံပူဇော်ကြ၏။ ဝိဠူဠဘသည် နှစ်ရက် သုံးရက်နေပြီး အခြံအရံ များစွာဖြင့် ကပိလဝတ် ပြည်မှ ထွက်ခဲ့၏။

ထိုအခါ ကျွန်မတဦးသည် မင်းကွန်း၌ ဝိဠူဠဘ ထိုင်သွားသည့်နေရာကို "ကျွန်မသား ထိုင်သွားသည့်နေရာတည်း" ဟု ဆဲဆိုလျက် နို့ရည်ဖြင့် ဆေး ကြောနေ၏။

ထိုစဉ် ဝိဠဋ္ဌုဘ၏ မင်းချင်းတဦးသည် မေ့ကျန်ခဲ့သည့်လက်နက်ကို ပြန်ယူရာတွင် ထိုကျွန်မ၏ ဆဲသံကို ကြား၍ မေးမြန်းရာ ထိုကျွန်မက "ဝါသဘခတ္တိယာသည် ကျွန်မ၏သမီး ဖြစ်ကြောင်း" ရှင် ပြလေ၏။

ထိုမင်းချင်းသည် ပြန်လာ၍ ရဲမက်တို့အား ထိုအကြောင်းကို ပြောကြားသော် "ဝါသဘခတ္တိယာသည် ကျမ၏သမီး ဖြစ်သတဲ့" ဟု အုတ်အုတ်ကျက်ကျက် ဖြစ်လေ၏။

ဝိဠဋ္ဌုဘသည် ထိုစကားကို ကြားလျှင် အမျက်ထွက်၍ "ဤသာကီဝင်မင်းတို့သည် ငါထိုင်သည့်နေရာကို နို့ရည်ဖြင့် ဆေးကြောနှင့်ဦး။ ငါသည် မင်းဖြစ်လျှင် သူတို့၏ လည်ချောင်းသွေးငြုံ၍ ငါ ထိုင်သည့်နေရာကို ဆေးကြောအံ့" ဟု ကြံစည်ကာ သာဝတ္ထိပြည်သို့ ပြန်လာလေ၏။

ကောသလမင်းကြီးလည်း ထိုအကြောင်းကို ကြားလျှင် အမျက်ထွက်၍ ဝါသဘခတ္တိယာကို မိဖုရားအရာမှ၎င်း၊ ဝိဠဋ္ဌုဘကို စစ်သူကြီးအရာမှ၎င်း ချထားလေ၏။ နောက် နှစ်ရက်သုံးရက် ကြာလျှင် ဘုရားရှင်သည် နှင်းတော်သို့ကြွလာ၍ ခင်းထားသည့်နေရာ၌ ထိုင်နေတော်မူသော် ကောသလမင်းကြီးက ထိုကိစ္စနှင့် ပတ်သက်၍ အလုံးစုံ လျှောက်ကြားလေ၏။

ဘုရားရှင်က "မင်းကြီး၊ သာကီဝင်မင်းတို့သည် မသင့်လျော်သည့် အမှုကို ပြုကြလေပြီ။ သို့သော် မင်းကြီး။ ဝါသဘခတ္တိယာသည် စင်စစ် မဟာနာမ မင်းကြီး၏သမီးတော် ဖြစ်သည်သာမက ဘိသိက်သွန်းခံရသည့် မိဖုရားကြီး ဖြစ်ပေ၏။ ဝိဠဋ္ဌုဘလည်း သင် မင်းကြီးကိုစဲ၍ ဖြစ်လာသော သားတဦးဖြစ်ပေ၏။ စင်စစ် အမိ၏အနွယ်သည် ပဓာနမဟုတ်။ အဖ၏အနွယ်သာ ပဓာနဖြစ်ပေ၏။ ရှေးပညာရှိ မင်းတို့သည် ထင်းခွေသည်မအား မိဖုရားကြီး မြှောက်၍ ဖွားသော သားကိုလည်း မင်းမြှောက်ခဲ့ကြဘူးလေပြီ" ဟု မိန့်ကြား၍ 'ကဋ္ဌဝါဟနဇာတ်' (ဇာ-၇)ကို ဟောတော်မူလေ၏။

ထို့အခါ ကောသလမင်းကြီးသည် "အဖ၏ အနွယ်သာ ပဓာနဖြစ်ပေသတဲ့" ဟု နှစ်သက်ကျေနပ်သွားသဖြင့် ဝါသဘခတ္တိယာနှင့် 'ဝိဠဋ္ဌုဘ'တို့ကို မူလနေရာ၌ ပြန်ထားလေ၏။

[ဝိဠဋ္ဌုဘက သာကီဝင်မင်းမျိုးအား လုံးအား သတ်ဖြတ်ခြင်းအကြောင်းကို အခန်း(၂၅၈)တွင် ဆက်လက်ကြည့်ရှုပါ။]

၁၉၃။ စုဋ္ဌသုဘဒ္ဒါပင့်၍ ဘုရားရှင် ညဂ္ဂမြို့သို့ကြွခြင်း

'ညဂ္ဂ'မြို့၌နေသော 'ညဂ္ဂ'အမည်ရှိသူဌေးသည် အနာထပိဏ်သူဌေးနှင့် သူငယ်ချင်း ပညာအဘူသင်ဘက်ဖြစ်ခဲ့၍ ချစ်ခင်သောမိတ်ဆွေတဦးဖြစ်၏။ တနေ့သ၌ ညဂ္ဂသူဌေးသည် ကူးသန်းရောင်းဝယ်မှုပြုလုပ်ရန် လှည်းငါးရာတို့ဖြင့် သာဝတ္ထိပြည် အနာထပိဏ်သူဌေးအိမ်သို့ ရောက်လာ၏။ အနာထပိဏ်သူဌေးလည်း သမီးဖြစ်သူ 'စုဋ္ဌသုဘဒ္ဒါ'ကို ညဂ္ဂသူဌေးအား ဝတ်ကြီးဝတ်ငယ်ပြုစုစေ၏။

ညဂ္ဂသူဌေးသည် မိမိအား ဧကောင်းမှန်စွာ ဝတ်ကြီး ဝတ်ငယ် ပြုစုပေးသော စုဋ္ဌသုဘဒ္ဒါ၏ အိမ်ရှင်မကောင်းကျင့်ဝတ်နှင့်ပြည့်စုံသည်ကို တွေ့မြင်ရလျှင် အနာထပိဏ်သူဌေးအား "သူငယ်ချင်း၊ ငါတို့သည် ငယ်စဉ်က 'ငါတို့သားသမီးများရသည့်အခါဆိုသားသမီးတို့ကိုအချင်းချင်းပေးစားကြတမ်း'ဟု ကတိကဝတ်ပြုခဲ့ကြ၏။ ထို့ကြောင့် ငါ၏သားအတွက် သင့်သမီးစုဋ္ဌသုဘဒ္ဒါကို ပေးပါလော့"ဟု တောင်းလေ၏။ အနာထပိဏ်သူဌေးလည်း မိမိစွာဒီဋ္ဌိအယူရှိသော ညဂ္ဂသူဌေးအိမ်သို့ မိမိ၏သမီးကို ကိုယ်တိုင်ဆုံးဖြတ်၍မထည့်လိုသဖြင့် ဘုရားရှင်ထံသွား၍ ထိုအကြောင်းကိုလျှောက်ကြားလေ၏။

ဘုရားရှင်သည် ညဂ္ဂသူဌေး သောတာပန်ဖြစ်လတံ့သည်ကိုမြင်၍ ခွင့်ပြုတော်မူ၏။ ထို့ကြောင့် အနာထပိဏ်သူဌေးသည် မိမိ၏မယား 'ပုဉ္ဉလက္ခဏာ'နှင့်တိုင်ပင်၍ နေ့ရက်သတ်မှတ်ပြီးမှ ကြီးကျယ်သော ထိမ်းမြားမင်္ဂလာအခမ်းအနားကိုပြုလုပ်ပြီး၍ စုဋ္ဌသုဘဒ္ဒါအား 'သဝါဒဆယ်ချက်'ဖြင့်ဆုံးမလေ၏။ ထို့ပြင် သမီးအား အစဉ်သဖြင့် ဆုံးမပေးစေရန် သူကြွယ်ပညာရှိရှစ်ဦးကို အာမခံပုဂ္ဂိုလ်အဖြစ် ထည့်ပေးလိုက်၏။

သမီးအား ညဂ္ဂသူဌေးအိမ်သို့ ပို့လွှတ်မည့်နေ့၌ ဘုရားရှင် အမှူးရှိသော ရဟန်းသံဃာအပေါင်းအား အလှူကြီးကိုပေးလှူပြီးမှ သမီးကိုအခြံအရံများစွာဖြင့် ညဂ္ဂမြို့ရှိ ညဂ္ဂသူဌေးအိမ်သို့ ပို့လွှတ်လိုက်လေ၏။ ညဂ္ဂမြို့သို့ရောက်သော် စုဋ္ဌသုဘဒ္ဒါသည် လိမ္မာပါးနပ်သူဖြစ်သည့်အလျောက် မိမိ၏ဘုန်းကံကျက်သရေကြီးမားပုံကိုပြလျက် ညဂ္ဂမြို့သူမြို့သားများနှင့်ခင်မင်ရင်းနှီးအောင်ပြုလုပ်လေ၏။ ညဂ္ဂသူဌေးလည်း စုဋ္ဌသုဘာဒ္ဒါကို မိမိ၏သားအား ကြီးကျယ်သော မင်္ဂလာအခမ်းအနားဖြင့် ထိမ်းမြားပေးလေ၏။

ညဂ္ဂသူဌေးသည် မိစ္ဆာအယူရှိသူဖြစ်၍ မင်္ဂလာပွဲသဘင် ကျင်းပသည့်နေ့စသည်တို့၌ အဝတ်မဝတ်သော အစေလကတက္ကတွန်းတို့အား ပင့်ဖိတ်၍ ကျွေးမွေးပူဇော်လေသော် "ငါ့ချွေးမ လာရောက်၍ ငါတို့၏ ဆရာရဟန်း

များကို လာရောက်ရှိခိုးလေလော့"ဟု အခေါ်ခိုင်း၏။ စူဋ္ဌသုဘဒ္ဒါသည် ထိုတက္ကတွန်းတို့ကိုမကြည့်ဝံ့ရကား မသွားဘဲငြင်းပယ်လေ၏။

ဥဂ္ဂသူဌေးလည်း ချွေးမကိုအကြိမ်ကြိမ်ခေါ်ခိုင်း၍ မရသဖြင့် အမျက်ထွက်ပြီး "ဤချွေးမယုတ်ကို ငါ့အိမ်မှဆွဲငင်နှင်ထုတ်ကြလော့"ဟု ပြောဆို၏။ စူဋ္ဌသုဘဒ္ဒါလည်း မိမိအား သွန်သင်ဆုံးမပေးရန် ဘခင်ကထည့်ပေးလိုက်သည့် သူကြွယ်ပညာရှိရှစ်ဦးကိုအခေါ်ခိုင်းပြီး မျက်နှာစုံညီ ရှင်းလင်းတင်ပြလေ၏။ ထိုသူကြွယ်တို့သည် အကြောင်းစုံကိုကြားနာပြီး စူဋ္ဌသုဘဒ္ဒါမှာ အပြစ်မရှိကြောင်း ဥဂ္ဂသူဌေးအားပြောကြားကုန်၏။

ဥဂ္ဂသူဌေးလည်း သူဌေးကတော်အား "ရှင်မ၊ ဤစူဋ္ဌသုဘဒ္ဒါသည် ငါတို့၏ဆရာရဟန်းများကို 'အရှက်မရှိသူများ' ဟု ဆိုကာ ရှိမခိုးချေ" ဟု ပြောဆို၏။

သူဌေးကတော်လည်း စူဋ္ဌသုဘဒ္ဒါကိုခေါ်စေပြီးလျှင် "ချစ်သမီး၊ သင်သည် သင်ကြည်ညိုခဲ့သည့်ရဟန်းများကို အလွန်ပင်ချီးမွမ်းဘိ၏။ ထိုရဟန်းတို့၏ အကျင့်သီလဂုဏ်ကျေးဇူးများကို ငါ့အားပြောပြပါလော့"ဟု ဆို၏။

ထိုအခါ စူဋ္ဌသုဘဒ္ဓါသည် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့၏ ဂုဏ်ကျေးဇူးတော်များကို ခုနစ်ဂါထာဖြင့် ချီးမွမ်းပြောကြား၍ ယောက္ခမ သူဌေးကတော်အား နှစ်သက်အားရစေလေ၏။ ထိုအခ သူဌေးကတော်က "ချစ်သမီး၊ သင်သည် သင်၏ဆရာဘုရားနှင့်တကွ ရဟန်းသံဃာများကို ငါတို့အားလည်း ပြနိုင်ပါအံ့လော"ဟု မေး၏။ စူဋ္ဌသုဘဒ္ဒါက "ပြနိုင်ပါ၏" ဟုဆိုလျှင် သူဌေးကတော်က "သင်၏ဆရာများကိုပင့်ဆောင်၍ လှူဒါန်းပူဇော်ရန် ကြိုက်သလို စီမံပါလော့"ဟု ခွင့်ပေးလေ၏။

ထိုအခါ စူဋ္ဌသုဘဒ္ဒါသည် ဘုရားနှင့်တကွ ရဟန်းသံဃာတို့အား လှူဒါန်းပူဇော်ရန် လှူဘွယ်ပစ္စည်းများစွာတို့ကို စီရင်ပြီးသော် ပြာသာဒ်ထက်သို့တက်၍ ဇေတဝန်ကျောင်းသို့ ရှေးရှုမျက်နှာမူလျက် တည်ထိခြင်း ငါးပါးဖြင့် ရှိသေစွာရှိခိုးပြီးလျှင် ဘုရားရှင်၏ 'အရဟံ'စသော ဂုဏ်ကျေးဇူးတော်တို့ကို ဆင်ခြင်အောက်မေ့၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးနောက် "မြတ်စွာဘုရား၊ နက်ဖြန် ဘုရားရှင်အမှူးရှိသော ရဟန်းအပေါင်းတို့ကို တပည့်တော်မ ပင့်ဘိတ်ပါ၏။ ဤပန်းအမှတ်သညာဖြင့် သိတော်မူစေသတည်း"ဟု အဓိဋ္ဌာန်ပြီး မြတ်လေးပန်းရှစ်ဆုပ်တို့ကို ကောင်းကင်သို့ ပစ်မြောက် ဖြန့်ကြဲလိုက်လေ၏။ ထိုပန်းတို့သည် ကောင်းကင်ဖြင့်သွား၍ ဇေတဝန်ကျောင်းဝယ် ပရိသတ်လေးပါးအား တရားဟော်တော်မူနေသော ဘုရားရှင်၏အထက်တွင်ပန်းများမျက်နှာကျက်ဖြစ်ကာ ရပ်တည်နေလေ၏။

တရားဟော ခြင်းပြီးဆုံး၍ အနာထပိဏ်သူဌေးက ဘုရားရှင်အား နက်ဖြန် အတွက် ဆွမ်းပင့်ဘိတ်လေသော် ဘုရားရှင်က "သူဌေးကြီး၊ငါ ဘုရားသည် နက်ဖြန်အတွက်ဆွမ်းကို သည်းခံပြီးလေပြီ"ဟု မိန့်တော်မူလေ၏။

အနာထပိဏ်သူဌေးက "မြတ်စွာဘုရား၊ တပည့်တော်ထက် ဦးစွာ လာရောက် ပင့်ဘိတ်သူမရှိပါ။ အဘယ်သူက ပင့်ဘိတ်ပါသနည်း"ဟုမေးလျှောက်သော်--

ဘုရားရှင်က "သူဌေးကြီး၊ စူဠသုဘဒ္ဒါက ပင့်ဘိတ်ပြီးလေပြီ"ဟု မိန့်တော်မူ၏။

"စူဠသုဘဒ္ဒါသည် ဤသာဝတ္ထိပြည်မှ ယူဇနာတရာခန့်ဆယ်ဝေးသော ဥဂ္ဂမြို့၌နေပါ၏"ဟု လျှောက်သော်--

ဘုရားရှင်က "သူဌေးကြီး၊ အရပ်ဝေး၌နေသော်လည်း သူတော်ကောင်းတို့သည် ငါဘုရားရှေ့မှောက်၌တည်ကုန်သကဲ့သို့ထင်ရှားကုန်၏"ဟုမိန့်တော်မူပြီးနောက် 'ဟိမဝန္တာတောင်သည် အဝေး၌တည်သော်လည်း ထင်ရှားနေဘိသကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌ပင်နေကြသော်လည်း ထင်ရှားကုန်၏။ ညအခါ၌ပစ်လိုက်သည့်မြား၊တို့သည် မထင်ရှားကုန်သကဲ့သို့-သူယုတ်မာတို့သည် အနီး၌ရှိနေကြသော်လည်း(ဘုရားရှင်တို့၏ဉာဏ်၌)စိုးစဉ်းမျှမထင်ကုန်"ဟူ၍ ဟောကြားတော်မူလေ၏။

"ဘုရားရှင်သည် စူဠသုဘဒ္ဒါ၏အလှူကိုခံတော်မူကြောင်း"သိကြားမင်းသိလျှင် ဝိသုကြံုနတ်သားအား "ပြာသာဒ်ငါးရာတို့ကို ဖန်ဆင်း၍ နက်ဖြန် ဘုရားရှင်အမှူးရှိသော ရဟန်းသံဃာတို့ကို ဥဂ္ဂမြို့သို့ ပင့်ဆောင်လော့" ဟု စေခိုင်းလေ၏။ ဝိသုကြံုလည်း နောက်တနေ့နံနက်တွင် ပြာသာဒ်ငါးရာတို့ကို ဖန်ဆင်း၍ ဇေတဝန်ကျောင်း တံခါးဝ၌ ရပ်တည်လေ၏။ ဘုရားရှင်သည် လက်ရွေးစင်ရဟန္တာငါးရာတို့ကို နောက်တော်ပါခေါ်၍ ထိုပြာသာဒ်တို့၌ အသီးသီးထိုင်တော်မူကာ ဥဂ္ဂမြို့သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။

ဥဂ္ဂသူဌေးလည်း အခြံအရံပရိသတ်နှင့်တကွ စူဠသုဘဒ္ဒါပြာသည့်နည်း အတိုင်း ဘုရားရှင်ကြွလာတော်မူမည့်လမ်းကို မှန်းမျှော်ကြည့်ရှုလေသော် ကြီးစွာသော အသရေတင့်တယ်ခြင်းဖြင့် ကြွလာတော်မူသောဘုရားရှင်ကို မြင်လျှင် အလွန်ပင်ကြည်ညိုသောစိတ်ရှိရကား ဘုရားရှင်အမှူးပြုသော ရဟန်းအား လုံးအား ပန်းနံ့သာတို့ဖြင့်ပူဇော်လျက် အခြံအရံပရိသတ်နှင့်တကွ အိမ်သို့ပင့်ဆောင်လေ၏။

သူဌေးကြီးလည်း ဘုရားရှင်နှင့် ရဟန်းအပေါင်းအား ခုနစ်ရက်တိုင် အလှူကြီးကိုပေးလေ၏။ ဘုရားရှင်သည် အလှူ၏အဆုံး၌ ဥဂ္ဂသူဌေးနှင့်

မိသားစုအား လျှောက်ပတ်သော တရားဒေသနာကို ဟောကြားပြီး၍ အရှင် အနုရုဒ္ဓါအား ဥဂ္ဂမြို့၌ နေရစ်ခဲ့စေ၍ သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူ၏။ ထိုအခါ မြစ်၍ ဥဂ္ဂသူဌေးကြီး မိသားစုတခုလုံးနှင့်တကွ မြို့သူမြို့သားအပေါင်း တို့သည် ဘုရားရှင်၏ သာသနာ၌ ယုံကြည်ကိုးကွယ်ကြသူများ ဖြစ်ကြလေ၏။

၁၉၄။ ပဋာစာရီ ထေရိမ အကြောင်း

သာဝတ္ထိပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးကြီးတဦးမှာ အလှန် အဆင်းလှသည့် 'ပဋာစာရီ' မည်သော သမီးတဦး ရှိ၏။ ပဋာစာရီသည် တဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်၌ အစောင့်အရှောက်ဖြင့် နေရ၏။

သူမသည် တနေ့သ၌ မိမိ၏အလုပ်အကျွေး ကျွန်ငယ်တဦးနှင့် လွန်ကျူး မိသဖြင့် မကြာမီပင် မိဘတို့ မသိအောင် ပြာသာဒ်မှဆင်းသွားပြီး ထိုကျွန်နှင့် ထွက်ပြေး၍ ရှာတရှာ၌ ဆင်းရဲစွာ လုပ်ကိုင်စားသောက် နေရရှာ၏။ နောက် ကိုယ်ဝန်ရရှိ လစေ့သော် လင်အား မိဘများထံပြန်၍ သားဖွား ခွင့်ကိုတောင်းမရသဖြင့် လင် တော်သို့သွားခိုက် အိမ်နီးချင်းများကိုပြော၍ ထွက်သွား၏။ လင်သည်ပြန်ရောက်၍ ထိုအကြောင်းကိုကြားလျှင် နောက်က အမြန်လိုက်၍ မတွေ့လျှင် မသွားရန် အတန်တန်တောင်းပန်သော်လည်း မရပေ။ နောက် မကြာမီ ကမ္မဇလေတို့ လူပ်ရှားလာ၍ ချုံထဲဝင်ပြီး သားဖွား ခြင်းကိစ္စ ပြီးသွားသဖြင့် လင်နှင့်အတူပင် အိမ်သို့ ပြန်လာ၏။

နောက်တဖန် ကိုယ်ဝန်ရရှိ လစေ့သော် ရှေးနည်းတူပင် သားငယ်ကို ချီလျက် မိဘအိမ်သို့ ထွက်သွားပြန်၏။ လင်လည်း နောက်က အမြန်လိုက် သွားပြီး မသွားရန်တားသော်လည်း မရပေ။ သူတို့သွားနေစဉ်ပင် ပြင်းထန် သော မိုးသက်လေပြင်း ရွာသွန်းလေသော် သူမသည် ကမ္မဇလေတို့လူပ်ရှား လာသဖြင့် လင်အား "မိုးမစိုရအရပ်ကို ပြုစမ်းပါလော့" ဟု ဆို၏။ လင် လည်း ပါလာသောပဲခွပ်ဖြင့် ထိုမှ ဤမှကြည့်သော် တောင်ပို့တခုပေါ်၌ ချုံကိုမြင်လျှင် သွား၍ ခုတ်ဖြတ်၏။

ထိုအခါ အဆိပ်ပြင်းသောမြွေသည် တောင်ပို့မှ ထွက်၍ ကိုက်သဖြင့် သူသည် ထိုနေရာ၌ပင် အသက်ကုန်၏။ ပဋာစာရီလည်း ဆင်းရဲကြီးစွာခံစား ရလျက် လင်ကိုမျှော်ကြည့်နေတုန်းပင် သားကိုဖွားလေ၏။ သားနှစ်ယောက် တို့သည် မိုးသက်လေပြင်းကို မခံနိုင်၍ သည်းစွာ အော်ဟစ်ငိုကြွေးကြ၏။ ပဋာစာရီလည်း သားနှစ်ယောက်စလုံးကို ရင်ခွင်ကြား၌ထား၍ ဒူးနှစ်ဖက်

တို့ဖြင့် မြေ၌(လေးဘက်)ထောက်ထားလျက် တည်လုံးနေရရှာ၏။ တကိုယ်လုံး သွေးမရှိသကဲ့သို့ ဖြူဖတ်ဖြူရော်ဖြင်သွားလေ၏။

သူမသည် အရုဏ်တက်သော် မွေးစကလေးကို ရင်ခွင်ဖြင့် ချီလျက် သားကြီးကို လက်ဖြင့်ဆွဲကာ လင်သွားသည့်နေရာသို့သွားသော် တောင်ပို့ပေါ်၌ သေနေသည်ကို မြင်လျှင် "ငါ့ကြောင့် သေရ၏" ဟု အကြိမ်ကြိမ် ငိုကြွေး မြည်တမ်းလျက် ထွက်သွားရှာလေ၏။ တည်လုံး မိုးကြီးရွာသဖြင့် ရေပြည့်နေသော အစိုရဝတီမြစ်ကို မြင်လျှင် ပညာနည်းသူ ဖြစ်၍ သားနှစ်ယောက်နှင့်တကွ ရေသို့ မဆင်းဝံ့ရကား သားကြီးကို ကမ်းခြံထားခဲ့ပြီး ဖွားစသူငယ်ကိုချီ၍ ကမ်းတဘက်သို့ ကူးသွား၏။

ထိုဘက်ကမ်းခြံ သစ်ခက်ချို့ခင်းကာ ဖွားစကလေးကို သိပ်ထားခဲ့ပြီး ပြန်ကူးလာသော် ကလေးကို စိတ်မချ၍ အကြိမ်ကြိမ် ပြန်လှည့် ပြန်လှည့်၍ ကြည့်လျက် သွား၏။ မြစ်လယ်သို့ ရောက်သော် ဦးစွန်တကောင်လာ၍ ဖွားစသူငယ်ကိုမြင်လျှင် သားတစ်မှတ်ပြီး ပို့ဝဲဆင်းလာ၏။ ပဋ္ဌာစာရီသည် လက်နှစ်ချောင်းကို မြှောက်လျက် အော်သော်လည်း ဝေးလှသဖြင့် စွန်သည် ထိုအော်သံကို မကြားဘဲ သူငယ်ကို သုတ်ချီသွား၏။ ဤဘက်ကမ်းရှိ သားကြီးလည်း "ငါ့ကို အမိအော်ခေါ်သည်"ဟု မှတ်၍ ပြေးလာသော် ရေထဲကျ၍ မျောပါသွားလေ၏။

ပဋ္ဌာစာရီသည် "သားတယောက် စွန်ချီပြီ။ သားတယောက် ရေထဲမျောပြီ။ ငါလင်လဲ သေခဲ့ပြီ"ဟု ငိုကြွေးမြည်တမ်းကာသွားလေသော် သာဝတ္ထိပြည်မှ လာသော ယောကျ်ားတဦးကို မြင်၍ သာဝတ္ထိပြည်ရှိ မိဘများအကြောင်းကို မေးလေ၏။

ထိုယောကျ်ားက "ညက ရွာချသည့် မိုးသက်လေပြင်းကြောင့် အိမ်ပြိုပြီး ထိုသူ့ဌေးလင်မယားနှင့် သားသုံးဦးလုံး သေကြရရှာပြီ။ ထင်းပုံတခုတည်း အပေါ်မှာ မီးသင်္ဂိုဟ်လိုက်ရပြီ" ဟု ပြောသော် ပဋ္ဌာစာရီသည် ချက်ခြင်းပင် ရူးသွပ်သွားပြီး ထမီကျတ်ကျသွားသည်ကိုပင် မသိတော့ဘဲ ဝတ်လစ်စလစ်ဖြင့် ငိုကြွေးကာ "ငါ့သားနှစ်ယောက် သေလေပြီ။ ချစ်လင်လဲ သေခဲ့ပြီ။ ငါမိဘ, ငါ့မောင်တို့လဲ ထင်းပုံတခုတည်းပေါ်မှာ မီးသင်္ဂိုဟ်လိုက်ရပြီ" ဟု မြည်တမ်းလျက် ချာချာလည် ရူးသွပ်ကာ လှည့်လည် ရှာလေ၏။

လူတို့သည် သူမအား "အရူးမကြီး, အရူးမကြီး" ဟု ခေါ်လျက် တံမြက်ခြေး, အမှိုက်သရိုက်, မြေမှုန့်တို့ကို သူ့ဦးခေါင်းပေါ် ဖြန်းကြဲလျက် ခဲတို့ဖြင့် ပစ်ခတ်ကြလေ၏။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတွင် မရိသတ်အလယ်၌နေလျက် တရားဟောတော်မူနေစဉ် "ကမ္ဘာတသိန်းပတ်လုံး ပါရမီဖြည့်ခဲ့သော ပဒုမုတ္တရ ဘုရားလက်ထက်၌ တေဒဂ်ဆုတောင်းခြင်းနှင့်လည်းပြည့်စုံသောသူဌေးသမီး" အဝေးမှ လာသည်ကိုမြင်လျှင် ကျောင်းတော်သို့ ရှေ့ရှုလာသော် ပြုံးတော်မူ၏။ ပရိသတ်တို့သည် သူမကိုမြင်လျှင် "အရူးမကြီး ဤသို့မလာစေနှင့်" ဟု ဆိုကြကုန်၏။

ဘုရားရှင်က "ဤအရူးမကို မဘားကြလင့်" ဟု မိန့်တော်မူပြီး မနီးမဝေးသို့ ရောက်လာသော် "နှမ၊ သတိကို ရစေလော့" ဟု မိန့်တော်မူ၏။

ပဋာစာရီသည် ဘုရားရှင်၏ အာနုဘော်ကြောင့် ချက်ခြင်း သတိရလာပြီး ထမီမပါသည်ကို မှတ်သားမိ၍ ရှက်ကြောက်စိတ်ဝင်လျက် 'ကြုံ့ကြုံ့' ထိုင်လေသော် ယောကျ်ားတဦးက အပေါ်ရုံပုဆိုးကို ပစ်ပေးလေ၏။

ပဋာစာရီသည် ထိုပုဆိုးကိုဝတ်၍ ဘုရားရှင်ထံ ချဉ်းကပ်ပြီး "မြတ်စွာဘုရား၊ တပည့်တော်မ၏ မှီခိုအားထားရာ ထောက်တည်ရာ ဖြစ်တော်မူပါ။ တပည့်တော်မ၏ သားတဦး စွန်ချီသွားပါပြီ။ သားတဦး ရေထဲ မျောသွားပါပြီ။ လင်လဲ သေဆုံးပါပြီ။ မိဘနှင့် မောင်သုံးဦးလုံး ထင်းပုံတခုတည်း၌ မီးသင်္ဂြိုဟ်ကြရပါပြီ" ဟု လျှောက်ထားရှာလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သမီး ပဋာစာရီ။ မစိုးရိမ်လင့်။စောင့်ရှောက်မှီခို အားထားနိုင်သောသူထံသို့ ရောက်လာပေပြီ။ သင့် သား, လင်, မိဘ, မောင်တို့ကဲ့သို့ ဤသံသရာ၌ သား စသည် သေသောအခါ ငိုကြွေးသော သင်၏ မျက်ရည်သည် သမုဒ္ဒရာလေးစင်း၏ ရေထက်ပင် များသေး၏" ဟု 'အနမတဂ္ဂသုတ္တန်' (အစမထင်သော သံသရာအကြောင်း) ကို ဟောတော်မူလေသော် ပဋာစာရီသည် စိုးရိမ်ခြင်း လျော့နည်းသွားလေ၏။

တဖန် ဘုရားရှင်က "တမလွန်ဘဝသို့ သွားရသော သူတို့ကို စောင့်ရှောက်ရန် မတတ်ကောင်း။ ပညာရှိသော သူသည်ကား သီလကို သုတ်သင်၍ မိမိနိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကိုသာ သုတ်သင်သင့်လှပေ၏" ဟု ဟောတော်မူသော် ပဋာစာရီသည် သောက ကင်းပျောက် 'သောတာပန်' အဖြစ်သို့ ရောက်လေ၏။ ထိုအခါ သူမသည် ရဟန်းပြုခွင့် တောင်းခံပြီး ရဟန်းမများထံ သွား၍ ရဟန်းပြုလေ၏။

တနေ့သ၌ ပဋာစာရီထေရီမသည် ရေအိုးဖြင့် ရေကိုယူ၍ ခြေတို့ကို ဆေးလတ်သော် ပထမလောင်းသည့် ရေသည် အနည်းငယ်သို့ သွား၍ ပြတ်သည်ကိုဌင်း၊ ဒုတိယလောင်းသည့် ရေသည် ထိုထက်ဝေးသော အရပ်သို့ သွားသည်ကိုဌင်း၊ တတိယအကြိမ်၌ ထိုထက်ပင်ဝေးသော အရပ်သို့ ရောက်

သွားသည်ကိုငင်း မြင်လျှင် ထိုရှေကို အာရုံပြု၍ အရွယ်သုံးပါးကို ပိုင်းခြားထင်ထင် ဆင်ခြင်ကာ နေ၏။

ဘုရားရှင်သည် ဂန္ဓကုဋီတိုက်၌ နေလျက်ပင် ပဋ္ဌာစာရီဆီသို့ ရောင်ခြည်တော်ကို ပျံ့နှံ့စေတော်မူ၍ ရှေ့၌ ကိုယ်တော်ထင်ရှား တည်ရှိပြီး တရားဟောတော်မူသကဲ့သို့ "ချစ်သမီး ပဋ္ဌာစာရီ၊ ဤကြံစည်ဆင်ခြင်သည့်အတိုင်း မှန်ပေ၏။ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မမြင်သောသူ၏ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှု၍ သိမြင်သောသူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏" ဟူ၍ မိန့်တော်မူပြီးနောက် တဖန် ဂါထာဖြင့် ဟောကြားတော်မူသော် ပဋ္ဌာစာရီသည် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ပဋ္ဌာစာရီသည် ရဟန္တာဖြစ်ပြီးနောက် ဘုရားရှင်ထံ၌ ဝိနည်းပိဋကတ်ကို သင်ကြားတတ်မြောက်၍ အာဂုံဆောင်လေ၏။ ထို့ကြောင့်ပင် နောင်သောအခါတွင် ဘုရားရှင်သည် ပဋ္ဌာစာရီထေရီမအား "ဝိနည်းကို ဆောင်သော ရဟန်းမတို့တွင် အမြတ်ဆုံး" ဟူ၍ 'ဝိနယဓရ-ဇေတဒဂ်' အရာ၌ ထားတော်မူလေ၏။

၁၉၅။ ကိသာဂေါတမီ ထေရ်ရီမအကြောင်း

သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာပျက်စီး၍ ဆင်းရဲသွားသော သူဌေးမျိုး၏သမီး တဦးသည် သေးသွယ်သည့်ကိုယ်ရှိ၍ 'ကိသာဂေါတမီ' ဟု တွင်၏။ သူမသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီး၏သားနှင့် အိမ်ထောင်ကျ၏။ သူမသည် သားတဦးကို ဖွားမြင်ပြီး ထိုသားသည် ခြေဖြင့် သွားနိုင်သောအရွယ်တွင် သေဆုံးသွား၏။

သူမသည် ရှေးက သေခြင်းကို မမြင်ဘူးသဖြင့် "သားအတွက် ဆေးရှာအံ့" ဟု သားသေကို ရင်ဝယ်ပိုက်ပြီး "ငါ့သားအတွက် ဆေးကို သိကြသလော" ဟု မေးမြန်းကာ အိမ်စဉ်အတိုင်း လှည့်လည်လေ၏။

ထိုအခါ လူတို့က သူမအား "သင်သည် အရူးကြီးဖြစ်နေပြီ။ သေပြီးသော သားအဘွက် ဆေးကို မေးမြန်း လှည့်လည်ဘိ၏" ဟု ဆိုကြ၏။

သူမသည် "ငါ့သားအတွက် ဆေးသိသူကို ကောန် တွေ့ရလိမ့်မည်" ဟု မှတ်ထင်လျက် လှည့်လည်သော် ပညာရှိယောကျ်ားတဦးကမြင်၍ "ငါသည် ဤမိန်းကလေ၏ မိုဃိုအားထားရာ ဖြစ်သင့်၏" ဟုကြံပြီး "ချစ်သမီး၊ ငါကား

ဆေးကိုမသိ။ သဗ္ဗညုတဘုရားရှင် သိတော်မူ၏။ သွားမေးခဲ့ဟု ဆိုလေ၏။

ကိုသာဂေါတမိလည်း ဘုရားရှင်ထံ သွား၍ ချဉ်းကပ်ပြီး "လူတဦးမျှ မသေဘူးသော အိမ်မှ မုန်ညင်းစေ့ အနည်းငယ်ကို ယူခဲ့လော့"ဟု မိန့်တော်မူ၏။ ထိုအခါ သူမသည် သားသေကို ရင်ဖြင့် ပိုက်ခါကာ ရွာထဲသို့ ဝင်၍ ဦးစွာတွေ့သည့် အိမ်ဘံခါးဦး ရုပ်လျက် "ဤအိမ်၌ မုန်ညင်းစေ့ ရှိပါသလော" ဟု မေး၏။ "ရှိ၏"ဟု ဆိုပြီး ယူလာလျှင် "အမိ၊ ဤအိမ်၌ သေဘူးသူ တစုံတဦးမျှ မရှိသလော" ဟု မေးသော်၊ "ချစ်သမီး၊ သားသမီးများစွာ သေခဲ့ပြီ။ နှစ်ယောက် သုံးယောက်သာ ကျန်၏"ဟု ဆို၏။ "ဤမုန်ညင်းစေ့ သည် ကျန်မသားအတွက် ဆေးမဟုတ်"ဟု ထိုအိမ်မှ မုန်ညင်းစေ့ကို မယူဘဲ ပြန်ပေးခဲ့၏။

ဤနည်းဖြင့် ကိုသာဂေါတမီသည် အိမ်စဉ် လှည့်လည်ကာ မေးမြန်းသော်ထိုကဲ့သို့သော မုန်ညင်းစေ့မျိုးကို မိုးချုပ်သည့်အထိပင် မရရှိပေ။ ထိုအခါ သူမသည် "ငါသည် ငါ့သားသေ၏ဟု မှတ်ထင်၏။ တရွာလုံး၌ အသက်ရှင်သော သူတို့ထက် သေသူတို့သာ ပိုများကုန်၏"ဟု ကြံစည်စဉ်ပင် သား၌ ချစ်သော သူမ၏ စိတ်နှလုံးသည် ခက်ထန်သွားလေ၏။ သူမသည် တော၌ သားသေကို စွန့်ပစ်ခဲ့ပြီး ဘုရားရှင်ထံသွား၍ အကြောင်းစုံကိုလျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်က "ကိုသာဂေါတမီ၊ သင်သည်သာသင့်သားသေသည်ဟု မှတ်ထင်ရှိ၏။ ဤသေခြင်းကား သတ္တဝါတို့အား ဖြစ်မြဲသဘောတည်း။ သေမင်းသည် ဤသတ္တဝါအားလုံးကို သူတို့အလိုဆန္ဒ မပြည့်စုံမီပင် 'ပြင်းထန်သော ရေအလျဉ်ကဲ့သို့' ဆဲငင်ပြီးအပါယ်ဟူသော သမုဒ္ဒရာထဲသို့ ပစ်ချတတ်၏"ဟု ဟောပြ ဆုံးမတော်မူ၏။ ကိုသာဂေါတမီသည် ပါရမီရှိသူဖြစ်၍ ဤတရားကို နာရလျှင်ပင် သောတာပန် ဖြစ်လေ၏။ သူမသည် ဘုရားရှင်အား ရဟန်းပြုခွင့် တောင်းခံပြီး ရဟန်းမများထံသွား၍ ရဟန်းပြုသော် 'ကိုသာဂေါတမီ' ထေရီမဟု တွင်၏။

တနေ့သ၌ ထေရီမသည် ဥပုသ်အိမ်တွင် ဝတ်ပြုရန် အလှည့်ရောက်သဖြင့် ဆီမီးညှိထွန်းလျက်နေစဉ် ဆီမီးလျှံတို့ ပျောက်ပျက်ကြသည်တို့ကိုငဉ်း၊ ဖြစ်ပေါ် ဖြစ်ပွားကြသည်တို့ကိုငဉ်း မြင်ရလျှင် "ဤဆီမီးလျှံကဲ့သို့ပင်သတ္တဝါတို့သည် ဖြစ်လည်း ဖြစ်ကုန်၏။ ချုပ်လည်း ချုပ်ကုန်၏။ နိဗ္ဗာန်ရောက်သူတို့သာ (ဖြစ်ခြင်း, ချုပ်ခြင်း) မထင်ဘဲ ရှိကုန်၏"ဟု အာရုံနိမိတ်ကို ယူလေ၏။

ထိုအခါ ဘုရားရှင်သည် ဂန္ဓကုဋ္ဌိ၌ နေလျက်ပင် ရောင်ခြည်တော်ကို ပျံ့နှံ့စေ၍ ရှိခိုးတည်ပြီးဟောတော်မူသကဲ့သို့ "ချစ်သမီး ကိုသာဂေါတမီ၊ ဤသို့ နှလုံးသွင်းသည့်အတိုင်းပင် ဤသတ္တဝါတို့သည် ဖြစ်လည်း ဖြစ်ကုန်၏။ ချုပ်လည်း ချုပ်ကုန်၏။ နိဗ္ဗာန်ရောက်သော သူတို့မှသာ မထင်ကုန်။ ဤသို့ နိဗ္ဗာန်ကို မမြင်သောသူ၏ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက် နိဗ္ဗာန်ကို မြင်ကုန်သော သူတို့၏ တရက်မျှ အသက်ရှည်ခြင်းသည် မြတ်၏"ဟု မိန့်တော်မူပြီးနောက် တဖန် ဂါထာဖြင့်လည်း ဟောတော်မူ၏။ ထိုတရားကို ကြားနာရပြီးသော် ကိသာဂေါတမီသည် နေမြဲတိုင်းပင် ရဟန္တာမ အဖြစ်သို့ ရောက်လေ၏။

ထေရီမသည် ရဟန္တာ ဖြစ်ပြီးနောက် ချည်ကြမ်း, အဝတ်ကြမ်း, ဆိုးရည်ကြမ်းဖြင့် ဆိုးအပ်သော သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်လေ၏။ ထို့ကြောင့် ဘုရားရှင်သည် နောင်သောအခါရဟန်းမတို့အား ဇာတဒဂ် ထားတော်မူသော အခါ ကိသာဂေါတမီ ထေရီမအား "ညံ့ဖျင်းကြမ်းတမ်းသည့် သင်္ကန်းကို သုံးဆောင်သော ရဟန်းမတို့တွင် အမြတ်ဆုံး ဖြစ်ပေ၏"ဟူ၍ 'လူ့ခစီဝရ ဓရ ဇာတဒဂ်' အရာ၌ ထားတော် မူလေ၏။

၁၉၆။ ဘုရားရှင်ကို မကောင်းကြံသည့် ဂရဟဒိန္နသူကြွယ်

သာဝတ္ထိပြည်၌ ဘုရားရှင်ကို ကိုးကွယ်သော 'သိရိဂုတ္တ' သူကြွယ်နှင့် နိဂဏ္ဌတက္ကတုန်းတို့ကို ကိုးကွယ်သော 'ဂရဟဒိန္န' သူကြွယ်တို့သည် မိတ်ဆွဖြစ်ကာ ချစ်ခင် ရင်းနှီးကြ၏။

တနေ့သ၌ ဂရဟဒိန္နသည် တက္ကတုန်းတို့က ပြောခိုင်းသဖြင့် သိရိဂုတ္တအား "သူငယ်ချင်း၊ သင်သည် ရဟန်းဂေါတမအား ကိုးကွယ်သဖြင့် အဘယ်ဝတ္ထုကို ရမည်နည်း။ ငါတို့၏ အရှင်မြတ်တို့ကို မှီဝဲ ဆည်းကပ်၍ အလှူပေးပါလော"ဟု တွေ့တိုင်း ပြောဆို၏။

တနေ့သောအခါ သိရိဂုတ္တက ဂရဟဒိန္နအား "သူငယ်ချင်း၊ သင်၏ အရှင်မြတ်တို့သည် အဘယ်ကို သိကြသနည်း။ ရှေးဦးစွာ ငါ့အားပြောကြားဦးလော့"ဟု ဆိုသော်-

ဂရဟဒိန္နက "သူငယ်ချင်း၊ ငါ၏ အရှင်မြတ်တို့ကား မသိသော အရာမည်သည် မရှိ။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ကိုဌင်း၊ လူတို့၏ စိတ်အကြံတို့ကိုဌင်း သိကုန်၏"ဟု ဆို၏။

ထိုအခါ သိရိဂုတ္တကာ "သူငယ်ချင်း၊ ဒါဖြင့်လျှင် ငါ့၏ စကားဖြင့် သင်၏ ဆရာမြတ်တို့ကို နက်ဖြန် ငါ့အိမ်၌ ဆွမ်းစားရန် ပင့်ဖိတ်ပေးပါလော့" ဟု ဆို၏။

ဂရဟဒိန္နလည်း ဝမ်းသာအားရစွာဖြင့်သွား၍ နက်ဖြန် သိရိဂုတ္တအိမ်၌ ဆွမ်းစားရန်ပင့်သော် ထိုတက္ကတွန်းတို့သည် နှစ်သက် ရွှင်လန်းကြလျက် "သိရိဂုတ္တသူကြွယ် ကြည်ညိုသွားလျှင် ငါတို့အား အရာခပ်သိမ်း ပြည့်စုံပေအံ့" ဟု ဆိုကြကုန်၏။ သိရိဂုတ္တသည် ထိုနိဂဏ္ဌတို့ အတိတ်, အနာဂတ်, ပစ္စုပ္ပန် တို့ကို သိ မသိ စမ်းသပ်ရန် ဤသို့ စီမံလေ၏။

"မိမိ၏ အိမ်ကြီးနှစ်ဆောင် အကြားဌာ မြောင်းရှည်ကြီးကို နက်စွာ တူးစေ၍ မစင် ရွံတို့ဖြင့် ပြည့်စေ၏။ မြောင်း၏ အပြင်ဘက်ဌာ သစ်ငုတ်တို့ကို ရိုက်နှက်စိုက်စေပြီး ယင်းငုတ်တို့ဌာ ကြိုးတို့ကို ချည်ထားစေ၏။ နောက် ထိုင်ရာ ညောင်စောင်းတို့၏ ရှေ့ခြေတို့ကို မြောင်း၏ ရှေ့နခမ်းပေါ်ဌာ တင်ထားစေပြီး နောက် ခြေတို့ကို ကြိုးငယ်များပေါ်ဌာ မှေးကာ တင်ထားစေ၏။ ထိုညောင်စောင်းများပေါ်ဌာ အခင်းများဖြင့် ဖုံးလွှမ်း ခင်းထားစေ၏။ ဆွမ်းဘောဇဉ်တို့ အနည်းငယ်မျှ ချက်မထား။ ဗလာ အိုးကြီး အိုးငယ် တို့ကို ငှက်ပျောရွက်များ၊ အဝတ်များဖြင့်ဖုံး ပိတ်စေပြီး အိမ်နောက်ဖေးဌာ ယာဂုထမင်းလုံး ထောပတ်ဆီပျော်တင်လဲမုံ့မှန့်တို့ဖြင့် အလိမ်းလိမ်းကပ်နေသည်တို့ကိုပြုထားစေ၏"

ဂရဟဒိန္နလည်း နံနက်စောစော သိရိဂုတ္တအိမ်သို့သွား၍ ဆွမ်းဘောဇဉ် လှူဘွယ်တို့ကို စီရင် ပြီးမပြီး မေးမြန်း၍ စီရင်ထားကြောင်း ကြားရ မြင်ရလျှင် အိမ်သို့ ပြန်သွားလေ၏။ သူပြန်သွားသောအခါ တက္ကတွန်း ငါးရာတို့သည် သိရိဂုတ္တအိမ်သို့ ရောက်လာကြကုန်၏။

သိရိဂုတ္တလည်း ရုံသေစွာ ရှိခိုးဦးကြိုပြုပြီးနောက် "အရှင်မြတ်တို့သည် ဤအရပ်သို့ တပါးစီ တန်း၍ ဝင်လာကြပါလော့။ မိမိထိုင်ရမည့် နေရာရှေ့တွင် ခေတ္တာမျှ ရပ်တော်မူပြီးမှ တပြိုင်နက် ထိုင်တော်မူကြပါ။ ဤကား တပည့်တော်တို့၏ ထုံးစံ ဖြစ်ပါ၏" ဟု လျှောက်လေ၏။ ထို တက္ကတွန်းတို့လည်း သိရိဂုတ္တ လျှောက်သည့်အတိုင်းပြု၍ တပြိုင်နက် ထိုင်ကြသော် ကြိုးများပေါ်တင်ထားသည့် ညောင်စောင်းခြေတို့သည် လျှောကြကုန်သဖြင့် နိဂဏ္ဌတို့သည် ဦးခေါင်းဇောက်ထိုး မြောင်းကြီးထဲသို့ လိမ့်ကြကုန်၏။

ထိုအခါ သိရိဂုတ္တသည် တံခါးကိုပိတ်ပြီး တက်လာတိုင်းသော နိဂဏ္ဌတို့အား "အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ကို အဘယ့်ကြောင့်မသိကြသနည်း" ဟု မေးမေးပြီး တုတ်တို့ဖြင့် ရိုက်နှက်စေပြီးမှ တံခါးကို ဖွင့်ပေးပြီး

ငင်းတို့ကို ထုတ်ပြေးစေကုန်၏။ ထိုတက္ကတုန်းတို့လည်း ဒေရှက်တက္ခဲ အကျိုးနဲ့ ဖြစ်ကြရသဖြင့် ဂရဟဒိန္နအိမ်သို့ ထိုအကြောင်းကို ပြောပြကြလေ၏။

ထိုအခါ ဂရဟဒိန္နသည် သိရိဂုတ္တထံသွား၍ "သူငယ်ချင်း၊ သင်သည် ငါ၏အရှင်တို့ကို အရှက်တကွဲ အကျိုးနဲ့အောင် လုပ်သည်ကား မသင့်တော်ပေစွဲ" စသည်ဖြင့် ပြောဆိုပြီး တဆယ့်ငါးရက်မျှ မခေါ်မပြော ဘဲနေ၏။ နောက်မှ သူသည် သိရိဂုဉ်၏ အရှင်မြတ်ဖြစ်သော ဘုရားရှင်ကို ပြန်နှိပ်စက်လိုသဖြင့် သိရိဂုတ္တကို ခေါ်ခေါ်ပြောပြော လုပ်လေ၏။

နောက် တနေ့သ၌ သိရိဂုတ္တက ဂရဟဒိန္နအား "သူငယ်ချင်း၊ သင်သည် နိဂဏ္ဌတို့ကို ဆည်းကပ်သဖြင့် အာဃယ်ဝတ္ထုကို ရအုံးနည်း။ ငါတို့၏ ဆရာဖြစ်သော ဘုရားရှင်ကို ဆည်းကပ်သင့်၏" ဟု ဆို၏။

ဂရဟဒိန္နလည်း လိုချင်သည့် အကွက်ဆိုက်၍ ဝမ်းမြောက်လျက် ရှိပြီး "သူငယ်ချင်း၊ သင်၏ဆရာသည် အဘယ်ကို သိသနည်း။ ငါ့အား ပြောကြားဦးလေ" ဟု ဆိုသော်-

သိရိဂုတ္တက "ငါ၏ဆရာ ဘုရားရှင်သည် မသိသည့်အရာမရှိ။ အားလုံးကို သိသည်။ ကာလသုံးပါးကို သိ၏။ သတ္တဝါတို့၏စိတ်ကို ကောင်းစွာသိတော်မူ၏" ဟု ဆို၏။

ဂရဟဒိန္နက "ဤသို့ဖြစ်လျှင် ငါ၏စကားဖြင့် သင်၏ဆရာအား နက်ဖြန် ငါ့အိမ်သို့ ဆွမ်းပင့်ဖိတ်ပေးပါ" ဟု ပြောပြီး စေလွှတ်လိုက်၏။

သိရိဂုတ္တလည်း ဘုရားရှင်ထံသွား၍ ထိုသို့ပင့်ဖိတ်သော် "မြတ်စွာဘုရား၊ တပည့်တော်သည် ဂရဟဒိန္နဏ၏ဆရာ တက္ကတုန်းတို့အား ရှေးက ဤသို့ဤသို့ ပြုခဲ့ဘူးပါ၏" ဟု အကြောင်းစုံကို လျှောက်ထားပြီ မှ "ဂရဟဒိန္နသည် တပည့်တော် ပြုခဲ့သည့်အမှုကို လက်စားချေလိမ့်မည်ကိုလည်း မသိပါ။ စိတ်ကောင်းဖြင့် ဆွမ်းလှူလိုသည်ကိုလည်း မသိပါ။ ဆင်ခြင်၍ သင့်လျော်က ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏။

ဘုရားရှင်သည် ဆင်ခြင်သော် "ဂရဟဒိန္နသည် ငါဘုရားအား မိုးကျိုး တွင်းထဲကျအောင် ဖန်တီးသော်လည်း ငါဘုရား ခြေတော် ဆန့်လိုက်လျှင် မိုးကျိုးတွင်းမှ ပဒုမာ ကြာပွင့်ကြီး ထွက်ပေါ်လာလတံ့။ ငါဘုရား တရားဟောလျှင် သိရိဂုတ္တနှင့် ဂရဟဒိန္နနှစ်ဦးလုံး သောတာပန် ဖြစ်လတံ့" ဟု မြင်တော်မူ၍ ဆွမ်းအလှူကို သည်းခံတော်မူ၏။ သိရိဂုတ္တလည်း ပြန်လာ၍ ဂရဟဒိန္နအား ဘုရားရှင်ကို ဆွမ်းပင့်ဖိတ်ခဲ့ကြောင်း ပြော၍ အိမ်ပြန်လေ၏။

ဂရဟဒိန္နလည်း အိမ်ရှေ့၌ တညလုံး မိုးကျိုးကွင်းကိုပြု၍ တွင်းပေါ်၌ နှင်းလိုက်လျှင် ကျိုးသွားမည့် အားနည်းသော ပျဉ် တုတ်တံတို့ဖြင့် ခင်းထား

လျက် အပေါ်ကဖျာဖြင့် ဖုံးအုပ်ထာ စေ၏။ အိမ်နောက်ဖေးဌ်လည်း သိရီဂုတ္တ ပြုသည့် နည်းအတိုင်း ဗလာ အိုးကြီး အိုးငယ်တို့ကိုယာဂု ဆွမ်း စသည်တို့ဖြင့် ပြည့်နေဟန် ပြု၍ ထားလေ၏။

ဘုရားရှင်သည် ရဟန်းငါးရာ ခြံရံကာ ဂရဟဒိန္ဒအိမ်သို့ ကြွတော်မူ၏။ ဂရဟဒိန္ဒလည်း အိမ်မှထွက်၍ ဘုရားရှင်အား ရိုသေစွာ ခရီးဦးကြိုပြုပြီးလျှင် "မြတ်စွာဘုရား၊ ဤအရပ်သို့ ကြွတော်မူပြီး ခင် ထားသည့် နေရာ၌ ထိုင်တော်မူပါ။ နောက်ပါ ရဟန်းတို့လည်း တပါးချင်းကြွ၍ နေရာအသီးသီး၌ ထိုင်ကြရပါလိမ့်မည်။ ဤကား တပည့်တော်တို့၏ ထုံးစံ ဖြစ်ပါ၏" ဟု(ရှေးက ပုဂ္ဂိုလ် မီးကျီးတွင်းထဲသို့ ကျသည်ကို နောက်ပုဂ္ဂိုလ်က မမြင်စေရန် ဤသို့) လျှောက်ထားလေ၏။

ဘုရားရှင်သည်း ဆိုသည့်အတိုင်း ရှေ့က တပါးတည်းကြွ၍ မီးကျီးတွင်း ပေါ်သို့ ခြေကို ဆန့်လှမ်းတော်မူသော် ဖုံးထားသည့်ဖျာသည် ကွယ်ပျောက်၍ လှည်းဘီးမျှကြီးသော ပဒုမာ ကြာပွင့်တို့သည် မီးကျီးတွင်းမှ ထွက်ပေါ်လာကုန်၏။ ဘုရားရှင်လည်း ပဒုမာ ကြာချပ်၏ အလယ်၌ နင်းတော်မူလျက် ကြွသွားပြီး ခင်းထားသည့် ဘုရားရှင်၏ နေရာ၌ ထိုင်တော်မူ၏။ နောက်ပါ ရဟန်းတို့လည်း ထို့အတူကြွသွား၍ ထိုင်နေကြကုန်၏။

ဂရဟဒိန္ဒသည် ထိုအံ့ဘွယ်သရဲကို မြင်လေသော် တကိုယ်လုံး ပူထူပြီး ဗျာပါများစွာဖြင့် သိရီဂုတ္တထံ သွား၍ "သူငယ်ချင်း၊ ငါ့ကို ကယ်ပါဦး။ ငါသည် သင့်ကို ဂလဲ့စား ချေလို၍ ဘုရားရှင်အား နှိပ်စက်ရန် မီးကျီးတွင်းကို ပြုပြီး ထောင်ခဲ့မိ၏။ ယခု မီးကျီတွင်းမှ ပဒုမာ ကြာပွင့်ကြီးများ ပေါ်လာပြီး ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းတို့ ကြာပွင့်ကြီးများ ပေါ်နင်း၍ ကြွပြီး ထိုင်နေတော်မူကြ၏။ အိမ်နောက်ဖေး၌ အိုးကြီး အိုးငယ်များ ချထားသော်လည်း အထဲမှာ ကျွေးစရာ ဘာမျှမရှိ" ဟု ဆိုလေ၏။

သိရီဂုတ္တကလည်း "ထိုအိုးများမှာ ဘာမျှ မရှိသည် ဖြစ်စေကာမူ ထိုယာဂု ဆွမ်း စသည်တို့ကို ကြည့်ရှုဦးလော့" ဟု ထပ်တလဲလဲ ပြောဆိုသဖြင့် ဂရဟဒိန္ဒသည် ပြန်သွား၍ကြည့်ရှုရာ အိုးတချို့မှာ ယာဂုဖြင့်၊ အိုးတချို့မှာ ဆွမ်းဖြင့်၊ အိုးတချို့မှာ ဟင်းဖြင့် ပြည့်လျက် ရှိလေ၏။ ယင်းတို့ကို မြင်လျှင် ဂရဟဒိန္ဒသည် နှစ်သက်ခြင်းပီတိဖြင့် ပြည့်လျှမ်းသွားပြီး စိတ်သည် အထူးပင် ကြည်ကြည်လင်လင်ဖြစ်လေ၏။ ဂရဟဒိန္ဒသည် ဘုရား အမှူးရှိသော ရဟန်းအပေါင်းအား ရိုသေစွာ ဆွမ်းဖြင့် ဆက်ကပ် လုပ်ကျွေးလေ၏။

ဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးပြီး၍အနုမောဒနာတရား ဟောကြားလေသော် "ဤသတ္တဝါတို့သည် ပညာမျက်စိ မရှိခြင်းကြောင့် ဘုရား, တရား,

သံဃာ ရတနာမြတ် သုံးပါး၏ ဂုဏ်ကျေးဇူးကို မသိနိုင်ကြကုန်။ ပညာမျက်စိ ကင်းသောသူဘို့သည် သူကန်းတို့ မည်ကုန်၏" မိန့်တော်မူ၏။

ထိုနောက် ဆက်လက်၍ "သင်းပို့. မွေးကြိုင်၍ နှစ်သက်စဖွယ် လှပတင့်တယ်သော ပဒုမာ ကြာပန်းသည် လမ်းပေါ်၌ စွန့်ပစ်ထားသည့် အမှိုက်စုပုံရာအရပ်၌ ပေါက်ရောက်သကဲ့သို့ ထို့အတူ ဗုဒ္ဓ၏ တပည့်သာဝကသည် အမှိုက်ပုံနှင့် တူကုန်သော၊ ပညာမျက်စိ ကင်း၍ အကန်းသဖွယ် ဖြစ်ကုန်သော ပုထုဇဉ် လူမိုက်တို့ အလယ်၌, ပညာဖြင့် ထွန်းလင်းတောက်ပ တင့်တယ်လှပေ၏" ဟူ၍ နှစ်ဂါထာဖြင့် ဟောကြားတော်မူ၏။ ဤတရားကို ကြားနာရသော် ဂရဟဒိန္နနှင့် သိရိဂုတ္တ သူကြွယ် နှစ်ဦးတို့သည် သောတာပန် ဖြစ်သွားကြပြီး မိမိတို့၏ ဥစ္စာအားလုံးကို သာသနာတော်၌ စွန့်ကြဲလှူဒါန်းကြလေ၏။

၁၉၂။ စိတ္တသူကြွယ် ဘုရားရှင်ထံ လာရောက် ဖူးမျှော်ခြင်း

သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်ဝေးသော 'မစ္ဆိကာသဏ္ဍ' မြို့၌ 'စိတ္တ' အမည်ရှိသော သူကြွယ်တဦးရှိ၏။ ပဥ္စဝဂ္ဂီ ရဟန်းငါးပါးတို့တွင် အကျုံးဝင်သော 'မဟာနာမ' မထေရ်သည် မစ္ဆိကာသဏ္ဍမြို့သို့ ရောက်၍ မြို့ထဲ၌ ဆွမ်ခံကြ၏။ စိတ္တသူကြွယ်သည် ထိုမထေရ်၏ ဂုရိယာပုထ်ကို ကြည်ညိုရကာ အိမ်သို့ပင့်၍ ဆွမ်းဘောဇဉ်တော်ဖြင့် ဆက်ကပ်လှူဒါန်းပြီး တရားတော်ကို နာယူ၏။

ထိုနောက် မထေရ်အား 'အမ္မာဠက' မည်သော ဥယျာဉ်သို့ ပင့်ဆောင်ပြီး ထိုဥယျာဉ်တွင်း၌ ကျောင်းဆောက်ပေး၍ သီတင်းသုံးစေ၏။ သူသည် မထေရ်အား မိမိအိမ်၌ အမြဲမပြတ် ဆွမ်းဖြင့် လုပ်ကျွေး၏။ မထေရ်လည်း စိတ္တသူကြွ၏ မဂ်ဖိုလ်ရကြောင်း ပါရမီရှိသည်ကို မြင်၍ အတွင်းအာယတနခြောက်ပါး, အပြင် အာယဘနခြောက်ပါးနှင့် စပ်သော (သဠာယဘနဝိဘင်္ဂတို့) တရားတော်ကို ဟောကြားလေ၏။ သူကြွယ်လည်း ထိုတရားကို ကြားနာရသော် သောတာပန်ဖြစ်လေ၏။ နောင်တွင် မဟာနာမ မထေရ် ဖဲကြွသွားသော် 'ဂုသိဒတ္တာ'မထေရ် ကြွရောက်လာ၏။ စိတ္တသူကြွယ်လည်း ထိုမထေရ်အား ထိုကျောင်း၌ပင် ကိုးကွယ်လုပ်ကျွေးလေ၏။

စိတ္တသူကြွယ်သည် တရားမျှားစွာ၌ အလွန် အထူး အာရုံပြုရာကား ဂုသိဒတ္တာမထေရ်အား နက်နဲဆန်းကြယ်သော တရားနှင့်ပတ်သက်၍ ပြဿနာမျှားစွာကို မေးလေ၏။ မထေရ်လည်း ကောင်းစွာ ဖြေကြားသဖြင့် စိတ္တသူကြွယ်သည် အလွန်ပင် နှစ်သက် ဝမ်းမြောက်လေ၏။ နောက် ဂုသိဒတ္တာ

မထေရ် ဖဲကြွသွားသော် အခြား ရဟန်းများ ကြွရောက်လာကြ၏။ စိတ္တသူကြွယ်လည်း ကြွလာသမျှသော ရဟန်းအပေါင်းအား ထိုညယျာဉ်ကျောင်း၌ပင် ကိုးကွယ်၍ ဆွမ်းဖြင့် လုပ်ကျွေးလေ၏။ ထိုရဟန်းတို့လည်း ပြန်ကြွသွားသော် နောက်ဆုံးတွင် "သုဓမ္မ" မည်သော မထေရ် လာရောက်၍ သီတင်းသုံး၏။

တနေ့သ၌ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန် အဂ္ဂသာဝကနှစ်ပါးသည် စိတ္တသူကြွယ် အကြောင်းကို ကြားရ၍ သူ့ကို ချီးမြှောက်လိုသဖြင့် အသီးသီး အခြံအရံ ရဟန်းငါးရာစီ(ပေါင်းတထောင်)ခြံရုံလျက် ကြွလာကြ၏။ စိတ္တသူကြွယ်လည်း ထိုအကြောင်းကို ကြားသိ၍ သွားရောက်ကြိုဆိုပြီး ကျောင်းသို့ ပင့်ဆောင်၍ ဒနရာထိုင်ခင်းများ စီစဉ်ပြီးသော် "တရားအနည်းငယ် နာလိုကြောင်း" လျှောက်ထားလေ၏။

အရှင်သာရိပုတ္တရာက "ဒါယကာ၊ ငါတို့ ခရီးပန်းသဖြင့် တရားအနည်းငယ်မျှသာ ဟောပေအံ့" ဟု ဆို၍ သူကြွယ်နှင့် လျောက်ပတ်သော ပရမတ္ထတရားကို ဟောကြားလေ၏။ သူကြွယ်လည်း ထိုတရားကို ကြားနာရလျှင် 'အနာဂါမ်'ဖြစ်လေ၏။ နောက် အဂ္ဂသာဝကနှစ်ပါးအား နောက်ပါ ရဟန်းတထောင်နှင့်တကွ နက်ဖြန် အိမ်သို့ ဆွမ်းဘုဉ်းပေးကြွရန် ပင့်လျှောက်ပြီး နောက်မှ ကျောင်းနေ 'သုဓမ္မ'မထေရ်ကိုပါ ပင့်လျှောက်လေ၏။

အရှင်သုဓမ္မသည် 'ကျောင်းနေရဟန်းဖြစ်လျက် ငါ့ကို နောက်မှ ဘိတ်ရကောင်းလား'ဟု အမျက်ထွက်၍ ဣဿာမစ္ဆရိယစိတ်ပွားလေရကား "ငါမကြွလို"ဟု ငြင်းပယ်လေ၏။ စိတ္တသူကြွယ်လည်း အရှင်သုဓမ္မ၏ စိတ်ကို သိလျက် အိမ်သို့ပြန်၍ နောက်တနေ့ ရဟန်းတထောင်အတွက် ဆွမ်းဘောဇဉ်တို့နှင့်တကွ လှဘွယ်ဝတ္ထုများကို စီရင်လေ၏။ သုဓမ္မမထေရ်လည်း နောက်တနေ့ နံနက်စောစော လှဘွယ်တို့ကို ကြည့်ရှုလို၍ သူကြွယ်အိမ်သို့ သွားနှင်၏။

သူကြွယ်က အိမ်ထဲဝင်၍ သီတင်းသုံးရန်လျှောက်သော် သုဓမ္မမထေရ်က "ငါ့မထိုင်လို။ ဆွမ်းခံလှည့်လည်အံ့"ဟု ဆို၍ လှဘွယ်များစွာတို့ကို ကြည့်ရှုတွေ့မြင်သော် အမျက်ထွက်ပြီး သူကြွယ်ကို ဆဲ၍ "သင့်ကျောင်း၌ ငါမနေလို"ဟု ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်လေ၏။

ဘုရားရှင်သည် သူ့အား "ချစ်သား၊ သင်သည် သဒ္ဓါတရားနှင့်ပြည့်စုံသော ဒါယကာကို ဆဲရေးဘိ၏" ဟု အပြစ်တင် ပြောကြားပြီး "သွားချေ။ စိတ္တသူကြွယ်ကို သည်းခံအောင် တောင်းပန်လော့"ဟု မိန့်တော်မူ၏။

မထေရ်လည်း ဘုရားရှင်၏ အာဏာတော်ဖြင့်သွား၍ သည်းခံရန် တောင်းပန်သော် စိတ္တသူကြွယ်က "တပည့်တော် သည်းမခံနိုင်သေး"ဟု ဆို၍ သုံးကြိမ်တိုင် ပယ်သဖြင့် မထေရ်သည် မျက်နှာ မသာမယာနှင့် ဘုရားရှင်ထံ ပြန်လာရ၏။

ထိုအခါ ဘုရားရှင်သည် မာနနှိမ့်ချပြီးသော ထိုမထေရ်အား အဖော် ရဟန်းတပါးကို ပေးသနားတော်မူပြီး "ဤရဟန်းနှင့်အတူသွား၍ စိတ္တသူကြွယ်ကို သည်းခံစေလော့"ဟု မိန့်တော်မူပြီးနောက်-

"ချစ်သား၊ ရဟန်းမည်သည် ငါ့ကျောင်း၊ ငါ့နေရာအရပ်၊ ငါ့ ဒါယကာ ဟူ၍ မာန်ထောင်လွှားခြင်း၊ ငြူစူခြင်း မပြုအပ်။ ဤသို့ ပြုသော ရဟန်းမှာ ကိုလေသာတို့ တိုးတက်ပွားများလေကုန်၏" စသည်ဖြင့် တရားဟော ဆုံးမတော်မူ၏။ သုဓမ္မမထေရ်လည်း ထိုဩဝါဒတရားတော်ကို ကြားနာရလျှင် အလိုရမ္မက်၊ မာန်မာန ကင်းစင်လျက် ထိုအဖော် ရဟန်းနှင့်တကွ သွား၍ စိတ္တသူကြွယ်ကို တောင်းပန်လေ၏။

သူကြွယ်ကလည်း "အရှင်ဘုရား၊ သည်းခံပါ၏။ ဤကျောင်းဌာပင် နေ၍ တပည့်တော်၏ အလှူကို ခံတော်မူပါ"ဟု လျှောက်လေ၏။ မထေရ်လည်း ဘုရားရှင်၏ အဆုံးအမဌာတည်၍ ဝိပဿနာ အားထုတ်သော် နှစ်ရက်သုံးရက် အတွင်း ရဟန္တာ ဖြစ်လေ၏။

စိတ္တသူကြွယ်လည်း "ငါသည် ဘုရားရှင်ကို မဖူးမြင်ရဘဲ ဘုရားရှင်၏ တပည့်ရဟန်းများ ဟောကြားသည့် ဂုရားတော်ကို နာကြားရ၍ အနာဂါမ် ဖြစ်ခဲ့လေပြီ။ ယခု ဘုရားရှင်ထံသွား၍ ဖူးမျှော်အံ့"ဟု ကြုံပြီး စားသောက်ဘွယ်၊ လှူဘွယ်ပစ္စည်းများဖြင့်ပြည့်သော လှည်းငါးရာတို့နှင့်တကွ ပရိသတ် သုံးထောင် ခြံရုံလျက် ယူဇနာ · သုံးဆယ်ဝေးသော သာဝတ္ထိပြည်သို့ တရက် တယူဇနာကျဖြင့် သွား၏။

ထိုခရီးအတွင်း၌ စိတ္တသူကြွယ်သည် ပရိသတ် သုံးထောင်အား ကျွေးမွေးရာတွင် မိမိ၏ ပစ္စည်းများကို ထုတ်သုံးရသည်မရှိ။ နတ်တို့က ပူဇော်ကြသည့် ဝတ္ထုပစ္စည်းများကိုသာ သုံးဆောင်ရလျက် ဘလကြာလျှင် သာဝတ္ထိပြည်သို့ ရောက်လေ၏။

စိတ္တသူကြွယ် မရောက်မီပင် ဘုရားရှင်က အရှင်အာနန္ဒာအား "ချစ်သား အာနန္ဒာ၊ ယနေ့ည နေ စိတ္တသူကြွယ်သည် လှည်းငါးရာတို့ဖြင့် ရောက်လာလတံ့။ သူသည် ဘုန်းကံ ကြီးမားသူဖြစ်၍ ငါဘုရားကို ရိုသေစွာ ရှိခိုးသော ခဏ၌ ဒူးအထိ ပန်းမိုးကြီး ရွာပေလတံ့"ဟု မိန့်တော်မူလင့်၏။ စိတ္တသူကြွယ်လည်း ဇေဟဝန်ကျောင်းအနီးသို့ ရောက်လာသော် ဥပါသိကာမတို့အာ

နောက်မှလိုက်လာကြရန်ပြောကြားပြီး ဥပသကာငါးရာခြံရံလျက်ဘုရားရှင်ထံသွား၍ ခြေတော်တို့ကို လက်ဖြင့်ကိုင်လျက် ရိုသေစွာ ရှိခိုးဦးချလေ၏။ ထိုခဏ၌ပင် ပန်းမိုးကြီး ဒူးပုဆစ်အထိ ရွာသွန်းလေ၏။ဘုရားရှင်လည်း စိတ္တသူကြွယ်အား လျော်သည့် 'သဗ္ဗာယတန သံယုတ်' တရားကိုပင် ဟောတော်မူ၏။

သူကြွယ်သည် ထိုနေ့မှစ၍ ကျောင်း၌ တလတိုင်နေလျက် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ယာဂု, ဆွမ်း, အဖျော်ယမကာတို့ဖြင့် နေ့စဉ်ဆက်ကပ်လုပ်ကျွေးလေ၏။ မိမိ၏ သုံးထောင်သော ပရိသတ်ကိုလည်း ကျွေးမွေးပြုစု၏။ သို့ရာတွင် တနေ့မျှလည်း မိမိပါလာသော စားသောက်ဖွယ်ပစ္စည်းတစုံတရာကို ထုတ်ယူသုံးစွဲရသည်မရှိ။ လူတို့က ပေးပို့သော လက်ဆောင်များ၊ နတ်တို့က ပူဇော်ကြသော ပစ္စည်းများဖြင့်သာ ပေးလှူရလေ၏။

တလပြည့်သော် သူကြွယ်သည်"မြတ်စွာဘုရား၊ တပည့်တော် ပါလာသည့် ဝတ္ကု ပစ္စည်းအားလုံးကို လှူုံထားခဲ့ပြီး လှည်းများချည်း ပြန်သွားလိုပါ၏။ သိုမှီးရာ အရပ်ကိုသာ ညွှန်ပြတော်မူပါဘုရား"ဟု လျှောက်ထား၏။ နောက်သူသည် အရှင်အာနန္ဒာ ညွှန်ပြပေးသည့် နေရာ၌ ဥစ္စာအားလုံးကို လှည်းငါးရာတို့မှချ၍ စုပုံလှူဒါန်းပြီးမှ မစ္ဆိကာသဏ္ဍမြို့သို့ ပြန်သွားလေ၏။ ထိုအခါ သူကြွယ်အား လူတို့က လက်ဆောင်များပေးပြီး နတ်တို့က လှည်းငါးရာ၌ ရွှေ ငွေတို့ကို ပြည့်စေ၍ ပူဇော်ကြလေ၏။

စိတ္တသူကြွယ် ပြန်သွားသော် အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ဤစိတ္တသူကြွယ်အား ဘုရားရှင်ထံ ဆည်းကပ်သော အခါ၌သာ ဤသို့သော လာဘ်ပူဇော်သက္ကာ များပြားမှု ဖြစ်လေသလော၊ တပါးအရပ်သို့ သွားသော အခါ၌လည်း ဤသို့ပင် ဖြစ်သလော"ဟု မေးလျှောက်၏။

ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ ဤဒါယကာသည် သဒ္ဓါတရားရှိ၏။ ရတနာ သုံးပါး၌ ကြည်ညိုဏ်။ သီလရှိ၏။ ဤသို့သောပုဂ္ဂိုလ်အား ရောက်လေရာ အရပ်၌ ဤသို့သော လာဘ်ပူဇော်သက္ကာ များပြားမှု ဖြစ်သည်သာတည်း"ဟု မိန့်တော်မူပြီး "သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံသောသူသည် ရောက်လေရာရာ အရပ်တို့၌ အပူဇော် ခံရသည်သာတည်း"ဟု ဂါထာဖြင့် ဟောကြားတော်မူလေ၏။

စိတ္တသူကြွယ်သည် ထိုအခါမှစ၍ အရိယာသာဝက ဥပါသကာငါးရာ ခြံရံလျက် ဆန်းကြယ်သော တရားစကားများကို လူတို့အား ဟောကြားပြသလျက် လည့်လည်လေ၏။ သို့ဖြစ်၍ နောင်တွင် ဘုရားရှင်သည် ဥပါသကာတို့ကို တေဒဂ်အရာ၌ ထားတော်မူသောအခါ "ရဟန်းတို့၊ တရားဟော

ကောင်းသော ငါဘုရား၏ ဥပါသကာတို့တွင် စိတ္တသူကြွယ်သည် အမြတ်ဆုံး ဖြစ်ပေ၏''ဟူ၍ စိတ္တသူကြွယ်ကို 'ဓမ္မကထိက တေဒင်' အရာ၌ ထားတော်မူ လေ၏။

၁၉၈။ နန္ဒောပနန္ဒ နဂါးမင်းကို နှိမ်နင်း ခွေခွတ်ခြင်း

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော် မူစဉ် တနေ့သ၌ နံနက် မိုးသောက်ယံတွင် သဗ္ဗညုတ ရှေ့ဉာဏ်ဘော်ဖြင့် သတ္တလောကကို ကြည့်ရှုသော် 'နန္ဒောပနန္ဒ' နဂါးမင်းကို မြင်တော်မူ၍ ဆင်ခြင်ကြည့်လျှင် ''ဤနဂါးမင်းကား ရတနာသုံးပါး၌ မကြည်ညိုသူ မိစ္ဆာဒိဋ္ဌိ ဖြစ်ပေ၏။ ငါဘုရားကြ၍ ချစ်သားမောဂ္ဂလ္လာန်အား ဆုံးမစေသော် နဂါးမင်းသည် ရတနာသုံးပါး၌ မတုန်မလှုပ်သော သဒ္ဓါတရားဖြင့် ကြည်ညို၍ သမ္မာဒိဋ္ဌ အဖြစ်သို့ ရောက်ပေလတံ့''ဟု သိမြင်တော်မူ၏။

မိုးလင်းလေသော် ဘုရားရှင်သည် အရှင်အာနန္ဒာကို ခေါ်၍ ''ချစ်သား အာနန္ဒာ၊ ယနေ့ ငါဘုရားသည် မြင့်မိုရ်တောင်ထိပ် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူမည်။ ရဟန်းငါးရာတို့အား ပြောကြား နှိုးဆော်လေလော့''ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း အဘိညာဏ်ရ ရဟန်းငါးရာတို့ကို နှိုးဆော်၍ ဘုရားရှင်ထံသို့ စုဝေး ခေါ်ဆောင်လာ၏။

ထိုနေ့နံနက်၌ နန္ဒောပနန္ဒ နဂါးမင်းသည် နဂါးမျူးမတ်၊ ကချေသည်မ ပရိသတ်များစွာ ခြံရံလျက် ထီးဖြူမိုးသော ရတနာပလ္လင်ထက်တွင် နေလျက် ရှေ့ခွက် ငွေ့ခွက်များ၌ နတ်ထမင်း၊ နတ်အဖျော်တို့ကို ထည့်ကာ စားသုံးရန် ဟန်ပြင်နေချိန်နှင့် တိုက်ဆိုင်နေပေ၏။ ဘုရားရှင်လည်း ထို အဘိညာဏ်ရ ရဟန်းငါးရာတို့နှင့်တကွ ကောင်းကင်ဖြင့်ကြွကာ ထိုနဂါမင်း မြင်နိုင်အောင်ပြု၍ သူ၏ဘုံဗိမာန် အထက်ဖြင့် တာဝတိံသာ နတ်ပြည်သို့ ရှေ့ရှုကြွတော်မူ၏။

နဂါးမင်းသည် ဘုရားရှင်နှင့် ရဟန်းတော်များကိုမြင်လျှင် ''ဤဦးပြည်း ရဟန်းယုတ်တို့သည် ငါတို့ ဘုံဗိမာန် အထက်က ခြေမှုန့်များကို ကြဲသွန်း လျက် တာဝတိံသာ နတ်ပြည်သို့ မကြာခဏ ဝင်ထွက်သွားလာကုန်၏။ ဤနေ့မှစ၍ ငါတို့အပေါ်၌ ဦးပြည်းရဟန်းယုတ်တို့အား သွားခွင့်ကို မပေးတော့အံ့''ဟု ကြံလျက် ထ,၍ မြင့်မိုရ်တောင် ခြေရင်းသို့သွားပြီး မြင့်မိုရ်တောင်ကို အခွေများဖြင့် ခုနစ်ပတ် ရစ်ပတ်ကာ ပါးပျဉ်းကြီးဖြင့် တောင်ထိပ်၌ တည်သော နတ်ပြည်ကို မမြင်ရအောင် အုပ်မိုးထားလေ၏။

ရဟန်းတို့သည် ယုဂန္ဓရ်ိရတောင်ထိပ်သို့ ရောက်သော်လည်း ခါတိုင်းကဲ့သို့ မြင့်မိုရ်တောင်နှင့် တာဝတိံသာ နတ်ပြည်နတ်နန်းတို့ကို မမြင်ရဘဲ ရှိုကြေးသေ၏။ ထို့ခါ အရှင်ရဋ္ဌပါလက "မြတ်စွာဘုရား၊ ရှေးက တပည့်တော်တို့ ဤနေရာသို့ ရောက်လျှင် မြင့်မိုရ်တောင် တာဝတိံသာနတ်ပြည်နှင့် ဝေဇယန္တာနန်းပြာသာဒ်ကို မြင်ရပါ၏။ ယခုမူ ဘာယ်အရာကိုမျှ မမြင်ရပါ။ စိမ်းစိုမှောင်မဲနေသည်ကိုသာ မြင်ရပါ၏။ အဘယ်ကြောင့်ပါနည်း" ဟု မေးလျှောက်လေ၏။

ဘုရားရှင်က "ချစ်သား ရဋ္ဌပါလ၊ နန္ဒောပနန္ဒနဂါးမင်းသည် သင်တို့အား အမျက်ထွက်သောကြောင့် မိမိကိုယ်ဖြင့် မြင့်မိုရ်တောင်ကို ခုနစ်ပတ် ရစ်လျက် နတ်ပြည်အလုံးကို ဖုံးအုပ်၍ထားသောကြောင့် မမြင်ရသတည်း" ဟု မိန့်တော်မူ၏။ အရှင်ရဋ္ဌပါလက နဂါးမင်းကို ဆုံးမခွင့်ပြုပါရန်တောင်း ခံသော် ဘုရားရှင်က ခွင့်ပေးတော်မမူချေ။ နောက် အရှင်ရာဟုလာ, အရှင် ဘဒ္ဒိယ စသော မထေရ်တို့က အသီးသီး ခွင့်တောင်းကြသော်လည်း ခွင့်ပေးတော်မမူ။

နောက် အရှင်မောဂ္ဂလ္လာန် ခွင့်တောင်းလေ့ ဘုရားရှင်သည် "ဆုံးမလော့ ချစ်သား မောဂ္ဂလ္လာန်" ဟု ခွင့်ပေးတော်မူပြီး ရဟန်းအပေါင်းနှင့် တကွ ယုဂန္ဓရ်ိရတောင်ထိပ်၌ ရပ်တန့်တော်မူ၏။

အရှင်မောဂ္ဂလ္လာန်ကလည်း စဘုတ္ထစျာန်ကိုဝင်စား၍ ဣဒ္ဓိဝိဓအဘိညာဏ်ကို ပွားများပြီး နဂါးကြီးသဏ္ဌာန် ဖန်ဆင်းလျက် မိမိ၏ အခွေများဖြင့် နန္ဒောပနန္ဒနဂါးမင်းကို ၁၄ ထပ် ရစ်ပတ်ပြီး နဂါးမင်း၏ ပါးပျဉ်းပေါ်၌ မိမိ၏ ပါးပျဉ်းကြီးကို အုပ်ကာ မလှုပ်မလှုန့်နိုင်အောင် မြင့်မိုရ်တောင်ဖြင့် ဖိညှပ်ကြိတ်၍ ထားလေ၏။ နဂါးမင်းလည်း ပြင်းစွာ အမျက်ထွက်၍ အခိုးအလှို့ကို လွှတ်၏။

မထေရ်ကလည်း "သင်သာ အခိုးလွှတ်နိုင်သည်မဟုတ်။ ငါလည်း လွှတ်နိုင်သည်သာ။ ငါ၏ အခိုးအလှို့ကို ခံဦးလော့" ဟု ဆိုကာ သာလွန်သော အခိုးအလှို့ကို လွှတ်လေ၏။ နဂါးမင်း၏ အခိုးအလှို့သည် မထေရ်ကို မထိမနှိပ်စက်နိုင်။ မထေရ်၏ အခိုးအလှို့ကသာ နဂါးမင်းကို ထိပါးနှိပ်စက်နိုင်၏။

နောက် နဂါးမင်းက မီးလှို့ကို တဟုန်းဟုန်း လွှတ်ပြန်သော် မထေရ်ကလည်း "သင့်ကိုယ်မှာသာ မီးလှို့ရှိသည်မဟုတ်။ ငါ့မှာလည်း ရှိ၏" ဟု ဆိုကာ သာလွန်သော မီးလှို့များကို တဟုန်းဟုန်းလွှတ်လေ၏။ နဂါးမင်း၏ မီးအလှို့သည် မထေရ်ကို မထိမနှိပ်စက်နိုင်ဘဲ မထေရ်၏ မီးလှို့ကသာ

နဂါးမင်းကို နှိပ်စက်နှိုင်လေ၏။ ထိုမီးလျှံတို့ဖြင့် မြင့်မိုရ်တောင်သည်အရှိန် တပြောင်ပြောင် တောက်လောင်သကဲ့သို့ ရှိလေ၏။

ထိုအခါ နဂါးမင်းက "သင် ဘယ်သူနည်း" ဟု မေးသော်-

မထေရ်က "ငါ မောဂ္ဂလ္လာန်မထေရ်တည်း"ဟု ဆို၏။

"ထိုသို့ဖြစ်လျှင် ရဟန်းအသွင်ကို ပြလော့"ဟု ဆိုသော် မထေရ်လည်း နဂါးအသွင်ကို ဖျောက်၍ ရဟန်းအသွင်ကို ပြ၏။ ထိုအခါ နဂါးမင်းသည် မထေရ်ကို အဆိပ်နှင့်တကွသော နှာခေါင်းလေဖြင့် မှုတ်လေ၏။

မထေရ်ကား မတုန်မလှုပ် ကြံ့.ကြံ့.ခံနိုင်သည်ကို မြင်လျှင် "ဝါးမျိုကြိတ်ချေအံ့"ဟု ကြံ၍ ပါးစပ်ဖြင့် ဟပ်မျိုး၏။

ထိုအခါ ဘုရားရှင်က "ချစ်သား မောဂ္ဂလ္လာန်၊ ဤနဂါးမင်းကား အလွန် တန်ခိုးကြီး၏။ စတုတ္ထစျာန်သမာပတ်ကို ကြပ်ကြပ် နှလုံးသွင်းဘိလော့"ဟု သတိပေးတော်မူ၏။

မထေရ်ကလည်း"မြတ်စွာဘုရား၊စိုးရိမ်တော်မမူပါလင့်။တပည့်တော်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို မပြတ်လေ့လာပြီးဖြစ်ပါ၏။ ဤနဂါးမင်းထက် တန်ခိုးသာသော နဂါး အရာ,အထောင်ကိုပင် တပည့်တော် ဆုံးမနိုင်ပါ၏"ဟု လျှောက်ထားပြီး နဂါးမင်း၏ ပါးစပ်ဖြင့်ဝင်၍ နားတွင်းနှစ်ဖက်တို့မှဌင်း၊ နှာခေါင်းပေါက်တို့မှဌင်း၊ ပါးစပ်မှဌင်း ဝင်ထွက်သွားလာလျက် ဝမ်းတွင်း၌ စကြံ့လျှောက်ပြလေ၏။

ထိုအခါ နဂါးမင်းက "ဒီတခါ ထွက်လာလျှင် သူ့ကို အစွယ်များကြား၌ ကျတ်ကျတ်ဝါးချေစားပေအံ့"ဟု ကြံပြီး "အရှင်ထွက်လာပါလော့။ ဝမ်းတွင်း၌သာ မနေပါလင့်" ဟု ဆို၏။ မထေရ်လည်း အစွယ်များကို ပုတ်ခတ်လျက် အပြင်ထွက်၍ ရပ်ပြလေ၏။

နဂါးမင်းက ပြင်းစွာသော နှာခေါင်းလေဖြင့် မှုတ်သော်လည်း မထေရ်၏ မွေးညှင်းကိုမျှ မလှုပ်စေနိုင်သည်ကိုမြင်လျှင် "ဤရဟန်းကား အလွန်တန်ခိုးကြီးမားလှ၏။ ဤရဟန်းနှင့် တန်ခိုးတုပြိုင်၍ မနိုင်ပေရာ။ ပြေးမှဖြစ်မည်"ဟု ကြံ၍ အတ္တဘောကြီးကိုပယ်၍ ပကတိနဂါးငယ်အသွင်ဖြင့် ပြေး၍ သီဒါရေပြင်သို့ သက်ဆင်းလေ၏။ မထေရ်လည်း ဂဠုန်အသွင် ဖန်ဆင်း၍ လိုက်၏။

နဂါးမင်းလည်း မပြေးသာ။ မလွတ်သည့်အဆုံးတွင် လှုလင်အသွင် ဖန်ဆင်းကာ "အရှင်ဘုရား၊ တပည့်တော်မှားပါပြီ။ ဤနေ့မှစ၍ အရှင်မြတ်တို့အား လေးမြတ်ရိုကျိုး ကိုးကွယ်ပါတော့မည်"ဟု လျှောက်၍ မထေရ်၏ ခြေတော်အစုံတို့ကို ရိုသေစွာ ရှိခိုးလေ၏။

ထိုအခါမထေရ်က "အချင်းနှဒ္ဒ၊ ထလော့, ထလော့။လူသုံးပါး၏အကျိုး စီးပွားကို ဆောင်တတ်သော ဘုရားရှင်သည် သင့်အား သနားကရုဏာ ရှေ့ထား၍ ကြွလာပြီး ယခုယုဂန္ဓရ်တောင်ထိပ်၌ စံနေတော်မူ၏။လာ သွားကြစို့"ဟု ခေါ်၍ ဘုရားရှင်၏ ခြေတော်ရင်းသို့ ခေါ်ဆောင်လာလေ၏။

နဂါးမင်းသည် ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးလျက် "မြတ်စွာဘုရား တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး ရှင်တော်ဘုရားတို့ကိုကိုးကွယ်ဆည်းကပ်ပါ၏"ဟု လျှောက်ထား၍ သရဏဂုံ၌တည်၍ ဥပါသကာအဖြစ်ကို ခံယူလေ၏။

ဘုရားရှင်လည်း "နဂါးမင်း၊ သင်သည်ကား, စိတ္တ သုခ နှစ်ပါးနှင့် ပြည့်စုံသူ ဖြစ်စေသတည်း"ဟု မိန့်တော်မူပြီး ရဟန်းအပေါင်း ခြံရုံလျက် ဆွမ်းပင့်ဘိတ်ထားသော အနာထပိဏ်သူဌေးအိမ်သို့ကြွ၍ သူဌေးကြီးအား ထိုအကြောင်းအလုံးစုံကို မိန့်ကြားတော်မူ၏။ သူဌေးကြီးလည်း ဝမ်းမြောက်လျက် ဘုရားရှင်နှင့်တကွ ထိုရဟန္တာ ငါးရာတို့အား ဆွမ်းဆက်ကပ်လုပ်ကျွေးလေ၏။

၁၉၉။ ။ပကဋြဟ္မာကြီးကို ချေချွတ်ဆုံးမခြင်း

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် တနေ့သ၌ ရဟန်းတို့အား "ရဟန်းတို့၊ ငါဘုရားသည် အခါတပါး၌ ဥက္ကဋ္ဌမြို့ 'သုဘဂ' မည်သော တောအုပ်အတွင်း အင်ကြင်းပင်ရင်း၌ နေတော်မူစဉ် အာဘာသရဗြဟ္မာဘုံ၌နေသော ပကဋြဟ္မာ၏ စိတ်သန္တာန်၌ 'နိစ္စ' အယူဖြစ်သော မိစ္ဆာဒိဋ္ဌိအယူကိန်းအောင်းနေသည်ကို မြင်တော်မူ၍ ငါဘုရားကြွသွားပြီး ပကဋြဟ္မာမင်းကို နှိမ်နင်းချေချွတ်တော်မူခဲ့ရ၏"ဟူ၍ မိန့်တော်မူကာ ပကဋြဟ္မာမင်းအား ချေချွတ်ဆုံးမခဲ့ရပုံကို ပြန်လည်ဟောပြတော်မူ၏။

ထိုပကဋြဟ္မာကား ရှေးဖြစ်သော လူ့ဘဝ၌ အနှစ်တသိန်းမျှလောက် ရသေ့ရဟန်းပြု၍ လောကီစျာန်သမာပတ်တို့ကို မပြတ်လေ့လာသဖြင့် စုတေသော် 'ဝေဟပ္ဖလ်' မည်သော ဗြဟ္မာ့ဘုံ၌ ဖြစ်ခဲ့၏။ ထိုဘုံ၌ မဟာကပ်ငါးရာပတ်လုံး ဗြဟ္မာတို့၏ ချမ်းသာကို ခံခဲ့ပြီး၍ စုတေသော် ထို့အောက်ဖြစ်သော 'သုဘကိဏ္ဏ' အမည်ရှိ ဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။ ထိုဘုံ၌ မဟာကပ် ၆၄ ကမ္ဘာတိုင် ဗြဟ္မာ့ချမ်းသာကို ခံစားပြီး၍ စုတေပြန်သော် ထိုအောက်ဖြစ်သော မဟာကပ် ရှစ်ကမ္ဘာအသက်ရှည်သည့် 'အာဘာသရ' အမည်ရှိဗြဟ္မာ့ဘုံ၌ဖြစ်ပြန်၍ ဗြဟ္မာ့ချမ်းသာကို ခံစားကာ နေရလေ၏။ ထိုဘုံမှတဖန်စုတေ

ပြန်သော် ပထမစျာန်၏ အာနုဘော်ကြောင့် အန္တရကပ် ၁၆ကပ်၊ အသခ်ျ ယျကပ်အား ဖြင့် တကပ်သာ အသက်ရှည်သော ထို(အာဘာသရ) ပထမ စျာန်ဘုံ၌ပင် ဖြစ်လေ၏။ ထိုဗကပြဟ္မာသည် အထက်အထက် ပြဟ္မာ့ဘုံမှ စုတေ၍ အောက်အောက် ပြဟ္မာ့ဘုံ၌ တဖန်ဖြစ်လေသော်လည်း (ဖြုတ်ခန့် သေ, ဖြုတ်ခန့် ပြန်ဖြစ်လေသောကြောင့်) အထက်အထက် ပြဟ္မာ့ဘုံမှ စုတေခဲ့သော နာမ်ရုပ်အစဉ်ကိုလည်း မမှတ်မိ၊ အောက်အောက်ပြဟ္မာ့ဘုံ၌ ဖြစ်ရသော ပဋိသန္ဓေကိုလည်း မထင်ဘဲ ရှိလေသဖြင့် နဂိုအတိုင်းပင် တည် သည်ဟု စွဲမြဲမှတ်ယူလေ၏။

ထိုကြောင့် ဗကပြဟ္မာ၏ စိတ်သန္တာန်အတွင်း၌ "ငါတို့၏ ပြဟ္မာ့ဘဝ, ပြဟ္မာ့လောကသည် မြဲ၏။ မြဲမြံမြင့်မြတ်သည့် 'နိစ္စ၊ ဓုဝ' ချမ်းသာပေတ့ည်း။ ဤပြဟ္မာ့လောဌ်က ပဋိသန္ဓေနေသူ, အိုသူ, ဝေသူ, သေပြီး နောင်ဘဝဌ် တဖန်ဖြစ်ရသူဟူ၍ မရှိ။ အိုခြင်း, နာခြင်း, သေခြင်းစသော ဆင်းရဲမရှိ။ အမြင့်မြတ်ဆုံး ချမ်းသာဖြစ်သော နိဗ္ဗာန်ပင်တည်း။ ဤပြဟ္မာ့လောကမှ တပါးလွန်မြတ်သော ထွက်မြောက်ရာ့လည်း မရှိ" ဟူ၍ နိစ္စ(မြဲခြင်း) အယူကို စွဲမြဲစွာမှတ်ယူထားလေ၏။ မိမိအနီးအပါးဌ်ဖြစ်သော ၇၂ဦးသော ပြဟ္မာတို့ လည်း ဤသို့ပင် အယူရှိလေကုန်၏။

ထိုအခါ ဘုရားရှင်သည်ဤကဲ့သို့မြို ဝယ် သုဘဂမည်သော တောအုပ်အတွင်း ရှိ အင်ကြင်းပင်ရင်းဌ် သီတင်းသုံးနေတော်မူစဉ် ဗကပြဟ္မာ၏ ထိုအယူမှားကို သိမြင်လေသဖြင့် တမူဟုတ်ချင်းအတွင်း၌ပင် လူ့ပြည်မှ ထိုအာဘာသရပြဟ္မာ့ ပြည်၌ ထင်စွာရပ်တည်တော်မူ၏။

ဗကပြဟ္မာလည်း ဘုရားရှင်ကိုမြင်လျှင် "အရှင်မြတ်၊ လာပါလော့။ ဤသို့ ကဲ့လာခြင်းသည် ကောင်းသေးလာခြင်းဖြစ်ပါ၏။ အရှင်မြတ်သည်ဤပြဟ္မာ့ ပြည်သို့ ကြာမြင့်မှ လာရောက်ဘို့၏။ အရှင်မြတ်လုံ့လပြု၍ကျင့်တော်မူပါ။ ဤ ပြဟ္မာ့ပြည်၌ဖြစ်လျှင် စင်စစ်ဆင်းရဲခြင်း ကင်းဝေတော့၏။ ဤပြဟ္မာ့လောက သည် မြဲ၏။ ဤပြဟ္မာ့ကိုယ်သည် အိုခြင်း, နာခြင်း, သေခြင်း, နောင်တဖန် ပဋိသန္ဓေနေရခြင်း မရှိ။ ဤဆင်းရဲအပေါင်းတို့မှ ကင်း၍ ထာဝရချမ်းသာ ဖြစ်သော နိဗ္ဗာန်ပေတည်း။ ဤပြဟ္မာ့လောကမှတပါး တခြား ထွက်မြောက် ရာလည်း မရှိပြီ" ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်သည် ထက်ဝန်းကျင်မှ လာကုန်သော ပြဟ္မာတို့အား သက်သေထား၍ အမြို့က်တရားကို တိုက်ကျွေးခြင်းငှာ "အို့ပြဟ္မာအပေါင်းတို့ ဤဗကပြဟ္မာသည် အဝိဇ္ဇာတည်းဟူသောအမှောင်တိုက်သို့ဝင်ဘိ၏တကား။ မြို့းတွင်းဌ်ရှိသော ငှက်သည် လွတ်ထွက်ပြီးသော သတ္တဝါတို့ကို 'လွတ်မြောက်

လိုကြလျှင် ငါထံသို့လာလှည့်'ဟု ခေါ်ဘိသကဲ့သို့ ချော်ချွတ်သော မိစ္ဆာဉာဏ်ဖြင့် ဗြဟ္မာဘဝကို နိဗ္ဗာန်ထင်မှတ်ဘို၏ တကား။ မိမိအား နောင်ဖြစ်လတံ့သော ဘေးကိုမမြင်။ 'အနိစ္စ'ကိုပင် 'နိ' စ္စ၊ 'အသုခ'ကိုပင် 'သုခ'ဟု ပြောဘို၌တကား။ ဤ(ပထမစျာန်) ဗြဟ္မာ့လောကမှတပါး ယင်းထက်သာလွန်သည့် ချမ်းသာနှင့် ပြည့်စုံသော ဒုတိယစျာန် ဗြဟ္မာ့လောက, တတိယစျာန်ဗြဟ္မာလောက, စတုတ္ထစျာန် ဗြဟ္မာ့လောက, ထိုဗြဟ္မာလောက်တို့ထက် အဆပေါင်းများစွာသာလွန်မြင့်မြတ်၍ ဝဋ်ဆင်းရဲအပေါင်းမှကင်းထွက်မြောက်ရာဖြစ်သည့် မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို မသိရှာဘဲ မပြောပလောက်သည့် ဤ(ပထမစျာန်) ဗြဟ္မာ့လောက ကလေးကိုသာ အမြင့်မြတ်, အချမ်းသာဆုံး နိဗ္ဗာန်တည်းဟူ၍ မှားယွင်းစွာ ထင်မှတ်ရှာဘို၏တကား'' ဟူ၍ မိန့်တော်မူ၏။

ထိုအခါ ဗကဗြဟ္မာသည် ဘုရားရှင်၏ အပြစ်တင်ချက်ကိုကြားလျှင် ရှက်နိုးရကား မိမိနှင့်အသားတူစွဲယှဉ်သော ဗြဟ္မာတို့ကို ဖော်ပြလိုသဖြင့် ''အရှင်ဂေါဘမ၊ ဤ'သဿတဝါဒ' (နိစ္စဝါဒ)ကို ကျန်ပ်နှင့် ရှေးကောင်းမှုပြုဘက်ဖြစ်သော ၇၂ ဦးသော ဗြဟ္မာတို့ပင် ဤသို့အယူရှိကြကုန်၏။ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း ကင်းလွတ်ကြသောကြောင့် နိစ္စ, ထာဝရ တည်းဟူသော 'နိဗ္ဗာန်'ပင်ဟု ထင်မှတ်ကြပေ၏။ ကျန်ပ်တို့အား အများနှတ်ဗြဟ္မာတို့က လွန်စွာချီးပူပေါ်ကြလျက် နိစ္စ, ထာဝရ တည်ပေသော အရှင်ဗြဟ္မာမင်းကဲ့သို့ ငါတို့ဖြစ်လိုပါ၏'' ဟု ပတ္ထနာပြုကြကုန်၏။ ထိုကြောင့် ဤဗြဟ္မာ၏ အဖြစ်ကို စင်စစ် နိဗ္ဗာန်ဟု ဆိုပေသတည်း'' ဟု လျှောက်လေ၏။

ထိုအခါ ဘုရားရှင်က ''အမျင်းဗက၊ သင်သည် ဤဗြဟ္မာ့ဘုံ၌သက်တမ်းအတိုင်းနေရပြီးသော် စုတေရမည် ဧကန်တည်း။ နောင်ဘဝ၌ ဖြစ်ရာဌာနမည် ဧကန်တည်း။ ဇာတိ, ဇရာ, မရဏတို့ကို သင်မလွန်သေးချေ။ စုတေရမည် မချွတ်ဟု ငါသိတော်မူ၏။ သင်ကား ပညာကင်းမဲ့သောကြောင့် အသက်ကြွင်းကိုမျှ မမြင်သတည်း။ ထိုအပြင် ဤ (ပထမစျာန်)ဗြဟ္မာ့ဘုံဘက် ပို၍အာသက်ရှည်ပြီး သာလွန်မြင့်မြတ်သည့် 'သုဘကိုဏ္ဍ, ဝေဟပ္ဖလ်, အာဘိဘူ' စသော ဗြဟ္မာဘုံတို့လည်း ရှိသေး၏။ ထိုဘုံဘဝများကို ငါဘုရားသိ၏။ သင်ကဲ့သို့ မသိမမြင်ပေ။ သင် ဗကဗြဟ္မာသည် ဤမျှတန်ခိုးကြီး၏၊ ဤမျှအာနုဘော်ကြီး၏၊ ဤမျှ အကျော်အစော, အခြံအရံများစွာရှိ၏ဟူ၍ငင်း၊ သင်၏ ဖြစ်ပုံကိုငင်း၊ သင်၏ အစွမ်းသတ္တိကိုငင်း၊ ငါဘုရားသိ၏။ ဤဗြဟ္မာဘုံသို့ သင်ရောက်ခဲ့လာရခြင်း၏ အကြောင်းဖြစ်သည့်သင်၏ ရှေးကောင်းမှုအစုစုတို့ကိုလည်း အလုံးစုံ ငါဘုရား သိတော်မူ၏'' ဟူ၍ မိန့်တော်မူလေ၏။

ထိုအခါ ဗကပြဟ္မာက "အရှင်ဂေါတမ၊ အရှင်ဂေါတမသည် ကျွန်ုပ်၏ ဘဝအဆက်ဆက် အသက်တမ်းကိုဂုဏ်း၊ ဖြစ်ခဲ့ဘူးသည့် ဘုံဘဝများကိုဂုဏ်း၊ ရွေးကကျွန်ုပ်ပြုခဲ့ဘူးသည့် စျာန်ကုသိုလ်ကံများကိုဂုဏ်း သိ၏ဟု ဆိုပေ၏။ ရွေးဘဝကကျွန်ုပ်ပြုခဲ့သည့် စျာန်ကုသိုလ်ကံများကို ဟောကြား ပါလော့"ဟု လျှောက်ထားလေ၏။ ဘုရားရှင်လည်း ထိုအကြောင်းအရာများကို ဤသို့ ဟောပြတော်မူ၏။

"အချင်းဗက၊ သင်သည် ရွေးအတိတ်ဘဝ 'ကသဝ'မည်သော စတုတ္ထ စျာန်ရ ရသော့ဖြစ်စဉ်က (၁) သင်ဆည် အခါတပါး၌ လှည်းကုန်သည်ငါး ရာတို့ သဲကန္တာရဝယ် အစာရေစာ မရှိသဖြင့် သေကြမည်ကိုမြင်သဖြင့်သာ၍ မြစ်ရေအယာဉ်ကြီးစီးစေပြီး သစ်သီးမျိုးစုံပါသော ဥယျာဉ်ကြီးကို ဖန်ဆင်းပေး၍ ထိုလူအပေါင်း၏ အသက်ကိုကယ်ခဲ့ဘူး၏။

(၂) နောက်အခါတပါး၌ ပစ္စန္တရာဇ် ရှာတရှာကို ခိုးသားငါးရာတို့လာ တိုက် လုယက်ကြစဉ် သင်သည် မင်း၏ စစ်တပ်ကြီးကို ဖန်ဆင်း၍ ထိုခိုးသား ငါးရာတို့ကို ခြိမ်းခြောက်ထွက်ပြေးစေပြီး ရှာသားတို့ကို ကယ်ခဲ့ဘူး၏။

(၃) နောက်အခါတပါး၌ ဂင်္ဂါမြစ်ထဲဝယ် လူများစွာတို့ လှေဖြင့်သွား ကြစဉ် စားကြွင်းများကို မြစ်ထဲပစ်ချကြသည်တွင် နဂါးမင်းက အမျက်ဆွက် ၍ ထိုသူတို့ကိုသတ်ရန် ပါးပျဉ်းထောင်လာစဉ်တွင် သင်သည် ဂင်္ဂါနဂါးမင်းကို ဖန်ဆင်းကာ ထိုနဂါးမင်းကို ပြေးစေ၍ ထိုလူတို့ကို ကယ်ခဲ့ဘူး၏။

(၄) သင် ထိုကသဝရသော့ဖြစ်စဉ်က ငါဘုရားသည် သင်၏အနွေဝါ သိက တပည့်ကြီး 'ကပ္ပ' ရသော့ဖြစ်ခဲ့ရာ သင်သည် ငါနှင့် ကင်းကွာနေရ၍ စိတ္တဇရောဂါဖြင့် ဝမ်းရောဂါဖြစ်လေသော် ငါဘုရား(ကပ္ပရသော့)က ပို့စုခဲ့ဘူး၏"ဟူ၍ ဗကပြဟ္မာ၏အတိတ်ဘဝ 'ကသဝ'ရသော့ဖြစ်ခဲ့စဉ်က ဖြစ်ရပ်များကို ဟောကြားပြီးနောက်-

"အချင်း ဗက၊ သင်သည် ထိုကသဝ ရသော့ဖြစ်စဉ်က စတုတ္ထစျာန်ကို ရခဲ့ခြင်း၊ ထိုထို ကုသိုလ်ကောင်းမှုများကို ပို့ခဲ့ခြင်းတို့ကြောင့် သင်သည် ဝေဟပ္ဖလ်ပြဟ္မာ့ဘုံ၌ဖြစ်ခဲ့၏။ ထိုဘုံ၌ သင်သည် တတိယစျာန်ကိုပွားများ ပြန်သဖြင့် စုတေသော် 'သုဘကိဏ္ဏ' ပြဟ္မာ့ဘုံသို့ ဆင်း၍ ဖြစ်ခဲ့ရ၏။ တဖန် ထိုဘုံ၌ ဒုတိယစျာန်ကို ပွားများသဖြင့် စုတေသော် အာဘဿရပြဟ္မာ့ဘုံသို့ဆင်း၍ဖြစ်ခဲ့ရပြန်၏။ ထိုဘုံမှာလည်း ပထမစျာန်ကို လေ့လာပွားများသဖြင့် စုတေသော် ဤ အာဘဿရပြဟ္မာ့ဘုံ၌ပင် ပြန်ဖြစ်ရလေ၏။ ထိုကဲ့သို့သော လူ့ဘဝ,ပြဟ္မာ့ဘဝများနှင့်တကွ ထိုထိုဘဝများ၌ ပြုခဲ့သည့်

ထိုထို ကုသိုလ်ကောင်းမှုတို့ကို အောက်မေ့လေလော"ဟူ၍ ဗကဗြဟ္မာအား မိမိ၏ရှေးဘဝများအကြောင်းကို အောက်မေ့နိုင်စေရန် တိုက်တွန်း ဟောပြတော်မူ၏။

ထိုအခါတွင် ဗကဗြဟ္မာသည် မိမိဥာဏ်ထဲ၌ ထိုအလုံးစုံသောအတိတ်ကံများ ထင်ရှားလာလေသဖြင့် မိစ္ဆာဝါဒမှကင်းစင်၍ သဒ္ဓါရွှန်းစို ကြည်ညို သောစိတ် တရိပ်ရိပ်ဖြစ်လေရကား "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် မချွတ်ကေန် တပည့်တော်၏ ထိုအတိတ်ဘဝဖြစ်ခဲ့သမျှ အသက်တမ်းကို ပိုင်းခြားသိမြင်တော်မူပါပေ၏။ ထိုမှတပါး ဥေယျတရားအားလုံးကိုလည်း ပိုင်းခြားသိမြင်တော်မူပါပေ၏။ ထို့ကြောင့်ပင် သဗ္ဗညုတဗုဒ္ဓ မှန်လှပါပေ၏။ ရှင်တော်ဘုရား၏ ဤ ထွန်းလင်းတောက်ပြောင် ကိုယ်တော်ရောင် အာနုဘော်သည် ဗြဟ္မာ့ပြည်အလုံးကို ထွန်းလင်းတောက်ပလျက် တည်ပါပေ၏"ဟူ၍ ဂါထာဖြင့် ချီးကျူးလျှောက်ဆို၏။

ထိုနောက် ဘုရားရှင်သည် လာရောက် ဆည်းကပ်ကြသည့် ဗြဟ္မာအပေါင်းတို့အား"ငါဘုရားသည် ဘဝသုံးပါး,ဝဋ္ဌရထား၌ ပဋိသန္ဓေ, အို, နာ,သေရေး ကြောက်ဘွယ်ဘေးကိုဝင်း၊ သတ္တဝါအပေါင်း၏ ဘုံသုံးပါး၌ မရပ်မနား ဖြစ်ပွားခြင်းကိုဝင်း မြင်သောကြောင့်ပင်လျှင် တစုံတခုသော ဘဝကိုမျှ တဏှာ ဒိဋ္ဌိတို့၏ အစွမ်းဖြင့် နိစ္စ, ဓုဝ, သဿတ စသည် တို့ဖြင့် အထင်မမှားတော့ပြီ။ ဘဝတဏှာကိုလည်း မဂ်လေးပါးဖြင့် ပယ်သတ်သဖြင့် မကပ်ရောက် မစွဲယူတော့ပြီ"ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူ၏။

ထိုတရားကို ကြားနာကြရသော် ဗြဟ္မာအပေါင်းတို့သည် တချို့ သောတာပန်,တချို့ သကဒါဂါမ်, တချို့ အနာဂါမ်, တချို့ ရဟန္တာ ဖြစ်ကြလေကုန်၏။ ထိုအခါ ဗြဟ္မာအပေါင်းတို့သည် အလွန်နှစ်သက် ဝမ်းမြောက်လျက် ဘုရားရှင်အား ချီးကျူးထောမနာပြုကြလေကုန်၏။

၂၀၀။ တန်ခိုးချင်းပြိုင်သည့် စန္ဒာဘပုဏ္ဏားကိုချွတ်ခြင်း

ရာဇဂြိုဟ်ပြည်ဝယ် ပုဏ္ဏားမျိုး၌မွေးဖွားသောသူငယ်တဦးသည်(ရှေးအတိတ်ဘဝ ဇနပုဒ်သား သူဆင်းရဲဖြစ်စဉ်က ပရိနိဗ္ဗာန်ပြုတော်မူသော ကဿပဘုရားရှင်၏ ရွှေစေတီ၏ဝမ်း၌ စန္ဒကူးနံ့သာဖြင့် လဝန်းသဏ္ဌာန် ပြုလုပ်ပူဇော်ခဲ့သော ကုသိုလ်ကံကြောင့် သူ၏ချက်အဝန်းမှ လဝန်းသဏ္ဌာန်နှင့်တူသော ထွန်းလင်းသည့်အရောင် ထွက်ပေါ်လေ၏။ ထို့ကြောင့် သူ့အား 'စန္ဒာဘ'(လရောင်)ဟု အမည်ပေးလေ၏။

ပုဏ္ဏားတို့က "ငါတို့သည် ဤသူငယ်ကို ယူဆောင်လှည့်လည်ကာ လူအပေါင်းကိုလှည့်ဖြားစားသောက်နိုင်လောက်ပြီ" ဟု တိုင်ပင် ကြံစည်ကြပြီး ထိုသူငယ်ကို ယာဉ်ဒ္ဒထိုင်စေပြီး "ဤစန္ဒာဘသူငယ်၏ကိုယ်ကို လက်ဖြင့်သုံးသပ် ကိုင်တွယ်ရသောသူသည် ဤသို့သော စည်းစိမ်ချမ်းသာကို ရနိုင်၏" ဟု ဝါကြွားပြောဆိုကာ ဇမ္မူဒိပ်အနှံ့ လှည့်လည်ကြကုန်၏။

ငွေတရာ,တထောင် စသည်ပေးနိုင်သောသူတို့သာ ထိုစန္ဒာဘ သူငယ်၏ ကိုယ်ကို လက်ဖြင့် တွေ့ထိ သုံးသပ်ခွင့်ရကြကုန်၏။ ထိုပုဏ္ဏားတို့သည် ဤနည်းဖြင့် အစဉ်အတိုင်း လှည့်လည်ခဲ့ကြရာ နောက်ဆုံးတွင် သာဝတ္ထိပြည်သို့ ရောက်လာကြ၍ မြို့နှင့် ဇေတဝန်ကျောင်းကြားတွင် တည်းခိုရန် နေရာကို ယူကြလေ၏။

ထိုပုဏ္ဏားတို့သည် နံ့နက်စောစော ဘုရားရှင်ထံဖူးမျှော် တရားနာယူရန် ဇေတဝန်ကျောင်းသို့ သွားကြသည့် သာဝတ္ထိပြည်မှ အရိယာဥပါသကာ များစွာတို့ကိုမြင်လျှင် "သင်တို့ ဘယ်ကိုသွားကြမည်နည်း" ဟု မေးကြကုန်၏။

"ဘုရားရှင်ထံ တရားနာရန်သွားကုန်အံ့" ဟု ပြောကြားလေသော်-

ထိုပုဏ္ဏားတို့က "အမောင်တို့၊ လာကြလော့။ သင်တို့သည် ထိုဘုရားရှင်ထံသို့သွား၍ တရားနာသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါတို့သည် စန္ဒာဘပုဏ္ဏား၏အာနုဘော်နှင့်တူသော တခြားအာနုဘော်မရှိ။ ဤစန္ဒာဘပုဏ္ဏား၏ ကိုယ်ကို တွေ့ထိကိုင်တွယ်ကြရသော သူတို့သည် ဤမည်သော အကျိုးတရားချမ်းသာစီးပွားကို ရကြကုန်၏။ ဤစန္ဒာဘပုဏ္ဏားကို လာကြည့်ကြလော့" ဟု ပြောဆို ဖိတ်ခေါ်ကြကုန်၏။

ထို အရိယာပုဂ္ဂိုလ်တို့ကလည်း "သင်တို့ စန္ဒာဘပုဏ္ဏား၏ အာနုဘော်ကား အဘယ်အာနုဘော်မျိုးနည်း။ ငါတို့ဆရာဘုရားရှင်သာ လောက၌ အာနုဘော်အကြီးမြတ်ဆုံးဖြစ်တော်မူ၏" ဟု ပြောဆိုကြကုန်၏။

ထိုသို့ အပြန်အလှန် ပြောဆိုပြီးနောက် "အဘယ်သူ၏ အာနုဘော်က သာ၍ ကြီးမြတ်ကြောင်း သိသာအောင် စုံစမ်းကြစို့" ဟု သဘောတူကြလေ၏။

ထိုပုဏ္ဏားတို့လည်း စန္ဒာဘပုဏ္ဏားကို ယာဉ်ပေါ်တင်ပြီး ဇေတဝန်ကျောင်းသို့ ထမ်းခေါ်သွားကြ၍ ဘုရားရှင်ထံ ရောက်လာကြလေ၏။ ဘုရားရှင်က ကြိုတင်၍ အဓိဋ္ဌာန်တန်ခိုးဖြင့်ပြုထားသောကြောင့် စန္ဒာဘပုဏ္ဏားသည် ဘုရားရှင်ရှေ့မှောက်သို့ရောက်လျှင်ပင် အရောင်မထွက်ဘဲ ကျီးမဲပမာမည်းနက်သွားလေ၏။ ထိုအခါ ပုဏ္ဏားတို့သည် စန္ဒာဘကို ဘုရားရှင်ထံမှ

လွတ်ရာတနေရာသို့ ခေါ်ဆောင်သွားကြသော် စန္ဒာဘ၏ချက်ဝန်းသည် နဂို အတိုင်း လ ရောင်ထွန်းလင်းလေ၏။ တဖန် ဘုရားရှင်ထံသို့ ယူဆောင်လာ ကြသော် စန္ဒာဘ၏ ချက်မှုံအရောင်သည် ရှေးနည်းတူပင် ပျောက်သွားပြန်၏။

ဤနည်းဖြင့် သုံးကြိမ်တိုင် ဘုရားရှင်ထံသွားရောက်၍ အရောင်ပျောက် ကွယ်သည်ကို တွေ့မြင်ရလျှင် စန္ဒာဘပုဏ္ဏားသည် ဘုရားရှင်အား "အရှင် မြတ်သည် ကျွန်ုပ်၏အရောင် ကွယ်ပျောက်စေတတ်သောမန္တာန်ကို သိတော် မူပါသလော" ဟု မေးလျှောက်၏။

ဘုရားရှင်က "သိပေ၏" ဟု မိန့်တော်မူသော်-

စန္ဒာဘက "ထိုမန္တာန်ကို ကျွန်ုပ်အား ပေးသနားတော် မူပါ" ဟု တောင်းခံလေ၏။

"ရဟန်းမဟုတ်သောသူအား ပေး၍မရနိုင်" ဟု မိန့်တော်မူ၏။

ထိုအခါ စန္ဒာဘသည် ထိုအဖော်ပုဏ္ဏားတို့အား "ငါသည် ဤမန္တာန် ကိုယူပြီးသော် ဇမ္ဗူဒ္ဝိပ်အလုံးဌ် အကြီးမြတ်ဆုံးသူဖြစ်မည်။ သင်တို့ သာဝတ္ထိ ပြည်တွင် နှစ်ရက် သုံးရက်မျှခိုအောင်း၍ စောင့်ဆိုင်းနေကြဦးလော့" ဟု လွှတ်လိုက်ပြီး ဘုရားရှင်ထံ၌ရဟန်းပြုလေ၏။စန္ဒာဘသည် ရဟန်းပြုပြီးနောက် ဘုရားရှင် ဟောကြားတော်မူသော 'ဒွတ္တိံသ ကာရ' (၃၂ ကေဋ္ဌာသ) ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်၍ ဝိပဿနာကို ပွားများလေသော် နှစ်ရက် သုံးရက်ကြာလျှင်ပင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုအခါ ပုဏ္ဏားတို့ လာရောက်၍ "စန္ဒာဘ၊ သင်သည် မန္တာန်ကိုသင်ယူ ပြီးပြီလော" ဟု မေးကြသော်- စန္ဒာဘထေရ်က "သင်တို့ သွားကြလော့။ ယခုအခါ ငါသည် လူ့ဘောင်သို့ တဖန် ပြန်လာခြင်းသဘော မရှိတော့ပြီ" ဟု ဆို၍ နှင်ထုတ်လေ၏။

၂၀၁။ ။အရိုးခေါက်ဗေဒင်ဆရာ 'ဝင်္ကိသ'ကို ချွတ်ခြင်း

ရာဇဂြိုဟ်ပြည်၌ 'ဝင်္ကိသ' မည်သော ပုဏ္ဏားတဦးသည် အရွယ်ရောက်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်သည့်အပြင် ဆရာက ချစ်မြတ်နိုး၍ အထူးသင်ပေးသော အလွန်ထူးဆန်းသည့် 'ဆဝသိသမန္တာန်'ကို သင်ယူရရှိ လေ၏။

သူသည် ထိုမန္တာန်ကိုစုတ်၍ သေသောသူတို့၏ဦးခေါင်းခွံတို့ကို လက် သည်းဖြင့် တီးခေါက်ကြည့်လျှင် "ဤသူ ဤသူသည် ဤမည် ဤမည်သော

ဘဝဋ္ဌဖြစ်၏။ ငရဲဋ္ဌဖြစ်၏။ တိရစ္ဆာန်ဋ္ဌဖြစ်၏၊ ပြိတ္တာဘုံဋ္ဌဖြစ်၏။ လူ့ပြည်ဋ္ဌ ဖြစ်၏။ နတ်ပြည်ဋ္ဌဖြစ်၏"ဟု သိရှိလေ၏။

ထိုအခါ ပုဏ္ဏားတို့သည် ထိုဝဂ်ိသပုဏ္ဏားလုလင်အား ပုဆိုးနှိန့်ထပ်ဝတ် ရုံစေပြီး ဖုံးကွယ်ထားသော ယာဉ်ဋ္ဌထိုင်နေစေ၍ ရွာ, နိုဂုံး, မင်းနေပြည် တို့သို့ လှည့်လည်ကြွလျက် မြို့, ရွာ, နိုဂုံး,တံခါးဝဋ္ဌ စခန်းချကာ လူအများ စုရုံးလာကြသော်"ဝဂ်ိသလုလင်ကို မြင်ရသောသူသည် ဥစ္စာကိုလည်းရ၏။ အခြံအရုံ အကျော်အစောကိုလည်း ရ၏။ နတ်ပြည် သို့လည်းရောက်ရ၏"ဟု ဝါးဒဖြန့်စကား ပြောကြကုန်၏။

လူတို့သည် လာရောက်၍လက်ဆောင်ပေး ကြည့်ရှုကြပြီး"ဆရာဝဂ်ိသ၏ အာနုဘော်ကား အဘယ်နည်း"ဟု မေးကြ၏။

ထိုပုဏ္ဏားတို့က"ဆရာဝဂ်ိသနှင့်တူသော ပညာရှိ တဦးတလေမျှ ဤဇမ္ဗူ ဒီပ်တွင်မရှိ။ဆရာဝဂ်ိသသည် သုံးနှစ်အထက်က ကွယ်လွန်ကြသော သူများ၏ ဦးခေါင်းခွံကို လက်သည်းဖြင့် ခေါက်ကြည့်လျှင် 'ဤမည်သော သူသည် ဤဘဝမျိုးဋ္ဌဖြစ်၏'ဟု သိပေ၏"ဟူ၍ ဆိုကြကုန်၏။ လူတို့သည် ငွေတဆယ်၊ နှစ်ဆယ်၊ တရာ စသည်ပေး၍ မိမိတို့၏ ကွယ်လွန်သော ဆွေမျိုးများ ဖြစ်ရာကို မေးမြန်းကြကုန်၏။

ဤသို့ အစဉ်သဖြင့် လှည့်လည်သော် ထိုပုဏ္ဏားတို့သည် သာဝတ္ထိပြည်သို့ ရောက်လာကြ၍ ဇေတဝန်ကျောင်းအနီးဋ္ဌ စခန်းချကြ၏။ သူတို့သည် ဘုရားရှင်ထံ တရားနာသွားကြသည့် အရိယာ ဥပါသကာတို့အား ဝဂ်ိသ ပုဏ္ဏား၏ အတတ်ပညာအကြောင်းကို ပြောပြ၍ လာရောက်မေးမြန်းကြရန် ဖိတ်ခေါ်ကြ၏။ ထိုအရိယာ ဥပါသကာတို့က "ငါတို့ဘုရားရှင်နှင့် တူသူ မရှိ" ထိုပုဏ္ဏားတို့ကလည်း "ဤဝဂ်ိသနှင့် တူသူမရှိ"ဟု ငြင်းခုံကြလျက် ပညာပြိုင်ရန် ဝဂ်ိသထံလုလင်ကို ဇေတဝန်ကျောင်းသို့ ခေါ်ဆောင်သွားကြလေ၏။

ဘုရားရှင်လည်း ဝဂ်ိသပုဏ္ဏား လာသည်ကို သိတော်မူ၍ 'ငရဲဋ္ဌ ဖြစ်သူ၊ တိရစ္ဆာန်ဋ္ဌ ဖြစ်သူ၊ လူ့ပြည်ဋ္ဌဖြစ်သူ၊ နတ်ပြည်ဋ္ဌဖြစ်သူ၊ ထိုပြင် ရဟန္တာ ဖြစ်သူ' ပေါင်း ၎ဦးတို့၏ ဦးခေါင်းခွံ ၎ခုကို တန်ခိုးတော်ဖြင့်ယူဆောင်၍ အစဉ်အတိုင်း ထားနှင့်တော်မူ၏။

ထိုပုဏ္ဏားတို့ ရောက်လာကြသော် ဘုရားရှင်က ဝဂ်ိသအား ထိုဦးခေါင်း ခွံ ၎ခုတို့ကို အစဉ်အတိုင်း တိုးခေါက်စေ၍ သေသူအသီးသီး၏ ဖြစ်ရာ ဘဝကို ပြောကြားစေတော်မူ၏။ ဝဂ်ိသလည်း မန္တာန်ကိုစုပ်ကာ ပထမ ဦးခေါင်းခွံ လေးခုတို့ကို အသီးသီး အစဉ်အတိုင်းခေါက်၍ သေသူ၏ ဖြစ်ရာ

အရပ်ကို ပြောကြားသော် ဘုရားရှင်က ပြောတိုင်း ပြောတိုင်း ဝဂ်ီသအား "သာဓု သာဓု" ဟု ကောင်းချီးပေးတော်မူ၏။ ဝဂ်ီသသည် နောက်ဆုံး ဦးခေါင်းခွံကို တီးခေါက်၍ မေးသော် ဖြစ်ရာအရပ်ကို မသိဘဲ ရှိလေ၏။ မန္တန်ကို အကြိမ်ကြိမ်စုပ်၍ တီးခေါက်မေးသော်လည်း မသိနိုင်ဘဲ ချွေးဒီးဒီးကျ ပင်ပန်းရုံသာ ဖြစ်ခဲ့၏။

ထိုအခါဘုရားရှင်က "ဝဂ်ီသ၊ သင်သိခြင်းငှာ မစုမ်းနိုင်သလော။ ငါဘုရားကား သိပေ၏" ဟု မိန့်တော်မူ၏။

ဝဂ်ီသက "အရှင်ဘုရား၏ မန္တာန်ကို တပည့်တော်အား ပေးသနားတော်မူပါ" ဟု လျှောက်သော်-

ဘုရားရှင်က "ရဟန်းမဟုတ်သော သူအား ပေးရန်မတတ်ကောင်း" ဟု မိန့်တော်မူ၏။

ထို့ကြောင့် ဝဂ်ီသသည် ရဟန်းပြုပြီး၍ ဘုရားရှင် ဟောကြားပြသသည့် ဒုတိယသာကာရက်မဋ္ဌာန်းကိုသရဇ္ဈာယ်လျက် ဝိပဿနာစီးဖြန်းပွားများသော် နှစ်ရက် သုံးရက် အတွင်းမှာပင် ရဟန္တာ ဖြစ်သွားလေ၏။

ဝဂ်ီသမထေရ်သည် ဘုရားရှင်ထံ သွားရောက် ဖူးမြော် ဆည်းကပ်သော အခါဘုရားရှင်ကို မြင်ရာအရပ်မှ အစပြု၍ 'လမင်း, နေမင်း, ကောင်းကင်, မဟာသမုဒ္ဒရာ, ဆင်ပြောင်ကြီး, ခြင်္သေ့မင်း' အသီးသီးနှင့် ဥပမာပေးကာ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို ဂါထာပေါင်း အရာ အထောင်တို့ဖြင့် ချီးကျူးဖွဲ့ဆိုလျက်သာ သွားရောက်ဆည်းကပ်လေ၏။

ထို့ကြောင့် ဘုရားရှင်သည် နောင်အခါတွင် ရဟန်းတို့အား တဒင်္အရာ၌ ထားတော်မူသောအခါ "ရဟန်းတို့၊ ဝဂ်ီသသည် ဆန်းကြယ်သော ဉာဏ်ပဋိဘာန် ရှိကြသည့် ငါဘုရား၏ တပည့်ရဟန်းတို့တွင် အမြတ်ဆုံး ဖြစ်၏" ဟူ၍ 'ပဋိဘာနဝန္တ တဒင်္' အရာ၌ ထားတော်မူလေ၏။

၂၀၂။ တက္ကသိုလ်ပြည် ပုက္ကုသာတိမင်းနှင့် ဗိမ္ဗိသာရမင်း

မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီး မင်းပြုချိန်ကွင် မဇ္ဈိမဒေသ၏ အစွန်အဖျား တက္ကသိုလ်ပြည်၌ 'ပုက္ကုသာတိ' မင်းကြီးသည် မင်းပြုဆဲ ဖြစ်၏။ ထိုပြည်နှစ်ပြည်မှ ကုန်သည်တို့လည်း ထိုမြို့နှစ်မြို့တွင် လှည့်လည်၍ ကုန်စည် ဖောက်ကား ရောင်းဝယ်မှု ပြုကြကုန်၏။ ထိုကုန်သည်များမှတဆင့် ထိုမင်းနှစ်ပါးတို့သည် အချင်းချင်း မမြင်ရဘဲ အလွန်ချစ်ခင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်လာခဲ့ကြ၏။

တနေ့သဉ် ပုက္ကုသာတိ မင်းကြီးသည် အဘိုးအနဂ္ဃထိုက်တန်သည့် ကမ္ဗလာ ရှစ်ထည်တို့ကို ရရှိသဖြင့် "ငါ့သူငယ်ချင်း ဗိမ္ဗိသာရမင်းထံလက်ဆောင်အဖြစ် ပေးအံ့"ဟု ကြံ၍ ချိပ်လုံးပမာဏရှိသောစန္ဒကူး နံ့သာကြုတ် ရှစ်လုံးအသီးသီးဉ် ကမ္ဗလာ တထည်စီထည့်ပြီးနောက် ချိပ်ဖြင့် မွမ်းမံကာ အလုံးပြု၍ ပိတ်ဖြူဖြင့် ရစ်ပတ်ကာ သေတ္တာဉ် ထည့်ပြီးလျှင် ထိုသေတ္တာကို အဝတ်ဖြင့် ရစ်ပတ်ပြီးနောက် မင်းတံဆိပ်ခတ်နှိပ်၍ "ငါ့သူငယ်ချင်း ဗိမ္ဗိသာရအား ဆက်သကုန်လော့။ မင်းကြီးအားလည်း ဤလက်ဆောင်ကို မှူးမတ်ပရိသတ် အလယ်ဉ် ဖွင့်ကြည့်ရန် လျှောက်ကြလော့"ဟုမှာ၍ အမတ်တို့အား ဗိမ္ဗိသာရမင်းထံ ပို့စေ၏။

အမတ်တို့လည်း ရာဇဂြိုဟ်ပြည်သို့ သွားရောက်၍ 'မှာလိုက်သောစကားကို လျှောက်ကြားပြီး' ဆက်သကြသော် ဗိမ္ဗိသာရမင်းကြီးသည် မှူးမတ်ဗိုလ်ပါအလယ်ဉ် ဖွင့်လှစ်သော် ထို အနံရှစ်တောင်၊ အလျား တဆယ့်ခြောက်တောင်စီရှိသော ကမ္ဗလာ ရှစ်ထည်တို့ကို တွေ့မြင်ရလေလျှင် မင်းကြီးနှင့် မှူးမတ်ဗိုလ်ပါ ပရိသတ် အပေါင်းသည် တအံ့တသြ ချီးမွမ်း၍ ဝမ်းသာကြလေ၏။ မင်းကြီးသည် ထိုကံမ္ဗလာ ရှစ်ထည်အနက် လေးထည်ကို ဘုရားရှင်ထံ ပို့၍ လှူဒါန်းစေပြီး ကျန်လေးထည်ကိုမူ သုံးဆောင်လေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် "ဤထက် သာလွန်သည့် လက်ဆောင်ကို ပြန်ပို့ပေးအံ့"ဟုကြံ၍ ထိုအမတ်တို့အား "အမောင်တို့ တက္ကသိုလ်ပြည်ဉ် ဘုရား၊ တရား၊ သံဃာ ဟူသော ဤရတနာသုံးပါးကိုဖူးတွေ့ကြရ ပါ၏လော" ဟု မေးမြန်းလေ၏။

"မင်းကြီး၊ တက္ကသိုလ်ပြည်ဉ် ဘုရား၊ တရား၊ သံဃာ ဟူသော အသံမျှပင်ကြားသိရခြင်း မရှိသေးပါ။ ဖူးမျှော်ခွင့်ကို အဘယ်မှာ ရနိုင်အံ့နည်း"ဟု လျှောက်ကြသော်-

ဗိမ္ဗိသာရမင်းကြီးသည် "ထိုအရပ်ဉ် မရှိသေးသော လက်ဆောင်ရတနာကို ပို့ခွင့်ရပြီ"ဟု အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။

ထိုအခါ မင်းကြီးသည် "တက္ကသိုလ်ပြည်သို့ ဘုရားရှင်၊ သို့မဟုတ် အရှင်သာရိပုတ္တရာ မထေရ်ကြီးများကို ငါတောင်းပန်လျှောက်ထား၍ ပို့သစေနိုင်ကာမူ ပစ္စန္တရစ် အရပ်သို့ ကြွရောက် သီတင်းသုံးစေရန် ငါမလိုလားအပ်ပေ။ စင်စစ်သော်ကား ငါသည် ဘုရားရှင်နှင့် မထေရ်ကြီးများ ကြွရောက်ကြသကဲ့သို့ဖြစ်အောင် သဝဏ်လွှာကို ပို့ပေအံ့"ဟုကြံလေ၏။

ယင်းသို့ကြံပြီး၍ မင်းကြီးသည် နံနက်စောစော ရှစ်ပါးသီလ ဥပုသ်ကို ခံယူဆောက်တည်၍ ပြာသာဒ်ထက်သို့တက်ကာ ရွှေပြားပေါ်ဉ်....

(၁) "ရှေးဦးစွာ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါး၊ နောက် ဘုရားရှင်၏ အတ္ထုပ္ပတ္တိ၊ နောက် ဗုဒ္ဓရတနာကို ချီးမွမ်းထားသော ဂါထာ။

(၂) ထိုနောက် ဘုရားရှင် ဟောကြားအပ်သော တရားဂုဏ်တော် ခြောက်ပါး၊ နောက် တရားတော်၏အနှစ်သာရ ဖြစ်သည့် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး၊နောက် တရားရတနာကို ချီးမွမ်းသော ဂါထာ။

(၃) ထိုနောက် ဘုရားရှင်၏ တပည့်သား အရိယာ သံဃာတော်၏ အခြေခံ ဂုဏ်တော်လေးပါးနှင့် အကျိုးဂုဏ်ကျေးဇူး လေးပါး။

(၄) ထိုနောက် မင်း၊ ပုဏ္ဏား၊ သူဌေးတို့ စည်းစိမ်ကို စွန့်ပြီး ဘုရားရှင် ထံ၌ ရဟန်းပြုကြပုံနှင့် တရားကျင့်ကြံအားထုတ်ပုံ၊နောက် သံဃာ ရတနာကို ချီးမွမ်းသော ဂါထာ။

(၅) နောက်ဆုံးအနေဖြင့် 'ဘုရားရှင်၏ သုံးပါးသောသိက္ခာ သာသနာသည် အစ, အလယ်, အဆုံး ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံ၍ သံသရာဝဋ်ဒုက္ခမှ ဇကန် လွတ်မြောက်နိုင်စေသဖြင့် စွမ်းနိုင်က တောထွက်ရဟန်းပြုစေချင်ပါ၏' ဟူသော တိုက်တွန်းစကား" တို့ကို ရေးသားလေ၏။

ဤသို့ရေးသားပြီးသော ရွှေပြားကိုလိပ်၍ အလှန်နူးညံ့သော ကမ္မလာဖြင့် ရစ်ပတ်ပြီးနောက်မှ ရတနာခုနစ်ပါး အသီးသီးဖြင့်ပြီးသော ကြုတ်ခုနစ်ခုထဲသို့ အဆင့်ဆင့်ထည့်၍ နောက် ဆင်စွယ်ကြုတ်ထဲသို့ ထည့်လေ၏။ ယင်းကို နံ့သာသေတ္တာထဲသို့ ထည့်၍ မင်းတံဆိပ် ခတ်နှိပ်လေ၏။ တန်ဆာဆင်အင်သော မင်္ဂလာ ဆင်ပေါ်ဝယ် ရတနာပလ္လင်ထက်၌ ထိုသေတ္တာကို တင်ပြီးမှ မှူးမတ်အပေါင်း ခြံရုံလျှက် "ဤလက်ဆောင်တော်ကို ပြာသာဒ်ထက်သို့ ကိုယ်တော်တပါးတည်းတက်၍ လက်ခံစေချင်ပါ၏" ဟု သဝဏ်စာနှင့်တကွ ပုဏ္ဏားသာတိ မင်းကြီးထံ ပို့လေ၏။

ပုဏ္ဏားသာတိမင်းလည်း ထိုလက်ဆောင်ကို မှူးမတ်ဗိုလ်ပါခြံရုံလျှက် ခမ်းနားစွာ ကြိုဆိုလက်ခံယူလေ၏။ နောက် မှာလိုက်သော သဝဏ်စာအတိုင်း လက်ဆောင်ကို ပြာသာဒ်ပေါ်သို့ တပါးတည်းပွေ့သွား၍ ဖွင့်လှစ်ကာ ထိုရွှေပလ္လင်ကို ဖတ်ရှုလေ၏။ ဖတ်ရှုပြီးသော် မင်းကြီးသည် ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့၌ အတိုင်းမသိသော ကြည်ညိုသဒ္ဓါတရားပွားလျက် ပီတိငါးဖြာဖြင့် စိတ်အထူးကြည်လင်လေ၏။

မင်းကြီးသည် ရွှေပေစာ၏ နောက်ဆုံး အခန်း၌ 'အာနာပါနဿတိ **ကမ္မဋ္ဌာန်း**'ကို ဖတ်ရှု၍ နှလုံးသွင်း စီးဖြန်းသော် ရှုပါဝစရဈာန်တို့ကို ရ၍

သောကြောင့် စျာန်ချမ်းသာဖြင့် တဆယ့်ငါးရက်ခန့် အချိန်ကို ကုန်လွန်စေ၏။ ထိုအခါ မှူးမတ်ဗိုလ်ပါ ပြည်သူတို့သည် မင်းရင်ပြင်၌ စုဝေးကာ "ငါတို့ မင်းကြီး ဘာမျှးလုပ်နေပါလိမ့်" စသည်ဖြင့် အော်ဟစ် ပြောဆိုကြကုန်၏။ မင်းကြီးလည်း သန်လျက်ဖြင့် ဆံပင်ကို ဖြတ်၍ ပြာသာဒ်ပေါ်မှ ထိုပရိသတ်အပေါ်သို့ ပစ်ချ၍ "အမောင်တို့၊ ဤငါ၏ ဆံပင်တို့ကို ယူ၍ မင်းပြုစေကုန်လော့" ဟု ဆိုလေ၏။

လူအပေါင်းတို့သည် ငိုကြွေး မြည်တမ်းကြကုန်၏။ မင်းကြီးလည်း ဆံမုတ်ဆိတ်မျှားကို ရိတ်၍ စေ့းမှ ဖန်ရည်ဆိုးသော အဝတ်နှစ်ထည်နှင့် မြေသပိတ်ကို ဝယ်ယူစေပြီး ဘုရားရှင်ကို ရည်စူးလျက် ကိုယ်တိုင်ပင် ရဟန်းပြုလေ၏။ ထိုနောက်မှ သပိတ်ကိုလွယ်, တောင်ဝှေးကို စွဲကိုင်လျက် နန်းပြာသာဒ်မှ မည်သူအားမျှ အသိမပေးဘဲ ဆင်းသွားလေ၏။ မှူးမတ်ဗိုလ်ပါ ပြည်သူအမျှားလည်း နောက်မှသိကြ၍ လိုက်ကြသော် မင်းကြီးသည် စည်းတား၍ "ဤစည်းကို ကျော်ဖြတ်လျှင် မင်းအာဏာပြုပေအံ့" ဟု ဆို၍ တပါးတည်း ဆက်လက် ကွဲလေ၏။

မင်းကြီးသည် ဘိနပ်မစီး, ထီးမဆောင်းဘဲ ဘုရားရှင်ကို ရည်စူးကာ မဇ္ဈိမဒေသသို့သွားမည့် လှည်းကုန်သည်များနောက်သို့ လိုက်ပါသွားလေ၏။ ခရီးတလျှောက် အကောင်းအညံ့ ရသမျှ ဆွမ်းဖြင့် မျှတပြီး ရပ်နားသည့်နေရာတိုင်း၌ အာနာပါနစတုတ္ထစျာန်ကိုဝင်စား၍ စျာန်ချမ်းသာဖြင့်နေ၏။ ဤနည်းဖြင့် လာခဲ့ရာ တရာကိုးဆယ့်နှစ်ယူဇနာ ဝေးသည့် သာဝတ္ထိပြည်သို့ ရောက်၏။

ဇေတဝန်ကျောင်းအနီးဖြင့် လှည်းမျှား သွားသော်လည်း "ဘုရားရှင် အဘယ်မှာနေသနည်း" ဟု မမေးမိဘဲ ဗိမ္မိသာရမင်းကြီး၏ သဝဏ်စာအရ "ဘုရားရှင် ဝဇ္ဇုဝန်ကျောင်း၌ ရှိမည်" ဟူသောအထင်ဖြင့် သာဝတ္ထိပြည်မှ လေးဆဲ့ငါးယူဇနာ ဝေးသော ဟုဇုဂိုဟ်ပြည်သို့ ဆက်သွား၍ နေဝင်ချိန်တွင် ရောက်သွား၏။ ထိုအခါမှ ဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးတော်မူကြောင်း မမေးမြန်း သိရှိရသဖြင့် "နက်ဖြန်နံနက်မှ ဘုရားရှင်ထံသွားတော့အံ့" ဟု ကြံလျက် ရာဇဂြိုဟ်တွင် ရသေ့ရဟန်းများ တည်းခိုရာ 'အိုးထိန်းသည်'၏တဲ၌ တည တည်းခိုလေ၏။

၂၀၃။ ပုက္ကုသာတိမင်းကြီး အနာဂါမ်ဖြစ်ခြင်း

ထိုနေ့ နံနက် မိုးသောက်ယံ၌ ဘုရားရှင်သည် သတ္တလောကကို ကြည့်ရှုသော် ပုက္ကုသာတိမင်းကို မြင်တော်မူ၍ "ဤမင်းကား ငါဘုရားကို ရည်စူးပြီး

ယူဇနာတရာ ကျယ်သော တက္ကသိုလ်ပြည်ကြီးကို စွန့်ပစ်၍ ရဟန်းပြုခဲ့ပြီး နောက် သာဝတ္ထိပြည်ကိုလွန်သွားပြီး ရာဇဂြိုဟ်ပြည်သို့ ရောက်ရှာလိမ့်မည်။ ငါဘုရား မသွားလျှင် အောက်မဂ်သုံးပါးကို မရရှာဘဲ တညတာမျှနေပြီး နောက် ကိုးကွယ်ရာမဲ့ သေခြင်းသို့ ရောက်ရှာလိမ့်မည်။ ငါဘုရား သွား၍ ထိုသူအား သနားချီးမြှောက်ပေအံ့" ဟု ကြံတော်မူ၏။

သို့ဖြစ်၍ ဘုရားရှင်သည် နံနက်ဆွမ်းကိစ္စပြီး၍ တမုဟုတ်မျှ အပန်းဖြေပြီးသော် "ပုက္ကုသာတိသည် ငါဘုရားကို ရည်မှန်း၍ ဘိနပ်မစီး, ထီး မဆောင်းဘဲ ဤမျှဝေးသော ခရီးကို လာခဲ့ပေ၏။ ငါဘုရားလည်း သူ့ထံ သို့ ခြေလျင်ဖြင့်သာ ကြွတော်မူသင့်၏" ဟု ဆုံးဖြတ်ပြီး ဘုရားရှင်၏ အသရေ တော်ကိုဝှက်ပြီး ရဟန်းအသွင်ဖြင့် ခြေလျင်ပင် ကြွတော်မူ၏။

ဘုရားရှင်သည် နေဝင်စအချိန်တွင် ရာဇဂြိုဟ်ပြည်သို့ ရောက်၍ ထိုတဲကုပ် အတွင်းသို့ ဝင်၍ ပုက္ကုသာတိအား တညတာမျှတည်းခိုခွင့် တောင်းခံပြီး မြက်အခင်းကို ခင်း၍ ထိုင်နေလျက် စတုတ္ထစျာန်သမာပတ်ကို ဝင်စားတော်မူ၏။ ပုက္ကုသာတိလည်း အာနာပါနစတုတ္ထစျာန်ကို ဝင်စား၍ နေလေ၏။

သန်းခေါင်ကျော်လျှင် ဘုရားရှင်သည် ဖလသမာပတ်မှထ၍ မလှုပ်မယှက် စျာန်ဝင်စားနေသော ပုက္ကုသာတိကို မြင်လျှင် "ရဟန်း၊ သင့်သည် အဘယ် သူ့ကို ရည်မှန်း၍ ရဟန်းပြုခဲ့သနည်း" စသည်ဖြင့် စကားစ၍ မိန့်ကြား တော်မူ၏။

ပုက္ကုသာတိက "ဘုရားရှင်ကို ရည်မှန်း၍ ရဟန်းပြုခဲ့ကြောင်း" စသည် ဖြင့် အကျယ်တဝင့် ပြောပြလေ၏။

ဘုရားရှင်က "ရဟန်း၊ ထိုဘုရားရှင်သည် အဘယ်အရပ်မှာ သီတင်းသုံး နေတော်မူသနည်း။ ထိုဘုရားရှင်ကို မြင်ဘူး၏လော။ မြင်လျှင်ကော သိမည် လော" ဟု မေးတော်မူလျှင်-

ပုက္ကုသာတိက "ငါ့ရှင်၊ ထိုဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူ၏။ ထိုဘုရားရှင်ကို မမြင်ဘူးပါ။ မြင်လျှင်လည်း သိမည်မဟုတ် ပါ" ဟု ဖြေဆိုလေ၏။

ထိုအခါ ဘုရားရှင်က "ရဟန်း၊ သင့်အား ငါတရားဟောပေအံ့။ ထို တရားကို ကောင်းစွာ နာလော့" ဟု မိန့်တော်မူပြီး (ထိုအချိန်အထိ ဘုရားရှင် မှန်း မသိသေးသော) ပုက္ကုသာတိအား-

"ရဟန်း၊ ဤပုဂ္ဂိုလ်သတ္တဝါသည် ဓာတ်ခြောက်ပါးရှိ၏။ ဖဿာယတန ခြောက်ပါး ရှိ၏။ စိတ်၏ အကြံအစီ သုံးသပ်ခြင်း တဆယ့်ရှစ်ပါးရှိ၏။ တည်ရာ လေးပါးရှိ၏။ ယင်းတည်ရာ လေးပါးတို့၌ တည်သော ပုဂ္ဂိုလ်

သတ္တဝါအား ငါဟူ၍ မာနထောင်လွှားမှု ရေအယဉ်တို့ စီးဆင်းခြင်း မရှိသော သူကို ကိလေသာခပ်သိမ်း ငြိမ်းအေးသော ရဟန်းဟု ဆိုအပ်၏။ ဝိပဿနာပညာကို မမေ့ရာ။ ဝစီသစ္စာကို စောင့်ရှောက်၏။ ကိလေသာကို စွန့်ရန် ပွားများ အားထုတ်ရာ၏။ ထိုကိလေသာငြိမ်းအေးရန် ကျင့်ရာ၏'' ဟူ၍ မာတိကာခင်းထားပြီး 'ဓာတုဝိဘင်္ဂ'သုတ်ကို အကျယ်အားဖြင့် ဟောတော်မူ၏။ ထိုတရားတော်ကို ကြားနာရပြီးလျှင် ပုက္ကုသာတိသည် အနာဂါမ်ဖြစ်လေ၏။

သူသည် ထိုတရားကို နာရင်း နာရင်းပင် ''ဤရဟန်းသည် ဘုရားရှင်ပင် ဖြစ်နေမည်လော'' ဟု ယုံမှား သံသယဖြစ်ခဲ့ပြီး အနာဂါမ်ဖြစ်သော်ကား 'ဘုရားအစစ်ပင်'ဟု အတတ်သိလေ၏။

အရဏ်ဘက်ချိန်၌ တရားပြီးဆုံးသောအခါ ပုက္ကုသာတိသည် ဘုရားရှင်အား ဦးတိုက် ရှိခိုးလျက် ''မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် တပည့်တော်ထံသို့ မဟာကရုဏာ ရှေ့ထား၍ ကြွလာပေ၏။ တပည့်တော်သည် ရှင်တော်ဘုရားအား မြတ်စွာဘုရားမှန်း မသိပါ၍ 'ငါ့ရှင်'ဟု ခေါ်သော အပြစ်ကို သည်းခံတော်မူပါဘုရား'' ဟု တောင်းပန်လေ၏။

ထိုအခါ ဘုရားရှင်က ''ရဟန်း၊ သင်သည် မသိ၍ ငါဘုရားကို 'ငါ့ရှင်' ဟု ပြောမှားသည့် အပြစ်ကို ငါဘုရား သည်းခံတော်မူ၏။ အပြစ်ကို အပြစ်ဟု မြင်၍ ထိုအပြစ်ကို ကုစားခြင်းသည် ငါဘုရား၏ အဆုံးအမ ဖြစ်ပေ၏'' ဟု မိန့်တော်မူ၏။

ထိုနောက် ပုက္ကုသာတိသည် ဘုရားရှင်အား ရဟန်းပြုခွင့် တောင်းခံသော အခါ ဘုရားရှင်သည် ''ပုက္ကုသာတိကား ရွှေးဘဝက သင်္ကန်း ပရိက္ခရာရစ်ပါးကို မလျှူခဲ့ပေ'' ဟု မြင်တော်မူ၍ 'ဟိဘိက္ခု' ခေါ်တော်မမူဘဲ ''ရဟန်း၊ သင်သည် သင်္ကန်း, သပိတ်, ပရိက္ခရာများကို ရှာဖွေဦးလော့'' ဟု မိန့်တော်မူ၏။ ပုက္ကုသာတိလည်း ဝမ်းမြောက်စွာဖြင့် သပိတ်သင်္ကန်းကို ရှာဖွေရန် ပဲ့သွားလေ၏။

ထိုအခါ ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူပြီး ''မြို့သူမြို့သားတို့သည် ငါဘုရားကို မြင်စေကုန်သတည်း'' ဟု အိုဋ္ဌာန်တော်မူ၏။ လူအပေါင်းတို့သည် ဘုရားရှင်ကို မြင်ကြလျှင်ပင် ''ဘုရားရှင်သည် ကြွလာတော်မူသတဲ့။ အိုးထိန်းသည်၏ တဲကုပ်၌ နေထိုင်တော်မူသတဲ့'' ဟု အချင်းချင်းပြောကြပြီး ဗိမ္ဗိသာရမင်းကြီးအား ထိုအကြောင်းကိုလျှောက်ထားကြလေ၏။

မင်းကြီးလည်း ဘုရားရှင်ထံသွား၍ ရိုသေစွာရှိခိုးပြီးလျှင် "မြတ်စွာဘုရား၊ အဘယ်အခါန်က အဘယ်ကိစ္စဖြင့် ဤသို့ကြွလာတော်မူပါသနည်း" ဟု မေးလျှောက်၏။

ဘုရားရှင်က "မင်းကြီး၊ ယမန်နေ့ည နေဝင်စအခါန်က ကြွလာပေ၏။ ပုက္ကုသာတိမင်းသည် ငါဘုရားကို ရည်စူး၍ ရဟန်းပြုပြီး ငါဘုရားထံမှန်း၍ လာခဲ့ရာ ဤအိုးထိန်းသည် တဲကုပ်သို့ရောက်လာခဲ့၏။ ထို့ကြောင့် ငါဘုရားသည် သူ့အား ချီးမြှောက်ရန်လာခဲ့ပေ၏။ ပုက္ကုသာတိသည် ငါဘုရား၏ တရားကိုနာရ၍ အနာဂါမ်ဖြစ်သွားပြီး ရဟန်းပြုရန်အတွက် သပိတ်သင်္ကန်း ပရိက္ခရာများကို ရှာဖွေရန်သွားလေပြီ" ဟု ရှင်းလင်းမိန့်ကြားတော်မူ၏။

ဗိမ္မိသာရမင်းကြီးလည်း ပုက္ကုသာတိမင်း သပိတ်သင်္ကန်း အရှာသွားရာ အရပ်မျက်နှာသို့ ချက်ချင်းပင် လိုက်သွားလေ၏။ မင်းချင်းယောကျ်ားတို့ကိုလည်း မြို့တော်ဝန်းကျင်အနှံ့ အရှာလွှတ်လေ၏။ဘုရားရှင်လည်း ထိုခဏ၌ပင် ကောင်းကင်ဖြင့် ဇေတဝန်ကျောင်းသို့ကြွ၍ ဂန္ဓကုဋီတိုက်၌ ထင်ရှားဖြစ်တော်မူလေ၏။ ပုက္ကုသာတိမင်းလည်း ပံသုကူစစ်စစ် ပရိက္ခရာကိုသာ ရှာမှီးလိုသဖြင့် လမ်းကြားအမှိုက်ပုံတို၌ ပံသုကူအဝတ်ကြမ်းကို ရှာရန်အားထုတ်လေ၏။

ထိုစဉ်ဟင် စိတ်ဖောက်ပြန်သော သားသည် အမိ နွားမတကောင်သည် သူ့ထံပြေးလာပြီးဝှေ့၍ သတ်လေ၏။ ပုက္ကုသာတိလည်း ထိုခဏ၌ပင်သေ၍ အဝီဟာ ဗြဟ္မာ့ဘုံ၌ဖြစ်လေ၏။ ဖြစ်ပြီး မကြာမီပင် ရဟန္တာဖြစ်သွားလေ၏။ မင်းချင်းယောကျ်ားတို့သည် အမှိုက်ပုံပေါ်၌ မျောက်လျက်သား သေနေသော ပုက္ကုသာတိမင်းကို တွေ့ကြ၍ ဗိမ္မိသာရမင်းကြီးထံသွား၍ အကြောင်းကြားလေ၏။ မင်းကြီးလည်း ထိုအရပ်သို့သွား၍ "ငါ့သူငယ်ချင်းသည် ခိုကိုးရာမဲ့သေရချေပြီတကား" ဟု ပြောဆိုငိုကြွေး၍ အလောင်းကို ညောင်စောင်းဖြင့် ယူဆောင်စေပြီး ကြီးကျယ်ခမ်းနားစွာဖြင့် သင်္ဂြိုဟ်၍ စေတီတည်လေ၏။

၂၀၄။ ။ဗာဟိယ ဒါရုစီရိယကို ချွတ်တော်မူခြင်း

ဗာဟိယတိုင်းမှ အမျိုးသားတဦးသည် ကုန်သွယ်ရန်သုဝဏ္ဏဘူမိသို့ သွားသည့်လှေကိုစီးနင်းလိုက်ပါ၍ သွားလေ၏။ ထိုလှေသည် သမုဒ္ဒရာအတွင်းမှာပင် ကွဲပျက်သွားရာ ဗာဟိယ အမျိုးသားကဦးမှတပါး ကျန်လူအားလုံး ရေနစ်သေဆုံးကြကုန်၏။ ဗာဟိယသည် ပျဉ်ချပ်တခုကိုယူ၍ ကူးခတ်သဖြင့် ခုနစ်

ရက်မြောက်နေ့၌ 'သုပ္ပါရက' သဘော်ဆိပ်မြစ်ကမ်းနားသို့ ရောက်သွား၏။ သူသည် အဝတ်ပုဆိုးမရှိသဖြင့် ပျဉ်ချပ်တခုကိုလျော်ဖြင့် ချည်၍ဝတ်ပြီး နတ်ကွန်းမှခွက်တခုကိုယူကာ သုပ္ပါရကသဘော်ဆိပ်သို့သွား၏။ လူတို့သည် သူ့ကို မြင်ကြလျှင် ယာဂုဆွမ်းစသည်တို့ကို ပေးကမ်း၍ "ဤသူကား ရဟန္တာတည်း"ဟု ချီးမွမ်းပြောဆိုကြ၏။

သူသည် "ငါကား အဝတ်မဝတ်ဘဲ ဤအသွင်ဖြင့်နေ၍သာ ဤသို့သော ပူဇော်သက္ကာတို့ကို ရပေ၏"ဟု ကြံ၍ လူတို့က အဝတ်များပေးကြသော်လည်း 'လာဘ်လာဘဆုတ်ယုတ်မည်'စိုး၍ လက်မခံပေ။လူတို့ကလည်းအတိုင်းထက် အလွန်ကြည်ညို၍ ကြီးစွာသော ပူဇော်သက္ကာကိုပေးကြကုန်၏။

လူတို့က "ရဟန္တာပေတည်း"ဟု ဆိုကြသော် သူသည် "ငါကား ဤလောကဌိ ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်၏" ဟု ထင်မှတ်လေ၏။ သူသည် ဤသို့မိစ္ဆာအကျင့်ကိုကျင့်ပြီး သစ်သားအဝတ်ဝတ်သူဖြစ်၍'ဗာဟိယဒါရုစီရိယ'ဟု တွင်လေ၏။

ထိုနောက် ရှေးဘဝက မိတ်ဆွေဖြစ်ခဲ့ဘူးသော အနာဂါမ် ဗြဟ္မာကြီးသည် "ဤဗာဟိယဒါရုစီရိယကား ကဿပဘုရား၏ သာသနာ၌ ရဟန်းဘဝဖြင့် ငါနှင့်အတူ တရားအားထုတ်ခဲ့ဘူး၏။ ယခု ဤမိစ္ဆာအယူကိုယူလျက် လှည့်လည်နေသော် ပျက်စီးရာ၏"ဟု မိတ်ဆွေစိတ်ဖြင့် ကြင်နာသနားသော ကြောင့် လာ၍ ကောင်းကင်၌ ရပ်လျက် "ဗာဟိယ၊ ငါကား ရှေးဘဝက သင်နှင့်အတူ တရားကျင့်ခဲ့ဘူးသော မိတ်ဆွေဟောင်း အနာဂါမ်ဗြဟ္မာကြီးတည်း။ သင်သည် ရဟန္တာလည်း မဟုတ်သေး။ရဟန္တာဖြစ်ကြောင်းအကျင့်မှန်လည်း သင့်မှာမရှိသေး"ဟု ပုဉ်လင်းစွာ ပြောဆိုလေ၏။

ဗာဟိယသည် ကောင်းကင်၌ ဗြဟ္မာကြီးကိုကြည့်လျက် "ငါသည်အလွန်ဝန်လေးသည့် အမှုကိုပြုမိခဲ့ပြီ။ ငါရဟန္တာမဟုတ်သေးဟု ဆိုဘိ၏။'လောက၌ ယခု ရဟန္တာပုဂ္ဂိုလ်ရှိသလော'ဟု စဉ်းစားပြီး "လောက၌ ယခု ရဟန္တာပုဂ္ဂိုလ်ရှိသလော"ဟု မေး၏။

ဗြဟ္မာကြီးက "ဗာဟိယ၊ ဤမှယူဇနာတရာ့နှစ်ဆယ်ဝေးသော သာဝတ္ထိပြည်၌သဗ္ဗညုဘုရားရှင်သည် ယခု သီတင်းသုံးနေတော်မူ၏။ ထိုဘုရားရှင်သည် ရဟန္တာလည်း ဖြစ်၏။ ရဟန္တာဖြစ်ကြောင်းတရားကိုလည်း ဟောတော်မူ၏။ သင်သွားလေလော့"ဟု ပြောကြားပြီး ပြန်လေ၏။

ထိုအခါ ဗာဟိယသည် ထိတ်လန့်သောစိတ်ဖြင့် ထိုခဏ၌ပင်ယူဇနာတရာ့နှစ်ဆယ်ဝေးသည့် သာဝတ္ထိပြည်သို့ ညတွင်းချင်း ခရီးပြင်းနှင်ရာ ဗြဟ္မာကြီးနှင့် ဘုရားရှင်တို့၏ အာနုဘော်ကြောင့် နောက်တနေ့ နံနက်တွင် ရောက်လေ

၏။ ဘုရားရှင်လည်း ကိုယ်တော်ထံသို့ ဗာဟိယလာနေသည်ကို သိတော်မူ၍ "ဗာဟိယ၏ သဒ္ဓါစသော ဣန္ဒြေတို့ကား မရင့်ကျက်သေးချေ။ ခဏကြာမှ ရင့်ကျက်ပေမည်"ဟု ဆင်ခြင်သိရှိတော်မူသဖြင့် ဗာဟိယ၏ ဣန္ဒြေရင့်ကျက် ချိန်ကိုစောင့်ဆိုင်းတော်မူလျက် ရဟန်းများစွာခြံရံကာ ထိုခဏ၌ပင် သာဝတ္ထိ ပြည်သို့ ဆွမ်းခံတော်မူ၏။

ထိုနောက်မှ ဗာဟိယသည် ဇေတဝန်ကျောင်းသို့ ဝင်သွား၍ ရဟန်း များအား "ဘုရားရှင် ယခု အဘယ်မှာနည်း"ဟု မေးလျှောက်၏။

ရဟန်းတို့က "ယခုပင် သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံကြွဝင်တော်မူ၏"ဟုဆိုကြ သော် ဗာဟိယသည် ချက်ချင်း နောက်ကလိုက်လေ၏။

သူသည် နှိုင်းယှဉ်စရာ ဥပမာ မရှိ, အဘုမရှိသော အသရေတော်ဖြင့် ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကိုမြင်ရလျှင် "ငါသည် ကာလအလွန်ကြာ မြင့်မှ သဗ္ဗညုဘုရားရှင်ကို ဖူးမြင်ရပေ၏တကား"ဟု မြင်ရာအရပ်မှစ၍ကိုယ် ကို ကိုင်းညွှတ်လျက် သွားလေ၏။

သူသည် ခရီးအကြား၌ပင် ဘုရားရှင်ကို ရိုသေစွာရှိခိုးပြီး ဖမျက်တော် တို့ကို မြဲစွာဆုတ်နယ်ဖက်ကိုင်လျက် "မြတ်စွာဘုရား၊တပည့်တော်အား တရား ဟောတော်မူပါ။ ယင်းတရားတော်သည် တပည့်တော်အား ကာလရှည်စွာ ကြီးပွားချမ်းသာခြင်း ဖြစ်ပါလိမ့်မည်"ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က "ဗာဟိယ၊ တရားဟောရန် အခါမဟုတ်သေး။ ငါ ဘုရားသည် ဆွမ်းခံဝင်ဆဲ ရှိသေး၏"ဟု (ဗာဟိယ၏ ဣန္ဒြေမကျင့်ရက်သေး သည်ကို သိမြင်တော်မူ၍) မိန့်တော်မူသော်-

ဗာဟိယက "မြတ်စွာဘုရား၊ ရှင်တော်ဘုရား၏ အသက်အန္တရာယ်,တပည့် တော်၏ အသက်အန္တရာယ် ဖြစ်မည်, မဖြစ်မည်ကို မသိနိုင်ပါ။ တပည့်တော် အား (ယခုပင်) တရားဟောတော်မူပါ"ဟု လျှောက်ထားပြန်၏။

ဘုရားရှင်လည်း "ဗာဟိယသည် ငါဘုရားအား ဖူးမြင်ရသည်မှစ၍ ပီတိ အဟုန်ဖြင့် လွှမ်းခြုံနေသေး၍ တရားတော်ကို ထိုးထွင်းမသိနိုင်သေးလတံ့။ အလယ်အလတ် လစ်လျူရှုခြင်း သဘောဌ် တည်လင့်စေဦး။ တညတည်းဖြင့် ယူဇနာတရာ့နှစ်ဆယ် သွားခဲ့ရသဖြင့် ပင်ပန်းမှုလည်းငြိမ်းစေဦး"ဟုကြံတော် မူ၍ နှစ်ကြိမ်မြောက်၌လည်း ပယ်တော်မူ၏။

ဗာဟိယက သုံးကြိမ်မြောက် တောင်းပန်သော် ဘုရားရှင်လည်"ဗာဟိယ တွင် အလယ်အလတ်ရှုမှု ဖြစ်လာပြီကိုဂင်း၊ ခရီးပန်းနွမ်းနယ်မှု ငြိမ်းအေးပြီကို ဂင်း၊ သူ၏ ဣန္ဒြေများရင့်ကျက်လာပြီကိုဂင်း၊ သူ၏ အသက်အန္တရာယ်နီးကပ် လာပြီကိုဂင်း" သိမြင်တော်မူ၍ "ယခုအခါ ဗာဟိယအား တရားဟောရန်

အချိန်တန်ပြီ”ဟု ဆင်ခြင်သိမြင်တော်မူ၍ လမ်းပေါ်၌ ရပ်လျက်ပင် ဤသို့ တရားအချုပ်ကို ဟောတော်မူလေ၏။

“(၁) ချစ်သားဗာဟိယ၊မြင်အပ်သော ရူပါရုံ၌ မြင်ကာမျှဖြစ်အောင်+ ကြားအပ်သော သဒ္ဒါရုံ၌ ကြားကာမျှဖြစ်အောင်+တွေ့ရောက်အပ်သော ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံတို့၌ တွေ့ရောက်ကာမျှဖြစ်အောင်+သိအပ်သော ဓမ္မာရုံ၌ သိကာမျှဖြစ်အောင် သင် ချစ်သားကျင့်ရမည်။

(၂) ဤသို့ ကျင့်ဆောင်လေသော်-သင် ချစ်သားသည် ထိုမြင်အပ်, ကြားအပ်, တွေ့ရောက်အပ်, သိအပ်သည့်အာရုံနှင့် စပ်သော ရာဂ, ဒေါသ, မောဟနှင့် စပ်ယှဉ်မှု ဖြစ်လိမ့်မည်မဟုတ်တော့ချေ။

(၃) ထိုသို့ ရာဂ, ဒေါသ, မောဟနှင့် မယှဉ်သူဖြစ်လေသော် သင် ချစ်သားသည်ထိုမြင်အပ်,ကြားအပ်,တွေ့ရောက်အပ်,သိအပ်သော အာရုံ၌ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မစဲငြိသူ ဖြစ်ပေလိမ့်မည်။

(၄) ထိုသို့ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မစဲငြိသူဖြစ်လေသော် သင်ချစ်သားသည် တမလွန်ဘဝ၌ ရုပ်နာမ်ခန္ဓာ အသစ်တဖန်ဖြစ်တော့ မည် မဟုတ်

ဗာဟိယဒါရုစီရိယသည် ဤတရားတော်ကို ကြားနာစဉ်ပင် သီလလေးပါးကို စင်ကြယ်စေ၍ ရရှိသော စိတ္တသမာဓိကို အမှီပြုကာ ဝိပဿနာတရားပွားများ အားထုတ်သဖြင့် လျင်မြန်သော မဂ်ဖိုလ် အသိဉာဏ်ရှိသူဖြစ်သောကြောင့် ထိုတရားပြီးဆုံးသည်နှင့် တပြိုင်နက် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုအခါ သူက ရဟန်းပြုခွင့် တောင်းခံလေသော် ဘုရားရှင်သည် “ဗာဟိယကား ရဟန်းဘဝဖြင့် အားထုတ်စဉ်က တခြားရဟန်းအား သက်နှံတထည်, သပိတ်တလုံးမျှ မပေးခဲ့ဘူးသည်”ကို သိမြင်တော်မူ၍‘ဟိဘိက္ခု’ ခေါ်တော်မူဘဲ “ဗာဟိယ, သပိတ်သင်္ကန်းကိုရှာချေဦးလော့”ဟု မိန့်တော်မူပြီး မြို့တွင်းသို့ ဆွမ်းခံဆင်ကြွတော်မူလေ၏။

ဗာဟိယလည်း သပိတ်သင်္ကန်းကိုရှာရန် လှည့်လည်စဉ်ပင် ရွေးဘဝကရန်ငြိုးထားခဲ့သော် ဘီလူးမတဉ်းက နွားမအသွင်ဖြင့်လာ၍ ပေါင်၌တိုးဝှေ့သတ်သဖြင့် အသက်ကုန်လေ၏။ ဘုရားရှင်သည် ဆွမ်းခံ၍ ဆွမ်းဘုဉ်းပေးပြီး ရဟန်းများနှင့်တကွထွက်လာတော်မူသော်အမှီက်ပုံပေါ်၌ဗာဟိယအလောင်းကို မြင်တော်မူ၏။

ဘုရားရှင်က "ရဟန်းတို့၊ အိမ်တအိမ်မှ ညောင်စောင်းငယ်ကို ဆောင်ယူစေပြီး ဤအလောင်းကို မြို့မှထုတ်၍ မီးသင်္ဂြိဟ်ပြီး စေတီတည်ကြလော့" ဟု မိန့်တော်မူ၏။ ရဟန်းတို့လည်း မိန့်ကြားသည့် အတိုင်း ပြုကြပြီး ကျောင်းသို့သွား၍ ဘုရားရှင်အား ကိုးစပြီးကြောင်း လျှောက်ထားကြ၏။

ထိုနောက် ဗာဟိယ၏ လားရာဂတိကို မေးလျှောက်ကြသော် ဘုရားရှင်က "ရဟန်းတို့ ဗာဟိယသည် ပရိနိဗ္ဗာန် စံသွားလေပြီ" ဟု မိန့်တော်မူ၏။

ရဟန်းတို့က "မြတ်စွာဘုရား၊ ဗာဟိယသည် ဘယ်အခါ၌ တရားနာရ၍ ရဟန္တာဖြစ်ပါသနည်း" ဟု မေးလျှောက်ကြသော်-

ဘုရားရှင်က "ငါဘုရားဆုမ်းခံကြွစဉ် လမ်းမ၌ ရပ်နားလျက် ဤမျှလောက်သော ဟောကြားသည့် တရားကို ဗာဟိယနာရသဖြင့် ရဟန္တာဖြစ်သွားပေပြီ" ဟု မိန့်တော်မူ၏။

ရဟန်းတို့က "မြတ်စွာဘုရား၊ ဤမျှလောက်သော တရားအနည်းငယ်ဖြင့် ဗာဟိယသည် အဘယ်သို့ တရားထူးကို ရနိုင်ပါအံ့နည်း" ဟု မေးလျှောက်ကြပြန်သော်-

ဘုရားရှင်က "ရဟန်းတို့၊ ငါဘုရား၏ တရားတော်ကို နည်းသည် များသည် ပယ် အတိုင်းအရှည်ကို မမှတ်ယူကြလင့်။ အကျိုးစီးပွားနှင့် စပ်သော ဂါထာတပုဒ်းသည်ပင် အကျိုးမဲ့သော ဂါထာ တထောင်ထက် သာ၍မြတ်၏" ဟူ၍ စကားပြေ, ဂါထာနှစ်မျိုးစုံဖြင့် ဟောကြားတော်မူ၏။

ဘုရားရှင်သည် နောင်တချိန်ဝယ် အရိယာသံဃာပရိသတ်၌ ရဟန်းတို့အား ဇောတဒဂ်အရာ၌ထားတော်မူသောအခါ "ရဟန်းတို့၊ မင်္ဂိုလ် အသိဉာဏ်ကို လျင်မြန်စွာရကြသော ငါဘုရား၏ တပည့်ရဟန်းတို့တွင် ဗာဟိယသည် အမြတ်ဆုံး ဖြစ်ပေ၏" ဟူ၍ 'ခိပ္ပာဘိည ဇောတဒဂ်' အရာ၌ ထားတော်မူလေ၏။

၂၀၅။ ။ဘခင်ပုဏ္ဏားကြီးနှင့် မင်္ဂကုဏ္ဍလိနတ်သား

သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝသည့် သူတပါးအား ဘာမျှမပေးလှူဘူးသဖြင့် 'အဒိန္နပုဗ္ဗက' ဟု ခေါ်တွင်သော ပုဏ္ဏားတဦးသည် မိမိ၏တဦးတည်း သောသားကို အလှန်ချစ်မြတ်နိုးသော်လည်း နားခွောင်းတန်ဆာကို လက်ခကုန်မည်စိုး၍ ကိုယ်တိုင်လုပ်ပြီး ဆင်ပေး၏။ ထိုသားသည် ပြေပြစ် ပြောင်ချောသော နားခွောင်းတန်ဆာကို ဝတ်ဆင်ထား၍ 'မင်္ဂကုဏ္ဍလီ' ဟု ခေါ်တွင်၏။

ထိုသားသည် အရွယ်ရောက်သော် တနေ့သ၌ ဖျော့တော့သောရောဂါစွဲကပ်၏။ ဘခင်သည် ဆေးဘိုးကုန်မှာစိုး၍ ဆေးမီးတိုဖြင့် ကု၏။ သူ့သားသေတော့မည်ကို သိသော် သားလူနာကို အိမ်ဦးပြင်ပ၌ထား၏။ထိုနေ့နံနက်မိုးသောက်ယံတွင် ဘုရားရှင်သည် သတ္တလောကအတွင်း ကျွတ်ထိုက်သည့် ပုဂ္ဂိုလ်တို့ကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုသော်- "ထိုပုဏ္ဏားနှင့်သား နှစ်ဦးတို့၊ငါ ဘုရားထံရောက်လာ၍ သောတာပန်ဖြစ်လတံ့" ဟူ၍ မြင်တော်မူ၏။

ဘုရားရှင်သည် မိုးလင်း၍ ဆွမ်းခံချိန်ရောက်သော် ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ အိမ်စဉ်အတိုင်း ဆွမ်းခံကြွရာ ထိုပုဏ္ဏား၏ အိမ်တံခါးဝသို့ရောက်လျှင် 'မဌကုဏ္ဍလီ' ထံသို့ ရောင်ခြည်တော်ကို လွှတ်တော်မူ၏။ မဌကုဏ္ဍလီသည် လှည့်ကြည့်၍ ဘုရားရှင်ကိုဖူးမြင်ရသော်"ငါသည် အဘမိုက်ကြောင့် ဘုရားရှင်အား ကိုယ်တိုင်သွားရောက် ဖူးမြင်၍ အလှူပေးခြင်း,တရားနာခြင်းကို မလုပ်နိုင်တော့ပြီ"ဟု နှလုံးသွင်းကာ စိတ်ဖြင့်သာ ကြည်ညိုရရှာ၏။ ဘုရားရှင်လည်း "ဤမျှဖြင့် တော်သင့်ပြီ" ဟု ဖဲကြွတော်မူ၏။

မဌကုဏ္ဍလီလည်း မျက်စိတဆုံးကြည့်၍ ဘုရားရှင်အား ကြည်ညိုသော စိတ်ဖြင့် စုတေသွားသော် တာဝတိ သာနတ်ပြည်၌ နတ်သားဖြစ်လေ၏။ ဘခင်ပုဏ္ဏားလည်းငိုကြွေးလျက် သား၏အလောင်းကို မီးသင်္ဂြိုဟ်၏။ သူသည် နေ့တိုင်း သုသာန်သို့သွား၍ သား၏မြေပုံကိုလှည့်ပတ်ကာ ငိုကြွေးနေ၏။ ထိုအခါ မဌကုဏ္ဍလီနတ်သားသည် မိမိအကြောင်းကိုဆင်ခြင်၍ ဘခင်မိုက်ကို သိမြင်သော် မဌကုဏ္ဍလီသားလုလင်အသွင်ဖြင့်လာ၍ သုသာန်အနီး၌ ငိုကြွေးကာနေ၏။

ဘခင်ပုဏ္ဏားသည် သွား၍ သားဟူသော ချစ်ခြင်းဖြင့် "ချစ်သား၊ အဘယ့်ကြောင့် ငိုကြွေးသနည်း"ဟု မေးသော်-

လုလင်က "ငါ့မှာ ရွှေရထားတစင်းရှိ၏။ ရထားအတွက် သင့်တော်သည့် လှည်းဘီးတစုံအဖြစ် နေနှင့် လကို တောင့်တ၍ ငိုကြွေး၏"ဟုဆို၏။

ပုဏ္ဏားက "နေ လ ကို မရနိုင်။ သင်သည် အလွန်မိုက်မဲ၏"ဟုဆိုသော်-

ထိုလုလင်က "မြင်ရသော ရုပ်ဝတ္ထုရှိသည့် နေ လတို့ကို တောင့်တသော သူနှင့် တမလွန်ဘဝသို့ရောက်၍ မမြင်ရသောသူကို တောင့်တ သူတို့တွင် ဘယ်သူကပို၍ မိုက်မဲသနည်း"ဟု ဆိုလေ၏။ ထိုအခါမှ ပုဏ္ဏားကြီးသည် သတိရ၍ "ငါသည် သင့်ထက်ပို၍ မိုက်မဲပါ၏"ဟုဆို၍ သောက ကင်းပြီး လုလင်အား ချီးမွမ်းပြောဆိုလေ၏။

ထိုအခါ နတ်သားအသွင်ဖြင့် ကောင်းကင်၌တည်လျက် "ငါသည် သင့်သားဖြစ်၏။ ဘုရားရှင်အား ကြည်ညိုသောစိတ်ဖြင့် စုတေပြီး နတ်ပြည်၌ဖြစ်၏။ သင်သည် ဘုရားရှင်အား ပင့်ဖိတ်၍ အလှူကြီးကိုပေးလေလော့" ဟု ဆုံးမပြီး ပျောက်ကွယ်လေ၏။ပုဏ္ဏားကြီးလည်း ဘုရားရှင်အား ပင့်ဖိတ်ပြီးနောက် နောက်တနေ့နံနက်၌ အိမ်သို့ကြွလာသော ဘုရားရှင်နှင့် တကွ ရဟန်းအပေါင်းအား ဆွမ်းဖြင့် ဆက်ကပ်လုပ်ကျွေးလေ၏။ လူအပေါင်းတို့လည်း ဘုရားရှင်ကို လာဖူးမျှော်ကြလေ၏။

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသော် ထိုပုဏ္ဏားကြီးက "အရှင်ဂေါတမ၊ သင်တို့အား မပေးမလှူမပူဇော်ဘဲ၊ တရားမနာဘဲ သက်သက် စိတ်ဖြင့် ကြည်ညိုရုံမျှနှင့် နတ်ပြည်၌ဖြစ်ကြသူများရှိသလော" ဟု မေးလျှောက်၏။

ဘုရားရှင်က "ပုဏ္ဏား၊ သင့်အား မဋ္ဌကုဏ္ဍလီနတ်သားက သုသာန်၌ ငိုကြွေးနေသော သင့်ထံလာ၍ သူ့အကြောင်း အလုံးစုံကို ပြောပြပြီးပြီ မဟုတ်လော။ ပုဏ္ဏား၊ ငါဘုရား၌ စိတ်ဖြင့်ကြည်ညို၍ နတ်ပြည်၌ဖြစ်ကြသူတို့ကား မရေမတွက်နိုင်အောင် များလှဘိ၏" ဟု မိန့်တော်မူပြီးနောက်- "မဋ္ဌကုဏ္ဍလီနတ်သားသည် ဗိမာန်နှင့်တကွ လာစေသတည်း" ဟု အဓိဋ္ဌာန်တော်မူ၏။

ထိုနတ်သားလည်း ဗိမာန်နှင့်တကွ ချက်ချင်းရောက်လာပြီး ဗိမာန်မှဆင်း၍ ဘုရားရှင်အား ရှိခိုးကာနေ၏။ ဘုရားရှင်က မေးတော်မူသဖြင့် ထိုနတ်သားက "မြတ်စွာဘုရား၊ တပည့်တော်သည် ရှင်တော်ဘုရား၌ ကြည်ညိုသောစိတ်ဖြင့် စုတေ၍ နတ်ပြည်၌ဖြစ်သည်မှန်ပါ၏" ဟု လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်က "ပုဏ္ဏား၊ ကုသိုလ်ကံ, အကုသိုလ်ကံ ပြုခြင်း၌ စိတ်သာလျှင် ရှေ့သွားဖြစ်၏။ စိတ်သာလျှင်(ပဓာနဖြစ်၍)မြတ်၏။ ကြည်ညိုသောစိတ်ဖြင့် ပြုအပ်သော ကောင်းမှုကံသည် လူ့ပြည်, နတ်ပြည်သို့သွားသောသူကို 'အရိပ်ကဲ့သို့' ထက်ကြပ်မကွာ လိုက်ပေ၏" ဟု မိန့်တော်မူပြီး-

"နာမ်တရားတို့ကား စိတ်သာလျှင် ဦးဆောင်မှုရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏။ စိတ် စီရင်သည့်အတိုင်း ဖြစ်ရကုန်၏။ ထို့ကြောင့် တစုံတယောက်သည် ကြည်ညိုကောင်းမြတ်သောစိတ်ဖြင့် ပြောဆိုပြုမူလျှင် 'အရိပ်သည် ထိုအရိပ်ရှင်နောက်သို့ အစဉ်လိုက်သကဲ့သို့' ချမ်းသာသုခသည် ထိုသူ့နောက်သို့ ထက်ကြပ်မကွာ အစဉ်လိုက်ပေ၏" ဟူ၍ ဂါထာဖြင့် ဟောတော်မူလေ၏။ ဤတရားကို ကြားနာရသော် ထိုပုဏ္ဏားနှင့် နတ်သား(သားအဖ)နှစ်ဦးတို့သည် သောတာပန်ဖြစ်ကြလေ၏။

၂၀၆။ ။အမျိုးသမီးနှင့် ကာဋ္ဌဘီလူးမနှစ်ဦး၏ ရန်ငြိုး

ရှေးအခါက သူကြွယ်တဦး၏မယားသည် မြို့သဖြင့် 'အမျိုးပြတ်စေတဲ့မိန်းမ' ဟု စွန့်ပယ်ခံရမည်စိုးသဖြင့် မိမိအလိုသို့လိုက်မည့် ကလေး မွေးနိုင်သော သတို့သမီးငယ်တဦးကို ရှာဖွေယူဆောင်၍ မိမိလင်အား ပေး၏။ နောက် သူမသည် "ဤမိန်းမသည် ကလေးရလျှင် လင့်ဥစ္စာအားလုံးကို ပိုင်ဆိုင်သွား မည်" ဟု အကြံဖြစ်လာ၍ ထိုသတို့သမီးအား "ကိုယ်ဝန်ရသော် ငါ့အား ပြောလော့" ဟု ဆို၏။

နောက် ထို သတို့သမီးငယ်သည် ကိုယ်ဝန်ရ၍ပြောသော် ထိုမိန်းမမြို့ က ကိုယ်ဝန်ကျဆေးကို ယာဂုစသည်နှင့်ရော၍ သတို့သမီးငယ်အား တိုက် လျှင် ကိုယ်ဝန်လျှောကျ ပျက်စီးသွား၏။ သတို့သမီးငယ်သည် နောက် တကြိမ် ကိုယ်ဝန်ရသည့်အခါမှာလည်း ရှေးနည်းတူပြော၍ ကိုယ်ဝန်အဖျက် ခံရပြန်၏။ တတိယအကြိမ် ကိုယ်ဝန်ရသော်ကား မပြောဘဲနေ၏။ တဖြည်း ဖြည်း ကိုယ်ဝန်ရင့်မာ၍ ပေါ်လာသော် ထိုမိန်းမမြို့သည် သတို့သမီး သတိ မေ့လျော့ခိုက် အခွင့်ရ၍ ကိုယ်ဝန်ပျက်ကျဆေး တိုက်လေ၏။ သူငယ်ကိုယ် ဝန်သည် ရင့်နေပြီဖြစ်၍ မလျှောကျနိုင်ဘဲ ဖီလာကန့်လန့်ဖြစ်ရကား ဝေဒနာ ပြင်းစွာ ခံစားရပြီး နှစ်ဦးလုံး သေဆုံးသွားလေ၏။

ထိုသတို့သမီးငယ်သည် သေခါနီးတွင် "ငါသေလျှင် ဘီလူးမဖြစ်၍ ဤမိန်းမမြို့၏ သားတို့ကို စားနိုင်သူဖြစ်ရစေသား" ဟု ဆုတောင်းပြီးသေ သော် ထိုအိမ်ဦးပင် **'ကြောင်မ'**ဖြစ်၏။ ထိုအကြောင်းကိုသိ၍ လင်က ပုတ် ခတ် ထောင်းသတ်သဖြင့် ထိုမိန်းမမြို့သည် ဒဏ်အနာဖြင့်သေသော် ထိုအိမ် ဦးပင် **'ကြက်မ'**ဖြစ်လေ၏။ ကြောင်မလည်း ထိုကြက်မ ဥ-အုတိုင်း သုံး ကြိမ်တိုင် လာစား၏။

ကြက်မလည်း "ငါသေသော် ဤကြောင်မကို သားသမီးနှင့်တကွစား ရပါလို" ဟု ဆုတောင်းပြီး သေသော် တာဝှ် **'သစ်မ'** ဖြစ်၏။ ကြောင်မ ကား သေသော် **'သမင်မ'**ဖြစ်၏။

သစ်မသည် ထို သမင်မ သားဖွားချိန်၌ လာ၍ သုံးကြိမ်တိုင် သားငယ် တို့ကို စား၏။ သမင်မလည်း "ငါသေသော် ဤသစ်မကို စားရပါလို၏" ဟု ဆုတောင်းပြီး သေသော် 'ကာဋ္ဌီ'မည်သော **'ဘီလူးမ'**ဖြစ်၏။ သစ်မ လည်း သေသော် သာဝတ္ထိပြည်၌ 'အမျိုးသမီး'ဖြစ်လေ၏။ အမျိုးသမီး

သည် အရှယ်ရောက်သော် သာဝတ္ထိပြည်နား၌ ရှာတရှာဌ အမျိုးသား တဦးနှင့်အိမ်ထောင်ကျ၍ နေထိုင်လေ၏။

သူမသည် သားတဦးကိုဖွားသော် ထိုဘီလူးမသည် သူမ၏မိတ်ဆွေ ဟန်ဆောင်၍ သားဖွားခန်းထဲဝင်ပြီး ကလေးကိုကြည့်ရှုလေဟန်ဖြင့် ယူငင် ၍ ဝါးစားပြီးသွား၏။ နောက်တကြိမ်၌လည်း ရှေးနည်းတူပင်ဖြစ်၏။ ထို အမျိုးသမီးသည် တတိယအကြိမ် ကိုယ်ဝန်ရ၍ ရင့်မာလေသော် လင်ကို ခေါ်၍ မိဘအိမ်သို့သွားပြီး သားဖွား၏။ ထိုအချိန်၌ ဘီလူးမလည်း ဝဿ ဝဏ်နတ်မင်းထံ၌ လေးငါးလတိုင် အမှုထမ်းနေရ၍ တာဝန်ပြီးသော် ထို သတို့သမီးကို စုံစမ်းရှာဖွေ၏။

အမျိုးသမီးလည်း သားကိုအမည်မှည့်ပြီး၍ လင်နှင့်အတူ ပြန်လာရာ ဇေတဝန်ကျောင်းအနီးရောက်လျှင် ရေကန်၌ သားကိုရေချိုးပေးပြီး နို့တိုက် နေ၏။ လင်မှကား ကန်ထဲတွင် ရေချိုးနေ၏။ ထိုအမျိုးသမီးသည် ဘီလူးမ လာနေသည်ကို မြင်လျှင် မှတ်မိသဖြင့် လင်ကို အော်ခေါ်သော်လည်း လင် အရောက်ကိုမစောင့်နိုင်ဘဲ ဇေတဝန်ကျောင်းထဲသို့ဝင်ပြေး၍ တရားဟော တော်မူနေသော ဘုရားရှင်၏ ခြေဖမိုးထက်၌ သားကိုအိပ်စေလျက် "မြတ်စွာ ဘုရား၊ ဤ ကလေးကို ရှင်တော်ဘုရားအား လှူပါ၏။ သားအားအသက် ကယ်တော်မူပါ" ဟု လျှောက်လေ၏။

နောက်ကလိုက်လာသော ဘီးလူးမသည် ကျောင်းတိုက်တံခါးမုခ်၌စောင့် နေသော နတ်က ဝင်ခွင့်မပေး၍ မဝင်နိုင်ပေ။ ဘုရားရှင်က အရှင်အာနန္ဒာ အား ဘီလူးမကို သွားစေ၏။ ဘီလူးမ, ရောက်လာ၍ ရပ်နေသော် ဘုရား ရှင်က "ကာဠီ၊ အဘယ့်ကြောင့် ဤသို့ပြုဘိသနည်း။ ငါဘုရားရှေ့တော်သို့ သင်တို့ နှစ်ဦးမရောက်လာလျှင် 'ကျိုးနှင့် ဇီးကွက်' ကဲ့သို့ သင်တို့၏ ရန်ငြိုး သည် တက်မ္ဘာပတ်လုံး တည်ပေလတံ့။ အဘယ့်ကြောင့် ရန်ကိုရန်ဖြင့်တုံ့မူ သနည်း။ ရန်မည်သည် ရန်တုံ့မမူသဖြင့်သာငြိမ်း၏။ရန်တုံ့မူခြင်းဖြင့်မငြိမ်း" ဟု မိန့်တော်မူပြီးနောက်-

"ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းဖြင့် ဘယ်တော့မှ မငြိမ် ကုန်။ ရန်တုံ့မမူခြင်းဖြင့်သာ ငြိမ်းကုန်၏။ ဤတရားသဘောသည် ရှေးထုံးစဉ်လာ တရားပေတည်း" ဟူ၍ ဂါထာဖြင့် တရားဟောတော်မူ၏။ ဤတရားကိုနာ ရသော် ကာဠီဘီလူးမသည် သောတာပန်ဖြစ်၍ ထိုအမျိုးသမီးနှင့် ချစ်ခင် သွားသဖြင့် ရန်စဆုံးသွားလေသတည်း။

၂၀၇။ ။မဟာဓနသူဌေးကြီးကို ကယ်မခြင်း

ဗာရာဏသီပြည်မှ 'မဟာဓန' မည်သော ကုန်သည်သူဌေးကြီးသည် အဝတ်ပုဆိုးတို့ကို လှည်းငါးရာတို့ဖြင့် အပြည့်တင်ပြီး ရောင်းချရန် သာဝတ္ထိပြည်သို့ရောက်၍ မြစ်ကမ်းနား၌ လှည်းတို့ကိုဖြုတ်ကာ စခန်းချနေ၏။ သူသည် "ငါကား အဝေးမှ လာရသဖြင့် ဤနေရာ၌ တနှစ်တိုင်နေလျက် ဤအဝတ်ပုဆိုးတို့ကို ရောင်းချပေအံ့"ဟု ကြံစီလေ၏။

ထိုအခါ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွလာတော်မူသော ဘုရားရှင်သည် "ထိုကုန်သည်ကြီး၏ စိတ်အကြံနှင့် ခုနှစ်ရက်အတွင်း သေလတံ့" သည်ကို မြင်တော်မူသဖြင့် အရှင်အာနန္ဒာအား ထိုအကြောင်းကိုမိန့်တော်မူလျက် ထိုကုန်သည်ကြီးအား သွားပြောရန် စေခိုင်းတော်မူ၏။ အရှင်အာနန္ဒာသည် သွား ဆွမ်းခံ၍ ကုန်သည်ကြီးက ဆွမ်းခဲဘွယ်များကို လှူဒါန်းသော် ဘုရားရှင်၏ မိန့်ကြားချက်ကို ပြောကြားလေ၏။ ကုန်သည်ကြီးသည် ထိုစကားကိုကြားလျှင် လွန်စွာထိပ်လန့်ရကား ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ခုနှစ်ရက်တိုင် အလှူကြီးကို ပေးလှူလေ၏။

အလှူ၏အဆုံး၌ ဘုရားရှင်သည် အနုမောဒနာ တရားအဖြစ်ဖြင့် ထိုကုန်သည်ကြီးအား "ဒါယကာ၊ ပညာရှိမည်သည် 'ဤအရပ်၌ ဤမျှကာလပတ်လုံးနေပေအံ့။ ဤမည်သော အမှုကိုပြုပေအံ့'ဟု မကြံစီသင့်။ မိမိ၏ အသက်အန္တရာယ်ကိုသာ ကြံစည်သင့်၏"ဟု မိန့်တော်မူ၏။

ထိုနောက်ဆက်လက်၍ "လူမိုက်သည် 'ဤအရပ်၌ မိုးရာသီပတ်လုံး ငါနေမည်၊ ဤအရပ်၌ ဆောင်းရာသီ,နွေရာသီတို့ပတ်လုံးငါနေမည်'ဟူ၍အထူးထူးအထွေထွေကြံစီ၏။ (ဘယ်အခါ, ဘယ်အရပ်၌ ငါသေရမည်ဟု) မိမိ၏အသက်အန္တရာယ်ကိုမူကား မသိရှာပေ"ဟူ၍ ဂါထာဖြင့် တရားဟောတော်မူ၏။ ဤတရားကိုကြားနာရပြီးသော် မဟာဓနကုန်သည်ကြီးသည်သောတာပန်ဖြစ်လေ၏။ သူသည် ဘုရားရှင်အား လိုက်ပို့ပြီးပြန်လာသော် ရုတ်တရက်ပင်ဦးခေါင်းနာဖြစ်ပြီး သေလွန်သဖြင့် တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

၂၀၈။ ။ကျင့်ဝတ်များကိုကြောက်သော သူဌေးသားရဟန်း

သာဝတ္ထိပြည်နေ သူဌေးသားတဦးသည် ရဟန်းပြုပြီးသော် မိမိ၏နိသျည်းဆရာနှင့် ဥပဇ္ဈာယ်ဆရာများဖြစ်ကြသော အဘိဓမ္မာဆောင်ရဟန်းနှင့် ဝိနည်းဓိုရ်ရဟန်းထံ (နှစ်ပါး)သို့ မပြတ်ဆည်းကပ်လေ့ရှိ၏။ ဆည်းကပ်သည့်အခါ

တိုင်း၊ ထိုဆရာရဟန်း အသီးသီးက "ဤအမှုကို ပြုရန်သင့်၏။ ဤအမှုကိုပြုရန်မသင့်"စသည်ဖြင့် အဘိဓမ္မာဆိုင်ရာ, ဝိနည်းဆိုင်ရာ ကျင့်ဘွယ်များစွာတို့ကို ဟောကြားလေ၏။

ထိုအခါ သူဌေးသား ရဟန်းသည် "ရဟန်းကိစ္စကား အလွန်ဝန်လေးစွ။ ငါသည် ဆင်းရဲမှ လွတ်လို၍ ရဟန်းပြု၏။ ဤသာသနာ၌ ငါ့အဘို့ လက်ဆန့်စရာ နေရာမျှပင် မထင်။ အိမ်၌နေပြီး ဆင်းရဲမှလွတ်မြောက်ရန် တတ်နိုင်၏။ ငါ လူထွက်သင့်၏"ဟု အမြဲပင် ကြံစီလျက် သာသနာ၌ အလွန်ပင် ပျင်းရိငြီးငွေ့လာသဖြင့် ကိုယ်ခန္ဓာ ပိန်ခြုံး၍ ဖျော့တော့သော ရောဂါပင် စွဲကပ်လေ၏။ ထိုအကြောင်းကို ကြားသိကြသော ဆရာမထေရ် နှစ်ပါးတို့သည် ထိုရဟန်းကို ဘုရားရှင်ထံခေါ်သွားပြီး ထိုအကြောင်းကို လျှောက်ထားကြလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သားရဟန်း၊ သင်သည် တခုတည်းသော တရားကို စောင့်နိုင်အံ့လော"ဟု မေးတော်မူ၏။ ထိုရဟန်းက "စောင့်နိုင်ပါသည် ဘုရား"ဟု လျှောက်သော် ဘုရားရှင်က "ချစ်သား၊ သင်သည် ဤသို့ တခုတည်းသော တရားကို အကယ်၍ စောင့်နိုင်ခဲ့လျှင် ကျန်သော တရားများကို စောင့်ဘွယ်ကိစ္စမရှိပြီ။ ထိုတခုတည်းသောတရားကား တခြားမဟုတ်။ မိမိ၏ စိတ်ပင်ဖြစ်၏။ ဆင်းရဲမှလွတ်မြောက်ရန် ထိုမိမိ၏ စိတ်ကိုသာ စောင့်ရှောက်လေလော့"ဟု မိန့်တော်မူပြီးနောက်-

"စိတ်မည်သည် မြင်နိုင်ရန် အလွန်ခဲယဉ်း၏။ အလွန်သိမ်မွေ့လှ၏။ အလိုရှိရာ အာရုံ၌ ကျရောက်ကျက်စားလေ့ရှိ၏။ ထိုစိတ်ကို ပညာရှိသည် စောင့်ထိန်းရာ၏။ စောင့်ထိန်းအပ်သော ထိုစိတ်သည် နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်နိုင်ပေ၏"ဟူ၍ ဂါဖြင့်ဟောကြားတော်မူ၏။ ဤတရားကို ကြားနာပြီးသော် ထိုသူဌေးသား ရဟန်းသည် သောတာပန်ဖြစ်လေ၏။

၂၀၉။ ။ရဟန်းငါးရာတို့အား မေတ္တာလက်နက်ပေးခြင်း

သာဝတ္ထိပြည်၌ ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းတရားကိုယူပြီး ယူဇနာတရာဝေးသည့် ခရီးသို့သွားကြ၍ ရွာကြီးတခုကိုအမှီပြုပြီး တောအုပ်ကြီးတခု၌ နေထိုင်ကြ၏။

ထိုတောအုပ်၌ နေထိုင်ကြသည့် နတ်တို့သည် "အရှင်မြတ်တို့ ဤအရပ်၌ နေကြသော် သားမယားများကိုခေါ်၍ သစ်ပင်ပေါ်တက်ရန် မသင့်။ အရှင်မြတ်တို့သည် ဤအရပ်၌ ယနေ့ဘည်မျှနေ၍ နက်ဖြန်ကြွကြလတံ့"ဟု ကြံစီ

မှတ်ယူပြီး သစ်ပင်မှဆင်း၍ မြေ၌နေကြလေ၏။ ရဟန်းတို့သည် နောက်တနေ့နံနက် ရွာတွင်းသို့ဆွမ်းခံဝင်ပြီး၍ ထိုတောအုပ်သို့ ပြန်လာကြ၏။

ထိုနတ်တို့လည်း "ဤရဟန်းတို့ကား နက်ဖြန်တော့ သွားကြလိမ့်မည်" ဟု ယူဆကြပြန်၏။ ဤသို့မှတ်ထင်လျက်ပင် နတ်တို့သည် မြေ၌လခွဲမျှနေကြရကုန်၏။ ထိုနောက်မှ "ဤရဟန်းတို့သည် ဝါတွင်းသုံးလပတ်လုံး ဤအရပ်၌သာ နေကြမည်ထင်၏။ သုံးလပတ်လုံး သားမယားတို့နှင့်တကွ မြေ၌သာ ငါတို့နေထိုင်ရလျှင် ဆင်းရဲကြရာ၏။ ကြောက်မက်ဘွယ်ကိုပြ၍ ဤရဟန်းတို့ကို ထွက်ပြေးစေသင့်၏" ဟု ကြံကြပြီး ထိုထိုနေရာတို့၌ ကြောက်မက်ဘွယ်အဆင်းအမျိုးမျိုးကိုပြ၍ ကြောက်ဘွယ်အသံအမျိုးမျိုးကို ပြုကြကုန်၏။

ထိုအခါ ရဟန်းတို့သည် အချင်းချင်း မိမိမြင်ရာ ကြားရာတို့ကိုပြောကြားလျက် "ဤအရပ်၌နေ၍ ငါတို့မှာ မချမ်းမသာဖြစ်၏။ ဘုရားရှင်ထံ သွားကြစို့" ဟု တိုင်ပင်၍ ဘုရားရှင်ထံသွားကြပြီး ထိုအကြောင်းကို လျှောက်ထားကြ၏။

ဘုရားရှင်က "ရဟန်းတို့ သင်တို့သည် ထိုအရပ်သို့သာသွား၍ နေကြလော့။ သင်တို့သည် လက်နက်မယူဘဲသွား၍ ဤသို့ဖြစ်ရသည်။ ယခုလက်နက်ကို စွဲကိုင်၍ သွားကြလော့" ဟု မိန့်တော်မူပြီး 'မေတ္တသုတ်' တည်း ဟူသော လက်နက်ကို ပေးတော်မူကာ "ဤမေတ္တသုတ်ကို တောအုပ်သို့ဝင်သည်မှစ၍ ရွတ်ဆိုသရဇျာယ်လျက် ကျောင်းအတွင်းသို့ ဝင်ကြလော့" ဟု မိန့်တော်မူ၍ လွှတ်လိုက်၏။

ထိုရဟန်းတို့သည် ပြန်လာ၍ ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ပြုကြသော် ထိုတောနေ နတ်အားလုံးသည် မေတ္တာစိတ်ကို ရကြ၍ ထိုရဟန်းတို့အား ခရီးဦးကြို ပြုခြင်းစသည့် ဝတ်ကြီး ဝတ်ငယ်တို့ကို ပြု၍အစောင့်အရှောက်ကို စီရင်ကြလေ၏။ ထိုရဟန်းတို့လည်း စိတ်၏ တည်ကြည်မှုကို ရသဖြင့် မိမိကိုယ်၌ ကုန်ခမ်းခြင်း၊ ပျက်စီးခြင်းကို ရှေးရှုထင်စေပြီး "ဤအတ္တဘောကား ပျက်စီးတတ်ခြင်း၊ အနှစ်သာရ မရှိခြင်း သဘောကြောင့် မြေအိုးနှင့်တူ၏။" ဟု ဝိပဿနာ ပွားများကြလေ၏။

ဘုရားရှင်လည်း ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက်၌ နေလျက်ပင် ထိုအကြောင်းကို သိမြင်တော်မူ၍ ရောင်ခြည်တော်များကို လွှတ်ကာ ရှေ့၌ ကိုယ်တော်ထင်ရှား နေသကဲ့သို့ ဖြစ်စေတော်မူလျက် "ရဟန်းတို့ သင်တို့ပွားများသည့်အတိုင်းပင် ဤ အတ္တဘောသည် ပျက်စီးတတ်ခြင်း, အနှစ်သာရ မရှိခြင်း သဘောကြောင့် မြေအိုးနှင့် တူသည်သာတည်း" ဟု မိန့်တော်မူပြီး နောက် "ဤ ခန္ဓာကိုယ်အား မြေအိုးခွက်နှင့် တူသည်ကို သိ၍ ဤ မိမိ၏

ဝိပဿနာ စိတ်ကို မြို့ကြီးသဖွယ် လုံခြုံ ကြံ့ခိုင်အောင် တည်ဆောက်ပြီး လျှင် ပညာတည်းဟူသော လက်နက်ဖြင့် ကိလေသာတည်းဟူသော မာန်ကို တိုက်ခိုက် ဖြိုးခွင်းကြကုန်လော့။ အောင်မြင် ရရှိပြီးသော တရားကိုလည်း စိတ်ဖြင့် စောင့်ထိန်းထားရာ၏။ (ထိုတရား၌) တွယ်တာ ကပ်ငြိနေခြင်းမူ မဖြစ်ရပေ" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူ၏။ ဤ တရားတော်ကို ကြားနာပြီးသော် ထိုရဟန်းငါးရာတို့သည် ရဟန္တာများ ဖြစ်သွားကြလေ၏။

၂၁၀။ ။ ကိုယ်ပုပ်သော တိဿမထေရ်ကို ကယ်မခြင်း

သာဝတ္ထိပြည်သား 'တိဿ' မည်သော မထေရ်တပါးသည် ကမ္မဋ္ဌာန်းကို အားထုတ်လျက် စင်္ကြံသွားလေ့ရှိ၏။ ကာလ ကြာမြင့်သော် (ရှေးအတိတ် ဘဝ ငှက်မူဆိုးဖြစ်စဉ်က ပြုခဲ့သော မကောင်းမှု ကံကြောင့်) သူ့ကိုယ်၌ မုန်ညင်းစေ့မျှရှိသော အဖုငယ်တို့ ပေါက်ကုန်၏။ထိုအဖုငယ်တို့သည် တဖြည်းဖြည်း ဇီးဖြူသီး, ဥသျစ်သီးမျှအထိ ကြီးလာကြပြီး ပေါက်ကွဲကုန်၏။ တကိုယ်လုံး အဖေါက်ပေါက်ရှိပြီး ပုပ်စော်နံသည်ဖြစ်၍ "ပူတိကတ္တ (ကိုယ် ပုပ်သော) တိဿမထေရ်" ဟု ထင်ရှား၏။ နောက် သူ၏ အရိုးတို့သည် ကျိုးကုန်၏။ ဝတ်ရုံသောသင်္ကန်းတို့သည် ပြည့်, သွေး, အလိမ်လိမ်း ကပ်နေ၏။ အတူနေ တပည့်စသည်တို့က ပြုစုသုတ်သင်ခြင်းငှာ မတတ်နိုင်၍ သူ့ကိုစွန့်ပစ် ထားကြသဖြင့် သူသည် ကိုးကွယ်ရာမဲ့ဖြစ်ကာ အိပ်လျက်သာ နေရလေ၏။

ဘုရားရှင်တို့မည်သည် သတ္တလောကကို ဘနေနှစ်ကြိမ် ကြည့်ရှုတော်မူလေ့ ရှိ၏။ နံနက်တွင် စကြဝဠာ အနှံးရေးမှစ၍ ဂန္ဓကုဋီတိုက်သို့ အတွင်းဘက် ရှေးရှု၍ဝင်း၊ ညချမ်းအခါ၌ ဂန္ဓကုဋီတိုက်မှစ၍ စကြဝဠာ အနှံးရေးအထိ အပသို့ ရှေးရှု၍ဝင်း သပ္ပဉ္ဉတ ဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူ၏။ ညချမ်းအခါတွင် ဘုရားရှင်သည် ကိုယ်တော်မြတ်၏ 'သပ္ပဉ္ဉတ ဉာဏ်တော်' တည်းဟူသော ကွန်ယက်အတွင်းသို့ ထို ပူတိကတ္တာမထေရ် ဝင်ရောက် လာသည်ကို မြင်တော်မူ၍ 'ထိုမထေရ် ရဟန္တာဖြစ်လတံ့' သည်ကို ဆင်ခြင် သိမြင်တော်မူ၏။

ထိုအခါ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်မှ ထွက်တော်မူပြီး ကျောင်းစဉ် ဒေသစာရီ လှည့်လည်ကြွသကဲ့သို့ မီးတင်းကုပ်သို့ ကြွ၍ ရေနွေးအိုး တည်ပြီး နောက် ပူတိကတ္တာမထေရ်ထံသို့ကြွ၍ မထေရ်လျောင်းရာ ညောင်စောင်းစွန်းကို ဆွဲကိုင်တော်မူ၏။ ထိုအခါတွင်မှ ရဟန်းတို့လာပြီး ညောင်စောင်းကို ချီမ၍ မီးတင်းကုပ်သို့ ယူဆောင်ကြလေ၏။

ထိုအခါ ဘုရားရှင်သည် ရဟန်းတို့အား ရေအင်တုံကို ယူစေ၍ ရေနွေးကိုလောင်းထည့်စေပြီး နောက် ထိုမထေရ်၏ ကိုယ်ရုံသင်္ကန်းကို ခွာစေလျက် ရေနွေးဖြင့်နယ်၍ နေလှမ်းစေပြီးမှ မထေရ်၏ ကိုယ်ကို ရေနွေးဖြင့် ဆွတ်ကာ ပွတ်ကာ ရေချိုးစေ၏။ ရေချိုးပြီးလျှင်ပင် နေလှမ်းထားသော ကိုယ်ရုံ သင်္ကန်းခြောက်သဖြင့် ထိုသင်္ကန်းကို ထိုမထေရ်အား ဝတ်ပေးစေပြီး တဖန် ဝတ်ထားသော သင်းပိုင်ကို ရေနွေးဖြင့် ဆွက်နယ်စေ၍ နေလှမ်းစေ၏။ နောက် မထေရ်၏ ကိုယ်တွင် ရေပေါက်စဲကာမျှ၌ ထိုနေလှမ်းထားသည့် သင်းပိုင်လည်းခြောက်သဖြင့် မထေရ်အား ဝတ်ပေးစေ၏။

ထိုအခါ ပူတ်ဂတ္တရဟန်းသည် ပေါ့ပါးသော ကိုယ်၊ တည်ကြည်သော စိတ်ရှိလျက် ညောင်စောင်းဌ အိပ်၏။ ဘုရားရှင်လည်း ထိုရဟန်း၏ ခေါင်းရင်းဌ ရပ်တော်မူလျက် "ချစ်သား သင်၏ ဤကိုယ်သည် ဝိညာဉ် ကင်းမဲ့လေသော် ဘာမျှ ကျေးဇူးမရှိဘဲ ဖဲ့ထင်းကဲ့သို့ မြေဌအိပ်ရလတံ့" ဟု မိန့်တော်မူပြီးနောက် "ဤခန္ဓာကိုယ်သည် ဝိညာဉ်ကင်းမဲ့လေသော် 'အသုံးမကျသော ထင်းတုံး' ကဲ့သို့ စွန့်ပစ်ရသည်ဖြစ်၍ မကြာမီပင် မြေပေါ်၌ အိပ်ရလိမ့်မည်တကား" ဟူ၍ ဂါထာဖြင့် ဟော်တော်မူပြန်၏။

ဤတရားတော်ကို နာကြားရလျှင် ပူတိဂတ္တ-တိဿ မထေရ်သည် (ထို မုဆိုးဘဝက ရဟန္တာတပါးအား ဆွမ်းလှူခဲ့သော ကောင်းမှု ကံကြောင့်) ရဟန္တာဖြစ်ပြီး ထိုခဏ၌ပင် ပရိနိဗ္ဗာန် ပြုသွားလေ၏။ ဘုရားရှင်သည် အလောင်းကို မီးသင်္ဂြိဟ်ခြင်း ပြုစေပြီး ဓာတ်တော်တို့ကိုယူ၍ စေတီ တည်ထားစေတော်မူ၏။

၂၁၁။ ။နန္ဒ နွားကျောင်းသားကို သောတာပန် ဖြစ်စေခြင်း

သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ 'နန္ဒ' မည်သောနွားကျောင်းသားသည် နွားကို တော၌ ထိန်းကျောင်းသော အမှုဖြင့် ကြွယ်ဝ ချမ်းသာလေ၏။ သူတည် ရုံဖန် ရုံခါ နွားနို့ အရသာတို့ကို သူဌေးကြီးထံ ယူသွားပြီးလျှင် ဘုရားရှင်ကို ဖူးမြင်၍ တရားတော်ကိုလည်း ကြားနာလေ၏။ သူသည် ဘုရားရှင်အား မိမိနေရာအရပ်သို့ ကြွတော်မူရန် တောင်းပန် လျှောက်ထား၏။ ဘုရားရှင်လည်း နန္ဒ၏ ဉာဏ်ရင့်ကျက်ချိန် မရောက်သေး၍ ရုတ်တရက် ကြွတော်မမူပေ။

နန္ဒ၏ ဉာဏ်ရင့်ကျက်ချိန် ရောက်သော် ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် နန္ဒ၏ နေရာအရပ်အနီးရှိ သစ်ပင်တပင်ရင်း၌ နေတော်မူ၏။ နန္ဒ

သည် လာ၍ ဘုရားရှင်နှင့်တတ္ထ ရဟန်းအပေါင်းအား ပင့်ဖိတ်ပြီး ခုနစ်ရက် ပတ်လုံး မုန်မြတ်သော နွားနို့ အရသာ အလှူကို ပေးလှူလေ၏။ ခုနစ်ရက် မြောက်၌ ဘုရားရှင်သည် အနုမောဒနာ ပြု၍ ဒါနကထာ စသည် အစဉ် အတိုင်းသော တရားဒေသနာကိုဟောကြားတော်မူ၏။ နန္ဒသည် ထိုတရားကို ကြားနာပြီးသော် သောတာပန်ဖြစ်လေ၏။ သူသည် ဘုရားရှင်၏ သပိတ်ကို ကိုင်လျက် အတန်ငယ်လိုက်ပို့ပြီး ပြန်လာသော် မုဆိုးတဦးက ပစ်ခတ်သဖြင့် သေဆုံးလေ၏။

နောက်မှ လိုက်လာသော ရဟန်းတို့သည် နန္ဒ၏ အလောင်းကို မြင်လျှင် သွား၍ ဘုရားရှင်အား "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် ဤအရပ်သို့ ကြွတော်မူခြင်းကြောင့် နန္ဒသည် အလှူပေးပြီး လိုက်ပို့ရာမှ အပြန်တွင် အသတ်ခံရရှာ၏"ဟု လျှောက်ကြ၏။

ဘုရားရှင်က "ရဟန်းတို့၊ ငါဘုရားကြွလာသည် ဖြစ်စေ၊ မလာသည် ဖြစ်စေ နန္ဒသည် ဤသေခြင်းမျိုးမှ မလွတ်နိုင်ရာ။ ဤသတ္တဝါတို့၏ ကိုယ် တွင်းရှိ မကောင်းသဖြင့် ဆောက်တည် ထားအပ်သော စိတ်သည် အပဖြစ် သည့် ခိုးသူ ရန်သူတို့ မပြုနိုင်ကြသည့် သံတ်ဖြတ် ဖျက်ဆီးမှုမျိုးကို ပြုနိုင်၏" ဟူ၍ မိန့်တော်မူပြီးနောက် "ခိုးသူတယောက်သည် ရန်ဘက် ခိုးသူအားဝင်း၊ ရန်သူ တဦးသည် ရန်သူတဦးအားဝင်း ထိုထိုအကျိုးမဲ့ ဖျက်ဆီးမှုကို (ဤ ဘဝ၌သာ) ပြုနိုင်ရာ၏။ မကောင်းသဖြင့် ဆောက်တည်ထားအပ်သောစိတ် သည်ကား ထိုစိတ်ရှိသူကို ထိုထက်ပိုပြီး (ဘဝအဆက်ဆက်) အကျိုးမဲ့ ပျက်စီး အောင် ပြုနိုင်ပေ၏" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူလေ၏။

၂၁၂။ ။မစ္ဆရိယကောသိယ သူဌေးကို ချတ်ခြင်း

ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေးသော 'သက္ကရ' အမည် ရှိနိုဂုံး၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော 'မစ္ဆရိယ ကောသိယ' အမည်ရှိ သူဌေးတဦး ရှိ၏။ သူသည် အလွန် နှမြောတွန့်တိုသဖြင့် ပစ္စည်းဥစ္စာကို မိမိလည်း မသုံးဆောင်၊ ရဟန်း ပုဏ္ဏား စသည် သူတပါးတို့အားလည်း နည်းနည်းမျှ မပေးမလှူပေ။ တနေ့ သ၌ သူသည် မုယောမုံ့ကို စားချင်၍ သူတပါးအား ပေးရမှာ စိုးသဖြင့် တယောက်စာ နို့ရည်, ထောပတ်, ပျား, တင်လဲနှင့် ဆန်ကဲမုံ့ မှုန့်ကို ဘုံ ခုနစ်ဆင့်အထက်သို့ ယူသွား၍ တံခါးအားလုံးကို ပိတ်ပြီး မယားအား မုယောမုန့် ကြော်ရန် ပြင်ဆင်ခိုင်းလေ၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူသော ဘုရားရှင်သည် ထိုနေ့နံနက် မိုးသောက်ယံဝယ် လောကဓာတ်တခုလုံး၌ ကျတ်ထိုက်သူတို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှုသော် 'ထိုသူဌေးကြီး သောတာပန် ဖြစ်လတံ့' သည်ကို မြင်တော်မူ၍ အရှင်မောဂ္ဂလ္လာန်အား ထိုဌေးကြီးကိုဆုံးမပြီး ဇေတဝန်ကျောင်းသို့ ဆွမ်းစားချိန် အမှီ ခေါ်ဆောင်လာရန် စေလွှတ်တော်မူ၏။ မထေရ်လည်း တန်ခိုးဖြင့် တခဏချင်း အရောက်သွား၍ ထိုဘုံခုနစ်ဆင့်ပြာသာဒ်၏ ပြူတင်းပေါက်၌ ကောင်းကင်မှာပင် ရပ်တည်နေ၏။

သူဌေးကြီးသည် မထေရ်ကို မြင်လျှင် စိတ်တုန်လှုပ် ခြောက်ခြားပြီး ဒေါသထွက်လျက် "ရဟန်း၊ သင်သည် မည်သို့ တန်ခိုးပြကာ လုပ်နေနေ, မုံ့ကိုရမည် မဟုတ်" ဟု အကြိမ်ကြိမ် ပြောဆို၍ နှင်လေ၏။ မထေရ်ကား မကြွဘဲ ကောင်းကင်၌ပင် တန်ခိုးအမျိုးမျိုး ပြကာ နေ၏။

ထိုအခါ သူဌေးသည် "ဤ ရဟန်းကား မုံ့မရလျှင် သွားမည် မဟုတ်။ တွယ်ကပ် နေမည်သာတည်း။ မုံ့တယ်ကို ပေးစေအံ့" ဟု ကြံ၍ မယားအား "ရှင်မ၊ မုံ့တယ်က ကြော်ပြီး ဤ ရဟန်းအား ပေး၍ လွှတ်လိုက်လော့" ဟု ဆို၏။ သူဌေးကတော်သည် မုံ့မှန့် အနည်းငယ်ကို အိုးကင်း၌ ထည့်လိုက်ရာ အိုးကင်းတခုလုံးပြည့်မျှ ဖောင်းဖောင်းပွပွမုံ့ကြီး ဖြစ်လေ၏။ သူဌေးလည်း ထိုမုံ့ကြီးကို မြင်လျှင် "ရှင်မ၊ သင်သည် မုံ့မှန့်များစွာ ယူသည် ဖြစ်လတံ့" ဟု ဆို၍ ကိုယ်တိုင်ပင် ယောက်မများ၏ ဒေါင့်စွန်းဖြင့် မုံ့မှန့်အနည်းငယ် ယူ၍ ထည့်လိုက်ရာ မုံ့သည် ယခင်မုံ့ထက် ပိုကြီးလာ၏။ နောက် မုံ့မှန့်ကို ပါလေကာမျှယူ၍ ကြော်လေသော် မုံ့သည်ကြီးသည် ထက်သာ ကြီးလာလေ၏။ သူဌေးသည် စိတ်ပျက်လာပြီး မယားအား "ရှင်မ၊ မုံ့တယ်ကိုကျ ရဟန်းအား လှူလိုက်လော့" ဟု ဆို၏။

သူဌေး ကတော်သည် မုံ့တောင်းမှ မုံ့တယ်ကို ယူသော် မုံ့တွေအားလုံး တပေါင်းတည်း တွဲကပ်နေလေ၏။ ထိုအခါ သူဌေးသည် မယားအားမုံ့၏တဖက်စွန်း၌ ကိုင်စေပြီး နှစ်ယောက်သား ဆွဲဖြဲကြသော် မရပေ။ သူဌေးသည် ဤသို့မုံ့ကိုခွဲစဉ်ပင် ချွေးဒီးဒိုးကျလာပြီးမုံ့စားချင်စိတ် ကုန်လေသဖြင့် မယားအား "ရှင်မ၊ဤမုံ့ကိုငါမစားချင်တော့ပြီ။မုံ့တတောင်းလုံးကိုသာ ဤ ရဟန်းအား လှူလိုက်ပါလော့" ဟု ဆို၏။

သူဌေးကတော်ကမုံ့တောင်းကို ယူ၍ လှူသော် အရှင်မောဂ္ဂလ္လာန်က ထိုသူ နှစ်ဦးအား ဒါနဆိုင်ရာ တရားဒေသနာကို ဟောကြား ပြသ ဆုံးမလေ၏။ သူဌေးကြီးသည် တရားကို ကြားနာရလျှင် စိတ်ကြည်လင်ခြင်း ရှိ၍ မထေရ်အား "ဤ ပလ္လင်ပေါ်၌ ထိုင်၍ မုံ့ကို ဘုဉ်းပေးတော်မူပါ ဘုရား"

ဟု လျှောက်၏။ မထေရ်က "သူဌေးကြီး၊ ဘုရားရှင်သည် သင်၏ မုံ့တို့ကို ဘုဉ်းပေးတော်မူလို၍ ရဟန်း ငါးရာနှင့်တကွ ဤနိဂုံးမှ လေးဆယ့်ငါး ယူဇနာဝေးသည့် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ စောင့်နေတော်မူ၏။ သင်တို့ အလိုရှိသော် ငါသည် သင်တို့ကို ထိုကျောင်းသို့ ငါတန်ခိုးဖြင့် ခဏချင်း အရောက်ဆောင်ယူပေအုံ" ဟု ဆိုလေ၏။

သူဌေးကြီးက ကောင်းလှပါပြီ ဘုရား" ဟု ဝန်ခံသော် မထေရ်သည် တန်ခိုးဖြင့် တခဏအတွင်း သူဌေးကြီး၏ ပြာသာဒ်တခုလုံးကို ဇေတဝန်ကျောင်း၏ တံခါးမုခ်သို့ အရောက်ဆောင်ကြဉ်းလေ၏။ သူဌေးလင်မယား နှစ်ဦးတို့သည် ဘုရားရှင်ထံ သွား၍ ဆွမ်းဘုဉ်းပေးရန် အချိန်ကို လျှောက်ကြားပြီး ဆွမ်းစား စရပ်သို့ ကြွသွားတော်မူသော ဘုရားရှင်နှင့် တကွ ရဟန်းငါးရာတို့အား မုံ့ဆွမ်းကို ဆက်ကပ် လှူဒါန်းလေ၏။ ဘုဉ်းပေးပြီးသော် မုံ့တို့ကား မကုန်နိုင် မခမ်းနိုင် များစွာပင် ကျန်နေပေ၏။

အနုမောဒနာ တရားအဖြစ်ဖြင့် ဘုရားရှင်က အလှူဒါနဆိုင်ရာ တရားဒေသနာကို ဟောကြားတော်မူသော် သူဌေးလင်မယား နှစ်ဦးလုံး သောတာပန်ဖြစ်ကြလေ၏။ သူဌေးလင်မယားတို့လည်း မိမိတို့၏ ပြာသာဒ်၌ နေလျက်ပင် ထိုနေ့မှစ၍ ကုဋေရှစ်ဆယ်သော ဥစ္စာတို့ကို ဘုရား သာသနာ၌ စွန့်ကြဲ လှူဒါန်းကြလေသတည်း။

၂၁၃။ ပါဝေယျက တက္ကတွန်း၏ ဒါယိကာမ

သာဝတ္ထိပြည်၌ 'ပါဝေယျက' မည်သော တက္ကတွန်းကို သားကဲ့သို့လုပ်ကျွေးပြုစုသော သူကြွယ်မတဦးရှိ၏။ သူမ၏ အိမ်နီးချင်း လူတို့သည် ဘုရားရှင်ထံ သွား၍ တရားနာပြီး ပြန်လာကြသော် "ဘုရားရှင် တရားတော်သည် အံ့ဘွယ်ရှိပေစွာ" စသည်ဖြင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အမျိုးမျိုး ချီးမွမ်းပြောဆိုကြ၏။ ထို သူကြွယ်မသည် အိမ်နီးချင်းတို့၏ စကားကို မပြတ် ကြားရသဖြင့် ဘုရားရှင်ထံသွား၍ တရားကို နာချင်လာ၏။ သူမသည် တက္ကတွန်းအား ဘုရားရှင်ထံ သွား၍ တရားနာခွင့်ကို တောင်းခံ၏။

တက္ကတွန်းက ခွင့်မပြုသော် သူမသည် "ဘုရားရှင်ကို အိမ်သို့ပင့်၍ တရားနာအုံ" ဟု ကြုံပြီး သားငယ်အား "ဘုရားရှင်ကို နက်ဖြန် ဆွမ်းအလှိုငှာ အိမ်သို့ ကြွတော်မူရန် ပင့်ချေ" ဟု စေခိုင်းလေ၏။ ထိုသားသည် ရှေးဦးစွာ တက္ကတွန်းထံသွား၍ ထိုအကြောင်းကို ပြောပြ၏။ တက္ကတွန်းသည် မိခင်ကို ကြောက်သော ထိုသားအား တားမရသော် "ရဟန်း ဂေါတမအား ပင့်

သည့်အခါ သင့်အိမ်တည်နေရာအရပ်နှင့် လမ်းကိုင်း၊ လာရမည့်လမ်းခရီး ကိုင်း မပြောကြားဘဲ ပြန်လာလေ့'' ဟု မှာလိုက်၏။

ထိုသားလည်း ဘုရားရှင်ထံသွား၍ တက္ကတွန်း ပြောသည့်အတိုင်း ဆုမ်း ဖိတ်ပြီး နေရာနှင့်လမ်းကို မပြောကြားဘဲ ပြန်လာ၏။ အိမ်နီးချင်းတို့လည်း သုရားရှင်ကြွလာမည်ကို ကြား၍ ထိုသူကြွယ်မ၏အိမ်ကို သုတ်သင်ရှင်းလင်း၍ ပန်းတို့ကိုကြဲပြီး ဘုရားရှင်အတွက် နေရာကို ပြင်ဆင်လေ၏။ ထို တက္ကတွန်း လည်း နောက်တနေ့ နံနက် စောစောကပင် ထိုအိမ်သို့ အလျင် သွားနှင့်၍ အိမ်နောက်ပိုင်း အခန်း၌ နေလေ၏။

ဘုရားရှင်ကား အပါယ်လေးဘုံ,လူ့ပြည်,နတ်ပြည်,မြတ်သော နိဗ္ဗာန်သို့ သွားရာလမ်းခရီး အားလုံးကိုပင် သိမြင်တော်မူသည်ဖြစ်၍ ရှာနိုဂုံး စသည် တို့သို့ သွားရာလမ်းမျှကိုကား မှုဘွယ် မရှိပေ။ ထို့ကြောင့် ဘုရားရှင်သည် နံနက်စောစောပင် သပိတ် သင်္ကန်းကို ယူ၍ ထိုသူကြွယ်မ အိမ်တံခါးဝသို့ ကြွတော်မူ၏။ သူကြွယ်မလည်း အိမ်မှထွက်၍ ဘုရားရှင်အား ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးလျက် အိမ်ထဲသို့ပင်၍ ခင်းထားသည့်နေရာ၌ နေစေတော် မူပြီး ကောင်းမြတ်သော ဘောဇဉ်တို့ဖြင့် ဆာက်ကပ် လုပ်ကျွေးလေ၏။

ဘုရားရှင်သည် ဆုမ်းဘုဉ်းပေးပြီးသော် အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် အသံတော်ဖြင့် အလှူအနုမောဒနာတရားကို ဟောတော်မူ၏။ သူကြွယ်မ လည်း "သာဓု-သာဓု" ဟု ကောင်းချီးပေးလျက် တရားတော်ကို နာကြား ၏။ အိမ်နောက်ပိုင်း အခန်း၌နေသော တက္ကတွန်းသည် သူမ၏ ကောင်းချီး ပေးသံကိုကြားလျှင် မတည်တံ့နိုင်ဘဲ အခန်းမှ ထွက်လာပြီး "ဟယ်-သူ ယုတ်မ၊ နင်ကား ပျက်စီးချေပြီ။ ရဟန်းဂေါတမအား ဤသို့ ပူဇော်ဘို့ တကား" စသည်ဖြင့် သူကြွယ်မကိုဆဲ၊ ဘုရားရှင်ကိုဆဲရေးလျက် ထွက် သွားလေ၏။ သူကြွယ်မလည်း ထိုတက္ကတွန်း၏ ဆဲရေးသံကိုကြား၍ အရှက် ကြီး ရှက်ပြီး စိတ်မကြည်ရကား တရားတော်သို့ အာရုံမစူးစိုက်နိုင်ဘဲ တပါး အာရုံသို့ စိတ်ပုံ့လွှင့်နေလေ၏။

ထိုအခါ ဘုရားရှင်က "ဒါယိကာမကြီး၊ ဤသို့သော ပြောဆို ဆဲရေး သည့်စကားတို့ကို နှုလုံးမသွင်းဘဲ မိမိပြုအပ်သောအမှု,မပြုအပ်သောအမှုကို သာလျှင် ဆင်ခြင်ကြည့်ရှုသင့်၏"ဟု မိန့်ဗတော်မူလေ၏။

ထိုနောက် ဆက်၍ "သူတပါးတို့၏ အပြစ်အနာဆာများ,မသင့်မလျော် ဆဲရေးသည့် စကားများကိုလည်း၊ သူတပါးတို့၏ ကောင်းမှု, မကောင်းမှု ပြု,မပြုကိုလည်း မရှုမဆင်ရာ။ မိမိ၏ ကောင်းမှု,မကောင်းမှုပြုသည်တို့ကိုလည်း၊

ကောင်းမှု,မကောင်းမှု မပြုသည်တို့ကိုဂုဏ် ဆင်ခြင်ရာ၏"ဟူ၍ ဂါထာဖြင့် တရားဟောတော်မူ၏။ ထိုတရားကို ကြားနာရလျှင် ထို သူကြွယ်မသည် သောတာပန်ဖြစ်ခဲလေ၏၊

၂၁၄။ ။'ကာဏာ' အမျိုးသမီးကို ချီးမြှောက်ခြင်း

သား၀တ္ထုပြည့်၌ 'ကာဏ-မာတာ' (ကာဏာ၏မိခင်) မည်သော ဒါယိကာမကြီးသည် သမီး 'ကံာဏာ'ကို မုံ့လက်ဆောင်များနှင့်တကွ လင့်အိမ်သို့ပို့ဆောင်ရန် မုံ့များကြော်နေစဉ် ရဟန်းလေးပါးတို့ လေးကြိမ်တိုင် လာရောက် အလှူခံ၍ မုံ့များကို လှူ,လှူနေရသဖြင့် ကာဏာသည် ထိုနေ့ လင့်အိမ်သို့မသွားနိုင်တော့ပေ။ သတို့သားသည် ကာဏာရောက်မလာသဖြင့် တခြားမိန်းမကို ယူဆောင်လေ၏။ ကာဏာသည် ထိုအကြောင်းကို ကြားသိလျှင် "ဤ ရဟန်းတို့သည် ငါ့အိမ်ထောင်ကို ဖျက်ဆီးကြ၏" ဟူ၍ မြင်သဖြင့် ရဟန်းတို့ကို ဆဲရေးလေတော့၏။ ရဟန်းတို့သည် ထို အိမ်နားသို့ မသွားဝံ့ကြကုန်။

ဘုရားရှင်သည် ထိုအကြောင်းကို သိတော်မူ၍ ထိုအိမ်သို့ကြွတော်မူ၏။ ကာဏာ၏မိခင်သည် ဘုရားရှင်ကိုရှိခိုး၍ အိမ်၌ သီတင်းသုံးတော်မူစေပြီး ယာဂုခဲဘွယ်ကို ဆက်ကပ်လှူဒါန်း၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသော် "ကာဏာ အဘယ်မှာနည်း"ဟု မေးတော်မူ၏။ ကာဏာ၏မိခင်က "မြတ်စွာဘုရား၊ ကာဏာသည် ရဟန်းများကိုမြင်လျှင် နှလုံးမသာမယာဖြစ်၍ ဆဲရေး ကြိမ်းမောင်းပါ၏" စသည်ဖြင့် အဖြစ်အပျက် အလုံးစုံကို လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်သည် ကာဏာကိုခေါ်စေပြီးလျှင် ကာဏာ၏ မိခင်အား "ဒါယိကာမကြီး၊ သင့်အိမ်၌ဆွမ်းခံရသော ငါ၏တပည့်သားတို့သည် သင် လှူသည်ကို ခံယူကြသလော၊ မလှူသည်ကို ခံယူကြသလော" ဟု မေးတော်မူသော်-

"လှူသည်ကိုသာ ခံယူကြပါသည် ဘုရား"ဟု လျှောက်၏။

နောက် ဘုရားရှင်က "ဒါယိကာမကြီး၊ သင်လှူသည့်မုံ့ကို ခံယူသည်ဖြစ်လျှင် ထိုရဟန်းတို့မှာ ဘယ်အပြစ်ရှိသနည်း"ဟု မေးတော်မူသော်-

"ရဟန်းတို့မှာ အပြစ်မရှိပါ။ ဤသမီး ကာဏာမှာသာ အပြစ်ရှိပါ၏" ဟု လျှောက်၏။

နောက် ဘုရားရှင်က "ချစ်သမီး ကာဏာ၊ ငါ၏ တပည့်ရဟန်းတို့မှာ သင့်မိခင်လှူသည့်မုန့်ဟုိကိုသာ အလှူခံသဖြင့် ဘယ်အပြစ်ရှိသနည်း" ဟု မေးတော်မူသော်-

ကာဏာက "ရဟန်းတော်တို့မှာ အပြစ်မရှိပါ။ တပည့်တော်မှာသာ အပြစ်ရှိပါ၏"ဟု လျှောက်ပြီး ဘုရားရှင်အား ရှိခိုးကန်တော့ တောင်းပန်လေ၏။ နောက် ဘုရားရှင်က အစဉ်အတိုင်း ဖြစ်သော တရားတော်ကို ဟောကြားလေသော် ကာဏာသည် သောတာပန် ဖြစ်လေ၏။

ထိုအခါ ဘုရားရှင်သည် နေရာမှထ၍ မင်းရင်ပြင်အတိုင်း ကျောင်းသို့ကြွတော်မူသော် ကောသလမင်းကြီးသည် အလျင်အမြန်လာရောက် ရှိခိုးပြီး "အဘယ်အရပ်သို့ အဘယ်အကြောင်းဖြင့် ကြွတော်မူပါသနည်းဘုရား" ဟု လျှောက်ထား၏။ဘုရားရှင်က ကာဏမဲ့တာ၏အိမ်သို့ ဤသို့သောအကြောင်းကြောင့်ကြွသွားပြီး ယခုကာဏာကို သောတာပန်ဖြစ်စေကာ လောကုတ္တရာစည်းစိမ်ရှင်ပြုခဲ့ပြီး ပြန်ကြွလာခဲ့ကြောင်း အလုံးစုံ မိန့်ကြားတော်မူ၏။

ထိုအခါ မင်းကြီးက "ဤသို့ဖြစ်လျှင် တပည့်တော်သည် ယခု ကာဏာကို လောကီစည်းစိမ်ရှင်ဖြစ်အောင် ပြုပါမည် ဘုရား"ဟု လျှောက်ကြားပြီး ရှိခိုး၍ပြန်သွား၏။ နန်းတော်သို့ရောက်လျှင် မင်းကြီးသည် ယာဉ်ကိုလွှတ်၍ ကာဏာကိုခေါ်စေပြီး တန်ဆာများဆင်ယင်ပေးလျက် "ငါ့သမီးတော်ကို ကျေးမွေးနိုင်သူ ယူစေလော့" ဟု ဆိုလေ၏။ အမတ်တဦးက "ကျွန်တော်မျိုး လုပ်ကျွေးပါမည်"ဟု လျှောက်၍ အိမ်သို့ခေါ်ဆောင်ပြီး စည်းစိမ်အားလုံးကို အပ်နှံလျက် "ကောင်းမှုများကို အလိုရှိတိုင်း ပြုလော့"ဟု ဆိုလေ၏။ ကာဏာသည် ထိုအခါမှစ၍ ရဟန်းတော်များအား အိမ်တွင်း, အိမ်ပြင် တံခါးလေးဝဋ္ဌ နေ့စဉ် ဆွမ်းခဲဘွယ်တို့ဖြင့် ကြီးကျယ်စွာ လုပ်ကျွေးလေ၏။

ရဟန်းတို့သည် ထိုအကြောင်းကို ကြားသိကြသော် တရားသဘင်၌ "ဘုရားရှင်တို့မည်သည် အံ့သြမကုန်နိုင်သော ဂုဏ်ကျေးဇူးများရှိပေကုန်စွ" ဟု ထိုအကြောင်းနှင့်ပတ်သက်၍ ပြောဆိုကြ၏။ ထိုအခါ ဘုရားရှင်သည် ကြွလာတော်မူ၍ ထိုရဟန်းတို့အား ထိုစကားနှင့်ပတ်သက်၍ မေးမြန်းတော်မူပြီး "ရဟန်းတို့၊ ကာဏာသည် နှုလုံးမသာမယာ နောက်ကျိပ်ပျံ့လှဉ့်သည့် စိတ်ရှိသော်လည်း ငါဘုရား၏စကားဖြင့် အထူးစိတ်ကြည်လင်သွားပေပြီ"ဟု မိန့်တော်မူပြီးနောက် "နက်လှစွာသော သမုဒ္ဒရာသည် ရေနောက်ကျခြင်းမရှိ၊ အထူးသဖြင့် ကြည်လင်ဘိသကဲ့သို့ ထို့အတူ ပညာရှိတို့သည် တရားတော်များကို နာကြားရသော် အထူးစိတ်ကြည်လင်ကြကုန်၏"ဟူ၍ ဂါထာဖြင့် တရားဟောကြားတော်မူ၏။

၂၁၅။ ။အနာထပိဏ်သူဌေးနှင့် မိစ္ဆာနတ်

အနာထပိဏ်သူဌေးကြီးသည် ဇေတဝန်ကျောင်းတိုက်ကြီးအတွက် ငါးဆယ့်လေးကုဋေသောဥစ္စာတို့ကို စွန့်ကြဲခဲ့သည့်ပြင် ဘုရားရှင်ထံသို့ နေ့စဉ် သုံးကြိမ် သွားရောက် ဆည်းကပ်သော အခါ၌လည်း ရဟန်းများ အတွက် (နံနက် ယာဂုဆွမ်း, နေ့လယ် ထောပတ်ဆီဦးဆေး, ညနေ ပန်းနံ့သာ, အဝတ် အထည်)တို့ကို ယူဆောင်ကာ လူဒါန်းသဖြင့် ကာလကြာမြင့်သော် ဥစ္စာကုန်ခမ်းခြင်းသို့ရောက်လေ၏။ သို့ရာတွင် သူဌေးကြီးသည် သောတာပန်ဖြစ်၍ သာသနာ၌ မတုန်မလှုပ်သော သဒ္ဓါတရားရှိလေရကား ဆွမ်းကောင်း, ဟင်းကောင်း မဟုတ်စေကာမူ သံဃာတော်များအား လှူမြဲလှူသည်သာတည်း။

တနေ့သ၌ သူဌေးကြီးသည် ဘုရားရှင်ထံ ဆည်းကပ်လျက် ထိုအကြောင်းကို လျှောက်ကြားသော်-ဘုရားရှင်က "ဒါယကာကြီး၊ နွမ်းပါးသောအလှူကို လှူရ၏"ဟု မကြံလင့်။ စိတ်မှန်မြတ်သော် ဘုရားစသော အရိယာသံဃာအား လှူသောအလှူသည် နွမ်းပါးသည်မရှိ။ အရိယာဖြစ်ကြသော အလှူခံမြတ်တို့အား ရခဲကုန်၏။ ထိုပုဂ္ဂိုလ်တို့အား သင် လှူရပြီး ဖြစ်၍ နွမ်းပါးသည်ဟု မကြံလင့်"ဟူ၍ 'ဝေလာမ' သုတ်ကို ဟောကြားတော်မူ၏။

ထိုအခါ သူဌေးကြီး၏ တံခါးမုခ်၌စောင့်သော · မိစ္ဆာနတ်တဉ်းသည် သူဌေးကြီး၏အိမ်သို့ ဘုရားရှင်စသော အရိယာပုဂ္ဂိုလ်တို့ကြွဝင်သော် မိမိနေရာမှဖယ်ပြီး တခြားသို့သွား, သွားနေရသဖြင့် သူဌေးကြီးအား ဘုရားရှင် စသည်တို့ အိမ်ထဲသို့ မကြွဝင်အောင် လုပ်ရန် အခွင့်ကို စောင့်နေခဲ့ရာ ယခု သူဌေးကြီး ဆင်းရဲသွားပြီဖြစ်၍ အခွင့်အရေးကို ရရှိလေ၏။

ထိုနတ်သည် ညအခါ သူဌေးကြီး၏တိုက်ခန်းသို့သွား၍ ကောင်းကင်၌ရပ်လျက် "သူဌေးကြီး၊ ငါကား သင့်၏ တံခါးမုခ်ကိုစောင့်သော နတ်ဖြစ်၏။ သင့်ကို ဆုံးမရန်လာခဲ့၏။ သင်သည် နောင်ရေးကို မကြည့်ဘဲ ရဟန်းဂေါတမ၏သာသနာ၌ ဥစ္စာများစွာကို ဖရိုဖရဲ စွန့်ကြဲဘိ၏။ ယခု သင် ဆင်းရဲရလေပြီ။ ရဟန်းဂေါတမဖြင့် ဒါဘယ်အကျိုးရှိအံ့နည်း။ ကျွှဲသို့ လှန်လှန်ကဲကဲမစွန့်ကြဲဘဲ ကုန်သွယ်ခြင်းစသည်တို့ကိုပြု၍ ဧည်းစိမ်ဥစ္စာမြဲစေလော့"ဟု ဆို၏။

သူဌေးကြီးက "သင်သည် မလျော်မကန်ပြောဘိ၏။ ငါ့အိမ်၌ သင့်မနေနှင့်။ ထွက်လော့"ဟု နှင်ထုတ်လေ၏။

ထိုနတ်သည် သောတာပန်ပုဂ္ဂိုလ်၏စကားကို မလွန်ဆန်နိုင်သဖြင့် သားငယ် သမီးငယ်တို့ကို ခေါ်ငင်ကာ ထွက်သွားရ၏။ သူသည် တခြားအရပ်၌ နေစရာအရပ်ကို မရသော် ပြန်သွားလိုသော်လည်း သူဌေးကြီးကို ကြောက်သဖြင့် သိကြားမင်းထံ သွား၍ အကူအညီတောင်း၏။

သိကြားမင်း က "ငါလည်း သင့်အတွက် သူဌေးကြီ ကို မပြောဝံ့။ မြင်နိုင်သည့် အကြောင်းတခုကို ငါမြင်၏။ သူဌေးကြီးထံမှ ကုန်သွယ်သူတို့ ချေးငှားပြီး ပြန်မပေးသေးသော ဥစ္စာ တဆယ့်ရှစ်ကုဋ္ဌေရှိ၏။ သူဌေးကြီး၏ ဘိုးဘွားတို့က ထုံးစံအရ မြစ်ကမ်းနား၌ မြှုပ်ထားခဲ့သော ဥစ္စာ တဆယ့်ရှစ်ကုဋ္ဌေလည်း ရေကြောင်း ကမ်းပြိုပြီး သမုဒ္ဒရာ ထဲသို့ မျောပါ သွားခဲ့၏။ ဤမည် ဤမည်သောအရပ်၌ အရှင်မရှိသော ဥစ္စာ တဆယ့်ရှစ်ကုဋ္ဌေလည်း ရှိ၏။ ဤငါးဆယ့်လေးကုဋ္ဌေသော ဥစ္စာတို့ကို မိမိအာနုဘော်ဖြင့် ယူဆောင်၍ သူဌေးကြီး၏ တိုက်ခန်းများကို ပြည့်ဝစေလော့။ ဤ 'ဒဏ်အမှု' ကို ပြုပြီး၍ သူဌေးကြီးအား ကန်တော့လေလော့" ဟု ဆို၏။ ထို နတ်သည် သိကြားမင်းဆိုတိုင်း ပြုပြီးသော် သူဌေးကြီးထံ သွား၍ အကြောင်းစုံကို ပြောကြားပြီး သည်းခံရန် ဝန်ချတောင်းပန်လေ၏။

သူဌေးကြီးသည် "ဤ နတ်ကို ဘုရားရှင်အား ပြဦးအံ့" ဟု ထိုနတ်ကို ဘုရားရှင်ထံ ခေါ်သွား၍ အကြောင်းစုံကို လျှောက်ထားလေ၏။

ဘုရားရှင်က ထိုသူနှစ်ဦးအား ဆုံးမလိုသဖြင့် "သူဌေးကြီး၊ ဤလောက၌ မကောင်းမှုပြုသော သူသည်ပင် မကောင်းမှုကံ အကျိုးမပေးသမျှ ကာလပတ်လုံး ကောင်းကျိုးကို တွေ့မြင်နိုင်သေး၏။ မကောင်းမှုကံ အကျိုးပေးသောအခါ၌မူ မကောင်းမှုပြုသော သူသည် မကောင်းကျိုးတို့ကိုသာ တွေ့မြင်ရတော့၏။ ကောင်းမှုပြုသော သူသည်ပင် ကောင်းမှုကံ အကျိုးမပေးသမျှ ကာလပတ်လုံး မကောင်းကျိုးကို တွေ့မြင်နိုင်သေး၏။ ကောင်းမှုကံ အကျိုးပေးသောအခါ၌မူ ကောင်းမှုပြုသော သူသည် ကောင်းကျိုးတို့ကိုသာ တွေ့မြင်ရတော့၏" ဟူ၍ စကားပြေ, ဂါထာနှစ်မျိုးစုံဖြင့်ဟောကြားတော်မူ၏။ ထိုတရားတော်ကို ကြားနာရပြီးသော် ထိုနတ်သည် သောတာပန်ဖြစ်လေ၏။

၂၁၆။ နိဗ္ဗာန်ဆော်နှင့် ဗိဋ္ဌာလပဒက သူဌေး

သာဝတ္ထိပြည်၌ ပညာရှိ အမျိုးသားတယောက်သည် ဘုရားရှင် ဟောကြားအပ်သော "မိမိလည်း လှူ, သူတပါးကိုလည်း လှူအောင် နှိုးဆော်သော သူ

သည် နောင်ဘဝ၌ စည်းစိမ်ပြည့်စုံခြင်း, အခြံအရံ ပြည့်စုံခြင်း အကျိုးထူး နှစ်ရပ်ကို ရပေ၏" ဟူသော တရားတော်ကို ကြားနာရ၍ နှစ်သက်လှသဖြင့် ဘုရားရှင်အား "နက်ဖြန် ရဟန်းအပေါင်းနှင့်တကွ တပည့်တော်တို့၏ ဆွမ်းကို အလှူခံတော်မူပါဘုရား" ဟု ပင့်လျှောက်၏။

ထိုသူသည် အိမ်စဉ်လှည့်လည်လျက် "မိခင် ဘခင်တို့၊ နက်ဖြန် ဘုရား နှင့်တကွ သံဃာအပေါင်းကို ကျွန်ုပ် ဆွမ်း ပင့်ဘိတ်ခဲ့ပါပြီ။ ယာဂုဆွမ်း စသည်တို့အတွက် တတ်စွမ်းသမျှ ပေးလှူ ကြပါလော့။ တနေရာတည်း၌ ချက်စေပြီး အလှူ လှူကြပါကုန်အံ့" ဟု ကြေးကြော်လေ၏။

'ပိဋ္ဌာလပဒက' ဟု တွင်သော သူဌေးတဦးသည် ထိုနိဗ္ဗာန်ဆော်ကို မြင် လျှင် "ဤသူသည် မိမိတတ်နိုင်သမျှကိုသာ မပင့်ဘိတ်ဘဲ အိမ်စဉ်လှည့်ကာ နှိုးဆော်ဘိ၏" ဟု အမျက်ထွက်၍ "သင် ယူခဲ့သော ခွက်ကို ဆောင်ခဲ့" ဟု ဆိုပြီး လက်သုံးချောင်းဖြင့် ဆန်ကို ယူ၍ ထောပတ်, တင်လဲ စသည်တို့ကိုလည်း နည်းနည်းမျှစီ ပေးလေ၏။

နိဗ္ဗာန်ဆော်သည် တခြားသောသူတို့ ပြည့်တောင်း စသည်ဖြင့် ပေးလှူသော ဝတ္ထုတို့ကို တပေါင်းတည်းထား၍ ထိုသူဌေးလှူသော ပစ္စည်းကိုမူ တခြားထား၏။ ထိုသို့ ပြုသည်ကို ထိုသူဌေးမြင်လျှင် ကျွန်ယုံ လူငယ်တဦး အား "သွားချေ၊ ဤနိဗ္ဗာန်ဆော်လုပ်သမျှ သိအောင်ပြုလာခဲ့"ဟု ခိုင်း၏။ နိဗ္ဗာန်ဆော်လည်း သွား၍ "သူဌေးအား အကျိုးများစွာ ရပါစေ" ဟု နှုတ်ဆုံးသွင်းလျက် ယာဂု ဆွမ်းဟင်း စသည် အိုးအားလုံးထဲသို့ ထိုသူဌေးလှူ သည့် ပစ္စည်းကို အနည်းငယ်စီ အနှံ့ထည့်လေ၏။ ထိုကျွန်ငယ်လည်း မြင်၍ ပြန်သွားပြီး ထိုသူဌေးအား ပြန်ပြောပြ၏။ "ဤနိဗ္ဗာန်ဆော်သည် ပရိသတ် အလယ်၌ ငါ့ကို အရှက်ခဲ့လျှင် သတ်အံ့"ဟု ပုဆိုးကြားထဲ ဓားဝှက်၍ နောက်တနေ့နံနက် ထိုဆွမ်းကျွေးရာ အရပ်သို့သွား၏။

နိဗ္ဗာန်ဆော်သည် ဘုရား အမှူးရှိသော သံဃာအပေါင်းအား ဆွမ်း ခဲဘုယ် ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးသော် "မြတ်စွာဘုရား၊ တပည့်တော် သည် လူအများကို တိုက်တွန်းလှုံ့ဆော်၍ ဤအလှူကိုလှူဒါန်းပါ၏။ ဤ အလှူ၌ လူတို့သည် တတ်နိုင်သလောက် ဆန်စသည်တို့ကို အများလည်းဖြစ်၊ အနည်းလည်းဖြစ် လှူဒါန်းကြပါ၏။ ထိုအလုံးစုံသော သူတို့အား တူမျှသော အကျိုးထူး အကျိုးမြတ် ဖြစ်ပါစေ ဘုရား"ဟု လျှောက်ထားလေ၏။

ထိုစကားကိုကြားလျှင် ထိုသူဌေးသည် "ငါမိုက်လေစွ၊ မှားလေစွ။ ဤသူသော်ကောင်းကို မကန်တော့လျှင် 'နတ်ဒဏ်' မည်သည် ငါ့အပေါ်

ကျလတံ့”ဟုကြံစည်ပူပန်လျက် နိဗ္ဗာန်ဆော်၏ ခြေရင်း၌ဝပ်၍ အကြောင်းစုံကို ပြောကြားပြီး “အရှင်၊ ငါ့အား သည်းခံလော့”ဟုဆို၏။

ဘုရားရှင်သည်ထိုအမှုအရာကိုမြင်၍မေးမြန်းသိရှိတော်မူသော် “ဒါယကာသူဌေး၊ ကောင်းမှုမည်သည်ကို အနည်းငယ်မျှ တကားဟု မအောက်မေ့သင့်။ ပညာရှိတို့သည် ကောင်းမှုကို ပွါးကြလျက် ‘မိုးရေပေါက်တို့ဖြင့် ရေပြည့်လာသောအိုးကဲ့သို့’ တဖြေးဖြေး ကောင်းမှုတို့ဖြင့် ပြည့်စေကုန်သည် သာတည်း”ဟု မိန့်တော်မူပြီး၍ “ကောင်းမှုအနည်းငယ်သည် ငါ့အား အကျိုးသက်ရောက်လာမည် မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ။ (အထင်မသေးရာ)၊ မိုးရေပေါက်တို့ ကျဖန်များသဖြင့် ရေအိုးပင် ပြည့်လျှံသွားသကဲ့သို့ ပညာရှိသည် အနည်းငယ် အနည်းငယ်မျှသော ကောင်းမှုကို ပွါးဆည်းပူးဖန်များသော် ကောင်းမှုဖြင့် ပြည့်ပေ၏”ဟူ၍ ဂါထာဖြင့်ဟောတော်မူလေ၏။ ဤတရားကို ကြားနာရပြီးသော်, ထိုသူဌေးသည်သောတာပန်ဖြစ်လေ၏။

၂၁၇။ သန္ဓတိ အမတ်ကြီး ရဟန္တာ ဖြစ်ခြင်း

အခါတပါးဌ ကောသလမင်းကြီး၏ ‘သန္ဓတိ’ အမတ်ကြီးသည် သောင်းကျန်းပုန်ကန်သော ပစ္စန္တရစ်ရှာကို ငြိမ်းစေပြီး ပြန်လာ၏။ မင်းကြီးသည် သူ့အား နှစ်သက်၍ ခုနစ်ရက်ပတ်လုံး ပြည်စည်းစိမ်နှင့်တကွ ကချေသည်မတဦးကို ပေးလေ၏။ ထိုအမတ်ကြီးသည် ခုနစ်ရက်လုံး သေရည်သောက်စားမူးယစ်ပြီး ခုနစ်ရက်မြောက်နေ့၌ တန်ဆာဆင်ထားသော ဆင်ပေါ်၌ စီးလျက် ရေချိုးဆိပ်သို့သွားသော် ဆွမ်းခံကြွလာသော ဘုရားရှင်ကိုမြင်လျှင် ဦးခေါင်းညွတ်၍ ရှိခိုးလေ၏။

ထိုအခါ ဘုရားရှင်က `အရှင်အာနန္ဒာအား `ချစ်သား အာနန္ဒာ၊ သန္ဓတိအမတ်ကြီးသည် ယနေ့ပင်လျှင် တန်ဆာများ ဆင်ယင်လျက် ငါဘုရားထံလာ၍ တဂါထာမျှသောတရားကို နာရသော် ရဟန္တာဖြစ်ကာ ကောင်းကင်၌နေထိုင်လျက် ပရိနိဗ္ဗာန် ပြုလတံ့”ဟု မိန့်တော်မူ၏။

သန္ဓတိ အမတ်ကြီးလည်း ရေချိုးဆိပ်၌တင်နေ့လုံး ရေကစားပြီး ဥယျာဉ်သို့သွား၍ သေသောက်ရာအရပ်၌ နေ၏။ ထိုကချေသည်မလည်း သဘင်အလယ်သို့ သက်ဝင်၍ က,ခြင်း၊ သီခြင်းကိုပြုရန် အားထုတ်၏။ သူမသည် ကိုယ်တင့်တယ်ခြင်းကိုပြရန် ခုနစ်ရက်လုံး အစာအနည်းငယ်သာ စားသဖြင့် ထိုနေ့၌ က,ခြင်း၊ သီခြင်းကို ပြစဉ် ဝမ်းတွင်း၌ လေသင်မှုန်းများ ထ၍

နှလုံးသားကို ခွဲဖြတ်သဖြင့် ထိုခဏ၌ပင် ပါးစပ်၊ မျက်စိများ ဟင်းလင်းပွင့်လျက် သေရှာလေ၏။ အမတ်ကြီးလည်း ထိုအချင်းအရာကိုမြင်လျှင် စိုးရိမ်ကြီးစွာဖြင့် ထိတ်လန့်ရကား ခုနစ်ရက်လုံး သောက်ခဲ့သော သေရည်တို့ ခမ်းခြောက် ကုန်ပျောက်သွားလေ၏။

သူသည် "ငါ၏ စိုးရိမ်ခြင်းကို ဘုရားရှင်သည် ငြိမ်းစေနိုင်လတံ့" ဟု ဗိုလ်ပါ အပေါင်း ခြံရံလျက် ညနေချိန်တွင်ဘုရားရှင်ထံသွား၍ "မြတ်စွာဘုရား၊ တပည့်တော်၏ စိုးရိမ်ခြင်းကို ငြိမ်းအေးစေတော်မူပါ။ တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါ" ဟု လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်က "အမတ်ကြီး၊ သင်သည် စိုးရိမ်ခြင်းကို ငြိမ်းပေးစေနိုင်သော သူထံသို့ ရောက်လာခဲ့ပေပြီ။ ဤသို့အားဖြင့် ဤကချေမ သေသော ကာလ၌ ငိုရသော သင်၏ ယိုစီးသော မျက်ရည်တို့သည် သမုဒ္ဒရာလေးစင်းတို့၏ ရေထက်သာ၍ များလှကုန်၏" ဟု မိန့်တော် မူပြီးနောက် ဂါထာတပုဒ်ဖြင့်တရားဟောတော်မူ၏။ ထိုတရားဂါထာကို ကြားနာပြီးသည်နှင့် တပြိုင်နက် ထိုအမတ်ကြီးသည် ရဟန္တာ ဖြစ်လေ၏။

နောက် သူသည် မိမိ၏ အသက်အပိုင်းအခြားကို ကြည့်၍ အသက်ရှင်နေခွင့် မရှိတော့သည်ကို သိမြင်လျှင် "မြတ်စွာဘုရား၊ တပည့်တော်အား ပရိနိဗ္ဗာန်ပြုခွင့် ပေးတော်မူပါ" ဟု လျှောက်လေ၏။ ဘုရားရှင်က "ချစ်သား၊ သင်ပြုခဲ့သမျှသော ရှေး ကောင်းမှုကံကို ငါ့အား ဟောကြားဦးလော့" ဟု မိန့်တော်မူ၏။ အမတ်ကြီးလည်း ဘုရားရှင်အား ရှိခိုးပြီး ကောင်ကင်သို့ ထန်း ခုနစ်ဆင့်မျှ တက်၍ တင်ပလ္လင်ခွေနေလျက် ဝိပဿီဘုရား လက်ထက်က မိမိပြုခဲ့သော ကောင်းမှုကံများကို ဟောကြားပြီးလျှင် ကောင်းကင်၌ နေလျက်ပင် တေဇော ကသိုဏ်းကို ဝင်စား၍ ပရိနိဗ္ဗာန် ပြုလေ၏။

ခန္ဓာကိုယ်သည် အလိုလို မီးလောင်ကျွမ်းလေ၏။ ဘုရားရှင်သည် စင်ကြယ်သောအဝတ်ကို ဖြန့်၍ခံသော် ထိုအဝတ်ထဲ၌ ဓာတ်တော်တို့ ကျလာကုန်၏။ ထိုဓာတ်တော်တို့ကို သပိတ်ထဲထည့်၍ လမ်းလေးဆုံ၌ လူအများ ပူဇော်ရန် စေတီ တည်ထားတော်မူ၏။

၂၁၈။ သာမဏေ ရှင်ပဏ္ဍိတ ရဟန္တာဖြစ်ရန် ဘုရား နတ်တို့ မစခြင်း

ဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အခါတပါး၌ အရှင်သာရိပုတ္တရာသည် ရှင်ပြုပြီးစ ခုနစ်နှစ်သားအရွယ်ဆာ ရှိသေးသော 'ပဏ္ဍိတ' အမည်ရှိ မိမိ၏ တပည့်သာမဏေကို ခေါ်၍ ရွာတွင်းသို့ ဆွမ်းခံကြွ၏။

ခရီးအကြောင်း ထိုသာမဏေသည် မြောင်းဖြင့် ရေသွယ်ပြီး လယ်လုပ်နေသူ များကိုမြင်လျှင်-

မထေရ်အား "အရှင်ဘုရား၊ စိတ်မရှိသောရေကို မိမိ လိုရာအရပ်သို့ ရောက်အောင် မဆောင်နိုင်ကြပါသလော" ဟု မေး၏။

"ဆောင်နိုင်သည် မှန်၏" ဟု မိန့်ကြားလျှင်-

သာမဏေသည် "စိတ်မရှိသည့်ရေကို အလိုရှိရာသို့ ယူဆောင်၍ လယ်လုပ် ခြင်း စသည် အမှုကို ပြုလုပ်နိုင်ကြလျှင် စိတ်ရှိသော သူတို့လည်း စိတ်ကို မိမိ အလိုသို့ လိုက်စေ၍ ရဟန်းတရားကို အားထုတ်ရန် အဘယ့်ကြောင့် မတတ် နိုင်အံ့နည်း" ဟု ကြံဆင်ခြင်၏။

နောက် ဆက်သွား၍ "(မြားလုပ်) လေးသမား၊ သည် မြားတံကိုမီးကင်၍ မျက်စိ ထောင့်စွန်းဖြင့်ကြည့်လျက် ဖြောင့်မတ်အောင် ပြုသည်" ကို မြင်လျှင် မထေရ်အား ရှေးနည်းတူ မေးမြန်း၍ ရှေးနည်းတူ ဆင်ခြင်ပြန်၏။

နောက်ဆက်သွား၍ "လက်သမား၊ တို့သည် သစ်တို့ကို ဖြတ်တောက်လှီး ကာ ရွေဘော်ထိုးပြီး ဘီး၊ စသည် ပြုလုပ်နေကြသည်" ကို မြင်လျှင် မထေရ် အား ရှေးနည်းတူမေး၍ ရှေးနည်းတူပင် ဆင်ခြင်ပြန်လေ၏။

ထိုအခါ သာမဏေသည် မထေရ်အား ပန်ကြားပြီး ကျောင်းသို့ပြန်၍ အခန်းတွင်း၌နေလျက် မိမိ၏ ခန္ဓာကိုယ်၌ ဥာဏ်ကို သွင်းချပြီးလျှင် အတွေ ဘောကို သုံးသပ်ကာနေ၏။ သာမဏေ၏ ဂုဏ်ကျေးဇူး အာနုဘော်ကြောင့် သိကြားမင်းသည် ထိုအကြောင်းကိုသိလျှင် စတုမဟာရာဇ် နတ်မင်းကြီး လေးဦးကို ခေါ်၍ ကျောင်းပတ်ဝန်းကျင်၌ ဘေးအန္တရာယ်, အသံဆူညံမှု မရှိအောင် စောင့်ရှောက် စေပြီးလျှင် နေ နတ်သားနှင့် လ နတ်သားတို့ အားလည်း နေနှင့် လတို့ကိုဆဲ့ဝင် ရပ်တန့်ထားစေပြီးသော်မိမိမှုထိုကျောင်း တံခါး၀၌ စောင့်ရှောက်နေ၏။

ပတ်ဝန်းကျင် တိတ်ဆိတ်မှုကြောင့် သာမဏေသည် မတုန်မလှုပ် တည် ကြည် ကြည်လင်သော စိတ်ဖြင့် ခန္ဓာကိုယ် အတွေဘောကို သုံးသပ်ဆင်ခြင် လျက် ဝိပဿနာပွားသော် ဆုံးစားချိန် မတိုင်မီ အနာဂါမိဖိုလ်သို့ ရောက် လေ၏။ အရှင်သာရိပုတ္တရာသည် ဒါယကာတဦးအိမ်၌ ဆွမ်းဘုဉ်းပေးပြီး တဖန်လှူလိုက်သော ဆွမ်းကို သာမဏေအတွက် ယူဆောင်လာ၏။

ဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးပြီး၍ "ပဏ္ဍိတသာမဏေတို့က်ခန်းတွင်း၌ တရားအားထုတ်၍ အနာဂါမိဖိုလ်သို့ ရောက်လေပြီဖြစ်ကြောင်း၊ ဆက်အား ထုတ်လျှင် ရဟန္တာအဖြစ်သို့ ချက်ခြင်းရောက်မည့်အကြောင်း" တို့ကို သိမြင် တော်မူသဖြင့် သာမဏေအား ဆက်လက် အားထုတ်ရာ၌ အနှောက်အယှက်

မဖြစ်စေရန်အတွက် အရှင်သာရိပုတ္တရာ မရောက်လာမီ တံခါးမုခ်၌ နေနှင့် တော်မူ၏။ နောက်ရောက်လာသော အရှင်သာရိပုတ္တရာအား ဘုရားရှင်က ပြဿနာမေးလေးပါးကို မေး၍ ဖြေခိုင်းနေတော်မူ၏။ မထေရ်သည် ထိုပြဿနာ လေးရပ်ကို ဖြေကြားပြီးသည့် ခဏ၌ပင် ပဏ္ဍိတသာမဏေသည် ရဟန္တာ ဖြစ်လေ၏။

ထိုအခါ ဘုရားရှင်ကလှတ်လိုက်သဖြင့် အရှင်သာရိပုတ္တရာသည် သာမဏေ ထံ သွား၍ ဆွမ်းကိုပေးလေ၏။ သာမဏော ဆွမ်းစားပြီး၍ သပိတ်ကို ဆေး ကြောနေသော် သိကြားမင်းနှင့် စတုမဟာရာဇ်နတ်မင်းတို့လည်း(ကိစ္စပြီး၍) ပြန်သွားကြပြီး နေနတ်သားနှင့် လနတ်သားတို့လည်း နေနှင့်လတို့ကို လှတ် လိုက်ကြလေသည်။ ထိုအခါ နေသည် မွန်းတည့်ရာမှ လျှောကျသွား၏။

ထိုအခါ ရဟန်းတို့က "ပဏ္ဍိတသာမဏေသည် နေလုံခြုံ၌ ဆွမ်းစား၏" ဟု ကဲ့ရဲ့ကြသည့်အခါတွင် ဘုရားရှင်က "ရဟန်းတို့၊ ဘုန်းကံရှိသူ ရဟန်း တရားအားထုတ်သည့်အခါ နေနတ်သားနှင့် လနတ်သားတို့က နေနှင့်လတို့ ကို ဆွဲငင်ထားကြ၏။ သိကြားမင်း နှင့် နတ်မင်းကြီးလေးဦးတို့ကလည်း ကျောင်းနှင့် ပတ်ဝန်းကျင်တခုလုံးကို စောင့်ရှောက်ထားကြ၏။ ငါဘုရား လည်း သာမဏေအား တရားဆက် အားထုတ်နိုင်အောင် တံခါးမုခ်၌ သာရိပုတ္တရာအား ပြဿနာလေးရပ်ကို မေး၍ ဖြေခိုင်းကာ ဆိုင်းငံ့စေခြင်း ဖြင့် စောင့်ရှောက်ခဲ့၏။ ထိုသာမဏေသည် မြောင်းဖြင့်, ရေကို လိုရာသို့ ဆောင်ယူသူ လယ်သမားတို့ကိုဂုဏ်း၊ မြားကို ဖြောင့်အောင်ပြုကြသည့် မြား လုပ်သမားတို့ကိုဂုဏ်း၊ သစ်သားကို လှ်ီးဖြတ်ရွေကြပြီး လှည်းဘီး စသည် ပြုလုပ်ကြသည့် လက်သမားတို့ကိုဂုဏ်း မြင်ရသဖြင့် ဤမျှလောက်သော အာရုံကိုယူပြီးကျင် ပညာရှိတို့သည် မိမိကိုယ်ကို ဆုံးမလျက် အရဟတ္တဖိုလ် ကို ယူကြကုန်၏" ဟု မိန့်တော်မူ၏။

ထို့နောက် "လယ်သမားတို့သည် ရေကို လိုရာအရပ်သို့ ဆောင်ယူကြ၏။ မြားလုပ်သမားတို့သည် မြားကို ဖြောင့်အောင် ပြုလုပ်ကြ၏။ လက်သမားတို့ သည် သစ်တုံးကို လိုရာပုံရအောင် ပြုလုပ်ကြ၏။ ပညာရှိတို့သည် မိမိကိုယ်ကို မဂ်ဖိုလ်ရောက်အောင် ဆုံးမကြ၏" ဟူ၍ ဂါထာဖြင့် ဟောတော်မူလေ၏။

၂၁၉။ အရက်မူးမိန်းမမျှားကို ဆုံးမချေခွတ်ခြင်း

သာဝတ္ထိပြည်၌ အမျိုးကောင်းသားငါးရာတို့သည် မိမိတို့၏ မယားမျှား လိမ္မာကြစေရန် ဝိသာခါအား အခြံအရုံအဖြစ်ဖြင့် အပ်နှံကြကုန်၏။ အခါ

တပါးဌ ခုနစ်ရက်လုံး သေသောက်ပွဲကျင်းပသော် ထိုမိန်းမတို့သည် မိမိတို့၏ ယောကျ်ားများအတွက် သေအရက်ကို စီရင်ပေးကြ၏။ သူတို့သည်ယောကျ်ား များသောက်၍ ကျန်သော သေရည်တို့ကို သောက်လိုကြသဖြင့် ဝိသာခါ ကို ဥယျာဉ်သို့ ခေါ်သွားကြပြီး သေရည်သောက်ကာ မဖယ်မရာတို့ကို ပြုကြ၏။ သူတို့၏ ယောကျ်ားတို့သည် ထိုအကြောင်းကိုသိလျှင် ထိုမိန်းမတို့ ကို ထောင်းထု ရိုက်နှက်ကြ၏။

နောက်ဟခါ သေသောက်ပွဲကျင်းပသောအခါ၌ ထိုမိန်းမတို့သည် ရှေး နည်းတူပင် ယောကျ်ားများသောက်၍ ကျန်သော သေရည်တို့ကို သောက် လိုကြသဖြင့် ဝိသာခ်ါကို လှည့်စားပြီး "ဘုရားရှင်ထံ. တရားနာသွားချင်ကြ ပါ၏" ဟု ဆိုပြီး သေရည်ကို ဗူးငယ်များထဲထည့်၍ ကိုယ်ရုံထဲ ဝှက်ယူကာ ဝိသာခါနှင့်အတူ ဘုရားကျောင်းသို့ တရားနာရန် သွားကြလေ၏။

ထိုမိန်းမတို့သည် ကျောင်းရောက်လျှင် တနေရာ၌ သေရည်ကိုသောက်၍ ဗူးများကို လှင့်ပစ်ပြီး ဘုရားရှင်ရှေ့မှောက်သို့ သွား၍ နေကြ၏။ဝိသာခ၊ကဘုရားရှင်ကို "ဤမိန်းမတို့အား တရားဟောတော်မူပါဘုရား" ဟု လျှောက်ထားသော် ထိုမိန်းမတို့သည် သေရည်အဟုန်ကြောင့် ကိုယ်များတုန်လှုပ်ကြလျက် ကခုန်သီဆိုချင်စိတ် ဖြစ်ပေါ်ကြကုန်၏။ ထိုအခါ မာရ်နတ်က ပူးဝင်လိုက်သဖြင့် အချို့က လက်ခုပ်တီး၍ ရယ်ကြပြီး အချို့က ကခုန်ရန် အားထုတ်ကြလေ၏။

ဘုရားရှင်သည် ဆင်ခြင်၍ "ဤအမှုသည် မာရ်နတ်၏လက်ရာတည်း"ဟု သိတော်မူသော် "မာရ်နတ်အား အခွင့်မပေးအံ့"ဟု ထိုမိန်းမတို့အား ထိတ် လန့်စေရန် ညှိသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။ ခဏချင်းပင် မှောင်အတိ ဖြစ်လေ၏။ ထိုမိန်းမတို့လည်း သေဘေးမှ ကြောက်လန့်ကြ သဖြင့် ကိုယ်တွင်းရှိ သေရည်သည် ခန်းခြောက်သွား၏။

ထိုနောက် ဘုရားရှင်သည် ထိုင်ရာပလ္လင်မှ ကွယ်ပျောက်၍ မြင့်မိုရ်တောင် ထိပ်၌ ရပ်တော်မူလျက် ဖြူသော ရောင်ခြည်တော်တို့ကို လွှတ်ပြန်လေသော် လမင်းဟထောင် တက်လာဘိသကဲ့သို့ ဖြစ်လေ၏။ ထိုအခါ ဘုရားရှင်သည် ထိုမိန်းမတို့ကို ခေါ်တော်မူ၍ "သင်တို့သည် မေ့မေ့လျော့လျော့ဖြစ်လျက် ငါဘုရားထံ လာရန်မသင့်။ သင်တို့ မေ့လျော့ခြင်းကြောင့်သာ မာရ်နတ် သည် အခွင့်ကိုရပြီး သင်တို့အား ရယ်ခြင်း စသည်တို့ကို ပြုစေဘိ၏။ ယခု သင်တို့သည် ရာဂ စသော မီးတို့ကို ငြိမ်းစေရန် အားထုတ်သင့်၏" ဟု မိန့် တော်မူပြီး နောက်မှ-

"အခါခပ်သိမ်း ကိလေသာမီး တောက်လောင်နေသူများ ဖြစ်ပါလျက် အဘယ့်ကြောင့် ပျော်မြူးရယ်ရွှင်ခြင်း ဖြစ်ဘိသနည်း။ အဘယ့်ကြောင့် နှစ်လို ဝမ်းသာခြင်း ဖြစ်ဘိသနည်း။ အဝိဇ္ဇာ အမိုက်မှောင်ကြီးဖြင့် ပိတ်ဆီး နေသူများဖြစ်ပါလျက် အဘယ့်ကြောင့် ပညာတည်း ဟူသော ဆီမီးကို မရှာဘဲနေကြကုန်သနည်း" ဟု ဂါထာဖြင့် ဟောတော်မူလေ၏။

ဤတရားကို ကြားနာရ၍ ထိုမိန်းမငါးရာတို့သည် သောတာပန်ဖြစ်ကြလေသော် ဘုရားရှင်သည် မြင့်မိုရ်တောင်ထိပ်မှ သက်ဆင်းကြွလာ၍ ဘုရားနေရာ၌ ထိုင်နေတော်မူပြီး ဝိသာခါနှင့် ထိုမိန်းမတို့အား "သေချည်သည်လူတို့အား အကျိုးမဲ့ပျက်စီးစေကြောင်း" ထိုသေရည် ပထမဆုံး ဖြစ်ပေါ်လာပုံနှင့် တကွ ပါရှိသော 'ကုမ္ဘဇာတ်' (ဇာ-၅၁၂) ကို ဟောတော်မူလေ၏။

၂၂၀။ အနာထပိဏ်၏သား ကာလ သတို့သား

အနာထပိဏ်ဘူဋ္ဌေးကြီး၏သား 'ကာလ' သတို့သားသည် ဘုရားရှင်ထံသွား ရန်, အိမ်သို့ ကြွတော်မူလာသော ဘုရားရှင်ကို ဖူးမြင်ရန်, တရားတော်ကို ကြားနာရန်, သံဃာတော်တို့အား လုပ်ကျွေးရန် အနည်းငယ်မျှ အလိုမရှိပေ။ ဘခင်က ဤသို့ မပြုရန် အကြိမ်ကြိမ် ဆုံးမသော်လည်း မရပေ။

ထိုအခါ သူဋ္ဌေးကြီးသည် မိမိ၏သား အပါယ်ငရဲရောက်မည့် ဒုစရိုက်ကို စဉ်းစားမိသဖြင့် "ဥစ္စာဖြင့် သားကို ဖြားယောင်းအံ့" ဟု သားကို ခေါ်၍-

"ချစ်သား၊ ဥပုသ်ဆောက်တည်ပြီး ကျောင်းသို့ သွား၍ တရားနာပြီးမှ ပြန်လာလျှင် သင့်အား ငွေတရာပေးအံ့" ဟု ဆို၏။

ကာလသည် ဥစ္စာကိုလိုချင်သဖြင့် ဥပုသ်ဆောက်တည်ပြီး ကျောင်းသို့သွား၏။ တရားကိုကား မနာဘဲ တနေရာ၌ အိပ်ပြီး နံနက်စောစော အိမ်သို့ ပြန်သွား၏။

ဘခင်က "ဥပုသ်ဆောက်တည်သည့် ငါ့သားအတွက် ယာဂု စသည်ကို ယူခဲ့လော့" ဟု ယူခိုင်း၍ ပေး၏။ ကာလသည် ယာဂုကို မသုံးဆောင်ဘဲ ငွေတရာကိုသာ တောင်းနေ၏။ ဘခင်က ငွေတရာ ပေးပြီးမှ ယာဂု စသည်ကို စားသောက်လေ၏။

နောက်တနေ့ နံနက်တွင် သူဋ္ဌေးကြီးက "ချစ်သား၊ ဘုရားရှင် ရှေ့၌ တည်နေလျက် တရားတပိုဒ်ကို သင်ကြားမှတ်ယူပြီးပြန်လာလျှင် ငွေတထောင်

ပေးမည်ဟု ဆို၍ ကျောင်းသို့လွှတ်ပြန်၏။ ကာလသည် ငွေကို လိုချင်လှသဖြင့် ကျောင်းသို့သွား၍ ဘုရားရှင်ရှေ့၌ တည်နေလျက် တရားတပိုဒ်ကို မြန်မြန် သင်ယူပြီး ပြန်ပြေးချင်နေ၏။ ဘုရားရှင်ကလည်း တရားတပိုဒ်ကို 'ကာလ' မမှတ်မိအောင် ပြုဘော်မူထား၏။ ကာလသည် ထိုအပိုဒ်ကို ထပ်ခါတလဲလဲ နာယူမှတ်သားနေစဉ်ပင် သောတာပန် ဖြစ်လေ၏။

သူသည် နောက်တနေ့နံနက် ဘုရားအမှူးရှိသော ရဟန်းအပေါင်းနှင့်တကွ မြို့သို့ ဝင်၏။ အိမ်ရောက်သော် သူသည် "ယနေ့ ဘုရားရှင်ရှေ့၌ ဤငွေတို့ကို ငါဖခင်မပေးမူ ကောင်းလေစ့ဉ်။ ငွေအတွက်ကြောင့် ငါဥပုသ်စောင့်သည်ကို မသိအောင်ဘဲငင်ဖုံးထားလျှင် ကောင်းလေစ့ဉ်" ဟုကြံနေလေ၏။ သူဌေးကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား ယာဂုဆွမ်း စသည်ကို ကပ်လှူစေပြီး သားအားလည်း ပေးစေ၏။ ကာလသည် ဆိတ်ဆိတ်နေကာ ယာဂုကို သောက်၏။ ထမင်း စသည်ကို စားနေ၏။

ဘုရားရှင် ဆွမ်းဘုဉ်း ပေးပြီးသော် သူဌေးကြီးသည် သားရှေ့၌ ငွေတထောင်ထုပ်ကို ထား၍ "ချစ်သား၊ ဥပုသ်ဆောက်တည်၍ ကျောင်းသို့ တရားနာသွားသည့်အတွက် ဤငွေတထောင်ကို ယူလော့" ဟု ဆိုလျှင်-

ကာလက "ဤငွေကို အလိုမရှိပါ" ဟု ဆို၏။

ဖခင်က "ချစ်သား ယူသာယူပါ" ဟု ဆိုသော်လည်း ကာလသည် ငွေကို မယူဘဲသာ နေ၏။

ထိုအခါ သူဌေးကြီးက ဘုရားရှင်အား "မြတ်စွာဘုရား၊ ယနေ့ တပည့်တော်သား၏ အမှုအရာသည် ရှေးကနှင့်မတူ အလွန်နှစ်သက်ဘွယ် ရှိလှပါ၏" ဟု လျှောက်ပြီး သားအား ငွေကိုပေးပြီး ဥပုသ်စောင့်ခိုင်းခဲ့သည့် အကြောင်းကို လျှောက်ထားလေ၏။

ဘုရားရှင်က "သူဌေးကြီး၊ ယနေ့ သင့်သား၏သန္တာန်၌ စကြဝတေးမင်း စည်းစိမ်, နတ်ပြည်, ဗြဟ္မာ့ပြည် စည်းစိမ်ထက် အဆမျှားစွာ မြင့်မြတ်သည့် သောတာပတ္တိဖိုလ်ဟူသော ဥစ္စာမြတ် တည်ရှိလေပြီ" ဟူ၍ မိန့်တော်မူပြီး နောက်-

"မြေပြင်အလုံး၌ ကောင် စကြဝတေးမင်း ဖြစ်ရခြင်း,, နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရခြင်း,တလောကလုံးကို အစိုးရခြင်းတို့ထက် သောတာပတ္တိဖိုလ်သည်သာ(အပါယ်တံခါးပိတ်သဖြင့်) သာလွန်မြင့်မြတ်လှပေ၏" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူလေ၏။

၂၂၁။ စရပ်ဆောက်သော ပုဏ္ဏားတဦး

သာဝတ္ထိပြည်နေ ပုဏ္ဏားတဦးသည် တနေ့သ၌ နံနက်စောစော အိမ်မှထွက်၍ ရဟန်းတော်တို့ သင်္ဃန်းရုံရာ အရပ်၌ သင်္ဃန်းရုံနေကြသည်ကို ကြည့်ရှုကာ ရပ်နေ၏။ သူသည် သင်္ဃန်းရုံနေသော ရဟန်းတပါး၏ သင်္ဃန်းစွန်းသည် မြက်ပင်များကို ထိ၍ ဆီးနှင်းပေါက်များဖြင့် စိုစွတ်သည်ကို မြင်လျှင် နောက်တနေ့၌ ပေါက်တူးယူလာပြီး ထိုအရပ်၌ တလင်းဝန်းမျှ အကျယ် မြက်တို့ကို ပေါက်၍ သုတ်သင်၏။ နောက်တနေ့ သူသည် ထိုအရပ်သို့ သွား၍ ရှေးနည်းတူ ရပ်ကြည့်နေစဉ် သင်္ဃန်းရုံနေသော ရဟန်းတပါး၏ သင်္ဃန်းစွန်း မြေ၌ကျ၍ မြေမှုန့်တို့ဖြင့် လိမ်းကပ်လူးသွားသည်ကို မြင်ရသဖြင့် ထိုအရပ်၌ သဲကို ဆောင်ယူလာကာ ဖြန့်ကြဲလေ၏။

နောက်တနေ့ သူသည် ထိုအရပ်သို့ လာကြည့်၍ သင်္ဃန်းရုံနေသော ရဟန်းတို့ နေပူကြောင့် ချွေးဒီးဒီးကျသည်ကို မြင်လျှင် ထိုအရပ်၌ မဏ္ဍပ်ဆောက်ပြန်၏။ တဖန် နောက်တနေ့၌ သူသည် ထိုအရပ်သို့ လာကြည့်ပြန်လျှင် အဆက်မပြတ် မိုးရွာနေသဖြင့် သင်္ဃန်းရုံကြသည့် ရဟန်းတို့ မိုးစိုကြသည်ကို မြင်ပြန်သော် ထိုနေရာ၌ အခိုင်အခန့် စရပ်ကြီးတခုကို ဆောက်လေ၏။

ထိုပုဏ္ဏားသည် စရပ်ဆောက်ပြီးသော် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ထိုစရပ်သို့ ပင့်ဖိတ်၍ ဆွမ်းဖြင့် လုပ်ကျွေးလေ၏။ ဆွမ်းကျွေးပြီးသော် ဘုရားရှင်အား "မြတ်စွာဘုရား၊ တပည့်တော်သည် ဤအရပ်၌ရပ်၍ သင်္ဃန်းရုံသော ရဟန်းတို့ကို ကြည့်ရှုလျက် ဤအမှု၊ ဤအမှုကို ပြုခဲ့ပါ၏" ဟု အစမှစ၍ အလုံးစုံကို လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်က "ပုဏ္ဏား၊ ပညာရှိသော သူတို့မည်သည် ခဏခဏ ကုသိုလ်အနည်းငယ်ကို ပြုလုပ်ကြလျက် အစဉ်သဖြင့် မိမိတို့၏ အကုသိုလ် အညစ်အကြေးကို ထုတ်ပယ်ပစ်ကြကုန်၏" ဟူ၍ မိန့်တော်မူ၏။

ထို့နောက် ဆက်၍ "ပန်းထိမ်သည်သည် ရွှေ၏ အညစ်အကြေးကို တဖြည်းဖြည်း ထုဝှေ့သကဲ့သို့ ပညာရှိသည်အစဉ်သဖြင့် မိမိ၏ ကိလေသာအညစ်အကြေးကို အနည်းငယ် အနည်းငယ် အခဏခဏ အခဏခဏ ထုတ်ပစ်လေ၏" ဟူ၍ ဂါထာဖြင့် တရားဟောတော်မူ၏။ ဤတရားစကားကို ကြားနာရပြီးသော် ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

၂၂၂။ ဥပဿကာငါးဦး တရားနာကြပုံ

သာဝတ္ထိပြည်မှ ဥပါသကာငါးဦးတို့သည် တရားနာလို၍ ကျောင်းသို့သွားပြီး ဘုရားရှင်ထံ၌ တရားတော်ကို နာကြားနေစဉ်ပင် တဦးသည် ထိုင်လျက်

အိပ်နေ၏။ တဦးသည် မြေဒွဋ္ဌ လက်ချောင်းဖြင့် ရေးခြစ်နေ၏။ တဦးသည် သစ်တပင်ကို ကိုင်လှုပ်၍နေ၏။ တဦးသည်ကောင်းကင်သို့ မော့ကြည့်နေ၏။ တဦးကား ရိုသေစွာတရားနာနေ၏။

ထိုအခါ ဘုရာရှင်အား ယပ်ခတ်ပေးနေသည့် အရှင်အာနန္ဒာသည် ထိုသူငါးဦးတို့၏ အမူအရာအသီးသီးကို မြင်လျှင် "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် မိုးကြီးရွာသကဲ့သို့ တရားဟောနေတော် မူသော်လည်း ဤသူငါးဦး အသီးသီးကား ဤသို့ဤသို့ ပြုလုပ်ကာနေပါ၏" ဟု လျှောက်လေ၏။

ဘုရားရှင်က "အာနန္ဒာ၊ ဤသူငါးဦးသည် ရှေးဘဝက သူတို့ အလေ့အကျင့်များကို မပယ်ဖျောက်နိုင်ကြ၍ ဤသို့ ပြုမူနေခြင်း ဖြစ်၏။

(၁) အိပ်ပျော်နေသူကား ရှေးက ဘဝငါရုပတ်လုံး မြွေမျိုးဌာဖြစ်၍ အခွေတို့ဌ ခေါင်းချပြီး အိပ်ကာ နေခဲ့ဘူး၏။

(၂) မြေဒွဋ္ဌ လက်ချောင်းဖြင့် ရေးခြစ်နေသူကား ရှေးက ဘဝငါးရုပတ်လုံး တိမျိုးဌာဖြစ်၍ မြေကိုတူးကာ နေခဲ့ဘူး၏။

(၃) သစ်ပင်ကို ကိုင်လှုပ်နေသူကား ရှေးက ဘဝငါးရုပတ်လုံး မျောက်မျိုးဌာ ဖြစ်ခဲ့ဘူး၏။

(၄) ကောင်းကင်သို့ မော့ကြည့်နေသူကား ရှေးကဘဝငါးရုပတ်လုံး နက္ခတ်ပညာရှင် ဖြစ်ခဲ့ဘူး၏။

(၅) ရိုသေစွာ တရား နာသူကား ရှေးက ဘဝငါးရုပတ်လုံး ဗေဒင်သုံးပုံကို လေ့လာဆည် ပူးသူ ဖြစ်ခဲ့ဘူး၏" ဟု၍ မိန့်တော်မူ၏။

ထို့နောက် အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ရှင်တော်ဘုရား၏ တရားတော်သည် အလွန် နာချင်စရာကောင်းသော တရား မဟုတ်ပါလော" ဟု မေးလျှောက်၏။

ဘုရားရှင်က "အာနန္ဒာ၊ တရားတော်မည်သည် နာချင်စရာကောင်းသည် မဟုတ်။ ဆင်းရဲပင်ပန်းစွာ နာယူရသည့် အရာ ဖြစ်၏။ ဘုရား, တရား, သံဃာ ဟူသော စကားကို ဤသတ္တဝါတို့သည် ကမ္ဘာကုဋေ သိန်းပေါင်းများစွာမှာလည်း မကြားခဲ့စဖူး။ ကြားဘူးလေ့မရှိ။ ထို့ကြောင့် ဤတရားတော်ကို နာကြားရန် မတတ်နိုင်ကုန်။ အစမဆင်သည့် သံသရာ၌ ဤသတ္တဝါတို့သည် မင်္ဂိုလ်မှ ဗိလာဖြစ်သော စကားများကိုသာ ကြားနာလာခဲ့ကြရကုန်၏။ ထို့ကြောင့် သေသေးကဲ်ရာ, ပျော်ရွှင်ရာ, ကစားရာ စသည်တို့သို့ သီဆိုကခုန်ကာ လှည့်လည်နိုင်ကြကုန်၏။ တရားကို နာကြားရန်ကား မတတ်နိုင်ကုန်" ဟု မိန့်တော်မူ၏။

ထို့နောက် အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ အဘယ်တရားကို မှီ၍ ထိုသူတို့သည် တရားကို နာကြားရန် မတတ်နိုင်ကြပါသနည်း" ဟု ဆက်မေးလျှောက်၏။

ဘုရားရှင်က "အာနန္ဒာ၊ ရာဂကိုမှီ၍, ဒေါသကိုမှီ၍, တဏှာကိုမှီ၍(တရားကို နာကြားရန်) မတတ်နိုင်ကြကုန်။ သင်္ဘာဝါတို့ကို ပြာပါမကျန် လောင်စေတတ်သဖြင့် ရာဂမီးနှင့်တူသည့် မီးသည်မရှိ။ နေခုနစ်စင်း ပေါ်ထွက်၍ ဤကမ္ဘာလောကကို ဘာမျှ မကျန်အောင် လောင်စေသော်လည်း ရံခါသာ လောင်၏၊ ရာဂမီးကား အခါခပ်သိမ်း လောင်၏။ မလောင်သည့်ကာလမရှိ။ ထို့ကြောင့် ရာဂနှင့်တူသည့်မီး၊ ဒေါသနှင့်တူသည့် ဖမ်းစားတတ်သူ၊ မောဟနှင့် တူသည့် ပိုက်ကွန်၊ တဏှာနှင့်တူသည့်မြစ်မရှိပေ" ဟူ၍ စကားပြေ,ဂါထာနှစ်မျိုးစလုံးဖြင့် တရားဟောတော်မူ၏။ ဤတရားကို ကြားနာရပြီးသော် ကောင်းစွာ တရားနာသော ဥပါသကာသည် သောတာပန် ဖြစ်လေ၏။

၂၂၃။ နွားသတ်သမား၏သားကို ကယ်မခြင်း

သာဝတ္ထိပြည်၌နွားသတ်သမားတဦးသည် ငါးဆဲ့ငါးနှစ်တိုင် နေ့စဉ်နွားများကို သတ်၍ အသားကို ရောင်းချပြီး မိမိလည်း သားမယားနှင့်အတူ အမဲသားနှင့်တကွ ထမင်းစားလေ့ ရှိ၏။ ရဟန်းသံဃာတို့အား အနည်းငယ်မျှ လှူဘူးသည် မရှိ။

တနေ့သ၌ သူသည် အိမ်၌ ချက်ရန် မယားအား ပေးထားခဲ့သည့် အသားဘုံးကို သူရေချိုးသွားခိုက် သူ၏ မိတ်ဆွေတဦးက ညည့်သည်အတွက် အတင်းဝယ်ယူသွား၏။ ပြန်ရောက်လာသော် သူသည် အမဲမပါဘဲ ထမင်းစားလေ့မရှိရကား ဓားကိုယူသွားပြီး အိမ်နောက်ဖေးဌာ ရပ်နေသည့် နွား၏လျှာကို ဖြတ်ယူလာ၏။ ထိုလျှာကို ဖုတ်ကင်ပြီး လှီးပိုင်း၍ ထိုင်ကာ ထမင်းတလုပ်ကို စားပြီး နွားလျှာတပိုင်းကို ပါးစပ်ထဲ ထည့်လျှင်ပင် သူ၏လျှာသည် ပြတ်၍ ထမင်းခွက်ထဲ ကျလေ၏။ ထိုအခါ ကံတူအကျိုး ဖြစ်ပေါ်လာ၏။ သူသည် ထိုနွားကဲ့သို့ ပါးစပ်မှ သွေးများ ယိုစီးကာ အိမ်ထဲ၌ ဒူးတုပ်လျက် လှည့်လည်သွားလာ အော်ဟစ်မြည်တမ်းရရှာလေ၏။

ထိုအခါ မယားသည် အနီး၌ ရပ်ကြည့်နေသည့် သားအား "ချစ်သား၊ ဤဆိုးကျိုးသည် သင့်အပေါ်သို့ကျရောက်လတံ့။ ထွက်ပြေးလော့" ဟုဆို၏။ နွားသတ်သမားလည်း ထိုသို့ သွားလာမြည်တမ်းလျက် သေသော် အဝီစိငရဲ၌ ဖြစ်လေ၏။

နွားသတ်သမား၏သားလည်း တက္ကသိုလ်ပြည်သို့ထွက်ပြေးကာရှေပန်းထိမ် အတတ်ကိုသင်ယူ၍ ထူးခြန်စွာ တတ်မြောက်သဖြင့်ဆရာ့သမီးနှင့် အိမ်ထောင်ကျကာ သားသမီးများ ထွန်းကားလေ၏။ ထိုသားများသည် အရွယ်ရောက်၍ အတတ်သင်ပြီးကြသော် ဖခင်နှင့်တကွ သာဝတ္ထိပြည်သို့ လာ၍ အိမ်ထောင်ပြုကာ နေကြလေ၏။ ထိုသားတို့ကား သဒ္ဓါတရားနှင့် ပြည့်စုံကြပြီး ဖခင်မူတက္ကသိုလ်၌ ကောင်းမှုတစုံတရာမပြုဘဲ အိုခြင်းသို့ ရောက်ခဲ့ရပေပြီ။

ထိုအခါ သားတို့သည် ဖခင်အိုအတွက် ရည်စူး၍ ဘုရားရှင် အမှူးရှိသော ရဟန်းအပေါင်းအား အိမ်သို့ ပင့်ဖိတ်၍ ဆွမ်းကျွေးကြပြီးလျှင် "မြတ်စွာဘုရား၊ ဤဇီဝဘတ်(အသက်ရှင်သူအတွက် ရည်စူးလှူသောအလှူ)ကို အသက်ရှင်လျက်ရှိသော ဘခင်အတွက် လှူဒါန်းပါ၏။ ဘခင်အတွက် အနုမောဒနာပြုတော်မူပါဘုရား" ဟု လျှောက်ထားကြ၏။

ဘုရားရှင်သည် ထို့ဘခင်အိုအား "ဒါယကာ၊ သင်ကား အသက်ကြီးရင့်လေပြီ။ သင့်မှာ တမလွန်ဘဝအတွက် ကုသိုလ်ရိက္ခာထုပ် မရှိသေး။ မိမိဆောက်တည်ရာကို ပြုလော့။ ပညာရှိဖြစ်လေ့။ မိုက်မဲတွေဝေသူ မဖြစ်လင့်" ဟု မိန့်တော်မူ၏။

ထို့နောက် ဆက်၍ "ဒါယကာ၊ သင်သည် ယခု ဖျော့တော့သော ဖက်ရွက်ကဲ့သို့ ဖြစ်လေပြီ။ သေမင်း၏ တမန်တို့သည် အနီး၌ တည်ကုန်ပြီ။ သင်သည် ဆုတ်ယုတ်ပျက်စီးခြင်းအစ (ဘဝအဆုံး)၌ တည်လေပြီ။ သင့်မှာ နောင်ဘဝရိက္ခာလည်း မရှိသေးချေ။ သင်သည် မိမိ၏မှိုရာကျန်းနှင့် တူသော ကောင်းမှုကို ပြုလော့။ လျင်စွာ အားထုတ်လော့။ ပညာရှိဖြစ်လော့။ ကိလေသာ အညစ်အကြေး ထုတ်ပယ်၍ ကိလေသာမရှိမူ 'သုဒ္ဓဝါသ'ဘုံ ဟူသော အရိယာတို့နေရာ ဗြဟ္မာ့ဘုံသို့ ရောက်ရပေလတံ့" ဟူ၍ နှစ်ဂါထာဖြင့် ဟောကြားတော်မူ၏။

ဤတရားကို ကြားနာရပြီးသော် ထိုနွားသတ်သမား၏သား (ဘခင်အို) သည် သောတာပန် ဖြစ်လေ၏။ ထို့သူ၏ သားများသည် နောက်တနေ့၌လည်း ထို့အတူ ဘခင်အတွက် ဆွမ်းကြွေးပြန်၏။ ဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးပြီးသော် နှစ်ဂါထာဖြင့် အလားတူ အနုမောဒနာတရားကို ဟောတော်မူပြန်၏။ ထိုတရားကို ကြားနာရပြီးသော် ထိုဘခင်အိုသည် အနာဂါမ် ဖြစ်လေ၏။

၂၂၄။ မာနကြီးသော 'ပေါဒ္ဓိလ'မထေရ်ကို ဆုံးမခြင်း

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ 'ပေါဒ္ဓိလ'မထေရ်သည် ရှေးဘုရားရှင် ခုနစ်ဆူတို့၏ သာသနာ၌ ပိဋကတ်သုံးပုံဆောင် ရဟန်းဖြစ်ခဲ့ဘူးပြီး ယခု

ဘုရားရှင်လက်ထက်၌လည်း ပိဋကတ်သုံးပုံ တတ်မြောက်၍ ရဟန်းငါးရာတို့အား စာပေပို့ချ သင်ကြားပေးလျက် ရှိ၏။ သူသည် ပိဋကတ်သုံးပုံ တတ်မြောက်၍ ပညာမာန အလွန် ထောင်လွှား၏။

ဘုရားရှင်သည် သူ၏ မာနကို ချိုးနှိမ်ရန် သူလာရောက်ခစားသောအခါ၌ "အချည်းနှီး အသုံးမကျသော ပေါဋ္ဌိလ လာလော့" ဟုဂုင်း၊ ပြန်သွားသော အခါ၌လည်း "အချည်းနှီး အသုံးမကျသော ပေါဋ္ဌိလ၊ ထသွားရှာပြီ" ဟုဂုင်း မိန့်တော်မူလေ့ ရှိ၏။

ထိုအခါ ပေါဋ္ဌိလမထေရ်သည် "ငါ့မှာ စျာန်မဂ်ဖိုလ်တို့ မရှိခြင်းကြောင့် ဘုရားရှင်က ငါ့အား ဤသို့ ခေါ်တော်မူဘိ၏" ဟု ပြင်းစွာ ထိတ်လန့်သံဝေဂရလေရကား ရဟန်းတပါးကိုမျှ အသိမပေးဘဲ တပါးတည်း သက်နှံးသပိတ်ကိုယူ၍ ယူဇနာတရာ့နှစ်ဆယ် ဝေးသော တောသို့ သွားလေသော် ရဟန္တာမထေရ် သုံးဆယ် နေထိုင်သော တောကျောင်းတခုသို့ ရောက်သွားလေ၏။

သူသည် မထေရ်ကြီးအား ရှိခိုးလျက် "အရှင်ဘုရား၊ တပည့်တော်၏ မှီခိုရာ ဖြစ်တော်မူပါ" ဟု ကျိုးနွံစွာ လျှောက်၏။ မထေရ်ကြီးကလည်း သူ၏မာနကို ကျိုးနွံစေရန် ဒုတိယမထေရ်ထံသို့ လွှတ်လိုက်၏။ ဒုတိယမထေရ်ကလည်း ထို့အတူ လက်မခံဘဲ တတိယမထေရ်ထံ လွှတ်လိုက်ပြန်၏။ ဤသို့ အဆင့်ဆင့်လွှတ်လိုက်သော် နောက်ဆုံး ခုနစ်နှစ်သား ရဟန္တာသာမဏေထံ ရောက်သွား၏။

သူသည် ထိုသာမဏေအား ရိုသေကျိုးနွံစွာ ရှိခိုးပြီး "မှီခိုအားထားရာ ဖြစ်တော်မူရန်" အဖန်တလဲလဲ တောင်းပန်လေမှ ထိုသာမဏေက ကရုဏာရှေထား၍ လက်ခံလေ၏။

ပေါဋ္ဌိလမထေရ်သည် ထိုရဟန္တာသာမဏေပြုခိုင်းသည့်အတိုင်း မနောဒွါရမှ တပါး ကျန်ငါးဒွါရ၌ဖြစ်သော အာရုံတို့ကို ပိတ်၍ မနောဒွါရ၌ ပြုအပ်သော အမှုကို ပြုလျက် ခန္ဓာကိုယ်၌ ဉာဏ်ကို ချသွင်း၍ ရဟန်းတရားကို အားထုတ်လေ၏။

ထိုအခါ ဘုရားရှင်သည် ပေါဋ္ဌိလမထေရ်၏ စိတ်ဉာဏ် အခြေအနေကို ကျောင်းတော်ကပင် ကြည့်ရှု၍ ရောင်ခြည်တော်တို့ကို လွှတ်တော်မူလျက် ရှေ့၌ ကိုယ်တော်ထင်ရှား ရှိဘိသကဲ့သို့ ပြုတော်မူပြီးလျှင်-

"ပေါဋ္ဌိလ၊ ကမ္မဋ္ဌာန်းအာရုံ၌ နှလုံးသွင်း အားထုတ်မှုကြောင့် ပညာသည် ဖြစ်ပေါ်ကြီးပွား၏။ ကမ္မဋ္ဌာန်းအာရုံ၌ နှလုံးသွင်း အားထုတ်မှု ပျက်ခြင်းကြောင့် ပညာကုန်ခမ်းခြင်း ဖြစ်၏။ ပညာဖြစ်ပွားခြင်း, ပညာဆုတ်ယုတ်ခြင်း

တို့၏ ဤလမ်းနှစ်သွယ်ကို သိမြင်ပြီးသော် ပညာကို တိုးပွားအောင် မိမိကိုယ်ကို ကမ္မဋ္ဌာန်းဘာဝနာ၌ သိမ်းသွင်းထားရာ၏" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူ၏။ ပေါဋ္ဌိလမထေရ်သည် ဤတရားကို ကြားနာရပြီးသော် ရဟန္တာဖြစ်လေ၏။

၂၂၅။ ရွှေပန်းထိမ်သည်ရဟန်းနှင့် အသုဘကမ္မဋ္ဌာန်း

နုပျိလှပသောရွှေပန်းထိမ်သည်သားတဦးသည် အရှင်သာရိပုတ္တရာထံ၌ ရဟန်းပြုပြီး မထေရ်ပေးသော အသုဘကမ္မဋ္ဌာန်းကို ယူ၍ တောသို့သွားကာ တရားအားထုတ်လေ၏။ သူသည် ဝါတွင်းသုံးလပတ်လုံး တရားအားထုတ်လေရာ စိတ်မကြည်မသာ မဘည်ငြိမ်သဖြင့် တရားထူးကို မရပေ။ သူသည် ပြန်လာ၍ မထေရ်အား ထိုအကြောင်းကိုပြောကြားပြီး မထေရ်ကထပ်ပေးသည့်အသုဘကမ္မဋ္ဌာန်းအထူးကို ယူ၍ တရားအားထုတ်ပြန်သော်လည်း တရားထူးမရဖြစ်လေ၏။

သူသည် တဖန် ပြန်လာ၍ မထေရ်က ထပ်ပေးသည့် ဥပမာနှင့်တကွသော အသုဘကမ္မဋ္ဌာန်းကိုယူပြီး အားထုတ်ပြန်ပါသော်လည်း တရားထူးမရဖြစ်ပြန်လေ၏။ ထို့ကြောင့် သုံးကြိမ်မြောက် ပြန်လာသော် အရှင်သာရိပုတ္တရာသည် "ငါကား ဤရဟန်း၏ အလို အဇျာသယကိုမသိ။ ဤအသုဘကမ္မဋ္ဌာန်းသည် ဤရဟန်းနှင့် မသင့်လျော်သည် ဖြစ်လတံ့" ဟု ထိုရဟန်းငယ်ကို ဘုရားရှင်ထံခေါ်သွားပြီး အကြောင်းစုံကို လျှောက်ကြားလေ၏။

ပုဂ္ဂိုလ်တို့၏ အလို,အတွင်းသဘောကိုသိနိုင်သည့်'အာသယာနုသယဉာဏ်' ကား သဗ္ဗညု ဘုရားရှင်တို့၏ အရာတည်း။ ထို့ကြောင့် ဘုရားရှင်သည် ရွှေပန်းထိမ်သည်အလုပ် လုပ်ခဲ့သော ထိုရဟန်းငယ်၏ ရှေးဘဝများကို ဆင်ခြင်သော် "ဤရဟန်းငယ်သည် ရှေးဘဝငါးရာတိုင် ရွှေပန်းထိမ်သည် ဖြစ်ခဲ့သည်"ကို မြင်တော်မူသဖြင့် "ဤရဟန်းသည် မတင့်တယ်သော အသုဘကမ္မဋ္ဌာန်းနှင့်မသင့်လျော်၍တရားထူးမရခြင်းဖြစ်၏။ တင့်တယ်သည့်ကမ္မဋ္ဌာန်းနှင့်သာ သင့်လျော်၏" ဟူ၍ သိမြင်တော်မူ၏။

ထိုအခါ ဘုရားရှင်သည် တန်ခိုးတော်ဖြင့် လှည်းဘီးမျှ လောက်သော ရွှေပဒုမာကြာပန်းကြီးကို ဖန်ဆင်း၍ ထိုရဟန်းငယ်အားပေးပြီး "ချစ်သား ဤကြာပန်းကြီးကိုယူ၍ ကျောင်း၏အစွန် သဲပုံပေါ်တွင်ထားပြီး ကမ္မဋ္ဌာန်းရှုလော့" ဟု မိန့်တော်မူ၏။

ရဟန်းငယ်လည်း ထိုအတိုင်းပြုလုပ်သော် နှစ်သက်ခြင်းပီတိဖြစ်၍ စိတ်ကြည်လင်မှုကိုရသဖြင့် တဖြည်းဖြည်း စတုတ္တစျာန်အထိ ရလေ၏။

ထိုအခါ ဘုရားရှင်သည် ပဒုမာကြာပန်း တဖြည်းဖြည်း ညှိုးသွားအောင် ဖန်ဆင်းတော်မူ၏။ ကြာပန်းသည် တဖြည်းဖြည်း ညှိုးနွမ်းပြီး မဲပုတ်သွားသည်ကို မြင်သော် ထိုရဟန်းသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးကို ထင်ရှားသိမြင်လာ၏။ ဘုရားရှင်လည်း ဂန္ဓကုဋီဝှက်၌ နေတော်မူလျက်ပင် ရောင်ခြည်တော်တို့ကို လွှတ်၍ ရွှေ၌ တည်ရှိနေဘိသကဲ့သို့ ကိုယ်တော်ကို ထင်ရှားပြလျက် ထိုရဟန်းအား တကျာကို ပယ်ခွာစေရန် အလို့ငှာ....

"ရဟန်း၊ တန်ဆောင်မုန်းလ ရာသီ၌ ပွင့်သော ကုမုဒြာ ကြာပန်းကို လက်ဖြင့် ချိုးဖြတ်သကဲ့သို့ မိမိ၏ ချစ်ခြင်းတကျာကို အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်လော့။ ဘုရားရှင်သည် နိဗ္ဗာန်ကို ဟောတော်မူ၏။ နိဗ္ဗာန်နဲ့ ရောက်ကြောင်း မဂ္ဂင်ရှစ် ပါးကိုသာ ပွားများလေလော့" ဟူ၍ ဂါထာဖြင့် တရားဟောကြားတော်မူ၏။ ဤတရားကို ကြားနာရပြီးသော် ထိုရဟန်းသည် သောတာပန်ဖြစ်လေ၏။

၂၂၆။ ဓမ္မိက ဥပသကာထံ နတ်ရထားများ ဆိုက်ကာခြင်း

သာဝတ္ထိပြည်၌ 'မဟာဓမ္မိက' မည်သော ဥပသကာသည် အမြဲမပြတ် ရဟန်းတို့အား ဆွမ်းကျွေးခြင်း၊ ဒါနပြုခြင်းတို့ကိုပြုပြီး သီလဆောက်တည်၍နေ၏။ သူ၏ မယား၊ သား ခုနစ်ဦး၊ သမီး ခုနစ်ဦးတို့ သည်လည်း ထို့အတူ ဒါန သီလမှုတို့ကို ပြုကြကုန်သည်သာတည်း။ နောင်သောအခါ ထိုဥပသကာသည် သေခါနီးလောက်သော အနာရောဂါဖြစ်သော် တရားနာလိုသဖြင့် ဘုရားရှင်ထံ လူစေလွှတ်၍ ရဟန်းတို့ကို ပင့်ဆောင်စေ၏။

ရဟန်းတို့သည် ထိုဥပသကာ၏ အိပ်ရာညောင်စောင်းကို ဝန်းရံ ခင်းထားသည့် နေရာများ၌ ထိုင်ကြလျက် ထိုဥပသကာ ကြားနာချင်သည့် **'သတိပဋ္ဌာန်သုတ်တရား'** ကို ရွတ်ဆိုကြလေ၏။ ထိုသို့ ရွတ်ဆိုနေစဉ်ပင် နတ်ပြည်ခြောက်ထပ်မှ နတ်သားတို့သည် ရထားခြောက်စင်းတို့ဖြင့် ရောက်လာပြီး ဓမ္မိက ဥပသကာအား "ဤရထားပေါ် တက်ပါလော့။ ကျွန်ုပ်တို့၏ နတ်ပြည်၌ မွေ့လျော်ပါလော့" ဟု အသီးသီးဆိုကြ၏။

ဓမ္မိက ဥပသကာသည် တရားနာခြင်း၌ အနှောက်အယှက် မဖြစ်စေလိုသဖြင့် "ဆိုင်းငံ့ကြပါဦး" ဟု ဆိုလိုက်၏။

သုတ္တန်ရွတ်ဆိုကြသည့် ရဟန်းတို့သည် "မိမိအား တားမြစ်သည်" ထင်မှတ်၍ ဆိတ်ဆိတ်နေကြ၏။ သားသမီးတို့လည်း "ဘခင် စုတေတော့မည်" ဟု ထင်မှတ်၍ ငိုကြွေးမြည်တမ်းကြလေ၏။

ရဟန်းတို့သည်း "ယခု တရားရွတ်ဖတ်ရန် မသင့်တော့ပြီ" ဟု ထ၍ ပြန်ကြလေ၏။

ဥပသကာသည် ချက်ခြင်းပင် သတိရ၍ "သင်တို့ အဘယ်ကြောင့် ငိုကြသနည်း။ ရဟန်းတော်တို့ ဘယ်မှာနည်း" ဟု မေး၏။ သားသမီး တို့က အကြောင်းစုံ ပြောပြကြသော်-

ဥပသကာက "ငါသည် ငါ့အား လာခေါ်ကြသည့် နတ်သားတို့ကို တား မြစ်ခြင်းဖြစ်၏။ ရဟန်းတော်တို့ကို တားမြစ်သည်မဟုတ်" စသည်ဖြင့် ရှင်းပြ လေ၏။

သားသမီးတို့က "ဘခင်၊ရထားတို့ ဘယ်မှာနည်း။ ကျွန်ုပ်တို့ မမြင်ကြပါ" ဟု ဆိုကြသော်-

ထိုဥပသကာက "ငါ့အတွက် ကုံးထားသည့် ပန်းကုံးကိုယူ၍ ငါတို့ဘခင် ဖြစ်လိုသည့် တုသိတာ နတ်ပြည်မှ လာသော ရထားဦး၌ ချိတ်စွပ် ပါစေ သတည်းဟု အဓိဋ္ဌာန်ပြီး ပန်းကုံးကို ပစ်မြှောက်လော့" ဟုဆို၏။ သားသမီး တို့သည် ဘခင် ဆိုတိုင်းပြုသော် ထိုပန်းကုံးသည် ရထားဦး၌ ချိတ်စွပ်၍ ကောင်းကင်၌ တွဲလဲဆွဲလျက် တည်နေလေရာ လူတို့သည် ပန်းကုံးကိုသာ မြင်ကြရပြီး ရထားကိုမူ မမြင်ကြရကုန်။

ထိုအခါ ဥပသကာက "သားတို့သမီးတို့၊ ငါသည်တုသိတာနတ်ပြည်သို့ သွားအံ့။ သင်တို့ မစိုးရိမ် မပူပန်ကြလင့်။ ငါ့ထံ၌ ဖြစ်လိုလျှင် ငါပြုသည့် အတိုင်း ကုသိုလ်များကိုပြုရစ်ကြလော့" ဟု မှာထားပြီး သေသော် တုသိသာ နတ်ပြည်၌ပင် နတ်သားဖြစ်လေ၏။

တရားစာ ရွတ်ကြသည့် ရဟန်းတို့လည်း ဘုရားရှင်ထံသို့ သွား၍ ထို အကြောင်းကို လျှောက်ထားကြ၏။ ဘုရားရှင်က ထိုဥပသကာထံသို့ နတ်ပြည် ခြောက်ထပ်မှရထားခြောက်စင်းနှင့် နတ်သားများ ရောက်လာကြပုံ အလုံးစုံ ကို ရှင်းပြတော်မူသော် ထိုရဟန်းတို့က "မြတ်စွာဘုရား၊ ထိုဥပသကာသည် ဤလူ့ပြည်တွင် ဆွမျိုးများ အလယ်၌ မွေ့လျော်စွာ နေထိုင်ရပြီးလျှင် ယခုပင်စုတေ၍ တဖန်မွေ့လျော်ဘွယ်ကောင်းသည့် အရပ်၌ပင် ဖြစ်ရပေ၏" ဟု လျှောက်ကြ၏။

ဘုရားရှင်က "ရဟန်းတို့ ဟုတ်မှန်ပေ၏။ ကောင်းမှုနှင့် မမေ့မလျော့သော သူတို့သည် လူဖြစ်စေ၊ ရဟန်းဖြစ်စေ အားလုံးသော အရပ်၌ မွေ့လျော် ကြရသည်သာလျှင်တည်း" ဟု မိန့်ပြီးနောက်-

"ရဟန်းတို့၊ ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ပစ္စုပ္ပန် တမလွန် နှစ်ဘဝလုံး၌လည်း

ဝမ်းမြောက်ရ၏။ထိုသူသည် မိမိ၏ စင်ကြယ်သော ကောင်းမှုကံကို တွေ့မြင်၍ ဝမ်းမြောက်ရ၏။ သုဂတိဘုံဘဝသို့ ရောက်သောအခါ ထိုထက် သာ၍ပင် ဝမ်းမြောက် ရွှင်လန်းရ၏" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူလေ၏။

၂၂၇။ တိဘွိဘို့၏ ဒါယကာများကို ချတ်ခြင်း

သာဝတ္ထိပြည်၌ တိတ္တိတို့၏ တပည့်ဒါယကာတို့သည် မိမိတို့၏ သားများအား သမ္မာအယူရှိ ဒါယကာတို့၏သားများနှင့် ကစားကြပြီး အိမ်ပြန်လာကြသည့် အခါ "သင်တို့သည် သာကီဝင်ရဟန်းတို့ကို ရှိမခိုးအပ်ကုန်။ သူတို့ကျောင်းသို့ မသွားအပ်ကုန်" ဟု ကျိန်စာဆိုခိုင်းကြ၏။

တနေ့သ၌ ဇေတဝန်ကျောင်း၏ တံခါးမုခ်အနီးတွင် ထိုသို့ကစားကြစဉ် ရေငတ်ကြသော ထိုတိတ္တိတို့၏ သားများသည် သမ္မာအယူရှိ ဥပသကာတို့၏ သားအား "သင်သည် ဤကျောင်းသို့သွား၍ ရေသောက်ပြီး ငါတို့ဘို့လဲ ရေယူခဲ့လော့" ဟု စေလွှတ်ကြ၏။ ထိုသူငယ်လည်း ကျောင်းသို့ သွားကာ ဘုရားရှင်အားရှိခိုးပြီး ရေသောက်၍ ထိုအကြောင်းကို လျှောက်ကြားလေ၏။

ဘုရားရှင်က "ရေမှာလိုက်သည့် သူငယ်တို့ကို ဤကျောင်းသို့ စေလွှတ်လိုက်လော့" ဟု မိန့်တော်မူ၏။ထိုသူငယ်တို့ ရေလာသောက်ကြသော် ဘုရားရှင်က ခေါ်ပြီး သင့်လျော်သည့် တရားစကားကို ဟောကြား၍ သရဏဂုံ၊ သီလတို့၌ တည်စေတော်မူ၏။

ထိုသူငယ်တို့သည် အိမ်ပြန်ရောက်၍ ထိုအကြောင်းကို ပြောပြကြသော် သူတို့၏ မိဘတို့က "ငါတို့သားကား ဖောက်ပြန်ပျက်စီးသည့် အယူကို ယူလေပြီ" ဟု ငိုကြွေးမြည်တမ်းကုန်၏။

လိမ်မာသည့် အိမ်နီးချင်းတို့လာ၍ တရားဟောပြောသော် ထိုသူတို့က "ဤသူငယ်တို့ကို ရဟန်းဂေါတမအားသာ အပ်နှင်းကြတော့အံ့" ဟု ဆွေမျိုးများနှင့်တကွ ဇေတဝန်ကျောင်းသို့ ခေါ်ဆောင်သွားကြ၏။

ဘုရားရှင်သည် ထိုသူတို့၏ စိတ်အလိုကို ကြည့်ရှုတော်မူ၍ "ဒါယကာတို့ အပြစ်မရှိသော တရားမှန်၌ အပြစ်ရှိ၏ဟုအယူရှိကြပြီး၊ အပြစ်ရှိသော တရားမှား၌မူ အပြစ်မရှိဟု အယူရှိကုန်သော မိစ္ဆာအယူရှိ သတ္တဝါတို့သည် ဒုဂ္ဂတိ ဘဝသို့ ရောက်ရကုန်၏။ အပြစ်ရှိသော တရားမှားကို အပြစ် ရှိ၏ဟုဌင်း၊ အပြစ်မရှိသော တရားမှန်ကို အပြစ်မရှိဟုဌင်း သိမြင်ကြသဖြင့် သမ္မာအယူရှိ သတ္တဝါတို့သည် သုဂတိ ဘဝသို့ ရောက်ရကုန်၏" ဟူ၍ နှစ်ဂါထာဖြင့် တရားဟောတော်မူ၏။

ဤတရားကို ကြားနာကြရသော် ထိုမိစ္ဆာအယူ ရှိသူတို့အားလုံး သရဏဂုံသုံးပါးခို့ တည်ကြပြီး နောက် အဆင့်ဆင့် တရားများကို နာကြားရသော် သောတာပန် ဖြစ်ကြလေ၏။

၂၂ဂ။ ပုဏ္ဏားအိုကြီးနှင့် သားမိုက်လေးဦးကို ဆုံးမခြင်း

သာဝတ္ထိပြည်၌ ဥစ္စာရှစ်သိန်းကြွယ်ဝချမ်းသာသောပုဏ္ဏားအိုကြီးတဦးသည် မိမိ၏သားလေးယောက်တို့ အိမ်ထောင်ပြုကြသော် တယောက် တသိန်းစီ ပေးလိုက်၏။ နောက် ပုဏ္ဏေးမအိုသေသော် ထိုသားလေးယောက်တို့သည် ဘခင်အိုအား ခြေလက်တို့ကို ဆုပ်နယ်ပေးလျက် "ကျွန်ုပ်တို့သည် ဘခင်ကို လုပ်ကျွေးကြပါကုန်အံ့" ဟု မြွေ့ဆွယ်ပြောဆိုကြ၏။ ဘခင်အိုကြီးလည်း ခါးဝတ်ပုဆိုးမှတပါး အိမ်အသုံးအဆောင်များနှင့်တကွ ကျန်ငွေလေးသိန်းကို သားလေးဦးတို့အား အညီအမျှ ဝေပေးလေ၏။

ပုဏ္ဏားအိုကြီးသည် သားကြီးအိမ်သို့သွားသော် နှစ်ရက် သုံးရက်သာ ကောင်းစွာလုပ်ကျွေးပြီး နောက်တနေ့သွားသော် ချွေးမက "သင့် ဘခင်သည် သားကြီးဟူ၍ တရာ့တထောင် ပိုပေးခဲ့သလော။ ကျန် သားများ အိမ်သို့လည်း သွားရာလမ်းကို မသိသလော" ဟု ဆို၏။ ပုဏ္ဏားကြီးသည် အမျက်ထွက်ကာ ဒုတိယ သားအိမ်သို့သွား၏။ ရှေးနည်းတူပင် ချွေးမက ဆိုပြန်၏။

ဤသို့စသည် စတုတ္ထသားအိမ်မှ ချွေးမကဆိုပြန်သော် ပုဏ္ဏားကြီးသည် ခိုကိုးရာကိုမမြင်သဖြင့် ခွက်ကိုင် တောင်ဝှေးစွဲလျက် "သဘောကောင်း၍ လိမ္မာလှသော ရဟန်းငါတမထံသို့သွားအံ့" ဟုကြံ၍ သွားလေ၏။ ဘုရား ရှင်သည် ပုဏ္ဏားကြီးနှင့် အစေ့အစပ်စကားများပြောဆိုပြီး အကြောင်းစုံကို ကြားရတော်မူသော် "ပုဏ္ဏားကြီး၊ ဤဂါထာတို့ကို သင်ယူ၍ ပရိသတ် အလယ်၌ ရွတ်ဆိုလော့" ဟု မိန့်တော်မူ၍ "ငါ၏သားမိုက်လေးဦးတို့သည် ဘီလူးအသွင် ဆောင်လျက် ပါးစပ်က အဖေ,အဖေဟုဆို၍ ဝမ်းတွင်း၌ ကောက်ကျစ်ကြပြီး မယားများနှင့်တိုင်ပင်ကာ ငါ့ကို နှင်ထုတ်ကြသဖြင့် ငါ တောင်းစားနေရ၏။ ထိုသားတို့သည် ငါ့တောင်ဝှေးလောက်မှအသုံးမကျ" စသည် အဓိပ္ပာယ်ပါရှိသော ငါးဂါထာတို့ သင်ပေးတော်မူ၏။

ပုဏ္ဏားကြီးသည် ထိုဂါထာတို့ကိုသင်ယူ၍ ပရိသတ်အလယ်၌ ရွတ်ဆိုလျှင် လူတို့သည် အမျက်ထွက်ကြပြီး ထိုသားလေးဦးကို သတ်မည်ပြုကြ၏။ ထိုသားမိုက်တို့သည် ကြောက်လန့်သဖြင့် ဘခင်၏ခြေရင်း၌ဝပ်လျက် "ယနေ့

မှစ၍ ဘခင်ကို ကောင်းစွာလုပ်ကျွေးကြပါအံ့''ဟု ဝန်ခံပြီး ဘခင်ကြီးကို ကိုယ်တိုင်ထမ်းယူလာကာ အိမ်သို့ခေါ်သွားကြ၏။

အိမ်၌ ဘခင်ကြီးကို ရေချိုးနံ့သာလိမ်းပေးကြပြီး မယားများကိုခေါ်၍ ''ယနေ့မှစပြီး ငါတို့ဘခင်အား ကောင်းစွာလုပ်ကျွေးကြ။ မေ့လျော့ကြလျှင် သင်တို့ကို ရိုက်သတ်ကုန်အံ့'' ဟုဆိုကာ ဘခင်ကြီးအား အစားကောင်းကို ကျွေးမွေးကြ၏။ ဘခင်အား တယောက်လျှင် ပုဆိုးတစုံစီပေး၍ နေ့စဉ် ထမင်းအုပ်တလုံးစီ ပေးကြလေ၏။

ပုဏ္ဏား.ကြီးသည် မကြာမီ ဝဖိုးလာပြီး မိမိကိုယ်ကိုကြည့်လျက် ''ဤစည်းစိမ်ကို ရဟန်းဂေါတမကြောင့် ရပေ၏''ဟု ဘုရားရှင်ထံ သွားပြီး ''အရှင်ဂေါတမသည် တပည့်တော်၏ ဆရာဖြစ်ပါ၏။ ဆရာ့အဘိုဖြစ်သော ဤပုဆိုးတစုံကို ခံယူတော်မူပါ။ သားတို့က နေ့စဉ် ထမင်းအုပ် လေးခု ဝတ်ပြုရာ နှစ်ခုကို ခံယူတော်မူပါ''ဟု လျှောက်ထား လှူဒါန်းလေ၏။

ဘုရားရှင်က ပုဆိုးတစုံကို လက်ခံတော်မူပြီး ''ပုဏ္ဏားကြီး၊ ငါတို့ကား နှစ်သက်ရာအရပ်သို့သွားကြကုန်အံ့'' ဟု မိန့်ကြား၍ သူ့ကိုလွှတ်လိုက်၏။

ပုဏ္ဏားကြီးသည် သားတို့ထံသွား၍ ''ရဟန်းဂေါတမသည် ငါ့မိတ်ဆွေဖြစ်၏။ ထမင်းအုပ်နှစ်လုံးကို အမြဲလှူကြလော့''ဟု ဆိုလေ၏။ ဘုရားရှင်သည် ထိုသားလေးဦးအသီးသီးထံ တနေ့စီသွားသော် ထိုသားအသီးသီးက အိမ်သို့ပင့်၍ ကောင်းစွာလုပ်ကျွေးလေ၏။

တနေ့သ၌ သားအကြီးသည် မင်္ဂလာမှုတခုပြုသော် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ပင့်ဖိတ်၍ နို့ဃနာဆွမ်းဖြင့် ဆက်ကပ် လုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားရှင်သည် ပုဏ္ဏားကြီးနှင့်တကွ သား, ခွေးမရှစ်ဦးတို့အား ''မိဘတို့ကို လုပ်ကျွေးခြင်းကား ရှေးပညာရှိတို့၏ အလေ့အကျင့်ဖြစ်၏''ဟု အမိကိုလုပ်ကျွေးသော ဘုရားလောင်းဆင်မင်းအကြောင်း 'မာတုပေါသထ'ဇာတ်(ဇာ-၄၂၅)ကို ဟောကြားတော်မူ၏။ ဤတရားကို ကြားနာကြရပြီးသော် ပုဏ္ဏားကြီးနှင့်တကွ သား, ခွေးမ ကိုးဦးလုံး သောတာပန် ဖြစ်ကြလေ၏။

၂၂၉။ ကပိလ ငါးကြိမ် ငရဲလားခြင်း

ကဿပဘုရားရှင်လက်ထက်၌ 'ကပိလ'မည်သော ရဟန်းတပါးသည် ပိဋကတ်သုံးပုံကိုတတ်မြောက်၍အခြံအရံများစွာရှိ၏။ လာဘ်လာဘပေါများ၏။ သူသည် ''ငါ ပိဋကတ် တဘက်ကမ်း ဖတ်တတ်၏''ဟု မာန်ယစ်၏။

လာဘ်လာဘကိုမှီ၍ တဏှာပွားများ၏။ "ငါသည် အလှန်ပညာကြီး၏" ဟု မိမိကိုယ်ကို ထင်မှတ်၏။ သူတပါးတို့ပြောဆိုသည့် အပ်သောအမှုကို မအပ်ဟုငင်း၊ မအပ်သောအမှုကို အပ်၏ဟုငင်း ပြောဆိုလေ့ရှိ၏။

သီလချစ်မြတ်နိုးသောရဟန်းတို့က ဤသို့မပြုရန်ပြောဆိုကြသော် သူက "ငါ့ရှင်တို့၊ ဘယ်လောက်တတ်သိကြသနည်း" ဟု ရှုတ်ချပြောဆိုလေ့ရှိ၏။ သူ့ကို ရဟန်းကောင်းတို့က စွန့်ပယ်ကြပြီး ရဟန်းယုတ်တို့က ခြံရုံကုန်၏။

ဥပုသ်နေ့၌ ပါတိမောက် ရွတ်ဆိုရာတွင် သူက "ငါ့ရှင်တို့၊ သုတ်, အဘိဓမ္မာ, ဝိနည်းသည် မရှိ။ ပါတိမောက်ကို ကြားရသဖြင့်ငင်း၊ မကြားရသဖြင့်ငင်း အဘယ်အကျိုးရှိအံ့နည်း" ဟု ဆို၍ ထသွား၏။ ဤသို့ သူသည် ပရိယတ္တိသာသနာကို ဆုတ်ယုတ်စေ၏။ ထိုမကောင်းမှုကံများကြောင့် သေသော် အဝီစိငရဲသို့ကျ၍ ဘုရားနှစ်ဆူကြားကာလတိုင် ငရဲခံရ၏။

အဝီစိငရဲ၌ကျက်ပြီးသော် သူသည် ထိုကံအကျိုး အကြွင်း အား ဖြင့် အစိရဝတီမြစ်ထဲ၌ ရွှေအဆင်းရှိပြီး ပါးစပ်ပုပ်သော ငါးကြီး ဖြစ်လေ၏။ မြစ်ထဲ၌ကွန်ပစ်သောတံငါတို့သည် ထိုငါးကြီးကိုရ၍ မသတ်ဘဲ ကောသလမင်းကြီးထံ ယူသွားကြ၏။ မင်းကြီးသည် ထိုငါးကြီးကို လှေဖြင့် ဘုရားရှင်ထံ ယူသွား၏။ ငါးကြီးသည် ပါးစပ်ဟလျှင်ပင် ဇေတဝန်ကျောင်းတခုလုံး အပုပ်နံ့လွှင်လေ၏။

မင်းကြီးက "မြတ်စွာဘုရား၊ ဤငါးကြီးသည် အဘယ့်ကြောင့် ရွှေအဆင်းရှိ၍ ပါးစပ်နံ့ပုပ်ပါသနည်း" ဟု မေးလျှောက်၏။

ဘုရားရှင်က "မင်းကြီး၊ ဤငါးသည် ကဿပလက်ထက်၌ ပိဋကတ်သုံးပုံဆောင် ကပိလရဟန်းဖြစ်စဉ်က စာပေပို့ချပြီး ဘုရားရှင်၏ဂုဏ်ကျေးဇူးကို ဟောပြောခဲ့သဖြင့် ရွှေအဆင်းရှိ၏။ လောဘ, မာန၊ကြောင့် ရဟန်းကောင်းတို့ကို ဆဲရေး၍ သာသနာကို ဆုတ်ယုတ်အောင် လုပ်ခဲ့သဖြင့် ရွှေ၌ခံရသည့်ပြင် ပါးစပ်နံ့လည်းပုပ်ရလေ၏" ဟု မိန့်တော်မူ၏။

နောက် ငါးကြီးအား "ယခု သင်သည် ဘယ်ကိုသွားရအံ့နည်း" ဟု မေးတော်မူ၏။

ထိုငါးကြီးက "အဝီစိငရဲသို့သာ သွားရဦးမည်" ဟုလျှောက်ပြီး လှေကို ဦးခေါင်းဖြင့်ပုတ်ခတ်၍ သေသော် အဝီစိငရဲ၌ဖြစ်ပြန်လေ၏။ ထိုအခြင်းအရာကိုမြင်ကြသော် လူတို့သည် လွန်စွာ ထိတ်လန့်ကြလေ၏။

ထိုအခါ ဘုရားရှင်က "ဒါယကာတို့၊ တရားကိုကျင့်ခြင်း, ကောင်းမှုန်စွာ သီတင်းသုံးနေထိုင်ခြင်းတို့ တပေါင်းတည်းဖြစ်သော် အလွန်မြတ်၏" ဟု မိန့်တော်မူပြီးနောက်-

"မေ့မေ့လျော့လျော့ပြုကျင့်သောသူအား တဏ္ဍာသည် တိုးပွားဏ်။ ထို တဏ္ဍာပွားသောသူသည် တဘဝမှတဘဝသို့ ပြေးသွားရဏ်။ ဤယုတ်မာလှသည့် တဏ္ဍာဏ်ညှဉ်းဆဲခြင်းခံရသူအား စိုးရိမ်ကြောင့်ကြမှုတို့ တိုးပွားကုန်ဏ်။ အလွန်စွန့်နိုင်ခဲလှသော ဤယုတ်မာသည့် တဏ္ဍာကို စွန့်နိုင်သောသူအား စိုးရိမ်ကြောင့်ကြမှုတို့ မကပ်ရောက်ကုန်။ ထို့ကြောင့် သင်တို့သည် နိဗ္ဗာန်ကိုအလိုရှိကြသော် တဏ္ဍာဏ်အမြစ်အရင်းကို တူးပစ်ကြလော့" စသည်ကို လေးဂါထာဖြင့် တရားဟောကြားတော်မူဏ်။

၂၃၀။ အပုတ္တကသူဌေးဏ် ရှေးကံ

သာဝတ္ထိပြည်၌ သားသမီးမရှိ၍ 'အပုတ္တက' ဟု အမည်ရသော သူဌေးကြီးသည် ဥစ္စာစည်းစိမ် အလွန် ချမ်းသာကြွယ်ဝသော်လည်း ကောင်းမွန်သည့် ခဲဘွယ်၊ ဘောဇဉ်၊ အဝတ်အထည် စသည့် လူ့အသုံးအဆောင်တို့ကို စားသုံးလိုစိတ် အလျဉ်းမရှိဘဲ ညှံဖျင်းသည့် အစားအစာ၊ အဝတ်အထည် စသည်တို့ကိုသာ သုံးဆောင်လေဏ်။ ရဟန်း ပုဏ္ဏား စသည်တို့အားလည်း အနည်းငယ်မျှ မပေးမလှူပေ။

ကနေ့သ၌ ထိုသူဌေးကြီး သေလေသော် သူ့မှာ သားသမီး စသည့် အမွေခံပုဂ္ဂိုလ်မရှိ၍ သူ့ဥစ္စာအားလုံးကို ကောသလမင်းကြီးက သိမ်းယူရလေဏ်။ ထိုဥစ္ဓာတို့ကို သိမ်းယူပြီးနောက် ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်ကြားပြီး ထိုသူဌေးဏ် ရှေးကံကို မေးလျှောက်လေဏ်။

ဘုရားရှင်က "မင်းကြီး၊ ထိုသူဌေးသည် ရှေးဘဝက မိမိအိမ်သို့ ဆွမ်းခံကြွလာသော ပစ္စေက ဗုဒ္ဓါတပါးကို မြင်လျှင် 'ဆွမ်းလှူလိုက်ကြ' ဟု ဆိုပြီး အိမ်မှထွက်သွားဏ်။ နောက် သူပြန်ရောက်လာ၍ သူဌေးကတော်က ကောင်းမွန်သည့် ဆွမ်းလှူလိုက်သည်ကို တွေ့မြင်ရလျှင် 'ဤရဟန်းကား ငါ့ထမင်းကို စားပြီး အိပ်လတံ့။ ငါ့ကျေးကျွန်တို့ကို ကျွေးရလျှင်ကား ခိုင်းရသေးဏ်' ဟု နှလုံးမသာမယာဖြစ်ဏ်။ ထို့ပြင် သေသွားသော သူ့အကိုဏ်သားကို သတ်ပြီး ဥစ္စာအားလုံးကို သိမ်းပိုက်ခဲ့ဏ်။ ဤသို့လျှင် ထိုသူဌေးကြီးသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခိုင်းသဖြင့် ထိုစည်းစိမ်ဥစ္စာတို့ကို ရခြင်းဖြစ်ဏ်။ ထိုသို့ ပြောဆိုကာ နှလုံးမသာမယာဖြစ်သဖြင့် ထိုစည်းစိမ်ဥစ္စာတို့ကို သုံးဆောင် ခံစားလိုစိတ် မရှိခြင်းဖြစ်ဏ်။ အကိုဏ်သားကို သတ်ခဲ့သဖြင့် ငရဲကျပြီးနောက် ခုနစ်ဘဝတိုင် သားသမီးမရခြင်း ဖြစ်ပေဏ်။ ထိုသူဌေးကြီးမှာ ရှေးကောင်းမှု

ကံလည်း ကုန်ပြီ။ ကောင်းမှုအသစ်ကိုလည်း မပြုလုပ်ပေ''ဟူ၍ ဟောတော်မူလေ၏။

နောက် မင်းကြီးက ''မြတ်စွာဘုရား၊ ဤသူဌေးကြီးသည် ဘုရားရှင်တို့အား အနီး၌နေပါလျက် မပေးမလှူသဖြင့် ဝန်လေးသောအမှုကို ပြုပေ၏'' ဟု လျှောက်သော်၊ ဘုရားရှင်က ''သည်အတိုင်းမှန်၏ မင်းကြီး။ ပညာမရှိသူတို့ကား ဥစ္စာတို့ကိုရသော်လည်း နိဗ္ဗာန်ကို မရှာကြကုန်။ ဥစ္စာကိုမှီ၍ ဖြစ်သော တဏှာက ထိုသူတို့ကို ကာလရှည်စွာ နေ့ညပတ်လုံး သတ်ဖြတ်ဖျက်ဆီးလေဘိ၏''ဟူ၍ စကားပြေ,ဂါထာ နှစ်မျိုးစုံဖြင့် တရားဟောပြတော်မူလေ၏။

၂၃၁။ သုန္ဒရသမုဒ္ဒ မထေရ်နှင့် ပြည့်တန်ဆာမ

သာဝတ္ထိပြည်၌ 'သုန္ဒရသမုဒ္ဒ'မည်သော သူဌေးသားသည် တနေ့သ၌ ဘုရားရှင်၏ တရားကို ကြားနာရလျှင် မိဘတို့အား အတင်းအကြပ် ခွင့်တောင်းခံပြီး ရဟန်းပြု၍ လေးဆဲ့ငါးယူဇနာ ဝေးသော ရာဇဂြိုဟ်ပြည်သို့ကြွ၍ စျာန်တရားပွားများလျက် နေလေ၏။

တနေ့သ၌ သာဝတ္ထိပြည်တွင် တခုသောပွဲသဘင်နေ့၌ ထိုမထေရ်၏ မိဘတို့သည် မိမိတို့သား၏ မိတ်ဆွေသူငယ်ချင်းတို့ ပျော်မြူးကစားကြသည်ကို မြင်ရလျှင် ''ငါတို့သားကား ဤပျော်ရွှင်ပွဲကြီးကို မရရှာဘိ'' စသည်ဖြင့် ဆို၍ ငိုကြွေးကြလေ၏။ ထိုအခါ အိမ်သို့ရောက်လာသော ပြည့်တန်ဆာမ တဦးသည် ငိုကြွေးနေသည့် ထိုမိဘတို့ကိုမြင်၍ မေးမြန်း၏။

အကြောင်းစုံကိုကြားရသော် သူမက ''ကျွန်မသည် သင်တို့သား ရဟန်းကို အကယ်၍ လူထွက်စေနိုင်လျှင် ကျွန်မအား အဘယ်သို့ ပြုပေးကြမည်နည်း''ဟု မေး၏။

''သင့်အား ဤအမျိုး၏ ဥစ္စာစည်းစိမ်ရှင် ပြုကုန်အံ့''ဟု ဆိုကြသဖြင့် ပြည့်တန်ဆာမသည် ဥစ္စာကိုတောင်းယူ၍ အခြံအရံများစွာဖြင့် ရာဇဂြိုဟ်ပြည်သွားကာ ထိုမထေရ် ဆွမ်းခံရာလမ်း၌ရှိသော ဘုံခုနစ်ဆင့်ရှိပြသာဒ်ကို ငှါးရမ်း၍ နေလေ၏။ သူမသည် နောက်တနေ့ နံနက်စောစောကပင် ကောင်းမွန်သည့်ဆွမ်းကို စီမံထား၏။ ထိုမထေရိ ကြွလာသော် သူမသည် အိမ်သို့ပင့်၍ ဆွမ်းကိုလှူ၏။

နှစ်ရက်,သုံးရက်ကြာလျှင် မထေရ်အား ''အရှင်ဘုရား ဤအိမ်၌သာ ဆွမ်းဘုဉ်းပေးပါလော့''ဟု ဆို၍ အိမ်ဦး၌ နေစေလျက် ဆွမ်းကပ်လေ၏။

နောက် နှစ်ရက်,သုံးရက်ကြာလျှင် သူမသည် ကလေးသူငယ်တို့အား ငွေပေးပြီး မထေရ်ကြွလာသည့်အခါ အိမ်ရှေ့၌ ဖုံများထအောင် ကစားစေ၏။

မထေရ်ကြွလာသော် သူမက "အရှင်ဘုရား၊ သူငယ်တို့ ကစားကြ၍ မြူမှုန်များ ထပါ၏။ အိမ်တွင်း၌သာ ဆွမ်းစားပါလော့"ဟု ဆို၍ အိမ်တွင်း၌ နေစေပြီး ဆွမ်းကပ်၏။ နောက် နှစ်ရက်,သုံးရက်ကြာလျှင် သူမသည် ထို သူငယ်တို့အား ငွေပေး၍ အိမ်နား၌ ဆူဆူညံညံ ပြုလုပ်စေ၏။

မထေရ် ကြွလာသော် သူမက "အရှင်ဘုရား၊ သူငယ်တို့အသံဖြင့် ဆူညံလှပါ၏။ ပြာသာဒ်ပေါ်တက်၍ ဆွမ်းစားပါလော့"ဟု ဆိုပြီး ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်သို့ ရှေ့ကကြွစေ၍ နောက်မှလိုက်လျက် အပေါ်ရောက်လျှင် တံခါးများကို ပိတ်လိုက်လေ၏။

တရားအားထုတ်နေသည့် မထေရ်ပင် ဖြစ်သော်လည်း 'ရသတဏှာ'ဖြင့် နှောင်ဖွဲ့ခံရသဖြင့် ထိုမိန်းမ၏စကားဖြင့် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်သို့ တက်သွားရှာလေ၏။ ထိုမိန်းမသည် မထေရ်ကို ထိုင်နေစေပြီး မိန်းမတို့၏မာယာလေးဆယ် အမူအရာတို့ကိုပြ၍၎င်း၊ မိန်းမတို့၏ တင့်တယ်စံပယ်ခြင်းကိုပြ၍၎င်း သွေးဆောင် ဖြားယောင်းလေ၏။

ထိုနောက် မထေရ်၏ရှေ့၌ ရပ်လျက် "အရှင်ဘုရားသည် ကျွန်ုပ်၏ နုပျိစိတ်ထွား လင်ယောကျ်ားဖြစ်ပါလော့။ ကျွန်ုပ်လည်း အရှင်ဘုရား၏ ကြင်ယာသက်ထား ချစ်မယား ဖြစ်ပါအံ့။ ကာမဂုဏ်ကိုခံစားပြီး၍ အိုမင်းမစွမ်းရှိသောခါမှ မောင်က ရှေ့သွား၊ မယ်က နောက်ကလိုက် တစိုက်စိုက်ဖြင့် အမြိုက်စခန်း နိဗ္ဗာန်လှမ်းအောင် ရဟန်းပြုကြပါစို့လား ဘုရား"ဟု သီဆိုလေ၏။

ထိုအခါမှ မထေရ်သည် သတိရ၍ "ငါကား မဆင်ခြင်၍ ဤဝန်လေးသောအမှုကို ပြုမိလေစွ"ဟု ကြီးစွာထိတ်လန့်လေ၏။

ထိုခဏ၌ ဇေတဝန်ကျောင်းဝယ် နေတော်မူသော ဘုရားရှင်သည် ပြုံးတော်မူ၏။ အရှင်အာနန္ဒာက မေးလျှောက်သော် ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ ရာဇဂြိုဟ်ပြည်တွင် ဘုံခုနစ်ဆင့်ပြာသာဒ်ပေါ်၌ သုန္ဒရသမုဒ္ဒမထေရ်နှင့် ပြည့်တန်ဆာမတို့ စစ်ထိုးနေဘိ၏" ဟူ၍ မိန့်တော်မူ၏။ "ဘယ်သူက နိုင်ပါမည်နည်း ဘုရား"ဟု မေးလျောက်သော် ဘုရားရှင်က "မထေရ်က နိုင်ပြီး ပြည့်တန်ဆာမ ရှုံးပေလတံ့"ဟု မိန့်တော်မူ၏။

ထိုနောက် ဘုရားရှင်သည် ထိုမထေရ်ထံသို့ရောင်ခြည်တော်များကိုလွှတ်၍ ပြန့်နှံ့စေလျက် "ချစ်သား၊ ဝတ္ထု ကိလေသာနှစ်ဖြာသော ကာမတို့ကို မင့်မကွက် စွန့်ပယ်လေလော့" ဟု မိန့်တော်မူပြီးနောက် ဆက်လက်၍ "ဤ

လောကဌ် ကာမဂုဏ် ဒုစ်မျိုးလုံးကို စွန့်ပယ်ပြီး အိမ်ရာမထောင်ဘဲ ရဟန်းပြုပေသော၊ ကာမဂုဏ်နှင့်ဘဝနှစ်ပါးစုံကုန်ပြီးထသော ထိုပုဂ္ဂိုလ်ကို 'ပြဟ္မဏ' ဟု ငါဘုရား ဟောတော်မူ၏'' ဟူ၍ ဂါထာဖြင့် ဟောတော်မူ၏။

ဤတရားတော်ကို ကြားနာရပြီးသော် ထိုမထေရ်သည် ရဟန္တာ ဖြစ်၍ အမိုးကိုဖောက်ကာ ကောင်းကင်ဖြင့် ဘုရားရှင်ထံသို့သွားပြီး ရှိခိုးလျက် နေလေ၏။

၂၄၂။ ဘုရားရှင်အား မင်းပြုရန် မာရ်နတ် လျှောက်ထားခြင်း

ဘုရားရှင်သည် ကောသလတိုင်း ဟိမဝန္တာတောင်နံပါး တောကျောင်းငယ်တခု၌ သီတင်းသုံးနေတော်မူသောအခါတွင် မင်းအပေါင်းတို့သည် တိုင်းသူပြည်သားတို့ကို ဒဏ်အမျိုးမျိုး၊ မတရားသည့် အခွန်အမျိုးမျိုးတို့ဖြင့် ညှဉ်းပန်း၍ မင်းပြုကြကုန်၏။ ဘုရားရှင်သည် ထိုအကြောင်းကို မြင်တော်မူ၍ လူအပေါင်းကို သနားသဖြင့် ''သူတပါးကို သတ်ဖြတ်ခြင်း၊ သူတပါးဥစ္စာကို ပျက်စီးဆုံးရှုံးစေခြင်း၊ သူတပါးအား စိုးရိမ်ပူဆွေးစေခြင်း ကို ကိုယ်တိုင်လည်းမပြု၊ သူတပါးကိုလည်း မပြုစေဘဲ မညှဉ်းဆဲအပ်သော သူတို့ကို မညှဉ်းဆဲမူ၍ တရားသဖြင့် မင်းအဖြစ်ကို ပြုစေရန် တတ်နိုင်ကောင်းအံ့လော'' ဟု အကြံ ဖြစ်တော်မူ၏။

မာရ်နတ်သည် ဘုရားရှင်၏ ထိုအကြံကိုသိမြင်၍ ''ရဟန်းဂေါတမသည် မင်းပြုလိုသည် ဖြစ်လတံ့။ ဤမင်းအဖြစ်သည် မေ့လျော့ခြင်း၏ အကြောင်းဖြစ်၏။ သူ့အား မင်းပြုရန် အားထုတ်စေအံ့'' ဟု ကြံ၍ ဘုရားရှင်ထံလာပြီး ''မြတ်စွာဘုရား၊ အရှင်ဘုရားသည် မညှဉ်းဆဲအပ်သောသူကို မညှဉ်းဆဲမူ၍ တရားသဖြင့် မင်းပြုပါစေသတည်း။ အရှင်ဘုရားသည် ဣဒ္ဓိပါဒ်ကို ပွားများပြီး ဖြစ်သဖြင့် ဟိမဝန္တာတောင်ကြီးကို ရွှေဖြစ်စေဟု စိတ်ညွှတ်တော်မူလျှင် ဟိမဝန္တာတောင်ကြီးတခုလုံး ရွှေအတိ ဖြစ်ရာ၏။ တပည့်တော်လည်း ထို ရွှေစသော ဥစ္စာဖြင့် ပြုလုပ်ရမည့် ကိစ္စကြီးငယ် အသွယ်သွယ်ကို ကူညီ လုပ်ဆောင်ပါအံ့'' ဟု လျှောက်ဆိုလေ၏။

ထိုအခါ ဘုရားရှင်က ''မာရ်နတ်ယုတ်၊ ဤတတောင်လုံးသောရွှေကို ပေးသော်လည်း လူတဦးအတွက်ပင် မလုံလောက်။ တဘူမကဝဋ္ဋဒုက္ခကို မြင်ပြီးသော သူသည် ကာမဂုဏ်ငါးပါးဌ အဘယ်သို့ စိတ်ညွှတ်နိုင်အံ့နည်း။ ကာမစသည့် ကပ်ငြိသည့်တရားကိုသာ ပယ်ဖျောက်ရန် ကျင့်ရာ၏'' စသည်ဖြင့် မိန့်ကြား၍ မာရ်နတ်ကို ထိတ်လန့်စေတော်မူ၏။

ထိုနောက် ဆက်လက်၍ "ဟယ် မာရ်နတ်ယုတ်၊ သင်၏ အဆုံးအမကား တခြား၊ ငါဘုရား၏ အဆုံးအမကား တခြားတည်း။ သင်နှင့်အတူ ဓမ္မအား ဖြင့် နှိုးနှောဘွယ်မရှိ။ ငါဘုရားကား ဤသို့ ဆုံးမတော်မူ၏" ဟူ၍ သုံးဂါထာဖြင့် ဟောကြားတော်မူပြန်၏။

"အရေးကိစ္စ ပေါ်ပေါက်လာသော် မိတ်ဆွေကောင်းမျာ း ရှိခြင်းသည် ချမ်းသာ၏။ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။ လောကဌ် အမိကို လုပ်ကျေးခြင်းသည် ချမ်းသာ၏။ အဘကို လုပ်ကျေးခြင်းသည် ချမ်းသာ၏။ လောကဌ် ရဟန်းတို့ကို လုပ်ကျေးခြင်းသည် ချမ်းသာ၏။ထို့ပြင် မကောင်းမှုကို ပယ်ပြီးသော ဘုရား ရဟန္တာတို့ကို လုပ်ကျေးခြင်းသည် ချမ်းသာ၏။ အကျင့်သီလသည်အို့သည်အထိ ချမ်းသာ၏။ သဒ္ဓါတရားတည်မြဲခြင်းသည် ချမ်းသာ၏။ အသိပညာကို ရခြင်းသည်ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။"

၂၃၃။ ပေါက္ခရသာတိပုဏ္ဏားကြီးနှင့် အမွှဋ္ဌလုလင်တို့ကို ဆုံးမခြင်း

ဘုရားရှင်သည် အခါတပါး၌ နံနက် မိုးသောက်ယံတွင် သတ္တ လောကကို ကြည့်ရှုသော် သဗ္ဗညုတ ဉာဏ်တော်ကွန်ယက် အတွင်းသို့ ကောသလတိုင်း 'ဂဇ္ဈာနင်္ဂိုလ' ရွာတွင် နေထိုင်သော ထင်ရှား ကျော်ကြားသည့် ဆရာကြီး တဆူဖြစ်သော 'ပေါက္ခရသာတိ' ပုဏ္ဏား ဝင်ရောက်လာသဖြင့် ထိုပုဏ္ဏားကြီး သောတာပန် ဖြစ်လတံ့သည်ကို ဆင်ခြင်သိမြင်တော်မူ၏။

ထို့ကြောင့် ဘုရားရှင်သည် ရဟန်း ငါးရာ ခြံရံလျက် ကောသလတိုင်း ဘက်သို့ ခရီးဒေသစာရီ ကြွတော်မူရာ အစဉ်သဖြင့် ကောသလတိုင်းအတွင်းရှိ 'ဂဇ္ဈာနင်္ဂိုလ' မည်သော ပုဏ္ဏားရွာသို့ ဆိုက်ရောက်၍ ထိုရွာအနီးရှိ 'ဂဇ္ဈာနင်္ဂိုလ'မည်သော တောအုပ်ကြီး၌ နေတော်မူ၏။

(ကောသလမင်းကြီးက မြို့စားခန့်အပ်ချက်အရ ပေါက္ခရသာတိပုဏ္ဏားသည် လူနေစည်ကား မြက်, ထင်း, ရေ, ဆန်စပါး ပေါများသည့် 'ဥက္ကဋ္ဌ'မြို့ကို အုပ်ချုပ် နေထိုင်ဆဲ ဖြစ်လေသည်။)

ပေါက္ခရသာတိ ပုဏ္ဏားကြီးမှာ ဗေဒင်သုံးပုံနှင့်တကွ ပုဏ္ဏားတို့ တတ်အပ်သော ကျမ်းအမျိုးမျိုး၌ တတ်ကျမ်း၍ အထူးမြောက်စား ထားအပ်သော အမွှဋ္ဌ' အမည်ရှိ လက်ရင်းတပည့် ပုဏ္ဏားလုလင်တဦးရှိ၏။

ဆရာကြီးသည် ဘုရားရှင်၏ ကိုးပါးသော ဂုဏ်ကျေးဇူးသတင်းကို ကြားသိလေရကား ထိုဂုဏ်သတင်းကို 'အမွှဋ္ဌ'အား ထုတ်ဖော်ပြောကြားပြီးလျှင်

"ချစ်သား အမွှဋ္ဌ၊ ရဟန်းဂေါတမရှိရာ အရပ်သို့သွားပြီး ရဟန်းဂေါတမတွင် သုံးဆယ့်နှစ်ပါးသော မဟာပုရိသ လက္ခဏာကြီးတို့ အပြည့်အစုံ ပါ့မပါသိရှိအောင် စုံစမ်းခဲ့လော့" ဟု စေခိုင်းလေ၏။ အမွှဋ္ဌလည်း ဝန်ခံ၍ လှုလင်များစွာ ခြံရံလျက် ထို ဣစ္ဆာနင်္ကလ တောအုပ်သို့သွားရာ မှန်းတည့်ချိန်တွင်ရောက်၍ ဘုရားရှင်အား လှုလင်များစွာ ခြံရံလျက် ချဉ်းကပ်ကာ ဝမ်းမြောက်ဝမ်းသာ စကားများပြောပြီးသော် သင့်လျော်သော နေရာ၌ ထိုင်လေ၏။

အမွှဋ္ဌကား ဘုရားရှင်၏ ရုပ်သွင် အသရေတော်၌ စိတ်ကြည်ညိုမှုကိုမျှ မပြုနိုင်ဘဲ "အရှင်ဂေါတမကို မောင်းမဲအံ့" ဟူသော အကြံမျိုးဖြင့် ပုဆိုးနားကိုဆွဲကာ ရုံခါစကြံသွားလျက်၊ ရုံခါရပ်လျက်၊ ရုံခါလက်မောင်းပြ၊ မျက်မှောင်ကုပ်ပြလျက် ဘုရားရှင်အား မရိုမသေ ပျက်ရယ်ပြု ကဲ့ရဲ့သော စကားတို့ကိုဂုဏ်း၊ ပုဏ္ဏားများသည် ဗြဟ္မာ့ ခံတွင်းမှ မွေးဖွားသည် ဖြစ်၍ ဗြဟ္မာ့ရင်မှ မွေးဖွားသော မင်းမျိုး ထက် မြတ်ကြောင်း၊ ထို့ကြောင့် ပုဏ္ဏားစစ်ဖြစ်သော မိမိသည် သာကီဝင်မင်းမျိုးဖြစ်သော အရှင်ဂေါတမအား ရိုသေလေးစားဘို့ မလိုကြောင်းတို့ကိုဂုဏ်း၊ သာကီဝင်မင်းမျိုးတို့က မိမိအား မထီလေးစား ဆက်ဆံခဲ့ပုံကိုဂုဏ်း ပြောကြားလေတော့၏။

ထိုအခါ ဘုရားရှင်သည် "ဤ အမွှဋ္ဌ ကား သာကီဝင် မင်းမျိုးတို့ကို ဇာတ်နိမ့်သူများဟု ထပ်ခါတလဲလဲ ဖိနှိပ်၍သာ ဆိုနေဘို့၏။ အမွှဋ္ဌ၏ အမျိုးအနွယ်ကို မေးဦးအံ့" ဟု ကြံ၍ "အမွှဋ္ဌ၊ သင်ကား အဘယ် အမျိုးအနွယ်မှ ဆင်းသက်သနည်း" ဟု မေးတော်မူ၏။ အမွှဋ္ဌက "ကျွန်ုပ်ကား ကဏှအနွယ် ရှိသူဖြစ်ပါ၏" ဟု သုံးကြိမ် အော်ဟစ်ပြောဆိုလေ၏။

ထိုအခါဘုရားရှင်က "အမွှဋ္ဌ၊ သာကီဝင် မင်းမျိုးတို့သည် သာကီဝင် မင်းမျိုးအစ 'ဩက္ကာက' မင်းမှစ၍ တခြားအမျိုးနှင့် မရောမစပ်ဘဲ အနွယ်မပျက် ဆင်းသက်လာခဲ့သူများဖြစ်၏။ ထိုဩက္ကာက မင်းကြီးမှာ 'ဒိသာ' မည်သော ကျွန်မတဦးရှိ၏။ ထိုကျွန်မသည် 'ကဏှ' မည်သော သားကိုဖွား၏။ ထိုကဏှသည် ကဏှ အနွယ်ဝင်တို့၏ ရှေးဦးအစ ပုဂ္ဂိုလ်ဖြစ်၏။ ဤသို့လျှင် သာကီဝင်မင်းမျိုးတို့သည် အရှင်သခင်၏ သားများဖြစ်ကြပြီး သင်မူကား သာကီဝင်မင်းတို့၏ ကျွန်မ သားသာဖြစ်၏" ဟူ၍ အမျိုးအစကို ထုတ်ဖော်မိန့်ကြားတော်မူ၏။ ဤသို့ ဘုရားရှင်က "ကျွန်မသား" ဟု ဆိုလိုက်လျှင်ပင် အမွှဋ္ဌသည် ခေါင်းငိုက်စိုက် ကျသွားလေတော့၏။

ထိုနောက် ဘုရားရှင်သည် အမွှဋ္ဌအား နှစ်သိမ့်တော်မူလို၍ "ကဏှအနွယ်၏ အစဖြစ်သူ ကဏှရသေ့သည် အလွန် တန်ခိုး ကြီးမားကြောင်း၊ သူ့အား

ဩက္ကာကမင်းကြီးက သမီးတော်ကို ဆက်သခဲ့ရကြောင်း" တို့ကို မိန့်ကြား တော်မူ၏။ ထိုနောက်မှ ဘုရားရှင်သည် ပုဏ္ဏားတို့၏ ဗေဒင်သုံးပုံ၊ ဇာတိဝါဒ၊ ဂေါတ္တဝါဒ၊ မာနဝါဒတို့ကို အကျိုးမဲ့သော အရာများအဖြစ်ဖြင့် ရှုတ်ချ တော်မူ၍ ဘုရား ရဟန္တာတို့၏ မြတ်သော ဝိဇ္ဇာတရား၊ စရဏတရားတို့ကို အမ္ဗဋ္ဌအား အကျယ်အားဖြင့် ဟောကြားတော်မူ၏။

ထိုနောက် ဘုရားရှင်သည် အမ္ဗဋ္ဌအား လာရောက်ခြင်း၏ အကြောင်း ကိစ္စကို သတိရစေရန်အလို့ငှာ "အမ္ဗဋ္ဌ၊ ငါဘုရား၌ ဘုရား ဟုတ်, မဟုတ် ယုံမှားသံသယ ရှိသောသူသည် ငါဘုရားကို မေးမြန်းရာ၏။ ငါဘုရားရှင် သည် ဖြေကြားခြင်းဖြင့် ထိုယုံမှားသံသယကို သုတ်သင်ပေအံ့" ဟု မိန့်တော် မူ၏။

ဤသို့မိန့်ကြားပြီးနောက် ဘုရားရှင်သည် ကိုယ်တော်၏ သုံးဆယ့်နှစ်ပါး သော လက္ခဏာတော်ကြီးများကို အမ္ဗဋ္ဌ လေ့လာနိုင်စေရန် ကျောင်းတော်မှ ထွက်၍ စင်္ကြံကြွတော်မူ၏။ အမ္ဗဋ္ဌလည်း ဘုရားရှင်နောက်မှလိုက်၍ ဘုရား ရှင်၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတော်တို့ကို ကြည့်ရှု စုံစမ်းလေ၏။

ထိုသို့ စုံစမ်းသောအခါ အမ္ဗဋ္ဌသည် "အအိမ်ဖြင့် ဖုံးလွှမ်း အပ်သော ယောကျ်ားနိမိတ် (အင်္ဂါဇာတ်) နှင့် ပါးလျ ရှည်ပြန့်သော လျှာတော် ဤ နှစ်ခုမှတပါး ကျန်လက္ခဏာတော်ကြီး သုံးဆယ်တို့ကို ထင်ရှားစွာတွေ့မြင် ရလေ၏။ ဤလက္ခဏာနှစ်ရပ်၌ အမ္ဗဋ္ဌ ယုံမှားသံသယရှိသည်ကို သိတော်မူ သဖြင့် ဘုရားရှင်သည် အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ား နိမိတ်ကို တန်ခိုးဖြင့် ဖန်ဆင်းပြတော်မူပြီး လျှာတော်ကိုထုတ်၍ နားတွင်းနှစ်ဘက်၊ နှာခေါင်းနှစ်ဘက်တို့ကို ဘယ်ပြန် ညာပြန် သုံးသပ်ခြင်း၊ နဖူးတော်ကို လျှာ ဖြင့် ဖုံးအုပ်ခြင်းတို့ကိုပြု၍ ပြတော်မူ၏။

ထိုအခါမှ အမ္ဗဋ္ဌသည် "အရှင် ဂေါတမကား သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတော်များနှင့် ပြည့်စုံပေ၏" ဟု ဆုံးဖြတ်ပြီးလျှင် ဘုရားရှင်အား ခွင့်ပန်ကာ ပြန်သွားလေ၏။ ပေါက္ခရသာတိ ပုဏ္ဏားကြီး လည်း ဥက္ကဋ္ဌမြို့မှထွက်၍ ပုဏ္ဏားပေါင်း များစွာတို့နှင့်တကွ အမ္ဗဋ္ဌ လုလင်ကို စောင့်မျှော်လျက် မိမိ၏ ဥယျာဉ်၌ နေလင့်၏။

အမ္ဗဋ္ဌလည်း ထိုဥယျာဉ်ရှိ ဆရာကြီးထံသို့ ချဉ်းကပ်၍ "ဆရာကြီး၊အရှင် ဂေါတမသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတော်တို့နှင့် အမှန်ပင် ပြည့်စုံသောသူ ဖြစ်ပါ၏" ဟု ပြောကြားလေ၏။

ဆရာကြီးက "အမွေဋ္ဌ၊ သင်သည် အရှင်ဂေါတမနှင့် အဘယ်သို့ စကား ပြောဆိုခဲ့သနည်း" ဟု မေးသဖြင့် အမွေဋ္ဌက ပြောဆိုခဲ့သမျှ အလုံးစုံကို ပြန် ကြားလေ၏။ ထိုစကားအလုံးစုံကိုကြားလျှင် ဆရာကြီးသည် အမျက်ထွက်၍ အမွေဋ္ဌကို ခြိမ်းခြောက် မောင်းမဲပြီး ခြေဖြင့်ကန်၍ မြေသို့ လဲကျစေလေ၏။

ဤသို့ ဆရာကြီးသည် အမွေဋ္ဌကို အမျက်ထွက်ရင်းထွက်ရင်း ဘုရားရှင်ကို ဖူးမြင်လိုစိတ်ပြင်းစွာ ပေါ်ပေါက်လာလေသဖြင့် မိမိအိမ်၌ ဘုရားနှင့် ရဟန်း များအတွက် ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ် တို့ကို စီမံ ချက်ပြုတ်စေ ပြီးလျှင် ယာဉ်၌ မီးရှူးမီးတိုင်တို့ကို စိုက်ထောင်စေလျက် ဥက္ကဋ္ဌမြို့မှ ထွက်၍ မဝေး လှသော 'ဣစ္ဆာနင်္ဂလ' တောအုပ်သို့ သွားလေ၏။

ဘုရားရှင်ထံရောက်လျှင် ဝမ်းမြောက် ဝမ်းသာ စကားများ လျှောက် ထားပြီးနောက်မှ "အရှင်ဂေါတမ၊ အမွေဋ္ဌလုံလင်ကား မိုက်မဲသူ ဖြစ်ပါ၏။ သူ့အား သည်းခံတော်မူပါဘုရား" ဟု တောင်းပန် လျှောက်လေ၏။

ဘုရားရှင်လည်း "ပုဏ္ဏားကြီး၊ အမွေဋ္ဌသည် ချမ်းသာစေသတည်း" ဟု မိန့်ကြားတော်မူ၏။ ထို့နောက် ပုဏ္ဏားကြီးသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတော်တို့ကို ကြည့်ရှုစုံစမ်းရာ ဘုရားရှင်လည်း အမွေဋ္ဌ အား ပြသောနည်းဖြင့် ပြတော်မူ၏။ပုဏ္ဏားကြီးသည် ကျေနပ်အား ရသဖြင့် ဘုရားရှင်အား ရဟန်းအပေါင်းနှင့်တကွ နက်ဖြန် အိမ်သို့ဆွမ်းဘုဉ်းပေးကြွရန် ပင့်လျှောက်လေ၏။

ပုဏ္ဏားကြီးသည် မိမိအိမ်သို့ပြန်၍ နောက်တနေ့နံနက်တွင် ကြွရောက်လာ သော ဘုရားရှင် အမှူးရှိသည့် ရဟန်းအပေါင်းအား မွန်မြတ်လှသော ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ဖြင့် ဆက်ကပ် လုပ်ကျွေးလေ၏။ ဘုရားရှင်လည်း ဆွမ်း ဘုဉ်းပေးပြီးသော် ပုဏ္ဏားကြီးအား "ဒါနံ, သီလံ, သဂ္ဂံ, မဂ္ဂံ" နှင့် စပ်သော တရားစကားတို့ကို အစဉ်အတိုင်း ဟောကြားတော်မူ၏။

ဤတရားကို ကြားနာရပြီးသော် ပေါက္ခရသာရတိ ပုဏ္ဏားကြီးသည် သောတာပန်ဖြစ်၍ မိသားစုအားလုံးနှင့်တကွ အသက်ထက်ဆုံး သရဏဂုံကို ခံယူဆောက်တည်သော ဥပသကာ အဖြစ် ခံယူလေ၏။

၂၄၄။ သာကေတ ပုဏ္ဏားလင်မယား ရဟန္တာဖြစ်ခြင်း

အခါတပါးဌ ဘုရားရှင်သည် သာဝတ္ထိပြည်တွင် ဝါကပ်တော်မူပြီးနောက် ဒေသစာရီကြွချီသော် သာကေတမြို့သို့ ညနေချိန်တွင်ရောက်၍ 'အဉ္ဇန' မည် သောတောအုပ်သို့ဝင်၍သီတင်းသုံးတော်မူ၏။သာကေတမြို့သူမြို့သားတို့သည်

ဘုရားရှင်ကြွလာကြောင်းကြားလျှင် နောက်တနေ့နံနက်တွင် ပန်းနံ့သာမျှားကို လက်စဲ့ကုန်လျက် ဘုရားရှင်ထံသို့ သွားရောက်ချဉ်းကပ်ကာ ဝမ်းမြောက် ဝမ်းသာစကားမျှားပြောကြလေ၏။ ဆွမ်းခံချိန်ရောက်လျှင် ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် သာကေတမြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။

ထိုအခါ ချမ်းသာကြွယ်ဝသော သာကေတမြို့သား ပုဏ္ဏားကြီးတဦးသည် မြို့မှထွက်အလာမြို့တံခါးဝ၌ ဘုရားရှင်ကိုဖူးမြင်ရလျှင် သားဟူသောချစ်ခြင်းဖြင့် ပြင်းစွာချစ်လေရကား ဘုရားရှင်၏ခြေရင်း၌ဝပ်ပြီး မြဲစွာကိုင်လျက် "ချစ်သား၊ ငါသည် သင်ချစ်သားကိုမမြင်ရသည်မှာ ကြာလှပါပြီ။ ကဲ့ကွာနေသည်မှာကြာလှပါပြီ။ သင့်အမိကိုမြင်ခွင့်ပေးရန်လာလှည့်" ဟုဆို၍ ဘုရားရှင်ကို အိမ်သို့ပင့်သွားလေ၏။ ဘုရားရှင်လည်း လိုက်တော်မူ၍ ခင်းထားအပ်သည့်နေရာ၌ ရဟန်းသံဃာမျှားနှင့်အတူ ထိုင်နေတော်မူ၏။

ပုဏ္ဏေးမလည်းလာ၍ ဘုရားရှင်၏ခြေရင်း၌ဝပ်လျက် ပုဏ္ဏားကြီးပြောသကဲ့သို့ ပြောဆို၍ ငိုကြွေးလေ၏။ သားသမီးတို့ကိုလည်း "လာလှည့်၊ အဘိုးကြီးကို ရှိခိုးကြလော့" ဟု ဆို၍ ရှိခိုးစေ၏။ ထို ပုဏ္ဏား၊ ပုဏ္ဏေးမတို့သည် အလွန်ဝမ်းမြောက်ကြလျက် ဘုရားရှင်အမှူးရှိသောရဟန်းအပေါင်းအား ဆွမ်းကပ်လှူဒါန်းကြလေ၏။ ဘုရားရှင်လည်း ဆွမ်းဘဉ်းပေးပြီးသော် သင့်လျော်သောတရားစကားကို ဟောကြားတော်မူ၏။

ထိုပုဏ္ဏား၊ ပုဏ္ဏေးမနှစ်ဦးလုံးသည် ထိုကရားကိုနာကြားရ၍ သောတာပန်ဖြစ်ကြလေသော် "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် ဤမြို့၌ သီတင်းသုံးနေသရွေ့ ကာလပတ်လုံး ရဟန်းအပေါင်းနှင့်တကွ ဤအိမ်၌သာဆွမ်းအလှူခံတော်မူပါဘုရား" ဟု တောင်းပန်လျှောက်ကြလေ၏။

ဘုရားရှင်က "ဘုရားရှင်တို့မည်သည် ဤသို့တနေရာတည်းသို့ ဆွမ်းခံကွရိုးမရှိကုန်" ဟု မိန့်တော်မူသော်-

"မြတ်စွာဘုရား၊ ထိုသို့တခြားသို့ ဆွမ်းခံကြွတော်မူလျှင်လည်း ဤအိမ်၌သာ ဆွမ်းဘဉ်းပေး၍ တရားဟောပြီးမှ ကျောင်းသို့ကြွတော်မူပါဘုရား" ဟု လျှောက်ကြပြန်၏။ ဘုရားရှင်လည်း ဝန်ခံ၍ ထိုအတိုင်းပြုတော်မူ၏။ ထို အခါမှစ၍ လူအပေါင်းသည် ထိုပုဏ္ဏား၊ ပုဏ္ဏေးမတို့ကို 'ဘုရားရှင်၏ခမည်းတော်၊ မယ်တော်' ဟူ၍ ခေါ်ဝေါ်ပြောဆိုကြ၏။

ထိုအခါ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ဤပုဏ္ဏားဇနီးမောင်နှံတို့သည် 'ငါသည် ဘုရားမယ်တော်၊ ငါသည် ဘုရားခမည်းတော်' ဟူ၍ အဘယ့်ကြောင့်ပြောဆိုကြပါသနည်း" ဟု မေးလျှောက်သော်-

ဘုရားရှင်က "အာနန္ဒာ၊ ဤပုဏ္ဏားဇနီးမောင်နှံတို့သည် ဘဝငါးရာ ဆက်ကာ ငါဘုရား၏ မိဘမျှားဖြစ်ခဲ့ကြ၏။ ဘဝငါးရာဆက်ကာ မိကြီး, ဘကြီးဖြစ်ခဲ့ကြ၏။ ဘဝငါးရာဆက်ကာ ငါဘုရား၏ မိထွေး,ဘထွေးဖြစ်ခဲ့ကြ၏။ ထိုပုဏ္ဏားကြီးဇနီးမောင်နှံတို့သည် ရှေးဦးဖြစ်ခဲ့ဘူးသော့ မေတ္တာအချစ်ထူးဖြင့်ပင် ဤသို့ပြောဆိုကြခြင်းဖြစ်၏"ဟူ၍ မိန့်တော်မူ၏။

ထိုနောက် ဘုရားရှင်သည် သာကေတမြို့၌ ချေချွတ်သင့်သည့် သတ္တဝါများကို ချေချွတ်ပြီးနောက် တဖန် ဒေသစာရီကြွချီ၍ သာဝတ္ထိပြည်သို့ ရောက်ကာ သီတင်းသုံးတော်မူ၏။ ထို သာကေတပုဏ္ဏားကြီးဇနီးမောင်နှံတို့သည် ရဟန်းတော်များထံချဉ်းကပ်၍ သင့်လျော်သော တရားဒေသနာကို ကြားနာရသဖြင့် အထက်မဂ်သုံးပါးသို့ အစဉ်အတိုင်း ရောက်ရှိ ကြ ပြီး ပရိနိဗ္ဗာန်စံဝင်ကြလေ၏။

ဘုရားရှင်လည်း သာဝတ္ထိပြည်၌ ,နေတော်မူလျက် ဗုဒ္ဓစက္ခုဖြင့် ထို အကြောင်းကို သိမြင်၍ ထိုပုဏ္ဏားကြီးဇနီးမောင်နှံတို့၏ စျာပနပွဲသို့ကြွတော်မူ၍ သုသာန်၌ "ထိုပုဏ္ဏားကြီးဇနီးမောင်နှံတို့သည် ,ရဟန္တာများဖြင့်ကြကြောင်း ရဟန္တာများကဲ့သို့ ပူဇော်သင့်ကိုယ်ရမည်ဖြစ်ကြောင်း"မိန့်ကြား၍ များစွာသောပရိသတ်တို့အား တရားဟောတော်မူလေ၏။

၂၃၅။ အံ့ဘွယ် ဂ-ပါးရှိသော ဥဂ္ဂနှင့် ဥဂ္ဂတသူဌေးနှစ်ဦး

(၁) ဥဂ္ဂသူဌေး။ ။ဝေသာလီပြည်သား 'ဥဂ္ဂ'လို့ဌေးသည် ဘုရားရှင်ကို ပထမအကြိမ် ဖူးတွေ့ရသောအခါကပင် သောတာပန်ဖြစ်၍ နောက်အဘို့ဝယ် အနာဂါမ် ဖြစ်လေ၏။ သူသည် အသက်အရွယ်ကြီးရင့်သောအခါ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်နေထိုင်လျက် "ငါသည် ငါ နှစ်သက်မြတ်နိုးအပ်သည့် အရာဝတ္ထုဟူသမျှကိုသာ ဘုရားရှင်အား လှူပေအံ့။ 'နှစ်သက် မြတ်နိုးအပ်သော ဝတ္ထုကို လှူဒါန်းသော သူသည် နှစ်သက်မြတ်နိုးအပ်သော အကျိုးကိုရ၏'ဟု ဘုရားရှင်ဟောကြား်သည်ကို ငါ ကြားနာခဲ့ဘူး၏" ဟူ၍ ကြံစည်မိလေ၏။

ထို့နောက် သူ့စိတ်ထဲ၌ "ဘုရားရှင်သည် ငါ၏စိတ်အကြံကို သိတော်မူကာ အိမ်တံခါးဝသို့ ကြွတော်မူလေရာ၏"ဟု ကြံစည်မိပြန်၏။ ထိုခဏ၌ပင် ဘုရားရှင်သည် ဥဂ္ဂသူဌေး၏ စိတ်အကြံကို သိတော်မူ၍ ရဟန်းအပေါင်း ခြံရုံလျက် သူ့အိမ်တံခါးဝ၌ အထင်အရှား ရောက်တော်မူလာ၏။ ဥဂ္ဂသူဌေးသည် "ဘုရားရှင် ကြွလာတော်မူ၏"ဟု ကြာ လျင် အတိုင်းထက်အလွန် အားတက်ဝမ်းမြောက်ကာ ဘုရားရှင်ထံ သွားရောက်၍ ရိုသေစွာရှိခိုးပြီး အိမ်ထဲသို့ ပင့်ဆောင်လေ၏။

ဘုရားရှင်လည်း ခင်းထားသောနေရာထက်၌ ရဟန်းအပေါင်း ခြံရံလျက် ထိုင်နေတော်မူ၏။ ဥဂ္ဂသူဌေးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား မိမိမြတ်နိုးနှစ်ခြိုက်သော မွန်မြတ်လှသည့် ဘောဇဉ်တို့ဖြင့် ဆက်ကပ် လှူဒါန်းလေ၏။

လှူဒါန်းရာတွင် "တပည့်တော်သည် ဘုရားရှင်ဟောတော်မူသည့် နှစ်ခြိုက်ဘွယ်ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက်ဘွယ်အကျိုးကို ရပေ၏" ဟူသောတရား တော်အရ တပည့်တော် နှစ်ခြိုက်အပ်, လှူဒါန်းအပ်သော လှူဘွယ်တို့ကို ခံယူတော်မူပါဘုရား" ဟု လျှောက်၍ လှူဒါန်းလေ၏။ ယင်းသို့ လှူဒါန်း ပြီးနောက် ဘုရားရှင်အား ရှိခိုးကာ ထိုင်နေလေ၏။

ထိုအခါ ဘုရားရှင်က "ဒါယကာ၊ နှစ်ခြိုက်ဘွယ် အလှူဝတ္ထုတို့ကို လှူသော သူသည် နှစ်ခြိုက်ဘွယ်သော အကျိုးကို ရပေ၏။ (မနာပဒါယီ လဘတေ မနာပံ)" စသည့် တရားတော်ကို နှစ်ဂါထာဖြင့် ဟောကြားပြီး၍ နေရာမှ ဖဲကြွတော်မူ၏။

ဥဂ္ဂသူဌေးသည် ထိုအချိန်မှစ၍ မိမိပိုင် နှစ်ခြိုက်ဘွယ်ရာ ထိုထိုအလှူဝတ္ထု များကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား မပြတ် လှူဒါန်းလေ၏။ ထို့ကြောင့် နောင်တွင် သူ့အား ဘုရားရှင်က "နှစ်ခြိုက်ဘွယ် ဝတ္ထုများ လှူသော ဒါယကာတို့တွင် အမြတ်ဆုံး" ဟူ၍ "မနာပဒါန-တေဒင်" အရာ၌ ထားတော်မူလေ၏။

(၂) ဥဂ္ဂတသူဌေး။ ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် ဒေသ စာရီ ကြွတော်မူသော် ဝဇ္ဇီထိုင်းအတွင်းဝယ် 'ဟတ္ထိဂါမ' အရပ်သို့ ရောက်၍ 'နာဂဝန'မည်သောဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဟတ္ထိဂါမ အရပ်၌ 'ဥဂ္ဂတ'မည်သော သူဌေးတဦးသည် ခုနစ်ရက်လုံး သေသောက်မူးယစ် လျက် ကခြေသည်မတို့ဖြင့် ခြံရံကာ 'နာဂဝန' ဥယျာဉ်သို့ သွားရောက်၍ မြူးတူးပျော်ပါး ကစားလေသော် ဘုရားရှင်ကို ဖူးမြင်ရ၍ အားကြီးသော အရှက်အကြောက်ကို ဖြစ်စေလေ၏။ သူသည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုး၍ ထိုင်နေသော် ဘုရားရှင်က ၎င်းနှင့်လျော်သော တရားစကားကို ဟောကြား တော်မူ၏။ ဒေသနာ၏ အဆုံး၌ ဥဂ္ဂတသူဌေးသည် အနာဂါမ် ဖြစ်သွား လေ၏။

ထိုအချိန်မှစ၍ ဥဂ္ဂတသူဌေးသည် ကခြေသည် မိန်းမရှင်တို့ကို "သင်တို့ သည် အလိုရှိတိုင်း ချမ်းသာစွာ သွားကြလော့" ဟု ပြော၍ စွန့်လွှတ်လိုက် လေ၏။ သူသည် အလှူပေးခြင်း၌သာ မွေ့လျော် နှစ်ခြိုက်သူဖြစ်၍ ရဟန်း သံဃာအား အလှူဒါနကိုသာလျှင် ပေးလှူနေလေ၏။

နတ်ဟိုသည် ညအခါတွင် လာရောက်ကြ၍ ဥဂ္ဂတသူဌေးအား "သူဌေး၊ ဤမည်သောရဟန်းသည် ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသည့် 'တေဝိဇ္ဇ-ရဟန္တာ'ဖြစ်၏။ ဤမည်သော ရဟန်းသည် အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံသည့် 'ဆဠာဘိည-ရဟန္တာ'ဖြစ်၏။ ဤမည်သောရဟန်းသည် သီလရှိ၏။ ဤမည်သော ရဟန်းသည် သီလမရှိ"ဟု ပြောကြားကြကုန်၏။

ဥဂ္ဂတ သူဌေးသည် ထိုနတ်သားတို့၏ စကားကို ကြားရ၍လည်း ဒုဿီလတို့ အတွက်ကြောင့် သဒ္ဓါတရား ပျက်စီးခြင်း မရှိဘဲ (၀၊) ဒုဿီလတို့၏ အပြစ်ကို အာရုံမပြုဘဲ သီလရှိသော ရဟန်းသံဃာ အရိယာအရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးကိုသာ အာရုံပြု၍ ကြည်ညိုလေ၏။ လှူဘွယ်ဝတ္ထုများကိုလည်း သီလဝန္တ(သီလရှိ)ပုဂ္ဂိုလ်, ဒုဿီလ(သီလမရှိ)ပုဂ္ဂိုလ် နှစ်မျိုးလုံးအား ပင်တူမျှသော သဒ္ဓါစိတ်ဖြင့် လှူဒါန်းလေ၏။ ဘုရားရှင်ထံပါးဌာ ထိုင်နေသော အခါဌာလည်း သီလမရှိသော ပုဂ္ဂိုလ်တို့၏ အပြစ်ကို မလျှောက်ကြားဘဲ သီလရှိသော အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးကိုသာလျှင် ချီးမွမ်း လျှောက်ထားလေ၏။

ထို့ကြောင့်ပင် နောင်အခါတွင် သူ့အား ဘုရားရှင်က "သံဃာအား တူမျှစွာထား၍ ပြုစုလုပ်ကျွေးသော ဒါယကာတို့တွင် အမြတ်ဆုံး" ဟူ၍ 'သံဃုပဋ္ဌာန-တေဒဂ်'အရာဌ် ထားတော်မူလေ၏။

အံ့ဘွယ် ရှစ်ပါး။ ထိုဥဂ္ဂနှင့် ဥဂ္ဂတသူဌေးနှစ်ဦးလုံးမှာ ဤသို့သော အံ့ဘွယ်ရှစ်ပါးနှင့် ပြည့်စုံကြပေ၏။

(၁) ဘုရားရှင်ကို ရှေးဦးစွာ ဖူးတွေ့ရသည်နှင့် တပြိုင်နက် ဘုရားရှင် အပေါ်၌ အကြွင်းမဲ့ ယုံကြည်ကြည်ညိုခြင်း။

(၂) ဘုရားရှင်၏ တရားတော်ကို နာကြား၍ အနာဂါမ်ဖြစ်ပြီးလျှင် လောကုတ္တရာ သရဏဂုံနှင့်တကွ ငြဟ္မစရိယ ပဥ္စကသီလကို ခံယူဆောက်တည်ခြင်း။

(၃) အနာဂါမ် ဖြစ်ပြီး၍ မိမိ၏မယားကို သူမ, နှစ်သက်သည့် ယောကျ်ားအား ပေးစား စွန့်လှူလိုက်ရသော်လည်း စိတ်တမျိုး ပြောင်းလဲ ဖောက်ပြန်မှု မရှိခြင်း။

(၄) မိမိ၏ စည်းစိမ်ဥစ္စာ ဟူသမျှတို့ကို သံဃာကပစ္စည်းကဲ့သို့ သီလဝန္တ ပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်ကုန်၏ဟူ၍ စိတ်ထားခြင်း။

(၅) ရဟန်းသူမြတ်တို့ကို ရိုသေစွာ ဆည်းကပ်,ပြုစုခြင်း။

(၆) ရဟန်းသူမြတ်က တရားဟောလျှင် ရိုသေစွာ နာယူခြင်း, ရဟန်းသူမြတ်က တရားမဟောလျှင် မိမိက တရားဟောခြင်း။

(၇) "ဘုရားရှင်သည်-အစ,အလယ်,အဆုံး သုံးပါးစုံ ကောင်းခြင်းနှင့် ပြည့်စုံသည့်တရားတော်ကို ဟောကြားတော်မူ၏"ဟူ၍ နတ်တို့က မိမိထံ လာပြောသော်လည်း"နတ်တို့သည် ငါ့ထံ ချဉ်းကပ်ကြ၏။ ငါသည် နတ်တို့နှင့် စကားပြောရ၏"ဟူ၍ စိတ်မတက်ကြွခြင်း။

(၈) အောက် ကာမဘုံသို့ ဆွဲဆောင် တတ်သော 'သြရမ္ဘာဂိယ' သံယောဇဉ်ငါးမျိုးတို့ကို ပယ်သတ်ပြီးသော အနာဂါမ်အရိယာ ဖြစ်ခြင်း။

၂၃၆။ သူရမ္မဋ္ဌသူဋ္ဌေး၏ သဒ္ဓါစိတ်ကို မာရ်နှောက်ယှက်ခြင်း

သာဝတ္ထိပြည်၌ 'သူရမ္မဋ္ဌ'မည်သော သူဋ္ဌေးသည် တိတ္ထိတို့ကို ကိုးကွယ်သော ဒါယကာတဦးဖြစ်၏။ တနေ့သ၌ ဘုရားရှင်သည် နံနက်မိုးသောက်ယံတွင် သတ္တလောကကို ကြည့်ရှုလတ်သော် 'သူရမ္မဋ္ဌ'သူဋ္ဌေး သောတာပန်ဖြစ်လတံ့သည်ကို မြင်တော်မူ၍ ဆွမ်းခံချိန်၌ ထိုသူဋ္ဌေးအိမ်တံခါးဝသို့ ဆွမ်းခံကြွတော်မူ၏။

သူဋ္ဌေးလည်း ဘုရားရှင်ကို ဖူးမြင်ရလျှင်"ရဟန်းဂေါတမသည် မင်းမျိုး၌ ဖြစ်ပြီး လောက၌ အလွန်ထင်ရှား ကျော်ကြားသူဖြစ်၏။ သူ့ထံသို့ ငါမသွား၍ မဖြစ်"ဟု ကြံပြီး ဘုရားရှင်ထံ သွားရောက်လျက် ခြေတော်တို့၌ ရှိခိုးပြီးသော် သပိတ်တော်ကို ယူ၍ အိမ်ထဲသို့ ပင့်ဆောင်ကာ မြတ်သောနေရာ၌ နေတော်မူစေ၏။ သူသည် ဘုရားရှင်အား ဆွမ်းကပ်ပြီးသော် ရှိခိုးကာနေ၏။ ဘုရားရှင်သည် သူဋ္ဌေးအား စရိုက်နှင့် လျော်ပတ်သော တရားစကားကို ဟောကြားတော်မူ၏။ သူဋ္ဌေးလည်းတရားတော်ကိုနာကြား၍ သောတာပန်ဖြစ်လေသော် ဘုရားရှင်လည်း နေရာမှ ထ၍ ကျောင်းသို့ ကြွတော်မူလေ၏။

ထိုအခါ မာန်နတ်သားသည် "တိတ္ထိတို့၏တပည့် ငါတို့ဘက်သား သူရမ္မဋ္ဌ သူဋ္ဌေးသည် ရဟန်းဂေါတမ၏ တရားကိုနာ၍ အယူပြောင်းသွားလေသလော။ ငါစုံစမ်းအံ့"ဟုကြံ၍ ဘုရားနှင့်တူအောင် တန်ခိုးရုပ်ကို ဖန်ဆင်း၍ သင်္ကန်းကိုင်ပုံ,သပိတ်ကိုင်ပုံ အလုံးစုံကိုလည်း ဘုရားရှင် အသွင်အပြင်အတိုင်း ပြုလုပ်ကာ သူရမ္မဋ္ဌသူဋ္ဌေး၏ အိမ်တံခါးဝ၌ ရပ်တည်လေ၏။

သူဋ္ဌေးလည်း "ဘုရားရှင် တဖန် ကြွလာတော်မူ၏"ဟု ကြားသိလျှင် "ဘုရားရှင်မည်သည် အကြောင်းမဲ့ ကွဲလွဲသည် မရှိချေ။ အဘယ်အကြောင်းကြောင့် တဖန် ကြွလာတော်မူပါလိမ့်"ဟု လျင်မြန်စွာ သွား၍ ရှိခိုးလျက်

"မြတ်စွာဘုရား၊ အဘယ်အကြောင်းဖြင့် တဖန်ကြွလာတော်မူပါသနည်း"ဟု ရိုသေစွာ မေးလျှောက်၏။

ထိုအခါ မာရ်နတ်က"ဒါယကာ၊ ငါဘုရားသည် သင့်အား တရားဟောခဲ့စဉ်က မစဉ်းစား မဆင်ခြင်မိဘဲ 'ခန္ဓာငါးပါး အားလုံးပင် အနိစ္စ,ဒုက္ခ အနတ္တ'ဟူ၍ ဟောကြားမိခဲ့ပေ၏။ သို့သော်လည်း ထိုခန္ဓာငါးပါး အားလုံးတို့တွင် အနိစ္စ,ဒုက္ခ,အနတ္တသဘော မရှိကြသည့် ခန္ဓာအချို့လည်း ရှိကြသေး၏"ဟူ၍ အကဲစမ်းစကား ပြောကြားလေ၏။

ထိုအခါ သူရမ္ဘဋ္ဌသူဌေးသည်"ဘုရားရှင်တို့မည်သည် မစဉ်းစား မဆင်ခြင်ဘဲ ဟောကြားပြောဆိုခြင်း တစိုးတစိမျှ မရှိချေ။ ဤသူသည် ဘုရားရှင်၏ ဆန့်ကျင်ဘက်ဖြစ်သူ မာရ်နတ် ဖြစ်ပေမည်"ဟု စဉ်းစားမိပြီး "သင်သည် မာရ်နတ် မဟုတ်လော"ဟု တိုက်ရိုက်ပင် မေးသေ၏။

အရိယာပုဂ္ဂိုလ်တဦးက့ မေးသည်ရှိသော် မာရ်နတ်သည် ခံနိုင်စွမ်းမရှိရကား "ငါသည် မာရ်နတ်ဖြစ်ပါ၏"ဟု ဝန်ခံလေတော့၏။

ထိုအခါ သူဌေးက "ဟယ် မာရ်နတ်၊ သင်ကဲ့သို့သော မာရ်နတ်ပေါင်း အရာ,အထောင်တို့ပင်သော်လည်း ငါ၏သဒ္ဓါတရားကို တုန်လှုပ်စေရန် မတတ်နိုင်ချေ။ ဘုရားရှင် တရားဟောကြား၍ ငါသည် သောတာပန်ဖြစ်ခဲ့ရလေပြီ။ သင်သည် ငါ့အိမ်တံခါးဝ၌ ရပ်တည်မနေလင့်" ဟူ၍ လက်ဖျစ်တီးကာ နှင်ထုတ်လိုက်၏။ မာရ်နတ်လည်း မခံနိုင်၍ ထိုနေရာမှာပင် ကွယ်ပျောက်သွားရလေ၏။

သူရမ္ဘဋ္ဌသူဌေးလည်း ညနေချမ်းအခါ၌ ဘုရားရှင်ထံ သွားရောက်၍ ထိုအကြောင်း အလုံးစုံကို လျှောက်ကြားလေ၏။ ထို့ကြောင့်ပင် နောင်တွင် သူ့အား ဘုရားရှင်က"သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကြသော ဥပါသကာတို့တွင် အမြတ်ဆုံး"ဟူ၍ 'အဂ္ဂေ ဘဒ္ဒ ပသာဒ ဇောဒဂ်'အရာ၌ ထားတော် မူလေ၏။

၂၃၇။ သောဏကုဋိကဏ္ဏ မထေရ်အကြောင်း

'အဝန္တိ'တိုင်း 'ကုရရဃ်ရ'မြို့နေ. 'ကာဋ္ဌ'မည်သော သူဌေးကတော်သည် ကိုယ်ဝန်ရ၍ ကိုယ်ဝန်ရင့်လတ်သော် ရာဇဂြိုဟ်ပြည်ရှိ မိမိ၏ မိဘနေအိမ်သို့ မီးဖွားရန် ပြန်လာ၏။ ထိုအချိန်၌ ဘုရားရှင်သည် ဘုရားဖြစ်ပြီး၍ မိဂဒါဝုန် တောဝယ် ဓမ္မစကြာတရား ဟောကြားတော် မူနေ၏။

ဓမ္မစကြာတရားကို ကြားနာရသော 'သာတာဂိရ'ဘီလူး နတ်စစ်မှူးသည် ထိုဓမ္မစကြာ တရားပွဲ၌ မိမိ၏သူငယ်ချင်း'ဟေမဝတ'နတ်စစ်မှူး မလာရောက်သဖြင့် သွားရောက်ခေါ်ငင်ရာ ရာဇဂြိုဟ်ပြည် ကာဋ္ဌီသူဌေးကတော်နေသော မိဘနေအိမ်ပေါ်သို့ အရောက်တွင် ထိုနတ်စစ်မှူးနှစ်ဦးသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးများအကြောင်းကို အချင်းချင်း ပြောဆိုကြ၏။

ကာဋ္ဌီသူဌေးကတော်သည် ကိုယ်ဝန်ဝေဒနာကို သက်သာရာ ရစေရန် လေသာပြူတင်း၌ ရပ်၍နေစဉ် ထိုနတ်ဘီလူးနှစ်ဦးတို့ ပြောဆိုကြသည့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို ကြားရ၍ သဒ္ဓါတရားကို ပွားများသဖြင့် သောတာပန် ဖြစ်လေ၏။ ထိုည ထိုခဏ၌ပင် သားကို ဖွားမြင်လေ၏။ သားအား 'သောဏ'ဟု အမည်ပေး၍ အတန်ကြာ မိဘအိမ်၌ နေပြီးသော် ကုရရဃရမြို့သို့ပင် ပြန်နေလေ၏။ သောဏသူဌေးသားကလေးမှာ တကုဋေတန် နားတန်ဆာကို ပန်ဆင်ရသူဖြစ်၍ 'သောဏ-ကုဋိကဏ္ဏ'ဟု အမည်တွင်လေ၏။

ထိုအချိန်၌ အရှင်မဟာကစ္စည်းသည် ကုရရဃရမြို့ကို ဆွမ်းခံပြု၍ 'ပပတ' (ပဝတ္ထ,ဥပဝတ္တ) မည်သော တောင်၌ သီတင်းသုံးနေ၏။ ကာဋ္ဌီသူဌေးကတော်သည် မထေရ်ကို အိမ်သို့ အမြဲမပြတ် ပင့်ဘိတ်၍ ဆွမ်းဖြင့် လုပ်ကျွေးပြုစု၏။ သောဏ သူငယ်လည်း မထေရ်နှင့် အကျွမ်းတဝင် ဆက်ဆံရ၍ အလွန် ရင်းနှီးလေ၏။ သူသည် မထေရ် ဟောကြားသည့်တရားကို မပြတ်နာကြားရ၍ သံဝေဂရလာပြီး တရားကျင့်ရန် စိတ်ပြင်းပြနေလေ၏။

အခါတပါး၌ သောဏသူဌေးသားသည် လှည်းကုန်သည်များနှင့်အတူ ကုန်ရောင်းဝယ်ရန် ဥဇ္ဇေနီပြည်သို့သွားရာ အပြန်တွင် "ကိုယ့်အသားကိုယ် ပြန်စားရသော ပြိတ္တာကြီးတဦး၏ ခံတွင်းမှ သွေးနက်များကျနေသည့်ပြိတ္တာနှစ်ဦး"တို့ကို တွေ့မြင်ရ၍ ကြောက်ဖွယ်သော သံသရာဝဋ်ဆင်းရဲကို သိမြင်ကာ ရဟန်းပြုဘို့ရန် စိတ်ညွှတ်အားသန်လာလေ၏။ ထို့ကြောင့် သူသည် ကုရရဃရမြို့သို့ ပြန်ရောက်လျှင် အရှင်မဟာကစ္စည်းထံ သွားရောက်ဆည်းကပ်လျက် ရဟန်းပြုပေးရန် တောင်းခံလေ၏။ မထေရ်လည်း သောဏ၏ဉာဏ်ရင့်ကျက်ခြင်းသို့ မရောက်သေးသည်ကို ဆင်ခြင်သိမြင်သဖြင့် ခွင့်မပေးသေးဘဲ သုံးကြိမ်တိုင် ပယ်လေ၏။

သောဏသူဌေးသား ဉာဏ်ရင့်ကျက်လေသော် မထေရ်က ရှင်ပြုပေးပြီးနောက် ဆက်၍ပင် ရဟန်းပြုပေးရန်ဖြစ်သော်လည်း ထိုအချိန်၌ ရဟန်းတို့သည် များသောအားဖြင့် မဇ္ဈိမတိုက်၌သာလျှင် နေကြသောကြောင့် ထိုကုရရဃရမြို့၌ တပါးစီ, တခြားစီနေကြသော ရဟန်းနှစ်ပါးသုံးပါးလောက်

သာ ရှိကြလေ၏။ ရဟန်းတော်ဆယ်ပါးရှိမှ ရဟန်းပြုခြင်းကိစ္စ ဆောင်ရွက်နိုင်သည်ဖြစ်ရာ ထိုရဟန်းဆယ်ပါး ဇာစုတည်း စုဝေးမိဘို့ရန် အလွန်ပင် ခဲယဉ်းလေသဖြင့် သုံးနှစ်ကြာမှ ရှင်သောဏသည် ရဟန်းပြုခွင့် ရလေ၏။

အရှင်သောဏ ကုဋိကဏ္ဏသည် ရဟန်းပြုပြီးသော် အရှင်မဟာကစ္စည်းထံ၌ ကမ္မဋ္ဌာန်းကိုနာယူ၍ ဝိပဿနာကို ပွားများအားထုတ်လျှင် ထိုဝါတွင်းမှာပင် ရဟန္တာ ဖြစ်လေ၏။ ရဟန္တာ ဖြစ်ပြီးသော် အရှင်မဟာကစ္စည်းထံ၌ပင် သုတ္တန်ပါတ်တရားတော်ကို သင်ကြား တတ်မြောက်လေ၏။ အရှင်သောဏသည် ဝါကျွတ်သော် ဘုရားရှင်ထံ သွားရောက် ဖူးမြင်ရန် မထေရ်အား ပန်ကြားလေ၏။

ထိုအခါ မထေရ်က "သောဏ၊ သင့်အား ဘုရားရှင်က နှစ်သက်၍ ဆုများကို ပေးသနားလတံ့။ပေးသော် အဝန္တိတိုင်းအတွက် ဤမည် ဤမည်သော အခွင့်အရေး ဆုငါးမျိုးကို ယူလေလော့။ ငါမှာလိုက်သော စကား ဖြင့် ဘုရားရှင်၏ ခြေတော်တို့ကို ငါ့ကိုယ်စား သင်ရှိခိုးလော့" ဟု မိန့်ကြား၍ ခွင့်ပေးလေ၏။

မယ်တော်"ကာဠ"ကလည်း ဘုရားရှင်ထံ သွားဖူးမည့် သားတော် အရှင်သောဏအား "ချစ်သား၊ ဤကမ္မလာကို ဂန္ဓကုဋိတိုက်၌ အခင်းပြု၍ ဘုရားရှင်အား လှူပါလော့" ဟု လျှောက်၍ ကမ္မလာအဝတ်ကို လှူလိုက်၏။ အရှင်သောဏလည်း ထိုကမ္မလာကိုယူသွား၍ ဘုရားရှင်ထံ သွားရောက် ရှိခိုးကာ ထိုင်နေလေ၏။

ဘုရားရှင်သည် အရှင်သောဏနှင့် ပဋိသန္ဓာရ (အစေ့အစပ်) စကား မိန့်ကြားတော်မူပြီးနောက် ဂန္ဓကုဋိတိုက်၌ပင် အရှင်သောဏာအား နေထိုင်ရန် နေရာကို ပေးသနားတော်မူ၏။ ဘုရားရှင်သည် ဂန္ဓကုဋိတိုက်ထဲ၌ဌင်း၊ အပြင်ဘက် လွင်တီးခေါင်၌ဌင်း တည်လုံး ဖလသမာပတ်တို့ကို ဝင်စားကာ နေတော်မူ၏။ အရှင်သောဏလည်း ဘုရားရှင်နှည်းတူ ပြု၍နေတော်မူ၏။

မိုးသောက်ယံရောက်သော် ဘုရားရှင်က "ချစ်သား သောဏ၊ ငါဘုရား အား တရားရှတ်ဆိုပြလေလော့" ဟု မိန့်တော်မူ၏။ အရှင်သောဏလည်း အရှင်မဟာကစ္စည်းထံ၌ သင်ယူခဲ့သော သုတ္တန်ပါတ်ပါဠိတော်လာ အဋ္ဌကဝဂ်ပါ သုတ်ပေါင်း တဆဲ့ခြောက်သုတ်တို့ကို အလွန်ချိုမြိန်သော အသံဖြင့် အက္ခရာတလုံးမျှ မချွတ်ယွင်းစေဘဲ ရွတ်ဆိုလေ၏။ ပြီးသော် ဘုရားရှင်က အရှင်သောဏအား ဝမ်းမြောက်ဝမ်းသာ မျှားစွာ ချီးမွမ်းတော်မူ၏။

ထိုအခါ အရှင်သောဏလည်း "မြတ်စွာဘုရားအား အရှင်မဟာကစ္စည်း မထေရ်က ရှိခိုးလိုက်ပါကြောင်း၊ မထေရ်က ဤ မည်ဤမျှသော အဝန္တိ

တိုင်းအတွက် အခွင့်အရေးငါးရပ်ကို တောင်းခံလိုက်ပါကြောင်း" လျှောက်ထားလေ၏။ ဘုရားရှင်လည်း ထိုဆုငါးရပ်ကို ပေးသနာ တော်မူ၏။

'ထို့နောက် အရှင်သောဏသည် မယ်တော်ကာဋ္ဌိက လှူလိုက်သော ကမ္ဗလာအကြောင်းကို လျှောက်ထား၍ ကမ္ဗလာကို ဂန္ဓကုဋ္ဌိတိုက်ထဲ၌ အခင်းပြုလေ၏။ ထို့နောက် အရှင်သောဏသည် နေရာမှထ၍ ဘုရားရှင်အား ရိုသေစွာ ရှိခိုးပြီးလျှင် ကုရရဃရမြို့၊ ပတတတောင်ကျောင် သို့ ပြန်ကြွ၍ ဆရာမထေရ်အားဝင်း၊ မယ်တော် ဒါယိကာမကြီးအားဝင်း အကြောင်း စုံကိုပြန်ကြားလေ၏။

ဘုရားရှင်သည် နောင်အခါဝယ် အရိယာသံဃာတို့အလယ်၌ "ရဟန်းတို့။ ချိုမြိန်သာယာစွာသော အသံဖြင့် တရားဟောကြားကုန်သော ငါဘုရား၏ တပည့်ရဟန်းတို့တွင် ကုဋ္ဌိကဏ္ဏ-သောဏရဟန်းသည် အမြတ်ဆုံးဖြစ်ပေ၏" ဟူ၍ မိန့်တော်မူပြီး အရှင်သောဏအား 'ကလျာဏဝါက္ကရဏတေဒဂ်'အရာ၌ ပေးတော်မူလေ၏။

၂၃၈။ ကာဋ္ဌိဥပါသိကာမကြီးနှင့် ခိုးသားများ

အရှင်သောဏ၏ မိခင် 'ကာဋ္ဌိ'ဥပါသိကာမလည်း သားမထေရ်ပြန်မလာမီကပင် "ဘုရားရှင်က သားအား ကောင်းချီ ပေးတော်မူကြောင်း" မိမိ၏ အိမ်စောင့်နတ်က ပြောပြ၍ သိရသော် "ငါ့သားကား ဘုရားရှင်အားပင် တရားဟောနိုင်ဘိတကား" ဟု ပီတိငါးဖြာဖြင့် တကိုယ်လုံး ပြန့်နှံ့သွားလျက် "ငါ့သား ပြန်လာလျှင် တရားပွဲ ပြုလုပ်၍ ငါ့သား၏ တရားကို နာအံ့' ဟု ကြံစည်ခဲ့လေ၏။

သားဘော် အရှင်သောဏပြန်ရောက်လာသော် သူမသည် ထိုအကြောင်းအလုံးစုံကို ပြန်ပြောပြပြီး "သားတော်ဘုရား၊ သားတော်က ဘုရားရှင်အား ဟောပြခဲ့သည့် တရားတော်ကိုပင် မယ်တော်အား ပြန်လည် ဟောကြားတော်မူပါ" ဟု တောင်းပန်လျှောက်ကြားပြီး အလှူကြီးပေ၍ မြို့တွင်း၌ မဏ္ဍပ်ကြီးဆောက်ကာ တရားပွဲကြီး ပြုလုပ်လေ၏။ သူမသည် ညအခါ မိမိအိမ်၌ ကျွန်မတဦးတည်း အစောင့်ထားခဲ့ပြီး အခြွေအရံအားလုံးကို မဏ္ဍပ်သို့ ခေါ်သွား၍ ပလ္လင်ပေါ်က ဟောကြားနေသော သားမထေရ်၏ (သုတ္တနိပါတ်)တရားတော်ကို စူးစိုက်နာကြားလေ၏။

ထိုအခါ ခိုးသူ ကိုးရာတို့သည် ကာဋ္ဌိဥပါသိကာမ၏ တံတိုင်းခုနစ်ထပ်ရှိ အိမ်ဝင်းထဲသို့ ဝင်ရောက်ပြီးသော် ခိုးသူကြီးအား "သင်သည် ကာဋ္ဌိသူဌေး

ကတော်ကြီးထံ သွားနေလော့။ အိမ်ထဲသို့ ခိုးသူများဝင်ကြောင်းကြား၍ သူမ ပြန်လာလျှင်လမ်း၌ ခုတ်သတ်လော့''ဟု စေလွှတ်လိုက်ကြ၏။ ခိုးသူကြီး လည်း သွား၍ တရားနာနေသော ကာဋ္ဌီသူဌေးကတော်ကြီးဘေး၌နေ၏။ ခိုးသူတို့သည် မီးထွန်း၍ အသပြာတိုက်ကို ဖွင့်ကြ၏။ အိမ်စောင့်ကျွန်မသည် ကာဋ္ဌီသူဌေးကတော်ထံပြေးလာ၍ထိုအကြောင်းကို ပြောကြား၏။

သူဌေးကတော်ကြီးက ''ခိုးသူတို့သည် မြင်သမျှ အသပြာကိုယူကြပစေ။ ငါ့သားတရားနာနေသည်ကို မနှောက်ယှက်လင့်။ အိမ်ပြန်''ဟု ပြန်လွှတ်လိုက်၏။ ထိုကျွန်မသည် ပြန်သွား၍ ခိုးသူတို့ ငွေတိုက်ဖွင့်နေသည်ကို မြင်လျှင် တဖန် ပြန်သွား၍ ထိုအကြောင်းကို ပြောကြားသော် သူဌေးကတော်ကြီး လည်း ရှေးနည်းဘူ ဆို၍ ကျွန်မကို ပြန်လွှတ်လိုက်၏။ တဖန် ကျွန်မသည် ပြန်သွား၍ ခိုးသူတို့ ရွှေတိုက်ဖောက်နေကြသည်ကို မြင်လျှင် တဖန် သွား၍ ထိုအကြောင်းကို ပြောပြန်၏။

ထိုအခါ သူဌေးကတော်ကြီးက ''ဟယ် ကျွန်မ၊ ခိုးသူတို့ အလိုရှိရာကို ယူကြပစေ၊ သင့်ကို အိမ်ပြန်လွှတ်လျက် ငါ့သား၏ တရားနာနေသည်ကို ခဏခဏ လာနှောက်ယှက်ဘိ၏။ ငါ့စကားကို နားမထောင်။ နောက်ဘခါ ပြန်လာလျှင် သိရအံ့''ဟု ကြိမ်းမောင်းလွှတ်လေ၏။

ထိုစကားအလုံးစုံကို ကြားရသော အနီးရှိ ခိုးသူကြီးသည် ''ဤသို့သော မိန်းမ၏ ဥစ္စာကို ခိုးယူကြသောသူတို့ကား မိုးကြိုးကျ၍ ဦးခေါင်းခွဲရာ၏''ဟု အောက်မေ့လျက် ထိုခိုးသူတို့ထံသွား၍ ယူပြီးသော ဥစ္စာအားလုံးကို ထား နေကျနေရာတွင် ပြန်ထားစေပြီး ခိုးသူအားလုံးကိုခေါ်လာလျက် ထိုသူဌေး ကတော်ကြီး အနီးမှာပင် ထိုင်နေကြ၏။ သောဏမထေရ်သည် တညလုံး တရားဟောပြီး၍ မိုးလင်းသော် တရားပလ္လင်မှ ဆင်းလေ၏။

ထိုအခါ ခိုးသူကြီးသည် ထိုဒါယိကာမကြီးခြေရင်း၌ ဝပ်လျက် သည်းခံ ရန် တောင်းပန်ပြီး ထိုအကြောင်းအရာ အလုံးစုံကို ပြောကြားလေ၏။ကျန် ခိုးသူအားလုံးလည်း အလားတူပင် တောင်းပန်ကြလေ၏။ ထိုသို့ တောင်းပန် ပြီးသော် ထိုခိုးသူကိုးရာလုံးသည် သောဏမထေရ်ထံ၌ ရဟန်းပြုကြကုန်၏။

ထိုရဟန်း အားလုံးသည် သောဏမထေရ်ထံမှ ကမ္မဋ္ဌာန်းအသီးသီးကို ယူပြီး တောင်တခုပေါ်တက်၍ ထိုထိုသစ်ပင်၏ အရိပ်၌ထိုင်လျက် တရား အားထုတ်ကြလေ၏။ ဘုရားရှင်သည် ယူဇနာ တရာ့နှစ်ဆယ် ဝေးသော ဇေဘဝန်ကျောင်း၌ နေတော်မူလျက်ပင် ထိုရဟန်းတို့ကို ကြည့်တော်မူ၍ ထိုရဟန်းတို့၏ စရိုက်အားဖြင့် တရားဒေသနာတော်ကို ပိုင် ခြားတော်မူပြီး ရောင်ခြည်တော်ကိုလွှတ်လျက် ရှေ့မှောက်၌ နေထိုင်၍ တရားဟောဘိသက့ဲသို့ ကိုးဂါထာဖြင့် သြဝါဒတရား ဟောကြားတော်မူ၏။

ထိုရဟန်း ကိုးရာတို့တွင် တရာတရာသော ရဟန်းတို့သည် တရားကိုးဂါထာအနက် တဂါထာ တဂါထာကို နာကြားပြီးတိုင်း ရဟန္တာများဖြစ်ကြ၍ ဘုရားရှင်၏ ကိုးဂါထာရှိသော တရားဒေသနာ၏ အဆုံး၌ ရဟန်းကိုးရာလုံး ရဟန္တာ ဖြစ်သွားကြလေ၏။ ရဟန္တာ ဖြစ်ကြပြီးသော် ထိုရဟန်းအားလုံး ကောင်းကင်ဖြင့် ဇေတဝန်ကျောင်းတော်ရှိ ဘုရားရှင်ထံသို့ ကြွသွားကြလေ၏။

[ကာဠဥဒါယိကားမသည် ဘုရားရှင် ဓမ္မစကြာတရား ဟောစဉ်ကပင် သာတာဂိရိနှင့် ဟေမဝတ နတ်ဘီလူးနှစ်ဦးအချင်းချင်း ပြောကြသည့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို ကြားရလျှင် သဒ္ဓါတရားကို ပွားများသဖြင့် သောတာပန် ဖြစ်ခဲ့သော အမျိုးသမီးဖြစ၏။ ထိုကြောင့် ဘုရားရှင်သည် နောင်တွင် ဇေတဝန်ကျောင်း၌ ဥပါသိကာမတို့အား တေဒဂ် အရာ၌ ထားတော်မူသော အခါ "ရဟန်းတို့၊ ငါဘုရားကို တဆင့်ကြားဖြင့် ကြည်ညိုကြသော ငါ ဘုရား၏တပည့် ဥပါသိကာမတို့တွင် 'ကုရရဃရ'မြို့နေ ကာဠဥဒါယိကာမသည် အမြတ်ဆုံးဖြစ်ပေ၏" ဟူ၍ ကာဠဥဒါယိကာမအား 'အနုဿဝပသန္နေ တေဒဂ်' အရာ၌ ထားတော်မူလေ၏။]

၂၃၉။ ပေါင်သာလုံး လှူသော သုပ္ပိယာ ဥပါသိကာမ

အခါတပါး၌ ဘုရားရှင်သည် ရဟန်း အပေါင်းခြံရံလျက် ဗာရာဏသီပြည်သို့ ကြွရောက်၍ 'ဣသိပတန' မိဂဒါဝုန်ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဗာရာဏသီမြို့နေ 'သုပ္ပိယာ'မည်သော သူဌေးကတော်သည် ဘုရားရှင်ထံသို့ သွားရောက်ဖူးမြင်၍ တရားတော်ကို ကြားနာရလေသော် သောတာပန် ဖြစ်လေ၏။

တနေ့သ၌ သုပ္ပိယာသည် မိဂဒါဝုန်ကျောင်းတိုက်သို့ သွားရောက်ကာ တရားနာပြီး ကျောင်းစဉ်လှည့်လည်လတ်သော် ရဟန်းတပါး ဝမ်းလျှောဆေးစာ၍ အားနွဲ့ကာ မကျန်းမမာ ဖြစ်နေသည်ကို တွေ့မြင်ရသဖြင့် "အရှင်ဘုရား၏ ကျန်းမာရေးအတွက် အဘယ်ကိုရမှ သင့်ပါမည်နည်း ဘုရား" ဟု မေးလျှောက်လေ၏။

ထိုဂိလာန ရဟန်းက "သားမျိုးဟင်းရည် (စွပ်ပြုတ်ရည်)ကို ရလျှင် သင့်လျော်ပါ၏" ဟု မိန့်ကြားလျှင်-

"တပည့်တော်မ ပို့လိုက်ပါမည် ဘုရား"ဟုလျှောက်ထားပြီး မြို့တွင်းသို့ ပြန်သွားလေ၏။ သူမသည် အိမ်စေကျွန်မကို စျေးသို့လွှတ်၍ ပံသုကူအသား ကို အဝယ်ခိုင်း၏။ ထိုကျွန်မသည် တမြို့လုံးရှာသော်လည်း ထိုပံသုကူအသား ကို မရရှိသဖြင့် သခင်မအား ပြန်ပြောလေ၏။

သုပ္ပိယာ ဥပါသိကာမသည် "ငါ၏ အရှင်မြတ်သည် အသားစွပ်ပြုတ်ရည် ကို မရလျှင် ငြိုငြင် ပင်ပန်းနေရှာပေမည်။ ပို့မှသင့်မည်"ဟု ကြံစည်ကာ အိပ်ခန်းထဲ ဝင်သွား၍ မိမိ၏ ပေါင်သားကို လှီးဖြတ်ပြီး ကျွန်မအား ငြုပ်သီး, ကြက်သွန် စသည်တို့နှင့်တကွ စွပ်ပြုတ်ရည် ချက်ပြုတ်စေပြီး ထို ရဟန်းထံ ပို့လွှတ်ဆက်ကပ်စေလေ၏။

ဘုရားရှင်သည် ထိုအကြောင်းကိုသိတော်မူ၍ နောက်တနေ့ ဆွမ်းခံချိန်၌ ရဟန်းအပေါင်း ခြံရံလျက် သုပ္ပိယာ၏ အိမ်သို့ (သုပ္ပိယာ ဒါယကာ ပင့် ပင့်လျှောက်ချက်အရ)ကြွတော်မူ၏။ ခင်းထားသော နေရာ၌ ထိုင်နေတော် မူပြီးလျှင် သုပ္ပိယာ ဒကာအား (သင်၏) သုပ္ပိယာဒကာမသည် အဘယ်မှာ နည်း"ဟု မေးတော်မူ၏။

"မကျန်းမမာ ဖြစ်နေပါ၏ ဘုရား"ဟု လျှောက်သော်-

ဘုရားရှင်က "မကျန်းမမာ ဖြစ်စေကာမူ လာပါစေလော့"ဟု မိန့် တော်မူ၏။

သုပ္ပိယာ ဥပါသိကာမကို ဘုရားရှင်ထံသို့ ပွေ့ချီ၍ ယူဆောင်လာ၏။ သုပ္ပိ ယာ သည် ဘုရားရှင်ကို ဖူးမြင်လိုက်ရလျှင်ပင် အားကြီးသော သဒ္ဓါတရား ကြောင့် ထိုမျှကြီးမားသော အနာသည် အသားနုတက်ကာ ပျောက်ကင်း၍ ပကတိအဘိုင်း ဖြစ်သွားလေ၏။

ထိုအခါ ဇနီးမောင်နှံ နှစ်ဦးလုံးပင် "အချင်းတို့၊ ဘုရားရှင်၏ တန်ခိုး အာနုဘော် ကြီးမြတ်သည်ကား အံ့ဘွယ်ရှိစွတကား။ ဘုရားရှင်ကို ဖူးမြင် လိုက်ရသည်နှင့် တပြိုင်နက် ထိုမျှကြီးမားသောအနာသည် ချက်ခြင်းအသားနု တက်ကာ ပကတိအတိုင်း ဖြစ်သွားလေဘိ၏"ဟု ပြောဆိုကြကာ နှစ်သက် ရှင်လန်းကြလျက် ဘုရားအမှူးရှိသော သံဃာအပေါင်းအား ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ဖြင့် ဆက်ကပ်လုပ်ကျွေးကြလေ၏။ ဘုရားရှင်လည်း ဆွမ်း ဘုဉ်း ပေးပြီးသော် ဇနီးမောင်နှံ နှစ်ဦးအား တရားဟောတော်မူပြီးလျှင် ကျောင်း တော်သို့ ပြန်ကြွလေ၏။

ကျောင်းရောက်လျှင် ဘုရားရှင်သည် ရဟန်းတို့ကို စုဝေးစေတော်မူပြီး "ရဟန်းတို့၊ အဘယ်သူသည် သုပ္ပိယာဥပါသိကာမအား အသားကို တောင်း သနည်း"ဟု မေးတော်မူ၏။

ထိုဂိလာန ရဟန်းက "ဘပည့်တော်တောင်းမိပါ၏"ဟု လျှောက်လျှင်-
ဘုရားရှင်က "ရဟန်း၊ သင်သည် ထိုအသားကို သုံးဆောင်သလော ဟု မေးတော်မူ၏။
"သုံးဆောင်ပါ၏"ဟု လျှောက်လျှင်-
ဘုရားရှင်က "သင်သည် မည်သည့် အသားနည်းဟု မေးမြန်း၏လော" ဟု မေးတော်မူ၏။
"မမေးမြန်းမိပါဘုရား"ဟု လျှောက်သော်-
ဘုရားရှင်က "ရဟန်းတို့၊ သဒ္ဓါတရား ကြီးမားလှသော လူတို့သည် မိမိ၏ အသားကိုသော်လည်း စွန့်လှူကြကုန်၏။ ရဟန်းတို့၊ လူသားကိုမစား အပ်၊ စားသော ရဟန်းအား 'ထုလ္လစ္စဉ်း' မည်သော အာပတ်သင့်စေ။ မမေးမြန်းဘဲ စားသော ရဟန်းအား "ဒုက္ကဋ်" အာပတ်သင့်စေ"ဟူ၍ သိက္ခာပုဒ် ပညတ်တော် မူလေ၏။

ထိုသုပ္ပိယာ ဥပါသိကာမအား ထိုအကြောင်းကြောင့်ပင် ဘုရားရှင်သည် နောင်အခါဝယ် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဥပါသိကာမတို့ အား 'ဘေဒင်' အရာ၌ ထားတော်မူသောအခါ "ရဟန်းတို့၊ သူနာကို လုပ်ကျွေးသော ငါဘုရား၏ တပည့် ဥပါသိကာမတို့တွင် သုပ္ပိယာ ဥပါသိကာမသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟူ၍ 'ဂိလာနုပဋ္ဌာယီ ဘေဒင်'အရာ၌ ထားတော်မူ၏။

၂၄၀။ မဟာဓန သူဋ္ဌေးသား ဆုံးရှုံး ပျက်စီးခြင်း

ဘုရားရှင် ဣသိပတနမည်သော မိဂဒါဝုန်ကျောင်း၌ နေတော်မူသောအခါ ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော 'မဟာဓန' သူဋ္ဌေးကြီး၏ သားသည် ငယ်စဉ်တွင် ပညာမသင်ဘဲ အရွယ်ရောက်သော် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဋ္ဌေးတဦး၏ ငယ်စဉ်က ပညာမသင်ခဲ့သော သမီးတဦးနှင့် အိမ်ထောင်ကျလေ၏။ နောက်အဘို့၌ ထိုသူနှစ်ဦး၏ မိဘများ ကွယ်လွန်ကြသော် ကုဋေ တရာ့ခြောက်ဆယ်သော ဥစ္စာအားလုံးကို သူတို့ရရှိပြီး သူဋ္ဌေးကြီး ဖြစ်လေ၏။

သေသောက်ကြူးတို့သည် အတတ်ပညာ, အသိပညာ မရှိသော ထို သူဋ္ဌေးသားကို ဖျက်ဆီးရန်အားထုတ်ကြလေ၏။ သူဋ္ဌေးသားလည်း ထို သေသောက်ကြူးတို့ သေရည်ကို သောက်မိထုမှ အရက်သမား သေသောက် ကြူးကြီး ဖြစ်သွားလေ၏။ အရက်သမားတို့သည် သူ့ကို ဝိုင်းအုံခြံရံလျက် သူ့ဥစ္စာကိုမှီပြီး ဓသောက်စားမူးယစ်ကြလေ၏။

ထိုသူဌေးသားသည် ငွေတရာ, နှစ်ရာဖြင့် သေရည်ကို ဝယ်ခိုင်းပြီး သောက်၏။ နောက် ဒုစည်သဖြင့် အနီးဌာ ငွေပုံကြီးထား၍ သေရည်ကို သောက်လျက် "ဤငွေဖြင့် ပန်းနံ့သာ စသည်တို့ကို ဝယ်ယူခဲ့လော့။ အဆိုကောင်းသူ၊ အကကောင်းသူ၊ အတီးကောင်းသူတို့ အသီးသီးအား လည်း တထောင်တန်သည်၊ နှစ်ထောင်တန်သည် ပေးလော့" ဟုဆို၍ အပျော်အပါး ဖြင့်လည်း ငွေပြုန်းပြန်၏။

ဤသို့ ဥစ္စာကို အရမ်းသုံးဖြုန်းသဖြင့် မကြာမီပင် မိမိပိုင်, မယားပိုင် ဥစ္စာအားလုံး ကုန်ဆုံးလေ၏။ နောက်, လယ်, အာရုမ်, ဥယျာဉ်, လှည်းစသည် တို့ကိုဌင်း၊ နောက်ဆုံး အိုးခွက် စသော ဘဏ္ဍာ, အဝင်းအရုံ နေရာထိုင်ရာ တို့ကိုဌင်း ရောင်းချစားရလေ၏။ ထိုနောက် ထိုသူဌေး အိုမင်းသောအခါ နေအိမ်ကိုဝယ်ယူသူတို့သည် ထိုသူဌေးလင်မယားနှစ်ဦးလုံးကို အိမ်မှနှင်ထုတ် ကြလေ၏။ သူဌေးသားသည် မယားကိုခေါ်၍ သူတပါး၏အိမ်နံရံကို အမှီ ပြုကာနေလျက် ခွက်လက်စွဲကာ တောင်းစားရလေ၏။

တနေ့သဒ္ဓိ ထိုသူဌေးသားသည် (မိဂဒါဝုန်ကျောင်း) ဆွမ်းစား စရပ် တံခါးဒ္ဓရပ်လျက် ရဟန်းငယ် သာမဏေတို့ပေးသည့် စားကြွင်းဘောဇဉ်ကို ခံယူနေသည်ကို ဘုရားရှင်မြင်၍ ပြုံးတော်မူ၏။ အရှင်အာနန္ဒာက မေး လျှောက်သော် ဘုရားရှင်က "အာနန္ဒာ၊ ဤပရာဏသီမြို့ဒ္ဓပင် အရက် သေစာသောက်စားကာ ဥစ္စာဖြုန်းတီးပြီး ယခု လှည့်လည် တောင်းစားနေရ သည့် မဟာဓနသူဌေးကြီး၏သံဝါးဖြစ်သော ဤသူကို ကြည့်ရှုစမ်းလော့။ ဤသူဌေးသားသည်-

(၁) ပထမအရွယ်ဒ္ဓ စည်းစိမ်ဥစ္စာကိုမကုန်စေဘဲ ထိန်းသိမ်းနိုင်ခဲ့သော် လူ့အဖြစ်ဒ္ဓနေလျှင်ပထမ သူဌေးကြီးဖြစ်နိုင်၍ ရဟန္တာဖြစ်လေရာ၏။ သူ့မယားလည်း အနာဂါမ်ဖြစ်လေရာ၏။

(၂) မဇ္ဈိမအရွယ်ဒ္ဓ ထိုသို့ ဥစ္စာကို စောင့်ရှောက်နိုင်ခဲ့သော် လူအဖြစ်ဒ္ဓနေလျှင် ဒုတိယသူဌေးဖြစ်နိုင်၍ ရဟန်းပြုလျှင် အနာဂါမ်ဖြစ်ရာ၏။ သူ့မယားလည်း သကဒါဂါမ်ဖြစ်ရာ၏။

(၃) ပစ္ဆိမအရွယ်ဒ္ဓ ဥစ္စာကိုစောင့်ရှောက်နိုင်ခဲ့သော် လူအဖြစ်ဒ္ဓနေလျှင် တတိယသူဌေးဖြစ်နိုင်၍ ရဟန်းပြုလျှင် သကဒါဂါမ် ဖြစ်ရာ၏။ သူ့မယားလည်း သောတာပန်ဖြစ်ရာ၏။

ယခုမူ ဤသူဌေးသားသည် လူ့စည်းစိမ်မှဌင်း၊ မင်္ဂိုလ်ကျေးဇူးမှဌင်း မဂ္ဂင်ယုတ်ခဲ့ခြင်းကြောင့် ရေခန်းခြောက်သော ညှိအိုင်ဒ္ဓ မှိုင်နေသော ကြိုးကြာဌင်အိုကြီးကဲ့သို့ ဖြစ်ရရှာလေပြီ" ဟူ၍ မိန့်တော်မူလေ၏။

၂၄၁။ အာယုဝဍ္ဎန သတ္တိသား၏ အသက်ကို ကယ်ခြင်း

ဘုရားရှင်သည် 'ဒီဃလဿိက' မြို့ကိုမှီ၍ တောကျောင်း၌ နေတော်မူစဉ် ထိုမြို့နေ ပုဏ္ဏားနှစ်ဦးသည် ရသေ့ပြုကြပြီး ကာလကြာမြင့်စွာ တိတ္ထိတို့၏ 'အပစရဏ' အကျင့်ကို ကျင့်၍နေကြ၏။ နောက် တဦးသည် လူထွက်ပြီး အိမ်ထောင်ပြု၍ သားငယ်တဦးရသောအခါ သူ၏မိတ်ဆွေဟောင်း ရသေ့သည် သူ့အိမ်သို့ကြွရောက်လာ၏။

ထိုပုဏ္ဏားနှင့် မယားတို့ ရှိခိုးကြသော် ရသေ့က "ဒီဃာယုကာ ဟောထ" (သင်တို့အသက်ရှည်ကြပါစေ)ဟု ဆုပေးပြီး သားကို လက်ဦးကိုင်၍ ရှိခိုးစေသော် ရသေ့က ထိုဆုကိုမပေးဘဲ နေ၏။

အကြောင်းကိုမေးလျှောက်သော် ထိုရသေ့က "ဤသူငယ်သည် ခုနစ်ရက်သာ အသက်ရှည်လတံ့။မသေအောင် တားနိုင်သည့်အကြောင်းကို ငါမသိ။ ရဟန်းဂေါတမမူ သိနိုင်ရာ၏"ဟု ဆိုလေ၏။ ထိုပုဏ္ဏားသည် မယားနှင့်တကွ သားငယ်ကိုယူ၍ ဘုရားရှင်ထံ သွား၏။

ပုဏ္ဏားနှင့်မယားရှိခိုးကြသောအခါ ဘုရားရှင်က "အသက်ရှည်စေသော" ဆုကိုပေးတော်မူပြီး သားငယ်အား ရှိခိုးစေသောအခါမူ ထိုဆုမပေးဘဲနေတော်မူ၏။ အကြောင်းကို မေးလျှောက်သော် ဘုရားရှင်က ထိုရသေ့နည်းတူ မိန့်တော်မူ၏။

ပုဏ္ဏားက "သားငယ်မသေအောင် တားနိုင်သည့်အကြောင်းကို သိပါသလော"ဟု မေးလျှောက်သော်-

"ဖြစ်နိုင်ရာ၏"ဟု မိန့်တော်မူ၏။

"အဘယ်သို့ပြုမှဖြစ်နိုင်ရာသနည်းဘုရား" ဟုမေးလျှောက်သော်-

ဘုရားရှင်က "ပုဏ္ဏား၊သင့်အိမ်ထံခါးဦ မဏ္ဍပ်ဆောက်၍ မဏ္ဍပ်အလယ်၌ အင်းပျဉ်ပေါ်တွင် သူငယ်ကိုတင်၍ ဘေးပတ်လည်တွင် ငါတပည့်သား ရဟန်းများ ပရိတ်အရံအတား ခုနစ်ရက်လုံးပြုနိုင်အောင် စီရင်နိုင်မူကား သင့်သားမသေအောင်ပြုနိုင်ရာ၏"ဟု မိန့်တော်မူလေ၏။ ထိုပုဏ္ဏားသည် ပြန်၍ အမိန့်တော်အတိုင်း စီရင်ပြီးသော် ဘုရားရှင်ထံသွား၍ လျှောက်ထားလေ၏။

ဘုရားရှင်စေလွှတ်တော်မူအပ်သောရဟန်းတို့သည် သူငယ်အိပ်ရာအင်းပျဉ်ပတ်လည်တွင်ထိုင်လျက် ခုနစ်ညပထမလုံး မပြတ် ပရိတ်ရွတ်ကုန်၏။ ခုနစ်ရက်မြောက်သောနေ့၌ ဘုရားရှင်ကိုယ်တော်တိုင် ကြွလာသော် စကြဝဠာအတွင်းရှိ နတ်အားလုံး စုဝေးရောက်လာကုန်၏။

ထိုအခါ 'အဝရုဒ္ဓက'မည်သော ဘီလူးသည် ဝေဿဝဏ်နတ်မင်းကြီးအား တဆယ့်နှစ်နှစ်လုံး လုပ်ကျွေးခစားသဖြင့် နတ်မင်းထံမှ "ဤနေ့မှခုနစ်ရက်မြောက်နေ့၌ ဤသူငယ်ကိုယူလော့"ဟု ဆုကိုရရှိသဖြင့် ထိုအိမ်သို့လာ၍ ရပ်နေ၏။ တန်ခိုးကြီးနတ်များရောက်လာသော် တန်ခိုးနည်းနတ်များက နောက်ဆုတ်ပြီးနေရာပေးကြရသဖြင့် ထိုဘီလူးသည် ထိုအရပ်မှ တဆယ့်နှစ်ယူဇနာအထိ ဝေးစွာဖဲ့သွား၏။

ဘုရားရှင်လည်း တည်လုံး ပရိတ်အရံအတားကိုပြုတော်မူသဖြင့် ထိုဘီလူးသည် ထိုသူငယ်ကို မရနိုင်တော့ပေ။ အရဏ်တက်လျှင် သူငယ်ကိုဆောင်၍ ရှိခိုးစေသော် ဘုရားရှင်က "အသက်ရှည်စေသော"ဟု ဆုပေးတော်မူ၏။

"ဤသူငယ်သည် အသက်မည်မျှ ရှိပါအံ့"နည်းဟု မေးလျှောက်သော်-

ဘုရားရှင်က "အသက်တရာ့နှစ်ဆယ် ရှည်ပေအံ့"ဟု မိန့်တော်မူသဖြင့် သူငယ်အား 'အာယုဝဍ္ဎန'(သက်ရှည်)ဟု အမည်ပေးလေ၏။

အာယုဝဍ္ဎနသတို့သားသည် အရွယ်ကြီးရင့်သော် သီတင်းသည်ဥပသကာငါးရာ ခြံရံလျက် ကျောင်း၌ လှည့်လည် သွားလာကာနေ၏။ တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ထိုသတို့သားအကြောင်း ပြောကြလျက် "ဤသတ္တဝါတို့အား အသက်ရှည်နိုင်ခြင်းအကြောင်း ရှိယောင်တကား"ဟု ပြောဆိုကုန်၏။

ထိုအခါ ဘုရားရှင်သည်ကြွလာ၍ ထိုရဟန်းတို့အား ထိုစကားအကြောင်းကို မေးတော်မူပြီးလျှင် "ရဟန်းတို့၊ အသက်ရှည်ခြင်း သက်သက် တခုသာ မဟုတ်သေး။ ဤသတ္တဝါတို့သည် ဂုဏ်ကျေးဇူးရှိသောသူတို့ကိုရှိခိုးကြသော် အကျိုးထူးတရားလေးပါးတို့ကိုရပြီး ဘေးရန်မှလွတ်နိုင်ကုန်၏"ဟု မိန့်တော်မူပြီးနောက်-

"သီလရှိသူတို့အား ရိုသေစွာရှိခိုးလေ့ရှိသော၊ မိမိထက် အသက်သိက္ခာဝါအား ဖြင့် ကြီးသော သူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိသော သူအား 'အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားကြီးခြင်း' ဟူသော အကျိုးထူးတရားလေးပါးတို့ ပွားများကုန်၏"ဟူ၍ ဂါထာဖြင့် ဟောတော်မူ၏။ ဤတရားကို ကြားနာပြီးယော် အာယုဝဍ္ဎန သတို့သားနှင့် တကွ သီတင်းသည်ငါးရာတို့ သောတာပန်ဖြစ်ကြလေ၏။

၂၄၂။ ဘုရားရှင် ဆွမ်းမရအောင် မာရ်နတ်လုပ်ခြင်း

ဘုရားရှင်သည် အခါတပါး၌ ပဉ္စာလမြို့ ပုဏ္ဏားရွာမှ သတို့သမီးငါးရာတို့ သောတာပန်ဖြစ်လတံ့သည်ကို မြင်တော်မူ၍ ထိုရွာကိုအမှီပြုကာ နေတော်

မှု၏။ ထိုအခါ ထိုသတ္တိသမီးငါးရာတို့သည် တခုသောနက္ခတ်ပွဲသဘင်နေ့၌ မြစ်သို့သွား၍ရေချိုးပြီး တန်ဆာဆင်လျက် ရွာဆီသို့သွားကြသော် ဘုရားရှင်လည်း ရွာတွင်းသို့ဝင်၍ ဆွမ်းခံကြွတော်မူ၏။

ထိုအခါ မာရ်နတ်သည် ရွာသားအားလုံး၏ကိုယ်မျှားဌ်ပူးဝင်ကာ ဆွမ်းတဇွန်းမျှမလှူအောင်ပြုလေ၏။ ဘုရားရှင်လည်း ဆွမ်းတဇွန်းမျှမရဘဲပြန်ကြွလေသော် မာရ်နတ်သည် ရွာတံခါးဌ်ရပ်လျက် "အရှင်ဘုရား၊ ဆွမ်းရပါ၏လော့" ဟု မေးလျောက်လျှင်-

ဘုရားရှင်က "မာရ်နတ်ယုတ်၊ သင်သည် ငါဘုရားဆွမ်းမရအောင်ပြုဘိ၏" ဟု မိန့်တော်မူလေ၏။

ထိုခဏဌ်ပင် ထိုသတ္တိသမီးငါးရာတို့ ရောက်လာကြပြီး ဘုရားရှင်ကို ရှိခိုးလျက်နေကြသော် မာရ်နတ်က "အရှင်ဘုရား၊ ဆွမ်းမရသဖြင့် ဆာလောင်၍ ဆင်းရဲနေပြီလော" ဟု လျောက်ဆို၏။

ထိုအခါ ဘုရားရှင်က "မာရ်နတ်ယုတ်၊ ငါတို့သည် ယနေ့ဆွမ်းမရသော်လည်း 'မဟာဗြဟ္မာ' ကြီးမျှားကဲ့သို့ ပိတိဟူသော ချမ်းသာဖြင့် နေနိုင်ကုန်၏" ဟု မိန့်တော်မူပြီးနောက် "ငါတို့သည် စိုးရိမ်ကြောင့်ကြမှု တစုံတရာ မရှိဘဲ အလွန်ချမ်းသာစွာ အာသက်မွေးနိုင်ကုန်၏။ အာဘာသရာ ဗြဟ္မာမင်းကြီးမျှားကဲ့သို့ ပိတိ တည်းဟူသော အစာ ရှိကုန်၍ နေနိုင်ကုန်အံ့" ဟူ၍ ဂါထာဖြင့် ဟောတော်မူ၏။ ဤတရားကို ကြားနာရသော် ထိုသတ္တိသမီးငါးရာတို့သည် သောတာပန် ဖြစ်ကြလေ၏။

၂၄၃။ အရှင်ဒေဝဒတ် ဘုရားတဆူလုပ်ရန် ကြံခြင်း

ဘုရားရှင်သည် ပထမဆုံးအကြိမ် ကပိလဝတ်ပြည်သို့ကြွရောက်ပြီး ဆွေတော်မျိုးတော်တို့အား တန်ခိုးပြာဋိဟာကို ပြသတော်မူ၍ တရားရေအေး တိုက်ကျွေးတော်မူပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ပြန်လည်ကြွတော်မူ၏။ ထိုအခါ အထောင်မကသော သာကီဝင်မင်းမျိုးတို့သည် ဘုရားရှင်နောက်သို့ လိုက်၍ ရဟန်းပြုကြလေ၏။

ထိုပြင် အလွန်ထင်ရှားကြသည့် မင်းသားမျှားဖြစ်ကြသော "ဘဒ္ဒိယ, အနုရုဒ္ဓါ, အာနန္ဒာ, ဘဂု, ကိမိလ, ဒေဝဒတ်" ဟူသော မင်းသား ခြောက်ဦးတို့သည် မိမိတို့၏ ဆေတ္တာသည် 'ဥပါလိ' နှင့်တကွ ဘုရားရှင် နောက်သို့ အတူတကွ ထွက်ခွာလိုက်သွားပြီး ရဟန်းပြုကြလေ၏။ ရဟန်းပြုပြီး၍ မျှားမကြာမီ 'ဘဒ္ဒိယ, အနုရုဒ္ဓါ, ဘဂု, ကိမိလ' မထေရ်တို့သည် ရဟန္တာမျှား

ဖြစ်ကြပြီး အရှင်အာနန္ဒာသည် သောတာပန်ဖြစ်လေ၏။ အရှင်ဒေဝဒတ် မူကား လောကီစျာန်များကို ရသော ပုထုဇဉ်မျှသာ ဖြစ်လေ၏။

နောင်သောအခါ ဘုရားရှင်သည် ကောသမ္မီပြည်သို့ ကြွ၍ သီတင်းသုံး ဇတာ်မူသော် ဘုရားရှင်နှင့်ကကွ သံဃာတို့အား များစွာသော လာဘ် ပူဇော်သက္ကာတို့ ဖြစ်လေကုန်၏။ လူအပေါင်းတို့သည် သက်ိန်း,ဆေး စသည် လှူဘွယ်ပစ္စည်းများကို ယူလာကြပြီး "မြတ်စွာဘုရား, အရှင် သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်, အရှင်မဟာကဿ, အရှင်ဘဒ္ဒိယ, အရှင်အနုရုဒ္ဓါ, အရှင် အာနန္ဒာ, အရှင်ဘဂု, အရှင်ကိမိလ" အသီးသီးတို့ သီတင်းသုံးသော နေရာ ကို မေးမေးပြီး သွားရောက်လှူဒါန်းကြလေ့ရှိ၏။ "အရှင်ဒေဝဒတ် ဘယ်မှာ နည်း" ဟူ၍ကား လာရောက်မေးသူ တဦးမျှ မရှိပေ။

ထိုအခါ အရှင်ဒေဝဒတ်သည် "ငါလည်း ထိုအရှင်ဘဒ္ဒိယ စသည်တို့နှင့် အတူပင် ရဟန်းပြုခဲ့သူဖြစ်၏။ ငါလည်း ထိုသူတို့ကဲ့သို့ မင်းမျိုးမှ ရဟန်းပြု ခဲ့သူဖြစ်၏။ လှူဘွယ်ဝတ္ထုကို ယူလာသူတို့သည် ထို အရှင်ဘဒ္ဒိယ စသည် တို့ကိုသာ မေးမြန်းရှာဖွေကုန်၏။ ငါ့အတွက်ကား အမည်ကို ထုတ်ဖော် မေးမြန်းသူကား တလူမျှ မရှိချေ။ ငါသည် ဘယ်သူနှင့်ပေါင်း၍ ဘယ်သူ့ ကို ကြည်ညိုစေပြီး ငါ့အား လာဘ်ပူဇော်သက္ကာ ပေါများအောင် ပြုလုပ် ရပါအံ့နည်း" ဟု အကြံထုတ်လေ၏။

အရှင်ဒေဝဒတ်သည် ဤသို့ အကြံထုတ်လေ၏။ "ဗိမ္ဗိသာရ မင်းကြီး သည် ဘုရားရှင်ကို လွန်စွာကြည်ညိုသော သောဟာပန် ဒါယကာကြီးဖြစ်၍ သူနှင့်ပေါင်းသင်းရန် မဖြစ်နိုင်။ ဘုရားရှင်ကို အလွန်အထူး ကြည်ညိုသည့် ကောသလမင်းကြီးနှင့်လည်း ပေါင်းသင်းရန် မဖြစ်နိုင်။ ဗိမ္ဗိသာရမင်းကြီး၏ သားဖြစ်သူ အဇာတသတ် မင်းသားငယ်ကား အသက်ငယ်သေး၍ တစုံ တဦး၏ ဂုဏ်ကျေးဇူး,အပြစ်ကို ဘာမျှမသိသေးသူ ဖြစ်၏။ ထိုအဇာတသတ် မင်းသားနှင့် ပေါင်းသင်းလျှင် ဖြစ်နိုင်ရာ၏။ ထိုမင်းသားငယ်အား ကြည် ညိုအောင် စီမံ အားထုတ်ပေအံ့" ဟု ကြံစည်လေ၏။

သို့ဖြစ်၍ အရှင်ဒေဝဒတ်သည် ကောသမ္မီပြည်မှ ရာဇဂြိုဟ်ပြည်သို့ သွား ရောက်၍ လောကီစျာန်ရသူဖြစ်ရကား လုလင်ငယ်အသွင်ကို ဖန်ဆင်းလျက် အဆိပ် ရှိသော မြွေတို့ကို လက်နှစ်ဘက်, ခြေနှစ်ဘက်, လည်ပင်း တို့၌ တကောင်စီ (ငါးကောင်)ကို ဖန်ဆင်းလျက် မြွေတကောင်ကို ဦးခေါင်း ပေါ်၌ ခေါင်းပေါင်းကဲ့သို့ ခွထားပြီး မြွေတကောင်ကို လက်ဝဲပခုံးပေါ်၌ ဟင်းကာ ဤမြွေများကို အမြီးချင်း ယှက်ထိုး၍ မြွေတန်ဆာ ဆင်ယင်ပြီး

လျှင် ကောင်းကင်မှ ဆင်းသက်၍ အဇာတသတ် မင်းသားငယ်၏ ရင်ခွင်၌ ထိုင်လေ၏။

အဇာတသတ် မင်းသားငယ်သည် အလွန်ကြောက်လန့်သဖြင့် "သင် ဘယ်သူနည်း" ဟု မေးသော် -

"ငါသည် အရှင်ဒေဝဒတ် ဖြစ်၏" ဟု ဆို၏။

မင်းသားက "ထိုသို့ဖြစ်လျှင် ပကတိရဟန်းအသွင်ဖြင့် ထင်ရှားပြတော်မူပါ" ဟု လျှောက်သဖြင့် အရှင်ဒေဝဒတ်သည် လုလင်ငယ်အသွင်ကို ရုပ်သိမ်း၍ သပိတ်သင်္ကန်းကို ဆင်မြန်းဝတ်ရုံလျက် ရဟန်းအသွင်ဖြင့် မင်းသားရှေ့၌ ရတည်လေ၏။

အဇာတသတ် မင်းသားငယ်လည်း ဤတန်ခိုးပြာဋိဟာဖြင့်ပင် အလွန်ကြည်ညိုလေရကား နံနက်,ညနေ အခါခါမှန်မှန် အရှင်ဒေဝဒတ်ထံ ရထားဖြင့် သွားရောက် ချဉ်းကပ် ခစားလေ၏။ နေ့စဉ်နေ့တိုင်း အလွန်ကောင်းမြတ်သည့် ဆွမ်းချက်အိုး ငါးရာတို့ကိုလည်း ဆွမ်းဝတ်တည်လေ၏။

ထိုအခါ အရှင်ဒေဝဒတ်သည် လာဘ်ပူဇော်သက္ကာကို အလွန်တပ်မက်လေရကား "ငါသည် ဘုရားတဆူပြုလုပ်၍ ရဟန်းသံဃာအပေါင်းကို ဦးဆောင်တော့အံ့" ဟု ယုတ်မာသည့်အကြံ ဖြစ်ပေါ်လေ၏။ထိုဈာန်ပင် သူ၏ လောကီဈာန်တန်ခိုးသည် ကွယ်ပျောက်လေတော့၏။

ထိုအချိန်၌ အရှင်မောဂ္ဂလ္လာန်၏ အလုပ်အကျွေး ဒါယကာတဦးဖြစ်သူ 'ကကုဓ'မည်သော ကောလိယမင်းသားသည် ယခုမှပင် စုတေပြီးကာ ဗြဟ္မာကြီးဖြစ်၍ အရှင်မောဂ္ဂလ္လာန်ထံ လာရောက်ကာ "အရှင်ဘုရား၊ အရှင် ဒေဝဒတ်သည် လာဘ်ပူဇော်သက္ကာကို လွန်စွာတပ်မက်ရကား 'ငါသည် ဘုရားတဆူပြုလုပ်၍ ရဟန်းသံဃာကို ဦးဆောင်တော့အံ့' ဟုကြံစည်သည်နှင့် တပြိုင်နက် သူသည် လောကီဈာန် အာဘိညာဏ်မှ လျှောကျပါလေပြီ" ဟု လျှောက်ထားပြီး ထိုနေရာ၌ပင် ပျောက်ကွယ်သွားလေ၏။

အရှင်မောဂ္ဂလ္လာန်လည်း ဘုရားရှင်ထံသွား၍ ထိုအကြောင်းကို လျှောက်ထားလေသော် ဘုရားရှင်က "ချစ်သား မောဂ္ဂလ္လာန်၊ ကကုဓဗြဟ္မာမင်း လျှောက်ထားသောစကားသည်မှန်ကန်ကြောင်း 'စေတောပရိယအဘိညာဏ်' ဖြင့် သင် ချစ်သား သိသလော" ဟု မေးတော်မူ၏။

"သိပါ၏ဘုရား" ဟု လျှောက်ထားသော် -

ဘုရားရှင်က "ချစ်သား မောဂ္ဂလ္လာန်၊ ဤစကားကို စောင့်စည်းလော့။ ယခုအခါ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ထိုဒေဝဒတ်သည် မိမိကိုယ်ကို ကိုယ်တိုင်ပင် ထင်စွာ ပြုလိမ့်မည်" ဟူ၍ မိန့်တော်မူ၏။

၂၅၄။ ။အရှင်ဒေဝဒတ်အား ပကာသနိယကံ ပြုတော်မူခြင်း

ထိုနောက် ဘုရားရှင်သည် ကောသမ္ဗီပြည်မှ ဒေသစာရီ ကြွတော်မူလျက် ရာဇဂြိုဟ်ပြည်သို့ရောက်၍ ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၏။

ထိုအခါ များစွာသော ရဟန်းတို့က "မြတ်စွာဘုရား၊ အဇာတသတ် မင်းသားငယ်သည် အရှင်ဒေဝဒတ်ထံသို့ နံနက်,ညနေတိုင်း တန်နှေ့နှစ်ကြိမ် ရထားဖြင့် သွားရောက် ဆည်းကပ်ပါ၏။ ဆွမ်းချက်အိုး ငါးရာတို့ကိုလည်း အရှင်ဒေဝဒတ်ထံသို့ နေ့စဉ်ပို့ပါ၏"ဟု လျှောက်ကြလေ၏။

ဘုရားရှင်က "ရဟန်းတို့၊ ဒေဝဒတ်၏ လာဘ်သပ်ပကာ ကျော်စောမှုကို မမြတ်နိုးကြလင့်။ အဇာတသတ်သည် ဒေဝဒတ်ထံသို့ နေ့စဉ် ဆည်းကပ် ဆွမ်းအိုး ငါးရာတို့ကို ပို့နေသမျှကာလပတ်လုံး ဒေဝဒတ်အား ကုသိုလ် တရားတို့၌ ယုတ်လျော့မည်သာတည်း။ ရဟန်းတို့၊ ငှက်ပျောပင်, ဝါးပင်, ကျူပင်တို့သည် မိမိကိုယ်ကို သတ်ရန်၊ ပျက်စီးစေရန်သာ အသီးသီးသကဲ့သို့၊ အာဿဆိုရိမြင်းမသည် မိမိကိုယ်ကိုသတ်ရန်၊ ပျက်စီးစေရန်သာ ကိုယ်ဝန်ကို ဆောင်သကဲ့သို့ ထို့အတူပင် ဒေဝဒတ်၏ လာဘ်သပ်ပကာ ကျော်စောမှု သည် မိမိကိုယ်ကိုသတ်ရန်၊ပျက်စီးစေရန်သာ ဖြစ်လာ၏"ဟူ၍ တရားဟော တော်မူ၏။

ထိုနောက် တနေ့သ၌ ဘုရားရှင်သည် မင်း,စသည် များ စွာ သော ပရိသတ်တို့အား တရားဟောလျက် ထိုင်နေသောအခါ အရှင်ဒေဝဒတ်သည် နေရာမှထ၍ ဘုရားရှင်အား လက်အုပ်ချီ ရှိခိုးလျက် "မြတ်စွာဘုရား၊ ယခု ရှင်တော်ဘုရားသည် ပစ္ဆိမအရွယ် အသက်ကြီးရင့် အိုမင်းပါပြီ။ ရှင်တော် ဘုရားသည် ယခုအခါ ချမ်းသာစွာနေထိုင်လျက် ကြောင့်ကြမဲ နေတော် မူပါလော့။ တပည့်တော်အား ရဟန်းသံဃာကို လွှဲအပ်ပါလော့။ တပည့် တော်သည် ရဟန်းသံဃာကို ထိန်းသိမ်းစောင့်ရှောက် ရွှေ့ဆောင်ပါအံ့"ဟု လျှောက်လေ၏။

ဘုရားရှင်က "မတော်ဘူး ဒေဝဒတ်။ သင်သည် ရ ဟန် း သံ ဃာ ကို ထိန်းသိမ်းစောင့်ရှောက် ရွှေ့ဆောင်ရန် မနှစ်သက်လင့်"ဟု မိန့်တော်မူ၏။ အရှင်ဒေဝဒတ်သည် ထပ်၍ ထို့အတူ လျှောက်ထားသော်လည်း ဘုရားရှင်က ထို့အတူပင် ပယ်တော်မူ၏။

တတိယအကြိမ် အရှင်ဒေဝဒတ်က ထပ်၍လျှောက်ပြန်လေသော် ဘုရား ရှင်က "ဒေဝဒတ်၊ ငါဘုရားသည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်

တို့အား သော်မှလည်း ရဟန်းသံဃာကို လှဲအပ်မည် မဟုတ်ရာ တံတွေးနှင့် တူသည့် ပစ္စည်းများကို စားသုံးသည့် ယုတ်မာသော သင့်အား အဘယ့်ကြောင့် လှဲအပ်ရာအံ့နည်း'' ဟု မိန့်တော်မူလေ၏။

ထိုအခါ အရှင်ဒေဝဒတ်သည် ''ဘုရားရှင်ကား ငါ့ကို မင်းနှင့်တကွသော ပရိသတ်အလယ်၌ တံတွေးစားသူ(တံတွေးနှင့်တူသည့် မစင်ကြယ်သောပစ္စည်းလေးပါးကို စားသုံးသူ)ဟူသော စကားဖြင့်မောင်းမဲ၏။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့ကို မြှောက်စား၏'' ဟု အမျက်ထွက်ကာ နှလုံးမသာယာဘဲ ဘုရားရှင်ကို ရှိခိုးပြီး ဖဲသွားလေ၏။

ထိုအခါ ဘုရားရှင်သည် အရှင်ဒေဝဒတ်အား(ဥတ္တိဒုတိယ ကမ္မဝါစာဖြင့်)ရာဇဂြိုဟ်ပြည်၌ ပကာသနိကံကို ပြုစေတော်မူ၏။ သံဃာတော်က ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ပကာသနိယကံ ပြုပြီးသောအခါ အရှင်သာရိပုတ္တရာကို ဥတ္တိဒုတိယကမ္မဝါစာဖြင့်ပင် သမုတိပေး၍ ရာဇဂြိုဟ်ပြည်၌ အရှင် ဒေဝဒတ်ကို ပကာသနိယကံ(ထင်ရှားအောင် ပြုစေခြင်း)ကို ပြုစေတော်မူ၏။ အရှင်သာရိပုတ္တရာလည်း သမ္မုတိ ပေးအပ်ချက်အရ အရှင်ဒေဝဒတ်ကို ရာဇဂြိုဟ်ပြည်၌ 'ပကာသနိယကံ' ပြုလေ၏။

[ပကာသနိယကံပြုခြင်းဟူသည် ''ရှေးအခါက အရှင်ဒေဝဒတ်၏ အမှုအကျင့်သည် တမျိုးဖြစ်၏။ ယခုအခါ၌ အမှုအကျင့်သည် တမျိုးဖြင်၏။ သို့ဖြစ်၍ ဤအခါမှစပြီး အရှင်ဒေဝဒတ် ပြောဆိုပြုမူမှု ဟူသမျှသည် ဘုရား, တရား, သံဃာနှင့် မပတ်သက်တော့။ အရှင် ဒေဝဒတ်နှင့်သာ ပတ်သက်၏'' ဟူ၍ ထင်ရှားအောင် ပြောဆိုခြင်းပင် ဖြစ်၏။

ထိုအခါ အရှင်ဒေဝဒတ်သည် ''ယခုအခါ ရဟန်းဂေါတမသည် ငါ့ကို စွန့်ပယ်လေပြီ။ ယခု ရဟန်းဂေါတမ၏ အကျိုးစီးပွားပျက်အောင် ပြုတော့အံ့'' ဟု ကြံစည်လေတော့၏။

၂၂၅။ ဒေဝဒတ်က အဇာတသတ်အား ဘခင်ကိုသတ်ခိုင်းခြင်း

ထိုအခါ အရှင်ဒေဝဒတ်သည် အဇာတသတ် မင်းသားထံသွား၍ ''မင်းသား ရှေးခေတ်လူများသည် အသက်ရှည်ကြ၍ ယခုခေတ်လူများသည် အသက်တို ကြ၏။ သင်သည် မင်းသားဘဝနှင့် သေသွားနိုင်၏။ ထို့ကြောင့် သင်သည် အဘကိုသတ်၍ မင်းဖြစ်လော့။ ငါသည် ဘုရားကိုသတ်၍ ဘုရားဖြစ်အံ့'' ဟု ပြောဆိုလေ၏။

အဇာတသတ် မင်းသားသည် "အရှင် ဒေဝဒတ်ကား တန်ခိုးအာနုဘော် ကြီးသူဖြစ်၏။ အရှင်သည် အကြောင်းကိုသိ၍ ပြောသည်ဖြစ်မည်" ဟု ကြံစည်ကာ ပေါင်၌ ဓားမြှောင်ကို ဖွဲ့ချည်၍ နေ့ခင်းကြောင်တောင် ကြောက်ရွံ့တုန်လှုပ်စွာ အဆောတလျင် နန်းတွင်းသို့ ဝင်လေသော် သက်တော်စောင့် အမတ်ကြီးများက မင်းသားကိုဖမ်း ရှာဖွေကြသော် ပေါင်၌ ဖွဲ့ချည်ထားသည့် ဓားမြှောင်ကို တွေ့သဖြင့် "မင်းသားသည် ဘယ်အရာကို ပြုလိုသနည်း" ဟု မေးကြ၏။

မင်းသားက "ခမည်းတော်ကို သတ်လို၏" ဟု ဆိုသော်-

"သင့်ကိုဘယ်သူက အသတ်ခိုင်းသနည်း" ဟုမေးကြ၍-

မင်းသားကလည်း "အရှင်ဒေဝဒတ်က အသတ်ခိုင်း၏" ဟု ဝန်ခံလေ၏။ အမတ်တို့သည် မင်းသားကိုဖမ်း၍ မင်းကြီးထံ ခေါ်သွားပြီး ထိုအကြောင်းကို လျှောက်ထားကြ၏။

ထိုအခါ မင်းကြီးက "မင်းသား သင်သည် ငါ့ကို အာဃာတ်ကြောင့်သတ် လိုသနည်း" ဟု မေးသော်-

"ခမည်းတော် ကျွန်ုပ်သည် မင်းအဖြစ်ကိုအလိုရှိပါ၏" ဟုလျှောက်လေ၏။

မင်းကြီးက "မင်းသား ဤမင်းစည်းစိမ်သည် သင်ချစ်သား၏ မင်းစည်း စိမ်တည်း" ဟု ပြောဆို၍ သားတော်အား ထီးနန်းစည်းစိမ် မင်းအဖြစ်ကို အပြီးအပိုင် လွှဲအပ်လေ၏။

အဇာတသတ် မင်းသားလည်း "ငါ၏ အလိုဆန္ဒ ပြည့်ဝလေပြီ" ဟု အားရ ဝမ်းသာစွာ အရှင်ဒေဝဒတ်အား ထိုအကြောင်းကို ပြောကြားလေ၏။

ထိုအခါ အရှင်ဒေဝဒတ်က သင်သည် 'ငါ့ကိစ္စ အောင်မြင်ပြီ' ဟု မှတ်ထင်နေ၏။ သင့်ခမည်းတော်သည် နှစ်ရှက်၊ သုံးရက် လောက်ရှိလျှင် သင်ပြုခဲ့သည့် မထီမဲ့မြင်မှုကို စဉ်းစားမိ၍ ကိုယ်တိုင်ပင် မင်းပြုလိမ့်မည်။ သို့ဖြစ်၍ သင့်ခမည်းတော်ကို အမြစ်ဖြတ်သတ်လော့" ဟု ရက်စက်စွာ ပြောဆိုလေ၏။

မင်းသားက "အရှင်ဘုရား၊ ခမည်းတော်သည် ရာဇသွေးဖြစ်၍ လက်နက်ဖြင့် မသတ်ထိုက်သူ မဟုတ်ပါလော" ဟု ဆိုသော်-

အရှင်ဒေဝဒတ်က "သင့်ခမည်းတော်ကို အစာဖြတ်၊ အငတ်ထား၍ သတ်ပါတော့လော" ဟု အကြံပေးလေ၏။

ထိုအခါ အဇာတသတ်သည် ခမည်းတော်ကို ပူပြင်းလှသော သံလှောင် အိမ်ထဲ၌ အကျဉ်းထားစေပြီး "ငါ၏ မယ်တော်မှတပါး အခြား မည်သူ တဦးတယောက်မျှ ခမည်းတော်အား ဖူးမြင်ခွင့် မပေးရ" ဟု အမိန့်ထုတ်

လေ၏။ ထိုအခါ ဝေဒေဟီ မိဖုရားကြီးသည် စားတော် ရှေ့ခွက်၌ ထမင်းကို ထည့်ပြီး ရင်ခွင်ဖြင့် ပိုက်ကာ သံလျောင်အိမ်ထဲသို့ ဝင်၍ မင်းကြီးအား ကျွေးလေ၏။

လခွဲကြာသော် အဇာတသတ်မင်းလည်း "ငါ၏ ခမည်းတော် ဘယ်လို နည်းဖြင့် အသက်ရှင်နေသနည်း" ဟု မေး၍ ထိုအကြောင်းကိုကြားသိလျှင်- "ငါ့မယ်တော်အား ထမင်းအစာကို ရင်ခွင်ဖြင့် ပိုက်၍ ဝင်ခွင့် မပေးကြလင့်" ဟု အမိန့်ထုတ်ပြန်၏။ ဝေဒေဟီ မိဖုရားလည်း အစာကို ခါးပိုက် ဆံထုံးထဲထည့်၍ သံလျောင်အိမ်ထဲသို့ဝင်ပြီး မင်းကြီးအား ကျွေးပြန်၏။

နောက်လခွဲကြာသော် ထိုသတင်းကို ကြားပြန်လျှင် အဇာတသတ်မင်းက "ငါ့မယ်တော်အား ဆံထုံး၍ ဝင်ခွင့် မပေးကြလင့်" ဟု အမိန့် ထုတ်ပြန်၏။ ဝေဒေဟီ မိဖုရားလည်း ခွေခြေနင်းတို့၌ အစာကိုထည့်ပိတ်ပြီး စီးလျက်ဝင်၍ ကျွေးပြန်၏။

ခုနှစ်ရက်ကြာသော် အဇာတသတ်သည် ထိုအကြောင်းကိုလည်း သိပြန်လျှင် "ငါ့မယ်တော်အား ခြေနင်းစီး၍ ဝင်ခွင့် မပေးကြလင့်" ဟု အမိန့် ထုတ်ပြန်၏။

ဝေဒေဟီ မိဖုရားလည်း ရေချိုးသန့်စင်၍ မိမိကိုယ်ကို စတုမဓုဖြင့် သုတ်သင်မိန်းပြီး အပေါ်ရုံခြုံလျက် သံလျောင်အိမ်ထဲ ဝင်၏။ မင်းကြီးလည်း မိဖုရား၏ ကိုယ်ကို လျှာဖြင့် လျက်လေ၏။

နောက် လေး-ငါးရက်ကြာ၍ ထိုအကြောင်းကိုသိပြန်လျှင် အဇာတသတ် မင်းမိုက်သည် "ဤအဘိုးမှစ၍ ငါ့မယ်တော်အား ဝင်ခွင့်မပေးကြလင့်" ဟု အမိန့်ထုတ်ပြန်၏။

ထိုအခါ ဝေဒေဟီ မိဖုရားသည် သံလျောင်အိမ် တံခါးဝသို့ သွား၍ ရပ်လျက် "အရှင်မင်းကြီး၊ သင်မင်းကြီးသည် ထိုအဇာတသတ် သားမိုက်ကို ငယ်စဉ်ကသတ်ခွင့်မပေးခဲ့ချေ။ မိမိ၏ရန်သူကို မိမိပင် မွေးမြူခဲ့၏။ ယခု အရှင့်အား နောက်ဆုံး ဖူးမြင်ရခြင်းဖြစ်ပါ၏။ နောက် ဖူးမြော်ခွင့် မရတော့ပါ။ ကျွန်ုပ်အား အပြစ်တစုံတရာရှိခဲ့လျှင် သည်းခံတော်မူပါ" ဟု ပြောဆို ငိုကြွေး မြည်တမ်းကာ ပြန်သွားရှာလေ၏။

မင်းကြီးလည်း ထိုအခါမှစ၍ စကြံလျှောက်လျက် သောတာပတ္တိ ဖိုလ်ချမ်းသာဖြင့်သာ နေရှာ၏။ ထိုသို့ ဖိုလ်ချမ်းသာကို မပြတ်ဝင်စားသောကြောင့် မင်းကြီး၏ ကိုယ်ခန္ဓာသည် အလွန်အလွန် တင့်တယ်၍ နေလေ၏။

နောက် ခုနစ်ရက်ခန့်ကြာသော် "မင်းကြီးသည် စကြံသွားခြင်းဖြင့် ရှေးကထက်ပင် တင့်တယ်နေ၏" ဟု အမတ်တို့အား မေးမြန်း၍ ကြားသိရလျှင်

အဇာတသတ် မင်းမိုက်သည် "ငါ့ခမည်းတော်၏ ခြေဖဝါးတို့ကို သင်ဓုန်းဓားဖြင့် မှန်း၍ ဆားသိပ်ပြီး ရှားမီးကျီးတို့ဖြင့် ကင်ကြလော့" ဟု ဆေတ္တာသည်တို့ကို စေခိုင်းလေ၏။

ထိုဆေတ္တာသည်တို့လည်း မင်းကြီးထံသွား၍ မင်းမိန့်ကို လျှောက်ကြားပြီး ရိုသေစွာရှိခိုးလျက် "အရှင်မင်းကြီး၊ ကျွန်ုပ်တို့သည် အဇာတသတ်မင်း၏ အမိန့်အတိုင်း ပြုကျင့်ကြပါကုန်အံ့။ ကျွန်ုပ်တို့အား အမျက်ထွက်တော်မမူပါလင့်" ဟု လျှောက်ကြားပြီး မင်းကြီး၏ခြေဖဝါးတို့ကို သင်ဓုန်းဓားဖြင့် ခွဲမှန်း၍ ဆားသိပ်ကာ ရှားမီးကျီးတို့ဖြင့် ကင်ကြလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် ပြင်းထန်သော ဝေဒနာကိုခံစားရသော် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးများကိုသာ အောက်မေ့လျက် သည်းခံကာ နေလေ၏။ ခုနစ်ရက်ခန့်ကြာလျှင် အသားအသွေးတို့ ကုန်ခမ်း ခြောက်သွေ့ပြီး ကံကုန်ရလေ၏။ ကံကုန်သော် ဝေဿဝဏ် နတ်မင်း၏ အခြံအရံ အလုပ်အကျွေးဖြစ်သော 'ဇနဝသဘ' အမည်ရှိ နတ်ဘီလူး စစ်မှူးကြီး ဖြစ်လေ၏။

[မြင်းကြီးသည် ရှေးအတိတ်ဘဝက စေတီတော်ရင်ပြင်၌ ဘိုနပ်စီးလျက် သွားခဲ့ဘူး၏။ ထိုင်ရန် ခင်းထားသည့်ဖျာကိုလည်း မဆေးမဆေးကြောသော ခြေတို့ဖြင့် နင်းခဲ့ဘူး၏။ ထို့ မကောင်းမှု ကံကြောင့် ဤဘဝ၌ ခြေဖဝါးတို့ကို ဓားဖြင့် အမှုန်းခံရခြင်း ဖြစ်၏ဟု ဆိုသည်။ မင်းကြီးသည် သောတာပန်ဖြစ်ပါလျက် "အဘယ့်ကြောင့် အောက်တန်းကျသည့် စတုမဟာရာဇ် နတ်ဘီလူး မျိုး၌ ဖြစ်လေသနည်း" ဟူမူ မင်းကြီးသည် ထိုနတ်ပြည်၌ ခုနစ်ဘဝတိုင် ဖြစ်ခဲ့ဘူး၍ ထို နတ်ဘဝ၌ပင် တပ်မက်မှု အားကြီးနေခြင်းကြောင့် ဖြစ်ရပေ၏။]

ဗိမ္ဗိသာရမင်းကြီးသည် နတ်ရှာစံသည့် နေ့မှာပင် အဇာတသတ် မင်း၏ မိဖုရားမှ 'ဥဒယဘဒ္ဒ'မည်သော သားတော်ကို ဖွားမြင်လေ၏။ မင်းကြီးအား လျှောက်ကြားရန် သားတော်ဖွားကြောင်း သတင်းယူလာသည့် အိမ်တော်ဝန်သည်ဌင်း၊ ခမည်းတော်မင်းကြီး နတ်ရှာစံကြောင်း သတင်းထူး ယူလာသည့် ထောင်ဝန်သည်ဌင်း နှန်းတော်သို့ တခါနှတ်တည်းရောက်လာကြ၏။

အပါးတော်မြဲ အမတ်တို့သည် အချင်းချင်း တိုင်ပင်ပြီးမှ "သားတော်ဖွားကြောင်း" သတင်းကို ရှေးဦးစွာ လျှောက်ကြားကုန်၏။

အဇာတသတ်မင်းလည်း မိမိသားတော်၌ ချစ်ခြင်းပြင်းစွာ ဖြစ်ရကား ထိုခဏ၌ပင် "ငါဖွားစဉ်ကလည်း ငါ့ခမည်းတော်သည် ဤကဲ့သို့ ငါ့ကို

ချစ်ပေလိမ့်မည်'' ဟု အောက်မေ့ကာ ခမည်းတော်ကျေးဇူးကို သတိရလာ လေသဖြင့် အမတ်တို့အား ''သင်တို့ သွား၍ ငါ့ခမည်းတော်ကို လွှတ်ကြ လော့'' ဟု အရေးတကြီး အမိန့်ထုတ်လေ၏။

အမတ်တို့ကလည်း ''ခမည်းတော် ကွယ်လွန်သွားပါပြီဘုရား'' ဟုလျှောက် ကြကုန်၏။ ထိုအခါ အဇာတသတ်မင်းသည် ပြင်းစွာ ငိုကြွေးလျက် မယ် တော် ဝေဒေဟီ မိဖုရားကြီးထံသို့ သွား၏။

''မယ်တော်၊ ကျွန်ုပ် ဖွားမြင်သော အခါက ခမည်းတော်သည် သား တော်ကို ချစ်ပါ၏လော'' ဟု မေးလေသော်-

မယ်တော်က ''သားမိုက်၊ ဘယ့်နှယ်ပြောပါလိမ့်။ သင်၏ ချစ်ခြင်းကား အဘယ်ဟုတ်သေးအံ့နည်း'' ဟု အစချီ၍ ကိုယ်ဝန်ရစထဲက မင်းကြီးက သား တော်အပေါ် ဘယ်မျှချစ်ခဲ့ကြောင်း အကျယ်တဝင့် ပြောကြားပြီးနောက် ''သင်ငယ်စဉ်က သင့် လက်ချောင်းမှာ ခူနာ ပေါက်ခဲ့၍ အထိန်းတော်တို့ ထိန်းမရ ငိုကြွေးသော် သင့်ခမည်းတော်သည့် သင့်ကိုပွေ့ချီကာ ခူနာပေါက် သော သင့်လက်ကို မိမိခံတွင်း၌ ငုံထား၏။ ခူနာသည် အာငွေ့ဖြင့် ပေါက် လေရာ သင် နိုးမှာစိုးသဖြင့် သင့်ခမည်းတော်သည် သွေးပုပ်နှင့်တကွသော ပြည်ကို မျိုချခဲ့ပေ၏။ ဤမျှပင် မောင့်ကို ချစ်ခဲ့ပေ၏။ ဤမျှ ချစ်ခင်ကျေးဇူး ကြီးသော ဘခင်ကို သင် ရက်စက်စွာ သတ်ဖြတ်ဘိ၏။ သင့်ထက် မိုက်မဲယုတ် နိမ့်သူ ဤလူ့ပြည်တွင် မရှိပြီ'' ဟု ပြောပြ မောင်းမဲလေ၏။ အဇာတသတ် မင်းလည်း သည်းစွာ ငိုကြွေးမြည်တမ်း၍ ခမည်းတော်၏ စျာပန ကိစ္စကို ပြုလုပ်ရှာလေ၏။

၂၄၆။ ဇဋိလသူဌေးကြီး ရဟန်းပြုခြင်း

ဘုရားရှင်သည် ဝေဋ္ဌုဝန်ကျောင်း၌ နေတော်မူသောအခါ ဗာရာဏသီပြည် တွင် ဘုံခုနစ်ဆင့်ထက်၌နေသော သူဌေးသမီးတဦးသည် တနေ့သ၌ ကောင်း ကင်ဖြင့် ပျံသွားသော ဝိဇ္ဇာဓိုရ်တဦးနှင့် ပေါင်းသင်းမိရာမှ ကိုယ်ဝန် ရ၍ သားကို ဖွား၏။ သူဌေးသမီးသည် ကျွန်မအား ကလေးကို အိုးထဲထည့်ပိတ် စေ၍ ဂင်္ဂါမြစ်ထဲသို့ မျှောစေ၏။

အရှင်မဟာကစ္စည်း၏ အလုပ်အကျွေးဖြစ်သော ဒါယိကာမတဦးသည် မြစ်ဆိပ်၌ ရေချိုးစဉ် ထိုအိုးကိုမြင်၍ ဆယ်ယူပြီး ကလေးကိုမွေးမြူ၏။ ဆံပင် များ တွန့်လိမ် ရှုပ်ထွေးနေသဖြင့် သူငယ်အား 'ဇဋိလ' ဟု အမည်ပေး၏။ ထိုသူငယ် ခြေဖြင့်သွားနိုင်သည့် အခါတွင် အရှင်မဟာကစ္စည်းသည် အိမ်သို့

ကြွလာ၏။ ထို ဒါယိကာမက ထို သူငယ်အင့်ကြောင်းကို ပြောပြပြီး ရှင်ပြုပေးရန် အပ်နှံ၏။

မထေရ်သည် သူငယ်၏ ရှေးကံကို ဆင်ခြင် ကြည့်ရှုသော် "ဤ သူငယ်သည် ဘုန်းကံရှိသော သူငယ်တည်း။ ကြီးစွာသော စည်းစိမ် ချမ်းသာကို ခံစားရပေလတံ့" ဟု မြင်၍ ထိုသူငယ်ကို ဆောင်လျက် တက္ကသိုလ်ပြည်ရှိ အလုပ်အကျွေးဖြစ်သူ ဒါယကာတဦးအိမ်သို့ ကြွ၏။ မထေရ်က "ဤ သူငယ်သည် ငယ်သေး၏။ ဒါယကာထံ၌ပင် နေစေဦး" ဟု ဆို၍ အပ်လေ၏။

ထိုသူကြွယ်သည် သူငယ်ကို သားအရာ၌ထား၍ မွေးမြူ၏။ ဇဋိလအရွယ်ရောက်သော် တနေ့သ၌ ထိုသူကြွယ်သည် အိမ်၌ တဆယ့်နှစ်နှစ်တိုင်အောင် စုဆောင်းထားသော ကုန်စည်ဘဏ္ဍာတို့ကို ဆိုင်သို့ဆောင်စေပြီး ဇဋိလအား ဆိုင်၌ ထိုင်စေလျက် "ရောင်းချနေနှင့်ဦး" ဟု မှာခဲ့ပြီး ရွာတရွာသို့ သွား၏။

ထိုအခါ မြို့စောင့်နတ်တို့က တိုက်တွန်းအပ်သဖြင့် မြို့နေလူတို့ လာဝယ်ကြရာ တနေ့တည်းဖြင့် ထိုကုန်ပစ္စည်းအားလုံး ကုန်သွား၏။

ထို သူကြွယ် အိမ်ပြန်ရောက်သော် ဇဋိလက ရောင်းရ၍ ပေးအပ်သည့် ရှေ့ငွေတို့ကို မြင်ရလျှင် "ဤ လုလင်ကား အတိုင်းမသိ ထိုက်တန်သည့် ယောကျ်ားပေတည်း" ဟု ကြံ၍ ဇဋိလကို အရွယ်ရောက်ပြီးသော မိမိသမီးနှင့် ပေးစား၍ အိမ်ဆောက်ပေးလေ၏။

ထိုအိမ်သစ်ထဲသို့ ဇဋိလဝင်၍ တံခါးခုံပေါ်၌ နင်းလိုက်သည့် ခဏမျှပင် အိမ်နောက်ဖေး၌ မြေကို ဖောက်ခဲ့၍ အတောင် နှစ်ဆယ်ရှိ ရှေတောင်ကြီး ပေါက်လေ၏။ ပြည့်ရှင်မင်းကြီးသည် ထိုအကြောင်းကို ကြားလျှင် ဇဋိလအား သူ့ဌေးကြီး ရာထူးကို ပေးလေ၏။ ဇဋိလသည် ကြီးကျယ်သော လူ့စည်းစိမ်ကို ခံစားလျက်နေ၍၊ ကာလကြာမြင့်သော် သားသုံးဦးကို ရလေ၏။

ထို သားသုံးဦး အရွယ်ရောက်သော် ဇဋိလသည် ရဟန်း ပြုလိုသဖြင့် "ဇမ္ဗူဒီပ၌ ငါကဲ့သို့ စည်းစိမ် ဥစ္စာ ကြွယ်ဝသူ သူဌေးကြီး ရှိလေမူကား ရဟန်းပြုအံ့" ဟု ကြံ၍ အချင်း ယောကျ်းတို့ကို စုံစမ်းခိုင်းစေ၏။ ထို ယောကျ်းတို့သည် 'ဘဒ္ဒိယ'မြို့နေ 'မေဏ္ဍက' သူဌေးကြီး၊ ရာဇဂြိုဟ်ပြည်ရှိ 'ဇောတိက' သူဌေးကြီးတို့၏ စည်းစိမ်ကြီးမားပုံကို တွေ့မြင်၍ ပြန်လာကြပြီး ဇဋိလအား "သင်၏ သူဌေးမင်းထက် အဆများစွာ ကြွယ်ဝ ချမ်းသာသည့် သူဌေးကြီးနှစ်ဦးကို တွေ့ခဲ့ရကြောင်း" အလုံးစုံကို ပြန်ပြောပြလေ၏။

ထိုအခါ ဇဋိလသည် "ငါ့သား သုံးဦးအနက် မည်သူသည် ငါ၏အမွေပစ္စည်းကို ထိန်းသိမ်းနိုင်သည့် ဘုန်းကံရှိသနည်း" ဟု သိလိုသဖြင့် ပေါက်တူးကို ပေး၍ သားသုံးယောက် အသီးသီးအား ရှေတောင်ကို ပေါက်စေ၏။

သားကြီးနှစ်ဦး ပေါက်သော် ရွှေတောင်သည် ကျောက်ဖျာကဲ့သို့ မာကျောပြီး အငယ်ဆုံးသား ပေါက်သော် မြေဆိုင်ကို ခဲရသကဲ့သို့ ရွှံတုံးများကို ရလေ၏။

ထိုအခါဇဋိလသည် သားတို့ကိုခေါ်၍ "ဤရွှေတောင်သည် သားကြီးနှစ်ဦးအတွက် ပေါက်ရောက်သည်မဟုတ်။ သားငယ်အတွက် ပေါက်ရသည်ဖြစ်၏။ ထို့ကြောင့် သားကြီးနှစ်ဦးသည် ဤသားငယ်နှင့် တပေါင်းတည်းညီညွတ်စွာနေ၍ သုံးဆောင်ကြလော့။ ငါ့စည်းစိမ် အားလုံးကို ဤသားငယ်က သိမ်းယူစေ" ဟု မှာထားပေးအပ်ခဲ့ပြီးမှ ဝေဠုဝန်ကျောင်း၌ဘုရားရှင်ထံသို့သွား၍ ရဟန်းပြုလေ၏။ ရဟန်းပြု၍ နှစ်ရက်၊ သုံးရက် ကြာလျှင်ပင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

[ဇဋိလ၏ရှေးကံ။ ။ပရိနိဗ္ဗာန် စံလွန်တော်မူသော ကဿပဘုရားရှင်၏ စေတီတော်ကို ရွှေအုဋ်တို့ဖြင့် တည်ဆောက်သည်ရှိသော် ရွှေအုဋ်များလိုနေသဖြင့် ရဟန္တာတပါးသည် လူတို့အား လှည့်လည်နှိုးဆော်စဉ် ရွှေပန်းထိမ်သည်တဦး၏ အိမ်သို့ရောက်သွား၏။ ထိုအချိန်တွင် ရွှေပန်းထိမ်သည် သည် မယား၌ အမျက်ထွက်နေခိုက် ဖြစ်၍ "အရှင်ဘုရား၏ဘုရားကို ရေထဲပစ်၍ ကြွတော်မူလော့" ဟုဆိုလိုက်၏။

ထိုအခါ မယားက "သင်ကား ဘုရားရှင်၌ ရန်ငြိုးဖဲ့ခြင်းမကောင်းမှုကိုပြုဘိ၏။ ငါ့ကိုအမျက်ထွက်လျှင် ငါ့ကို ဆဲရေးရာ၏။ ပုတ်ခတ်ရာ၏" ဟု ပြောဆိုသော် သူသည် သတိရထိတ်လန့်သဖြင့် မထေရ်အား တောင်းပန်ပြီး ရွှေဖြင့်ပြုသည့် ပန်းပွင့်များဖြင့် ပြည့်သော ပန်းဘိုး သုံးလုံးကိုပြုလုပ်ကာ ဓာတ်တော်ကိန်းဝပ်ရာ ဌာပနာတိုက်ထဲ၌ထည့်သွင်းလေ၏။ ဤသို့ပြုလုပ် လှူဒါန်းရာ၌ သူ့အား ကူညီရန် ပြောရာ သားသုံးဦးအနက် သားကြီးနှစ်ဦးက ငြင်းပယ်ပြီး သားငယ်ကသာ ဝမ်းမြောက်စွာ ပါဝင်လုပ်ကိုင်ပေး၏။

ဤသို့သောကုသိုလ်ကံကြောင့် ထိုရွှေပန်းထိမ်သည် သည် ဂေါတမဘုရားရှင်လက်ထက်၌ ရွှေတောင်ကြီးပေါက်၍ 'ဇဋိလ' သူဌေးကြီးဖြစ်လာပြီး သားသုံးဦးတို့လည်း အစဉ်အတိုင်းပင် ဇဋိလ၏ သားများဖြစ်လာကြ၏။ အငယ်ဆုံး သားသည် ဘခင်ကုသိုလ်ပြုရာ၌ ပါဝင်လုပ်ကိုင်ခဲ့သဖြင့် ဘခင် ဇဋိလ၏ ရွှေတောင်ကြီး ဥစ္စာနှစ်ကို ဆက်ခံနိုင်သူဖြစ်လာ၏။

"အရှင်ဘုရား၏ ဘုရားကို ရထဲမျှပစ်၍ ကြွသွားပါလော့" ဆို သော ဝစီကံကြောင့်ဇင်္ဂီလသည် ယခုဘဝ အပါအဝင် ခုနစ်ဘဝတိုင် ဤသို့ ဗွားစအရှယ်၌ ရထဲအမျှခံရလေ၏။]

၂၄၇။ ဇောတိက သူဋ္ဌေးကြီး ရဟန်းပြုခြင်း

ဘုရားရှင် ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ၊ ဂေါတမဘုရား ပွင့်တော်မူအံ့သောအခါတွင် ရာဇဂြိုဟ်ပြည်ဝယ် သူဋ္ဌေးတဦးအိမ်၌ သားတဦး ဖွားမြင်သောအခါ၌ ဗျရှန်းတော်နှင့်တကွ နိုင်ငံအတွင်းရှိ လက်နက်ကရိယာ ဟူသမျှ အရောင် တောက်ပကြလေ၏။ ထို့ကြောင့် ထိုသားအား 'ဇောတိက' ဟုအမည်ပေးလေ၏။

ဗိမ္ဗိသာရ မင်းကြီးသည် အကြောင်းကိုကြားလျင် ထိုသူငယ်အား တနေ့လျှင် နို့ဘိုးအဖြစ် တထောင် တထောင် ပေးကမ်း ထောက်ပံ့၏။ ဇောတိက အရွယ်ရောက်သော် ဘခင်သူဋ္ဌေးကြီးက သားအတွက် အိမ်ဆောက်ရန် မြေနေရာကို သုတ်သင်ရှင်းလင်းစေ၏။

ထိုအခါ သိကြားမင်းသည် လာ၍ ထိုမြေအရပ်၌ ရတနာ ခုနှစ်ပါးဖြင့် ပြီးသော ဘုံခုနစ်ဆင့်ရှိပြာသာဒ်ကြီးကိုတန်ခိုးဖြင့် မြေမှပေါက်စေ၏။တံတိုင်း ခုနစ်ထပ်ရှိ၏။တံတိုင်းခုနစ်ထပ်၏ မုခ် ခုနစ်ခု အသီးသီး၌ နတ်ဘီးလူးခုနစ်ဦး အစောင့်ရှိ၏။ တံတိုင်းခုနစ်ခု အသီးသီး၏ အစွန်အဖျား၌ ပဒေသာပင်တို့ ပေါက်ကုန်၏။ပြာသာဒ်၏ထောင့်လေးခုတို့၌ တဂါဝုတ်ရှိ ရွှေအိုးကြီးလေးလုံး ပေါက်လာကုန်ပြီး ထန်းပင်လုံးမျှ ကြီးသည့် ရွှေဖြင့်ပြီးသော ကြုံပင်ကြီး လေးပင်တို့လည်း ပေါက်ရောက်ကုန်၏။

ထိုနေ့မှာပင် ရွှေးဘဝများက ဇောတိကနှင့်အတူကောင်းမှုပြုဘက်ဖြစ်ခဲ့၍ မြောက်ကျွန်း၌ဖြစ်သော အမျိုးသမီးကို နတ်တို့က ဇောတိကထံ ခေါ်ဆောင် ပေးကြ၏။ မြောက်ကျွန်းသူမှာ ဆန်တစလယ်နှင့် ပတ္တမြားခုံလောက် သုံးခု ပါလာ၏။ ထိုခုံလောက်ပေါ်၌ ထမင်းအိုး ဟင်းအိုး တယ်လိုက်လျှင်ပင် ခုံလောက်များက အလိုလိုပူလာသဖြင့် အလိုလိုကျက်၏။ ဆန်တစလယ်ကား ဘယ်လောက်သုံးသုံး ကုန်သွားသည်၊ လျော့သွားသည် မရှိ။ ပြည့်ပြဲတိုင်း အပြည့်ပင်ရှိ၏။

ဇောတိကတို့ ဇနီးမောင်နှံသည် တသက်ပတ်လုံး ထိုဆန်တစလယ်မှ ဖြစ်သော ထမင်းကိုသာ စားသုံးရ၏။ ဆီမီးကို မသုံးဘဲ ပတ္တမြား၏ အရောင်ဖြင့် သာနေကြ၏၊ဇမ္ဗူဒီပ်ရှိလူအပေါင်းတို့သည်ဇောတိကထံလာရောက်၍ပြာသာဒ်

ကြီးနှင့်တကွ အံ့ဘွယ် စည်းစိမ် ဥစ္စာတို့ကိုကြည့်ကြ၏။ လာသမျှ လူတို့အား ထိုတစလယ်သော မြောက်ကျန်းဆန်ဖြင့်သာ ချက်၍ ကျွေးမွေး၏။ ပဒေသာပင်တို့မှ အဝတ်ပုဆိုးများ, ရှေအိုးကြီးလေးလုံးမှ ရွှေရတနာများ, အလောက် အငပေးကမ်း၏။ ရွှေအိုးတို့၌ လက်တဆစ်မျှ လျော့မသွား၊ပြည့်မြဲတိုင်းပင်။ ထိုသို့ ဇောတိကထံသို့ လူမြောက်မြားစွာ လာကြည့်ကြသဖြင့် ဗိမ္မိသာရမင်းကြီးမှာ သွားရောက်ကြည့်ရှုခွင့်မရခဲ့ပေ။

နောက် လာကြည့်ကြသည့် လူတို့နည်းပါးသွားမှ မင်းကြီးသည် အခြေအရံများစွာနှင့်တကွ ကြွလာ၏။ မင်းကြီးသည် ခုနစ်နှစ်အရွယ်ရှိ သားငယ် အဇာတသတ်ကို လက်ချောင်း၌ဆွဲလျက် ဇောတိက၏ပြာသာဒ်ကြီးကို လှည့်လည်ကြည့်ရှုသော် အဇာတသတ်သည် "ငါ့ဘခင် မင်းကြီးသည် မိုက်မဲလေစွ။ မိမိ၏ကျေးကျွန်ဖြစ်သည့် သူဌေးက ရတနာခုနစ်ပါးဖြင့် ပြည့်သည့်ပြာသာဒ်၌ နေပါလျက် မိမိမူ သစ်သားဖြင့်ပြီးသော အိမ်၌ နေရှာဘိ၏။ ငါသာ ရှင်ဘုရင်ဖြစ်လျှင် ဤဇောတိကအား ဤပြာသာဒ်၌နေထိုင်ခွင့် မပေးအံ့" ဟု ကြံ၏။

မင်းကြီးသည် ဇောတိက ကျွေးမွေးသည့် မြောက်ကျန်းဆန် ထမင်းနှင့်တကွ အရသာရှိ ကောင်းမြတ်သော စားဘွယ်တို့ကို စားသောက်ပြီးသော် သူဌေးကတော်ကိုကြည့်လို၍ အခေါ်ခိုင်း၏။ သူဌေးကတော်သည် လာ၍ မင်းကြီးအနီး၌နေလျက် ယပ်ခတ်ဖေးသော် မင်းကြီး၏ကိုယ်မှ ချွေးနံ့ချေးနံ့ အခိုးအငွေ့များဟပ်သဖြင့် မခံနိုင်၍ မျက်ရည်ကျလေသတတ်။

ထိုအခါ မင်းကြီးက "ဇောတိက၊ သင့်မိန်းမသည် မိမိဥစ္စာကို ငါလုယူမည်ထင်၍ ငိုယိုဟန်ရှိပေ၏"ဟု ဆိုသော် ဇောတိက, က ထိုအကြောင်းနှင့် ပတ်သက်၍ ရှင်းပြပြီးနောက် မင်းကြီးအား 'ဆီမီးအစား, ပတ္တမြားရောင်ဖြင့်နေ၍ သခွားသီးခန့်ရှိ ပတ္တမြားတုံးကို ပေးလိုက်လေ၏။

အဇာတသတ်သည် နောင်အခါ ဘခင်မင်းကြီးသတ်၍ မင်းပြုလေသော် "ဇောတိကပြာသာဒ်ကို တိုက်ခိုက်လုယူအံ့"ဟု ကြံကာ စစ်သည်များစွာဖြင့် သွားလေ၏။ သူသည် ပတ္တမြားတံတိုင်း၌ ဗိုလ်ပါများနှင့်တကွ မိမိ၏အရိပ်ကို မြင်လျှင် "ဇောတိကသည် ဗိုလ်ပါများစွာနှင့် တိုက်ခိုက်ရန် ထွက်လာပြီ" ဟု ထင်မှတ်ပြီး မ.ာပ်ဝံ့ပေ။ နောက် ပထမဆုံး တံခါးမုခ်၌ စောင့်နေသော နတ်ဘီးလူးကြီးသည် အဇာတသတ်ကို မြင်တဲ့လျှင် ဗိုလ်ပါများစွာနှင့်တကွ ထွက်၍ အဇာတသတ်ကို တိုက်လှဲဖျက်ဆီး၍ နောက်က ထက်ချပ်မကွာ လိုက်လေ၏။ အဇာတသတ်သည် ဝေဠုဝန် ကျောင်းသို့သာ ထွက်ပြေးရ၏။

ထိုအခါ ဘုရားရှင်ရှေ့မှောက်၌ တရားနာနေသော ဇောတိက,က "အရှင်မင်းကြီး ဘယ်လိုဖြစ်လာသနည်း" ဟု မေးသော်-

အဇာတသတ်မင်းက "ဇောတိက သင်သည် စစ်သည်တို့ကို စေလွှတ်၍ ငါနှင့် စစ်ထိုးခိုင်းပြီးမှ ယခု ဤမှာတရားနာနေဟန် ပြုဘိ၏" ဟုဆို၏။

ဇောတိကလည်း "သင်မင်းကြီးသည် ငါ့ပြာသာဒ်ကို လုယူရန်သွား၍ စစ်ထိုးခဲ့၏" ဟု သိလေ၏။

နောက် ဇောတိက,က "မင်းကြီး၊ ကျွန်ုပ်၏ဥစ္စာကို ကျွန်ုပ်မပေးလျှင် မရနိုင်" ဟုဆိုလျက် လက်ဆယ်ချောင်းမှ လက်စွပ်နှစ်ဆယ်ကို ချတ်ယူခိုင်းလေ၏။ မင်းကြီးသည် ထိုင်လျက် ချေးပြန်အောင်ချတ်သော်လည်း မရပေ။ ထိုအခါ ဇောတိကသည် မင်းကြီးအား ပုဆိုးကိုဖြန့်စေပြီး အပေါ်၌ လက်ဆယ်ချောင်းကို အောက်စိုက်လိုက်လျှင်ပင် ထိုလက်စွပ် နှစ်ဆယ် တို့သည် အလိုလိုကျသွားကုန်၏။ နောက် ဇောတိက,က ရဟန်းပြုခွင့်ပေးရန်တောင်းခံသော် အဇာတသတ်သည် "ဇောတိက၏စည်းစိမ်များကို ရပေတော့အံ့" ဟု ကြံ၍ ချက်ချင်းပင်ခွင့်ပေးလေ၏။

ဇောတိကသည် ဘုရားရှင်ထံ၌ ရဟန်းပြုပြီး၍ မကြာမီပင် ရဟန္တာဖြစ်လေ၏။ ထိုသို့ ရဟန္တာဖြစ်ပြီးသည့်ခဏ၌ပင် သူ၏စည်းစိမ်ချမ်းသာအားလုံးသည် ကွယ်ပျောက်သွားပြီး မယားကိုလည်း နတ်တို့က မြောက်ကျွန်းသို့ ပြန်ပို့ကြလေ၏။

[ဇောတိက၏ရှေးကံ။ ။ဇောတိကသည် ရှေး အတိတ် ဘဝ သူကြွယ်တဦးဖြစ်စဉ်က မိမိ၏ကြံခင်းမှ ကြံချောင်း နှစ်ချောင်းကို ခုတ်ဖြတ်ယူလာရာ လမ်းတွင် ဂန္ဓမာဒနတောင်မှ ကြွလာသည့် ပစ္စေကာဗုဒ္ဓါတပါးကိုတွေ့မြင်၍ ကြံတချောင်းဖြင့် ကြံရည်တသပိတ် အပြည့် လှူလိုက်၏။ ပစ္စေကာဗုဒ္ဓါလည်း ရှေ့၌ပင် ကြံရည်ကို ဘုဉ်းပေး၏။ သူသည် ကြည့်ရှု ဝမ်းမြောက်သဖြင့် နောက်ထပ် ကြံဘချောင်းဖြင့် ကြံရည် တသပိတ်လှူလိုက်ပြန်၏။ ပစ္စေကဗုဒ္ဓါလည်း ထိုသူကြွယ် သဒ္ဓါပွားအောင် ကောင်းကင်ဖြင့် ဂန္ဓမာဒနတောင်သို့ကြွ၍ ပစ္စေကဗုဒ္ဓါငါးရာတို့အား ပေးလှူလိုက်၏။ ပစ္စေကဗုဒ္ဓါ၏ အဓိဋ္ဌာန်ကြောင့် ထိုသူကြွယ်သည် ထိုအခြင်းအရာအလုံးစုံကို မြင်ရလျှင် အတိုင်းထက်အလွန် သဒ္ဓါတရား ပွားများလေ၏။ သူသည် ဤကောင်းမှုကံကြောင့် နတ်ပြည်၌ဖြစ်၏။

ထို့နောက် ဝိပဿီဘုရားရှင်လက်ထက်တွင် ဘုရားရှင် အတွက် ရတနာခုနစ်ပါးဖြင့်ပြီးသော ဂန္ဓကုဋီတိုက်ကို ဆောက်လုပ်လှူဒါန်း

၏။ ဂန္ဓကုဋ္ဌီအတွင်းဝယ် ဘုရားရှင်၏ခြေတော်ရင်း၌ အဘိုးအနဂ္ဃထိုက်သည့် သခွါးသီးလုံးခန့်ပတ္တမြားကိုထားကာလျှုဒါန်း၍ အပြင်ဘက်၌ တရားနာသူများ ယူငင်သုံးစွဲရန် ဒူ.ပုဆစ်အထိ ရတနာများကို ကြဲချလျှုဒါန်း၏။ ဤကောင်းမှုအစုစုကြောင့် ဇောတိကဘဝ၌ ဇမ္မူဒိပ်တွင် အတုမရှိသော ဖော်ပြပါ စည်းစိမ်ချမ်းသာကို ရရှိခံစားရခြင်း ဖြစ်ပေသည်။]

၂၄၈။ ဘုရားကိုသတ်ရန် ဒေဝဒတ်က လေးသမားတို့ကိုလွှတ်ခြင်း

"အဇာတသတ်သည် ခမည်းတော်မင်းကြီးကိုသတ်ပြီး၍ နှလုံးမသာမယာဖြစ်ကြောင်း" အရှင်ဒေဝဒတ်ကြားသိလျှင် လျင်စွာသွား၍ များစွာသော ပရိယာယ်စကားတို့ဖြင့် ဖျောင်းဖျ ပြောဆို၏။

ထိုအခါ အဇာတသတ်မင်းက "အရှင်ဘုရား၊ တပည့်တော်၏ကိစ္စကားပြီးပါပြီ။ အရှင်၏အရေးသာကျန်ပါတော့သည်"ဟု ဆိုသော်-

အရှင်ဒေဝဒတ်က "မင်းကြီး၊ ရဟန်းဂေါတမကို လုပ်ကြံရန် ကိစ္စ၌ သူရသတ္တိရှိသော (လေးသမား)ယောကျ်ားသုံးဆယ့်နှစ်ယောတ်လိုသည်"ဟု ပြောဆိုလေ၏။

အဇာတသတ်မင်းလည်း မင်းချင်းယောကျ်ားတို့အား "အရှင်ဒေဝဒတ်ပြောသည့်အတိုင်း ပြုလုပ်ကြလော့"ဟု ပြောဆိုမှာထား၍ အရှင်ဒေဝဒတ်ထံသို့ စေလွှတ်လေ၏။

ထိုအခါ အရှင်ဒေဝဒတ်သည် (ပထမ)ယောကျ်ားတဦးကို "သင်သည် ဤမည်သောအရပ်၌နေသော ရဟန်းဂေါတမကိုသတ်ပြီး ဤမည်သော လမ်းဖြင့်ပြန်ခဲ့လော့"ဟု စေခိုင်း၏။

နောက် ထိုယောကျ်ားပြန်လာမည့်လမ်း၌ (ဒုတိယအသုတ်)ယောကျ်ားနှစ်ဦးကို "သင်တို့သည် ဤလမ်းမှလာသည့် ယောကျ်ားတဦးကို သတ်ပြီး ဤမည်သောလမ်းဖြင့်ပြန်ခဲ့ကြလော့"ဟုဆို၍ ချထားလေ၏။

နောက် ထိုလူနှစ်ယောက်လာမည့်လမ်း၌ (တတိယအသုတ်) လူလေးယောက်တို့ကို "သင်တို့သည် ဤလမ်းမှလာသော ယောကျ်ားနှစ်ဦးကိုသတ်ပြီး ဤမည်သောလမ်းဖြင့် ပြန်လာခဲ့ကြလော့"ဟုဆို၍ ချထား၏။

နောက် ထိုလေးဦးပြန်လာမည့်လမ်း၌ (စတုတ္ထအသုတ်)လူရှစ်ယောက်ကို "ဤလမ်းမှလာသည့် လူလေးယောက်ကိုသတ်ပြီး ဤမည်သော လမ်းဖြင့် ပြန်လာခဲ့ကြလော့"ဟုဆို၍ ချထားခဲ့၏။

နောက် ထို လူရွှစ်ယောက်ပြန်လာမည့်လမ်း၌ (ပဉ္စမအသုတ်)လူတဆယ့်ခြောက်ယောက်ကို "ဤလမ်းမှလာသော လူရွှစ်ယောက်ကိုသတ်ပြီးဤမည်သောလမ်းဖြင့် ပြန်လာခဲ့ကြလော့"ဟုဆို၍ ချထားလေ၏။

ယင်းသို့ အဆင့်ဆင့်စေလွှတ်ခြင်းသည် ဘုရားရှင်အား သတ်သူမပေါ်စေရန်ဖြစ်၏။

ထိုအခါ ပထမယောကျ်ားသည် သန်လျက်နှင့် ကာကိုယူ၍ လေးနှင့်မြားကျည်တောက်ကိုလွယ်လျက် ဘုရားရှင်ထံသို့ သွား၍ ရောက်လေသော် ဘုရားရှင်အနီး၌ ကြောက်လန့်တုန်လှုပ်ချောက်ခြားကာ တောင့်တင်းသောကိုယ်ဖြင့် ရပ်နေလေ၏။

ဘုရားရှင်သည် ထိုယောကျ်ားကိုမြင်တော်မူ၍ "ဒါယကာ၊ လာလော့။ မကြောက်လင့်"ဟု ခေါ်တော်မူ၏။ထိုယောကျ်ားလည်း လာ၍ ဘုရားရှင်၏ခြေတော်တို့၌ဦးတိုက်ပြီး မိမိ၏အပြစ်ကိုဝန်ခံတောင်းပန် ကန်တော့လေ၏။ ဘုရားရှင်လည်း သည်းခံ၍ လျောက်ပတ်သောတရားဒေသနာကိုဟောတော်မူလျှင် ထိုယောကျ်ားသည် သောတာပန်ဖြစ်လေ၏။

ထိုအခါ ဘုရားရှင်သည် ထိုယောကျ်ားအား "ဒါယကာ၊ သင်သည် ဤလမ်းဖြင့်မသွားလင့်။ ဤမည်သောလမ်းဖြင့်သွားလော့"ဟု မိန့်ကြား၍ အခြားလမ်းဖြင့် လွှတ်တော်မူ၏။

ထိုအခါ (ဒုတိယအသုတ်) ယောကျ်ားနှစ်ဦးတို့သည် "ထိုယောကျ်ားလာခဲ့လှဘိတကား"ဟု ခရီးရင်ဆိုင်သွားကြသော် ရှေးနည်းတူပင် သစ်တပင်ရင်း၌ ထိုင်နေတော်မူသော ဘုရားရှင်ကို ဖူးမြင်ရ၍ အနီး၌ရှိခိုးကာ ထိုင်ကြလေ၏။

ဘုရားရှင်သည် ထိုသူနှစ်ဦးအား လည်း တရားဟော၍ သောတာပန်ဖြစ်စေပြီးနောက် "ဤလမ်းဖြင့်မသွားကြလင့်။ ဤမည်သောလမ်းဖြင့်သွားကြလော့"ဟု မိန့်ကြားကာ တခြားလမ်းဖြင့်(လမ်းလွဲ၍)လွှတ်တော်မူလိုက်၏။ ထိုနည်းတူပင် တတိယအသုတ် ယောကျ်ားလေးဦး၊ စတုတ္ထ အသုတ် ယောကျ်ားရှစ်ဦး၊ ပဉ္စမအသုတ် ယောကျ်ားတဆယ့်ခြောက်ဦး အားလုံးသည် ဘုရားရှင်ထံရောက်သွားကြပြီး တရားနာကြရ၍ သောတာပန်များဖြစ်သွားကြပြီးနောက်ဘုရားရှင်ညွှန်ပြသည့်လမ်းဖြင့်သာ ပြန်သွားကြလေ၏။

ထိုအခါ ရှေးဦးစွာလွှတ်လိုက်သော ယောကျ်ားတဦးသည် အရှင်ဒေဝဒတ်ထံသို့သွား၍ "အရှင်ဘုရား၊ တပည့်တော်သည် ဘုရားရှင်ကိုသတ်ရန် မစွမ်းနိုင်ပါ။ ဘုရားရှင်သည် တန်ခိုးအာနုဘော် ကြီးမြတ်တော်မူလှပါပေ၏"ဟု ပြောဆိုသော်-

အရှင်ဒေဝဒတ်က "ဒကာ၊ တော်ပြီ။ ရဟန်းဂေါတမကို သင်မသတ်နှင့်တော့။ ငါကိုယ်တိုင်ပင် သတ်တော့အံ့" ဟု ဆိုလေ၏။

[ဘုရားရှင်သည် ရှေးအလောင်းတော်ဘဝ လမ်းသရဲလူငယ်ဖြစ်စဉ်က လမ်း၌ မြူးတူးကစားစဉ်တွင် ပစ္စေကဗုဒ္ဓါတပါးကို မြင်၍ ကျောက်စရစ်မျှားဖြင့် ပစ်ခတ်ခဲ့၏။ ဤမကောင်မှုးကံ၏ ဝဋ်ကြွေးကြောင့် ဤသို့ ဒေဝဒတ်က လေးသမားမျှားကိုလွှတ်ကာ လုပ်ကြံအားထုတ်ခံရခြင်းဖြစ်ပေ၏။]

၂၄၉။ ဘုရားကိုသတ်ရန် ဒေဝဒတ် ကျောက်တုံးလှိမ့်ချခြင်း

ထိုနောက် တနေ့သ၌ ဘုရားရှင်သည် ဂိဇ္ဈကူဋ်တောင်ရိပ်၌ စင်္ကြံ ကွနေတော်မူစဉ် အရှင်ဒေဝဒတ်သည် ဂိဇ္ဈကူဋ်တောင်ပေါ်သို့တက်၍ "ဤကျောက်တုံးဖြင့် ရဟန်းဂေါတမကို သတ်အံ့" ဟု ကြံစည်ကာ ကြီးစွာသော ကျောက်ဘုံးကိုလှိမ့်ချလိုက်၏။ တောင်ထွတ်နှစ်ခုတို့သည် အလိုလိုလာလတ်၍ ထိုလိမ့်ကျလာသော ကျောက်တုံးကြီးကို ခံလင့်ကုန်၏။ ထိုကျောက်တုံးမှ ကျောက်လွှာပဲ့စင်ပြီး ဘုရားရှင်၏ ခြေတော်သို့ကျ၍ ခြေမတော်ကဲ့ကာ သွေးစိမ်းတည်လေ၏။

ဘုရားရှင်သည် အထက်သို့မေဝ့်ကြည့်၍ အရှင်ဒေဝဒတ်ကို မြင်လျှင် "မင်္ဂိုလ်မှအချည်းနှီးဖြစ်သောယောကျ်ား၊ သင်သည် ပြစ်မှားလိုသောစိတ်, သတ်လိုသောစိတ်ဖြင့် ငါဘုရားအား သွေးစိမ်းကိုတည်စေဘိ၏။ သို့ဖြစ်၍ သင်သည် မကောင်းမှုမျှားစွာကိုပွားစေလေပြီ" ဟု မိန့်တော်မူ၏။

ရဟန်းတို့သည် "ဘုရားရှင်အားသတ်ရန် ဒေဝဒတ် လုံ့လပြုကြောင်း" ကြားလျှင် သူရှားရှင်ထံ လျှင်စွာလာကြပြီး "မဒ္ဒကုစ္ဆိ" ဥယျာဉ်ကျောင်းတိုက်သို့ ပင့်ဆောင်ကြလေ၏။ နောက် ဘုရားရှင်က "ဇီဝကဏ် သရက် ဥယျာဉ်ကျောင်းတိုက်သို့ ဆောင်ယူရန်" မိန့်တော်မူသဖြင့် ဘုရားရှင်ကို ဆောင်ယူကြလေ၏။

ဇီဝကလည်း ထိုအကြောင်းကိုကြားလျှင် ဘုရားရှင်ထံ လျှင်စွာသွားပြီး သွေးစိမ်းတည်သော ခြေမတော်ကိုခဲကာ အလွန်ထက်သော ဆေးကို တင်၍ အနာကို အဝတ်ဖြင့် ပတ်တီးစည်းပြီးလျှင် "မြတ်စွာဘုရား၊ တပည့်တော်သည် မြို့တွင်း၌ လူတဦးအား ဆေးပေးထားပါသည်။ ထိုလူနာထံသွားပြီး ပြန်လာပါမည်။ တပည့်တော် လာသည့်အထိ စည်းမြဲတိုင်းသာ ထားစေလို

ပါ၏” ဟု လျှောက်ထားပြီး ထို လူနာထံ သွားလေ၏။ ထို လူနာအတွက် ပြုဘွယ်ကိစ္စကို ပြုပြီးမှလာသော် မြို့တံခါးပိတ်ပြီးဖြစ်၍ မလာနိုင်ခဲ့ပေ။

သူသည် “ငါကား သာမန် ယောကျ်ားကဲ့သို့ ဘုရားရှင်၏ ခြေမတော်၌ ထက်သောဆေးကို တင်ပြီး ပတ်တီးစည်းပေးခဲ့၏။ ဤအချိန်ကား ပတ်တီး ဖြေရမည့် အချိန်တည်း။ ဖြေချိန်၌ မဖြေလျှင် ဘုရားရှင်၏ ကိုယ်တော်သည် တည်လုံး ပြင်းစွာ ပူလောင်နေတော့မည်” ဟု လွှဲစွာပူပန်နေလေ၏။

ထိုခဏ၌ ဘုရားရှင်သည် အရှင်အာနန္ဒာကို ခေါ်၍ “ချစ်သားအာနန္ဒာ၊ ဆရာဇီဝကသည် မိုးချုပ်တံခါးငိတ်ပြီးဖြစ်၍ မလာနိုင်ဘဲရှိလေ၏။ ဤအချိန်ကား အနာ၏ ပတ်တီးဖြေချိန်တည်း။ ပတ်တီးကို ဖြေလော့” ဟု မိန့်တော်တော်မူ၏။ အရှင်အာနန္ဒာသည် ပတ်တီးကို ဖြေလိုက်သော် အနာလည်း ပျောက်ကင်းသွားလေ၏။

ဆရာဇီဝကလည်း အရှက်တက်လျှင် ဘုရားရှင်ထံအမြန်သွား၍ “မြတ်စွာဘုရား၊ ညက ကိုယ်တော်၌ ပူလောင်မှု ဖြစ်ပါသလော” ဟု မေးလျှောက်လေ၏။

ဘုရားရှင်က “ဇီဝက၊ ငါဘုရားအဘို့ မဟာဗောဓိမဏ္ဍိုင်တုန်း ကပင် ပူလောင်မှုအား‌လုံး အေးငြိမ်းပြီးဖြစ်လေသည်” ဟု မိန့်တော်မူလေ၏။

ထိုအခါ “အရှင်ဒေဝဒတ်သည် ဘုရားရှင်ကို သတ်ရန် အားထုတ်သတဲ့” ဟူသော စကားကို ကြားသိကြသည့် ရဟန်း များစွာတို့သည် ဘုရားရှင် သီတင်းသုံးရာ ကျောင်းပတ်ဝန်းကျင် အရပ်မှ အထပ်ထပ်ဝန်းရံကာ ကျယ်လောင်သော အသံဖြင့် တရားစာများ ရွတ်အံကုန်လျက်, စကြံသွားကုန်လျက် စောင့်ရှောက်ကာ နေကြကုန်၏။

ဘုရားရှင်လည်း ထိုစာရွတ်သံကို ကြား၍ အရှင်အာနန္ဒာကိုခေါ်မေးပြီး အကြောင်းစုံကို ကြားတော်မူလျှင် ထိုရဟန်းတို့ကို ခေါ်၍ “ရဟန်းတို့၊ ငါဘုရားအတွက် မကြောင့်ကြ ကုန်လင့်။ ပါရမီတော်ကြောင့် ရအပ်သော ဘုရားရှင်တို့၏ ကိုယ်ခန္ဓာသည် ဖျက်ဆီးလိုသော သူတပါးတို့၏ ပယောဂကြောင့် ပျက်စီးရန်အကြောင်း အလျဉ်းမရှိပေ။ သင်တို့သည် နေမြဲကျောင်းသို့သာ သွားကြလော့။ ဘုရားရှင်တို့သည် သူတပါးစောင့်ရှောက်မှု အသက်လုံခြုံသည့်ပုဂ္ဂိုလ်များ မဟုတ်ကုန်” ဟူ၍ မိန့်တော်မူလေ၏။

[ဘုရားရှင်သည် ရှေးအလောင်းတော် ဘဝ ဘုရင်ဖြစ်စဉ်က ဒုစ္ဈိက်မှုကို မစဉ်းစား‌ဘဲ မာန်မာနကြောင့် ယောကျ်းတဦးကို လှံဖြင့် ထိုးဆွသတ်ဖြတ်ခဲ့၏။ ဤ မကောင်းကံ၏ ဝဋ်ကြွေးကြောင့်

ယခု ဤကဲ့သို့ ဆရာဇ်ဝကဂ သွေးစိမ်းတည့်သော ခြေမတော်ကို ဓားဖြင့် ခွဲ၍ ဆေးထည့်ခြင်းကို ခံရတော်မူခြင်း ဖြစ်ပေ၏။]

၂၅၀။ ဘုရားကိုသတ်ရန် နာဠာဂိရိဆင်ကို ဒေဝဒတ်စေလွှတ်ခြင်း

ဘုရားရှင်သည် ဇီဝက ဆေးကုပေးသဖြင့် ကျန်းမာလာပြီးနောက် ရှေးနည်းတူပင် ရဟန်းအပေါင်းခြံရံလျက် ဆွမ်းခံကြွခြင်း စသည်ဖြင့် လှည့်လည် စံပယ်တော်မူ၏။ အရှင်ဒေဝဒတ်သည် ဘုရားရှင်ကို မြင်သော် "ရဟန်းဂေါတမ၏ နှိုင်းဘွယ်မရှိ တင့်တယ်လှသော ကိုယ်တော်ကို မြင်ရလျှင် လူဖြစ်သူတဦးမျှ ဖျက်ဆီးသတ်ဖြတ်ရန် ဆည်းကပ်ခြင်းငှာ မစွမ်းနိုင်ချေ။ အဇာတသတ်မင်း၏ နာဠာဂိရိဆင်သည်ကား ရုန့်ရင်းကြမ်းတမ်း၍ လူကိုသတ်၏။ ဘုရား, တရား, သံဃာ၏ ဂုဏ်ကျေးဇူးကို မသိတတ်။ ထို ဆင်ကြမ်းမှသာ ရဟန်းဂေါတမကို သတ်နိုင်လိမ့်မည်" ဟု ကြံစည်၍ အဇာတသတ် မင်းထံ သွားပြီး ထိုအကြောင်းကို ပြောကြားလေ၏။ အဇာတသတ် မင်းလည်း သဘောတူ လက်ခံ၍ ဆင်ဆရာကို ခေါ်စေပြီးလျှင် "သင်သည် နက်ဖြန် နာဠာဂိရိဆင်ကြမ်းကို မူးယစ်အောင်ပြု၍ နံနက်စောစော ရဟန်းဂေါတမ ကြွလာသောလမ်းခရီး၌ လွှတ်ရမည်" ဟု အမိန့်ပေးလေ၏။

အရှင်ဒေဝဒတ်လည်း ဆင်ဆရာကို "နက်ဖြန်နံနက် နာဠာဂိရိဆင်အား ယခင်ကထက် နှစ်ဆပို၍ အရက် ဆယ်ခြောက်အိုးတိုက်ပြီး ရဟန်းဂေါတမလာသည့် လမ်းခရီး၌ မျက်နှာချင်းဆိုင် လွှတ်လော့" ဟု ထပ်၍ပြောလေ၏။ အဇာတသတ်မင်းလည်း "နက်ဖြန် နာဠာဂိရိ ဆင်ကြမ်းကို မူးယစ်အောင် ပြုလုပ်ပြီး မြို့တွင်း၌ လွှတ်လိမ့်မည်။ မြို့သူမြို့သား တို့သည် စောစောကပင် ပြုဘွယ်ကိစ္စတို့ကို ပြုလုပ်ကြ၍ မြို့တွင်းလမ်းသို့ အသွားအလာ မရှိစေရ" ဟု အမိန့်ထုတ်လေ၏။ အရှင်ဒေဝဒတ်လည်း နန်းတော်မှ ဆင်းလာ၍ ဆင်တင်းကုပ်သို့ သွားပြီး ဆင်ဆရာတို့အား "သင်တို့သည် နက်ဖြန်နံနက် စောစော နာဠာဂိရိဆင်အား အရက်ဆယ့်ခြောက်အိုးတိုက်ပြီး ရဟန်းဂေါတမ မြို့ထဲဝင်လာချိန်၌ တုတ်လှံမတို့ဖြင့် ရိုက်နှက်ထိုးဆွကာ အမျက်ပြင်းစွာ ထွက်စေပြီး ရဟန်းဂေါတမကြွရာ ခရီးသို့ မျက်နှာချင်းဆိုင်လွှတ်၍ ရဟန်းဂေါတမကို သတ်ကြလော့" ဟု စေခိုင်းလေ၏။

ထိုသတင်းသည် တမြို့လုံး ပြန့်နှံ့သွား၏။ ရတနာသုံးပါး၌ ကြည်ညိုမြတ်နိုးကြသော ဒါယကာအပေါင်းတို့သည် ဘုရားရှင်ထံ ချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်ကြားကြပြီး "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည်

နက်ဖြန် မြို့တွင်းသို့ ဆွမ်းခံကြွတော်မမူဘဲ ဝဋ္ဋဝန်ကျောင်း၌ပင် သီတင်းသုံးတော်မူစေချင်ပါ၏။ တပည့်တော်တို့ ကျောင်းမှာပင် ရှင်တော်ဘုရား အမှူးရှိသော ရဟန်းသံဃာအား ဆွမ်းလှူကြပါကုန်အံ့'' ဟု လျှောက်ထားကြလေ၏။ ဘုရားရှင်က ''ဥပါသကာတို့၊ နက်ဖြန်နံနက် ငါးဘုရားသည် နာဠာဂိရိဆင်ကို သွား၍ ဆုံးမဒေတော်မူအံ့။ မြို့သူ မြို့သား အပေါင်းသည် ဆွမ်းအိုးများစွာတို့ကို ယူဆောင်၍ ကျောင်းသို့ လာကြလတံ့။ ထိုအခါမှ ငါဘုရား ဆွမ်းဘုဉ်းပေးတော်မူမည်'' ဟု မိန့်တော်မူလိုက်၏။ ဒါယကာတို့လည်း ဘုရားရှင် လက်ခံတော်မူကြောင်း ကောင်းစွာသိကြ၍ ''ဆွမ်းအိုးများစွာတို့ကို ယူဆောင်ပြီး ကျောင်းမှာပင် ငါတို့ ဆွမ်းလှူကြရကုန်အံ့'' ဟု ပြောဆို တိုင်ပင်ကာ ဖဲသွားကြလေ၏။

ဘုရားရှင်လည်း နောက်တနေ့နံနက် မိုးလင်းချိန်တွင် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ''ချစ်သားအာနန္ဒာ၊ ယနေ့ ရာဇဂြိုဟ်ပြည် ပတ်ဝန်းကျင်ရှိ ကျောင်းတိုက်ကြီး ဆယ့်ရှစ်တိုက်တို့၌ နေထိုင်ကြသည့် ရဟန်းအားလုံးကို ငါဘုရားနှင့် အတူ ရာဇဂြိုဟ်ပြည် တွင်းသို့ ဝင်ရောက်ကြရန် ပြောကြားလော့'' ဟု မိန့်တော်မူ၏။ အရှင် အာနန္ဒာလည်း အမိန့်တော် အတိုင်း ဆောင်ရွက်တော်မူ၏။ ရဟန်းအားလုံးသည် ဝဋ္ဋဂျောင်း၌ စုဝေးကြကုန်၏။ ဘုရားရှင်သည် ရောင်ခြည်တော်များကို လွှတ်တော်မူကာ ရဟန်းများစွာခြံရုံလျက် ရာဇဂြိုဟ်ပြည်ထဲသို့ ဝင်တော်မူ၏။ ထိုအခါ ဆင်ထိန်းတို့သည် အဇာတသတ်မင်းနှင့် အရှင်ဒေဝဒတ်တို့ ပြောကြား ထားသည့် အတိုင်း နာဠာဂိရိဆင်ကို စီရင်၍ လွှတ်ကြလေ၏။ အလွန် များပြားသည့် လူထုအစည်းအဝေးပွဲကြီး ဖြစ်လေ၏။ ထို အစည်းအဝေး၌ သဒ္ဓါတရား ရှိသောလူတို့သည် ''ယနေ့ ဘုရား တည်းဟူသော ဆင်ပြောင်က တိရစ္ဆာန် ဆင်ပြောင်ကြီးအား အောင်တော်မူသည်ကို လှလှကြီး ကြည့်ရှုကြရတော့မည်'' ဟု ပြောဆို၍၎င်း၊ ဘုရားရှင်၌ သဒ္ဓါတရားမရှိကြသော မိစ္ဆာဒိဋ္ဌိတို့လည်း ''ငါတို့၏ ဂုဏ်သရေကို နှစ်ရှည်လများ နှိပ်စက်သော ရှင်ဂေါတမသည် နာဠာဂိရိဆင်ကြောင့် ပျက်စီးသည်ကို လှလှကြီး မြင်ရတော့မည်'' ဟု ပြောဆို၍၎င်း အသီးသီး ပြာသာဒ် အိမ်ခေါင်မိုး စသည်တို့၌ တက်ရောက် စောင့်ဆိုင်းနေကြကုန်၏။

နာဠာဂိရိဆင်ပြောင်လည်း ဘုရားရှင်ကြွလာသည်ကို မြင်လျှင် လူတို့ကို ထိတ်လန့်စေလျက်, အိမ်များကို ချိုးဖဲ့ဖျက်ဆီးလျက်, လှည်းများကို မှုန့်မှုန့် ညက်ညက်နင်းဖျက်လျက်, နွားမောင်းကို မြောက်ချီ၍ နားရွက်, မြည်းထူးတို့ကို ထောင်ပြီး အမျက်ခြောင်းခြောင်းထွက်ကာ ဘုရားရှင်ရှိရာသို့ ရှေးရှု

ပြေးသွားလေ၏။ ထိုအခါ ရဟန်းတို့က "မြတ်စွာဘုရား၊ လူကိုသတ်သော နာဠာဂီရိ ဆင်ပြောင်ကြီးသည် ဤခရီးသို့ လာနေပါ၏။ ဤ ဆင်သည် ဘုရားရှင်၏ ကျေးဇူးကိုလည်း မသိတတ်ပါ။ ဋ္ဌင်တော်ဘုရားသည် ရှောင်လွဲကြစေချင်ပါ၏" ဟု လျှောက်ထားကြသော် ဘုရားရှင်က "ရဟန်းတို့၊ မကြောက်ကြလင့်။ ငါဘုရားသည် ဤ နာဠာဂီရိ ဆင်ကို ဆုံးမနိုင်စွမ်းရှိပေ၏" ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာကလည်း "မြတ်စွာဘုရား၊ ဘခင်အား ဖြစ်ပေါ်လာသောကိစ္စမည်သည် သားကြီး၏တာဝန် ဖြစ်ပါ၏။ တပည့်တော် ထိုဆင်ကို ဆုံးမပါရစေ" ဟု တောင်းပန်လျှောက်ထားလေ၏။ ဘုရားရှင်က "သာရိပုတ္တရာ၊ ဘုရားရှင်၏ စွမ်းအားသည် တခြားတည်း။ တပည့်သာဝကတို့၏ စွမ်းအားသည် တခြားတည်း။ သင်ချစ်သား အသာနေလော့" ဟု တားမြစ်တော်မူ၏။

ထို့အတူ အရှင်မောဂ္ဂလ္လာန်စသော မဟာသာဝကကြီးများက တောင်းပန်ကြသော်လည်း ဘုရားရှင်က ခွင့်မပြုဘဲ ပယ်ရှားတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်၌ အားကြီးသောချစ်ခြင်းကြောင့် သည်းခံ၍ မနေနိုင်တော့ဘဲ "ဤ နာဠာဂီရိဆင်သည် ရှေးဦးစွာ ငါ့ကို နှင်းသတ်စေတော့" ဟု အောက်မေ့ကာ အသက်ကို စွန့်၍ ရှေ့သို့တက်ပြီး ဘုရားရှင်၏ ရှေ့မှ ရပ်တည်လာလေ၏။ ဘုရားရှင်က "အာနန္ဒာ ဖယ်လော့။ ငါဘုရား၏ ရှေ့က ရပ်မနေလင့်" ဟု မိန့်တော်မူသော်လည်း အရှင်အာနန္ဒာက "ဤ ဆင်သည် တပည့်တော်ကို နှင်းသတ်ပြီးမှ ရှင်တော်ဘုရားထံသို့ လားရောက်ပါစေ" ဟု ပြန်လျှောက်၍ ရပ်မြဲ ရပ်နေ၏။ ဘုရားရှင်က သုံးကြိမ်တိုင် မိန့်ကြား တားမြစ်မရသဖြင့် အရှင်အာနန္ဒာကို တန်ခိုးတော်ဖြင့် ဖဲစေပြီး ရဟန်းများ အကြား၌ ထား၍ ရှေးရှုကြွတော်မူ၏။ ထိုခဏ၌ သားသည် မိခင်တဦးသည် နာဠာဂီရိဆင်ကို တွေ့မြင်ရ၍ ကြောက်လန့်ပြီး သားကို ဆင်နှင့် ဘုရားအကြားတွင် စွန့်ပစ်ချထားကာ ပြေးလေ၏။ နာဠာဂီရိဆင်လည်း ထိုမိန်းမနောက်သို့ လိုက်လေ၏။

ထိုအခါ ဘုရားရှင်သည် နာဠာဂီရိဆင်ကို ဩဒိဿက(သီးသန့်ရည်ညွှန်းပို့သသော) မေတ္တာတော်ဖြင့် ဖြန်း၍ အလွန် ချို့မြိန်သော ငြဟ္မာမင်း၏ အသံတော်ဖြင့် "အို-နာဠာဂီရိ၊ သင့်ကို အရက် ဆယ့်ခြောက်အိုး တိုက်၍ လှတ်လိုက်သော အရေးသည် အခြားလူများကို ဖျက်ဆီးစေရန် လှတ်ပေသည် မဟုတ်။ ငါဘုရားကို ဖမ်းယူ သတ်ဖြတ်ရန်သာ လှတ်လိုက်ပေ၏။ ခရီးသွားသူများကို အကြောင်းမဲ့ လိုက်မနေဘဲ ငါဘုရားထံသို့သာ ဖြောင့်ဖြောင့် လာခဲ့လော့" ဟု ဖိတ်ခေါ်တော်မူလိုက်၏။ နာဠာဂီရိ ဆင်သည်

ဘုရားရှင်၏ ချီမြှိန်လှုပ်သော စကားတော်ကို ကြားရလျှင်ပင် မျက်စိများကို ဖွင့်ကြည့်၍ ဘုရားရှင်၏တင့်တယ်လှပသော အသရေတော်ကို ဖူးမြင်ရလေသော် ထိပ်လန့်သံဝေရရှိကာ ဘုရားရှင်၏ တန်ခိုး တေဇော် အာနုဘော်ကြောင့် အရက်မူးကင်းပျောက်ပြီး နှာမောင်းကို အောက်သို့ချလျက် နားနှစ်ဘက်တို့ကို တဖျတ်ဖျတ်လှုပ်ကာ ဘုရားရှင်ထံသို့ လာရောက်၍ ခြေတော်ရင်း၌ ဝပ်စင်းလေတော့၏။

ဘုရားရှင်သည် နာဠာဂိရိဆင်၏ ဦးကင်ကို လက်ဖြင့်သုံးသပ်တော်မူလျက် "နာဠာဂိရိ၊ သင်သည် ယနေ့မှစ၍ ကြမ်းတမ်း ရုန့်ရင်းခြင်းကို မပြုလင့်။ လူတို့အား သတ်ဖြတ် ညှဉ်းဆဲခြင်းကို မပြုမူ၍ မေတ္တာစိတ်ကိုသာ လွှန်စွာ ပွားများလော့။ ဗုဒ္ဓနာဂ (ဘုရား တည်းဟူသော ဆင်ဖြောင့်) အမည်ရသော ငါဘုရားကို သတ်လိုစိတ်ဖြင့် ချဉ်းကပ်ခြင်းသည် မကောင်းမှု ဖြစ်၍ လူနတ် သုဂတိဘဝသို့ ရောက်နိုင်မည် မဟုတ်ချေ။ သင်သည် ကုသိုလ်ကောင်းမှုကို ပြုမှသာ သုဂတိဘဝသို့ ရောက်နိုင်ပေလတံ့" စသည်ဖြင့် တရားဟောတော်မူ၏။ နာဠာဂိရိ ဆင်လည်း ထိုတရားတော်ဖြင့် တကိုယ်လုံး ပီတိဖြင့် ပျံနှံ့လှမ်းလျက် သဒ္ဓါတရားတိုးပွားလေရကား မိမိနှာမောင်းဖြင့် ဘုရားရှင်၏ခြေတော်၌ မြေမှုန့်တို့ကို တယုတယပွေ့ယူကာ ဦးခေါင်းထက်၌ ဖြန့်ကြဲ၍ သရဏဂုံ ပဉ္စသီလကို ခံယူလေ၏။ လူဖြစ်မူကား ထိုခဏ၌ပင် သောတာပန်ဖြစ်လေရာ၏။ ထိုအခါ လူအပေါင်းတို့သည် အားရဝမ်းသာ, ကြော်ငြာဟစ်ကြွေး, ကောင်းချီးပေးလျက် အထူးထူးသော ရတနာတန်ဆာတို့ကို ဆုလာဘ်အဖြစ် ကြဲမြောက်ပစ်ချပေး၍ ဆင်အား ပူဇော်ကြကုန်၏။ ထို တန်ဆာရတနာတို့သည် ဆင်ဘကိုယ်လုံးကို ဖုံးလွှမ်းမိလေ၏။

ထိုအခါမှစ၍ နာဠာဂိရိသည် 'ဓနပါလ' ဟု အမည်တွင်လေ၏။ နာဠာဂိရိဆင်လည်း ဘုရားရှင်၏ ခြေကော်တို့၌ ပူဇော်ဦးခိုက်၍ ပုဆစ်ဒူး တုပ်လျက်သာ နောက်သို့ ဆုတ်သွားလေ၏။ ဆင်သည် ဘုရားရှင်ကို နောက်ဆုံးမြင်လောက်ရာ အရပ်၌ တည်ပြီးလျှင် တရိုတသေ ရှိခိုးလျက် မိမိဆင်တင်းကုပ်သို့ ဝင်လေ၏။ နာဠာဂိရိဆင်သည် ထိုအခါမှစ၍ အလွန် ယဉ်ကျေးသော ဆင်သူတော်ကောင်းကြီးဖြစ်ကာ တသက်လုံး တစုံတဦးကိုမျှ ညှဉ်းဆဲမှု မပြုတော့ပေ။ ဘုရားရှင်လည်း ထိုနေရာ၌ ရပ်တော်မူလျက် "ပူဇော်သမျှသော ဤတန်ဆာ ရတနာတို့အားလုံးသည် ပစ်လွှင့်သူ ညစ်ချင်တိုလက်သို့ အသီးသီး ရောက်စေသော" ဟူ၍ အဓိဋ္ဌာန်တော်မူပြီးနောက် ဆွမ်းခံကြွတော်မမူဘဲ ရဟန်းအပေါင်းခြံရုံလျက် ကျောင်းသို့ ပြန်ကြွတော်မူလေ၏။ ရာဇဂြိုဟ်ပြည်သား အပေါင်းတို့သည် များစွာသော ဆွမ်း, ဘောဇဉ် တို့ကို

ကျောင်းသို့ ယူဆောင်သွားကြကာ ဘုရားအမှူးရှိသော ရဟန်းသံဃာ အပေါင်းအား ကြီးစွာသောအလှူကို ပေးကြလေ၏။

ထိုနေ့ညနေအခါ၌ ရဟန်းတို့သည် အရှင်အာနန္ဒာ၏ ဘုရားရှင်အပေါ် အားကြီးသော ချစ်ခြင်းဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုကြသဖြင့် ဘုရားရှင်က "ရဟန်းတို့၊ အာနန္ဒာသည် ရှေးဘဝ၌လည်း ငါဘုရားအပေါ်၌ ဤကဲ့သို့ပင် အားကြီးသော ချစ်ခြင်းရှိခဲ့သည်သာတည်း" ဟု မိန့်တော်မူပြီး 'စူဋ္ဌဟံသဇာတ်' (ဇာ-)ကို ဟောကြားတော် မူလေ၏။

• [ဘုရားရှင်သည် ရှေးအတိတ်ကာလ အလောင်းတော်ဘဝ ဆင်ထိန်း ဖြစ်စဉ်က ဆွမ်းခံကြွနေသော ပစ္စေကဗုဒ္ဓါတပါးကို ဆင်ဖြင့် နင်းသတ်တော့မည့်ဟန် အဖန်ဖန် ခြောက်လှန့်ခဲ့ဘူး၏။ ဤမကောင်းမှု၏ အကျိုးဆက် ဝဋ္ဌကျွေးကြောင့် ယခု ဤကဲ့သို့ နာဋ္ဌာဂီရိဆင်၏ နင်းသတ်ရန် အားထုတ်ခြင်းကို ခံတော်မူရခြင်း ဖြစ်ပေ၏။]

၂၅၁။ သံဃာဂိုဏ်းကိုခွဲရန် အရှင်ဒေဝဒတ် အားထုတ်ခြင်း

ယင်းသို့ အရှင်ဒေဝဒတ်သည် ဘုရားရှင်အား နာဋ္ဌာဂီရိဆင်ဖြင့် တိုက်သည်မှစ၍ ပြည်သူအပေါင်းတို့သည်, "ဤဒေဝဒတ်ကား ဗိမ္မိသာရ မင်းကြီးကိုလည်း သတ်စေခဲ့ပြီ။ ဘုရားကိုသတ်ရန် လူသတ်သမားများကိုလည်း လွှတ်ခဲ့လေပြီ။ ကိုယ်တိုင်လည်း ကျောက်တုံးကြီးကိုလှိမ့်၍ ဘုရားရှင်အား သတ်ရန် အားထုတ်ခဲ့လေပြီ။ ယခုလည်း နာဋ္ဌာဂီရိဆင်ကို သူပင် လွှတ်လေပြီ။ ထိုမျှ ယုတ်မာလှသူကို အဇာတသတ်မင်းသည် အဖော်သဟဲပြုကာ လှည့်လည်ဘိ၏" ဟု အုတ်ကျက်ဆူညံစွာ ဟစ်အော်ပြောဆို ကဲ့ရဲ့ပြောဆိုကြလေ၏။ အဇာတသတ်မင်းလည်း ထိုကဲ့ရဲ့သံကိုကြားသိရလျှင် အရှင်ဒေဝဒတ်အား ဝတ်တည်ထားသည့် ဆွမ်းအိုး ငါးရာတို့ကို ရပ်စဲရုပ်သိမ်းပြီးနောက် အရှင်ဒဝဒတ်ထံသို့လည်း မဆည်းကပ်တော့ပေ။ ပြည်သူအပေါင်းတို့လည်း မိမိတို့အိမ်သို့ ဆွမ်းရပ်လာသော အရှင်ဒေဝဒတ်အား ဆွမ်းကိုမျှ မလောင်းလှူကြတော့ချေ။ ထိုကြောင့် အရှင်ဒေဝဒတ်သည် မိမိ၏ ဒါယကာများ ထံ၌ တောင်းခံလှည့်လည်၍ စားရလေ၏။

ထိုအခါ အရှင် ဒေဝဒတ်သည် လာဘ်ပူဇော်သက္ကာကို ရရှိလိုသဖြင့် ဘုရားရှင်နှင့် ခွဲခွာရန် ကြံစည်လေ၏။ သူသည် မိမိ၏ အဆွေဖြစ်သော 'ကောကာလိက' စသည့် ရဟန်းလေးဦးထံ ချဉ်းကပ်ပြီး "ငါ့ရှင်တို့၊ ငါသည် ယောက်ဖတော် ရဟန်းဂေါတမနှင့် သင်းခွဲတော့မည်။ သင်တို့ညီညာ

ကြလော့”ဟုဆို၏။ ထိုရဟန်း လေးဦးတို့က “အရှင်ဒေဝဒတ်၊ ရဟန်းဂေါတမသည် အလွန်တန်ခိုးကြီး၏။ အဘယ်အကြောင်းဖြင့် သံဃာကဲ့ပြားခြင်းကို ပြုနိုင်အံ့နည်း”ဟု မေးကြလျှင် အရှင်ဒေဝဒတ်က “ငါ့ရှင်တို့၊ ဤအကြောင်းကား ခဲယဉ်းသည်မဟုတ်။ အရှင်ဂေါတမ ပညတ်ဟောကြားခဲ့သည့် သိက္ခာပုဒ်များ၊ တရားများကို ငါတို့ သိပြီးဖြစ်၏။ ဤထက်သာ၍ခြိုးခြံသောသိက္ခာပုဒ် ငါးရပ်ကိုငါခွင့်တောင်းအံ့။ထိုအကျင့်ကို ခွင့်မပေးဘဲနေလိမ့်မည်။ ထိုအခါ ငါတို့သည် အကျင့်ကိုမှီ၍ ပြင်းစွာအားထုတ်ကုန်အံ့။ လူတို့မမှတ်လည်း သူတကာထက်ထူး၍ ပြောဆိုကျင့်ကြသော သူကိုသာ လွန်စွာ နှစ်သက်ကုန်၏။ ထို့ကြောင့် ဤအကျင့် ငါးပါးဖြင့် ခဲခြားမှုကဲ့ပြားနိုင်သည်သာ”ဟု ဆိုလေ၏။ ကောကာလိကစသော ထိုရဟန်းတို့ကလည်း “ကောင်းပြီ”ဟု ဝန်ခံကြလေ၏။

ဤသို့လျှင် အရှင် ဒေဝဒတ်သည် လာဘ်လာဘ မရှိတော့သဖြင့် အံ့ဩဘွယ်ကိုပြု၍ အသက်မွေးမြူနေန စိုင်းပြင်းလေတော့၏။ ထိုနောက် တနေ့သ၌ အရှင်ဒေဝဒတ်သည် ဘုရားရှင်ထံသို့ချဉ်းကပ်ပြီး “မြတ်စွာဘုရား၊ တပည့်သံဃာများအား ဤ ငါးဖြာသော ကျင့်ဝတ်များကို ပညတ်တော်မူပါ။ ယင်းကျင့်ဝတ်ငါးဖြာမှာ-

(၁) ရဟန်းအားလုံး အသက်ထက်ဆုံး တောကျောင်း၌သာ နေရမည်။ ရွာနီးကျောင်းသို့ သွားရောက်နေထိုင်သော ရဟန်းအား အပြစ်ရောက်ပါစေ။

(၂) ရဟန်းအားလုံး အသက်ထက်ဆုံး ဆွမ်းခံ၍သာ စားရမည်။ ဒါယကာတို့ ပင့်ဖိတ်သည့်ဆွမ်းကို စားသော ရဟန်းအား အပြစ်ရောက်ပါစေ။

(၃) ရဟန်းအားလုံး အသက်ထက်ဆုံး ပံ့သုကူ သင်္ကန်းကိုသာ ဝတ်ရုံပါစေ။ ဒါယကာတို့ လှူသည့်သင်္ကန်းကို လက်ခံသော ရဟန်းအား အပြစ်ရောက်ပါစေ။

(၄) ရဟန်းအားလုံး အသက်ထက်ဆုံး သစ်ပင်ရင်းခို၍သာ နေရမည်။ အမိုးရှိသော ကျောင်းသို့ ချဉ်းကပ်သော ရဟန်းအား အပြစ်ရောက်ပါစေ။

(၅) ရဟန်းအားလုံး အသက်ထက်ဆုံး သက်သတ်လွတ်သာ စားကြရမည်။ ငါးအမဲကိုစားသော ရဟန်းအား အပြစ်ရောက်ပါစေ” ဟူ၍ တောင်းခံလေ၏။

ထိုအခါ ဘုရားရှင်သည် "ဤအချက်ကြီး ငါးချက်ကို ခွင့်ပြုလိုက်လျှင် များစွာသော အမျိုးကောင်းသားတို့အဘို့ မင်္ဂလာအန္တရာယ် ဖြစ်လေရာသော အကြောင်း"ကို မြင်တော်မူ၍ "ချစ်သား ဒေဝဒတ်၊ မသင့်တော်ချေ။ သင် တောင်းခံအပ်သော အကြောင်းသည် သာသနာ ရှည်မြင့်စွာ တည်အံ့သော အကြောင်းမဟုတ်။ မင်္ဂလာရကြောင်း တခုတည်းသော အကြောင်းလည်း မဟုတ်။ များစွာသော အမျိုးကောင်းသားတို့ အဘို့သာ မင်္ဂလာရကြောင်း အန္တရာယ် ဖြစ်ချေ၏။ ငါဘုရားသည် ကျင့်ကြံလိုသူများ ကျင့်ကြံနိုင်ရန် ပြင်းထန်သော၊ မပြင်းထန်သော အကျင့်များကို ဟော ကြားခဲ့ပေပြီ။ အမျိုးကောင်း သားတို့သည် ငါဘုရား၏ အလိုတော်ကို သိရှိပြီး မိမိနှင့် သင့်လျော် လျောက်ပတ်သည်တို့ကို သိရာ၏။ မိမိတို့ စွမ်းအား ရှိသလောက် အလိုရှိရာကို ကျင့်ကြံပစေ"ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်ဒေဝဒတ်သည် "ဘုရားရှင်ကား ငါတောင့်တသည့် စကားကိုသာ ဆိုပေသည်"ဟု အားရဝမ်းသာစွာဖြင့် ကောကာလိက စသော မိမိ၏ မိတ်ဆွေ ရဟန်းငါးရာတို့နှင့်အတူ နေရာမှ ထ,ကာ ဘုရားရှင်ကို ရှိခိုးပြီး ဖဲသွားလေ၏။ နောက် ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်၍ လူအပေါင်းတို့အား "မိမိတို့က အလိုနည်းခြင်းစသည် အကျိုးပြီးစေနိုင်သည့် ဝတ္ထုငါးမျိုးကို ကြောင်းကျိုးဖော်ပြ တောင်းခံကြသော်လည်း ရဟန်း ဂေါတမက ခွင့်မပြုကြောင်းနှင့် မိမိတို့ကမူ ထိုဝတ္ထု ငါးမျိုး တို့ဖြင့် ဆောက်တည် ကျင့်ကြံကြမည့်အကြောင်း" ဝါဒဖြန့် ပြောကြားကြလေ၏။ ထိုလူ အပေါင်းတို့တွင် သဒ္ဓါ, ပညာ မရှိသူ လူအများက အရှင်ဒေဝဒတ်ကို ချီးမွမ်း၍ ဘုရားရှင်ကိုမူ ကဲ့ရဲ့ကြလေ၏။ သဒ္ဓါ, ပညာနှင့် ပြည့်စုံသော လူတို့ကမူ "အရှင် ဒေဝဒတ်သည် ဘုရားရှင်၏ သံဃာသင်းကွဲရန်၊ အာဏာစက် ပျက်စီးရန်၊ အဘယ့်ကြောင့် လုံ့လပြုဘိသနည်း"ဟု ကဲ့ရဲ့ရွတ်ချ ပြစ်တင်ကြလေ၏။ ထိုလူတို့၏ စကားကို ကြားသိကြသော ရဟန်းတို့က ထို အကြောင်းကို လျှောက်ထားကြလေ၏။

ထိုအခါ ဘုရားရှင်သည် သံဃာများကို စည်းဝေးစေပြီးလျှင် အရှင် ဒေဝဒတ်အား "ဒေဝဒတ်၊ သင်သည် သံဃာသင်းကွဲရန်၊ အာဏာစက် ပျက်စီးရန် လုံ့လပြုသည်မှာ မဲသင့်လျော်။ သံဃာသင်းကွဲပြားခြင်းကိုအလို မရှိလင့်။ ညီညွတ်သော သံဃာကို သင်းခွဲသူသည် တကမ္ဘာပတ်လုံးတည် သော မကောင်းမှုကို ပွားစေ၏။ တကမ္ဘာပတ်လုံး ငရဲ၌ကျက်ရ၏။ ကွဲပြား သော သံဃာကို ညီညွတ်အောင်ပြုသူသည် ကုသိုလ်ကိုပွားစေ၏။ တကမ္ဘာ ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏"ဟု လေးနက်စွာ ဆုံးမတော်မူ၏။ သို့ရာ

တွင် အရှင်ဒေဝဒတ်သည် သံဃာသင်းခွဲရန်အကြံကို လက်မလျော့ဘဲ ရှေ့ပိုင်း ပြုရန်များကို စီမံပြုလုပ်ပြီးနောက် တနေ့သ၌ "ငါသည် ယနေ့အသီးအခြား ဥပုသ်ကံ, သံဃာ့ကံများကို ပြုလုပ်တော့မည်" ဟု ဆုံးဖြတ်၍ ထိုနေ့နံနက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်သော အရှင်အာနန္ဒာကိုမြင်လျှင် သွားရောက် ချဉ်းကပ်ကာ "ငါ့ရှင် အာနန္ဒာ၊ ယနေ့မှစ၍ ငါသည် ဘုရားရှင်နှင့်ရင်း၊ ဘုရားရှင်၏အဆုံးအမခံ ရဟန်းသံဃာနှင့်ရင်း တသီးတခြားသော ဥပုသ်ပြုတော့အံ့။ သံဃာ့ကံပြုတော့အံ့" ဟု ပြောဆိုလေ၏။

ထိုအကြောင်းကို အရှင်အာနန္ဒာက လျှောက်ကြားလေသော် ဘုရားရှင်က "သူတော်ကောင်းသည် ကောင်းမှုကိုပြုရန် လွယ်ကူ၏။ သူယုတ်မာသည် ကောင်းမှုကိုပြုရန် ခဲယဉ်း၏။ သူယုတ်မာသည် မကောင်းမှုကိုပြုရန် လွယ်ကူ၏။ သူတော်ကောင်းသည် မကောင်းမှုကိုပြုရန်ခဲယဉ်း၏" ဟူ၍ ဥဒါန်းဂါထာကို ကျူးရင့်တော်မူလေ၏။ ထိုဥပုသ်နေ့၌ပင် အရှင်ဒေဝဒတ်သည် သံဃာ့အစည်းအဝေး၌ နေရာမှ ထသွားပြီး "မိမိတို့က အလိုနည်းခြင်း စသည်အကျိုးပြီးစေနိုင်သည့် ဝတ္ထုငါးမျိုးကို ကြောင်းကျိုးဖော်ပြ တောင်းခံကြပါသော်လည်း ရဟန်းဂေါတမက ခွင့်မပြုကြောင်း၊ မိမိတို့ကမူ ထိုဝတ္ထုငါးမျိုးကိုနှစ်သက်သော အရှင်သည် သင်းခွဲစာရေးတံမဲကိုယူစေလိုကြောင်း" ပြောကြားလေ၏။ ထိုအခါ အသက်လည်းငယ်, ဝိနည်းလည်း မလိမ္မာကြသေးသည့် ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းငယ်ငါးရာတို့သည် "ဤကား ဓမ္မ, ဝိနယ, ဘုရားသာသနာတော်တည်း" ဟု ထင်မှတ်ကာ သင်းခွဲစာရေးတံမဲကို ယူကြလေ၏။ အရှင်ဒေဝဒတ်သည် သံဃာကို သင်းခွဲ၍ ထိုရဟန်းငယ်ငါးရာတို့ကို ခေါ်ဆောင်ပြီး 'ဂယာသီသ'သို့ ဖဲသွားလေ၏၊

၂၅၂။ အရှင်ဒေဝဒတ် အထီးကျန်ဖြစ်၍ သွေးအန်ခြင်း

ဂယာသီသသို့ အရှင်ဒေဝဒတ်နောက် လိုက်ပါသွားကြသော ဝေသာလီပြည်သား ရဟန်းငယ်ငါးရာတို့သည် ထိုငါးပါးသော ကျင့်ဝတ်တို့ဖြင့် အရှင်ဒေဝဒတ်နင့်အတူ နေထိုင်ကာ တလ, နှစ်လခန့်ကြာသော် စားဘွယ်သောက်ဘွယ် ခေါင်းပါးခြင်း, အဝတ်သက်နှံးခေါင်းပါးခြင်း, အနေအထိုင် ဆင် ရဲခြင်း စသည်တို့ဖြင့် ဖိစီးနှိပ်စက်လေရကား လျော့ပါးကြုံလှီသော ကိုယ်စိတ်ရှိကြလျက် လူထွက်ရန် အားထုတ်ကြကုန်၏။ ဘုရားရှင်သည် ထိုအကြောင်းကို ရှေ့ဥာဏ်တော်ဖြင့် သိမြင်တော်မူလျှင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့ကို ခေါ်တော်မူ၍ "ချစ်သားတို့၊ ဝင့်ဆင်းရဲမှ လွတ်စေလို၍

သာသနာသို့ ဝင်ရောက်လာပါလျက် မလိမ္မာသော အဖော်သဟဲကိုရ၍ ပျက်စီးကြလတံ့သော ဒေဝဒတ်၏ အသင်းသို့ လိုက်ပါသွားကြသည့် ရဟန်းငယ်များကို သင်တို့ မသနားကြပြီလော။ ထိုရဟန်းငယ်များ အကျိုးမဲ့ မပျက်စီးကုန်မီ သင်တို့သွားရောက်၍ တရားလမ်းမကို ညွှန်ပြခဲ့ကုန်" ဟု မိန့်တော်မူလေ၏။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ်လာန်နှစ်ပါးလည်း ဘုရားရှင်အား ဝန်ခံ၍ ရှိသေစွာ ရှိခိုးပြီး နေရာမှထကာ ဂယာသီသို့ သွားကြလေ၏။

ထိုအခါနှင့် အရှင်ဒေဝဒတ်သည် များစွာသော ပရိသတ်အခြံအရံဖြင့် တရားဟောလျက် ထိုင်နေစဉ် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ်လာန်တို့ ကြွလာကြသည်ကို အဝေးမှမြင်လျှင် အခြံအရံ ရဟန်းငယ်တို့အား "ရဟန်းတို့၊ ကြည့်ကြစမ်းလော့။ ငါသည် တရားကို ကောင်းစွာ ဟောအပ်ပြီ။ ရဟန်းဂေါတမ၏ အဂ္ဂသာဝကနှစ်ပါးတို့သည်မှလည်း ငါ့တရားကို နှစ်သက်ကြ၍ ငါ့ထံသို့ လိုက်လာကြကုန်၏" ဟု ပြောဆိုလေ၏။ ထိုအခါ အရှင်ဒေဝဒတ်၏လက်ရုံးကြီးဖြစ်သော ကောကာလိကရဟန်းက "ငါ့ရှင်ဒေဝဒတ်၊ သင်သည် သာရိပုတ္တရာ, မောဂ္ဂလ်လာန်တို့ကို အရောမဝင်လင့်။ သူတို့သည် အလိုဆိုးရှိသူများဖြစ်ကြ၏" ဟု သတိပေးစကားပြောကြားလေသော် အရှင်ဒေဝဒတ်က "ငါ့ရှင်၊ ဤသို့ မဆိုပါလင့်။ သူတို့နှစ်ဦးသည် ငါ့တရားကို နှစ်သက်၍လာခြင်း ဖြစ်သောကြောင့် ကောင်းသောလာခြင်းဖြစ်ပေ၏" ဟု ပြောဆိုလေ၏။ ဤသို့ ပြောနေစဉ်ပင် အဂ္ဂသာဝကနှစ်ပါးတို့ ရောက်လာသော် အရှင်ဒေဝဒတ်က သင့်လျော်သော နေရာကို မိမိအနားဌာခင်း၍ "ငါ့ရှင် သာရိပုတ္တရာ၊ဤသို့လာ၍ထိုင်ပါ၊လော့" ဟု နေရာဖြင့် ဖိတ်ကြား၏။

အရှင်သာရိပုတ္တရာလည်း "တန်ပါပြီ ငါ့ရှင်" ဟု ဆို၍ ထိုနေရာသို့ မတက်ဘဲ တခြား သင့်လျော်သော နေရာ၌ ထိုင်လေ၏။ ထိုအခါ အရှင်ဒေဝဒတ်သည် ညဉ့်သုံးယံမျှ ရဟန်းတို့အား တရားဟောကြားပြီးသော် အရှင်သာရိပုတ္တရာအား "ငါ့ရှင် သာရိပုတ္တရာ၊ ဤရဟန်းသံဃာသည် ထိနမိဒ္ဓကင်း၏။ ရဟန်းတို့အား ငါ့ရှင် တရားစကား ဟောကြားပါလော့။ ငါကား ညောင်းညာလှ၏။ ငါ၏ ကျောကုန်းကို ဆန့်လိုက်ဦးအံ့" ဟု၍ ဘုရားရှင်၏အတုကိုယူကာ ပြောဆို တိုက်တွန်းလေ၏။ အရှင်သာရိပုတ္တရာက "ကောင်းပါပြီ ငါ့ရှင်" ဟု ဝန်ခံလေသော် အရှင်ဒေဝဒတ်သည် ဒုကုဋ္ဌသင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပြီး(ဘုရားရှင်ကဲ့သို့) လက်ျာနံပါးဖြင့် လျောင်းစက်လေလျှင် ပင်ပန်း၍ သတိချက်ယွင်း ဆင်ခြင်ဉာဏ်ကင်းသူ ဖြစ်သဖြင့် တမူဟုတ်ချင်းပင် အိပ်ပျော်သွားလေ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် ထိုရဟန်းငယ်ငါးရာတို့အား (မိမိ၏ အလေ့အထဖြစ်သည့်) သူတပါး၏ စိတ်ဖြစ်ပုံကို အမှန်အတိုင်း ညွှန်ပြခြင်းဟူသော 'အာဒေသနာပြာဋိဟာ'ကို ရှေ့သွားပြု၍ "ဤတရား ဤတရားကို ပယ်လော့။ ဤတရား ဤတရားကို ပွားများလော့" ဟု ဟူသော "အနုသာသနီပြာဋိဟာ" အားဖြင့် ဆုံးမ, ကံမြစ် ဟောကြားလေ၏။ အဂ္ဂသာဝကန္ဒစ်ပါးတို့ ဟောကြားသည့် တရားစကားများကို ကြားနာရလျှင် ထိုရဟန်းငယ် ငါးရာတို့သည် သစ္စာလေးပါးကို မြင်၍ ဒေသနာလျှောက် ဝိပဿနာပွားများသော် ထိုနေရာ၌ပင် သောတာပန်များ ဖြစ်သွားကြလေ၏။

[ပါဋိဟာရိယာ = ပြာဋိဟာ ၃ မျိုး ရှိ၏။ (၁) အာဒေသနာပြာဋိဟာ = သူတပါး၏ စိတ်ဖြစ်နေပုံကို အမှန်အတိုင်း ထုတ်ဖော်ညွှန်ပြလျက် သာသနာ၌ ယုံမှားခြင်းကို ပယ်ရှားခြင်း။ (၂) ဣဒ္ဓိပြာဋိဟာ = တန်ခိုးရုပ်သွင် ဖန်ဆင်းပြလျက် သာသနာ၌ ယုံမှားခြင်းကို ပယ်ရှားခြင်း။ (၃) အနုသာသနီပြာဋိဟာ = 'ဤတရား ဤတရားစုကို ပယ်လော့၊ ဤတရား ဤတရားစုကို ပွားများလော့' ဟု ပယ်ရန်တရား၊ ပွားများရန်တရားတို့ကို ဟောဖော် ဆုံးမခြင်း။]

အာဒေသနာ ပြာဋိဟာကို ရှေ့သွားပြု၍ အနုသာသနီပြာဋိဟာဖြင့် ဆုံးမခြင်းသည် အရှင်သာရိပုတ္တရာ၏ အလေ့အထဖြစ်၏။ ဣဒ္ဓိပြာဋိဟာကို ရှေ့သွားပြု၍ အနုသာသနီပြာဋိဟာဖြင့် ဆုံးမခြင်းသည် အရှင်မောဂ္ဂလ္လာန်၏ အလေ့အထဖြစ်၏။ ဘုရားရှင်မူကား သတ္တဝါတို့၏ စရိုက်နှင့်လျော်စွာ ရံခါ အာဒေသနာပြာဋိဟာကို ရှေ့သွားပြု၍ ရံခါ ဣဒ္ဓိပြာဋိဟာကို ရှေ့သွားပြု၍ အာနုသာသနီပြာဋိဟာဖြင့် ဆုံးမ ချေခွတ်တော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာက ရဟန်းငယ်ငါးရာတို့အား "ငါ့ရှင်တို့၊ ဘုရားရှင်ထံသို့ ငါတို့ သွားကြတော့အံ့။ ဘုရားရှင်၏တရားတော်ကို နှစ်သက်သည့် ရဟန်းသည် ငါတို့နှင့်အတူ လိုက်ခဲ့ကြလော့" ဟု ခေါ်၍ ထိုရဟန်းငယ်ငါးရာလုံး လိုက်ပါလာကြ၏။ အဂ္ဂသာဝကန္ဒစ်ပါးတို့သည် ထိုရဟန်းငယ်ငါးရာလုံးကိုပါတပါတည်းခေါ်ဆောင်၍ ကောင်းကင်ခရီးဈာန်ယာဉ်စီး၍ ဝေဠုဝန်ကျောင်းတိုက်သို့ သွားကြလေ၏။ ထိုအခါ အရှင်ကောကာလိက

သည် "ငါ့ရှင် ဒေဝဒတ်၊ ထလော့။ ထိုရဟန်းငယ်တို့ကို သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့ ခေါ်ဆောင်သွားကြပြီ။ သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့နှင့် အရောမဝင်ရန် သင့်အား ငါသတိပေးခဲ့သည် မဟုတ်လော" ဟု ဆိုပြီး အရှင်ဒေဝဒတ်၏ရင်ဝကို ဒူးဖြင့်တိုက်၍ နှိုးလေ၏။ အရှင်ဒေဝဒတ်လည်း ရဟန်းအားလုံး လိုက်ပါသွားကြသည်ကိုမြင်လျှင် ပြည့်ရှင်မင်း၏ စည်းစိမ်မှ လျှော့ကျသောသူကဲ့သို့ လွန်စွာ ကြီးမားပူဆွေးလှသော စိတ်ဒုက္ခဖြင့် ထိုနေရာ၌ပင် ခံတွင်းမှ သွေးများ အန်ထွက်လေ၏။

ဝေဋ္ဌုဝန်ကျောင်းတိုက်၌ နေထိုင်ကြသော ရဟန်းတို့သည် အရှင်သာရိပုတ္တရာအား ရဟန်းငါးရာခြံရံလျက် ကောင်းကင်ဖြင့် တင့်တယ်စွာကြွလာသည်ကိုမြင်လျှင် ဘုရားရှင်အား တအံ့တသြချီးမွမ်း၍ လျှောက်ထားကြကုန်၏။ ဘုရားရှင်က "ရဟန်းတို့၊ သာရိပုတ္တရာသည် ယခုမှသာ တင့်တယ်သည် မဟုတ်သေး။ ရှေးဘဝ တိရစ္ဆာန်ဖြစ်စဉ်ကလည်း ငါ့သားကြီးသည် ငါ့ထံသို့ ရောက်လာသောအခါ တင့်တယ်ဘူးသတည်း" ဟု မိန့်တော်မူပြီး 'လက္ခဏမိဂ'ဇာတ် (ဇာ-)ကို ဟောကြားတော်မူ၏။ တဖန် ရဟန်းတို့က "မြတ်စွာဘုရား၊ ဒေဝဒတ်သည် အဂ္ဂသာဝကနှစ်ပါးကို ဝဲယာထား၍ ဘုရားရှင်၏ တင့်တယ်ခြင်းဖြင့် တရားဟောအံ့ဟု ကြံစည်ကာ ရှင်တော်ဘုရားကို အတုလိုက်၍ပြုသတဲ့ဘုရား" ဟု လျှောက်ကြသော် ဘုရားရှင်က "ရဟန်းတို့၊ ယခုမှသာ မဟုတ်သေး။ ရှေးကလည်း ဒေဝဒတ်သည် ငါဘုရားကို အတုလိုက်၍ပြုရန် အားထုတ်ခဲ့သော်လည်းမစွမ်းနိုင်ခဲ့သည်သာ" ဟု မိန့်တော်မူပြီး 'ဝီရက'ဇာတ်(ဇာ-)ကို ဟောတော်မူ၏။ နောက်နေ့ နောက်နေ့များ၌လည်း ရဟန်းတို့က အရှင်ဒေဝဒတ်နှင့် ပတ်သက်၍ လျှောက်ထားကြသဖြင့် ဘုရားရှင်သည် ကန္ဒဂလကဇာတ်(ဇာ-)၊သကုဏဇာတ်(ဇာ-) 'ကုရုဂ်မိဂ'ဇာတ်(ဇာ-)။ 'ဥဘတောဘဋ္ဌ'ဇာတ် (ဇာ-) စသည် ဒေဝဒတ်နှင့် ပတ်သက်၍ များစွာသော ဇာတ်တော်များကို ဟောကြားတော်မူလေ၏။

၂၅၃။ အရှင်ဒေဝဒတ် မြေမျိုခံရပြီး အဝီစိငရဲ၌ကျခြင်း

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ နေတော်မူစဉ်ပင် အရှင်ဒေဝဒတ်ကို အကြောင်းပြု၍ များစွာသော အတိတ်ဖြစ်ရပ်များကို ဟောကြားတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ခရီးဒေသစာရီကြွချီ၍ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

အရှင်ဒေဝဒတ်သည် မိမိပရိသတ်တို့ ပျက်စီးသောနေ့မှစ၍ ရင်မှ သွေးအန်သော ဝေဒနာသည် တနေ့ထက်တနေ့ ပိုမိုဆိုးဝါးလာလျက် ကိုးလကြာသောအခါ "ငါသည် ဘုရားရှင်အား လွန်စွာပြစ်မှားခြင်းပြုခဲ့သောကြောင့် ဤမျှလောက်သော ဒုက္ခကို ခံစားရခြေ၏။ ကန်တော့မှသာလျှင် ထိုအပြစ်ကင်းကောမည်" ဟု ကြံ၍ မိမိထံ၌ ရှိရစ်သော ကောကာလိက အစရှိသည့် ရဟန်းရှစ်ဦးအား "ငါသည် နောင်တော်ဘုရားကို ဖူးမြင်လိုပါ၏။ ငါ့အား ဘုရားရှင်ကို ဖူးရအောင် ပို့ဆောင်ပေးကြပါလော့" ဟု တောင်းပန် ပြောကြားလေ၏။ ထိုအခါ တပည့်ရဟန်းတို့က "သင်သည် ကျန်းမာသန်စွမ်းစဉ်အခါကဲ့ ဘုရားရှင်နှင့် ရန်သူကြီးဖြစ်၍ လှည့်လည်ခဲ့၏။ ကျွန်ုပ်တို့သည် သင့်ကို ထိုဘုရားရှင်ထံသို့ မပို့ဆောင်ဝံ့ကြပါကုန်" ဟု ပြောဆိုကြသော် အရှင်ဒေဝဒတ်က "ငါ့ရှင်တို့၊ ငါလို မပျက်စီးစေပါကုန်လင့်။ အမှန်စင်စစ် ငါကသာ ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ခဲ့၏။ ဘုရားရှင်မှာကား ငါ့အပေါ်၌ ဆံချည်ဖျားမျှပင် ရန်ငြိုးဖွဲ့မှု မရှိပါခြေ။ ငါ့နောင်တော်ဘုရားသည် ငါနှင့် တကွ ခိုးသား အင်္ဂုလိမာလ၊ နာဠာဂီရိဆင်ကြီး, ရာဟုလာ စသည့် ခပ်သိမ်းသော သတ္တဝါတို့ အပေါ်၌ ကောင်းကျိုးလိုထု, တူမျှသောစိတ်ရှိတော်မူပါပေ၏။ ငါ့အား နောင်တော်ဘုရားကို ဖူးမြင်ရအောင် ပို့ဆောင်ကြပါလော့" ဟု အကြိမ်ကြိမ် တောင်းပန်ရှာလေ၏။

ထိုအခါ တပည့်ရဟန်းရှစ်ဦးတို့သည် အရှင်ဒေဝဒတ်ကို ညောင်စောင်းပေါ်တင်ပြီး ယူဆောင်ခဲ့ကြ၍ ရာဇဂြိုဟ်ပြည်မှ ဘုရားရှင်ရှိရာ သာဝတ္ထိပြည်သို့ ရွေးရွှေသွားကြလေ၏။ အရှင်ဒေဝဒတ်လာကြောင်း သတင်းကို ကြားကြသည့် ရဟန်းတို့သည် ဘုရားရှင်ထံသွား၍ "မြတ်စွာဘုရား၊ အရှင်ဒေဝဒတ်သည် ရှင်တော်ဘုရားကို ဖူးမြော်ရန် လာနေပါသတဲ့ ဘုရား" ဟု လျှောက်ထားကြ၏။ ဘုရားရှင်က "ရဟန်းတို့၊ ဒေဝဒတ်သည် ယခုဘဝ ဤကိုယ်အဖြစ်ဖြင့် ငါဘုရားကို ဖူးမြော်ခွင့်ရတော့မည် မဟုတ်ချေ" ဟု၍ မိန့်တော်မူ၏။ [အရှင်ဒေဝဒတ်သည် သံဃာသင်းခဲ့ရန် ဝတ္ထုငါးမျိုးကို တောင်းသည့်အချိန်မှစ၍ နောက်တဖန် ဘုရားရှင်ကို ဖူးမြင်ခွင့် မရတော့ပြီ။ ဤကား ဓမ္မတာတည်း။]

အရှင်ဒေဝဒတ်လည်း ဘုရားရှင်အား ဖူးမြော်ရန် သာဝတ္ထိပြည်ဘက်သို့သာ ခရီးအကြာင်း ရပ်နားကာ ရပ်နားကာ ဦးတည်လာနေ၏။ ရဟန်းတို့ကလည်း ဘုရားရှင်အား "အရှင်ဒေဝဒတ်သည် ဤအရပ်ဤအရပ်သို့ရောက်လာပါပြီတဲ့ဘုရား" ဟု လျှောက်ထားတိုင်း ဘုရားရှင်လည်း "ဒေဝဒတ်သည် ဤကိုယ်အဖြစ်ဖြင့် ငါဘုရားကို ဘယ်နည်းနှင့်မျှ ဖူးမြော်ခွင့်ရတော့မည်

မဟုတ်'' ဟူ၍သာ အခိုင်အမာ မိန့်တော်မူနေ၏။ ''အရှင်ဒေဝဒတ်သည် ဇေတဝန်ကျောင်းတော်အနီးသို့ ရောက်လာပါပြီတဲ့ဘုရာ.'' ဟု လျှောက်ကြသော်လည်း ဘုရားရှင်က ရှေးနည်းတူပင် မိန့်တော်မူ၏။

အရှင်ဒေဝဒတ်ကို ယူဆောင်လာကြသော တပည့် ရဟန်းတို့သည် ဇေတဝန်ကျောင်းအနီးရှိ ရေကန်အအနီး၌ ညောင်စောင်းကို ခေတ္တချ၍ ရေချိုးကြရန် ရေကန်ထဲသို့ ဆင်းသက်သွားကြကုန်၏။ အရှင်ဒေဝဒတ်လည်း ညောင်စောင်းပေါ်မှထ၍ ခြေနှစ်ဖက်တို့ကို မြေကြီးပေါ်၌ချကာ ထိုင်နေရှာ၏။ ထိုခဏ၌ပင် သူ၏ခြေများသည် မြေကြီးထဲသို့ ဆွဲဝင်၍ မရအောင် ဝင်သွားကြလေ၏။ အရှင်ဒေဝဒတ်သည် အစဉ်အတိုင်း ခြေဖမျက်၊ ဒူးဆစ်၊ ခါး၊ ရင်ဝ၊ လည်ပင်း တိုင်အောင် မြေကြီးထဲ ဝင်သွားပြီး မေးရိုးဝင် တော့မည့် ဆဲဆဲတွင် ''တပည့်တော် ဒေဝဒတ်သည် ဤအရိုးတို့ဖြင့်၎င်း၊ ဤကျန်နေသေးသော အသက်တို့ဖြင့်၎င်း လောက သုံးပါးဝယ် အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်ထသော၊ နတ်တကာတို့ထက် အမြတ်ဆုံး ဝိသုဒ္ဓိနတ်မင်း ဖြစ်တော်မူထသော၊ လူနတ်ဗြဟ္မာ အပေါင်းကို တရားဟောကြား ယဉ်ကျေးအောင် ဆုံ.မတော်မူထသော၊ သမန္တစက္ခု, သဗ္ဗညုတစက္ခုဖြင့် ပြည့်စုံတော်မူထသော၊ များပြားလှသော ကုသိုလ် အပေါင်းတို့ကြောင့် မဟာပုရိသ လက္ခဏာတို့နှင့် ပြည့်စုံတော်မူထသော ထိုသဗ္ဗညု ဘုရားရှင်တို့ကို ကိုးကွယ် ဆည်းကပ်ရာ ဟူ၍ မြတ်သောစိတ်ဖြင့် ဆည်းကပ်ပါ၏'' ဟူ၍ ဂါထာဖြင့် ရှိခိုးရှာလေ၏။

[ဤအချက်ကို မြင်တော်မူ၍ပင် ဘုရားရှင်သည် ဒေဝဒတ်ကို ရဟန်းပြုပေးခြင်းဖြစ်၏။ ဒေဝဒတ်သည် လူ့ဘဝနှင့် နေလျှင်လည်း ဘုရားရှင်အား သွေးစိမ်းတည်စေသော 'လောဟိတုပ္ပါဒက' အနန္တရိယကံကို ပြုမည်သာတည်း။ သို့ရာတွင် နောင်သံသရာ ဝဋ္ဌဘဝမှ လွတ်မြောက်ကြောင်း ယခုကဲ့သို့သော ကောင်းမှုမျိုးကို ပြုလုပ်ရန် မစွမ်းနိုင်သည်သာ။ ရဟန်းပြုလျှင်လောဟိတုပ္ပါဒက, သံဃဘေဒက ဟူသော အာနန္တရိယကံကြီး နှစ်ခုကို ပြုလိမ့်မည် ဖြစ်သော်လည်း နောင်အခါ သံသရာဝဋ္ဌဘဝ လွတ်မြောက်ကြောင်း ဤယခု ကောင်းမှုမျိုးကို ပြုစွမ်းနိုင်လိမ့်မည်ဟု သိမြင်တော်မူသောကြောင့် ဒေဝဒတ်ကို ဘုရားရှင် ရဟန်းပြုပေးခဲ့ခြင်းဖြစ်၏။ မှန်ပေ၏။ အရှင်ဒေဝဒတ်သည် ဤယခု ကောင်းမှုကြောင့် ဤကမ္ဘာမှနောက် ကမ္ဘာတသိန်းထက်၌ 'အဌိသာရ' မည်သော ပစ္စေကဗုဒ္ဓါဘုရား ဖြစ်ပေလိမ့်မည်။]

အရှင် ဒေဝဒတ်သည် ဘုရားရှင်အား ရှိခိုးပူဇော်သည့် ဂါထာကို ရွတ်ဆိုပြီးနောက် မြေကြီးထဲသို့ ဝင်ရောက်သွားပြီး မဟာအဝီစိ ငရဲ၌ ဖြစ်၍ ကြီးစွာသော ဆင်းရဲကို ခံရလေတော့၏။ ရဟန်းတို့သည် အရှင်ဒေဝဒတ် မြေမျိုခံရခြင်းအကြောင်း တအံ့တသြ ပြောဆိုကုန်၏။ ထိုအခါဘုရားရှင်က "ရဟန်းတို့၊ ဒေဝဒတ်သည် ယခုအခါ၌သာ ငါဘုရား၌ ပြစ်မှား၍ မြေမျိုခံရသည်မဟုတ်သေး။ ရှေးအခါများကလည်း ငါဘုရားအား ပြစ်မှားခဲ့သဖြင့် မြေမျိုခံရပေါင်း ဗျားလေပြီ"ဟု မိန့်တော်မူ၍ ရှေးဘဝများက အရှင်ဒေဝဒတ်လောင်း မြေမျိုခံရကြောင်း ဖော်ပြသည့် 'သီလဝဇာတ်' (ဇာ-)၊ 'ခန္တီဝါဒီ'ဇာတ် (ဇာ-)၊ 'စူဠဓမ္မပါလဇာတ်' (ဇာ-)တို့ကို ဟောကြားတော်မူလေ၏။ အရှင်ဒေဝဒတ် မြေမျိုခံရလေသော် လူအပေါင်းသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလျက် တံခွန်၊ ကုက္ကား၊ ငှက်ပျောပင် စသည်တို့ကို စိုက်ထူကြပြီး ကြီးစွာသော ပွဲသဘင်ကို ခံကြကုန်၏။ ထိုအကြောင်းကို ရဟန်းတို့က လျှောက်ကြားကြသဖြင့် ဘုရားရှင်က "ရဟန်းတို့၊ ယခုမှသာ ဒေဝဒတ် ကွယ်လွန်၍ လူအပေါင်းတို့ နှစ်သက် ပျော်ရွှင်ကြသည် မဟုတ်သေး။ ရှေးကလည်း နှစ်သက်ပျော်ရွှင်ကြဘူးပြီ"ဟု မိန့်တော်မူ၍ 'မဟာပိုဂ်လဇာတ် (ဇာ-)ကို ဟောတော်မူလေ၏။

ထိုနောက် ရဟန်းတို့က "မြတ်စွာဘုရား၊ ယခုအခါ အရှင်ဒေဝဒတ်သည် အဘယ်ဘဝ၌ ဖြစ်ပါလေသနည်း"ဟု လျှောက်ထားကြသော် ဘုရားရှင်က "ရဟန်းတို့၊ ဒေဝဒတ်သည် အဝီစိငရဲ၌ ဖြစ်ရလေပြီ"ဟု မိန့်တော်မူ၏။ နောက် ရဟန်းတို့က "မြတ်စွာဘုရား အရှင်ဒေဝဒတ်သည် ဤဘဝ၌ ပူပန်ဆင်းရဲစွာလှည့်လည်သွားလာရပြီးလျှင် တဖန် ဤဘဝမှစုတေသောအခါမှာလည်း ပူပန်ဆင်းရဲရသောဘုံ ဌာန၌သာ ဖြစ်ရပါတကား"ဟု လျှောက်ကြားကြသော် ဘုရားရှင်က "ရဟန်းတို့၊ ဟုတ်မှန်ပေ၏။ မကောင်းမှုကို ပြုလေ့ရှိသောသူသည် ဤပစ္စုပ္ပန် ဘဝ၌လည်း ပူပန်ဆင်းရဲရ၏။ နောင်တမလွန် ဘဝ၌လည်း ပူပန်ဆင်းရဲရ၏။ ပစ္စုပ္ပန် တမလွန် ဘဝ နှစ်ပါးလုံး၌လည်း ပူပန်ဆင်းရဲရ၏။ အပါယ်ဒုဂ္ဂတိသို့ လားရသော်ကား ဆိုးကျိုးဖြင့် အတိုင်းထက်အလွန် ပူပန်ဆင်းရဲရ၏"ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူလေ၏။

၂၅၄။ ဒေဝဒတ် မြေမျိုကြောင်းကြား၍ အဇာတသတ် ထိတ်လန့်ခြင်း

အဇာတသတ်မင်းသည် ဥစ္စာများစွာကို စွန့်ကြဲကာ ယုတ်မာလှသော အရှင်ဒေဝဒတ်အား 'ဂယာသီသ'အရပ်၌ ကျောင်းတိုက်ကြီး တည်ဆောက် ကိုး

ကွယ်ခဲ့ပြီး အရှင်ဒေဝဒတ်၏ ယုတ်မာသောအကြံကို လိုက်နာလျက်သော တာပန် အရိယာလည်းဖြစ်၊ ကျေးဇူးရှင် မွေးသဖခင်လည်းဖြစ်သော ဗိမ္ဗိသာရ မင်းကြီးကို ရက်စက်စွာ သတ်ဖြတ်မိခဲ့လေ၏။ ထို့ပြင်လည်း ဘုရားရှင်ကို သတ်ရန် အမျိုးမျိုး ကြံစည်အားထုတ်သည် ဒေဝဒတ်ယုတ်အား အကူအညီများစွာကို ပေးခဲ့လေ၏။ ဤသို့လျှင် မိတ်ဆွေယုတ်ကို သူတော်ကောင်းထင်ပြီး ပေါင်းသင်းခဲ့လေသဖြင့် ကြီးလေးလှသော ဒုစရိုက်မှုများကိုပင် ကျူးလွန်ခဲ့ပေ၏။ အဇာတသတ်မင်းသည် ယင်းသို့ အရှင်ဒေဝဒတ်နှင့် ပေါင်းမိခြင်းကြောင့် ဘခင်မင်းကြီးကိုသတ်စေသောနေ့မှစ၍ စားမဖြောင့်၊ အိပ်မပျော် တဖျတ်ဖျတ်နှင့် ထိတ်လန့်တုန်လှုပ်လျက် ရှိနေခဲ့ပေ၏။ အိပ်မည်ကြံလျှင် ဒုဂ္ဂတိနိမိတ်ထင်လာကာတုန်လှုပ်မြည်တမ်းဟစ်အော်ရသောကြောင့် အိပ်ရမည်ကိုပင် မနှစ်သက်နိုင်ဘဲ ရှိခဲ့ပေ၏။ သို့ဖြစ်၍ သူသည် အိပ်ချင်ပြေအောင် ညတိုင်း အချိန်ကြာမြင့်စွင် ညီလာခံ အစည်းအဝေးကို ကျင်းပလေ့ရှိ၏။

ထိုနောက်အဇာတသက်မင်းသည် "အရှင်ဒေဝဒတ်ကို မြေမျိုပြီတဲ့"ဟူသော ဇမ္ဗူဒိပ်တကျွန်းလုံး ပျံ့နှံ့သည့် သတင်းကို ကြားရလေလျှင် "ငါလည်း အရှင်ဒေဝဒတ်၏ စကားကြောင့် ဘုရားရှင်ကို ပြစ်မှားမိခဲ့ချေ၏။ ဤမြေကြီးသည် ငါ့ကိုလည်း မျိုဦးအံ့လည်းမသိ"ဟု တွေးတောကာ အလွန်ပင် ကြောက်ရွံ့ထိတ်လန့်လျက်ရှိပြီး မင်းစည်းစိမ်ကိုလည်း မခံစားနိုင်၊ စားမဝင်၊ အိပ်မပျော်၊ တဖျတ်ဖျတ် တုန်လှုပ်ချောက်ခြားနေလေ၏။ "မြေကြီးက ကွဲလာမည်လိုလို၊ အဝီစိ ငရဲမီးလျှံများထွက်လာနေသလိုလို၊ မြေကြီးက မိမိကိုယ်ကို မျိုတော့မလိုလို၊ မိမိကို ငရဲထိန်းများက တံကျင်တို့ဖြင့် ထိုးဆွနေသလိုလို"အမြဲတစေ သူ့စိတ်ထဲ၌ ထင်မြင်နေလေ၏။ သို့ဖြစ်၍ အဇာတသတ်မင်းမှာ စားမဝင်၊ အိပ်မပျော်၊ တုန်လှုပ်ချောက်ခြားနေလျက် ဆောက်တည် အားကိုးရာကို မရှာနိုင်ဘဲ အလွန်ပင် ပူပန်ဆင်းရဲ နေရရှာလေ၏။ သူသည် ဘုရားရှင်ကိုဖူးမြော်လို၊ ကန်တော့လို၊ ပြဿနာမေးလျှောက်လိုသော်လည်း မိမိ၏ အပြစ်က ကြီးလေးလှသဖြင့် ဘုရားရှင်ထံသို့ မချဉ်းကပ်ဝံ့ဘဲ ရှိလေ၏။

ထိုနောက်ရာဇဂြိုဟ်ပြည်ဝယ် ကြတ္တိကာ နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပသည့် တန်ဆောင်မုန်းလပြည့် ညအခါ၌ တမြို့လုံး နတ်ပြည်ကဲ့သို့ တန်ဆာဆင်ပြီး မီးရှူး မီးလျှံများ ထိန်ထိန်ညီလျက် ပွဲလမ်းသဘင်ဆင်ယင်ကျင်းပနေချိန်တွင် ရွှေနန်းတော် ညီလာခံ ခန်းမ၌ အမတ်အပေါင်းခြံရံကာ ရာဇပလ္လင်ထက်၌ ထိုင်နေစဉ် မနီးမဝေး၌ ထိုင်နေသော ဆရာဇီဝကကို မြင်လေ

၏။ ဤသို့မြင်လျှင်ပင် အဇာတသတ်၏စိတ်ထဲ၌ "ငါသည် ဆရာဇီဝကကို ရှေ့ဆောင်အဖြစ် ခေါ်ယူကာ ဘုရားရှင်ထံ သွားပေအံ့။ သို့သော် ငါသည် ဇီဝကအား တိုက်ဖို့က် မပြောသင့်။ ငါတို့၏စိတ်ကို ကြည်ညို့စေနိုင်မည့် အဘယ်သို့သော ရဟန်းပုဏ္ဏားတို့ထံ ယနေ့ချဉ်းကပ်ရပါမည်နည်းဟု အမတ်တို့အား ပရိယာယ်ဖြင့် သွယ်ဝိုက်၍ မေးသင့်၏။ ထိုအမတ်တို့ အသိုးသီးက မိမိတို့ဆရာများ၏ ဂုဏ်ခကျေးဇူးတို့ကို ထုတ်ဖော်ပြောကြားလိမ့်မည်။ ထို အခါမှ ဆရာဇီဝကကို ခေါ်ဆောင်၍ ဘုရားရှင်ထံ ငါသွားရောက်ဆည်းကပ်အံ့" ဟူ၍ အကြံဖြစ်လေ၏။ ထိုသို့ကြံပြီးသော် အမတ်တို့ အသီးသီး အား ထိုအကြောင်းကို မေးမြန်းလေ၏။

ထိုအခါ တိတ္ထိဆရာကြီးခြောက်ဦးတို့၏ တပည့်အမတ်များသည် "ယနေ့ မင်းကြီးသည် ရဟန်း ပုဏ္ဏား ပုဂ္ဂိုလ်မြတ်တဦးထံ ချဉ်းကပ်၍ ပြဿနာကို မေးလျှောက်ပြီး တရားနာယူလိုသည်ဖြစ်မည်။ မင်းကြီး ကြည်ညိုအပ်သော ဆရာအား ပူဇော်သက္ကာများစွာပြုပေမည်။ မင်းဆရာဖြစ်သည့် တိတ္ထိဆရာ၏ တပည့်အမတ်လည်း ကြီးပွားပေမည်" ဟုကြံစည်ပြီးလျှင် အသီးသီးကိုးကွယ်အပ်သော 'ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယ၊ (သီဥ္စည်း) ဗေလဋ္ဌပုတ္တ၊ နိဂဏ္ဌနာဋပုတ္တ' ဟူသော တိတ္ထိဆရာကြီးခြောက်ဦးအသီးသီး၏ဂုဏ်ကျေးဇူးစကားကို (သာမညဖလသုတ် အတိုင်း) ချီးကျူးပြောကြားလေ၏။ အဇာတသတ်မင်းကား ရှေးကပင် ထိုတိတ္ထိဆရာကြီးတို့ကို တွေ့မြင်ဘူးသူဖြစ်၏။ သူသည် ထိုတိတ္ထိဆရာကြီးတို့၏ အသွင်ကို မြင်ရသဖြင့်ပင် ကြည်ညိုရန်ဝေးစွ။ နှလုံးမသာမယာပင် ဖြစ်ခဲ့လေ၏။ယခု ထိုဆရာကြီးတို့၏ဂုဏ်ကျေးဇူးကို ကြားသိရသောအခါ ပို၍ပင် အလွန်အလွန် နှလုံးမသာမယာဖြစ်သဖြင့် ဆိတ်ဆိတ်သာ နေလေ၏။

အဇာတသတ်မင်းကား ဘုရားရှင်ထံသို့သာ ချဉ်းကပ်လိုသောဆန္ဒရှိရကား ဘုရားရှင်၏ အလုပ်အကျွေး ဖြစ်သော ဆရာဇီဝက၏ စကားကိုသာ ကြားနာလို၏။ ဇီဝကလည်း "ငါ့ဆရာဖြစ်သော ဘုရားရှင်ကိုကား သူတပါးတို့၏ ဆရာများကဲ့သို့ လွယ်လင့်တကူ ငါ မညွှန်းသင့်သေးချေ" ဟု ကြံလျက် စကားမပြန့်ဘဲ ဆိတ်ဆိတ်သာ နေလေ၏။ ထိုအခါ အဇာတသတ်မင်းက "ဆရာဇီဝက၊ သင်ကား အဘယ့်ကြောင့် ဆိတ်ဆိတ်နေဘိသနည်း။ ဤအမတ်များသည် မိမိတို့ကိုးကွယ်သောဆရာများ၏ဂုဏ်ကျေးဇူးကို ခံတွင်းမဆံ့လောက်အောင်ပင် ပြောဆိုကြလေ၏။ ဤအမတ်များကဲ့သို့ သင့်မှာ ကိုးကွယ်ရာ ဆရာရဟန်းမရှိဘူးလော့။ တစုံတယောက်သောဆရာကိုမျှ မကိုးကွယ်လေသလော" ဟု မေးမြန်းလေ၏။

ထိုစကားကိုကြားသော် ဆရာဇီဝကသည် "ယခုအခါ ငါဆိတ်ဆိတ်နေရန်မသင့်ပြီ"ဟု နေရာမှထ၍ ဘုရားရှင်ရှိရာ ဇီဝက သရက်ဥယျာဉ်ကျောင်းတိုက်ဘက်သို့ မျက်နှာမူလျက် ရိုသေစွာရှိခိုးပြီးနောက် ဦးခေါင်းပေါ် လက်အုပ်ချီပြီးလျှင် "အရှင်မင်းကြီး၊ ကျွန်ုပ်ကား တွေ့ကရာ ရဟန်းအမည်ခံရုံမျှသောသူကို ကြည်ညိုဆည်းကပ်သူဟု မအောက်မေ့ပါလင့်။ကျွန်ုပ်ဆရာကား သုံးလောက၌ သီလ, သမာဓိ, ပညာဂုဏ်တို့၌ အတုမရှိသော အသဒိသဖြစ်တော်မူသော အရှင့်ခမည်းတော်၏ဆရာဖြစ်သည့် ဘုရားရှင်သည် ကျွန်ုပ်၏ဆရာပါတည်း။ အရှင်မင်းမြတ်လည်း ထိုဘုရားရှင်အား ဆည်းကပ်ကိုးကွယ်တော်မူပါ။ လိုသမျှအရေးကို မေးလျှောက်တော်မူပါ။ ဘုရားရှင်အားဆည်းကပ်ပါလျှင် အရှင်မင်းကြီး၏စိတ်သည် ဧကန်ကြည်လင်၍ စိတ္တဇဝေဒနာသည် လျင်စွာ သက်သာရာရပေလတံ့"ဟူ၍ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်များကို ရှည်လျားစွာ ချီးမွမ်းပြောဆိုပြီး လျှောက်ဆားလေ၏။

အဇာတသတ်မင်းလည်း ဘုရားရှင်၏ကျေးဇူးတော်စကားကိုကြားရလျှင် ရှင်လမ်းဝမ်းမြောက်စွာ ငါး ဖြာပီတိဖြင့် တကိုယ်လုံးပျံ့လျက် ထိုခဏ၌ပင် ဘုရားရှင်ထံသွားလိုသောဆန္ဒပြင်းပြလေရကား "ဆရာဇီဝက ငါ့ကို ယခုပင် ဘုရားရှင်ထံသို့ပို့ဆောင်ပါလော့။ သွားခြင်းငှာလျောက်ပတ်သည့် ဆင်,မြင်း, ရထား,ဗိုလ်ပါများကိုလည်း လျင်မြန်စွာ စီရင်လော့"ဟု စေခိုင်းလေ၏။ ဆရာဇီဝကလည်း "ကောင်းပါပြီအရှင်မင်းကြီး"ဟု ဝန်ခံ၍ ဖဲခွာသွားပြီး ဆင်မယဉ်သာပေါင်းငါးရာတို့နှင့်တကွ မင်္ဂလာဆင်တော်ကိုကြီးကျယ်ခမ်းနားတင့်တယ်စွာ ကကြိုးတန်ဆာတို့ဖြင့် ဆင်ယင် စေလေ၏။ ထိုနောက်မြောက်မြားလှစွာသော မင်းချင်းပုဏ္ဏား, မှူးမတ်တို့ကို ဝတ်စားတန်ဆာတင့်တယ်စွာဆင်ယင်စေပြီး ပြည်သူအပေါင်းတို့အားလည်း မင်းကြီးနှင့်အတူ ဘုရားရှင်ထံသို့လိုက်ကြရန် စည်လည်စေလေ၏။ ပြည်သူတို့လည်း ရုန်းရင်းဆန်ခတ်မျှ ရှင်လန်းကြလျက် "ငါတို့သည် နက္ခတ်သဘင် ပျော်ရှင်မြူးတူးခြင်ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ မင်းကြီးနောက်လိုက်၍ ဘုရားရှင်ဟောတော်မူသည့် တရားတော်ကိုသာ ကြားနာကြကုန်အံ့"ဟု ပန်းနံ့သာစသည် လက်စွဲကုန်လျက် လမ်းခရီးက အသင့်ကြိုဆိုစောင့်မျှော်လျက် နေကြကုန်၏။

၂၅၅။ အဇာတသတ်မင်း ဘုရားရှင်အား ဆည်းကပ် ကိုးကွယ်ခြင်း

ဆရာဇီဝကသည်ဘုရားရှင်ထံသွားရောက်မည့်အရေးကို အလုံးစုံစီမံပြီးစီးလေသော် အဇာတသတ် မင်းသားသည် ဆင်မယဉ်သာ ငါးရာတို့၌

ယောကျ်ားအသွင် ဝတ်ဆင်ထားသော မိန်းမတယောက်စီကို တင်ပြီးလျှင် ကိုယ်တိုင်မူ မင်္ဂလာဆင်ကိုစီးလျက် မီးရှူး မီးတိုင်တို့ကို အပြိုင်အပြိုင် ထွန်းစေပြီး ကြီးစွာသော မင်းခမ်း မင်းနားဖြင့် ထိုညဉ့်ပင် ရာဇဂြိုဟ်ပြည်မှ ထွက်ခွာကာ ဘုရားရှင် သီဂင်းသုံးနေဘော်မူရာ ဆရာဇီဝက၏ သရက်ဥယျာဉ် ကျောင်းတိုက်သို့ သွားလေ၏။ ကျောင်းတိုက်သို့ ရောက်သော် ရဟန်းပေါင်း တထောင်ကျော်နေသည့် ကျောင်းတိုက်တခုလုံး ချဆတ်သံ, ချောင်းဟန့်သံကိုမျှ မကြားရဘဲ အလွန်တိတ်ဆိတ်နေသည်ကို တွေ့မြင်ရလျှင် ကြက်သီးမွေးညင်းထ၍ ကြောက်ရွံ့ တုန်လှုပ်လှုသဖြင့် ဆရာဇီဝကအပေါ် သံသယဝင်လာကာ "ဆရာဇီဝက သင်သည် ငါ့ကိုမလှည့်ပတ် မဖြားယောင်းသည်မှန်သလော။ ငါ့ကို ရန်သူတို့အား မအပ်နှင်းသည် မှန်သလော။ ရဟန်းပေါင်းတထောင်ကျော်နေသည့် ဤကျောင်းတိုက်ကြီးတခုလုံးဘာသံမျှ မကြားတိတ်ဆိတ်လှဘိတကား" ဟု ဣန္ဒြေမဆည်နိုင်ဘဲ မေးမြန်းလေတော့၏။

ဆရာ ဇီဝကလည်း "အရှင်မင်းကြီး မဟုတ်ပါ။ သံသယမရှိပါလင့်။ ကြောက်တော်မမူပါလင့်။ ဘုရားရှင်နှင့် ဘုရားတပည့် သားတို့သည် ဓမ္မတာအားဖြင့် တိတ်ဆိတ်စွာ နေထိုင်ခြင်းပေတည်း။ တန်ဆောင်းဝန်းအတွင်းမှာ ဤဆီမီးမျှားတည်းညီး ထွန်းလင်းနေသည်ကို ကြည့်ရှုပါလော့" ဟု ရှင်းလင်းကာ အားပေးစကား ပြောရလေ၏။ အဇာတသတ်မင်းလည်း ကျောင်းတိုက်ဝသို့ရောက်၍ ဆင်တော်မှဆင်းပြီး မြေဦခြေချမိလျှင်ပင် ဘုရားရှင်၏ အရှိန်အဝါကြောင့်ဌင်း၊ ဘခင်ကိုသတ်ခဲ့သည့် အဖြစ်ကိုအမှတ်ရလေသောကြောင့်ဌင်း ပြင်းစွာ ကြောက်ရွံ့လာပြီး ကိုယ်မှ ချွေးများ ဒီးဒီးကျလေ၏။ သို့ဖြစ်၍ ဖြောင့်ဖြောင့် မသွားဝံ့ဘဲ ဆရာဇီဝက၏ လက်ကိုဆွဲပြီး ကျောင်းစဉ်လှည့်လည်ကြည့်ရှု၍ ဆရာဇီဝက ဆောက်လုပ်သည့် ကျောင်းများကိုချီးမွမ်းပြောဆိုလျက် တရားခန်းမဆောင်တွင် ရဟန်းအပေ ငါး ခြံရံလျက် ထိုင်နေတော်မူသော ဘုရားရှင်ထံသို့ သွားရောက်၍ ရိုသေစွာရှိခိုးကာ ထိုင်နေလေ၏။ အဇာတသတ်မင်းသည် ဘုရားကို စူးစူးစိုက်ကြည့်ရှုကာ ထိုင်နေလျက်ပင် အလွန်တိတ်ဆိတ်သော ရဟန်းသံဃာကို အဖန်ဖန်ကြည့်ရှု၍ "မြတ်စွာဘုရား၊ ယခု ဤရဟန်း သံဃာတော် ငြိမ်သက်ဘိသကဲ့သို့ တပည့်တော်၏သားတော် "ဥဒယဘဒ္ဒ" မင်းသားသည် ဤငြိမ်သက်ခြင်းနှင့် ပြည့်စုံစေသတည်း" ဟု (စိတ်ဖြင့်) ဥဒါန်းကျူးရင့်လေ၏။

အဇာတသတ်မင်း ဥဒါန်းကျူးရင့်ခြင်းမှာ "သားတော် ဥဒယဘဒ္ဒ မင်းသားသည် ရဟန်းပြု၍ ဤကဲ့သို့ငြိမ်သက်စွာ နေသူဖြစ်စေလိုခြင်း၊ တနည်းအားဖြင့် မိမိသည် ခမည်းတော်ကို သတ်ခဲ့သလို

သားတော်ကတဖန် မိမိအား ပြန်သတ်မည်ကို စိုးရိမ်နေခြင်းကြောင့်
ပင် ဖြစ်၏။]

ထိုအခါ ဘုရားရှင်သည် အဇာတသတ်မင်း၏ စိတ်ဖြစ်နေပုံကို ဆင်ခြင်သိမြင်တော်မူ၍ "ဤမင်းသည် ငါဘုရားနှင့် စကားမပြောဝံ့သဖြင့် ရဟန်းသံဃာကို အဖန်ဖန်ကြည့်ရှု၍ သားကိုအမှတ်ရနေ၏။ ငါဘုရားက စကား မပြောလျှင် ဤမင်းသည် စကားတခွန်းမျှ ပြောဝံ့မည်မဟုတ်" ဟုကြံတော်မူ၍ "မင်းကြီး၊ ချစ်မြတ်နိုးရာသို့ သင်ရောက်ရှိလာလေပြီ" ဟု စကားစတော်မူ၏။ ထိုအခါ အဇာတသတ်မင်းသည် "ဩ- ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့သည်အံ့ဘွယ်ရှိပါကုန်၏။ဘုရားရှင်အပေါ်မှာကြီးမားသော အပြစ်များစွာကို ကျူးလွန်ခဲ့သည့် ငါ့ကိုပင် စကားစ၍ ဆိုတော်မူ၏။ တာဒိဂုဏ်ဖြင့် ကြုံ.ကြုံ. ခိုင် တည်ကြည်တော်မူပါပေ၏" ဟု ကြံစည်မိလေ၏။ ထိုနောက်မှ "မြတ်စွာဘုရား၊ တပည့်တော်သည် သားတော် ဥဒယဘဒ္ဒကို ချစ်လှပါ၏။ ယခု ဤရဟန်း သံဃာ ငြိမ်သက်နေသကဲ့သို့ သားတော်လည်း ဤငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသည်း" ဟု ဥဒါန်း ကျူးရင့်သည့်တိုင်း လျှောက်ထားလေ၏။ ထိုနောက် "မြတ်စွာဘုရား၊ ရှင်တော်ဘုရားအား တပည့်တော် မေးစရာ ပြဿနာ အနည်းငယ်ကို မေးလျှောက်လိုပါ၏" ဟု ခွင့်ပန်လေ၏။ ဘုရားရှင်လည်း "မင်းကြီး၊ သင်မေးလိုရာကို မေးလော့" ဟု ခွင့်ပေးတော်မူ၏။

အဇာတသတ်မင်းလည်း အလွန်နှစ်သက် အားတက်လာကာ "မြတ်စွာဘုရား၊ လောကဌ အဘတ်ပညာတတ်ကျွမ်းသူတို့သည် မျက်မှောက်ဘဝဌပင် မိမိအတတ်ပညာ၏ အကျိုးကိုမှီ၍ မိမိနှင့်တကွ သားမယား၊ ဆွေမျိုး၊ မိတ်ဆွေတို့အား ချမ်းသာစေနိုင်ကြသည့်အပြင် တမလွန် ဘဝအတွက်လည်း နတ်ပြည်ရောက်ကြောင်း အလှူကောင်းမှုကို ပြုနိုင်ကြပါ၏။ဤအတတ်တို့၏ အကျိုးနှင့်တူစွာ မျက်မှောက်ဘဝဌပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းပြုရကျိုးကို ပြနိုင်ပါ၏လော" ဟု မေးလျှောက်လေ၏။ ဘုရားရှင်လည်း ပြဿနာကိုမဖြေသေးဘဲ 'တိတ္ထိတို့၏ တပည့် ဒါယကာ အမတ်တို့လည်း ဤနေရာ၌ ရောက်ရှိနေကြ၏။ မင်းကြီးကိုယ်တိုင်က တိတ္ထိတို့၏ ဝါဒကို ပြောကြားလျှင် သူတို့လည်း မင်းအလိုသို့သာ လိုက်ကြပေမည်။ သို့ဖြစ်၍ မင်းကြီးအား တိတ္ထိတို့၏ ဝါဒကို ပြောကြားစေအံ့'ဟု ကြံတော်မူ၍ "မင်းကြီး၊ သင်သည် တပါးသော သမဏ, ဗြာဟ္မဏတို့အား ဤပြဿနာကို ပေးဘူးသလော" ဟု မေးတော်မူ၏။ "မေးဘူးပါ၏ ဘုရား" ဟု လျှောက်လျှင် ဘုရားရှင်က "မင်းကြီး၊ ထိုပုဂ္ဂိုလ်တို့က အဘယ်သို့ ဖြေကြားကြသနည်း။သင် ဝန်မလေးမူ ပြောကြားလေလော့" ဟု တိုက်တွန်းတော်မူ၏။

ထိုအခါ အဇာတသတ်မင်းက "မြတ်စွာဘုရား၊ တပည့်တော်သည် တိတ္ထိ ဆရာကြီး ခြောက်ဦးတို့ အသီးသီးထံသို့ ချဉ်းကပ်၍ ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝအကျိုးရပုံကို မေးမြန်းခဲ့ရာ ထိုဆရာကြီး အသီးသီးသည် မေးသည့်ပြဿနာကိုမဖြေဘဲ မိမိတို့၏ အယူဝါဒကိုသာ ဖြေကြားခဲ့ပေ၏။ တပည့်တော်သည် ထိုဆရာကြီးများအား စကားတစုံတရာ ပြန်မပြောဘဲ နားထောင်၍သာ ပြန်လာခဲ့၏" ဟု လျှောက်ပြီးနောက် ဘုရားရှင်အား ရှေးနည်းတူစွာပင် ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံကို မေးလျှောက်လေ၏။ ထိုအခါ ဘုရားရှင်သည် အဇာတသတ်မင်းအား ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံကို အကျိုးအလက် တဆယ့်ခြောက်ချက်တို့ဖြင့် (ဒီဃနိကာယ်-သာမညဖလ သုတ်လာအတိုင်း) အကျယ်တဝင့် ဟောကြားတော်မူလေ၏။ အဇာတသတ်မင်းသည် ဘုရားရှင် ဟောကြားသည့် တရားများ အခန်းတခု တခုပြီးတိုင်း 'သာဓု' ခေါ် ကောင်းချီပေးကာ "ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကား အံ့ဘွယ်ရှိပေစွ။ ငါ့အား အသိဉာဏ် အလင်းရောင်များစွာကို ပေးပေစွ။ ငါသည် ရှေးက တိတ္ထိ ဆရာကြီးများထံ သွားရောက်မေးခဲ့ရသည်မှာ အချိန်ကုန်လူပင်ပန်းပြီး အကျိုးတစုံတရာ မရရှိခဲ့ပေ တကား" ဟု ကြံစည်အောက်မေ့လေ၏။

မင်းကြီးလည်း ဗုဒ္ဓါနုဿတိကြောင့် ပီတိုငါးဖြာဖြင့် တကိုယ်လုံးပျံ့နှံ့ပြည့်လျှမ်းကာ ရတနာသုံးပါး၌ အထူးသက်ဝင် ယုံကြည် သွား ရကား "မြတ်စွာဘုရား၊ အလွန်နှစ်သက်ဘွယ်ရှိပါပေစွ။ ဖုံးအုပ်ထားသော အရာဝတ္ထုကို ဖွင့်လှစ်ပြဘိသကဲ့သို့ ရှင်တော်ဘုရားသည် တပည့်ဟော်အား များစွာသောအကြောင်းဖြင့် တရားတော်ကို ဟောပြတော်မူအပ်ပေပြီ။ တပည့်တော်သည် ဘုရား,တရား,သံဃာ ရတနာမြတ်သုံ ပါးကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ ဒုယနေ့မှစ၍ တပည့်တော်အား အသက်ထက်ဆုံး သရဏဂုံသုံးပါးတည်သူ ဥပသကာဟူ၍ မှတ်ယူတော်မူပါ။ တပည့်တော်သည် မိုက်မဲ,တွေဝေ,မလိမ္မာသည့်အလျောက်မင်းစည်းစိမ်ဟူသောအကြောင်းကြောင့် ခမည်းတော်မင်းတရားကြီးကို သတ်ခဲ့မိပါပြီ။ ထိုအပြစ်ကို သည်းခံတော်မူပါဘုရား" ဟူ၍ ဝန်ချ တောင်းပန် ကန်ဘော့လေ၏။ ဘုရားရှင်ကလည်း "မင်းကြီး၊ သင်သည် အပြစ်ကိုအပြစ်ဟုရှု၍ အပြစ်အားလျော်စွာကုသသောကြောင့် သင်၏ထိုအပြစ်ကို ငါတို့ သည်းခံကုန်၏။ ဤကုစားခြင်း, ကုစားစောင့်စည်းခြင်းသည် ငါဘုရား၏အဆုံးအမသာသနာ၌ ကြီးပွားခြင်းပင်တည်း" ဟု မိန့်တော်မူ၏။

ထိုအခါ အဇာတသတ်မင်းသည် "မြတ်စွာဘုရား၊ တပည့်တော်တို့သည် ကိစ္စများသူ,ပြုဘွယ်များသူတို့ဖြစ်၍ ပြန်ကြပါဦးမည်ဘုရား" ဟု လျှောက်ပြီး ဘုရားရှင်ခွင့်ပြုချက်ဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိသေစွာရှိခိုးပြီးလျှင် ကျောင်းတော်မှ ဖဲခွာသွားလေ၏။ အဇာတသတ်မင်း ဖဲခွာသွား၍ မကြာမြင့်မီပင် ဘုရားရှင်က ရဟန်းများအား "ရဟန်းတို့၊ ဤအဇာတသတ်မင်းသည် မိမိ၏ တည်ရာကို မိမိပင် တူးဖြိုဖျက်ဆီးခဲ့၏။ သူသည် ဘခင်မင်းကြီးကို မသတ်ခဲ့ပါမူ ဤသာမညဖလသုတ်ကိုနာပြီးလျှင် ဤနေရာ၌ပင် သေးတာပန်ဖြစ်လေရာ၏။ ယခုမူ ဒေဝဒတ်တည်းဟူသော မိတ်ဆွေယုတ်နှင့် ပေါင်းသင်းမိသည့်အတွက် သောတာပတ္တိမဂ်ဉာဏ်၏အန္တရာယ်ဖြစ်ခဲ့ရလေပြီ။ အဇာတသတ်သည် 'အဖကိုသတ်ခြင်း'အနန္တရိယကံကြောင့် အဝီစိငရဲ၌ဖြစ်ရန်ရှိသော်လည်း ငါဘုရားကိုဆည်းကပ်ခြင်း, ရတနာသုံးပါးကို ဆည်းကပ်ခြင်းဖြင့် ငါဘုရားသာသနာတည်းဟူသော အမှီကောင်းကိုရရှိသည့်အတွက် သေလျှင် လောဟကုမ္ဘိငရဲ၌သာ ဖြစ်လေတော့အံ့။ ထိုငရဲမှလွတ်မြောက်ပြီးနောက် အနာဂတ်ကာလတွင် အဇာတသတ်သည် ပစ္စေကဗုဒ္ဓါ ဖြစ်ပေလတံ့" ဟု မိန့်တော်မူလေ၏။

၂၅၆။ အနာထပိဏ်သူဌေးကြီး ကွယ်လွန်ခြင်း

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌သီတင်းသုံးတော်မူသောအခါ အနာထပိဏ်သူဌေးသည် သေနိုင်သောရောဂါစွဲကပ်ကာ ညောင်စောင်းပေါ်၌ လျောင်းနေလေ၏။ ထိုအခါ သူဌေးကြီးသည် အစေအပါးတယောက်ကို စေလွှတ်၍ ဘုရားရှင်အား မိမိပြင်းစွာဖျားနာနေကြောင်း, ခြေတော်ဦးကို ရှိခိုးလိုက်ပါကြောင်း လျှောက်ထားစေပြီးနောက် အရှင်သာရိပုတ္တရာထံသို့လည်း အလားတူ လျှောက်ထားစေသည့်အပြင် မိမိဘိုးမသိုကြွရောက်ပါရန် လျှောက်ထားစေလေ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် အရှင်အာနန္ဒာကို နောက်ပါရဟန်းအဖြစ်ဖြင့် ခေါ်ဆောင်၍ သူဌေးကြီးဘိုးသိုကြွလေ၏။ ဘိုးရောက်သော် အရှင်သာရိပုတ္တရာက "သူဌေးကြီး၊ ဘယ်လိုနေသနည်း။ အနာရောဂါပြင်းထန်စွာခံစားရ၏လော။ယင်း ဆင်းရဲမှုကို ခံနိုင်၏လော" ဟု မေးလေ၏။ ထိုအခါသူဌေးကြီးက "အရှင်ဘုရား၊ အနာဝေဒနာမှာ တိုက်ပြင်းထန်၍သာနေပါ၏။ ဤဆင်းရဲမှုဝေဒနာကို ခံနိုင်စွမ်းပမ်းပါပါ၏ဘုရား." ဟု လျှောက်ထားလေ၏။ တိုအခါ မထေရ်သည် "ဤရောဂါကားသေမှုအား. သတ်မည့် ရောဂါပေတည်း။ တခြားစကားတွေပြောနေ၍အားမရှိ၊တရား

စကားကိုသာ ဟောကြားပေအံ့"ဟု ကြံ၍ ဤသို့ တရားဓမ္မ ဟော ကြား လေ၏–

"သူဌေးကြီး၊ (၁) စက္ခု,သောတ,ဃာန,ဇိဝှာ,ကာယ, မနောဟူသော ဒွါရခြောက်ပါးအသီးသီးကို ငါသည် တဏှာစဲ့, မာနစဲ့, ဒိဋ္ဌစဲ့ဟူသော အစဲ့သုံးပါးတို့ဖြင့် မစဲ့ယှဉ်မိအောင် ငါ၏စိတ်သည်လည်း ထိုဒွါရခြောက်ပါး အသီးသီး၌ တဏှာဖြင့် မှီတွယ်သည် မဖြစ်အောင် သိက္ခာသုံးပါးကို ကျင့်ကြံအားထုတ်ရမည်။

(၂) သူဌေးကြီး၊ ရူပ, သဒ္ဒ, ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ ဟူသော အာရုံခြောက်ပါးအသီးသီးကို ငါသည် အစဲ့သုံးပါးတို့ဖြင့် မစဲ့ယှဉ်မိအောင်၊ ငါ၏စိတ်သည်လည်း ထိုအာရုံခြောက်ပါး အသီးသီး၌ တဏှာဖြင့် မှီတွယ်သည်မဖြစ်အောင် သိက္ခာသုံးပါးကို ကျင့်ကြံ အားထုတ်ရမည်။

(၃) သူဌေးကြီး၊ စက္ခု,သောတ,ဃာန,ဇိဝှာ,ကာယ,မနော- ဟူသော ဝိညာဏ်ခြောက်ပါးအသီးသီးကို....

(၄) သူဌေးကြီး၊ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနော-တို့၌ ဖြစ်သော ထိတ္ထမ္မ=သပ္ပဿခြောက်ပါးအသီးသီးကို....

(၅) သူဌေးကြီး၊ ထို ထိတ္ထမ္မ= သပ္ပဿခြောက်ပါးအသီးသီးကြောင့် ဖြစ်ပေါ်လာသော ခံစားမှု=ဝေဒနာခြောက်ပါး အသီးသီးကို....

(၆) သူဌေးကြီး၊ ပထဝီ, အာပေါ, ဝါယော, တေဇော, အာကာသ, ဝိညာဏ-ဟူသော ဓာတ်ခြောက်ပါးအသီးသီးကို--

(၇) သူဌေးကြီး၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ- ဟူသော ခန္ဓာငါးပါးအသီးသီးကို--

(၈) သူဌေးကြီး၊ အရူပစျာန်လေးပါးအသီးသီးကို--

(၉) သူဌေးကြီး၊ ဤမျက်မှောက်လောကကိုဌင်း၊ တမလွန်ဘဝကိုဌင်း၊ ထို့အပြင် အလုံးစုံသောအာရုံတို့ကိုဌင်း ငါသည် အစဲ့သုံးပါးတို့ဖြင့် မစဲ့ယှဉ်မိအောင်၊ ငါ၏စိတ်သည်လည်း ယင်းတို့၌ တဏှာဖြင့် မှီတွယ်သည်မဖြစ်အောင် သိက္ခာသုံးပါးကို ကျင့်ကြံ အားထုတ်ရ မည်။ (ဤကား အနာထပိဏ္ဍိကောဝါဒသုတ္တန်၏အချုပ်)

ဤသို့ အရှင်သာရိပုတ္တရာသည် တရားဟောကြားပြီးသော် အနာထပိဏ်သူဌေးသည် သည်းစွာငိုကြွေးလေ၏။ အရှင်အာနန္ဒာက ငိုကြွေးခြင်း၏အကြောင်းကိုမေးသော် သူဌေးကြီးက "အရှင်ဘုရား၊ တပည့်တော်သည် ဘုရားရှင်နှင့် ဘုရား၏တပည့်သား ရဟန်းတော်များထံ အမြဲ ဆည်းကပ်ပါ

သော်လည်း ဤသို့ မွန်မြတ်လှသော တရားစကားကို မကြားနာခဲ့ရသဖြင့် ဝမ်းနည်းရှိုင်းကြေးရပါသည်ဘုရား"ဟု လျှောက်ထားလေ၏။ "သူဋ္ဌေးကြီး၊ လူဝတ်ကြောင်သည် ဤသို့သဘောရှိသောတရားစကားကို မနှစ်သက်နိုင်ချေ" ဟု မိန့်ကြားသော် သူဋ္ဌေးကြီးက "အရှင်ဘုရား၊ ဉာဏ်ပညာမျက်စိဝယ်ကိုလေသာမြူမှုန်နည်းပါးသော လူဝတ်ကြောင်တို့ မျှားစွာရှိကြပါ၏။ ထို သူတို့အဘို့ ထိုတရားမျိုးကို မနာရခြင်းကြောင့် လောကုတ္တရာ တရားမှ ဆုံးရှုံးနစ်နာကြရပါကုန်၏။ အရှင်ဘုရားတို့ဟောကြားလျှင် တရားတော်ကို အရတ္တဖိုလ်ရောက် အသိဉာဏ်ပေါက်ကြမည့်သူများလည်း ထင်ရှားဖြစ်ပေါ်လာကြပါလိမ့်မည်ဘုရား"ဟု လျှောက်ထားလေ၏။

ထိုအခါ မထေရ်နှစ်ပါးသည် သူဋ္ဌေးကြီးကို ဤအဆုံးအမဖြင့် ဆုံးမကြပြီး နေရာမှထ၍ ဖဲသွားကြလေ၏။ မထေရ်နှစ်ပါး ဖဲကွသွား၍မကြာမီပင် သူဋ္ဌေးကြီး ကွယ်လွန်၍ တုသိတာနတ်ပြည်၌ နတ်သားဖြစ်လေ၏။

ထိုအခါ အနာထပိဏ်နတ်သားသည် သန်းခေါင်ယံအချိန်၌ ဘုရားရှင် ထံသို့ လာရောက် ရှိခိုးကာ ထိုင်နေလျက် "မြတ်စွာဘုရား၊ ဤဇေတဝန် ကျောင်းတိုက်ကြီးသည် သံဃာအပေါင်း နေ့ညမကွာ မှီဝဲနေထိုင်ရာလည်း ဖြစ်ပါပေ၏။ တရားမင်းဘုရားသည် အမြဲ နေထိုင်ဒတာ်မူရာလည်း ဖြစ်ပါပေ၏။ ထို့ကြောင့် တပည့်တော်၏ နှစ်သက်ခြင်းပီတိတရားကို အမြဲဖြစ်ပွား စေပါ၏။ မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့် သတ္တဝါတို့သည် ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်ကုန်၏။ အမျိုးအနွယ်, ဥစ္စာတို့ဖြင့် ကိလေသာ အညစ်အကြေးတို့မှ မကင်းဝေး မစင်ကြယ်နိုင်ကြကုန်။ ထို့ကြောင့်ပင် မိမိ၏ အကျိုးကို ဆင်ခြင်သိမြင်သော ပညာရှိသည် မင်္ဂလာကို ပွားကြောင်း ဥပါယ်ကောင်းဖြင့် ခန္ဓာငါးပါး တရားစုကို လက္ခဏာယာဉ် သုံးပါးဖြင့် ဝိပဿနာရှုရာ၏။ ဤသို့ရှုသော် ကိလေသာတို့မှ စင်ကြယ်နိုင်၏။ အရှင်သာရိပုတ္တရာသည် သီလဂုဏ်၊ ပညာဂုဏ်၊ ကိလေသာငြိမ်းခြင်းဂုဏ်တို့ အားဖြင့် သံဃာအပေါင်းတွင် အမြတ်ဆုံး ဖြစ်ပါပေ၏" ဟူ၍ လေးဂါထာ ဖြင့် လျှောက်ထားလေ၏။ အနာထပိဏ်နတ်သားသည် ဤသို့ လျှောက်ကြားပြီးနောက် ဘုရားရှင်ကို ရှိခိုးပြီး ထိုနေရာ၌ပင် ကွယ်ပျောက်လေ၏။

၂၅၃။ ကောသလမင်းကြီး ကိုးကွယ်ရာမဲ့ သေရခြင်း

ကောသလမင်းကြီးမှာ 'ပန္ခုလ' မည်သော မလ္လ မင်းသားဖြစ်သူ စစ်သူကြီး တဦးရှိ၏။ ပန္ခုလ၏မယား 'မလ္လိကာ'ကား ကုသိနာရုံပြည် မလ္လမင်းတို့၏

သမီးတည်း။ မလ္လိကာသည် သားချည့် အမြွာပူး ဆယ့်ခြောက်ခါမွေးဖွား၍ သား သုံးဆယ့်နှစ်ဦးကို မွေးဖွားလေ၏။ ထိုသားတို့သည် အလွန်ရဲရင့်ကြပြီး တဦးလျှင် လူစွမ်းကောင်းယောကျ်ား တထောင်စီရှိလေ၏။ ဗန္ဓုလစစ်သူကြီး သည် တရားရုံးသို့ ဝင်ပြီး မဘရားဆုံးဖြတ်အပ်သော အမှုကို ဝင်ရောက်၍ အမှန် ဆုံးဖြတ်ပေးခဲ့ရာ ထိုတံစိုးစား တရားသူကြီး အမတ်တို့က ကောသလ မင်းကြီးအား "မင်းကြီး၊ ဗန္ဓုလသည့် မင်းအဖြစ်ကို လိုချင် တောင့်တနေ ပါ၏" ဟု အကြိမ်ကြိမ် ဂုံးတိုက်ကြသဖြင့် နောက်ဆုံးတွင် မင်းကြီးက ယုံသွားလေ၏။ မင်းကြီးသည် မိမိ၏ လူယုံတော် မင်းချင်းတို့ကို နယ်စွန်၌ သူပုန်ထစေ၍ သူပုန်ကိုနှိမ်ရန် သား သုံးဆယ့်နှစ်ဦးနှင့်တကွ ဗန္ဓုလကို လွှတ် လိုက်ပြီးမှ ပြန်အလာတွင် အခြား မင်းချင်း ယောကျ်ားတို့အား လျှိုဝှက် လွှတ်ထား၍ လမ်းမှဖြတ်ပြီး ဗန္ဓုလနှင့် သား သုံးဆယ့်နှစ်ဦးလုံးကို ခေါင်း ဖြတ် သတ်ပစ်စေလေ၏။ ဗန္ဓုလ၏ မယား 'မလ္လိကာ' လည်း ကောသလ မင်းကြီးကို တောင်းပန်ပြီး ချေးမ သုံးဆယ့်နှစ်ဦးလုံးကို ခေါ်၍ ကုသိနာရုံ ပြည်ရှိ မိမိ၏ မိဘအိမ်သို့ ပြန်သွားကာ နေထိုင်လေ၏။

ကောသလမင်းကြီးလည်း 'ဗန္ဓုလမှာ ထိုသို့သော အကြံမရှိ၊ လုံးဝ အပြစ် မရှိကြောင်း' နောက်မှ ကြားသိရလျှင် အလွန်ပင် ထိတ်လန့် သံဝေဂ ရပြီး စိတ်မချမ်းမသာ ဖြစ်နေလေ၏။ မင်းကြီးသည် ဗန္ဓုလ စစ်သူကြီး၏ တူဖြစ်သူ 'ဒီဃကာရာယန'အား စစ်သူကြီးရာထူးကို ဆက်လက်၍ ပေးလေ၏။ ဒီဃ ကာရာယနလည်း "ဤမင်းကြီးသည် ငါ၏ဦးရီးတော်ကို အပြစ်မဲ့သတ်ခဲ့၏" ဟု မင်းကြီးအား လက်စားချေခွင့်ကိုသာ စောင့်နေ၏။ တနေ့သ၌ ကောသလ မင်းကြီးသည် စိတ်ချမ်းသာမှု မရရှိသဖြင့် သာကီဝင်မင်းတို့၏ ပိုင်နက် ဖြစ် သော 'မေဒါဋ္ဌုပ' နိဂုံး၌ သီတင်းသုံး နေတော် မူသော ဘုရားရှင်ထံသို့ ချဉ်းကပ်ရန်သွားရာ ကျောင်းတိုက်နှင့် မနီးမဝေး အရပ်တွင် ယာယီစံနန်း ပြု၍ နေထိုင်ပြီးလျှင် အခြံအရံအနည်းငယ်ဖြင့် ဘုရားရှင်ထံသို့ ရောက်သော် မင်းမြောက်တန်ဆာငါးပါးကို 'ဒီဃကာရာယန' စစ်သူကြီးအား ပေးအပ် ခဲ့ပြီး ဂန္ဓကုဋီကျောင်းထဲသို့ တဦးတည်း ဝင်သွားလေ၏။ ထိုအခါ ဒီဃ ကာရာယနသည် မင်းမြောက်တန်ဆာငါးပါးကိုယူလာပြီး ဝိဋဋူဘမင်းသား ကို အနိုင်အထက် ပြောဆိုကာ ထိုနေရာ၌ပင် မင်းမြောက်၍ ကောသလ အတွက် မြင်းတစီး၊ သံလျက်တခု၊ အလုပ်အကျွေး မိန်းမတယောက်ကိုသာ ထားခဲ့ပြီး "မင်းကြီးသည် အသက်ရှင်လိုလျှင် မလိုက်ခဲ့နှင့်" ဟု မှာခဲ့၍ ဝိဋဋူဘမင်းသားအား ထီးဖြူကို ဆောင်းမိုးကာ သာဝတ္ထိပြည်သို့ ပြန်သွား လေ၏။

ကောသလ မင်းကြီးလည်း ဘုရားရှင်ကို ရှိခိုးပြီး၍ ပြန်ထွက်လာသော် ထိုမောင်းမငယ်ကိုသာ တွေ့ရပြီး အကြောင်းစုံကို ကြားသိရလျှင် "တူဖြစ်သူ အဇာတသတ်မင်းကို စစ်ကူခေါ်ငင်ကာ သာဝတ္ထိပြည်သို့ သွား၍ ဝိဋ္ဌဋ္ဌဘာမင်းကို ဖမ်းယူသတ်ဖြတ်အံ့" ဟု ကြံပြီး ရာဇဂြိုဟ်ပြည်ဘက်သို့ ထိုမောင်းမငယ်နှင့်အတူ မြင်းစီးကာ ထွက်ခွာသွားလေ၏။ လမ်းတွင် အစာကြမ်း၊ ရေနောက်များကို စားသောက်ရသောကြောင့် မကျန်းမမာဖြစ်လျက် ရာဇဂြိုဟ်ပြည်သို့ အခါနှမဲ့ ရောက်သွားသဖြင့် မြို့ပြင် စရပ်တခုဌာ အိပ်လေ၏။ ညအခါတွင် ရောဂါပြင်းစွာဖြစ်၍ ထိုမောင်းမငယ်၏ ရင်ခွင်ထဲဌာအိပ်လျက် မိုးလင်းသော် နတ်ရွာစံလေ၏။ အဇာတသတ်မင်းလည်း ထိုအကြောင်းကို ကြားသိလျှင် ကောသလမင်းကြီး၏ အလောင်းကို ကြီးကျယ် ခမ်းနားစွာဖြင့် မီးသင်္ဂြိုဟ်ပြီးနောက် "ဝိဋ္ဌဋ္ဌဘကိုဖမ်းယူအံ့" ဟု စစ်သည်ဗိုလ်ပါတို့ကို စုရုံးစေ၏။ အမတ်များက "ညီတော်ဝိဋ္ဌဋ္ဌဘအားမင်းအဖြစ်ဌာသာထားသင့်လှကြောင်း" အကျိုးအကြောင်း လျှောက်ထားကာ တားကြသဖြင့် အဇာတသတ်မင် သည် အမတ်တို့၏ စကားကို လိုက်နာလေ၏။

၂၅၈။ ဝိဋ္ဌဋ္ဌဘမင်း သတ်၍ သာကီ ဝင်မင်းမျိုးပြုတ်ခြင်း

ဝိဋ္ဌဋ္ဌဘမင်းသည် မင်းအဖြစ်ကို ရပြီးနောက် ဧရှေးက သာကီဝင်မင်းများ အပေါ် ဖွဲ့ခဲ့သော ရန်ငြိုးကို အမှတ်ရ၍ "သာကီဝင် မင်းအားလုံးကို ငါ ထုတ်တော့အံ့" ဟု ကြံပြီး စစ်သည်ဗိုလ်ပါ များစွာဖြင့် သာဝတ္ထိပြည်မှ သက်လေ၏။ ထိုနေ့းမိုသောက်ယံ၌ ဘုရားရှင်သည် သတ္တလောကကို ကြည့်ရှုသော် ဆွေတော် မျိုးတော်အပေါင်း ပျက်စီးအံ့သော ဘေးကို မြင်တော်မူ၍ ညနေချမ်းအခါတွင် ကောင်းကင်ခရီးဖြင့် ကပိလဝတ်ပြည်နယ်သို့ ကြွကာ ကပိလဝတ်ပြည်ဇနီးရှိ ကျွဲသော သစ်ပင်ရင်းတခု၌ ထိုင်နေတော်မူ၏။ ထိုသစ်ပင်နှင့် မနီးမဝေးအရပ်ဝယ် ဝိဋ္ဌဋ္ဌဘမင်း၏နယ်စပ်၌ အရိပ်ထူထဲသော ညောင်ပင်တပင်ရှိ၏။ ဝိဋ္ဌဋ္ဌဘမင်းသည် ဘုရားရှင်ကို ဖူးမြင်ရလျှင် ချဉ်းကပ်ခစား ရှိခိုးလျက် "မြတ်စွာဘုရား၊ အဘယ့်ကြောင့် ဤသို့ပူပြင်းသောအခါ၌ ဤအရိပ်ကျွဲသော သစ်ပင်ရင်းတွင် နေတော်မူပါသနည်း။ တပည့်တော်၏ နယ်စပ်ရှိ ထိုအရိပ်ထူထဲသော ညောင်ပင်ရင်း၌ ထိုင်နေတော်မူပါဘုရား" ဟု လျှောက်လေ၏။ ဘုရားရှင်က "ရှိပါစေ မင်းကြီး၊ ဆွေမျိုးတို့၏ အရိပ်သည် အေးမြလှဘိ၏" ဟု မိန့်တော်မူသော် ဝိဋ္ဌဋ္ဌဘ မင်းသည် "ဆွေမျိုးတို့ကို စောင့်ရှောက်ရန် ဘုရားရှင် ကြွလာတော်မူသည် ဖြစ်မည်" ဟု ကြံအောက်မေ့ကာ ဘုရားရှင်ကို ရှိခိုးပြီး တပ်ခေါက်၍ သာဝတ္ထိပြည်သို့ ပြန်လေ၏။

နောက် ဝိဋ္ဌူဘ မင်းလည်း ထိုရန်ငြိုးကို သတိပြန်ရ၍ စစ်တပ်ဖြင့် ကပိလဝတ်ပြည်သို့ ချီလေသော် ရှေးနည်းတူပင် ဘုရားရှင်ကို ဖူးမြင်ရ၍ တပ်ခေါက် ပြန်ခဲ့ရပြန်၏။ နောက် တတိယ အကြိမ်၌လည်း ထို့အတူပင် ဘုရားရှင်ကို ဖူးမြင်ရ၍ ပြန်လှည့်ခဲ့ရပြန်၏။ ဝိဋ္ဌူဘမင်း စတုတ္တအကြိမ်ထွက် သော်ကား ဘုရားရှင်သည် သာကီဝင်မင်းတို့၏ ရှေးကံဟောင်းကို ကြည့်ရှုတော်မူသောအခါ တားမရနိုင်သည့် ရှေးမကောင်းမှုကံကိုမြင်၍ ထိုအရပ်သို့ ကြွတော်မမူတော့ချေ။ "ဝိဋ္ဌူဘမင်းသည် ကပိလဝတ်ပြည်သို့ စစ်သည် ဗိုလ်ထုနှင့်တကွ လာသည်" ကို ကြားလျှင် သာကီဝင်မင်းတို့သည် အတိုက်အခိုက် အလွန်ကျွမ်းကျင်သော သူတပါးအသက်ကို သတ်ဖြတ်သူများ မဟုတ်ကြသဖြင့် ဝိဋ္ဌူဘမင်း၏ စစ်သည်တို့ကို ပြန်လည်တိုက်ခိုက် သတ်ဖြတ်ရန် အားမထုတ်ကုန်။ ဝိဋ္ဌူဘမင်းလည်း "ငါ၏ဘိုးတော် မဟာနာမ မင်းကြီးထံ၌ တည်နေကြသည့် သာကီဝင်မင်းတို့မှတပါး 'သာကီဝင်အစစ်' ဟုတ်မဟုတ်မေးပြီး သာကီဝင်စစ်သူ အားလုံးကို သတ်ဖြတ်ကြလော့" ဟု အမိန့်ပေးလေ၏။

သာကီဝင်မင်းတို့သည် ခိုကိုးရာကို မမြင်သဖြင့် မုသားစကားကိုလည်း ရှောင်ကြဉ်သူများ ဖြစ်လေရကား တချို့က 'မြက်ပင် (တိဏ) ကို ကိုက်၍ တချို့က 'ကျူပင်' (နဋ္ဌ)ကို ကိုင်၍ ရပ်နေကြလျက် "ငါတို့ကား တိဏ သာကီဝင် မည်၏။ ငါတို့ကား နဋ္ဌသာကီဝင် မည်၏" ဟူ၍ ဆိုကြလေ၏။ ဝိဋ္ဌူဘသည် ထိုနှစ်မျိုးသော သာကီဝင်များနှင့် မဟာနာမ မင်းကြီးထံ၌ တည်ရှိကြသည့် သာကီဝင်တို့မှတပါး ကျန်သာကီဝင်မင်း အားလုံးကို နို့စို့သူငယ်များပါ မချန်စေဘဲ သတ်စေသဖြင့် သွေးချောင်းစီးလေ၏။ ဝိဋ္ဌူဘသည် ထိုသာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် ရှေးက သူထိုင်ခဲ့သည့် နေရာကို ဆေးကြောစေပြီး စစ်သည်ဗိုလ်ပါအပေါင်းနှင့်တကွ သာဝတ္ထိပြည်သို့ ပြန်လေ၏။ ခရီးအကြား၌ အစိရဝတီ မြစ်သို့ ရောက်သော် ညအခါ ဖြစ်၍ မြစ်ထဲ၌ သဲပြင်ပေါ်၌ စခန်းချ အိပ်ကြလေ၏။ ထိုအခါ သူတို့၏ ရှေးမကောင်းမှုကံကြောင့် ထိုခဏ၌ပင် မြစ်ညာတွင် မိုးကြီးရွာ၍ ပြင်းထန်သော မြစ်ရေအယဉ် စီးဆင်းလာပြီး ဝိဋ္ဌူဘမင်းနှင့်တကွ စစ်သည် အားလုံးကို သမုဒ္ဒရာအထိ ယူဆောင်သွားလေ၏။ ထိုသူအားလုံး ပျက်စီးပြီး ငါး လိပ်တို့၏ အစာ ဖြစ်ကုန်သဘည်း။

ထိုအခါ ရဟန်းတို့သည် ဝိဋ္ဌူဘ မင်းသတ်ဖြတ်၍ သာကီဝင်မင်း အားလုံးသေကြပုံ၊ ဝိဋ္ဌူဘလည်း အပြန်တွင် စစ်သည် ဗိုလ်ပါတို့နှင့်တကွ မြစ်ရေအယဉ်ဖြင့် မျော၍ သမုဒ္ဒရာထဲသို့ရောက်ကာ ပျက်စီးကြပုံတို့ကို စုဝေး

ပြောဆိုကြ၏။ ဘုရားရှင်သည် ကြွလာတော်မူ၍ "ရဟန်းတို့ သာကီဝင်မင်းတို့သည် ရှေးအတိတ်ကာလက တစုတည်းနေကြလျက် မြစ်တခုထဲ၌ အဆိတ်ခတ်၍ ငါးများကို သတ်ဖြတ်ခဲ့ကြခြင်းကြောင့် ဤသို့ ပျက်စီးကြရခြင်းဖြစ်လေ၏" ဟု မိန့်တော်မူပြီးနောက် "ရဟန်းတို့ ကြီးစွာသော ရေအယဉ်သည် အိပ်ပျော်နေသော ရွာသား အပေါင်းကို တိုက်ယူသွားသကဲ့သို့ သေမင်းသည် ကာမဂုဏ် အာရုံတို့၌ တွယ်တာ ကပ်ငြိကြသည့် ဤသတ္တဝါတို့ကို သူတို့၏ စိတ်နှလုံးအလို မပြည့်မီပင် အပါယ်လေးပါးတည်းဟူသော သမုဒ္ဒရာထဲသို့ ယူဆောင်နှစ်မြှုပ်လေ၏" ဟူ၍ ကစားပြေဂါထာ နှစ်မျိုးလုံးဖြင့် ဟောကြားတော်မူလေ၏။

၂၅၉။ ဘုရားတရားကြောင့် သိကြားမင်း သိကြားပြန်ဖြစ်ခြင်း

အခါတပါး၌ ဘုရားရှင်သည်ရာဇဂြိုဟ်ပြည်၏ အရှေ့မျက်နှာရှိ "အမ္ဗသဏ္ဍ" မည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် 'ဝေဒိယက' တောင်ယံဝယ် 'ဣန္ဒသာလ'မည်သော လိုဏ်ဂူ၌ သီတင်းသုံးနေတော်မူ၏။ ထိုအချိန်တွင် သိကြားမင်းသည် (ပန်းများညှိုးခြင်း၊ အဝတ်များ ညစ်နွမ်းခြင်း၊ ချိုင်းကြားတို့မှ ချွေးထွက်ခြင်း၊ ရုပ်အဆင်းဖောက်ပြန်ခြင်း၊ မိမိနေရာ၌ မမွေ့ပျော်ခြင်းဟူသော) သေအံ့သော ပုဗ္ဗနိမိတ် ငါးပါးကိုမြင်၍ "ယခုအခါ ငါ၏ အသက်တမ်းကား ကုန်လေပြီ"ဟု သိမြင်လေ၏။ ရှေးကုသိုလ်ကံ အားနည်းသော နတ်တို့သည်ကား "ယခု ငါတို့သည် အဘယ်ဘုံ၌ ဖြစ်ကြမှာပါလိမ့်" ဟု ကြောက်ရွံ့ထိတ်လန့်ကြပြီး ရှေးကုသိုလ်ကံ ကြီးမြတ်ကုန်သော နတ်တို့သည်ကား "ယခု ငါတို့သည် အထက်နတ်ပြည်၌ စည်းစိမ်ကို ခံစားကြကုန်အံ့"ဟု သိမြင်၍ မကြောက်ရွံ့ကြကုန်။ သိကြားမင်းသည် မိမိသေအံ့သော ပုဗ္ဗနိမိတ် ငါးပါးကို တွေ့မြင်ရသောအခါ မိမိ၏ သိကြားမင်း စည်းစိမ်ကြီးအလုံးစုံကို ကြည့်ရှုကာ "အို-ငါ၏ ဤသိကြား စည်းစိမ်ကြီး ပျက်စီးတော့မည်တကား" ဟု စိုးရိမ်ပူဆွေး, သေအံ့သောဘေးမှ ကြောက်သွေး မှန်လျက် ရှိလေ၏။ နောက်သူသည် "ဤ ငါ၏စိုးရိမ်သောကကို ဘုရားရှင်သာ ပြေပျောက်စေနိုင်တော့မည်"ဟု စဉ်းစားမိပြီး ဘုရားရှင်ထံ သွားရောက်ဖူးမြင်ရန် စိတ်ဆန္ဒပြင်းပြလေတော့၏။

ထိုအခါ သိကြားမင်းသည် ဣန္ဒသာလ လိုဏ်ဂူ၌ ဘုရားရှင် သီတင်းသုံးနေသည်ကို ဆင်ခြင်သိမြင်လျှင် "ငါသည် ဘုရားရှင်းထံသို့ မာတလိစသည့် အခြံအရံ အနည်းငယ်ဖြင့် မသွားသင့်။ မှန်၏- ငါသည် လွှန်ခဲ့သော နှစ်ရက်

သုံးရက်က ဇေတဝန်ကျောင်းတိုက်ရှိ ထင်းရူး ဂန္ဓကုဋ္ဌိတိုက်၌ နေတော်မူသော ဘုရားရှင်ထံသို့ အခြံအရံအနည်းငယ်ဖြင့် သွားခဲ့ရာ ဘုရားရှင်သည် အတွေ့မခံလို၍ ဖလသမာပတ် ဝင်စားကာ နေတော်မူခဲ့သည်မှာ မဂ်ဖိုလ်ရနိုင်မည့် ပုဂ္ဂိုလ်မပါ၍သာ ဖြစ်ပေသည်။မဂ်ဖိုလ်ရနိုင်မည့် သူပါလျှင်ကား ဘုရားရှင်သည် စကြဝဋ္ဌာအဆုံးရှိသော ပရိသတ်အားပင် တရားဟောတော်မူမြဲ ဖြစ်ချေ၏။ ငါသည် နတ်ပြည် နှစ်ထပ်မှ နတ်များကိုခေါ်၍သာလျှင် မဂ်ဖိုလ်ရမည့် နတ်တဦးဦး ကေန်ပါမည်ဖြစ်ရကား ဘုရားရှင်သည် ကေန်ပင် တရားဟောပေမည်။ ငါသည် ထိုတရားကို နာရလျှင် ငါ၏ပူ ဆွေးသောက အေငြိမ်းစေရာ၏။ထို့ပြင်လည်း ဘုရားရှင်၏ အလုပ်အကျွေးဖြစ်၍ ဘုရားရှင်နှင့်အလွန်ရင်းနှီးပြီး ဘုရားရှင်ထံ အလိုရှိတိုင်းသွားရောက်၍ ပြဿနာ မေးလျှောက်ကာ တရားနာနေကျဖြစ်သော ပဉ္ဇသိခ နတ်သားကို ဘုရားရှင်ထံ အလျင်စေလွှတ်၍ဖူးမြှော်ခွင့်ရအောင်ဆောင်ရွက်စေပြီးမှ ငါသည်ဘုရားရှင်ထံ ချဉ်းကပ်၍ ပြဿနာကို မေးလျှောက်ပေအံ့''ဟု ကြံစည် စဉ်းစားလေ၏။

ထိုကြောင့် သိကြားမင်းသည် ပဉ္ဇသိခနတ်သားအား "အမောင် ပဉ္ဇသိခ ယခု ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဒိယကတောင်ယံ နဘဲပင်ပေါက်ရာ 'ဣန္ဒသာလ' လိုဏ်ဂူ၌ သီတင်းသုံးနေ၏။ ငါတို့သည် ဘုရားရှင်ကို ဖူးမြှော်ရန်ချဉ်းကပ်ကြရမူ ကောင်းလေစွ''ဟု ပြောဆိုလေ၏။ ထိုအခါ ပဉ္ဇသိခ နတ်သားသည် 'ဝေလုပဏ္ဍု'မည်သော နတ်စောင်းကိုပိုက်ကာ တီးခတ်သီဆိုလျက် နတ်အပေါင်းအား သိကြားမင်းထံ၌ စုဝေးရောက်လာစေ၏။ပဉ္ဇသိခ နတ်သား၏ စောင်းသံ,သီချင်းသံဖြင့် နတ်အများ စုဝေးပြီးသော အခါ သိကြားမင်းသည် တာဝတိံသာ နတ်အပေါင်းတို့ ခြံရံလျက် ပဉ္ဇသိခ,ဂန္ဓဗ္ဗ နတ်သားကိုရှေ့ဆောင်ပြု၍ တမုဟုတ်ချင်းဖြင့်'ဝေဒိယက' တောင်သို့ ရောက်လေ၏။ ရောက်သော် သိကြားမင်းက "အမောင်- ပဉ္ဇသိခ ဘုရားရှင်တို့သည် စျာန်ဝင်စားလေ့ရှိကုန်၏။ထိုအချိန်၌ တပါးတည်း ကိန်းအောင်းတော်မူကုန်၏။ငါကဲ့သို့သော လောဘ,ဒေါသ,မော့ဟ မကင်းသူသည် ချဉ်းကပ်ရန်မလွယ်လှ။ သင်သည် ဘုရားရှင်ကို ရှေးဦးစွာ ခွင့်ပန်ပါလော့။ နောက်မှ ငါ ချဉ်းကပ်သင့်ပေ၏''ဟုဆို၏။ပဉ္ဇသိခ နတ်သားသည် ဣန္ဒသာလ လိုဏ်ဂူသို့ချဉ်းကပ်ပြီးလျှင် ဘုရားရှင် စောင်းသံကြားလောက်သောအရပ်၌ ရပ်လျက် နတ်စောင်းကိုတီး၍ ဘုရား,တရား,သံဃာ,ရဟန္တာ,ကာမဂုဏ်နှင့်စပ်သော သီချင်း ဂါထာဆယ့်လေးပုဒ်ကို သီဆိုလေ၏။

ထိုသို့သီဆိုပြီးသော် ဘုရားရှင်က "ပဉ္ဇသိခ သင်၏စောင်းသံသည် သီချင်းနှင့်ကိုက်လှပေ၏''ဟု (ပဉ္ဇသိခအား ဖူးမြှော်ခွင့်ပေးကြောင်း သိစေတော်မူ

လို့၍) ချီးမွမ်းပြောဆိုတော်မူ၏။ ထိုနောက် ဆက်လက်၍ "ပဥ္စသိခ သင်သည် ဤသီချင်းများကို အဘယ်အခါက စီကုံးနှံးဖွဲ့၍ ထားသနည်း" ဟု ဘုရားရှင်က မေးတော်မူသော် ပဥ္စသိခ နတ်သားက "ဘုရားရှင်သည် ဘုရားဖြစ်စ (အဌမ သတ္တဟ ဖြစ်သော) အဇပါလ ညောင်ပင်ရင်း၌ စံနေတော်မူစဉ်တွင် 'တိမ္ဗရု' နတ်မင်းကြီး၏ သမီး ဘဒ္ဒါမည်သော 'သူရိယဝစ္ဆသာ'ကို မြင်၍ မေတ္တာသက်ဝင်ခဲ့စဉ်က ထိုသီချင်းများကို ရေးစပ်ခဲ့ကြောင်း၊ ထိုနတ်သမီးသည် မာတလိ၏သား 'သိခဏ္ဍီ' မည်သော နတ်သားကို ချစ်ကြိုက်နေကြောင်း၊ ထိုနတ်သမီးကို ထိုအခါမှ ယခုတိုင်အောင် မတွေ့ဆုံရကြောင်း" နောက်ကြောင်းများကို လျှောက်ထားလေ၏။ ထိုအခါ သိကြားမင်းသည် "ပဥ္စသိခ နတ်သားသည် ဘုရားရှင်နှင့် ဝမ်းမြောက် ဝမ်းသာ စကားပြောဆိုနေပေ၏" ဟု ကြံပြီး၍ "အံ့မောင်ပဥ္စသိခ သင်သည် ငါ၏ကိုယ်စား 'မြတ်စွာဘုရား၊ သိကြားမင်းသည် မှူးမတ်စစ်သည် နတ်ပရိသတ်များနှင့်တကွ ဘုရားရှင်အား ရှိခိုးပါ၏' ဟု လျှောက်ထားပေးပါလော" ဟု ဆိုလေ၏။

ပဥ္စသိခ နတ်သားလည်း သိကြားမင်းဆိုတိုင်း ဘုရားရှင်အား လျှောက်ထားပေးလေ၏။ထိုအခါက ဘုရားရှင်က "ပဥ္စသိခ၊သိကြားမင်းသည် မှူးမတ်နတ်အပေါင်းနှင့်တကွ ချမ်းသာစေသတည်း" ဟု မိန့်တော်မူ၍သိကြားမင်းသည် နောက်ပါ နတ်အပေါင်းနှင့်တကွ ဣန္ဒသာလ လိုဏ်ဂူထဲသို့ ဝင်ပြီး ဘုရားအား ရှိခိုးလျက် သင့်တင့်သော နေရာ၌ ထိုင်နေလေ၏။ ဘုရားရှင်က သိကြားမင်းအား "ပြုဘွယ်ကိစ္စတွေ အလွန်များပါလျက် ဤအရပ်သို့ သင် သိကြားမင်း လာနိုင်ခြင်းသည် အံ့ဘွယ်ရှိပေ၏" ဟု မိန့်တော်မူလေလျှင် သိကြားမင်းက "မြတ်စွာဘုရား၊ တပည့်တော်သည် ရှင်တော်ဘုရားအား ဖူးမြော်ရန် ချဉ်းကပ်လိုသည်မှာ ကာလကြာမြင့်ပါပြီ။ တာဝတိံသာနတ်သားတို့၏ ပြုဘွယ်ကိစ္စများ၌ ကြောင့်ကြ စိုက်နေရပါသဖြင့် ရှင်တော်ဘုရားထံ မဆည်းကပ်နိုင်ဘဲ ရှိခဲ့ရပါ၏" ဟု လျှောက်ထားလေ၏။ ထိုနောက် ဆက်လက်၍ "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် တခါက ဇေတဝန်ကျောင်း ထင်းရူးဂန္ဓကုဋီတိုက်၌ သီတင်းသုံးတော်မူစဉ်တွင် တပည့်တော်လာရောက် ဆည်းကပ်ရန် ကြိုးစားခဲ့ရာ ရှင်တော်ဘုရား ဖလသမာပတ်ဝင်စားတော်မူနေသဖြင့်ပြန်ခဲ့ရပါ၏" ဟုလျှောက်ထားပြီးနောက် "ဘုရားရှင်ပဉ့်တော်မူသည့် အခါမှစ၍ နတ်ပြည်သည် အလွန် စည်းကားလာခဲ့ပေကြောင်း" ရှည်လျားစွာ လျှောက်ထားလေ၏။

ထိုနောက် သိကြားမင်းက "မြတ်စွာဘုရား၊ ရှင်တော်ဘုရား ခွင့်ပြုပါလျှင် အမေးပုစ္ဆာပြဿနာများကို တပည့်တော် မေးလျှောက်လိုပါ၏" ဟု

လျှောက်ကြား လေသော် ဘုရားရှင်က "သိကြားမင်း၊ သင် မေးလိုသမျှ သော ပြဿနာကို မေးပေတော့။ ငါဘုရားသည် ထိုပြဿနာ အသီးသီးကို အလုံးစုံ ဖြေရှင်းတော်မူအံ့" ဟု သဗ္ဗညူ ဘုရားရှင်တို့၏ ဖိတ်မန် စကား (သဗ္ဗညုတ ပဝါရဏာ) ဖြင့် မိန့်တော်မူ၏။ ထိုအခါ သိကြားမင်းက မိမိ ယုံမှားသံသယရှိသည့် 'ဆယ့်လေး' ခုသော ပြဿနာများကို မေးလျှောက် လေ၏။ ဘုရားရှင်လည်း မေးလျှောက်တိုင်းသော ပြဿနာ အသီးသီးကို အကျယ်တဝင့် (သက္ကပဉ္ဉသုတ္တန်လာ အတိုင်း) ဖြေကြားတော် မူ၏။ ရှစ်ခု မြောက် မေးမြန်းသည့် ပြဿနာအား ဘုရားရှင် ဖြေကြားတော်မူသည့် တရားတော်များကို သိကြားမင်း နာကြားပြီးလျှင်ပင် သောတာပန်အဖြစ် သို့ရောက်၍ ယင်းသို့ သောတာပန် ဖြစ်သည်နှင့် တပြိုင်နက် ဘုရားရှင်၏ရှေ့ မှောက်မှာပင် စုတေပြီး သိကြားမင်းဘဝသစ်ကို တဖန်ရရှိလေ၏။ သိကြား မင်းသည် ယင်းသို့ စုတေ၍ သိကြားမင်းပင် ဖြစ်ကြောင်းကို ဘုရားရှင်နှင့် သိကြားမင်း နှစ်ဦးသာ သိရှိပြီး ကျန်သော နတ်သားတို့ မသိလိုက်ကြကုန်။

ယင်းသို့ ဘုရားရှင် ဖြေကြားတော်မူသည့် တရားတော်များကို ကြားနာ ရပြီးသော် သိကြားမင်းက "မြတ်စွာဘုရား၊ ဤ သာသနာတော်မှ အပ အခြားသော သမဏ, ဗြဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့ထံ၌ တပည့်တော် မေးခွန်း ကိုမျှ မရခဲ့သော ပြဿနာများကို ရှင်တော်ဘုရားသည် တပည့်တော်အား ဖြေကြားတော် မူပါပေ၏။ တပည့်တော်၏ စိတ်သန္တာန်ဝယ် ကာလရှည် လျားစွာ ကိန်းအောင်း၍ လာခဲ့သော ယုံမှား သံသယ ငြောင့်တံသင်းကို လည်း ရှင်တော်ဘုရားသည် နှုတ်ပယ်တော်မူအပ်ပါပြီ" ဟု လျှောက်လေ၏။ ထိုနောက် ဘုရားရှင်က "သိကြားမင်း၊ သင်သည် ဤ ပြဿနာ များကို အခြားသော သမဏ, ဗြဟ္မဏတို့အား မေးခဲ့ဘူးသလော။ မေးခဲ့ဘူးလျှင် သင် ဝန်မလေးက ဖြောကြားစေချင်၏" ဟု မိန့်တော်မူ၏။

ထိုအခါ သိကြားမင်းက "မြတ်စွာဘုရား၊ ဆိတ်ငြိမ်ရာ တောကျောင်း နေ ပုဂ္ဂိုလ်တို့ဟူ၍ တပည့်တော် ထင်မှတ်ယုံကြည်ရသော သမဏ, ဗြဟ္မဏ တို့ထံ ချဉ်းကပ်၍ ဤပြဿနာတို့ကို တပည့်တော်မေးခဲ့ဘူးပါ၏။ ထိုသမဏ, ဗြဟ္မဏတို့သည် မဖြေကြားနိုင်သည့်ပြင် တပည့်တော်ကို တဖန် ပြန်၍ 'အရှင် သည် အဘယ် အမည်ရှိသပါနည်း' ဟု မေးမြန်းကြပါ၏။ 'ကျွန်ုပ်ကား သိကြားမင်းတည်း' ဟု ဖြေကြားသော် ထိုပုဂ္ဂိုလ်တို့က 'သိကြားမင်း၊ အရှင် သည် အဘယ်သို့သောကံကိုပြု၍ဤသိကြားနေရာကို ရပါသနည်း' ဟု မေးမြန်း ကြပါ၏။ တပည့်တော် ကြားဘူး သင်ဘူးသည့် သိကြား ဖြစ်ကြောင်း အကျင့်ကောင်း ခုနစ်ပါးတရားကို ဟောပြသော် ထိုသူတို့သည် ထိုမျှဖြင့်ပင်

'ငါတို့သည် သိကြားမင်းကိုလည်း မြင်ရလေပြီ၊ ငါတို့ မေးမြန်းသည့် ပြဿနာကိုလည်း သိကြားမင်းက ရှင်းလင်းဖြေကြားခဲ့လေပြီ' ဟု အားရဝမ်းသာ ဖြစ်ကြပါကုန်၏။ ဤသို့ဖြင့် ထိုသူတို့သည် တပည့်တော်၏တပည့်များသာ ဖြစ်ကြပါကုန်၏။ မြတ်စွာဘုရား၊ ယခု တပည့်တော်သည် အပါယ်လေးပါးသို့ ကျရောက်ခြင်းသဘော မရှိတော့သော၊ အထက် မဂ် သုံးပါး သာလျှင် လားရာရှိသော ရှင်တော်ဘုရား၏ တပည့်သာဝက သောတာပန် အရိယာဖြစ်ပါပြီ" ဟူ၍ အားရဝမ်းသာ လျှောက်ထားလေ၏။

ထိုနောက်မှ သိကြားမင်းသည် ပဉ္စသိခနတ်သားအား "အမောင် ပဉ္စသိခ၊ သင်သည် ဘုရားရှင်ကို ခွင့်ပန်ပေးသဖြင့် ငါသည် ဘုရားရှင်ကို ဖူးမြင်ရပါ၏။ သင်သည် ငါ့အပေါ်မှာ ကျေးဇူးများသူ ဖြစ်ပါပေ၏။ ငါသည် သင့်အား သင့်အဖရာထူး(ဂန္ဓဗ္ဗနတ်မင်းရာထူး)၌လည်း ထားပါအံ့။ သင် အလွန် တောင့်တအပ်သည့် 'သူရိယ ဝစ္ဆသာ' နတ်သမီးကိုလည်း သင့်အား ပေးပါအံ့" ဟူ၍, ကျေးဇူးတင်စကား, ဆုပေးစကား ပြောကြားလေ၏။ ထိုနောက် သိကြားမင်းက "ငါသည် ဤမြေကြီး၌ တည်နေလျက် ဤအဘိုးအနှယ်ထိုက်သော လောကုတ္တရာ တရားကို ရအပ်ပေပြီ" ဟု ဝမ်းသာလှ၍ ၎င်း၊ "ဤမြေကြီ ၌ ဤမျှလောက် အံ့သြချီးမွမ်းဘွယ်ရာ ဘုရားရတနာ ဖြစ်ပွင့်တော်မူပါတကား" ဟု အံ့သြချီးမွမ်းစိတ်ဖြင့် ပြင်းစွာဖြင်လှသောကြောင့် ၎င်း (ဝမ်းသာလှန်း၍ သူငယ်ချင်းတဦးက တဦး၏ လက်၌ ပုတ်သကဲ့သို့) မြေကို လက်ဖြင့် ပုတ်၍ "**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**" ဟူ၍ သုံးကြိမ် ဥဒါန်းကျူးရင့်လေ၏။

၂၆၀။ အာဠာနာဠိယသုတ်ကို ဟောတော်မူခြင်း

အခါတပါး၌ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် အနီးရှိ ဂိဇ္ဈကူဋ်တောင် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် စာဘုမဟာရာဇ် နတ်မင်းကြီး လေးဦး တို့သည် ကုဝေရနတ်မင်းကြီး၏နေရာ 'အာဠာနာဠ' နတ်ပြည်၌ စုဝေးကာ ခုနစ်ဆူသော ဘုရားရှင်တို့ကို အဓိကျောင်းပြု၍ 'အာဠာနာဠိယ' ပရိတ်ကို စီကုံးဖွဲ့ဆိုပြီးလျှင် "ဘုရားရှင်၏ ဓမ္မစက်, ငါတို့၏အာဏာစက်ကို မလိုက်နာကျူးလွန်သောသူတို့အား ဤသို့ ဤသို့သော ဒဏ်ထားမှုကို ပြုကြကုန်အံ့" ဟု ကျေညာမှု ပြုကြပြီးနောက် ယက္ခနတ်အပေါင်း ခြံရံလျက် ဂိဇ္ဈကူဋ် တောင်ယံတခုလုံး မိမိတို့၏ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်း တောက်ပ

စေ၍ ဘုရားရှင်ထံသို့ ချဉ်းကပ် ရှိခိုးလျက် အပြစ်လွှတ်သောနေရာ၌ ထိုင်နေကြကုန်၏။

ထိုနောက် ဝေဿဝဏ် နတ်မင်းကြီးက "မြတ်စွာဘုရား၊ တန်ခိုးကြီး, တန်ခိုးလတ်, တန်ခိုးငယ် အမျိုးမျိုးရှိကြသည့် ယက္ခနတ် အပေါင်းတို့တွင် ဘုရားရှင်အပေါ်၌ မကြည်ညိုကြသူတို့ကသာ များပြီး ကြည်ညိုကြသူတို့ကား နည်းပါးလှပါ၏။ အကြောင်းမှာ ဘုရားရှင်သည် သူ့အသက်ကိုသာ်ခြင်းစသည် ငါးပါးသော ဒုစရိုက်မှုတို့ကို ရှောင်ကြဉ်ရန် တရားဟောတော်မူရာ ယက္ခနတ်အများစုသည် ထို ဒုစရိုက်ငါးပါးကို မရှောင်ကြဉ်ကြသဖြင့် ထို ငါးပါးသီလ အကျင့်မြတ်ကို မနှစ်သက်လေသောကြောင့် ဖြစ်ပါ၏။ မြို့စွန်ရွာဖျား တောကျောင်းများ၌ နေထိုင်ကြသည့် ရှင်တော်ဘုရား၏ တပည့်ရဟန်းတော်တို့ အများအပြားရှိကြပါ၏။ ထိုမြို့စွန်ရွာဖျား တောရပ်များဝယ် ဤသာသနာ၌ မကြည်ညိုကြသည့် တန်ခိုးကြီး ယက္ခနတ် ပေါင်းများစွာ အမြဲနေထိုင်လျက် ရှိကြပါ၏။ ထိုယက္ခနတ်များ သဒ္ဓါကြည်ညိုဖြစ်ကြရန် ရှင်တော်ဘုရားသည် 'အာဠာနာဋိယ' ပရိတ်အရံအတားကို ရဟန်း, ရဟန်းမ, ဥပါသိကာ, ဥပါသကာမ (ပရိသတ် လေးပါး) တို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှာ, ယက္ခနတ်တို့၏ အညှဉ်းဆဲ မခံရခြင်းငှာ, ချမ်းသာစွာ နေထိုင်ရခြင်းငှာ သင်ကြားပေးတော်မူပါ ဘုရား" ဟု လျှောက်ထားလေ၏။

ဘုရားရှင်သည် ထို ဝေဿဝဏ်နတ်မင်း၏ လျှောက်ကြားချက်ကို ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ဝေဿဝဏ် နတ်မင်းလည်း ဘုရားရှင် လက်ခံတော်မူကြောင်း ကောင်းစွာသိ၍ ဂါထာငါးဆယ်ရှိသော 'အာဠာနာဋိယ' ပရိတ်အရံအတားကို (ပါထိကဝဂ်လာ အတိုင်း) ရွတ်ဆို လျှောက်ကြားလေ၏။ ဤသို့ ရွတ်ဆိုပြီးနောက် "မြတ်စွာဘုရား၊ ဤ အာဠာနာဋိယ ပရိတ်အရံအတားကို ကောင်းစွာ သင်ကြား လေ့လာထားသည့် ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမ တဦးဦးကို ယက္ခနတ်, ဂန္ဓဗ္ဗနတ်, ကုမ္ဘဏ္ဍနတ်, နာဂနတ် တဦးဦးက နှောက်ရှက် ဖျက်ဆီးလိုသော် စိတ်ဖြင့်လိုက်ပါကပ်ကာ တည်နေလျှင် ထို ယက္ခနတ်သည် တပည့်တော်တို့ခွင့်ပေးအပ်သော အခွင့်အရေးအားလုံးကို ဆုံးရှုံးရပါမည်။ အကယ်၍ ထို ယက္ခနတ်ဆိုးများသည် ရှင်တော်ဘုရား၏ ပရိသတ် လေးပါး တဦးဦးကို ပူးကပ်နှောက်ရှက်ခဲ့ပါလျှင် ဂန္ဓဗ္ဗနတ်, သောမနတ်, ဝရုဏနတ် အစရှိသော နတ်စစ်သူကြီး သုံးဆယ့်ရှစ်ဦးတို့အား "ဤဘီလူးသည် ဤသူကို ဖမ်းစားပူးဝင်နှိပ်စက်ညှဉ်းဆဲ ဆင်းရဲစေ၏။ ဤဘီလူးသည် မလွတ်လိုဟု တိုင်တန်းပြောဆို

ပါစေဘုရား" ဟူ၍ လျှောက်ကြား ပြီးနောက် "တပည့်တော်တို့သည် ပြုဘွယ်ကိစ္စများသူတို့ ဖြစ်ကြ၍ ပြန်ခွင့်ပြုပါမည့် အကြောင်း" လျှောက်ထား ကာ ရိုသေစွာ ရှိခိုးပြီး ထိုနေရာ၌ပင် .ပျောက်ကွယ်ကြလေ၏။

ဘုရားရှင်သည် နောက်တနေ့တွင် ရဟန်းတို့အား ယမန်နေ့ညက ဖြစ်ရပ် အလုံးစုံကို မိန့်တော်မူ၍ အာဠာနာဠိယသုတ် ပရိတ် အရံအတားကို ဟော ကြားတော်မူ၏။ ထိုသို့ ဟောကြားပြီးနောက် "ရဟန်းတို့၊ အာဠာနာဠိယ ပရိတ်အရံအတားကို သင်ယူကြလော့။ အဖန်ဖန် လေ့လာကြလော့။ အာဂုံ (နှုတ်တက်) ဆောင်ကြလော့။ အာဠာနာဠိယ ပရိတ် အရံ အတားသည် အကျိုးစီးပွားနှင့် စပ်ယှဉ်ပေ၏။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှာ ယက္ခနတ်တို့၏ ညှဉ်းဆဲခြင်း မခံရခြင်းငှာ, ချမ်းသာစွာ နေထိုင်ကြရခြင်းငှာ ဖြစ်ပေ၏" ဟူ၍ မိန့်တော်မူလေ၏။

ဘာခန်း(၅)

၄၌၏ နောက်ဆုံး ခရီးစဉ်

[ဘုရားရှင်သည် ရှေ့ပိုင်း ဝါဒတော် နှစ်ဆယ် = " ပထမဗောဓိ "
အတွင်း ထိုထိုမြို့ရွာတို့၌ ဝါကပ် သီတင်းသုံးတော်မူကာ သတ္တဝါ
တို့အား တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော် မူ၏။
နောက်ပိုင်း " ပစ္ဆိမဗောဓိ " ဝါတော် နှစ်ဆယ့်လေးဝါ အတွင်းမှာ
သာဝတ္ထိပြည်၌သာ ဝါကပ် သီတင်းသုံးတော်မူ၍ ဝါကျွတ်သော
အခါ ထိုက်သည့်အားလျော်စွာ ခရီးအဝန်းသုံးပါးဖြင့် ဒေသစာရီ
ကြွချီတော်မူကာ ကျွတ်ထိုက်သော သတ္တဝါတို့အား တရားရေအေး
အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေ၏။ ထို့ လေးဆယ့် လေးဝါ
အတွင်း ဘုရားရှင် ဟောကြားတော် မူသည့် တရားတော်တို့ကား
အလွန်ပင် ကျယ်ဝန်း များပြားလှသဖြင့် ဤကျမ်း၌ အပြည့်အစုံ
ဖော်ပြရန် မဖြစ်နိုင်ပေ။ အမှန်အားဖြင့် မပြောစလောက် အနည်း
ငယ်မျှကိုသာ ဖော်ပြနိုင်ခဲ့ပေ၏။ ယခု ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်
ခါနီး လေးဆယ့်လေးဝါခန့်မှ စ၍ ပရိနိဗ္ဗာန် စံဝင်ပြီးသည့်အထိ
ဗုဒ္ဓ၏ခရီးစဉ်နှင့် မည်သည့် တရားတော်များ ဟောခဲ့သည် ကိုၚင်း၊
နောက်ဆက်တဲ့ သာသနာ တည်တံ့ခိုင်မြဲရေး လုပ်ငန်းအချို့ ကိုၚင်း
ကျဉ်းကျဉ်းနှင့် ပြည့်စုံနိုင်သမျှ ဖော်ပြပေအံ့။]

၂၆၁။ ဝဇ္ဇီမင်းတို့ ကြီးပွားကြောင်းတရား ခုနစ်ပါးကို ဟောကြားခြင်း

ဘုရားရှင်သည် လေးဆယ့် လေးဝါမြောက်ကို သာဝတ္ထိ ပြည်၌ ဝါကျွတ်
တော်မူ ပြီး၍ ဝါကျွတ်သော် ရာဇဂြိုဟ် ပြည်သို့ ကြွချီ၍ ဂိဇ္ဈကူဋ်တောင်
ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ အဇာတသတ်မင်းသည် ဝေသာ

လီပြည်နေ လိစ္ဆဝီ (ဝဇ္ဇီ) မင်းတို့ကို စစ်ခင်းနှိမ်နင်းရန် သွားလိုရကား "ငါသည် ဤသို့ တန်ခိုးအာနုဘော် ကြီးကုန်သော ဤ ဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်ဖျက်ဆီးအံ့" ဟု ကြုံးဝါးပြောဆိုလေ၏။ အကြောင်းရင်းမှာ ဤသို့ ဖြစ်၏။ "တောင်ဘက်ရှိ ရာဇဂြိုဟ်ပြည်နှင့် မြောက်ဘက်ရှိ ဝေသာလီပြည်တို့၏ အကြား၌ ဂင်္ဂါမြစ်ကြီး စီးဆင်းလျက်ရှိ၏။ ဂင်္ဂါမြစ်အနီး၌ ထိုနှစ်ပြည်ထောင်တို့၏ နယ်စပ်တွင် 'ပဋ္ဌန' မည်သော ရွာရှိ၏။ ထိုပဋ္ဌနရွာ၌ တောင်ခြေမှ အဖိုးများစွာ ထိုက်တန်သော ရတနာများ ထွက်ပေါ်သက်ဆင်းလာ၏။ အဇာတသတ်သည် "ယနေ့သွားမည်၊ နက်ဖြန်သွားမည်" ဟု စီမံခန့်ခွဲနေစဉ်ပင် လိစ္ဆဝီမင်းတို့သည် ဦးစွာ သွားရောက်၍ ထို ရတနာအားလုံးကို သိမ်းယူသွားကြလေ၏။ အဇာတသတ်သည် နောက်မှ ရောက်လာ၍ ထိုသတင်းကိုကြားလျှင် အမျက်ထွက်ကာ ပြန်သွားလေ၏။ နောက်တနှစ်၌ လည်း ထိုနည်းအတူ ဖြစ်၏။ ထို့ကြောင့် အဇာတသတ်သည် လိစ္ဆဝီတို့ အပေါ်၌ ရန်ငြိုးကြီးစွာ ထားလေရကား အထက်ပါအတိုင်း အပြဲမပြတ် ကြုံးဝါးနေခြင်း ဖြစ်၏။

အဇာတသတ်မင်းသည် လွယ်လည်း လွယ်ကူ၊ သေချာပေါက်လည်း ထို လိစ္ဆဝီတို့ကို အောင်နိုင်မည့် နည်းလမ်းကို ရှာဖွေလိုရကား "ပညာရှိတဦးကို ဘုရားရှင်ထံ စေလွှတ်၍ နည်းနာခံသင့်၏" ဟု အကြံဖြစ်၏။ ထို့ကြောင့် ဝဿကာရပုဏ္ဏား အမတ်ကို ခေါ်၍ "ပုဏ္ဏား၊ ဘုရားရှင်ထံ သွား၍ ငါ၏ စကားဖြင့် ရှိခိုးလေလော့။ နောက် အဇာတသတ်မင်းသည် တန်ခိုး အာနုဘော်ကြီးကုန်သော လိစ္ဆဝီမင်းတို့ကို မျိုးဖြုတ် ဖျက်ဆီးအံ့ဟု ကြုံးဝါးနေပါ၏ ဟူ၍လည်း လျှောက်လေလော့။ ထိုအခါ ဘုရားရှင်က အဘယ်သို့ မိန့်ကြားတော် မူသည်ကို မှတ်သား၍ ငါ့အား ပြန်ကြားလော့" ဟု ဆိုလေ၏။ ဝဿကာရ ပုဏ္ဏားလည်း ဂိဇ္ဈကုဋ္ဌတောင် ကျောင်း၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်ထံသို့ သွား၍ မင်းကြီး မှာလိုက်သည့် အတိုင်း လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်သည် ပုဏ္ဏားနှင့် တစုံတရာ ပြောကြားတိုင်ပင်မှု ပြုတော်မမူဘဲ အရှင်အာနန္ဒာနှင့်သာ အတုံ့အလှည့်စကား အနေဖြင့် ဝဇ္ဇီမင်းတို့၏ မဆုတ်ယုတ်ခြင်း, ကြီးပွားခြင်း၏ အကြောင်းတရား (အပရိဟာနိယ) ခုနစ်ပါးကို ဤသို့ ဟောကြားတော်မူလေ၏။

(၁) "အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် မကြာ မကြာ စည်းဝေးကြကုန်၏။ ကြိမ်ဖန်များစွာ စည်းဝေးကုန်၏။

(၂) ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်၏။ တိုင်းရေးပြည်ရေး ကိစ္စများကို အညီအညွတ် ဆောင်ရွက်ကြကုန်၏။

(၃) ဝဋ္ဋီမင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ကြဘဲ ပညတ်ပြီးသောအရာကို မဖျက်ကြဘဲ ပညတ်ထားသမျှသော ရှေးဟောင်း ဝဋ္ဋဓိကျင့်ထုံးတို့ကို လိုက်နာ ကျင့်သုံးကုန်၏။

(၄) ဝဋ္ဋဓိမင်းတို့သည် အသက်ကြီးသော ဝဋ္ဋဓိမင်းတို့ကို အရိုအသေ အလေးအမြတ်ပြုကုန်၏။ မြတ်နိုး ပူဇော်ကြကုန်၏။ ထို အသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည် ဟု ကင်မှတ်ကုန်၏။

(၅) ဝဋ္ဋဓိမင်းတို့သည် အမျိုးသမီးကြီး အမျိုးသမီးငယ်တို့ကို အတင်းဆဲငင်၍ အနိုင်အထက် မသိမ်းပိုက်ကုန်။

(၆) ဝဋ္ဋဓိမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ရှေးဝဋ္ဋဓိမင်းတို့၏ နတ်ကွန်း=စေတီများကို အရိုအသေ အလေးအမြတ် ပြုကုန်၏။ မြတ်နိုးပူဇော်ကုန်၏။ ထိုနတ်ကွန်းတို့အား ရှေးက ပေးမြဲ, ပြုမြဲဖြစ်သော ဗလိနတ်စာကိုလည်း မယုတ်စေကုန်။

(၇) ဝဋ္ဋဓိတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့ ကြွလာခြင်းငှာ, ကြွရောက်လာပြီးသော ရဟန္တာတို့လည်း ဝဋ္ဋဓိတိုင်းဥဿဲ ချမ်းသာစွာ နေရခြင်းငှာ ရဟန္တာတို့အား စောင့်ရှောက်ကုန်၏။

"အာနန္ဒာ၊ ဝဋ္ဋဓိမင်းတို့သည် ဤ တရား ခုနစ်ပါးကို လိုက်နာကျင့်သုံးသရွေ့ ကာလပတ်လုံး ဆုတ်ယုတ်ခြင်း အလျင်းမရှိဘဲ ကြီးပွားရန်သာ ရှိပေ၏" ဟု မိန့်တော်မူလေ၏။ ထိုနောက် ဘုရားရှင်သည် ဝဿကာရပုဏ္ဏားအား "ပုဏ္ဏား၊ အခါတပါးဌ် ငံါဘုရားသည် ဝေသာလီပြည် 'သာရန္ဒ' နတ်ကွန်းဌ်ဖြစ်နေစဉ် ဝဋ္ဋဓိမင်းတို့အား ဤအပရိဟာနိယ(ကြီးပွားကြောင်း) တရား ခုနစ်ပါးတို့ကို ဟောကြားတော်မူခဲ့၏။ ဤ တရား ခုနစ်ပါးတို့သည် ဝဋ္ဋဓိမင်းတို့ဌ်တည်၍ ဝဋ္ဋဓိမင်းတို့လည်း ဤတရားခုနစ်ပါးတို့ကို ကောင်းစွာ ကျင့်သုံးနေသမျှ ကာလပတ်လုံး ဆုတ်ယုတ်ခြင်း အလျင်းမရှိဘဲ ကြီးပွားရန်သာရှိပေ၏" ဟူ၍ မိန့်တော်မူလေ၏။ ထိုအခါ ဝဿကာရပုဏ္ဏားက "အရှင်ဂေါတမ၊ ဤ အပရိဟာနိယ တရား တပါးပါးနှင့် ပြည့်စုံလျှင်ပင် ဝဋ္ဋဓိတို့အဘို့ ဆုတ်ယုတ်ခြင်း အလျင်းမရှိဘဲ ကြီးပွားရန်သာ ရှိပါ၏။ ခုနစ်ပါးလုံးနှင့် ပြည့်စုံလျှင်မူကား ဆိုဘွယ်မရှိပါ။ အဇာတသတ်မင်းသည် ဖြားယောင်းမှု, သို့မဟုတ် အချင်းချင်း စိတ်ဝမ်းကွဲစေမှုကို မပြုဘဲ စစ်ထိုးကာမျှဖြင့် ဝဋ္ဋဓိတိုင်းကို သိမ်းနိုင်ဘွယ် မရှိပါ" ဟု လျှောက်ထားပြီး

ဝမ်းသာစွာ နှုတ်ဆက်၍ ပြန်ပြီး အဇာဟာသတ်မင်းအား ထို အကြောင်း အရာအလုံးစုံကို လျှောက်ကြားလေ၏။

ထိုအခါ အဇာတသတ်မင်းသည် ဝဿကာရ ပုဏ္ဏားကို တိုင်းပြည်မှ နှင်ထုတ်ဟန်ဖြင့် ဝဿကာရပုဏ္ဏားကို ဝဇ္ဇီတိုင်း(ဝေသာလီပြည်)သို့စေလွှတ်၍ ဝဇ္ဇီမင်းတို့ အချင်းချင်း စိတ်ဝမ်းကွဲအောင် ပြုလုပ်စေ၏။ ဝဿကာရပုဏ္ဏား ခြေထိုး,ဂုံးတိုက် စိတ်ဝမ်းကွဲအောင် ပြုလုပ်ရာ သုံးနှစ်ကြာသော် (ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်) ဝဇ္ဇီမင်းတို့သည် စိတ်ဝမ်းကွဲကြကာ မင်းနှစ်ဦးတို့ လမ်းခရီးတခုတည်းဖြင့် အတူမသွားနိုင်ကြအောင်ပင် စိတ်ဝမ်းကွဲလေကုန်၏။ ထိုအခါမှ အဇာတသတ်မင်းသည် စစ်ဘပ်ကြီးနှင့်တကွ အသင့်ဖွင့်ထားသော တံခါးများမှပင် ဝေသာလီပြည်တွင်းသို့ အလွယ်တကူ ဝင်ရောက်ကာ လိစ္ဆဝီမင်းအားလုံးကို သတ်ဖြတ်ဖျက်ဆီးပြီး ဝေသာလီပြည်ကို သိမ်းပိုက်၍ ရာဇဂြိုဟ် ပြည်သို့ ပြန်လာလေ၏။

[ဘုရားရှင်သည် အဇာတသတ်မင်း၏ လိစ္ဆဝီမင်းတို့အား စစ်တိုက်မည့် အကြံကိုဂုင်း၊ စစ်ဘပ်ဖြင့် သွားတိုက်လျှင် အောင်နိုင်မည်ကိုဂုင်း၊ အပရိဟာနိယ တရား ခုနစ်ပါးတို့ကို ဝဿကာရပုဏ္ဏားအား ဟောတော်မူခြင်းဖြင့် ဝဇ္ဇီမင်းတို့ စိတ်ဝမ်း ကွဲအောင် သုံးနှစ်မျှ လုပ်ရမည်ကိုဂုင်း သိမြင်တော်မူသဖြင့် ဝဇ္ဇီမင်းတို့အား သုံးနှစ်မျှ အသက်ပိုရှင်၍ ကုသိုလ် ကောင်းမှုများကို လုပ်နိုင်ပါစေ ဟူသော သနားကရုဏာ ရှေ့ထားသောအားဖြင့် ဤသို့ အပရိဟာနိယတရား ခုနစ်ပါးကို ဟောတော်မူခြင်း ဖြစ်ပေ၏။]

၂၆၂။ ရဟန်းတို့၏ ကြီးပွားကြောင်းတရားများကို ဟောကြားခြင်း

ဝဿကာရပုဏ္ဏား ပြန်သွားလေသော် ဘုရားရှင်သည် အရှင်အာနန္ဒာအား-
"ချစ်သား အာနန္ဒာ၊ ရာဇဂြိုဟ်ပြည်ကို အမှီပြု၍နေကြသော ရဟန်း အားလုံးကို ဓမ္မာရုံ၌ စုဝေးစေလော့" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် ရာဇဂြိုဟ်ပြည်အတွင်းဝယ် နီးသော ကျောင်းတိုက်တို့၌ နေကြသော ရဟန်းတို့ထံ ကိုယ်တိုင် သွား၍ဂုင်း၊ ဝေးသော ကျောင်းတိုက်တို့၌ နေကြသည့် ရဟန်းတို့ထံ တန်ခိုးရှင်ရဟန်းတို့ကို စေလွှတ်၍ဂုင်း ထိုအကြောင်းကို လျှောက်ကြား၍ ဓမ္မာရုံ၌ စည်းဝေးစေလေ၏။ ထိုအခါ ဘုရားရှင်သည် ဓမ္မာရုံသို့ ကြွရောက်ပြီး ခင်းထားသည့် နေရာ၌ ထိုင်နေတော်မူလျက် "ရဟန်းတို့၊ သင်တို့အား အပရိဟာနိယ (ကြီးပွားကြောင်း) တရား ခုနစ်ပါး တို့ကို ငါ

ဘုရား ဟောတော်မူပေအံ့။ ကောင်းစွာနာယူကြလော့" ဟု မိန့်တော်မူပြီး အပရိဟာနိယ တရားများကို ဤသို့ ဟောတော်မူလေ၏ -

ပထမ ကြီးပွားကြောင်းတရား ခုနစ်ပါး။ ။"ရဟန်းတို့၊ သင်တို့သည်-

(၁) မကြာမကြာ စည်းဝေးခြင်း၊ အကြိမ်များစွာ စည်းဝေးခြင်း။

(၂) သံဃာ့ကိစ္စကို အညီအညွတ် ဆောင်ရွက်ခြင်း။

(၃) ဘုရားရှင် မပညတ်ခဲ့သော အရာကို မပညတ်ဘဲ၊ ဘုရားရှင် ပညတ်ပြီးသော အရာကို မပယ်ဖျက်ခြင်း။

(၄) သက်ကြီးဝါရင့်မထေရ်ကြီးများကို အရိုအသေအလေးအမြတ် မြတ်နိုးတနာပြု၍ မထေရ်ကြီးတို့၏ စကားကို နာယူခြင်း။

(၅) ဘဝသစ်ကို ဖြစ်စေတတ်သော တဏှာ၏ အလိုသို့မလိုက်ခြင်း။

(၆) တောကျောင်းများ၌ နေထိုင်လိုစိတ်ရှိခြင်း။

(၇) မရောက်လာသေးသော သီလရှိ သီတင်းသုံးဘော်တို့ ရောက်လာခြင်းငှာ, ရောက်ပြီးကုန်သော သီလရှိ သီတင်းသုံးဘော်တို့ ချမ်းသာစွာ နေရခြင်းငှာ သတိထား၍ ပြုလုပ်ခြင်း-

ဤတရားခုနစ်ပါးတို့ကို ကျင့်သုံးနေသမျှ ကာလပတ်လုံး ရဟန်းတို့အဘို့ ဆုတ်ယုတ်ရန် အလျင်းမရှိဘဲ ကြီးပွားရန်သာ ရှိပေ၏။

ဒုတိယ ကြီးပွားကြောင်းတရား ခုနစ်ပါး။ ။"ရဟန်းတို့ သင်တို့သည်-

(၁) ကိုစ္စကြီးငယ်၌ မမေ့လျော့ လုံ့လမစိုက်ခြင်း။

(၂) စကားစမြည် ပြောဆိုခြင်း၌ မမေ့လျော့ လုံ့လမစိုက်ခြင်း။

(၃) ထိုင်းမှိုင်းပျင်းရိ အိပ်စက်မှု၌ မမေ့လျော့ လုံ့လမစိုက်ခြင်း။

(၄) အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မမေ့လျော့ လုံ့လမစိုက်ခြင်း။

(၅) မှားသောဂုဏ်ကို ဖော်မှုတ်သော အလိုဆိုးသို့ မလိုက်ခြင်း။

(၆) ယုတ်ညံ့သော အဆွေခင်ပွန်းတို့နှင့် မပေါင်းသင်းခြင်း။

(၇) အနည်းငယ်သော တရားထူးကို ရရုံမျှဖြင့် အရဟတ္တာ ဖိုလ်သို့ မရောက်မီ လမ်းခုလပ်၌ ရပ်မနေခြင်း-

ဤတရားခုနစ်ပါးတို့ကို ကျင့်သုံးနေသမျှ ကာလပတ်လုံး ရဟန်းတို့အဘို့ ဆုတ်ယုတ်ရန် အလျင်းမရှိဘဲ ကြီးပွားရန်သာ ရှိပေ၏။

တတိယ ကြီးပွားကြောင်းတရား ခုနစ်ပါး။ ။"ရဟန်းတို့၊ သင်တို့သည်-

(၁) ယုံကြည်ခြင်း = သဒ္ဓါတရား။

(၂) မကောင်းမှု၌ ရှက်ခြင်း = ဟိရိတရား။

(၃) မကောင်းမှုဌ် ကြောက်ခြင်း = သြတ္တပ္ပတရား။
(၄) အကြားအမြင်များခြင်း = ဗဟုသုတ။
(၅) လုံ့လ ကြိုးကုတ်အားထုတ်ခြင်း။
(၆) စဲ့မြဲသော သတိရှိခြင်း။
(၇) ဝိပဿနာ ပညာရှိခြင်း-
ဤတရား ခုနစ်ပါးနှင့် ပြည့်စုံနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဘို့ ဆုတ်ယုဘ်ရန်မရှိဘဲ ကြီးပွားရန်သာ ရှိပေ၏။

စတုတ္ထ ကြီးပွားကြောင်း တရား ခုနစ်ပါး။ ။"ရဟန်းတို့၊ သင်တို့သည် မဂ်၏ အကြောင်းဖြစ်သော-
(၁) အောက်မေ့မှု = သတိ။
(၂) ပညာ = ဓမ္မဝိစယ။
(၃) လုံ့လ = ဝီရိယ။
(၄) နှစ်သက်မှု = ပီတိ။
(၅) ငြိမ်းအေးမှု = ပဿဒ္ဓိ။
(၆) တည်ကြည်မှု = သမာဓိ။
(၇) လျစ်လျူရှုမှု = ဥပေက္ခာ-
ဟူသော ဗောဇ္ဈင်တရား ခုနစ်ပါးကို ကျင့်သုံးပွားများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဘို့ ဆုတ်ယုတ်ရန်မရှိဘဲ ကြီးပွားရန်သာ ရှိပေ၏။

ပဉ္စမ ကြီးပွားကြောင်းတရား ခုနင်ပါး။ ။"ရဟန်းတို့၊ သင်တို့သည်-
(၁) မမြဲဟု သိမှတ်မှု = အနိစ္စသညာ။
(၂) အတ္တမဟုတ်ဟု သိမှတ်မှု = အနတ္တသညာ။
(၃) မတင့်တယ်ဟု သိမှတ်မှု = အသုဘသညာ။
(၄) အပြစ်ကို သိမှတ်မှု - အာဒီနဝသညာ။
(၅) ပယ်ဘို့ရန် သိမှတ်မှု = ပဟာနသညာ။
(၆) တပ်မက်ခြင်းကင်းရာ နိဗ္ဗာန်ကို သိမှတ်မှု = ဝိရာဂသညာ။
(၇) ချုပ်ရာ နိဗ္ဗာန်ကို သိမှတ်မှု = နိရောဓသညာ-
ဤတရား ခုနစ်ပါးတို့ကို ပွားများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဘို့ ဆုတ်ယုတ်ရန်မရှိဘဲ ကြီးပွားရန်သာ ရှိပေ၏။

ကြီးပွားကြောင်းတရား ဆြောက်ပါး။ ။"ရဟန်းတို့၊ သင်တို့သည်-
(၁) သီတင်းသုံးဖော်တို့ အပေါ်၌ မေတ္တာ ပါသော ကာယကံ ထားမှု။

(၂) မေတ္တာပါသော ဝစီကံထား၏။
(၃) မေတ္တာပါသော မနောကံထား၏။
(၄) တရားနှင့်အညီ ရသော ပစ္စည်းလေးပါးကို သီတင်းသုံးဖော်တို့နှင့် ခွဲဝေ သုံးစွဲ၏။
(၅) ရဟန်းအားလုံး မြင့်မြတ်သော အကျင့်သီလရှိ၏။
(၆) ရဟန်းအားလုံး နိဗ္ဗာန်သို့ ဆောင်တတ်သော အရိယာပညာရှိ၏-

ဤတရား ခြောက်ပါးနှင့် ပြည့်စုံ၍ နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ဆုတ်ယုတ်ရန်မရှိဘဲ ကြီးပွားရန်သာ ရှိပေ၏။"

ဤသို့ ဘုရားရှင်သည် ရဟန်းတို့အား ကြီးပွားကြောင်း တရား ခုနစ်ပါး ငါးစု၊ ခြောက်ပါးတစု ဟူ၍ ခြောက်စုပြုပြီး ဟောကြားတော်မူလေ၏။

၂၆၃။ ဘုရားရှင် နာလန္ဒမြို့သို့ ကြွတော်မူခြင်း

ထိုနောက် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာအစရှိသော ရဟန်းအပေါင်းခြံရံလျက် 'အမ္ဗလဋ္ဌိကာ' (သရက်ဥယျာဉ်) သို့ကြွတော်မူ၍ မင်းကွန်း (မင်းတဲ)၌ သီတင်းသုံးနေတော်မူ၏။ ဘုရားရှင်သည် ရဟန်းတို့အား "ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း။ သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသောအကျိုးအာနိသင်ရှိ၏။ ပညာ၌တည်၍ဖြစ်စေအပ်သောစိတ်သည် အာသဝေါတရားတို့မှ လွတ်မြောက်၏" ဟူ၍ ဟောကြားတော်မူ၏။ (ဤတရားစကားကား ဘုရားရှင်ပရိနိဗ္ဗာန်စံသည့်အထိ ရောက်လေရာ၌အခါအားလျော်စွာ မကြာခဏ ကြုံမ်ဖန်များစွာ ရဟန်းတို့အား အဆုံးအမပေးတော်မူသော တရားတော်ပေတည်း။) ဘုရားရှင်သည် အမ္ဗလဋ္ဌိကာ၌ အလိုရှိသမျှနေတော်မူပြီးလျှင် အရှင်အာနန္ဒာအစရှိသော ရဟန်းအပေါင်း ခြံရံလျက် နာလန္ဒမြို့သို့ကြွတော်မူ၍ 'ပါဝါရိက' သူဋ္ဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ရိုသေစွာ ရှိခိုး၍ "မြတ်စွာဘုရား၊ သဗ္ဗညုတဉာဏ်အရာ၌ ရှင်တော်ဘုရားထက် သာလွန်၍သိသော အခြား သမဏ, ဗြာဟ္မဏမည်သည် ရှိလည်းမရှိခဲ့။ ရှိလိမ့်မည်လည်းမဟုတ်။ ယခုလည်းမရှိဟု ရှင်တော်ဘုရားအပေါ်၌ တပည့်တော် ဤသို့ ယုံကြည်လျက်ရှိပါ၏" ဟု လျှောက်လေ၏။ ဘုရားရှင်က "ချစ်သား သာရိပုတ္တရာ၊

သင်သည် ဤကြီးကျယ်ခန့်ညား တိကျလှသောစကားကို ခြသေ့မင်းဟောက် သကဲ့သို့ ရဲရဲတောက်ဆိုဘိ၏။ ဤသို့ဆိုရာ၌ သင်သည် ဘုရားရှင်တို့၏ စိတ်ကိုငင်း၊ အနာဂတ်ဘုရားရှင်တို့၏ စိတ်ကိုငင်း၊ ယခုဘုရား၏ စိတ်ကိုငင်း သင်၏စိတ်ဖြင့် ပိုင်းခြားရှု သိပါလော”ဟု မေးတော်မူသော် “မသိပါ ဘုရား”ဟု လျှောက်၏။ ထိုနောက် ဘုရားရှင်က “ဤသို့ပင့်ပြီး,ပင့်လတံ့၊ ပင့်ဆဲဘုရားရှင်တို့၏စိတ်ကို ပိုင်းခြားရှုသိနိုင်သော စေတောပရိယဉာဏ်သည် သင့်မှာမရှိဘဲလျက် အဘယ့်ကြောင့် ဤသို့ ရဲရဲတောက် စကားကို ဆိုဘိသနည်း”ဟု မေးတော်မူသော် အရှင်သာရိပုတ္တရာက “တပည့်တော်မှာထို စေတောပရိယဉာဏ်မရှိငြားလည်း တပည့်တော်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို မျက်မှောက် သိရှိထားသဖြင့် ဓမ္မာန္ဒယဉာဏ်အားဖြင့် ချင့်ချိန်သိရှိပါ၏”ဟူ၍ လျှောက်ထားလေ၏။

ဘုရားရှင်သည် ရဟန်းတို့အား “ဤကား သီလတည်း” အစရှိသော တရားစကားကို ကြိမ်ဖန်များစွာ ဆုံးမ ဟောကြားတော်မူ၏။

၂၆၄။ ဘုရားရှင် ပါဠလိရွာသို့ ကြွတော်မူခြင်း

ဘုရားရှင်သည် နာဠန္ဒာမြို့၌ အလိုရှိသမျှနေတော်မူပြီးလျှင် အရှင်အာနန္ဒာစသော ရဟန်းအပေါင်း ခြံရံလျက် (လိစ္ဆဝီမင်း, မဂဓမင်းတို့၏ နယ်စပ်၌ရှိသော)၊ ပါဠလိရွာသို့ ကြွတော်မူ၏။ ဘုရားရှင် ကြွလာကြောင်း ကြားလျှင် ပါဠလိရွာသားတို့သည် ဘုရားရှင်ထံသို့ ဝမ်းမြောက်စွာဖြင့် ချက်ချင်းသွားကြ၍ ရှိခိုးလျက် “ဆောက်လုပ်ပြီးစ, ညွှတ်ညီးရာစရပ်ကို လျှဒါန်းကြ၍ နေရာထိုင်ခင်း, သောက်ရေအိုး, ဆီမီးတို့ကို စီမံပြုလုပ်ထားပြီးသော် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား သိတင်းသုံးနေစေကြကုန်၏။ ဘုရားရှင်သည် ခင်းထားအပ်သောနေရာ၌ နေတော်မူလျက် ထိုရွာသားတို့အား အောက်ပါအတိုင်းသီလပျက်သူ(ဒုဿီလ)၏အပြစ်ငါးပါး၊သီလရှိသူ၏အကျိုးငါးပါးစသော တရားစကားများစွာကို ညဉ့်သုံးယံပတ်လုံးမျှ ဟောကြားတော်မူ၏။

“ဥပသကာတို့၊ ဤလောက၌ သီလမရှိ,သီလပျက်သောသူသည် (၁) မေ့လျော့ခြင်းကြောင့် စည်းစိမ်ဥစ္စာများစွာ ဆုံးရှုံးရ၏။ (၂) ထိုသူ၏ မကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့၍ထွက်၏။ (၃) ပရိသတ်လေးပါးအလယ်သို့ ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာညိုးငယ်စွာ ချဉ်းကပ်ရ၏။ (၄) တွေတွေဝေဝေနှင့် သေရ၏။ (၅) သေသော် အပါယ်ငရဲ၌ဖြစ်ရ၏။

"ဥပသကာတို့၊ ဤလောက၌ သီလရှိသောသူသည် (၁) မမေ့မလျော့ ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာကိုရ၏။ (၂) ထိုသူ၏ ကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့၍ထွက်၏။ (၃) ပရိသတ်လေးပါး အလယ်သို့ မကြောက်မခွံ့ မျက်နှာမညှိုးငယ်ဘဲ ချဉ်းကပ်ရ၏။ (၄)တွေဝေ ခြင်းအလျဉ်းမရှိဘဲ သေရ၏။ (၅) သေသော် ကောင်းရာသုဂတိနတ်ပြည်၌ ဖြစ်ရ၏--ဤသို့စသော တရားစကားများစွာကို ညဉ်နက်သည့် တိုင်အောင် ဟောကြားတော်မူပြီးသော် ထိုဥပသကာတို့ ပြန်သွားကြလေ၏။

ထိုအခါ အဇာတသတ်မင်း၏ 'သုနိဓ'နှင့် 'ဝဿကာရ'မည်သောပုဏ္ဏား အမတ်တို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည် ဆောက်လျက်ရှိကြကုန်၏။ ဤသို့ မြို့တည်ဆောက်ရာ၌ များစွာသောနတ် တို့သည် တထောင်စီ တထောင်စီ စုရုံး၍ ပါဋလိရွာ၌ အိမ်ရာတို့ကို သိမ်း ပိုက်လျက်ရှိကြကုန်၏။ ဘုရားရှင်သည် ထိုနတ်တို့ကို ဒိဗ္ဗစက္ခုရွှေဥာဏ်တော် ဖြင့် မြင်သောအခါ နံနက်မိုးသောက်ယံ၌ လျောင်းစက်ရာမှ ထတော်မူ၍ အရှင်အာနန္ဒာအား ထိုအကြောင်းကိုမိန့်ကြားပြီးလျှင် "ချစ်သားအာနန္ဒာ၊ အာရိယ (အာရိယန်) လူမျိုးတို့၏ စုဝေးနေထိုင်ရာ, ကူးသန်းရောင်းဝယ်ရာ, မြို့တကာတို့တွင် ဤမြို့သစ်သည် ကုန်ထုပ်များကို ဖွင့်လှစ် ရောင်းချရာ 'ပါဋလိပုတ်'မည်သော အကြီးဆုံးမြို့ဖြစ်ပေလိမ့်မည်။ ပါဋလိပုတ်မြို့၌ မီး ကြောင့်ဌင်း, ရေကြောင့်ဌင်း, အချင်းချင်း စိတ်ဝမ်း ကွဲပြားမှုကြောင့်ဌင်း (ဤသုံးပါးတို့ကြောင့်) မြို့ပျက်ခြင်းအန္တရာယ်တို့ ဖြစ်ပေလိမ့်မည်" ဟူ၍ မိန့်တော်မူ၏။

ထိုနောက် ဘုရားရှင်သည် ဂင်္ဂါမြစ်သို့ကြွ၍ မျက်နှာသစ်ပြီးကာ ဆွမ်းခံ ချိန်ကိုစောင့်ဆိုင်း၍ ထိုင်နေတော်မူ၏၊ ထိုအခါ သုနိဓနှင့် ဝဿကာရ ပုဏ္ဏားတို့သည် "ငါတို့အရှင် အဇာတသတ်မင်းသည် ရဟန်းဂေါတမ၏ ပစ္စည်းလေးပါးဒါယကာ တဦးဖြစ်၏။ ထို့ကြောင့် ပါဋလိရွာသို့ ကြွလာ သော ရဟန်းဂေါတမကို ဆွမ်းဆက်ကပ်လှူဒါန်းခြင်းမပြုလျှင် ငါတို့အရှင် က အပြစ်တင်ပေမည်။ ထို့ပြင် ရဟန်းဂေါတမ ရောက်ရာ အရပ်တိုင်း၌ ဘုန်းကျက်သရေမဲ့သည့်သတ္တဝါတို့ ဖဲရှားကြမြဲဖြစ်၏။ ငါတို့သည် ရဟန်း ဂေါတမကို ပင့်ဘိတ်၍ မြို့သစ်နန်းတည် မင်္ဂလာစကား ဟောကြားကြတော့ အံ့"ဟု ကြံစည်ကြပြီး ဘုရားရှင်ထံသွား၍ ဆွမ်းပင့်ဘိတ်ကြလေ၏။ ထို အမတ်နှစ်ဦးတို့သည် မိမိတို့၏ တည်းခိုနန်းသို့ ဘုရားအမှူးရှိသော ရဟန်း အပေါင်းကြွလာသော် မွန်မြတ်သောဘောဇဉ်တို့ဖြင့် ဆက်ကပ် လုပ်ကျွေး ကြလေ၏။

ဆွမ်းဘုဉ်းပေးပြီသော် ဘုရားရှင်သည် "ပညာရှိတို့ပုဂ္ဂိုလ်တို့ နေထိုင်ရာ ဤအရပ်၌ သီလရှိ၍ ကံသုံပါးကို စောင့်ထိန်းကြသော သူတော်စင်တို့ကို ချဉ်းကပ်ပြီးလျှင် ထိုအရပ်၌ အိမ်ရာစောင့်ကြပ်ကြကုန်သော နတ်တို့အားလည်း အလှူ၏အဘို့ဘာဂကို အမျှပေးဝေရာ၏။ ဤသို့ အမျှပေးကာ ပူဇော်အပ် မြတ်နိုးအပ်ကုန်သော ထိုနတ်တို့သည် ပူဇော်သူကို ဘေးကင်းအောင် စောင့်ရှောက်ခြင်းဖြင့် တုံ့ပြန်၍ ပူဇော်ကြ မြတ်နိုးကြကုန်၏။ ထို့ကြောင့် အမိသည် သားကိုစောင့်ရှောက်ဘိသကဲ့သို့ အိမ်ရာစောင့်ကြပ်သော နတ်တို့သည်' ထိုအမျိုးကောင်းသားကို မေတ္တာရှေ့ထား သနားစောင့်ရှောက်ကြကုန်၏။ ထိုသို့ နတ်တို့စောင့်ရှောက်အပ်သော အမျိုးကောင်းသားသည် အခါခပ်သိမ်း ကောင်းမြတ်သော မင်္ဂလာတို့ကို တွေ့ရလေ၏" ဟူ၍ သုံးဂါထာဖြင့် အနုမောဒနာတရားဟောတော်မူပြီးသော် နေရာမှထ၍ ဂင်္ဂါမြစ်သို့ ကြွတော်မူ၏။ ဘုရားရှင်သည် ရေကမ်းပြည့်ရှိနေသော ဂင်္ဂါမြစ်တို့ကို ရဟန်းအပေါင်းနှင့်တကွ ထိုဘက်ကမ်းသို့ တန်ခိုးတော်ဖြင့်ကြွတော်မူလေ၏။ သုနိဓနှင့် ဝဿကာရအမတ်ပုဏ္ဏားတို့လည်း ဘုရားရှင်ထွက်တော်မူရာတံခါးကို 'ဂေါတမ' တံခါးဟူ၎င်း၊ ဘုရားရှင်ကူးဖြတ်ရာ မြစ်ဆိပ်ကို 'ဂေါတမဆိပ်' ဟူ၎င်း အမည်တွင်စေလေ၏။

၂၆၅။ ဘုရားရှင် ကောဋိရွာနှင့် နာတိကရွာသို့ ကြွတော်မူခြင်း

ထိုနောက် ဘုရားရှင်သည် အရှင်အာနန္ဒာ စသောရဟန်းအပေါင်း ခြံရံလျက် ကောဋိရွာသို့ ကြွတော်မူ၏။ ကောဋိရွာ၌ ဘုရားရှင်သည် ရဟန်းတို့အား "ရဟန်းတို့၊အရိယာ သစ္စာလေးပါးတို့ကို လျော်ကန်စွာမသိခြင်း၊ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်၎င်း၊ သင်ချစ်သားတို့သည်၎င်း ရှည်လျားလှစွာ ဤသံသရာ ကာလပတ်လုံး ဘဝတခုမှ ဘဝတခုသို့ မရပ်မနား ပြေးသွားခဲ့ရလေပြီ။ ဘဝတခု၌ ထပ်ကာထပ်ကာ မရပ်မတည် ကျင်လည်ခဲ့ရလေပြီ။ ယခုအခါ ငါဘုရားသည် ထိုသစ္စာလေးပါးတို့ကို လျော်ကန်စွာ သိအပ်ပြီ။ ထိုးထွင်း၍ သိအပ်ပြီ။ ဘဝ၌ တပ်မက်သော ဘဝတဏှာသည် အကြွင်းမဲ့ အမြစ်ပြတ် ဖြတ်အပ်လေပြီ။ ငါဘုရား၏ သန္တာန်ဝယ် ဘဝသစ်သို့ ဆွဲဆောင်တတ်သော ဘဝတဏှာသည် ကုန်ခဲ့လေပြီ။ ယခုအခါ ငါဘုရားအဘို့ တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ" ဟူ၍ စကားပြေဂါထာ နှစ်မျိုးစုံဖြင့် ဟောကြားတော်မူ၏။ ထိုနောက် "ဤကား သီလတည်း" အစရှိသော တရားစကားကိုလည်း ဟောကြားတော်မူလေ၏။

ဘုရားရှင်သည် ကောဋိရာဒ္ဒ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာ စသော ရဟန်းအပေါင်း ခြံရံလျက် နာတိကရွာသို့ ကြွတော်မူ၍ အုတ်ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်အား နာတိကရွာမှ "သာဓု၊ သုဇာတာ" အစရှိသော ဥပသကာ၊ ဥပသိကာမများစွာတို့ ကွယ်လွန်ကြောင်းနှင့်တကွ ထိုသူတို့၏ လားရာဂတိ အသီးသီးကို မေးလျှောက်လေ၏။ ဘုရားရှင်က နာတိကရွာမှ စုတေသွားကြသော ဥပသကာတို့အနက် သာဒ္ဓသည် ရဟန္တာဖြစ်ကြောင်း၊ ဥပသကာ ငါးဆယ်ကျော်တို့သည် အနာဂါမ်များ ဖြစ်ကြကြောင်း၊ ဥပသကာကိုးဆယ်ကျော်တို့သည် သကဒါဂါမ်များ ဖြစ်ကြောင်း၊ ငါးရာကျော်တို့သည် သောတာပန်များဖြစ်ကြကြောင်း မိန့်ကြားတော်မူလေ၏။

ထိုနောက် ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ဤသေသွားသော ထိုသူတို့၏ လားရာဂတိနှင့် တမလွန်ဘဝ အကြောင်းအရာကို ပြောကြားမှုသည် တရားနှင့် ပြည့်စုံသူတိုင်း ကိုယ်တိုင်ပင် ပြုလုပ်နိုင်သော အမှုဖြစ်၍ ဘုရားရှင် ကိုယ်တိုင် ဆောင်ရွက်ရလောက်အောင် ခက်ခဲသော အံ့ဘွယ် အထူးအဆန်း မဟုတ်။ လူသေတိုင်း လူသေတိုင်းပင် ဘုရားရှင်ထံ လာ၍ မေးမြန်းနေကြလျှင် ဘုရားရှင်အား ပင်ပန်းစေရုံမျှသာ ဖြင့်ရာ၏။ ချစ်သား အာနန္ဒာ၊ အကြင်ကြေးမုံတရား(ဓမ္မာဒါသ၊ ဓမ္မပရိယာယ)နှင့် ပြည့်စုံသော အရိယာသာဝကသည် ပြောကြားလိုမူ၊ ငါသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာဂတိကုန်ပြီးသူ ဖြစ်၏။ ငါသည် သောတာပန်ဖြစ်ပြီ။ ပျက်စီးကျရောက်ခြင်းသဘော မရှိပြီ။ ကိန်းသေ မြဲသူ ဖြစ်လေပြီ။ အထက်မင် သုံးပါးလျှင် နောက်ဆုံး လားရာရောက်ရာရှိသူ ဖြစ်လေပြီ" ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏။ ထိုကြေးမုံတရားတော်ကို ဟောကြားပေအံ့" ဟူ၍ မိန့်တော်မူပြီး ကြေးမုံတရားတော်ကို ဤသို့ ဟောကြားတော် မူလေ၏။

"ချစ်သား အာနန္ဒာ၊ ဤသာသနာတော်၌ ငါဘုရား၏ တပည့်အရိယာသာဝကသည် 'ဘုရားရှင်သည် အရဟံ စသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံပါပေ၏ ဟူ၍၎င်း၊ ဘုရားရှင် ဟောကြားအပ်သော တရားတော် သည် သွက္ခာတ စသော ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံပါပေ၏ ဟူ၍၎င်း၊ ဘုရားရှင်၏ တပည့်သာဝက သံဃာတော် သည် အကျိုးဂုဏ်ငါးပါးနှင့် ပြည့်စုံပါပေ၏ ဟူ၍၎င်း' ရတနာသုံးပါး၌ ကြွေးဇူးဂုဏ်တို့ကို ဉာဏ်ဖြင့် သက်ဝင်တွေ့မြင်သိရှိကာ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တဏှာ၏ ကျွန်အဖြစ်မှ လွတ်မြောက်စေတတ်ကုန်သော၊ သပ္ပာဓိကို ဖြစ်စေတတ်ကုန်သော အကျင့်သိလမြတ်တို့နှင့် မကျိုးမပေါက် ပြည့်စုံ၏။ ဤကြေးမုံတရား လေးပါး

နှင့် ပြည့်စုံသော အရိယာ သာဝကသည် မိန့်တော်မူပြီးသည့် အတိုင်း မိမိ ကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏'' ဟူ၍ မိန့်တော်မူ၏။ ထို့ပြင်လည်း ရဟန်းတို့အား ''ဤကား သိလတည်း'' အစရှိသော တရား တော်ကို ကြိမ်ဖန်များစွာ ဟောကြားတော်မူလေ၏။

၂၆။ ဝေသာလီပြည် အမ္ဗပါလီ၏ သရက်ဥယျာဉ်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် နာတိကရွာ၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာ အစရှိသော ရဟန်းအပေါင်းခြံရံလျက် ဝေသာလီပြည်သို့ ကြွ၍ 'အမ္ဗပါလီ' မည်သော ပြည့်တန်ဆာမ၏ သရက်ဥယျာဉ် အာရုံမ်၌ သီဘင်းသုံးတော် မူ၏။ထိုအခါ၌ ဘုရားရှင်၏ နောက်တော်ပါရဟန်းအပေါင်းတို့တွင် အသက် ငယ်၍ ရဟန်းဖြစ်စ လုံ့လဝိရိယ လျော့ပါးသော ရဟန်းငယ် ငါးရာတို့ ပါရှိလေ၏။ ဘုရားရှင်သည် 'ထိုရဟန်းငယ် ငါးရာတို့ မကြာမီရောက်ရှိလာ မည့် အမ္ဗပါလီပြည့်တန်ဆာမကို ရှုမြင်ကြလျှင် သတိထားစိမ့်သောငှာ' ကြို တင် သတိပေးသောအားဖြင့် ဆုံးမလိုရကား ''ရဟန်းတို့၊ ရဟန်းဝှိသည် သတိရှိလျက်, ဆင်ခြင်လျက် နေရာ၏။ အဘယ်သို့ သတိရှိနာသနည်း ဟူမူ ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် သောက၌ ဖြစ်တတ်သော လိုချင် တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေရာ၏။ ဝေဒနာ,စိတ် သဘောတရားတို့၌လည်း ဤနည်းအာဘူ အဖန်ဖန်ရှု၍ လောက၌ ဖြစ်တတ် သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းတို့ကို ပယ်ဖျောက်၍ နေရာ၏။ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ဝင်ရုံရာ၊ အိပ်ရာ၊နိုးရာ၊ စကားရာ၊ပြောရာ၊ ကြည့်ရာ၊ ကျင်ကြီးကျင်ငယ် စွန့်ရာ၊ ဆိတ်ငြိမ်ရာ၌ ဤသို့ အဖန်ဖန် ရှုဆင်ခြင်လျက် နေရာ၏။ ဤကား သင်ချစ်သာ တို့အတွက် ငါဘုရား၏အဆုံးအမပေတည်း'' ဟူ၍ မိန့်တော်မူလေ၏။

ထိုနောက် အမ္ဗပါလီသည် မိမိဥယျာဉ်၌ ဘုရားရှင် ကြွရောက် သီတင်း သုံးတော်မူကြောင်း ကြားသိလျှင် ယာဉ်ကိုစီးလျက် အခြံအရံစီးနင်းသော အရံယာဉ်တို့နှင့်တကွ ဘုရားရှင်ထံ သွားရောက်၍ ဖူးမြင် ရှိခိုးကာ ထိုင်နေ လေ၏။ သူမအား ဘုရားရှင်က တရားစကား ဟောကြားခြင်းဖြင့် တရား ကျင့်သုံးရန် ထက်သန် ရွင်လန်းစေ တော်မူ၏။ ထိုအခါ အမ္ဗပါလီ သည် နှစ်သက်ရွင်လန်းကာ ဘုရားရှင်အား ရဟန်းအပေါင်းနှင့် တကွ နက်ဖြန် အာဘုက် ဆွမ်းပင့်ဘိုဘ်ပြီး ပြန်လေ၏။ ခရီးအကြား၌ ဘုရားရှင်ထံဖူးမြင်ရန် ယာဉ်တို့ဖြင့် လာကြသော လိစ္ဆဝီ မင်းတို့နှင့် ခရီး ရင်ဆိုင် တွေ့လေသော်

အမ္မပါလီသည် အသက် ငယ်ရွယ်ကုန်သော လိစ္ဆဝီမင်းတို့၏ ရထားတို့ကို မိမိ ရထားနှင့် ဝင်ရိုးချင်း၊ ဘီးချင်း၊ထမ်းပိုးချင်း တိုက်ခိုက်စေ၏။ ထိုလိစ္ဆဝီတို့က "အဘယ့်ကြောင့် ဤသို့ပြုဘိသနည်း" ဟု မေးကြသော် အမ္မပါလီက "ငါသည် ဘုရားရှင်အား နက်ဖြန် ဆွမ်းပင့်ဘိတ်ခဲ့လေသောကြောင့် ဤသို့ပြု၏" ဟု ဆို၏။ "ထိုဆွမ်းကို အသင်ပြာ တသိန်းဖြင့် ငါတို့အား ပေးပါလော့" ဟု တောင်းကြသော် "ဝေသာလီတပြည်လုံးကိုပင် ပေးကြစေကာမူ ထိုဆွမ်းကို ကျွန်ုပ် မပေးနိုင်" ဟု ပြန်ပြောလေ၏။ လိစ္ဆဝီတို့သည် "ငါ့တို့ကို မိန်းမငယ်က နိုင်သွားလေပြီ" ဟု ပြောဆိုလျက် လက်ဖျားကို ခါကြလေ၏။

လိစ္ဆဝီမင်းတို့လည်း ရထားတို့ကို မောင်းနှင်၍ ဘုရားရှင်ထံ ဖူးမြင်ရန် သွားကြလေ၏။ ဘုရားရှင်သည် လိစ္ဆဝီမင်းတို့ကို အဝေးမှပင် မြင်တော်မူလျှင် "ရဟန်းတို့၊ တာဝတိံသာနတ်ပြည်တို့ကို မမြင်ဘူးသော ရဟန်းတို့သည် လိစ္ဆဝီတို့ကို ကြည့်ရှုကြကုန်လော့။ လိစ္ဆဝီမင်း ပရိသတ်ကို တာဝတိံသာ နတ်ပရိသတ်နှင့် အတူထား၍ ကြည့်ရှု ကုန်လော့" ဟု မိန့်တော်မူ၏။ လိစ္ဆဝီမင်းတို့သည် ဥယျာဉ်ဝ ရောက်သော် ရထားများမှ ဆင်း၍ ဘုရားရှင်ထံ သွားရောက် ဖူးမြော်ရှိခိုးကာ ထိုင်နေကြလေ၏။ သူတို့သည် ဘုရားရှင် ဟောကြားတော်မူသော တရားတော်ကို ကြားနာ ပြီးသော် ဘုရားရှင်အား နက်ဖြန်အတွက် ဆွမ်းပင့်ဘိတ်ကြလေ၏။ ဘုရားရှင်က "နက်ဖြန်အတွက် အမ္မပါလီ၏ ဆွမ်းကို လက်ခံတော်မူအပ်ပြီ" ဟု မိန့်တော်မူသဖြင့် လိစ္ဆဝီမင်းတို့သည် "ငါတို့ကို မိန်းမငယ်က နိုင်သွားလေပြီ" ဟု ဆိုကာ လက်ဖျစ်ခါကြလျက် ဘုရားရှင်အား ရှိခိုးပြီး ပြန်သွားကြလေ၏။

အမ္မပါလီသည် နောက်တနေ့နံနက် မိမိအိမ်သို့ ကြွလာတော်မူသော ဘုရားရှင် အမှူးရှိသည့် ရဟန်းအပေါင်းအား မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ဆက်ကပ်လုပ်ကျွေးလေ၏။ ဤသို့ ဆက်ကပ်ပြီးသော် အမ္မပါလီသည် "မြတ်စွာဘုရား၊ တပည့်တော်သည် ဤ အာရုံမ်ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူပါ၏" ဟု လျှောက်၍ လှူဒါန်းလေ၏။ ဘုရားရှင်သည် အလှူကိုခံပြီး၍ တရားစကား ဟောကြားတော်မူပြီးသော် နေရာမှထ၍ ဖဲကြွတော်မူ၏။ ဘုရားရှင်သည် အမ္မပါလီသရက်ဥယျာဉ်၌ နေတော်မူစဉ်လည်း ရဟန်းတို့အား ရှေးနည်းတူပင် "ဤကား သီလဘည်း" စသည့် သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါး တရားစကားကိုသာ ကြိမ်ဖန်များစွာ ဟောကြားတော်မူ၏။

ဗေဠုဝန်ရှာ၌ လေးဆယ့် ငါးဝါမြောက် ဝါကပ်တော်မူခြင်း

၂၆၇။ ဘုရားရှင်အား သိကြော မင်္ဂလုပ်ကျွေးခြင်း

ထိုနောက် ဘုရားရှင်သည် ဝေသာလီပြည် အနီးမှာပင်ရှိသော ဗေဠုဝန်ရာသို့ ကြွ၍ သီတင်းသုံးတော်မူ၏။ ဝါဆိုလပြည့်နေ့လောက်တွင် ဘုရားရှင်သည် ရဟန်းတို့အား "ရဟန်းတို့၊ သင်တို့သည် ဝေသာလီပြည်၏ ပတ်ဝန်းကျင် မိတ်ဆွေ အသိအကျွမ်း ရဟန်းများရှိရာ ကျောင်းတိုက်၌ ဝါကပ်ကြကုန်လော့။ ငါဘုရားမူကား ဤဗေဠုဝန်ရာ၌ပင် ဝါကပ်ဆိုအံ့" ဟု ရဟန်းတို့ကို ဝေသာလီပြည် ပတ်ဝန်းကျင်အရပ်၌ ဝါကပ်ရန် စေလွှတ်တော်မူပြီး ကိုယ်တော်မူကား ဗေဠုဝန်ရာ၌ပင် လေးဆယ့်ငါး ဝါမြောက် ဝါကပ်ဆိုနေတော်မူ၏။ ထိုအခါ ဘုရားရှင်အား သေလောက်အောင် ပြင်းထန် ကြမ်းတမ်းလှသည့် သွေးသွန်ရောဂါ ဝေဒနာ ဖြစ်ပေါ်လေ၏။

ထိုအခါ သိကြားမင်းသည် လာ၍ ဘုရားရှင်၏ခြေတော်တို့ကို လက်တို့ဖြင့် ဆုပ်နယ်ကာနေ၏။ ဘုရားရှင်က "သိကြားမင်း၊ နတ်တို့အဘို့ လူတို့၏ အနှံသည် ယူဇနာတရာမှနေ၍ လည်၌ ဆဲထားသည့် အကောင်ပုပ်ကဲ့သို့ ဖြစ်၏။ သင် သွားလော့။ ငါအား ပြုစုမည့် ရဟန်းများရှိကုန်၏" ဟု မိန့်တော်မူ၏။ သိကြားမင်းက "မြတ်စွာဘုရား၊ တပည့်တော်သည် ယူဇနာပေါင်း ရှစ်သောင်းလေးထောင် မြင့်သည့် မြင့်မိုရ်တောင်ထိပ်၌ နေလျက်ပင် ရှင်တော်ဘုရား၏ သီလတည်းဟူသော အနှံကို နမ်းရှုံ့ရပါသဖြင့် ရောက်လာပါသည်။ တပည့်တော်သာ လုပ်ကျွေးပါမည်ဘုရား" ဟု လျှောက်ထားပြီး ဘုရားရှင်၏ အညစ်အကြေးအိုးကို သူတပါးတို့အား လက်ဖြင့်ပင် ထိခွင့်မပေးဘဲ နှံသာအိုးကဲ့သို့ ဦးခေါင်းပေါ် တင်၍ မျက်နှာရှုံ့တွန့်ခြင်းကိုမျှ မပြုဘဲ ထုတ်ဆောင်လေ၏။ ဤသို့ ပြုစုသုတ်သင်ပြီး ဘုရားရှင် ချမ်းချမ်းသာသာ ရှိမှသာ ပြန်သွားလေ၏။

ထိုအကြောင်းကို ရဟန်းတို့က တအံ့တသြပြောဆိုကြသော် ဘုရားရှင်က "ရဟန်းတို့၊ သိကြားမင်းသည် ငါဘုရား၌ ချစ်ခင်မြတ်နိုးခြင်းကို ပြုသည်မှာ အံ့သြဘွယ် မရှိ။ ဤ သိကြားမင်းသည် ငါဘုရားကို မှီ၍ သိကြားအို ဘဝမှစုတေပြီး သောတာပန်ဖြစ်ကာ သိကြားမျို ဘဝသစ်ကို ရခဲ့ပေပြီ။ ဤသိကြားမင်းသည် သိကြားမင်းဘဝမှ စုတေတော့မည်ကိုသိ၍ ကြောက်

လန့်နေသဖြင့် ပဉ္စသိခနတ်သား‌ကို ရှေ့ကသွား‌စေပြီး ငါဘုရား‌ထံရောက်လာသော် ငါဘုရား‌၏ တရား‌စကား‌ကို ကြား‌နာရသဖြင့် ထိုင်လျက်ပင် သောတာပန်ဖြစ်သွား‌သည့်ပြင် သိကြား‌အိုဘ‌ဝမှစုတေ၍ တဖန် နုပျိုသော သိကြား‌မင်း‌ဘဝသစ်ကို ရခဲ့ပေ၏" ဟူ၍ (အခန်း ၂၅၁-လာ အတိုင်း) နောက်ကြောင်း‌ကိုအကျယ်တဝင့် ဟောပြတော်မူ၏၊ ထို‌နောက် ဆက်လက်၍ "ရဟန်း‌တို့၊ အရိယာပုဂ္ဂိုလ်တို့အား ဖူး‌မြင်ရခြင်း‌သည် ချမ်း‌သာ၏။ မလိမ္မာသော လူမိုက်တို့နှင့်အတူနေရခြင်း‌ကား‌ရန်သူနှင့်အဘူနေရဘိသ‌ကဲ့သို့ အခါခပ်သိမ်း‌ပင် အလွန်ဆင်း‌ရဲလှ၏။ ထို့ကြောင့် အရိယာသူတော်စင်ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်း‌ကပ်ရာ၏" စသည်ဖြင့် သုံး‌ဂါထာဖြင့်တရား‌ဟောတော်မူ၏။

ဘုရား‌ရှင်သည် ဖြစ်ပေါ်လာသော ပြင်း‌ထန်သည့် ထိုရောဂါဝေဒနာကို သတိ,သမ္ပဇဉ်ဖြင့်ယှဉ်လျက် လက္ခဏာသုံး‌ပါး ဝိပဿနာဉာဏ်ဖြင့် ပိုင်း‌ခြား‌ရှုမြင် ဆင်ခြင်တော်မူလျက် ပင်ပန်း‌သည်ဟုမရေတွက်ဘဲ သည်း‌ခံတော်မူ၏။ ထို‌နောက် ဘုရား‌ရှင်သည် "ငါသည် အလုပ်အကျွေး‌တို့ကို အသိမပေး‌ဘဲ၊ ရဟန်း‌သံဃာကိုမပန်ကြား‌ဘဲ ပရိနိဗ္ဗာန်မပြု‌သင့်။ ဤရောဂါ ဝေဒနာကို 'ဝိပဿနာ,ဖလသမာပတ်'ဗီရိယနှစ်ပါး‌ဖြင့် ပယ်ခွာတွန်း‌လှန်၍ ပေါ်ဇျင်ခုနှစ်ပါး‌တို့ကို ပွား‌များလျက် အသက်ရှည်စေနိုင်သော သမာပတ်ကိုဝင်စား‌လျက် နေရမူ ကောင်း‌လေစ့" ဟု ကြံ၍ ထိုကြံစည်သည့်အတိုင်း နေတော်မူလေ၏။

၂၆ဂ။ မိမိကိုယ်နှင့်တရား‌ကိုသာမှီခိုရန် ဟောတော်မူခြင်း

ထို‌နောက် ဘုရား‌ရှင်သည် ထိုရောဂါမှထ‌မြောက်လာ၍ မကြာမီ ကျောင်း‌မှထွက်ပြီး ကျောင်း‌အရိပ်တွင် ခင်း‌ထား‌သည့် နေရာ၌ ထိုင်နေတော်မူ၏။ ထို အခါ အရှင်အာနန္ဒာသည် ဘုရား‌ရှင်ထံ ချဉ်း‌ကပ်လာ၍ "မြတ်စွာဘုရား၊ ရှင်ခတော်ဘုရား‌၏ ကျန်း‌မာ ချမ်း‌သာလာခြင်း‌ကို တွေ့မြင်ရ၍ ဝမ်း‌မြောက်လှပါ၏။ ရှင်တော်ဘုရား မကျန်း‌မမာဖြစ်စဉ်က တပည့်တော်မှာ ကိုယ်လက် လေး‌လံကာနေပြီး အရပ်မျက်နှာတို့လည်း မကွဲပြား‌ပါကုန်။ သတိပဋ္ဌာန်စသော တရား‌တို့ကိုလည်း တပည့်တော်ဉာဏ်၌ မထင်လင်း‌ပါကုန်။ ဘုရား‌ရှင်သည် ရဟန်း‌သံဃာနှင့်စပ်လျဉ်း၍ တစုံတရာမှာထား‌ချက်ကို မြှက်ကြား‌တော်မမူရသေး‌သမျှကာလပတ်လုံး‌ပရိနိဗ္ဗာန်စံဝင်တော်မူမည်မဟုတ်ဟု အောက်မေ့နေသောကြောင့်သာ တပည့်တော်မှာ သက်သာခွင့်ရရှိပါတော့သည်။ ရှင်တော်ဘုရား‌သည် တရား‌တော်ကို ဟောနိုင်သမျှ ကာလပတ်လုံး ပရိနိဗ္ဗာန်စံတော်မမူသည်ကိုသာမြင်လိုပါ၏ဘုရား" ဟု လျှောက်ထား‌လေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ ရဟန်းသံဃာသည် ငါဘုရား ထံမှဘယ်အရာကိုမျှော်လင့်နေသနည်း။ ငါဘုရားသည် အတွင်း၌ရင်း၊ အပြင်၌ ရင်း, အကြွင်းမထားဘဲ 'သုတ်, အဘိဓမ္မာ, ဝိနည်း' ဟူသော တရားကော်တို့ကို ဟောခဲ့ပြီ။ တရားအရာ၌ ဆရာစားပြုလုပ်ထားသော လျှို့ဝှက်ချက် မရှိချေ။ 'ရဟန်းသံဃာကို ငါသာလျှင်သိမ်းယူထားအံ့' ဟူ၍ရင်း၊ ရဟန်းသံဃာသည် ငါ့ကိုသာလျှင် အားကိုးရာရှိ၍နေစေ' ဟူ၍ရင်း- ဤသို့လိုလားသောပုဂ္ဂိုလ် သည်သာ ရဟန်းသံဃာနှင့်စပ်လျဉ်း၍တစုံတရာမှာထားချက်ကိုမြွက်ဆိုရာ၏။ ငါဘုရားမှာ ဤသို့သောလိုလားချက် လုံးဝမရှိသဖြင့် ရဟန်းသံဃာနှင့် စပ် လျဉ်း၍ တစုံတရာမှာထားချက်ကို အဘယ်မှာမြွက်ဆိုတော့အံ့နည်း။ ချစ်သား အာနန္ဒာ၊ ယခု ငါဘုရားသည် အိုမင်းကြီးရင့်လေပြီ။ သက်တော် ရှစ်ဆယ် ရှိလေပြီ။ လှည်းအိုကြီးကိုဖွဲ့စည်းတုပ်နှောင်ထားရသကဲ့သို့ ငါဘုရား၏ခန္ဓာ ကိုယ်လည်း 'အာယုပါလက- ဖလသမာပတ်' ဖြင့် ဖွဲ့စည်း တုပ်နှောင်ထားရ ပေ၏။

"ထို့ကြောင့်ပင်၊ အာနန္ဒာ၊ သင်ချစ်သားတို့သည် မိမိကိုယ်ကိုသာ မှီခို ရာပြု၍နေကြကုန်လော့။ တရားကိုသာ မှီခိုရာ, ကိုးကွယ်ရာပြု၍ နေကြကုန် လော့။ ငါဘုရားသည် အာရုံခြောက်ပါးလုံးကိုမလိုက်စားဘဲ သင်္ခါရတရား ကို အာရုံမပြုသော အရဟတ္တဖိုလ်သမာပတ်ကို ဝင်စား၍နေတော်မူသော အခါ ငါ၏ကိုယ်တော်သည် အထူးသဖြင့် ချမ်းသာ၏။ အဘယ်သို့ မိမိကိုယ် ကိုသာ မှီခိုရာပြု၍ နေရသနည်းဟူမူ- ဤသာသနာ၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက် ဆင်ခြင်သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှု လျက် လောက၌ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍နေရာ၏။ ဝေဒနာ, စိတ်, သဘောတရားတို့၌လည်း ထို့အတူ ပင်ဖြစ်၏။ ချစ်သားအာနန္ဒာ၊ ယခု ငါဘုရားရှိစဉ်ပင်ဖြစ်စေ၊ ငါဘုရား ကွယ်လွန်သော အခါ၌ဖြစ်စေ မိမိကိုယ်ကိုမှီခိုရာပြု၍ တရားကိုမှီခိုရာပြု၍ နေကြမည် ဆိုလျှင် အလုံးစုံသော ရဟန်းတို့သည် အမြတ်ဆုံးသော သိက္ခာ သုံးပါး လိုလားသူ(ရဟန္တာ)စင်စစ် ဖြစ်ကြပေလိမ့်မည်" ဟူ၍ တရားဟော တော်မူလေ၏။

ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွတော်မူခြင်း

၂၆၉။ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံဝင်ခြင်း

ဘုရားရှင်သည် ဗေဋ္ဌုဝရွာ၌ နောက်ဆုံး ဝါဆိုတော်မူ၍ ဝါကျွတ်လတ် သော် သာဝတ္ထိပြည်သို့ဒေသစာရီကြွချီ၍ ဇေတဝန်ကျောင်း၌သီတင်းသုံးနေ

တော်မူ၏။ ထိုနေ့ကား တန်ဆောင်မုန်းလဆန်း ရှစ်ရက်နေ့လောက်ဖြစ်၏။ ထိုနေ့မှာပင် အရှင်သာရိပုတ္တရာသည် ဆွမ်းစားပြီး၍ ဆိတ်ငြိမ်ရာ အရပ်သို့ကြွကာ သမာပတ်ဝင်စား၍ ထိုသမာပတ်မှထသော် "ဘုရားရှင်တို့ပင် ရှေးဦးစွာ ပရိနိဗ္ဗာန်စံဝင်တော်မူကုန်သလော။ အဂ္ဂသာဝကတို့ပင် ရှေးဦးစွာ ပရိနိဗ္ဗာန်စံဝင်ကုန်သလော" ဟု စဉ်းစားလေ၏။ မထေရ်သည် "အဂ္ဂသာဝကနှစ်ပါးတို့က ရှေးဦးစွာပရိနိဗ္ဗာန်စံဝင်ကြ၏" ဟု သိမြင်၍ မိမိ၏အာယုသင်္ခါရကိုဆက်၍ရှုဆင်ခြင်သော် "ငါ၏အာယုသင်္ခါရတို့သည် ခုနစ်ရက်သာ ဖြစ်ကြလိမ့်မည်" ဟု သိရှိပြီးလျှင် "ငါသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံဝင်ရမည်နည်း" ဟု ဆက်၍ စဉ်းစားလေ၏။

"ငါ၏မယ်တော်သည် သားလေးယောက်, သမီးသုံးယောက်အားဖြင့် ခုနစ်ယောက်သော ရဟန္တာတို့၏မိခင်ဖြစ်လျက် ရတနာသုံးပါး၌မကြည်ညို။ ထို ငါ့မယ်တော်သည် မင်္ဂဖိုလ်ရနိုင်မည့်ပါရမီရှိလေသလော" ဟု သတိရဆင်ခြင်တော်မူ၍ "သောတာပန်ဖြစ်လတံ့" သည်ကိုသိမြင်လေ၏။ "အဘယ်သူ၏တရားဖြင့် သောတာပန်ဖြစ်လေအံ့နည်း" ဟု ဆင်ခြင်သော် "ငါ၏တရားတော်ဖြင့်ပင် သောတာပန်ဖြစ်မည်" ဟု သိမြင်တော်မူသဖြင့် "ငါသည် ဤကိစ္စ၌ ကြောင့်ကြမဲ့လစ်လျူရှုနေခဲ့လျှင် 'အရှင်သာရိပုတ္တရာသည် တပါးသောသတ္တဝါတို့၏ ကိုးကွယ်ရာသာဖြစ်နိုင်၏။ မယ်တော်၏မှားသော အယူကိုပယ်ခြင်းငှာ မတတ်နိုင်ပါ" ဟု အများပြောဆိုရာဖြစ်ပေမည်။ ထို့ကြောင့် ငါသည် ငါ့မယ်တော်ကို မိစ္ဆာအယူမှချေချတ်ပြီးနောက် ငါ၏ဖွားရာတိုက်ခန်း၌ပင် ပရိနိဗ္ဗာန်စံဝင်ပေအံ့" ဟု ဆုံးဖြတ်လေ၏။

ထိုခဏ၌ပင် မထေရ်သည် ညိတော် စုန္ဒထေရ်ကိုခေါ်၍ "ငါ့ရှင်စုန္ဒ၊ မိဘတို့ရွာ(နာလကရွာ)သို့သွားကြကုန်အံ့။ ငါ၏ တပည့်ရဟန်းငါးရာတို့တို့အား အမှတ်သညာကို ပေးလေလော့" ဟု ဆိုလေ့၏။ စုန္ဒထေရ်လည်းသွား၍ ထိုအကြောင်းကိုကြားသဖြင့် အရှင်သာရိပုတ္တရာ၏ တပည့် ရဟန်းငါးရာတို့သည် ခရီးသွားရန်အတွက် ပြင်ဆင်ပြီး၍ မထေရ်ထံသို့ စုဝေးရောက်လာကုန်၏။ အရှင်သာရိပုတ္တရာသည် ထိုတပည့်ရဟန်းငါးရာ ခြံရံလျက် ဘုရားရှင်ထံသွား၍ ရိုသေစွာရှိခိုးပြီးလျှင် "မြတ်စွာဘုရား၊ တပည့်တော် အဘို့ ပရိနိဗ္ဗာန် စံဝင်ရန် အချိန်ရောက်ပါပြီ။ တပည့်တော် အာယုသင်္ခါရကို လွှတ်အုပ်ပြီးပါပြီ" ဟု ခွင့်ပန်စကား လျှောက်ကြားလေ၏။ ဘုရားရှင်က "ချစ်သား သာရိပုတ္တရာ၊ အဘယ်အရပ်၌ သင် ပရိနိဗ္ဗာန် ပြုအံ့နည်း" ဟု မေးတော်မူသော် "မြတ်စွာဘုရား မဂဓတိုင်းအတွင်း တပည့်တော် မွေးဖွားရာ 'နာလကရွာ'ရှိ မွေးဖွားရာအိမ်၏ တိုက်ခန်း၌ ပရိနိဗ္ဗာန် ပြုပါအံ့"

"သင်တို့ မည်သူနည်း"ဟု မေးသော် "စတုမဟာရာဇ် နတ်မင်းကြီးမျှားပါ ဘုရား"ဟု လျှောက်ကြ၏။ "ဘယ့်အတွက် လာကြသနည်း"ဟု မေးသော် "အရှင်ဘုရားကို လုပ်ကျွေးပြုစုရန် လာကြပါ၏"ဟု လျှောက်ကြလေ၏။ မထေရ်က "ငါ့မှာ သူနာပြုရမာန်းရှိပါ၏။ သင်တို့ ပြန်ကြလော့"ဟု ဆိုမှ နတ်မင်းကြီးတို့ ပြန်သွာ ကြလေ၏။ ထိုနောက် သိကြားမင်း၊ ထိုနောက် မဟာဗြဟ္မာကြီးတို့ လာကြသော အခါ၌လည်း မထေရ်က ရှေးနည်းတူ မိန့်ကြား၍ ပြန်လွှတ်လေ၏။ မယ်တော်သည် ထိုနှတ်၊ သိကြား၊ ဗြဟ္မာတို့ကို မြင်ရသဖြင့် "ငါ့သားကို ရှိခိုး၍ ပြန်သွားကြသော သူတို့ကား အဘယ် သူမျှားနည်း"ဟု သိလို၍ စုန္ဒထေရ်အား မေး၏။ စုန္ဒထေရ်သည် မယ်တော် အား အလုံးစုံ ရှင်းပြပြီးနောက် အရှင်သာရိပုတ္တရာအား "မယ်တော်ကြီး လာနေပါပြီ ဘုရား"ဟု လျှောက်လေ၏။ မထေရ်က "ဒကာမကြီး၊ အဘယ် ကြောင့် အခါမဟုတ်ဘဲ လာရောက်သနည်း"ဟု မေးလေလျှင် "ချစ်သားကို ဖူးမြင်ရန်၊ ရောဂါသက်သာသည်၊ မသက်သာသည်ကို မေးရန်လာပါ၏"ဟု လျှောက်ထားပြီး "ချစ်သားထံ လာရောက်ကြသည့် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းသော ပုဂ္ဂိုလ်တို့ကား အဘယ်သူတွေနည်း"ဟု မေးလျှောက်၏။

မထေရ်က "ဒကာမကြီး၊ ရှေးဦးစွာ လာသူတို့ကား စတုမဟာရာဇ် နတ်မင်းကြီး လေးပါးဖြစ်၏။ နောက်လာသူကား သိကြားမင်း၊ နောက် လာသူကား မဟာဗြဟ္မာမင်းကြီး ဖြစ်၏"ဟု မိန့်တော်မူ၏။ "သင် ချစ်သား သည် ထိုနှတ်၊ သိကြား၊ ဗြဟ္မာတို့ထက်ပင် သာလွန် မြင့်မြတ်သလော" ဟု မေးလျှောက်လျှင် မထေရ်က "ဒကာမကြီး စတုမဟာရာဇ် နတ်မင်းကြီး တို့ကား အရာမ်ဓောင့်မျှားနှင့် တူကြ၏။ သားတော်တို့ဆရာ ဘုရားရှင် ပဋိသန္ဓေ နေတော်မူသည်မှစ၍ သန်လျက်စွဲကာ စောင့်ရှောက် ခဲ့ကြ၏။ ဘုရားရှင်၏ တပည့်မျှားကိုလည်း စောင့်ရှောက်ပေးကြရ၏။ သိကြားမင်း သည်ကား သားတော်တို့၏ ပရိက္ခရာမျှားကို ကိုင်ဆောင်ရသော သာမဏေ ငယ်နှင့် တူလှ၏။ သားတော်တို့ဆရာ ဘုရားရှင် သာဝတ်သာနတ်ပြည်မှ ဆင်းသက်တော်မူသောအခါ သိကြားမင်းသည် သပိတ်သင်္ကန်းကို ယူဆောင် ၍ ဆင်းလိုက်ခဲ့ရ၏။ ဒကာမကြီးတို့ ကိုးကွယ်သော ဗြဟ္မာကြီးကား သား တော်တို့ဆရာ ဘုရားရှင် ဖွားတော်မူစဉ်က အလောင်းတော်ကို ရွှေကွန် ယက်ဖြင့် ခံလင့်ကြကုန်သော မဟာဗြဟ္မာမင်းကြီး လေးဦးထဲက တဦးဖြစ် ပေ၏"ဟု မိန့်ကြားလေ၏။

ထိုအခါမယ်တော်သည် "ယခု ငါမြင်ရသော ငါ့သား၏ဘုန်းအာနုဘော် ပင် အလွန် ကြီးမြတ်လှပေ၏။ ငါ့သား၏ဆရာ ဘုရားရှင်၏ အာနုဘော်ကား

အဘယ်မှာ ဆိုဘွယ်ရှိအံ့တော့နည်း”ဟု ကြံစည် ဆင်ခြင်လျက်ပင် တကိုယ်လုံး ပီဘိငါးဖြာဖြင့် လျှင်စွာ ပျံ့နှံ့သွားလေ၏။ ထိုအခါ မထေရ်သည် “ယခု ငါ့မယ်တော်သည် ကြီးမာ သောနှစ်သက်ဝမ်းမြောက်မှုရှိလေပြီ။ တရားဟော ရန် သင့်ပေပြီ”ဟု ကြံစည်ဆင်ခြင်ပြီးလျှင် “ဒကာမကြီး၊ အဘယ်ကို စဉ်းစား နေသနည်း”ဟု မေးလေ၏။ မယ်ဘော်က မိမိစဉ်းစားမိပုံကို လျှောက်ထား သော် မထေရ်က ဘုရားရှင်ဖွားတော်မူသည်မှ စ၍ ဓမ္မစကြာ ဟောကြား တော် မူသည်အထိ အံ့ဩဘွယ်ရာ အဖြစ်အပျက်များနှင့်တကွ ‘သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန’ ဟူသော ဂုဏ်တို့ဖြင့် ဘုရားရှင်နှင့်တူသူ လောကဌ် တဦးမျှမရှိကြောင်း၊ အရဟံ စသော ကိုးပါးသော ဂုဏ်ကျေးဇူး တော်များနှင့် ပြည့်စုံတော်မူကြောင်း၊ ဤသို့ ဘုရားဂုဏ်နှင့်စပ်သော တရား စကားကို အကျယ်တဝင့် ဟောကြားလေ၏။

တရား၏အဆုံးဌ မယ်တော်သည် သောတာပန် ဖြစ်လေသော် “ချစ်သား၊ ဤသို့မှန်မြတ်လှသော အမြိုက်ချမ်းသာကို မယ်တော်အား ဤမျှကြာသည့် ကာလပတ်လုံး မဟောကြားဘဲ အာဘယ့်ကြောင့် နေဘိသနည်း။ အာဘယ့် ကြောင့် ဤသို့ပြုရက်သနည်း”ဟု အပြစ်တင်စကားလျှောက်လေ၏။ ထိုအခါ မထေရ်သည် “ငါကား ဤမျှဖြင့် မယ်တော်အား မေ့မ်ကျေးဇူး ဆပ်အပ်ပေ ပြီ။ ဤမျှဖြင့် မယ်တော်အဘို့ သင့်လောက်ပြီ”ဟု ကြံစည် ဆင်ခြင်ပြီးလျှင် “မယ်တော် သွားလေဦးတော့”ဟု ဆို၍ နှင်လေ၏။ မယ်တော်ပြန်လေသော် မထေရ်က “ငါ့ညီစုန္ဒ၊ ဘယ်အချိန် ရောက်နေပြီနည်း”ဟု မေးလေ၏။ “လင်းလုနီးပါပြီ”ဟု လျှောက်သော် မထေရ်က “ငါ့ညီစုန္ဒ၊ ရဟန်းအပေါင်း ကို စုဝေးစေလော့”ဟု မိန့်ကြားလေ၏။ ရဟန်းများ စုဝေးနေဆိုင်ကြသော် မထေရ်သည် စုန္ဒထေရ်အား မိမိကိုယ်ကို ထူစေပြီးနောက် “ငါ့ရှင်တို့၊ ၄၄ နှစ် ပတ်လုံး ငါနှင့်အတူ လှည့်လည်၍ သွားလာနေထိုင်ကြသော သင်တို့ အား မနှစ်သက်အပ်သော ကာယကံ, ဝစီကံများ ငါပြုခဲ့မိသည်ရှိလျှင် သည်းခံ ကြကုန်လော့”ဟု တောင်းပန်စကား မိန့်ကြားလေ၏။

ထိုရဟန်းတို့က “မရှိပါဘုရား၊ စင်စစ်အားဖြင့် အရှင်ဘုရားတို့ကသာ တပည့်တော်တို့အား သည်းခံတော်မူပါဘုရား”ဟု တောင်းပန် ကန်တော့ စကား ပြောကြားကြလေ၏။ ထိုခဏ၌ပင် မထေရ်သည် (တန်ဆောင်မုန်း လပြည့် ညအပြီး နံနက်မိုးသောက်ယံ၌) သင်္ကန်းကိုရုံ၍ လက်ျာနံပါးဖြင့် လျောင်းလျက် စျာန်သမာပတ်, ဖလသမာပတ်တို့ကို အနုလုံ, ပဋိလုံအားဖြင့် မပြတ် ဝင်စားတော်မူပြီးနောက် စတုတ္ထစျာန်မှ အထတ္ထင် ဤမဟာပထဝီ မြေကြီးကို ပဲ့တင်ထပ်စေလျက် ပရိနိဗ္ဗာန်စံသွားလေ၏။ ထိုအခါ မယ်တော်

သည် "ငါ့သားဘယ်သို့ရှိပါလိမ့်"ဟု လာ၍ ခြေကိုဆုပ်နယ် သုံးသပ်သော် ပရိနိဗ္ဗာန် စံဝင်ပြီးကြောင်းသိလျှင် ခြေတော်တို့ဦးတိုက်ပြီးလျှင်"ချစ်သား၊ ရှေးက ငါ့သား၏ ဂုဏ်ကျေးဇူးကို မယ်တော် မသိရပါ။ ယခုမှသာ သိရပါတော့၏။ စည်းစိမ်ဥစ္စာ ကြွယ်ဝပါလျက် သားရဟန်းကို အမှူးထားပြီး ဘုရားရှင်နှင့်တကွ အသိန်းမကသော ရဟန်းသံဃာတော်များကို မယ်တော် အိမ်မှာ ပင့်ပြီး ဆွမ်းမကျွေးခဲ့ရပါလေ။ သင်္ကန်းတထည်မျှ မလှူခဲ့ရပါလေ။ ကျောင်းတဆောင်မျှ မဆောက်လှူခဲ့ရပါလေ"စသည်ဖြင့် ငိုကြွေး မြည်တမ်းရှာလေ၏။

နေအရုဏ်တက်လျှင် မယ်တော်သည် ရှေပန်းထိမ်သည်တို့ကို ခေါ်စေ၍ ရှေတိုက်မှ ရှေတုံးရှေခဲများကို အပ်ပြီး "အမောင်တို့၊ ဤရှေတို့ဖြင့် ရှေပြာသာဒ်ငါးရာ, ရှေမဏ္ဍပ်ငါးရာတို့ကို ဆောက်လုပ်ကြလော့"ဟု စေခိုင်းလေ၏။ ထိုအခါ သိကြားမင်းသည် ဝိသကြုံနတ်သားကို ခေါ်၍ "အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံလေပြီ။ မထေရ်အတွက် ရှေပြာသာဒ် ငါးရာနှင့် ရှေမဏ္ဍပ်ငါးရာကို ဖန်ဆင်းလေလော့"ဟု စေခိုင်းလေ၏။ ဝိသကြုံလည်း သိကြားမင်းခိုင်းသည့်အတိုင်း ဖန်ဆင်းလေ၏။ ရှေပန်းထိမ်သည်တို့လည်း ရှေပြာသာဒ်ငါးရာနှင့် ရှေမဏ္ဍပ်ငါးရာတို့ကို ပြုလုပ်ကြသဖြင့် ရှေပြာသာဒ် ရှေမဏ္ဍပ်ပေါင်း နှစ်ထောင် ရှိလေ၏။ ထို့နောက် နာလကရွာကြီးအလယ်၌ အခိုင်အမာ မဏ္ဍပ်ကြီးကို ဆောက်လုပ်စေပြီး ထိုမဏ္ဍပ်ကြီးအလယ်၌ အကြီးဆုံး ရှေပြာသာဒ်ကြီးကိုထား၍ ကျန်ပြာသာဒ်များ,မဏ္ဍပ်များကို အရံအဖြစ်ထားရှိပြီး သာဓုကီဠနသဘင်ကို ကျင်းပလေ၏။ နတ်တို့လည်း လူတို့နှင့် ရောနှောကာ ပြာသာဒ်တခုမှ တခုသို့ လှည့်လည်သွားလာကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော'ရေဝတီ'အမည်ရှိ အမျိုးသမီးသည် "ငါ့မထေရ်အား ပူဇော်အံ့"ဟု ရှေပန်းအိုး သုံးလုံးကို ပြုလုပ်စေပြီး စျာပနသဘင်သို့ယူဆောင်လာ၏။ သိကြားမင်းလည်းထိုအချိန်၌ "မထေရ်အားပူဇော်အံ့"ဟု ကုဋ္ဌေမကသော နတ်သမီး ကခြေသည်မများ ခြံရံလျက် ဆင်းသက်လာ၏။ လူတို့သည် သိကြားမင်းကိုမြင်လျှင် နောက်သို့ ဆုတ်ဆုတ်သွားကြ၏။ ရေဝတီလည်း နောက်သို့ဆုတ်လေသော်လူတို့အကြား၌ လဲလေ၏။ လူများစွာတို့ တက်နင်းကြသဖြင့် သေလေသော် တာဝတိံသာ နတ်ပြည်တွင်ကြီးကျယ်ခမ်းနားလှသောဘုံဗိမာန်နှင့်တကွ နတ်သမီးတထောင် ခြံရံအပ်သော ဘုန်းတန်ခိုးကြီးသည့် နတ်သမီးဖြစ်လေ၏။ ရေဝတီနတ်သမီး သည် ရှေးကောင်းမှုကို ဆင်ခြင်၍ အရှင်သာရိပုတ္တရာအား ပူဇော်သော ကောင်းမှုကံကို သိမြင်လျှင် ချက်ခြင်းပင် ဗိမာန်ကြီးနှင့်တကွလာပြီး မထေရ်၏

အလောင်း မီးသင်္ဂြိုဟ်ရန် စုပုံထားသည် နံ့သာထင်ပုံးအထက် ကောင်းကင်၌ ဗိမာန်ကြီးကို ထားခဲ့၍ ဆင်းလာပြီး မထေရ်၏အလောင်းကို ပူဇော်လေ၏။

ထိုအခါ လူတို့က "သင်ဘယ်သူနည်း" ဟု မေးကြသော် ရေဝတီနတ်သမီးက "သင်တို့ ငါ့ကို မသိကြသလော၊ ငါကား ရေဝတီတည်း" စသည်ဖြင့် အဖြစ်အပျက် အလုံးစုံကို ပြန်ပြောပြပြီးနောက် "ငါ၏ နတ်စည်းစိမ်အသရေကို ကြည့်ရှုကြပါလော့။ သင်တို့လည်း ကုသိုလ်ကောင်းမှု များစွာကို ပြုကြလော့" ဟု ကုသိုလ်၏ ဂုဏ်ကျေးဇူးစကားကို ပြောကြားပြီးလျှင် မထေရ်၏ အလောင်းတော်ထားရာ နံ့သာထင်းပုံကို လက်ျာရစ် ရှိခိုးပြီး တာဝတိ သာနတ်ပြည်သို့ ပြန်သွားလေ၏။ လူအပေါင်းတို့သည် ခုနစ်ရက်ပတ်လုံး 'သာဓုကီဌန' သဘင် ဆင်ယင်ကျင်းပပြီးလျှင် အလောင်းတော်ကို နံ့သာထင်းပုံးထက်တွင် တင်ကာ မီးရှို့ကြလေ၏။ ထို့နောက် အရှင်အနုရုဒ္ဓါမထေရ်က နံ့သာရေဖြင့် မီးကို ငြိမ်းစေ၏။ ထိုအခါ ညီတော်စုန္ဒထေရ်သည် မထေရ်၏ ဓာတ်တော်များကို ရေစစ်ထဲထည့်၍ မထေရ်၏ သင်္ကန်း, သပိတ် စသည့် ပရိက္ခရာများကိုပါ ဇေတဝန်ကျောင်းသို့ ယူဆောင်သွားပြီး မိမိ၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်အာနန္ဒာထံ သွား၍ အကြောင်းစုံကို လျှောက်ကြားလေ၏။

အရှင်အာနန္ဒာလည်း စုန္ဒထေရ်ကို ဘုရားရှင်ထံ ခေါ်သွားပြီး "မြတ်စွာဘုရား၊ အရှင်စုန္ဒသည် ပရိနိဗ္ဗာန် စံဝင်လေပြီးသော အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များနှင့် ပရိက္ခရာများကို ယူဆောင်လာပါ၏" ဟု လျှောက်ထား၍ ဓာတ်တော် ထည့်ထားသော ရေစစ်ကို ဆက်ကပ်လေ၏။ ဘုရားရှင်သည် လက်တော်ကို ဆန့်တန်းကာ လက်ခံ၍ လက်ဝါးပြင်ပေါ်၌ တင်ထားတော်မူလျက် ရဟန်းတို့အား "ချစ်သားရဟန်းတို့၊ လွန်ခဲ့သော ၁၅ ရက်က သာရိပုတ္တရာသည် တန်ခိုးပြာဋိဟာပေါင်း များစွာကို ပြသခဲ့ပြီး၍ ပရိနိဗ္ဗာန် စံဝင်ရန် ငါဘုရားအား ခွင့်ပန်သွားခဲ့၏။ ယခု သာရိပုတ္တရာ၏ ဓာတ်တော်များသာ ကျန်ရှိလေတော့ပြီ။ သာရိပုတ္တရာသည် တသခြေ်နှင့် ကမ္ဘာတသိန်းကြာ ပါရမီတို့ကို ဖြည့်ကျင့်ခဲ့သဖြင့် ငါဘုရားမှ ထောက်, နှစ်ခုမြောက်သော နေရာ (အဂ္ဂသာဝက)ကို ရရှိသူဖြစ်၏။ ငါဘုရားမှတပါး စကြဝဋ္ဌာတိုက် တသောင်း၌ ပညာဂုဏ်အားဖြင့် အတုမရှိသူ ဖြစ်၏" စသည်ဖြင့် အရှင်သာရိပုတ္တရာ၏ ထူးကဲသော ဂုဏ်ကျေးဇူးတို့ကို ဂါထာငါးရာတို့ဖြင့် အကျယ်တဝင့် ချီးကျူး ဟောကြားတော်မူလေ၏။

ထိုအခါ အရှင်အာနန္ဒာက မိမိအား အမြဲမပြတ် သွန်သင်ဆုံးမခဲ့သော အရှင်သာရိပုတ္တရာ၏ဂုဏ်ကျေးဇူးတို့ကို အောက်မေ့၍ယူကြုံးမရ၊ စိတ်ထိခိုက်လှပါကြောင်း လျှောက်ကြားသဖြင့် ဘုရားရှင်က သခ်ါရသဘောအကြောင်

တရားဟော၍ နှစ်သိမ့်တော်မူရလေ၏။ ထိုနောက် ဘုရားရှင်သည် အရှင်သာရိပုတ္တရာ၏ အရိုးဓာတ်တော်များကို သာဝတ္ထိပြည်တွင် စေတီ တည်ထားစေတော်မူလေ၏။

ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

၂၇၀။ အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံဝင်ခြင်း

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူလျက် အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များကို သာဝတ္ထိပြည်၌ ဓာတုစေတီကို တည်ထားတော်မူစေပြီးလျှင် အရှင်အာနန္ဒာအစရှိသော ရဟန်းအပေါင်းခြံရုံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွချီ၍ ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။

အရှင်မောဂ္ဂလ္လာန်ကား တန်ခိုး အာဂုံ၌ အထွဋ်အထိပ် ရောက်သူဖြစ်ရကား တဝတိံသာ နတ်ပြည်နှင့် ဥဿဒ ငရဲလောကသို့ကြ၍ နတ်ပြည်၌ ဘုရားရှင်၏ တပည့်သာဝကတို့၏ ကြီးစွာသောနတ်စည်းစိမ် ခံစားရပုံကို၎င်း၊ ဥဿဒ ငရဲတို့၌ တိတ္ထိတပည့်များ၏ ကြီးစွာသော ဆင်းရဲဒုက္ခ ခံစားရပုံကို၎င်း ကိုယ်တိုင် တွေ့မြင်ရပြီးလျှင် လူ့ပြည်သို့ပြန်၍ ထိုအကြောင်းအရာများကို လူတို့အား ပြန်လည် ဟောကြားလေ၏။ သို့ဖြစ်၍ လူတို့သည် သာသနာ၌ ကြည်ညိုကြပြီး တိတ္ထိတို့ကို ရှောင်ကြဉ်ကြလေ၏။ ဘုရားရှင်နှင့် သာဝကတို့အား ကြီးစွာသောပူဇော်သက္ကာရဖြစ်၍ တိတ္ထိတို့အား တနေ့တခြား လာဘ်ပူဇော်သက္ကာမှ ဆုတ်ယုတ်သွားလေတော့၏။ ထို့ကြောင့် တ်တ္ထိတို့သည် အရှင်မောဂ္ဂလ္လာန်အား ရန်ငြိုးဖွဲ့ကြလျက် "ဤမောဂ္ဂလ္လာန်ရဟန်း အသက်ရှင်နေလျှင် ငါတို့၏ အလုပ်အကျွေး ဒါယကာများ တနေ့တခြား ပျက်ပြားကုန်ရာ၏။ ငါတို့အား လာဘ်ပူဇော်သက္ကာလည်း တနေ့တခြား ဆုတ်ယုတ်ရာ၏။ ထိုမောဂ္ဂလ္လာန်ကို သတ်စေကုန်အံ့" ဟု တိုင်ပင် သမဓာတူကြပြီး မထေရ်ကို သတ်ရန် 'သမဏဂုတ္တက' မည်သော ဓားပြဗိုလ်အား ငွေတထောင် ပေးကြလေ၏။

ယခုဘုရားရှင် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ်တွင် အရှင်မောဂ္ဂလ္လာန်သည် ရာဇဂြိုဟ်ပြည် အနီးရှိ ဣသိဂိလိ တောင်ယံဝယ် 'ကာဠသိလာ' မည်သော ကျောက်ဖျာ၌ သီတင်းသုံးလျက် ရှိပေ၏။ သမဏဂုတ္တက ဓားပြဗိုလ်သည် "မထေရ်ကို သတ်အံ့" ဟု ခိုးသူ ဓားပြ အခြံအရံများစွာ

နှင့်တကွ ထိုကာဋ္ဌသိလာ ကျောက်ဖျာရှိရာအရပ်သို့ သွားလေ၏။ မထေရ်သည် ထိုဓားပြဗိုလ်ကြီး လာနေသည်ကိုမြင်လျှင်ပင်တန်ခိုးဖြင့်ကောင်းကင်သို့ပျံတက်၍ တိမ်းရှောင်ဖဲသွားလေ၏။ ဓားပြဗိုလ်သည် မထေရ်ကို မတွေ့မြင်၍ ပြန်ခဲ့ပြီး နောက်တနေ့၌ ထို့အတူ သွားပြန်၏။ မထေရ်လည်း ရှေးနည်းတူ တိမ်းရှောင်ဖဲသွားလေ၏။ ဤနည်းဖြင့် ခြောက်ရက် ကြာလေ၏။ ခုနစ်ရက်မြောက်၌ကား မထေရ်သည် ရှေးဘဝက မိမိပြုခဲ့ဘူးသော မကောင်းမှုကံဆဲ့ငင်သည်ကို သိမြင်၍ အရပ်တပါးသို့ တန်ခိုးဖြင့် ဖဲသွားမှု မပြုနိုင်တော့ပေ။ ကောင်းကင်သို့ ပျံတက်ရန် မစွမ်းနိုင်တော့ပေ။

မထေရ်၏ ရှေးအကုသိုလ်ကံ။ ။မထေရ်သည် နှစဉ် ရှေးဘဝတခုဝယ် မယားကုံးချောစကားကို နာယူမှား၍ မျက်မမြင် မိဘ နှစ်ပါးကိုသတ်ရန် လှည်းပေါ်တင်ပြီး တောသို့ ခေါ်ဆောင်သွားကာ လူဆိုးဓားပြများ အသွင်ဖြင့် မိဘ နှစ်ပါးကို ရိုက်နှက်ပုတ်ခတ်ခဲ့၏။ မိဘတို့က "ချစ်သား၊ လူဆိုးတို့သည် ငါတို့အား ရိုက်နှက်ကုန်၏။ သင်ချစ်သား ဖယ်ရှားသွားလေလော့" ဟု ငိုယိုပြောဆိုကြလေ၏။ ထိုအခါ သားသည် မိဘ၏မေတ္တာ ကြီးမားပုံကို သိ၍ မိုက်မှားပြုမှားမိခဲ့မှုကို နောင်တရလျက် လူဆိုးများ ပြေးသွားဟန် ပြုပြီးမှ မိဘတို့၏ ခြေလက်များကို ဆုပ်နယ်ကာ "လူဆိုးများ ထွက်ပြေးကြပါပြီ။ မကြောက်လင့်" ဟု ဆို၍ အိမ်ပြန်ခေါ်သွားလေ၏။ ထိုမကောင်းမှုကံသည် ကမ္ဘာရှည်လျားစွာ အကျိုးပေးခွင့် မသာဘဲ ပြာဖုံးသော မီးကျီးစုကဲ့သို့ ရှိခဲ့ပြီး ဤနောက်ဆုံး ဘဝ၌မူကား ဇနပုင် အကျိုးပေးခွင့် ရလေ၏။ မှုဆိုး၏ခွေးသည် သားကောင်နောက် အစဉ်လိုက်၍မှီရာအရပ်၌ ဖမ်းကိုက်သကဲ့သို့အကုသိုလ်ကံမည်သည် အခွင့်သာသောအခါ ရောက်လေရာ ဘုဥာန်၌ အကျိုးပေးသည်သာတည်း။ အကျိုးမပေးဘဲ အချည်းနှီးဖြစ်သော ကံမည်သည် မရှိချေ။ အကျိုးပေးခွင့်ရသော ကံမှ လွတ်မြောက်သူ မည်သည် မရှိချေ။

သမဏကုတ္တာက ဓားပြဗိုလ်သည် နောက်လိုက်များဖြင့်မထေရ်ကို ဝိုင်းဝန်းဖမ်းယူပြီး မထေရ်၏ အရိုးတို့ကို ကျိုးပျက် ကြေမွအောင်ထုနှက် ရိုက်ချေ၍ 'သေပြီ' ဟု မှတ်ထင်ကာ ချုံပုတ်တခုပေါ်၌ ပစ်တင်ခဲ့ပြီး အခြံအရံ လူဆိုးများနှင့်အတူ ဖဲသွားလေ၏။ မထေရ်လည်း အတန်ငယ် သတိရလာ၍ "ငါသည် ဘုရားရှင်ကို ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန် စံဝင်ပေအံ့" ဟု ကြံစည်ကာ မှန်မှန်ညက်ညက် ကြေနေသော ခန္ဓာကိုယ်ကို အဘိညာဏ်စွမ်းတန်ခိုးဖြင့် ဖွဲ့စည်း၍ ခိုင်မာအောင် ပြုပြီးမှ ကောင်းကင်ဖြင့် ဘုရားရှင်ထံသို့ သွားလေ

၏။ "မြတ်စွာဘုရား၊ တပည့်တော် အားယုသခ်ါရ လွတ်ပြီးပါပြီ။ ပရိနိဗ္ဗာန် စံဝင်ပါတော့မည့် ဘုရား"ဟု လျှောက်သော် ဘုရားရှင်က "ချစ်သား၊ အဘယ်အရပ်သို့သွား၍ပရိနိဗ္ဗာန် စံဝင်မည်နည်း"ဟု မေးတော်မူ၏။ "ကာဠသိလာ ကျောက်ဖျာ အပြင်သို့သွား၍ ပရိနိဗ္ဗာန် စံဝင်ပါမည် ဘုရား"ဟု လျှောက်သော် ဘုရားရှင်က "ချစ်သား၊ ထိုသို့ဖြစ်လျှင် ငါ့အား တရား ဟောပြီးမှ သွားလော့။ ယခုအခါ သင် ချစ်သား ကဲ့သို့သော တပည့်သာဝက ကို နောက်တကြိမ် တွေ့မြင်ခွင့် မရှိတော့ပြီ"ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်မောဂ္ဂလ္လာန်သည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုး၍ ထန်း တဆင့်၊ နှစ်ဆင့် စသည် ထန်းခုနစ်ဆင့်တိုင်အောင် ကောင်းကင်သို့ ပျံတက်၍ (အရှင်သာရိပုတ္တရာ မထေရ်ကဲ့သို့ပင်)တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းပြလျက် တရားဓမ္မကိုလည်းဟောကာ ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီးနောက် ကာဠသိလာ ကျောက်ဖျာရှိရာ တောအုပ်သို့ကြွ၍ (တန်ဆောင်မုန်း လကွယ်နေ့တွင်) ပရိနိဗ္ဗာန် စံဝင်ပေ၏။ ထိုခဏ၌ပင် နတ်ပြည်ခြောက်ထပ်လုံး အုတ်အုတ် ကျက်ကျက် တုန်ပြိုင်နက် ဖြစ်သွားလေ၏။ နတ်ဗြဟ္မာတို့သည် ငါတို့ဆရာအရှင် မောဂ္ဂလ္လာန် မထေရ်မြတ် ပရိနိဗ္ဗာန် စံဝင်တော်မူပြီတဲ့"ဟု အချင်းချင်း ပြောဆိုကာနတ်၌ ဖြစ်သော ပန်းနံ့သာစသည်တို့ကိုဌင်း၊ နံ့သာ နတ်ထင်းတို့ကိုဌင်း ယူဆောင်၍ လာကြကုန်၏။ နံ့သာနတ်ထင်းပုံသည် ကိုးဆယ့်ကိုးတောင် အမြင့်ရှိလေ၏။ ထိုအခါ ဘုရားရှင်သည် ကိုယ်တော်တိုင်ပင် ရဟန်းဒေါင်းနှင့်တကွ ကြွ၍ မထေရ်၏ ရုပ်ကလာပ်အနိုင်္ဂရုပ် လျက် စိမ်ကာ မီးသဂြိုဟ်ရာကို ပြုစဉ်တော်မူ၏၊ မီးသဂြိုဟ်ရာ တယူဇနာ ပတ် ဝန်းကျင်၌ ပန်းမိုးကြီးရွာသွန်းချလေ၏။ ဈာပနသဘင်၌ နတ်၊ ဘီလူး၊ ဂဠုန်၊ နဂါးတို့သည် လူတို့နှင့် ရောနှောသွားလာ လှည့်လည်ကြလေ၏။ နတ်တို့သည် သာဓုကီဠနသဘင်ကို ခုနစ်ရက်တိုင် ဆင်ယင်ကျင်းပကြလေ၏။ ဈာပနကိစ္စပြီးသော် ဘုရားရှင်သည် မထေရ်၏ ဓာတ်တော်များကို ယူဆောင်၍ ဇေတဝန်ကျောင်းတိုက် တံခါးမုခ်အနိုင်္ဂ စေတီတည်စေတော်မူ၏။

ထိုအကြောင်းနှင့် ပတ်သက်၍ ရဟန်းတို့သည် တရားခန်းမဆောင်၌ "ငါရှင်တို့၊ အရှင်သာရိပုတ္တရာသည် ဘုရားရှင် အနိုင်္ဂ ပရိနိဗ္ဗာန် မစံသဖြင့် ဘုရားရှင်ထံမှ ကြီးစွာသော မြတ်နိုးတနာမှု အပြုမခံရချေ။အရှင်မောဂ္ဂလ္လာန်ကား ဘုရားရှင်အနိုင်္ဂ ပရိနိဗ္ဗာန် စံဝင်သဖြင့် ကြီးစွာသော မြတ်နိုးတနာမှု အပြုခံရပေ၏"ဟု ပြောဆိုကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ကြွလာ၍ ထိုရဟန်းတို့အားထိုစကားအကြောင်းကိုမေးမြန်းတော်မူပြီးလျှင် "ရဟန်းတို့၊ မောဂ္ဂလ္လာန်သည် ယခုသာ ငါ့ဘုရားထံမှ မြတ်နိုးတနာမှု အပြုခံရသည်

မဟုတ်။ ရှေးကလည်း အပြုခံရသည်သာတည်း" ဟုမိန့်ကြား၍ သရဘင်္ဂဇာတ် (ဇာ-) ဟောတော်မူလေ၏။

"အရှင်မောဂ္ဂလ္လာန်ကို လူဆိုး ခေးပြတို့ သတ်ကြသည်တဲ့" ဟူသော သတင်းသည် ဇမ္ဗူဒီပ် တကျွန်းလုံး၌ ပျံ့နှံ့သွားလေ၏။ ထိုအခါ အဇာတသတ်မင်းသည် သူလျှိုများကိုလွှတ်၍ မထေရ်အား သတ်ကြသည့် ထိုခေးပြတို့ကို အရဖမ်းယူ ခေါ်ဆောင်လာစေပြီး "သင်တို့ကို ဘယ်သူက သတ်ခိုင်းသနည်း" ဟု မေးလေ၏။ လူဆိုးတို့ကို အဝတ်မဝတ်သည့် တက္ကတုန်းတို့က ငေ့ပေး၍ အသတ်ခိုင်းကြပါ၏" ဟု လျှောက်လေလျှင် အဇာတသတ်မင်းသည် အဝတ်မဝတ်သော တိတ္ထိတက္ကတုန်း ငါးရာတို့ကို ဖမ်းစေ၍ ထိုလူသတ်သမား ငါးရာတို့နှင့် အတူတကွ မင်းယင်ဖြင့်၌ ချက်အထိ တုန်းတူးမြှုပ်စေပြီး အပေါ်က ကောက်ရိုးတို့ဖြင့် ဖုံးအုပ်၍ မီးတိုက်စေလေ၏။ ထိုသူအားလုံး မီးလောင်ကျမ်းသောအခါ အပေါ်က သံထုန်သွားတပ်သော ထုန်တုံးတို့ဖြင့် လူးလာခေါက်တုံ့ ထုန်ယက်စေ၍ အပိုင်းပိုင်းဖြစ်အောင် ပြုလုပ်စေလေ၏။

၂၃၁။ ဘုရားရှင် ဝေသာလီပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ အရှင်မောဂ္ဂလ္လာန်၏ ဓာတ်တော်များကို စေတီတည်ထားစေပြီးနောက် အရှင်အာနန္ဒာစသော ရဟန်းအပေါင်းခြံရံလျက် ခရီးဒေသစာရီ ကြွချီလေရာ အစဉ်သဖြင့် 'ဥက္ကစေလ'မြို့သို့(နတ်တော်လပြည့်နေ့တွင်)ရောက်တော်မူ၍ ဂင်္ဂါမြစ်ဆိပ်၌အဂ္ဂသာဝက ၂-ပါးပရိနိဗ္ဗာန်စံဝင်ခြင်းနှင့် ပတ်သက်ပြီး 'ဥက္ကစေလ'သုတ် (သံ၊၃၊ ၁၄၁)ကို ဟောတော်မူ၏။ ထိုနောက် ဥက္ကစေလမြို့မှ ထွက်ခွာ၍ အစဉ်သဖြင့် ဝေသာလီပြည်သို့ ရောက်တော်မူ၏။ နံနက်အခါ ဝေသာလီပြည်၌ ဆွမ်းခံ၍ ဆွမ်းဘုန်းပေးတော်မူပြီးနောက် "ချစ်သားအာနန္ဒာ၊ ထိုင်စရာအခင်းကို ယူခဲ့လော့။ နေ့သန့်စင်နေခြင်းငှာ စာပါလစေတီသို့ သွားကြအံ့" ဟု မိန့်တော်မူပြီး စာပါလစေတီသို့ကြ၍ အရှင်အာနန္ဒာ ခင်းပေးအပ်သော နေရာ၌ထိုင်နေတော်မူ၏။

ထိုအခါ ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ ဝေသာလီပြည်သည် မွေ့လျော်ဘွယ်ရှိ၏။ ဥဒေနစေတီ, ဂေါတမစေတီ, သတ္တမ္ဗစေတီ, ဗဟုပုတ္တစေတီ, သာရန္ဒစေတီ, စာပါလစေတီတို့လည်း မွေ့လျော်ဘွယ် ရှိပေ၏။ ချစ်သားအာနန္ဒာ၊ ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ကောင်းစွာ ပွားများဆောက်တည်ထား၍ ဆည်းပူးအားထုတ်သော ပုဂ္ဂိုလ်သည် အလိုရှိခဲ့သော် အာယုကပ် (သက်တမ်း)ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် ပို၍ဖြစ်စေ တည်

နေနိုင်ပေ၏။ ငါဘုရားသည် ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ကောင်းစွာပွား များ ဆောက်တည်ထား၍ ဆည်းပူးအား ထုတ်ထားပြီးဖြစ်ရာ ငါဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်၏"ဟူ၍ ထင်ရှားယော အရိပ်အမြွက်စကားကို မိန့်တော်မူ၏။ သို့ရာတွင် အရှင်အာနန္ဒာသည် သဘောပေါက်ရန် မစွမ်းနိုင်ဘဲ ရှိလေသဖြင့် "မြတ်စွာဘုရား၊ နတ်လူမျိုး၏ စီးပွားချမ်းသာအလို့ငှာ လောကကို သနား စောင့်ရှောက်တော်မူပါရန် ရှင်တော်ဘုရားသည် အာယုကပ်ပတ်လုံး တည် နေတော်မူပါလော့"ဟူ၍ ဘုရားရှင်အား မတောင်းပန်မိချေ။ ဆိတ်ဆိတ်သာ နေလေ၏။ (မာရ်နတ်က ကြောက်မက်ဘွယ် အာရုံကိုပြု၍ နှောက်ရှက်လေသဖြင့် အရှင်အာနန္ဒာသည် ဘုရားရှင် မိန့်ကြားသည့် စကားရိပ်ကို မသိနိုင်ဘဲ ရှိလေ၏။)

ဘုရားရှင်က ဤအရိပ်အမြွက်စကားကို ထပ်၍ သုံးကြိမ်တိုင်အောင် မိန့် ကြားတော်မူ၏။ သို့ရာတွင် အရှင်အာနန္ဒာသည်(မာရ်နတ်ကြောင့်)သဘော မပေါက်နိုင်ဘဲ ရှိလေသဖြင့် ဘုရားရှင်အား နတ်လူတို့ကို သနားသော အား ဖြင့် အာယုကပ်ပတ်လုံး တည်နေတော်မူရန် မတောင်းပန်မိချေ။ ထိုအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ သင်သွားလော့"ဟု မိန့်ကြားတော်မူ သဖြင့် အရှင်အာနန္ဒာသည် ဘုရားရှင်နှင့် မနီးမဝေးသော သစ်ပင်ရိပ်တခုဌ် ထိုင်နေလေ၏။

ထိုနောက် မကြာမီပင် မာရ်နတ်သည် ဘုရားရှင်ထံလာ၍ "မြတ်စွာ ဘုရား၊ ယခုအခါ ပရိနိဗ္ဗာန်စံတော်မူပါလော့။ယခုအခါ ဘုရားရှင်ပ့ရိနိဗ္ဗာန် စံဝင်ချိန်တန်ပါပြီ။ ရှင်တော်ဘုရားသည် ရှေးက တပည့်တော်အား 'မာရ် နတ်၊ ငါဘုရား၏ တပည့်ရဟန်းတို့သည်၎င်း၊ ရဟန်းမတို့သည်၎င်း၊ လူပါ သကာတို့သည်၎င်း၊ လူပါသိကာမတို့သည်၎င်း ငါဘုရား၏ တရားဒေသနာ တို့ကို နာကြားသဘောပေါက် ကျင့်ကြံအားထုတ်၍ ဆရာ၏ ဝါဒကိုမဟော ပြောနိုင်သေးသမျှ ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်စံတော်မည်မဟုတ်"ဟု မိန့်တော်မူခဲ့ပါ၏။ယခုအခါ ရှင်တော်ဘုရား၏ ပရိသတ်လေးပါးလုံး တတ်သိ လိမ္မာကြပါလေပြီ။ ထိုနောက်လည်း ရှင်တော်ဘုရားသည် တပည့်တော်အား 'မာရ်နတ်၊ ငါဘုရား၏ မြတ်သောအကျင့်ဟု ဆိုအပ်သော ဤသာသနာ တော်သည် ပညာရှိနတ်လူတို့ ကောင်းစွာ ပြန့်ပွားသည့်တိုင်အောင် မစည်ပင် မပြန့်ပွား လူသိမများသေးသရွေ့ ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်စံတော် မူမည်မဟုတ်'ဟု မိန့်တော်မူခဲ့ဘူးပါ၏။ ယခုအခါ ရှင်တော်ဘုရား၏ ဤ သာသနာတော်သည် ထိုကဲ့သို့ စည်ပင်ပြန့်ပွား လူသိများပါလေပြီ။ ထို့

ကြောင့် ယခုအခါ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူရန် အချိန်တန်ပါပြီ” ဟူ၍ လျှောက်ထားလေ၏။

ထိုအခါဘုန်းရှင်က “ဟယ်မာရ်နတ်ယုတ်၊ သင် မကြောင့်ကြလင့်။ ငါဘုရားသည် ဤနေ့မှ သုံးလလွန်သောအခါ (ကဆုန်လပြည့်နေ့၌) ပရိနိဗ္ဗာန်စံတော်မူပေအံ့” ဟု မိန့်တော်မူလေ၏။

၂၃၂။ ဘုရားရှင် အာယုသင်္ခါရလွှတ်တော်မူခြင်း

ထိုအခါ ဘုရားရှင်သည် ‘စာပါလ’ စေတီ၌ နေတော်မူစဉ်ပင် သတိရှိလျက်, ဆင်ခြင်တော်မူလျက် အာယုသင်္ခါရ (=အသက်ရှည်ရန် ပြုပြင်နိုင်သော အာယုပါလက-သမာပတ်)ကို လွှတ်တော်မူ၏ (၀၊) စွန့်လွှတ်တော်မူ၏။ ထိုခဏ၌ပင် မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်လေ၏။ တော်လည်းသိ (နတ်စည်)တို့လည်း တခြိမ့်ခြိမ့် မြည်ဟည်းကြကုန်၏။ ဘုရားရှင်သည် ဤသို့အာယုသင်္ခါရလွှတ်ပြီးသော် “ဘုရားရှင်သည် ပဝတ္တိအကျိုး၏ ဖြစ်ပွားရာ အကြောင်းဖြစ်သော ဘဝမျှားကို စိမ်တတ်သော ကာမာဝစရကံ, မဟဂ္ဂုတ် (ရူပါဝစရ၊ အရူပါဝစရ) ကံတို့ကို အရိယမဂ်ဖြင့် စွန့်ပစ်တော်မူလေပြီ။ ကိုယ်ခန္ဓာ အစ္ဆတ္တသန္တာန်ဝယ် ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ရှုမြော်မှု့ လျော်တော်မူသည်ဖြစ်၍၊ သမာဓိဖြင့် တည်ကြည်သော စိတ်ရှိသည်ဖြစ်လျက် ‘ချုပ်ဝတ်ကဲ့သို့’ တင်းကျပ်စွာ ရစ်ပတ်ထားသော ကံလေသာတရားကို မဂ်ဉာဏ်တည်းဟူသော သန်လျက်ဖြင့်ပယ်ရှားဖျက်ဆီးတော်မူခဲ့လေပြီ” ဟူ၍ ဝမ်းမြောက်သော ဂါထာဥဒါန်းကို ကျူးရှင့်တော်မူလေ၏။

(အာယုသင်္ခါရ-ဟူသည် အာယုပါလက-ဖလသမာပတ်ကို ဆိုလို၏။ အသက်ကို စောင့်ရှောက် တတ်သော=အသက်ကို ရှည်စေတတ်သော ဖလသမာပတ်ကို အာယုပါလက ဖလသမာပဘ်ဟု ခေါ်၏။ အာယုသင်္ခါရ လွှတ်တော်မူခြင်းဟူသည် ‘ငါ-ရှုးသည် ဤမှ နောက်သုံးလအထိ=ကဆုန်လပြည့်အထိသာ အာယုပါလက-ဖလ သမာပတ်ကို ဝင်စားတော်မူမည်။ ထိုမှ နောက်၌ ဝင်စားတော့မည် မဟုတ်’ဟု ဆုံးဖြတ်လိုက်ခြင်း=စွန့်လွှတ်လိုက်ခြင်းဖြစ်၏။ အာယုသင်္ခါရ လွှတ်လိုက်ပြီးသောအခါ ဘုရားရှင်သည် ‘ငါသည် ရှည်လျားလှသော သံသရာတလျှောက် ပင်ပန်းကြီးစွာ ထမ်းဆောင်ခဲ့ရသော ခန္ဓာကိုယ် စန်ထုပ်ကြီးကို နောင်သုံးလရှိလျှင် စွန့်ချရတော့ပေမည်။ ဒုက္ခဇာတ်သိမ်းရတော့မည်”ဟု နှစ်သက်ဝမ်မြောက်မှု အားကြီးစွာဖြစ်၍ ဥဒါန်းကျူးရှင့်တော်မူခြင်း ဖြစ်၏။)

ထိုအခါ အရှင်အာနန္ဒာသည် "အံ့ဘွယ်ရှိပေစွ။ ဤမြေငလျင်လှုပ်ခြင်းသည် ကြီးကျယ်ပေစွ။ တော်လည်းသံတို့လည်း တခြိမ့်ခြိမ့်မြည်ဟည်းကုန်စွ။ အကြောင်း အဘယ်ပါလိမ့်နည်း"ဟု ကြံစည်လျက် ဘုရားရှင်ထံ သွား၍ ရှိခိုးထိုင်နေလျက် ထိုအကြောင်းကို မေးလျှောက်လေ၏။

ထိုအခါ ဘုရား ရှင်က "ချစ်သား အာနန္ဒာ၊ မြေငလျင် လှုပ်ခြင်း၏ အကြောင်းတရား ရှစ်ပါး ရှိကုန်၏။ ယင်းတို့မှာ-(၁)ဤမြေကြီးသည် ရေထု အထက်၌ တည်၏။ ထိုရေသည် လေထုအထက်၌ တည်၏။ ထိုလေသည် ကောင်းကင်၌ တည်၏။ လေပြင်းစွာတိုက်ခတ်သော် ရေသည်လှုပ်၏။ ရေလှုပ်သဖြင့် ဤမြေကြီး လှုပ်ရပေ၏။ (၂)အဘိညာဏ် တန်ခိုးကြီးမားကုန်သော ရဟန်း, ပုဏ္ဏား, နတ်တို့သည် မိမိတို့ တန်ခိုးအာနုဘော်ဖြင့် ဤမြေကြီးကို လှုပ်စေကုန်၏။ (၃)အလောင်းတော်တို့ နတ်ပြည်မှ စုတေပြီး လူ့ပြည်၌ သန္ဓေယူသောအခါ ဤမြေကြီးသည် ကောင်းချီးပေးသည့်အနေဖြင့် တုန်လှုပ်တတ်၏။ (၄)အလောင်းတော် ဖွားမြင်သောအခါ၌လည်း ဤမြေကြီးသည် တုန်လှုပ်တတ်၏။ (၅)အလောင်းတော် ဘုရားအဖြစ်သို့ ရောက်သောအခါ ဤမြေကြီးသည် တုန်လှုပ်တတ်၏။ (၆)ဘုရားရှင် ဓမ္မစကြာတရား ဟောတော်မူသောအခါ ဤမြေကြီးသည် လှုပ်တတ်၏။(၇)ဘုရားရှင် အယုသင်္ခါရလွတ်သောအခါ ဤမြေကြီးသည် လှုပ်တတ်၏။ (၈)ဘုရားရှင် ပရိနိဗ္ဗာန် ပြုသောအခါ ဤမြေကြီးသည် လှုပ်တတ်၏"ဟူ၍ ဟောတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် "ကောင်းပေစွ ဘုရားရှင်သည် ယနေ့ အာယုသင်္ခါရကို လွှတ်တော်မူအပ်ပြီ"ဟု ရိပ်မိသိရှိလေ၏။ သို့ရာတွင် ဘုရားရှင်သည် အာနန္ဒာအား တစုံတရာ လျှောက်ထား ခွင့်မပေးဘဲ "ချစ်သား အာနန္ဒာ၊ ပရိသတ်အပြား ရှစ်ပါး ရှိကုန်၏။ ယင်းတို့မှာ မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူဋ္ဌေပရိသတ်, ရဟန်းပရိသတ်, စတုမဟာရာဇ်ပရိသတ်, တာဝတိံသာ နတ်ပရိသတ်, မာရ်နတ်ပရိသတ်, ဗြဟ္မာပရိသတ် ဤ ရှစ်ပါးတို့ပေတည်း"ဟု အစချီ၍ ဘုရားရှင်သည် ထိုပရိသတ် ရှစ်ပါးလုံးထံသို့ သွားရောက်ခဲ့ဘူး.ကြောင်း၊ ယင်းတို့အား တရားဟောရာတွင် ကြောက်ရွံ့ခြင်း အလျင်းမရှိခကြောင်း အကျယ်တဝင့် ဟောကြားတော်မူ၏။ ထိုနောက် ဆက်လက်၍ "ဆန့်ကျင်ဘက်တရားနှင့် အာရုံတို့ကို လှမ်းနိုင်ကြောင်း' အဘိဘာယတန'စျာန်တရား ရှစ်ပါးတို့ အကြောင်းကိုလည်း၊ ထိုနောက် လွှတ်မြောက်ခြင်း ဝိမောက္ခတရား ရှစ်ပါးတို့ အကြောင်းကိုလည်း အကျယ်တဝင့် ဟောကြားတော်မူ၏။

ထိုနောက်မှ ဘုရားရှင်သည် မာရ်နတ်က ကိုယ်တော်မြတ်အား ပရိနိဗ္ဗာန်စံဝင်ရန် ရှေးအခါကပင် တောင်းပန် လျှောက်ခဲ့ကြောင်း ဤသို့ မိန့်ကြားတော်မူ၏ "ချစ်သား အာနန္ဒာ၊ ငါဘုရားသည် ဘုရားဖြစ်ပြီးစ(ရှစ်ခုမြောက်သတ္တာဟဖြစ်သော)အဇပါလဆိတ်ကျောင်းညောင်ပင်ရင်း၌ထိုင်နေစဉ် မာရ်နတ်သည် ငါဘုရားထံလာ၍ 'မြတ်စွာဘုရား၊ ပရိနိဗ္ဗာန်စံတော်မူပါလော့။ ယခု(အလိုရှိသောသဗ္ဗညုတညာဏ်ကို ရပြီဖြစ်၍)ပရိနိဗ္ဗာန်စံတော်မူရန် အချိန်တန်ပါပြီ'ဟု လျှောက်ထားခဲ့ဘူ ၏။ ငါဘုရားက "ဟယ် မာရ်နတ်ယုတ်၊ ငါဘုရား၏တပည့် ရဟန်းများ,ရဟန်းမများ, လူဥပသကာများ, လူဥပါသိကာမများ ငါဘုရား၏တရားတော်ကို ကြားနားသဘောပေါက် ကျင့်ကြံ အားထုတ်၍ ဆရာ၏ဝါဒကို မပြောဟောနိုင်သေးသမျှကာလပတ်လုံး၊ငါဘုရား၏သာသနာတော်သည် ပညာရှိနတ်လူတို့ ကောင်းစွာ ပြသနိုင်သည့်တိုင်အောင် မစည်ပင် မပြန့်ပွား လူသိမများသေးသမျှကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်စံတော်မူမည် မဟုတ်"ဟု မိန့်ကြားခဲ့ဘူး၏။

"ချစ်သားအာနန္ဒာ၊ မာရ်နတ်ယုတ်သည် ယနေ့ယခုပင် စာပါလစေတီ၌ ငါဘုရားထံသို့ ချဉ်းကပ်၍ 'မြတ်စွာဘုရား၊ ပရိနိဗ္ဗာန်စံတော်မူပါလော့။ ယခုပရိန်ဗ္ဗာန်စံတော်မူရန် အချိန်တန်ပါပြီ။ ရှင်တော်ဘုရားသည် တပည့်တော်အား ဤသို့သော စကားတော်များကို မိန့်ကြားခဲ့ဘူးပါ၏'ဟု အစချီ၍ အဇပါလ ညောင်ပင်ရင်း၌ ငါဘုရား မိန့်ကြားခဲ့သည်ကို မာရ်နတ်က ပြန်လျှောက်ထားပြီး 'မြတ်စွာဘုရား၊ ယခုအခါ ရှင်တော်ဘုရား၏ ပရိသတ်လေးပါးတို့လည်း တရားတော်ကို ကောင်းစွာနားလည် ဟောကြားနိုင်ပါပြီ။ ဤသာသနာတော်လည်း ပြန့်ပွား၍ လူအများ သိပါပြီ။ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူပါလော့။ ယခု ပရိနိဗ္ဗာန်စံတော်မူရန် အချိန်တန်ပါပြီ'ဟု မာရ်နတ်က လျှောက်ထား၏။ ထိုအခါ ငါဘုရားက 'ဟယ် မာရ်နတ်ယုတ်၊ သင့် မကြောင့်ကြလင့်၊ ငါဘုရားသည် ယနေ့မှ သုံးလ လွန်သောအခါ ပရိနိဗ္ဗာန် စံတော်မူအံ့'ဟု မိန့်ဆိုလိုက်၏။ ချစ်သား အာနန္ဒာ၊ ငါဘုရားသည် ယနေ့ စာပါလစေတီ၌နေစဉ် သတိသမ္ပဇဉ်ရှိလျက် အာယုသင်္ခါရကို ယခုပင် စွန့်လွှတ်လိုက်လေပြီ"ဟူ၍ အကျယ် မိန့်ကြားတော်မူလေ၏။

၂၇၃။ ဘုရားရှင် အာနန္ဒာမထေရ်အား အပြစ်တင်တော်မူခြင်း

ထိုအခါတွင်မှ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ နတ်လူအပေါင်း၏ စီးပွားချမ်းသာအလို့ငှာ လောကကို စောင့်ရှောက်တော်မူရန် အာယုကပ်

ပတ်လုံး တည်နေတော်မူပါလော့”ဟု တောင်းပန် လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က “ချစ်သား အာနန္ဒာ၊ ယခု ငါဘုရားကို မတောင်းပန်နှင့်တော့။ ယခု ငါဘုရားကို တောင်းပန်ရန်အခါမဟုတ်တော့ပြီ”ဟု ပစ်ပယ်စကား မိန့်ကြားတော်မူလေ၏။ အရှင်အာနန္ဒာက နှစ်ကြိမ်မြောက် တောင်းပန်သော်လည်း ဘုရားရှင်က ရှေးနည်းတူပင် မိန့်ကြားတော်မူ၏။

သုံးကြိမ်မြောက် တောင်းပန် လျှောက်ကြားသောအခါ ဘုရားရှင်က “ချစ်သား အာနန္ဒာ၊ သင်သည် ငါဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်သည်မဟုတ်လော”ဟု မေးတော်မူ၏။ “ယုံကြည်ပါသည် ဘုရား”ဟု လျှောက်သော် ဘုရားရှင်က “ထိုသို့ယုံကြည်ပါလျက် သင် ချစ်သားသည် ငါဘုရားကို အဘယ့်ကြောင့် သုံးကြိမ်တိုင်အောင် နှိပ်စက်ဘိသနည်း”ဟု မေးတော်မူ၏။ အရှင်အာနန္ဒာက “မြတ်စွာဘုရား၊ ရှင်ဘော်ဘုရား မိန့်ကြားခဲ့သော ‘ချစ်သား အာနန္ဒာ၊ ဣဒ္ဓိပါဒ်တရားလေးပါးတို့ကို ကောင်းစွာ ပွားများ ဆောက်တည်ထား၍ ဆည်းပူးအားထုတ်သော ပုဂ္ဂိုလ်သည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက်ပိုမို၍ဖြစ်စေ တည်နေနိုင်၏။ ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ကောင်းစွာ ပွားများဆောက်တည်ထား၍ ဆည်းပူးအားထုတ်ထားပြီးဖြစ်၍ ငါဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏’ဟူသောစကားကို ကြားနာခဲ့ဘူးပါ၏(ထို့ကြောင့် သုံးကြိမ်တိုင် တောင်းပန်လျှောက်ထားခြင်း ဖြစ်ပါ၏ ဘုရား)”ဟု လျှောက်ထားလေ၏။

“ထိုတရားကို သင် ယုံကြည်သလော”ဟု မေးတော်မူသော် အရှင် အာနန္ဒာက “ယုံကြည်ပါသည် ဘုရား”ဟု လျှောက်လေ၏။ ထိုအခါ ဘုရားရှင်က “ချစ်သား အာနန္ဒာ၊ ငါဘုရားက ထင်ရှားသော နိမိတ် အရိပ်အရောင်ကို ဤသို့ပြပါလျက် သင်သည် သဘောပေါက်ခြင်းငှာ မစွမ်းနိုင်ခဲ့ချေ။ ‘မြတ်စွာဘုရား၊ နတ်လူတို့၏ စီးပွားချမ်းသာအလို့ငှာ လောကကို စောင့်ရှောက်တော်မူရန် အာယုကပ်ပတ်လုံး တည်နေတော်မူပါလော့’ဟု သင် မတောင်းပန်မိခဲ့ချေ။ သို့ဖြစ်၍ ဤသို့ မတောင်းပန်ခြင်းသည် သင်ချစ်သား၏အပြစ်၊ ချို့ယွင်းချက်သာ ဖြစ်ချေ၏။ အကယ်၍ သင် ချစ်သားသည် ထိုအခါက တောင်းပန်ခဲ့လျှင် သင်၏ တောင်းပန်ချက်ကို နှစ်ကြိမ်သာ ငါဘုရား ပယ်တော်မူရာ၏။ သုံးကြိမ်မြောက်မှာမူ လက်ခံတော်မူရာ၏။ သို့ဖြစ်၍ ဤသို့မတောင်းပန်ခြင်းသည် သင်ချစ်သား၏အပြစ် ချို့ယွင်းချက်သာ ဖြစ်ချေ၏”ဟု မိန့်တော်မူလေ၏။

ထိုနောက် ဆက်လက်၍ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ငါဘုရားသည် ရာဇပြိုဟ်ပြည်၌ရှိသော 'ဂိဇ္ဈကူဋ်တောင်၊ ဂေါတမမည်သော ညောင်ပင်၊ စောရပပါတ ချောက်ကမ်းပါး၊ ဝေဘာရတောင်နံပါးရှိ သတ္တပဏ္ဏိလိုဏ်ဂူ၊ ဣသိဂိလိတောင်နံပါးရှိ ကာဠသိလာအရပ်၊ ယင်းတိုက်တော်ရှိ သပ္ပဿောဏ္ဍိကတောင်ဝှမ်း၊ တပေါဒါရုံကျောင်း၊ ဝေဠုဝန်ကျောင်း၊ ဇီဝက၏ အရက်ဥယျာဉ်၊ မဒ္ဒကုစ္ဆိအနှပ် မိဂဒါဝုန်တော' ဟူသော ဆယ်ဌာနအသီးသီး၌ နေတော်မူစဉ်တုံးဌင်း၊ ဤဝေသာလီပြည်မှာပင်ရှိသော 'ဥဒေနစေတီ၊ ဂေါတမစေတီ၊ သတ္တမ္ဗစေတီ၊ ဗဟုပုတ္တစေတီ၊ သာရန္ဒစေတီ(ယခု)စာပါလစေတီ' ဟူသော ၆ ဌာနအသီးသီး၌ နေတော်မူစဉ်တုံးဌင်း သင်ချစ်သားအား ထိုအရိပ်အမြွတ်စကားကို မိန့်ကြားတော်မူခဲ့၏။ သင်ချစ်သား သဘောပေါက်ရန် မစ္ဆမ်းနိုင်ခဲ့။ ငါဘုရားအား အာယုကပ် ပတ် လုံး တည်နေရန် မတောင်းပန်ခဲ့ချေ။ သင်တောင်းပန်လျှင် နှစ်ကြိမ်သာ ငါဘုရား ပယ်ရာ၏။ သုံးကြိမ်မြောက်၌ လက်ခံတော်မူရာ၏။ သို့ဖြစ်၍ ဤသို့မတောင်းပန်ခြင်းသည် သင်ချစ်သား၏အပြစ်၊ ချို့.ယွင်းချက်သာ ဖြစ်ချေ၏" ဟူ၍ နောက်ကြောင်းကို ပြန်ပြောင်းမိန့်ကြားပြီး အရှင်အာနန္ဒာကား အပြစ်တင်တော်မူလေ၏။

ထိုနောက် ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ချစ်မြတ်နိုးသောသူအားလုံးတို့နှင့် ရှင်လျက်ကဲ့ကွာခြင်း(နာနာဘာဝ)၊သေ၍ကဲ့ကွာခြင်း(ဝိနာဘာဝ)၊ ဘဝခြားလျက် ကဲ့ကွာခြင်း (အညထာဘာဝ)ကို ရှေးမဆွကပင် ဘုရားရှင် ဟောကြားခဲ့ပြီမဟုတ်လော။ ပျက်စီးခြင်းသဘောရှိသောတရားကို မပျက်စီးပါစေလင့်ဟုလိုလားတောင့်တချက်အတိုင်း အဘယ်မှာရနိုင်အံ့နည်း။ ဤသို့ရနိုင်ရန်အကြောင်းမရှိချေ။ ချစ်သားအာနန္ဒာ၊ ငါဘုရားသည် အာယုသင်္ခါရကို စွန့်လွှတ်လိုက်လေပြီ။ ဤနေ့(တပို့တဲ့လပြည့်)မှ နောက် သုံးလလွန်မြောက်သောအခါ ငါဘုရားပရိနိဗ္ဗာန်ပြုလိမ့်မည်" ဟု ဇကန္ဓစကားကိုမိန့်ဆိုလိုက်ပြီ။ စွန့်ပယ်အပ်ပြီးသော အာယုသင်္ခါရကို တဖန်ဖြစ်စေရန်အကြောင်းလုံးဝမရှိတော့ချေ။ ချစ်သားအာနန္ဒာ၊ လာ, မဟာဝုန်တောရှိ ကူဋာဂါရကျောင်းကြီးသို့ သွားကြစို့." ဟူ၍ မိန့်ကြားပြီး ထိုကျောင်းသို့ ကြွတော်မူ၏။

၂၃၄။ သာသနာရှည်ကြောင်းတရားမျှားကို ဟောတော်မူခြင်း

ဘုရားရှင်သည် မဟာဝုန်တောရှိ'ကူဋာဂါ' ကျောင်းတိုက်သို့ ရောက်တော်မူသော် အာနန္ဒာအား ဝေသာလီပြည်၌အမှီပြု၍နေကုန်သောရဟန်းအားလုံး

ကို ဓမ္မာရုံဦးစုဝေးစေတော်မူ၏။ ရဟန်းအားလုံးစုဝေးပြီးသောအခါ ဘုရားရှင်သည် ခင်းထားသည့်နေရာဦးထိုင်တော်မူပြီးလျှင် "ရဟန်းတို့၊ ငါဘုရားသည် 'သတိပဋ္ဌာန်လေးပါး၊ သမ္မပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်တရား' ဟူ၍ ခုနစ်မျိုးခွဲခြားအပ်သော ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးတို့ကို သင်ချစ်သားတို့ပွားများလေ့လာအပ်ကုန်၏။ ယင်းသို့ ပွားများလေ့လာအပ်သည်ရှိသော် ဤသာသနာတော်သည် ကြာမြင့်စွာ ခိုင်မြဲတည်တံ့ရာ၏။ နတ်လူအပေါင်း၏ စီးပွားချမ်းသာအလိုငှာ၊ လောကကို စောင့်ရှောက်ရန် အလိုငှာဖြစ်လေရာ၏" ဟူ၍ မိန့်တော်မူ၏။

ထိုနောက် ဘုရားရှင်က "ရဟန်းတို့၊သင်ချစ်သားတို့အား ယခု ငါဘုရားမိန့်မှာဦးအံ့။ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။မမေ့သော သတိတရားဖြင့် ကြိုးစား အားထုတ်ကြကုန်လော့။ ငါဘုရားသည် ဤနေ့မှ သုံးလလွန်မြောက်သောအခါ ပရိနိဗ္ဗာန်ပြုလိမ့်မည်" ဟူ၍ မိန့်တော်မူလေ၏။ ထိုနောက် ဆက်လက်၍ "ရဟန်းတို့၊ ငါဘုရား၏အရွယ်တော်သည် အသတ်ရှစ်ဆယ်ပြည့်၍ မှည့်ရင့်လေပြီ။ ငါဘုရား၏ အသက်ကြွင်းသည် သုံးလဘာမျှ တည်နေမည်ဖြစ်၍ နည်းလှခဲ့လေပြီ။ သင်ချစ်သားတို့ကို စွန့်ခွာ၍ ပရိနိဗ္ဗာန်စံဝင်သွားတော့အံ့။ ငါဘုရားသည် မိမိ၏ကိုးကွယ်ရာကို ပြုအပ်ပြီးပြီ။ ကုသိုလ်တရားဆယ်ပါးတို့၌ မမေ့မလျော့ သတိရှိကြ၍ ကောင်းမြတ်သောသီလနှင့် ပြည့်စုံကြကုန်လော့။ ကောင်းသော ကျင့်စဉ်ခြင်းများရှိလျက် မိမိတို့၏စိတ်ကို ကောင်းစွာ စောင့်ရှောက်ကြကုန်လော့။ဤဓမ္မဝိနယသာသနာ၌ မမေ့မလျော့နေထိုင်သော ပုဂ္ဂိုလ်သည် အဖန်ဖန်ဖြစ်၍ ကျင်လည်ရသော ဘဝသံသရာကို စွန့်ပယ်ပြီး ဝဋ်ဒုက္ခ၏ပြီးဆုံးခြင်းကို ပြုနိုင်ပေလတံ့" ဟူ၍ သုံးဂါထာဖြင့် ဆုံးမသြဝါဒစကား ဟောကြားတော်မူ၏။

ထိုနောက် ဘုရားရှင်သည် နံနက်အချိန်၌ ရဟန်းအပေါင်း ခြံရံလျက် ဝေသာလီပြည်သို့ ဆင်းခံကြွတော်မူ၍ ဆင်းစားပြီးသော် ဆင်းခံရာမှဖဲခွာခဲ့၍ ဝေသာလီပြည်ကို ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်တော်ကိုပါ ပြန်လှည့်လျက် နောက်ဆုံးအနေဖြင့် ကြည့်ရှုတော်မူ၏။ ဝေသာလီပြည်နေ လိစ္ဆဝီမင်းတို့သည် နောက်သုံးနှစ်ကြာလျှင် အဇာတသတ်မင်း သတ်ဖြတ်၍ ပျက်စီးကုန်လတံ့သည်ကို သိမြင်တော်မူ၍ လိစ္ဆဝီမင်းတို့အား သနားစောင့်ရှောက်ချီးမြှောက်လိုသဖြင့် ဝေသာလီပြည်ကို အထူးတလည်ပြန်လှည့် ကြည့်ရှု၍ တော်မူခြင်းဖြစ်၏။

ပကတိလူတို့၏အရိုးတို့သည် အစဉ်နှင်းချင်းထိ၍ 'တေ့ဆက်အနေဖြင့်' တည်နေကုန်၏။ ပစ္စေကဗုဒ္ဓါတို့၏အရိုးတို့သည် ချွန်းချင်းချိတ်၍တည်သကဲ့သို့ 'ချိတ်ဆက်အနေ' ဖြင့် တည်နေကုန်၏။ ဘုရားရှင်တို့၏အရိုးတော်တို့သည်ကား သံကြိုးကွင်းဆက်သကဲ့သို့ 'ကွင်းဆက်အနေဖြင့်' တည်နေကုန်၏။ ထို့ကြောင့် ဘုရားရှင်တို့သည် နောက်သို့လှည့်လိုသော် 'ဆင်ပြောင်ကြီးကဲ့သို့, ကိုယ်တော် တခုလုံးကို လှည့်၍ ကြည့်ရှုတော်မူ၏။]

၂၀၅။ ဘောဂမြို့၌ မဟာပဒေသကို ဟောကြားခြင်း

ထိုနောက် ဘုရားရှင်သည် အရှင်အာနန္ဒာအစရှိသော ရဟန်းအပေါင်းခြံရုံလျက် ဘဏ္ဍာရွာသို့ကြွ၍ သီတင်းသုံးတော်မူ၏။ ထိုအခါ ဘုရားရှင်သည် "ရဟန်းတို့၊ ငါဘုရားသည်ၜင်း၊သင်ချစ်သားတို့သည်ၜင်း မြတ်သော အကျင့်သီလ၊ အရိယသမာဓိ၊ အရိယပညာ၊ အရိယဝိမုတ္တိ (လွတ်မြောက်မှု) ဟူသော တရားခလေးပါးတို့ကို အနုဗောဓညာဏ်, ပဋိဝေဓညာဏ်တို့ဖြင့် လျော်ကန်စွာမသိခြင်း၊ ထိုးထွင်း၍မသိခြင်းကြောင့် ဤမျှရှည်လျားလှစွာ သံသရာကာလပတ်လုံး ကျင်လည်ခဲ့ရလှလေပြီ။ ရဟန်းတို့၊ ငါဘုရားသည် ထိုလေးပါးကို လျော်ကန်စွာသိအပ်ပြီ။ ထိုးထွင်း၍သိအပ်ပြီ။ ဘဝဋ္ဌတပ်မက်ခြင်း(ဘဝတဏှာ)ကို အမြစ်ပြတ်အပ်ပြီ။ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ဘဝတဏှာသည် ငါဘုရားသန္တာန်၌ကုန်ခဲ့လေပြီ။ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ" ဟူ၍ တရားဟောတော်မူ၏။ ထို့နောက်လည်း "ဤကား သီလတည်း" အစရှိသော ကြိမ်ဖန်များစွာ ဟောကြားအပ်သော ဘရားတော်ကိုလည်း ဟောကြားတော်မူ၏။

ဘုရားရှင်သည် ဘဏ္ဍာရွာ၌ အလိုရှိသမျှ နေတော်မူပြီးသော် "ဟတ္ထိရွာ၊ အမ္ဗရွာ၊ဇမ္ဗုရွာ" တို့သို့ကြွရောက် သီတင်းသုံးပြီးနောက် ဘောဂမြို့သို့ ဆက်လက်ကြွ၍ အာနန္ဒာစေတီ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့အား မဟာပဒေသခေါ် 'နည်းညွှန်ဥပဒေ' လေးပါးတို့ကို ဤသို့ ဟောတော်မူ၏။

"ရဟန်းတို့၊ ဤ သာသနာ၌ တစုံတယောက်သော ရဟန်းက 'ငါ့ရှင်တို့၊ (၁) ငါသည် ဤတရားကို ဘုရားရှင်မျက်မှောက်တော်မှ ကြားနာခဲ့ရ၏', (၂) 'ငါသည် ဤတရားကို ဤမည်သောကျောင်းတိုက်နေ သံဃာ့အကြီးအမှူးမထေရ်ထံမှ ကြားနားခဲ့ရပါ၏', (၃) ငါသည် ဤတရားကို

ဤမည်သော ကျောင်းတိုက်နေ အကြားအမြင်များ၍ ပိဋကပါဠိတော်များကို နှုတ်ငုံဆောင်ကုန်သော မထေရ်များထံမှ ကြားနာခဲ့ရပါ၏၊' (၄) ငါသည် ဤတရားကို ဤမည်သော ကျောင်းတိုက်နေ အကြားအမြင်များ၍ ပိဋကပါဠိတော်များကို နှုတ်ငုံဆောင်သော မထေရ်တပါးထံမှ ကြားနာခဲ့ရပါ၏'-ဤကား တရားတော် (၈မှ) ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား ဘုရားရှင်အဆုံးအမတော်ပါတည်းဟူ၍ ပြောဆိုငြားအံ့။ ထိုရဟန်း၏စကားကို အလွယ်တကူနှင့် လက်လည်းမခံ, ပယ်လည်းမပယ်သေး ဘဲ ကောင်းစွာမှတ်သား၍ သုတ်တရားတော်၌၎င်း၊ ဝိနည်းတရားတော်၌၎င်း နှိုးနှောကြည့်ကြရမည်။ ထိုသို့ နှိုးနှောကြည့်ရှု၍ သုတ်တရားတော်, ဝိနည်းတရားတော်တို့၌ မသက်ဝင် မကိုက်ညီလျှင် 'မှားယွင်းသောစကား သာ'ဟု ဆုံးဖြတ်ပြီး ပယ်ကြကုန်လော့။ အကယ်၍ သက်ဝင်ကိုက်ညီနေလျှင် 'မှန်ကန်သောစကား'ဟု မှတ်ယူဆုံးဖြတ်ကြရမည်။ ဤမဟာပဒေသလေးပါး ကို မှတ်သားထားကြကုန်လော့"

ထိုနောက် ဘုရားရှင်သည် ရဟန်းတို့အား "ဤကား သီလတည်း" စသော တရားစကားကိုလည်း ဟောကြားတော်မူ၏။

၂၇။ ပါဂါပြည်၌ စုန္ဒ၏ သားပြုမ်းဆွမ်းကို ဘုဉ်းပေးခြင်း

ဘုရားရှင်သည် ဘောဂမြို့၌ အလိုရှိသမျှ နေတော်မူပြီးနောက် ရဟန်း အပေါင်း ခြံရံလျက် ပါဝါပြည်သို့ကြွ၍ 'စုန္ဒ' မည်သော ဇရပန်းထိမ်သည် ဆောက်လုပ်လှူဒါန်းအပ်သည့် သရက်ဥယျာဉ် ကျောင်းတိုက်၌ သီတင်း သုံးနေတော်မူ၏။ စုန္ဒဇရပန်းထိမ်သည်သည် မိမိ၏ သရက်ဥယျာဉ်ကျောင်း တိုက်၌ ဘုရားရှင်ကြွရောက် သီတင်းသုံးတော်မူကြောင်းကြားလျှင် ဘုရားရှင် ထံသွား၍ ဖူးမြော်ရှိခိုးလေ၏။ သူသည် ဘုရားရှင် ဟောကြားအပ်သော တရားတော်ကို ကြားနာပြီးသော် ဘုရားရှင်အား ရဟန်းအပေါင်းနှင့်တကွ နက်ဖြန်အတွက် ဆွမ်းပင့်ဘိတ်လေ၏။ စုန္ဒသည် အိမ်ပြန်၍ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ကိုငင်း၊ 'သူကရမဒ္ဒဝ'ဟု ခေါ်သည့် မကြီးလွန်း မငယ်လွန်း သော တောဝက်၏ နူးညံ့သိမ်မွေ့သော အသားများကိုငင်း၊ ကောင်းစွာ ချက်ပြုတ်စီရင်လေ၏။ နောက်တနေ့၌ ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် စုန္ဒအိမ်သို့ကြ၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီး သော် စုန္ဒအား "စုန္ဒ၊ သင်စီရင်ထားသည့် တောဝက်သားဖြင့် ငါဘုရားကို

လုပ်ကျွေးလော့။သင်စီရင်ထားသော အခြားခဲဘွယ်ဘောဇဉ်များဖြင့် ရဟန်းသံဃာတော်ကို လုပ်ကျွေးလော့"ဟု မိန့်တော်မူ၏။

စုန္ဒလည်း ဘုရားရှင် မိန့်တော်မူသည့်အတိုင်း လုပ်ကျွေးလေ၏။ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသော် "စုန္ဒ၊ကြွင်းကျန်သော နူးညံ့သည့် တောဝက်သားကို တွင်း၌မြှုပ်လိုက်လော့" ဤလောက၌ ငါဘုရားမှတပါး အဘယ်လူနတ်ဗြဟ္မာတို့မှ ထိုနူးညံ့သော တောဝက်သားကိုစားလျှင် အစာကြေနိုင်မည်မဟုတ်"ဟု မိန့်တော်မူ၏။ စုန္ဒလည်း ဘုရားရှင် မိန့်ကြားသည့် အတိုင်းကျန်သော ထိုတောဝက်သားကို တွင်း၌မြှုပ်ပြီးလျှင် ဘုရားရှင်အား ရှိခိုးလျက်ထိုင်နေလေ၏။ ဘုရားရှင်လည်း စုန္ဒအား တရားဟောကြားတော်မူပြီးနေရာမှထ၍ ကြွသွားတော်မူ၏။ ထိုအခါ ဘုရားရှင်၏ ကိုယ်တော်မှာ သေနိုင်လောက်သည့် ကြမ်းတမ်းပြင်းထန်သည့် သွေးသွန်ရောဂါ ဝေဒနာဖြစ်ပွားလာကုန်၏။ ဘုရားရှင်သည် ထိုဝေဒနာတို့ကို သတိရှိလျက်၊ ဆင်ခြင်လျက် ပင်ပန်းသည်ဟု မရေတွက်ဘဲ သည်းခံတော်မူ၏။

[ဘုရားရှင် ရှေးအလောင်းတော် ဘဝ ဆေးဆရာ ဖြစ်စဉ်က ဆေးကုခမပေးသောသူဌေးသားအား ဝမ်းလားဆေး တိုက်ခဲ့သော အကုသိုလ်ကံကြောင့် ဤသို့ဝမ်းသွေးသွန်ရောဂါခံစားရခြင်းဖြစ်၏။ ဝဋ္ဌတော် ၁၂ ပါးအနက် တခုဖြစ်၏။]

[ဘုရားရှင်သည် ထိုတောဝက်သားကို ဘုဉ်းပေးခြင်း ကြောင့် ဝမ်းသွေးသွန်သော ရောဂါဖြစ်သည်ဟု မမှတ်ယူအပ်။ စင်စစ်စုန္ဒ၏ ဆွမ်းကို ဘုဉ်းပေးပြီးသောအခါ ဝမ်းသွေးသွန်သည်ဟုသာ မှတ်ယူအပ်၏။အကယ်၍ထိုဆွမ်းကို မဘုဉ်းပေးရမီ ထိုဝမ်းသွေးသွန်ရောဂါ ဖြစ်ပွားခဲ့လျှင် ထိုရောဂါကို ခံနိုင်လောက်သည့် အင်အား ဘုရားရှင်မှာရှိတော့မည်မဟုတ်။ ထိုစုန္ဒ၏ ဆွမ်းကိုဘုဉ်းပေးရ၍သာ ဘုရားရှင်သည် ထိုရောဂါကို ခံနိုင်၍ နောက် ကုသိနာရုံပြည်သို့ ရောက်အောင် ခြေလျှင်ကြွတော်မူနိုင်၏ဟူ၍ မှတ်ယူအပ်ပေ၏။]

၂၇၇။ အရှင်အာနန္ဒာအား သောက်ရေကို အခပ်ခိုင်းတော်မူခြင်း

ထိုနောက် ဘုရားရှင်သည် အရှင် အာနန္ဒာအား "ချစ်သား အာန္ဒနာ၊ ကုသိနာရုံပြည်သို့ သွားကြစို့" ဟု မိန့်ကြား၍ ကုသိနာရုံ ပြည်ဘက်သို့ ရဟန်းပေါင်း ခြံရံလျက် ကြွတော်မူ၏။ လမ်းတွင် ဘုရားရှင်သည် ပင်ပန်းတော်မူသဖြင့် လမ်းခရီးမှဖဲ၍ သစ်ပင်တပင်းရင်း၌ အရှင်အာနန္ဒအား ဒုကုဋ္ဌ

သက်နှင်းကြီးကို လေးထပ်ခေါက်ခင်းစေပြီး ထိုင်နေတော်မူ၏။ ထိုနောက် "ချစ်သား အာနန္ဒာ၊သောက်ရေကိုသွားခပ်ချေလော့။ ငါဘုရား ရေသောက်တော်မူလို၏"ဟု မိန့်တော်မူသော် အရှင်အာနန္ဒာက "မြတ်စွာဘုရား မလ္လမင်းတို့၏ လှည်းအစီးငါးရာတို့ ယခုပင် ချောင်းကို ဖြတ်ကူးသွားကြဖြင့် ရေနောက်ကျုနေပါ၏။ အေးမြကြည်လင်သည့် ရေရှိသော 'ကကုဓာ'မြစ်သည် မဝေးတော့ပါ။ ဆိပ်ကမ်းလည်း သာယာလှပါ၏။ ကကုဓာ မြစ်မှ ရေကို ရှင်တော်ဘုရား သောက်လျှင် ကိုယ်တော်လည်း အေးမြတော်မူပါလိမ့်မည်" ဟူ၍ လျှောက်ထားလေ၏။ ဒုတိယအကြိမ် ဘုရားရှင်က ခိုင်းတော်မူပြန်သော် အရှင်အာနန္ဒာသည် ရှေးနည်းတူစွာ လျှောက်ထား ပြန်လေ၏။ တတိအကြိမ်၌ ဘုရားရှင်က ခိုင်းတော် မူသော်ကား အရှင်အာနန္ဒာသည် "ကောင်းပါပြီဘုရား"ဟု လျှောက်ထား၍ ထိုချောင်းငယ်သို့ သွားသော် ထိုခဏ၌ပင် နောက်ကျုနေသော ရေသည် ကြည်လင် သွားလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် "အို-ဘုရားရှင်၏ တန်ခိုးအာနုဘော်ကြီး မြတ်ခြင်းသည် အံ့ဘွယ်ရှိပါပေစွ။ လှည်းများ ဖြတ်ကူးသဖြင့် နောက်ကျုလျက် စီးနေသော ဤရေအနည်းငယ်သည် ငါ ချဉ်းကပ်သည့်ခဏ၌ပင်ကြည်လင်သန့်ရှင်းသွားပေ၏" ဟု တအံ့တသြ စည်းစားမိပြီးနောက် သပိတ်ဖြင့် သောက်ရေကိုခပ်ယူပြီး ဘုရားရှင်ထံ ချဉ်းကပ်၍ ထိုအံ့သြဘွယ်ကို လျှောက်ထားပြီး ရေကိုဆက်ကပ်လေ၏။ဘုရားရှင်လည်း သောက်ရေကို သုံးဆောင်တော်မူလေ၏။

၂၇၈ ။ ဘုရားရှင်၏သမာဓိစွမ်းအားကို ဟောပြတော်မူခြင်း

ဘုရားရှင်သည် သောက်ရေသုံးဆောင်ပြီး၍ သစ်ပင်ရင်း၌ ထိုင်နေတော်မူစဉ်'ကာလာမအနွယ်'အာဋ္ဌာရ'ဂိုဏ်းဆရာကြီး၏ တပြည့်ဖြစ်သူ 'ပုက္ကုသ' မည်သော မလ္လမင်းသားသည် ကုသိနာရုံမှပါဝါပြည်သို့အသွား ဘုရားရှင်ကို မြင်၍ ချဉ်းကပ် ရှိခိုးကာထိုင်နေလေ၏။ ထိုနောက် သူသည် ဘုရားရှင်အား "မြတ်စွာဘုရား၊ရဟန်းတို့သည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပါပေစွ၊ အာဋ္ဌာရ ဂိုဏ်းဆရာကြီးသည် သစ်ပင်တပင်ရင်း၌ နေ့သန့်စင်ရန် ထိုင်နေရာ အနီးဖြင့် ဖြတ်သန်းသွားကြသော လှည်းငါးတို့ကို မြင်လည်း မမြင်၊ လှည်းတို့၏အသံ ကြားလည်း မကြားရှိပေ၏။ထိုလှည်းများနောက်က လိုက်လာသော ယောက်ျားတဦးက 'အရှင်ဘုရားမှာ အိပ်ပျော်နေသလော။ စိတ်သညာရှိပါ၏လော' ဟု မေးလျှောက်သော် အာဋ္ဌာရ ဆရာကြီးက'ငါ

အိပ်မပျော်၊ စိတ်သညာလည်းရှိပေ၏"ဟု မိန့်ကြားပါ၏။ ဤသို့လျှင်အာဠာဝရ ဆရာကြီးသည် အိပ်လည်းမပျော်၊ စိတ်သညာလည်း ရှိပါလျက် အနီးဖြင့် သွားကြသည့် လှည်းငါးရာတို့ကိုမြင်လည်းမမြင်၊လှည်းများ၏ အသံကိုလည်း မကြားပေ။ တည်ငြိမ်သော သမာပတ်ဖြင့် နေတော်မူသည်မှာ အံ့ဘွယ်ရှိပါပေစ့"ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က "ပုက္ကုသ၊ ငါဘုရားသည် အခါတပါး၌ အားတုံမြို့ ကောက်ရိုး တဲကျောင်းတွင် သီတင်းသုံးနေသော အခါ လျှပ်စစ်များ ပြက်၍ ခြိမ်းချုန်းကာ မိုးကြီးရွာသွန်း၏။ မိုးကြိုးပစ်၍လည်း အနီးအနားရှိ နွားလေးကောင်နှင့် လယ်သမားညီနောင်နှစ်ဦးတို့ သေဆုံးကြ၏။ အာတုမမြို့မှ လူအပေါင်းတို့သည် ထွက်လာ၍ ထိုနွား,လယ်သမားတို့ သဲရာအရပ်သို့ ရောက်လာကြ၏။ ထိုအခါ ငါဘုရားသည် ထိုတဲကျောင်းမှထွက်၍ လွင်တီးခေါင်၌ စင်္ကြံသွားလျက် နေ၏။ ငါဘုရားက 'အဘယ့်ကြောင့် ဤလူအပေါင်းတို့စုဝေးနေကြသနည်း'ဟုမေးတော်မူ၏။ ထိုလူတို့က ထိုအကြောင်းကို အလုံးစုံလျှောက်ကြားပြီး 'အရှင်ဘုရားသည် ဤအရပ်၌ ရှိနေပါလျက် မိုးကြိုးပစ်သံကို မကြားလိုက်ပါသလော' ဟု မေးလျှောက်ကြသော် 'ငါဘုရား မကြားလိုက်ပေ'ဟု မိန့်ကြားလိုက်၏။ 'ထိုအချိန်၌ အရှင်ဘုရား အိပ်ပျော် နေပ သလော' ဟု မေးလျှောက်ကြသော် 'ငါအိပ်နေသည်လည်းမဟုတ်'ဟု မိန့်ကြားလိုက်၏။ 'အရှင်ဘုရားမှာ စိတ်သညာ ရှိနေပါ၏လော' ဟု မေးလျှောက်ကြသော် 'ငါဘုရားမှာ စိတ်သညာလည်း ရှိပေ၏'ဟု မိန့်ကြားလိုက်ပေ၏။"

"ပုက္ကုသ၊ စိတ်လည်းရှိ၍ နှိုးကြားနေပါလျက် (၁) အနီး၌ ဖြတ်သွားသော လှည်းငါးရာတို့ကို မြင်လည်းမမြင်, အသံကိုလည်း မကြားလိုက်သော အာဠာဝရနှင့် (၂) ခြိမ်းချုန်း၍ လျှပ်စစ်များပြက်ကာ မိုးရွာနေစဉ် မိုးကြိုးပစ်သည်ကို မြင်လည်းမမြင်, အသံကိုလည်း မကြားရသော ငါဘုရား နှစ်ဦးတွင် အဘယ်သူ၏အမှုသည် ပြုဘို့ရန် သာ၍ ခဲယဉ်းသနည်း" ဟု မေးတော်မူ၏။ ထိုအခါ ပုက္ကုသ မင်းသားသည် "မြတ်စွာဘုရား၊ ရှင်တော်ဘုရား၏ အမှုသည်သာ ပိုလွန်၍ ခဲယဉ်းလှပါ၏။ မဖြင်စဘူး အံ့ဘွယ်အထူး ဖြစ်ပါ၏။ တပည့်တော်သည် အာဠာဝရ ဂိုဏ်း ဆရာကြီး အပေါ်၌ ကြည်ညိုနေသော သဒ္ဓါတရားကို လွှင့်ပစ်,မျောပစ်လိုက်ပါ၏။ တပည့်တော်သည် ဘုရား,တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာ ဟူ၍ သိမှတ်ဆည်းကပ်ပါ၏။ ယနေ့မှစ၍ တသက်ပတ်လုံး သရဏဂုံတည်သူ ဥပါသကာ ဟူ၍ တပည့်တော်အား သိမှတ် ယူတော်မူပါလော့" ဟု လျှောက်ထား၍ သရဏဂုံကိုခံယူလေ၏။

ထိုနောက် ပုက္ကုသသည် မင်းချင်းယောကျ်ားတဦးအား ရှေအဆင်းရှိသော ဝတ်လဲတော်ပုဆိုးသစ်တစုံကို ယူဆောင်စေပြီး၍ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းလေ၏။ ဘုရားရှင်က "ပုက္ကုသ၊ တထည်ကို ငါဘုရားအား လှူလော့။ ကျန်တထည်ကို အာနန္ဒာအား လှူလော့" ဟု မိန့်တော်မူသဖြင့် ပုက္ကုသသည် တထည်ကို ဘုရားရှင်အားလှူ၍ ကျန်တထည်ကို အရှင်အာနန္ဒာအား လှူဒါန်းလေ၏။ ထိုနောက် ဘုရားရှင်သည် ပုက္ကုသ မင်းသားအား အကျိုးစီးပွားနှင့် စပ်သော တရားစကားများကို ဟောကြား၍ တရားကျင့်သုံးရန် ထက်သန်ရှင်လန်းစေတော်မူ၏။ ပုက္ကုသလည်း တရားတော်ဖြင့် နှစ်သက်အားရခြင်း ရှိလျက် ဘုရားရှင်ကို ရိုသေစွာရှိခိုးပြီး ဖဲခွာသွားလေ၏။

"အရှင်အာနန္ဒာသည် ဘုရားရှင်၏ အလုပ်အကျေး ရာထူးကို လက်ခံစဉ် "ယူလေးသင့်၊ ပယ်လေးသင့်" ဆု ရှစ်တန်တွင် ဘုရားရှင်အား လှူဒါန်းအပ်သည့် သက်နှံး စသည်ကို မိမိအား မပေးရန် ဆုတခု အနေဖြင့် ယူခဲ့သည်ဖြစ်ပါလျက် အဘယ့်ကြောင့် ပုက္ကုသ လှူသည့် အဝတ်တထည်ကို အလှူခံနေသနည်း" ဟု မေးဘွယ်ရှိ၏။ အဖြေကား- (၁) ဘုရားရှင်အား အရှင်အာနန္ဒာ လုပ်ကျေးသည့် ကိစ္စ ယခု ပြီးဆုံးလေပြီဖြစ်သောကြောင့်၎င်း၊ (၂)'အရှင်အာနန္ဒာသည် ဘုရားရှင်အား နှစ်ဆယ့်ငါးနှစ်ကြာ အရိပ်ပမာပြုစုခဲ့ပါလျက် ဘုရားရှင်ထံမှ တစုံတခုကိုမျှ မရရှိခဲ့ပေ'ဟု သူတပါးတို့ လွဲမှားသော အယူအဆဖြင့် ပြောကြမည်ကို ပယ်ဖြတ်လိုသောကြောင့်၎င်း၊ (၃) ဘုရားရှင်အနေဖြင့်လည်း'အာနန္ဒာသည် ထိုအဝတ်ကို အလှူခံသော်လည်း မသုံးဆောင်ဘဲ ငါဘုရားအားသာ ပူဇော်ပေမည်။ စင်စစ် အာနန္ဒာအား လှူခြင်းသည် သံဃာအား လှူသည်မည်၍ ပုက္ကုသအား ကြီးမားသောကောင်းမှု ဖြစ်ပေမည်'ဟု ဘုရားရှင်သိမြင်သောကြောင့်၎င်း- ဤ အကြောင်း သုံးရပ်ကြောင့်ပင် ဘုရားရှင်သည် အရှင်အာနန္ဒာအား လှူစေတော်မူခြင်း ဖြစ်၏။ အရှင်အာနန္ဒာလည်း ထိုအကြောင်းသုံးပါးကို သိ၍ အလှူခံခြင်းဖြစ်လေ၏။]

၂၃၉။ အစဆုံးနှင့်နောက်ဆုံးလှူသော ဆွမ်းအကျိုးတူပုံကို ဟောကြားခြင်း

ပုက္ကုသမင်းသား ဗဲသွား၍ မကြာမီပင် အရှင်အာနန္ဒာသည် ရှေအဆင်းရှိရှိသော ထိုအဝတ်ချောတစုံကို ဘုရားရှင်၏ကိုယ်တော်၌ ဆက်ကပ်တင်လှမ်းပေးလေ၏။ ထိုအဝတ်အစုံသည် ဘုရားရှင်၏ ပြိုးပြိုးပြက် တောက်ပသော

ပကတိကိုယ်တော်၌ တင်လွှမ်းလိုက်သောအခါ အရောင်ကင်းသကဲ့သို့ ဖြစ်သွားလေ၏။ ဤအကြောင်းကို အရှင်အာနန္ဒာက တအံ့တသြလျှောက်ကြားသောအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ဘုရားရှင်သည် အမြတ်ဆုံးသော သမ္မာသမ္မောဓိဉာဏ်ကို ရသောအခါနှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသော ညဉ့်အခါ ဤအခါနှစ်ပါးတို့၌ ဘုရားရှင်၏ ကိုယ်တော်သည် အလွန်လျှင်စင်ကြယ်၏။ အရေအဆင်းတော်သည် အလွန်လျှင် ပြိုးပြိုးပြက်တောက်ပ၏။ ချစ်သားအာနန္ဒာ၊ ယနေ့ည နောက်ဆုံးယံ၌ ကုသိနာရုံ ပြည်မြို့ ဝင်ခါနီးလမ်းကွေ့ရှိ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် အင်ကြင်းပင် အစုံတို့၏ အကြား၌ ငါဘုရား ပရိနိဗ္ဗာန်စံဝင်ပေလိမ့်မည်" ဟု မိန့်တော်မူ၏။ ထိုနောက် ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ကကုဓာမြစ်သို့ ကြွ၍ ရေသောက်ရေချိုးတော်မူပြီးနောက် မြစ်ကမ်းအနီးရှိ သရက်ဥယျာဉ်သို့ ကြွ၍ (အရှင်အာနန္ဒာ ရေသနုပ်တော်ကို ညှစ်လှမ်းကာ ကျန်နေရကား) အရှင်စုန္ဒအား ဒုကုဋ္ဌသင်္ကန်းကြီးကို လေးထပ်ခေါက်ခင်းစေကာ ထိုအခင်းပေါ်၌ လက်ျာနံပါးဖြင့် လျောင်းစက် နေတော်မူ၏။

ထိုနောက် ဘုရားရှင်သည် အနီးသို့ ရောက်လာထိုင်နေသော အရှင်အာနန္ဒာအား "ချစ်သားအာနန္ဒာ၊ တစုံတယောက်သောသူသည်စုန္ဒ ရှေ့ပန်းထိမ်သည်အား 'ဘုရားရှင်သည် သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေး၍ ပရိနိဗ္ဗာန်ပြုတော်မူရ၏။ ထို့ကြောင့် သင့်အဘို့ လာဘ်မကောင်းလေစွ။ အရမတော်လေစွ' ဟု ပြောဆိုလျက် နှလုံးမသာယာအောင် ပြုကောင်းပြုပေလိမ့်မည်။ ဤသို့ပြုလုပ်လျှင် သင်ချစ်သားတို့က စုန္ဒအား 'ဘုရားရှင်သည် သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေး၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထို့ကြောင့် သင့်အဘို့ လာဘ်ကောင်းလေစွာ့။ အရဘော်ပေစွာ့။ ငါတို့သည် ဘုရားရှင်ထံမှ 'ဘုရားရှင်သည် အကြင်ဆွမ်းကို ဘုဉ်းပေး၍ အမြတ်ဆုံးသော သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ ဘုရားရှင်သည် အကြင်ဆွမ်းကို ဘုဉ်းပေး၍ ခန္ဓာအကြွင်းမရှိ ငြိမ်းခြင်းသဘော = အနုပါဒိသေသနိဗ္ဗာန်သို့ စံဝင်တော်မူ၏။ ထို ဆွမ်းနှစ်မျိုးလုံးသည် အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကြပြီး တူမျှသော အကျိုးအာနိသင် ရှိကြကုန်၏' ဟူသော စကားကို ကြားနာခဲ့ကြရ၏' ဟု ဟောကြား၍ စုန္ဒ ရှေ့ပန်းထိမ်သည်၏ နှလုံးမသာခြင်းကို ဖြေဖျောက်ရမည်" ဟူ၍ မိန့်တော်မူ၏။

ဘုရားရှင်သည် သုဇာတာ လှူသော မွန်မြတ်သည့် ဆွမ်းကို ဘုဉ်းပေးရ၍ အားအင်ပြည့်သဖြင့် ချမ်းသာ လွယ်ကူစွာ 'သဥပါဒိသေသနိဗ္ဗာန' ဓာတ်ဖြင့် ကိလေသပရိနိဗ္ဗာန် စံဝင်တော်၏=ကိလေ

သာတို့ကို စွန့်ပယ်နိုင်၏ = ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ယခု စုန္ဒလှူသောဆွမ်းကို ဘုဉ်းပေးရ၍ အားအင်ပြည့်သဖြင့် လွယ်ကူစွာ ခန္ဓာတို့ကို စွန့်ပယ်နိုင်၏ = ခန္ဓပရိနိဗ္ဗာန် (အနုပါဒိသေသ နိဗ္ဗာန်) စံဝင်တော်မူရ၏။ သို့ဖြစ်၍ ကိလေသာတို့ကို စွန့်ပယ်ခြင်း(ကိလေသ ပရိနိဗ္ဗာန်)၊ ခန္ဓာတို့ကို စွန့်ပယ်ခြင်း (ခန္ဓပရိနိဗ္ဗာန်)- ဤ နိဗ္ဗာန် နှစ်ပါးကို အလွယ်တကူ ချမ်းသာစွာပြီးမြောက်ကြောင်း အနေဖြင့် ဆွမ်းနှစ်ပါးတို့ တူညီကြသောကြောင့် အကျိုးပေးပုံချင်း တူမျှကြ လေ၏။]

၂၈၀။ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး နတ်တို့ ငိုကြွေးကြခြင်း

ထိုနောက် ဘုရားရှင်သည် အရှင်အာနန္ဒာ အစရှိသော ရဟန်းအပေါင်း ခြံရံလျက် 'ဟိရညဝတီ'မြစ်၏ ထိုမှာဘက်ကမ်း ကုသိနာရုံပြည် မြို့ဝင်ခါနီး လမ်းကွေ့ မလမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ကြွ၍(နေဝင်ဆည်းဆာချိန် တွင်)ရောက်တော်မူသော် အရှင်အာနန္ဒာအား "ချစ်သား အာနန္ဒာ၊ အင် ကြင်းပင် အစုံတို့၏အကြား၌ မြောက်အရင်းသို့ ဦးခေါင်းပြုကာ ညောင် စောင်းကိုခင်းလော့။ ငါဘုရား ပင်ပန်းလှ၏။ လျောင်းစက်အံ့"ဟု မိန့်တော် မူ၏။ အရှင်အာနန္ဒာသည် အမိန့်တော်အတိုင်း ညောင်စောင်းကို ခင်းပြီး သော် ဘုရားရှင်သည် လက်ျာခြေပေါ်၌ လက်ဝဲခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်လျက် လက်ျာနံပါးဖြင့် လျောင်းစက်နေ တော်မူ၏။ "ဘုရားရှင်သည် မကြာမီ ပရိနိဗ္ဗာန်စံတော့မည်"ဟု သတင်း ကြားကြ၍ ရဟန်းသံဃာတို့သည် ထိုထိုအရပ်မှ ကြွလာကြသဖြင့် ဘုရားရှင် အနီးတွင် ရှိနေကြသော ရဟန်းသံဃာမှာ မရေမတွက်နိုင်အောင် များ လှပေ၏။

[ဘုရားရှင်သည် ဝမ်းသွေးသွန်သော ရောဂါဝေဒနာကြောင့် အားအင်ကုန်ခမ်း၍ သွားလေရာ ပါဝါပြည်မှ သုံးဂါဝုတ်မျှဝေး သော ကုသိနာရုံပြည်သို့ ကြွရာတွင် ဒေကြိမ်ပေါင်း ၂၅ ကြိမ် ထောက်နားကာ ကြွတော်မူရလေ၏။ အဘယ့်ကြောင့် ပင်ပန်းကြီး စွာ ကုသိနာရုံပြည်သို့ ကြိုးစား၍ ကြွလာတော်မူသနည်းဟူမူ-(၁)ဤ ပြည်၌ ပရိနိဗ္ဗာန်စံဝင်မှသာ 'မဟာသုဒဿန'သုတ္တန်ကြီးကို ဟော တော်မူရပေမည်။ ဤတရားကို ကြားနာကြသော် လူအပေါင်းတို့ သည် ကုသိုလ်ကောင်းမှုကို ပြုကောင်း၏ဟု အောက်မေ့ကြပေလိမ့်

မည်။ (၂)ဤပြဿဒ္ဓိ ပရိနိဗ္ဗာန်စံဝင်မှသာ သုဘဒ္ဒပရိဗိုဇ်သည် ဘုရားရှင်ကို ဖူးမြော်ခွင့်ရ၍ တရားနာရသော် ရဟန္တာအဖြစ်သို့ ရောက်လိမ့်မည်။ (၃)ဤပြဿဒ္ဓိ ပရိနိဗ္ဗာန်စံဝင်မှသာ ဒေါဏပုဏ္ဏားက ဘုရားရှင်၏ဓာတ်တော်များကို အေးချမ်းစွာဖြင့် ဝေဠုနိုင်လိမ့်မည်။ အခြားနေရာ၌ ပရိနိဗ္ဗာန်စံဝင်ပါက ဓာတ်တော်များကို ဝေဘန်ရာ၌ ရန်ခိုက်ကြီးစွာဖြစ်၍ သွေးချောင်းစီးလိမ့်မည်။ ဤအချက် သုံးရပ်ကို ဘုရားရှင် သိမြင်တော်မူ၍ ကုသိနာရုံပြဿဒ္ဓိ ပရိနိဗ္ဗာန်စံတော်မူခြင်းဖြစ်၏။]

ဘုရားရှင်သည် ညောင်စောင်းပေါ်၌ လျောင်းစက်သောအခါ အင်ကြင်းပင် အစုံတို့သည် အခါမဲ့ ပင်လုံးကျတ်ပွင့်ကြပြီး ဘုရားရှင်ကို ဖူးမြော်ကုဏ်ပြုသည့်အနေဖြင့် ကိုယ်တော်ပေါ်သို့ မပြတ်မစဲ ကြဲဖြန်းကြလေကုန်၏။ မန္ဒာရဝ မည်သော နတ်ပန်းတို့သည်၎င်း၊ နတ်၌ဖြစ်သော စန္ဒကူးနုံ့သာမှုန့်တို့သည်၎င်း ကောင်းကင်မှ ကိုယ်တော်ပေါ်သို့ ပူဇော်သည့်အနေဖြင့် မပြတ်မစဲ ကြဲဖြန်းကြလေကုန်၏။ ဘုရားရှင်အား ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ နတ်တူရိယာတို့ တီးမှုတ်လျက်ရှိပြီး နတ်သီချင်းတို့လည်း ကောင်းကင်၌ ဖြစ်ပေါ်လျက်ရှိကုန်၏။ ထိုအခါ ဘုရားရှင်သည် အရှင်အာနန္ဒာအား ထိုပူဇော်ကြမှုအလုံးစုံကို မိန့်ကြားတော်မူပြီး "ချစ်သား အာနန္ဒာ၊ ဤမျှလောက် ပူဇော်မှုဖြင့် ဘုရားရှင်ကို အရိုအသေ အလေးအမြတ် မြတ်နိုးပူဇော်ကြသည် မမည်သေး။ ငါဘုရား၏ ပရိသတ်လေးပါးအနက် လောကုတ္တရာတရားနှင့် လျော်သောတရားကို ကျင့်ကြံလျက်နေသော ပုဂ္ဂိုလ်သည်သာ အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် ဘုရားရှင်ကို အရိုအသေ အလေးအမြတ် မြတ်နိုးပူဇော်သည်မည်၏။ သို့ဖြစ်၍ ဤသာသနာတော်၌ လောကုတ္တရာတရားနှင့် လျော်သောတရားကို ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမည်" ဟူ၍ မိန့်တော်မူ၏။

[သီလ, သမာဓိ, ပညာ (ဝိပဿနာ) ဟူသော သိက္ခာသုံးပါးတို့သာ သာသနာအဓွန့်ရှည်ခြင်း၏ အကြောင်းရင်းများဖြစ်၏။ အာမိသပူဇာ = လှူဘွယ်ဝတ္ထုဖြင့် ပူဇော်ခြင်းဟူသော လှူဒါန်းခြင်း ဒါနတရားသည် သာသနာ၏ အဓွန့်ရှည်ရာ တိုးတက်ရာအကြောင်းမဟုတ်ဘဲ ဆုတ်ယုတ်ခြင်းကိုသာ ဖြစ်စေရာ၏။ နောင်လာနောက်သားတို့သည် အလှူဒါန၌ လွန်စွာအားထုတ်ပြီး ဒါနတရားထက် အဆမျှားစွာ မဂ်ဖိုလ်အထိ အကျိုးကြီးသည့် ထိုသိက္ခာတရားသုံးပါးကို လစ်လျူရှုကြကုန်ရာ၏။ ဘုရားရှင်သည် ကိုယ်တော်၏ တပည့်ပရိသတ်

လေးပါးအား အလှူဒါနဋ္ဌ နစ်မွန်းမနေစေဘဲ သိက္ခာသုံးပါးကို ကျင့်ကြံ အားထုတ် စေလိုတော်မူသည်၊ ဟောကြားစေလိုတော်မူသည်။ ထိုကြောင့် နောင်လာနောက်သားတို့အား သိက္ခာသုံးပါးကို ကျင့်ကြံ အားထုတ်စိမ့်သောငှာ အလှူဒါနထက် သိက္ခာသုံးပါးကို အလေးပေး ဟောကြားတော်မူခြင်း ဖြစ်ပေ၏။]

ထိုအခါဝယ် ကိုယ်ခန္ဓာ ကြီးမားလှသော အရှင်ဥပဂါဏသည် ဘုရားရှင်ကို ယပ်ခပ်လျက် ရှေ့တော်၌ ရပ်တည်နေရာ ဘုရားရှင်က "ချစ်သား ဥပဂါဏ၊ ဖဲသွားလော့။ ငါဘုရာ ရှေ့၌ ရပ်မနေလင့်"ဟု မိန့်တော်မူ၏။ အရှင်ဥပဂါဏကား ထိုခဏ၌ပင် ယပ်ကိုချ၍ မနီးမဝေး၌ သွားနေလေ၏။ ထိုအခါ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ အရှင်ဥပဂါဏသည် ပထမဗောဓိ=ပထမဝါတော် နှစ်ဆယ်အတွင်း ကာလရှည်စွာဖြင့် ရှင်တော်ဘုရား အနီး၌ အမြဲလုပ်ကျွေးခဲ့ဘူးပါလျက် ယခုအခါမှ အဘယ့်ကြောင့် နှင်ထုတ်တော်မူပါသနည်း"ဟု မေးလျှောက်၏။ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ဥပဂါဏမှာ အပြစ်ရှိ၍ ဖဲစေသည်မဟုတ်။ စင်စစ် စကြဝဠာ တိုက်တာသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ဤအင်ကြင်းဥယျာဉ်၏ ထက်ဝန်းကျင် ဆယ့်နှစ်ယူဇနာအတွင်း၌ သားမြီးဖျားလောက်မျှ အကြားမရှိ၊ အပြည့်အနှက် စုဝေးရောက်လာကြကုန်၏။ ထိုနတ်ဗြဟ္မာတို့သည် 'ငါတို့ကား ပရိနိဗ္ဗာန်စံတော်မူမည့် ဘုရားရှင်ကို ဖူးမြင်ရန် အဝေးမှ လာခဲ့ရကုန်၏။ ဘုရားရှင်တို့သည် ဤလောက၌ တခါတရံသာ ပွင့်တော်မူကုန်၏။ ဤအရှင်လည်း ဘုရားရှင်ရှေ့က ကွယ်လျက် ရပ်နေဘိ၏။ ယခု ငါတို့ဘုရားရှင်အား နောက်ဆုံးကာလ၌ ဖူးမြော်ခွင့်ကိုပင် မရကြကော့ပါတကား'ဟု ကဲ့ရဲ့နေကြ၏။ ထို့ကြောင့် ဥပဂါဏကို ငါဘုရား ဖဲစေတော်မူ၏" ဟူ၍ မိန့်တော်မူ၏။

ထို့နောက် အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ နတ်ဗြဟ္မာတို့သည် အဘယ်သို့ ပြုမူတည်နေကြပါသနည်း" ဟု မေးလျှောက်သော် ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ ပုထုဇဉ်ဖြစ်သော နတ်တို့သည် 'ဘုရားရှင်ကား အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်တကား။ ဤလောကမှ ကွယ်ပျောက်တော်မူလိမ့်မည်တကား'ဟု ဆုံပင်တွဲကိုဖြုန့်၍၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏။ လဲကျ လူးလိမ့်နေကြကုန်၏။ ကာမရာဂ ကင်းပြီးသော နတ်တို့သည်ကား 'ပြုပြင်ရသော သင်္ခါရတရားတို့သည် မမြဲသော သဘောရှိကုန်၏။ ဤသင်္ခါရတရားထဲ၌ မြဲမှုသဘောကို အဘယ်မှာရနိုင်လိမ့်မည်နည်း' ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏" ဟူ၍ မိန့်တော်မူလေ၏။

ထို့နောက် အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ နတ်ဗြဟ္မာတို့သည် အဘယ်သို့ ပြုမူတည်နေကြပါသနည်း" ဟု မေးလျှောက်သော် ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ ပုထုဇဉ်ဖြစ်သော နတ်တို့သည် 'ဘုရားရှင်ကား အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်တကား။ ဤလောကမှ ကွယ်ပျောက်တော်မူလိမ့်မည်တကား'ဟု ဆုံပင်တွဲကိုဖြုန့်၍၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏။ လဲကျ လူးလိမ့်နေကြကုန်၏။ ကာမရာဂ ကင်းပြီးသော နတ်တို့သည်ကား 'ပြုပြင်ရသော သင်္ခါရတရားတို့သည် မမြဲသော သဘောရှိကုန်၏။ ဤသင်္ခါရတရားထဲ၌ မြဲမှုသဘောကို အဘယ်မှာရနိုင်လိမ့်မည်နည်း' ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏" ဟူ၍ မိန့်တော်မူလေ၏။

၂၀၁။ သံဝေဂရစေမည့် ဌာနလေးပါးကို ဟောကြားခြင်း

ထိုနောက် ဆက်၍ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ အရပ်လေးမျက်နှာတို့၌ နေထိုင်ကြသော ရဟန်းအပေါင်းတို့သည် ဝါဆိုရက် နီးသောအခါ ကမ္မဋ္ဌာန်းသင်ယူရန်၎င်း၊ ဝါကျွတ်သောအခါ တရားအားထုတ်၍ ရရှိသော မဂ်ဖိုလ် တရားထူးကို လျှောက်ထားရန်၎င်း ဘုရားရှင်ထံသို့ ရှေးအခါက ကြွလာကြပါကုန်၏။ ထိုသို့ကြွလာသော ကြည်ညိုမြတ်နိုးဘွယ် ဖြစ်သည့် ရဟန်းတို့ကို ရှေ အခါက တပည့်တော်များ ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့်ကို ရခဲ့ကြပါကုန်၏။ ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံဝင်သွားပြီးနောက် အခါဌ်ကား ကြည်ညိုမြတ်နိုးဘွယ်ဖြစ်သည့် ရဟန်းတို့ကို ရှေးအခါကလို တပည့်တော်များ ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့်ကို ရကြတော့မည် မဟုတ်တော့ပါဘုရား" ဟု မိမိ၏ ကြံစည်ပူပန်မှုကို လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ လူမိုနိအင်ကြင်းတောဌာနသည်၎င်း၊ မဟာဗောဓိမဏ္ဍိုင် ဌာနသည်၎င်း၊ မိဂဒါဝုန် တောအရပ်ဌာနသည်၎င်း၊ ကုသိနာရုံ အရပ်ဌာနသည်၎င်း- ဤ လေးဌာနတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သောသူအား သံဝေဂရစေမည့် လေးဌာနတို့ ဖြစ်ကြပေ၏။ သဒ္ဓါတရားနှင့်ပြည့်စုံသော ဘုရားရှင်၏ ပရိသတ်လေးပါးတို့သည် (၁) 'ဤလူမိုနိအင်ကြင်းတောဌာန၌ ဘုရားရှင် ဖွားမြင်တော်မူ၏' ဟူ၍၎င်း၊ (၂) 'ဤ မဟာဗောဓိမဏ္ဍိုင်ဌာန၌ ဘုရားရှင်သည် အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်တော်=သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၏' ဟူ၍၎င်း၊ (၃) 'ဤ မိဂဒါဝုန်တောအရပ်၌ ဘုရားရှင်သည် အမြတ်ဆုံးသော ဓမ္မစက္ကာတရားတော်ကို ဟောမြွက်လည်စေ၏' ဟူ၍၎င်း၊ (၄) 'ဤ ကုသိနာရုံပြည်အရပ်၌ ဘုရားရှင်သည် ခန္ဓာ အကြွင်းမရှိသော ငြိမ်းခြင်းသဘော=အနုပါဒိသေသနိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူ၏' ဟူ၍၎င်း- ကြံစည် အောက်မေ့ကြလျက် လာရောက်ကြလိမ့်မည်။ ချစ်သား အာနန္ဒာ၊ စေတီ ပုထိုးတို့ကို ဖူးမြော်ရန် လှည့်လည် သွားလာကြသောသူတို့သည် ကြည်ညိုသောစိတ် ရှိလျက် စုတေကြသော် နတ်ရွာသုဂတိသို့ ရောက်ကြလိမ့်မည်" ဟူ၍ ဟောကြားတော်မူလေ၏။

ထိုနောက် အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ မာဂဂုဂါမ (မိန်းမ)နှင့် စပ်လျဉ်း၍ အဘယ်သို့ ကျင့်သုံးရပါမည်နည်း" ဟု မေးလျှောက်၏။ ဘုရား

ရှင်က "ချစ်သားအာနန္ဒာ၊ မတွေ့မမြင်အောင် ကျင့်သုံးရမည် (=မာတုဂါမကို မကြည့်ခြင်းသည် အကောင်းဆုံးဖြစ်၏)။ အကယ်၍ တွေ့မြင်ခဲ့သော် စကားမပြောဘဲ နေရမည်။ အကယ်၍ မလွဲသာသဖြင့် စကားပြောရသော် အမိအရှယ်ရှိ မာတုဂါမတို့၌ အမိရင်းပမာ မေတ္တာစိတ်ကိုထား၍ ပြောဆိုရမည်။ အမ, နှမအရွယ် ရှိသော မာတုဂါမတို့၌ အမရင်း, နှမရင်းပမာ မေတ္တာစိတ်ကိုထား၍ ပြောဆိုရမည်။ သမီးအရွယ်ရှိသော မာတုဂါမတို့၌ သမီးရင်းပမာ မေတ္တာစိတ်ကို ထား၍ ပြောဆိုကြရမည်။ (တပ်မက်ခြင်းရာဂ အလျဉ်းမဖြစ်ရာ)" ဟူ၍ မိန့်တော်မူလေ၏။

၂၀၂။ စေတီထိုက်သောပုဂ္ဂိုလ် လေးဦးကို ဟောကြားခြင်း

ထိုနောက် အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူသွားသော အခါ တပည့်တော် များသည် ရှင်တော်ဘုရား၏ ရုပ်ကလာပ်ကို အဘယ်သို့ လုပ်ဆောင်ရပါမည်နည်း" ဟု မေးလျှောက်၏။ ထိုအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ဘုရားရှင်၏ ရုပ်ကလာပ်ကို ပူဇော်မှု၌ သင်ချစ်သားတို့ ကြောင့်ကြမစိုက်ကုန်လင့်။ သင်ချစ်သားတို့သည် မြတ်သောအကျင့်၌သာ အားစိုက်ကုန်လော့။ မမေ့မလျော့ ပြင်းစွာ အားထုတ်ကုန်လော့။ နိဗ္ဗာန်သို့ စိတ်ကိုစေလွှတ်၍ နေကြကုန်လော့။ ဘုရားရှင်၌ အလွန်ကြည်ညိုကုန်သော မင်း, ပုဏ္ဏား, သူဌေး သူကြွယ် ပညာရှိတို့သည် ဘုရားရှင်၏ရုပ်ကလာပ်အား ပူဇော်မှုကို ပြုကြလိမ့်မည်" ဟူ၍ မိန့်တော်မူ၏။

ထိုနောက် ဆက်၍ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ မင်း, ပုဏ္ဏား, သူဌေးသူကြွယ် ပညာရှိတို့သည် ရှင်တော်ဘုရား၏ ရုပ်ကလာပ်၌ အဘယ်သို့ ဆောင်ရွက်အပ်ပါသနည်း။ (အဘယ်သို့ ဆောင်ရွက်ရမည် ဟု မေးသော် အဘယ်သို့ ဖြေကြားရပါမည်နည်း)" ဟု ဒလျှောက်၏။ ထိုအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ စကြဝဠာတေးမင်း၏ ရုပ်ကလာပ်ကို ကာသိတိုင်းဖြစ် အဝတ်သစ်ဖြင့် ရစ်ပတ်ကြရသည်။ နောက် ဝါဂွမ်းနုံဖြင့် ရစ်ပတ်ရပြန်၏။ ဤနည်းအတိုင်း ပုဆိုးအစုံ ငါးရာတို့ဖြင့် ရစ်ပတ်ပြီးလျှင် ဆီထည့်ထားသော ရွှေအခေါင်း(တလား)ထဲ ထည့်၍ ဖုံးအုပ်ပြီးသော် နံ့သာထင်းပုံ ပေါ်၌ ရုပ်ကလာပ်ကို မီးသင့်ပို့ဟ်ကြရ၏။ လမ်းလေးဆုံ၌ စကြဝတေးမင်း၏ စေတီကို တည်ထားကြရ၏။ ဤနည်းအတူပင် ဘုရားရှင်၏ ရုပ်ကလာပ်တော်ကိုလည်း ဆောင်ရွက်အပ်ပေ၏။ လမ်းလေးဆုံ၌ ဘုရားရှင်၏ စေတီတော်ကို ထားအပ်ပေ၏။ ထိုစေတီတော်၌ ပန်းနံ့သာ တင်လျှံခြင်း, ရှိခိုးခြင်း, စိတ်

ဖြင့် ကြည်ညိုခြင်းကို ပြုသောသူတို့အား ကာလကြာမြင့်စွာ စီးပွားချမ်းသာ ဖြစ်ပေလိမ့်မည်” ဟူ၍ ဟောတော်မူ၏။

ထိုနောက် ဘုရားရှင်သည် ဆက်လက်၍ “ချစ်သားအာနန္ဒာ၊ ဘုရားရှင်, ပစ္စေကဗုဒ္ဓါ, ဘုရားရှင်၏ အရိယာသာဝက, စကြဝတေး- ဤပုဂ္ဂိုလ်လေးဦး တို့သည် စေတီတည်ထိုက်ကုန်၏။ စေတီတည်ထားကိုးကွယ်ကြလျှင် အကျိုး ထူးကို ရရှိကြကုန်အံ့။ ‘ဤစေတီသည် ဘုရားရှင်၏ စေတီတော်တည်း’ ဟူ၍ ၎င်း၊ ‘ဤစေတီသည် (သစ္စာ လေးပါးကို ကိုယ်တိုင်သိမြင်သော) ပစ္စေက ဗုဒ္ဓါ၏စေတီ’ဟူ၍၎င်း၊ ‘ဤစေတီသည် ဘုရားရှင်တပည့် အရိယာသာဝက၏ စေတီ’ ဟူ၍၎င်း၊ ‘ဤစေတီသည် တရားစောင့်သော စကြဝတေးမင်း၏ စေတီ’ ဟူ၍၎င်း- ထိုထိုစေတီ၌ သဒ္ဓါရွှန်းစို ကြည်ညိုသော လူတို့သည် ဤ ဘဝမှ စုတေသော် နတ်ရွာသို့ ရောက်ရကုန်၏” ဟူ၍ ဟောတော်မူ၏။

၂၀၃။ အရှင်အာနန္ဒာအား နှစ်သိမ့်ချီးကျူးစကား ဟောကြားခြင်း

ထိုနောက်အရှင်အာနန္ဒာသည်“ဘုရားရှင်သည် ငါးမေးလျှောက်သမျှ မှတ်သားဘွယ် တရားစကားတို့ကို ဟောကြားတော်မူပြီးပြီ။ ယခု ကောင်းပင် ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်”ဟူ၍ စဉ်းစားမိပြီး၊ အားကြီးသော စိတ်နှလုံး မချမ်းသာမှု ဖြစ်လေရကား ဘုရားရှင်ထံမှ ဖဲခွာ၍ မင်းကွန်း စရပ်၏တိုင်ကို ကိုင်ကာ ရပ်လျက် သည်းစွာငိုကြွေးလေတော့၏။ ဘုရားရှင်က “အာနန္ဒာ ဘယ်မှာနည်း” ဟု မေးတော်မူသော် ရဟန်းတို့က “အရှင် အာနန္ဒာသည် မင်းကွန်းစရပ်၏တိုင်ကို ကိုင်ကာရပ်လျက် ပြင်းစွာ ငိုကြွေးနေပ ၏” ဟု လျှောက်ကြလေ၏။

ဘုရားရှင်သည် အရှင်အာနန္ဒာကို အခေါ်ခိုင်းပြီးနောက် “ချစ်သား အာနန္ဒာ၊မစိုးရိမ် မပူဆွေးလင့်၊ မငိုကြွေးလင့်။ ချစ်မြတ်နိုးအပ်သောသူအား လုံးတို့နှင့်ရှင်ကဲ့ ကွဲခြင်း(နာနာဘာဝ)သေကဲ့ ကွဲခြင်း(ဝိနာဘာဝ)ဘဝခြား လျက် ကွဲကွာခြင်း(အညထာဘာဝ)ကို ရှေးမဆွကပင် ငါဘုရား ဟောကြား အပ်ပြီးမဟုတ်လော။ ပျက်စီးခြင်း သဘောရှိသော တရားကို ဘုရားရှင်၏ ကိုယ်တော်ပင်ဖြစ်လင့်ကစား‘မပျက်စီးပါစေလင့်’ဟု တောင့်တ၍အဘယ်မှာ ရနိုင်အံ့နည်း။ သင်ချစ်သားသည် ငါးဘုရား၏ စီးပွားချမ်းသာကို လိုလား လျက် အတိုင်းမသိမျှားပြားလှသော မေတ္တာနှင့် ယှဉ်သည့် ‘ကာယကံ, ဝစီကံ,မနောကံ’တို့ဖြင့် ကာလကြာမြင့်စွာ ဘုရားရှင်ကို ပြုစုလုပ်ကျွေးခဲ့လေပြီ။ သင်ချစ်သားသည် ကုသိုလ်ကောင်းမှုများစွာကို ပြုပြီးသူဖြစ်၏။ကမ္မဋ္ဌာန်း

အလုပ်ကိုသာ အားထုတ်ရစ်လော့။ လျင်စွာပင် ရဟန္တာ ဖြစ်ပေလိမ့်မည်" ဟူ၍မိန့်တော်မူ၏။ထိုနောက်ဘုရားရှင်သည် ရဟန်းတို့အား အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးစကားကို ဤသို့ ဟောကြားတော်မူ၏-

"ရဟန်းတို့- ရှေးဘုရားရှင်တို့၏ အလုပ်အကျွေးတို့လည်း ငါ ဘုရား၏ အလုပ်အကျွေးဖြစ်သူ အာနန္ဒာကဲ့သို့သာ ဂုဏ်ကျေးဇူး အတိုင်းအရှည်ရှိခဲ့ကြလေပြီ။ နောင် ပွင့်လတံ့သော ဘုရားရှင်၏ အလုပ်အကျွေး ဟို့သည်လည်း ငါဘုရား၏ အလုပ်အကျွေးဖြစ်သူ အာနန္ဒာ ကဲ့သို့သာ ဂုဏ်ကျေးဇူး အတိုင်းအရှည် ရှိကြလိမ့်မည်။အာနန္ဒာသည် ပညာရှိပေ၏။ ထက်မြက်သော ဥာဏ်ရှိပေ၏။ 'ဤအခါကား ဘုရားရှင်ကို ရဟန်းများ ချဉ်းကပ်ရန် အခါတည်း။ ဤအခါကားရဟန်းမများ-ဥပသကာများ-ဥပါသိကာမများ-တိတ္ထိနှင့် တိတ္ထိ တပည့်များ ချဉ်းကပ်ရန် အခါတည်း'ဟု သိမေ၏။

"ရဟန်းတို့၊ အာနန္ဒာမှာ အံ့ဘွယ်ဂုဏ်လေးပါးတို့ ရှိကုန်၏။(၁)ရဟန်း ပရိသတ်သည်ငှင်း၊ (၂)ရဟန်းမ ပရိသတ်သည်ငှင်း၊ (၃)ဥပသကာ ပရိသတ်သည်ငှင်း၊ (၄)ဥပသိကာမ ပရိသတ်သည်ငှင်း- အာနန္ဒာကိုချဉ်းကပ်ဖူးမြော်ရလျှင် နှစ်သက်ဝမ်းမြောက်၏။ အာနန္ဒာ ဟောကြားအပ်ပေသော တရားဖြင့်လည်း နှစ်သက်ဝမ်းမြောက်ရ၏။အာနန္ဒာသည် တရားဟောမှု ရပ်နား၍ ဆိတ်ဆိတ် နေသည့်တိုင်အောင် တရားနာ၍မရောင့်ရဲနိုင်သည်သာ ဖြစ်ပေ၏။ ရဟန်းတို့၊ မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူဌေး,သူကြွယ်ပရိသတ်, သူတော်သူမြတ် ပရိသတ်တို့သည် စကြာဝတေးမင်းကို ချဉ်းကပ် ဖူးမြော်ရလျှင် နှစ်သက်ဝမ်းမြောက်၏။ စကြာဝတေး မြွက်ကြားသော စကားဖြင့် နှစ်သက်ဝမ်းမြောက်၍ မရောင့်ရဲနိုင်သည်သာ ဖြစ်၏။ဤကဲ့သို့ စကြာဝတေးမင်းမှာ အံ့ဘွယ်ဂုဏ်လေးပါးတို့ရှိသည့် နည်းတူ၊ အာနန္ဒာမှာလည်း (ဖော်ပြသည့် အတိုင်း) အံ့ဘွယ်ဂုဏ်လေးပါးတို့ရှိပေကုန်၏"ဟူ၍ မိန့်တော်မူ၏။

၂၈၄။ မဟာသုဒဿနသုတ်ကို ဟောကြားခြင်း

ထိုနောက် အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် ဤ(ကုသိနာရုံ)ကျေးလက်မြို့ငယ်၌ ပရိနိဗ္ဗာန်စံတော်မမူပါလင့်။ စမ္ပာ, ရာဇဂြိုဟ်, သာဝတ္ထိ, သာကေတ, ကောသမ္ဗီ,ဗာရာဏသီ ဟူသော မြို့ကြီးများ၌ ပရိနိဗ္ဗာန်စံတော်မူပါ။ ထိုမြို့ကြီးများ၌ ရှင်တော်ဘုရားကို အလွန်ကြည်ညို ကြသည့်ချမ်းသာကြွယ်ဝသောမင်း,ပုဏ္ဏာ,သူဌေးသူကြွယ် များစွာရှိကြပါ၏။

ထိုသူတို့သည် ရှင်တော်ဘုရား၏ရုပ်ကလာပ်တော်ကို ခမ်းနားကြီးကျယ်စွာ ပူဇော်ကြပါလိမ့်မည်"ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က "ချစ်သားအာနန္ဒာ၊ ဤကဲ့သိုနာရုံကို ကျေးလက်မြို့ငယ်ဟုမဆိုလင့်။ ရှေးအခါက ဤကဲ့သိုနာရုံပြည်သည် လေးကျန်းလုံးကို စိုးပိုင်သော 'မဟာသုဒဿန'မည်သည့် စကြာမင်းကြီး၏ ကုသာဝတီ အမည်ရှိသော နေပြည်တော်ကြီးဖြစ်ခဲ့ဘူး၏။ အရှေ့အနောက် ယူဇနာ ၁၂၀ ရှည်၍ တောင်မြောက် ယူဇနာ ၇၀ ရှိ၏။ ကုသာဝတီနေပြည်တော်သည် 'ဝေဿဝဏ်နတ်မင်း၏ 'အာဠကမန္ဒာမည်သော နတ်မြို့တော်ကဲ့သို့ ပြည့်စုံကြွယ်ဝ၏။ စည်ပင်ဝပြော၏။ လူဦးရေများစွာရှိ၏။ လူမျိုစုံဖြင့်ပြွမ်းတ၏။ အစားအစာ ပေါများ၏။ တံတိုင်း ခုနစ်ထပ်တိုဖြင့် ကာရံထားအပ်၏။ ကုသာဝတီနေပြည်တော်သည်, 'ဆင်သံ,မြင်းသံ,ရထားသံ, စည်ကြီးသံ, မုရိုးစည်သံ, စောင်းသံ, သီချင်းသံ, ခရုသင်းသံ, ငကြူးနင်းခွက်ခွင်းသံ, စားပါသောက်ပါဟူသော ဖိတ်ကြားသံ,ဟူသော အသံဆယ်မျိုးတို့ဖြင့် နေ့ရောညပါ မဆိတ်သည်သာတည်း"- စသည်ဖြင့် အလွန် ရှည်လျား လှသော မဟာသုဒဿနသုတ္တန်ကြီးကို ဟောကြားတော်မူလေ၏။

ထိုနောက် ဘုရားရှင်သည် "ချစ်သားအာနန္ဒာ ကုသိနာရုံပြည်သို့ ဝင်သွား၍ 'မလ္လမင်းတို့၊ ယနေ့ည နောက်ဆိုးယုံ၌ပင် (သင်တို့ ဥယျာဉ်ဝယ်) ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူလိမ့်မည်။ သင်တို့လာကြလော့။ သင်တို့သည် 'ငါတို့နယ်ပယ်၌ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပါလျက် နောက်ဆုံးအချိန်မှာ ဘုရားရှင်ကိုမဖူးမြော်လိုက်ရကုန်'ဟု နောင်အခါ နှလုံးမသာမယာမဖြစ်ကြကုန်လင့်'ဟု ပြောကြားခဲ့လော့"ဟူ၍မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဘုရားရှင်မိန့်ကြားသည့်အတိုင်းသွား၍ မင်းကွန်း၌စုဝေးနေကြသော မလ္လမင်းတို့အား ထိုအကြောင်းကို ပြောကြားလေ၏။ အရှင်အာနန္ဒာ၏စကားကိုကြားရလျင် မလ္လမင်းတို့သည်၎င်း၊ ယင်းတို့၏ သားသမီး ခွေးမ မိဖုရားတို့သည်၎င်း အလွန်ကြွက်ဝမ်းနည်းပူဆွေးကြလျက် 'ဘုရားရှင်သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူမည်တကား'ဟူ၍ ဆံပင်တို့ကိုဖြန့်ကာ ငိုကြွေးကြကုန်၏။ လဲကျလူးလှိမ့်ကြကုန်၏။

ထိုနောက် မလ္လမင်းများနှင့် အပေါင်းပါတို့သည် အလွန်ကြွက်ဝမ်းနည်း ပူဆွေးကြလျက် အင်ကြင်းဥယျာဉ်သို့သွားရောက်၍ အရှင်အာနန္ဒာထံ ချဉ်းကပ်ကုန်ကြ၏။ ထိုအခါ အရှင်အာနန္ဒာသည် "ငါသည် မလ္လမင်းတို့ကို တယောက်စီ တယောက်စီ ဘုရားရှင်အား ဖူးမြော်ကန်တော့စေလျင် သူတို့ကန်တော့၍မပြီးမီပင် ဤညကုန်ဆုံးသွားလိမ့်မည်။ ငါသည် မလ္လမင်းတို့ကို

အမျိုးတူအစုလိုက်ထား၍ 'မြတ်စွာဘုရား၊ ဤမည်သော မလ္လမင်းသည် သားသမီး မိဖုရား အမတ် ပရိသတ်နှင့်တကွ ရှင်တော်ဘုရားကို ခြေတော်ဦးခိုက်ကန်တော့ဖါ၏'ဟု လျှောက်ကာ ဘုရားရှင်ကို ဖူးမြော်ကန်တော့စေရပါမူ ကောင်းလေစွ''ဟူ၍ ကြံစည်မိလေ၏။ ထိုအခါ အရှင်အာနန္ဒာသည် မိမိစဉ်းစားသည့်အတိုင်းပင် မလ္လမင်းတို့အား ဘုရားရှင်ကို ရှိခိုးကန်တော့စေရာ ညဉ့်ယံဦးဌပင် ပြီးဆုံးလေ၏။

၂၈၅။ နောက်ဆုံးရဟန်းဖြစ်သော'သုဘဒ္ဒ'ပရိဗိုဇ်

ထိုအချိန်ဝယ် ကုသိနာရုံပြည်ဌတည်းခိုနေထိုင်လျက်ရှိသော'သုဘဒ္ဒ'အမည်ရှိ ပရိဗိုဇ်တဦးသည် ''ယနေ့ည နောက်ဆုံးယံဌ ရဟန်းမြတ်ဂေါတမ ပရိနိဗ္ဗာန်စံလိမ့်မည်တဲ့''ဟူသော သတင်းစကားကို ကြားသိရလေသော် ''လောကဌ သဗ္ဗညုဘုရားရှင်တို့သည် တခါတရံသာ ပွင့်တော်မူကုန်၏။ အသက်အရွယ်ကြီးရင့်ကုန်သော ဆရာ၊ဆရာ့ဆရာဖြစ်ကြသည့် ပရိဗိုဇ်ဆရာကြီးများပြောကြားခဲ့သောစကားကို ငါကြားရဘူး၏။ ရှေးအခါက ငါသည် ရဟန်းဂေါတမကို ငယ်သေး၏ဟုမှတ်၍ ပြဿနာမမေးမိခဲ့။ ယခုမူ ရဟန်းမြတ်ဂေါတမသည် ယနေ့ည နောက်ဆုံးယံဌပင် ပရိနိဗ္ဗာန် စံဝင်ပေလိမ့်မည်။ သူ့အား မမေးမိလိုက်လျှင် နောင်အခါ ငါနှလုံးမသာမယာဖြစ်ရာ၏။ ငါ့စိတ်ထဲမှာရှိနေသော ယုံမှားသံသယကို ပယ်ဖျောက်နိုင်အောင် ရဟန်းဂေါတမသည် ငါ့အား တရားဟောကြားနိုင်ပေမည်''ဟူ၍ အကြံအစည်ဖြစ်လေ၏။ သုဘဒ္ဒပရိဗိုဇ်သည် ရှေးကပြုခဲ့သောပါရမီကုသိုလ်၏လှုံ့ဆော်ချက်အရ အချိန်မဆွဲဘဲ ထိုအကြံအစည်ဖြစ်သည့်ခဏဌပင် အင်ကြင်းဥယျာဉ်သို့သွားရောက်၍ အရှင်အာနန္ဒာအား မိမိ၏ ထိုအကြံအစည်ကို ပြောပြပြီး ဘုရားရှင်ကိုဖူးမြော်ခွင့်ရရန် တောင်းပန်ပြောကြားလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် ''ဤသာသနာပြင်ပတိတ္ထိမည်သည် မိမိအယူကိုသာ စွဲမြဲစွာယူတတ်ကြ၏။ ထိုသုဘဒ္ဒပရိဗိုဇ်၏မိစ္ဆာအယူကို စွန့်ပယ်ဘို့ရန် တရားများစွာဟောတော်မူနေလျှင် ဘုရားရှင်မှာ ပင်ပန်းရုံသာရှိပေမည်။ ဤသုဘဒ္ဒပရိဗိုဇ်သည် မိမိ၏မိစ္ဆာအယူကိုစွန့်မည်မဟုတ်။ ရှင်တော်ဘုရားလည်း ယခု ပင်ပန်းနွမ်းနယ်တော်မူပေ၏''ဟု ကြံစည်ပြီးသော်''ငါ့ရှင်သုဘဒ္ဒ၊ ခွင့်မပြုနိုင်ပါ။ဘုရားရှင်သည် ပင်ပန်းတော်မူလျက်ရှိ၏။ဘုရားရှင်ကို မညှဉ်းဆဲပါလင့်'' ဟု ပြန်ကြားလေ၏။ သုဘဒ္ဒက နှစ်ကြိမ် သုံးကြိမ် တောင်းပန်သော်လည်း အရှင်အာနန္ဒာက ပယ်သည်သာတည်း။ ထိုအခါ

ဘုရားရှင်သည် သူတို့နှစ်ဦး၏ ပြောစကားများကိုကြားတော်မူလျှင် ဤသုဘဒ္ဒအတွက်ပင် ကုသိနာရုံပြည်သို့ လုံလုံကြီးစွာဖြင့် ကြွတော်မူခဲ့ရသောကြောင့် "ချစ်သားအာနန္ဒာ၊ သုဘဒ္ဒကိုမတားမြစ်လင့်။ ငါဘုရားကိုဖူးမြော်ခွင့်ရပါစေလော့။ သုဘဒ္ဒသည် ငါဘုရားကိုညှဉ်းဆဲလို၍မဟုတ်ဘဲ သိလို၍သာမေးခြင်းဖြစ်မည်။ သူ့အမေးကို ငါဘုရား ဖြေကြားလိုက်လျှင် ထိုအဖြေကို လျင်မြန်စွာ သူသိပေမည်"ဟူ၍ မိန့်တော်မူ၏။

ထိုအခါမှ အရှင်အာနန္ဒာက ဝင်ခွင့်ပြုသဖြင့် သုဘဒ္ဒပရိဗိုဇ်သည် ဘုရားရှင်ထံဆည်းကပ်၍ ဝမ်းမြောက်ဘွယ်စကားများကို ပြောကြားပြီးနောက် "အရှင်ဂေါတမ၊ တပည့်အပေါင်းနှင့်ပြည့်စုံ၍ ထင်ရှားကျော်ကြား သူတော်ကောင်းဟု သမုတ်အပ်ကုန်သော 'ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ ဗေလဋ္ဌပုတ္တသား သဉ္စယနှင့် နာဋပုတ္တသား နိဂဏ္ဌ'- ဤဂိုဏ်းဆရာကြီးခြောက်ဦးလုံးပင် သူတို့ဝန်ခံသည့်အတိုင်း တရားအားလုံးကို သိကြပါသလော"ဟူ၍ မေးလျှောက်၏။ ထိုအခါဘုရားရှင်သည် ထိုဂိုဏ်းဆရာကြီးအကြောင်း ဟောပြောနေလျှင် အကျိုးမရှိဘဲ အချိန်သာကုန်မည်ကို ဆင်ခြင်တော်မူ၍ သုဘဒ္ဒပရိဗိုဇ်ကို သံသရာဝဋ်မှ ကျွတ်လွတ်နိုင်စေမည့်တရားကိုသာ ဟောကြားတော်မူလို၏။ ထို့ကြောင့် "ချစ်သားသုဘဒ္ဒ၊ ဤအမေးကိုဖယ်ထားဦးလော၊ သင့်အား နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကိုသာဟောအံ့။ထိုတရားကိုကောင်းစွာ နာယူလော့" ဟုမိန့်ကြား၍ ဤသို့ တရားဟောတော်မူလေ၏။

"ချစ်သား သုဘဒ္ဒ၊ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်တရား မရှိသော သာသနာ၌ အရိယာ ပုဂ္ဂိုလ် လေးပါးအနက် တဦးမျှမရှိပေ။ အင်္ဂါရှစ်ပါးရှိသည့် အရိယာမဂ်ဘရားရှိသော သာသနာ၌သာ အရိယာပုဂ္ဂိုလ်လေးပါးလုံးရှိပေ၏။ ငါဘုရား၏ 'ဓမ္မဝိနယ' သာသနာ၌သာ ထိုအင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော အရိယာ မဂ်တရား ထင်ရှားရှိသဖြင့် အရိယာ ပုဂ္ဂိုလ် လေးပါးလုံးရှိပေ၏။ ငါဘုရား၏ သာသနမှ တပါးသော အယူဝါဒတို့သည် အရိယာပုဂ္ဂိုလ်တို့မှ ဆိတ်သုဉ်းကုန်၏။ ငါဘုရား၏ သာသနာတော်၌ အရိယာမဂ်တရားများ အားထုတ်နေကြသည်ရှိသော် လောကသည် အရိယာရဟန္တာတို့မှ မဆိတ်သုဉ်းသည်သာ ဖြစ်လေရာ၏"ဟူ၍ ဟောကြားတော်မူ၏။ဤတရားကိုကြားနာရလျှင် သုဘဒ္ဒပရိဗိုဇ်သည် အလွန်လျှင် နှစ်သက်အားရ ကျေနပ်ရကား 'မြတ်စွာဘုရား၊ အလွန်နှစ်သက်ဘွယ်ရှိပေစွ။ မှောက်ထားအပ်သော အရာဝတ္ထုကို လှန်လိုက်သကဲ့သို့ တရားတော်ကို ဟောပြတော်မူအပ်ပါပြီ။

တပည့်တော်သည် ဘုရား,တရား,သံဃာ- ရတနာသုံးပါကို ကိုးကွယ် ဆည်းကပ်ပါ၏"ဟူ၍ လျှောက်ထားလေ၏။

ထိုနောက် ဆက်လက်၍"မြတ်စွာဘုရား၊ကောင်းကင်၌ ခြေရာမည်သည် ဖြစ်နိုင် ရှိနိုင်ပါသလော။ ဤဘုရား သာသနာတော်မှပြင်ပ တိတ္ထိတို့ အယူဝါဒ၌ ရဟန်းသူမြတ် ဖြစ်နိုင် ရှိနိုင်ပါသလော။ မဖောက်မပြန် မပျက်စီးဘဲ အမြဲတည်သော သင်္ခါရတရားတို့မည်သည် ဖြစ်နိုင် ရှိနိုင်ပါသလော" ဟူ၍ (သူ သံယရှိသည့်)ပြဿနာ သုံး ရပ်ကိုမေးလျှောက်၏ ထိုအခါ ဘုရားရှင်က "ချစ်သား သုဘဒ္ဒ၊ ကောင်းကင်၌ ခြေရာမည်သည်မရှိပေ။ တိတ္ထိတို့၏ အယူဝါဒ၌ကိလေသာငြိမ်းစေတတ်သော ရဟန်းသူမြတ် တဦးမျှ မရှိပေ။သတ္တဝါအပေါင်းတည် တဏှာ,မာန,ဒိဋ္ဌိ ဟူသော ပပဉ္စ တရားဌ်သာ မွေ့လျော်၍ နေပေ၏။ မဖောက်မပြန် အမြဲတည်သော သင်္ခါရတို့သည် မရှိကြကုန်။ ဘုရားရှင်တို့သည် တဏှာ,မာန,ဒိဋ္ဌိဟူသော ပပဉ္စ တရားများ လုံးဝမရှိကြသဖြင့် ထိုတရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိကုန်" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူ၏။

သုဘဒ္ဒ ပုရိဗိုဇ်သည် ဤတရားကို ကြားနာရပြီး၍ အနာဂါမ် ဖြစ်လေသော်ဘုရားရှင်အားရဟန်းပြုခွင့်တောင်းခံလေ၏။ရှင်ဘုရားရှင်က "ချစ်သား သုဘဒ္ဒ၊တိတ္ထိဖြစ်ဘူးသောသူသည်ဤသာသနာ၌ရှင်ရဟန်းအဖြစ်ကိုရဟန်းလိုမူ လေးလပတ်လုံး'တိတ္ထိယပရိဝါသ်'ကို ကျင့်သုံးရ၏။လေးလ ကျင့်သုံးပြီး၍ ရဟန်းတို့က ကျေနပ်ကြလျှင် ရှင်ရဟန်း ပြုပေးကြလိမ့်မည်။ သို့ရာတွင် ဤအရာ၌ ငါးဘုရားသည် (ထိုပရိဝါသ် ကျင့်သုံးထိုက်သူ၊ မထိုက်သူဟု) ပုဂ္ဂိုလ်၏ခြားနားချက်ကို သိမြင်အပ်ပေ၏"ဟူ၍ မိန့်တော်မူ၏။ ထိုအခါ သုဘဒ္ဒ ပရိဗိုဇ်က "မြတ်စွာဘုသူး၊ တပည့်တော်သည် လေးနှစ် ပတ်လုံးပင် တိတ္ထိယရိပဝါသ်ကို ကျင့်သုံးပါမည်။ ကျင့်သုံးပြီး၍ ရဟန်းတော်တို့ကျေနပ်ကြပါလျှင် တပည့်တော်ကို ရှင်ရဟန်း ပြုပေးကြပါစေ"ဟု လျှောက်ထားလေ၏။ ဘုရားရှင်က "ချစ်သား အာနန္ဒာ။ သုဘဒ္ဒကို ရှင်ရဟန်းပြုပေးလိုက်လော့"ဟူ မိန့်တော်မူ၏။

ထိုအခါ သုဘဒ္ဒ ပရိဗိုဇ်သည် အရှင်အာနန္ဒာအား "ငါ့ရှင် အာနန္ဒာ သင်တို့သည် ဤသာသနာတော်ဝယ် ဘုရားရှင်၏ မျက်မှောက်၌ တပည့်အဖြစ်ဖြင့် အဘိသိက်သွန်းခြင်းကို ရသည်မှာ လာဘ်ကောင်းပေစွ။ အရတော်လေစွ"ဟုဆိုလေ၏။အရှင်အာနန္ဒာကလည်း သုဘဒ္ဒပဗိုဇ်ကို သင့်လျော်သည့်နေရာသို့ ခေါ်ဆောင်သွားကာ တစပဉ္စက ကမ္မဋ္ဌာန်းကိုပေး၍,ဆံ,မုတ်ဆိတ်ရိတ်ခြင်း၊ သင်္ကန်းတို့ကိုဝတ်စေခြင်း၊ သဏဂုံပေးခြင်း'ဟူသော ရှင်ပြု

ကိုစွဲသုံးရပ်ကို အစဉ်အတိုင်း ပြုပေးပြီးသော် ဘုရားရှင်ထံသို့ ခေါ်ဆောင်သွားလေ၏။ ဘုရားရှင်သည် သုဘဒ္ဒသာမဏေအား ထိုခဏဘဲပင် ပဉ္စင်းခံပေးစေ၍ ကမ္မဋ္ဌာန်းတရားကိုဟောကြားတော်မူ၏။သုဘဒ္ဒလည်းထိုကမ္မဋ္ဌာန်းကိုယူ၍ ဆိတ်ငြိမ်ရာအရပ်သို့သွားကာ စင်္ကြံသွားလျက်သာ မနေမနားတရားအားထုတ်လေသော် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မမူမီ ထိုညဘဲပင် ရဟန္တာဖြစ်၍ ဘုရားရှင်ထံမှောက်သို့ သွားရောက်ရှိခိုးကာ ထိုင်နေလေ၏။ဤသို့လျှင် သုဘဒ္ဒသည် ဘုရားရှင်၏သက်တော်ထင်ရှားရှိစဉ် နောက်ဆုံးတပည့်သာဝက (ပစ္ဆိမ သာဝက)ဖြစ်လေသတည်း။

၂၀၆။ ဘုရားရှင်၏ နောက်ဆုံး ဩဝါဒစကားတော်

သုဘဒ္ဒပရိဗိုဇ် ရဟန္တာဖြစ်ပြီးသောအခါ ဆုရားရှင်သည် ရဟန်းအပေါင်းတို့အား (အရှင်အာနန္ဒာကို တရားနာခံသူပြုကာ) ဤသို့ နောက်ဆုံးဩဝါဒပေးခဲတော်မူ၏။

(၁) ချစ်သားအနန္ဒာသင်တို့၏ စိတ်ထဲ၌'တရားစကားတော်သည်ဟောကြားသော ဆရာမှ ကင်းကွာလေပြီ။ ငါတို့၏ဆရာဘုရားသည် မရှိတော့ပြီ'ဟု ထင်မှတ်မှု, အားနည်းမှု ဖြစ်လေရာ၏။ ဤသို့ မမှတ်ထင်ကြလင့်။ လေးဆယ့်ငါးဝါတိုင် ငါဘုရား ဟောကြား, ပညတ်ခဲ့သောတရားတော်, ဝိနည်းတော်(ဓမ္မနှင့်ဝိနယ)သည် ငါဘုရား ကွယ်လွန်သောအခါ၌ သင် ချစ်သားတို့၏ ဆရာဘုရားပင် ဖြစ်၏။

(၂) ချစ်သားအာနန္ဒာ၊ ယခုအခါ ရဟန်းတို့သည် အချင်းချင်း'အာဝုသော=ငါ့ရှင်' ဟူသော စကားဖြင့် ကြီးငယ်မရွေး ခေါ်ဝေါ်နေကြ၏။ ငါဘုရား ကွယ်လွန်သောအခါ၌ ဤသို့ မခေါ်ဝေါ် မပြောဆိုကြလင့်။ ကြီးသောရဟန်းက ငယ်သောရဟန်းကို အမည်ဖြင့်ဖြစ်စေ,အနုဇ်ဖြစ်ဖြစ်စေ' အာဝုသော=ငါ့ရှင် ဟူသော စကားဖြင့် ဖြစ်စေ ခေါ်ဝေါ် ပြောဆိုကြရမည်။ ငယ်သောရဟန်းက ကြီးသောရဟန်းကို 'ဘန္တေ=အရှင်ဘုရား' ဟူ၍ ၎င်း၊ 'အာယသ္မာ=သက်တော်ရှည်အရှင်' ဟူ၍သော်၎င်း- ဤသို့သာ ခေါ်ဝေါ်ပြောဆိုကြရမည်။

(၃) ချစ်သားအာနန္ဒာ၊ သံဃာတော်သည် ငါဘုရား ကွယ်လွန်သောအခါ၌ အသေးအနုပ် သိက္ခာပုဒ်များကို ပယ်နှုတ်လိုခဲ့သော် ပယ်နှုတ်လေလော။

(၄) ချစ်သားအာနန္ဒာ၊ ငါဘုရား ကွယ်လွန်သောအခါ၌ ဆန္ဒ-ရဟန်းအား ပြဟ္မဒဏ်ပေးရမည်။ ပြဟ္မဒဏ် ဟူသည်ကား- ဆန္ဒ ရဟန်းသည် သူပြောဆိုလိုရာ စကားကို ပြောဆိုနိုင်၏။ သို့ရာတွင် ရဟန်းတို့ကမူ သူ့အား တစုံတရာ မပြောဆို,မဆုံးမ,မတားမြစ်အပ်ပေ။ ဤကား ပြဟ္မဒဏ်တည်း။

[ဆန္ဒ-ရဟန်း ဟူသည် ဘုရားရှင် တောထွက်စဉ်က လိုက်ပါသော မြင်းထိန်း မောင်ဆန်တည်း။ သူသည် ဘုရားရှင်ကိုအမှီပြု၍ 'ဒါ ငါ့ဘုရား-ငါ့ဘုရား' ဟု သဘောထားပြီး အဂ္ဂသာဝက စသည် မထေရ်များကို မထေရ်မဲ့မြင်ပြုကာ ဆုံးမစကား နားမထောင်ခဲ့ပေ။ ဘုရားရှင်က ဤသို့ မပြုရန် ဆုံးမသော်လည်း နားမထောင်ခဲ့ပေ။ ထို့ကြောင့် ဘုရားရှင်က ဤသို့ ပြဟ္မဒဏ်ထားတော်မူခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသော် ထိုပြဟ္မဒဏ်အရ ရဟန်းတော်တို့က စကားမပြောဘဲ ကျဉ်ထားကြလေ၏။ ထိုအခါမှ ဆန္ဒ ရဟန်းသည် သံဃာကြီးစုရာရာ ရဟန်းတော်မထေရ်များကို ခြေတော်ဦးခိုက်တောင်းပန်ပြီး ဆုံးမစကားကို နာယူ၍ တရားအားထုတ်လေသော် မကြာမီပင် ရဟန္တာဖြစ်သွားလေသတည်း။

ထိုနောက် ဘုရားရှင်သည် ဆက်လက်၍ "ရဟန်းတို့၊ တပါးပါးသော ရဟန်း၏ စိတ်ထဲ၌ 'ဘုရား ဟုတ်လေသလော-မဟုတ် လေသလော၊ တရား ဟုတ်လေသလော-မဟုတ် လေသလော၊ သံဃာ ဟုတ်လေသလော-မဟုတ် လေသလော၊ နိဗ္ဗာန်ရောက်ကြောင်း မဂ် အစစ် ဟုတ်လေသလော-မဟုတ် လေသလော၊ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်း ဟုတ်သေသလော-မဟုတ်လေသလော' ဟူ၍ ဘုရား, တရား, သံဃာ, မဂ်, အကျင့်တို့၌ ယုံမှားတွေးတောမှု ရှိငြားအုံ-ငါဘုရားကို မေးမြန်းကြကုန်လော့။ 'ဘုရားရှင်သည် ငါတို့ မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည် ဘုရားရှင်ကို ပြန်၍ မေးခြင်းငှာ မစွမ်းနိုင်ပါတကား' ဟု သင်္ခ ချစ်သားတို့ နောင်တ တဖန် ပူပန်ခြင်း မဖြစ်ကြစေကုန်လင့်" ဟူ၍ မိန့်တော်မူ၏။ ထိုအခါ ရဟန်းတို့သည် ဆိတ်ဆိတ်နေကြကုန်၏။ ဘုရားရှင်က ဤသို့နှစ်ကြိမ်,သုံးကြိမ် မေးကြရန် မိန့်တော်မူသော်လည်း ရဟန်းတို့သည် မမေးကြဘဲ ဆိတ်ဆိတ်သာနေကြကုန်၏။

ထိုအခါ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ အံ့ဘွယ်ရှိပေစွ။ ဤရဟန်းသံဃာထဲတွင် ရဟန်းတပါးမျှ၏ စိတ်ထဲ၌ ဘုရား,တရား,သံဃာ,မဂ်,အကျင့်တို့ တခုခု၌ပင် ယုံမှားတွေးတောခြင်း အလျှင်းမရှိပါပေဟု တပည့်တော် ယုံကြည်အပ်ပါ၏ ဘုရား" ဟု လျှောက်ထားလေ၏။ ဘုရားရှင်က

"ချစ်သား အာနန္ဒာ၊ သင် ချစ်သားသည် ယုံကြည်ခြင်းကြောင့်သာ ဤသို့ ဆိုပေ၏။ ဤ ရဟန်းသံဃာထဲတွင် ရဟန်းတပါးမျှ၏ စိတ်၌ပင် 'ဘုရား, တရား, သံဃာ, မဂ်, အကျင့်'တို့ တခုခု၌ပင် ယုံမှား တွေးတောခြင်း အလျှင်း မရှိကြောင်း ငါဘုရားသိပြီးပင် ဖြစ်၏။ ဤရဟန်းငါးရာတို့အနက် အောက် ဆုံး အနိမ့်ဆုံး ရဟန်းသည်ပင် အထက်မဂ်သုံးပါးလျှင် နောက်ဆုံးရောက်ရာ သေချာသော သောတာပန် အရိယာ ဖြစ်ပေ၏။ (အရှင်အာနန္ဒာကို ရည် ညွှန်း၍)" မိန့်တော်မူ၏။

ထိုနောက် ဘုရားရှင်သည် နောက်ဆုံး ဩဝါဒ အနေဖြင့် "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ။ ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာ ဒေထ=ရဟန်းတို့၊ သင်ချစ်သားတို့အဘို့ ယခု ငါဘုရား နောက်ဆုံး ဩဝါဒ စကား မိန့်ကြားလိုသည်မှာ 'ပြုပြင်ပေးရသမျှ သင်္ခါရ တရားတို့သည် ပျက် စီးခြင်းသဘော ရှိကုန်၏။ သို့ဖြစ်၍ မမေ့သော သတိတရားဖြင့် သင် ချစ် သားတို့သည် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့" ဟူ၍ မိန့်တော်မူလေ၏။

၂၀၇။ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း

ဘုရားရှင်သည် ဤသို့သော နောက်ဆုံး ဩဝါဒစကားကို မိန့်တော်မူပြီး နောက် စကားတစုံတရာ မိန့်တော်မမူတော့ချေ။ အင်ကြင်းတော တခုလုံး တိတ်ဆိတ်၍ သွားလေပြီ။ ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူရန် ကာယယံ, ဝစီကံ, မနောကံ သက်သက်ဖြင့် ပရိကံဘာဝနာ စိတ်အလုပ်ကိုသာ ဤသို့ ပြုလုပ်ပွားများတော်မူလေ၏။

ရှေးဦးစွာ ဘုရားရှင်သည် ရူပါဝစရ ပထမဈာန် ဝင်စားတော်မူ၏။ ထိုနောက် ဒုတိယဈာန်၊ ထိုနောက် တတိယဈာန်၊ ထိုနောက် စတုတ္ထဈာန်ကို ဝင်စားတော်မူ၏။ ထိုနောက် အရူပါဝစရဈာန် လေးပါးကို အစဉ်အတိုင်း ဝင်စားတော်မူ၏။ ထိုနောက် သညာ, ဝေဒနာတို့၏ ချုပ်ရာ နိရောဓ သမာ ပတ်ကို ဝင်စားတော်မူသော် ဘုရားရှင်၏ ကိုယ်တော်မှာ ထွက်သက်ဝင်သက် နှစ်ပါးလုံး ချုပ်ငြိမ်း၍ နေလေ၏။ ထိုအခါ အရှင်အာနန္ဒာက အရှင်အနု ရုဒ္ဓါအား "အရှင်ဘုရား၊ ရှင်တော်ဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသွားပြီ လော" ဟု စိုးရိမ်တကြီး မေးလျှောက်၏။ အရှင်အနုရုဒ္ဓါက "ငါ့ရှင် အာနန္ဒာ၊ ဘုရားရှင်သည် ပရိနိဗ္ဗာန် စံတော်မမူသေးပါ။ သညာ, ဝေဒနာ တို့၏ ချုပ်ရာ နိရောဓ သမာပတ်ကို ဝင်စားတော်မူလျက် ရှိပါ၏" ဟု ပြန် ကြားလေ၏။ ဘုရားရှင်သည် နိရောဓ သမာပတ်မှ ထတော်မူ၍ အမြင့်ဆုံး

ဖြစ်သော အရှုပါဝစရစျာန် (နေဝသညာ နာသညာယတန)ကို ဝင်စားပြီး နောက် အောက်အောက်ဖြစ်သော စျာန်တို့ကို အစဉ်အတိုင်း ဝင်စားတော် မူရာ ပထမစျာန်ကို ဝင်စားနေတော်မူ၏။

ထို့နောက်တဖန် အထက်အထက်ဖြစ်သော ဒုတိယ၊တတိယ၊ စတုတ္ထစျာန် များကို အစဉ်အတိုင်း ဝင်စားတော်မူပြန်၏။ စတုတ္ထစျာန် ဝင်စားရာမှ ထပြီးနောက် စတုတ္ထစျာန်၌ ပါရှိသောစျာန်အင်္ဂါ နှစ်ပါးကို ဆင်ခြင်ပြီးမှ မဟာကြိယာဇောတို့၏ အဆုံးဝယ် ဘဝင်စိတ်ဖြင့် ဒုက္ခဇာတ်သိမ်း ပရိနိဗ္ဗာန် စံဝင် ချုပ်ငြိမ်း,သွားတော်မူ၏။ ဤသို့ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန် လပြည့်ည လွန်မြောက် အရုဏ်တက်ခါနီး အချိန်၌ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင် တော် မူလေ၏။ ထို့ခဏ၌ပင် မဟာပထဝီ မြေကြီးသည် ကြောက်မက်ဘွယ်ရာ ပြင်းစွာတုန်လှုပ်လေ၏။ တော်လည်းသံတို့လည်း တခြိမ့်ခြိမ့် မြည်ဟည်းလေ ကုန်၏။

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသည်နှင့် တပြိုင်နက် 'သဟမွတီပြဟ္မာ' မင်းကြီးသည် "အကြင်လောကထဲ၌ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိ မြင်တော်မူသော ကာယညာဏအား ဆယ်ပါးနှင့် ပြည့်စုံတော် မူသော, နှိုင်းပြိုင်စံယှဉ် ပုဂ္ဂိုလ်တူ မရှိသော, နတ် လူတို့၏ ဆရာ ဖြစ်တော်မူသော, ဘုရားရှင်သော်မှလည်း ပရိနိဗ္ဗာန် စံဝင်တော်မူရချေသေး၏။ ထိုလောက ကြီးထဲ၌ ရှိသမျှ သတ္တဝါအလုံးစုံသည် ခန္ဓာကိုယ်ကို စွန့်ပယ်ကြရလိမ့်မည် တကား" ဟူ၍ သံဝေဂဂါထာကို ရွတ်ဆိုလေ၏။ ထိုနောက် သိကြားမင်းက "တဘူမက သင်္ခါရတို့သည် အမှန်စင်စစ် အမြဲမရှိကုန်။ ပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ်ပြီး၍ ချုပ်ပျောက်ကြကုန်၏။ ထိုတဘူမကသင်္ခါရတို့၏ ချုပ် ငြိမ်းရာ နိဗ္ဗာန်သည်သာ ချမ်းသာအစစ် ဖြစ်ပေစ့ တကား = (အနိစ္စာဝတ သင်္ခါရာ၊ဥပါဒဝယ ဓမ္မိနော၊ ဥပဇ္ဈိတွံဝနိရုဇ္ဈန္တိ၊ တေသံ ဥပသမောသုခေါ)" ဟူသော ကျော်ကြားသည့် သံဝေဂဂါထာကို ရွတ်ဆိုလေ၏။ ထိုနောက် အရှင် အနုရုဒ္ဓါက သံဝေဂဂါထာ နှစ်ပုဒ်ကိုငင်း၊ အရှင် အာနန္ဒာက သံဝေဂဂါထာ တပုဒ်ကိုငင်း အသီးသီးရွတ်ဆိုကြလေ၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူလတ်သော် ရာဂ, ဒေါသ ကင်းပြီးသော အနာဂါမ်, ရဟန္တာ မထေရ်တို့သည် "ပြုပြင်ရသော သင်္ခါရ တရားတို့သည် မမြဲသော သဘော ရှိကုန်၏။ ဤသင်္ခါရ တရားထဲ၌ ထိုမြဲမှုသဘောကို အဘယ် မှာ ရနိုင်ပါအံ့နည်း" ဟု အောက်မေ့ ဆင်ခြင်လျက် သည်းခံနိုင်ကြကုန်၏။ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ရဟန်းတို့သည်ကား "ဘုရားရှင်သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံဝင်တော် မူခဲ့လေပြီတကား။ အလွန် လျင်

မြန်စွာ လောကမှ ကွယ်ပျောက်တော် မူခဲ့ပြီတကား" ဟု ပြောဆိုကြကာ လက်မောင်းတို့ကို မြှောက်ခါ၍ ငိုကြွေးမြည်းတမ်းကြကုန်၏။ လဲကျ လူလှိုမ့်ကြလေကုန်၏။ ထိုအခါ အရှင်အနုရုဒ္ဓါက ငိုကြွေးကြသည့် ရဟန်းတို့အား "ငါ့ရှင်တို့၊ တန်ကြလော့ ပူဆွေးငိုကြွေး မနေကြလင့်။ ရှင်ကဲ့ ကဲခြင်း၊ သေကဲ့ ကဲခြင်း၊ ဘဝခြားလျက် ကဲကွာခြင်းကို ရှေးမဆွကပင် ရှင်ဘော်ဘုရား ဟောကြားခဲ့ပြီ မဟုတ်လော။ 'အရှင်မြတ်တို့ ကိုယ်တော်တိုင်က သည်းမခံနိုင်ကြလျှင် ကျန်သော လူအပေါင်းကို အဘယ်မှာ သက်သာစေနိုင်ကြလိမ့်မည်နည်း ဟု နတ်တို့ကပင် ကဲ့ရဲ့စကား ပြောကြကုန်၏" ဟူ၍ သတိပေးစကား မိန့်ကြားလေ၏။

ထိုနောက် အရှင်အာနန္ဒာက "နတ် ဗြဟ္မာတို့သည် အဘယ်ကဲ့သို့ ဖြစ်နေကြပါသနည်း" ဟု မေးလျှောက်သဖြင့်အရှင်အနုရုဒ္ဓါက "ငါ့ရှင်အာနန္ဒာ၊ ရာဂကင်းသော နတ်တို့သည် 'ရှင်တော်ဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလေပြီတကား။ အလွန်လျင်မြန်စွာ လောက်မှ ပျောက်ကွယ်တော်မူလေပြီတကား' ဟု ပြော ဆိုကြကာဆံပင်တို့ကိုဖြန့်၍ လက်မောင်းတို့ကို မြှောက်လျက် ငိုကြွေးကြကုန်၏။ လှူးလှိမ့်နေကြကုန်၏။ ရာဂကင်းပြီးသော နတ်တို့သည်ကား 'ပြုပြင်ရသော သင်္ခါရ တရားတို့သည် မမြဲသောသဘော ရှိကုန်၏။ ဤသင်္ခါရ တရားထဲ၌ ထိုမြဲမှုသဘောကို အဘယ်မှာ ရနိုင်ပါအံ့နည်း" ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏" ဟူ၍ မိန့်ကြားလေ၏။ ထိုနောက် မထေရ်နှစ်ပါးသည် "အတုမရှိသော ဘုရားရှင်အား သော်မှပင် ဤသေမင်းသည် မရှက်တုံးသေး၏။ သာမန်လောကီ လူအများအပေါင်းအား အဘယ့်ကြောင့် ရှက်လိမ့်မည်နည်း" ဤသို့စသည် သေခြင်းတရားနှင့်စပ်သော တရားစကားအကြောင်းကို ဟောကြစဉ်ပင် အရုဏ်တက်၍ လာလေတော့၏။

၂၀၈။ ဘုရားရှင်၏ ရုပ်ကလာပ်ကို ဒုနစ်ရက်တိုင် ပူဇော်ကြခြင်း

ထိုအခါ အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါက စေခိုင်းသဖြင့် ကုသိနာရုံပြည်သို့ဝင်၍ လှုတ်တော်ခန်းမ၌ ဘုရားရှင်၏ ပရိနိဗ္ဗာန်စံခြင်းနှင့် စပ်သောပြဿဒုက်ကိစ္စများကို ဆွေးနွေးတိုင်ပင်နေကြသည့် မလ္လမင်းတို့ထံသွားပြီး "မလ္လမင်းများတို့၊ ဘုရားရှင်သည် ပရိနိဗ္ဗာန်စံတော်မူလေပြီ။ ယခုအခါ၌ ဆောင်ရွက်ရန်မှာ သင်တို့၏ အလိုအတိုင်းပင် ဖြစ်၏" ဟူ၍ မိန့်ကြားလေ၏။ ထိုစကားကို ကြားကြလေလျှင် မလ္လမင်းတို့သည်၎င်း၊ ယင်းတို့၏သားသမီး မိဖုရားတို့သည်

၎င်း "ဘုရားရှင်သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီ တကား။ အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလေပြီတကား' ဟု ပြောဆိုကြကာ ဆံပင်တို့ကိုဖြန့်၍ လက်မောင်းတို့ကိုမြောက်လျက် ငိုကြွေး ကြကုန်၏။ လူးလှိမ့်ကြကုန်၏။ ထိုနောက် မလ္လမင်းတို့သည် ပန်းနံ့သာ မျိုးစံတို့ကို၎င်း၊ တူရိယာ မျိုးစုံတို့ကို၎င်း၊ အဝတ်အထည်ချော ငါးရာတို့ကို ၎င်း ယူဆောင်သာကြပြီး ဘုရားရှင်၏ ရုပ်ကလာပ်ကို က,ခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်၎င်း၊ ပန်းနံ့သာတို့ဖြင့်၎င်း အလေးအမြတ်ပြု ပူဇော်ကြ လျက် မျက်နှာကြက်များ ပြုလုပ်ကြကာ တန်ဆောင်းဝန်းများကို အသစ် စီမံကြလျက် ထိုနေ့အဘို့ကို ကုန်လွန်စေကုန်၏။ ဤနည်းဖြင့် ခြောက်ရက်တိုင် ပူဇော်ကြလေ၏။

ခုနစ်ရက်မြောက်နေ့၌ကား မလ္လမင်းတို့သည် "ဘုရားရှင်၏ ရုပ်ကလာပ် တော်ကို မြို့တော်၏တောင်ဘက်၌ မီးသင်္ဂြိုဟ်ကြစို့" ဟု တိုင်ပင် ဆုံးဖြတ်ကြ ကုန်၏။ ထိုအခါ အားကောင်းသော အကြီးအမှူး မလ္လမင်း ရှစ်ဦးတို့သည် ဦးခေါင်းတို့ကို ဆေးလျော်ကြ၍ အဝတ်သစ်များကို ဝတ်ဆင်ကြလျက် ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို ချီမကြသော် ကြွစေရန်ပင် မတတ်နိုင်ဘဲ ရှိကြကုန်၏။ မလ္လမင်းတို့က အကြောင်းကို မေးလျောက်ကြသော် အရှင် အနုရုဒ္ဓါမထေရ်က "မလ္လမင်းများတို့၊ သင်တို့၏အလိုနှင့် နတ်တို့၏အလိုသည် တမျိုးစီ ဖြစ်နေပေ၏။ နတ်တို့ကမူ ဘုရားရှင်၏ ရုပ်ကလာပ်ကို နတ်တို့၏ ကခြင်း, တီးမှုတ်ခြင်းတို့ဖြင့်၎င်း၊ ပန်းနံ့သာတို့ဖြင့်၎င်း အရိုအသေပြု၍ ပူဇော်ကြလျက် မြို့အပြင် မြောက်ဘက်လမ်းဖြင့် မြို့၏ မြောက်အရပ်သို့ ယူဆောင်ကြပြီးလျှင် မြောက်တံခါးမှ မြို့ထဲသို့ သွင်းကြလျက် မြို့လယ်လမ်း အတိုင်း ပင့်ဆောင်ကြကာ အရှေ့တံခါးမှ ထွက်၍ မြို့အရှေ့ဘက်ရှိ မလ္လမင်း တို့၏ 'မကုဋ္ဌဗန္ဓန'မည်သော စေတီဌာန၌ ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ကြလိုကုန်၏" ဟူ၍ မိန့်ကြားလေ၏။

မလ္လမင်းတို့က "နတ်တို့၏အလိုအတိုင်းပင် ဖြစ်ပါစေတော့ဘုရား" ဟု လျောက်ကြားကြကုန်သော် နတ်တို့သည် ကုသိနာရုံပြည် တခုလုံးဝယ် မန္ဒာရဝနတ်ပန်းတို့ဖြင့် ဒူးပုဆစ် မြုပ်အောင် ဖြန့်ခင်း ထားကြကုန်၏။ ထိုနောက် နတ်တို့သည်၎င်း၊ မလ္လမင်းတို့သည်၎င်း၊ နတ်,လူတို့၏ ကခြင်း, သီခြင်း,တီးမှုတ်ခြင်း ပန်းနံ့သာတို့ဖြင့် အရိုအသေ အလေးအမြတ် ပူဇော်ကြ လျက် အထက်ပါ အစီအစဉ်အတိုင်း ပင့်ဆောင်ကြ၍ မြို့အလယ်သို့ ရောက်ကြ လေ၏။ ထိုအခါ ဗန္ဓုလစစ်သူကြီးကတော်'မလ္လိကာ'သည် မိမိလင် ကွယ်လွန် သည့်အချိန်မှ စ၍ မသုံးဆောင်ဘဲ သိမ်းဆည်းထားသော (ဝိသာခါ၏

တန်ဆာနှင့် တူသည့်) မဟာလတာတန်ဆာကိုထုတ်ဆောင်၍ နံ့သာရေတို့ဖြင့် ဆေးကြော်ပြီးလျှင် အိမ်တံခါးဝသို့ ရောက်လာသောဘုရားရှင်၏ ရုပ်ကလာပ်တော်၌ စွပ်လိုက်ရာ ဦးခေါင်းတော်မှ စ၍ ခြေဖဝါးတော်အထိ ဖုံးမိလေ၏။ ရှေးရောင်အဆင်း ဝါဝင်းသော ဘုရားရှင်၏ ရုပ်ကလာပ်တော်သည် ရတနာကိုးပါး စီခြယ်ထားသော မဟာလတာတန်ဆာဖြင့် အလွန်ပင် တင့်တယ်လှပေ၏။ မလ္လိကာသည် ထိုတင့်တယ်ပုံကို မြင်ရ၍ သဒ္ဓါကြည်ညိုစိတ် တရိပ်ရိပ် ဖြစ်လျက် "မြတ်စွာဘုရား၊ သံသရာဝဋ်၌ ကျင်လည်ရသမျှ တပည့်တော်မ၏ ကိုယ်ခန္ဓာသည် အမြဲတစေ တန်ဆာဆင်ပြီး ဝတ်ပြု ကဲ့သို့ ဖြစ်ရပါလို၏" ဟု ဆုတောင်းလေ၏။

ထိုနောက်မှ မလ္လမင်းများသည် ရုပ်ကလာပ်တော်ကို မဟာလတာတန်ဆာနှင့်တကွ ချီမ၍ အရှေ့တံခါးမှ ထုတ်ဆောင်ပြီး မြို့အရှေ့ဘက်ရှိ မကုဋဗန္ဓန မည်သော စေတီဌာန၌ ချထားကြကုန်၏။ ထိုအခါ အရှင်အာနန္ဒာက မလ္လမင်းတို့အား ဘုရားရှင်၏ ရုပ်ကလာပ်တော်၌ အဘယ်သို့ဆောင်ရွက်ရမည်ကို 'ဘုရားရှင်သည် ဤသို့ မိန့်တော်မူခဲ့၏' ဟူ၍ ဘုရားရှင် မိန့်တော်မူခဲ့သည့်အတိုင်း မိန့်ကြားလေ၏။ မလ္လမင်းတို့လည်း ထိုအမိန့်တော်အတိုင်း ရုပ်ကလာပ်တော်ကို ဝါဂွမ်း, အဝတ်ချောသစ် တထပ်စီ, တထပ်စီ အထည်ငါးရာ ရစ်ပတ်ပြီးလျှင် အတောင် ၁၂၀ မြင့်သော စန္ဒကူးနံ့သာမျိုးစုံ ထင်းပုံပေါ်၌ တင်ထားကြလေ၏။

၂၈၉။ အရှင်မဟာကဿပ ကုသိနာရုံပြည်သို့ ကြွလာခြင်း

ထိုအခါ အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်းအပေါင်း ခြံရံလျက် ကြွလာတော်မူရာ ခရီးလည်းပမ်း, နေလည်း ပူပြင်းလှသဖြင့် "ညနေချမ်းအချိန်ကျမှ ကုသိနာရုံပြည်သို့ အရောက်သွားကာ ဘုရားရှင်ကို ဖူးမြင်အံ့" ဟု ကြံ၍ သစ်တပင်ရင်း၌ အပန်းဖြေ ထိုင်နေလေ၏။ ထိုအချိန်၌ တက္ကတုန်းတယောက်သည် ကုသိနာရုံပြည်မှ မန္ဒာရဝနတ်ပန်းကြီးတခုကို အရိုးတပ်ပြီး ထီးကဲ့သို့ ဆောင်းမိုးယူဆောင်ကာ ပါဝါပြည်ဘက်သို့ လာလျက် ရှိ၏။ အရှင်မဟာကဿပသည် နတ်ပန်းကို ဆောင်းလာသော ထိုတက္ကတုန်းလာနေဆည်ကို အဝေးမှ မြင်လျှင် "ဘုရားရှင်သည် ပရိနိဗ္ဗာန်စံတော်မူပြီ" ဟု သိသော်လည်း "ဘုရားရှင် ပရိနိဗ္ဗာန်စံကြောင်း မသိကြသေးသော နောက်ပါရဟန်းတို့အား ကြိုတင်သိထားလျှင် သက်သာဘွယ် ရနိုင်မည်" ဟု ကြံစည်လျက် ထ၍ တက္ကတုန်းအား "ငါ့ရှင်၊ ငါတို့ဆရာ ဘုရားရှင်ကို

သင်သိပါသလော”ဟု မေးလေ၏။ ထိုတက္ကတွန်းက “ငါ့ရှင်၊ သိပါ၏။ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုသည်မှာ ယနေ့ ခုနစ်ရက်ရှိခဲ့ပြီ။ ထိုအရပ်မှ ဤမန္ဒာခဝနတ်ပန်းကို ယူလာခဲ့ပါ၏”ဟု ပြန်ကြားလေ၏။

ထိုအခါမထေရ်၏ နောက်ပါရဟန်းများအနက် ရာဂမကင်းသေးသော ရဟန်းတို့သည် “ရှင်တော်ဘုရားသည် အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီတကား”စသည် ပြောဆိုကာ ငိုကြွေးမြည်တမ်း လူးလိမ့်ကြကုန်၏။ ရာဂကင်းပြီးသော ရဟန်းတို့သာ သခ်ါရသဘောကို ရှု၍ သည်းခံနိုင်ကြကုန်၏။ ထိုစဉ်တွင် ရှေးအခါက ဘုရားရှင်အပေါ်၌ အာဃာတရှိခဲ့သော‘သုဘဒ္ဒ’အမည်ရှိ တောထွက်ရဟန်းကြီးက “ငါရှင်တို့၊ တန်ကြလော့၊ စိုးရိမ်ပူဆွေးငိုမနေကြလင့်။ ယခု ငါတို့သည် ရဟန်းဂေါတမမှ ကောင်းကောင်းကြီးလွတ်မြောက်ကြပြီ။ ရဟန်းဂေါတမသည် ငါတို့ကို ‘ဤအရာသည် အပ်၏။ ဤအရာသည် မအပ်’ဟု ချုပ်ချယ်ခဲ့၏။ ယခုမူ ငါတို့သည် အလိုရှိသလို ပြုကြရကုန်တော့မည်”ဟု ရိုင်းပြရှင့်သီးသော စကားကို ပြောကြားလေ၏။

ထို သုဘဒ္ဒရဟန်းကြီး၏စကားကို ကြားရလျှင် အရှင်မဟာကဿပသည် “ဩဘ-ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှာ ခုနစ်ရက်မျှသာ ရှိသေး၏။ ရုပ်ကလာပ်တော် အခု အထင်အရှား ရှိနေသေး၏။ ရှင်တော်ဘုရား ပင်ပန်းဆင်းရဲ ငြိုငြင်စွာ တည်ထောင်ထားအပ်သော သာသနာတော်မြတ်ကြီး၌ သို့ကလောက် လျင်မြန်စွာ ရဟန်းယုတ်တည်းဟူသော ဆူးငြောင့်ခလုပ်များ ထင်ရှား ပေါ်လာဘိ၏။ ဤရဟန်းကြီးသည် မဟန့်တားလျှင် သူကဲ့သို့သော ရဟန် ယုတ် အသင်းအပင်းတို့ကို ရရှိ၍ သာသနာတော်ကို ဆုတ်ယုတ်စေနိုင်၏”ဟူ၍ ဆင်ခြင်ကာ ဓမ္မသံဝေဂ (တရားသံဝေ) ကြီးစွာ ဖြစ်လေ၏။ ထို့နောက် မထေရ်မြတ်သည် “အကယ်၍ ငါသည် ဤရဟန်းယုတ်ကြီးကို ဤအရပ်၌ပင် နှင်ထုတ်လိုက်မည်ဆိုလျှင် လူအပေါင်းတို့က‘ရဟန်းဂေါတမ၏ ရုပ်ကလာပ် ထင်ရှားရှိတုန်းပင် သူ၏ တပည့်များ အငြင်းပွားကြကုန်ပြီ’ဟု ငါတို့အပေါ် အပြစ်တင် ပြောဆိုကြမည်။ ငါ သည်းခံဦးမည်။ နောင်အခါ တွင်မှ သုဘ်,ဝိနည်း,အဘိဓမ္မာ-ပိဋကသုံးပုံကို ထိန်းသိမ်းစောင့်, သင်ကြားနာတင်၍ ဤဓမ္မဝိနယသာသနာကို ကြံ့ကြံ့ခိုင်မြဲအောင် လုပ်ဆောင်ပေအံ့”ဟု ကြံစည်လေ၏။

မထေရ်သည် မိမိ၏အကြံအစည်များကို ရဟန်းတပါးအားမျှ မပြောကြားဘဲ စိုးရိမ်ပူဆွေး ငိုကြွေးနေကြသည့် ရဟန်းတို့အား‌သာ “ငါ့ရှင်တို့၊ တန်ကြတော့။ ပူဆွေးငိုကြွေးမနေကြကုန်လင့်။ ရှင်ကွဲကွဲခြင်း, သေကွဲကွဲခြင်း, ဘဝခြား၍ ကွဲကွာခြင်းကို ဘုရားရှင်သည် ရှေးအခါကပင် ဟောကြားခဲ့ပြီ

မဟုတ်လော။ ပျက်စီးခြင်းသဘောရှိသော တရားကို 'မပျက်စီးပါစေလင့်' ဟု အဘယ်မှာ တောင့်တ၍ ရနိုင်ပါမည်နည်း" ဟူ၍ သက်သာရအောင် တရားစကား ဟောကြားလေ၏။

၂၉၀။ ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ခြင်း

ထိုအခါ အားကောင်းသောအကြီးအမှူး မလ္လမင်းလေးဦးတို့သည် ဦးခေါင်းဆေးကြောကြ၍ အဝတ်သစ်တို့ကို ဝတ်ဆင်လျက် ဘုရားရှင်၏ ရုပ်ကလာပ်တော် တင်ထားရာ နံ့သာထင်းပုံကို မီးရှို့ကြသော် မီးစွဲလောင်စေရန်မည်သည့် နည်းနှင့်မျှ မတတ်နိုင်ဘဲ ရှိကြကုန်၏။ ထိုအခါ မလ္လမင်းတို့က အကြောင်းကို မေးလျှောက်ကြသဖြင့် အရှင်အနုရုဒ္ဓါက "မလ္လမင်းများတို့၊ နတ်တို့၏ အလိုကား တမျိုးဖြစ်နေ၏။ နတ်တို့က 'ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်းငါးရာ ခြံရံလျက် ကြွလာသော အရှင်မဟာကဿပသည် ဘုရားရှင်၏ ခြေတော်တို့ကို ဦးခိုက်၍ ရှိမခိုးရသေးမီ နံ့သာထင်းပုံကို မီးမလောင်စေသတည်း' ဟု အဓိဋ္ဌာန်ပြုကြပေ၏" ဟူ၍ မိန့်ကြားလေ၏။ ထိုစကားကိုကြားလျှင် လူအပေါင်းတို့သည် အရှင်မဟာကဿပ ကြွလာခြင်းကို စောင့်မျှော်လျက် ပူဇော်ရန် ပန်းနံ့သာ စသည်တို့ကို လက်စွဲကြလျက် တချို့က ခရီးရင်ဆိုင်သွားကြပြီး တချို့က ကြွလာမည့် လမ်းကို မျှော်မှန်းရပ်တည်နေကြကုန်၏။

မကြာမီပင် အရှင်မဟာကဿပသည် ရဟန်းငါးရာခြံရံလျက် ဘုရားရှင်၏ ရုပ်ကလာပ်တော်ရှိရာစန္ဒကူးနံ့သာထင်းပုံသို့ ရောက်လာပြီးနောက် လက်အုပ်ချီပြီးလျှင် နံ့သာထင်းပုံကို လကျိာရစ် သုံးပတ်လှည့်လည်ကာ "ဤအရပ်၌ ဘုရားရှင်၏ ဦးခေါင်းတော်ရှိ၏။ ဤအရပ်၌ ဘုရားရှင်၏ ခြေတော်ရှိ၏" ဟု မှတ်၍ "ကိုယ်တော်မြတ်၏ ခြေတော် အစုံကိုမျှ ငါမဖူးရပြီတကား" ဟု နှလုံးထား၍ ဖဝါးတော်သို့ ရှေးရှုလျက် စတုတ္ထစျာန်ကို ဝင်စား၍ ထိုစျာန်မှ ထပြီးနောက် "ဘုရားရှင်၏ ခြေတော်အစုံတို့သည် ဝါဂွမ်းစိုင်, အဝတ်ပုဆိုးအထပ်အလွှာ ငါးရာစီတို့ကိုဌင်း၊ရှေခေါင်း(တလား)ကိုဌင်း၊ နံ့သာထင်းပုံကိုဌင်း နှစ်ဖြာခွဲကာ ငါ၏ ဦးထိပ်ပေါ်၌ တည်လာပါစေကုန်သတည်း" ဟု အဓိဋ္ဌာန်လေ၏။ ထိုခဏ၌ပင် ခြေတော်အစုံတို့သည် ပုဆိုးအစုံ ငါးရာတို့ကို နှစ်ဖြာခွဲလျက် ဖောက်ထွက်လာကုန်၏။ မထေရ်လည်း လက်တို့ကို ဖြန့်၍ ဘုရားရှင်၏ ခြေတော်အစုံတို့ကို ဖမျက်တိုင်အောင် မြဲစွာ ဆုပ်ကိုင်၍ မိမိ၏ ဦးခေါင်းထက်၌ထားပြီး ရှိခိုးလေ၏။

လူအပေါင်းတို့သည် အံ့ဘွယ်သရဲကို မြင်ကြရ၍ တပြိုင်နက် သည်းစွာ ဟစ်အော်ကောင်းချီး ကြွေးကြော်ကြ၍ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကြကာ အလိုရှိတိုင်းပင် ရှိခိုးကြလေ၏။ အရှင်မဟာကဿပ၏ နောက်ပါရဟန်းငါးရာတို့လည်း လက်အုပ်ချီလျက်နံ့သာထင်းပုံကို လက္ခဏာရစ်သုံးပတ်လှည့်ပြီး၍ ဘုရားရှင်၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုးကြလေ၏။ ဤသို့ အရှင် မဟာကဿပနှင့်တကွ ရှင်လူရဟန်းအပေါင်းတို့ အလိုရှိတိုင်း ဖူးမြင်ရပြီးသော် ပကတိ အဓိဋ္ဌာန်ဖြင့်ပင် မထေရ်၏လက်မှလွှတ်လျှင် ဘုရားရှင်၏ ခြေတော်တို့သည် ရွှေခေါင်းတော်အတွင်း တည်မြဲတိုင်းသော မူလနေရာ၌ တဖန်ပြန်၍ တည်လေကုန်၏။ ဤသို့ ဘုရားရှင်၏ခြေတော်တို့ ရွှေခေါင်းတော်အတွင်းသို့ ဝင် ကွယ်ကြသောအခါ လူအပေါင်း တို့သည် သည်းထန်စွာ ဝိုင်းကြွေးကြလေ၏။

ထိုခဏ၌ပင် စန္ဒကူးနံ့သာ ထင်းပုံသည် လူတဦးကမျှ မီးမရှို့ရဘဲ နတ်တို့၏ အာနုဘော်ကြောင့် ထက်ဝန်းကျင်မှ တပြိုင်နက်တည်း မီးလောင်လေတော့၏။ (ယင်းကိုပင် တေဇောဓာတ် မီးလောင်ကျွမ်းသည်ဟု ခေါ်၏။) တေဇောဓာတ် မီးလောင်ကျွမ်းသော ဘုရားရှင်၏ ရုပ်ကလာပ်တော်မှ အရေ၊ အသား၊ အကြော၊ အစေးတို့၏ပြာမျှား မို့ငှဲးမျှား မထင်မရှိဘဲ သရီရဓာတ်တော်တို့သာ ကြွင်းကျန်ရစ်ကုန်၏။ ရုပ်ကလာပ်တော်ကို ရစ်ပတ်ထားသော ပုဆိုးအစုံ ငါးရာတို့တွင်လည်း အတွင်းအကျဆုံး ပုဆိုးနှင့် အပြင်အကျဆုံး ပုဆိုး ဤနှစ်ထည်တို့မှာ မီးမလောင်ဘဲ ရှိကုန်၏။ဘုရားရှင်၏ ဓာတ်တော်တို့တွင် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တို့မှာ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ် မူလပုံအတိုင်းပင် အစိတ်စိတ် မကွဲဘဲ တည်ရှိရစ်ပြီး ထိုမှတပါးသော အရိုးတော်စသည်တို့မှ ဖြစ်ပွားသော ဓာတ်တော်တို့မှာ အစိတ်စိတ်အဆူဆူ ကွဲပြားကြလေ၏။

၂၉၁။ ဘုရားရှင်၏ ဓာတ်တော်များကို ခုနစ်ရက်တိုင် ပူဇော်ကြခြင်း

ဘုရားရှင်၏ ဓာတ်တော်များမှာ ပမာဏအားဖြင့် တတင်းခန့် ကြွင်းကျန်ရစ်လေ၏။ အရွယ်အဆင်း အားဖြင့် သုံးမျိုး ပြားလေ၏။ (၁) အငယ်ဆုံး ဓာတ်တော်များမှာ မုံညင်းစေ့ခန့်ရှိ၍ မြတ်လေးပန်းငုံနှင့် အဆင်း တူကြလျက် ခြောက်ပြည်သားမျှ ကြွင်းကျန်ရစ်၏။ (၂) အလတ်စား ဓာတ်ဂေတော်များမှာ ဆန်ကျိုးခန့်ရှိ၍ ပုလဲအဆင်းနှင့် အဆင်းတူကြလျက် ငါးပြည်သားခန့် ကြွင်းကျန်ရစ်၏။ (၃) အကြီးစား ဓာတ်တော်များမှာ ဖဲနောက်

စေ့ခန့်ရှိ၍ ရွှေအဆင်းနှင့် အဆင်းတူကြလျက် ငါးပြည်သားခန့် ကြွင်းကျန်ရစ်လေ၏။ ဂေါတမဘုရားရှင်သည် သက်တော် တိုတောင်းလှသဖြင့် ပရိနိဗ္ဗာန် မစံမီကပင် "ငါဘုရားသည် ကာလကြာရှည် မတည်ရဘဲ ပရိနိဗ္ဗာန်စံရမည်ဖြစ်၏။ ငါဘုရား၏ သာသနာတော်သည် အရပ်မျက်နှာအားလုံးသို့ မပြန့်နှံ့သေးချေ။ သို့ဖြစ်၍ ငါဘုရား ပရိနိဗ္ဗာန် စံသွားလင့်ကစား ငါဘုရား၏ မုံညင်းစေ့ခန့်ရှိသော ဓာတ်တော်ကိုပင်လည်း ပင့်ဆောင်ကြကာ မိမိတို့နေရာအရပ်၌ စေတီတော်တည်ထားပြီးလှူအပေါင်းတို့ကုသိုလ်ပွားများ၍ နတ်ရွာသုဂတိသို့ ရောက်ကြစေသတည်း" ဟု ရည်ရွယ်တော်မူကာ ဓာတ်တော်များအစိတ်စိတ်ကွဲရန် အဓိဋ္ဌာန်တော်မူခဲ့လေ၏။

[သက်တော်ရှည် ဘုရားရှင်တို့၏ သရီရ ဓာတ်တော်ကား အစိတ်စိတ်မကွဲဘဲ ရွှေတုံးကြီးပမာ တဆူတည်းသာ ကြွင်းကျန်ရစ်ကုန်၏။]

ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို တေဇောဓာတ် လောင်ကျွမ်းပြီးသော် နတ်လူတို့၏ အာနုဘော်ကြောင့် ကောင်းကင်မှ ရေအယဉ်ကြီးများ ကျရောက်ကာ အလွန်မြင့်မား ကြီးမားလှသော စန္ဒကူးနံ့သာ ထင်းပုံကို ငြိမ်းစေကြကုန်၏။ မလ္လာမင်းတို့လည်း နံ့သာမျိုးစုံ ရေအပြည့်ထည့်ထားသော ရွှေအိုးငွေအိုးတို့ကို ယူဆောင်ကြကာအသွေးရှစ်ချောင်းတပ် ထွန်ခြစ်တို့ဖြင့် မွှေနှောက် ကြဲဖြန်းကြ၍ စန္ဒကူးနံ့သာ ထင်းပုံကို ငြိမ်းစေကုန်၏။ ဤသို့ စန္ဒကူးနံ့သာထင်းပုံကို မီးငြိမ်းသတ်ပြီးနောက် မလ္လမင်းတို့သည် မင်းကွန်း၌ ပန်းတို့ကိုကြိတ်၍ ပြုလုပ်အပ်သော နံ့သာဖြင့် လိမ်းကျံပက်ဖြန်းကြ၍ ပန်းမျိုးစုံကို ကြဲဖြန်းကြပြီးလျှင် မျက်နှာကြက်ပြု၍ ရွှေကြယ် ငွေကြယ် စသည်စီခြယ်ကြကာ ထိုမင်းကွန်း၌ နံ့သာဆိုင်း၊ ပန်းဆိုင်း၊ ရတနာဆိုင်း တို့ကို တဲ့ရရဲ့ ဆဲ့ကြ၏။ ထို့နောက် မင်းကွန်းမှသည် မကုဋဗန္ဓုနစေတီ အရောက် လမ်းတလျှောက်၌ ကန့်လန့်ကာတို့ဖြင့် ကာရံ၍ မျက်နှာကြက်များကိုလည်း မိုးလျက် နံ့သာဆိုင်း၊ ပန်းဆိုင်း၊ ရတနာဆိုင်းတို့ကို ချိတ်ဆဲ့ပြီးလျှင် အလံတံခွန်တို့ကို စိုက်ထူလှည့်တင်ကြကာ ကုက္ကားတို့ကို ဝန်းရံ ငိုက်ထူထားကြ၏။ သန့်ရှင်းပြေပြစ်သော လမ်းခရီးတို့၌ ငှက်ပျောပင်များ၊ ရေပြည့်အိုးများ စိုက်မျိုးတည်ထားစေကြလျက် မီးရှူးတိုင်တို့ကို ညှိထွန်း စိုက်ထူကြလေ၏။

ထိုနောက်မှ တန်ဆာစုံလင် ဆင်ယင်ထားသော မင်္ဂလာ ဆင်တော်၏ ကျောကုန်းထက်၌ ဓာတ်တော်နှင့်တကွသော ရွှေခေါင်းတော်ကိုတင်ထားပြီးနောက် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကြလျက် သာဓုကီဠနပဲ့သသင်္ကို ဆင်ယင်ကျင်းပ (တီးမှုတ်ကခုန် ပူဇော်ကြ)ကာ ကုံသိနာရုံ ပြည်တွင်းသို့ သွင်းဆောင်ခဲ့ကြ၏။ နောက် မြို့တွင်း၌ အသင့်ပြင်ထားသော ထိုမင်းကွန်း

အတွင်းရှိ ပလ္လင်ထက်၌ တင်ထားကြပြီး အထက်၌ ထီးဖြူတော်ကို အုပ်မိုး၍ ထားကြလေ၏။ ထိုနောက် မလ္လမင်းတို့သည် မင်းကွန်းလုံခြုံရေးအတွင်း ရှေးဦးစွာ ဦးကင်းချင်းထိမျှ ဆင်တပ်ကြီးကို ဝန်းရံ ချထား စေ၏။ ၎င်း အပြင်ဘက်၌ လည်ချင်းထိမျှ မြင်းတပ်ကြီးကို ဝန်းရံချထား စေ၏။ ၎င်း အပြင်ဘက်၌ ဦးစွန်းချင်းထိမျှ ရထားတပ်ကြီး၊ ၎င်းအပြင်ဘက်၌ လက်ရုံးချင်း ထိမျှ ခြေလျင်တပ်ကြီး၊ ၎င်းအပြင်ဘက်၌ လေးတပ်ကြီး၊ လှံတပ်ကြီးများကို အပ်ထထပ် ဝန်းရံ ချထားစေ၏။ ဤသို့ လုံခြုံရေး တပ်များ အထပ်ထပ် အစောင့်ချထားပြီးမှ ခုနစ်ရက်တိုင် သာဓုကီဠန (သူတော်ကောင်းတို့၏ မြူးတူးပျော်ရွှင်မှု) စျာပနသဘင်ကို ကြီးကျယ်စွာ ဆင်ယင်ကျင်းပကြလေ၏။

[မလ္လမင်းတို့သည် ရှေး နှစ် သတ္တာဟ = ၁၄ ရက်တို့၌ ရဟန်း သံဃာများအတွက် နေရာ ထိုင်ခင်း, ဆွမ်းဘောဇဉ်တို့ဖြင့် စီမံလုပ်ဆောင်နေရသဖြင့် သာဓုကီဠနသဘင်ကို ဆင်ယင်ကျင်းပခြင်း မရခဲ့ပေ။ ထို့ကြောင့် ထိုမင်းတို့သည် ယခု ခုနစ်ရက်ပတ်လုံး သာဓုကီဠန သဘင်ကို ကြီးကျယ်စွာ ပျော်ရွှင်မှုတို့ဖြင့် ဆင်ယင် ကျင်းပကြခြင်း ဖြစ်ပေ၏။]

၂၉၂။ ပရိနိဗ္ဗာန်စံကြောင်း ကြား၍ အဇာတသတ်မေ့မျောသွားခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူကြောင်းကို ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ် မင်းထက်ဦးစွာ အမတ်ကြီးတို့က ကြားသိကြသော် "ပုထုဇဉ်တို့ သဒ္ဓါတရား အရာတွင် ငါတို့မင်းကြီးနှင့်တူသော သူ တဦးမျှမရှိချေ။ ထိုသတင်းကို မင်းကြီးကြားလျှင် နှလုံးကွဲခါမ်းမည်။ ငါတို့ စီမံစောင့်ရှောက်မှ သင့်မည်" ဟု ကြံစည်တိုင်ပင်ကြပြီး ရှေခေါင်းသုံးလုံးတို့ကို ယူဆောင်ကြလျက် စတုမဓူ အပြည့်ထည့်ထားကြပြီးလျှင် မင်းကြီးထံ သွား၍ "အရှင်မင်းကြီး၊ ကျွန်ုပ်တို့သည် အိပ်မက်ဆိုးကို မြင်မက်ပါ၏။ ထို အိပ်မက်ဆိုး မကောင်းကျိုးကို ပယ်ဖျောက်နိုင်ရန် အရှင်မင်းကြီးသည် ဘွဲ့ဖြူပုဆိုး အစုံတို့ကို ဝတ်ဆင်ပြီး စတုမဓူရှေခေါင်းထဲ၌ ဦးခေါင်းမျှကို ဖော်၍ လျောင်းနေမှ သင့်ပါမည်" ဟု လျှောက်ကြ၏။ မင်းကြီးလည်း "အမတ်တို့၊ သင်တို့ ပြောသည့်အတိုင်း ဖြစ်ပစေ" ဟု မိန့်ကြားပြီး ဘွဲ့ဖြူ ပုဆိုးအစုံကို ဝတ်၍ စတုမဓူ ရှေခေါင်းထဲ၌ နှာခေါင်းမျှကိုသာ ဖော်၍ လျောင်းနေလေ၏။

ထိုအခါ အမတ်တယောက်သည် ကုသိနာရုံ ပြည်ဘက်သို့ မျက်နှာမူ၍ လက်အုပ်ချီလျက် "အရှင်မင်းကြီး၊ သေခြင်းမှ လွတ်သော သတ္တဝါ မည်

သည် မရှိပါ။ ကျွန်ုပ်တို့၏ လူနတ်တို့ဆရာ ဖြစ်တော်မူသော ဘုရားရှင်သည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါပြီ” ဟု လျှောက်ထားလေ၏။ အဇာတသတ်မင်းသည် ထိုစကားကို ကြားလျှင်ပင် တွေဝေ မိန်းမော နှစ်မျော၍ ဒေသာကမီးအရှိန်ကြောင့် စတုမဓု ရွှေခေါင်း၌ အငိုတထောင်း ထောင်းထွက်လေ၏။ ထိုအခါ အမတ်တို့သည် မင်းကြီးကိုပွေ့ချီ၍ ဒုတိယ စတုမဓု ရွှေခေါင်း၌ ထည့်သွင်းလျောင်းစေကြပြန်၏။မင်းကြီးလည်း တဖန်သတိရလာ၍ရှေးနည်းတူ မေးပြန်လျှင် အမတ်တို့က ရှေးနည်းတူ လျှောက်ထားကြ၏။ မင်းကြီးလည်း ရှေးနည်းတူ တွေဝေမိန်းမော နှစ်မျောပြန်လေ၏။

ထိုအခါ အမတ်တို့သည် မင်းကြီးကို ထုတ်ဆယ်ပွေ့ချီ၍ နံ့သာရေမိုး ချိုးပေးပြီး ဦးထိပ်ထက်၌ ရေစင်ရေချမ်းများကို သွန်းဖျန်းပေးကြလေ၏။ မင်းကြီးသည် သတိရလာ၍ နေရာမှထပြီး ဆံပင်တို့ကို ဖရိုဖရဲကြဲဖြန့်ကာ လက်ဖြင့် ရင်ကိုထုပြီးလျှင် ရင်ကို မြဲစွာကိုင်၍ သည်းစွာငိုကြွေးလျက် သူရှူး အသွင်ဖြင့် မြို့တွင်း မင်းလမ်းမသို့ ဆင်းသွားလေ၏။ မြို့မှထွက်ပြီး ဇီဝက၏ သရက်ဥယျာဉ် ကျောင်းတိုက်သို့ သွား၍ ဘုရားရှင်တရားဟောရာ နေရာကို ကြည့်ရှုလျက် “မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် ဤနေရာ၌ ထိုင်နေ၍ တပည့်တော်အား တရားဟောခဲ့သည် မဟုတ်ပါလော။ တပည့်တော်၏ သောကမီးကို ငြိမ်းပယ်တော်မူခဲ့သည် မဟုတ်ပါလော။ ယခု ရှင်တော်ဘုရား သည် တပည့်တော်အား စကားတုံ့ တခွန်းမျှ မြွက်ကြားတော်မမူတော့ပါ တကား” ဤသို့ စသည် လွမ်းဆွတ်တသသည့် စကားများကို ပြောကြား၍ ဂါထာခြောက်ဆယ်မျှဖြင့် ဘုရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့လေ၏။ ထိုနောက် မင်းကြီးသည် “ငါ့အဘို့ ငိုကြွေးနေရုံမျှဖြင့် ကိစ္စ မပြီးသေး။ ဘုရားရှင်၏ ဓာတ်တော်များကို ယူဆောင်စေရန် ကြီးမားသော အရေးကား ရှိသေး၏” ဟု ကြံစည်မိလေ၏။

၂၉၃။ ခုနစ်ပြည်ထောင်မင်းတို့ ဓာတ်တော်များကို လာတောင်းကြခြင်း

(၁) ထိုအခါ အဇာတသတ်မင်းသည် မလ္လမင်းများထံသို့ “မလ္လမင်း

များတို့၊ ဘုရားရှင်လည်း မင်းမျိုးဖြစ်တော်မူ၏။ ငါသည်လည်း မင်းမျိုးဖြစ်ပေ၏။ သို့ဖြစ်၍ ငါသည်လည်း ဘုရားရှင်၏ဓာတ်တော်များကို တစုံတပုံ ရထိုက်၏။ ထိုဓာတ်တော်များကို စေတီပုထိုး တည်ထားပူဇော်အံ့”ဟု သံတမန် စေလွှတ်ကာ သဝဏ်ပါးလိုက်လေ၏။ ထိုနောက်လည်း “မလ္လမင်းများသည် အကယ်၍ ဓာတ်တော်များကို ပေးကြလျှင် ကောင်းလှတိ၏။ မပေးကြလျှင်ကား ရန်ဒိုင်သောနည်းဖြင့် ငါ ရအောင်ယူမည်”ဟု ကြံစည်ကာ ကိုယ်တိုင်ပင် အင်္ဂါလေးပါးရှိ စစ်တပ်ကြီးကို ခင်းကျင်းစီရင်ကာ ရာဇဂြိုဟ် ပြည်မှ ထွက်လေ၏။ အဇာတသတ်မင်း နည်းတူပင်-(၂)ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည်၎င်း၊(၃)ကပိလဝတ်ပြည်သား သာကီဝင်မင်းတို့သည်၎င်း၊ (၄)အလ္လကပ္ပပြည်သား ဗုလိ=ကာဗုလိမင်းတို့သည်၎င်း၊ (၅)ရာမဂ္ဂါသား ကောဋိယမင်းတို့သည်၎င်း၊ (၆)ပါဝါပြည်သား မလ္လမင်းတို့သည်၎င်း၊ (၇)ဝေဋ္ဌဒီပတိုင်းသား ပဋ္ဌားတို့သည်၎င်း ဤကဲ့သို့ ခုနစ်ပြည်ထောင်မင်းတို့သည် သံတမန်များ စေလွှတ်ကြကာ သဝဏ်လွှာပါးကြ၍ အင်္ဂါလေးပါးရှိ စစ်တပ်ကြီးများဖြင့် လာရောက်ကြကာ “ငါတို့အား ဓာတ်တော်များကိုမူလည်း ပေးကုန်လော့။ မပေးလိုကြမူ စစ်ကိုမူလည်း ထိုးကြကုန်လော့”ဟု အရေးဆိုကာ ကုသိနာရုံပြည်ကို ဝိုင်းထားကြလေ၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများက “ငါတို့သည် ဘုရားရှင်ကို ဤပြည်သို့ ပင့်လျှောက်ခဲ့ကြသည်မဟုတ်၊ ဘုရားရှင်ကိုယ်တော်တိုင်သာ ကြွတော်မူလာ၍ ငါတို့ကို တမင် ပြောကြား ခေါ်တော်မူစေခဲ့၏။ သင် မင်းတို့လည်း မိမိတို့နိုင်ငံအတွင်း ဖြစ်ထွန်းပေါ်ပေါက်လာကြသော ရတနာများကို ငါတို့အား ပေးကြမည်မဟုတ်။ ဤလောကကြီး၌ ဘုရားရတနာနှင့်တူသော ရတနာမည်သည် မရှိ။ ဤအမြတ်ဆုံးဖြစ်သော ဘုရားရတနာကို ငါတို့သည် ဘယ်နည်းနှင့်မျှ မပေးနိုင်ကုန်။ သင်တို့ ပြောဆိုသည့်အတိုင်း ‘သူရှုံး ငါနိုင်’ အပြိုင်စစ်ထိုးမှု ဖြစ်စေတော့” ဟု ကြုံးဝါးပြောဆို သတင်းပြန်ကြားကြလေ၏။ ထိုခုနစ်ပြည်ထောင်မင်းတို့လည်း မာနဖုံးလွှမ်း ကြုံးဝါးကြလျက် စစ်ထိုးရန် သတင်းပြန်ကြားကြလေ၏။

[စစ်တိုက်ကြလျှင်ကား ကုသိနာရုံပြည်သား မလ္လမင်းတို့ကသာ အောင်နိုင်မည်ဖြစ်၏။ အကြောင်းကား - ဘုရားရှင်၏ ဓာတ်တော်များကို ပူဇော်ရန်လာကြသည့် နတ်တို့သည် ‘ဓာတ်တော်များသည် မလ္လမင်းတို့၏ ဥစ္စာသာ အမှုန်ဖြစ်ကုန်၏’ဟု အမှုန်အတိုင်း ဆင်ခြင်အောက်မေ့ကြကာ မလ္လမင်းတို့ဘက်က ရပ်တည်ကြသဖြင့် စစ်တိုက်ကြလျှင် မလ္လမင်းတို့ကသာ အောင်နိုင်မည်ဖြစ်၏။]

၂၄၄။ ဓာတ်တော်များကို ဒေါဏပုဏ္ဏားကြီး ခဲ့ပေးခြင်း

ဤသို့ ခုနစ်ပြည့်ထောင်မင်းတို့နှင့် မလ္လမင်းတို့ အချင်းချင်း ခိုက်ရန်စကား စစ်ထိုးစကားများကို ကြားလေလျှင် ဘုရားရှင်၌ အလွန်ကြည်ညို ဆည်းကပ် ကိုးကွယ်ပေသော 'ဒေါဏ' အမည်ရှိ ပုဏ္ဏားကြီးသည် "ဤမင်းတို့သည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာဌာန၌ ခိုက်ရန်ငြင်းခုန်မှု ပြုကြဘိ၏။ ငါသည် ထို ခိုက်ရန် ငြင်းခုန်မှုကို ငြိမ်းစေအံ့" ဟု ကြံစည်ဆင်ခြင်၍ ထိုငြင်းခုန်ရာအရပ်သို့ သွားရောက်ကာ ကုန်းမြင့်တခုပေါ်၌ ရပ်တည်ပြီးလျှင် "ဒေါဏ-ဂဇ္ဇံတ" (ဒေါဏပုဏ္ဏား၏ ဘုရားရှင်ဂုဏ်တို့ကို ချီးမွမ်း ကြုံးဝါးချက်) မည်သော တရားဂါထာများစွာတို့ကို အာသဇ္ဇန် ရွတ်ဆိုပြောကြားလေ၏။ ထိုမင်းတို့သည် အငြင်းပွားဆူညံနေကြသဖြင့် ဒေါဏ ရွတ်ဆိုသော ရှေ့ပိုင်းဂါထာများကို မကြားလိုက်ကြကုန်။ နောက်ပိုင်း ပြီးခါနီးအချိန်မှ "ဤအသံကား ဆရာကြီး၏ အသံနှင့်တူ၏" ဟု ပြောဆိုကြကာ အသံတိတ် ငြိမ်သက်၍ သွားလေ၏။ (ထိုစဉ်အခါက အမျိုးကောင်းသား လူလင်တို့သည် များသောအားဖြင့် ဒေါဏဆရာကြီး၏ တပည့်များသာဖြစ်ကြပြီး တပည့်မဟုတ်သူကား မရှိသလောက်ပင်ဖြစ်၏။)

ထိုအခါ ဒေါဏဆရာကြီးသည် ထိုမင်းများ မိမိစကားကို ကြားကြ၍ အသံတိတ် ဆိတ်ဆိတ်နေကြသည်ကိုသိရှိလျှင် တဖန်ဆက်၍ "အရှင်တို့ ကျွန်ုပ်၏ စကားတခွန်းမျှကို နားထောင်ကြပါဦး။ ကျွန်ုပ်တို့၏ ဘုရားရှင်သည် သည်းခံသောဝါဒ ရှိပါ၏။ ထိုဘုရားရှင်၏ဓာတ်တော်များ ခဲ့ဝေရေးကြောင့် စစ်မဖြစ်သင့်ပါ။ ငါတို့အားလုံးပင် ညီညွတ်ဝမ်းမြောက်စွာ ဓာတ်တော်များကို ရှစ်စု, ရှစ်ပုံ အညီအမျှ ခဲ့ဝေကြပါစို့။ လူများစွာတို့သည် ဘုရားရှင်ကို ကြည်ညိုကြပါ၏။ ထိုလူများအတွက် ထိုထိုဒေသများ၌ စေတီပုထိုးများ အနှံ့အပြား တည်ရှိကြပါစေ" ဟု ထိုမင်းတို့ကို တိုက်တွန်းပြောကြားလေ၏။ ထိုမင်းတို့လည်း ထိုစကားကို နှစ်သက်ကြသဖြင့် "ဆရာကြီးသည်ပင် ဘုရားရှင်၏ ဓာတ်တော်များကို ရှစ်စု, ရှစ်ပုံ အညီအမျှ ခဲ့ဝေပေးပါလော့" ဟု ဆိုကြကုန်၏။

ဒေါဏပုဏ္ဏားလည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍ ရွှေခေါင်း(တလား)ကို ဖွင့်စေလေ၏။ မင်းတို့သည် ရွှေတလားအနီးသို့ လာရောက်ကြ၍ ရွှေတလားထဲ၌ ရွှေအဆင်းရှိ ဓာတ်တော်များကို ဖူးမြင်ကြရလျှင် "မြတ်စွာဘုရား၊ ရှေးအခါကဆိုလျှင် တပည့်တော်များသည် ရှင်တော်ဘုရား၏ တင့်တယ်

တောက်ပ ရှေရောင်အဆင်း ဝါဝင်းသော ကိုယ်တော်မြတ်ကို ဖူးမြော်ကြရပါ၏။ ယခုမူ ရှေရောင်အဆင်း ဝါဝင်းသော သရီရဓာတ်တော်များသာ ကြွင်းကျန်ပါတော့သည် ဘုရား”ဟု ပြောဆို ငိုကြွေးကြလေ၏။ ထိုသို့ မင်းအပေါင်းတို့ ငိုကြွေး မေ့လျော့နေကြစဉ်တွင် ဒေါကာပုဏ္ဏားသည် ဘုရားရှင်၏ လက်ျာစွယ်တော်ဓာတ်ကို နှိုက်ယူကာ မိမိ၏ ခေါင်းပေါင်းကြားဦး ဝှက်ထားလိုက်၏။ ထိုနောက် မင်းများသတိရလာကြသောအခါ ဓာတ်တော်များကို ရှစ်ပုံ, ရှစ်စု ပြည်တောင်းဖြင့် ခြင်တွယ်၍ပေးရာ မင်းတဦးလျှင် နှစ်ပြည်စီ ရရှိလေ၏။

ဒေါကာပုဏ္ဏားကြီး ဓာတ်တော်တို့ကို ခဲ့ဝေပေးနေစဉ်ပင် သိကြားမင်းသည် ဆင်ခြင်၍“ဤပုဏ္ဏားသည် လက်ျာစွယ်တော်ကို ခိုးယူ၍ ခေါင်းပေါင်းထဲ၌ ဝှက်ထား၏။ သူသည် စွယ်တော်အား လျောက်ပတ်သော ပူဇော်မှုကို ပြုနိုင်မည်မဟုတ်။ ငါပင့်ဆောင်အံ့”ဟု ကြံ၍ သူ၏ ခေါင်းပေါင်းကြားထဲမှ လက်ျာစွယ်တော်ဓာတ်ကိုယူ၍ ရှေပန်းတောင်း၌ ထားပြီးလျှင် နတ်ပြည်သို့ပင့်ဆောင်၍ စူဠာမဏိစေတီတော်အတွင်း ထည့်သွင်း ဌာပနာလေ၏။ ဒေါကာပုဏ္ဏားသည် ဓာတ်တော်များကို ခဲ့ဝေပေးပြီး၍ မိမိ၏ ခေါင်းပေါင်းကြားထဲ၌ ဝှက်ထားသော လက်ျာလက်စွယ်တော်ကို စမ်းသပ်ရှာဖွေ၍မတွေ့ရသော်“ဘယ်သူ ယူသနည်း”ဟု မမေးဝံ့။ ဓာတ်တော်များကို မင်းများထံမှ တောင်းလိုသော်လည်း ဓာတ်တော်များကို အလိုရှိကြောင်း မဝေမီကာ အဘယ်ကြောင့် မပြောသနည်း”ဟု အပြစ်တင်မည်စိုးရကား “ဤဓာတ်တော်ခြင်သော ပြည်တောင်းလည်း ဓာတ်တော်အလား ရှိသည်သာတည်း” ဟု ကြံ၍ မင်းများအား “ဤဓာတ်တော်ခြင်သော ပြည်တောင်းကို ကျွန်ုပ်အား ပေးကြလော့။ စေတီပုထိုး တည်ထားကိုးကွယ် ပူဇော်ပါအံ့”ဟု ဆို၍ တောင်းယူလေ၏။

‘ပိပ္ပလိဝန’တိုင်းသား ‘မောရိယ’မင်းတို့သည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူကြောင်းကြား၍ စစ်တပ်ကြီးဖြင့်လာကြသော် ဓာတ်တော်ခဲ့ဝေပြီးမှရောက်လာကြသဖြင့် ဘုရားရှင်၏ ရုပ်ကလာပ်တော် မီးသင်္ဂြိဟ်ရာအရပ်မှ မီးသွေးကိုသာ ယူဆောင်ပြန်သွားကြလေ၏။ဤသို့လျှင် ဘုရားရှင်၏ဓာတ်တော်တို့ကို (၁)အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည်၌ စေတီပုထိုးတည်၍ဂုဏ်း၊ (၂) လိစ္ဆဝီမင်းတို့သည် ဝေသာလီပြည်၌ စေတီပုထိုးတည်၍ဂုဏ်း၊ (၃)သာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်၌ စေတီပုထိုးတည်၍ဂုဏ်း၊ (၄) ကာဗုလိမင်းများသည် အလ္လကပ္ပပြည်၌ စေတီပုထိုးတည်၍ဂုဏ်း၊ (၅)ကောဋိယမင်းတို့သည် ရာမဂ္ဂာ၌ စေတီပုထိုးတည်၍ဂုဏ်း၊ (၆)ဝေဋ္ဌဒီပတိုင်း၌ ပုဏ္ဏားတို့သည်

စေတီပုထိုးတည်ရှိရင်း၊ (၇) ပါဝါပြည်သား မလ္လမင်းတို့သည် ပါဝါပြည်၌ စေတီပုထိုးတည်ရှိရင်း၊ (၈) ကုသိနာရုံပြည်သား မလ္လမင်းတို့သည် ကုသိနာရုံပြည်၌ စေတီပုထိုးတည်ရှိရင်း ပူဇော်ကြကုန်၏။ (၉) ဒေါဏပုဏ္ဏားသည် မိမိရသော ပြည်တောင်းကို စေတီပုထိုး တည်ထားပူဇော်၍ (၁၀) မောရိယမင်းတို့လည်း မိမိတို့ရသော မီးသွေးတို့ကို ပိပ္ပလိဝနတိုင်း၌ စေတီပုထိုးတည်ထားပူဇော်ကြကုန်၏။ ဤသို့လျှင် စေတီ ပုထိုးတော် ဆယ်ဆူတို့ ထင်ရှားဖြစ်ပေါ်ခဲ့လေ၏။

[ဘုရားရှင်သည် သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်နေ့ည ကုန်ဆုံးနံနက်မိုးသောက်ယုံ၌ ပရိနိဗ္ဗာန်စံတော်မူ၍ နတ်လူအပေါင်းတို့ ရုပ်ကလာပ်တော်ကို ပူဇော်ကြသော ပထမခုနစ်ရက်သည် **'သာဓုကီဠန-သတ္တာဟ'** မည်၏။ ထိုနောက် သင်းချိုင်းတော်သို့ဆောင်၍ စန္ဒကူးထင်းပုံသို့ တင်ပြီးမှမီးသင့်ဟိတ်သော ခုနစ်ရက်သည် **'စိတက-သတ္တာဟ'** မည်၏။ ထိုနောက် ဓာတ်တော်ကို ပူဇော်သက္ကာရ တို့ဖြင့် မျှားစွာ ချီးမြှောက်လျက် ရှစ်ယောင်းသော မင်းတို့အား ဝေဘန် သည့်တိုင်အောင် ခုနစ်ရက်သည် **'ဓာတုပူဇာ - သတ္တာဟ'** မည်၏။ ဤသို့ သတ္တာဟ သုံးခုအကုန် နယုန်လဆန်း ၅ ရက်နေ့တွင် ဓာတ်တော် မျှားကို ဝေဘန်၍ ပြီးဆုံးသတည်း။]

၂၉၅။ သာသနာအတွက် ရဟန်းတော်များ စည်ဝေးကြခြင်း

အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့အလာ လမ်းခရီး၌ သာသနာတော်အား ဖျက်လိုဖျက်ဆီး ပြောကြားသော 'သုဘဒ္ဒ'တောထွက် ရဟန်းကြီး၏ စကားကို ကြားသည်မှစ၍ သာသနာတော် တည်တံ့ခိုင်မြဲရေး အတွက် သင်္ဂါယနာတင်ခြင်းအမှုကို ဆောင်ရွက်လိုခဲ့သည်ဖြစ်ရာ ယခု ဘုရားရှင်၏ ဓာတ်တော်များ ဝေဘန်ပြီးစီးသော နယုန်လဆန်း ၅ ရက်နေ့တွင် ဓာတ်တော်ထားရာစရပ်၌ အသိန်းမကသောရဟန်းသံဃာအပေါင်းကို စုဝေးစေလေ၏။

မထေရ်သည် ထိုသံဃာ့အစည်းအဝေး၌ "ငါ့ရှင်တို့၊ ငါတို့ဆရာ ဘုရားရှင်သည် ကြီးမားလှသော မဟာကရုဏာစိတ်ဖြင့် သာသနာ တည်တံ့ခိုင်မြဲရေးအတွက် သိက္ခာပုဒ်များ ပညတ်တော်မူခဲ့သည်ကို မလိမ်မာသော လူရဟန်းတို့သည် ဆန့်ကျင် ဖျက်ဆီးလိုကြကုန်၏။ ဘုရားရှင် ကွယ်လွန်ပြီဟု ထင်မှတ်ကြကုန်၏" ဟူ၍အစချီပြီး မိမိမျက်မှောက်၌ တောထွက် 'သုဘဒ္ဒ'ရဟန်းကြီး

ပြောကြားပုံကို ပြန်လည် မိန့်ကြားလေ၏။ ထိုနောက်ဆက်၍ "ငါ့ရှင်တို့၊ သုဘဒ္ဒ ကဲ့သို့သော သူယုတ်သူဖျင်းတို့ ရှိနေကြသော် သူတော်ကောင်းတရား ဟူသော 'ဘုရားသြဝါဒ'သည် မကြာမီ ကွယ်လေရာ၏။အမှန်စင်စစ် 'သုတ်၊ အဘိဓမ္မာ၊ ဝိနည်း' တရား တည်ရှိသမျှကာလပတ်လုံး ဘုရားရှင် မကွယ်လွန်သေးသည်သာတည်း။သို့ဖြစ်၍ ဤ'သုတ်၊အဘိဓမ္မာ၊ ဝိနည်း'ကို သင်္ဂါယနာတင်ကြကုန်အံ့" ဟု မိန့်ကြားလေ၏။ ထိုအခါ သံဃာအပေါင်းက "အရှင်မဟာကဿပ၊ ဤအကြောင်းကား အလွန်ကောင်းလှ၏။ သင်္ဂါယနာတင်ရန် အတွက် အရှင်သာ အားထုတ်ပါလော့။ လျောက်ပတ်သော သံဃာကို ရှာဖွေရွေးကောက်ပါလော့" ဟု လျှောက်ကြလေ၏။

[ထိုအခါ မထေရ်သည် အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ပရိယတ္တိသာသနာတော်ကို ဆောင်နိုင်ကုန်သော ရဟန်းအပေါင်းမှ ဘုရားရှင် 'တေဒင်'ထား၍ ချီးကျူးတော်မူအပ်သော သုံးပုံပိဋကတ် တည်းဟူသော ပရိယတ္တိဓမ္မကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈယ်ကာ ပဋိသမ္ဘိဒါပတ္တ၊ တေဝိဇ္ဇာ၊ ဆဋ္ဌာဘိည ဖြစ်ကုန်သော ရဟန္တာမထေရ် ငါးရာတို့တွင် တပါးလျှော့၍ ရွေးကောက်လေ၏။ အဘယ်ကြောင့် တပါးလျှော့ကောက်သနည်းဟူမူ အရှင်အာနန္ဒာကို ထည့်သွင်းလို၍ တပါးလျှော့ကောက်ခြင်း ဖြစ်၏။ အကြောင်းရင်းမှာ အရှင် အာနန္ဒာသည် ဘုရားရှင်မျက်မှောက်၌ပင် ပိဋကတ်သုံးပုံကို အကုန်သင်ခဲ့ရ၏။ အရှင်အာနန္ဒာမပါဘဲ သင်္ဂါယနာတင်ရန်မသင့်ဟု ယူဆသောကြောင့်၎င်း၊ အရှင်အာနန္ဒာကို မိမိအလိုဖြင့် ရွေးကောက်လိုက်လျှင် အခြားရဟန်းများက "အရှင်မဟာကဿပသည် ရဟန္တာများ ရှိကြသေးလျက်သောတာပန်သာ ရှိသေးသော အရှင်အာနန္ဒာကို ဆန္ဒာကတိလိုက်ပြီး (သူချစ်ကျွမ်း၍သာ) ရွေးကောက်ပေ၏"ဟု ကဲ့ရဲ့မည်ကို ရှောင်ရှားလိုသောကြောင့်၎င်း၊ အာနန္ဒာကို သံဃာ့အလိုဖြင့် ထည့်သွင်းရန် ရည်ရွယ်သောကြောင့်၎င်း ဤသို့တပါးလျှော့ကာ ရွေးကောက်ခြင်း ဖြစ်ပေ၏။]

ထိုအခါ သံဃာတော်များက "အရှင်ဘုရား၊ အရှင်မထေရ်ကား သောတာပန် (သေက္ခ)သာ ဖြစ်သော်လည်း ပိဋကတ်အရာဝယ် ဘဏ္ဍာစိုးကြီး ဖြစ်ပါသည်။ အရှင်အာနန္ဒာမပါဘဲ သင်္ဂါယနာတင်ရန် မသင့်ပါ။ သူ့ကို ရွေးကောက်ပါလော့" ဟု တောင်းပန်ကြ၏။ထိုအခါမှ အရှင်မဟာကဿပသည် အရှင်အနန္ဒာနှင့်တကွ သံဃာငါးရာအပြည့် ရွေးကောက်ပြီးလျှင် "ငါတို့သည် အဘယ်မြို့ရွာ၌ ဝါကပ်၍ သင်္ဂါယနာတင်ရန် သင့်တော်သနည်း"

ဟု တိုင်ပင်ကြ၏။ထိုအခါ သံဃာတော်တို့သည် "ရာဇဂြိုဟ်ပြည်သည် ကျယ်သော ဆွမ်းခံရွာလည်းရှိ၏။ မှိခိုရာကျောင်းလည်း များ၏။ ပြည်သူတို့လည်း ရတနာသုံးပါးအရေးဌ် ယဉ်ကျေးလိမ်မာ၍ သဒ္ဓါတရားနှင့်လည်း ပြည့်စုံကြ၏" ဟု ပြောဆိုကြ၏။ထိုနောက်မှ အရှင်မဟာကဿပက "သံဃာတော်သည် ငါရွှေးကောက်သော ဤရဟန်းငါးရာတို့ကို ရာဇဂြိုဟ်ပြည်၌ဝါကပ်၍ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း တရားတော်ကို သင်္ဂါယနာတင်ရန် သမ္မုတိပေး၏။ ဤငါးရာမှ တပါးသောရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါဆို၍နေခြင်းကို မရအပ်။ ဤကား အမျှားသိစေခြင်းတည်း" ဟု ဥတ္တိဒုတိယ ကမ္မဝါစာကို ရွတ်ဆိုလေ၏။

ထိုနောက် မထေရ်သည် ရဟန်းအပေါင်းအား "ငါ့ရှင်တို့ ယနေ့သည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှ ၂၁ ရက်လွန်ပြီ။ ဝါကပ်ရန် ရက်လေးဆယ်မျှသာ လိုတော့၏။ ဤရက်လေးဆယ်အတွင်း၌ ပြုဘွယ် ကိစ္စများကို ပြုထားကြကုန်လော့" ဟု မိန့်ကြား၍ မိမိ၏ တပည့်ရဟန်း ငါးရာနှင့်တကွ ခရီးတကြောင်းတည် ဖြင့် ရာဇဂြိုဟ်မြို့သို့ ရွေးရွက်လေ၏။အရှင် အနုရုဒ္ဓါစသော သာဝကတို့လည်း မိမိတို့၏ တပည့်ရဟန်းများ ခြံရံလျက် အခြားခရီးလမ်းကြောင်းဖြင့် ကြွသွားကြ၏။ ပုဏ္ဏမထေရ်မူကား ရဟန်းခုနစ်ရာတို့နှင့်တကွ ဘုရားရှင် ပဲ့နိဗ္ဗာန်စံရာဌာနဝယ် ရောက်လာသမျှသော ငှက်သင်္ဃာအား တရားဟောရန်ကုသိနာရုံပြည်၌ နေရစ်ခဲ့လေ၏။

၂၉၆။ ဇေတဝန်ကျောင်းတော်၌ အရှင်အာနန္ဒာ ပူဆွေးနေခြင်း

ထိုအခါ အရှင်အာနန္ဒာသည် ရဟန်းငါးရာ ခြံရံလျက် ကုသိနာမုံပြည်မှ သာဝတ္ထိ ပြည်သို့ ရွေးရွက်သွားလေ၏။ အရှင်အာနန္ဒာ ရောက်လေရာ ဇနပုဒ်၊နိဂုံးတို့၌လူအပေါင်းတို့သည် မထေရ်ကိုမြင်လျှင် ပူပင်လှိုက်လှဲသော အသံဖြင့် "အရှင်အာနန္ဒာ၊ ရွေးရွေးအခါက ဘုရားရှင်နှင့်အတူသာ လာမြဲဖြစ်ပါသဖြင့် ယခုမူ ဘုရားရှင်ကို ဘယ်မှာထားခဲ့၍ တပါးတည်းသာ ကြွလာဘိသနည်း။ တပည့်တော်တို့သည် ဘုရားရှင်ကို မဖူးမြင်ရပြီလော" ဟု ဆို၍ ခြေတော်ကို ဖက်ရမ်းလျက် ငိုကြွေးကြကုန်၏။ အရှင်အာနန္ဒာလည်း များစွာသော ထိုလူအပေါင်းအား သင်္ခါရတရားတို့၏ သဘောကို ဟောပြ၍ နှစ်သိမ့်ပေးရလေ၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သော် အရှင်အာနန္ဒာသည် ဘုရားရှင် သီတင်းသုံးရာဖြစ်သော ဂန္ဓကုဋီတိုက်တံခါးကို ဖွင့်၍ ညောင်

စောင်း အင်းပျဉ်ကို ထုတ်လှမ်းလျက် ရိန္ဒမ်းသောပန်းများ၊ အမှိုက်များကို သုတ်သင်လေ၏။ နောက် ညောင်စောင်းအင်းပျဉ်တို့ကို ပြန်သွင်း၍ မူလ ထားမြဲတိုင်းနေရာ၌ ထားပြီးလျှင် ဘုရားရှင် သက်တော် ထင်ရှား ရှိစဉ်က ကဲ့သို့ပင် နေမြဲနေရာ၌ မျက်နှာသစ်ရေတည်ခြင်း၊ သောက်ရေတည်ထားခြင်း စသော ဝတ်တို့ကိုဂုဏ်း၊ ရေချိုးတော်မူရာ၌ ချိုးရေတည်ခြင်း၊ ကျင်ကြီး ကျင်ငယ်သွားရာ ကုဋီတို့ကို သုတ်သင်ခြင်း၊ ကျောင်းကိုပြုပြင်ခြင်း စသော ပြုမြဲဝတ်အား လုံးကိုဂုဏ်း၊ "မြတ်စွာဘုရား၊ ဤအခါကား မျက်နှာသစ်တော် မူသော အခါမဟုတ်ပါလော။ ဤအခါကား တပည့်သားတို့ကို တရားပြသ၍ သြဝါဒပေးသော အခါမဟုတ်ပါလော။ ဤ အခါကား ရောက်လာသော ပရိသတ်တို့အား တရားဟောတော်မူသော အခါ မဟုတ်ပါလော" ဤသို့ စသည်ဖြင့် ကိစ္စအားလုံးကို ငိုကာ ငိုကာ လျှောက်၍ ပြုလုပ်ရှာလေ၏။

ထိုသို့ ငိုကြွေးလျက်သာ ဝတ်ပြုခြင်းမှာ အရှင်အာနန္ဒာသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ကောင်းစွာသိသဖြင့် သဒ္ဓါပေမ၊ မေတ္တာပေမ အားကြီးလှသောကြောင့်ဂုဏ်း၊ ကိုယ်တိုင်ကလည်း အာသဝေါကုန်ခမ်း ရဟန္တာ မဖြစ်သေးသောကြောင့်ဂုဏ်း၊ ဘဝအသိန်းပေါင်းများစွာက အချင်းချင်းပြုခဲ့သည့် ကျေးဇူး ဥပကာရအထူးကြောင့် ဖြစ်ပွားသည့် စိတ်ထား အလွန်နူးညံ့သော ကြောင့်ဂုဏ်းဖြစ်ပေ၏။ထိုသို့ငိုယိုကာ ဝတ္တရားများ ပြုသည်ကို ကျောင်းစောင့် နတ်တဦးကမြင်လျှင် "အရှင်အာနန္ဒာ၊သောတာပန်ဖြစ်ပြီးသော အရှင်ဘုရား တို့ သော်မှ ဤမျှလောက် တခြောက်ချားချား, တရှိုက်ငင်ငင်,ပူပင်ငိုယိုဘိမူ တပါး သူတို့မှာ အဘယ်သို့ သက်သာရာ ရနိုင်ပေတော့အုံနည်း" ဟု သတိပေး စကား ပြောဆိုလေ၏။ ထိုအခါမှ အရှင်အာနန္ဒာသည် သတိရ၍ သတိ ပညာဖြင့် ကောင်းစွာ ချုပ်တည်းရလေ၏။ မထေရ်သည် ဘုရားရှင်အတွက် ပရိဒေဝမီး အကြီးအကျယ် ဖြစ်ရသည့်ပြင် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော် မူခြင်းကြောင့် သောကမီး၊ ပရိဒေဝမီး တည်းညီး တောက်နေသော လူ အပေါင်းတို့ တဖဲ့ဖဲ့ လာရောက်ကြသဖြင့် တရားဓမ္မဟောပြကာ နှစ်သိမ့်ပေး ရခြင်းဖြင့် အချိန်ကို ကုန်လွန်ရစေသည်က များပေ၏။

တနေ့သ၌ အရှင်အာနန္ဒာသည် ကောသလတိုင်းအတွင်း ဇနပုဒ် တခု၌ နေစဉ် တောစောင့်နတ်ဘဦးသည် မထေရ်အပေါ် မေတ္တာရှေ့ထား အကျိုး စီးပွားကို လိုလားသောကြောင့် "အရှင်ဘုရားသည် သစ်ပင်အရင်း, တော ချုံတွင်းသို့ သက်ဝင်၍ နိဗ္ဗာန်ကို စိတ်နှလုံး၌ ထားရှိပြီး ဈာန်တရားကို ဝင်စားပါလော့။ သတိမပေါ့, မမေ့မလျော့ပါလင့်။ ရောက်လာတိုင်းသော ထိုထို လူအပေါင်းအား အပူငြိမ်းစေရန် 'ဗလစ်-ဗလစ်' ပြောဟောခြင်

သည် အရှင်ဘုရားအတွက် မင်ဖိုလ်ကိုရမှု ကျေးဇူး မပြုသည်သာတည်း"ဟု သတိပေးစကား လျှောက်ကြားလေ၏။ မထေရ်လည်း ထိုစကားကို ကြားရလျှင် သံဝေဂကြီးစွာ ရရှိလေ၏။ ဤသို့လျှင် အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်၌ ကျိုးသည် ပျက်သည်တို့ကို ပြုပြင်ပြီး၍ ဝါလနီးသောအခါ ရာဇဂြိုဟ်ပြည်သို့ ကြွသွားလေ၏။

၂၉၇။ သင်္ဂါယနာ တင်ပွဲအတွက် အဇာတသတ်မင်း ကူညီစောင်မခြင်း

အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါမထေရ်တို့လည်း မိမိတို့၏ ရဟန်းပရိသတ်များနှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ရောက်လာကြသော် ထက်ဝန်းကျင်၌ တည်ရှိသော ကျောင်းများ၌ ယိုယွင်းပျက်စီးနေသည်တို့ကိုငှင်း၊ ကျသောအမှိုက်သရိုက်တို့ကိုငှင်း သုတ်သင်ပြုပြင်ကြကုန်၏။ရဟန်းအပေါင်းတို့သည် "ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူတော့မည်"ဟု ကြားကတည်းက ကျောင်းတို့ကို ပစ်ထားခဲ့ပြီး မိမိတို့၏ ပရိက္ခရာများနှင့်သာ ကုသိနာရုံပြည်သို့ သွားကြလေသောကြောင့် ကျောင်းများမှာ အချို့ပျက်စီး၍ အမှိုက်သရိုက်များဖြင့် ဖရိဖရဲ ဖြစ်နေကြ၏။ ကျောင်းတို့ကို သုတ်သင်ပြုပြင်ပြီးသော် ဝါဆိုလပြည့်နေ့၌ ဥပုသ်ပြုကြ၍ လပြည့်ကျော် တရက်နေ့တွင် စုဝေး စါကပ်ပြီးနောက် "ငါတို့ခြောက်ဦး ပြုဘွယ်ကိစ္စကားပြီးပြီ။ ယခုအခါ သင်္ဂါယနာတင်ရန် စည်းဝေးရာ မဏ္ဍပ်သာ လိုတော့သည်။ ဤအရာကို အဇာတသတ်မင်းအားပြောကြားကြကုန်အံ့"ဟု တိုင်ပင်ကြ၏။ ထို့ကြောင့် နောက်တနေ့နံနက်တွင် ရဟန်းရှစ်ပါးကို အဇာတသတ်မင်းထံ စေလွှတ်၍ "ယခုအခါ တရားဓမ္မကွန္ဓာတို့ကို သင်္ဂါယနာတင်ရန် အချိန်တန်ပါပြီ" ဟုပြောကြားစေလေ၏။

အဇာတသတ်မင်းကလည်း "အရှင်ဘုရားတို့၊ မရှုံ မထိတ် စိတ်တော်ရှိတိုင်း လွှတ်လွှတ်သာ ပြုတော်မူကြပါ။ တပည့်တော်၏ အာဏစက်လည်း ဖြစ်ပါလိမ့်မည်။ အရှင်ဘုရားတို့ ဓမ္မစက်ကိုလည်း ဖြစ်ပါစေကုန်။ အရှင်ဘုရားတို့၌ မပြည့်စုံသော တပည့်တော်တို့ကို ပြုပေးရမည့် ကိစ္စကား အဘယ်ပါနည်း"ဟု လျှောက်လေ၏။ "မင်းကြီး၊ ငါတို့ သံဃာငါးရာ စည်းဝေးရန် လျှောက်ပတ်သော မဏ္ဍပ်ကို အလိုရှိချေ၏။ ထိုမဏ္ဍပ်ကို စရည်းပင်ပေါက်ရောက်ရာ လိုဏ်ဝ၌ ပြုစေချင်သည်"ဟု ဆိုလျှင် အဇာတသတ်မင်းက "အရှင်ဘုရားတို့၊ ကောင်းပါပြီ။ တပည့်တော် ဆောက်လုပ်ပါမည်"ဟု ဝန်ခံ၍ ထိုလိုဏ်ဂူဝ၌ပင် ကြီးကျယ်ခမ်းနား, ရှုဘွယ်ဘနန်း, အံ့မခန်းသော မဏ္ဍပ်ကြီးကို စောင်းတန်းများနှင့်တကွ အလျင်အမြန် ဆောက်လုပ်လေ၏။

သံဃာတော်တို့၏ နေရာမျာ်း၌ မျာ်းစ့ာ အဘိုးထိုက်သော အခင်းတို့ကို ခင်း ကျင်း၍ မဏ္ဍပ်အလယ်၌ ဘုရား၌ရှင်တို့သာ နေခြင်းငှာထိုက်သော 'ဓမ္မာသန' (တရားပလ္လင်ကို)ကို ဆင်စ့ယ်ယပ်နှင့်တကွထား‌ပြီး တောင်ဘက် နံရံကိုမှီကာ မြောက်သို့ မျက်နှာမူလျက် သံဃာ့မထေရ်၏ နေရာကိုထား၍ ခမ်းနား တင့် တယ်စ့ာ စီမံလေ၏။ ဝါခေါင်လဆန်း ၁၄ ရက်နေ့တွင် ပြီးစီး၍ ထို အငြောင်းကို သံဃာတော်တို့အား မင်းကြီးက လျှောက်ကြား‌လေ၏။

၂၉၈။ အရှင်အာနန္ဒာ ထူး‌ခြား‌စ့ာ ရဟန္တာ ဖြစ်ခြင်း

သံဃာတော်တို့လည်း ဝါခေါသပြည့်နေ့၌ပင် "သင်္ဃာယနာ တင်ကုန်အံ့" ဟု တိုင်ပင်ကြလေ၏။ ထိုအခါသံဃာတော်အချို့က အရှင်အာနန္ဒာကို ရည်စူး၍ "ငါတို့ အစည်းအဝေး၌ ကိလေသာတည်းဟူသော အဆိပ်နံ့ တကြိုင်ကြိုင် လှိုင်လျက် ထွက်လာ ဝင့်လာအံ့သော သူတဦး ရှိသည်တကား း" ဟု ပြက်ရယ် စကား ပြော‌ဆိုကြလေ၏။ အရှင်အာနန္ဒာလည်း ထိုစကား‌ကို ကြား‌လျှင် "ငါမှတပါး‌သော ကိလေသာ အဆိပ်နံ့ လှိုင်လျက် ထိုင်လတံ့သော‌သူ မည်သည် မ‌ရှိပြီ။ ဤရဟန်း‌တို့သည် ငါ့ကို ရည်ရွယ်၍ပင် ဆို‌ချေ၏" ဟု ကြီး‌စ့ာ သံဝေဂ ဖြစ်လေ၏။ အချို့သော ရဟန်း‌တို့ကလည်း "ငါ့ရှင် အာနန္ဒာ၊ နက်ဖြန်ပင် သံဃာ့ အစည်းအဝေး‌သည် ဖြစ်လတံ့။ သင်ကား သောတာပန်သာဖြစ်၍ အထက်မဂ်ဖိုလ်တို့အတွက် ပြုဘွယ်ကိစ္စ ရှိသေး၏။ မမေ့မလျော့ အား‌ထုတ်ပါလော့။ ရဟန္တာ ပရိသတ်ထဲ၌ ဝင်ရပါလတံ့" ဟု ပြော‌ဆိုကြလေ၏။

ထိုစကား‌ကိုကြား‌လျှင် အရှင်အာနန္ဒာသည် "ငါကား‌သောတာပန်သာ ဖြစ်လျက်ရဟန္တာပရိသတ်ထဲသို့ ဝင်ရန်မသင့်။ အား‌ထုတ်၍ ကျင့်ကအရဟတ္တ ဖိုလ်စိတ်သည် မျက်စိတမှိတ်ခန့်သာတည်း။ ငါ၏ (ရဟန္တာဖြစ်ရေး) ကိစ္စကို ယနေ့ညပင် ပြည့်စုံစေအံ့" ဟု ကြံလျက် ညဥ့်ဦးယံကပင် စင်္ကြံသွား‌ကာ 'ကာယဂတာသတိ' ဟူသော ဒုတိယသာကာရ ကမ္မဋ္ဌာန်း‌ကို အနုလောမအား ဖြင့် စီး‌ဖြန်း‌ရာ သန်ကောင်ယံ ကုန်ဆုံး‌ပြီး မိုး‌သောက်ယံသို့ ရောက်ခါနီး၌မျှ တရား‌ထူး‌ကိုရရန် မတတ်နိုင်ဘဲ ရှိလေ၏။ ထိုအခါ အရှင်အာနန္ဒာသည် "ဘုရား‌ရှင်က 'ချစ်သား အာနန္ဒာ၊ သင်ကား ပါရမီတို့ကို ဖြည့်ပြီး‌ဖြစ်၍ ကမ္မဋ္ဌာန်း‌ကိုသာ ကောင်း‌စ့ာအား‌ထုတ်လော့။ မကြာမီပင် ရဟန္တာ ဖြစ်ပေ လတံ့' ဟု မိန့်တော်မူဘူး‌ပါ၏။ ဘုရား‌ရှင်တို့ စကား‌သည် ချွတ်ယွင်း‌သည် မ‌ရှိစ‌ဘူး။ ဓမ္မာရုံသွား‌သော ဒွတိံ

(ဥဒ္ဓစ္စ) ဖြစ်လေသလော။ ယခုအခါ ဝီရိယနှင့် သမာဓိကို မျှစေဦးအံ့"ဟု ကြံစည်မိလေ၏။

ထို့ကြောင့်သူသည် စက်ြ့မှ သက်ဆင်း၍ ကျောင်းတွင်းသို့ဝင်ပြီး အပင်ပန်းဖြေရန် အိပ်ရာ ညောင်စောင်းပေါ်၌ခန္ဓာငါးပါးတို့၏ အနိစ္စ လက္ခဏာကို ဆင်ခြင်လျက် ကိုယ်ကိုလျောင်းလိုက်သော် ခြေကို မြေမှအကြွ,ဦးခေါင်းကို ခေါင်းအုံးပေါ် မကျမီ မိုးသောက်ယံ၌ပင် အထက်မဂ်သုံးတန်ကိုရ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထို့ကြောင့် ဘုရားရှင် သာသနာတော်၌ 'လျောင်း-ထိုင်-ရပ်-သွား' ဣရိယာပုထ် လေးပါးမှ လွတ်၍ ရဟန္တာ ဖြစ်သော ပုဂ္ဂိုလ်ကား အရှင်အာနန္ဒာသာ ဖြစ်ပေ၏။

ထိုသို့ အရှင်အာနန္ဒာသည် ရဟန္တာ ဖြစ်ပြီးနောက် သင်္ဂါယနာတင်ခြင်းကိစ္စ ပြုကြမည့် ရဟန္တာမထေရ် ၄၉၉ ပါးတို့သည် နံနက်ဆွမ်းကို ဘုဉ်းပေးပြီးနောက် သပိတ်သင်္ကန်းကို သိုမှီး၍ သင်္ဂါယနာတင်ရာ မဏ္ဍပ်သို့ကြွကာ ထေရ်စဉ်, ဝါစဉ်အတိုင်း နေရာ အသီးသီး၌ စုဝေးနေကြလေပြီ။ ထိုအခါ မထေရ်အချို့က "ဤနေရာကား အဘယ်သူ၏နေရာနည်း" ဟု မေးကြလျှင် "အရှင်အာနန္ဒာ၏ နေရာပေတည်း"ဟု ဆိုကြလေ၏။ အရှင်အာနန္ဒာလည်း မိမိ၏ ရဟန္တာဖြစ်ကြောင်းကို သိစေရန် ထိုမထေရ်များနှင့် အတူမလိုက်ဘဲ သံ့ဃာတော်တို့ တောင့်တသော အခါမှ မြေကြီးသို့ လျှိုးဝင်သွားပြီး မိမိ အတွက်ထားသော နေရာပေါ်သို့ ရုတ်ချည်း မိမိကိုယ်ကို ပြလေ၏။ ထိုအခါ အရှင် အာနန္ဒာ ရဟန္တာ ဖြစ်ကြောင်းကို သံ့ဃာတော် အပေါင်းတို့ သိကြလေသတည်း။

၂၉၉။ ပထမအကြိမ် သင်္ဂါယနာ တင်တော်မူခြင်း

ထိုသို့ သံ့ဃာတော်များ စည်းဝေးမိကြသောအခါ အရှင်မဟာကဿပက "ငါ့ရှင်တို့၊ ပိဋကသုးပုံတို့တွင် အဘယ်ပိဋကကို ရှေးဦးစွာ သင်္ဂါယနာ တင်သင့်သနည်း"ဟု မေးသော် သံ့ဃာတော်တို့က "အရှင်ဘုရား၊ ဝိနည်းမည်သည် သာသနာတော်၏ အသက်တည်း။ ဝိနည်း ပိဋကို ရှေးဦးစွာ သင်္ဂါယနာ တင်သင့်ပါ၏"ဟု လျှောက်ထားကြ၏။ "ဝိနည်းကိုတင်ရာတွင် အဘယ် ပုဂ္ဂိုလ်ကို အမှူးထား၍ တင်သင့်သနည်း"ဟု မေးပြန်သော် "ဤကိစ္စ၌ အရှင်အာနန္ဒာလည်း စွမ်းနိုင်ပါ၏။ သို့ရာတွင် ဝိနည်းအရာ၌ ဘုရားရှင် 'တေဒဂ်' ထားတော်မူအပ်သော အရှင် ဥပါလိကို အမှူးထား၍ တင်ကြကုန်အံ့"ဟု လျှောက်ကြ၏။ ယင်းသို့ မေးမြန်း ညှိနှိုင်းပြီးသောအခါမှ အရှင်

မဟာကဿပနှင့် အရှင်ဥပါလိတို့သည် သမ္မုတိဥာဏ်ကို ထားကြ၏။ ထို နောက်မှ အရှင်ဥပါလိသည် ဆင်စွယ်ယပ်ကို ကိုင်လျက် တရားပလ္လင်ထက်၌ အရှေ့သို့ မျက်နှာမူ၍ နေ၏။ အရှင်မဟာ ကဿပလည်း တောင်ဘက်နံရံကို မှီလျက် မြောက်သို့ မျက်နှာမူကာ ထေရာသန (မထေရ်ကြီး၏နေရာ)၌ နေပြီးသော် "ငါ့ရှင်ဥပါလိ၊ ပထမပါရာဇိက သိက္ခာပုဒ်ကိုဘုရားရှင်သည်အဘယ်ပြည်ရွာ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူပါသနည်း"ဟု မေးလေ၏။

ထိုအခါ အရှင်ဥပါလိက "အရှင်ဘုရား၊ ဝေလာလီပြည်၌ ကလန္ဒသူဌေး သားဖြစ်သော အရှင် သုဒိန်သည် မိမိ၏ မယားဟောင်း၌ မေထုန်မှီဝဲခြင်း တည်းဟူသော အကြောင်းကြောင့် ပညတ်တော် မူပါ၏"ဟု ဖြကြား လေ၏။ ဤသို့သောအားဖြင့် အလုံးစုံသော သိက္ခာပုဒ်တို့၏ ဝတ္ထုကိုဂုဏ်း၊ နိဒါန်းကိုဂုဏ်း၊ ပုဂ္ဂိုလ်ကိုဂုဏ်း၊ ပုညတ်ရင်းကိုဂုဏ်း၊ အနုပညတ်ကိုဂုဏ်း၊ အာပတ္တိဝါရကိုဂုဏ်း၊ အနာပတ္တိဝါရကိုဂုဏ်း၊ ပဒဘာဇနီကိုဂုဏ်း အရှင်မဟာ ကဿပက မေး၏။ မေးတိုင်း မေးတိုင်း၌ အရှင်ဥပါလိက ဖြကြားလေ၏။ ထိုသို့ ဖြကြားပြီးမှ ဤမျှသော သိက္ခာပုဒ်စုကား ပါရာဇိက ကဏ္ဍတည်း၊ ဤမျှကား သံဃာဒိသိသ်တည်း၊ ဤမျှကား အနိယတတည်း ဤသို့စသည်ဖြင့် ၂၂၇-သွယ်သော ဝိနည်း တရားစုကို "ဘိက္ခု ဝိဘင်း" ဟူသော အမည်ဖြင့် ထား၏။ ထိုနောက် ရဟန်းမတို့အား ပညတ်တော်မူအပ်သော ၃၁၁-ပါးသော သိက္ခာပုဒ်တို့ကို 'ဘိက္ခုနီ-ဝိဘင်း' ဟူသော အမည်ဖြင့် ထား၍ ကြွင်းကျန်သော တရားစုကို **'မဟာဝါ-ခန္ဓက၊ စူဠဝါ-ခန္ဓက၊ ပရိဝါရ'** ဟူသော အမည်ဖြင့် အသီးသီး ထားပြီးမှ ရဟန္တာ ငါးရာလုံး ပေါင်း၍ ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။

ဤသို့ ဝိနည်းကို သင်္ဂါယနာတင်ပြီးသော် အရှင်မဟာကဿပက "ငါ့ရှင် တို့၊ သုတ်, အဘိဓမ္မာကို သင်္ဂါယနာတင်ရာဝယ် အာဘယ်ပုဂ္ဂိုလ်ကို အမှူး ထား၍ တင်သင့်သနည်း"ဟု မေးပြန်၏။ "အရှင်အာနန္ဒာကို အမှူးထား၍ တင်သင့်ပါ၏"ဟု လျှောက်ကြလျှင် အရှင်မဟာကဿသည် အရှင်အာနန္ဒာကို အရှင်ဥပါလိ၏နေရာသို့ တက်စေပြီး "ငါ့ရှင် အာနန္ဒာ၊ ဘုရားရှင်သည် ဗြဟ္မဇာလသုတ်ကို အဘယ်နေရာ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟော တော်မူပါသနည်း"ဟု မေးလေ၏။ အရှင်အာနန္ဒာက "အရှင်ဘုရား၊ ဤ ဗြဟ္မဇာလသုတ်ကို ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏အကြားသို့ ဘုရားရှင် ကြွ တော်မူသောအခါ 'သုပ္ပိယ'ပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့ ကဲ့ရဲ့ခြင်း, ချီးမွမ်း ခြင်း ဖြစ်သည်ကို အကြောင်းပြု၍ ဟောတော်မူပါ၏"ဟု လျှောက်လေ၏။

ဤသို့ စသည်ဖြင့် အလုံးစုံသော သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတို့ကို အရှင်မဟာကဿပက မေးလေ၏။ မေးတိုင်း မေးတိုင်းလည်း အရှင်အာနန္ဒာက ဖြေကြားလေ၏။

ဤသို့ ဖြေကြားပြီးမှ ရှည်လျားသော သုဘ'၃၄'သုတ်တို့ကို ပေါင်း၍ **'ဒီဃနိကာယ်'**ဟုဎင်း၊ မတို့မရှည် အလယ်အလတ် ဖြစ်သော သုတ် '၁၅၂' တို့ကိုပေါင်း၍ **'မဇ္ဈိမ-နိကာယ်'**ဟုဎင်း၊ တိုသော သုတ်ပေါင်း '၇၇၆၅' သုတ်တို့ကိုပေါင်း၍ **'သံယုတ္တာနိကာယ်'**ဟုဎင်း၊ အင်္ဂါတပါးလွန် (၂-ပါး, ၃-ပါး, ၄-ပါး စသည်) သုတ်ပေါင်း '၉၅၂၇'သုတ် တို့ကို ပေါင်း၍ **'အင်္ဂုတ္တရနိကာယ်'**ဟုဎင်း သမုတ်ခေလေ၏။ ထို့နောက် 'ခုဒ္ဒကပါဋ, ဓမ္မပဒ, ဥဒါန်း, ဣတိဝုတ္တက, သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေဘဝတ္ထု, ထေရဂါထာ, ထေရီဂါထာ, ဇာတက, နိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ္ဂ, အပါဒါန်, ဗုဒ္ဓဝင်, စရိယာပိဋက'အားဖြင့် ၁၅-ကျမ်းသော သုတ်ဘို့ကိုဎင်း ',အဘိဓမ္မာ ၇-ကျမ်း၊ ဝိနည်း ၅-ကျမ်း'တို့ကိုဎင်း၊ ထိုမှ ကြွင်းသော ဘုရားစကားတော်တို့ကိုဎင်း ပေါင်းချုပ်၍ **'ခုဒ္ဒကနိကာယ်'**ဟုသမုတ်ကြလေ၏။ ဤသို့အမည်နာမသီးသန့် သတ်မှတ်ပြီးမှ ရဟန္တာငါးရာလုံး ပေါင်းစု၍ ရွတ်ဖတ် သရဇ္ဈာယ်ကြလေ၏။

ဤသို့လျှင် ဝါခေါင်လပြည့်ကျော် တရက်နေ့မှ စ၍ (ပထမအကြိမ်) သင်္ဂါယနာတင်လေရာ တပေါင်းလပြည့်နေ့အထိ ခုနစ်လကြာမှ ပြီးဆုံးလေ၏။ ယင်းသို့ သင်္ဂါယနာတင်ခြင်း ပြီးဆုံးသောအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသည့်အနေဖြင့် ပြင်းစွာ တုန်လှုပ်လေ၏။ နတ်, သိကြား, ဗြဟ္မာအပေါင်းတို့သည် ကောင်းချီးဟစ်အော် ကြွေးကြော်လေ၏။ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲသော တိတ်နိမိတ်တို့သည်လည်း ဖြစ်ကြလေကုန်၏။

၄၀။ ဓာတ်တော်ဌာပနာတိုက်ကြီးတည်ဆောက်ခြင်း

ဘုရားရှင်၏ ဓာတ်တော်မျိုးကို ဝေစုရကြသော မင်းပုဏ္ဏားတို့သည် မိမိတို့ တိုင်းပြည်မျှားဌ် စေတီပုထိုးမျှား တည်ထားပြီးကြသောအခါဌ် အရှင်မဟာကဿပသည် အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရှု၍ "(၁) ထိုထို စေတီမျှားဌ် တည်ထားမြဲအတိုင်း တည်ရှိကြသည့် ဓာတ်တော်မျှားအတွက် မိစ္ဆာဒိဋ္ဌိအယူရှိသူတို့ ဖျက်ဆီးကြမည့် အန္တရာယ်ကိုဎင်း၊ (၂) လျှို့ဝှက်သော ဌာပနာတိုက်ကြီးတည်ထားလျှင် နောင်အခါဌ် အာသေဝကမင်းတရားကြီးသည် ထိုဌာပနာတိုက်ကြီးမှ ဓာတ်တော်တို့ကို ထုတ်ယူ ပင့်ဆောင်၍ ဇမ္ဗူဒီပ်ကျွန်းလုံးအနှံ့, ပြန့်အောင်ပြုလတ်သော် နတ်လူတို့အတွက် ကြီးစွာ

သော စီးပွားချမ်းသာကို ဆောင်ရွက်နိုင်မည်ကိုငှင်း"မြင်တော်မူ၏။ ထိုအခါ မထေရ်သည် အဇာတသတ်မင်းထံ သွား၍ "မင်းကြီး၊ လျှို့ဝှက်သော ဓာတ်တော်ဌာပနာတိုက်ကြီးတခု တည်ဆောက်မှ သင့်လျော်မည်" ဟု မိန့်ကြားလေ၏။

အဇာတသတ်မင်းက "ကောင်းပါပြီ အရှင်ဘုရား။ လျှို့ဝှက်အပ်သော ဓာတ်တော်ဌာပနာတိုက်ကြီး တည်ဆောက်ရန်မှာ တပည့်တော်၏ တာဝန်ရှိပါစေ။ ကျန်သော ဓာတ်တော်တို့ကိုကား အဘယ်သို့ ပင့်ဆောင်ရမည်နည်း"ဟု မေးလျှောက်သော် မထေရ်က "မင်းကြီး၊ အခြားမင်းများလက်ဝယ် ရောက်ရှိနေသည့် ဓာတ်တော်များကို ပင့်ဆောင်ရန်မှာ ငါတို့၏ တာဝန်သာ ဖြစ်၏"ဟု မိန့်ကြားလေ၏။ ယင်းသို့ တိုင်ပင်ပြီးသော် အရှင်မဟာကဿပသည် ခုနစ်ပြည့်ထောင်သော ထိုထို မင်းတို့ထံ ကြွသွား၍ အကျိုးအကြောင်းကို မိန့်ကြားကာ ထိုထိုမင်းတို့၏ နန်းတော်၌ ကိုးကွယ်ပူဇော်လောက်ရုံမျှ ဓာတ်တော်များကို ချန်ထား၍ ကျန်ဓာတ်တော်များကို ရာဇဂြိုဟ်ပြည်သို့ ပင့်ဆောင်ခဲ့လေ၏။ ရာမရွာ၌ရှိသော ဓာတ်တော်တို့မှာ နဂါးတို့ သိမ်းဆည်း စောင့်ရှောက်ကြသဖြင့် အန္တရာယ်မရှိ ဖြစ်လေ၏။အရှင်မဟာကဿပလည်း "နောင်အခါဝယ် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်၌ 'မဟာစေတီ' တည်သောအခါ ထိုဓာတ်တော်တို့ကို ယူဆောင်၍ ဌာပနာကြလိမ့်မည်"ကို သိမြင်၍ မယူဆောင်ဘဲ ချန်ထားခဲ့လေ၏။

ထို့နောက်အရှင်မဟာကဿပသည်ရာဇဂြိုဟ်ပြည်၏အရှေ့တောင်ထောင့်အရပ်၌ ရပ်တော်မူပြီးလျှင် "ဤအရပ်၌ ကျောက်များရှိလျှင် ကွယ်ပစေသတည်း။ မြေသည် အလွန်စင်ကြယ်၍ ရေမထွက်စေသတည်း"ဟု အဓိဋ္ဌာန်လေ၏။ အဇာတသတ်မင်းသည် ထိုနေရာကို တူးစေပြီး တူး၍ရသော မြေတို့ဖြင့် အုတ်များကို ပြုလုပ်စေပြီး မဟာသာဝကကြီး ရှစ်ဆယ်တို့၏ စေတီအဆူဆူတို့ကို တည်ထားပြုလုပ်စေ၏။ "ဤအရပ်၌ မင်းကြီးသည် အဘယ်ကိုပြုစေသတည်း" ဟု မေးသော သူတို့အားလည်း "မဟာသာဝကတို့၏ စေတီတော်များကို တည်ထား ပြုလုပ်စေ၏" ဟုသာ ပြောကြားစေ၏။ ဓာတ်တော်ဌာပနာတိုက်ကြီး တည်ထားသည်ကို တစုံတဦးမျှ မသိရချေ။ ဤသို့ တူး၍ အတောင်ရှစ်ဆယ်နက်လေသော် အောက်အပြင်၌ကျောက်ပြားအခင်းကြီးကို ခင်းစေ၍ ၎င်းအပေါ်၌ ကြေးနီတိုက်ကြီးကို ပြုလုပ်စေပြီးလျှင် အဆင့်ဆင့် ငုံနိုင်လောက်သော စန္ဒကူးကြုတ် ရှစ်လုံး, စန္ဒကူးစေတီ ရှစ်ဆူတို့ကို အသင့်စီမံပြုလုပ်စေလေ၏။

ထိုအခါ ဓာတ်တော်များကို အသေးဆုံး စန္ဒကူးကြုတ်ထဲ ထည့်ပြီး ထို့နောက် ဆင့်ကဲဆင့်ကဲကြီးသော စန္ဒကူးကြုတ်များထဲသို့ ထည့်သွင်းစေရာ စန္ဒကူးကြုတ်ရှစ်ထပ်အထိ ရှိပြန်လေ၏။ ထိုနောက်မှ ဆင့်ကဲဆင့်ကဲကြီးသော စန္ဒကူးစေတီများထဲသို့ အဆင့်ဆင့် ထည့်စေရာ စန္ဒကူးစေတီ ရှစ်ထပ်အထိ ရှိပြန်လေ၏။ တဖန် ယင်း စန္ဒကူးစေတီတို့ကို ဆင့်ကဲဆင့်ကဲ ကြီးသော စန္ဒကူးကြုတ်ထဲသို့ အဆင့်ဆင့် ထည့်သွင်းစေပြန်၏။ ထိုနောက် ဤနည်း အတိုင်းပင် ဆင့်ကဲဆင့်ကဲကြီးသော ဆင်စွယ်ကြုတ်ရှစ်လုံး၊ ဆင်စွယ်စေတီ ရှစ်ဆူ၊ ထို့နောက် ရတနာခုနစ်ပါးဖြင့်ပြီးသော ကြုတ်ရှစ်လုံးနှင့် စေတီ ရှစ်ဆူ၊ ထို့နောက် ငွေ, မြ, ပတ္တမြားနီ, ပတ္တမြားပြောက်,ဖလ်ဖြင့်ပြီးသော ကြုတ်ရှစ်လုံးစီနှင့် စေတီရှစ်ဆူထဲသို့ ဆင့်ကဲဆင့်ကဲ ထည့်သွင်းလေ၏။ နောက်ဆုံး ဖလ်စေတီအထက်၌ ရတနာခုနစ်ပါး, ရွှေ, ငွေ, ကြေးတို့ဖြင့် ပြီး သော စေတီအိမ်(ကျောင်းဆောင်)တခုစီကို ဆင့်ကာဆင့်ကာ ဆောက်လုပ် စေ၏။ ဤသို့လျှင် အထပ်ပေါင်း ၁၆၀ ရှိလေ၏။

ထိုကြေးစေတီအိမ်(ကျောင်းဆောင်ပြာသာဒ်ကြီး)ထဲ၌ ရတနာခုနစ်ပါး ဖြင့် ပြီးသော သဲတို့ကို ကြဲဖြန့်၍ "ရွှေပန်း, ငွေပန်းအပေါင်းတို့ကိုလည်း ခင်း ထားစေပြီးလျှင်"ဇာတ်တော် ငါးရာငါးဆယ်၊ မဟာသာဝကကြီးရှစ်ဆယ်၊ ဘုရားရှင်၏ မယ်တော်ခမည်းတော်၊ ဖွားဘက်တော်" စသည်တို့၏ အရုပ်တို့ ကို ရွှေဖြင့် ပြုလုပ်၍ ထည့်သွင်းထားလေ၏။ ထို့နောက် ရေပြည့်သော ရွှေမြူတာအိုး, ငွေမြူတာအိုး ငါးရာစီကိုငှင်း၊ ရွှေတံခွန် ငွေတံခွန်ငါးရာစီ တို့ကိုငှင်း ထည့်သွင်းထားပေ၏။ ထို့နောက် ရွှေဆီမီးခွက်, ငွေဆီမီးခွက် ငါးရာတို့ကို ပြုလုပ်စေ၍ နံ့သာဆီအပြည့်ထည့်ပြီး ဆီမီးစာမျှားကို တပ်ကာ ထွန်းညှိထည့်သွင်းလေ၏။ ထို့ပြင်လည်း ပန်းနံ့သာ အခိုးအထုံတို့ကို ထည့် သွင်းထားလေ၏။ထိုအခါ အရှင်မဟာကဿပသည်"နောင်အခါ အသောက မင်းကြီးသည် ဓာတ်တော်တို့ကို ပင့်ဆောင်၍ ဇမ္ဗူဒိပ်၌ ဖြန့်လတံ့။ ထို ကာလတိုင်အောင် ပန်းမညှိုး, အခိုးအနံ့မပြယ်, ဆီမီးမငြိမ်းဖြစ်စေသော" ဟူ၍ အဓိဋ္ဌာန်ထားပြီး "နောင်အခါ၌ အသောကမင်းကြီးသည် ပေါ်ထွန်း၍ ဤဓာတ်တော်တို့ကို ဇမ္ဗူဒိပ်ကျွန်းအနှံ့ ဖြန့်ပေလတံ့" ဟူ၍ ရွှေပြား ကမ္ဗည်း ရေးထိုးထားစေလေ၏။

အဇာတသတ်မင်းသည် အလုံးစုံသော ရတနာတန်ဆာတို့ဖြင့် ပူဇော်၍ အစဆုံးဖြစ်သည့် ရတနာခုနစ်ပါးဖြင့် ပြီးသော စေတီအိမ်(ကျောင်းဆောင် ပြာသာဒ်)မှ အစပြုကာ တံခါးများကိုပိတ်လျက် အထက်(အပြင်အကျ) ဆုံး ကြေးနီစေတီအိမ်တံခါးပိတ်ပြီးလျှင် မင်းတံဆိပ် ခတ်နှိပ်ထားသော

သော့(သံကောက်)တို့ကို ဖွဲ့ချည်ပြီးသော် "နောင်အခါ ဆင်းရဲလှသော မင်းသည် ဤပတ္တမြားရတနာကိုယူ၍ ထုခဲ့ရောင်းချပြီးသော် ဓာတ်တော် များအား ပူဇော်စေသတည်း" ဟု အကွရာတို့ကို ရေးသား၍ ကြိုးစွဲသော ပတ္တမြားတုံးကြီးကို ထားစေ၏။ ထိုနောက်မှ ယန္တရားစက်ဆင်တတ်သော သူကို ရှာ၍ ဆုငွေများစွာ ပေးကာ သက်ရှိယောကျ်ားကဲ့သို့ သစ်သားဖြင့် ပြီးသော အရုပ်တို့သည် ကြောက်မက်ဘွယ်သော လက်နက်ကို စွဲကိုင်လျက် ထားလေ၏။ လေအဟုန်ကဲ့သို့သော လျင်မြန်ခြင်းဖြင့် အဆင့်ဆင့်လည်စေ လျက် ထားလေ၏။

ထို့နောက်မှ အဇာတသတ်မင်းသည် ဓာတ်တော်ဌာပနာတိုက်ပတ်ဝန်း ကျင်၌ အုတ်တိုက်ကျောင်းအသွင်ဖြင့် ကျောက်တံတိုင်း ဝိုင်းရံပြုလုပ်စေပြီး လျှင် ယင်းအထက်၌ ကျောက်ပြားကြီးတခုဖြင့် ပိတ်ဖုံး၍ မြေဖို့စေပြီးနောက် ယင်းအထက်တွင် ကျောက်စေတီတဆူ တည်ထားလေသည်။

ဤသို့ ဓာတ်တော်ဌာပနာတိုက်ကြီးကို တည်ဆောက်ပြီးသော် အရှင် မဟာကဿပသည်ဌင်း၊ ကြွင်းသော အရှင်တို့သည်ဌင်း၊ အသက်တိုင်း တည် နေ၍ ပရိနိဗ္ဗာန် စံဝင်ကြလေ၏။ ဘုရားရှင် ပရိနိဗ္ဗာန်မစံမီ ရှစ်နှစ်ကပင် မင်းပြုခဲ့သော အဇာတသတ်မင်းသည်လည်း ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ၂၄ နှစ်တိုင် မင်းပြုပြီးသော် နန်းစံသက် ၃၂ နှစ်တွင် သားတော် 'ဥဒယဘဒ္ဒ'က လုပ်ကြံ၍ ကံတော်ကုန်လေ၏။

ဤတွင် မဟာဗုဒ္ဓဝင်သစ် ပြီးပါပြီ။